www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

# ရဝံ
# သာလာ



ပြန်လည်ရိုက်နှိပ်ခြင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် သီဟရာဇာဘုရင်ကြီးသည်
လူမျိုးချင်း၊ ဘာသာချင်း၊ ယဉ်ကျေးမှုချင်း တူညီသည့်
သုဝဏ္ဏ- စေတုတ္တရာနှင့် သာယာရွှေပြည် ဤသုံးနိုင်ငံကို
ရွှေသုံးပြား တစ်ပြားတည်းဖြစ်အောင် ဂဟေဆက်ကာ
အင်အားကြီးမားသောနိုင်ငံအဖြစ် ထူထောင်လိုသော
ဆန္ဒဖြင့် လက်နက်အားကိုးလမ်းစဉ်ကို အသုံးပြုခဲ့မိသည်။
သို့ရာတွင် ထိုလမ်းစဉ်၏အမှားကို ကျွန်ုပ်ကိုယ်တိုင်
မျက်ဝါးထင်ထင် သိမြင်လာပြီဖြစ်၍ ယနေ့မှစ၍
လက်နက်အားကိုး အနိုင်ကျင့်သည့် လမ်းစဉ်ကို
စွန့်လွှတ်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။
လက်နက်နည်းဖြင့် သုံးနိုင်ငံကို တစ်နိုင်ငံတည်းဖြစ်အောင်
သိမ်းပိုက်တိုက်ခိုက်ခြင်းထက် မေတ္တာတရားရှေ့ထားကာ
မဟာမိတ်စာချုပ်တစ်ခု ချုပ်ဆိုနိုင်မည်ဆိုလျှင်
ကျွန်ုပ်၏ရည်ရွယ်ချက် အောင်မြင်ပြီဟု ယူဆပါသည်။

BURMESE CLASSIC



fic0029
4500.00 Ks

www.burmeseclassic.com

www.burmeseclassic.com

မာလာ ရှုဝံ
မျက်နှာဖုံးပန်းချီ - ဆရာကြီးဦးဘသစ်၏ပန်းချီပုံနှိပ်လက်ရာ
စာအုပ်မှာ ၆၂၈ မျက်နှာ၊ ၁၂·၈ စင်တီ × ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ ၈၅၊ ၁၆၄လမ်း တာမွေ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မိုးဇီးလမ်း ရန်ကင်း။
၂၀၁၅ ဩဂုတ်လ ပြန်လည်ရိုက်နှိပ်ခြင်း ရုံးပုံနှိပ်ခွင့်စာပေထုတ်ဝေရေး၏
ထပ်မံပြင်ဆင်ဖြည့်စွက်ထားသော၊ အုပ်ရေ ၅၀၀။

စျေးနှုန်း ၄၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

BURMESE CLASSIC

စိတ်ကူးချိုချိုစာအုပ်


# မာလာ

# ရှုဝံ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

www.burmeseclassic.com

www.burmeseclassic.com



# ရူဝံ

[၁၉၀၈-၁၉၈၉]

စာရေးဆရာ၊ သတင်းစာဆရာကြီး ရူဝံကို ၁၇-၇-၁၉၀၈ တွင် အောင်လံမြို့၌ အငြိမ်းစား အရေးပိုင် ဦးခက်နှင့် ဒေါ်မမကြီးတို့မှ ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ ဦးသန်းတင့် ဖြစ်၍ အင်းစိန်နှင့် ရန်ကုန် အစိုးရအထက်တန်းကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး ၁၉၂၅ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်သည်။

၁၉၃၁ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၏ နယ်လှည့်သတင်းထောက်အဖြစ် သတင်းစာလောကသို့ စတင် ဝင်ရောက်ခဲ့ပြီးနောက် ရန်ကုန်သတင်းထောက်၊ ဘာသာပြန် အယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာ စသည်ဖြင့် တိုးတက်ထမ်းရွက်ရသည်။ ၁၉၃၃ ခုနှစ်မှစ၍ ဒဂုန်မဂ္ဂဇင်းတွင် ရူဝံကလောင်အမည်ဖြင့် စတင်ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခြားကလောင်အမည်များမှာ နှင်းဆီ၊ လေပွေ၊ ချိန်ခွင်၊ မျက်လုံး၊ ဒေဝေါတို့ ဖြစ်ကြသည်။

၁၉၄၆–၄၇ ခုနှစ်တွင် အရှေ့တိုင်းမဂ္ဂဇင်းကို အယ်ဒီတာအဖြစ် တာဝန်ယူထုတ်ဝေခဲ့သည်။ အရှေ့တိုင်းမဂ္ဂဇင်း ရပ်စဲသွားသောအခါ ပြန်ကြားရေးဌာနတွင် နယ်လှည့်လူမှုဆက်ဆံရေး အရာရှိအဖြစ်လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင် အစိုးရရုပ်ရှင်နှင့်ပြဇာတ်ဌာနတွင် ဒုတိယညွှန်ကြားရေးဝန် အဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ထိုရာထူးမှနုတ်ထွက်၍ ရန်ကုန်သတင်းစာနှင့် ဗမာ့ခေတ် သတင်းစာတို့တွင် လေပွေ တလောင်အမည်ဖြင့် ဆောင်းပါးများရေးခဲ့သည်။ လေပွေ ဆောင်းပါးများကြောင့် ၁၉၅၄ ခုနှစ်တွင် အဖမ်းခံခဲ့ရရာမှ ထိုနှစ်အကုန်တွင် ထောင်မှလွတ်ပြီးလျှင် ချိန်ခွင်ကလောင် အမည်ဖြင့် ဗမာ့ခေတ်သတင်းစာတွင် ဆောင်းပါးများ ပြန်ရေးခဲ့သည်။ ၁၉၅၅–၅၆ ခုနှစ်တွင် ရန်ကုန်သတင်းစာနှင့် ဗမာ့ခေတ်သတင်းစာတို့တွင် ဝင်ရောက်လုပ်ကိုင်ခဲ့၏။

၁၉၅၆ ခုနှစ်တွင် ပြည်ထောင်စုသတင်းစာ အယ်ဒီတာချုပ်ဖြစ်လာခဲ့သည်။ ထိုသတင်းစာတွင် အခန်းဆက် ဝတ္ထုများ ရေးသားခဲ့ရာမှ တရှိန်ထိုး နာမည်ကြီးလာခဲ့လေသည်။ လျှို့ဝှက်သဲဖို၊ စုံထောက်ဝတ္ထုများကို အဓိက ရေးသား၍ ရုံဖန်ရံခါ ရာဇဝင်ဝတ္ထုများကိုလည်း ရေးတတ်လေသည်။ မြန်မာ့အလင်း၊ ဟံသာဝတီ၊ မိုးကြိုး သတင်းစာတို့၌လည်း အခန်းဆက်ဝတ္ထုရှည်များ ရေးခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြည်ထောင်စုသတင်းစာကို အစိုးရထံသို့ အပ်လိုက်သည့်အချိန်မှစ၍ ဝတ္ထုရေးဆရာအဖြစ် ရပ်တည်လာခဲ့၏။

စာရေးဆရာမှုဝံ၏ ထင်ရှားသော လက်ရာများမှာ မိုက်ခဲထွန်းရွှေ၊ ငွမ်းပုံ၊ မိုက်ရှူးရဲ၊ ခင်လေးကြီး၊ မြတ်လေး ဇော်ဝင်း၊ နန်းထိုက်တဲ့ ပန်းမကိုင်ရ၊ စပယ်၊ ခင်နှင်းဖြူ ကိုဘိုးသိ၊ တသက်လုံးဖုံးသမျှ ကုံးတော့မှပေါ်၊ မာလာ စသည်တို့ ဖြစ်သည်။ ဝတ္ထုရှည်ပေါင်း တစ်ရာကျော် ရေး သားခဲ့ကာ 'ငွမ်းပုံ'စာအုပ်ဖြင့် ၁၉၅၇ ခုနှစ် စာပေဗိမာန်ဆု ရရှိခဲ့သည်။ ဆရာမှုဝံသည် ၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ စနေနေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း--၁

သာယာရွှေပြည် နိုင်ငံတော်ကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်တော်မူသော သီဟရာဇာ ဘုရင်မင်းမြတ်၏ အမိန့်တော်အရ သေဒဏ်ပေးခြင်းကို ခံနေရသော ရာဇဝတ်သား ၁၀ ဦးတို့သည် မိမိတို့ သေရမည့်အချိန်ကို စောင့်မျှော်ရင်း အကျဉ်းထောင်ထဲတွင် သံခြေချင်းများ ခတ်ထားသည့်ကြားမှ အံကြိတ်သူကြိတ်၊ လက်သီးဆုပ်သူဆုပ်၊ စိတ်အားလျှော့ပြီး ငိုသူငိုနှင့် ဖြစ်နေကြသည်ကို တွေ့မြင်ရပေသည်။

အဆိုပါ ရာဇဝတ်သား ၁၀ ဦး အနက် မှတ်ဆိတ်ကျင်စွယ် ထူလပျစ်နှင့် ကိုယ်လုံးကိုယ်ထည် တောင့်တင်း သန်မာသည့် လူရွယ်တစ်ယောက်သည် ကျဉ်းမြောင်းသော အကျဉ်းထောင် အတွင်းရှိ ထောင့်တစ်ထောင့်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် ကျန်ရာဇဝတ်သား ၉ ဦးတို့အား ကြည့်ရင်း မျက်မှောင်ကြုတ်လိုက် အံကြိတ်လိုက်၊ လက်သီးဆုပ်လိုက်နှင့် ဖြစ်၍နေသည်ကို တွေ့ရပေသည်။ တစ်ချက် တစ်ချက်တွင်လည်း ကျဉ်းမြောင်းသော သံတိုင်တံခါးပေါက်မှ လှမ်းပြီး မနီးမဝေးရှိ ကြိုးစင်ကို လှမ်းကြည့်လိုက်သည်ကိုလည်း တွေ့ရပေသည်။

ထိုအခိုက်တွင် အသက်အရွယ်အားဖြင့် ၁၆ နှစ် သာသာခန့်အသက်ရှိဦးမည် ထင်ရသော မျက်နှာသွယ်သွယ်နှင့် ရာဇဝတ်သားသည် ထိုသူ၏အနီးသို့ ခြေချင်းသံ တချွင်ချွင်ဖြင့် ချဉ်းကပ်လာပြီးလျှင် ထိုသူ၏ ရှေ့မှောက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုသူ၏ရှေ့တွင် ဒူးတုပ်

www.burmeseclassic.com



ပြီးလျှင် ပေါင်ပေါ်တွင် မျက်နှာကိုဝှက်ကာ တရှုပ်ရှုပ် ငိုကြွေးနေသည်ကို တွေ့မြင်ရပေသည်။

"ကြိုးစင်နားမှာ လူတွေဝိုင်းလာကုန်ပြီ ဆရာရဲ့၊ ကျွန်တော်တို့ကို ထုတ်ပြီး သတ်တော့မလို့ထင်တယ်၊ ဆရာ ကျွန်တော့်ကို မကယ်နိုင်တော့ဘူးလား"

အဆိုပါ လူငယ်သည် ထက်ဝယ်ဖွဲ့ခွေပြီး ထိုင်နေသော သူ၏ ပေါင်ပေါ်တွင် မျက်နှာဝှက်ကာ ငိုယိုရင်း ငိုသံပါကြီးနှင့် ပြောလိုက်သည်။ သေရမည့် ဘေးကိုလည်း အလွန်တရာ ကြောက်ရွံ့ တုန်လှုပ်၍ နေပုံရပေသည်။

"အို ... မင်းကလည်း ယောကျ်ား မဟုတ်သလိုပဲ၊ သေတယ်ဆိုတာ ဆန်းတာမှ မဟုတ်ဘဲ ... ခုဘဝမှာသာ သေရတာ မဟုတ်ဘူး၊ သံသရာအစကတည်းက မင်းတို့ ငါတို့တစ်တွေ သေခဲ့ပေါင်း များလှပြီ။ ဒီနေ့ မသေရင်လည်း တစ်နေ့ကျတော့ သေကြရမှာပဲ၊ ဒါတွေကို တွေးပြီး တရားနဲ့ဖြေမှပေါ့ တပည့်ရဲ့"

"တရားနဲ့ ဖြေလို့လည်းမရဘူး၊ သေရမှာကို စဉ်းစားမိတိုင်း ကြောက်တာပဲ၊ ကျွန်တော်တို့ကို အသက်ဘေးက ချမ်းသာရာရအောင် မတယ်နိုင်တော့ဘူးလား"

"ဘုရင်မင်းမြတ် ကိုယ်တော်တိုင်က သေဒဏ်အမိန့်ပေးပြီးမှ ဥစ္စာပဲ၊ ဘယ်မှာ လွတ်ပေါက်ရှိတော့မှာလဲ တပည့်ရဲ့၊ သေဘေးက လွတ်မြောက် နိုးနိုးနဲ့ မျှော်လင့်ချက်တွေထားနေရင် ငါ့တပည့်သာ စိတ်ပင်ပန်းတော့မှာပေါ့၊ သေတာတောင် အသေဖြောင့်မှာ မဟုတ်ဘူး"

"ဆရာ ဘယ်လိုပြောပြော ကျွန်တော်တော့ သေရမှာကို ကြောက်တာပဲ"

လူငယ်သည် ပြောပြောဆိုဆို မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငို၍နေပြန်သည်။ တစ်ကိုယ်လုံးမှာလည်း နတ်ပူးသကဲ့သို့ တုန်လှုပ်၍ နေပေသည်။



"အို ... မင်းကလည်း အသည်းကြောင်လိုက်တာ၊ သေတယ်ဆိုတာ မဆန်းပါဘူးကွ၊ အသေဖြောင့်အောင်သာ ဘုရားကို အာရုံပြုမှပေါ့၊ မင်းအတွက်လည်း ငါ စိတ်ညစ်ပါတယ်"

ဆရာ အခေါ်ခံသူက လူငယ်အား မိမိရင်ခွင်ထဲသို့ ဆွဲသွင်းရင်း ပါးစပ်မှ တတွတ်တွတ်နှင့် ပြော၍နေပေသည်။

ထိုအခိုက်တွင် ထောင့်တစ်ထောင့်မှ ရပ်ပြီး ကြည့်နေသော အသားမည်းမည်း၊ ဗလကောင်းကောင်း ဆံပင်စုတ်ဖွားနှင့် လူ တစ်ယောက်သည် ငိုယိုနေသော လူငယ်အနီးသို့ သံခြေချင်း တချွင်ချွင်နှင့် ချဉ်းကပ်လာပေသည်။

"ဟော့ မောင်ဖုန်း မင်း တယ်သတ္တိနည်းတဲ့ အကောင်ပါလား၊ သေရမှာကို ဒါလောက် ကြောက်သလား၊ သေရမှာ ကြောက်ရင် အစတုန်းက ဘာဖြစ်လို့ ငါတို့နဲ့ အတူတူပေါင်းပြီး သူပုန်ထရတာလဲ၊ သူပုန်ဆိုတဲ့ အကောင်တွေဟာ သေမင်းနဲ့ လိုက်တမ်းပြေးတမ်း ကစားနေတဲ့လူတွေဆိုတာ မင်း အစက မသိဘူးလား။ သေမင်းနဲ့ ရင်ဆိုင်ရမှာကို ဒါလောက်တောင် ကြောက်နေရသလား၊ ဒါလောက် သတ္တိကြောင်တဲ့ အကောင်ကို ချော့မနေစမ်းပါနဲ့ ဆရာရယ်"

အသားမည်းမည်း ဆံပင်စုတ်ဖွားနှင့် လူက ပြောလိုက်သည်။

"အို ... မောင်ဒေါနကလည်း စိတ်အားငယ်နေတဲ့ လူကို ပိုပြီး စိတ်အားငယ်အောင် မလုပ်ချင်စမ်းပါနဲ့၊ မောင်ဖုန်းက လူငယ် ဆိုတော့ သေရမှာ မကြောက်ဘဲ နေပါ့မလား၊ သူက မင်းတို့လို အတွေ့အကြုံ များသေးတာမှ မဟုတ်ဘဲ"

"သူနဲ့ ကျွန်တော်တို့နဲ့ ဘာများ ခြားနားတာ ရှိလို့လဲ၊ သူလည်း သူပုန် ... ကျွန်တော်တို့လည်း သူပုန်ပဲ၊ အတူတူချင်း သေရမယ့် လူတွေပဲ၊ သူကမှ ပိုပြီး ကြောက်နေရသလား၊ ကြောက်တဲ့လူဟာ တစ်သက်မှာ အခါပေါင်းများစွာ သေတယ်၊ သတ္တိရှိတဲ့ လူဟာ တစ်သက်မှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါသာ သေတယ်ဆိုတာ နားမလည်ဘူးလား၊ ရဲဘော်တို့ ... ငါ ပြောတာ မမှန်ဘူးလား"

အသားမည်းမည်း ဆံပင်စုတ်ဖွားနှင့် ဒေါနဆိုသူက ကျန် ရဲဘော် ၇ ဦးအား လှမ်းပြီး ပြောလိုက်သည်။

"ရဲဘော် ပြောတာ မှန်တယ်၊ သေတာဟာ မဆန်းဘူး။ ဘယ်သူ မဆို မွေးတစ်နေ့ သေတစ်နေ့ပဲ၊ စောစောသေရင် စောစောတောင် အိပ်ရ သေးတယ်"

ရဲဘော် ၇ ဦး အနက် ပိန်ပိန်ရှည်ရှည် အသားဖြူဖပ်ဖြူရော်နှင့် ရဲဘော်က မရဲသော်လည်း ပြေးခဲ့စေ ဆိုသည့် စကားအရ စိတ်တင်းကာ ရဲဆေးတင်ပြီး ပြောလိုက်သည်။

"ဒီစကား မှန်တယ် ... ဒီစကား သိပ်မှန်တယ်၊ စောစော သေ ရင် စောစောအိပ်ရတယ်၊ ဆရာ ... ဆရာ ... ကျွန်တော်တို့ မသေခင် အသေဖြောင့်အောင် ဆရာ ဆိုနေကျ သံဝေဂ လင်္ကာကလေးကို သံနေ သံထားနဲ့ တစ်ခါလောက် ရွတ်ပြစမ်းပါလား ဆရာ"

ပုပုကွကွနှင့် အရုပ်ဆိုးဆိုး ရဲဘော်တစ်ဦးက ထိုင်ရာမှထပြီး ပြောလိုက်သည်။

တပည့်ဖြစ်သူများကို တစ်လှည့်စီကြည့်ရင်း စိတ်မချမ်းမသာ ဖြစ်နေပုံရသော သူပုန်ခေါင်းဆောင်သည် ဟင်းခနဲ သက်ပြင်းရှည်ကြီး ချလိုက်သည်။

"ဟုတ်တယ် ဆရာ ... ဆရာရဲ့ သံဝေဂ လင်္ကာကလေးကို ကျွန်တော်တို့ ကြားချင်လှပါတယ်၊ တစ်ခါလောက် ရွတ်ပြစမ်းပါ၊ ဆရာ့အသံနဲ့ ရွတ်ပြတာကို ကျွန်တော်တို့ ကြားရရင် သေပျော်ပါပြီ"

အသားဖြူဖြူ ပိန်ပိန်ရှည်ရှည်နှင့်လူက ဝင်ပြောလိုက်သည်။

"ငါ့တပည့်တို့ ... ငါ့တပည့်တို့ကို ခုလိုမြင်ရတာ ငါ့ရင်ထဲမှာ မချိဘူး၊ ငါ့ကြောင့် ငါ့တပည့်တွေ ခုလို သေခြင်းဆိုးနဲ့ သေကြရမှာကို



စဉ်းစားမိတိုင်း ငါ့ရင်ထဲမှာ အလုံးကြီး ဆို့လာလို့ မင်းတို့ကြားချင်တဲ့ သံဝေဂ လင်္ကာကို ရွတ်လို့မရတော့ဘူး"

ဆရာလုပ်သူက မချိတင်ကဲ အသံဖြင့် ပြောလိုက်သည်။

"ဆရာ့ကြောင့် ကျွန်တော်တို့ ခုလိုခံရတာ မဟုတ်ပါဘူး။ သစ္စာ ဖောက်တွေက သွားပြီးသတင်းပေးလို့ ခုလိုအဖမ်းခံရတာပါ။ ဆရာ့ အပေါ်မှာ ကျွန်တော်တို့ ဘယ်လိုမှ သဘောမထားပါဘူး"

"မင်းတို့ ဘာပဲပြောပြော၊ ငါ့ခေါင်းဆောင်မှုနောက်ကို မင်းတို့ လိုက်မိလို့ သူပုန်ဆိုတဲ့ နာမည်အတပ်ခံရပြီး ခုလို သေဒဏ် အပေးခံရ တာပါ၊ ဟိုတုန်းက မင်းတို့ကို ငါခေါင်းဆောင်မှု ပေးနိုင်ခဲ့ပေမယ့် ခု အချိန်မှာ မင်းတို့နဲ့အတူတူ ကြိုးစင်တက်ဖို့ကလွဲပြီး မင်းတို့ကို ငါဘာမှ အကူအညီမပေးနိုင်တာကို ငါဝမ်းနည်းမိတာပဲ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ယောကျ်ားတွေပဲ မဟုတ်လား၊ တရားနဲ့ ဖြေကြမှပေါ့၊ မင်းတို့ ငါတို့ တစ်တွေဟာ ခုမှသေကြရမှာ မဟုတ်ဘူး၊ အရင်ဘဝ အဆက်ဆက်က လည်း သေခဲ့ကြဖူးပြီ မဟုတ်လား၊ သေတယ်ဆိုတာ မဆန်းပါဘူး၊ မွေးလာရင် တစ်နေ့သေမှာပဲ။ ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ် တော်မြတ်ကြီးက 'ဇာတိဇရာ ဗျာဓိမရဏ' လို့ ဟောကြားတော်မူခဲ့တယ် မဟုတ်လား၊ ဒီဘဝ ခုလိုအသေဆိုးနဲ့ သေရတာဟာ ဘဝဘဝက ပြုခဲ့ တဲ့ ဝဋ်ကြွေးတွေ မကုန်သေးလို့ ခံရတာပဲဆိုပြီး အသင့်အတင့် နှလုံး သွင်းတတ်ရင် မင်းတို့ အသေဖြောင့်မှာပဲ၊ အသေဖြောင့်ရင် နောက်ဘဝ မှာ ကောင်းရာသုဂတိ လားမှာပဲ၊ သေခါနီးဆဲဆဲမှာ တရားကို လက်ကိုင် မထားဘဲ ကြောက်အား လန့်အားနဲ့ သေသွားတယ်ဆိုရင် အပါယ်ငရဲ လားလိမ့်မယ်"

ဆရာလုပ်သူက တပည့်များအား တရားချ၍ နေသည်။

"ကျွန်တော်တို့လို သူပုန်တွေမှာ သေရင် ကောင်းရာသုဂတိ လား နိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ပုပုကွကွ ရဲဘော်က မေးလိုက်သည်။

"သူပုန်သေရင် ကောင်းရာသုဂတိ မလားနိုင်ဘူးလို့ ဘယ်သူက ပြောသလဲ၊ လောကမှာ စေတနာသာ ပဓာနပါကွ။ ငါတို့တစ်တွေ သူပုန်ဖြစ်ရတာဟာ ဖြစ်ချင်လို့ ဖြစ်ရတာမှ မဟုတ်ဘဲ၊ အခြေအနေက ပေးလာလို့သာ သူပုန်ဆိုတဲ့ အမည်ပေးခြင်း ခံနေရတာ မဟုတ်လား၊ ဘာပဲလုပ်လုပ် စေတနာထားတတ်ရင် မြတ်တာပဲ၊ ဘုရင်ပင် ဖြစ်စေကာမူ နောက်ဘဝမှာ အပါယ်မလားဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။ ဘုရားလောင်း တေမိမင်းဟာ ဘုရင်ဖြစ်ရင် ငရဲခံရမှာ ကြောက်လွန်းလို့ စကားမပြောဘဲ ဆွံ့အချင်ယောင်ဆောင်နေတယ် မဟုတ်လား၊ အင်္ဂုလိမာလကြည့်စမ်း လက်ညှိုးပေါင်း တစ်ထောင် ရဖို့အတွက် လူပေါင်း တစ်ထောင်မက သတ်ဖြတ်ခဲ့တယ် မဟုတ်လား။ ဒါပေမဲ့ ကျွတ်ချိန်တန်တော့ မြတ်စွာဘုရားသခင်နဲ့ တွေ့ပြီး ရဟန္တာတောင် ဖြစ်သွားသေးတယ် မဟုတ်လား။ ဒါတွေကို သတိရပြီး မင်းတို့ကိုယ် မင်းတို့ အသေဖြောင့်အောင် အသင့်အတင့် နှလုံးသွင်းကြပါ"

ခေါင်းဆောင်လုပ်သူက ပြောဟောဆုံးမ၍ နေပေရာ နောက်လိုက်တပည့်များသည် ဆရာ့စကားကို နားထောင်ရင်း ကြောက်စိတ်များ ကင်း၍သွားသည်ကို ၎င်းတို့၏ မျက်နှာထားများကို ကြည့်ခြင်းအားဖြင့် သိရပေသည်။

"ခုလိုအခြေအနေမှာ မင်းတို့ ကောင်းရာသုဂတိလားအောင် နည်းပေးလမ်းပြပဲ လုပ်နိုင်တယ် ... ဒါကလွဲရင် ငါလည်း မင်းတို့နဲ့ အတူတူ သေရမှာမို့ ဘာမှမတတ်နိုင်တော့ဘူး ... ဘာမှ မတတ်နိုင်တဲ့အတွက် ငါဝမ်းနည်းမိတာပဲ"

"ကျွန်တော်တို့အတွက် ဆရာ ဝမ်းမနည်းပါနဲ့၊ ခုလိုသေခါနီး ဆဲဆဲမှာတောင် ကျွန်တော်တို့ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်တဲ့ ဆရာမို့လို့ ဆရာ့ကျေးဇူးကို ကျွန်တော်တို့ဆပ်လို့ မကုန်နိုင်ပါဘူး၊



ကျွန်တော်တို့အတွက် ဆရာ စိတ်မချမ်းမသာဖြစ်နေရင် ဆရာလည်း အသေဖြောင့်မှာ မဟုတ်ဘူး၊ အသေမဖြောင့်ရင် ဆရာ ငရဲကျလိမ့်မယ် — ဆရာ အသေဖြောင့်အောင် ကြိုးစားပါ ... ကျွန်တော်တို့အတွက် ဘာမှ ဝမ်းနည်းမနေပါနဲ့"

ဆံပင်စုတ်ဖွားနှင့် ခံ့ညားသော အသွင်ရှိသည့် ဒေါနု ဆိုသူက ပြန်ပြောလိုက်သည်။

ထိုသို့ ဆရာနှင့် တပည့်တို့ အပြန်အလှန် ပြောဆိုနေကြစဉ် ကျယ်ဝန်းသော မြေကွက်ကြီးအတွင်းရှိ ကြိုးစင်အနီးသို့ ရောက်ရှိလာသော လူထုပရိသတ်ကြီးထဲမှ ရက်စက်ကြမ်းကြုတ်သော အသံများ ထွက်ပေါ်၍ လာလေသည်။

"သူပုန်တွေကို ကြာကြာမထားပါနဲ့ ... ကြိုးစင်တင်ပြီး သတ်တာကို ကြည့်ချင်လှပါပြီ ..."

လူ–လူချင်းပင် ဖြစ်လင့်ကစား သနားညှာတာခြင်း ကင်းမဲ့စွာဖြင့် လူသတ်ပွဲကို လာကြည့်နေသော ပရိသတ်ထဲမှ ထွက်လာသော အသံကို ကြားရသောအခါ ရာဇဝတ်သားများမှာ စိတ်ကို တင်းထားသည့်ကြားမှပင် တုန်လှုပ်၍သွားသည့် အမူအရာများ ပြ၍နေပေသည်။

ထိုအခိုက်တွင် အချုပ်ခန်းတံခါးကို ဖွင့်လိုက်သည့် အသံများကြားရပြီး အာဏာသားပါးကွက်များသည် ဓားရှည်ကြီးများ ကိုင်ဆောင်ကာ ရာဇဝတ်သားများကို ကြိုးစင်ရှိရာသို့ ရှေ့နောက်၊ ဝဲ–ယာ စောင့်ကြပ်ပြီး ခေါ်ဆောင်လာခဲ့ပေသည်။

ရာဇဝတ်သားများအား ကြိုးစင်ပေါ်သို့ ခေါ်ဆောင်လာသောအခါတွင် ကြိုးစင်နှင့် မလှမ်းမကမ်းမှနေပြီး လူသတ်ပွဲကို ကြည့်ရှုရန် စုရုံးလာရောက်ကြသော လူထုပရိသတ်ကြီးသည် ရာဇဝတ်သားများကို နီးနီးကပ်ကပ် ကြည့်လိုသဖြင့် သူ့ထက်ငါဦးအောင် တိုးဝှေ့နေကြသည်။

"သူပုန်တွေ မျိုးပြုတ်မှအေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သံသေးသံကြောင်နှင့် လူထုထဲမှ အော်ဟစ်လိုက်သည့် အသံများကို လည်းကောင်း။

"သူပုန်သာဆိုတယ် လူရည်ကတော့ အသန့်သားပဲ၊ ရှေ့ဆုံးက ဈေးကြိုနာထား တည်တည်နဲ့ လိုက်ပါလာတဲ့ လူဟာ သူပုန်ခေါင်းဆောင်နဲ့ တူတယ်၊ သူ့ကိုကြည့်ရတာ သူပုန်နဲ့ကို နည်းနည်းကလေးမှ မတူဘူး၊ ယောကျ်ားပီသတဲ့ လက္ခဏာပဲ"

လူထုထဲမှ လူတစ်စု၏ တီးတိုးပြောဆိုနေကြသည့် အသံများကို လည်းကောင်း။

"သူပုန်ခေါင်းဆောင်ရဲ့ အင်္ဂါရုပ်ကို ကြည့်စမ်း၊ တကယ့် သူ့ရဲ ဘောင်း ပီသတဲ့ရုပ်ပဲ၊ သတ္တိကို အလွဲသုံးစား လုပ်လို့ ခုလို ကြိုးစင်တင်ပြီး အသတ်ခံရတာပဲ၊ တကယ်လို့သာ သတ္တိကို နည်းနဲ့လမ်းနဲ့ အသုံးပြုတတ်မယ်ဆိုရင် သူ့လို အင်္ဂါရုပ်နဲ့ စစ်သူကြီးတောင် ဖြစ်နိုင်တယ်။ အင်း ... သနားတော့ သနားစရာပဲ၊ ဒါပေမဲ့ မိုက်တွင်းနက်တာက ဆိုးတယ်"

သူပုန်ခေါင်းဆောင်၏ ယောကျ်ားပီသသော အင်္ဂါရုပ်ကို ကြည့်ပြီး အားမလို အားမရဖြစ်ကာ ကရုဏာ ဒေါသောနှင့် ပြောလိုက်သော အသံများကို လည်းကောင်း၊ လူထုပရိသတ်ထံမှ အသံအမျိုးမျိုးထွက်၍ လာပေသည်။

ထိုအခိုက်တွင် ဘုရင့်အာဏာသား ပါးကွက်နှင့် တူသော ဗလတောင့်တောင့် လူတစ်ယောက်သည် ကြိုးစင်ပေါ်သို့ တက်လာသည်ကို တွေ့မြင်ရပေသည်။

"တိတ်စေ"

အာဏာသားပါးကွက်၏ အသံသြဇာနှင့် ပြည့်ဝသည့် "တိတ်စေ" အသံကြီးမှာ လူထုပရိသတ်၏ နားထဲတွင် ထိုးဖောက်ဝင်ရောက်သွားသည်နှင့် တစ်ပြိုင်နက် ဆောဆောက အမျိုးမျိုးအဖုံဖုံ ဝေဖန်နေကြသော



လူထုပရိသတ်၏ အသံမှာ မီးကို ရေနှင့် ငြိမ်းသတ်သလို တိတ်ဆိတ်ငြိမ်သက်၍ သွားပေသည်။

"ဘုရင့် အမိန့်တော်"

အဆိုပါ အာဏာသားပါးကွက်သည် အမိန့်တော်စာချွန်ကို လူမြင်အောင် မြှောက်ပြီး ခေါင်းစဉ်ကို ဖတ်လိုက်သည်။

"သာယာရွှေပြည် နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်တော်မူသော သီဟရာဇာ ဘုရင်မင်းမြတ် အမိန့်တော် မှတ်လိုက်သည်။ နိုင်ငံတော်ကို ပုန်ကန်ပြီး ခြားနားရန် ရည်ရွယ်ချက်ဖြင့် တောတွင်း၌ ပုန်းအောင်းကာ လူစုလျက်ရှိသော သူပုန်ခေါင်းဆောင် သစ္စာဖောက် နေနွှနှင့် ၎င်း၏ အပေါင်းပါ တပည့် ၉ ယောက်တို့အား မသေမချင်း လည်ပင်းကြိုးတည်း၍ သတ်ရန် အမိန့်တော်မြတ် ချမှတ်လိုက်သည်၊ ထိုအမိန့်အတိုင်း အာဏာသားပါးကွက်များက တိတိကျကျ အရေးယူ ဆောင်ရွက်ကြရမည် ... ဘုရင့် အမိန့်တော်"

အာဏာသားပါးကွက်သည် အသံသြဇာနှင့် ပြည့်စုံစွာ ဘုရင်မင်းမြတ်၏ အမိန့်တော်စာချွန်ကို ဖတ်ကြားလိုက်ပြီးလျှင် သူပုန်ခေါင်းဆောင် 'နန္ဒ' ဆိုသူအား ရှေ့သို့ ခေါ်ထုတ်လိုက်ပေသည်။

"ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်ကို ကြားနာရပြီ မဟုတ်လား၊ မောင်မင်းနှင့်တကွ မောင်မင်း၏ တပည့်များကို ဘုရင်မင်းမြတ် အမိန့်တော်အရ ယခုပင် ကြိုးစင်တင်ပြီး သတ်ရလိမ့်မည်။ မောင်မင်း မသေမီ သေဒဏ်လွတ်ငြိမ်းခွင့်မှလွဲ၍ ဘုရင်မင်းမြတ်ထံတော်မှောက်တွင် အလိုရှိသော ဆုကို တောင်းဆိုနိုင်သည်။ ယခု တောင်းဆိုပါလော့"

အာဏာသားပါးကွက်သည် ထုံးစံအတိုင်း သေအံ့ဆဲဆဲ ရာဇဝတ်သားအား နောက်ဆုံး လိုလားချက်ကို တောင်းဆိုရန် အမိန့်ပေးလိုက်သည်။

"ဆရာ ... ဆရာ ... ဒီဘုရင်စုတ်ဆီက ဘာဆုမှ မတောင်းပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပေးတဲ့ ဆုကိုလည်း မလိုချင်ပါဘူး၊ ကျွန်တော်တို့တစ်တွေ အသက်မခံရခင် ကျွန်တော်တို့ အသေဖြောင့်အောင် ဆရာရွတ်နေကျ သံဝေဂ လင်္ကာကလေးကို ရွတ်ပြစမ်းပါ၊ ဆရာအသံနဲ့ ရွတ်ပြတဲ့ သံဝေဂ လင်္ကာကလေးကို ကျွန်တော်တို့ ကြားရရင် သေပျော်ပါပြီ"

ဒေါ်န အမည်ရှိ ရာဇဝတ်သားက သူပုန်ဗိုလ်နန္ဒအား လှမ်း၍ ပြောလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒေါ်န ပြောတာ မှန်တယ်။ ဆရာ ရွတ်နေကျ သံဝေဂလင်္ကာ ရွတ်ပြပြီး ရဲရဲကြီး အသေခံ သွားပါရစေ၊ ရွတ်ပြပါ ဆရာ၊ ရွတ်ပြပါ"

ကျန်ရာဇဝတ်သားများက သံပြိုင်ဟစ်ပြီး တောင်းဆိုလိုက်ကြလေရာ သူပုန်ဗိုလ်နန္ဒသည် ကြည်လင်သော မျက်နှာထားဖြင့် ကြိုးစင်ရှိရာကို မျက်နှာမူကာ လေသာပြတင်းမှ ရှုစားတော်မူနေသည့် သီဟရာဇာ ဘုရင်မင်းမြတ်အား ခံ့ညားတည်ကြည်သော အမူအရာဖြင့် ခေတ္တမျှ စိုက်ကြည့်လိုက်ပြီးလျှင် ကြည်လင်ပြတ်သားသည့် အသံဝါကြီးဖြင့် အောက်ပါ သံဝေဂ လင်္ကာကို အသံနေ အသံထားနှင့် ရင့်ကျူးသီဆိုလိုက်လေသည်။

သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူ တစ်
ယောက်မှာ၊ ပျက်လင့်ကာသာ၊ မမှတာတည်း။ ရွှေအိမ်
နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံ
ရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊
ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်
သက်လျာတည်း။
ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း မလွတ်
ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ မတည်မမြဲ၊
ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တာဝါတည်း။



ရှိနိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ နိုက်ကြုံ
ဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တုန်မူ၊ တုံ့မယူလို၊
ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်
မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည် အနိစ္စာ၊ ငါ့ခန္ဓာ
တည်း။

သူပုန်ဗိုလ်နန္ဒသည် ကြည်လင်ပြတ်သားသည့် အသံဝါကြီးဖြင့် အနန္တသူရိယ အမတ်ကြီး သေခါနီးဆဲဆဲတွင် ရေးသားခဲ့သော သံဝေဂ လင်္ကာကို ရင့်ကျူးသီဆိုလိုက်သည်ကို ကြားရသောအခါ လူသတ်ပွဲကို လာရောက် ကြည့်ရှုသော ပရိသတ်သာမက အာဏာသားပါးကွက်သားများပါ မှင်တက်မိနေသူများကဲ့သို့ ငြိမ်သက်စွာ နားထောင်နေကြသည်ကို တွေ့မြင်ရပေသည်။

ထိုအခိုက်တွင် ဘုရင့်နန်းတော်ဆီမှ မြင်းစေကျော် တစ်ဦးသည် ဖောင်းဝတ်ရောင် မြင်းကြီးကိုစီးပြီး လူထုပရိသတ်ကြားမှ ကဆုန်ပေါက်ပြီး ဝင်လာကာ ရာဇဝတ်သားများ ထားရှိသည့် စင်မြင့်ပေါ်သို့ အပြေးအလွှားတက်၍ လာပေသည်။

"ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်ပါတယ်၊ အမိန့်တော် နာခံ"

ဘုရင့်စေတမန်သည် ခရီးရောက်မဆိုက် အမိန့်ပေးလိုက်ရာ အာဏာသားပါးကွက်သည် ရိုသေစွာ နာခံလျက်ရှိပေသည်။

"သူပုန်ဗိုလ်နန္ဒကို ဘုရင့်ရှေ့တော်မှောက်သို့ ခေါ်ဆောင်ခဲ့ရမည် — ဘုရင့်အမိန့်တော် ..."

ဘုရင်၏ စေတမန်က အမိန့်ပေးလိုက်ရာ ထိုအမိန့်သံကို ကြားရသောအခါ၊ လူထုပရိသတ်ကြီးမှာ အံ့အားသင့်သွားပြီး တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသည်မှာ ဆူညံ၍ သွားပေသည်။

အာဏာသားပါးကွက်သည်လည်း ဘုရင်၏ အမိန့်တော်အရ

www.burmeseclassic.com

www.burmeseclassic.com



သူပုန်ခေါင်းဆောင် ဗိုလ်နန္ဒအား ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ စားရှည်ကိုင် အစောင့်များ ခြံရံကာ ခေါ်ဆောင်၍ သွားပေသည်။

ကျွန်ရာဇဝတ်သားများမှာမူ မည်သည့်အတွက် ဘုရင်မင်းမြတ်က အခေါ်လွှတ်သည်ကို နားမလည်နိုင်ဘဲ အားငယ်စွာဖြင့် ကျန်ရစ်ကြပေသည်။

ဘုရင်မင်းမြတ် စံမြန်းတော်မူသည့် လေသာဆောင်သို့ သူပုန်နေန္ဒ ရောက်ရှိလာချိန်တွင် ဘုရင်မင်းမြတ်မှာ လက်နှစ်ဖက်ကို နောက်သို့ဝစ်ပြီး ထောနင်း,ထောနင်းနှင့် စင်္ကြံလျှောက်နေသည်ကို တွေ့မြင်ရပေသည်။

"သူပုန်ခေါင်းဆောင် နေန္ဒ ရှေ့တော်မှောက် ရောက်ကြောင်းပါ ဘုရား ..."

အာဏာသားပါးကွက်သည် ဘုရင်မင်းမြတ်အား ရိုသေစွာ ရှိခိုးလျှောက်ထားလိုက်ပေသည်။

ဘုရင်မင်းမြတ်မှာမူကား အာဏာသားပါးကွက်အား လှည့်မကြည့်ဘဲ စင်္ကြံလျှောက်မြဲ လျှောက်နေရာမှ သူပုန်ခေါင်းဆောင် ဗိုလ်နန္ဒအား စောင်းငဲ့ ကြည့်လိုက်သည်။

"သူပုန်ခေါင်းဆောင် မောင်နန္ဒ ဆိုတာ မောင်မင်းလား ..."

ဘုရင်မင်းမြတ်က မေးလိုက်သည်။

"မှန်လှပါ ... ဘုန်းတော်ကြောင့် ကျွန်တော်မျိုး သူပုန်ခေါင်းဆောင် နန္ဒ ဖြစ်ကြောင်းပါ"

သူပုန်ခေါင်းဆောင် ဗိုလ်နန္ဒက ဣန္ဒြေရစွာ ပြန်လည် ဖြေဆိုလိုက်ပေသည်။

"ကြီးစင်ပေါ်ကနေပြီး ငါဘုရင်ကို စောင်းချိတ်ပြီး သံဝေဂ လင်္ကာ ရွတ်ဆိုလိုက်တာဟာ မောင်မင်း မဟုတ်လား ..."

ဘုရင်မင်းမြတ်က မေးခွန်းထုတ်လိုက်ပြန်သည်။



"မှန်လှပါ ... သံဝေဂလင်္ကာ ရွတ်ဆိုတာဟာ ကျွန်တော်မျိုး နေန္ဒပင် ဖြစ်ကြောင်းပါ ... သို့ရာတွင် ဘုရင်မင်းမြတ်အား စောင်းပါးရိပ်ခြည် သီဆိုရင့်ကျူးခြင်း မဟုတ်ကြောင်းပါ။ ကျွန်တော်မျိုး၏ နောက်လိုက် ငယ်သားများ အသေဖြောင့်အောင် ရွတ်ဆိုခြင်းမျှသာ ဖြစ်ပါသည်"

သူပုန်ဗိုလ်နန္ဒသည် ရဲရင့်တည်ကြည်စွာဖြင့် ပြန်လည် ဖြေကြားလိုက်ရာ သီဟရာဇာ ဘုရင်မင်းမြတ်သည် သူပုန်ခေါင်းဆောင် ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံး ကြည့်၍နေပေသည်။

"ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း ... ဆိုတဲ့ စကားတွေဟာ ငါဘုရင်မင်းမြတ်ကို စောင်းပါးရိပ်ခြည် သီဆိုကျူးရင့်လိုက်ခြင်း မဟုတ်ပါလော ..."

"စောင်းပါးရိပ်ခြည် သီဆိုရင့်ကျူးခြင်း မဟုတ်ပါ၊ ဖြစ်တတ် ပျက်ပြန် ယံကမော လောကဓံ ဆိုတဲ့ တရားကို သတိ သံဝေဂ ရစိမ့်သောငှာ ရင့်ကျူးခဲ့ခြင်းသာ ဖြစ်ပါသည်။ ဘုရင်မင်းမြတ်၏ စည်းစိမ်သည် ဝင်လျှင် သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့် ရေပွက်နှင့် အဆင်းသဏ္ဌာန် တူသည်ကို ထောက်ရှုလျှင် ကျွန်တော်မျိုးတို့ကဲ့သို့သော သူပုန်မျိုး၏ စည်းစိမ်မှာ မက်မောစရာ မရှိသည်ကို ကျွန်တော်မျိုး၏ နောက်လိုက် ငယ်သားများ သတိ သံဝေဂ ရစိမ့်သောငှာ ရွတ်ဆိုခြင်းသာ ဖြစ်သည်။ အမှန်တရားကို မမြင်နိုင်အောင် ရာဇမာန်ကနေသော ဘုရင်မင်းမြတ် ကဲ့သို့သော မျက်ကန်းမျိုးကို သတိ သံဝေဂ ရစေရန် ရည်ရွယ်ချက် လုံးဝမရှိကြောင်းပါ"

သူပုန်ဗိုလ်နန္ဒသည် ကြောက်စိတ် ကင်းမဲ့စွာဖြင့် ဘုရင်မင်းမြတ်အား ပြန်၍ပြောလိုက်ရာ ဘုရင်မင်းမြတ်သည် ရာဇဝတ်သားအား စားတော်ဝါးမတတ် မျက်နှာထားဖြင့် စိုက်ကြည့်နေပေသည်။

www.burmeseclassic.com



"ဟဲ့–ငနန္ဒ ... ငါကဲ့သို့သော ဘုရင်မင်းမြတ်ကိုပင်လျှင် မျက်ကန်းနှင့် နှိုင်းပြီး မလောက်လေး မလောက်စား ပြောရသလား၊ ငါဘုရင်မင်းမြတ်ရဲ့ ဘုန်းတန်ခိုးအာနုဘော်ကို ကြောက်ရွံ့ ရိုသေရမှန်း မသိဘူးလား"

"မှန်လှပါ ဘုရင်မင်းမြတ်သည် ကျွန်တော်မျိုး ကဲ့သို့ပင် ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါး အစုအဝေး ဖြစ်၍ အပုပ်ကောင် ရုပ်ဆောင်နေခြင်းမျှသာ ဖြစ်ခြင်းကြောင့် ဘုရင်မင်းမြတ်အား ကြောက်ရွံ့ရန် အကြောင်းများ မရှိကြောင်းပါ။ တစ်ဖန်တဲ့လည်း ကျွန်တော်မျိုးသည် ဘုရင်မင်းမြတ်၏ အမိန့်တော်အရ မကြာမီ သေရတော့မည့်သူဖြစ်ပါသည်။ သေဘေးကို ရင်ဆိုင်ဝံ့သော ကျွန်တော်မျိုးသည် အပုပ်ကောင်ချင်း အတူတူဖြစ်သော ဘုရင်မင်းမြတ်အား စိုးစဉ်းမျှ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိသည်မှာ အမှန်ပင် ဖြစ်ပါသည်"

"သယ်–ငနန္ဒ ရိုင်းပျ စော်ကားလှချည့်လား ... ငါကဲ့သို့သော ဘုရင်မင်းမြတ်ကိုပင် အပုပ်ကောင် ဟူ၍ စော်ကားရသလော ..."

"အပုပ်ကောင် ရုပ်ဆောင်နေခြင်းဖြစ်၍ ဟုတ်တိုင်းမှန်ရာကို သံတော်ဦးတင်ခြင်းသာ ဖြစ်ပါသည်။ စော်ကားသည် ထင်တော်မူလျှင် မှားပါလိမ့်မယ်"

သူပုန်ခေါင်းဆောင် ဗိုလ်နန္ဒသည် ကြောက်ရွံ့သည့် အမူအရာကို လုံးဝမပြဘဲ ရဲရဲရင့်ရင့်ပင် ပြန်၍ ဖြေဆိုလိုက်လေရာ သီဟရာဇာဘုရင်မင်းမြတ်သည် သူပုန်ဗိုလ်နန္ဒအား အတန်ကြာ စိုက်ကြည့်နေမိပေသည်။

"မောင်မင်း သေရမှာကို မကြောက်လို့ ခုလို စကားမျိုး ပြောနေတာလား"

ဘုရင်မင်းမြတ်က မေးလိုက်ပြန်သည်။

"သေဘေးကို မကြောက်သော သတ္တဝါ ဟူ၍ မရှိစကောင်းပါ၊ သို့ရာတွင် ထွက်ပြီးသော ဆင်စွယ် ဝင်တယ်လို့မရှိ ဟူသောစကားအရ



ကျွန်တော်မျိုးတို့ အပေါ်တွင် ဘုရင်မင်းမြတ်၏ အမိန့်တော်မြတ်ကို ရုပ်သိမ်းမည် မဟုတ်သည်ကို စင်းစင်းကြီး သိထားသည့် ကျွန်တော်မျိုးအတွက် သေရမည်ကို သိသောသူသည် သေဘေးကို မကြောက်ဟူသည့်စကားအရ သေဘေးမှ ပြေး၍ မလွတ်တော့သည်ကို သိပြီးဖြစ်၍ သေရမည်ကို မကြောက်တော့ပါ၊ ပြုသူအသစ် ဖြစ်သူအဟောင်း ဆိုသည့်စကားအရ ကျွန်တော်မျိုးတို့ ယခုကဲ့သို့ သေဒဏ်ပေးခြင်း ခံရသည်မှာ ဘဝက ဝဋ်ကြွေးကြောင့်သာ ဖြစ်သည်ကို သိရှိသဖြင့်လည်း တရားနှင့်ဖြေကာ ကြောက်စိတ်ကို ဖျောက်ဖျက်ပြီး ဖြစ်ကြောင်းပါ။ ပြုသူအသစ် ဆိုသည့်စကားအရ ဘုရင်မင်းမြတ်သာလျှင် ဘဝသံသရာတွင် ကျွန်တော်မျိုးတို့ကဲ့သို့ ကြိမ်ဖန်များစွာ ဝဋ်ဆင်းရဲ ခံရမည်ကို စဉ်းစားမိသဖြင့် ဘုရင်မင်းမြတ်အပေါ်တွင် သနားမိပါသေးသည်"

သူပုန်ဗိုလ်နန္ဒသည် ဘုရင်မင်းမြတ်အား တစ်ခွန်းမခံ ပြန်၍ပြောလိုက်သည်။

"သယ် ... ခွေးပါးစပ်က နတ်စကားထွက်လို့"

ဘုရင်မင်းမြတ်သည် ဒေါသအလျောက် ပါးစပ်မှ ထွက်သွားလေသည်။

"မှန်လှပါ ... ပညတ်သဘောအရသာ ခွေးနှင့်နတ် ခြားနားမှု ရှိပါသည်။ ပရမတ်သဘောနှင့် ကြည့်ရမည်ဆိုလျှင် ယောကျ်ား ... မိန်းမ ပုဂ္ဂိုလ် သူ ... ငါ ဟူ၍ မရှိဘဲ ရုပ်တရား နာမ်တရား ခန္ဓာငါးပါး အစုအဝေးမျှသာ ဖြစ်သည်ဟု ဆင်ခြင်တော်မူပါ"

သူပုန်ဗိုလ်နန္ဒသည် ကြောက်ရွံ့သည့် အမူအရာ လုံးဝမပြဘဲ ဘုရင်မင်းမြတ်အား ပြန်၍ ပြောလိုက်သည်။

ဘုရင်မင်းမြတ်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ လက်နှစ်ဖက်ကို နောက်ပစ်ခါ ထော့နင်း,ထော့နင်းနှင့် စင်္ကြံလျှောက်၍ နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှတစ်ဖန် သလွန်ပေါ်တွင် တင်ပလ္လင် ထိုင်တော်မူပြီးလျှင် သူပုန်ဗိုလ်နန္ဒအား ရှေ့တော်သို့ တိုး၍ ခစားရန် အမိန့်ပေးလိုက်သည်။

"အာဏာသားပါးကွက်တွေ လေသာဆောင် အပြင်ဘက်မှာ ထွက်ပြီး ခစားကြ ...၊ သူပုန်ဗိုလ်နန္ဒကို မေးစရာတွေ ရှိသေးတယ်"

ဘုရင်မင်းမြတ်သည် အာဏာသားပါးကွက်သားများကို အပြင်သို့ ထွက်စေပြီးလျှင် သူပုန်ဗိုလ်နန္ဒအား မိမိအပါးတော်သို့ တိုးခစားရန် ခေါ်လိုက်သည်။

"ဟဲ့ ... ငနန္ဒ ..."

ဘုရင်မင်းမြတ်သည် မိမိ၏ ရှေ့တော်တွင် တည်ကြည်ခံ့ညားစွာ မတ်တတ်ရပ်ပြီး ခစားနေသော ဗိုလ်ငနန္ဒအား ခေါ်လိုက်သည်။

"မှန်လှပါ ရှေ့တော်မှောက် ခစားလျက် ရှိကြောင်းပါ"

"မောင်မင်းကို မေးစရာရှိသည်၊ မှန်ရာကို သံတော်ဦး တင်မည်လား"

"မှန်ရာကို သံတော်ဦးတင်ဖို့ အသင့်ရှိကြောင်းပါ၊ ဘယ်သောအခါမျှ မမှန်ရာကို နှုတ်မှ မြွက်ဟခဲ့ခြင်း မရှိကြောင်းပါ"

"ကောင်းပြီ မောင်မင်းသည် သုဝဏ္ဏနိုင်ငံတော်ကို စိုးမိုးပိုင်သတော်မူသော မဟာဘောဂ ဘုရင်မင်းမြတ်၏ သားတော် မောင်ရှုပ မဟုတ်လား"

"မှန်လှပါ၊ သို့ရာတွင် ရှင်နေလာင်းဘဝက ရွှေထီးဆောင်းခဲ့ရသည်ကို ပြန်ပြီး ဇာတ်ကြောင်း ပြန်နေခြင်းဖြင့် အကြောင်းထူးမည် မဟုတ်ပါ"

"ဘုရင်မင်းမြတ်ရဲ့ တစ်ပါးတည်းသော သားတော် ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် ပြည်လေးပြည်မွှား သူပုန်သူကန် ဖြစ်လာရသနည်း"

"ကံနှင့်ကံ၏ အကျိုးတရားပင် ဖြစ်သည်ဆိုပါက မှားမည် မဟုတ်ကြောင်းပါ"



"လူမတန် ကံချ ဆိုသလို၊ မောင်မင်း ညံ့လို့ မောင်မင်း ခံတာ ကံတရားကို လွှဲချဖို့ မသင့်ဘူးဆိုတာ စဉ်းစားမိရဲ့လား"

"သတ္တဝါတစ်ခု ကံတစ်ခု ဆိုသလို ကံမရှိ ဉာဏ်ရှိတိုင်း မွဲတတ်တာမို့ ကံတရားကိုသာ လွှဲချခြင်း ဖြစ်ကြောင်း၊ ကံမရှိလျှင် ဉာဏ်လည်း စေတနိုင်၊ ဝီရိယလည်း မကယ်နိုင်ကြောင်းပါ"

"မောင်မင်း၏ ဖခမည်းတော် မဟာဘောဂ ဘုရင်သည် မောင်မင်း တက္ကသိုလ်ပြည်တွင် ပညာတော်သင် သွားနေခိုက် သစ္စာဖောက် စစ်သူကြီး သုမနေ၏ လက်ချက်ဖြင့် ကံတော်ကုန်ခဲ့ရသည် မဟုတ်ပါလား"

"မှန်လှပါ ဘုရင်မင်းမြတ် ကြားသိတော်မူသည့်အတိုင်း အမှန်ပင် ဖြစ်ကြောင်းပါ"

"မောင်မင်းရဲ့ ခမည်းတော်ကို စစ်သူကြီး သုမနေက လုပ်ကြံပြီးတဲ့နောက် ထီးမွေနန်းမွေကို သုမနေပဲ သိမ်းပိုက်ဆက်ခံခဲ့တယ် မဟုတ်လား"

"ဤအတိုင်း အမှန်ပင် ဖြစ်ကြောင်းပါ"

"မောင်မင်းသည် တက္ကသိုလ်ပြည်သို့ သွားရောက်ပြီး တစ်ဆယ့်ရှစ်ရပ်သော ယောကျ်ားမြတ်တို့၏ အတတ်ကို သင်ကြားနေခိုက် မောင်မင်း ဖခမည်းတော် လုပ်ကြံခံရပြီး ထီးမွေနန်းမွေကို လုယက်လို့ သိမ်းပိုက်ခြင်း ခံရတဲ့အတွက် မောင်မင်း တက္ကသိုလ်ပြည်က ပြန်ရောက်လာတဲ့အခါ သုဝဏ္ဏနိုင်ငံကို မပြန်ဝံ့တော့ဘဲ သုဝဏ္ဏနိုင်ငံနှင့် သာယာရွှေပြည် နှစ်နိုင်ငံကြားရှိ တောနက်ထဲတွင် လူစုပြီး ပုန်ကန်ခြားနားနေခြင်း မဟုတ်လော"

"ပုန်ကန်ခြားနားခြင်း မဟုတ်ကြောင်းပါ၊ ကျွန်တော်မျိုး၏ ခမည်းတော် လုပ်ကြံခံရပြီးနောက် ခမည်းတော်၏ လူယုံတော်များသည် ခမည်းတော်၏ လက်မှ အာဏာကို လုယူသည့် သုမနေဘုရင် ထံမှောက်တွင် ခစားလိုသော ဆန္ဒမရှိကြသဖြင့် သုဝဏ္ဏမြို့မှ ထွက်ခွာလာကြပြီး တောတွင်း၌ ခိုလှုံနေကြခြင်းသာ ဖြစ်ပါသည်။ ခမည်းတော်၏ လူယုံ

www.burmeseclassic.com

www.burmeseclassic.com



တော်များ ကစဥ့်ကရဲ ဖရိုဖရဲ ဖြစ်ကုန်မည်ကို မရှုဆိတ်သဖြင့် ကျွန်တော်မျိုးသည် တက္ကသိုလ်ပြည်မှ ပြန်လာပြီး ထိုသူများအား ခေါင်းဆောင်ကာ လမ်းမှန်ကို ပြနေခြင်းသာ ဖြစ်ကြောင်းပါ"

"တောတွင်းမှာ ပုန်းအောင်းပြီး တောတွင်းသို့ ရောက်ရှိလာသမျှသော လူအပေါင်းတို့ကို နှိပ်စက်ညှဥ်းပန်းပြီး ပစ္စည်းယူ လူသတ် လုပ်နေခြင်းကို လမ်းမှန် ဟူ၍ ခေါ်နိုင်ပါမည်လော"

"ပစ္စည်းယူ လူသတ်သည် ဆိုခြင်းမှာ မမှန်ကြောင်းပါ၊ တောတွင်းသို့ နယ်ကျူံလာသော သုခနေဘုရင်၏ ဘက်တော်သားများကိုသာ မှတ်လောက်သားလောက်အောင် လက်စားချေခြင်းသာ ဖြစ်ပါသည်၊ အမှန်ကို သံတော်ဦး တင်ရမည်ဆိုလျှင် ဘုရင်မင်းမြတ်၏ နိုင်ငံသူနိုင်ငံသားများအား လုယက်ပြီး ညှဥ်းပန်းသတ်ဖြတ်နေသူများမှာ သစ္စာဖောက် သုခနေဘုရင်၏ ဘက်တော်သားများသာ ဖြစ်ကြောင်းပါ"

"မုသား သံတော်ဦး မတင်နဲ့၊ မှန်တာကို သံတော်ဦးတင်စမ်း မောင်မင်း သေရမည်ကို ကြောက်၍ ယခုကဲ့သို့ ထမင်းရည်ပူလာ လျှာလွှဲခြင်း မဟုတ်လော"

"မဟုတ်မှန်ကြောင်းပါ ဘုရင့်စကား မိုးကြိုးသွားဆိုသည့် စကားအရ ဘုရင်မင်းမြတ် ချမှတ်ပြီးသည့်အမိန့်ကို ရုပ်သိမ်းလိမ့်မည် မဟုတ်သည်ကို ကျွန်တော်မျိုး သိပြီးဖြစ်၍ အသက်ဘေးမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လျှောက်လဲနေခြင်း မဟုတ်ပါ၊ ဟုတ်တိုင်းမှန်ရာကိုသာ ဖွင့်ဟ သံတော်ဦးတင်နေခြင်းသာ ဖြစ်ပါသည်"

"ငါဘုရင်မင်းမြတ်၏ နိုင်ငံသူနိုင်ငံသားများအား ညှဥ်းပန်းသတ်ဖြတ်ပြီး ရွှေငွေဥစ္စာများ လုယူသည်ဖြစ်စေ၊ မလုယူသည်ဖြစ်စေ ငါ၏ နိုင်ငံတော်အတွင်း၌ ဘုရင့်အာဏာကို ဖီဆန်ကာ တောတွင်း၌ ပုန်းအောင်းနေခြင်းသည် နိုင်ငံတော်၏ ငြိမ်ဝပ်ပိပြားရေးကို ခြိမ်းခြောက်သကဲ့သို့ ဖြစ်နေသဖြင့် မောင်ရှုပ အမည်ခံ သူပုန်ဗိုလ်နန္ဒအား လည်ပင်း ကြိုး



တည်းပြီး သတ်ဖို့ ငါဘုရင်မင်းမြတ် အမိန့်တော် မှတ်တော်မူခဲ့ခြင်း ဖြစ်သည်။

"သို့သော် မောင်မင်းသည် ရဲရင့်တည်ကြည်သော သူတစ်ယောက်ဖြစ်သည့်အပြင် တက္ကသိုလ်မှ အဋ္ဌာရသပညာများ တတ်မြောက်လာသူဖြစ်၍ ငါဘုရင်မင်းမြတ်၏ အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည်ဆိုပါက မောင်မင်းအား သေဒဏ်မှ ကင်းလွတ်စေ အမိန့်တော်မှတ်ပြီး ထိုက်သင့်တဲ့ ရာထူးဖြင့် ချီးမြှင့်တော်မူလိုသော ဆန္ဒရှိသည်။ ငါဘုရင်မင်းမြတ်၏ အလိုတော်ကျ အမှုတော်ကို ထမ်းရွက်နိုင်မည် မထမ်းရွက်နိုင်မည်ကို သိလိုသည်"

"မဖြစ်နိုင်သည်ကို မိန့်ကြားတော်မမူသင့်ပါ၊ ဘုရင်မင်းမြတ် ဘုန်းတန်ခိုး ကြီးမားရေးအတွက် ကျွန်တော်မျိုး အမှုတော် မထမ်းနိုင်ကြောင်းပါ၊ ဘုရင်မင်းမြတ် ဘုန်းတန်ခိုး ကြီးမားရေးအတွက် နယ်ချဲ့လိုသောဆန္ဒဖြင့် ကျွန်တော်မျိုးအား စေခိုင်းတော်မူမည်ဆိုလျှင် အပြစ်မရှိသော နိုင်ငံသားများ သေကျေ ပျက်စီးခြင်းသို့ ရောက်ရမည် ဖြစ်၍ ဘုရင်မင်းမြတ်၏ အလိုတော်ကျ အမှုတော် ထမ်းရွက်နိုင်မည် မဟုတ်ကြောင်း သံတော်ဦး တင်ဝံ့ပါသည်"

"ငါလိုဘုရင်ကို မောင်မင်း အာခံလိုသလော"

"အာခံခြင်း မဟုတ်ကြောင်းပါ၊ ဘုရင်မင်းမြတ် ဘုန်းတန်ခိုးကြီးမားရေးအတွက် လောဘနောက်သို့ လိုက်နေမည်ဆိုလျှင် ပြည်သူလူထု ဒုက္ခရောက်ရမည်ကို မြင်သဖြင့် သတိတရား ရစိမ့်သောငှာ သတိပေးခြင်း ဖြစ်ပါသည်။ ဘုရင်မင်းမြတ်၏ လောဘဇော တိုက်မှုကြောင့် စစ်ပွဲတစ်ပွဲတွင် ဘုရင်မင်းမြတ် ခြေတစ်ဖက် ဒဏ်ရာရလာခဲ့သည်ကို သတိပြုစေလိုကြောင်းပါ"

"သယ် ... ငါကဲ့သို့သော ဘုရင်မင်းမြတ်ကိုပင်လျှင် မလောက်လေး မလောက်စား ပြောရသလော၊ စစ်ပွဲတွင် ဒဏ်ရာရခဲ့သည်မှာမှန်

www.burmeseclassic.com

www.burmeseclassic.com



၏။ သို့သော် ထိုသို့စစ်ပွဲတွင် အနိုင်ရခဲ့သဖြင့် ပြည်နယ်တစ်နယ်ကို သိမ်းပိုက်နိုင်ခဲ့ပြီး သာယာရွှေပြည် နိုင်ငံတော်ကြီး ပိုမိုကျယ်ပြန့်ပြီး စည်ပင်သာယာလာသည်ကို မောင်မင်း မသိသလော"

"သာယာရွှေပြည် နိုင်ငံတော်ကြီး စည်ပင်သာယာသလောက် ဘုရင်မင်းမြတ်ရဲ့ ဘုန်းတန်ခိုးသည်လည်း ကြီးမားလာသည်မှာ မှန်ပါသည်။ ဘုရင်မင်းမြတ် ဘုန်းတန်ခိုး ကြီးမားရေးအတွက် အပြစ်မရှိသော နိုင်ငံသူ နိုင်ငံသားများ၏ အသက်ပေါင်းများစွာ စတေးခံခဲ့ရသည်ကိုလည်း ရှုစားတော်မူပါဦး"

သူပုန်ဗိုလ်နန္ဒသည် သီဟရာဇာ ဘုရင်ကြီး၏ အလိုကို မလိုက်ဘဲ မိမိ၏ စိတ်ထဲတွင်ရှိသမျှ ရဲရဲကြီး ဖွင့်ဟပြောဆိုလျက် ရှိပေရာ သီဟရာဇာ ဘုရင်မင်းမြတ်သည် အနိုင်မခံ အရှုံးမပေးသော ဗိုလ်နန္ဒ၏ စိတ်ဓာတ်ကို အတွင်းကျိတ်၍ ချီးမွမ်းမိပေသည်။

"နန္ဒ ... ဟောဒီမှာ ကြည့်စမ်း"

ဘုရင်မင်းမြတ်သည် သလွန်ပေါ်မှ ထလာပြီး နံရံတွင် ချိတ်ဆွဲထားသည့် မြေပုံကားချပ်ကြီးကို လက်နှင့်ထောက်ပြရင်း ပြောလိုက်ရာ ဗိုလ်နန္ဒသည် မြေပုံကို လှမ်းကြည့်လိုက်သည်။

"ဟောဒီနိုင်ငံဟာ ငါဘုရင်မင်းမြတ် စိုးမိုးပိုင်သတော်မူတဲ့ သာယာရွှေပြည် နိုင်ငံကြီးဆိုတာ မောင်မင်း သိတယ်မဟုတ်လား"

သီဟရာဇာ ဘုရင်မင်းမြတ်သည် သာယာရွှေပြည် နိုင်ငံတော်ကြီး၏ နယ်နိမိတ်ကို လက်ဖြင့် ထောက်ပြရင်း ပြောလိုက်သည်။

"အသိဖြစ်ကြောင်းပါ"

"သာယာရွှေပြည်ရဲ့ အရှေ့တောင်ဘက် စူးစူးကို ကြည့်လိုက်စမ်း ... ဟောဒီတောင်တန်းကြီးရဲ့ တစ်ဖက်မှာ သုဝဏ္ဏနိုင်ငံတော် ရှိတယ်မဟုတ်လား"

"ရှိကြောင်းပါ"



"သုဝဏ္ဏနိုင်ငံတော်ရဲ့ အရှေ့မြောက်ဘက်ကို မျှော်ကြည့်လိုက်ရင် စိမ်းစိမ်းစိုစို ညို့ညို့မှိုင်းမှိုင်းနဲ့ တောတောင်ထူထပ်တဲ့ တောတန်းတောင်တန်းကြီး အလွန်မှာ စန္ဒာဒေဝီ အမည်ရှိတဲ့ ဘုရင်မ စိုးမိုးအုပ်ချုပ်တဲ့ စေတုတ္တရာ နိုင်ငံငယ်ကလေးတစ်ခု ရှိတာကို မောင်မင်း သတိမပြုမိဘူးလား"

"မှန်လှပါ သတိပြုမိကြောင်းပါ"

"သုဝဏ္ဏနိုင်ငံတော်နဲ့ စေတုတ္တရာ နိုင်ငံတော်မှာ ရှိကြတဲ့ နိုင်ငံတော်သူ နိုင်ငံတော်သားများနှင့် လူမျိုးချင်း၊ ဘာသာချင်း၊ ဓလေ့ထုံးစံချင်း၊ ယဉ်ကျေးမှုချင်း တူညီသည်ကို မောင်မင်း သိသည် မဟုတ်လော"

"အသိဖြစ်ကြောင်းပါ"

"ယခုကဲ့သို့ လူမျိုးချင်း၊ ဘာသာချင်း၊ ယဉ်ကျေးမှုချင်း တူသော နိုင်ငံသုံးနိုင်ငံကို စုပေါင်းပြီး တစ်နိုင်ငံတည်း ဖြစ်အောင် ပြုလုပ်နိုင်လျှင် အင်အားတောင့်တင်းသော နိုင်ငံတော်ကြီးတစ်ခု ဖြစ်မလာနိုင်ပေဘူးလား"

ဘုရင်မင်းမြတ်သည် မြေပုံကို ကြည့်ရင်း နိုင်ငံသုံးနိုင်ငံကို ဝိုင်း၍ ပြလိုက်သည်။

"တစ်ခုတည်းသော နိုင်ငံတော်ကြီး ဖြစ်လာပါက အင်အားတောင့်တင်းသော နိုင်ငံတော်ကြီး ဖြစ်လာမည်မှာ ဧကန်မုချပင် ဖြစ်ပါသည်၊ သို့ရာတွင် တစ်ခုတည်းသော နိုင်ငံတော်ကြီး ဖြစ်လာရေးအတွက် ဘုရင်မင်းမြတ်သည် လက်နက်အားကိုးဖြင့် ထိုနိုင်ငံငယ်ကလေး ၂ ခုကို ဝင်ရောက် သိမ်းပိုက်မည်ဆိုပါက အပြစ်မရှိသော နိုင်ငံသားများ သေကျေပျက်စီးဖို့သာ ရှိကြောင်းပါ၊ ထို့မှတစ်ပါး အားငယ်သော နိုင်ငံကလေးများကို လက်နက်အားကိုးဖြင့် သိမ်းပိုက်ခြင်းသည် တရားသည်ဟု မဆိုနိုင်ကြောင်းပါ"

"ဘုရင်တို့မည်သည် နိုင်ငံတော်၏အကျိုးကို ယခုမဦးဆုံး ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရမည်။ သုဝဏ္ဏနိုင်ငံနှင့် စေတုတ္တရာ နိုင်ငံငယ်ကလေးများကို ယခုအတိုင်းထားရှိမည်ဆိုလျှင် ပြင်ပမှ ရန်သူများ ဝင်လာပြီး သာယာရွှေပြည် နိုင်ငံတော်ကိုပင် ခြိမ်းခြောက်လာစရာ ရှိသည်။ ဤသုံးနိုင်ငံကို တစ်ခုတည်းသော နိုင်ငံကြီး ဖြစ်လာအောင် လုပ်ဆောင်နိုင်မည်ဆိုပါက အင်အားတောင့်တင်းသော နိုင်ငံကြီး ဖြစ်လာပြီး ပြင်ပရန်သူများ စော်ကားဝံ့မည်မဟုတ်သည်ကို မောင်မင်း မစဉ်းစားမိသလော"

"စဉ်းစားမိကြောင်းပါ၊ ဤနိုင်ငံသုံးနိုင်ငံသည် တညီတညွတ်တည်း ပေါင်းစည်းနိုင်မည်ဆိုပါက အတိုင်းထက်အလွန် တံခွန်နှင့်ဘုရားဆိုသလို လျှော်ကန် သင့်မြတ်လှကြောင်းပါ။ ဤသုံးနိုင်ငံ ပေါင်းစည်းမိပြီး သုံးနိုင်ငံစလုံးကို ဘုရင်မင်းမြတ် စိုးမိုးအုပ်ချုပ်နိုင်မည်ဆိုလျှင် ဘုရင်မင်းမြတ်၏ တန်ခိုးအာဏာ အရှိန်အဝါများလည်း တက်လာမည်မှာ စေကန်မုချ ဖြစ်ပါသည်။ သို့ရာတွင် ဘုရင်မင်းမြတ် တန်ခိုးအာဏာ အရှိန်အဝါ တက်ကြွရေးအတွက် အပြစ်မရှိသော နိုင်ငံသူ နိုင်ငံသားများ သေကျေ ပျက်စီးခြင်း မဖြစ်စေသင့်ပါ"

ဗိုလ်နန္ဒသည် ဘုရင်မင်းမြတ်၏ အလိုကိုမလိုက်ဘဲ မိမိ၏ ယုံကြည်ချက်ကိုသာ မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲကြီး တင်ပြနေပေရာ ဘုရင်မင်းမြတ်သည် ဗိုလ်နန္ဒအား စိန်းစိန်းကြီး ကြည့်၍နေပေသည်။

"သယ် ... ငါကဲ့သို့သော မင်းကျင့်တရား ၁၀ ပါးနှင့်အညီ တိုင်းပြည်နှင့် လူထုအကျိုးကို ဦးစားပေးပြီး စီမံအုပ်ချုပ် မင်းလုပ်တော်မူသော ဘုရင်မင်းမြတ်ကို မောင်မင်း ကဲ့သို့သော သူပုန်ခေါင်းဆောင်က ရာရာစစ 'ဘုန်းကြီးစာချ မိကျောင်းမင်းရေကင်းပြ' လုပ်နေသည်မှာ ရယ်ဖွယ်လိလိ ဖြစ်ဘိ၏တကား၊ သူပုန်ဗိုလ်နန္ဒ ... ငါဘုရင် မိန့်တော်မူမည် နာခံ ..."

"မှန်လှပါ နာခံလျက်ရှိကြောင်းပါ"



"ငါဘုရင်မင်းမြတ်သည် သာယာရွှေပြည် နိုင်ငံတော်ကြီးနှင့်တကွ သုဝဏ္ဏနှင့် စေတုတ္တရာ နိုင်ငံငယ်ကလေးများကို တစုတပေါင်းတည်း ဖြစ်လာအောင် မနေမနား ဆောင်ရွက်တော်မူမည်။ ဤသုံးနိုင်ငံစပ်ကြားရှိ မောင်မင်း၏ နောက်လိုက်ငယ်သား တောပုန်း သူပုန်များခိုလှုံရာဖြစ်သည့် တောတန်းကြီးကိုလည်း ရှင်းလင်းခုတ်ထွင်ပြီး သာယာသော မြို့ပြ ပြည်ရွာကြီး ဖြစ်လာအောင် ဖန်တီးတော်မူရန် ကြံရွယ်ချက်ရှိတော်မူသည်။ မောင်မင်း ကဲ့သို့သော သူပုန်ခေါင်းဆောင်ကို မဆိုထားဘိ ... မိုးသိကြား ဆင်း၍ တားသော်လည်း ကျွန်ုပ်၏ အကြံအစည်ကို လျှော့မည်မဟုတ်"

"ကျွန်တော်မျိုးကလည်း တားမြစ်ခြင်းပြုသည် မဟုတ်ပါ။ ဘုရင်မင်းမြတ် ဘုန်းတန်ခိုး ကြီးမားရေးအတွက် အပြစ်မရှိသော နိုင်ငံသားများ သေကျေ ပျက်စီးခြင်း မဖြစ်စေသင့်သည်ကိုသာ သံတော်ဦး တင်နေခြင်း ဖြစ်ကြောင်းပါ၊ တစ်ဖန်တုံလည်း စေတုတ္တရာ နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်သော ဘုရင်မှာ အားနွဲ့သော မိန်းမသား ဖြစ်သဖြင့် ဘုရင်မင်းမြတ် ကဲ့သို့သော ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ဘုရင်မင်းမြတ်က နိုင်ထက်ကလူ ပြုမူရန် မသင့်ကြောင်းပါ"

"မိန်းမသားတန်မဲ့ မိန်းမသားနေရာမှာ မနေဘဲ နိုင်ငံအုပ်ချုပ်ဘုရင်လုပ်တယ်ဆိုတာ နားကြားပြင်းကတတ်လှတယ်။ မိန်းမသား မည်သည် အိမ်ထောင်ရှင်အဖြစ်နှင့်သာ အိမ်ထောင်ကို ဦးစီးသင့်ပါလျက် နိုင်ငံတော်ကို စီမံအုပ်ချုပ်နေသည်မှာ 'ဘုန်းကြီးနှင့်ဘီး' ဆိုသလို မအပ်စပ်သည့် အလုပ်ပင် ဖြစ်သည်ကို မောင်မင်း မစဉ်းစားမိသလော၊ မိန်းမသား အုပ်စိုးသောနိုင်ငံကို မည်သည့် အိမ်နီးချင်းနိုင်ငံကမှ ရိုသေလေးစားကြမည် မဟုတ်သည်ကိုလည်း မောင်မင်း မစဉ်းစားမိသလော၊ ယခုအခါတွင် မောင်မင်း၏ ခမည်းတော်ရိုက်ရာကို မတရား သိမ်းပိုက်ခဲ့သော သူ့ဘုရင်သည် စန္ဒာဒေဝီကို အနိုင်ကျင့်ပြီး စေတုတ္တရာ နိုင်ငံတော်ကို

www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ရန် ကြံရွယ်လျက်ရှိသည်ကို သတင်းသဲ့သဲ့မှပင် မကြားလေသလော"

"ဤသတင်းကို ကျွန်တော်မျိုး ကြားသိပြီ ဖြစ်ကြောင်းပါ"

"ကြားသိပြီး ဖြစ်လျှင် အဘယ်ကြောင့် ငါ့အား ဟန့်တားခြင်း ပြုလေသနည်း"

"ဘုရင်မင်းမြတ်အား ဟန့်တားခြင်း မပြုဝံ့ကြောင်းပါ။ သို့သော် စန္ဒာဒေဝီမှာ အားနွဲ့သူ မိန်းမသားဖြစ်၍ ဘုရင်မင်းမြတ်သည် စန္ဒာဒေဝီ ဘုရင်မအား စစ်ကူပေးကာ သုမနဘုရင်၏ ရန်ကိုသာ တွန်းလှန်ပေးသင့်ပါသည်။ စန္ဒာဒေဝီကို နိုင်ထက်ကလူ လုပ်ပြီး စေတုတ္တရာ နိုင်ငံတော်ကို သိမ်းပိုက်ခြင်း မပြုလုပ်သင့်သည်ကိုသာ သံတော်ဦးတင်ခြင်း ဖြစ်ပါသည်"

"သုမန လက်ဦးသွားမည်ကို ငါဘုရင်မင်းမြတ် လက်ပိုက်ပြီး ကြည့်မနေနိုင်။ အနုနည်းနှင့် ရလျှင်ရ၊ မရလျှင် အကြမ်းနည်းဖြင့် စန္ဒာဒေဝီကို အမိဖမ်းပြီး စေတုတ္တရာ နိုင်ငံတော်ကို သာယာရွှေပြည်နိုင်ငံနှင့် တစ်ဆက်တည်း ဖြစ်အောင် ဆောင်ရွက်တော်မူဖို့ သန္နိဋ္ဌာန် ချထားပြီး ဖြစ်သည်"

"ဤသို့ဆိုလျှင် စန္ဒာဒေဝီ ဘုရင်မအား မည်သို့မည်ပုံ စီရင်ပါမည်နည်း"

"စန္ဒာဒေဝီ ဘုရင်မကို လက်ရဖမ်းပြီး တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်မင်းလုပ်မည့်အစား သင့်တော်သည့် ကြင်ဖက်တော်နှင့် စုလျားရစ်ပတ်ပြီး မိန်းမပီသစွာ အိမ်ထောင်ကို ဦးစီးစေမည် မောင်မင်း"

"အကယ်တန္တု စန္ဒာဒေဝီသည် ဘုရင်မင်းမြတ်၏ အစီအမံကို လက်မခံဘဲ ငြင်းဆန်ပါက မည်သို့ စီရင်ပါမည်နည်း"

"ငါ၏လက်တွင်းသို့ ရောက်ရှိလာလျှင် ငါစီမံရာကို နာခံရမည်သာ ဖြစ်သည်။ မနာခံလျှင် ထိုက်သင့်သည့် အပြစ်ဒဏ်ပေးရလိမ့်မည်"



ဘုရင်မင်းမြတ်က ပြန်လည် မိန့်ကြားပိုက်ရာ ဗိုလ်နန္ဒသည် တစ်စုံတစ်ရာ ပြန်မပြောဘဲ အတန်ကြာ တွေဝေနေပြီးမှ ...

'သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့်ခါသာ၊ ဓမ္မတာတည်း' အစချီသော သံဝေဂ လင်္ကာကို သီဆိုတျူးရင့်လိုက်ပြန်သည်။

"တယ် ... ငါဘုရင်ကို မလောက်လေးမလောက်စား ... ဆောင်းလား၊ ချိုတ်လား လုပ်နေပြန်ပြီလား။ လက်စွဲတော် သန်လျက်နဲ့ အပိုင်းပိုင်း ခုတ်ဖြတ်လိုက်ရမလား"

ဘုရင်မင်းမြတ်သည် ဒေါသအမျက်ချောင်းချောင်း ထွက်ကာ သန်လျက်ကို ဖွဲကိုင်လိုက်သည်။

"ဘုရင်မင်းမြတ်၏ အမိန့်ဖြင့် သေရမည့်ဆဲဆဲ ဖြစ်သော ကျွန်တော်မျိုးအဖို့ ဘုရင်မင်းမြတ်၏ လက်စွဲတော် သန်လျက်ကို မဆိုထားဘိ ဘုရင်မင်းမြတ် ကဲ့သို့သော ဘုန်းရှင်–ကံရှင်–ပါရမီရှင်ကိုပင်လျှင် ဆံတစ်ခြည် နှမ်းတစ်လုံးစာမျှ ကြောက်ရွံ့ခြင်း မရှိကြောင်းပါ၊ ဘုရင်မင်းမြတ်၏ သန်လျက်ဖျားတွင် သေရန် အသင့်ပင် ဖြစ်ပါသည်"

ဗိုလ်နန္ဒသည် ဘုရင်မင်းမြတ်၏ သန်လျက်ကို မမှုသော အမူအရာဖြင့် လည်စင်းပေးရင်း မကြောက်မရွံ့ နောက်မတွန့်ဘဲ ပြန်ပြောလိုက်သည်။

ဘုရင်မင်းမြတ်သည် သန်လျက်ကို ပြန်ချထားပြီး ဗိုလ်နန္ဒအား သားမတတ် ဝါးမတတ် စိုက်ကြည့်ရင်း အတန်ကြာ စဉ်းစား၍နေသည်။

"ကောင်းပြီ ... ငါဘုရင်ကို ဆံတစ်ခြည် နှမ်းတစ်လုံးစာမျှ ကြောက်ရွံ့ရမှန်း မသိသော မောင်မင်းအား ငါဘုရင်ကို ကြောက်ရွံ့ ရိုသေအောင် လုပ်ရမည်၊ မောင်မင်း အပေါ်တွင် ချမှတ်ထားသော သေဒဏ်ကို ကျွန်ုပ်ထော်ရုက်အံ့"

www.burmeseclassic.com

www.burmeseclassic.com



"ထွက်ပြီးသော ဆင်စွယ် ဝင်တယ်လို့ မရှိကြောင်းပါ"

"ဆင်ခြေဆင်လက် ထူမနေစမ်းနှင့် ဆုံးအောင် နာခံ၊ မောင်မင်းအား သေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ငါဘုရင်မင်းမြတ်၏ အလိုတော်ကျ အမှုတော် ထမ်းရွက်ရမည်၊ အမိန့်တော် မနာခံလျှင် ငါဘုရင်မင်းမြတ်အား ကြောက်ရွံ့လာသည်အထိ ထောင်သွင်း အကျဉ်းထားကာ အစာငတ် ရေငတ်ထားမည်"

သီဟရာဇာ ဘုရင်မင်းမြတ်သည် ဗိုလ်နန္ဒအား စေ့စေ့ကြည့်ပြီး မိန့်တော်မူလိုက်သည်။

"ဘုရင်မင်းမြတ် အလိုတော်ကျ အမှုတော် ထမ်းရမည် ဆိုခြင်းမှာ မည်သည့်အရာကို ဆိုလိုပါသနည်း"

"စေတုတ္တရာ နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်သော စန္ဒာဒေဝီ ဘုရင်မကို အသေရရ အရှင်ရရ ဖမ်းယူပြီး ငါဘုရင်အား ဆက်သရမည်"

"ဘုရင်မင်းမြတ်၏ လောဘာရမ္မက်မှာ ဤမျှသာ ဖြစ်ပါသလော၊ မဖြစ်လောက်သည့် စေတုတ္တရာ နိုင်ငံတော်ကလေးနှင့် ကျေနပ်နှစ်သိမ့်ပါမည်လော၊ ကမ္ဘာကြီးတစ်ခုလုံးကို သိမ်းယူပြီး ဘုရင်မင်းမြတ်၏ ခြေဖဝါးတော်အောက်အရောက် ဆက်သရမည်ဟု အမိန့်တော် ချမှတ်လျှင် ပိုမကောင်းပါလော ... ဤမျှနှင့် မတင်းတိမ်သေးလျှင် ကောင်းကင်မှ နေဗိမာန် လဗိမာန်ကိုပါ သိမ်းယူပေးဖို့ အမိန့်တော်မြတ် ချမှတ်တော်မူလျှင် သာလွန်၍ မသင့်ပါလော"

ဗိုလ်နန္ဒသည် ဘုရင်မင်းမြတ်အား မထီမဲ့မြင် ပြန်ပြောလိုက်ပေရာ ဘုရင်မင်းမြတ်သည် ဗိုလ်နန္ဒ၏ ရဲရင့်သော စိတ်ဓာတ်ကို အတွင်းကျိတ် ချီးကျူးမိသော်လည်း မိမိအား မလောက်လေးမလောက်စား ပြန်၍ ငေါ့လိုက်သည်ကို မခံမရပ်နိုင်ဖြစ်ကာ ဗိုလ်နန္ဒအား စားတော့ ဝါးတော့မတတ် စိုက်ကြည့်နေပေသည်။

ဗိုလ်နန္ဒမှာလည်း မိမိအား စားမတတ် ဝါးမတတ် ကြည့်နေသော



ဘုရင်မင်းမြတ်အား ကြောက်ရွံ့သည့် အမူအရာ မပြဘဲ ဣန္ဒြေရစွာဖြင့် ပြန်ကြည့်နေပေသည်။

ထိုအခိုက်တွင် လေသာဆောင်ဘက်မှ ခြေသံများ ကြားရပြီး စစ်သူကြီး အဝတ်အစားကို ဝတ်ဆင်ထားသော ခံ့ညားသည့် ပုဂ္ဂိုလ်တစ်ဦးသည် စစ်သည်တော် တစ်ဦးကို ရှေ့ဆောင်ကာ ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ ဝင်ရောက်လာပြီး မနီးမဝေးတွင် ရှိသေစွာ ခ,စားလျက် ရှိပေသည်။

"အလို-စစ်သူကြီး ဗိုလ်ဗလပါလား ... ဘယ်လို အကြောင်းထူးရှိလို့ ငါဘုရင်၏ ရှေ့မှောက်ကို အရေးတကြီး ဝင်ရောက် ခ,စားရသနည်း"

ဘုရင်မင်းမြတ်က စစ်သူကြီးအား လှမ်းပြီး မေးခွန်းထုတ်လိုက်သည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘုရင်မင်းမြတ်၏ နယ်ခြားစစ်တပ်မှ စစ်သည်တော် မောင်ရန်ရှင်းသည် ဘုရင်မင်းမြတ်အား လျှောက်ထား သံတော်ဦးတင်ရန် အကြောင်းကိစ္စ ရှိပါသဖြင့် ယခုကဲ့သို့ အရေးတကြီး အခစား ဝင်ရောက်ရခြင်း ဖြစ်ပါသည် ဘုရား"

"ကဲ ... မောင်ရန်ရှင်း သံတော်ဦး တင်စရာရှိသမျှ ထိမ်ချန်ခြင်းမရှိဘဲ မှန်ရာကို သံတော်ဦးတင်စေ"

ဘုရင်မင်းမြတ်သည် စစ်သူကြီး ဗိုလ်ဗလ၏ နောက်တော်ပါးတွင် ပြားပြားဝပ် ခ,စားလျက်ရှိသော နယ်ခြားစစ်တပ်မှ စစ်သည်တော် မောင်ရန်ရှင်းအား မိန့်ကြားတော်မူလိုက်သည်။

"မှန်လှပါ ဘုန်းတော်ကြောင့် ကျွန်တော်မျိုးကြီး မှန်ရာကို သံတော်ဦးတင်ပါမည်။ ဘုရင်မင်းမြတ် မျက်တော်မူလျှင်လည်း သေရမည့်သူဖြစ်ကြောင်းပါ၊ သနားတော်မူသဖြင့် ချမ်းသာပေးမည် ဆိုလျှင်လည်း အသက်ရှင်၍ နေရမည့်သူ ဖြစ်ကြောင်းပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



စစ်သည်တော် မောင်ရန်ရှင်းသည် ဘုရင်မင်းမြတ်၏ ခြေတော်စုံကို နဖူးဖြင့်တိုက်ကာ ရှိခိုးလျှောက်ထားလေသည်။

"နိဒါန်းပျိုးမနေစမ်းပါနဲ့ မြန်မြန် သံတော်ဦးတင်စမ်း"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘုရင်မင်းမြတ်၏ နယ်ခြားတပ်စခန်းကို စေတုတ္တရာပြည့်ရှင် စန္ဒာဒေဝီ ဘုရင်မ၏ စစ်သည်တော်များ ဝင်ရောက်ဖျက်ဆီး မီးရှို့ပြီး စစ်သူကြီး ဗိုလ်သူရနှင့်တကွ စစ်သည်တော်အားလုံးကို ရက်ရက်စက်စက် သတ်ဖြတ်သွားကြောင်း ရှိခိုးသံတော်ဦးတင်ဝံ့ပါသည် ဘုရား"

စစ်သည်တော် မောင်ရန်ရှင်းက ရှိခိုးသံတော်ဦးတင်လိုက်ရာ ဘုရင်မင်းမြတ်၏ မျက်နှာတော်မှာ သိသိသာသာကြီး ညိုမည်း၍ သွားပေသည်။

"ဖြစ်ပျက်ပုံ အလုံးစုံကို သံတော်ဦးတင်စမ်း"

ဘုရင်မင်းမြတ်က မိန့်တော်မူလိုက်သည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ယမန်နေ့ည သန်းခေါင်ယံအချိန်မှာ စေတုတ္တရာ ဘုရင်မ စန္ဒာဒေဝီ၏ စစ်သည်တော်များသည် ဘုရင်မင်းမြတ်၏ နယ်ခြားစခန်းကို တရကြမ်း ဝင်ရောက်လာကြပြီး စစ်သူကြီး ဗိုလ်သူရကို လက်ရ ဖမ်းဆီးသွားကြောင်းပါ ဘုရား၊ ထို့နောက် နယ်ခြားစခန်းကို မီးရှို့ဖျက်ဆီးပြီး ကျန်စစ်သည်တော်များကို ဝိုင်းဝန်းသတ်ဖြတ်သွားကြပါသည် ဘုရား၊ စစ်သူကြီး ဗိုလ်သူရကိုလည်း တစ်ကိုယ်လုံး အဝတ်အစားချွတ်ပြီး လည်ပင်း ကြိုးကွင်းစွပ်ကာ သစ်ပင်တွင် ဆွဲပြီး သတ်ပစ်ခဲ့ကြောင်းပါ ဘုရား"

"စန္ဒာဒေဝီ ဘုရင်မရဲ့ စစ်သည်တော်များ ဖြစ်သည်ဆိုသည်မှာ အမှန်ပဲလား မောင်မင်း"

"အမှန်ဖြစ်ပါတော့သည် ဘုရား၊ စစ်သည်တော်များ ကိုင်ဆောင်လာသည့် ဒိုင်း-လွှား၊ ကားချပ်များတွင် ပါရှိသည့် အမှတ်အသားအရ



စန္ဒာဒေဝီဘုရင်မ၏ စစ်သည်တော်များ ဖြစ်ကြောင်း အတတ်ပြောနိုင်ကြောင်းပါ ဘုရား"

"ခုလို ငါဘုရင်မင်းမြတ်၏ နယ်ပယ်အတွင်းသို့ ချင်းနင်းဝင်ရောက် စော်ကားတာကို မောင်မင်းတို့ အဘယ်ကြောင့် မခုခံဘဲ အညံ့ခံလိုက်သနည်း"

"ခုခံရန် အချိန်မရကြောင်းပါ ဘုရား၊ ညသန်းခေါင်ယံအချိန်တွင် မှောင်ရိပ်ခိုပြီး ဝိုင်းရံထားပြီးမှ အလစ်တွင် ဝင်စီးနင်း တိုက်ခိုက်ခြင်း ဖြစ်၍ အငိုက်တွင် ခံလိုက်ရခြင်း ဖြစ်ကြောင်းပါ ဘုရား"

"မောင်မင်းကတော့ ဘယ်ပုံဘယ်နည်း လွတ်မြောက်လာသနည်း"

"မှန်လှပါ အားမတန် မာန်လျှော့ ဆိုသည့်စကားအရ လက်နက်ချ အညံ့ခံလိုက်သဖြင့် အသက်ဘေးမှ ချမ်းသာရာ ရခဲ့ခြင်းဖြစ်ကြောင်းပါ ဘုရား"

"သယ် ... ငါကဲ့သို့သော ဘုန်းလက်ရုံးနှင့် ပြည့်စုံတော်မူသော ဘုရင်မင်းမြတ်၏ စစ်သည်တော်တစ်ဦးက သုံးတောင်ဝတ် မိန်းမအုပ်စိုးတဲ့ တိုင်းငယ် ပြည်ငယ်ကလေးက စစ်သည်တော်ကို ဒူးထောက် အညံ့ခံရသလား ရာဇဝင် ရိုင်းလိုက်လေ ရန်ရှင်းရယ်"

ဘုရင်မင်းမြတ်သည် ဒေါနှင့်မောနှင့် ကြိမ်းမောင်းလိုက်သည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် စစ်သည်တော်အင်အားချင်း မမျှညီသာမက အလစ်တွင် ခံလိုက်ရသဖြင့် မလွှဲမရှောင်သာပါသောကြောင့် ကျွန်တော်မျိုး အညံ့ခံလိုက်ရခြင်း ဖြစ်ပါသည် ဘုရား၊ ယခုကဲ့သို့ အညံ့ခံလိုက်သဖြင့်သာ ဘုရင်မင်းမြတ်ထံ အကျိုးအကြောင်း သံတော်ဦးတင်နိုင်ကြောင်းပါ၊ သို့တည်းမဟုတ် ဘုရင်မင်းမြတ် ရွှေနားတော်သို့ ပေါက်ကြားအောင် လျှောက်ထား သံတော်ဦးတင်နိုင်မည့်သူ ရှိမည်မဟုတ်ကြောင်းပါ ဘုရား၊ ကျွန်တော်မျိုးနှင့်အတူ စေတုတ္တရာ

www.burmeseclassic.com



ပြည့်ရှင် စန္ဒာဒေဝီ ဘုရင်မထံမှ သဝဏ်လွှာ တစ်စောင် ပါလာကြောင်း သံတော်ဦးတင်ဝံ့ပါသည် ဘုရား"

စစ်သည်တော် မောင်ရန်ရှင်းသည် ပြောပြောဆိုဆို စန္ဒာဒေဝီ ဘုရင်မထံမှ ပါးလိုက်သော စာသဝဏ်ကို ဘုရင်မင်းမြတ်၏လက်သို့ ပေးအပ်လိုက်ပေသည်။

သီဟရာဇာ ဘုရင်မင်းမြတ်သည် စစ်သည်တော် မောင်ရန်ရှင်း ထံမှ စာသဝဏ်ကို အခေါက်ခေါက် အခါခါ ဖတ်ပြီး မျက်မှောင်ကြုတ် လိုက်၊ လက်သီးဆုပ်လိုက်နှင့် ဖြစ်၍နေပေသည်။

"အမိန့်တော်မှတ်မယ်၊ အမိန့်တော်နာခံ"

ဘုရင်မင်းမြတ်သည် စန္ဒာဒေဝီ ဘုရင်မထံမှ စာသဝဏ်ကို လက်ထဲတွင် ဆုပ်ထားရင်း မိန့်တော်မူလိုက်ရာ စစ်သူကြီး ဗိုလ်ဗလနှင့် စစ်သည်တော် မောင်ရန်ရှင်းတို့သည် ရိုသေစွာ နာခံ၍ နေကြပေသည်။

"သုံးတောင်ဝတ် မိန်းမသား အုပ်ချုပ်သည့် စစ်သည်တော်များကို လက်နက်ချ အညံ့ခံကာ ငါဘုရင်မင်းမြတ်၏ အရှိန်အဝါကို ကျဆင်းအောင် ပြုလုပ်ခဲ့သည့် စစ်သည်တော် ငရန်ရှင်းအား ကျောလေးဆယ်, ရင်လေးဆယ် ကြိမ်ဒဏ်ခတ်ပြီး ထောင်သွင်း အကျဉ်းထားစေ အမိန့်တော်""

ဘုရင်မင်းမြတ် အမိန့်တော် ချမှတ်လိုက်သည်နှင့် တစ်ပြိုင်နက် စစ်သည်တော် မောင်ရန်ရှင်းမှာ တစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ တုန်လှုပ်သွားပေသည်။

စစ်သူကြီး ဗိုလ်ဗလမှာမူကား ဘုရင်မင်းမြတ်၏ အမိန့်တော် အတိုင်း အာဏာသားပါးကွက်များကို ဆင့်ခေါ်ပြီး စစ်သည်တော် မောင်ရန်ရှင်းအား ကြိုးတည်းကာ ဘုရင့် ရှေ့တော်မှောက်မှ ခေါ်ဆောင်သွားပေရာ၊ မောင်ရန်ရှင်းမှာ အရုပ်ကြိုးပြတ် ဖြစ်ကာ တရွတ်, တရွတ်နှင့် ပါသွားပေသည်။



စစ်သူကြီး ဗိုလ်ဗလနှင့် စစ်သည်တော် မောင်ရန်ရှင်းတို့ ထွက်သွားကြပြီးနောက် ဘုရင်မင်းမြတ်သည် သလွန်ပေါ်တွင် ထိုင်ချလိုက်ပြီးလျှင် ညှိုးမည်းသော မျက်နှာဖြင့် အတန်ကြာ စကားမပြောဘဲ စဉ်းစား၍ နေပေသည်။

ပြီးမှ အနီးတွင်ရပ်နေသော ဗိုလ်နန္ဒအား သတိရသကဲ့သို့ ဗိုလ်နန္ဒဘက်သို့ လှမ်းကြည့်လိုက်ပြီး ရှေ့တော်သို့ တိုးခစားရန် အမိန့်ပေးလိုက်သဖြင့် ဗိုလ်နန္ဒသည် ဘုရင်မင်းမြတ်၏ သလွန်အနီးသို့ ချဉ်းကပ်လာပေသည်။

"ငနန္ဒ ... ဟောဒီ သဝဏ်လွှာကို ငါဘုရင် ရွှေနားတော်ကြားအောင် ကျယ်ကျယ်ဖတ်ပြစမ်း ..."

ဘုရင်မင်းမြတ်သည် လက်ထဲတွင် ဆုပ်ကိုင်ထားသည့် သဝဏ်လွှာကို ဗိုလ်နန္ဒလက်သို့ ပေးလိုက်သဖြင့် ဗိုလ်နန္ဒသည် သဝဏ်လွှာကို ဖြန့်ပြီး အောက်ပါအတိုင်း အသံဝါကြီးနှင့် ဖတ်ပြလိုက်သည်။

"ဘုရင်မင်းမြတ် ...

ဘုရင်မင်းမြတ်၏ နယ်ခြားစစ်တပ်မှ စစ်သူကြီး ဗိုလ်သူရသည် လွှန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက ကျွန်ုပ်၏ နယ်ပယ်အတွင်းသို့ ၎င်း၏ နောက်လိုက်နောက်ပါများနှင့်အတူ ကျူးကျော် ဝင်ရောက်လာပြီး အပြစ်မရှိသော လယ်သူမ မသူဇာကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်သူကြီး ဗိုလ်သူရနှင့်တကွ ဘုရင်မင်းမြတ်၏ စစ်သည်တော်များက အဓမ္မဗလက္ကာရ ကျင့်ကြပြီးမှ သတ်ပစ်လိုက်ပါသည်။ မသူဇာ၏ နောက်သို့ တကောက်ကောက် လိုက်လံပြီး သမီးပျောက်သို့ ရှာဖွေသည့် မသူဇာ၏ဖခင် ဘိုးသော်ဒါကိုလည်း စစ်သူကြီး ဗိုလ်သူရ၏ နောက်လိုက်များက ဖမ်းဆီးပြီး မျက်စိ၂ ကွင်းကို ထိုးဖောက်ပစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ ကျွန်ုပ်၏ နယ်ပယ်အတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ အပြစ်မရှိသော လယ်သူမအား အဓမ္မကျင့်ကြံ သတ်ဖြတ်ပစ်ရုံသာမက လယ်သူမ၏ ဖခင်ကိုပါ မျက်လုံးအစုံကို ထိုးဖောက် ဖျက်ဆီးပစ်သည့်အတွက် နောက်နောင်တွင် ဤမတရားမှုမျိုးကို မည်သူမျှ မကျူးလွန်ဝံ့စေရန် အဖို့ငှာ နမူနာပြသောအားဖြင့် ဘုရင်မင်းမြတ်၏ စစ်သူကြီး ဗိုလ်သူရနှင့်တကွ ယေသားအားလုံးကို ကျွန်ုပ်၏ စစ်သည်တော်များက ဝိုင်းဝန်းတိုက်ခိုက် ဖမ်းဆီးသတ်ဖြတ်ပြီး ဘုရင်မင်းမြတ်၏ နယ်ခြား တပ်စခန်းကိုပါ မီးရှို့ဖျက်ဆီးလိုက်ပါပြီ။

ယခုကဲ့သို့ လက်စားချေခြင်းကို ဘုရင်မင်းမြတ် ကျေနပ်တော် မမူပါက စေတုတ္တရာ နိုင်ငံတော်ရှိ ကျွန်ုပ်၏ စစ်သည်တော်များသည် ဘုရင်မင်းမြတ်၏ စစ်သည်တော်များနှင့် ဓားကို ဓားချင်း၊ လှံကို လှံချင်း၊ လေးမြားကို လေးမြားချင်း ယှဉ်ပြိုင်ရန် အသင့်ရှိသည်ကို ဘုရင်မင်းမြတ် သိစေအပ်ပါသည်"

စန္ဒာဒေဝီ

"ဤသဝဏ်လွှာကို မောင်မင်း မည်သို့သဘောရသနည်း"

"မှန်လှပါ ... မတရား ပြုလုပ်သူများကို ဆုံးမသည့် သဘော ဖြစ်ကြောင်းပါ"

"သယ် ဟုတ်ပါရိုးလား ... ငါဘုရင်မင်းမြတ်ကို စစ်ကြေညာလိုက်ခြင်း မဟုတ်ပါလား၊ ဓားကိုဓားနှင့် လှံကို လှံနှင့် လေးမြားကို လေးမြားနှင့် ယှဉ်ပြိုင်ရန် အသင့်ရှိသည် ဆိုသည်ကို မောင်မင်း သတိပြုမိသလော"

"သတိပြုမိကြောင်းပါ ... သို့ရာတွင် ဘုရင်မ၏ သဝဏ်လွှာ ပထမပိုင်းကို လေ့လာတော်မူမည်ဆိုပါက ဘုရင်မင်းမြတ်၏ စစ်သူကြီးနှင့် စစ်သည်တော်များ၏ အပြစ်သာ ဖြစ်သည်မှာ ထင်ရှားကြောင်းပါ၊



ဘုရင်မင်းမြတ်၏ စစ်သူကြီးနှင့် စစ်သည်တော်များက ဘုရင်မ၏ နယ်ပယ်အတွင်းသို့ ကျူးကျော်ဝင်ရောက်ပြီး အပြစ်မရှိသော မိန်းမသားကို နိုင်ထက်စီးနင်း မတရားပြုကျင့်ပြီး သတ်ဖြတ်ရုံသာမက မိန်းမသား၏ ဖခင်ကိုပါ မျက်စိကို ထိုးဖောက်ပစ်သဖြင့် မတရားမှုကို နောက်ထပ် မကျူးလွန်ဝံ့အောင် ဆုံးမခြင်းမျှသာ ဖြစ်ကြောင်းပါ၊ ဘုရင်မင်းမြတ်နှင့် စစ်ခင်းလို၍ မဟုတ်ကြောင်းပါ ..."

"ငါဘုရင်မင်းမြတ်နှင့် စစ်မခင်းလိုလျှင် အဘယ်ကြောင့် ယခုကဲ့သို့ ငါဘုရင်မင်းမြတ်၏ နယ်ပယ်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာပြီး ငါဘုရင်၏ စစ်သူကြီးကို သတ်ဖြတ်ပစ်ရသနည်း"

"ဘုရင့်စစ်သူကြီးမှာ အပြစ်မရှိသော မိန်းမသားကို မတရားပြုကျင့်သဖြင့် အသတ်ခံရခြင်း ဖြစ်ကြောင်းပါ ... စစ်သူကြီး ကျူးလွန်သည့် အပြစ်ကိုလည်း စဉ်းစားသင့်ကြောင်းပါ"

"စစ်သူကြီး သူရက ကျူးလွန်ရိုးမှန်လျှင် ငါဘုရင်မင်းမြတ်ထံ သဝဏ်လွှာပါးပြီး တိုင်ကြားဖို့သာ ရှိသည် မဟုတ်ပါလော၊ ငါဘုရင်မင်းမြတ်ထံ တိုင်ကြားခြင်း မပြုဘဲ ယခုလို သတ်ဖြတ်သွားခြင်းသည် ငါဘုရင်မင်းမြတ်အား မထီမဲ့မြင်ပြုရာ မရောက်ပါလော ... သွေးဆာနေသည့် ဘုရင်မကို ငါဘုရင် လက်စားချေအံ့"

"ဘုရင်မင်းမြတ်၏ စစ်သူကြီး မလိမ္မာမှုကြောင့် ဖြစ်ပွားခဲ့ရသည့် သေးငယ်သောကိစ္စကလေးကို အကြောင်းပြုပြီး ပြည်ထောင်အချင်းချင်း စစ်မက်ဖြစ်ပွားရန် မသင့်ကြောင်းပါ၊ ပြည်ထောင်အချင်းချင်း စစ်မက်ဖြစ်ပွားပါက အပြစ်မရှိသော နိုင်ငံသူ နိုင်ငံသားများ သေကျေ ပျက်စီးရမည်ကို ဆင်ခြင်တော်မူပါ"

"ငါဘုရင်မင်းမြတ်၏ နယ်ပယ်ထဲ ဝင်ရောက်ကျူးကျော်သတ်ဖြတ်ခြင်းကို မဖြစ်စလောက်သော ကိစ္စကလေးဟု ဆိုနိုင်သလော ... ငါဘုရင်မင်းမြတ်အား စော်ကား ရန်စခြင်းပင် ဖြစ်သည်မဟုတ်လော

www.burmeseclassic.com

www.burmeseclassic.com



... မည်သို့ပင်ဖြစ်စေ ငါဘုရင်မင်းမြတ်သည် စန္ဒာဒေဝီ မိန်းမယုတ် စိုးမိုးအုပ်ချုပ်သည့် စေတုတ္တရာ နိုင်ငံတော်ကို လက်နက်ဖြင့်ဖြစ်စေ၊ ဥပါယ်တံမျဉ်ဖြင့်ဖြစ်စေ သိမ်းပိုက်တော်မူရန် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်သည်"

ဘုရင်မင်းမြတ်က စိတ်လိုက်မာန်ပါ မြွက်ဟလိုက်သည်။

"ဘုရင်မင်းမြတ် စိတ်ပိုင်းဖြတ်ပြီး ဖြစ်သည်ဆိုလျှင် ကျွန်တော်မျိုး တားဆီး၍ ရတော့မည် မဟုတ်ပါ၊ သို့ရာတွင် လက်နက်နည်းကို မသုံးမူဘဲ ရာဇပရိယာယ်ဖြင့် နှစ်ပြည့်တစ်ပြည် ရွှေလမ်းဖောက်ဖို့ သင့်သည်ကို သံတော်ဦးတင်ဝံ့ကြောင်းပါ"

"ကောင်းပြီ ... မောင်မင်းသည် ရဲစွမ်းသတ္တိရှိသူ တစ်ယောက်ဟူ၍ ငါဘုရင်မင်းမြတ် ရွေးနှားတော်ကြားဖူးသည်၊ စကားအရာတွင်လည်း လိမ္မာပါးနပ်သူ ဖြစ်သည်ကို ငါဘုရင် ကိုယ်တော်တိုင် သိရပြီး အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော အတတ်ကိုလည်း တစ်ဖက်ကမ်းခတ် တတ်မြောက်လာသည် ဟူ၍လည်း ကျော်ကြားသူဖြစ်သည်၊ သွေးထွက်သံယိုမှုကို မောင်မင်း မလိုလားဟုဆိုလျှင် မောင်မင်းအား တာဝန်ပေးမည်၊ ယနေ့မှစ၍ သုံးလအတွင်း စန္ဒာဒေဝီ မိန်းမယုတ်ကို မောင်မင်း ကြိုက်ရာ နည်းပရိယာယ်ကို အသုံးပြုပြီး လက်ရ ဖမ်းဆီးကာ ငါဘုရင်မင်းမြတ်၏ ခြေဖဝါးအောက် အရောက်ဆက်သရမည် ... အမိန့်တော်"

"အမိန့်တော်က ပြင်းထန်တော်မူလှချည့်လား"

"စောဒကတက်မနေနှင့်၊ ငါဘုရင်၏ အမိန့်တော်အတိုင်း ဆောင်ကြဉ်းရမည်၊ ယနေ့မှ ၃ ရက်လွန်မြောက်သောနေ့တွင် စေတုတ္တရာသို့ မောင်မင်း သွားရောက်ပြီး သုံးလအတွင်း စန္ဒာဒေဝီ မိန်းမယုတ်ကို ဆောင်ကြဉ်းခဲ့ရမည်"

"တစ်ဦးတည်း သွားရောက်ရမည် ဖြစ်ပါသလော"

"မောင်မင်း တစ်ဦးတည်း သွားရောက်ရမည်၊ ရွှေ-ငွေ ရိက္ခာ အပြည့်အစုံ ပေးသနားတော်မူလိုက်မည်"



"မှန်လှပါ ဘုန်းတော်ကြောင့် ကျွန်တော်မျိုးသည် နတ်သိကြားလည်း မဟုတ်၊ စကြာရှင်လည်း မဟုတ်သဖြင့် စန္ဒာဒေဝီ ဘုရင်မအား ကျွန်တော်မျိုး တစ်ယောက်တည်း သွားရောက် ဖမ်းဆီးပြီး ဘုရင်မင်းမြတ်၏ ခြေဖဝါးတော်အောက် အရောက်ဆက်သရမည် ဆိုသည်မှာ မဖြစ်နိုင်ကြောင်းပါ"

"နောက်ထပ် သံတော်ဦးတင်မနေနှင့် ယနေ့မှ၍ သုံးရက်လွန်သောနေ့တွင် စေတုတ္တရာ နိုင်ငံတော်သို့ သွားရောက်ပြီး မောင်မင်း ကိုယ်တိုင် တစ်ဖက်ကမ်းခတ် တတ်မြောက်လာသည့် အဋ္ဌာရသ ပညာရပ်ဖြင့် စန္ဒာဒေဝီ မိန်းမယုတ်ကို ဖမ်းဆီး ဆက်သရမည်။ တစ်ချက်လွှတ် အမိန့်တော်"

"အရှင်လတ်လတ် အလိုရှိပါသလော ... အသေ အလိုရှိပါသလော"

"အရှင်ရရ၊ အသေရရ၊ ငါဘုရင်မင်းမြတ် ခြေဖဝါးတော်အောက် ရောက်လျှင် မောင်မင်း၏ တာဝန်ကျေပွန်ပြီ"

"ဘုရင်မင်းမြတ်၏ အလိုဆန္ဒ ပြည့်ဝစေလိုလျှင် ကျွန်တော်မျိုးထက် ပိုမို၍ သင့်တော်သောသူကို ရွေးချယ်ပြီး စေလွှတ်တော်မူရန် ကျွန်တော်မျိုး ပန်ကြားဝံ့ပါသည်၊ ဘုရင်မင်းမြတ် ပေးအပ်သည့် တာဝန်ကို ကျွန်တော်မျိုး မထမ်းရွက်နိုင်ကြောင်းပါ"

ဗိုလ်နန္ဒသည် ဘုရင်မင်းမြတ်အား ရဲရင့်တည်ကြည်သော မျက်နှာထားဖြင့် ပြန်၍ သံတော်ဦးတင်လိုက်သည်။ ဘုရင်မင်းမြတ်သည် ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံး ရှုစားတော်မူရာမှ လေသာဆောင် ပြတင်းသတ်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

"ငနန္ဒ ဟိုမှာကြည့်စမ်း"

ဘုရင်မင်းမြတ် လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သောအခါ လူထုရှိသတ် ဝိုင်းရံလျက်ရှိသော ကြိုးစင်ပေါ်တွင် လည်ပင်း၌ ကြိုးကွင်း

www.burmeseclassic.com

www.burmeseclassic.com



စွပ်ကာ ကြိုးပေးပြီးသတ်ဖို့ အသင့်ပြင်ဆင်ထားသည့် ဗိုလ်နန္ဒ၏ နောက်လိုက်ငယ်သားများကို မြင်လိုက်သဖြင့် ဗိုလ်နန္ဒ၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားပေသည်။

"ဘုရင်မင်းမြတ်၏ အမိန့်တော်ကို မောင်မင်း မနာခံလျှင် ခုချက်ချင်းပင် မောင်မင်း၏ နောက်လိုက်တပည့် ၉ ဦးအား မောင်မင်း၏ ရှေ့မှောက်တွင် ကြိုးပေးပြီးသတ်ရန် အမိန့်တော်မြတ် ချမှတ်တော်မူမည်၊ ထိုနောက် မောင်မင်းအား နည်းအမျိုးမျိုးဖြင့် ညှဉ်းဆဲပြီးမှ အသေဆိုးနှင့် သေစေမည်"

ဘုရင်မင်းမြတ်၏ အမိန့်သံကို ကြားရသောအခါ ဗိုလ်နန္ဒသည် မိမိသေရမည်ကို မကြောက်သော်လည်း ငယ်သားများ အပေါ်တွင် သနားကရုဏာသက်ကာ စိတ်ထဲတွင် စိတ်မချမ်းမသာ ဖြစ်၍သွားသဖြင့် တစ်စုံတစ်ရာ ပြန်၍ မပြောနိုင်ဘဲ တွေဝေ၍ နေပေသည်။

"ငါဘုရင်မင်းမြတ်၏ အမိန့်တော်အတိုင်း စန္ဒာဒေဝီ မိန်းမယုတ်ကို ငါဘုရင်မင်းမြတ်၏ ခြေဖဝါးတော်အောက် အရောက်ဆက်သနိုင်မည်ဆိုလျှင် ယခုထောင်တွင်းရှိ မောင်မင်း၏ နောက်လိုက်တပည့် မှန်သမျှကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ထိုက်သင့်သည့် ရာထူးများ ပေးသနားတော်မူမည်၊ မောင်မင်းကိုလည်း မောင်မင်း၏ ဖခမည်းတော် ရိုက်ရာဖြစ်သော သုဝဏ္ဏ နိုင်ငံတော်၏ ဘုရင်အဖြစ်သို့ ပြန်လည် ရောက်ရှိအောင် ငါဘုရင် ကူညီတော်မူမည်၊ ဤနှစ်လမ်းအနက် ကြိုက်ရာလမ်းကို မောင်မင်း ရွေးပေတော့"

ဘုရင်မင်းမြတ်၏ စကားကို ကြားရသောအခါ ဗိုလ်နန္ဒသည် တွေဝေပြီး စဉ်းစားနေရာမှ ဘုရင်မင်းမြတ်၏ မျက်နှာတော်ကို စေ့စေ့ကြည့်လိုက်သည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘုရင်မင်းမြတ်၏ အမိန့်တော်ကို နာခံပြီး စန္ဒာဒေဝီ ဘုရင်မအား ဖမ်းဆီးရန် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ပါလျက် အောင်မြင်ခြင်းမရှိပါမူ ဘုရင်မင်းမြတ် မည်သို့ အမိန့်တော်မြတ် ချပါမည်နည်း"



"သုံးလအတွင်း စန္ဒာဒေဝီ မိန်းမယုတ်ကို မဆက်သနိုင်လျှင် မောင်မင်းအား သေဒဏ်အပြစ်ပေးမည်"

"ဘုရင်မြတ် စေခိုင်းတော်မူသည့်အတိုင်း မအောင်မြင်ခဲ့ပါလျှင် ကျွန်တော်မျိုးသည် ကျွန်တော်မျိုး၏ ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ် ကြိုက်သလို စီရင်ရန် လာရောက် အပ်နှံပါမည်၊ ထိုသို့အပ်နှံသည်ကို ထောက်ထားကာ ကျွန်တော်မျိုး၏ နောက်လိုက် ၉ ဦးအား အသက်ဘေးမှ ချမ်းသာခွင့် ပေးစေလိုကြောင်း သံတော်ဦးတင်ဝံ့ပါသည်"

"ကောင်းပြီ၊ မောင်မင်းကိုယ်ကို မောင်မင်း ပေးအပ်မည်ဆိုလျှင် မောင်မင်း၏ နောက်လိုက် ၉ ဦးကို ချမ်းသာခွင့် ပေးတော်မူမည်"

"အကယ်တန္တု ကျွန်တော်မျိုးသည် ဘုရင်မင်းမြတ်၏ အမှုတော်ကို ထမ်းရင်း မတော်တဆ ထိခိုက်သေဆုံးသွားပါက ဤလူ ၉ ဦး အပေါ်တွင် ဘုရင်မင်းမြတ် မည်သို့စီရင်ချက်ချပါမည်နည်း"

"ငါဘုရင်၏ အမှုတော်ထမ်းရင်း မောင်မင်း ကျဆုံးရသည်ဆိုလျှင် မောင်မင်း၏ နောက်လိုက်တပည့် ၉ ဦးစလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်"

"ကောင်းလှပါပြီ၊ ဤအတိုင်း မှန်ပါက ဘုရင်မင်းမြတ် အမိန့်တော်မြတ် ချမှတ်သည့်အတိုင်း ဆောင်ရွက်ပါမည်"

ဗိုလ်နန္ဒသည် ကြိုးစင်ပေါ်တွင် ညှိုးငယ်စွာဖြင့် သေရမည့်အချိန်ကို စောင့်မျှော်နေသူ ၉ ဦးအတွက် မိမိအသက်နှင့် လဲပြီး ဆောင်ရွက်ရန် ဆုံးဖြတ်ချက် ချမှတ်လိုက်သည့်အတိုင်း ဘုရင်မင်းမြတ်၏ အလိုတော်ရ သံတော်ဦးတင်လိုက်ရာ ဘုရင်မင်းမြတ်မှာ ဖရဏာပီတိ ပွင့်ဆီထိသလို ရွှင်လန်းအားရ ဖြစ်သွားပေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၂

အသက် ၂၀ အရွယ်ခန့်ရှိ လူငယ်တစ်ဦးသည် အုန်းခွံရောင် မြင်းကြီးကို စီးလျက် တောနက်ထဲသို့ တစ်ကိုယ်တည်း ဝင်၍လာသည်ကို တွေ့ရပေသည်။

ထိုလူငယ် ဝတ်စားထားသည့် အဝတ်အစားများကို လည်းကောင်း၊ ထိုလူငယ်စီးသည့် မြင်းကြီးကို လည်းကောင်း ကြည့်ရှုရခြင်းအားဖြင့် ထိုလူငယ်သည် သာမန်အရပ်သား မဟုတ်၊ မင်းညီမင်းသား၊ သို့မဟုတ် မှူးကြီးမတ်ရာ သေနာပတိ တစ်ဦးဦး၏ သားဖြစ်ရမည်ဟု ခန့်မှန်းနိုင်ပေသည်။

ခါးတွင် ချိတ်ထားသည့် ကျောက်စီဓားကြီးမှာ သစ်ပင်ရိပ်များမှ ထိုးဖောက်ဝင်ရောက်လာသည့် နေပြောက်များနှင့် ထိတွေ့သည့်အခါတွင် တဝင်းဝင်းတလက်လက် ဖြစ်၍နေသည်ကို ခပ်လှမ်းလှမ်းမှပင် မြင်နိုင်ပေသည်။

နောက်လိုက်နောက်ပါ ခြွေရံသင်းပင်း ဟူ၍ တစ်ယောက်မျှမပါဘဲ တစ်ကိုယ်တည်း မြင်းတစ်စီးနှင့် တောနက်ထဲသို့ ဝင်လာသည်ကို ထောက်ရှုခြင်းအားဖြင့် တောကစားထွက်လာခြင်း မဟုတ်ဘဲ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့်သာ ယခုကဲ့သို့ အဖော်မပါ တစ်ကိုယ်တည်း ထွက်လာခဲ့ခြင်း ဖြစ်သည်ဟု ခန့်မှန်းရပေသည်။

ထိုသူငယ်၏ မျက်နှာမှာ ညှိုးငယ်လျက် ရှိသည်သာမက ရံဖန်



ရံခါ အံကြိတ်လိုက်သည်ကို လည်းကောင်း၊ ကျောက်စီဓားကြီးကို ဆွဲထုတ်လိုက်ပြီး တစ်ဖန် ပြန်သွင်းလိုက်သည်ကို လည်းကောင်း တွေ့မြင်ရပေသည်။

သစ်ပင်များ ထူထပ်သည့်နေရာသို့ ရောက်ရှိလာသောအခါ အဆိုပါ လူငယ်သည် မိမိစီးနင်းလာသည့် မြင်းဇက်ကြိုးကို ဆွဲလိုက်ပြီး သစ်ပင်ရိပ်တွင် ရပ်တန့်ကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်ပေသည်။

"ငါ့သားကြီး ... ငါ့သားကြီး ... ငါနဲ့ ဒီနေရာကပဲ လမ်းခွဲကြစို့၊ မင်းသခင်မ ရှိရာကို မင်းဆိုက်ဆိုက်မြိုက်မြိုက်သွားပြီး မင်းရဲ့ သခင်ကြောင့်ဖြင့် လူ့ပြည်မှာ မရှိတော့ဘူးဆိုတာ သံတော်ဦး တင်ရစ်ပေတော့"

ထိုသူငယ်သည် အုန်းခွံရောင် မြင်းကြီး၏ လည်ဆံမွေးများကို ပွတ်သပ်ရင်း ပါးစပ်မှ တတွတ်တွတ်နှင့် ပြောဆိုနေပေရာ ... မြင်းကြီးမှာလည်း လူစကား နားလည်ဘိသည့်အလား နားရွက်နှစ်ဖက်ကိုထောင်၍ နားထောင်၍နေပေသည်။

ထိုအခိုက်တွင် မလှမ်းမကမ်းမှ တဖြည်းဖြည်းလာနေသည့် မြင်းခွာသံများကို ကြားရသဖြင့် မြင်းခွာသံ ကြားရာသို့ ကြည့်လိုက်ရာ သန်မာထွားကျိုင်းပြီး ယောကျ်ားကောင်းတို့၏ အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော လူတစ်ယောက်သည် ဖောင်းဝတ်ရောင် မြင်းကိုစီးလျက် ထိုလူငယ်ရှိရာသို့ လာနေသည်ကို တွေ့ရသဖြင့် ထိုလူငယ်သည် ငေးစိုက်ပြီး ကြည့်နေမိသည်။

"အကြည်တော် ... ကျန်းခံ့သာလို့မာရဲ့နော်"

ဖောင်းဝတ်ရောင် မြင်းကို စီးလာသူက သစ်ပင်ရိပ်အောက်ရှိ လူငယ်အား လှမ်းပြီး နှုတ်ဆက်လိုက်သည်။

"အကြည်တော် ... ကျွန်ုပ်အား ယခုလို နှုတ်ဆက်သည်ကို ကျေးဇူးတင်ပါသည်။ သို့ရာတွင် ကျွန်ုပ်သည် မကြာမီ ကျွန်ုပ်၏ လက်သုံးတော်

www.burmeseclassic.com

www.burmeseclassic.com



ရွှေအားနှင့် ကျွန်ုပ်၏ ဘဝကို ကျွန်ုပ် အဆုံးစီရင်တော့မည်ဖြစ်၍ ကျန်းခံ့သာ၍ မာဖို့မလိုတော့ပါ"

အုန်းခွံရောင် မြင်းကြီး၏ လည်ဆံမွေးများကို ပွတ်သပ်ပေးနေသော လူငယ်က လက်သုံးတော် ကျောက်စီဓားကို ဆွဲထုတ်ရင်း အဖြေပေးလိုက်သည်။

"အကြည်တော် အကြည်တော်သည် အသက်အရွယ်အားဖြင့် နုနယ်သူ တစ်ဦးဖြစ်၍ လူ့ပြည်တွင် နေပျော်သူတစ်ဦး ဖြစ်ပါလျက် ဘယ်အတွက် အကြည်တော်၏ ဘဝကို အဆုံးစီရင်ရန် အားထုတ်လိုပါသနည်း၊ အကြည်တော်ထက် မိုက်မဲသောသူသည် ဤကမ္ဘာလောကတွင် ရှိမည်မထင်၊ လူ့ဘဝသည် ရတောင့် ရခဲလှစွာ၏၊ ရခဲသည့် လူ့ဘဝကို စွန့်လွှတ်လိုသူသည် လူမိုက် သို့မဟုတ် အရူးသာ ဖြစ်သည်"

မောင်းဝတ်ရောင် မြင်းကြီးကိုစီးလာသော ဗိုလ်နန္ဒအမည်ခံ မောင်ရှုပကာ ပြန်မေးလိုက်သည်။

"သယ် ... ငါကဲ့သို့သော မဟာဆီ မဟာနွယ်ကို အရူးနှင့် နှိုင်းရသလော"

အုန်းခွံရောင်မြင်းနှင့် လူငယ်က ဒေါနှင့်မောနှင့် ပြန်ပြောလိုက်သည်။

"မဟာဆီ မဟာသွေး ဆိုသည်မှာ ပညတ်စကားမျှသာ ဖြစ်ပါသည်။ မဟာဆီ မဟာသွေးသည်လည်း ရုပ်တရား နာမ်တရား ခန္ဓာငါးပါး အစုအဝေးသာ ဖြစ်ပါသည်၊ အရူးမှာလည်း ခန္ဓာငါးပါး အစုအဝေး ဖြစ်သဖြင့် အရူးနှင့်ပုံနှိုင်းခြင်းကို စိတ်မဆိုးသင့်ပါ၊ တစ်ဖန်တုံလည်း အရူးပင်လျှင် မိမိအသက်ကို ချစ်မြတ်နိုးပါသည်။ အကြည်တော်သည် အကြည်တော်၏ အသက်ကိုပင် နှမြောစုံမက်ခြင်းမရှိဘဲ မိမိကိုယ်ကိုယ်မိမိ လုပ်ကြံရန် ကြံစည်နေသူ ဖြစ်၍ အရူးလောက်ပင် စဉ်းစားဉာဏ်မရှိသူ ဖြစ်နေသည်ကို ပြန်လည်စဉ်းစား သတိထားပါဦး"



ဗိုလ်နန္ဒက ထိုလူငယ်အား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ပြောလိုက်သည်။

သူငယ်သည် မိမိအား ယခုကဲ့သို့ ရဲရင့်တည်ကြည်စွာဖြင့် ပြန်၍ပြောလိုက်သည့် စကားများကို ကြားရသောအခါ ဗိုလ်နန္ဒအား အလိုလိုကြည်ညိုစိတ်များ ဝင်စား၍လာပေသည်။

"အကြည်တော်သည် မည်သူမည်ဝါဖြစ်သနည်း၊ ကျွန်ုပ်သိလို၍ မေးသည်ကို ဖြေဆိုပါလော့"

လူငယ်က ဗိုလ်နန္ဒအား စေ့စေ့ကြည့်ရင်း မေးခွန်းထုတ်လိုက်သည်။

"အကြည်တော် ... ကျွန်ုပ်၏ အမည်ရင်းကား မောင်ရှုပပင်တည်း၊ သို့သော် ကျွန်ုပ်အား ဗိုလ်နန္ဒ ဟူ၍ လူသိများပေသည်"

"အကြည်တော်၏ အမည်နာမကို သိရပေပြီ၊ အကြည်တော်သည် ပျော်သည့်ကိုစွန့်နှင့် ဤတောနက်ထဲသို့ တစ်ကိုယ်တည်း လာခဲ့ရသနည်း"

လူငယ်က ပြန်ပြီး မေးလိုက်ပြန်သည်။

"ကျွန်ုပ်သည် ကံတရားတည်းဟူသော ရေယဉ်ကြောတွင် မျောနေသော ဗေဒါတစ်ပင်မျှသာ ဖြစ်ပါသည်။ လေယူရာသို့ လွင့်ပါနေသည့် သစ်ရွက်ခြောက်နှင့်လည်း တူပါသည်။ ကျွန်ုပ်၏ အနာဂတ်ကို ကျွန်ုပ် မသိနိုင်၊ ကံစီမံသည့်အတိုင်း ဖြစ်ရမည်ဟု ယုံကြည်သူဖြစ်သည်။ အကြည်တော်ကား အသူနည်း၊ ကျွန်ုပ် အကဲခတ်မိသလောက် ပြောရမည်ဆိုလျှင် အကြည်တော်သည် ဧတုတ္တရာ နိုင်ငံတော်မှ စန္ဒာဒေဝီ [illegible] အပါးတော်တွင် ခစားသည့် မင်းမှုထမ်းတစ်ဦး ဖြစ်ရမည်ဟု ကျွန်ုပ် ပြောနိုင်ပါသည်"

ဗိုလ်နန္ဒသည် လူငယ်အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်သည် စေတုတ္တရာ နိုင်ငံတော် ဘုရင်မ၏ အပါးတွင် ခ,စားသူ ဖြစ်ကြောင်း အကြည်တော် မည်သို့မည်ပုံ သိနိုင်သနည်း"

လူငယ်သည် အံ့အားသင့်သောအမူအရာဖြင့် ပြန်ပြောလိုက်သည်။

"အကြည်တော်၏ လက်သုံးတော်ဓားနှင့် ဒိုင်းလွှားတွင် ပါရှိသော တံဆိပ်တော်များကို လည်းကောင်း၊ အကြည်တော် စီးလာသည့် မြင်း၏ ကကြိုးတန်ဆာများကို ကြည့်ခြင်းအားဖြင့် လည်းကောင်း ... အကြည်တော်သည် စန္ဒာဒေဝီ ဘုရင်မအပါးတွင် ခ,စားရသည့် မင်းမှုထမ်း တစ်ဦးဖြစ်ကြောင်း ကျွန်ုပ် အတတ်ပြောနိုင်ခြင်း ဖြစ်ပါသည်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ ထိုအခါကျမှ လူငယ်သည် မိမိ၏ လက်သုံးတော်ဓားနှင့် လက်တစ်ဖက်တွင် ကိုင်ထားသည့် ဒိုင်းကို ပြန်၍ ကြည့်လိုက်မိပေသည်။

"အကြည်တော် လူကဲခတ်တော်သူ ဖြစ်သည်၊ အကြည်တော် ပြောလိုက်သည့် စကားများမှာလည်း အနှစ်သာရနှင့် ပြည့်စုံလှပေသည်"

လူငယ်က ဗိုလ်နန္ဒအား ကြည်ညိုလေးစားသည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

"အကြည်တော်မှာမူကား ငယ်ငယ်ရွယ်ရွယ်နှင့် မိုက်တွင်းနက်သူ ဖြစ်သည်။ အချစ်အတွက် အသက်အသေခံသူများလောက် မိုက်တွင်း နက်သူသည် လောကတွင်မရှိ"

ဗိုလ်နန္ဒသည် လူငယ်အား စေ့စေ့ကြည့်ပြီး ပြောလိုက်ရာ လူငယ် သည် ဗိုလ်နန္ဒကို ကြည့်ပြီး အံ့အားသင့်သည်ထက် အံ့အားသင့်သွားပေ သည်။

"ကျွန်ုပ်သည် အချစ်အတွက် အသက်ကိုစွန့်ရန် ကြံနေသူ ဖြစ် ကြောင်း အကြည်တော် မည်သို့မည်ပုံ သိနိုင်သနည်း"

လူငယ်က အံ့သြသော အမူအရာဖြင့် ဗိုလ်နန္ဒအား ပြန်မေးလိုက် သည်။



"ကျွန်ုပ်၏ နားနှင့်မျက်စိကို ဖွင့်ထားသဖြင့် အကြည်တော်၏ အကြံအစည်ကို သိခြင်းဖြစ်ပါသည်။ ခပ်စောစောက အကြည်တော်သည် အကြည်တော့်မြင်း၏ လည်ဆံမွေးကို ပွတ်သပ်ပေးရင်း (မင်းသခင်မ မိုးများကို ဆိုက်ဆိုက်မြိုက်မြိုက်သွားပြီး မင်းရဲ့သခင် လူ့ပြည်မှာ မရှိတော့ ဘူးလို့ သံတော်ဦးတင်ရစ်ပေတော့) ဟူ၍ အကြည်တော် ပြောလိုက် သည့် စကားများကို ကျွန်ုပ် ကြားရသဖြင့် အကြည်တော်၏ အကြံအစည် ကို သိရှိခြင်းဖြစ်ပါသည်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်မှ လူငယ်သည် စောစောက မိမိပါးစပ် မှ ထွက်သွားသည့် စကားများကို ပြန်လည်၍ စဉ်းစားမိပြီး မိမိ၏ အကြံ အစည်ကို လူသိသွားပြီဆိုပြီး မျက်နှာမထားတတ်အောင် ဖြစ်၍သွားပေ သည်။

"အကြည်တော် အကြည်တော်သည် ငယ်ရွယ်သူ တစ်ဦးမျှသာ ဖြစ်၍ အချစ်အတွက် စိတ်လိုက်မာန်ပါ ပြုလုပ်မိပါက ဘဝသံသရာ တွင် အဖန်ငါးရာ ငါးကမ္ဘာ ခံရမည်ကို သတိပြု ဆင်ခြင်ပါလော့ ..."

ဗိုလ်နန္ဒသည် ခေါင်းငုံ့ပြီး စဉ်းစားနေသော လူငယ်အား တရား ပြလိုက်သည်။

"ကျွန်ုပ်သည် အဖန်ငါးရာ ငါးကမ္ဘာကိုလည်း မကြောက်နိုင်၊ ဤဘဝကိုလည်း ရင်ဆိုင်ရန် မဝံ့သဖြင့် ယခုကဲ့သို့ ကြံစည်ခြင်း ဖြစ်ပါ သည်"

"ဘဝကို ရင်မဆိုင်ရဲသူသည် သတ္တိနည်းသူသာ ဖြစ်သည်၊ သတ္တိ ရှိသူသည် ဘဝကို ရင်ဆိုင်ရဲသူသာ ဖြစ်သည်၊ ဘဝကို အရှုံးပေးသူသည် လောကတွင် လည်းကောင်း ... သံသရာတွင် လည်းကောင်း မကြီးပွား နိုင် ..."

"ကျွန်ုပ်၏ဘဝသည် ဆိုးရွားလှသည့်ဘဝ ဖြစ်သည်ကို အကြည် တော် မသိသဖြင့် ယခုလို ပြောဆိုနေခြင်း ဖြစ်သည်"

www.burmeseclassic.com

www.burmeseclassic.com



"အကြည်တော်၏ ဘဝကို ကျွန်ုပ် သိလိုသည့်စိတ်လည်းမရှိ၊ ဘဝကို အရှုံးပေးသော လူမိုက်နှင့်လည်း ကျွန်ုပ် ဆက်လက်ပြီး စကားမပြောလို ... ကျွန်ုပ်၏လမ်းကို ကျွန်ုပ် ဆက်၍သွားတော့အံ့ ... အကြည်တော်လည်း အကြည်တော်၏ လမ်းစဉ်အတိုင်း ဘဝကို အရှုံးပေးကာ နေရစ်ခဲ့ပေတော့"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို လူငယ်အနီးမှ ထွက်ခွာရန် ဇက်ကြိုးကို အသာကိုင်လိုက်သည်။

"အကြည်တော် ... ခေတ္တရပ်နားပါဦးလော့ ... ကျွန်ုပ်သည် ဘဝကို အရှုံးပေးသည်မှာ အကြောင်းမဲ့သက်သက် မဟုတ်၊ ကျွန်ုပ်သည် ဘုရင်မက မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်နိုင်မည် မဟုတ်သည့် ပြစ်မှုတစ်ခု ကျူးလွန်ခဲ့မိသဖြင့် ကျွန်ုပ်၏ချစ်သူကို စွန့်ပြီး ကျွန်ုပ်၏ဘဝကို ကျွန်ုပ်အဆုံးစီရင်ရန် အားထုတ်နေခြင်းသာ ဖြစ်ပါသည်၊ ကျွန်ုပ်၏ဘဝကို ကျွန်ုပ် အဆုံးမစီရင်လျှင်လည်း ဘုရင်မ၏ အမိန့်နှင့် အသက်ဆုံးရှုံးရမည်မှာ သေချာသဖြင့် ယခုလို ကြံစည်အားထုတ်ခြင်း ဖြစ်သည်ကို အကြည်တော် သိစေလိုပါသည်"

လူငယ်က ဗိုလ်နန္ဒအား ရှင်းပြလိုက်သည်။

"အကြည်တော် ကျူးလွန်ခဲ့သည့် ပြစ်မှုကား အဘယ်ပြစ်မှုမျိုး ဖြစ်သနည်း"

ဗိုလ်နန္ဒက ပြန်၍ မေးခွန်းထုတ်လိုက်သည်။

"ကျွန်ုပ်သည် စန္ဒာဒေဝီ ဘုရင်မ၏ အပါးတော်တွင် ခစားရသည့် ကိုယ်ရံတော် ဗိုလ်မှူးကလေး မောင်သုတ ဖြစ်ပါသည်၊ ကျွန်ုပ်၏ ခမည်းတော်မှာ ပညာဗလ အမတ်ကြီး ဖြစ်၍ စန္ဒာဒေဝီ ဘုရင်မ၏ ခမည်းတော် သက်တော်ထင်ရှားရှိစဉ်က အပါးတော်တွင် ခစားခဲ့ရသည့် အတွင်းဝန်ကြီး တစ်ပါးဖြစ်ပါသည်၊ လွန်ခဲ့သည့် သုံးရက်ခန့်က ကျွန်ုပ်သည် ဘုရင်မ၏ နန်းဦးကျောင်းမှ ဘုန်းတော်ကြီး ဦးကိတ္တိအား ည



သန်းခေါင်အချိန်တွင် ဘုရင်မ၏ စံနန်းတော်အနီးတွင် တွေ့သဖြင့် ရန်သူထင်မှတ်ပြီး ကျွန်ုပ်၏ လက်သုံးတော်ဓားဖြင့် ခုတ်သတ်ပစ်ခဲ့မိပါသည်"

လူငယ်သည် မိမိ၏ဘဝကို ဇာတ်ကြောင်းပြန်ရန် နိဒါန်းပျိုးလိုက်သည်။

"ဘုန်းတော်ကြီးမှန်ပါလျက် ညအချိန်မတော် ဘုရင်မ၏ အဆောင်တော် အနီးသို့ အဘယ်ကြောင့် လာရသနည်း"

"သမထဝိပဿနာ တရားအားထုတ်ရန် ကြွရောက်တော်မူလာခြင်း ဖြစ်ဟန်တူပါသည်"

"သမထဝိပဿနာ တရားအားထုတ်ရန် ဘုရင်မ၏ အဆောင်တော် အနီးသို့ ညဉ့်နက်သန်းခေါင်အချိန်တွင် လာရန်အကြောင်းမရှိပါ၊ အခြားရည်ရွယ်ချက် ရှိသဖြင့်သာ လာရောက်ခြင်း ဖြစ်ရပါမည်၊ အကြည်တော်နှင့် မည်သို့မည်ပုံ တွေ့ဆုံကြပါသနည်း"

"ကျွန်ုပ် ဘုရင်မ၏ အဆောင်တော်အနီးတွင် အိပ်ဖန်တော်ဆောင့်နေခိုက်၊ သစ်ပင်ရိပ်အောက်တွင် လူရိပ်လိုလို မြင်လိုက်သဖြင့် နောက်ယောင်ခံ၍ လိုက်သွားပြီး မည်သူမည်ဝါဖြစ်သည်ကို သိလိုသဖြင့် ...ဦးမေးလိုက်ရာ တစ်စုံတစ်ရာ အဖြေမပေးဘဲ ကျွန်ုပ်ကို ရန်မူမည့်အသား ကျွန်ုပ်ရှိရာသို့ ပြေးလာသဖြင့် ကျွန်ုပ်၏ လက်သုံးတော်ဓားနှင့် ...ချိုး တအား လွှဲခုတ်လိုက်မိခြင်း ဖြစ်ပါသည်"

"ဤအတိုင်းမှန်လျှင် အကြည်တော်တွင် အပြစ်လုံးဝမရှိပါ၊ ဘုန်းတော်ကြီး အပြစ်သာ ဖြစ်ပါသည်၊ အကြည်တော်သည် ဘုရင်မ၏ အဆောင်တော်ကို အိပ်ဖန်စောင့်ရန် တာဝန်ရှိသည် မဟုတ်ပါလော"

"အိပ်ဖန်စောင့်ရန် ကျွန်ုပ်တွင် တာဝန်မရှိပါ၊ သို့ပါသော် ကျွန်ုပ် ...ချစ်သူသည် ဘုရင်မ၏ အပါးတော်တွင် အမြဲမပြတ် ခစားရသည့် ...တွင်းသူ အပျိုတော် မယ်သစ္စာ ဖြစ်ပါသည်၊ ကျွန်ုပ်၏ ချစ်သူနှင့် ...တွေ့ရလိုရငြား အပင်ပန်းခံပြီး အိပ်ဖန်စောင့်နေခြင်း ဖြစ်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ပါးလည်း လွန်ခဲ့သည့် တစ်လခန့်က အကာလ ညအခါတွင် ဘုရင်မ၏ အဆောင်တော်ကို ထူးဆန်းစွာ မီးစွဲလောင်ခဲ့ဖူးသဖြင့် ဘုရင်မ အတွက်ရော ချစ်သူအတွက်ပါ စိုးရိမ်မကင်း ဖြစ်ကာ ညစဉ်ညတိုင်း ဘုရင်မ အဆောင်တော် အနီးတွင် အလှည့်ကျ အိပ်ဖန်စောင့်နေကြရခြင်း ဖြစ်ပါသည်"

"ဘုရင်မ၏ အဆောင်တော်ကို မည်သည့်အတွက် မီးစွဲလောင်သနည်း၊ မည်သူ၏လက်ချက် ဖြစ်သနည်း"

"မည်သို့မည်ပုံ မီးစွဲလောင်သည်ကို မည်သူမှ တပ်အပ်သေချာ မပြောနိုင်ပါ၊ သို့ရာတွင် မီးစွဲလောင်သည့် ညက ဘုရင်မ၏ အဆောင်တော်အနီးရှိ ဥယျာဉ်တော်ထဲတွင် လူရိပ်သဏ္ဍာန်ကို မြင်မိကြောင်းဖြင့် ကျွန်ုပ်၏ချစ်သူ မယ်သစ္စာက ကျိန်တွယ်ပြီး ပြောပါသည်။ သို့ပါသော် ဘုရင်မသည် မယ်သစ္စာ၏ စကားကို ယုံကြည်တော်မမူဘဲ မယ်သစ္စာကိုပင် ကြောက်အားပိုရမည်လောဟု အပြစ်တော် တင်ပါသေးသည်၊ ထိုအချိန်မှ အစပြု၍ ကျွန်ုပ်သည် ဘုရင်မ အဆောင်တော်အနီးတွင် ညစဉ်ညတိုင်း အိပ်ဖန်စောင့်၍ နေခြင်းဖြစ်ပါသည်။ တစ်ညတွင် မယ်သစ္စာ ညွှန်ပြခဲ့သည့် ဥယျာဉ်တော်ထဲတွင် လူရိပ်သဏ္ဍာန်တစ်ခု မြင်လိုက်ရသဖြင့် ကျွန်ုပ်သည် တိတ်တဆိတ် ချောင်းမြောင်းပြီး ကြည့်နေစဉ် ထိုသဏ္ဍာန်သည် ဘုရင်မ၏ အဆောင်ဘက်သို့ မှောင်ရိပ်ခိုပြီး ဝင်သွားသည်ကို မြင်လိုက်ပါသည်။ ကျွန်ုပ်လည်း ထိုလူရိပ် သဏ္ဍာန်၏ နောက်မှ နောက်ယောင်ခံကာ လိုက်သွားပြီး အနီးသို့ ရောက်သောအခါ ထိုသဏ္ဍာန်အား မည်သူမည်ဝါဖြစ်သည်ကို သိလို၍ မေးကြည့်ရာ တစ်စုံတစ်ရာ ပြန်မပြောဘဲ ကျွန်ုပ်ကို ရန်မူမည့်အလား ကျွန်ုပ်ရှိရာကို ပြေးလာသဖြင့် လက်စွဲတော်ဓားဖြင့် ခုတ်ပိုင်းလိုက်ခြင်း ဖြစ်ပါသည်၊ ထိုသို့ ခုတ်ပိုင်းပြီးသည့်နောက်မှ ဘုန်းတော်ကြီး ဦးကိတ္တိ ဖြစ်နေသည်ကို သိ



ရသဖြင့် ကျွန်ုပ်သည် ကြီးလေးသောပြစ်မှု ကျူးလွန်မိပြီ ဖြစ်၍ နန်းတွင်း၌ မနေဝံ့တော့ဘဲ ညတွင်းချင်း မြင်းစီးထွက်လာခဲ့ခြင်း ဖြစ်ပါသည်"

"အကြည်တော် ပြောသည့်အတိုင်း မှန်ကန်လျှင် အကြည်တော်တွင် လုံးဝအပြစ်မရှိပါ၊ ဘုန်းတော်ကြီး ဖြစ်ပါလျက် မည်သည့်အတွက် ညဉ့်နက်သန်းခေါင် ဘုရင်မ အဆောင်တော်သို့ လာရသနည်း"

"ဘုရင်မ အဆောင်တော် အနီးတွင် ကမ္မဋ္ဌာန်းထိုင်သော အုတ်ဂူလေးတစ်ခု ရှိပါသည်၊ ထိုအုတ်ဂူတွင် ကမ္မဋ္ဌာန်းထိုင်ရန် ကြွလာခြင်း ဖြစ်သည်ဟု ယူဆဖွယ်ရာ ရှိပါသည်"

"ကမ္မဋ္ဌာန်းထိုင်ရန် အလို့ငှာ ကြွလာသည် ဆိုခြင်းမှာ မဖြစ်နိုင်၊ ကမ္မဋ္ဌာန်းထိုင်ရန် ကြွလာခြင်း ဖြစ်သည်ဆိုလျှင် မှောင်ရိပ်ခိုပြီး ခိုးကြောင်ခိုးဝှက် လာစရာမရှိပါ၊ အခြားကိစ္စ အကြောင်းတစ်ခုခုရှိရမည်မှာ အမှန်ပင်ဖြစ်သည်၊ ထိုမှတစ်ပါးလည်း အကြည်တော်က လှမ်းပြီး မေးမြန်းသောအခါ တစ်စုံတစ်ရာ ပြန်၍ အဖြေမပေးဘဲ အကြည်တော်ထံ ပြေးလာသည်ဆိုခြင်းကို ထောက်ရှုခြင်းအားဖြင့် ရိုးသားသော အကြံအစည်ဖြင့် လာရောက်ခြင်း မဟုတ်သည်မှာ ပို၍ထင်ရှားနေသည်၊ ဘုန်းတော်ကြီး ဦးကိတ္တိ၏ အတိတ်ရာဇဝင်ကို အကြည်တော် သိသလောက် ပြောပြစမ်းပါ"

ဗိုလ်နန္ဒက ဗိုလ်မှူးကလေး မောင်သုတအား ပြန်၍ မေးလိုက်သည်။

"ဘုန်းတော်ကြီး ဦးကိတ္တိ၏ အတိတ်ရာဇဝင်ကို ကျွန်ုပ် ကောင်းကောင်း မသိပါ၊ ကျွန်ုပ်သိသလောက်ဆိုလျှင် ဘုရင်မ၏ အတွင်းဝန်တစ်ပါးဖြစ်သော ရန်အောင် မြို့စားကြီး ပင့်ဆောင်လာသည့် ဆရာတော်ဖြစ်သည် ဟူ၍ ကြားဖူးပါသည်"

"မည်သည့်အရပ်မှ ပင့်ဆောင်လာသည်ကို အကြည်တော် သိပါသလော"

www.burmeseclassic.com

www.burmeseclassic.com



"တပ်အပ်သေချာ မပြောနိုင်ပါ၊ သို့သော် ကျွန်ုပ် ကြားရသည့် သတင်းအရဆိုလျှင် သုဝဏ္ဏ နိုင်ငံတော်မှ ပင့်ဆောင်လာခြင်း ဖြစ်သည် ဟု ဆိုပါသည်"

ဗိုလ်မှူးကလေး မောင်သုတသည် မိမိသိသမျှ ပြောပြလိုက်ရာ 'သုဝဏ္ဏ နိုင်ငံတော်' ဟူသောစကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဗိုလ်နန္ဒမှာ မျက်လုံးပြူး၍ သွားပေသည်။

"သုဝဏ္ဏ နိုင်ငံတော်မှ ပင့်ဆောင်လာသည်မှာ မည်မျှကြာပြီနည်း"

"များစွာမကြာသေးပါ၊ ကျွန်ုပ်၏စိတ်ထင် သုံးလခန့်မျှသာ ရှိပါသေးသည်"

"အကြည်တော် ပြောသည့်အတိုင်းသာ မှန်လျှင် ဤဘုန်းတော်ကြီးသည် ဘုန်းတော်ကြီး မဟုတ်၊ သုဝဏ္ဏနိုင်ငံ သုမနဘုရင်၏ သူလျှိုသာ ဖြစ်ရမည်"

"သူလျှိုဖြစ်မည် မထင်ပါ၊ ဘုန်းတော်ကြီး ဦးကိတ္တိမှာ ပိဋကတ် သုံးပုံ အာဂုံဆောင်နိုင်သည့် ပုဂ္ဂိုလ်ကျော် ဖြစ်သည်ဟု ကျော်ကြားသော ဘုန်းတော်ကြီး ဖြစ်ပါသည်၊ ပိဋကတ် သုံးပုံ အာဂုံဆောင်နိုင်သည့် ဘုန်းတော်ကြီးအား သတ်မိသဖြင့် ကျွန်ုပ်အဖို့ ဤဘဝတွင်လည်း လူ့ပြည်တွင် မနေရဲ တမလွန်ဘဝတွင်လည်း ငရဲအိုး ချိုးကပ်ဖို့သာ ရှိသဖြင့် မကြံတတ်အောင် ဖြစ်ပြီး တောတွင်းသို့ ထွက်ပြေးလာခဲ့ခြင်း ဖြစ်ပါသည်"

အကြည်တော်သည် စိုးရိမ်စရာမရှိ စိုးရိမ်ခြင်း ဖြစ်သည်၊ ပိဋကတ် သုံးပုံ အာဂုံဆောင်နိုင်တိုင်း သူတော်ကောင်းမဟုတ် 'နှုတ်က ဘုရား၊ လက်က ကိုးရိုးကားရား' ဆိုသည့် စကားအတိုင်း ဘုန်းတော်ကြီးက ပိဋကတ် သုံးပုံ နှုတ်ငုံဆောင်ပြီး ဘုန်းကြီးလို မကျင့်ဘဲ နိုးကြောင်ခိုးဇာက် သွားလာနေသူဖြစ်၍ ဘုန်းတော်ကြီး ဦးကိတ္တိက သူတော်စင် မဟုတ်နိုင်၊ သူတော်စင်ပင် ဖြစ်လင့်ကစား စေတနာသာလျှင် ပဓာနဖြစ်၏။



[illegible]ကြည်တော်၏ စေတနာမှာ မွန်မြတ်သော စေတနာ ဖြစ်သည့် [illegible]တက် ယခုဘဝအတွက်လည်း စိုးရိမ်စရာမရှိ၊ နောင်တမလွန် ဘဝ [illegible]သည်း စိုးရိမ်စရာမရှိ ဖြစ်ပေသည်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက် [illegible]သလို မဖြစ်စေသင့်"

ဗိုလ်နန္ဒ ပြောလိုက်သည့် စကားများကို ကြားရသောအခါ [illegible]ကလေး မောင်သုတသည် သံသယစိတ်များ ကင်းစင်သွားကာ [illegible]တ်ကြည်လင်၍ လာလေသည်။

"ကျွန်ုပ်အပေါ်တွင် အပြစ်မရှိ ဆိုသည်မှာ အမှန်ပင် ဖြစ်သ[illegible] _"

ဗိုလ်မှူးကလေး မောင်သုတက ပြန်မေးလိုက်သည်။

"စေတနာသာ အရင်းခံ ဖြစ်သဖြင့် အကြည်တော် အပေါ်တွင် [illegible]ပါ၊ အကြည်တော်သည် ဘုရင်အပေါ်တွင် သစ္စာရှိသောသူ [illegible]အနေနှင့်ပင် ဂုဏ်ယူနိုင်ပါသေးသည် ..."

"သို့ပါသော် ဘုရင်မသည် ဘုန်းတော်ကြီး ဦးကိတ္တိ အပေါ်တွင် [illegible]ညိုသဒ္ဓါ ထက်သန်လျက်ရှိသဖြင့် မည်သည့်နည်းနှင့်မျှ ကျွန်ုပ် [illegible]တွင် ခွင့်လွှတ်နိုင်မည် မဟုတ်ပါ၊ ဘုရင်မကြီး ခွင့်မလွှတ်နိုင်လျှင် [illegible]သည် ကျွန်ုပ်၏ ချစ်သူနှင့် နီးစပ်ဖို့လမ်း မရှိတော့ပါ၊ ချစ်သူနှင့် [illegible]ပြီး နေရခြင်းထက် သေရခြင်းက မြတ်ပါသေးသည်"

"အကြည်တော်သည် မိုက်တွင်းနက်လှချေတကား၊ အကြည်တော် [illegible]လိုက်သော စကားများသည် စစ်မရောက်ခင် မြားကုန်နေသည်နှင့် [illegible]ချေသည်။ 'ယောကျ်ားတံခွန်၊ လူရည်ချွန်က ကောင်းကင်တမွတ်၊ [illegible]တိုခွတ်လည်း၊ မလွှတ်စတမ်းရမြဲလမ်း ...' ဆိုသည့် ဆိုရိုးစကား [illegible]ည်မဟုတ်ပါလော၊ အကြည်တော်သည် ယောကျ်ားမပီသသော [illegible]များကို မဆိုသင့်"

"အကြည်တော် ပြောသည့် စကားများကို ကြား[illegible]သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အားတက်မိပါသည်၊ ကျွန်ုပ်၏ချစ်သူနှင့် နီးစပ်ဖို့ လမ်းများရှိသေးလျှင် ညွှန်ကြားပါလော"

"ယောကျ်ားတို့မည်သည် လုံ့လကို မလျှော့ရာ၊ မဟာဇနကမင်းကြီးသည် သမုဒ္ဒရာပြင်တွင် ၇ ရက်တိုင်တိုင် လုံ့လမလျှော့ဘဲ ကူးခတ်ခဲ့သဖြင့် မေခလာနတ်သမီး ကိုယ်တိုင် ဆင်း၍ ကယ်ဆယ်ရသည်သာမက ဖခမည်းတော်၏ ထီးနန်းရိုက်ရာကိုပင် ရခဲ့သည် မဟုတ်တုံလော၊ အကြည်တော်သည်လည်း အကြောင်းမဲ့သက်သက် မိမိ၏ဘဝကို အဆုံးစီရင်မည့်အစား ဘဝကို အရှုံးမပေးဘဲ ဉာဏ်နှင့်ဝီရိယကို အသုံးပြုလျှင် ကုသိုလ်ကံ ပေးလာသော တစ်နေ့တွင် အကြည်တော်၏ ချစ်သူနှင့် ပြန်တွေ့ရမည်မှာ ဧကန်မုချဖြစ်သည်"

"အကြည်တော် ပြောသည့် စကားများမှာ တန်ဖိုးရှိလှပါသည်၊ ရှေ့အဖို့တွင် ကျွန်ုပ် ဘာလုပ်ရမည်ကိုသာ ညွှန်ကြားပါ၊ အကြည်တော် ညွှန်ကြားသမျှကို လိုက်နာဆောင်ရွက်ပါမည်"

"ယခုလောလောဆယ်အားဖြင့် အကြည်တော်သည် လုံခြုံရာတစ်နေရာတွင် ခေတ္တရှောင်တိမ်းနေလျှင် ကောင်းမည် ထင်သည်၊ ဘုန်းတော်ကြီး ဦးကိတ္တိ ပျံလွန်တော်မူရသည့် ကိစ္စနှင့် ပတ်သက်၍ ဘုရင်မသည် အကြည်တော် အပေါ်တွင် အထင်လွဲကာ မတွေ့မချင်း လိုက်လံရှာဖွေနိုင်းလိမ့်မည် ထင်သည်၊ ဤအတောအတွင်း အကြည်တော် စိတ်ချလက်ချ ပုန်းအောင်းနေထိုင်နိုင်မည့် နေရာတစ်ခုကို ကျွန်ုပ် ညွှန်ပြပါအံ့၊ ဤနေရာမှ တောင်ဘက်စူးစူး တောနက်ကြီး အတွင်းသို့ နေ့ဝက်ခရီးမျှသွားမည်ဆိုလျှင် တောင်ကြားကြီး တစ်ခုသို့ ရောက်ရှိလိမ့်မည်၊ ထိုတောင်ကြားမှ တစ်ဆင့် အနောက်ဘက်သို့ ဆက်၍ သွားလျှင် အင်ကြင်းပေါသည့် တောရပ်သို့ ရောက်ရှိလိမ့်မည်၊ ဤနေရာသည် သုဝဏ္ဏ သာယာရွှေပြည်နှင့် စေတုတ္တရာ တည်းဟူသော ဗိုခနောက်ဆိုင် နိုင်ငံကြီး သုံးနိုင်ငံ၏ အလယ်ဗဟို ဖြစ်၍ မည်သည့်နိုင်ငံကမျှ သိမ်းပိုက်အုပ်ချုပ်



ခြင်း မပြုဘဲ ထားရှိသည့် နယ်ခြားဒေသကလေး ဖြစ်သည်။ ဤနယ်ခြားဒေသတွင် ကျွန်ုပ်၏ သွေးသောက်များရှိသည်။ ဤဒေသသို့ အကြည်တော် အရောက်သွားပြီး ခေတ္တ ခိုလှုံနေပေဦးလော"

ဗိုလ်နန္ဒသည် ဗိုလ်မှူးကလေး မောင်သုတအား လမ်းညွှန်ပြလိုက်ရာ မောင်သုတသည် ခရီးလမ်းစဉ်ကို မှတ်သား၍ နေပေသည်။

"အင်ကြင်းပေါသည့် တောရပ်သို့ ရောက်ရှိသောအခါ ကျွန်ုပ်၏ သွေးသောက် ကျော်စွာ ဆိုသူအား မတွေ့တွေ့အောင် ရှာပြီးလျှင် ယခု ကျွန်ုပ်ပေးလိုက်မည့် အမှတ်အသားကို ပြလျှင် အကြည်တော်အား ကောင်းမွန်စွာ ပြုစုစောင့်ရှောက်၍ ထားလိမ့်မည်"

ဗိုလ်နန္ဒသည် အနီးရှိ သစ်ပင်တစ်ပင်မှ သစ်ခက် တစ်ခက်ကို ချိုးလိုက်ပြီးလျှင် အခတ်ဖျားရှိ ဗိုခနောက်ဆိုင် သစ်ရွက်သုံးရွက်ကို ချန်လှပ်ပြီး ကျန်သစ်ရွက်များ အားလုံးကို ခြွေပစ်လိုက်လေသည်။ ထို့နောက်တွင် သစ်ရွက်သုံးရွက်နှင့် သစ်ခက်ကို မောင်သုတ၏ လက်သို့ ပေးလိုက်ရာ မောင်သုတသည် သစ်ခက်ကို ရိုသေစွာ လှမ်းယူလိုက်ပြီး ခါးကြားတွင် ညှပ်ထားလိုက်လေသည်။

"ကောင်းလှပါပြီ အကြည်တော်၊ အကြည်တော် ညွှန်ကြားသည့်အတိုင်း ကျွန်ုပ် လိုက်နာပါအံ့၊ သို့ပါသော် ကျွန်ုပ်သည် တောတွင်း၌ ခိုအောင်းနေခိုက် ကျွန်ုပ်၏ချစ်သူအား စောင့်ရှောက်မည့်သူမရှိဘဲ စိတ်အားငယ်နေမည်ကို စိုးရိမ်မိသဖြင့် ကျွန်ုပ်၏ ရင်တွင်း၌ အပူမီး တောက်လောင်နေပါသည်"

"အကြည်တော်၏ အပူမီးကို တရားရေအေးဖြင့် ငြိမ်းအေးစေပါလော၊ ထိုအတောအတွင်း ကျွန်ုပ်သည် စေတုတ္တရာနိုင်ငံသို့ ရောက်သောအခါ အကြည်တော်၏ချစ်သူ မယ်သန္တာထံ အကြည်တော် ကျန်းမာချမ်းသာစွာ ရှိကြောင်းနှင့် မယ်သန္တာအား လွမ်းဆွတ် တသသတိရကြောင်းများကို ဖြစ်နိုင်သည့်နည်းဖြင့် စကားလက်ဆောင် ပါးလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



မည်၊ မယ်သစ္စာထံမှ ပြန်ကြားချက်ကိုလည်း အင်ကြင်းပေါ်သည့် တောရဂုံသို့ လူကြုံနှင့် ဖြစ်စေ ပြန်လည်၍ လက်ဆောင်ပါးလိုက်ပါမည်။ ဤအတွက် စိုးရိမ်ပူပန်ခြင်း မဖြစ်ပါနှင့်"

"အကြည်တော် ... အကြည်တော်၏ ကျေးဇူးကား ကြီးမားလှပေ၏တကား၊ ကျွန်ုပ်သည် မိခင်၏ အသက်မရှိတော့ပေ၊ အကြည်တော်၏ အသက်သာ ရှိပေတော့သည်၊ အကြည်တော်သည် ကျွန်ုပ်၏ အသက်ကိုသာ ကယ်ဆယ်သည်မဟုတ် ကျွန်ုပ်အား အမြင်မှန်ရအောင် တရားပြသည့်အပြင် ကျွန်ုပ်၏ အသက်တမျှ မြတ်နိုးလှသော ချစ်သူ မယ်သစ္စာနှင့် နီးစပ်အောင်ပင် ကြံဆောင်ပေးသူ ဖြစ်သဖြင့် အကြည်တော်၏ ကျေးဇူးကို ကျွန်ုပ်ဆပ်၍ ကုန်နိုင်မည်မထင်၊ ကျွန်ုပ်၏အသက်နှင့် ခန္ဓာကိုယ် တည်မြဲသမျှ ကျွန်ုပ်သည် အကြည်တော် ထားရာကနေပြီး အကြည်တော် စေရာကို သွားပါမည်။ အကြည်တော်အတွက် ဆိုလျှင် အသက်ပါ စွန့်လွှတ်ပါမည်ဟု အမိန့်ခံပြုပါသည်"

မောင်သုတသည် သစ္စာအမိန့်ခံ ပြုပြီးနောက် အုန်းခွံရောင် မြင်းကြီးပေါ်သို့ ခုန်လွှားတက်လိုက်ပြီးလျှင် ဗိုလ်နန္ဒအား ရှိသေစွာ နှုတ်ဆက်ကာ တောနက်အတွင်းသို့ ဝင်၍ သွားပေသည်။

ဗိုလ်နန္ဒသည် မောင်သုတအား မျက်စိတဆုံး ကြည့်ပြီး ကျန်ရစ်ခဲ့ရာမှ တောလမ်းကလေးအတိုင်း မြောက်ဘက်စူးစူးသို့ တဖြည်းဖြည်း လာခဲ့ပေသည်။

နေမှာ တဖြည်းဖြည်းစောင်း၍ လာသဖြင့် သစ်ပင်ရိပ်များမှာလည်း တောတစ်ခုလုံးကို ပိတ်ဖုံးလျက် ရှိပေသည်။ မကြာမီ စမ်းချောင်းကလေးတစ်ခုအနီးသို့ ရောက်ရှိလာသဖြင့် ဗိုလ်နန္ဒသည် မြင်းပေါ်မှ ဆင်းကာ အပန်းဖြေရင်း မိမိ၏ မြင်းလိမ္မာကြီးအား စမ်းချောင်းကလေး အနီးသို့ ဆွဲခေါ်သွားပြီး ရေတိုက်၍ နေပေသည်။

ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှ သစ်ရွက်များ လှုပ်ရှားသည့် အသံ



ထိုလို ကြားရသဖြင့် နားပါးလှသော ဗိုလ်နန္ဒသည် အသံကြားရာသို့ လှမ်းကြည့်လိုက်ရာ ထူထပ်သော သစ်ကိုင်းသစ်ရွက်များကြားမှ မိမိအား ချောင်းကြည့်နေသော လူတစ်ယောက်ကို မြင်လိုက်သဖြင့် ဓားအိမ်မှ ဓားရှည်ကို ဆွဲချွတ်လိုက်ပြီးလျှင် ထိုသူရှိရာသို့ လွှားခနဲ ခုန်၍သွားလေရာ ဗိုလ်နန္ဒအား သစ်ရွက်များကြားမှ ချောင်းကြည့်နေသူသည် ထွက်ပြေးရန် လမ်းမမြင်တော့သဖြင့် ထိုသစ်ရွက်များကြားမှ ထွက်လာပြီးလျှင် ဗိုလ်နန္ဒ၏ ရှေ့တွင် ဒူးထောက်ပြီးလျှင် မိမိအား ရန်မမူရန် တောင်းပန်နေသဖြင့် ဗိုလ်နန္ဒသည် ထိုသူအား စိန်းစိန်းကြီး ကြည့်ရင်း ဓားရှည်ကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၃

"ကျွန်တော်မျိုးအား အသက်ဘေးမှ ချမ်းသာပေးတော်မူပါ၊ ကျွန်တော်မျိုးသည် အရှင့်သားအား ရန်မူရန် ဤနေရာသို့ ရောက်ရှိလာခြင်း မဟုတ်ပါ"

သစ်ပင်ကြားမှ ထွက်လာပြီး ဗိုလ်နန္ဒ ရှေ့တွင် ဒူးထောက်နေသော လူခပ်ရွယ်ရွယ်က ကြောက်ရွံ့သည့် အမူအရာဖြင့် တိုးလျှိုးတောင်းပန်လိုက်ရာ ဗိုလ်နန္ဒသည် ထိုသူအား စေ့စေ့ကြည့်ပြီး သနားကရုဏာစိတ်များ ဝင်စား၍လာပေသည်။

"သင် မည်သူမည်ဝါ ဖြစ်သနည်း၊ မည်သည့်ကိစ္စနှင့် ဤတောတွင်းသို့ ရောက်ရှိလာသနည်း"

ဗိုလ်နန္ဒသည် မိမိအား ဒူးထောက်ပြီး တောင်းပန်နေသူအား မတ်တတ်ရပ်ရန် ဆွဲထူလိုက်ပြီး မေးခွန်းထုတ်လိုက်သည်။

"အရှင့်သား ... ကျွန်တော်မျိုးသည် စေတုတ္တရာ နိုင်ငံတော်သား တစ်ဦး ဖြစ်ပါသည်"

"ကျွန်ုပ်အား အရှင့်သား ဟူ၍ မခေါ်ပါနှင့်၊ သင့်ကိုယ်သင်လည်း ကျွန်တော်မျိုးဟု မပြောပါနှင့်၊ ကျွန်ုပ်သည် သာမန်အရပ်သား တစ်ဦးသာ ဖြစ်၍ အရပ်သားအနေနှင့်သာ ကျွန်ုပ် သိလိုသည့် အချက်များကို ပြောပြပါလော"

ဗိုလ်နန္ဒက ကြားမှဖြတ်ပြီး ပြောလိုက်သည်။



"ကောင်းလှပါပြီ အရှင်၊ ကျွန်တော်သည် စေတုတ္တရာပြည့်ရှင် ဘုရင်မ စန္ဒာဒေဝီ၏ အပါးတော်တွင် ခစားရသည့် ကျေးကျွန် ပြေည့် ဖြစ်ပါသည်။ ကျွန်ုပ်၏တာဝန်မှာ ဘုရင်မအား စိတ်ရွှင်လန်းအောင် ချော့တော်ဆက်ရသည့် တာဝန် ဖြစ်ပါသည်။ ဤနေရာသို့ ကျွန်ုပ် ရောက်ရှိလာခြင်းမှာ ဘုရင်မ စန္ဒာဒေဝီသည် ကျွန်တော်၏အပေါ်တွင် စိတ်တွက်တော်မူသဖြင့် ရှောင်တိမ်းလာရခြင်း ဖြစ်ကြောင်းပါ"

ပြေည့်ဆိုသူ ပြောပြသော စကားများကို ကြားရသောအခါ ဗိုလ်နန္ဒသည် မိမိ သိလိုကြားလိုသည့် စကားများကို ကြားရ သိရတော့မည် ဖြစ်၍ ပြေည့်နှင့် ယခုကဲ့သို့ လာပြီးတွေ့ဆုံခြင်းသည်ပင်လျှင် နတ်သိကြားမသည်ဟု ထင်မိပေသည်။

"စန္ဒာဒေဝီ ဘုရင်မ၏ အပါးတွင် ခစားရသူ ဖြစ်သည်ဆိုလျှင် ကျွန်ုပ်မေးသည့် မေးခွန်းကို မှန်မှန်ဖြေဆိုပါမည်လော"

"ဟုတ်တိုင်းမှန်ရာ ဖြေဆိုပါမည် ... အရှင်"

"ကောင်းပြီ၊ စန္ဒာဒေဝီ ဘုရင်မသည် ဘုရား နတ်သမီးတမျှ ချောသည်လှသည်ဟု သတင်းကြီး၍နေသည်၊ သတင်းကြီးသည့်အတိုင်း အတကယ်ပင်ချော တကယ်ပင် လှသလော"

ဗိုလ်နန္ဒသည် ပြေည့်အား မေးခွန်းထုတ်လိုက်ပြန်သည်။

"ဘုရား နတ်သမီးကို မမြင်ဖူးသဖြင့် နှိုင်းယှဉ်ပြီး မပြောနိုင်ပါ၊ သို့ရာတွင် စန္ဒာဒေဝီ ဘုရင်မသည် လူ့ပြည်တွင် နှစ်ယောက်မရှိအောင် ချောကြောင်းလှကြောင်းကို ရဲရဲကြီး ပြောဝံ့ပါသည်"

"ရုပ်ရည်ချောသလောက် ရက်စက်ကြမ်းကြုတ်သည်ဆိုခြင်းမှာ မှန်သလော"

"ရက်စက်သည့်နေရာတွင် ယောကျ်ားက အရှုံးပေးရပါသည်၊ သို့ရာတွင် နူးညံ့သိမ်မွေ့သည့် နေရာတွင်လည်း သူမတူအောင် နူးညံ့သိမ်မွေ့လှပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်မထံတွင် မည်မျှကြာအောင် ခစားခဲ့ဖူးပါသနည်း"

"တစ်နှစ်တာမျှ ရှိသွားပါပြီ အရှင်"

"ယခု သင့်အား ဘုရင်မက ဘာ့ကြောင့် မျက်တော်မူရသနည်း"

"နန်းဦးကျောင်း ဆရာတော်အား ပြက်ရယ်ပြုမိသဖြင့် မျက်တော်မူခြင်း ဖြစ်ပါသည်။ ကျွန်တော့်အား ကြိမ်ဒဏ်ခတ်ပြီး မြို့ရပ်သို့ နှင်လိုက်ကြောင်းပါ၊ ကျွန်တော်၏ ကျောနှင့် ရင်တွင် ဒဏ်ရာများကို ရှုစားပါလော"

ပြေညို့သည် ကျောနှင့် ရင်တွင် ကြိမ်ဒဏ်ခတ်ထားသဖြင့် အရှိုးများပေါ်နေသည်ကို လှန်ပြရင်း ပြောလိုက်သည်။

"နန်းဦးကျောင်း ဆရာတော် ဆိုသည်မှာ ဘုရင်မ ဥယျာဉ်တော်ထဲတွင် ဓားဒဏ်ရာနှင့် ပျံလွန်တော်မူသည့် ဆရာတော် ဦးကိတ္တိကို ဆိုလိုပါသလော"

ဗိုလ်နန္ဒက မေးခွန်းထုတ်လိုက်ပြန်ရာ ပြေညို့သည် ဗိုလ်နန္ဒအား အံ့အားသင့်သော အမူအရာဖြင့် စိုက်ကြည့်နေပေသည်။

"ဆရာတော် ဦးကိတ္တိ၏သတင်းကို မည်သို့မည်ပုံ ကြားသိပါသနည်း၊ အရှင်သည်ပင်လျှင် ဆရာတော် ဦးကိတ္တိအား ဓားနှင့် ခုတ်သူများ ဖြစ်နေပေသလော"

ပြေညို့သည် ဗိုလ်နန္ဒအား ကြည့်လိုက်၊ ဗိုလ်နန္ဒ၏ လက်မောင်းကို ကြည့်လိုက်နှင့် အံ့အားသင့်စွာ မေးလိုက်သည်။

"ကျွန်ုပ်သည် ဘုန်းတော်ကြီးကို မဆိုထားဘိ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရန်ရှာသူမဟုတ်ပါ၊ ဆရာတော် ဦးကိတ္တိကို ကျွန်ုပ်မြင်လည်းမမြင်ဖူး၊ သိလည်းမသိ၊ ဘွဲ့တော်ကိုသာ ကြားဖူးပါသည်။ သင် ပြက်ရယ်ပြုသည်ဆိုသည့် ဆရာတော်မှာ ဆရာတော် ဦးကိတ္တိ ဟုတ်–မဟုတ်ကိုသာ ကျွန်ုပ် သိလိုပါသည်"

"ကျွန်တော် ပြက်ရယ်ပြုမိသည်ဆိုသော ဘုန်းတော်ကြီးမှာ ဦး



ကိတ္တိပင် ဖြစ်ကြောင်းပါ၊ သို့သော် ... ဆရာတော် ဦးကိတ္တိမှာ ဓားဒဏ်ရာဖြင့် ပျံလွန်တော်မူခြင်းမရှိဘဲ ဒဏ်ရာရရုံသာရပြီး ယခုအခါ အတော်ပင် သက်သာနေပါပြီ"

"ဆရာတော် ဦးကိတ္တိနှင့် ပတ်သက်ပြီး သင်သိသလောက် ကျွန်ုပ်အား ပြောပြပါလော့"

"ကျွန်ုပ်မှာ ဘုရင်မအပါးတွင် ခ,စားရသည့် အညတရ လုလင်မျှသာ ဖြစ်၍ နန်းဦးဆရာတော်၏ အတ္တုပ္ပတ္တိကို သိစွမ်းနိုင်ခြင်းမရှိပါ၊ သို့သော် ... ကျွန်တော် သိသမျှ ပြောရမည်ဆိုလျှင် လွန်ခဲ့သည့် ၃ ရက်ခန့်က ဆရာတော် ဦးကိတ္တိသည် ဘုရင်မ၏ ဆောင်တော်နှင့် မလှမ်းမကမ်းတွင် ရှိသော အုတ်ဂူတွင် ကမ္မဋ္ဌာန်းတရား အားထုတ်နေစဉ် လူယုတ်မာ တစ်ဦးက အုတ်ဂူထဲဝင်ပြီး ဓားနှင့် ခုတ်သွားသည် ဟူ၍သာ သိပါသည်"

"ကမ္မဋ္ဌာန်းထိုင်သည့် အုတ်ဂူအတွင်းမှာ ဓားခုတ်ခံရသည် ဆိုခြင်းမှာ တကယ်ပင် မှန်ကန်သလော"

"အမှန်ကို ကျွန်တော်မသိပါ၊ ဘုရင်မအား ဆရာတော် အမိန့်ရှိသည့်အတိုင်း ကျွန်တော် ကြားသမျှ ပြန်ပြောနေခြင်းသာ ဖြစ်ပါသည်၊ ဆရာတော်သည် ၂၂၇ သွယ်သော သိက္ခာပုဒ်ကို စောင့်ထိန်းသည့် အရှင်သူမြတ် ဖြစ်၍ မုသားပြောလိမ့်မည် မဟုတ်ဟု ယုံကြည်ပါသော်လည်း ဆရာတော် အမိန့်ရှိသည့် စကားများကို ကျွန်တော် သံသယရှိသဖြင့် သံသယရှိကြောင်း ဘုရင်မအား လျှောက်တင်မိပါသည်။ ထိုသို့လျှောက်တင်သည်ကို ဘုရင်မက မျက်တော်မူပြီး ကြိမ်ဒဏ်ခတ်ကာ မြို့ရပ်သို့ နှင်ခြင်း ဖြစ်ကြောင်းပါ"

ပြေညို့က မိမိစိတ်ထဲတွင်ရှိသမျှ ဖွင့်ဟလိုက်လေသည်။

"ဆရာတော်၏ စကားကို အဘယ်ကြောင့် သံသယရှိသနည်း"

"ဆရာတော်၏ မိန့်ကြားချက်အရဆိုလျှင် ဆရာတော်သည်

www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူထဲတွင် ကမ္ဗဒ္ဓာန်းထိုင်နေစဉ် လူယုတ်မာ တစ်ဦးက နောက်မှ ဝင်လာပြီး ဓားနှင့် ထိုးခုတ်သွားသည်ဟု ဆိုပါသည်။ သို့ရာတွင် ဆရာတော်၏ ဒဏ်ရာကို ကြည့်မည်ဆိုလျှင် နောက်မှ ခုတ်သော ဒဏ်ရာ မဟုတ်ဘဲ ရှေ့တည့်တည့်မှခုတ်သော ဒဏ်ရာ ဖြစ်ပါသည်။ ၎င်းပြင် ကမ္ဗဒ္ဓာန်းထိုင်သည့် အုတ်ဂူနှင့် အတော်လှမ်းသည့် ဘုရင်မ၏ ဥယျာဉ်တော်ထဲတွင် ခြေရာများ ရှုပ်နေသည်ကို တွေ့မြင်ရပြီး ပန်းပင်များ ပိပြားနေသည်ကို တွေ့ရသည်သာမက အနီးအနားတွင် သွေးအိုင်တစ်ခုပါ တွေ့ရသဖြင့် ဆရာတော် ဓားဖြင့် ထိုးခုတ်ခြင်း ခံရသည့်နေရာမှာ ကမ္ဗဒ္ဓာန်း အုတ်ဂူအတွင်း မဖြစ်နိုင်၊ ဥယျာဉ်တော်အတွင်းမှာသာ ဖြစ်ရမည်ဟု ယူဆမိပါသည်။ ထိုမှတစ်ပါးလည်း ပန်းပင်များ ပိပြားနေသည့် နေရာ မှ ကမ္ဗဒ္ဓာန်းထိုင်သည့် အုတ်ဂူသို့ သွားရာ ခရီး တစ်လျှောက်တွင် သွေးကွက်များနှင့် ခြေရာများ တွေ့ရပါသေးသည်။ ခြေရာများမှာ အုတ်ဂူဘက်မှ ဥယျာဉ်တော်ဘက်သို့ လာသည့် ခြေရာများ မဟုတ်ဘဲ ဥယျာဉ်တော်မှ အုတ်ဂူဘက်သို့ ခြေဦးလှည့်သည့် ခြေရာများ ဖြစ်နေပါသည်"

ပြေည့်သည် ဗိုလ်နန္ဒအား ခရေစေ့တွင်းကျ ပြောပြနေပေရာ ဗိုလ်နန္ဒသည် စိတ်ပါဝင်စားစွာဖြင့် နားထောင်ပြီး တစ်လုံးမကျန် မှတ်သားထားလိုက်ပေသည်။

"သင်ပြောသည့်အတိုင်းမှန်လျှင် ဆရာတော် ဦးကိတ္တိသည် မည်သည့် အကြောင်းကိစ္စနှင့် ညအချိန်မတော် ဥယျာဉ်တော်သို့ ကြွလာရသနည်း"

"ဤမေးခွန်းကို ကျွန်တော် ဖြေဆိုရခြင်းငှာ မစွမ်းပါ။ ဆရာတော် ဦးကိတ္တိမှာ နန်းဦးဆရာတော် ဖြစ်၍ ကျွန်တော်မှာ အညတရ လုလင်မျှသာ ဖြစ်ကြောင်းပါ"



ပြေည့်သည် ဗိုလ်နန္ဒ မေးခွန်းကို တိုက်ရိုက်မဖြေဘဲ စကားကို ရှဲ့ကြောင်းပတ်လိုက်သည်။

"ကောင်းပြီ ... လွန်ခဲ့သည့် တစ်လခန့်က အကာလ ညအခါတွင် ဘုရင်မ၏ အဆောင်တော်ကို မီးခံ့ခဲ့သည် ဆိုခြင်းမှာ မှန်သလော"

"မှန်ပါသည် အရှင်"

"ယခုလို မီးစွဲလောင်ခြင်းမှာ မတော်တဆ မီးစွဲလောင်ခြင်း ဖြစ်သလော၊ သို့တည်းမဟုတ် တစ်စုံတစ်ယောက်သောသူ၏ လက်ချက်ဖြစ်သလော၊ တစ်စုံတစ်ယောက်သောသူ၏ လက်ချက်ဖြစ်သည်ဆိုလျှင် မည်သူ့လက်ချက်ဟု ထင်သနည်း"

"ကျွန်တော်မှာ အညတရ လုလင်တစ်ဦးသာ ဖြစ်၍ မထင်တတ်ကြောင်းပါ၊ သို့ရာတွင် ယခုတလော စေတုတ္တရာ နိုင်ငံတော်တွင် ကောလာဟာလ သတင်းအမျိုးမျိုး ဖြစ်ပွားလျက်ရှိသဖြင့် မီးလောင်မှုမှာ သာမန်မီး မဟုတ်ဘဲ ရှို့မီး ဖြစ်လိမ့်မည်ဟု ထင်ရကြောင်းပါ"

"ကောလာဟာလသတင်း ဆိုသည်မှာ မည်သည့်သတင်းမျိုးကို ဆိုလိုပါသနည်း"

"သတင်းမျိုးစုံ ဖြစ်ပါသည်၊ ထိုသတင်းများထဲတွင် စန္ဒာဒေဝီ ဘုရင်မအား အိမ်နီးချင်းနိုင်ငံရှိ ဘုရင်များက သိမ်းပိုက်ပြီး နှစ်ပြည့်တစ်ကြိမ် ရွှေလမ်းငွေလမ်းဖောက်လိုသော ဆန္ဒရှိသည် ဆိုသည့် သတင်းအချက်လည်း ပါဝင်ပါသည်"

"အိမ်နီးချင်းနိုင်ငံ ဆိုသည်မှာ မည်သည့်နိုင်ငံကို ဆိုလိုပါသနည်း၊ သုဝဏ္ဏနိုင်ငံကို ဆိုလိုပါသလော"

"မှန်ပါသည်၊ သုဝဏ္ဏနိုင်ငံတော် သုမနဘုရင်သည် စန္ဒာဒေဝီ ဘုရင်မထံ စေတမန်လွှတ်ပြီး မိမိနှင့် ရွှေလက်တော်ဆက်ရန် တောင်းဆိုခဲ့ပါသည်။ ၎င်းပြင် သာယာရွှေပြည် သီဟရာဇာ ဘုရင်မင်းမြတ်ကလည်း သူ့ရဲကောင်းတစ်ဦးကို ရွေးချယ်ပြီး ဘုရင်မကို အရှင်ရရ အသေ

www.burmeseclassic.com

www.burmeseclassic.com



ရရ ဖမ်းဆီးပြီး ဘုရင်မင်းမြတ်ထံ ဆက်သရန် စေလွှတ်လိုက်ပြီ ဟူ၍လည်း သတင်းသဲ့သဲ့ ကြားသိရကြောင်းပါ"

ပြေည့်က မိမိကြားသိမှု ဖောက်သည်ချလျက် ရှိပေရာ ဗိုလ်နန္ဒသည် ဣန္ဒြေမပျက်အောင် မနည်းသတိထားပြီး နားထောင်၍ နေရပေသည်။

"သင်သိသမျှ ဆက်လက်ပြောပါဦးလော့"

"ကျွန်တော် ကြားသိသမျှ ဖွင့်ဟပြီး ပြောရမည်ဆိုလျှင် ကုန်နိုင်ဖွယ်ရာမရှိပါ။ ဘုရင်မအတွက် လည်းကောင်း၊ စေတုတ္တရာ နိုင်ငံတော်အတွက် လည်းကောင်း ကောင်းသော သတင်းများလည်း မဟုတ်ပါ။ စေတုတ္တရာ နိုင်ငံတော်အတွင်း သူလျှိုများ ခြေချင်းလိမ်မျှ ရှုပ်ပွေနေသဖြင့် စကားပင် ကျယ်ကျယ်မပြောဝံ့အောင် ဖြစ်နေပါသည်၊ ဘုရင်မ၏ လူယုံတော်များမှာလည်း နယ်ခြားဒေသတွင် တစ်ယောက်ပြီး တစ်ယောက် လုပ်ကြံခံနေရပါသည် ... မည်သူမည်ဝါ၏ လက်ချက် ဟူ၍မသိရဘဲ ထူးဆန်းစွာ သေဆုံးကြောင်းသာ သိရပါသည်။ ကောလာဟလ သတင်းများအရဆိုလျှင် နယ်ခြားတွင် စောင့်သော ဘီလူးကို သုဝဏ္ဏနိုင်ငံတော် ဘုရင်က အာဏာနှင့် စေခိုင်းပြီး ဘုရင်မ၏ လူယုံတော်များကို သတ်ဖြတ်စားသောက်စေခြင်း ဖြစ်သည်ဟု ဆိုပါသည်"

"ဘီလူးစားသည် ဆိုခြင်းကို ကျွန်ုပ် မယုံကြည် ... ဘီလူးစားသည်ကို မည်သူမြင်သနည်း ..."

"ဘီလူးကို မည်သူမျှ မမြင်ဖူးပါ၊ သို့ရာတွင် သေဆုံးသူများ၏ ကိုယ်ခန္ဓာတွင် ဘီလူး၏ အစွယ်ရာများနှင့် လက်သည်းရာများ တွေ့ရသဖြင့် ဘီလူးစားခြင်း ဖြစ်သည်ဟု ပြောဆိုနေကြခြင်း ဖြစ်ကြောင်းပါ ... သုဝဏ္ဏနိုင်ငံတော်နှင့် စေတုတ္တရာ နိုင်ငံတော် အကြားရှိ တောအုပ်ထဲတွင် စုန်းတစ္ဆေများ ကျက်စားလျက် ရှိသဖြင့် မည်သူမျှ ထိုတောအုပ်သို့ အချိန်မတော် မသွားဝံ့ကြပါ ...၊ ထိုတောအုပ်အလွန် ကျောက်တောင်



ကြီး အနီးတွင် ညစဉ်ညတိုင်း စုန်းများ တောက်စားသည်ကိုမူ ညစဉ်ညတိုင်း မြင်ရပါသည် ..."

ပြေည့်သည် မိမိကြားသိရသည့် သတင်းများကို ပြောပြရင်း ကြက်သီးမွေးညင်းများပင် ထ,၍ သွားပေသည်။

"စုန်းတစ္ဆေကို သင်ယုံကြည်သလော၊ စုန်းတောက်စားသည်ကို သင်ကိုယ်တိုင် မြင်သလော ..."

"စုန်းတောက်စားသည်ကို ကျွန်တော် ကိုယ်တိုင် မြင်ဖူးပါသည်"

"စုန်းတောက်စားပုံကို သင်မြင်သည့်အတိုင်း ပြောပါလော့"

"နယ်ခြားဒေသရှိ တောအုပ်အလွန်တွင် ကျောက်တောင်ကြီး တစ်ခုရှိပါသည်။ ထိုကျောက်တောင်ကြီး၏ ပတ်ဝန်းကျင်တွင် ဝင်းခနဲထက်ခနဲ ဖြစ်ပေါ်လာသည့် အလင်းရောင်များနှင့် ထိုလင်းရောင်ခြည်များ တစ်ခါတစ်ရံ အနီးအလျှံများနှင့် ရောကာ မိုးကောင်းကင်သို့ ပျံတက်သွားသည်ကို ကျွန်တော် ကိုယ်တိုင် မြင်ဖူးပါသည်"

ပြေည့်ပြောသော စကားများကို ဗိုလ်နန္ဒသည် လေးလေးနက်နက်စဉ်းစားရင်း နားထောင်နေပေသည်။

စုန်းတောက်စားသည် ဆိုခြင်းမှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်၊ သုဝဏ္ဏဘုရင်သည် စေတုတ္တရာနိုင်ငံကို ချင်းနင်းဝင်ရောက်ရန် လွယ်ကူစေရန်သောငှာ နယ်ခြားရှိ တောအုပ်သို့ စေတုတ္တရာ နိုင်ငံသားများ မလာဝံ့အောင် ဉာဏ်ဆင်ထားခြင်းသာ ဖြစ်ရမည်ဟု စဉ်းစားမိပေသည်။

ဤကဲ့သို့ စဉ်းစားနေစဉ် မလှမ်းမကမ်းဆီမှ မြင်းခွာသံများ ကြားပြီး — ပြေည့်သည် မျက်လုံးမျက်ဆန်ပြူးကာ ကြောက်အား လန့်အားနှင့် ဗိုလ်နန္ဒ အနီးမှ ခုန်ပေါက်သွားပြီးလျှင် တောနက်ထဲတွင် ပျောက်ကွယ်သွားပေသည်။

မြင်းခွာသံများ နီးသည်ထက်နီးလာပြီး မကြာမီ ဗိုလ်နန္ဒ တစ်ဦးတည်း ရပ်ပြီး ကျန်ရစ်ခဲ့သည့် နေရာသို့ မြင်းစီးစစ်သည်တော် ၇ ဦး

www.burmeseclassic.com

www.burmeseclassic.com



သည် ဖုန်တထောင်းထောင်းနှင့် မြင်းများကို ကဆုန်ပေါက်ပြီး စီးကာ ရောက်ရှိလာကြပေသည်။

ဗိုလ်နန္ဒကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ရှေ့ဆုံးမှ မြင်းစီးလာသူသည် မြင်းဇက်ကြိုးကို တအားဆွဲလိုက်ပြီး ရပ်လိုက်သည်။

"ဤတောလမ်းမှ ဗိုလ်မှူးကလေးတစ်ဦး ဖြတ်သန်းသွားသည်ကို မြင်မိပါသလော ..."

ရှေ့ဆုံးမှ စစ်သည်တော်များက ခံ့ညားတည်ကြည်စွာဖြင့် စိုက်ကြည့်နေသော ဗိုလ်နန္ဒအား မေးလိုက်သည်။

"ခပ်ရွယ်ရွယ် ဗိုလ်မှူးတစ်ယောက် ဤလမ်းမှ ဖြတ်သွားသည်ကို ကျွန်ုပ် မြင်လိုက်မိပါသည် ..."

ဗိုလ်နန္ဒက ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။

"မည်သည့်ဘက်သို့ ထွက်သွားပါသနည်း ..."

"အင်ကြင်းမြိုင် တောကြီးဘက်သို့ ထွက်သွားသည်ကို ကျွန်ုပ် မြင်လိုက်မိပါသည် ..."

"အင်ကြင်းမြိုင်တော ဆိုသည်မှာ မည်မျှကွာလှမ်းပါသနည်း"

"နေ့ဝက်ခရီးခန့် သွားရပါသည်၊ သို့ရာတွင် သင်တို့ လိုက်သွား၍ မဖြစ်နိုင်ပါ ...၊ အင်ကြင်းမြိုင် တောကြီးတွင် တောကို ကျွမ်းကျင်သည့် တောပုန်းများ ရှိပါသည်၊ ထိုတောတွင်းသို့ ရောက်လာသူမှန်သမျှ တောပုန်းများ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးရပါသည်"

ဗိုလ်နန္ဒသည် ကျွန်မပျက်ပင် ပြန်ပြောလိုက်သည်။

"သယ် ... ကျွန်ုပ်တို့ကို မည်သို့သော လူစားမျိုး ဖြစ်သည်ကို သင်မသိသလော ... ကျွန်ုပ်တို့သည် ဓေတုတ္တရာ နိုင်ငံတော် ခေတ္တရာ မြို့စားကြီး၏ စစ်သည်တော်များ ဖြစ်သည်။ ပြည်လေးပြည်မွှားများ ဖြစ်သော တောပုန်းများကို ကျွန်ုပ်တို့မမှု"



ခေါင်းဆောင်နှင့် တူသောသူက ပြန်ပြောလိုက်ပြီးလျှင် နောက်လိုက် ၆ ဦးဘက်သို့ လှည့်ကြည့်လိုက်သည်။

"အင်ကြင်းမြိုင်တောကို ချီတက်ကြမည် အသင့်ပြင်"

ခေါင်းဆောင်က အမိန့်ပေးလိုက်ရာ ကျန် စစ်သည်တော် ၆ ဦးသည် မြင်းဇက်ကို ကိုင်ပြီး အသင့်ပြင်လိုက်ကြပြီးလျှင် ခေါင်းဆောင်ဖြစ်သူ၏ နောက်မှ ထက်ကြပ်မကွာ လိုက်သွားကြသည်ကို ဗိုလ်နန္ဒသည် မျက်စိတဆုံး ကြည့်ပြီး ကျန်ရစ်ခဲ့ပေသည်။

"မိုက်တွင်းနက်တဲ့ကောင်တွေ ..."

ဗိုလ်နန္ဒသည် ဖုန်တထောင်းထောင်းနှင့် ကဆုန်ပေါက်ပြီး သွားကြသော စစ်သည်တော် ၇ ဦးကို မျက်စိတဆုံး ကြည့်ပြီး ကျန်ရစ်ခဲ့ရာမှ တစ်ယောက်တည်း ရေရွတ်လိုက်ပြီးလျှင် စမ်းချောင်းကလေးတွင် ရေသောက်နေသော မြင်းလိမ္မာကြီးကို စီးပြီး တဖြည်းဖြည်း ခရီးထွက်ခဲ့ပြန်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၄

ဗိုလ်နန္ဒသည် တောလမ်းကလေးအတိုင်း မြင်းကို ဒုန်းစိုင်းပြီး စီး၍လာခဲ့ပေရာ တဖြည်းဖြည်း တောနက်ထဲသို့ ရောက်ရှိလာခဲ့ပေသည်။

တောကို ကျွမ်းကျင်သူ ဖြစ်သဖြင့် နေပြောက်မထိုးအောင် သစ်ရွက်ချင်းယှက်ကာ ပေါက်ရောက်လျက်ရှိသော သစ်ပင်ကြီးများကြားမှ ဟိုကွေ့ ဒီကောက်နှင့် ခရီးနှင်၍ လာခဲ့ပေရာ မကြာမီ တောင်စောင်းကလေး တစ်ခုအနီးသို့ ရောက်ရှိလာပေသည်။

ထိုနေရာသည် တောပုန်းများ ကျက်စားရာနေရာ ဖြစ်သည်ကို တောပုန်းခေါင်းဆောင် ဗိုလ်နန္ဒသည် ကောင်းကောင်းကြီး သိပေသည်။

ဗိုလ်နန္ဒသည် တောင်ခြေရင်းမှနေပြီး အရှေ့–အနောက် တောင်–မြောက် အရပ်ဒေသများသို့ လှည့်လည် ကြည့်ရှုပြီး တောင်ကုန်းပေါ်သို့ တဖြည်းဖြည်း တက်သွားပြီးလျှင် တောင်တန်းကလေးပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အနောက်ဘက်စူးစူးသို့ မျှော်ကြည့်ပြီး ခါးတွင် အမြဲတမ်း ဆောင်ထားသည့် ခရုသင်းကို ဖြုတ်ယူလိုက်ပြီး ပါးစပ်တွင် တေ့ကာ တအားမှုတ်လိုက်ရာ ခရုသင်းသံမှာ တစ်တောလုံး ပဲ့တင်ရိုက်ဟည်းသွားပြီး တောငှက်များပင် လန့်လျက် ဟိုမှ သည်မှ ပျံသန်းသွားကြပေသည်။

မကြာမီ တောတွင်းမှ သစ်ကိုင်း သစ်ခက် လှုပ်ရှားသည့် အသံများကို ကြားရပြီးလျှင် သစ်ပင်ကြို သစ်ပင်ကြားမှ ဓား–လုံ့–လေးမြား



ထိုသိစီကိုင်ကာ ထွက်လာကြသည့် မုတ်ဆိတ်ကျင်စွယ် ဖားရလျှားဖြင့် တောတွင်းသားများသည် ဗိုလ်နန္ဒ အနီးသို့ ချဉ်းကပ်လာကြပေသည်။

"ဆရာ ... ဆရာ ... ဆရာနန္ဒ ပြန်လာပြီ"

ရှေ့ဆုံးမှ ချီတက်လာသော ပိန်ပိန်ပါးပါး ဆံပင် ဖားရလျှားနှင့် လူငယ်က–နောက်မှလူများကို လှမ်းပြောရင်း ဗိုလ်နန္ဒ ထံပါးသို့ ပြေး၍လာခဲ့ပေသည်။

"ဒါမှ တို့ဆရာ ဗိုလ်နန္ဒကွ ... သီဟရာဇာဘုရင်ရဲ့ လက်တွင်းက လွတ်အောင် ရုန်းလာခဲ့တဲ့ တို့ဆရာ ဗိုလ်နန္ဒကို အလေးပြု —"

ဒုတိယလူက ပြောပြောဆိုဆို နောက်လိုက်များအား အမိန့်ပေးလိုက်ရာ–ဆံပင်မုတ်ဆိတ် ဖားရလျှားဖြင့် သစ်ခက် သစ်ရွက်များကို သီတန်းပြီး ဝတ်ဆင်ထားကြသည့် တောတွင်းသားများသည် ဗိုလ်နန္ဒအား တစ်ပြိုင်တည်း အလေးပြုလိုက်သည်။

ဗိုလ်နန္ဒသည် မိမိ၏ နောက်လိုက်ငယ်သားများနှင့် ပြန်တွေ့ရသဖြင့် ဝမ်းမြောက် အားတက်သွားသော်လည်း မိမိထမ်းရွက်ရမည့် တာဝန်ကို လည်းကောင်း၊ သီဟရာဇာ ဘုရင်မင်းမြတ်ထံတွင် ဓားစာခံအဖြစ် ကျန်ရစ်ခဲ့သည့် မိမိ၏တပည့် (၉) ဦး၏ ဘဝကို လည်းကောင်းလည်း စဉ်းစားမိသဖြင့် မျက်နှာမှာ သိသိသာသာ ညှိုးငယ်၍ သွားပေသည်။

"ဆရာနဲ့ ပါသွားတဲ့ ရဲဘော် ၉ ယောက် ဘယ်မှာကျန်ရစ်သလဲ — ဆရာနဲ့အတူ ပါမလာဘူးလား"

ထောင်ထောင်မောင်းမောင်း ခေါင်းဆောင်နှင့်တူသော သူတဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည့် ဗိုလ်နန္ဒအား လက်ကို လှမ်းဆွဲလိုက်ပြီး မေးလိုက်သည်။

"တပည့်တို့ ဆရာပြောမယ် နားထောင်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒက နိဒါန်းပျိုးလိုက်ရာ အားလုံး ငြိမ်သက်စွာ နားထောင်၍ နေကြပေသည်။

"တပည့်တို့ထင်သလို ဆရာသည် သီဟရာဇာ ဘုရင်မင်းမြတ်၏ အချုပ်အချယ်မှ ထွက်ပြေး လွတ်မြောက်လာသည် မဟုတ်၊ ဘုရင်မင်းမြတ်၏ အမိန့်တော်အရ ဘုရင်မင်းမြတ်က လွှတ်လိုက်သဖြင့် ဤနေရာသို့ ရောက်ရှိလာခြင်း ဖြစ်သည်"

ဗိုလ်နန္ဒသည် ညှိုးငယ်သည့် မျက်နှာထားဖြင့် တပည့်များအား ပြောလိုက်သည်။

"အံ့ဖွယ်သူရဲ ထူးကဲပေစွ၊ သီဟရာဇာဘုရင်၏ လက်တွင်းသို့ ကျရောက်သည့် တောတွင်းသားမှန်သမျှ လွတ်ငြိမ်းချမ်းသာခွင့်ရသည်ဟူ၍ မကြားစဖူး၊ ဆရာ့ကိုမှ ရွေးပြီး လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ခြင်းမှာ အံ့ဖွယ်သူရဲ ရှိလှပေစွ"

ထောင်ထောင်မောင်းမောင်းနှင့်လူက ကြွေးကြော်လိုက်သည်။

"ဆရာ့အား သီဟရာဇာ ဘုရင်မင်းမြတ်က လွှတ်လိုက်ခြင်းမှာ အခြားကြောင့်မဟုတ်၊ ဘုရင်မင်းမြတ်၏ အလိုတော်ကျ အမှုတော် ထမ်းရွက်ရန်အတွက် စေလွှတ်လိုက်ခြင်းသာ ဖြစ်သည်၊ မည်သည့်အမှုတော် ထမ်းရွက်ရမည်ကို တပည့်တို့အား ယခုမပြောပြနိုင်သေး၊ သို့ရာတွင် ဆရာသည် ဘုရင်၏အမိန့်ကို နာခံကာ ဘုရင့်အမှုတော်ကို ထမ်းရွက်ဖို့ ကတိပေးခဲ့ခြင်းမှာ ဘုရင်ကို ကြောက်၍ အညံ့ခံခဲ့ခြင်း မဟုတ်၊ ဆရာနှင့် အတူ ဖမ်းဆီးခြင်းခံနေရသော တပည့် ၉ ဦး၏ အသက်ကို ကယ်ဆယ်ရန်အတွက် ဘုရင့်အမိန့်ကို နာခံခဲ့ခြင်းဖြစ်သည်ကို တပည့်တို့ သိစေချင်သည်။ ဆရာ့ကိုယ်စား ဆရာ၏ တပည့် ၉ ဦးကို ဓားစာခံအဖြစ် ထားခဲ့ရသည်"

ဗိုလ်နန္ဒက ရှင်းပြလိုက်ရာ တောတွင်းသားများသည် မခံမရပ်



နိုင်ဖြစ်ကာ လှုပ်လှုပ်ရွရွဖြစ်လာပြီး ဓားအိမ်မှ ဓားကို ဆွဲရွှတ်သူချွတ်၊ လေးနှင့်မြားကို အသင့်ပြင်သူကပြင်နှင့် ဖြစ်နေကြပေသည်။

"ဆရာ … သီဟရာဇာဘုရင်ကို အညံ့မခံ အရှုံးမပေးပါနှင့်၊ ဆရာ့တပည့်များရှိပါသည်။ ဆရာသာ ရှေ့က လမ်းပြပြီး ချီတက်ပါ၊ သီဟရာဇာဘုရင်၏ လက်တွင်းရှိ သွေးသောက်ရဲဘော် ၉ ဦးကို သွားရောက်ကယ်တင်ပါအုံ့၊ ဆရာ လမ်းပြပါလော့"

တောတွင်းသားများ၏ တစ်ခဲနက်သော အသံကြီးမှာ တောတွင်းတစ်ခုလုံး ဆူညံ၍သွားပေသည်။

"တပည့်တို့ အကျိုးမရှိသည့် အလုပ်ကို မလုပ်ကြပါနှင့်၊ တပည့်တို့၏ သွေးသောက်ရဲဘော် ၉ ဦးမှာ အလွန်တရာ ခိုင်လုံသော အကျဉ်းထောင်အတွင်း၌ ချထားခြင်း ခံနေရသဖြင့် သွားရောက် ကယ်တင်ရန် လွယ်ကူပါ၊ သီဟရာဇာဘုရင်၏ စစ်သည်တော် အင်အားမှာလည်း ကြီးမားလှသဖြင့် တပည့်တို့သာ ဆုံးရှုံးနစ်နာဖွယ်ရာ ရှိပါသည်။ တပည့်တို့၏ သွေးသောက်ရဲဘော် ၉ ဦးအတွက် တစ်စုံတစ်ရာ မစိုးရိမ်ပါလင့်။ ဆရာအသက်နှင့်လဲပြီး ဘုရင့်အမှုတော်ကို ထမ်းရွက်ကာ ရဲဘော် ၉ ဦး၏ အသက်ကို ကယ်တင်ပါမည်။ ဤကိစ္စအတွက် အသေခံစရာရှိလျှင် ဆရာတစ်ဦးတည်းသာ အသေခံပါရစေ"

"ဆရာတစ်ဦးတည်း အသေခံမည်ဆိုခြင်းကို ကျွန်တော်တို့ လက်မခံနိုင်ပါ၊ ဆရာနှင့် သေအတူရှင်မကွာ ဆရာ့နောက်ပါးက လိုက်ပါရှင်။ ဆရာ၏ ဖခမည်းတော် မဟာသောဂ ဘုရင်ကြီး လက်ထက်မှ အားပြု၍ သစ္စာရှိစွာဖြင့် အမှုတော်ထမ်းခဲ့သည့် နီလာမြို့စားကြီး၏ သားတော် ဖြစ်သော ကျွန်တော် ကျော်ဇေယျသည် ဆရာ့အပေါ်မှ တစ်ခါမှ မခွာဘဲ လိုက်ခဲ့ပါအုံ့"

ရှေ့ဆုံးမှ ရောက်ရှိလာသည့် တောပုန်းကြီး ကျော်ဇေယျ[illegible] လက်[illegible]တော်ဓားကို ဝင့်ကာ ပြောလိုက်သည်။

www.burmeseclassic.com



"မဟာသောဂ ဘုရင်ကြီး၏ လက်ရုံးတစ်ဆူ ဖြစ်သော ပတ္တမြားမြို့စားကြီး၏ သားတော် ဖြစ်သော ကျွန်ုပ် အာဠာဝကလည်း ဆရာ့အပါးမှ တစ်ဖဝါးမှ မခွာဘဲ ဆရာ၏ သစ္စာကို စောင့်သိရိုသေစွာဖြင့် ဆရာ့အမှုတော်ကို ဆောင်ရွက်ရန် အသင့်ရှိကြောင်းပါ"

နှာတံပေါ်ပေါ် နဖူးကားကား ထောင်ထောင်မောင်းမောင်းနှင့် အာဠာဝက ဆိုသူက တောအုပ်ကြီး တစ်ခုလုံး ပဲ့တင်ထပ်သွားအောင် တဖြောင်းဖြောင်း လက်ပမ်းပေါက်ခတ်ရင်း ပြောလိုက်ပြန်သည်။

"တပည့်တို့ ... တပည့်တို့သည် အကြောင်းမဲ့သက်သက် အကျိုးမရှိသည့် အလုပ်ကို မလုပ်လိုကြပါနှင့်၊ တပည့်တို့ ကိုယ်စား ဆရာသည် ရှေ့ဆုံးမှနေပြီး အသေခံရန် အသင့်ရှိသည်ကို တပည့်တို့ သိပြီးဖြစ်သည်။ ဆရာနှင့်အတူ လိုက်ပါလာခြင်းဖြင့် တပည့်တို့သာ ဘေးအန္တရာယ်များ‌လိမ့်မည်"

"ဆရာ အသေခံဝံ့လျှင် တပည့်ဖြစ်သူ ငနေမျိုးလည်း သေမင်းနှင့် ရင်ဆိုင်ဝံ့ကြောင်းပါ၊ ဆရာတစ်ဦးတည်း မသွားပါနှင့်၊ ကျွန်တော် ငနေမျိုးပါ လိုက်ပါရစေ၊ သွေးသောက်ရဲဘော် အပေါင်းတို့ ဆရာနှင့်အတူ လိုက်ပါရန် အသင့်ပြင်ကြလော့၊ အင်ကြင်းမြိုင် တောအုပ်ရှိရာသို့ ဆက်သားလွှတ်ပြီး တောပုန်း ရဲဘော်မှန်သမျှ အားလုံးချီတက်ရန် အမိန့်ပေးလော့"

နေမျိုးဆိုသူ အသားဖြူဖြူ လူခပ်ရွယ်ရွယ်က တောပုန်းများအား လှမ်းပြီး ပြောလိုက်ရာ တောတွင်းသား ရဲဘော်အပေါင်းတို့သည် တညီတညာတည်း ရှေ့သို့ ချီတက်ကြသည်မှာ ကြောက်ဖွယ်လိလိပင် ဖြစ်ပေသည်။

"တပည့်တို့ ဆရာပြောမည် နားထောင်၊ ဆရာ၏ လက်ရုံးတစ်ဆူဖြစ်သော ပယင်းမြို့စားကြီး၏ သားတော် ဖမောင်နေမျိုးလည်း ဆရာပြောမည့်စကားကို သေသေချာချာ နားထောင်လော့၊ အကြမ်းမှုကို အနု



နည်းနှင့်သာ အောင်စေရာသည် ဆိုတဲ့ ဆောင်ပုဒ်အရ တပည့်တို့အား နလုံးရည်လမ်းစဉ်ကို ဆရာချမှတ်ပေးထားသည် မဟုတ်တဲ့လော၊ နလုံးရည်လမ်းစဉ်ဖြင့် ဆရာသည် သီဟရာဇာ ဘုရင်မင်းမြတ်၏ ကြိုးစင်မှ အခိုက်အတန့်အားဖြင့် လွတ်မြောက်ခဲ့ရသည်၊ နလုံးရည်လမ်းစဉ်ဖြင့်ပင် သီဟရာဇာ ဘုရင်မင်းမြတ်ထံတွင် ဓားစာခံအဖြစ် သွေးသောက်ရဲဘော် ၉ ဦး၏ အသက်ကို ကယ်ဆယ်ရန် ဆရာ သန္နိဋ္ဌာန်ချထားပြီးဖြစ်၍ အသေခံစရာရှိလျှင် ဆရာတစ်ဦးတည်းသာ အသေခံပါမည်၊ ထိုအတောအတွင်း တပည့်တို့၏ အကူအညီကိုလိုလျှင် ဆရာ အခေါ်လွှတ်ပါမည်၊ ထိုအခါတွင်သာ အသင့်ရှိကြပါစေ"

ဗိုလ်နန္ဒသည် အသံဝါကြီးနှင့် ပြောလိုက်ရာ တပည့်များသည် ဆရာ၏စကားကို ရိုသေစွာ နားထောင်ကြပေသည်။

"ဆရာမသွားမီ တပည့်တို့အား မှာစရာ စကားများရှိသည်"

ဗိုလ်နန္ဒသည် တပည့်များအား လှမ်းပြီး ပြောလိုက်သည်။

"မှာစရာရှိလျှင် မှာကြားခဲ့ပါ- တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပါမည်"

ဗိုလ်နေမျိုး ဆိုသူက တောတွင်းသားများ ကိုယ်စား ကတိပေးလိုက်သည်။

"ယခုအချိန်မှအစပြု၍ တပည့်တို့သည် ပေါ့ပေါ့ဆဆ မနေကြနှင့်၊ သုဝဏ္ဏနိုင်ငံ သုမနဘုရင်ယုတ်သည် စေတုတ္တရာ နိုင်ငံတော် စန္ဒာဒေဝီ ဘုရင်မအား အနိုင်ကျင့်ပြီး အပိုင်သိမ်းရန် အကြံယူနေသည်ဟု သိရသည်။ သုမနဘုရင်၏ သူလျှိုများလည်း စေတုတ္တရာနိုင်ငံတွင် ခြေရှုပ်နေကြသည်ဟု ကြားသိရသည်၊ တပည့်တို့သည် နားနှင့် မျက်စိကို ဖွင့်ထားပြီး သုမနဘုရင်၏ အကြံအစည်များ ပျက်စီးအောင် နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးပစ်ကြလော့ ..."

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒက တပည့်များအား သတိပေးလိုက်ရာ တောတွင်းသား ရဲဘော်များသည် ဆရာ့စကားကို နားစွင့်နေရာမှ ...

"သုမနဘုရင်ယုတ်ကို တွေ့ရာသချိုင်း တားမဆိုင်းစေနဲ့ ... သုမန ဘုရင်ယုတ်ကို မျိုးပါဖြုတ်ပစ်ရမည်"

ဟူသော တောတွင်းသား ရဲဘော်များ၏ တစ်ခဲနက်သော အသံကြီးသည် တစ်တောလုံး ပွဲ့တင်ထပ်၍ သွားပေသည်။

"နောက်တစ်ခု မှာစရာရှိသေးသည်၊ စေတုတ္တရာ နိုင်ငံတော်မှ ဘုရင်မ မျက်တော်မူသဖြင့် ထွက်ပြေးတိမ်းရှောင်လာသော ဗိုလ်မှူးကလေး မောင်သုတသည် အင်ကြင်းမြိုင် တောကြီးဘက်သို့ တစ်ယောက်တည်း ထွက်ခွာသွားသည်– ၎င်းတွင် ဆရာ၏ အမှတ်အသားဖြစ်သော ဗိုခနောက်ဆိုင် သစ်ရွက်သုံးရွက်နှင့် သစ်ခက်တစ်ခက် ပေးလိုက်သည်၊ မောင်သုတအား ကောင်းမွန်စွာ စောင့်ရှောက်ထားရန် ဆရာ မှာကြားခဲ့မည်၊ ဗိုလ်မှူးကလေး မောင်သုတအား ဖမ်းဆီးရန် ဘုရင်မ၏ စစ်သည်တော် ၇ ဦးလည်း အင်ကြင်းမြိုင် တောကြီးဘက်သို့ ချီတက်သွားကြသည်၊ ဤစစ်သည်တော် ၇ ဦးအား လက်ရဖမ်းဆီးပြီး ဘုရင်မ၏ နန်းတွင်းရေးများနှင့် နိုင်ငံတော်အရေးများကို စစ်ဆေးရမည်၊ ထိုသူ ၇ ဦးထံမှ လက်နက်များ သိမ်းဆည်းပြီး လုံခြုံသော နေရာတွင် ထားရှိရမည်"

ဗိုလ်နန္ဒက မှာကြားနေပေရာ ဗိုလ်နန္ဒ၏ တပည့်များသည် ဆရာ မှာကြားသမျှကို မှတ်သား၍ နေကြပေသည်။

"ဆရာမသွားမီ တပည့်များအား အထူးမှာကြားခဲ့မည် ... သုဝဏ္ဏ နိုင်ငံ သုမနဘုရင်သည် အားနွဲ့သော စန္ဒာဒေဝီဘုရင်မကို လက်ရသိမ်းပိုက်ပြီး စေတုတ္တရာ နိုင်ငံတော်ကိုပါ သိမ်းယူဖို့ စီစဉ်နေသည်ကို အစဉ် သတိရပြီး သုမနဘုရင်၏ အကြံအစည် မှန်သမျှကို သတင်းရနိုင်သမျှ ရအောင် သုဝဏ္ဏနယ်စပ်သို့ အထောက်တော်များ စေလွှတ်ကာ သတင်းစုဆောင်းထားရမည်၊ တပည့်တို့လည်း ဥမကွဲသိုက်မပျက် ဆိုသလို လူစု



ခွဲနေကြဘဲ အင်ကြင်းမြိုင် တောကြီးအတွင်း အတူတကွ စုရုံးနေထိုင်ကြ — အင်ကြင်းမြိုင်တောရှိ ကျောက်စွာတို့ လူစုကိုလည်း ဆရာမှာသမျှ မှာကြားပါလေ၊ သတိတမန် ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့ အုပ် ဆိုသည့်စကားအရ သတိမလစ်စေနှင့်၊ ရင်ကို မြေကတုတ်လုပ်ပြီး ပညာစွမ်းဖြင့် ဘေးကင်းအောင် နေထိုင်ကြ ... ကဲ ... ဆရာမှာခဲ့သမျှ ကော်သဝေမတိမ်း လိုက်နာရစ်ကြပေတော့ ဆရာသွားပြီ"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို တောင်တန်းကလေးပေါ်မှ တစ်ဆင့် ဖောင်းဝတ်ရောင် မြင်းလိမ္မာကြီးအား အသာ ကြိမ်တို့လိုက်ပြီး အရှိန်ထိုး ထွက်၍သွားပေရာ တပည့်များသည် ဆရာဖြစ်သူအား မျက်စိအဆုံး ကြည့်ရင်း ကျန်ရစ်ခဲ့ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း—၅

မိုလ်နန္ဒသည် တစ်တောဝင် တစ်တောင်တက်နှင့် ခရီးပြင်းနှင်၍ လာခဲ့ပေရာ သုဝဏ္ဏနိုင်ငံနှင့် ဓေတုဗ္ဗရာ နိုင်ငံအကြားရှိ ကျောက်တောင်ကြီး အနီးသို့ ရောက်ရှိလာကာ ထိုမှတစ်ဆင့် ဓေတုဗ္ဗရာ နိုင်ငံဘက်သို့ ဦးတည်၍ ထွက်ခွာလာခဲ့ပြန်ရာ တောတန်းကလေး အလွန်တွင် မီးခိုး တလူလူ ထွက်နေသည့် တဲအိမ် ကျိုးတိုးကျဲတဲနှင့် ရွာကလေးတစ်ရွာကို ခပ်လှမ်းလှမ်းတွင် တွေ့မြင်ရပေသည်။

ရွာကလေးဆီသို့သွားသည့် လူသွားလမ်းကလေးမှာ ကျဉ်းမြောင်းလှပြီး အချို့သောနေရာများတွင် လမ်း၏ တစ်ဖက်တစ်ချက်တွင် ချုံနွယ် ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသဖြင့် လူဆိုးများ ခိုအောင်းပြီး ခရီးသွားများအား လုယက်တိုက်ခိုက်ဖို့ စားကျက်တစ်ခု သဖွယ် ဖြစ်သည်ကို သတိပြုမိသဖြင့် မိုလ်နန္ဒသည် သတိကြီးစွာဖြင့် ထိုလမ်းကလေးအတိုင်း မြင်းကြီးစီးပြီး တဖြည်းဖြည်း လာခဲ့ပေသည်။

တောတန်းကလေး လွန်လာခဲ့ပြီ ဖြစ်သော်လည်း သစ်ပင်ကြီးများမှာ ဟိုနေရာတစ်ပင် သည်နေရာတစ်ပင် ဆိုသလို ပေါက်ရောက်လျက်ရှိသည်ကို တွေ့ရပြီး လူသွားလမ်းကလေးနှင့် မလှမ်းမကမ်းတွင် မကြာမီက မီးလောင်ပြီး ပြာကျနေသည့် တဲအိမ်ကလေးများကို ဟိုနေရာ တစ်လုံး ဒီနေရာတစ်လုံး ဆိုသလို တွေ့မြင်ရသဖြင့် ဤနေရာသို့ လူဆိုးများ ဝင်ရောက်ဖျက်ဆီးသွားသည်မှာ မကြာသေးဟု ခန့်မှန်းနိုင်ပေသည်။



ဤနေရာမှာ သုဝဏ္ဏနိုင်ငံနှင့် ဓေတုဗ္ဗရာနိုင်ငံ အကြားရှိ မင်းမဲ့ဒေသ ဖြစ်သဖြင့် သုဝဏ္ဏနိုင်ငံဘက်မှ စစ်သည်တော်များ မကြာခဏ ရောက်ရှိလာကာ ရွာသားများကို နှိပ်စက်ခြင်း၊ ဆက်ကြေးတောင်းခြင်း၊ စားနပ်ရိက္ခာများ လုယူခြင်း၊ အမျိုးသမီးများကို ဖမ်းဆီးပြီး မတရား ပြုကျင့်ခြင်း စသည်တို့ကို မရှုမလှ ခံစားနေကြရသည့်ဒေသ ဖြစ်ပေသည်။

မိုလ်နန္ဒသည် တစ်ယောက်တည်း စဉ်းစားရင်း တဖြည်းဖြည်း လှမ်း၍လာခဲ့ပေရာ ချုံနွယ်ပိတ်ပေါင်းများ ဆောင်တွင် မကြာသေးမီက သေဆုံးနေသည့် မြင်းတစ်ကောင်ကို မြင်လိုက်သဖြင့် ထိုမြင်းကို လှမ်းကြည့်လိုက်ရာ တစ်ကိုယ်လုံး ဓားဒဏ်ရာများဖြင့် သွေးအလိမ်းလိမ်းနှင့် ဖြစ်နေသည်ကို သတိပြုမိသဖြင့် ဤမျှရက်စက်သောသူများ ရှိပါသေးသလော ဟူ၍ စိတ်ထဲတွင် တွေးတောရင်း ဘာမှပြန်ပြီး မခုခံနိုင်ရှာသည့် မြင်းကြီးအား ရက်စက်စွာ သတ်ဖြတ်သွားသူတို့အပေါ်တွင် ဒေါသ ထွက်မိပေသည်။

သေဆုံးနေသော မြင်းကြီးအနီးတွင် သားရေအိတ် ၂ လုံးကို တွေ့ရပြီး သားရေအိတ်အတွင်းရှိ ပစ္စည်းအချို့မှာ ချုံနွယ်များပေါ်တွင် ပြန့်ကျဲလျက် ရှိနေသည်ကို တွေ့မြင်ရသောအခါ လူဆိုးများက မြင်းကို သတ်ပြီး မြင်းရှင်၏ ပစ္စည်းများကို လုယက်ယူငင်ကြခြင်း ဖြစ်ရမည်ဟု အထစ်ချ ပြောနိုင်ပေသည်။

ဤအတိုင်းမှန်လျှင် မြင်းရှင်သည် ဤအနီးအနားတွင် ရှိရမည်၊ သို့တည်းမဟုတ် လူဆိုးများ၏ လက်ချက်ဖြင့် မြင်းကြီး သေဆုံးသကဲ့သို့ သေဆုံးနေရှာပြီလော။

မိုလ်နန္ဒသည် တစ်ယောက်တည်း စဉ်းစားရင်း ဟိုဟိုဒီဒီ ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းရှိ သစ်ပင်အုပ် တစ်ခုအနီးရှိ ချုံကွယ်မှ ဓားချင်း ခုတ်သည့် အသံများနှင့်အတူ လူတစ်ယောက်၏ စူးရှူးဝါးဝါး အော်လိုက်

www.burmeseclassic.com



သည့် အသံကို ကြားရသဖြင့် ဓားကို ဓားအိမ်မှ အသင့်ထုတ်ကိုင်ပြီး လျှင် အသံကြားရာသို့ မြင်းကို ဒုန်းစိုင်းပြီး သွားပေသည်။

အနီးသို့ ရောက်သောအခါ တစ်ကိုယ်လုံး ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသည့် သန်မာထွားကျိုင်းသည့် လူတစ်ယောက်သည် မိမိအား ဝိုင်းပြီး ဓားနှင့်ခုတ်ရန် ကြံစည်နေသော လူ ၂ ယောက်အား ဓားတစ်လက်နှင့် အကြိတ်အနယ် ခုခံလျက်ရှိသည်ကို တွေ့ရပေသည်။ အနီးတွင်လည်း လူတစ်ယောက်မှာ ဓားဒဏ်ရာဖြင့် သွေးကွက်ထဲတွင် လဲနေသည်ကို တွေ့မြင်လိုက်ရပေရာ စောစောက ကြားလိုက်ရသည့် အသံမှာ ထိုလူ၏အသံ ဖြစ်ရမည်ဟု တထစ်ချ ပြောနိုင်ပေသည်။

လူနှစ်ယောက်နှင့်တစ်ယောက် ဓားချင်း ယှဉ်ခုတ်နေသည်ကို မြင်ရသောအခါ ဗိုလ်နန္ဒသည် အားနည်းသောသူဘက်မှ ကူညီလိုသော စိတ်ဆန္ဒရှိသူ ဖြစ်သည်နှင့်အညီ ဝတ်ဖြူစင်ကြယ်နှင့်လူဘက်မှ ဝင်ရောက်ကူညီရန် မြင်းကြီးပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပေသည်။

ဝတ်ဖြူစင်ကြယ်နှင့်လူကို ဝိုင်းပြီး ဓားနှင့် ခုတ်နေသော လူနှစ်ယောက်မှာလည်း ဗိုလ်နန္ဒအား မြင်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်ယောက်သောသူသည် ချုံပုတ်တစ်ခု အတွင်းသို့ ဝင်ပြေးလေသည်။ ကျန်တစ်ယောက်မှာလည်း အဖော်ဖြစ်သူ မရှိတော့သည်သာမက ဝတ်ဖြူစင်ကြယ်နှင့်လူဘက်မှ စစ်ကူရောက်လာသည်ကို မြင်သောအခါ စိတ်ဓာတ် ကျဆင်းကာ ထိုးစစ်မှ ခံစစ်သို့ ပြောင်းပြီး ဣန္ဒြေမပျက် ခုခံရင်း တဖြည်းဖြည်း နောက်သို့ဆုတ်ကာ အလစ်တွင် တစ်ကြိုးတည်း ထွက်ပြေးလေသည်။

ဝတ်ဖြူစင်ကြယ်နှင့် လူသည်လည်း ဓားရှည်ကြီးကို ကိုင်ကာ ထွက်ပြေးသူ၏ နောက်သို့လိုက်ပြီး ခုတ်မည်ပြုပြီးမှ ဗိုလ်နန္ဒကို မြင်လိုက်သဖြင့် ခြေလှမ်းကို တန့်လိုက်ပြီး ဗိုလ်နန္ဒအား လှည့်ကြည့်လိုက်သည်။



ပြီးမှတစ်ဖန် မိမိလက်တွင် ကိုင်ထားသည့်ဓားကို ကြည့်လိုက်ရာ [illegible]များ စွန်းထင်းနေသည်ကို မြင်လိုက်သဖြင့် ဝတ်ဖြူစင်ကြယ်နှင့်လူ[illegible]သည် ဓားကို လွှတ်ချလိုက်သည်။

"ဘုရား ... ဘုရား ... ငါးပါးတော့ မှောက်ကုန်ပြီထင်ပါရဲ့"

ဝတ်ဖြူစင်ကြယ်နှင့်လူက မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ပြော[illegible] လမ်းဘေးတွင် သွေးအိုင်ထဲ၌ လဲနေသူကို ကြည့်လိုက်၊ သွေးစွန်း[illegible]သော ဓားကိုကြည့်လိုက်နှင့် စိတ်မချမ်းမသာ ဖြစ်နေပုံရပေသည်။

"ဘယ်လိုဖြစ်ကြတာလဲ ... ကျွန်တော့်ကို ပြောပြစမ်းပါဦး"

ဗိုလ်နန္ဒသည် ဝတ်ဖြူစင်ကြယ်နှင့်လူအား မေးလိုက်သည်။

"ဘုရား ကယ်တော်မူပါ ... သူတစ်ပါးအသက်ဆိုလို့ ပုရွက်ဆိတ်[illegible] မသတ်ခဲ့ဖူးပါလျက် လူတစ်ယောက်ရဲ့ အသက်ကို သတ်မိပြီ — တစ်သက်လုံး စောင့်ထိန်းလာသမျှ ဒီတစ်ခါတော့ သီလပျက်ပါပြီ"

ဝတ်ဖြူစင်ကြယ်နှင့်လူသည် ဗိုလ်နန္ဒ၏ မေးခွန်းကို မဖြေဆို[illegible]သေးဘဲ သွေးအိုင်ထဲတွင် လဲနေသောသူကို ကြည့်ပြီး ပါးစပ်မှ ရွတ်[illegible]ပြီးလျှင် သွေးအိုင်ထဲတွင် လဲနေသူ၏ ခေါင်းရင်းတွင် ဒူးတုပ်ပြီး [illegible]သူကို စိုက်ကြည့်နေပေသည်။

"မင်းကို သေစေလိုတဲ့ စေတနာနဲ့ ငါသတ်တာ မဟုတ်ပါဘူး၊ [illegible]ပေါ်မှာ ခွင့်လွှတ်ပါ ... မင်းလည်း ကောင်းရာသုဂတိသို့ လားပါ[illegible] — ငါတစ်သက်လုံး ပြုစုခဲ့သမျှ ကုသိုလ်ကောင်းမှုအဖို့ကို ငါအမျှဝေ[illegible]တယ်ကွယ် ... အမျှ ... အမျှ ... အမျှ ..."

ဝတ်ဖြူစင်ကြယ်နှင့်လူသည် သွေးအိုင်ထဲတွင် သေဆုံးနေသူ၏ ခေါင်းရင်းဘက်မှ တတွတ်တွတ် ရေရွတ်နေပေသည်။

"ဘယ်လိုဖြစ်ကြတာလဲဆိုတာ ... တစ်ဆိတ်လောက် အမိန့်ရှိ[illegible]ဦး ..."

ဗိုလ်နန္ဒက မေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွဲ့ — ဒီလို … ဟောဟိုက ရွာကလေးကို မြင်တယ်မဟုတ်လား"

ဝတ်ဖြူစင်ကြယ်နှင့်လူက နိဒါန်းပျိုးရင်း ခပ်လှမ်းလှမ်းရှိ ရွာကလေးကို လက်ညှိုးထိုးပြလိုက်သည်။

"ဟုတ်ကဲ့ … မြင်ပါတယ်"

"ကျုပ်က အဲဒီရွာကလေးကိုသွားပြီး ဒုက္ခိတ လူမမာတွေကို ဆေးဝါးကုသရင်း လိမ္မာယဉ်ကျေးအောင် တရားဓမ္မဟောပြောဖို့အလာ — ဟောဒီ လမ်းခရီးမှာ စောစောက မြင်လိုက်တဲ့ လူဆိုးနှစ်ယောက်နဲ့ ဟောဒီမှာ သေဆုံးပြီး ကျန်ရစ်ခဲ့တဲ့ လူဆိုးတစ်ယောက်က ချုံပုတ်ထဲက ထွက်လာပြီး ကျုပ်ဆီမှာ ပါလာတဲ့ ပစ္စည်းတွေကို လုကြတယ် … ကျုပ်မှာ အဖိုးတန် ပစ္စည်းဆိုလို့ ဘာမှ မပါပါဘူးဆိုပြီး တောင်းပန်တာလည်း မရဘူး … ကျုပ်ရဲ့ လွယ်အိတ်နှစ်လုံးကို မွှေနှောက်ရှာဖွေပြီး လွယ်အိတ်ထဲမှာ ပါတဲ့ ဆေးဝါးတွေနဲ့ တရားစာအုပ်တွေကို လွှင့်ပစ်တယ် … ကျုပ်က သည်းခံနိုင်သမျှ သည်းခံပြီး သူတို့လုပ်သမျှကို ကြည့်နေပါတယ်၊ အဲဒီအချိန်မှာ ကျုပ်ရဲ့ မြင်းက သူတို့ကိုလန့်ပြီး ခုန်ပေါက်လိုက်တာနဲ့ လူဆိုးတစ်ယောက်ကို မြင်းခွာနဲ့ ရုပ်မိသွားတယ် … ဒါနဲ့ အဲဒီလူဆိုးက မြင်းကို ဒေါသထွက်ပြီး ဓက်ကြိုးဆွဲပြီး တအားလွှဲရိုက်တယ်၊ မြင်းကလည်း ကြောက်ကြောက်လန့်လန့်နဲ့ ရုန်းလား ကန်လားလုပ်တော့ ကျန်တဲ့ လူနှစ်ယောက်က အတင်းဝင်ပြီး မြင်းကို ဓားနဲ့ ထိုးလား၊ ခုတ်လားလုပ်လို့ ကျုပ် မြင်းလေး သေရရှာတယ်၊ ဒီအထိ ကျုပ်သည်းခံနေခဲ့တယ်၊ ဒါပေမဲ့ ထားရာကနေရှာတဲ့ တိရစ္ဆာန်ကို ခုလိုရက်ရက်စက်စက် ညှဉ်းဆဲနေတာကို ကျုပ် မကြည့်ရက်တော့တာနဲ့ လူဆိုးတစ်ယောက်ရဲ့ လက်က ဓားကိုဆွဲပြီး အတင်းဝင်ခုတ်လိုက်တာ မောင်ရင် မြင်တဲ့အတိုင်းပါပဲ"

ဝတ်ဖြူစင်ကြယ်နှင့်လူက အဖြစ်အပျက်များကို ရှင်းပြနေပေရာ ထိုအခါကျမှ ဗိုလ်နန္ဒသည် သဘောပေါက်၍ သွားပေသည်။



"ဒီအတိုင်းဆိုရင် အကြည်တော်ရဲ့ အလွန်မှ မဟုတ်ဘဲ … လူဆိုး သုံးယောက်ရဲ့ အလွန်ပဲ၊ ပြီးတော့ ဟိုလူ သေရတာဟာလည်း အကြည်တော်က သေစေလိုတဲ့ စေတနာနဲ့ ခုတ်သတ်လို့ သေရတာမှ မဟုတ်ဘဲ၊ အကြည်တော် ပါဏာတိပါတကံ မထိုက်ပါဘူး၊ လူဆိုးတွေကို ခုလို နှိမ်နင်းတာဟာ ကုသိုလ်တောင် ရပါသေးတယ်"

ဗိုလ်နန္ဒက နှစ်သိမ့်စကား ပြောကြားလိုက်ပေသည်။

"ဘာပဲပြောပြော လူတစ်ယောက်ရဲ့ အသက်ကို သတ်မိတဲ့အတွက် စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ အင်း … လောဘ … ဒေါသ — မောဟ–ဆိုတဲ့ တရားတွေဟာ တယ်ပြီး ဆိုးပါလား"

ဝတ်ဖြူစင်ကြယ်နှင့်လူက ညည်းညူလိုက်သည်။

"အကြည်တော်က သေစေလိုတဲ့ စေတနာနဲ့ သတ်တာမှ မဟုတ်ဘဲ၊ သူတို့ကို အကြည်တော်ရဲ့ စိတ်ထဲမှာ သည်းမခံနိုင်လောက်အောင် ရက်စက်ယုတ်မာလာကြလို့ အကြည်တော်ရဲ့ စိတ်ကို မချုပ်တည်းနိုင်လို့ ဖြစ်သွားရတဲ့ဥစ္စာပဲ၊ ပြီးတော့ သုံးယောက်နဲ့ တစ်ယောက်ဆိုတော့ အကြည်တော် ဘာမှအပြစ်မရှိပါဘူး"

ဗိုလ်နန္ဒက အားပေးစကားပြောလိုက်သည်။

"မောင်ရင်ပြောတဲ့စကားလည်း မှန်ပါတယ်၊ ဒါပေမဲ့ မြတ်စွာဘုရားက လောဘ၊ ဒေါသ၊ မောဟ စိတ်တွေကို ချုပ်တည်းပြီး မေတ္တာတရား ပွားများကြရမယ်လို့ ဟောကြားတော်မူခဲ့တယ် မဟုတ်လား၊ ရန်တို့ရန်ချင်း မတုံ့မူဘဲ သည်းခံရမယ်လို့ ဟောကြားတော်မူခဲ့တာကို အမြဲသတိရပြီး တစ်သက်လုံး သည်းခံလာခဲ့ပါလျက် ဒီတစ်ခါကျမှ ဘယ်လို သတိလက်လွတ် ဖြစ်သွားရတယ်ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့ မရဘူး"

"ပုထုဇဉ်မှန်သမျှ လောဘ၊ ဒေါသ၊ မောဟ ဆိုတာ ရှိကြစမြဲပဲ၊ အကြည်တော်လို ပုဂ္ဂိုလ်လိုမျိုးမို့လို့သာ ဒီအထိ စိတ်ချုပ်တည်းပြီး သည်းခံ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တာ၊ ဒါလောက် သည်းခံနိုင်တာဟာ နည်းတဲ့သတ္တိမှ မဟုတ်ဘဲ၊ သည်းခံပါလျက်သားနဲ့ အနိုင်ကျင့်လာတော့လည်း စိတ်မိုက်ရိုင်းတွေ ဝင်လာတတ်တာပဲ။ ပြီးတော့ ပြုခဲ့ပြီးတဲ့ အကုသိုလ်တရားကို ပြန်ပြီး သတိရနေခြင်းဖြင့် အကုသိုလ်သာ ပွားများမယ် မဟုတ်လား၊ အကုသိုလ်ကို ကုသိုလ်တရားဖြင့် တားဆီးရမယ်။ ပြုခဲ့ပြီးတဲ့ အကုသိုလ်တရားတွေကို အဖန်တလဲလဲ မအောက်မေ့ဘဲ ကုသိုလ်တရားကိုသာ ပွားများရမယ်လို့ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သားပဲ။ အရေးကြီးဆုံးက စိတ်ပဲမဟုတ်ပါလား၊ ဘာမဆို စိတ်ထားတတ်ရင် မြတ်တာပဲ၊ ဒုဋ္ဌဂါမဏိမင်း လက်ထက်က သာသနာတော်ကို ဖျက်ဆီးတဲ့ ကျေးသားငါးရာကို မိတ္တက ချေမှုန်းသုတ်သင်ခဲ့ပေမယ့် စိတ်ထားစေတနာမြတ်တဲ့အတွက် ပါဏာတိပါတကံ မထိုက်ဘူးဆိုတာ မဟာဝင်–ဒီပါဝင်မှာ အထင်အရှားပါသားပဲ။ ပြီးတော့ မြတ်စွာဘုရားသခင် လက်ထက် မျက်စိအလင်းမရတဲ့ စက္ခုပါလ မထေရ်ကြီးဟာ စင်္ကြံလျှောက်တဲ့အခါ ပိုးပုရွက်ပေါင်းများစွာ သေကျေ ပျက်စီးခဲ့ရတယ် မဟုတ်လား။ ဒါပေမဲ့ စေတနာက သေစေလိုတဲ့ စေတနာမပါတဲ့အတွက် အကုသိုလ် ဒုစရိုက်မဖြစ်နိုင်ဘူးလို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သားပဲ။ ဒီတရားတွေနဲ့ ဖြေမှပေါ့"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ ဝတ်ဖြူစင်ကြယ်နှင့်လူသည် ဗိုလ်နန္ဒအား အံ့အားသင့်သည့် အမူအရာဖြင့် စိုက်ကြည့်ရင်း ဗိုလ်နန္ဒ ပြောသမျှကို ပါးစပ်အဟောင်းသားနှင့် နားထောင်နေလေသည်။

"မောင်ရင် ဘယ်သူဘယ်ဝါ မသိရဘူးလား၊ မောင်ရင်ရဲ့ ဥပမိရုပ်ကို မြင်လိုက်တော့ မောင်ရင်ဟာ သူရသတ္တိနဲ့ ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ လွယ်လွယ်နဲ့ ပြောနိုင်တယ်၊ ဒါပေမဲ့ မောင်ရင် ပြောလိုက်တဲ့ စကားတွေဟာ တရားသံပါပြီး နူးညံ့သိမ်မွေ့လှတဲ့အတွက် အကဲခတ်လို့မရအောင် ဖြစ်သွားတယ်၊ မောင်ရင် ဘယ်သူဆိုတာ လင်းစမ်းပါဦး"



ဝတ်ဖြူစင်ကြယ်နှင့်လူက မေးလိုက်သည်။

"ကျွန်တော်ဟာ ကံစီမံရာကို ခံနေရတဲ့ သာမန်ပုထုဇဉ် တစ်ဦး[illegible]သာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ အတိတ်ကို ဇာတ်ကြောင်းပြန်လို့ [illegible]ရှိမှာမဟုတ်လို့ ဇာတ်ကြောင်း မပြန်ပါရစေနဲ့တော့။ အနာဂတ်[illegible]လည်း ဘယ်သူမှ မြင်နိုင်စွမ်းမရှိဘဲ မှောင်ထဲမှာစမ်းပြီး သွားနေကြ[illegible]အတွက် ရှေ့အဖို့ ဘာဖြစ်မယ် ဆိုတာကိုလည်း ပြောပြနိုင်စွမ်းမရှိပါ၊ [illegible]ဘဝကို ပြောရမယ်ဆိုရင် ကံကို အရင်းတည်ပြီး ဉာဏ်နှင့်ဝီရိယ[illegible] အားကိုးကာ အနာဂတ်အတွက် မျှော်လင့်ချက်ဖြင့် ခရီးသည်တစ်ဦး[illegible]ပါတယ်။ ကျွန်တော့်ရဲ့ နာမည်ကတော့ နန္ဒလို့ ခေါ်ပါတယ်"

ဗိုလ်နန္ဒက ပြန်ဖြေလိုက်သည်။

"ကျုပ်လည်းပဲ မောင်နန္ဒလိုပဲ မှောင်ထဲမှာစမ်းပြီး ခရီးသွားနေ[illegible] သံသရာခရီးသည် တစ်ဦးပါပဲ၊ မှောင်ထဲကနေပြီး အလင်းရောင်[illegible]လေး ရအောင် သမထ ဝိပဿနာတရား အားထုတ်ရင်း ဆင်းရဲဒုက္ခ[illegible]တ်နေတဲ့ လူမမာတွေကို ဆေးဝါးကုသပြီး ကုသိုလ်ကောင်းမှုပြုနေ[illegible]တစ်ဦး ဖြစ်ပါတယ်။ ခုလည်းပဲ ရှေ့က ရွာကလေးကိုသွားပြီး ဆင်းရဲ[illegible]ရောက်နေတဲ့ လူတွေကို စိတ်ချမ်းသာရာရအောင် တရားရေအေး[illegible]တွေးရင်း ကျုပ်တတ်တဲ့ပညာနဲ့ မမာမကျန်းဖြစ်နေတဲ့ လူတွေကို [illegible]ဝါးကုသပေးဖို့ ထွက်လာခဲ့တာပဲ၊ အရင်တုန်းကဆိုရင် ဒီရွာကလေး[illegible] အင်မတန်သာယာတယ်၊ ခုအခါမှာတော့ သုဝဏ္ဏနိုင်ငံက သုမန[illegible]ရှင်ရဲ့ လက်ပါးစေတွေရဲ့ ရမ်းကားမှုကြောင့် ရွာပျက်မတတ် ဖြစ်နေ[illegible]ယ်။ ဒါကြောင့်လည်း ဒီရွာသားတွေကို သနားပြီး ကျုပ်မကြာခဏ[illegible]ပြီး စောင့်ရှောက်နေတာပါ"

"သာဓု ... သာဓု ... လောဘ–ဒေါသ–မောဟ တရားတွေ ဖုံး[illegible]ပြီး လူစိတ်ကင်းတဲ့လူတွေ စိုးမိုးနေတဲ့ အချိန်မှာ အကြည်တော်လို[illegible]တော်ကောင်း တစ်ယောက်နဲ့ ခုလိုလာတွေ့ရတာ များစွာမှပင် ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဝမ်းသာ ဖြစ်မိပါတယ်၊ အကြည်တော်ရဲ့ သီလ–သမာဓိကို လေးစားသောအားဖြင့် ဆရာလေးလို့ ခေါ်ခွင့်ပြုစေချင်ပါတယ်"

"မောင်ရင် ခေါ်ချင်သလိုခေါ်နိုင်ပါတယ်၊ ဒါထက် အချိန်လည်း သိပ်မရှိတော့ဘူး။ ရွာကလေးကို ညဥ့်မနက်မီ ရောက်အောင် သွားဖို့က ရှိသေးတယ်"

"မှန်ပေသားပဲ၊ ဆရာလေးပြောမှ သတိရတယ်၊ ဆရာလေးရဲ့ ပစ္စည်းတွေ ပြန့်ကျဲဖြစ်တာကို ကျွန်တော် သိမ်းပေးပါရစေ"

ဗိုလ်နန္ဒသည် လူဆိုးများ မွှေနှောက်ရှာဖွေပြီး ပြန့်ကျဲပစ်ခဲ့သည့် ဆရာလေး၏ ဆေးဝါးများနှင့် တရားစာအုပ်များကို တစ်ခုစီ ရှာဖွေ သိမ်းဆည်းပြီး သားရေအိတ်ထဲသို့ ပြန်ထည့်ပြီးလျှင် ထိုသားရေအိတ် နှစ်လုံးကို မိမိ၏ မြင်းပေါ်သို့ တင်လိုက်သည်။

"ကဲ–လာ ဆရာလေး၊ သွားကြစို့၊ ရွာအဝင်ဝအထိ ကျွန်တော် လိုက်ပို့လိုက်မယ်"

ပြောပြောဆိုဆို ဗိုလ်နန္ဒသည် မိမိ၏ မြင်းလိမ္မာကြိုး၏ ဇက်ကြိုးကိုဆွဲပြီး ဆရာလေး ဆိုသူနှင့်အတူ ကုန်းကြောင်းခရီးဖြင့် ရွာကလေး ရှိရာသို့ လှမ်း၍လာခဲ့ပေသည်။

တစ်လှမ်းနှစ်လှမ်းမျှ လှမ်းမိလျှင် သစ်ပင်ချုံနွယ်များကြားမှ မိန်းမတစ်ယောက်သည် ပြေးထွက်လာပြီးလျှင် လက်ထဲတွင် ကိုင်ထားသည့် တုတ်ဖြင့် လမ်းဘေးတွင် သေဆုံးကျန်ရစ်ခဲ့သည့် လူဆိုး၏ ရုပ်အလောင်းကို တအားဝင်ရိုက်နေဘည်ကို တွေ့ရသဖြင့် ဆရာလေးသည် ထိုမိန်းမ အနီးသို့ ပြေး၍သွားပေသည်။

"ဒေါ်ဥမ္မာ ... ဒေါ်ဥမ္မာ ... သေနေတဲ့လူကို ဘာဖြစ်လို့ ရိုက်ချင်ရတာလဲ၊ ဒေါသရှေ့ထားရင် မှားမှာပေါ့"

ဆရာလေးက ဝင်ပြီးတားလိုက်သဖြင့် ဒေါ်ဥမ္မာဆိုသူ အမျိုးသမီးကြီးသည် လက်မှ တုတ်ကို လွှတ်ချလိုက်ပြီး ဆရာလေး ရှေ့တွင် ဒူးထောက်ကာ ချုံးပွဲချ၍ ငိုနေပေတော့သည်။



"ဆရာလေး ... ဆရာလေး ... ကျွန်မတို့ကို ကယ်တော်မူပါ [illegible]လေး– ဆရာလေးကို ကျွန်မတို့ မျှော်နေတာ ကြာလှပါပြီ၊ ကျွန်မ [illegible] သမီးလေးလည်း နေမကောင်းဘူး ဆရာလေးရဲ့၊ ဆရာလေးကိုချည်း [illegible]နေတာပဲ၊ ကျွန်မရဲ့ ခင်ပွန်းလည်း မရှိတော့ဘူး၊ ဟောဒီ အယုတ် [illegible]ကောင်ရဲ့ လက်ချက်နဲ့ သေခဲ့ရပြီ ဆရာလေးရဲ့၊ ကျွန်မရဲ့ သမီး [illegible]ကိုလည်း သူတို့တစ်တွေပဲ တောထဲကို အတင်းဆွဲခေါ်သွားကြ [illegible] ထင်သလို ပြုကျင့်ပြီးမှ ပြန်လွှတ်လိုက်တယ် ဆရာလေးရဲ့၊ ဒီအယုတ် [illegible]ကောင်တွေအပေါ်မှာ ကျွန်မ ဘယ်တော့မှ အခဲမကျေဘူး"

"ဒေါ်ဥမ္မာ သတိထားမှပေါ့ ဒေါ်ဥမ္မာ ... လက်စားချေတယ် [illegible] ကောင်းတဲ့အလုပ် မဟုတ်ပါဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့် [illegible]သိုလ် မဖြစ်စေနဲ့၊ သူ့အပြစ်သူ ခံလိမ့်မယ်၊ ပြုသူအသစ် ဖြစ်သူ [illegible]ောင်း ဆိုသလို ဒေါ်ဥမ္မာတို့ ခုလို လင်သေရတာ သမီးဖော်ကား [illegible]ာဟာ ဘဝကပြုခဲ့တဲ့ အကုသိုလ် ဒုစရိုက်တွေကြောင့် ဖြစ်တယ် [illegible] အသင့်အတင့် နှလုံးသွင်းပြီး တရားနဲ့ဖြေမှပေါ့"

"တရားနဲ့ ဖြေတာပဲ ဆရာလေးရဲ့ ... တရားနဲ့သာ မဖြေရင် ရူး [illegible]ကြာပြီ၊ ဆရာလေးနဲ့ ခုလိုတွေ့ရတာ ကျွန်မဖြင့် သိပ်ပြီး ဝမ်းသာ [illegible] အိမ်က သမီးလေးလည်း ပါးစပ်ဖျား တ,နေတာပဲ ဆရာလေးကို [illegible]ရင် သူ့ရောဂါ ပျောက်သွားမှာပဲ"

ဒေါ်ဥမ္မာသည် မျက်ရည်စများကို သုတ်ရင်း ပြောလိုက်သည်။

"ကဲ–ဒေါ်ဥမ္မာ ... ရွာကိုပြန်နှင့်ပေတော့၊ ဆရာလေး ဟောဒီ [illegible]နဲ့ နောက်က တဖြည်းဖြည်း လိုက်လာခဲ့မယ်"

ဆရာလေးက ပြောလိုက်ရာ ဒေါ်ဥမ္မာသည် ဆရာလေးကို [illegible] [illegible]သည့် အမူအရာဖြင့် ကြည့်လိုက်ပြီး တောလမ်းကလေးမှ တစ်[illegible] [illegible]လေးဆီသို့ ဝမ်းသာအားရ ပြေးသွားသည်ကို မြင်လိုက်ရ[illegible]သည်။

"ကဲ ... ဒီလူသေကို ဒီအတိုင်းထားခဲ့လို့ မဖြစ်ဘူး[illegible]တွင်းတူးပြီး

www.burmeseclassic.com

www.burmeseclassic.com



မြှုပ်ဖို့ကလည်း တွင်းတူးစရာ ဘာမှမရှိဘူး၊ သစ်ကိုင်းတွေ ခုတ်ပြီး အုပ်ထားပစ်ခဲ့ဦးမှပဲ"

ဆရာလေးသည် ပြောပြောဆိုဆို အနီးအနားရှိ သစ်ကိုင်းများကို ခုတ်ပြီး ဓားဒဏ်ရာဖြင့် သေဆုံးနေသော လူဆိုး၏ ရုပ်အလောင်းကို သစ်ခက်များဖြင့် ဖုံးအုပ်ခဲ့ပြီးနောက် မီးခိုးတလူလူ ထွက်နေသော တဲအိမ်ကလေးများ ရှိရာသို့ တဖြည်းဖြည်း လာခဲ့လေသည်။

ရွာကလေးအနီးသို့ ရောက်ရှိလာသောအခါ ရွာထဲမှ လူတစ်စုသည် ဗိုလ်နန္ဒနှင့် ဆရာလေး ဆိုသူတို့ထံ ဝမ်းသာအားရ ပြေးလာကြသည်ကို တွေ့မြင်ရပေသည်။

ထိုပြေးလာကြသည့် လူစုကို လှမ်းကြည့်လိုက်ရာ အဝတ်မပါဗလာနတ္တိနှင့် ကလေးသူငယ်များ၊ နပ်တွဲလောင်းနှင့် တစ်ကိုယ်လုံး ရွှံ့အလိမ်းလိမ်း ဖြစ်နေသော ကလေးများအပြင် ဟောင်းနွမ်းစုတ်ပြတ်နေသော အဝတ်စားများဖြင့် အရှက်ကို မလုံ့တလုံ ဖုံးကွယ်ထားရသည့် အမျိုးသမီးများနှင့် အကွက်အဆင်မပေါ်သည့် နံငယ်ပိုင်းများကို ဝတ်ဆင်ကာ ... အပေါ်ပိုင်း အင်္ကျီမရှိသော ယောကျ်ားများ ပါဝင်သည်ကို တွေ့မြင်ရပေရာ ဤရွာသူ ဤရွာသားများနှင့် ကလေးများကို ကြည့်ရခြင်းအားဖြင့် လူဆိုးများ၏ ဒဏ်ရာဒဏ်ချက်ကို လှလှကြီး ခံစားနေကြရရှာသည်ကို ကောင်းကောင်းကြီး ခန့်မှန်းနိုင်ပေသည်။

"ဆရာလေး ဦးပညာ လာပြီ ... ဆရာလေး လာပြီ ... ဆရာလေး ဦးပညာ ကျန်းမာ ချမ်းသာပါစေ ... သက်တော်ရာကျော် ရှည်ပါစေ"

ရွာထဲမှ ပြေးထွက်လာသူများသည် ဆရာလေး အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် တစ်ခဲနက် ကြွေးကြော်ကာ ဆရာလေး ဦးပညာအား ဝိုင်းပြီး ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကြပေသည်။ ဆရာလေး ဦးပညာမှာလည်း မိမိအား အားကိုးသည့် အမူအရာဖြင့် ဝမ်းသာအားရ



ဆီးကြိုနှုတ်ဆက်သူများအား ဖော်ရွေစွာ ပြန်၍ နှုတ်ဆက်လိုက်ပြီးလျှင် ရွာ၏ အခြေအနေကို မေးမြန်းနေပေသည်။

"ဆရာလေး အရင်တစ်ခေါက်လာပြီး ပြန်သွားကတည်းက ... [illegible]နိုင်ငံက စစ်သည်တော်တွေ ကျွန်တော်တို့ရွာကို နည်းအမျိုးမျိုးနဲ့ [illegible]စက်နေတာပဲ ဆရာလေးရယ် ... ကြက်ဆွဲ–ဘဲဆွဲ–ကြက်ဥတောင်း၊ [illegible]တောင်းလို့ မရရင် လူကိုဖမ်းပြီး နှိပ်စက်တော့တာပဲ၊ ကောင်းတဲ့ အဝတ်[illegible]မှန်သမျှ တစ်အိမ်တက်ဆင်း မွှေနှောက်ပြီး ယူသွားကြတာပဲ၊ ပြီးတော့ သူတို့လုယူထားတဲ့ ပစ္စည်းတွေကို သူတို့ရဲ့ စခန်းရောက်အောင် [illegible]ပို့ပေးရမယ်ဆိုပြီး အတင်းချောဆွဲလို့ လူရော၊ နွားရော၊ လှည်း[illegible] အကုန်လုံး ပေးခဲ့ရတယ်၊ စိတ်မထင်ရင် အိမ်ကိုလည်း မီးရှို့သွား[illegible]သေးတယ်"

ရွာသားထဲမှ ခေါင်းဆောင်နဲ့တူသော လူက ဆရာလေး ဦးပညာအား သတင်းပေး၍ နေပေသည်။

"အင်း ... ဒုက္ခ၊ ဒုက္ခ၊ တယ်ပြီး မိုက်ရိုင်းတဲ့ လူတွေပါလား၊ လူ[illegible]ချင်း ဒါလောက်ရက်စက်တာတော့ မကောင်းဘူး၊ ဒါလောက် [illegible]တဲ့ လူတွေ သူတို့သေရင် ငရဲပြည်က တက်ရမှာတောင် မဟုတ်ဘူး၊ [illegible]ဘဝကိုယ် အဆုံးခံပြီး မြေကြီးထဲ တွင်းတူးပြီး မိုက်တဲ့ သတ္တဝါ[illegible]ပါလား၊ ကဲ–ကဲ တပည့်တို့ ဘာမှ အားမငယ်နဲ့၊ ဆရာလေး ရောက်[illegible]ပြီ၊ တပည့်တို့ စိတ်ချမ်းသာအောင် တရားရေအေး အမြိုက်ဆေး [illegible]ကျွေး ဆုံးမမယ်၊ ပြီးတော့ မကျန်းမာတဲ့ လူတွေကိုလည်း ဆရာလေး [illegible]နိုင်သမျှ ပြုစုစောင့်ရှောက်မယ်၊ တပည့်တို့ကို ညှဉ်းပန်းနှိပ်စက်[illegible]တဲ့ လူတွေ အပေါ်မှာလည်း အမျက်မထွက်ကြနဲ့နော်၊ ဒေါသ [illegible]ဟာ မီးနဲ့တူတယ်၊ ဒီမီးဟာ လွယ်လွယ်နဲ့ ငြိမ်းသတ်လို့ မရဘူး။ [illegible]တွေကြောင့် တပည့်တို့ ဆရာလေးတို့တစ်တွေ သံသရာဝဲဂယက်[illegible] မထွက်နိုင်ကြတာပေါ့၊ ပြုသူအသစ် ဖြစ်သူအဟောင်း ဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



တပည့်တို့ ဘဝဝင်္ကြေးမကုန်သေးလို့ ခုလိုခံရတာပဲဆိုတာ အသင့်အတင့် နှလုံးသွင်းကြ"

ဆရာလေး ဦးပညာသည် ရွာသားများအား တရားဟော၍ နေပေသည်။

"ကျွန်တော်ကတော့ ဆရာလေး ပြောလို့သာ နားထောင်နေရတယ်၊ ကျွန်တော်တို့ ရွာထဲကိုဝင်ပြီး စော်ကားသွားတဲ့ ငမိုက်သားတွေကို စိစိညက်ညက်ကြေအောင် လက်စားချေပစ်လိုက်ချင်တာပဲ၊ ကျွန်တော်တို့မှာသာ လက်နက်ရှိရင် ဒီလိုကောင်မျိုးတွေကို နည်းနည်းလေးမှ မကြောက်ပါဘူး၊ လက်နက်မရှိလို့သာ ငုံ့ခံနေရတာပါ"

ခပ်ရွယ်ရွယ် ရွာသားတစ်ယောက်က ဝင်ပြောလိုက်သည်။

"ဒီသဘောထားရင် မှားမှာပေါ့ တပည့်ရဲ့၊ တပည့်တို့မှာ လူကို သတ်နိုင်တဲ့ လက်နက် မရှိပေမယ့် မအို၊ မနာ၊ မသေတဲ့ နေရာကို သွားနိုင်တဲ့ မေတ္တာဆိုတဲ့ လက်နက်ရှိသားပဲ၊ မေတ္တာတရားကို လက်ကိုင်ထားရင် ဒေါသ၊ မောဟတရားတွေ ကင်းစင်ပြီး သုခအစစ်အမှန်ဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်တယ် မဟုတ်လား၊ မေတ္တာဆိုတဲ့ လက်နက်လောက် စူးရှတဲ့လက်နက် ဘယ်ရှိမလဲ၊ တပည့်တို့ကို နှိပ်စက်သွားတဲ့ လူတွေအပေါ်မှာ ဒေါသ အာဃာတတွေထားရင် အကုသိုလ် ဒုစရိုက်တွေသာ ပွားများမှာပေါ့၊ သူတို့အပြစ်ကို ကိုယ့်အပြစ် မဖြစ်စေနဲ့ ကြားလား၊ တပည့်တို့ကို နှိပ်စက်တဲ့ လူတွေကို မေတ္တာသာ နာနာပို့ကြစမ်းပါ"

ဆရာလေးက ထပ်ပြီး တရားဟောလိုက်ပြန်သည်။

"ကဲ ကလေးတွေလာကြ၊ မင်းတို့ကို ကစားစရာ အိုးပုတ်နဲ့ ချိုးရုပ်ကလေးတွေပါတယ်၊ ဒါပေမဲ့ လမ်းမှာ လူဆိုးတွေရဲ့ လက်ချက်ကြောင့် အကျိုးအပဲ့တွေ ဖြစ်ကုန်ပြီကွဲ့၊ အဲဒီအထဲက မကျိုးမပဲ့တာတွေကို ရွေးပြီး ဝေငှယူကြပေါ့၊ ရန်လည်း မဖြစ်ကြနဲ့နော် ကြားလား"



ဆရာလေးသည် သားရေအိတ်ထဲမှ ကစားစရာ ချိုးရုပ်နဲ့ အိုးပုတ်များကို ထုတ်ပေးနေပေရာ၊ ကလေးများမှာလည်း ဆရာလေး အနီးတွင် ဝိုင်းအုံပြီး ဆရာလေးလက်မှ အရုပ်များကို သူ့ထက်ငါ ဦးအောင် ဝမ်းသာအားရ လုယူနေကြသည်။

ကလေးတစ်ယောက်မှာမူ အခြားကလေးများနှင့်မတူ ဝင်ရောက်ရောယှက်ခြင်း မပြုဘဲ တစ်ကိုယ်တည်း သစ်ပင်ရင်းတွင် ထိုင်ပြီး ငေးနေသည်ကို မြင်ရသဖြင့် ဆရာလေး ဦးပညာသည် ထိုကလေး အနီးသို့ ချဉ်းကပ်သွားပြီး ချိုးရုပ်ကလေး တစ်ခုကို ကမ်းပေးလိုက်ရာ ကလေးငယ်သည် ဆရာလေးလက်မှ ချိုးရုပ်ကို လှမ်းယူရင်း မချိုပြုံး ပြုံးလိုက်သည်။

"ကလေး ဘာဖြစ်လို့ ဒီမှာ တစ်ယောက်တည်း လာထိုင်နေတာလဲ"

ဆရာလေး ဦးပညာက ကလေး၏ လက်ကို ဆွဲထူရင်း မေးလိုက်သည်။

"ကျွန်တော်ရဲ့ ဗိုက်ထဲမှာ အစာလည်းမရှိဘူး၊ နေလည်း မကောင်းဘူး ဆရာလေးရဲ့"

"အင်း ဟုတ်သားပဲ ကိုယ်တွေလည်း ပူလို့ပါလား၊ ကဲ … လာလာ၊ အအေးမိမယ်၊ အိမ်ထဲကို သွားရအောင် ဟိုကျမှ ဆရာလေး ဆေးတိုက်မယ်၊ ဆရာလေးရဲ့ ဆေးတစ်ခွက် သောက်လိုက်ရင် နေကောင်းသွားမှာပါ"

ဆရာလေးသည် ထိုကလေးအား ပွေ့ချီပြီး ရွာဘက်သို့ ထွက်သွားလေရာ၊ ရွာသူရွာသားများနှင့် ကလေးများလည်း ဆရာလေး နောက်မှ တသီတတန်းကြီး လိုက်သွားပေသည်။

"ဆရာလေး၊ ဆရာလေး"

ဗိုလ်နန္ဒက လှမ်းခေါ်လိုက်သဖြင့် ဆရာလေး ဦးပညာသည် ဗိုလ်နန္ဒအား လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ ဆရာလေးနဲ့ ဒီနေရာက လမ်းခွဲကြစို့လား၊ ကျွန်တော် လည်း သွားစရာကိစ္စက ရှိသေးတယ်၊ ဆရာလေးရဲ့ မွန်မြတ်တဲ့ စိတ်ထားကို ကျွန်တော် လေးစားသောအားဖြင့် ဆရာလေးကို ကျွန်တော့်ဆီမှာ ပါလာတဲ့ အသပြာကို တစ်ဝက်ခွဲပြီး ဆရာလေးကို လှူခွဲပါရစေ"

ဗိုလ်နန္ဒသည် သီဟရာဇာဘုရင်ထံမှ ထုတ်ပေးလိုက်သည့် အသပြာများကို တစ်ဝက်ခွဲပြီး ဆရာလေး ဦးပညာအား ပေးကမ်းနေပေသည်။

"အို ... မောင်ရင်ရဲ့ အသပြာတွေကို ဆရာလေး မလိုချင်ပါဘူး၊ ဒီအသပြာတွေကို ဆရာလေး မသုံးစွဲလိုပါဘူး၊ ပြီးတော့ ဒီအသပြာတွေဟာ မင်းဘဏ္ဍာများ ဖြစ်နေမှဖြင့် ရာဇဝတ် သင့်နေဦးမယ်"

ဆရာလေး ဦးပညာက လက်မခံဘဲ ငြင်းဆန်နေပေသည်။

"ဒီအသပြာတွေဟာ တရားသဖြင့် ကျွန်တော်ရလာတဲ့ အသပြာတွေပါ၊ မစင်ကြယ်တဲ့ ပစ္စည်းတွေမဟုတ်ပါဘူး။ ဒီအသပြာတွေကို ထုခွဲပြီး ဆင်းရဲဒုက္ခ ရောက်နေတဲ့ ရွာသားတွေကို ကူညီထောက်ပံ့ဖို့ ဆရာလေးကို ကျွန်တော် လှူဒါန်းခြင်း ဖြစ်ပါတယ် လက်ခံတော်မူပါ"

ဗိုလ်နန္ဒက အသပြာများ ထည့်ထားသည့် အိတ်ငယ်ကို ဆရာလေးဘက်သို့ အတင်းပေးလိုက်သည်။

"ဒီလိုဆိုရင်တော့ လက်ခံရတာပေါ့ကွယ်၊ အေး ... သာဓု သာဓု၊ လိုရာဆုနဲ့ ပြည့်စုံပါစေကွယ်။ သွားလေရာ ခလုတ်မထိ ဆူးမငြိပါစေနဲ့"

ဆရာလေး ဦးပညာသည် ဗိုလ်နန္ဒအား ဆုပေးပြီး နေမကောင်းသော ကလေးကို ယုယစွာ ပွေ့ချီကာ ရွာဘက်သို့ ထွက်သွားပေရာ ရွာသားများသည် ဆရာလေး ဦးပညာ၏ သားရေအိတ် နှစ်လုံးကို သယ်ပိုးပြီး ဆရာလေး နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားကြသည်ကို ဗိုလ်နန္ဒသည် မျက်စိတဆုံး ကြည့်ရင်း ပီတိထောမနသ ဖြစ်၍နေပေသတည်း။

* * *

## အခန်း–၆

ဗိုလ်နန္ဒသည် ဦးပညာနှင့် လူချင်း ခွဲခွာလာပြီးနောက် စေတုတ္တရာဘက်သို့ဦးတည်ကာ တောတန်းကလေးအတိုင်း ခရီးနှင်၍ လာခဲ့ရာ တော[illegible]ကလေးအတွင်းမှ ဖြတ်ပြီး တသွင်သွင် စီးဆင်းလျက်ရှိသည့် စမ်းချောင်းကလေး တစ်ခုအနီးသို့ ရောက်သောအခါ ခရီးပြင်းနှင်ခဲ့ရသဖြင့် [illegible]ဆင် စို့၍နေသော မြင်းလိမ္မာကြီးအား သနားသဖြင့် စမ်းချောင်း[illegible] အနီးသို့သွားပြီး မြင်းကြီးအား ရေတိုက်၍ နေပေသည်။

ထိုအခိုက်တွင် မလှမ်းမကမ်းဆီမှ မိန်းမတစ်ယောက်၏ စူးစူး[illegible] အော်လိုက်သည့် အသံကို ကြားလိုက်ရသဖြင့် ဗိုလ်နန္ဒသည် [illegible]ကို ရေတိုက်နေရာမှ ဓားအိမ်ထဲမှ ဓားကိုဆွဲထုတ်ပြီး အသံကြားရာသို့ [illegible]ဆုန်ပေါက်ပြီး လာခဲ့ပေသည်။

စမ်းချောင်းကလေး၏ ကမ်းစပ်တွင် သစ်ပင်ချုံနွယ်များမှာလည်း [illegible]ချင်း အကိုင်းချင်းယှက်ကာ ပေါက်၍နေသဖြင့် လူသူလေးပါးကို [illegible]ရက် မမြင်နိုင်ပေ။

အသံကြားရာသို့ ခန့်မှန်းပြီး မြင်းကို ဒုန်းစိုင်းကာ လာခဲ့ပေရာ [illegible]စ်ကလေး အနီးသို့ ရောက်သောအခါ ဆံပင်ဖိုးရိုးဖားရားနှင့် မိန်းမ[illegible]ယောက်သည် မိမိအား ဖမ်းထားသည့် ယောကျ်ား နှစ်ယောက်၏ [illegible]မှ ရုန်းကန်ထွက်လာပြီး မိမိနောက်သို့ ပြေးလိုက်လာသည့် ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အား လက်ထဲတွင် ကိုင်ထားသည့် ဓားရှည်ကြီးဖြင့် ရဲရင့်စွာ ခုခံလျက်ရှိသည်ကို တွေ့ရပေသည်။

ထိုအခြင်းအရာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဗိုလ်နန္ဒ သည် ဓားကိုဝင့်ပြီး ဓားရှည်ကိုင်ထားသည့် မိန်းမအား ကူညီရန် မြင်းကို ကဆုန်ပေါက်ပြီး လာခဲ့ပေသည်။

မြင်းခွာသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ဓားရှည်ကိုင် ထားသည့် မိန်းမနောက်သို့ ပြေးလိုက်လာသော လူဆိုးနှစ်ယောက်သည် ရှေ့သို့မတိုးဝံ့ဘဲ ရပ်ပြီးကြည့်နေရာမှ ဗိုလ်နန္ဒ၏ ခံ့ညားသော ဥပဓိ ရုပ်နှင့် ဗိုလ်နန္ဒ၏ လက်ထဲတွင် ကိုင်ထားသည့် ဓားရှည်ကို မြင်သော အခါ အလိုလို ကြောက်ဒူးတုန်ပြီး သစ်ပင်ချုံကွယ်များကြားထဲသို့ တိုး ဝင်သွားကာ ထူထပ်သည့် တောအုပ်ထဲတွင် ကြက်ပျောက် ငှက်ပျောက် ပျောက်၍သွားပေသည်။

ဓားရှည်ကိုင်ထားသော မိန်းမမှာမူ လူဆိုးနှစ်ဦးကို ကြောက်သည့် အမူအရာ လုံးဝမပြဘဲ ဓားရှည်ကိုကိုင်ကာ အံကြိတ်ရင်း ထွက်ပြေးသော လူဆိုးများနောက်သို့ လိုက်မည်ပြုပြီးမှ ကိုယ်ရှိန်သတ်လိုက်ပြီးလျှင် ဗိုလ်နန္ဒဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။

ဗိုလ်နန္ဒမှာလည်း လူဆိုးများ ထွက်ပြေးသွားပြီ ဖြစ်၍ လက်ထဲ တွင် ကိုင်ထားသည့် ဓားရှည်ကြီးကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်ပြီး မိန်းကလေးအား လှမ်းကြည့်လိုက်ရာ အကြည့်ချင်းဆုံ၍ သွားပေသည်။

ဓားရှည်ကိုင်ထားသည့် မိန်းမမှာ ဗိုလ်နန္ဒ ခန့်မှန်းသကဲ့သို့ မဟုတ် ဘဲ ငယ်ရွယ်သော မိန်းကလေးတစ်ဦး ဖြစ်နေသည်ကို တွေ့မြင်ရသည် သာမက မျက်နှာပေါ်တွင် ဖားလျားကျနေသည့် ဆံပင်များကို ဘေးသို့ သပ်ချလိုက်သောအခါ အလွန့်တရာ ချောမောလှပသော မိန်းကလေး တစ်ယောက်ဖြစ်နေသည်ကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွားကာ မိန်းကလေးအား စိုက်ကြည့်နေမိပေသည်။



မိန်းကလေးမှာလည်း မိမိအား ယောကျ်ားတစ်ဦးက စိုက်ကြည့် နေသည်ကို သိသွားသဖြင့် ရှက်သွေးဖြန်းကာ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်သည်။

ဗိုလ်နန္ဒသည်လည်း မိန်းကလေး ရှက်သွေးဖြန်းသွားသည်ကို သိသဖြင့် ချက်ချင်းသတိရကာ မျက်နှာကို လွှဲပစ်လိုက်သည်။

"ရှင်ဘယ်သူလဲ ... ဘယ်က လာတာလဲ ... ဒီမှာ ဘာလာလုပ် တာလဲ"

မိန်းကလေးသည် ဗိုလ်နန္ဒအား မကြည့်ဘဲ မေးလိုက်သည်။

"ပခုံးနှစ်ဖက်ကြားမှာ ခေါင်းပေါက်တဲ့ သာမန်လူ ယောကျ်ား တစ်ယောက်မျှသာ ဖြစ်ပါတယ်၊ အနောက်ကလာပြီး အရှေ့ကို သွား တော့ပါ၊ စောစောက အမိရဲ့အော်သံကြားရလို့ ကူညီရအောင် လာခဲ့ တာပါ"

ဗိုလ်နန္ဒသည် ထုံးစံအတိုင်း အဖြေပေးလိုက်ရာ မိန်းကလေးသည် ဗိုလ်နန္ဒအား မျက်စောင်းထိုးပြီး ကြည့်လိုက်သည်။

"သာမန်လူ ယောကျ်ားဆိုတာ ရှင်ပြောမှ သိရတော့မှာတဲ့လား၊ ရှင့်လည်း မျက်စိရှိပါတယ်"

"မျက်စိရှိမှန်း သိပါတယ်၊ မျက်စိရှိမှန်း သိရုံတင်မကပါဘူး၊ အမိရဲ့ မျက်လုံးတွေဟာ အခါလည်သား သမင်မရဲ့ မျက်လုံးလို လှပ ပြီး သောကြာကြယ်ကြီးတမျှ ထိန်လင်းတောက်ပတယ် ဆိုတာလည်း သိပါတယ်၊ ဒါပေမဲ့ အမိက မျက်နှာလွှဲပြီး မေးနေလို့ ယောကျ်ားမိန်းမ ခွဲပြီး ဖြေဆိုရခြင်းပါ"

"ဩော် ... ရှင်ဟာ ယောကျ်ားကိုး"

"မှန်ပါတယ်၊ ဘုရားဆုပန် မင်းယောကျ်ားအစစ် ဖြစ်ပါတယ်"

"ဘုရားဆုပန် မင်းယောကျ်ား နှစ်ယောက် အားနဲ့တဲ့ မိန်းကလေး တစ်ယောက်ကို စော်ကားဖို့ ကြံစည်တာ ရှင်မြင်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူနှစ်ယောက်က ယောကျ်ားမဟုတ်ပါဘူး၊ ယောက်သွားတွေပါ၊ ယောကျ်ားနဲ့ ယောက်သွား အများကြီး ခြားနားပါတယ်"

"နို့ ... ရှင်ကတော့ ခုနက လူတွေနဲ့ အဖော် မဟုတ်ဘူးလား"

"ဒါကိုမေးနေစရာ လိုသေးသလား၊ အမိမှာ မျက်စိလည်းရှိတယ်၊ နားလည်းရှိတယ်၊ မနောဝိညာဉ် ဆိုတဲ့ အသိတရားလည်း ရှိတယ်၊ ဒါတွေကို အသုံးပြုပြီး လူကဲခတ်ကြည့်ရင် သိနိုင်သားပဲ၊ အမိထင်သလို ကျုပ်သာ လူဆိုးဖြစ်ရင် အမိကို အခုလို ကြည့်နေပါ့မလား၊ ဟိုလူဆိုးနှစ်ယောက်နဲ့ ပူးပေါင်းပြီး အမိကို စော်ကားမှာပေါ့"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ မိန်းကလေးသည် ပြောင်လက်တောက်ပသော မျက်လုံးများဖြင့် ဗိုလ်နန္ဒအား တစ်ချက်ကြည့်လိုက်ပြီး ပြန်၍ မျက်လွှာချလိုက်သည်။

"အမိစိတ်ထဲမှာ ဘယ်လိုပဲထင်ထင် အမိကို ကျုပ်က ဘယ်လိုမှ ရန်မမူဘူးဆိုတာ တထစ်ချ ယုံကြည်ပါ၊ ကျုပ်ကိုယ်ကျုပ် သူတော်ကောင်း တစ်ယောက်ပါလို့ မပြောနိုင်ပေမယ့် အားနွဲ့တဲ့ မိန်းမသားကို စော်ကားဖို့ ရန်မူဖို့ ဘယ်တုန်းကမှ ဝါသနာမပါဘူး၊ ခုလည်းပဲ အမိရဲ့ အော်သံကြားလို့ ကူညီရအောင် လာခဲ့တာပါ။ အမိရဲ့ ရန်သူမဟုတ်–မိတ်ဆွေလို့ အသိအမှတ်ပြုချင်ရင် ပြုနိုင်ပါတယ်၊ ကျုပ်ကို ရန်သူထင်ပြီး စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း မဖြစ်ပါနှင့်"

"ရှင့်ကို ကျွန်မ နည်းနည်းကလေးမှ မကြောက်ဘူး၊ ရှင်သာမကဘူး ဘယ်ယောကျ်ားကိုမှ ကျွန်မ မကြောက်ဘူး"

မိန်းကလေးက ဒေါနှင့်မောနှင့် ပြန်ပြောလိုက်သည်။

"တကယ့်သတ္တိခဲကလေးပါလား"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဟောဒီမှာကြည့်၊ ဒါဟာ ကျွန်မရဲ့ မိတ်ဆွေအစစ်ပဲ ... ကျွန်မရဲ့မိတ်ဆွေ ပါလာရင် ကျွန်မ ဘယ်သူ့ကိုမှ မကြောက်ဘူး"



မိန်းကလေးသည် လက်ထဲတွင် ကိုင်ထားသည့် ဓားရှည်ကြီးကို [illegible]တာ ဓားခုတ် လှံထိုး ကျွမ်းကျင်သည့် ယောကျ်ားများကဲ့သို့ [illegible]တွက်နှင်းရင်း ဓားကို ဝင့်ပြလိုက်သည်။

"ဒီလိုဆိုရင် ကျုပ်ကို သွားခွင့်ပြုပါဦး"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို မြင်းဇက်ကြိုးကို အသာဆောင့်[illegible] ဆွဲလိုက်သည်။

"သွားခွင့်ပြုပါဟုတ်လား၊ ရှင်ဟာ ဘယ်လိုလူစားလဲ ... ရန်သူ[illegible]တဲ့ တောထဲမှာ မိန်းမသားတစ်ယောက်တည်း ပစ်ထားခဲ့မယ်ပေါ့[illegible] တယ်လည်း ယောကျ်ားပီသတဲ့ ဘုရားဆုပန် ဆရာကြီးပါလား"

"တစ်ယောက်တည်း ပစ်ထားခဲ့တာ မဟုတ်ပါဘူး၊ အမိမှာ မိတ်ဆွေ[illegible]စ် ရှိသားပဲ"

ဗိုလ်နန္ဒသည် မိန်းကလေးလက်မှ ဓားကို လက်ညှိုးညွှန်ပြရင်း [illegible]လိုက်သည်။

"ရှင်ဟာ စကားကို သိပ်ပြီး အကျအနကောက်တာပဲ ... လူသူမနီး[illegible]တောကြီးထဲမှာ မိန်းမသားတစ်ယောက်တည်း ပစ်ထားခဲ့ဖို့ ကြံစည်[illegible] ယောကျ်ားကောင်းပီသတယ်လို့ ဆိုနိုင်မလား၊ ကျွန်မမှာ ဟောဒီ[illegible]ကို အဖော်လုပ်ပြီး နေရပေမယ့် မိန်းမသားဟာ မိန်းမသားပဲ"

"အမိဟာ မိန်းမသားဆိုတာ အမိပြောမှ သိရတော့မှာလား ကျုပ်[illegible]ည်း မျက်စိပါတာပဲ"

ဗိုလ်နန္ဒသည် မိန်းကလေးအား သူ့စကားနှင့်သူ ပြန်နှက်လိုက်[illegible]သည်။

"မျက်စိရှိတယ်သာပြောတယ် ကျွန်မဘက်ကို တစ်ခါမှ လှည့်[illegible]ည့်သေးပါလား"

မိန်းကလေးအား စေ့စေ့မကြည့်ဘဲ မျက်နှာလွှဲထားသည့် ဗိုလ်[illegible] အဆိုပါ မိန်းကလေးက မျက်ထောင့်ထိုးပြီး ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမိကို မကြည့်ချင်လို့ မကြည့်တာ မဟုတ်ပါဘူး၊ မကြည့်ရဲလို့ မကြည့်တာပါ"

ဗိုလ်နန္ဒက မိန်းကလေးကို မကြည့်ဘဲ ပြန်ပြောလိုက်သည်။

"ကျွန်မကို ဘာဖြစ်လို့ မကြည့်ရဲရတာလဲ၊ ကျွန်မကို သရဲသဘက်များ အောက်မေ့နေလို့လား"

"သရဲသဘက်ဆိုရင် ကြောက်စရာဘာလိုသလဲ၊ အမိက မိုးပေါ်က ကျလာတဲ့ ဒေဝစ္ဆရာ နတ်သမီးလေးလို လူမတူနတ်တမျှ ချောမောလှပ ရုံသာမက မျက်လုံးကလေးတွေဟာလည်း သောကြာကြယ်ကြီးလို ဝင်းဝင်းလက်လက် ကြည်လင်တောက်ပပြီး မြင်လိုက်ရသူရဲ့ ဘဝင်အသည်းကို ဆွဲငင်နိုင်တဲ့ သတ္တိရှိလို့ အမိကို စေ့စေ့ မကြည့်ရဲတာပါ၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် အမိဟာ လူသားအစစ်မှ ဟုတ်ပါ့မလား ...၊ တောစောင့် နတ်သမီးကလေးများ ဖြစ်နေမလားလို့တောင် ကျုပ်စိတ်ထဲမှာ ထင်မိပါတယ်"

ဗိုလ်နန္ဒသည် မိန်းကလေးအား တစေ့တစောင်း ကြည့်ရင်း ကရားမှ ရေလွှတ်သလို တတွတ်တွတ်နှင့် ပြောဆိုနေပေရာ မိန်းကလေး၏ မျက်နှာမှာ ဖြူဖွေးနေရာမှ နီရဲသွားပြီး တစ်ဖန် နီရောင်ပျောက်ကာ ဖြူရောင်ပေါက်၍ လာပြန်သည်။

ဗိုလ်နန္ဒပြောသော စကားများကို နားထောင်နေရာမှ မိန်းကလေးသည် မျက်လွှာချလိုက်ပြီး လက်ထဲမှ ဓားရှည်ကို မြေကြီးတွင် စိုက်လိုက်သည်။

"ရှင်ထင်သလို ကျွန်မဟာ တောစောင့် နတ်သမီးကလေး ဖြစ်တယ် ဆိုပါတော့၊ ဒီလိုဆိုရင်ကော ရှင့်စိတ်ထဲမှာ ဘယ်လိုနေမလဲ"

မိန်းကလေးက ပြန်ပြီး မေးလိုက်သည်။

"ဒီလိုဆိုရင် ကျုပ်အပေါ်မှာ ကျရောက်နေတဲ့ တာဝန်တွေကို



[illegible]မြင်အောင် ကူညီပိုင်းလို့ မှိုင်းမပါဆိုပြီး နတ်သမီးလေးရဲ့ အကူ[illegible]ညီကို တောင်းရမှာပေါ့"

"ရှင်ထင်သလို ကျွန်မဟာ တောစောင့်နတ်သမီးလေး မဟုတ်ဘဲ [illegible]မန်လူသား တစ်ယောက်သာ ဖြစ်မယ်ဆိုရင်ကော"

"မိန်းကလေးဟာ သာမန်လူသားတစ်ယောက် ဖြစ်မယ်ဆိုရင် [illegible]လေးကို အစ်ကိုကြီးက အကြံပေးတဲ့အနေနဲ့ ခုလို လူမနီးသူမနီးတဲ့ [illegible]ကြီးထဲမှာ အဖော်မပါ တစ်ယောက်တည်း အရဲစွန့်ပြီး မလာဖို့နဲ့ [illegible]ချင်း အိမ်ကိုပြန်ဖို့ အကြံပေးချင်တာပဲ"

ဗိုလ်နန္ဒပြောလိုက်သော စကားများကို ကြားရသောအခါ မိန်း[illegible]လေးသည် သဘောကျသည့် အမူအရာဖြင့် တခိခိ ရယ်မောနေလေသည်။

"အမိက ဘာများသဘောကျလို့ ရယ်နေရတာလဲ"

"အစ်ကိုကြီးက ညီမလေးကို အကြံပေးသလို အကြံပေးနေတာ [illegible]ကြားရလို့ ရယ်နေတာပါ၊ ကျွန်မကို ရှင်ကလွဲပြီး ဘယ်သူကမှ အကြံ[illegible]ပေးသေးဘူး၊ ကျွန်မကို အကြံပေးမယ့်လူ ရှင်တစ်ယောက်ပဲ ရှိသေး[illegible]ပြီးတော့ ညီမလေးကို အစ်ကိုကြီးက အကြံပေးတဲ့အနေနဲ့ အကြံ[illegible]ယ်ဆိုတော့ အဟိ ... ရယ်စရာကောင်းလိုက်တာ"

မိန်းကလေးသည် တခိခိနှင့် ရယ်မြဲတိုင်း ရယ်၍နေပေသည်။

"ဒါ ရယ်စရာမှမဟုတ်ဘဲ"

"ရယ်စရာရှင့် ... ရယ်စရာ၊ ဘာဖြစ်လို့ ရယ်စရာလဲဆိုတာ ကျွန်မ[illegible]ပြမယ်၊ ကျွန်မမှာ အစ်ကိုလည်း မရှိဘူး၊ မောင်လည်း မရှိဘူး၊ [illegible]လည်း မရှိဘူး၊ ညီမလည်း မရှိဘူး၊ အမေနဲ့ အဖေလည်း သေပြီ၊ [illegible] တစ်ကောင်ကြွက်ရှင့် ... တစ်ကောင်ကြွက်၊ ကျွန်မကို [illegible]မယ့်[illegible]လည်း မရှိဘူး၊ အကြံပေးမယ့် လူလည်းမရှိဘူး၊ ရှင်က ရှင့်ကိုယ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးက ညီမလေးကို အကြံပေးတဲ့အနေနဲ့ အကြံပေးမယ်လို့ ပြောလိုက်တော့ ကျွန်မက သိပ်ရယ်ချင်တာပေါ့"

"ရယ် ... ရယ် သေအောင်ရယ်နေ"

ဗိုလ်နန္ဒသည် စိတ်မရှည်နိုင်တော့ဘဲ ပြန်ပြီး ခပ်ထန်ထန် ပြောလိုက်သည်။

"ဒါကတော့ အစ်ကိုကြီးက ညီမလေးကို မာန်တဲ့သဘောနဲ့ မာန်လိုက်တာပဲလား"

"ဒါတော့ အမိထင်ချင်သလိုထင်"

"အစ်ကိုကြီးက တယ်ဒေါသကြီးတာကိုး ... မျက်နှာကြီးကလည်း သုန်သုန်မှုန်မှုန်နဲ့ မြင်းပေါ်ကလည်း ဆင်းဖော်မရဘူး၊ ကဲပါ ရှင်ပြောတဲ့အတိုင်း ကျွန်မကို ညီမလေးလို သဘောထားမယ်ဆိုရင် မြင်းပေါ်က ဆင်းပြီး ဟောဒီ မြက်ခင်းကလေးပေါ်မှာ အတူတူထိုင်ပြီး မောင်နှမ လုပ်တမ်း ကစားကြရအောင်"

မိန်းကလေးသည် ဗိုလ်နန္ဒအား မခို့တရို့ ကြည့်ရင်း ပြောလိုက်ပြီး မြေကြီးတွင် စိုက်ထားသည့် ဓားကိုဆွဲနုတ်ကာ အနီးရှိ မြက်ခင်းကလေးပေါ်တွင် ကျို့ကျို့ကလေး ထိုင်လိုက်ပြီး ဓားကို မြက်ခင်းပေါ်တွင် ချထားလိုက်ပေသည်။

ဗိုလ်နန္ဒမှာ မိန်းကလေး၏ အပြောအဆို အပြုအမူကို အကဲ[illegible] ၍ မရသဖြင့် ခေတ္တတွေဝေ ကြည့်နေပြီးနောက် မြင်းပေါ်မှ လွှား[illegible] ခုန်ဆင်းကာ မိန်းကလေး၏ မနီးမဝေးတွင် ဝင်ထိုင်လိုက်သည်။

"ဒီနေရာမှာကြာကြာနေလို့ မတော်ဘူးထင်တယ်၊ စောစော[illegible] လူဆိုးတွေ ပြန်လာမှာစိုးရတယ်၊ အမိရဲ့ အိမ်ကို ပြန်ရင်ကောင်းလိမ့်[illegible]"

ဗိုလ်နန္ဒသည် မိန်းကလေးအား စေ့စေ့မကြည့်ဘဲ သတိပေးလို[illegible] သည်။

"ဘာလဲ ညီမလေးကို အစ်ကိုကြီးက အကြံပေးသလို အကြံ[illegible]



[illegible]ပြန်ပြီလား၊ ဒီမှာ ဒီလူဆိုးတွေအတွက် ဘာမှစိုးရိမ်စရာ မရှိပါဘူး၊ [illegible]ပြီး လာရဲတော့မှာ မဟုတ်ပါဘူး ...၊ ပြန်လာရင်လည်း ကြောက်စရာ [illegible]ပါဘူး၊ ကျွန်မမှာလည်း ဓားရှိတယ်၊ ရှင့်မှာလည်း ဓားရှိသားပဲ၊ [illegible] ရှင့်ကို ကျွန်မ မေးစရာတွေ ရှိသေးတယ်"

"မေးစရာရှိရင် မြန်မြန်မေးပြီး မြန်မြန် အိမ်ကိုပြန်ရင် ကောင်း[illegible]မယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒါဖြင့် ကျွန်မ မေးမယ် ... ရှင်ကောင်းကောင်းဖြေနော်"

"မေးမှာသာ မေးပါ"

"ရှင်ဘယ်သူလဲ ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲ ... ဘာ[illegible] သွားမှာလဲ"

မိန်းကလေးက မေးလိုက်သည်။

"ကျုပ်နာမည်က မောင်ရူပ၊ လာတဲ့အရပ်က အနောက် ... သွား[illegible] အရပ်က အရှေ့၊ ကိစ္စက သူများက ခိုင်းလိုက်တဲ့ကိစ္စ"

ဗိုလ်နန္ဒသည် မိန်းကလေး၏ မေးခွန်းများကို တစ်ခုစီ တိုတို [illegible] ဖြေလိုက်ရာ မိန်းကလေးသည် ဗိုလ်နန္ဒအား စေ့စေ့ကြီး ကြည့်[illegible]နေသည်။

"ရှင်ဟာ လူတစ်မျိုးပဲ"

"မှန်ပါတယ်၊ လူတစ်မျိုးဆိုတာ အထူးပြောစရာ မလိုပါဘူး"

"ရူပဆိုတဲ့ နာမည်ကို ကျွန်မ ကြားဖူးသလိုလို ရှိပါတယ် ...၊ [illegible] သိပြီ၊ သိပြီ ရူပဆိုတာ သုဝဏ္ဏနိုင်ငံက မဟာသောဂ ဘုရင်ကြီး [illegible]တော်ရဲ့အမည် မဟုတ်လား ... ရှင်ဟာ အဲဒီ မောင်ရူပလား"

"လောကမှာ လူတူမရှားသလို နာမည်တူလည်း မရှားပါဘူး"

"ကျွန်မ မေးတာကို ဖြေစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"အကဲခတ်ကြည့်ပါလား ... ဟိုရုပက ဘုရင့်သားတော်၊ ဒီရုပက သူများခိုင်းရာလုပ်နေတဲ့ ရုပပဲ"

"ရှင်ဟာ တော်တော်ကို စကားတတ်တယ်"

"ကြက်တူရွေးတောင် သင်ပေးရင် တတ်သေးတာပဲ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ မိန်းကလေးသည် တစ်စုံတစ်ရာ ပြန်မပြောဘဲ ဗိုလ်နန္ဒ၏ မျက်နှာရိပ်မျက်နှာကဲကို မသိမသာ လှမ်းကြည့်လိုက်သည်။ ဗိုလ်နန္ဒမှာမူကား မိန်းကလေးကို မကြည့်ဘဲ တမ်ဖက်သို့ လှည့်နေပေသည်။

"ရှင်ဘာဖြစ်လို့ ကျွန်မကို မကြည့်ဘဲ တစ်ဖက်ကို လှည့်နေရတာလဲ"

မိန်းကလေးက မေးလိုက်ပြန်သည်။

"ကြောက်လို့ပါဆိုနေမှပဲ"

"ဘာဖြစ်လို့ ကြောက်ရတာလဲ"

"စောစောက ဖြေပြီးပြီလေ၊ ခုလို ဆိတ်ကွယ်ရာ နေရာမှာ နတ်သမီးတမျှ လှပတဲ့ မိန်းကလေး တစ်ယောက်ကို စေ့စေ့ ကြည့်မိရင် စိတ်ထဲက ပြစ်မှားမိမှာစိုးလို့"

ဗိုလ်နန္ဒက ခပ်တည်တည်ပင် ပြန်ပြောလိုက်ပေသည်။

"ရှင်ဟာ တကယ်ကို လူတစ်မျိုးပဲ"

"ဒါကို ကျုပ် ဝန်ခံပြီးပြီ မဟုတ်လား"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ မိန်းကလေးသည် ဗိုလ်နန္ဒအား ပို၍ ဂရုစိုက်ပြီး ကြည့်မိပေသည်။

"ဒါတွေကိုအသာထားပြီး လူဆိုးတွေရဲ့ လက်က ရှင်ကျွန်မကို ကယ်တဲ့အတွက် ကျွန်မက ရှင့်ကို ဘယ်လို ကျေးဇူးဆပ်စေချင်သလဲ၊ ဘာဆုလိုချင်သလဲ"

မိန်းကလေးက စကားကိုလွှဲပြီး မေးလိုက်သည်။



"ဘာဆုမှမလိုချင်ဘူး၊ ဆုလိုချင်လို့ လုပ်တယ်များ ထင်ရင်တော့ သိပ်မှားတာပဲ၊ ဒီမှာ အမိ အမိကို ကျုပ် ကယ်ဆယ်ဖို့ ကြိုးစားတာဟာ ကျေးဇူးတင်ခံချင်လို့လည်း မဟုတ်ဘူး ... အမိဆီက ဆုအနေနဲ့ လာဘ်သဘော တစ်ခုခု ရဖို့လည်း မဟုတ်ဘူး ... လူ့ဝတ္တရားအရ အားနွဲ့တဲ့ မိန်းကလေးကို စော်ကားတာ တွေ့ရင် ကယ်ဆယ်ရမယ့် တာဝန်ရှိလို့ ကယ်တယ်ဆိုတာ သိထားစေချင်တယ်"

"လူ့ဝတ္တရားကျေပွန်တဲ့လူမို့လို့ ကျွန်မက ကျေးဇူးဆပ်ချင်လို့ အကောင်းမေးနေတဲ့ ဥစ္စာပဲ ... ရှင်သာ ကျွန်မကို ဝင်ပြီး မကယ်ရင် ကျွန်မ ဘယ်ဘဝရောက်သွားမလဲဆိုတာ ရှင်စဉ်းစားကြည့်ပါလား၊ ခုလို ကယ်ဆယ်တာကို ကျေးဇူးမတင်ရတော့ဘူးလား ..."

"ကျေးဇူးတင်ချင်ရင် အမိရဲ့ စိတ်ထဲမှာပဲ ကြိတ်ပြီးတင်ပါ၊ ကျုပ်အနေနဲ့ကတော့ ကျေးဇူးတင်လည်းမခံချင်ဘူး၊ ဆုလည်း မလိုချင်ဘူး"

"အို ... ဒီလိုလည်းဘယ်ဟုတ်မလဲ ကျွန်မရဲ့ အသက်ရော အရှက်ရောပါ ကယ်ဆယ်တဲ့ လူတစ်ယောက်ကို ကျေးဇူးတင်လို့ ကျေးဇူးတင်ပါတယ် ဆိုတာတောင် ဖွင့်မပြောရတော့ဘူးလား ... လူတစ်ယောက်လုံးရဲ့ အသက်ကို ကယ်တဲ့ဥစ္စာပဲရှင်"

"လူရဲ့ အသက်နဲ့၊ တိရစ္ဆာန်ရဲ့ အသက် ဘာများ ခြားနားသေးလို့လဲ"

"ရှင် ကျွန်မကို တိရစ္ဆာန်နဲ့ နှိုင်းတယ်ပေါ့လေ"

"နှိုင်းတာမဟုတ်ပါဘူး ပရမတ်သဘောကို ပြောနေတာပါ၊ လူဆိုတာလည်း ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါး အစုအဝေးပဲ၊ တိရစ္ဆာန်ဆိုတာလည်း ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါး အစုအဝေးပဲ၊ ဒါကြောင့် ပရမတ်သဘောအရ ပုဂ္ဂိုလ် သူငါမရှိတဲ့အတွက် အတူတူပဲလို့ ပြောလိုက်တာပါ"

"ရှင်စကားတတ်တိုင်း လှည့်ပတ်ပြီး ပြောနေတာပဲ၊ ရှင်စကား

www.burmeseclassic.com

www.burmeseclassic.com



တတ်သလောက် လှုကဲကောခတ်တတ်ကဲ့လား၊ ဒီမှာ ကျွန်မကို ကြည့်စမ်း
ကျွန်မ ဘယ်လို မိန်းမစားမျိုးလဲဆိုတာ အကဲခတ်ကြည့်စမ်း"

"အမိကို ကြည့်မိရင် စိတ်ဟဲက ပြစ်မှားမိမှာစိုးလို့ ရဲရဲ မကြည့်ဝံ့ပါဘူးလို့ ပြောထားသားပဲ၊ ကဲ ... ပြောစရာစကားကုန်ပြီ မဟုတ်လား၊ ပြောလို့ပြီးရင် အိမ်ကိုပြန်ပါတော့လား၊ ကျုပ်လည်း ခရီးဆက်စရာ ရှိသေးတယ်"

ဗိုလ်နန္ဒက ပြောလိုက်ရာ မိန်းကလေးသည် ဗိုလ်နန္ဒအား မျက်စောင်းထိုးလိုက်ပြန်သည်။

"ရှင်က ကျွန်မကို ဘာဖြစ်လို့ ဒါလောက်တောင် အိမ်ကို ပြန်စေချင်ရတာလဲ"

"ဒီနေရာက စိတ်မချရဘူး၊ ပြီးတော့ ကျုပ်မှာလည်း သွားစရာရှိသေးလို့ အမိ အိမ်ကို မပြန်သေးသမျှ ထိုင်ပြီး စောင့်ရှောက်မနေနိုင်ဘူး"

"ဒါထက်နေပါဦး ... ရှင် ခုထက်ထိ ကျွန်မ အကြောင်းကို မမေးသေးဘူး၊ ရှင် ကျွန်မအကြောင်း မသိချင်ဘူးလား"

"ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဥစ္စာရှင်က ဖွင့်မပြောရင် မေးလည်း မမေးသင့်ဘူး၊ သိချင်တဲ့စိတ်လည်း မရှိဘူး"

"အသက်ရော အရှက်ပါ ကယ်ဆယ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်သူဘယ်ဝါ ဆိုတာ ရှင်မသိထိုက်ဘူးလား"

"သိထိုက်တယ်ထင်ရင် ပြောပြပါလား၊ ပြောပြရင် နားထောင်ဖို့ အသင့်ပဲ။ ဒါပေမဲ့ အရှည်ကြီး ပြောမနေနဲ့ တိုတိုတုတ်တုတ်နဲ့ လိုရင်းကို ချုပ်ပြီး ပြောပါ၊ အချိန်သိပ်မရှိတော့ဘူး"

"ကျွန်မအကြောင်း ရှင်ဘာတွေ သိချင်သလဲ၊ ရှင်သိချင်တာကို ပြောမှ ကျွန်မကလည်း တိုတိုတုတ်တုတ် ဖြေနိုင်မှာပေါ့"

"ဒါဖြင့် ကောင်းပြီ၊ ကျုပ်သိချင်တာကိုမေးမယ်။ တစ် အမိအမည်၊



နှစ် နေရပ်၊ သုံး အလုပ်အကိုင်၊ လေး မိဘအမည်၊ ငါး ခုဘယ်နေရာက လာပြီး ဘာလာလုပ်တာလဲ၊ ခြောက် လူဆိုးတွေနဲ့ ဘယ်လိုတွေ့လို့ ဘယ်လိုခုခံသလဲ၊ ခုနစ် အမိမှာ ခင်ပွန်းရှိမရှိ၊ ခင်ပွန်းရဲ့ အမည်။ ပြီးတော့"

"ဒီမှာ ရှင်မေးတဲ့မေးခွန်းတွေသာ ပြည့်ပြည့်စုံစုံ ဖြေရမယ်ဆိုရင် တစ်ညလုံး ပြောလို့တောင်ဆုံးမှာ မဟုတ်ဘူး"

"တစ်ညလုံး ပြောလို့မကုန်ရင် နောက်တစ်နေ့ မနက်အထိ ဆက်ပြောပေါ့"

"ရှင်ဟာ တကယ့်ကို လူထူးလူဆန်းပဲ ကဲ-ကျွန်မအကြောင်း ရှင်သိသင့်သလောက် ပြောပြမယ်၊ ကျွန်မရဲ့ နာမည်က မာလာလို့ ခေါ်တယ်၊ ကျွန်မမှာ ဆွေမျိုးမရှိဘူး၊ ခင်ပွန်းလည်း မရှိဘူး၊ နေတော့လည်း အိမ်နဲ့မနေဘူး"

"အိမ်ထောင်ပြုလိုက်ရင် တစ်ကောင်ကြွက် ဘဝက လွတ်မြောက်ပြီး အိမ်နဲ့ရာနဲ့ နေရမှာပေါ့"

"ရှင်ဘာစကားပြောတာလဲ၊ ရှင်အရူးလား"

"ပုထုဇနော၊ ဥမ္မတကော ဆိုတဲ့စကားအရ ကျုပ်ကို အရူးလို့ ဆိုချင်လည်း ဆိုနိုင်ပါတယ်"

"ဒီမှာ ကျွန်မပြောတာကို ကောင်းကောင်း နားထောင်စမ်းပါ၊ ကျွန်မမှာ ဆွေမျိုးမရှိ၊ မျိုးမရှိ တစ်ကောင်ကြွက် ဆိုပေမယ့် ကျွန်မကိုယ်ကို ကျွန်မ မပိုင်တဲ့ ဘဝမှာ ရောက်နေလို့ ရှင်ပြောသလို အိမ်ထောင်ပြုဖို့ မလွယ်ဘူး၊ ပြီးတော့ ကျွန်မမှာ တာဝန်တွေ အများကြီးရှိတယ်။ တစ်ခါတစ်ခါ ကျွန်မဘဝကို ကျွန်မ သိပ်ပြီး ရွံရှာမုန်းတီးမိတယ်။ ခုလည်းပဲ ကျွန်မရဲ့ ဘဝကို ကျွန်မ ခေတ္တ မေ့ပျောက်သွားအောင်ဆိုပြီး လူသူမရှိတဲ့ တောကြီးထဲမှာ စိတ်ပြေလက်ပျောက် ဆိုသလို ခဏလာနေတုန်း လူဆိုးတွေနဲ့ တွေ့တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်လို့ တောရပ်မိုပြီး ပုတီးနဲ့ ပျော်တော့မလို့ ဆိုပါတော့"

"အို … ဘယ်ကလာ ဟုတ်ရမှာလဲ၊ ရှင်ကလည်း အကင်းမပါး လိုက်တာလွန်ရော"

"အမိပြောတဲ့စကားတွေဟာ ပဟေဠိတွေလို ဖြစ်နေလို့ သဘော မပေါက်တာကို ဗွေမယူပါနဲ့"

"ကျွန်မမှာ နာမည်ရှိပါတယ်။ နာမည်ကိုခေါ်ပါ"

"အင်း … ဟုတ်သားပဲ၊ အမိနာမည်က ဘယ်သူတဲ့၊ ပြော် သိပြီ သိပြီ၊ မာလာ မာလာ၊ လူနဲ့ နာမည်နဲ့ သိပ်လိုက်တာပဲ၊ ပန်းပွင့်ကလေး လိုလည်း လှပါပေတယ်။ ခြေဖဝါးတွေ ဆိုတာလည်း သွေးခြည်ဥမတတ် နထွတ်နေတာပဲ"

ဗိုလ်နန္ဒသည် ထဘီအောက်မှ ပြူထွက်နေသည့် မာလာ၏ ခြေ ဖဝါးနုကလေးကို ကြည့်ပြီး ပြောလိုက်ရာ မာလာမှာ ရှက်သွေးမွှန်သွား ပြီး ခြေဖဝါးကို ထဘီနဲ့ ဆွဲဖုံးလိုက်သည်။

"မာလာ၊ မာလာ။ ဒီနာမည်ကလေးက တကယ့်ကို ချစ်စရာပဲ မာလာ ဆိုတဲ့နာမည်ကို ကြားရတော့ စန္ဒာဒေဝီ ဘုရင်မကို သတိရသေး တယ်"

"ဘာဖြစ်လို့ စန္ဒာဒေဝီ ဘုရင်မကို သတိရတာလဲ"

"သူ့နာမည်က စီးလွန်းအားကြီးလို့ပါ၊ စန္ဒာဒေဝီ ဆိုတာ လမင်း သမီး ဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား"

"သူက ဘုရင်မပဲ၊ ဘုရင်မ ဆိုတော့ လမင်းသမီးလို့ မှည့်တာ ဘာဖြစ်သေးသလဲ"

"ဘာမှမဖြစ်ပါဘူး၊ မာလာ ဆိုတဲ့နာမည်ကလေးက ရိုးရိုးကလေး နဲ့ ချစ်စရာကောင်းသလောက် စန္ဒာဒေဝီ ဆိုတဲ့နာမည်က တင်စီးတာကို နှိုင်းယှဉ်ပြီး ပြောတာပါ"

"စန္ဒာဒေဝီ ဘုရင်မကို ရှင် မြင်ဖူးလို့လား"



"မမြင်ဖူးပါဘူး၊ ဒါပေမဲ့ သူ့ဆီကို ကျူပ်သွားမယ်"

"ဘာကိစ္စသွားမှာလဲ"

"ဖျော်ဖြေဖို့ ဆိုပါတော့"

"ရှင့်လိုလူကို ဘုရင်မက နန်းတော်ထဲ ဝင်ခွင့်ပြုပါ့မလား"

"ဝင်ခွင့်မပြုရင် အတင်းဝင်သင့် ဝင်ရမှာပေါ့"

"ရှင် တော်တော်သတ္တိကောင်းတဲ့ လူပါလား"

"သတ္တိကောင်းလို့ မဟုတ်ပါဘူး၊ မလွဲမရှောင်သာတဲ့ ဝတ္တရား …ကြောင့်ပါ"

"စန္ဒာဒေဝီဘုရင်မ အကြောင်းကော ရှင် ဘာတွေသိသလဲ"

"ပြောသံကြားဖူးသလောက်ဆိုရင် ဘုရား နတ်သမီးတမျှ လှ …ပ်လို့ ဆိုတာပဲ၊ နူးညံ့သိမ်မွေ့တဲ့ နေရာမှာ ဥမ္မာဒန္တီက အရှုံးပေးရ …ရက်စက်ကြမ်းကြုတ်တဲ့ နေရာမှာ အာဠဝက, က လက်မြှောက် …ယ်လို့ ကြားဖူးတာပဲ"

"အာဠဝက, က လက်မြှောက်ရလောက်အောင် ရက်စက်ကြမ်း …ကြုတ်တဲ့ ဘုရင်မ ရှေ့တော်ကို ဇွတ်အတင်းဝင်ရဲတယ် ဆိုတော့ ရှင်ဟာ …တော်သတ္တိကောင်းတဲ့လူပဲ"

"သတ္တိကောင်းလို့ မဟုတ်ပါဘူး၊ မလွဲမရှောင်သာလို့ပါလို့ ပြော …သားပဲ"

"ဥမ္မာဒန္တီထက် ချောတယ် လှတယ် နူးညံ့သိမ်မွေ့တယ်ဆိုရင် …ဒေဝီဘုရင်မ ရှေ့တော်ရောက်တဲ့အခါ ရှင့်စိတ်ကိုရှင် နိုင်အောင် …နိုင်ပါ့မလား၊ ဥမ္မာဒန္တီ ဇာတ်နိပါတ်ထဲက ပုဏ္ဏားတွေလို အရှက် … မကြောက်ဘူးလား"

"ဒီအတွက်တော့ စိတ်ချပါ၊ စိန်ရွှေရတနာတွေ မွမ်းမံထားမှ …တဲ့ စန္ဒာဒေဝီဘုရင်မလို မိန်းမသားကို မဆိုထားနဲ့ မပြုမပြင် …ပြီး ဒေဝစ္ဆရာ နတ်သမီးတမျှလှပတဲ့ မာလာလို မိန်းကလေးနဲ့

www.burmeseclassic.com



ခုလိုနီးနီးကပ်ကပ် တွေ့တာတောင် စိတ်မဖောက်ပြန်တာကို ကြည့်မှ ပေါ့"

"ရှင် ကျွန်မကို မကြည့်ဘဲ မျက်နှာလွှဲထားတာကိုး"

"ဘုရင်မနဲ့ တွေ့တဲ့အခါမှာလည်း မျက်နှာလွှဲထားမှာပေါ့"

"ဘုရင်မက သူ့မျက်နှာတော်ကို မော်ဖူးစေလို့ အမိန့်တော်မြွက် မှတ်ရင်ကော"

"အာဏာကို ဖီဆန်ပြလိုက်မှာပေါ့"

"အာဏာဖီဆန်ရင် ရှင့်ကိုသတ်ပစ်လိုက်မှာပေါ့၊ ဘုရင်မက အာဇ္ဇာဝကထက်တောင် ရက်စက်ကြမ်းကြုတ်တယ်လို့ ရှင်ပဲပြောတာပဲ"

"ဘုရင်မရဲ့ အမိန့်နဲ့သာ သတ်ပစ်မယ်ဆိုရင် ကျုပ်က အသေ ခံဖို့အသင့်ပဲ"

"ဒါဖြင့်ရင် စန္ဒာဒေဝီဘုရင်မဆီကို သွားမယ့်ကိစ္စက ရှင့်ကိုယ် ရှင် အသေခံဖို့သွားမယ် ဆိုပါတော့"

"ဒီလိုလည်း မဟုတ်ဘူး"

"နို့ ဒီလိုဆိုရင် ဘာကိစ္စ သွားမှာလဲ"

"ဒါလည်း စဉ်းစားလို့ မရသေးဘူး၊ အခြေအနေကို ကြည့်ပြီး မီးစင်ကြည့်က, ရမှာပဲ"

"ရှင်ပြောတာ ကျွန်မ တစ်ခုမှ နားမလည်ဘူး"

"အမိပြောတာလည်း ကျုပ် နားမရှင်းဘူး"

"ရှင်နားရှင်းအောင်လည်း ကျွန်မ မပြောတတ်တော့ဘူး၊ ကျွန်မ ရဲ့ ဘဝကိုက ပြောလို့မရတဲ့ ဘဝကိုရောက်နေလို့ ရှင်နားလည်အောင် ဘယ်လိုလုပ်ပြီး ပြောရမှန်း မသိဘူး"

"ကျုပ်ရဲ့ ဘဝကလည်း ထိုနည်းလည်းကောင်းပဲ၊ ဒါကြောင့် အမိနားလည်အောင် ပြောဖို့မလွယ်ဘူး"

"လာပြန်ပြီ ... လူကို အမိ အမိနဲ့ မခေါ်ပါနဲ့ နာမည်ရှိပါတယ်"



"မာလာလို့ ခေါ်စေချင်တယ်ဆိုပါတော့၊ ဒီလိုဆိုရင် ခေါ်ပါမယ်။ ခေါ်တာက အရေးမကြီးဘူး၊ အချိန်လည်း တဖြည်းဖြည်း နည်းလာပြီ အိမ်ကို ပြန်ပါတော့လား"

"အိမ်ကိုပြန်ရမှာ သိပ်ရင်လေးတာပဲ။ ဒီနေရာမှာ ခဏလာပြီး ကျွန်မရဲ့ဘဝကို ကျွန်မ မေ့မေ့ပျောက်ပျောက်နေရတာ သိပ်ပြီး လွတ်လပ် တယ်၊ ကိုယ့်ဘဝကိုယ်မေ့ပြီး ပျော်လည်း သိပ်ပျော်တာပဲ၊ ကျွန်မ ခုလို ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်နေတာကို မကြည့်ချင်လို့ အိမ်ကို များ အတင်းပြန်ခိုင်းနေတာလား"

"မဟုတ်ပါဘူး၊ မိန်းမသား တစ်ယောက်တည်း လူသူမနီးတဲ့ တောကြီးထဲမှာ လာနေတာ မတော်လို့ ပြောနေတာပါ"

ဗိုလ်နန္ဒပြောလိုက်သော စကားများကို မာလာသည် တွေဝေ နားထောင်နေပေသည်။

"လူဖြစ်ရတဲ့ဘဝမှာ မိန်းမသားဖြစ်ရတာဟာ သိပ်ပြီး အောက် ကျတာပဲနော်၊ လူမလေး–ခွေးမခန့် ဆိုသလိုပဲ"

မာလာက ညည်းညူလိုက်သည်။

"မာလာက ကိုယ့်ဘဝကို ကိုယ်ပြန်ပြီး မုန်းနေသလား"

"ဟုတ်တယ်ရှင့်၊ ကျွန်မရဲ့ ဘဝကို ကျွန်မသိပ်ပြီး စက်ဆုပ်တာ ပဲ ကျွန်မသာ ယောကျာ်းဖြစ်ရင် သိပ်ကောင်းမှာပဲ"

"ယောကျာ်းဖြစ်စေချင်ရင် အလွယ်ကလေးပါ၊ ခင်ပွန်းကို ရိုရို သေသေပြုစုပြီး ယောကျာ်းဆုပန်ရင် နောက်ဘဝမှာ ယောကျာ်းဖြစ်နိုင် သားပဲ"

"ကျွန်မမှာ ခင်ပွန်းမရှိဘူးလို့ ဆိုနေမှပဲ"

"မရှိရင် ရှိအောင်ရှာပေါ့"

"ရှာဖို့မလိုပါဘူး၊ ကျွန်မကို လိုချင်တဲ့လူတွေ များလွန်းလို့တောင် စိတ်ရှုပ်နေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"လိုချင်တဲ့လူများတာနဲ့ စိတ်ရှုပ်စရာ မရှိပါဘူး၊ ကိုယ်ကြိုက်တဲ့လူကို ရွေးယူလိုက်ရုံပေါ့"

"တစ်ယောက်မှ မကြိုက်လို့ ခက်နေတာပေါ့"

"ဒီလိုဆိုရင် ကျုပ်လည်း အကြံပေးတတ်တော့ဘူး၊ ကဲပါ အချိန်မရှိတော့ဘူး၊ အိမ်ကို ပြန်ပါတော့လား"

"မပြန်ချင်သေးပါဘူးလို့ ဆိုနေမှပဲ၊ ခုလို ကျွန်မဘာဝကို ကျွန်မမေ့ပြီး ရှင့်ကို ကျွန်မရဲ့ အစ်ကိုကြီးလို သဘောထားပြီး ခုလို လွတ်လွတ်လပ်လပ် အချေအတင် ပြောဆိုနေရတာ ပျော်လွန်းလို့ပါ"

"ပျော်နေ ... ပျော်နေ ... အမိက ပျော်နေပေမယ့် ကျုပ်မှာ သွားစရာ ရှိသေးတယ်၊ အမိကို ဖျော်ဖြေမနေနိုင်ဘူး"

ဗိုလ်နန္ဒသည် စိတ်တိုသည့် အမူအရာဖြင့် ပြောလိုက်ရာ မာလာသည် ဗိုလ်နန္ဒကို ကြည့်ပြီး တခိခိရယ်၍ နေပြန်သည်။

ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှ ...

"မာလာ ... သမီး ... မာလာ"

ဟူ၍ ခေါ်လိုက်သည့် အသံကို သဲ့သဲ့ကလေး ကြားလိုက်သဖြင့် ဗိုလ်နန္ဒသည် အသံကြားရာသို့ နားစွင့်လိုက်သည်။

"ဒီမှာ ... တခိခိရယ်မနေစမ်းပါနဲ့၊ မာလာ ... မာလာနဲ့ ခေါ်နေတဲ့ အသံကြားတယ်၊ မာလာကို လိုက်ရှာနေတယ် ထင်တယ်"

ဗိုလ်နန္ဒက ပြောလိုက်မှ မာလာသည် အရယ်ရပ်လိုက်ပြီး နားစွင့်လိုက်သည်။

"မာလာ ... သမီး ... မာလာ"

စောစောကအသံကို ထပ်မံ၍ ကြားရပြန်သည်။

"ဟော ... မာလာတဲ့ ... ခေါ်နေတာ ကြားတယ်မဟုတ်လား"

ဗိုလ်နန္ဒက မေးလိုက်သည်။

"ကြားပါတယ် ... မာလာရဲ့ မေမေ့အသံပါ"



မာလာက ပြန်ပြောလိုက်သည်။

"နို့ ... မာလာမှာ မေမေ မရှိဘူးဆို"

"ဟုတ်တယ်လေ၊ အမေအရင်း မရှိတော့ဘူး၊ ဒါက မာလာကို ...ယ်ကလေးတည်းက ကျွေးမွေးပြုစုလာတဲ့ မေမေလေ"

"မွေးစားတဲ့မေမေ ဆိုပါတော့"

"ဒါလည်း မဟုတ်သေးဘူး"

"မွေးတဲ့မေမေ မဟုတ်ရင် မွေးစားတဲ့မေမေ ဖြစ်ရမှာပေါ့"

"မဟုတ်ပါဘူးလို့ ဆိုနေမှပဲ"

"မာလာပြောတာ နားကိုမရှင်းဘူး"

"ဒါကြောင့် ရှင်သိချင်တာတွေကို နားရှင်းအောင် ပြောရမယ် ...ရှင် တစ်ညလုံးပြောလို့တောင်ကုန်မှာ မဟုတ်ဘူးလို့ အစကတည်းက ...ာ စကားခံထားသားပဲ"

မာလာက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒမှာ မာလာအား အကဲခတ် ...ရှိုင်အောင် ဖြစ်သွားပြန်သည်။

"မာလာ ... သမီး ... မာလာ"

ခပ်လှမ်းလှမ်းမှ ခေါ်သံကို ကြားရပြန်သည်။

"ကဲလေ ... ခေါ်နေပြီ ... သွားပါတော့လား"

"သွားဖို့မလိုပါဘူး၊ မာလာရှိတဲ့ နေရာကိုရှာပြီး လိုက်လာပါ ...မယ်"

"ဒီလိုဆိုရင် အသံပြုလိုက်ပါလား"

"အသံပြုဖို့လည်း မလိုပါဘူး"

"မာလာရဲ့ မေမေဆိုတဲ့သူက ဘယ်သူလဲ"

"ဘယ်သူလဲဆိုတာ ပြောပြရင်တော့ ရှင်သိမှာမို့လား"

မာလာက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒသည် ဘာမှပြန်မပြောဘဲ ...ငေးစားနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတောကြီးထဲမှာ မာလာတို့ သားအမိ နှစ်ယောက်တည်း နေ သလား"

"ဒီတောကြီးထဲမှာ မနေပါဘူး၊ မာလာရဲ့ မေမေက ဒီတောကြီး ရဲ့အလယ် ဒီနေရာကနေပြီး မြားတစ်ပစ်သာသာလောက်ဝေးတဲ့ တော စပ်က စမ်းချောင်းကလေးဆားမှာ နေတယ်၊ မာလာကတော့ မာလာရဲ့ ဘဝကို ငြီးငွေ့တဲ့အခါ မာလာရဲ့ ဘဝကို မေ့ပျောက်ပစ်လိုက်ပြီး မာလာ ရဲ့မေမေဆီကို စိတ်ပြေလက်ပျောက်ဆိုသလို ခဏလာလည်တာပါ"

"ဩော် ... ဒီလိုကိုး ... ဒါဖြင့် မာလာ အမြဲတမ်းနေတဲ့ နေရာက ဘယ်မှာလဲ"

"ရှင် တကယ်သိချင်လို့ မေးနေတာလား"

"သိချင်လို့ မေးနေတာပေါ့"

"ဒါနဲ့ စောစောတုန်းကတော့ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို မေးလည်း မမေးချင်ဘူး၊ သိလည်း မသိချင်ဘူးဆို"

မာလာက မျက်စောင်းထိုးကြည့်ရင်း ဗိုလ်နန္ဒအား သူ့စကားနှင့် သူ ပြန်နှက်လိုက်သည်။

"ကဲပါ ... မပြောချင်ရင်နေပါ၊ ခေါ်တဲ့လူက ခေါ်လှပြီ"

ဗိုလ်နန္ဒက စကားကိုလွှဲပြောလိုက်သည်။

ထိုအခိုက်တွင် ငြိမ်သက်တိတ်ဆိတ်လျက်ရှိသော တောအုပ် အတွင်းမှ ခရုသင်းမှုတ်လိုက်သည့် အသံကို စူးစူးဝါးဝါး ကြားလိုက် ရပြီး ခရုသင်းအသံ တိတ်သွားသည်နှင့် တစ်ပြိုင်နက် မြင်းခွာသံများ ကြားရသဖြင့် ဗိုလ်နန္ဒသည် ထိုင်ရာမှ ထလိုက်ပြီးလျှင် ရန်သူလာလျှင် ခုခံရန် ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်သည်။ မာလာမှာမူ ဂရုမစိုက် သည့်အနေဖြင့် ထိုင်ရာမှ မထဘဲ မြက်ပင်များကိုသာ တစ်ပင်ပြီးတစ်ပင် ဆွဲနုတ်နေပေသည်။



"မာလာ ... ထလေ ... ဓားလည်း အဆင်သင့် ကိုင်ထား၊ မြင်း သံတွေ မကြားဘူးလား"

ဗိုလ်နန္ဒက သတိပေးလိုက်သည်။

"ကျွန်မမှာ နားရှိသားပဲ၊ မကြားဘဲနေပါ့မလား၊ ဒီမှာ ရှင့်လက် ထဲက ဓားကို ဓားအိမ်ထဲ ပြန်သွင်းထားလိုက်စမ်းပါ။ ယောကျ်ားရင့်မ ကြီး လုပ်ပြီး ဒါလောက် ကြောက်နေရသလား"

မာလာက မထိတထိ ပြောလိုက်သည်။

"ကျုပ်က ကြောက်နေလို့ပြောတာ မဟုတ်ဘူး၊ အမိအတွက် စိုးရိမ်လို့ ပြောနေတာ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ကျွန်မအတွက် စိုးရိမ်တယ်ဟုတ်လား၊ ရယ်စရာကောင်းလိုက် တာ"

မာလာသည် အနည်းငယ်မျှ ကြောက်ရွံ့သည့် အမူအရာမပြဘဲ အေးဆေးစွာ နှင့် ရယ်နေပြန်သည်။

မြင်းခွာသံများ နီးသည်ထက်နီးလာပြီး မကြာမီ စစ်သူကြီး အဝတ် အစားနှင့် ခံ့ညားသည့် လူတစ်ယောက်သည် မြင်းဖြူကြီး စီးကာ သစ်ပင် များအကြားမှ ထွက်လာသည်ကို မြင်လိုက်ရပေသည်။

စစ်သူကြီး အဝတ်အစားနှင့်လူသည် ဗိုလ်နန္ဒနှင့် မာလာအား ကြည့်လိုက်ပြီး မြင်းပေါ်မှ ခုန်ဆင်းကာ မာလာ၏အနီးသို့ ရိုသေ စွာ ချဉ်းကပ်လာပြီးလျှင် မာလာ၏ ရှေ့တွင် ဒူးထောက်ပြီး အလေးပြု လိုက်သည်ကို မြင်ရသောအခါ ဗိုလ်နန္ဒသည် အံ့အားသင့်၍ သွားပေ သည်။

"ဘာကိစ္စ လိုက်လာကြရသလဲ၊ ခဏတဖြုတ်ကလေးမှ အေးအေး ဆေးဆေး မနေရတော့ဘူးလား"

မာလာသည် မိမိရှေ့တွင် ရှိသေစွာ ဒူးထောက်ခစားနေသော

www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီး အဝတ်အစားနှင့်လူအား လှမ်းပြီး ပြစ်တင်စကားပြောလိုက်သည်။

"တစ်ကိုယ်တော်တည်း ထွက်သွားတာ အတန်ငယ် ကြာသွားပြီလို့ မယ်မယ်ဘုရားက စိုးရိမ်တကြီးလာပြီး သတင်းပေးလို့ နောက်တော်ပါးက အမီလိုက်လာရခြင်း ဖြစ်ပါတယ်"

စစ်သူကြီး အဝတ်အစားနှင့်လူက ပြန်ပြောလိုက်ပြီး အနီးတွင် ရပ်နေသော ဗိုလ်နန္ဒအား တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဤလူသည် မည်သူဖြစ်ပါသနည်း၊ ရန်သူလော ... မိတ်ဆွေလော ... မိန့်ကြားတော်မူပါ"

စစ်သူကြီး အဝတ်အစားနှင့်လူက ရှိသေစွာ မေးလိုက်သည်။ မာလာသည် စစ်သူကြီး အဝတ်အစားနှင့်လူကို ကြည့်လိုက်၊ ဗိုလ်နန္ဒကို ကြည့်လိုက်နှင့် ခေတ္တစဉ်းစားနေပေသည်။

"ဤသူသည် ရန်သူမဟုတ်–ရန်သူ၏ လက်တွင်းမှ ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်သာ ဖြစ်တယ်၊ ဤလူနှင့်သာ ဤနေရာတွင် မတွေ့လျှင် စစ်သူကြီးရဲ့ အရှင်သခင်မကို ဖူးမြော်ချင်လို့တောင် ဖူးမြော်ခွင့်ရတော့မှာ မဟုတ်ဘူး ... စစ်သူကြီး"

မာလာသည် လေအေးကလေးဖြင့် ပြန်ပြောနေရာမှ ခက်ထန်သော အသံဖြင့် စစ်သူကြီးအား ခေါ်လိုက်သည်။

"မှန်လှပါ–ဘုန်းတော်ကြောင့် ခစားလျက် ရှိကြောင်းပါ"

"ထီးသံ နန်းသံတွေ မကြားချင်ဘူး၊ ရိုးရိုးပဲ သံတော်ဦးတင်စမ်းပါ"

"ကောင်းလှပါပြီ သခင်မ"

"စစ်သူကြီးရဲ့ တာဝန်ကို ပြောပြစမ်း"

"ကျွန်တော်မျိုးကြီးရဲ့ တာဝန်က ဤနယ်ခြားဒေသ လုံခြုံရေးအတွက် စောင့်ရှောက်ရန်တာဝန် ဖြစ်ကြောင်းပါ"



"စစ်သူကြီး ကိုယ်တိုင် တာဝန်ယူပြီး စောင့်ကြပ်ရတဲ့ ဟောဒီ တောကြီးထဲမှာ မိန်းမသားတစ်ဦးကို လူဆိုးတွေ ရမ်းရမ်းကားကား [illegible]သွားတာကို မသိလိုက်ဘူးလား"

"မသိကြောင်းပါ"

"အမှုထမ်း ပေါ့လျော့တာကိုး၊ ဟောဒီက ရှုပ်ဆိုတဲ့ အစ်ကိုကြီး သာမရှိရင် သခင်မရဲ့ အသက်နဲ့ ခန္ဓာကိုယ် အိုးစားကွဲမှာ သေချာတယ် — ဒါလောက်တောင် အမှုထမ်း ပေါ့လျော့ရသလား"

"မှန်လှပါ ... ကျွန်တော်မျိုးကြီးလည်း တတ်နိုင်သမျှ ဂရုစိုက်ပြီး စောင့်ကြပ်လျက် ရှိကြောင်းပါ၊ သို့ပါသော် ယခုတလော သုဝဏ္ဏ နိုင်ငံတော်ဘက်မှ သူလျှိုဒလန်များ ဤနေရာတွင် ကျက်စားလျက်နေသဖြင့် သူလျှိုများနောက်သို့ တကောက်ကောက် လိုက်နေရသဖြင့် အစ်ဟင်းသွားခြင်း ဖြစ်ကြောင်းပါ"

"ဒါထက် နန်းတော်ကြီးက ဘာများ သတင်းထူးခြားသေးသလဲ"

"မှန်လှပါ၊ ယမန်နေ့ညက သခင်မရဲ့ လက်ရုံးတစ်ဆူဖြစ်တဲ့ စစ်သူကြီး သီဟဗလ လုပ်ကြံခံရကြောင်းပါ"

"အလို ... ဟင် ... စစ်သူကြီး သီဟဗလ လုပ်ကြံခံရတယ် — ဟုတ်လား၊ ဘယ်သူ့လက်ချက်လဲဆိုတာ မသိဘူးလား။ လက်သည်ကို မီအောင်မဖမ်းနိုင်ဘူးလား ... တယ် ပေါ့လျော့ကြတာကိုး"

"မှန်လှပါ စစ်သူကြီး သီဟဗလ လုပ်ကြံခံရခြင်းမှာ သာမန်လူသားရဲ့ လုပ်ကြံခံရခြင်း မဟုတ်ကြောင်းပါ"

"ရှင်းစမ်းပါဦး"

"မှန်လှပါ ... သုဝဏ္ဏနိုင်ငံတော်နှင့် စေတုတ္တရာ နိုင်ငံတော် နယ်ခြားရှိ ကျောက်တောင်ကြီးအနီးမှာ စုန်းများ တောက်စားလျက်ရှိသည်ကို ညတိုင်း မြင်ရကြောင်းပါ၊ စစ်သူကြီး သီဟဗလမှာ စုန်းကဝေ တို့ လုံကြည်သူ မဟုတ်သဖြင့် ယမန်နေ့ညက ထိုနေရာသို့ စုံစမ်းရန်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြောင်းပါ၊ ယနေ့နံနက်အထိ သီဟဗလ ပြန်ရောက်မလာသဖြင့် ထိုနေရာသို့ လိုက်ပါသွားကြတဲ့အခါ စစ်သူကြီး သီဟဗလမှာ ဘီလူး အစွယ်ရာကြီးများဖြင့် ဗိုက်ပေါက်ပြီး အူများထွက်ကာ သေဆုံးနေသည်ကို တွေ့ခဲ့ရကြောင်းပါ"

"ဘီလူးအစွယ်ရာ ဖြစ်ကြောင်း ဘယ်လိုလုပ်ပြီး သိနိုင်သလဲ"

"ဝမ်းဗိုက်က ဒဏ်ရာကို ကြည့်ခြင်းအားဖြင့် သိနိုင်ကြောင်းပါ၊ စစ်သူကြီး သီဟဗလသာ မဟုတ်၊ ဤနေရာသို့ အရဲစွန့်ပြီး သွားသူတိုင်း ဤနည်းဖြင့် ဘီလူးစား ခံခဲ့ရကြောင်းပါ"

"ဘီလူးစားတယ် ဆိုတာ ယုံကြည်တော်မမူဘူး"

"ကျွန်တော်မျိုးကြီးလည်း အယုံအကြည် မရှိကြောင်းပါ၊ သို့ပါသော် ... ဤနေရာသို့ ညဘက်တွင် အရဲစွန့်ပြီး သွားသူတိုင်း ဗိုက်ပေါက်၍ အူများထွက်ပြီး သေဆုံးနေသည်ကိုသာ တွေ့ရကြောင်းပါ"

"ခုလိုသေတာ ဘယ်နယောက် ရှိသွားပြီလဲ"

"စစ်သူကြီး သီဟဗလ ပါနဲ့ဆိုရင် ၉ ဦး ရှိသွားပြီ ဖြစ်ကြောင်းပါ၊ ထို ၉ ဦးစလုံးမှာလည်း သခင်မရဲ့ ဖခမည်းတော် လက်ထက်ကစပြီး သခင်မ အပေါ်မှာ သစ္စာရှိခဲ့သော သူရဲကောင်းများ ဖြစ်ကြောင်းပါ၊ ခုလိုအခါမျိုးမှာ သခင်မရဲ့ ဖခမည်းတော်ရှိရင်"

စစ်သူကြီးသည် ပြောရင်း, ပြောရင်း မျက်နှာမှာ ညှိုးလာပြီး နှုတ်ခမ်းများ တုန်လာကာ ရှေ့ဆက် မပြောနိုင်တော့ဘဲ ရပ်ထားလိုက်သည်။

"ခမည်းတော်မရှိပေမယ့် ခမည်းတော်ရဲ့ ခြေရာကို တစ်ထပ်တည်း နင်းနိုင်တဲ့ သမီးတော် ရှိနေသားပဲ ... ဒီမှာ စစ်သူကြီး ... အမိန့်တော်မှတ်မယ် ... သခင်မရဲ့ လက်ရုံးတစ်ဆူ အားကိုးတော်မူရတဲ့ သူရဲကောင်း ၉ ဦးအား လုပ်ကြံသူများကို မိအောင်ဖမ်းပြီး မြို့လယ်မှာ ကားစင်တင်



[illegible]ခဲ့အသည်း နေပူလှန်း၍ သတ်စေ၊ ၇ ရက်အတွင်း မိအောင်မဖမ်း[illegible] စစ်သူကြီးအား သေဒဏ်အပြစ်ပေးရလိမ့်မည်"

ဓာလာအမည်ခံ စန္ဒာဒေဝီဘုရင်မသည် ထိုင်ရာမှ ထလိုက်ပြီး [illegible]ည်တို ကိုင်ဖွဲကာ အမိန့်ပေးလိုက်ရာ စစ်သူကြီးသည် အမိန့်တော် [illegible]နာခံနေပေသည်။

"မှန်လှပါ ... သာမန်ရန်သူဆိုလျှင် နေ့မဆိုင်း, ညမဆိုင်းပင် [illegible]င်ဖမ်းပေးနိုင်ကြောင်းပါ၊ သို့ပါသော် ယခု ရန်သူမှာ သာမန်လူ [illegible] မဟုတ်ဘဲ ဘီလူး သဘက် ဖြစ်နေသဖြင့် ဖမ်းဆီးရန် မဖြစ်နိုင်[illegible]ပါ၊ သခင်မ သတ်လိုက သခင်မအား ငယ်စဉ်တောင်ကျေး ကလေး[illegible]စပြီး သစ္စာရှိစွာဖြင့် ပြုစုစောင့်ရှောက်လာခဲ့တဲ့ ကျေးတော်မျိုး [illegible]တော်မျိုးကြီး အသေခံရန် အသင့်ရှိကြောင်းပါ"

စစ်သူကြီးသည် ဘုရင်မရှေ့တွင် လည်စင်းပေးရင်း ပြောလိုက်ရာ [illegible]ဒေဝီဘုရင်မသည် မိမိလက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် [illegible]သည့် ဓားကို ကြည့်လိုက်၊ စစ်သူကြီးကို ကြည့်လိုက်နှင့် ဖြစ်နေရာ [illegible]ထဲမှ ဓားကို မြက်ခင်းပေါ်သို့ ပစ်ချလိုက်ပြီးလျှင် မျက်ရည်များ [illegible]လာပေသည်။

"စစ်သူကြီး ဗန္ဓက ... သခင်မ အပေါ်မှာ စိတ်ကွက်လို့ ဒီစကား [illegible]လား၊ သခင်မ အပေါ်မှာ သစ္စာရှိခဲ့တဲ့ စစ်သူကြီး ဗန္ဓကကို [illegible] သတ်ရက်ပါ့မလား၊ သခင်မ ငယ်စဉ်တောင်ကျေး ကလေးဘဝ [illegible] စစ်သူကြီး ဗန္ဓကရဲ့ လက်ပေါ်မှာ ကြီးပြင်းလာခဲ့ရတယ် မဟုတ် [illegible] သခင်မ အပေါ်မှာ သစ္စာရှိခဲ့တဲ့ သူရဲကောင်းကြီး ၉ ဦး ခုလို [illegible]ရတယ် ဆိုတော့ သခင်မလည်း စိတ်မချမ်းသာလွန်းလို့ စိတ်လိုက် [illegible] အမိန့်တော်ရှိခဲ့တာကို ခွင့်လွှတ်ပါ"

"သခင်မ အပေါ်မှာ ဆံတစ်ချည်မျှ စိတ်ကွက်ခြင်း မရှိကြောင်း [illegible]ခင်မရဲ့ ဖခမည်းတော် လက်ထက်ကစပြီး သစ္စာရှိရှိခဲ့ အမှုတော်

www.burmeseclassic.com

www.burmeseclassic.com



ထမ်းရွက်ခဲ့သည်ကို သခင်မအသိပင် ဖြစ်ကြောင်းပါ၊ သခင်မအတွက် ဆိုလျှင် အသက်နဲ့လဲဖို့ အသင့်ရှိကြောင်း ထပ်လောင်း၍ သံတော်ဦး တင်ဝံ့ပါသည်"

စန္ဒာဒေဝီဘုရင်မသည် ဣန္ဒြေ ပြန်ဆည်လိုက်ပြီး စစ်သူကြီး ဗန္ဓက အား ကြည့်ရင်း ငယ်ငယ်က အဖြစ်အပျက်များကို စဉ်းစားမိကာ အံ ကြိတ်လိုက်သည်။

"စစ်သူကြီးရဲ့ တင်ချက်အရဆိုရင် ယေါင်ယေါင်ဆဆနေလို့ မဖြစ်ဘူး လာ–နန်းတော်ကြီးကို ပြန်ကြမယ်"

စန္ဒာဒေဝီဘုရင်မသည် စစ်သူကြီး ဗန္ဓကအား ခေါ်လိုက်ရာ စစ် သူကြီးလည်း ဒူးထောက်နေရာမှ ထလိုက်သည်။

စန္ဒာဒေဝီဘုရင်မသည် စစ်သူကြီးအား ခေါ်လိုက်ပြီးနောက် မိမိ နှင့် စစ်သူကြီး အချေအတင် ပြောဆိုနေကြသည်ကို ကြက်သေသေပြီး ငေးစိုက် နားထောင်နေသော ဗိုလ်နန္ဒအား လှမ်းကြည့်လိုက်သည်။

"ဒီမှာ ကိုရှုပ စစ်သူကြီးပြောတဲ့ စကားတွေကို ကြားတယ်မဟုတ် လား၊ တိုင်းရေးပြည်ရေးက သိပ်ပြီး ရှုပ်ထွေးနေတယ်၊ တိုင်းရေးပြည် ရေး ရှုပ်ထွေးနေချိန်မှာ ရှင်တွေ့ချင်တဲ့ စန္ဒာဒေဝီဘုရင်မက အတွေ့ မှာ မဟုတ်ဘူး၊ ဒီတော့ကာ အပင်ပန်းခံပြီး တွေ့ဖို့ ကြိုးစားမနေနဲ့တော့ ဒီနေရာကပဲ လှည့်ပြန်သွားရင် ကောင်းလိမ့်မယ်၊ ကဲ–သွားပြီ"

မာလာအမည်ခံ စန္ဒာဒေဝီ ဘုရင်မသည် စစ်သူကြီး ဗန္ဓကနှင့် အတူထွက်ခွာသွားပြီး သစ်ပင်များ ထူထပ်သည့် တောထဲတွင် တဖြည်း ဖြည်း ပျောက်ကွယ်သွားပေသည်။

ဗိုလ်နန္ဒမှာမူ မှင်တက်မိသော သူကဲ့သို့ စန္ဒာဒေဝီ ဘုရင်မနှင့် စစ်သူကြီး ဗန္ဓကတို့အား မျက်စိတဆုံး ကြည့်ပြီး ကျန်ရစ်ခဲ့ပေသည်။ ဗိုလ်နန္ဒ၏ မျက်စိထဲတွင်မူ သီဟရာဇာ ဘုရင်ကြီး၏ နန်းတော်အနောက် ဘက်ရှိ ကြိုးစင်ကြီးပေါ်တွင် လည်ပင်း ကြိုးကွင်းများစွပ်လျက် ကျန်ရစ်



ခဲ့သည့် ရဲဘော် ၉ ဦး၏ မျက်နှာကို တရေးရေး မြင်ယောင်လျက်ရှိပေ သည်။

"ငနန္ဒ ... မင်းလောက်ညံ့တဲ့ အကောင် လောကမှာ ရှိသေးရဲ့ လား၊ မင်းကိုယ်မင်း လူကဲခတ်ကောင်းတယ်ဆိုပြီး အထင်ကြီးခဲ့သမျှ ဒီနေရာမှာ တက်တက်စင် လွဲကုန်ပါကောလား၊ စောစောကသာ မာလာ ဆိုတာ တခြားလူ မဟုတ်၊ စန္ဒာဒေဝီ ဘုရင်မ ဖြစ်ရမယ်လို့ အကဲခတ်မိရင် တစ်ခါတည်း ဖမ်းသွားပြီး သီဟရာဇာ ဘုရင်ကြီးလက် ဆက်သလိုက် ရင် မကောင်းပါလား၊ ဒီလိုဆိုရင် ငါ့ရဲဘော် ၉ ဦးလည်း အသက်ဘေး က ချမ်းသာရာရမယ်၊ ငါလည်း သီဟရာဇာ ဘုရင်ကြီးရဲ့ အကူအညီနဲ့ ပြည်တော်ရဲ့ ရိုက်ရာ ဖြစ်တဲ့ သုဝဏ္ဏနိုင်ငံတော်က သုဓနုဘုရင်ကို ဖြုတ်ချ၊ အောင်နိုင်ထုတ်ပြီး ထီးနန်းစိုးစံရဖို့ သေချာသလောက် ဖြစ်နေတယ် မဟုတ်လား၊ ဒီလိုအခွင့်ကောင်းတွေ့ပါလျက် အခွင့်အရေးကို လက် လွှတ်ပစ်လိုက်တာဟာ မင်းလောက်ညံ့တဲ့လူ ဇမ္ဗူမှာမရှိတော့ဘူး"

ဗိုလ်နန္ဒသည် မိမိကိုယ်ကိုမိမိ အပြစ်တင်ရင်း အနီးတွင် မြက် ပေါက်နေသော ဖောင်းဝတ်ရောင် မြင်းလိမ္မာကြီးပေါ်သို့ လွှားခနဲ ခုန်တက် ပြီးလျှင် တောအုပ်ထဲသို့ ဝင်၍သွားပေသည်။ လမ်းခရီးတစ်လျှောက် တွင်လည်း သီဟရာဇာ ဘုရင်မင်းမြတ်၏ နန်းတော်အနောက်ဘက် ရှိ ကြိုးစင်ကြီးကိုသာ တရေးရေး မြင်ယောင်လျက်ရှိပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၇

နေမှာ တဖြည်းဖြည်းစောင်း၍ လာပေသည်။

ဗိုလ်နန္ဒသည် စမ်းချောင်းကလေးဘေးမှ ကပ်ပြီး မြင်းလိမ္မာကြီးကို စီးကာ တဖြည်းဖြည်းလာခဲ့ရာမှ ရေတိမ်သော နေရာသို့ ရောက်သောအခါ စမ်းချောင်းကလေး တစ်ဖက်ကမ်းသို့ ဖြတ်ကူးရန် အကြံရသဖြင့် စမ်းချောင်းတစ်ဖက်သို့ လှမ်းလျှက်ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းမှ စစ်သည်တော် အဝတ်အစားနှင့်လူ ၃ ယောက်သည် မြင်းကိုယ်စီဖြင့် ဗိုလ်နန္ဒရှိရာသို့ လာနေကြသည်ကို မြင်လိုက်ရသဖြင့် ထိုသူသုံးဦးအား စိုက်ကြည့်နေမိပေသည်။

နေဝင်ဆည်းဆာအချိန် ဖြစ်သည့်အပြင် သစ်ပင်ရိပ်များကြောင့် တစ်ဖက်ကမ်းမှ လာနေသော စစ်သည်တော်များ၏ မျက်နှာကို ကောင်းမွန်စွာ မမြင်ရပေ။ စစ်သည်တော် သုံးဦး၏ အဝတ်အစားများနှင့် မြင်း၏ ကကြိုးတန်ဆာများကို ကြည့်ခြင်းအားဖြင့် စေတုတ္တရာပြည့်ရှင် ဘုရင်မ၏ စစ်သည်တော်များ ဖြစ်ရမည်ဟု ခန့်မှန်းနိုင်လေသည်။

ထိုစစ်သည်တော် ၃ ဦးသည် ဗိုလ်နန္ဒကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မြင်းကို ဒုန်းစိုင်းကာ စမ်းချောင်းကလေးကို တရကြမ်းဖြတ်ကျော်ပြီး ဗိုလ်နန္ဒထံ အနီးသို့ ချဉ်းကပ်လာပေသည်။

စမ်းချောင်းကလေး၏ အလယ်သို့ ရောက်သောအခါ ရှေ့ဆုံးမှ မြင်းစီးလာသည့် ထောင်ထောင်မောင်းမောင်း စစ်သည်တော်သည် လက်



မှ ဓားရှည်ကြီးကို မြှောက်လိုက်ပြီး ဗိုလ်နန္ဒအား အလေးပြုလိုက်သည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒသည် အံ့အားသင့်စွာ စိုက်ကြည့်နေမိပေသည်။

"ဆရာ ဗိုလ်နန္ဒကို အလေးပြု"

ရှေ့ဆုံးမှ မြင်းစီးလာသော ထောင်ထောင်မောင်းမောင်းနှင့် လူက အမိန့်ပေးလိုက်ရာ နောက်မှလိုက်ပါလာသော ရင်အုပ်ကျယ်ကျယ် ဇလထောင်းကောင်း စစ်သည်တော်နှင့် အသားဖြူဖြူ ပိန်ပိန်ပါးပါး စစ်သည်တော်သည် ဗိုလ်နန္ဒအား အလေးပြုလိုက်သည်။

"အလို ... လက်စသတ်တော့ အာဠာဝကတို့၊ ကျော်ဇေယျတို့၊ နေမျိုးတို့ပါလား၊ စေတုတ္တရာ ဘုရင်မ စစ်သည်တော် အဝတ်အစားတွေနဲ့ ဘယ်ပုံဘယ်နည်း ဖြစ်လာကြတာလဲ"

ဗိုလ်နန္ဒသည် မိမိ၏ တောတွင်းသား ခေါင်းဆောင် ၃ ဦး၏ အမည်ကို ခေါ်ပြီး မေးလိုက်သည်။

"ဆရာထွက်သွားပြီး ဘာမှ မကြာခင် ဆရာပြောတဲ့ စေတုတ္တရာ ဘုရင်မရဲ့ စစ်သည်တော် ၇ ဦး တောထဲကို ရောက်လာကြတယ်၊ အဲ့ဒီ စစ်သည်တော် ၇ ဦးကို ဝိုင်းဖမ်းပြီး သူတို့ဆီက မြင်းတွေရယ် စစ်ဝတ်စားတွေရယ် လက်နက်တွေပါ လုယူလိုက်တာပေါ့ ဆရာရဲ့၊ ခု ဆရာ တွေ့ရသည့် စီးလာတဲ့ မြင်းနဲ့ စစ်ဝတ်စစ်စားတွေဟာ အဲဒီ စစ်သည်တော် တွေဆီက ရလာတဲ့ ပစ္စည်းတွေပေါ့ ဆရာရဲ့"

ရှေ့ဆုံးက မြင်းစီးလာသော ဗိုလ်အာဠာဝက, က အားရပါးရ ပြောလိုက်သည်။

"အဲဒီ စစ်သည်တော် ၇ ဦးကို မင်းတို့ နှိပ်စက်ညှဉ်းပန်းကြသေးသလား၊ ကောင်းကောင်းမွန်မွန် ထားရဲ့လား"

"ဆရာ့အမိန့်ကို နာခံပြီး ကောင်းကောင်းမွန်မွန် ထားပါတယ်၊ ဒါပေမဲ့ ခေါင်းဆောင်လုပ်တဲ့လူက လက်နက်ချ အညံ့မခံဘဲ တပည့်တွေကို ခုခံတိုက်ခိုက်လို့ တပည့်တို့ လက်ချက်နဲ့ ကျဆုံးသွားတယ်၊ ကျန်

www.burmeseclassic.com

www.burmeseclassic.com



၂ ယောက်လည်း နည်းနည်းစီ ဒဏ်ရာရသွားကြတယ်၊ ဒဏ်ရာရတဲ့ လူတွေကို ဆေးထည့်ပေးပြီး အသက်မသေဘဲ ကျန်တဲ့လူ ၆ ယောက် စလုံးကို လုံခြုံတဲ့နေရာမှာ ထားခဲ့ပါတယ်"

"မောင်သုတ ဆိုတဲ့ ကိုယ်ရံတော် ဗိုလ်မှူးကလေးနဲ့ကော မတွေ့ဘူးလား"

"တွေ့ပါတယ်၊ သူ့ကိုတော့ ကျော်စွာတို့ လူသိုက်က ခေါ်သွားပြီး ကောင်းကောင်းမွန်မွန် ပြုစုထားပါတယ်"

"ဒီနေရာကို တပည့်တို့ ဘာလို့လိုက်လာကြရတာလဲ"

"အင်ကြင်းမြိုင် တောတန်းကိုဖြတ်ပြီး မြင်းစီးစစ်သည်တော်များ ဖြတ်သန်းသွားတယ်လို့ သတင်းကြားတာနဲ့ ဘယ်နိုင်ငံက စစ်သည်တော် တွေလဲ ဆိုတာ သိရအောင် နောက်ယောင်ခံ လိုက်လာရင်း စစ်ဝတ်စစ် စားနှင့် မသင်္ကာဖွယ်ရာ လူတစ်ယောက်ကို မြင်လိုက်လို့ သူ့ကို ဝိုင်းဖမ်း ရင်း ဒီနေရာကို နယ်ကျွံပြီး ရောက်လာခြင်း ဖြစ်ပါတယ်"

"အဲဒီ စစ်သည်တော်ကို ဖမ်းမိရဲ့လား"

"ဖမ်းမိထားပါတယ်၊ ဟိုဘက်ကမ်းက သစ်ပင်မှာ ကြိုးနဲ့တုပ် ပြီး ထားခဲ့ပါတယ်"

"အင်း ... တော်ပါသေးရဲ့ ... တပည့်တို့က လက်မြန်ခြေမြန် ဆို တော့ မည်းခနဲမြင်ရင် သတ်လားဖြတ်လား လုပ်ဖို့လောက်သာ စိတ်ကူး နေကြတာပဲ ... လောကမှာ ဘယ်သူမဆို သေရမှာကြောက်တဲ့ လူတွေ ချည်းပဲ မဟုတ်လား၊ ကိုယ်ချင်းစာမှပေါ့"

"ဆရာပြောတာမှန်တယ်၊ ဒါပေမဲ့ မြွေနဲ့ကျားကို သနားတယ် ဆိုပြီး ချမ်းသာပေးလိုက်ရင် သတ္တဝါများကို ညှဉ်းပန်းသတ်ဖြတ်မှာ ဖြစ်တဲ့အတွက် မြွေလိုသတ္တဝါနဲ့ ကျားလိုသတ္တဝါကို မသတ်ဘဲထားရင် အပြစ်ရှိတယ်လို့ ထင်ပါတယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သူ့အကုသိုလ်နဲ့သူ သွားပါလိမ့်



ယ်၊ သူများအကုသိုလ်ကို ကိုယ့်အကုသိုလ် မလုပ်ချင်စမ်းပါနဲ့၊ ဒါမျိုး တော့ ဥပေက္ခာပြုပြီး မေတ္တာပို့ရတယ်ကွဲ့၊ ဒါထက် တပည့်တို့ ဖမ်း ထားတဲ့လူ ဘယ်မှာလဲ"

"ဟိုဘက်ကမ်းမှာပါ"

ရှေ့ဆုံးမှ မြင်းစီးလာသော ဗိုလ်အာဠာဝက က တစ်ဖက်ကမ်း ဆီ လက်ညှိုးညွှန်ပြရင်း အဖြေပေးလိုက်သည်။

"ကဲ ... အဲဒီလူဆီကိုသွားပြီး မေးမြန်း စုံစမ်းကြည့်ကြဦးစို့လား"

ဗိုလ်နန္ဒက ပြောလိုက်သဖြင့် ဗိုလ်အာဠာဝကသည် ရှေ့မှ သမ်းပြကာ တစ်ဖက်ကမ်းသို့ ဖြတ်ကူးပြီး တောစပ်ရှိ သစ်ပင်ရင်းတွင် ချည်နှောင်ထားသည့် သန်မာထွားကျိုင်းသည့် လူတစ်ယောက်ကို ပြ လိုက်ပေသည်။

ဗိုလ်နန္ဒသည် ထိုသူ၏အနီးသို့ ချဉ်းကပ်သွားပြီး သစ်ပင်သို့ ပါပြီး ချည်နှောင်ထားသည့် ကြိုးများကို ဖြေပေးလိုက်ပေသည်။

"အကြည်တော်ကို ကျုပ်တပည့်များက ခုလို ဖမ်းဆီးချုပ်နှောင် ထားသည်ကို ခွင့်လွှတ်ပါ၊ အကြည်တော် မည်သူမည်ဝါ ဖြစ်၍ မည် သည့်အရပ်ကို သွားမည်ကို သိခွင့်ရှိက သိပါရစေ"

ဗိုလ်နန္ဒက လေးလေးစားစား ပြောလိုက်သည်။

သစ်ပင်တွင် ချည်နှောင်ထားခြင်း ခံရသောသူသည် အနှောင် အဖွဲ့မှ လွတ်သည်နှင့် တစ်ပြိုင်နက် မျက်နှာထား အောက်သိုးသိုးဖြင့် ဗိုလ်နန္ဒတို့ လူသိုက်ကို တစ်ဦးစီ ကြည့်နေပေသည်။

"မင်းတို့ကကော ဘယ်သူတွေလဲ၊ မိန်းမအုပ်စိုးတဲ့ နိုင်ငံက မိန်းမ ဘဘီနားကပ်ပြီး လူပါးဝနေတဲ့ စစ်သည်တော်တွေ မဟုတ်လား"

အနှောင်အဖွဲ့မှ လွတ်လာသူသည် စေတုတ္တရာ နိုင်ငံတော်၏ တံဆိပ်အမှတ်အသားများ ပါရှိသည့် စစ်သည်တော် အဝတ်အစားများ

www.burmeseclassic.com

ဝတ်ဆင်ထားရှိသည့် ဗိုလ်အာဠာဝကတို့ လူသိုက်ကိုကြည့်ရင်း မထိလေးစား ပြန်မေးလိုက်ပြန်သည်။

"ခွေးမသား မင်းကိုသနားလို့ လွှတ်လိုက်တာကို ကျေးဇူးမတင်ဘဲ လုပါးဝစကား ပြောနေတာလား"

ကျော်ဇေယျသည် ဓားရှည်ကို ဆွဲထုတ်ပြီး ခုတ်မည့်ဟန် ပြင်လိုက်သည်။

"ကျော်ဇေယျ ... ဒါက ဘာလုပ်တာလဲ၊ ဓားကို ပြန်သွင်းထားလိုက်"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်ရာ ကျော်ဇေယျသည် စိတ်ထဲတွင် မကျေနပ်သော်လည်း ဆရာ၏အမိန့်ကို နာခံကာ ဓားကို ဓားအိမ်ထဲ ပြန်သွင်းလိုက်သည်။

"ဒီမှာ အကြည်တော် ကျုပ်မေးတာကို ကောင်းကောင်းဖြေစမ်းပါ၊ အကြည်တော် မည်သူမည်ဝါ ဖြစ်၍ မည်သည့်ကိစ္စနှင့် ဤနေရာသို့ ရောက်လာသည်ကို သိပါရစေ"

ဗိုလ်နန္ဒက မေးလိုက်ပြန်သည်။

"ဒါ မင်းတို့အလုပ် မဟုတ်ပါဘူး"

အနှောင်အဖွဲ့မှ လွှတ်လာသူသည် ၄ ယောက်နှင့် တစ်ယောက်ဖြစ်နေသည့်အပြင် မိမိတွင် လက်နက်မရှိသဖြင့်သာ အောင့်အည်းသည်းခံနေရသော်လည်း စိတ်ထဲတွင်မူ အခဲကျေပုံမရဘဲ အံတကြိတ်ကြိတ်နှင့်ဖြစ်၍နေပေသည်။ အနီးအနားပတ်ဝန်းကျင်ကိုလည်း ကျီးကန်းတောင်းမှောက် ကြည့်၍နေပေသည်။

ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှ မြင်းခွာသံလိုလို ကြားလိုက်ရသဖြင့် ဗိုလ်နန္ဒနှင့် အဖော်များသည် မြင်းခွာသံ ကြားရာသို့ နားစွင့်လိုက်ရာ အနှောင်အဖွဲ့မှ လွှတ်လာသူသည် အနီးရှိ သစ်ကိုင်းခြောက် တစ်ချောင်းကို ကောက်ယူပြီး ရှေ့ဆုံးမှ ရပ်နေသော ဗိုလ်နန္ဒအား တအား



ဆွဲရိုက်လိုက်ပြီး သစ်ပင်ကြီးသစ်ပင်ကြားထဲသို့ တစ်ရှိန်ထိုး ဝင်ပြေးသွားပေသည်။

ဗိုလ်နန္ဒမှာ အလစ်တွင် ခံလိုက်ရသဖြင့် မြင်းပေါ်မှ မကျအောင် မနည်းသတိထားပြီး ဦးခေါင်းတွင် ထိမှန်သွားသည့် နေရာကို လက်ဖြင့် စမ်းသပ်ကြည့်လိုက်ရာ ချွေစောင်းတွင် ဖူးရောင်၍လာသည်ကို စမ်းသပ်မိပေသည်။

နေမျိုးတို့လူသိုက်မှာကား မြင်းပေါ်မှ ခုန်ဆင်းပြီး သစ်ပင်ချုံနွယ်ကြားသို့ ထွက်ပြေးသော လူနောက် အတင်း တရကြမ်း လိုက်ဖမ်းကြသည်။

မကြာမီ ချုံကွယ်များအကြားမှ ဓားကိုင် ပြေးထွက်လာသော ဗိုလ်နေမျိုးကို မြင်လိုက်သဖြင့် ဗိုလ်နန္ဒက လှမ်းကြည့်လိုက်သည်။

"ခွေးသား တော်တော်အပြေးသန်တဲ့ အကောင် မိအောင်လိုက်သာတောင် မရဘူး၊ ဒါပေမဲ့ ပြေးရင်းလွှားရင်း သူ့ခါးကြားက ငွေကျည်တောက်တစ်ခု ကျကျန်ရစ်ခဲ့လို့ ကောက်ယူလာခဲ့တယ်"

ဗိုလ်နေမျိုးသည် မောကြီးပန်းကြီးနှင့် ပြန်လာပြီး လက်တစ်ဖက်တွင် ကိုင်ထားသည့် ငွေကျည်တောက်ကို ဗိုလ်နန္ဒအား လှမ်းပေးလိုက်သည်။

ဗိုလ်နန္ဒသည် ငွေကျည်တောက်ကိုယူပြီး ဖွင့်ကြည့်လိုက်ရာ ကျည်တောက်ထဲမှ မှိုင်းခံစက္ကူလိပ် တစ်ခုထွက်လာပြီး ထိုမှိုင်းခံစက္ကူလိပ်ကို ဖြေကြည့်လိုက်သောအခါ စေတုတ္တရာမြို့တော်နှင့် နန်းတော်မြေပုံ ဖြစ်နေသည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒသည် စိတ်ဝင်စားစွာ ကြည့်ရှုနေပေသည်။

ထိုမြေပုံတွင် မြို့ရိုးနှင့် မုခ်ဝများကို အသေးစိတ် ဖော်ပြထားသည်သာမက နန်းတော်ဆောင်များကိုပါ အမှတ်အသားများနှင့် ရေးဆွဲထားသည်ကို တွေ့ရပေသည်။ မြေပုံကို ကြည့်ရခြင်းအားဖြင့် မြေပုံဆွဲ

www.burmeseclassic.com

www.burmeseclassic.com



သမားမှာ ကျွမ်းကျင်လိမ္မာသူတစ်ဦး ဖြစ်ရမည်ဟု အတတ်ပြောနိုင်ပေသည်။

မြေပုံတွင် စေတုတ္တရာမြို့တော် အနောက်ဘက်မုခ်မှ နယ်ခြားရှိ ရှမ်းများတောက်စားသည်ဟု ကျော်ကြားနေသော သေလာဂီရိ တောင်ထွတ်အထိ ခရီးအကွာအဝေးကို မြားပြထားသည်သာမက မြို့ရိုးအတွင်းရှိ နန်းမ အဆောင်ဆောင်ကိုလည်း အသေးစိတ် ရေးဆွဲထားသည်ကို တွေ့ရပေသည်။

နန်းတော်၏ တောင်ဘက်အဆောင်တွင် ကြက်ခြေပြထားပြီး ကြက်ခြေ၏ဘေးတွင် (စန္ဒာဒေဝီ၏နန်းတော်) ဟူ၍ ရေးသားထားသည်ကို တွေ့ရပေသည်။

မြေပုံ၏အောက်ပိုင်းတွင် ကြက်ခြေနှစ်ခု ပြထားပြီး ကြက်ခြေတစ်ခုအောက်တွင် အသေရလျှင် အသပြာ တစ်သိန်း၊ အရှင်ရလျှင် အသပြာ နှစ်သန်း ဟူ၍ ရေးသားထားသည်ကို တွေ့ရပေသည်။

ဗိုလ်နန္ဒသည် မြေပုံကို သေချာစွာ လေ့လာနေရာမှ မိမိအနီးသို့ ချဉ်းကပ်လာကြသော ကျော်ဇေယျနှင့် အာဠာဝကအား လှမ်းကြည့်လိုက်သည်။

"ဒီလိုဆိုရင် စောစောက ထွက်ပြေးတဲ့လူဟာ သုဝဏ္ဏနိုင်ငံက သူ့ခန္ဓရဲ့ သူလျှိုဖြစ်ရမယ်၊ သူလွတ်သွားတာ နာတာပဲ"

ဗိုလ်အာဠာဝက, က မြေပုံကို ကြည့်ရင်း စိုးရိမ်သည့် အမူအရာဖြင့် ပြောလိုက်သည်။

"စိုးရိမ်စရာမရှိပါဘူး ... သူတို့ရဲ့ အကြံအစည်ကို လူသိကုန်ပြီဆိုတာ သိသွားရင် စေတုတ္တရာနိုင်ငံကို လုပ်ကြံဖို့ ကိစ္စဟာ နှောင့်နှေးသွားနိုင်တယ်၊ ဒီအတောအတွင်း စေတုတ္တရာနိုင်ငံ စန္ဒာဒေဝီဘုရင်မကို အဒိုက်မမိအောင် သတိပေးဖို့ အရေးကြီးတယ်၊ ဒါထက် ဟောဒီ



ငွေကြုတ်ကလေး ကျကျန်ရစ်ခဲ့တဲ့ စစ်သည်ဘော်ကို မင်းတို့မြင်ရင် မှတ်မိပါ့မလား"

ဗိုလ်နန္ဒက မေးလိုက်သည်။

"လူကိုမမှတ်မိတောင် သူ့လက်ကို ကောင်းကောင်းကြီး မှတ်မိပါတယ်"

ဗိုလ်နေမျိုးက ပြန်ပြောလိုက်သည်။

"သူ့လက်မှာ ဘယ်လိုအမှတ်အသား ရှိလို့လဲ"

"လက်သန်းတစ်ချောင်း ပြတ်နေတယ်"

"လက်ဝဲလား ... လက်ယာလား"

"လက်ဝဲဘက် လက်သန်းပါ၊ ကျွန်တော် သေသေချာချာ မှတ်မိပါတယ်"

ဗိုလ်နေမျိုးက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒသည် အတန်ကြာ စဉ်းစားနေပြီး လက်ထဲတွင် ကိုင်ထားသည့် မြေပုံကို ပြန်လိပ်လိုက်ပြီး ငွေကျည်တောက်ထဲသို့ ပြန်သွင်းလိုက်ပြီးလျှင် ခါးကြားတွင် ညှပ်ထားလိုက်သည်။

"ဒီနေ့ လဆန်း ၁၂ ရက် မဟုတ်လား"

ဗိုလ်နန္ဒက မေးလိုက်သည်။

"ဟုတ်ပါတယ်"

အာဠာဝက, က ပြန်ပြောလိုက်သည်။

"လဆန်း ၁၂ ရက်နေ့ဆိုရင် လကောင်းကောင်းသာမှာပဲ၊ ခုလိုလသာတဲ့ညမှာ သေလာဂီရိတောင်ကို ငါသွားပြီး စုံစမ်းကြည့်ရရင်ကောင်းမယ်ထင်တယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဆရာသွားလို့ ဖြစ်ပါ့မလား ... ဒီနေရာက ဘီလူး သဘက်တွေ ရှိတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နေမျိုးက ကြောက်ကြောက်နှင့် သတိပေးလိုက်သည်။

"ဘီလူး သဘက်တွေ ရှိတယ်ဆိုတာ ငါမယုံဘူး၊ ဘီလူးတို့ သဘက်တို့ ရှိရင်လည်း ကြောက်စရာ မလိုပါဘူး"

"ဘီလူး သဘက်ဆိုတာ လူတွေ မြင်တာမှ မဟုတ်ဘဲ ...၊ အလစ်မှာ ကုပ်ချိုးပြီး စားလိုက်မှဖြင့် ဒုက္ခပါပဲ၊ လူ့,လူချင်းဆိုရင် ကျွန်တော် နည်းနည်းကလေးမှ မကြောက်ဘူး။ ဒါပေမဲ့-သရဲ သဘက် ဆိုတော့ မမြင်ရလို့ တကယ့်ကို ကြောက်တယ်"

သရဲကြောက်တတ်သော ဗိုလ်နေမျိုးက ပြန်ပြောလိုက်ပြန်သည်။

"ဘီလူး သဘက်ကို ကြောက်နေစရာမလိုပါဘူး၊ သီလရှိတဲ့ လူတို့ ဘယ်လိုသတ္တဝါမျိုးမှ ရန်မမူနိုင်ပါဘူး"

"ဆရာက စိပ်ပုတီးအားကိုးနဲ့ ပြောနေတာကိုး၊ ဒါပေမဲ့ လူ့ရဲ့ ကံဆိုတာ မပြောနိုင်ဘူး၊ ကံနိမ့်တဲ့အခါနဲ့ကြုံရင် ဘီလူးစား ခံနေရလိမ့်မယ်၊ ဒီနေရာကိုတော့ မသွားနဲ့ ဆရာရယ်"

ဗိုလ်နေမျိုးက ဟန့်တားလိုက်ပြန်သည်။

"ဘာလဲ မင်းက ယောကျ်ားဖြစ်ပြီး သတ္တိကြောင်သလား၊ မင်း မလိုက်ရဲရင် နေရစ်ခဲ့ ... ငါတော့ ဆရာနဲ့ လိုက်သွားမယ်"

ဗိုလ်အာဠဝက, က ဓားကို ဝင့်ပြီး ပြောလိုက်သည်။

"ငါလည်း လိုက်မှာပဲ၊ ဘီလူး မပြောနဲ့ ... ဘီလူး ဘိုးအေတောင် ငါကမကြောက်ဘူး"

ကျော်ဇေယျက ဝင်ပြီးပြောလိုက်ပြန်သည်။

"ငါကလည်း လူ့,လူချင်းဆိုရင် ဘယ်သူ့ကိုမှ ဗိုလ်ထားတဲ့ အကောင် မဟုတ်ဘူး ဆိုတာ မင်းတို့အသိပဲ၊ ဒါပေမဲ့ ဘီလူး သဘက် ဆိုတာက ငါတို့မြင်နိုင်တာ မဟုတ်လို့ အလစ်မှာ ကုပ်ချိုးခံရမှာစိုးလို့ ပြောနေတာပါ"

"ဘီလူးကော ဘာမို့လို့ ကြောက်ရမှာလဲ ... ဘီလူးကို မကြောက်



လို့ အာဠဝကဆိုတဲ့ နာမည်ကို မှည့်ထားတာကွ၊ မင်းကိုယ်မင်း နေမျိုး ဆိုပြီး သတ္တိဒါလောက်နည်းရင် နာမည်ပါ ပြောင်းပစ်လိုက်"

ဗိုလ်အာဠဝက, က ရင်ကော့ပြီး ပြောလိုက်သည်။

"ဘာလဲ-မင်းက ငါ့ကို သတ္တိနည်းတယ်လို့ ထင်သလား၊ လာ လေ-သတ္တိရှိရင် ဒီနေရာမှာ တစ်ပွဲတစ်လမ်း စမ်းကြရအောင်"

ဗိုလ်နေမျိုးသည် မခံချင်စိတ် ပေါက်လာသဖြင့် ဓားအိမ်မှ ဓား ကို ဆွဲချွတ်လိုက်သည်။

"မိုက်မဲလှချည်လား၊ ဘာဖြစ်လို့ အချင်းချင်း အကဲစမ်းချင်ရ တာလဲ၊ သတ္တိကို အလွဲသုံးစား မလုပ်ချင်ကြစမ်းပါနဲ့၊ နေမျိုးကလည်း သည်းခံ၊ အာဠဝက, ကလည်း မခံချင်အောင် ရန်မစနဲ့"

ဗိုလ်နန္ဒက ကြားမှဝင်ပြီး ဖျန်ဖြေလိုက်သည်။

"ကျွန်တော်က ရန်စတာမှ မဟုတ်ဘဲ ... သူက ကြောက်စရာ မဟုတ်တာ ကြောက်နေတာကိုး"

ဗိုလ်အာဠဝက, က ဆင်ခြေပေးလိုက်ပြန်သည်။

"လူ့လူချင်းဆိုရင် ဘယ်သူ့ကိုမှ ဗိုလ်မထားပါဘူးလို့ ပြောနေ သားပဲ၊ သတ္တိရှိရင် ထွက်ခဲ့ပါတော့လား"

ဗိုလ်နေမျိုးသည် မခံချင်စိတ်ဖြင့် ပြန်ပြောလိုက်သည်။

"ကဲပါ တော်ကြပါတော့ ... တို့တစ်တွေ ရှေ့ကို ဘာလုပ်ရမလဲ ဆိုတာ အစီအစဉ်ရေးဆွဲဖို့ လိုလာပြီ ... သုမနေ ဘုရင်ယုတ်ရဲ့ ရန်က လည်း သိပ်ပြီးသေးငယ်ပုံ မရဘူး၊ ဒီဘုရင်ယုတ်ရဲ့ အကြံအစည်တွေ ပျက်ကုန်အောင် လုပ်ဖို့ တို့မှာ တာဝန်ရှိတယ်"

ဗိုလ်နန္ဒက ကြားမှဝင်ပြီး ပြောလိုက်မှ အားလုံးငြိမ်သက်စွာ နား ထောင်နေကြပေသည်။

"မင်းတို့တစ်တွေဟာ တောပုန်းတွေ ဆိုပေမယ့် တစ်ချိန်တုန်းက ဆိုရင် မြို့စားကြီးတွေရဲ့ သားတော်များ ဖြစ်ကြတယ် ဆိုတာကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ မမေ့ကြနဲ့၊ မင်းတို့ရဲ့သိက္ခာကို မင်းတို့ စောင့်ထိန်းကြဖို့လည်း သတိမမေ့ကြနဲ့၊ ပြီးတော့ မင်းတို့တစ်တွေဟာ သစ္စာဖောက် သုခနေ့ရဲ့ ရန်ကြောင့် တောတွင်းမှာလာပြီး ခိုလှုံနေကြရတယ် ဆိုတာကို အမြဲသတိရပြီး ဘဝတူအချင်းချင်း ရန်မဖြစ်ကြနဲ့ … စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ညီအစ်ကို အရင်းလို တစ်ယောက်မှာ အကြောင်းရှိရင် တစ်ယောက်က ကူညီဖို့ သတိမမေ့ကြနဲ့၊ မင်းတို့တစ်တွေ တောထဲ ဒုက္ခရောက်နေတာကို မကြည့်ရက်လို့ ငါကိုယ်တိုင် မင်းတို့နဲ့အတူ အပင်ပန်းခံပြီး လာနေတာကို မင်းတို့သိသားပဲ မဟုတ်လား"

ဗိုလ်အာဠဝက, က ရှေ့ဆောင်ပြီး ပြောလိုက်ရာ ဗိုလ်နေမျိုးနှင့် ဗိုလ်ကျော်ဇေယျတို့ကပါ တစ်သံတည်း ပြောဆိုကာ ကတိသစ္စာပြုကြသည်။

"ကဲ … ဒီနေ့ကစပြီး မင်းတို့အချင်းချင်း ဘယ်တော့မှ ရန်မဖြစ်ကြနဲ့၊ သူတစ်ပါးကိုလည်း အကြောင်းမဲ့သက်သက် နှိပ်စက်ကလူ မပြုကြနဲ့၊ အချင်းချင်း သည်းခံသလို သူတစ်ပါး အပေါ်မှာလည်း သည်းခံရမယ်၊ ရန်ကိုရန်ချင်း တုံ့ပြန်ရင် ရန်စသာပွားမယ်၊ မီးကို လောင်စာနဲ့ ငြိမ်းသတ်လို့ မရဘူး၊ မီးကို ရေစင်နဲ့ ငြိမ်းသတ်မှ ရတယ်"

ဗိုလ်နန္ဒက နှလုံးရည်လမ်းစဉ်ကို ချမှတ်ပေးနေလေသည်။

"ဆရာပြောတာကို ကျွန်တော်တို့ သဘောပေါက်ပါတယ်၊ ဒါပေမဲ့ တစ်ခါတစ်ခါကျတော့ မခံချင်စိတ်တွေ ပေါက်လာပြီး ကျွန်တော်တို့ကို ရန်စတဲ့လူမှန်ရင် ပြန်ပြီး လက်စားချေချင်တဲ့စိတ်တွေ ပေါ်လာတယ်"

ဗိုလ်ကျော်ဇေယျက ပြောလိုက်သည်။

"ဒီစိတ်တွေ ပေါ်လာတဲ့အခါတိုင်း မျိုသိပ်ပစ်ရမယ်၊ သတ္တိဆိုတာ ကိုယ်က နိုင်ရတဲ့လူကို အနိုင်ကျင့်တာကို သတ္တိမဟုတ်ဘူး၊ ကိုယ့်ရန်သူကိုပြန်ပြီး လက်စားချေတာလည်း သတ္တိမဟုတ်ဘူး၊ ကိုယ့်ကို ဘယ်လိုပဲ နှိပ်စက်နှိပ်စက် ကိုယ့်အပေါ်မှာ ဘယ်လောက်ပဲ မကောင်း



ထဲ့ကြဲ ကိုယ်က ခံနိုင်ရည်ရှိတာမျိုးကိုမှ တကယ့်သတ္တိလို့ ခေါ်တယ်၊ သူများကို အနိုင်ကျင့်ဖို့က လွယ်တယ်၊ သူများက အနိုင်ကျင့်တာကို ခံနိုင်ရည်ရှိဖို့က မလွယ်ဘူး၊ ကဲ–ဒါတွေပြောနေလို့ မပြီးသေးဘူး၊ တို့လုပ်စရာရှိတာတွေလုပ်ဖို့ တိုင်ပင်စရာရှိတာကို တိုင်ပင်ကြရအောင်"

"ကျွန်တော်တို့ကို ဆရာ ထားချင်ရာနေရာက ထားပါ … ဆရာ့အကျိုးကို အသက်နဲ့လဲပြီး ဆောင်ရွက်ဖို့ အသင့်ရှိပါတယ်"

ဗိုလ်အာဠဝက, က ရင်ကော့ပြီး ပြောလိုက်သည်။

"ငါ့တပည့်တွေဟာ တစ်ချိန်တုန်းကဆိုရင် မြို့စားကြီးများရဲ့ သားတော်များ ဖြစ်ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"သုဝဏ္ဏနိုင်ငံတော်မှာ ဆရာ့ခမည်းတော် မဟာသောဂဘုရင် အုပ်နန်းစိုးစံတော်မူခဲ့စဉ်က သုဝဏ္ဏနိုင်ငံတော်နဲ့ စေတုတ္တရာ နိုင်ငံတော်ဟာ မဟာမိတ်နိုင်ငံများအဖြစ် ရွှေလမ်းငွေလမ်း ဖောက်ခဲ့ကြတာကို မှတ်မိကြသေးတယ် မဟုတ်လား"

"ကောင်းကောင်းကြီး မှတ်မိပါသေးတယ်"

"အဲ့ဒီတုန်းက ငါ့တပည့်တွေထဲက စေတုတ္တရာ နိုင်ငံတော်ကို ရောက်ဖူးပေါက်ဖူးတဲ့လူ မရှိဘူးလား"

"ကျွန်တော်တော့ တစ်ခေါက်ရောက်ဖူးပါတယ်၊ ဒါပေမဲ့ နန်းတော်တော့ မရောက်ခဲ့ပါဘူး"

ဗိုလ်အာဠဝက, က ပြောလိုက်သည်။

"နေမျိုးကော"

"ကျွန်တော်ကတော့ စေတုတ္တရာ နိုင်ငံတော်ကို ဖခမည်းတော်နဲ့အတူ တစ်နှစ်နီးပါးလောက် နေခဲ့ဖူးပါတယ်၊ အဲဒီအချိန်တုန်းတဆိုရင် ကျွန်တော်နဲ့ ဖခမည်းတော်ဟာ သုဝဏ္ဏနိုင်ငံတော်ရဲ့ သံတမန်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သာ စေတုတ္တရာနိုင်ငံမှာ သွားရောက် အမှုတော် ထမ်းရွက်ခဲ့ရပါတယ်"

"စေတုတ္တရာ ဘုရင်မ စန္ဒာဒေဝီနဲ့ကော ရင်းနှီးရဲ့လား ..."

"ထိုစဉ်အခါက ဘုရင်မမှာ ပင်တိုင်စံအဖြစ်သာ ရှိပါသေးတယ်၊ ဝင်တိုင်စံ ဖြစ်တဲ့အတွက် နီးနီးကပ်ကပ် မမြင်ဖူးခဲ့ပါ"

"ကျော်ဇေယျကကော"

"ကျွန်တော်ရဲ့ မယ်တော်ဟာ စေတုတ္တရာ ဘုရင်ရဲ့ နန်းတွင်းသူ ဖြစ်တဲ့အတွက် ကျွန်တော်ငယ်စဉ်က စေတုတ္တရာ ဘုရင်ရဲ့ သမီးတော် စန္ဒာဒေဝီနဲ့ နီးနီးကပ်ကပ် နေခဲ့ရဖူးပါတယ်၊ ကျွန်တော်ရဲ့မယ်တော် ကွယ်လွန်ပြီးတဲ့နောက်မှ ကျွန်တော်တို့ သားအဖ သုဝဏ္ဏနိုင်ငံကို ပြန်လာပြီး သုဝဏ္ဏဘုရင်ထံ အမှုတော် ထမ်းရွက်ခဲ့ခြင်း ဖြစ်ပါတယ်"

"အင်း ဒီလိုဆိုရင် အတော်ပဲ၊ ကဲ-ကျော်ဇေယျ မင်းကိုယ်တိုင် စေတုတ္တရာ ဘုရင်မထံ သွားရောက်ခစားပါ၊ ငယ်ရွယ်စဉ်က အဖြစ်အပျက်တွေကို ပြောပြပြီး အပါးတော်မှာ အမှုတော်ထမ်းခွင့်ရအောင် ကြိုးစားရမယ်၊ ရင်းနှီးလာတဲ့အခါမှာ စန္ဒာဒေဝီ ဘုရင်မကို သုမနဘုရင် ယုတ်က အရှင်ရရ၊ အသေရရ လက်ရ သိမ်းပိုက်ဖို့ သူလျှိုတွေ လွှတ်ပြီး အတွင်းကြိတ် ကြံစည်နေတယ် ဆိုတာကို သံတော်ဦးတင်ရမယ်၊ ပြီးတော့ ငါ့ကိုယ်စား စန္ဒာဒေဝီဘုရင်မကို အသက်ပေးပြီး ကာကွယ်ရမယ်။ ငါလည်း မကြာခင် လိုက်လာခဲ့မယ်။ ငါမလာခင် စပ်ကြားမှာ စန္ဒာဒေဝီဘုရင်မကို ဘေးမသီရန်မခအောင် နေ့ညမပြတ် အလစ်မပေးဘဲ စောင့်ရှောက်ရမယ်၊ ဖြစ်နိုင်လို့ရှိရင် မင်းနဲ့အတူ ဗိုလ်အာဠာဝကနဲ့ ဗိုလ်နေမျိုးကိုပါ ခေါ်သွားပေါ့"

ဗိုလ်နန္ဒသည် ကျော်ဇေယျအား မှာကြားနေပေရာ ဗိုလ်ကျော်ဇေယျသည် ဆရာ့စကားကို လေးလေးစားစား မှတ်သား၍နေပေသည်။

"ကဲ-မင်းတို့လည်း စခန်းကိုပြန်ကြ၊ အချိန်လည်း မရှိတော့ဘူး



– ငါလည်း ဒီနေ့ည သေလာဂီရိတောင်ထွတ်ကိုသွားပြီး စနည်းနာလိုက်ဦးမယ်"

"ကျွန်တော်တို့ မလိုက်ခဲ့ရဘူးလား"

"မလိုက်ပါနဲ့၊ ငါတစ်ယောက်တည်း သွားတာက ပိုပြီးတော့ ကောင်းပါတယ်၊ ကဲ-မင်းတို့စခန်းကို မင်းတို့ ပြန်ကြတော့"

ဗိုလ်နန္ဒသည် တပည့်များအား မှာကြားခဲ့ပြီးလျှင် သေလာဂီရိတောင်ထွတ်ရှိရာ အနောက်ဘက်စူးစူးသို့ မြင်းလိမ္မာကြီး စီးကာ တဖြည်းဖြည်း ထွက်ခွာ၍ လာခဲ့ပေသည်။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း–၈

နွားရိုင်းသွင်းချိန် ဖြစ်၍ လယ်တောမှ ပြန်လာကြသော လယ်သမားအချို့ကို ခပ်လှမ်းလှမ်းမှ မြင်ရပေရာ ဗိုလ်နန္ဒသည် ထိုလယ်သမားများကို ရပ်ပြီး ကြည့်နေမိပေသည်။

မကြာမီ မိန်းကလေးတစ်ယောက်သည် နွားများကို ကျောင်းကာ ခပ်လှမ်းလှမ်းရှိ ရွာကလေးဘက်သို့ ဖြည်းဖြည်း လျှောက်၍လာသည်ကို မြင်လိုက်သဖြင့် ဗိုလ်နန္ဒသည် အဆိုပါ မိန်းကလေး အနီးသို့ မြင်းစီးပြီး လာခဲ့ပေသည်။

"မိန်းကလေး သေလာဂီရိ တောင်ထွတ်ကို ဘယ်လမ်းက သွားရသလဲ"

ဗိုလ်နန္ဒသည် နွားကျောင်းလာသည့် မိန်းကလေးအား လှမ်းပြီး မေးလိုက်သည်။

"ဒီကနေပြီး အနောက်စူးစူးကို သွားရင် မြားတစ်ပစ်စာလောက်ဝေးတဲ့နေရာမှာ တဲကလေးတစ်ခု တွေ့လိမ့်မယ်၊ အဲဒီ တဲကလေးမှာ အောက်လမ်းဆရာကြီး တစ်ယောက်နေတယ်၊ အဲဒီ တဲကလေးက လွန်သွားရင် လူသွားလမ်းကလေး တွေ့လိမ့်မယ်၊ အဲဒီလူသွားလမ်းအတိုင်း လိုက်သွားရင် တောတန်း အလွန်မှာ ရွှံ့နွံ့အိုင်ကြီးတစ်ခု တွေ့လိမ့်မယ်၊ အဲဒီကနေပြီး လှမ်းကြည့်လိုက်ရင် ကျောက်တုံးကြီးတွေ တစ်တုံးပေါ်မှာ တစ်တုံးဆင့်ပြီး နေတဲ့ သေလာဂီရိတောင်ကို မြင်ရလိမ့်မယ်၊ ဒါပေမဲ့ အဲဒီနေရာကိုတော့ မသွားပါနဲ့၊ ဗုန်းကဝေ တစ္ဆေတွေ ကျက်စားတဲ့နေရာလို့ ပြောတယ်၊ ဒီနေရာကို အောက်လမ်းဆရာကြီးတွေက လွဲရင် ဘယ်သူမှ မသွားရဲဘူး"

နွားကျောင်းလာသော မိန်းကလေးသည် ဗိုလ်နန္ဒအား ရိုးသားမှုရှင်သည့် အကြည့်မျိုးဖြင့် ခပ်အေးအေးပင် ပြန်၍ ပြောနေပေသည်။

"ခုလိုသတိပေးတာကို အများကြီး ကျေးဇူးတင်ပါတယ်ကွယ်၊ အခုလို လမ်းပြပြီး သတိပေးတဲ့အတွက် ငါ့ညီမလေး ကုန်းကြီးလို့ သက်ရှည်ပါစေ၊ အန္တရာယ်အပေါင်းမှ ကင်းဝေးပါစေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ"

ဗိုလ်နန္ဒသည် နွားကျောင်းသူမအား ဆုပေးနေလေသည်။

"အစ်ကိုကြီးလည်း ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပါစေလို့ ညွှန်မ ဆုတောင်းပါတယ်"

နွားကျောင်းသူမက ပြန်ပြီး ဆုတောင်းလိုက်သည်။

"ညီမလေးရဲ့နာမည်က ဘယ်လိုခေါ်သလဲ"

ဗိုလ်နန္ဒက မေးလိုက်သည်။

"ယုဇနလို့ ခေါ်ပါတယ်"

"နာမည်ကလေးက ယဉ်ပါပေတယ်၊ နာမည်က ယဉ်သလို ကိုယ်အမူအရာ နှုတ်အမူအရာကလည်း ယဉ်ကျေးသိမ်မွေ့ပါပေတယ် ... ထဲ–ကဲ ညီမလေး ယုဇန အချိန်လည်း နည်းနေပြီ မိုးမချုပ်ခင် ရွာကို အရောက်ပြန်ပေတော့ ..."

ထိုအခိုက်တွင် မလှမ်းမကမ်းမှ ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက်သည် ဗိုလ်နန္ဒဘက်သို့ တစ်ချက် ခေါင်းငုံ့ကြည့်လိုက်ပြီး အနောက်ဘက်စူးစူးရှိ တောတန်းကလေးထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရပေသည်။

နေဝင်ဖျိုးဖျအချိန် ဖြစ်နေသည့်အပြင် သစ်ပင်ရိပ်များကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏ မျက်နှာကို သေချာစွာ မမြင်လိုက်ရသော်လည်း နှုတ်ခမ်းမွေး ကျင်စွယ်နှင့် ရှည်လျားသော မုတ်ဆိတ်များ ရှိသည်ကိုမူ သတိထား လိုက်မိပေသည်။ ခေါင်းပေါ်တွင်လည်း ဇော်ဂျီရောင် ခေါင်းပေါင်း ပေါင်း ထားပြီး ဝတ်စားထားသည့် အဝတ်အစားများမှာလည်း သစ်ခေါက်ရောင် ဖြစ်သည်ကို မိုလ်နန္ဒ၏ စိတ်ထဲတွင် မှတ်သားထားလိုက်ပေသည်။

ထိုသူအား မိုလ်နန္ဒသည် မျက်စိတဆုံး ငေးစိုက်ပြီး ကြည့်နေစဉ် မိုလ်နန္ဒစီးထားသည့် မြင်းကြီး၏ ခြေနင်းကွင်းကို တစ်စုံတစ်ယောက် သောသူက အသာအယာ ဆွဲပြီး လှုပ်နေသည်ကို သတိပြုလိုက်မိသဖြင့် အသာလှည့်ကြည့်လိုက်ရာ ယုဇန အမည်ရှိ လယ်သူမသည် မြင်းကြီး ကို အကာအကွယ်ယူကာ အနောက်ဘက်စူးစူး တောတန်းထဲသို့ ဝင် သွားသောသူအား ကြောက်ရွံ့သည့် မျက်လုံးများဖြင့် ကြည့်ရင်း မိမိ၏ ခြေနင်းကို အသာ ဆွဲလှုပ်နေခြင်း ဖြစ်သည်ကို မြင်လိုက်ရပေသည်။

"အစ်ကိုကြီး ... အစ်ကိုကြီး ... ယုဇန ပြောတဲ့ အောက်လမ်း ဆရာကြီး ဆိုတာ သူပဲ၊ သူဒီဘက်ရွာကို လာရင် ရွာမှာ တစ်ခုခုတော့ ဖြစ်တာပဲ၊ သူ့ကို ယုဇန သိပ်ကြောက်တာပဲ။ တစ္ဆေသရဲတွေ မွေးပြီး လူတွေကို ဖမ်းစားခိုင်းတယ်လို့လည်း ပြောသံကြားတယ်။ ဟိုတစ်နေ့က အဲဒီအောက်လမ်းဆရာကြီး ယုဇနတို့ရွာကို လာသေးတယ်။ သူလည်း ပြန်သွားရော ယုဇနတို့ရဲ့ အိမ်နားက လယ်သမားတစ်ယောက်ရဲ့ မိန်းမ သွေးတက်ပြီး သေသွားတာပဲ"

"ဒါက ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုသလို ဖြစ်သွားတာနဲ့ တူပါတယ် သိပ်ပြီး အယူမသီးပါနဲ့"

"ဘာပဲပြောပြော ... ယုဇနတော့ ကြောက်တာပဲ၊ အဲဒီနေ့က ယုဇန ဈေးကျောင်းရာက ပြန်အလာမှာ ယုဇနကို သူစိုက်ကြည့်နေပုံဟာ တကယ်ကို ကြောက်စရာကြီးပဲ၊ သူ့မျက်လုံးကြီးတွေကလည်း နီနီရဲရဲကြီး၊ ယုဇနဖြင့် သူ့ကိုမြင်ရင် သိပ်ကြောက်တာပဲ"



"လူလူချင်းပဲ ကြောက်နေစရာ မလိုပါဘူး၊ ပြီးတော့ ... သီလ သမာဓိ ရှိတဲ့လူကို တစ္ဆေသရဲတွေ မဖမ်းစားနိုင်ပါဘူး၊ အောက်လမ်း ဆရာတွေလည်း ဘာမှ မတတ်နိုင်ပါဘူး၊ ကြောက်စိတ်ဝင်လာရင် ဘုရား ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ကို အာရုံပြုပြီး စိပ်ပုတီး ကို နာနာစိပ်ပေးပေါ့၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ် တော်ကို ရွတ်ဖတ်ပြီး အာရုံပြုရင် ကြောက်စိတ်တွေကင်းပြီး ကြက်သီး မွေးညင်းတောင် မထဘူးလို့ ဓဇဂ္ဂသုတ်မှာ အ●ကိအလင်း ဟောကြား ထားသားပဲ၊ ရတနာသုံးပါးကို ဆည်းကပ်ရင် အောက်လမ်းဆရာတွေ အနားမကပ်နိုင်ပါဘူး"

မိုလ်နန္ဒသည် ယုဇနအား ကြောက်စိတ်ပြေအောင် ပြောပြရင်း လက်တွင် အမြဲဆောင်ထားသည့် ပုတီးကို စိပ်၍ နေပေသည်။

"လက်စသတ်တော့ ... အစ်ကိုကြီးက ပုတီးသမားကိုး၊ ဒါကြောင့် ခုနက အောက်လမ်းဆရာကြီးက အစ်ကိုကြီးကို ရဲရဲမကြည့်ဝံ့ဘဲ မျက်နှာ လွှဲသွားတာကိုး။ အစ်ကိုကြီးက အထက်လမ်းဆရာကြီးလား၊ ဒီလိုဆိုရင် ယုဇနကို လက်ဖွဲ့ကလေး အဆောင်ကလေး သနားခဲ့ပါလား"

"အို ... ဘယ်ကလာ အထက်လမ်းဆရာ ဟုတ်ရမှာလဲ ...၊ အစ်ကို ကြီးက နှလုံးရည်သမားပါ၊ ရတနာသုံးပါးကို ဆည်းကပ်ပြီး သီလရှိတဲ့ ပုဂ္ဂိုလ်မှန်ရင် ဘယ်လိုရန်သူမှ ရန်မမူနိုင်ဘူး၊ လက်ဖွဲ့တို့ အင်းအိုင်တို့ ဆိုတာက ပိုနေတာပဲ၊ အရေးအကြီးဆုံးက ... သီလပဲ၊ သီလရှိတဲ့ လူကို ဘယ်ရန်သူမှ မညှဉ်းဆဲနိုင်ဘူး၊ သေရင်လည်း ကောင်းရာသုဂတိ ကို ရောက်နိုင်တယ်"

"သီလဆိုတာ ဘာလဲ ... ငါးပါးသီလ၊ ရှစ်ပါးသီလကို ပြော တာလား"

"ဒါတွေလည်း သီလပဲ၊ သီလ ဆိုတာ ... ကိုယ်ကျင့်တရားကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ တိုတိုပြောရမယ်ဆိုရင် ဟီရိနဲ့ ဩတ္တပ္ပတရား ၂ ပါးကို စောင့်ထိန်းတဲ့ သူဟာ ... သီလစောင့်ထိန်းတဲ့လူပဲ"

"ဟီရိနဲ့ ဩတ္တပ္ပ ဆိုတာ ဘာလဲ ... အရှက်နဲ့ အကြောက်ကို ပြောတာမဟုတ်လား"

"ဟုတ်တယ် ... အရှက်နဲ့ အကြောက်တရားပဲ၊ ဒါပေမဲ့ ... ဒါကို လူတွေက အယူအဆ လွဲမှားနေကြတယ်၊ အရှက်ဆိုတာက မကောင်းမှုကို လုပ်ရမှာ ရှက်ခြင်း၊ အကြောက်ဆိုတာက မကောင်းတာ လုပ်ရမှာကို ကြောက်ခြင်းကို ခေါ်တယ်၊ မကောင်းတာကို လူရှေ့မှာလည်း မလုပ်နဲ့ ကွယ်ရာမှာလည်း မလုပ်နဲ့ အဲဒီလို ရှောင်နိုင်ရင် သီလမြဲတာပဲ"

"မကောင်းတဲ့အလုပ် ဆိုတာ ဘာလဲ"

"မကောင်းတဲ့အလုပ် ဆိုတာကတော့ ... အင်မတန် ကျယ်ဝန်းတယ်၊ တိုတိုပြောရမယ်ဆိုရင် ... ကိုယ်ချင်းစာတရားပဲ၊ ဥပမာ ... ယုဇနကို သူတစ်ပါးက ရိုက်ပုတ်နှိပ်စက်တာကို ကြိုက်သလား"

"ဘယ်ကြိုက်ပါ့မလဲ"

"ယုဇနမကြိုက်သလို အခြားလူတွေလည်း ကြိုက်မှာ မဟုတ်ဘူး ဆိုတာ ကိုယ်ချင်းစာပြီး သူတစ်ပါးကို ရိုက်ပုတ်နှိပ်စက်ခြင်း မပြုရဘူး၊ ပြီးတော့ ယုဇနရဲ့ အသက်ကို ယုဇန ချစ်မြတ်နိုးတယ် မဟုတ်လား၊ ယုဇန သေရမှာကို ကြောက်တယ် မဟုတ်လား"

"ကြောက်တာပေါ့ အစ်ကိုကြီးရဲ့"

"ယုဇနသေရမှာ ကြောက်သလို တခြားသူတွေလည်း သေရမှာကို ကြောက်မှာပဲဆိုပြီး သူ့အသက်ကို မသတ်ရဘူး၊ ထိုနည်းလည်းကောင်းပဲ သူ့ဥစ္စာကို မခိုးရဘူး။ အဲဒီလို ကိုယ်ချင်းစာတရားနဲ့ မကောင်းတဲ့ အလုပ်တွေကို မလုပ်ဘဲ ရှောင်ကြဉ်တာဟာ သီလပဲ၊ အဲဒီမကောင်းတဲ့ အလုပ်ကို လုပ်ရမှာကို ရှက်ရမယ်၊ ကြောက်ရမယ်၊ ဒါဟာ ဟီရိနဲ့ ဩတ္တပ္ပတရား နှစ်ပါးပဲ"



"အစ်ကိုကြီး ပြောတာ သိပ်ရှင်းတာပဲ၊ ဘုန်းကြီးတွေ ဟောတဲ့ တရားတွေထဲမှာ ဒီအချက်တွေပါပေမယ့် ယုဇနဖြင့် သဘောမပေါက်ဘူး။ အစ်ကိုကြီး ရှင်းပြမှ တစ်ခါတည်း သဘောပေါက်သွားတာပဲ"

"ခုနက အောက်လမ်းဆရာကြီးကို ယုဇန ကြောက်တယ်လို့ ပြောတယ် မဟုတ်လား၊ ဘာဖြစ်လို့ ကြောက်ရတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတာတော့ မပြောတတ်ဘူး၊ ကြောက်တော့ ကြောက်တာပဲ"

"ဘာဖြစ်လို့ ကြောက်သလဲဆိုတာ အစ်ကိုကြီး ရှင်းပြမယ်။ အောက်လမ်းဆရာကြီးကို ယုဇန ကြောက်တာဟာ တခြားကြောင့် မဟုတ်ဘူး၊ ယုဇနကို ပြုစားမှာစိုးလို့ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အစ်ကိုကြီးပြောမှ ယုဇန စဉ်းစားမိတယ်"

"ယုဇန သူ့အပေါ်မှာ မကောင်းတဲ့စိတ် မထားဘဲ ကောင်းတဲ့စိတ်ထားရင် သူကကော ယုဇနကို မကောင်းတဲ့စိတ် ထားလို့ရပါဦးမလား၊ ယုဇနက သူ့ကိုကြောက်တယ် ဆိုတာဟာ အမှန်က သူ့ကို ကြောက်တာမဟုတ်ဘူး။ ယုဇနကို ဒုက္ခပေးမှာကို ကြောက်တာမဟုတ်လား"

"ဟုတ်ပါတယ်"

"ယုဇနမှာ သီလရှိရင် သူပြုစားလို့ ရပါ့မလား"

"သီလရှိရင်တော့ ပြုစားလို့ မရနိုင်ဘူးလို့ ကြားဖူးတာပဲ"

"ဒီတော့ သီလရှိအောင် ကြိုးစားပေါ့၊ သီလရှိရင် ဘယ်သူ့ကိုမှ ကြောက်ဖို့မလိုဘူး။ သီလရှိတဲ့ လူဟာ သေရင် နတ်ပြည်ရောက်မယ်။ ဒီတော့ သေရမှာတောင် ကြောက်တော့မှာ မဟုတ်ဘူး မဟုတ်လား။ သေရမှာကို မကြောက်ရင် လောကမှာ ဘာကြောက်စရာရှိသလဲ"

ဗိုလ်နန္ဒသည် မိမိဝါဒနှင့် လမ်းစဉ်ကို ယုဇနအား သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ရှင်းပြနေရာ ယုဇနသည် ဗိုလ်နန္ဒ၏ စကားများကို နားထောင်ရင်း ဗိုလ်နန္ဒအပေါ်တွင် တိုး၍သာ ကြည်ညိုလာပေသည်။

ထိုအတောအတွင်း လယ်တောဘက်မှ လူတစ်ယောက်သည် ဗိုလ်နန္ဒနှင့် ယုဇနတို့ စကားပြောနေသည့် နေရာသို့ တူရူလာနေသည်ကို မြင်ရသည်။

"သော ... ပြောရင်းဆိုရင်း ယုဇနရဲ့ ဖေဖေတောင် လိုက်လာပြီ"

ယုဇနသည် ခပ်လှမ်းလှမ်းမှ လာနေသူကို ကြည့်ရင်း ပြောလိုက်သည်။

"ယုဇနရဲ့ ဖေဖေက ဘယ်သူလဲ၊ သူဘာလုပ်သလဲ"

"ယုဇန ဖေဖေက လယ်သမားပါ၊ သူ့နာမည်က ဖိုးရာဇာလို့ ခေါ်ပါတယ်"

ယုဇနသည် ပြောပြောဆိုဆို မိမိတို့ဘက်သို့ မျက်နှာမူလာနေသော ဖိုးရာဇာ ဆိုသူထံသို့ ပြေးသွားပြီး ခရီးဦးကြို ပြုလိုက်သည်။

"သမီး ယုဇန ဘာဖြစ်လို့ အိမ်ကို မပြန်သေးတာလဲ၊ နေတောင်ဝင်တော့မယ်"

ဖိုးရာဇာ ဆိုသူက ယုဇနအား ဆီးပြီး အပြစ်တင်စကား ပြောလိုက်သည်။

"အောက်လမ်းဆရာကြီးကို မြင်လို့ ကြောက်ကြောက်နဲ့ ဟောဒီက အစ်ကိုကြီးအနားမှာ ကပ်ပြီး ပုန်းနေတာပါ"

ယုဇနသည် ရှိုးသားဖြူစင်သည့် မျက်နှာထားဖြင့် ဗိုလ်နန္ဒအား တစ်ချက်လှည့်ကြည့်ရင်း အဖြေပေးလိုက်ရာ ဖိုးရာဇာသည် ဗိုလ်နန္ဒအား စေ့စေ့ကြည့်ပြီး ပါးစပ်အဟောင်းသားနှင့် ဖြစ်၍သွားပေသည်။

"အရှင့်သား"

လယ်သမား ဖိုးရာဇာသည် ဗိုလ်နန္ဒအား ပါးစပ်အဟောင်းသားနှင့် ကြည့်နေရာမှ ဗိုလ်နန္ဒရှေ့တွင် ဒူးထောက်ပြီး အရိုအသေပြုလိုက်သည်။ ဗိုလ်နန္ဒမှာလည်း မနေတတ် မထိုင်တတ် ဖြစ်သွားကာ မြင်းပေါ်မှ ခုန်ဆင်းပြီး ဖိုးရာဇာအား ဆွဲထူလိုက်သည်။



"ကျွန်တော့်ကို အလေးပြုဖို့ မလိုပါဘူး။ ကျွန်တော်ဟာ မင်းညီမင်းသားလည်း မဟုတ်ပါဘူး။ အမှုထမ်း အရာထမ်းလည်း မဟုတ်ပါဘူး။ သာမန်အရပ်သား တစ်ယောက်သာ ဖြစ်ပါတယ်"

ဗိုလ်နန္ဒသည် ဖိုးရာဇာအား ဆွဲထူရင်း ပြောလိုက်သည်။ ဖိုးရာဇာမှာမူ ဗိုလ်နန္ဒကို ခြေဆုံးခေါင်းဆုံး ကြည့်၍နေပေသည်။ ပြီးမှတစ်ဖန် ယုဇနဘက်သို့ လှည့်ကြည့်လိုက်သည်။

"သမီး ယုဇန ရွာကိုပြန်တော့လေ မိုးချုပ်တော့မယ်"

ဖိုးရာဇာက ပြောလိုက်ရာ ယုဇနသည် ဖခင်၏ စကားကို မြေဝယ်မကျ နားထောင်ကာ နွားများကိုကျောင်းပြီး ရွာဘက်သို့ တဖြည်းဖြည်း ထွက်ခွာ၍သွားပေသည်။

ယုဇန ခပ်လှမ်းလှမ်းသို့ ရောက်သွားသောအခါ ဖိုးရာဇာသည် ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာပေသည်။

"အရှင့်သား ဤနေရာသို့ မည်သည့်ကိစ္စနှင့် ကြွရောက်တော်မူလာပါသနည်း အရှင့်သား၊ မည်သည့် အကူအညီကို အလိုရှိပါသနည်း မိန့်ကြားတော်မူပါ"

ဖိုးရာဇာသည် ဗိုလ်နန္ဒအား ရိုသေစွာ ပြောလိုက်ပြန်သည်။

"ဖိုးရာဇာ လူမှားနေပြီထင်တယ်။ ကျွန်တော့်ကို ဘယ်သူမှတ်လို့ ခလိုရိုရိုသေသေ ပြောနေရတာလဲ"

ဗိုလ်နန္ဒက ပြန်ပြောသည်။

"လူမှားခြင်းမဟုတ်ပါ အရှင့်သား၊ ကျွန်တော်မျိုး ကောင်းမွန်စွာ မှတ်မိကြောင်းပါ။ အရှင့်သားသည် သုဝဏ္ဏနိုင်ငံတော် မဟာသောဘ ဘုရင်၏ သားတော် မောင်ရူပ စင်စစ်ကေန်ပင်ဖြစ်ကြောင်း ကျွန်တော်မျိုး ကောင်းကောင်းကြီး မှတ်မိကြောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးရာဇာက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒသည် ဖိုးရာဇာကို စိုက်ကြည့်နေမိပေသည်။

"ကျွန်တော်မျိုးလည်း အရှင့်သားရဲ့ ဖခမည်းတော် မဟာသောဂဘုရင်ကြီးကို သစ္စာဖောက် သုမနက လုပ်ကြံပြီး ထီးနန်းကို အဓမ္မသိမ်းပိုက်ခဲ့တဲ့အချိန်မှ အစပြုပြီး သစ္စာဖောက် သုမနရဲ့ လက်အောက်မှာ တော့ဖြင့် မနေတော့ဘူး ဆိုပြီး စန္ဒာဒေဝီဘုရင်မရဲ့ ပိုင်နက်ဖြစ်တဲ့ ဤနေရာ ဤဒေသမှာ လာရောက် တိမ်းရှောင်နေပြီး လယ်ယာများ ထွန်ယက်လုပ်ကိုင်စားသောက်လျက် ရှိကြောင်းပါ"

ဖိုးရာဇာက ဆက်ပြီးပြောလိုက်သည်။

"ခမည်းတော် နတ်ရွာစံတာ ၅ နှစ်လောက်ကြာသွားပြီ မှတ်တယ်"

ဗိုလ်နန္ဒသည် ရှေးဟောင်း နောင့်းဖြစ်များကို ပြန်လည်သတိရသည့်အလား၊ ဖိုးရာဇာအား စိုက်ကြည့်နေရာမှ ပြန်ပြောလိုက်သည်။

"မှန်လှပါ ... ၅ နှစ်ကျော် ၆ နှစ်အတွင်း ချင်းနင်းဝင်ရောက်လာပြီ ဖြစ်ကြောင်းပါ။ အရှင့်သား တက္ကသိုလ်ပြည်ကို ပညာတော်သင် သွားနေခိုက် သစ္စာဖောက် သုမနက အရှင့်သားရဲ့ ဖခမည်းတော်ကို လုပ်ကြံပြီး ထီးနန်းကို သိမ်းပိုက်ခဲ့ခြင်း ဖြစ်ကြောင်းပါ၊ သုမနဘုရင်ယုတ်ကို အရှင့်သား ကိုယ်တော်တိုင် သုတ်သင်ပြီး ဖခမည်းတော်၏ ထီးနန်းရိုက်ရာကို သိမ်းပိုက်စိုးစံတော်မူဖို့ အကြံအစည်များ ရှိတော်မူပါလျှင် ကျွန်တော်မျိုးကြီး ဖိုးရာဇာ နောက်တော်ပါးက လိုက်ပါပြီး အရှင့်သားအတွက် ရင်မြေကတုတ် လုပ်ကာ တိုက်ခိုက်ချေမှုန်းဖို့ အသင့်ရှိကြောင်းပါ"

ဖိုးရာဇာက ဗိုလ်နန္ဒအား ရိုသေစွာ သံတော်ဦးတင်လိုက်သည်။

"ဖိုးရာဇာ ..."

ဗိုလ်နန္ဒက ခေါ်လိုက်သည်။



"မှန်လှပါ ... ခစားလျက် ရှိကြောင်းပါ"

"ဒီမှာ ဖိုးရာဇာ ... ရန်ကို ရန်ချင်း မတုံ့ပြန်ရဘူးတဲ့၊ ရန်မလိုမှ ရန်ငြိတယ်၊ ရန်လိုရင် ရန်ပိုတယ် ဆိုတာ ဖိုးရာဇာ ကြားဖူးတယ် မဟုတ်လား"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"မှန်လှပါ ... ကြားဖူးကြောင်းပါ"

"ဒီမှာ ဖိုးရာဇာ ... ကျွန်တော့်ကို အရှင့်သားတွေ မှန်လှပါတွေ လုပ်မနေစမ်းပါနဲ့၊ အရပ်သား တစ်ယောက်နဲ့ ဆက်ဆံသလို ဆက်ဆံပါ၊ ဘုရင်လည်း ခန္ဓာငါးပါး ရုပ်တရား နာမ်တရား အစုအဝေးသာဖြစ်တယ်။ ဒီနေ့ ဘုရင်ဖြစ်ပေမယ့် နက်ဖြန် နန်းကျချင်ရင် ကျတာပဲ။ လောကမှာ ဘယ်အရာမှ မတည်မြဲဘဲ ဖောက်လွဲဖောက်ပြန် ဖြစ်လိုက်ပျက်လိုက်နဲ့ ဘယ်ဒင်းကိုမှ အစိုးမရဘူး မဟုတ်လား၊ အစိုးမရတာကို အစိုးရတယ်ထင်ပြီး ရေလိုက် လွဲနေကြလို့ လောဘ, ဒေါသ, မောဟ, တရားတွေ ဖုံးလွှမ်းပြီး မှားချင်တိုင်း မှားနေကြတာ မဟုတ်လား။ ဖခမည်းတော် လုပ်ကြံခံရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ရဲ့စိတ်ထဲမှာ မသာမယာ ဖြစ်ခဲ့ပေမယ့် ဘဝက ဝိပါက်ကံကြောင့် ခုလို ဖြစ်ရတယ်ဆိုတာ အသင့်အတင့် နှလုံးသွင်းပြီး စိတ်ကို ဖြေဖျောက်ခဲ့ပြီး ဖြစ်ပါတယ်။ သုမနဘုရင်ကိုလည်း လက်စားချေလိုတဲ့စိတ်လည်း မရှိတော့ပါဘူး။ ထီးနန်းစည်းစိမ် ဆိုတာလည်း သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာလို ခင်မင်တွယ်တာစရာ လုံးဝမရှိတဲ့အတွက် မက်မောခြင်း မရှိတော့ပါဘူး"

ဗိုလ်နန္ဒသည် ဖိုးရာဇာအား တရားပြ၍နေပေသည်။

"စိတ်ထားမြင့်မြတ်လှပါတယ်။ ရန်သူကိုပင်လျှင် ခြည်ဖြူခြင်းလွှတ်နိုင်တဲ့ စိတ်ဓာတ်ကို ချီးကျူးလို့ မကုန်နိုင်ပါဘူး"

ဖိုးရာဇာက ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ဖိုးရာဇာ"

"မှန်လှပါ"

"မှန်လှပါ လုပ်မနေစမ်းပါနဲ့ ရိုးရိုးပြောစမ်းပါ၊ ဒီနေ့ ဒီအချိန်က စပြီး ကျွန်တော့်ကို မောင်ရှုပလို့လည်း မခေါ်ပါနဲ့၊ တောပုန်းကြီးနန္ဒ အဖြစ်သာ အသိအမှတ်ပြုထားစမ်းပါ၊ တစ်ချိန်က ဘုရင့်သားတော် ဖြစ်ခဲ့ဖူးတာကိုလည်း မေ့ပစ်လိုက်စမ်းပါ၊ ခုအရေးကြီးတာက စေတုတ္တရာနိုင်ငံကို စိုးမိုးအုပ်ချုပ်တဲ့ စန္ဒာဒေဝီဘုရင်မကို သုဓနုဘုရင်က အသေရရ အရှင်ရရ ဖမ်းဆီးပြီး နိုင်ငံတော်ကိုပါ သိမ်းပိုက်ဖို့ ဆိုးညစ်ယုတ်မာတဲ့ အကြံအစည်နဲ့ ကြံစည်နေတယ်လို့ ကြားရတယ်။ ဒီအကြံအစည် ပျက်ပြားအောင်လုပ်ဖို့ အရေးကြီးတယ်။ ဒီတော့ကာ ကျွန်တော်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ဘယ်သူ့ကိုမှ အသိမပေးပါနဲ့၊ ပြီးတော့ ကျွန်တော် သိချင်တဲ့ အချက်အလက်တွေကိုလည်း ဖိုးရာဇာ သိသမျှ မှန်မှန်ကန်ကန် ပြောပြစေချင်တယ်"

"ကောင်းလှပါပြီ၊ သိလိုသမျှ မိန့်တော်မူပါ"

"စောစောက ယုဇနပြောသွားတဲ့ အောက်လမ်းဆရာကြီး ဆိုတာ ဘယ်သူလဲ၊ သူရဲ့ဇာတိ ဇာစ်မြစ်ကို သိသလား"

"သိချင်ရင် ပြောပြပါမယ်၊ ရွာဘက်ကို တဖြည်းဖြည်းသွားရင်းနဲ့ လမ်းမှာ အေးအေးဆေးဆေး ပြောသွားရင် မကောင်းဘူးလား၊ ယုဇနတစ်ယောက်တည်း သိပ်ပြီး စိတ်မချရဘူး"

ဖိုးရာဇာသည် ယုဇနအား တစ်ချက်လှမ်းကြည့်ပြီး ပြောလိုက်သည်။

ဗိုလ်နန္ဒသည် မြင်းလိမ္မာကြီးကို ဆွဲပြီး ဖိုးရာဇာနှင့် မလှမ်းမကမ်းမှ လိုက်ဝါလာကြပေသည်။

"ယုဇနက ကျွန်တော်မျိုးရဲ့ သမီးရင်း မဟုတ်ဘူး၊ သုဝဏ္ဏနိုင်ငံတော်မှာ အရေးပေါ်တုန်းက ယုဇနရဲ့ ခမည်းတော်ကို သစ္စာဖောက် သုဓနုရဲ့ ဘက်တော်သားတွေက သတ်ပစ်လိုက်ကြတဲ့အတွက် ခိုကိုးရာမဲ့ ဖြစ်နေလို့ ကျွန်တော်မျိုးက လွတ်ရာ ကျွတ်ရာကို ခေါ်လာပြီး ကျွေးမွေးပြုစုထားတာပါ၊ သူလည်းပဲ ခေတာမဟုတ်ပါဘူး၊ မဟာဆီ မဟာသွေးထဲကပါ"



လမ်းခရီးတွင် ဖိုးရာဇာက ယုဇနအကြောင်း စကားစလိုက်သည်။

"လောကဓံတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ကြဘူး မဟုတ်လား၊ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ဆိုတဲ့ စကားလည်း အရှိသားပဲ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ သဘောထားပြီး အသင့်အတင့် နှလုံးသွင်းတတ်ကြဖို့ အရေးကြီးတယ်။ ဒါထက် ခုနကပြောတဲ့ အောက်လမ်းဆရာကြီး အကြောင်း ဆက်ပြောစမ်းပါဦး"

"သူရဲ့ ရိုးရာဇာစ်မြစ်ကိုတော့ မသိပါဘူး။ ဒီနေရာကို ရောက်လာတာလည်း သိပ်မကြာသေးဘူး။ ဒီနေရာကိုမရောက်ခင် စေတုတ္တရာဘုရင်မရဲ့ အပါးမှ ခစားရတဲ့ သမားတော်ကြီးလို့ ကြားဖူးတာပဲ၊ ဘာဖြစ်လို့ စေတုတ္တရာ ဘုရင်မဆီမှာ မခစားတော့ဘဲ ဒီနေရာကို ထွက်လာသလဲ ဆိုတာတော့ ဘယ်သူမှ မသိဘူး။ သူ့အိမ်ပြောကတော့ သေလာဂီရိ တောင်ထွတ် တစ်ဝိုက်မှာ ဇော်ဂနီ၊ ဇော်ဂနက်တွေရှိတယ်။ လူသားစားတဲ့ ဘီလူးလည်းရှိတယ်။ ဒါတွေကို နှိမ်နင်းရအောင် လာနေတာလို့ ပြောတာပဲ"

"သူ့နာမည်က ဘယ်လိုခေါ်သလဲ"

"ဦးကဝိလို့ ပြောတာပဲ၊ အောက်လမ်းပညာတော့ဖြင့် တစ်ဖက်ကမ်း ခပ်အောင် တတ်တယ်လို့ ပြောသံကြားဖူးတယ်၊ ဟုတ်သင့်သလောက်လည်း ဟုတ်လိမ့်မယ်ထင်တယ်။ ရွာထဲမှာ တစ္ဆေပူးရင် စုန်းပူးရင် သူ့ကို သွားပင့်တာနဲ့ အလိုလို ထွက်သွားတာတော့ မြေ့ဖူးတယ်။ အစွဲလည်း ချွတ်ပေးတတ်တယ်လို့ ပြောတာပဲ။ ကလေးတွေကတော့ဖြင့် သူ့ကိုမြင်ရင် သိပ်ကြောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူနေတဲ့နေရာနဲ့ သေလာဂီရိ တောင်ထွတ်နဲ့ ဘယ်လောက်ဝေးသလဲ"

"သိပ်မဝေးလှဘူး မြားနှစ်ပစ်သာလောက်ပဲ ဝေးလိမ့်မယ်။ သူနေတဲ့နေရာနဲ့ သေလာဂီရိ တောင်ကြားမှာ ရွှံ့နွံအိုင်ကြီး တစ်ခုရှိတယ်။ လမ်းမသိရင် ဒီနွံထဲနစ်ပြီး သေတာပဲ။ ပြီးတော့ သေလာဂီရိ တောင်မှာလည်း ဘီလူးတို့ သဘက်တို့ ရှိတယ်။ ဇော်ဂနီ၊ ဇော်ဂနက်တွေ ကျက်စားတယ် ဆိုတော့ ဟိုဘက်ကို ဘယ်သူမှ မသွားဝံ့ဘူး"

"သေလာဂီရိ တောင်မှာ ည,ညကျရင် စုန်းတွေ တောက်စားတာတော တကယ်ပဲလား"

"တကယ်ပါ ကျွန်တော်မျိုးကိုယ်တိုင် မြင်ဖူးပါတယ်"

"ဘယ်ပုံဘယ်နည်း မြင်ရသလဲ"

"ကျောက်တုံးကြီးကြားထဲက ရောင်စုံ မီးခိုးမီးလျှံတွေ ကောင်းကင်အထိ တက်သွားတာကို ကျွန်တော်မျိုးကိုယ်တိုင် မြင်ရပါတယ်။ ဒါကို တချို့က ဇော်ဂနီ၊ ဇော်ဂနက်တွေ မြူးထူး တောက်စားပြီး တိမ်ညွန့်ကို တက်စားတာလို့ ပြောတာပဲ"

"ဘီလူးရှိတယ် ဆိုတာကိုကော"

"ဒါလည်း ပြောသံကြားဖူးတာပဲ"

"ကိုယ်တိုင်တော့ မမြင်ဖူးဘူးလား"

"ဘီလူးကိုတော့ မမြင်ဖူးဘူး၊ ဒါပေမဲ့ ဘီလူးစားထားလို့ သေနေတဲ့ လူကိုတော့ မြင်ဖူးတယ်။ ဟိုတစ်နေ့ကတင်ပဲ အောက်လမ်းဆရာကြီး ကိုယ်တိုင် ဘီလူးစားထားတဲ့ လူတစ်ယောက်ရဲ့ အလောင်းကို ယူလာပြီး ဆေးစီရင်နေတာ တွေ့ရသေးတယ်"

"ဘီလူးစားထားမှန်း ဘယ်လိုသိနိုင်သလဲ"

"လက်သည်းရာကြီးတွေနဲ့ မျက်နှာတစ်ခုလုံး စုတ်ပြတ်နေတဲ့



အပြင် ဝမ်းဗိုက်မှာလည်း အစွယ်ရာတွေ့ရတယ်။ အူတွေလည်း ပေါက်ထွက်နေတာပဲ"

"အင်း ဒီအတိုင်းဆိုရင်တော့ တော်တော့်ကို စိတ်ဝင်စားစရာကောင်းတာပဲ၊ ဒါထက် သေလာဂီရိ တောင်ထွတ်ရဲ့ ဟိုဘက်မှာ ဘာရှိသလဲ"

"သေလာဂီရိ တောင်ထွတ်ရဲ့ ဟိုဘက်မှာတော့ သုဝဏ္ဏနိုင်ငံက ပိုင်ဆိုင်တဲ့ ကျေးရွာဇနပုဒ်တွေ ရှိပါတယ်"

"ဒါဖြင့် သေလာဂီရိတောင်ဟာ နယ်ခြားဒေသလို့ ဆိုနိုင်သလား"

"မှန်ပါတယ် ဒီနေရာက သဘာဝအားဖြင့် ဖြစ်ပေါ်နေတဲ့ နယ်နိမိတ်ပါ"

"အဲဒီ တောင်ထွတ်ပေါ်ကနေပြီး ကြည့်ရင် စေတုတ္တရာမြို့တော်ရဲ့ မြို့ရိုးနဲ့ နန်းတော်ကို မြင်ရတယ် မဟုတ်လား"

"ကောင်းကောင်းကြီး မြင်နိုင်တယ်လို့ ပြောသံကြားတာပဲ။ ကျွန်တော်မျိုးတော့ ဘီလူးကြောက်လို့ တစ်ခေါက်မှ မရောက်ဖူးဘူး"

"အင်း ဟုတ်ပါပြီ ကျွန်တော် တွေးထင်ထားတဲ့အတိုင်း မှန်နေပြီ"

ဗိုလ်နန္ဒသည် မိမိစိတ်ထဲတွင် စဉ်းစားထားသည့်အတိုင်း ပါးစပ်မှ ထွက်သွားသည်။

ထိုအခိုက်တွင် လက်ဝဲဘက်ရှိ တောအုပ်ကလေးထဲမှ ခွေးဟောင်သံနှင့် မိန်းမတစ်ယောက်၏ အသံကို ကြားရသဖြင့် ဗိုလ်နန္ဒသည် အသံကြားရာသို့ လှည့်ကြည့်လိုက်ရာ ဆံပင်ဖားလျားနှင့် အသက် ၄၀ အရွယ် ၅၀ ခန့်ရှိမည်ဟု ထင်ရသော မိန်းမတစ်ယောက်အား ခွေးနက်ကြီးတစ်ကောင်က လိုက်ကိုက်နေသဖြင့် အဆိုပါ မိန်းမက လက်တွင် ကိုင်ထားသည့် တောင်ဝှေးဖြင့် ခွေး၏ ရန်ကို ခုခံကာကွယ်နေသည်ကို မြင်ရပေသည်။

ခွေးနက်ကြီးမှာ မာန်ဖီလိုက် ဟောင်လိုက်နှင့် မိန်းမကြီးအနီးသို့

www.burmeseclassic.com

www.burmeseclassic.com



ချဉ်းကပ်ရန် ကြိုးစားနေသော်လည်း မိန်းမကြီးက တောင်ဝှေးဖြင့် တားဆီးထားသဖြင့် အနီးသို့ မချဉ်းကပ်နိုင်ဘဲ ရှိနေပေသည်။ သို့ရာတွင် တောင်ဝှေးကိုင်ထားသည့် မိန်းမကြီးမှာ မောဟိုက်ပင်ပန်းနေပုံရသဖြင့် မကြာမီပင် ခွေးနက်ကြီး အကိုက်ခံရမည်မှာ သေချာနေပေရာ ဗိုလ်နန္ဒသည် အဆိုပါ မိန်းမကြီးအား ခွေးနက်ကြီး၏ ဘေးအန္တရာယ်မှ ကာကွယ်ရန် မြင်းလိမ္မာကြီးကို ထားခဲ့ပြီး မိန်းမကြီးအား အကူအညီပေးရန် ခြေလှမ်းပြင်လိုက်သည်။

"အရှင့်သား ... အရှင့်သား ... ရှေ့ကို တိုးမသွားပါနဲ့ ဒီမိန်းမကြီးဟာ ရိုးရိုးမိန်းမ, မဟုတ်ဘူး ... ၁၂ ကြိုး ကဝေကြီး ဆရာရဲ့၊ ပြီးတော့ — ခွေးနက်ကြီးကလည်း အောက်လမ်းဆရာရဲ့ ခွေးကြီးပါ၊ အောက်လမ်းဆရာကြီးနဲ့ ကဝေမကြီး ပညာပြိုင်နေကြတာပါ ... ဆရာ အနားမသွားပါနဲ့"

"ကဝေမကလို့ ဘာပဲဖြစ်ဖြစ်၊ ခုလို ဒုက္ခရောက်နေတာကို တွေ့ရင် ဝင်ပြီး ကူညီဖို့ ဝတ္တရားရှိတယ် ... ဖိုးရာဇာ ကျုပ်ကို မတားနဲ့ ... လွှတ်ပါ"

ဗိုလ်နန္ဒသည် ဖိုးရာဇာကို တွန်းဖယ်ပစ်လိုက်သည်။

"အရှင့်သား ... အနားကို တိုးမသွားပါနဲ့၊ ကျွန်တော်မျိုး တောင်းပန်ပါရစေ"

ဖိုးရာဇာသည် ဗိုလ်နန္ဒအား စွတ်အတင်း ဟန့်တား၍နေပေသည်။ ဖိုးရာဇာ တစ်ကိုယ်လုံးမှာလည်း နတ်ပူးသကဲ့သို့ တုန်လှုပ်နေပြီး၊ တစ်ကိုယ်လုံး ချွေးသီးများ စို့၍လာပေသည်။

ထိုသို့ အချေအတင် ပြောဆိုနေကြစဉ် ခွေးနက်ကြီးသည် မောဟိုက်ဝင်ပန်းနေသော မိန်းမကြီးအား အလစ်တွင် ဝင်၍ဆွဲလိုက်ရာ ခြေထောက်ကို ခဲမိသွားသဖြင့် မိန်းမကြီးသည် ငယ်သံပါအောင် အော်ရင်း လက်ထဲတွင် ကိုင်ထားသည့် တောင်ဝှေးဖြင့် ခွေးနက်ကြီးအား ရိုက်၍နေပေသည်။



ဗိုလ်နန္ဒမှာ ကြည့်မနေလျက်တော့ဘဲ အဆိုပါ မိန်းမကြီးအနီးသို့ လွှားခနဲ ခုန်သွားပြီး မိန်းမကြီး၏လက်မှ တောင်ဝှေးကို ယူကာ ခွေးနက်ကြီးအား ခပ်စပ်စပ်ကလေး ရိုက်လိုက်ပြီး ခြောက်လှန့်လိုက်ရာ ခွေးနက်ကြီးသည် မိန်းမကြီးကို လွှတ်ပြီး ဗိုလ်နန္ဒအား ဝင်ခဲရန် မာန်ဖီနေရာမှ ဗိုလ်နန္ဒ၏ ရဲရင့်သော မျက်နှာထားနှင့် အမူအရာကို မြင်လိုက်သဖြင့် ကြောက်သွားသည့်အလား ရှေ့သို့တိုးမည့်ဟန်ပြင်ပြီးမှ အမြီးကုပ်ခါ နောက်သို့ ဆုတ်သွားပေသည်။

ဖိုးရာဇာမှာမူ–ဗိုလ်နန္ဒအား ထားခဲ့ပြီး တောနက်ထဲသို့ ဝင်ပြေးသွားပေသည်။

ခွေးနက်ကြီး ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဗိုလ်နန္ဒသည် ခွေးကိုက်သဖြင့် လဲနေသော မိန်းမကြီးအနီးသို့ ချဉ်းကပ်သွားပြီး ယုယစွာ ပွေ့ထူပေးလိုက်သည်။

"မောင်ရင် ... မောင်ရင် ... ကျုပ်ကိုမကိုင်နဲ့၊ ကျုပ်ကို မတိုင်နဲ့ ... ကျုပ်အနားကိုလည်း မကပ်နဲ့"

မိန်းမကြီးသည် ဗိုလ်နန္ဒအား တွန်းပစ်လိုက်သည်။

"ဘာဖြစ်လို့ အနားမကပ်ရမှာလဲ၊ ခြေထောက်က ဒဏ်ရာ ဘယ့်နှယ် နေသေးသလဲ"

"အို ... ဒီဒဏ်ရာက အရေးမကြီးပါဘူး၊ အလိုလို ပျောက်သွားမှာပါ"

ကဝေမကြီးက ပြန်ပြောလိုက်သည်။

"သွေးတွေ ထွက်နေပါလား၊ သွေးတိတ်သွားအောင် အဝတ်နဲ့ စည်းပေးမယ်လေ"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို မိမိခါးတွင် စည်းထားသည့် ဘဘက်ကို အလယ်မှ ဆုတ်ဖြဲလိုက်ပြီး ကဝေမကြီး၏ ခြေသလုံးရှိ ခွေးကိုက်ထားသည့် ဒဏ်ရာကို စည်းနှောင်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်က ဘယ်သူလဲ ..."

ကဝေမကြီးသည် ဗိုလ်နန္ဒအား စေ့စေ့စပ်စပ် ကြည့်ရင်း မေးလိုက်သည်။

"ကျွန်တော်က ခရီးသည်ပါ"

"ခရီးသည်မို့လို့ ကျုပ်အကြောင်းကို မောင်ရင် မသိတာကိုး၊ အင်း ... ကျုပ်က တခြားမဟုတ်ဘူး၊ ဒီနယ်တစ်ဝိုက်မှာ ကျက်စားနေတဲ့ ၁၂ ကြိုး ကဝေမကြီး ဒေါ်ဂျမ်းဘုံ ဆိုတာ ကျုပ်ပဲ၊ ကျုပ်ကိုမြင်ရင် ဘယ်သူမဆို အဝေးကြီးက ရှောင်သွားရတယ်။ ခုတလော ... ဟောဟို တောစပ်မှာ ဘာမဟုတ် ညာမဟုတ်တဲ့ ဆရာစုတ် တစ်ယောက် ရောက်လာပြီး သူ့ခွေးနက်ကြီးနဲ့ ကျုပ်ကိုကိုက်ဖို့ ကြိုးစားတာ များလှပြီ၊ ဒီ ဆရာစုတ်တော့ ဓိဝိန်ပါ ပြုတ်သွားအောင် လုပ်ပြလိုက်မယ်"

ဒေါ်ဂျမ်းဘုံ အမည်ရှိ ကဝေမကြီးသည် ခွေးနက်ကြီး ဝင်သွားသည့် တောတန်းကလေးဘက်သို့ လှမ်းကြည့်ရင်း ကြိမ်းဝါးလိုက်သည်။

"အမေကြီး ... အမေကြီး ... ဒေါသကြီးလှချည့်လား၊ ဒေါသ တရား ရှေ့ထားရင် မှားတော့မှာပေါ့၊ အမေကြီး ... ၁၂ ကြိုး ကဝေ ဆိုတာ တကယ်ပဲလား၊ တကယ်စွမ်းတယ်ဆိုရင် ကျွန်တော့်ကို ပြစား ဖြစမ်းပါလား"

ဗိုလ်နန္ဒသည် ကဆေမကြီး ဒေါ်ဂျမ်းဘုံအား အနည်းငယ်မျှ ကြောက်ရွံ့သည့် အမူအရာမပြဘဲ ပြောလိုက်ရာ ဒေါ်ဂျမ်းဘုံသည် ဗိုလ်နန္ဒအား စေ့စေ့ကြည့်၍ နေပေသည်။

"ဩော် ... လက်စသတ်တော့ ပုတီးဂိုဏ်းဆရာကြီးနဲ့ လာတွေ့နေမှကိုး"

ဒေါ်ဂျမ်းဘုံသည် ဗိုလ်နန္ဒ၏ လက်ကောက်ဝတ်တွင် ပတ်ထားသည့် ဆင်စွယ် စိပ်ပုတီးကို ကြည့်ရင်း ပြောလိုက်သည်။

"ကျွန်တော် ပုတီးဂိုဏ်းဆရာ မဟုတ်ပါဘူး၊ အောက်လမ်းပညာ-



အထက်လမ်းပညာ ကျွန်တော် ဘာတစ်ခုမှ မတတ်ပါဘူး။ ဒါတွေကို လည်း ကျွန်တော် မယုံပါဘူး၊ ကျွန်တော်က မေတ္တာတရားကို လက် ကိုင်ထားတဲ့ နှလုံးရည်သမားပါ။ ဒီအောက်လမ်းတို့ အထက်လမ်းတို့ ဆိုတဲ့ ... လောကီပညာတွေဟာ အလကားပါ"

ဗိုလ်နန္ဒက ခပ်တည်တည် ပြန်ပြောလိုက်သည်။

"အောက်လမ်းပညာကို မောင်ရင် မယုံဘူးလား"

"နည်းနည်းကလေးမှ မယုံဘူး၊ သီလမြဲရင် ဘယ်သူမှ ရန်မ[illegible] နိုင်ဘူး၊ ဒါကိုတော့ ကျွန်တော် စွဲစွဲမြဲမြဲ ယုံကြည်တယ်"

"ဒါဖြင့် ကောင်းပြီ ... မောင်ရင် မယုံလို့ရှိရင် လက်တွေ့ပြ[illegible] မှာပေါ့ ... ဒီမှာ မောင်ရင် ကျုပ်မျက်နှာကို စေ့စေ့ကြည့်စမ်း"

ကဝေမကြီး ဒေါ်ဂျမ်းဘုံသည် ဗိုလ်နန္ဒအား အမိန့်ပေးသည့် အသံ ဖြင့် ပြောလိုက်ရာ ဗိုလ်နန္ဒသည် ကြည်လင်တောက်ပသော မျက်လုံး များဖြင့် ကဝေမကြီးအား ကြည့်လိုက်သည်။ ကဝေမကြီးသည်လည်း ဗိုလ်နန္ဒအား စေ့စေ့ကြည့်ပြီး ပါးစပ်မှ တိုးတိုး တိုးတိုးနှင့် ရေရွတ်[illegible] ပေသည်။

ဗိုလ်နန္ဒမှာမူကား အနည်းငယ်မျှ ကြောက်ရွံ့သည့်စိတ် မရှိဘဲ ကဝေမကြီးအား ကြည်လင်တောက်ပသည့် မျက်လုံးအစုံဖြင့် စိုက်၍ ကြည့်နေပေရာ ကဝေမကြီးသည် ဗိုလ်နန္ဒ၏ မျက်လုံးဒဏ်ကို မခံနိုင် တော့ဘဲ မျက်နှာလွှဲလိုက်ပြီးလျှင် မြေကြီးပေါ်တွင် ဝပ်ချလိုက်သည်။

ဗိုလ်နန္ဒသည် ကဝေမကြီးအား ဝင်ပြီးပွေ့လိုက်ရာ ကဝေမကြီး သည် တရှုပ်ရှုပ်နှင့် ငိုနေသည်ကို သတိပြုမိပေသည်။

"အမေကြီး ... အမေကြီး ... ဘာဖြစ်လို့ ငိုနေတာလဲ"

ဗိုလ်နန္ဒက ယုယစွာ ပွေ့ချီထားရင်း ကြင်နာစွာ မေးလိုက်သည်။

"သွား ... သွား ... ကျုပ်အနားမကပ်နဲ့၊ ကျုပ်ကို ဘာလုပ်မလို့ အနားကပ်လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမေကြီးကို ဘာမှမလုပ်ပါဘူး၊ အမေကြီး ... အမေကြီး အမေကြီး ... သတိထားမှပေါ့၊ အမေကြီး ခုလို ဒေါသတရားတွေ ရှေ့ထားရင် မှားမှာပေါ့၊ ဒေါသတရားကို မေတ္တာရေစင်နဲ့ ငြိမ်းသတ်မှပေါ့ အမေကြီးရဲ့၊ ကျွန်တော် အမေကြီးကို ဘာမှမလုပ်ပါဘူး။ အမေကြီးကို ကူညီချင်လို့ပါ"

ဗိုလ်နန္ဒသည် ကဝေမကြီးအား ပွေ့ထားရင်း ပြောလိုက်ရာ ကဝေမကြီးသည် ဗိုလ်နန္ဒအား တစ်ချက်မော့ကြည့်လိုက်ပြီး တရှုပ်ရှုပ် ငိုနေပြန်သည်။

"အမေကြီးကို လူတိုင်း လူတိုင်းက ကဝေမကြီးဆိုပြီး အမေကြီးကို မြင်ရင် အဝေးကြီးက ရှောင်ပြေးကြတာပဲ။ အမေကြီးကို ကျွေးမယ့်လူလည်းမရှိဘူး၊ ပေးမယ့်လူလည်း မရှိဘူး။ အမေကြီး ပြုစားခံရတဲ့ လူမမာတွေအတွက် ခေါ်စာပစ်တာကလေးတွေပဲ လိုက်ကောက်စားနေရတယ်၊ အမေကြီးကို လူတိုင်း ကြောက်လည်း ကြောက်တယ်၊ မုန်းလည်း မုန်းတယ်။ အမေကြီး နောက်ကို ခွေးနက်ကြီး လိုက်လာတာ မြင်ရင် မောင်းရင်လိုဝင်ပြီး မောင်းမပေးတဲ့အပြင် ရှူးတောင်တိုက်ပေးကြသေးတယ်။ မောင်ရင်နဲ့ကျတော့မှ အမေကြီးကို ခုလို ယုယုယယ လုပ်မော်ရလို့ အမေကြီး စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ အမေကြီးကို မောင်ရင် မကြောက်ဘူးလား။ မုန်းကော ... မမုန်းဘူးလား"

ကဝေမကြီး ဆိုသူက မေးလိုက်သည်။

"အမေကြီးကို ဘာဖြစ်လို့ မုန်းရမှာလဲ ကြောက်စရာလည်း မလိုပါဘူး၊ သီလရှိတဲ့ လူဟာ ဘာကိုမှမကြောက်ဘူး၊ ဘယ်သူ့ကိုမှလည်း မမုန်းဘူး။ အမေကြီးလည်း သတိထားမှပေါ့၊ အင်မတန်ရခဲတဲ့ လူ့ဘဝကို အလဟဿ မဖြစ်ပါစေနဲ့၊ အမေကြီး တတ်တယ်ဆိုတဲ့ ပညာဟာ အလကားပါ။ လူများကို ကောင်းကျိုးပေးနိုင်တဲ့ ပညာမဟုတ်ပါဘူး။ ဒီနေ့ကစပြီး အမေကြီး သတိတရားရပြီး ဘုရားတရားကိုသာ အာရုံပြုပါ၊ သီလမြဲအောင် ထိန်းသိမ်းပါ။ ဒါမှ အမေကြီး လူဖြစ်ကျိုးနပ်မှာပေါ့"



"တစ်သက်လုံး မဟုတ်တာ လုပ်လာပြီးမှတော့ ဘုရားတရားက ကယ်နိုင်ပါဦးမလား၊ အမေကြီးအဖို့ ဘုရားတရား ဆိုတာ နားမလည်ဘူး။ အမေကြီးလို ၁၂ ကြိုး ကဝေဟာ ဘုရားတရား အာရုံပြုလို့ကော ဖြစ်နိုင်ပါ့မလား"

"၁၂ ကြိုး ကဝေဆိုတာ လူတွေက သမုတ်နေတာပါ၊ တကယ်တော့ ဘာမှမဟုတ်ဘူး စိတ်ပဲ အမေကြီးရဲ့၊ စိတ်ဟာ အင်မတန်၊ တန်ခိုးကြီးတယ်။ ကမ္ဘာကြီးကို ဖန်တီးလာတာလည်း ဒီစိတ်ပဲ၊ ချစ်တာလည်း ဒီစိတ်ပဲ၊ မုန်းတာလည်း ဒီစိတ်ပဲ၊ သူများကို မကောင်းကြံတာလည်း ဒီစိတ်ပဲ၊ စိတ်ကို ပြုပြင်လိုက်ရင် အမေကြီးဟာ သူတော်ကောင်း တစ်ယောက် ဖြစ်လာနိုင်ပါတယ်။ ဘုရားတရားကိုသာ အာရုံပြုပါ၊ လောကမှာလည်း မကောင်း၊ သံသရာမှာလည်း အကျိုးမပေးတဲ့ အလုပ်မျိုး စွန့်ပစ်လိုက်စမ်းပါ။ အမေကြီးကို ကျွန်တော်ရဲ့အမေရင်းလို သဘောထားပြီး ပြောနေတယ်ဆိုတာကို ယုံပါ"

ဗိုလ်နန္ဒက ကဝေမဆိုသူ အဒေါ်ကြီးအား တရားပြ၍နေစေရာ ကဝေမကြီးဟု ရပ်ရွာက သမုတ်သဖြင့် ဘုမသိဘမသိနှင့် ကဝေဖြစ်နေရသည့် အဒေါ်ကြီးသည် ဗိုလ်နန္ဒ၏ ယုယမှုကို ခံစားရင်း အမှန်တရားတည်းဟူသော အလင်းရောင်ကလေးများသည် ပိုးစုန်းကြူးလက်သလို လက်ခနဲ, လက်ခနဲ မြင်၍လာပေသည်။

"သာဓုကွယ် ... သာဓု ... ဒီနေ့ကစပြီး အမေကြီးလည်း ဘုရားတရား အာရုံပြုပြီး စိပ်ပုတီးကိုပဲ နာနာစိပ်နေပါတော့မယ်ကွယ်၊ မောင်ရင်လည်း ခလုတ်မထိ ဆူးမငြိဘဲ လိုသမျှဆုနဲ့ ပြည့်စုံပါစေ၊ အမေကြီး သွားဦးမယ်"

ပြောပြောဆိုဆို ကဝေမကြီးဟု သမုတ်ခံနေသည့် ဒေါ်ဂျမ်းဘုံ

www.burmeseclassic.com

www.burmeseclassic.com



သည် ဗိုလ်နန္ဒအား သားသမီးအပေါ်တွင် မိခင်၏ ကြင်နာသော အကြည့်မျိုးဖြင့် ကြည့်ပြီး တောအုပ်ကလေးထဲသို့ ဝင်၍သွားပေသည်။

ကဝေမကြီးဟု သမုတ်ခံနေရသည့် အမေကြီး ဒေါ်ဂျမ်းဘုံ ထွက်ခွာသွားပြီးနောက် ဗိုလ်နန္ဒသည် မိမိ၏ မြင်းလိမ္မာကြီးကို ဆွဲပြီး သေလာဂီရိ တောင်ထွတ်ဘက်သို့ မျှော်ကြည့်နေစဉ် သစ်ရွက်များ လှုပ်ရှားသည့် အသံကြားရပြီး သစ်ပင်ချုံနွယ်များ အကြားမှ ဖိုးရာဇာ ထွက်လာသည်ကို မြင်ရပေသည်။

"အရှင့်သား ... အရှင့်သား၊ စောစောက ခွေးနက်ကြီးနဲ့ ကဝေမကြီးကော၊ အရှင့်သားကို သူတို့ ဘာမှလုပ်မသွားကြဘူးလား"

ဖိုးရာဇာသည် ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး မေးလိုက်သည်။

"ခွေးနက်ကြီးလည်း ပြေးပြီ၊ ကဝေမကြီး ဆိုတဲ့ အမေကြီးဟာလည်း ဟောဟို တောအုပ်ကလေးထဲ ဝင်သွားတယ်"

"အရှင့်သားကို ပြုစားသွားသေးသလား၊ ခေါင်းထဲမှာ မူးသလိုလို ဝေသလိုလိုများ ဖြစ်နေသေးသလား"

ဖိုးရာဇာက စိုးရိမ်မကင်းသည့် အမူအရာဖြင့် မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ သီလရှိတဲ့ လူကို ဘယ်လိုရန်သူမှ ရန်မမူနိုင်ပါဘူး၊ ပြီးတော့ ဒီအမေကြီးဟာလည်း ကဝေမကြီး ဆိုတာ မဟုတ်ပါဘူး။ သူ့ခမျာ သားမရှိ၊ သမီးမရှိ အတိဒုက္ခ ရောက်နေရှာတဲ့ အမေကြီးပါ။ ဒါကို တစ်ရွာလုံးကဝိုင်းပြီး ကဝေမကြီးလို့ သမုတ်ထားတော့ ဝဋ်ညတ်သွားရာ ဓာတ်သက်ပါ ဆိုသလို ကဝေမကြီး မဖြစ်ချင်ဘဲ ဖြစ်နေရရှာတာပါ၊ သူ့ကို အရပ်က ဝိုင်းပယ်ထားတော့ သူကလည်း အရပ်ကို ခြောက်လှန့်ပြီး အရပ်က ခေါ်စာပစ်တာတွေကို လိုက်ကောက်စားနေရတဲ့ ဒုက္ခိတ အမေကြီးပါ"



ဗိုလ်နန္ဒက ရှင်းပြနေပေသည်။ သို့ရာတွင် ... ဖိုးရာဇာသည် ဗိုလ်နန္ဒပြောသည့် စကားများကို လုံးဝ အယုံအကြည်မရှိပေ။

"ဒီအဘွားကြီးဟာ တကယ်ပညာတတ်တဲ့ ကဝေမကြီးပါ၊ ထဘီကို ခေါက်ထိုးခြုံလိုက်ရင် လင်းတကြီး ဖြစ်သွားတယ်လို့ အရပ်ထဲမှာ ပြောနေကြတာပဲ၊ လင်းတကြီး ဖြစ်ပြီး ပျံသွားတာတောင် မြင်ဖူးတဲ့ လူတွေ ရှိပါတယ်"

ဖိုးရာဇာက ပြန်ပြောလိုက်သည်။

"ဒါက ယုံလွယ်တဲ့လူတွေ ပြောတဲ့စကားပါ၊ စကားဆိုတာမျိုးဟာ တဖြည်းဖြည်း ကားလာတတ်တာပဲ၊ ကဲ–ဖိုးရာဇာ ပြောသလိုသာ ပညာတတ်တယ်ဆိုရင် ကျွန်တော့်ကို ဘာဖြစ်လို့ မပြုစားသလဲ"

ဗိုလ်နန္ဒက ပြန်မေးလိုက်သည်။

"အရှင့်သားရဲ့လက်က စိပ်ပုတီးကို ကြောက်လို့ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ ... ဘုန်းရှင်ကံရှင်ဆိုရင် သူတို့ ဘာမှမလုပ်နိုင်ဘူးလို့လည်း ပြောသံကြားဖူးတာပဲ"

ဖိုးရာဇာသည် ဗိုလ်နန္ဒ၏ လက်ကောက်ဝတ်တွင် ပတ်ထားသည့် စိပ်ပုတီးကို ကြည့်ရင်း ပြောလိုက်သည်။

"ဖိုးရာဇာက တယ်ပြီး အယူသီးတာကိုး၊ လောကီပညာ ဆိုတာ အလကားဟာတွေပါ၊ မေတ္တာတရားကိုသာ လက်ကိုင်ထားကြမယ်ဆိုရင် လောကီပညာတွေကို ကြောက်နေစရာ မလိုပါဘူး။ အရေးအကြီးဆုံးက သီလပဲ၊ ပြီးတော့ ... ဒီအမေကြီး ခုလိုဖြစ်ရတာဟာ ဖိုးရာဇာရဲ့ အပြစ်လည်းပါတယ်၊ ကဝေမကြီး ဆိုပြီး တစ်ရွာလုံးက ဝိုင်းပယ်ထားတဲ့အတွက် သူ့ခမျာ အတိဒုက္ခ ရောက်နေရရှာတယ်"

ဗိုလ်နန္ဒသည် ဖိုးရာဇာအား တရားပြနေပေသည်။

ထိုအခိုက်တွင် တောအုပ်အတွင်းမှ ငှက်ဆိုးခေါ်လင်ကောင်ဖိုးငှက်၏ ဝူးဝူးဝါးဝါး အော်လိုက်သည့်အသံကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဆရာ ... ဒီအသံက ဘာအသံလဲ ... ငှက်ဆိုး ထိုးသံ မဟုတ်လား"

ဖိုးရာဇာသည် ကြောက်ရွံ့ထိတ်လန့်သော အမူအရာဖြင့် ပြောလိုက်သည်။

"ငှက်ဆိုး မဟုတ်ပါဘူး၊ လင်ကောင်ပိုးငှက်လို့ ခေါ်တယ်။ နေ့ဘက်မှာ သစ်ခေါင်းထဲမှာ အောင်းပြီး ညကျမှ အစာရှာထွက်လေ့ရှိတဲ့ ငှက်တစ်မျိုးပါ၊ ခုလည်း အစာရှာထွက်ဖို့ အချင်းချင်း အချက်ပေးတဲ့ အသံ ဖြစ်ပါလိမ့်မယ်"

ဗိုလ်နန္ဒက ဖိုးရာဇာအား ကြောက်စိတ်ပြေသွားအောင် ရှင်းပြလိုက်သည်။

"ဆရာ ... ဟိုမှာကြည့်စမ်း ... လက်ပံပင်ကြီးပေါ်က ပျံတက်သွားတာ ဘာလဲ၊ လင်းတကြီး မဟုတ်လား။ ကေနှ ကဝေမကြီး ထဘီခေါက်ထိုးဝတ်ပြီး ပျံသွားတာဖြစ်ရမယ်"

ဖိုးရာဇာသည် လက်ပံပင်ပေါ်တွင် နားနေရာမှ ပျံသန်းသွားသည့် လင်းတကြီးကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။ တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်မျှ ကြောက်ရွံ့တုန်လှုပ်နေပေသည်။

"အို ... ဖိုးရာဇာကလည်း ... မဖြစ်နိုင်တာတွေကို တွေးပြီး ကြောက်နေတာကိုး၊ လင်းတက စောစောကတည်းက သစ်ပင်ပေါ်မှာ နားနေတာပါ။ လူသံကြားလို့ ပျံသွားတာနဲ့တူပါတယ်"

"မဟုတ်ဘူး ... မဟုတ်ဘူး ... ကဝေမကြီးမှ ကဝေမကြီး ... အစစ်၊ ရိုးရိုးလင်းတဆိုရင် ကဝေမကြီး ဘယ်ရောက်သွားသလဲ၊ ကဝေမကြီးလည်း ပျောက်သွားတယ်။ လင်းတလည်း ပျံတက်သွားတယ် ဆိုတော့ ... လင်းတဟာ ရိုးရိုးလင်းတ မဟုတ်နိုင်ဘူး၊ ကဝေမကြီးပဲ ဖြစ်ရမယ်။ အရှင့်သား ဒီနေရာမှာ ကြာကြာမနေပါနဲ့ ကျွန်တော်မျိုးဆီကို လိုက်ပြီး ဒီနေ့ည ဟိုမှာပဲ အိပ်ပါ"



ဖိုးရာဇာမှာ ကြောက်ဒူးတုန်နေပုံရပေသည်။

"ဖိုးရာဇာ ဒါလောက်တောင် ကြောက်ရင်လည်း အိမ်ကိုပြန်တော့။ ကျွန်တော်တော့ ဒီနေ့ည ဘီလူးရှိတယ် ဆိုတဲ့ သေလာဂီရိတောင်ဘက်ကို သွားပြီး စနည်းနာရဦးမယ်"

ဗိုလ်နန္ဒက ပြောလိုက်ရာ ဖိုးရာဇာမှာ ဗိုလ်နန္ဒအတွက် စိုးရိမ်မကင်း ဖြစ်သွားပြန်သည်။

"သေလာဂီရိတောင်ကိုတော့ ဘယ်နည်းနဲ့မှ မသွားပါနဲ့၊ ဘီလူးရှိတယ်ဆိုတာ တကယ်ပါ"

"ဘီလူးရှိရင် ဘာဖြစ်သလဲ ... ဘီလူးကို လူကကြောက်နေရဦးမှာလား၊ သီလရှိတဲ့ လူဆိုရင် ... ဘီလူးလည်း မကြောက်ဘူး၊ သဘက်လည်း ... မကြောက်ဘူး။ ဘယ်သူမှလည်း ... ရန်မမူနိုင်ဘူး၊ ကျွန်တော့်အတွက် ဘာမှမစိုးရိမ်နဲ့။ ဖိုးရာဇာသာ အိမ်ကိုပြန်ပြီး ယုဇနကို ဘေးမသီ ရန်မခအောင် စောင့်ရှောက်ရစ်ပါ။ ပြီးတော့ ... ကျွန်တော့်အကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြောပါနဲ့ ... ဒီအတွက်တော့ စိတ်ချပါရစေ ... ကဲ ... ကဲ ... အိမ်ကို ပြန်ပေတော့ ... ကျွန်တော်သွားစရာ ရှိသေးတယ်"

ပြောပြောဆိုဆို ဗိုလ်နန္ဒသည် မြင်းလိမ္မာကြီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီးလျှင် သေလာဂီရိ တောင်ထွတ်ရှိရာ အနောက်ဘက်ရှူးရှူးသို့ ထွက်ခွာသွားပေရာ ... ဖိုးရာဇာသည် မျက်စိတဆုံး ကြည့်ပြီး ကျန်ရစ်ခဲ့ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း—၉

ဗိုလ်နန္ဒသည် ကဝေမကြီး ဒေါ်ဂျမ်းဘုံ ဝင်သွားသော တောအုပ်ထဲသို့ မြင်းလိမ္မာကြီးကို စီးကာ တဖြည်းဖြည်း လာခဲ့ပေသည်။

ဗိုလ်နန္ဒမှာ တောတွင်း၌ အနေကြာသူ ဖြစ်၍ တောအကြောင်းကို ကောင်းကောင်းကြီး သိသည်သာမက နားမျက်စိပါ ရှင်သူဖြစ်သဖြင့် တောနက်အတွင်းသို့ တဖြည်းဖြည်း ဝင်၍လာရာတွင် ဘေးအန္တရာယ်နှင့် မတွေ့အောင် နားနှင့် မျက်စိကို အစွမ်းကုန် အသုံးပြုပြီး တဖြည်းဖြည်း လာခဲ့ဝေရာ မကြာမီ တောအုပ်အလွန် ရောက်၍လာပေသည်။

နေဝင်သွားပြီ ဖြစ်သော်လည်း ၁၂ ရက် လကလေးသည် မိုးတောင်းကင်ပေါ်မှနေပြီး ကြည်လင်အေးမြသော အလင်းရောင်ကို ပေးလျှက်ရှိသဖြင့် တောတန်းကြီးတစ်ခုလုံးမှာ စိမ်းလဲ့လဲ့နှင့် ကြည်နူးသာယာဖွယ်ရာ အဆင်းကိုဆောင်၍ နေပေသည်။ အနောက်ဘက်စူးစူးသို့ လှည့်ကြည့်လိုက်ရာ တောတန်းကလေးတစ်ခုကို တွေ့ရပြီး တောတန်းကလေးအလွန်တွင် ကျောက်တုံးကြီးများ တစ်တုံးပေါ်တွင် တစ်တုံးဆင့်ကာ မိုးကောင်းကင်သို့ မျှော်၍နေသည်ဟု ထင်ရသော သေလာဂီရိတောင်ကို လရောင်အောက်တွင် ရေးရေးကလေး မြင်ရပေသည်။

ဗိုလ်နန္ဒသည် ထိုနေရာတွင် ခေတ္တအပန်းဖြေရင်း မြင်းကြီးကို အစာကျွေး၍ နေပေသည်။ မိမိအဖို့မှာလည်း အသင့်ယူလာသော မသိုးထမင်း မသိုးဟင်းများဖြင့် အဆာပြေရုံ စားသောက်ရင်း ရှေ့ရေးကို တွေးတော၍ နေပေသည်။



တဖြည်းဖြည်း ညဥ့်နက်လာပြီ ဖြစ်သဖြင့် တစ်တောလုံး တိတ်ဆိတ်လျှက်ရှိပြီး ရံဖန်ရံခါ ညဥ့်ငှက်သံများနှင့် တောခွေးသံများကို ကြားရပေသည်။ ဗိုလ်နန္ဒသည် မြက်ခင်းပေါ်တွင် ထိုင်ပြီး သေလာဂီရိ တောင်ထွတ်ဘက်သို့သာ အာရုံစိုက်ပြီး ကြည့်နေပေရာ တစ်ခါတစ်ရံ ကျောက်တုံးကြီး နှစ်တုံးအကြားမှ စိမ်းလဲ့လဲ့ အရောင်ရှိသော မီးလျှံလိုလို မီးခိုးလိုလို အလုံးကြီး တစ်လုံးသည် မိုးပေါ်သို့ ပျံတက်သွားသည်ကို မြင်လိုက်ရသဖြင့် ထိုမီးခိုးလုံးကြီးကို မျက်စိတဆုံး ကြည့်၍နေပေသည်။ တစ်ခါတစ်ရံတွင် ကျောက်တုံး နှစ်တုံးကြားမှ ဝင်းခနဲ လက်ခနဲ အလင်းရောင်များကို မြင်ရပေရာ စုန်းများ တောက်စားသည်ဟု ရွာသားများ ပြောဆိုခြင်းမှာ ဤအခြင်းအရာများကို မြင်သဖြင့် ပြောဆိုခြင်းဖြစ်ရမည်ဟု ဗိုလ်နန္ဒက စဉ်းစားမိပေသည်။

လမွန်းတည့်ချိန်သို့ ရောက်သောအခါ ဗိုလ်နန္ဒသည် တောတန်းကလေးအလွန်ရှိ အောက်လမ်းဆရာကြီး နေသည်ဆိုသော တဲအိမ်ကလေးရှိရာသို့ ဦးတည်ပြီး မြင်းလိမ္မာကြီးကို စီးကာ တအိအိနှင့် လာခဲ့ပေသည်။

တဲအိမ်ကလေးမှာ တောစပ်တွင်ရှိပြီး တဲအိမ်ကလေးအလွန်တွင် သေလာဂီရိတောင်ကို သွားသည့် လူသွားလမ်းကလေးကို ခပ်ရေးရေး မြင်ရပေသည်။

တဲကလေးအနီးသို့ ရောက်သောအခါ ထောင်ထောင်မောင်းမောင်း လူတစ်ယောက်သည် သစ်ပင်ရိပ်အောက်မှ ထွက်လာသည်ကို မြင်ရသဖြင့် ဗိုလ်နန္ဒသည် မြင်းဇက်ကြိုးကို ဆွဲပြီး ခေတ္တရပ်နားနေပေသည်။

သစ်ပင်ရိပ်အောက်မှ ထွက်လာသူမှာ ဖော့ဂျီရောင် ခေါင်းပေါင်းနှင့် သစ်ခေါက်ဆိုး အဝတ်များ ဝတ်ထားသည်ကို လရောင်ဖြင့် ကောင်းစွာ မြင်ရပေရာ ထိုသူမှာ တခြားသူမဟုတ် ညနေက မြင်လိုက်သည့် အောက်လမ်းဆရာကြီး ဖြစ်ရမည်ဟု အတတ်ပြောနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒသည် ထိုသူ၏အနီးသို့ မသိမသာ ချဉ်းကပ်သွားပြီး အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

"သမားတော်ကြီး ဦးကဝိမှတ်တယ် ... ကျန်းခံ့သာလို့ မာတော်မူပါစ"

ဗိုလ်နန္ဒသည် ဦးကဝိ ဆိုသူအား နှုတ်ဆက်လိုက်သည်။

"မင်းက ဘယ်သူလဲ ...၊ ဘာကိစ္စ ဒီတောထဲကို လာရတာလဲ"

အောက်လမ်းဆရာကြီးသည် ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း မေးလိုက်သည်။

"ကျွန်တော်လာတဲ့ကိစ္စက ဘယ်သူ့ကိုမှ ပြောလို့မဖြစ်ဘူး ဒါကြောင့် မပြောပါရစေနဲ့၊ ကျွန်တော့်ကိုသာ အင်းအိုင် လက်ဖွဲ့ကလေး မ,စတော်မူပါ"

"ဘယ်သူ့မှ ပြောလို့မဖြစ်ပေမယ့် ကျုပ်ကိုတော့ ပြောရလိမ့်မယ်၊ ဒီမှာ ကျုပ်မျက်နှာ စေ့စေ့ကြည့်စမ်း"

ဗိုလ်နန္ဒအား လက်ပိုက်ပြီး စိန်းစိန်းကြီး ကြည့်နေသော အောက်လမ်းဆရာကြီးက အမိန့်ပေးသလိုလိုနှင့် ပြောလိုက်သည်။

ဗိုလ်နန္ဒသည် အနည်းငယ်မျှ ကြောက်ရွံ့သည့် အမူအရာမပြဘဲ ကြည်လင်တောက်ပသည့် မျက်လုံးအစုံဖြင့် အောက်လမ်းဆရာကြီးအား ပြန်ကြည့်လိုက်ရာ အကြည့်ချင်းဆုံ၍ သွားပေသည်။

"မင်း ဒီနေရာကို ဘာကိစ္စလာသလဲ မှန်မှန်ပြောစမ်း"

အောက်လမ်းဆရာကြီးသည် ဗိုလ်နန္ဒ၏ စိတ်ကို ညှို့သည့်အလား ဗိုလ်နန္ဒအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်ရင်း မေးလိုက်ပြန် သည်။

"ခင်ဗျားကော ဒီနေရာကို ဘာလို့လာတာလဲ"

ဗိုလ်နန္ဒသည် အောက်လမ်းဆရာကြီး၏ မျက်လုံးဒဏ်ကို လုံးဝဂရုမစိုက်ဘဲ ပြန်မေးလိုက်သည်။

"ငါမေးတာကို မင်းဖြေမှ မင်းမေးတာကို ငါဖြေနိုင်မယ်"



"ကျွန်တော်လည်း ကျွန်တော်မေးတာကိုဖြေမှ ခင်ဗျား မေးတာကို ပြန်ဖြေနိုင်မယ်"

"မင်း သိပ်ခက်တဲ့အကောင်ပဲ၊ ကဲ ဟောဟိုမှာ ကြည့်စမ်း အဲဒါ ဘာလဲ"

အောက်လမ်းဆရာကြီးသည် မိုးကောင်းကင်သို့ လက်ညှိုးထိုး ပြလိုက်သည်။

ဗိုလ်နန္ဒသည် အောက်လမ်းဆရာကြီး လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်ရာ ခုနစ်စဉ်ကြယ်ကို ထင်ထင်လင်းလင်းကြီး မြင်လိုက်ရပေသည်။

"ဒါဟာ ခုနစ်စဉ်ကြယ်ပြောင်ပေါ့"

ဗိုလ်နန္ဒက ချက်ချင်းပြန်ပြောလိုက်သည်။

"အေး ... ဟုတ်ပြီ၊ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်တော့ ဘာ ဖြစ်သလဲ"

"သန်းခေါင်အချိန်ရောက်ပြီလို့ ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ သန်းခေါင် အချိန်ဆိုရင် သေလာဂီရိ တောင်ထွတ်မှာ စုန်း တစ္ဆေတွေ မြူးတာပေါ့၊ သေလာဂီရိတောင်မှာ စုန်း တစ္ဆေ မြူးတော့ စေတုတ္တရာ နိုင်ငံတော်ကြီး ပျက်ကိန်းကြုံတော့မယ့် နိမိတ်ပဲ မဟုတ်လား"

ဗိုလ်နန္ဒသည် အောက်လမ်းဆရာကြီး၏ စိတ်ကို သိလိုသဖြင့် စိတ်ကူးရရာကို ပြောလိုက်သည်။

ထိုစကားကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် အောက်လမ်း ဆရာကြီးသည် ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာကာ ဗိုလ်နန္ဒ၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်၍နေပေသည်။

"ဒါတွေကို မင်းဘယ်လိုလုပ်ပြီး သိသလဲ"

အောက်လမ်းဆရာကြီးက ပြန်မေးလိုက်သည်။

"နားနဲ့ မျက်စိရှိလို့ သိတာပေါ့ ..."

"ဒါတင်ပဲလား ... ဘာတွေ သိသေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိတာတွေစုံလို့ပဲ၊ ဥပမာ– သမားတော်ကြီး ဦးကဝိ ဒီနေရာကို လာနေတာဟာ မာနတံခွန်ထူနေတဲ့ စန္ဒာဒေဝီ မိန်းမယုတ်ကို လက်စားချေဖို့ဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သိပါတယ်၊ စန္ဒာဒေဝီ မိန်းမယုတ်တော့ သူ့ကို ဘယ်သူမှ ရန်မူနိုင်မှာ မဟုတ်ဘူးဆိုပြီး သိပ်ပြီး ဘဝင်မြင့်နေတယ်။ စန္ဒာဒေဝီ မိန်းမယုတ် ဘဝင်မြင့်သလောက် အောက်ခြေလွတ်ပြီး သုခနေ့ရဲ့ ခြေဖဝါးအောက် မကြာခင် ရောက်ရတော့မယ် ဆိုတာတွေကိုလည်း ကျွန်တော် သိတာပဲ"

ဗိုလ်နန္ဒသည် အောက်လမ်းဆရာကြီးထံမှ စကားစ ရရန် စကားအရှောင်းအဝယ် လုပ်လိုက်သည်။

"စန္ဒာဒေဝီ– စန္ဒာဒေဝီ ... ဒီမိန်းမယုတ်ကို ကျုပ် ဘယ်တော့မှ မကျေဘူး၊ ဘဝင်မြင့်နေတဲ့ မိန်းမယုတ်ကိုတော့ သူ့ကိုယ်သူ သတ်သေချင်အောင် အရှက်တကွဲ အကျိုးနည်း ဖြစ်အောင် လက်စားမချေရသမျှ မကျေဘူး"

အောက်လမ်းဆရာကြီးသည် ဗိုလ်နန္ဒ၏ ပိုက်ကွန်တွင်းသို့ ခြေစုံပစ်၍ ဝင်လာသည့်အလား စိတ်ထဲတွင် ရှိသမျှကို မျိုသိပ်မထားနိုင်တော့ဘဲ လက်သီးလက်မောင်းတန်းကာ ပြောလိုက်သည်။

"စန္ဒာဒေဝီအပေါ်မှာ ဘာဖြစ်လို့ ဒါလောက်တောင် စိတ်နာနေရတာလဲ၊ သူများတကာတွေ စိတ်နာဖို့များ ချန်ထားပါဦး"

ဗိုလ်နန္ဒသည် သံယောင်လိုက်ပြီး ပြောလိုက်သည်။

"ဒါတွေအသာထားစမ်းပါ၊ ဒီမှာ မင်းဘာကိစ္စ ဒီကိုလာတာလဲ ... ဒါကို အရင်ပြောစမ်းပါဦး"

အောက်လမ်းဆရာကြီးသည် ဗိုလ်နန္ဒအား မေးလိုက်ပြန်သည်။

"ဘာကိစ္စဆိုတာ မေးနေဖို့လိုသေးသလား ... ခင်ဗျား ဒီလောက်တောင် လူကဲမခတ်တတ်ဘူးလား"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ အောက်လမ်းဆရာကြီးသည် ဗိုလ်နန္ဒအား အတန်ကြာ စကားမပြောဘဲ အကဲခတ်၍ နေပေသည်။



"မင်းဘယ်သူလဲ ဆိုတာ ငါမသိဘူး၊ ဒါပေမဲ့ မင်းငါ့ဆီကို လာတာ မဟုတ်ဘူးလား"

"ခင်ဗျား ဘယ်သူဘယ်ဝါ ဆိုတာ ကျွန်တော် သေသေချာချာ သိတာထောက်ရင် ခင်ဗျားဆီကိုလာတဲ့သူ ဖြစ်တယ်ဆိုတာ ခင်ဗျား မစဉ်းစားမိဘူးလား"

"အေးလေ ... ဒါကြောင့် မေးနေတာပေါ့ ... ကဲ ... ဒီလိုဆိုရင် ငါ့ကိုပေးစရာရှိတာပေးလေ ... ဘာဖြစ်လို့ မပေးသေးတာလဲ"

"နေပါဦး ... ပေးစရာရှိတာ ပေးဖို့က အရေးမကြီးပါဘူး၊ ခင်ဗျားဟာ ကျွန်တော်လိုက်ရှာနေတဲ့ သမားတော်ကြီး ဦးကဝိအစစ် ဖြစ်တယ်ဆိုတာ သေချာမှ ကျွန်တော် ပေးစရာရှိတာကို ပေးနိုင်မယ်။ တော်တော်ကြာ ပုံမှားရိုက်သွားရင် မခက်ဘူးလား"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ငါဝတ်ထားတဲ့ အဝတ်အစားကို ကြည့်ရင် မသိနိုင်ဘူးလား၊ ငါ ... ဦးကဝိအစစ်"

"ဦးကဝိ ဖြစ်တယ်ဆိုရင် သက်သေအထောက်အထား ပြပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"စောစောက ငါမိုးကောင်းကင်ကို လက်ညှိုးညွှန်ပြတာ မင်းမေ့နေပြီလား၊ ကဲ ... ဟိုမှာကြည့်စမ်း ... အဲဒါဘာလဲ"

ဦးကဝိသည် ခုနစ်စဉ်ကြယ်ကို လက်ညှိုးထိုးပြလိုက်သည်။

"ဒါမိုးကောင်းကင်ပဲ"

ဗိုလ်နန္ဒက မသိချင်ဟန်ဆောင်၍ ပြောလိုက်သည်။

"သေသေချာချာ ကြည့်စမ်းပါဦး ... ငါညွှန်ပြနေတာဟာ ခုနစ်စဉ် မဟုတ်ဘူးလား"

"အင်း ... ဟုတ်ပြီ ... ဟုတ်ပြီ ... ခုနစ်စဉ်ဆိုတာ ကျွန်တော်တို့ရဲ့ လျှို့ဝှက်စကားပဲ ... ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်လို့ သန်းခေါင်ချိန်ရောက်ရင် ဘီလူး မြူးတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘီလူးမြှူးတာကို အသာဖယ်ထားပြီး ငါ့အတွက် ပေးလိုက်တဲ့ စာရွက်ကို ခုချက်ချင်းထုတ်ပေးပါ"

အောက်လမ်းဆရာကြီးက လက်ဝါးဖြန့်ပြီး တောင်းလိုက်သည်။

"ပေးမှာပေါ့ ... ခဏနေပါဦး၊ ကျွန်တော်ယူလာတဲ့ စာရွက်ထဲမှာ တုတ္တရာ ဘုရင်မရဲ့ နန်းတော်နဲ့ မြို့ရိုးမြေပုံပါတယ်၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော် မေးစရာရှိသေးတယ်"

"ပေးမှာသာ ပေးစမ်းပါ၊ မေးစရာရှိတာကို နောက်မှမေး"

အောက်လမ်းဆရာကြီးသည် မြေပုံကိုသာ အတင်းတောင်း၍ နေစဉ် ဗိုလ်နန္ဒသည် ခါးကြားမှ ငွေကျည်တောက်ကို ထုတ်ယူလိုက်ပြီး ငွေကျည်တောက်ထဲမှ စက္ကူလိပ်ကို ဖြန့်ကြည့်လိုက်သည်။

"ဟောဒီမြေပုံထဲမှာ စန္ဒာဒေဝီ ဆိုတဲ့ စာလုံးပါတယ်၊ အဲဒီနေရာမှာ ကြက်ခြေခတ်ထားတာလည်း တွေ့ရတယ်။ စန္ဒာဒေဝီ ဆိုတဲ့ အဓိပ္ပာယ်က ကြက်ခြေပြထားတဲ့ နေရာဟာ စန္ဒာဒေဝီဘုရင်မရဲ့ အဆောင်တော်ကို ဆိုလိုတယ် မဟုတ်လား"

"ဒါကိုမေးနေစရာ လိုသေးသလား၊ သိပ်ရှင်းနေတဲ့ ဉစ္စာပဲ။ ပေးပါ မြေပုံ"

အောက်လမ်းဆရာကြီးက မြေပုံကို လှမ်းယူလိုက်ရာ ဗိုလ်နန္ဒသည် အောက်လမ်းဆရာကြီး၏ လက်ကို တားထားလိုက်သည်။

"ခဏနေပါဦး၊ ဟောဒီ မြေပုံအောက်နားမှာ ကြက်ခြေ ၂ ခု တွေ့ရတယ်။ ကြက်ခြေတစ်ခုရဲ့ အောက်မှာ အသေမိလျှင် အသပြာ တစ်သိန်း၊ အရှင်မိလျှင် အသပြာ ၂ သန်းလို့ ရေးထားတယ်၊ ဒါကတော့ စန္ဒာဒေဝီကိုပဲ ဆိုလိုတာ မဟုတ်လား"

"ဒါပေါ့ကွ စန္ဒာဒေဝီကို အရှင်မိအောင် ဖမ်းပေးနိုင်ရင် ဆုတော်ငွေ ၂ သန်း။ အသေမိရင် တစ်သိန်းလို့ ဆိုတာ"

"အင်း ... ဒီလိုဆိုရင် ကျွန်တော်သိသိကလေး လွဲသွားတာပဲ။



နေ့လယ်က စန္ဒာဒေဝီ ကျွန်တော့်လက်ထဲ ရောက်နေလျက်သားနဲ့ လွှတ်သွားတာ သိပ်နှာတာပဲ"

ဗိုလ်နန္ဒ ပြန်ပြောလိုက်သည်။

"မင်းလက်ထဲရောက်နေပြီးမှဉစ္စာ ဘာဖြစ်လို့ ပြန်လွှတ်လိုက်ရတာလဲ"

"စန္ဒာဒေဝီမှန်း မသိလို့ လွှတ်သွားတာပေါ့။ စန္ဒာဒေဝီမှန်းသာ သိရင် ခုလောက်ဆိုရင် ကျွန်တော် ပွနေပြီ"

"မင်းလည်း သိပ်အ,တဲ့ အကောင်ပဲ။ စန္ဒာဒေဝီကို မိထားပြီးမှ ပြန်လွှတ်လိုက်ရတယ်လို့ကွာ"

"ပြန်လွှတ်လိုက်တာ မဟုတ်ဘူး။ စန္ဒာဒေဝီမှန်း ကျွန်တော် သိကိုမသိလို့ ခံလိုက်ရတာ။ သူ့ရဲ့ နယ်ခြားစစ်သူကြီး ဗန္ဓက ရောက်လာတော့မှ စန္ဒာဒေဝီမှန်း ကျွန်တော်သိတာ။ စောစောကသာသိရင် ကျွန်တော့်လက်ထဲက လွှတ်ပစ်ပါ့မလား"

ဗိုလ်နန္ဒသည် အောက်လမ်းဆရာကြီးထံမှ စကားစ, ရအောင် စောစောက အဖြစ်အပျက်များကို ပြန်ပြောလိုက်သည်။

"စစ်သူကြီးဗန္ဓကကို မင်းသိလို့လား"

"ကျွန်တော်မသိပါဘူး။ ဘုရင်မနဲ့ အပြန်အလှန် စကားပြောကြတော့မှ သူ့နာမည်ကို ကျွန်တော် သိတာပါ"

"စစ်သူကြီးဗန္ဓက ဆိုတဲ့အကောင် ခုတလော သိပ်ပြီး ခြေရှုပ်နေတယ်။ နယ်ခြားဒေသကိုလည်း သူ့စစ်သည်တော်တွေ လွှတ်ပြီး တို့အကြံအစည်တွေပျက်အောင် လုပ်နေတယ်။ ဒါပေမဲ့ ဒီခွေးမသား ဗန္ဓက တော့ ဒီနေ့ည သေရမှာပါ"

အောက်လမ်းဆရာကြီးက ပြန်ပြောလိုက်သည်။

"ဘာဖြစ်လို့ သေရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ည သေလာဂီရိတောင်ဘက်ကို အခြေအနေ စုံစမ်းဖို့ လာလိမ့်မယ်။ လာရင် ဘီလူးစားပြီး သေမှာပေါ့"

"စစ်သူကြီးဗန္ဓက ဒီနေ့ညလာမယ် ဆိုတာ ခင်ဗျားဘယ်လိုလုပ်ပြီး သိသလဲ"

"ဘာဖြစ်လို့ မသိရမှာလဲကွ ... ကဲပါ ... မင်းလက်ထဲက မြေပုံကိုပေးပြီး မင်းသွားစရာရှိတာကိုသွားပါ ... စကားကြော ရှည်မနေစမ်းပါနဲ့"

အောက်လမ်းဆရာကြီးက လက်ကမ်းလိုက်ပြန်သည်။

ဗိုလ်နန္ဒမှာမူ မိမိသိလိုသည့် အချက်များကို သိရှိပြီးဖြစ်သဖြင့် စောစောက ဖြန့်ကြည့်နေသည့် မြေပုံကို ပြန်လိပ်လိုက်ပြီးလျှင် ငွေကြုတ်တော်ထဲသို့ ပြန်သွင်းလိုက်သည်။ ထိုနောက် ငွေကြုတ်တော်ကို ခါးကြားတွင် ပြန်ချိတ်လိုက်သည်။

ထိုအခိုက်တွင် အောက်လမ်းဆရာကြီးသည် ခါးကြားတွင် ဝှက်ယူလာသည့် ဓားကို ဆွဲထုတ်လိုက်ပြီး ဗိုလ်နန္ဒအား တအားဝင်ထိုးလိုက်သည်။

သို့ရာတွင် ဗိုလ်နန္ဒမှာ မျက်စိရှင်သူ ဖြစ်သဖြင့် အောက်လမ်းဆရာကြီး၏ လက်ကို ဆီး၍ ဖမ်းလိုက်ပြီးလျှင် လက်ကို တအားလိမ်လိုက်ရာ အောက်လမ်းဆရာကြီး၏လက်မှ ဓားသည် လွတ်ကျသွားပေသည်။ ဗိုလ်နန္ဒသည် အောက်လမ်းဆရာကြီး၏ ဓားကို အဝေးသို့ ရောက်သွားအောင် ခြေနှင့် ကန်လိုက်ပြီး အောက်လမ်းဆရာကြီးအား တအားတွန်းလှဲလိုက်ပြီးလျှင် အနီးရှိ မြင်းလိမ္မာကြီးပေါ်သို့ လွှားခနဲ ခုန်တက်ပြီး တောနက်ထဲသို့ ကဆုန်ပေါက်ပြီး ဝင်သွားပေရာ အောက်လမ်းဆရာကြီးသည် ဖင်ထိုင်လျက် လဲနေရာမှ လက်သီးလက်မောင်းတန်းပြီး ကျန်ရစ်ခဲ့ပေသည်။

* * *

## အခန်း–၁၀

ဗိုလ်နန္ဒသည် အောက်လမ်းဆရာကြီး ဦးကဝိထံမှ ထွက်ခွာလာခဲ့ပြီးနောက် တောအုပ်တစ်ခုအတွင်းသို့ ဝင်ရောက်လာခဲ့ပေသည်။ ထိုတောအုပ်ကလေးမှာ သစ်ပင်ချင်း ယှက်ပြီး ပေါက်လျက်ရှိသဖြင့် မှောင်ရိပ်များ အလွန်ကောင်းသောကြောင့် ထိုနေရာသို့ အောက်လမ်းဆရာကြီး လွယ်လွယ်ကူကူနှင့် လိုက်လာနိုင်မည် မဟုတ်သည်ကို ဗိုလ်နန္ဒ သိရှိသဖြင့် ကဆုန်ပေါက်ပြီး တရကြမ်း ခရီးနှင်လာခဲ့ရာမှ တဖြည်းဖြည်း အရှိန်သတ်ခါ ခပ်ဖြည်းဖြည်းပင် ခရီးနှင်ခဲ့ပေသည်။

မကြာမီ တောအုပ်၏အစပ်နားသို့ ရောက်ရှိလာသဖြင့် ထိုနေရာမှတစ်ဆင့် တောင်မြောက်လေးပါးကို လှည့်ကြည့်လိုက်ရာ အနောက်ဘက်တွင် ကျောက်တုံးကြီးများ တစ်တုံးပေါ်တစ်တုံး ဆင့်လျက်ရှိသော သေလာဂီရိ တောင်ထွတ်ကို လရောင်အောက်တွင် ထင်ထင်လင်းလင်းကြီး မြင်တွေ့ရပေသည်။ သေလာဂီရိတောင်၏ အရှေ့ဘက်တွင်မူကား ကျယ်ပြန့်သော ရေအိုင်ကြီးတစ်ခုရှိ၍ ထိုရေကန်၏ အနားတစ်လျှောက်တွင် အလွန်တရာ ထူထပ်သော ရွှံ့နွံအိုင်ကြီးများရှိသည်ကို သတိပြုမိပေသည်။

ရေအိုင်ကြီးရှိ ကြည်လင်သော ရေများမှာ လရောင်နှင့် ကြယ်ရောင်များ ဟပ်သဖြင့် တဝင်းဝင်း တလက်လက် ဖြစ်၍နေပေသည်။

အနောက်မြောက်ဘက်သို့ မျှော်မှန်းကြည့်လိုက်သောအခါ မြို့ရိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးများ ကာရံထားသည့် စေတုတ္တရာ မြို့တော်ကို လရောင်အောက်တွင် ညို့ညို့မှိုင်းမှိုင်း တွေ့မြင်ရပေသည်။

သေလာဂီရိတောင်ထွတ်နှင့် စေတုတ္တရာ မြို့တော်ကြီးအကြားတွင် တောအုပ်ကြီးတစ်ခုရှိပြီး တောအုပ်အလွန်တွင် သေလာဂီရိတောင်ထွတ်အနီးရှိ ရေအိုင်မှ စီးဆင်းလာသည့် စမ်းချောင်းကလေးတစ်ခုရှိသည်ကို ဖြူဖြူဖွေးဖွေး တွေ့မြင်ရပေသည်။

ဗိုလ်နန္ဒသည် အနီးရှိ တောင်ကုန်းကလေးပေါ်သို့ တက်ပြီး ထိုတောင်ကုန်းကလေးပေါ်မှနေပြီး ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုနေသေသည်။

အချိန်မှာ တဖြည်းဖြည်း ညဥ့်နက်လာပြီ ဖြစ်ပေရာ တောတန်းကြီးတစ်ခုလုံးမှာ ညဥ့်ငှက်သံများ၊ ရံဖန်ရံခါ တောခွေးများ၏ အူသံမှအပ တိတ်ဆိတ်ငြိမ်သက်လျက် ရှိပေသည်။

မိုးကောင်းကင်ကို မျှော်ကြည့်လိုက်သောအခါ ၁၂ ရက် လသည်တဖြည်းဖြည်း အနောက်ဂေါယာဘက်သို့ ယွန်းလျက်ရှိသည်ကို လည်းကောင်း၊ ခုနစ်စဥ်ကြယ်ကြီးသည်လည်း ရွဝံကြယ်ကို လှည့်ပတ်သွားလာရင်း အမြီးထောင်လျက် ရှိသည်ကို တွေ့ရသဖြင့် သန်းခေါင်အချိန်နီးဝါး ရှိပြီဖြစ်သည်ဟု ခန့်မှန်းနိုင်ပေသည်။

ဗိုလ်နန္ဒသည် တောင်ကုန်းကလေးပေါ်တွင် မလှုပ်မယှက် ငြိမ်သက်စွာဖြင့် ပတ်ဝန်းကျင်ကို လေ့လာလျက်ရှိစဉ် မလှမ်းမကမ်းမှ မြင်းခွာသံ ကြားလိုက်ရသဖြင့် မြင်းခွာသံ ကြားရာသို့ နားစွင့်လိုက်သည်။

မကြာမီ တောအုပ်ကလေးထဲမှ ခပ်ရွှယ်ရွှယ် လူတစ်ယောက်သည် မြင်းဖြူကြီးကိုစီးကာ လက်ထဲတွင် ဓားရှည်ကြီးကိုင်လျှင် ဗိုလ်နန္ဒ အနီးသို့ တစ်ရှိန်ထိုး စီးနင်းလာသည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒသည် ထိုသူအား ဂရုစိုက်ပြီး ကြည့်လိုက်မိသည်။



"ရှေ့က ဘယ်သူလဲ ... ငါ့ရဲ့ဓားဖျားမှာ အသက်ထွက်သွားချင်သလား"

မြင်းဖြူကြီး စီးလာသူက လှမ်းမေးလိုက်သည်။

ဗိုလ်နန္ဒသည် တစ်စုံတစ်ရာအား အဖြေမပေးသေးဘဲ ဓားကိုအသင့်ကိုင်ထားပြီး မြင်းဖြူနှင့်လူကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

မြင်းဖြူကြီးနှင့်လူ၏ ဝတ်စားတန်ဆာများမှာ စေတုတ္တရာဘုရင်မ၏ စစ်သည်တော်များ ဝတ်ဆင်သည့် စစ်ဝတ်တန်ဆာများဖြစ်သည်သာမက လက်တွင်ကိုင်ထားသည့် ဓားမှာလည်း ကျောက်စီဓားကြီး ဖြစ်သဖြင့် သာမန် စစ်သည်တော် မဟုတ်ဘဲ မင်းညီ မင်းသားထဲကသော် လည်းကောင်း၊ စစ်သူကြီး အမျိုးအနွယ်ထဲက သော် လည်းကောင်း ဖြစ်ရမည်ဟု ခန့်မှန်းနိုင်ပေသည်။

ဝတ်စားထားသည့် စစ်ဝတ်တန်ဆာများမှာလည်း မောက်လှမောက်တို ဗာလီကွေးမှအစ အဖိုးတန်ပစ္စည်းများသာ ဖြစ်ပြီး၊ ခြေနင်းမှာလည်း ကျောက်စီခြေနင်း ဖြစ်သည်ကို သတိပြုမိပေသည်။ လူပုံပန်းမှာ သေးသေးသွယ်သွယ်ဖြစ်၍ မျက်နှာတွင်မူ မျက်လုံးနေရာတွင်သာ ဖောက်ထားသည့် အဝတ်နက်ကြီး စီးထားသည်ကို မြင်ရပေရာ စေတုတ္တရာနိုင်ငံမှ ဘုရင်မ၏ စစ်သည်တော် ဖြစ်သည်ဆိုလျှင် မျက်နှာကို အဝတ်နက် စီးထားရန် မလိုဟု စဉ်းစားမိသဖြင့် ဗိုလ်နန္ဒသည် ထိုသူအား အကဲခတ်၍မရအောင် ဖြစ်၍နေပေသည်။

"ဟေ့လူ ... မေးနေတာ မကြားဘူးလား ... လက်သုံးတော်ဓားနဲ့ ခုတ်လိုက်ရမလား"

မျက်နှာဖုံးနှင့်လူက မေးလိုက်သည်။ မျက်နှာဖုံးမှာ ပါးစပ်ကိုပါ အုပ်၍နေသဖြင့် အသံမှာ ခပ်အုပ်အုပ်ဖြစ်၍နေပေသည်။

"အကြည်တော်ကို ကြည့်ရတာဟာ စေတုတ္တရာ ဘုရင်မရဲ့ စစ်သည်တော်တစ်ဦး ဖြစ်တယ်လို့ ယူဆစရာ ရှိပါတယ်၊ စေတုတ္တရာ ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ စစ်သည်တော်မှန်လျှင် ကျုပ်ရန်သူ မဟုတ်၊ မိတ်ဆွေသာ ဖြစ်သည်ကို အကြည်တော် သိစေလိုပါသည်။ အကြည်တော်၏ လက်သုံးတော်ဓားကို ပြန်သွင်းထားလိုက်ပါ၊ ပြီးတော့ အကြည်တော် ဘယ်သူလဲဆိုတာကို သိနိုင်အောင် မျက်နှာဖုံးကြီးကို ဖြုတ်ပစ်လိုက်စမ်းပါ"

ဗိုလ်နန္ဒသည် အနည်းငယ်မျှ ကြောက်ရွံ့သည့် အမူအရာ မပြဘဲ ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။

မျက်နှာဖုံးချွတ်ရန် ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မြင်းဖြူကြီးနှင့် လူရှယ်သည် နောက်သို့ပြန်ဆုတ်လိုက်ပြီး ဓားကို ဝင့်လိုက်သည်။

"ဟေ့လူ ... ငါ့ကို ဘာထင်လို့ မထီလေးစား ပြောနေရတာလဲ၊ အချိန်မတော် ဒီနေရာကို ဘာလာလုပ်တာလဲ၊ လွတ်ရာကျွတ်ရာကို ထွက်သွားစမ်း'

မျက်နှာဖုံးနှင့်လူက ပြောလိုက်သည်။

"ကျုပ် ဒီနေရာမှာ ဘာလာလုပ်သလဲဆိုတာ သိချင်လို့ မေးသလား ... သိချင်ရင် ဟောဟို ကောင်းကင်ပေါ်ကို မော့ကြည့်လိုက်စမ်း"

ဗိုလ်နန္ဒသည် ခုနစ်စဉ်ကြယ်ကို မော့ကြည့်ရင်း ပြောလိုက်ရာ၊ ဗိုလ်နန္ဒ၏မျက်နှာကို လရောင်တွင် ထင်လင်းစွာ မြင်နိုင်လေသည်။

"အပေါ်ကို မော့ကြည့်ရင် မိုးကောင်းကင်ကို မြင်ရမှာပေါ့၊ ဒါ ဘာဖြစ်သလဲ"

"ခုနစ်စဉ်ကြယ်ကို မမြင်ဘူးလား၊ ခုနစ်စဉ်ကြယ် အမြီးထောင်တော့ ဘာဖြစ်သလဲ"

ဗိုလ်နန္ဒက ဆက်ပြီး ပြောလိုက်သည်။

"ခုနစ်စဉ်ကြယ် အမြီးထောင်တော့ သန်းခေါင်အချိန်ကို ရောက်တာပေါ့"



မြင်းဖြူကြီးနှင့်လူက ပြန်ပြောလိုက်သည်။

"သန်းခေါင်အချိန် ရောက်ရင် သေလာဂီရိတောင်က ဘီလူးမြူးတယ် ဆိုတာ မကြားဖူးဘူးလား၊ ဘီလူးမြူးရင် စေတုတ္တရာမင်း ပျက်စီးမည့်ကိန်း ဖြစ်တယ်ဆိုတာ မကြားမိဘူးလား"

ဗိုလ်နန္ဒက မေးလိုက်ပြန်သည်။

"ဒါတွေဟာ အရူးစကားတွေပါ၊ ဒီမှာ ငါမေးတာကို ဖြေစမ်းပါ၊ ဒီနေရာကို အချိန်မတော် ဘာလာလုပ်တာလဲ"

"ဒီနေရာမှာ ဘီလူးရှိတယ် ဆိုလို့ ဘီလူးဖမ်းရအောင် လာတာပါ"

ဗိုလ်နန္ဒက ခပ်တည်တည် ပြန်ပြောလိုက်သည်။

"အံမယ် ... တကယ့်သူရဲကောင်းကြီးပါလား၊ ဘီလူးဖမ်းရအောင် တစ်ယောက်တည်း လာခဲ့တာပေါ့လေ၊ ဩော် လက်ထဲမှာလည်း စိပ်ပုတီးကြီးနဲ့ပါလား၊ စိပ်ပုတီးနဲ့ ဘီလူးဖမ်းမလို့လား၊ ဟား ... ဟား ... ရယ်စရာကောင်းလိုက်လေ"

မြင်းဖြူကြီးနှင့်လူက ပြယ်ရယ်ပြုလိုက်သည်။

"ကျုပ်လက်မှာ စိပ်ပုတီးရှိတာ ဘယ်လိုလုပ်ပြီး သိသလဲ"

ဗိုလ်နန္ဒက ပြန်မေးလိုက်သည်။ မေးမည်ဆိုလျှင်လည်း မေးစရာဝင် ဖြစ်လေသည်။

ဗိုလ်နန္ဒ၏ စိပ်ပုတီး စွပ်ထားသည့် လက်မှာ မှောင်ရိပ်ထဲတွင် ရှိသဖြင့် ခပ်လှမ်းလှမ်းမှနေပြီး ကြည့်မည်ဆိုလျှင် စိပ်ပုတီးကို လွယ်လွယ်ကူကူနှင့် မမြင်နိုင်ပေ။

"မျက်စိရှင်လို့ မြင်တာပေါ့ ... ကဲ ... ငါပြောတာ ဟုတ်သလား ... မဟုတ်ဘူးလား ဆိုတာ လက်မြှောက်ပြလိုက်စမ်းပါ"

မြင်းဖြူကြီး စီးလာသူက ပြန်ပြောလိုက်သည်။

"အတော်ကို မျက်စိစူးတဲ့လူပဲ၊ မှောင်ကြီးမည်းမည်းထဲမှာ စိပ်

www.burmeseclassic.com

www.burmeseclassic.com



ပုတီးကို မြင်တယ်ဆိုတော့ ... ဇီးကွက်မျက်စိလို့ ဆိုရမှာပဲ၊ ဒါကြောင့်လည်း မျက်နှာကို ဖုံးထားတာကိုး ... ကဲပါ ... ကိုဇီးကွက် မျက်နှာဖုံး ချွတ်ပြစမ်းပါ"

ဗိုလ်နန္ဒက ပမာမခန့် ပြန်ပြောလိုက်သည်။

"ဘာဖြစ်လို့ မျက်နှာဖုံး ချွတ်ပြရမှာလဲ"

မြင်းဖြူကြီးနှင့်လူက ပြန်ပြောလိုက်သည်။

"လူဆိုးလား ... လူကောင်းလား ဆိုတာ သိချင်လို့ပါ၊ ပြီးတော့ ... စေတုတ္တရာ ဘုရင်မရဲ့ ဘက်တော်သားအစစ် ဖြစ်တယ်ဆိုရင် ဘုရင်မအတွက် စကားလက်ဆောင် ပါးစရာရှိလို့ပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"စကားလက်ဆောင် ပါးစရာရှိရင် ပါးလိုက်ပါလား ... ဘုရင်မကို ပြန်ပြီး သံတော်ဦးတင်ပေးမှာပေါ့"

"အကြည်တော်ဟာ ဘုရင်မရဲ့ ဘက်တော်သားအစစ် ဟုတ်မှန်ရဲ့လား"

"ဘုရင်မရဲ့ အရင်းနှီးဆုံးနဲ့ သစ္စာအရှိဆုံး ဘက်တော်သား ဖြစ်တယ်ဆိုတာ သစ္စာဆိုဝံ့ပါတယ်"

"ဒါဖြင့် သစ္စာဆိုပြစမ်းပါ"

"အကျွန်ုပ်သည် စန္ဒာဒေဝီ ဘုရင်မ၏ အရင်းနှီးဆုံးနှင့် သစ္စာအရှိဆုံးသော ဘက်တော်သားအမှန် ဖြစ်ပါသည်။ ဤစကား မမှန်ပါက ကျွန်ုပ်၏ဦးခေါင်းကို မီးကြိုးရှစ်စိတ် ခွဲပါစေသား"

မြင်းဖြူနှင့်လူက သစ္စာဆိုလိုက်သည်။

"ကဲလေ ... သစ္စာဆိုပြီးပြီ၊ ပြောစရာရှိတာ ပြောလေ"

"ကောင်းပြီ ... ကျွန်ုပ် ပြောမယ် နားထောင်၊ စေတုတ္တရာ ဘုရင်မ စန္ဒာဒေဝီဟာ သူ့စစ်သည်တော် ဗိုလ်ပါအင်အားကိုကြည့်ပြီး ဘဝင်မြင့်နေတယ်၊ အောက်ခြေလွတ်နေတယ်၊ ဒါကို သုဝဏ္ဏနိုင်ငံက သုမန



ဘုရင်က ချက်ကောင်းယူပြီး စေတုတ္တရာနိုင်ငံထဲကို သူလျှိုတွေလွှတ်ပြီး ဘုရင်မကို အသေရရ အရှင်ရရ ဖမ်းပြီး စေတုတ္တရာ နိုင်ငံတော်ကို သိမ်းပိုက်ဖို့ ကြံစည်နေတယ်ဆိုတာ အကြည်တော်ရဲ့ ဘုရင်မကို သတိပေးလိုက်စမ်းပါ"

ဗိုလ်နန္ဒက ပြောလိုက်ရာ မြင်းဖြူနှင့်လူသည် ဗိုလ်နန္ဒ ပြောသည့်စကားများကို စိတ်ဝင်စားစွာ နားထောင်၍နေရာမှ ဓားကိုဝင့်လိုက်သည်။

"သယ် ... စော်ကားလှချည့်လား ... ဘုရင်မရဲ့ သစ္စာအရှိဆုံးသော ဘက်တော်သားရှေ့မှာ ဘုရင်မအား ဘဝင်မြင့်တယ်လို့ ပြောလိုက်တာဟာ ရိုင်းပျလှချည့်လား"

မြင်းဖြူနှင့်လူက ဒေါသသံနှင့်ပြောရင်း ရှေ့တစ်လှမ်းတိုးလာရာ ဗိုလ်နန္ဒသည် ထိုသူအား ခုခံရန် ဓားကိုဆွဲထုတ်လိုက်သည်။

"ဒီမှာ အကြည်တော် ... အကြည်တော်နဲ့ ရန်ဖြစ်ချင်လို့ ခုလို ပြောနေတာ မဟုတ်ဘူး၊ အကြည်တော်ရဲ့ ဘုရင်မ တစ်ဦးတည်းအတွက် စိုးရိမ်လို့ ပြောနေတာလည်း မဟုတ်ဘူး၊ စေတုတ္တရာ နိုင်ငံသူ နိုင်ငံသားတွေ အထူးသဖြင့် မိန်းမနဲ့ ကလေးတွေ ဒုက္ခရောက်ကုန်မှာစိုးလို့ သတိပေးနေတာ၊ ကျွန်ုပ် ပြောတဲ့အတိုင်းသာ ဘုရင်မကို ပြန်ပြီး သံတော်ဦးတင်လိုက်ပါ"

ဗိုလ်နန္ဒသည် ဓားကို ဆွဲထုတ်လိုက်သည်ကို မြင်သောအခါ မြင်းဖြူနှင့်လူသည် မြင်းဇက်ကြိုးကိုဆွဲပြီး ရပ်တန့်လိုက်သည်။

"ကောင်းပြီ ... ဘုရင်မကို ပြန်ပြီး သံတော်ဦးတင်လိုက်မယ်၊ ဒါပေမဲ့ ဘုရင်မကို ပြန်ပြီး သံတော်ဦးမတင်မီ စေတုတ္တရာ နိုင်ငံတော်ကို သုမနဘုရင်ယုတ် သိမ်းပိုက်ဖို့ ကြံစည်နေတယ် ဆိုတာ အထောက်အထား ပြစမ်းပါ"

"အထောက်အထား အများကြီး ရှိပါတယ်၊ စောစောကတင်ပဲ

www.burmeseclassic.com

www.burmeseclassic.com



သုမနဘုရင်ရဲ့သူလျှို အောက်လမ်းဆရာကြီး ဦးကဝိနဲ့ တွေ့ခဲ့လို့ သူတို့ရဲ့ အကြံအစည်တွေကို သိခဲ့ရပါတယ်၊ ဒါတင်မကသေးဘူး ခပ် စောစောကတွေ့တဲ့ လူတွေဆီက ရတဲ့သတင်းအတိုင်းဆိုရင်လည်း သုမန ဘုရင်ဟာ စေတုတ္တရာ နိုင်ငံတော်အတွင်း သူလျှိုတွေ လွှတ်ထားပြီး ဘုရင်မကို အရှင်ရရ၊ အသေရရ ဖမ်းပေးဖို့ ဆုတော်ငွေ ထုတ်ထားတယ် လို့ သိရတယ်၊ ဒါတွေကို စန္ဒာဒေဝီ ဘုရင်မ ဘာမှမသိဘဲ ခုလောက် ဘုရင် အိပ်လို့ သိုးတောင်နေပြီထင်တယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဘုရင်မကို သိုးအောင်အိပ်တယ်လို့ ပြောရဲတယ်ပေါ့လေ၊ ဒီမှာ — ဘုရင်မဟာ အအိပ်ကြီးတဲ့ ဘုရင်မ မဟုတ်ဘူး၊ ညဥ့်သုံးယံမှာ တစ်ယံသာ စက်တော်ခေါ်တယ် ဆိုတာ မကြားဖူးဘူး မဟုတ်လား"

"ညဥ့်သုံးယံမှာ တစ်ယံသာ စက်တော်ခေါ်တယ်ဆိုရင် အကြည် တော် ခုချက်ချင်း နန်းတော်ကြီးကိုပြန်ပြီး ကျုပ်ပြောတာကို ပြန်ပြီး သံတော်ဦး တင်လိုက်စမ်းပါ၊ သုမနဘုရင်ရဲ့ အကြံဟာ သိပ်မသေးဘူး၊ စေတုတ္တရာ နိုင်ငံတော်ရဲ့ စစ်သည်တော် အင်အားကြီးမားတာကို သိတဲ့ အတွက် စေတုတ္တရာ နိုင်ငံတော်ကို စစ်ချီပြီး တိုက်ခိုက်မှာ မဟုတ်ဘူး၊ စေတုတ္တရာ နိုင်ငံအတွင်း သူလျှိုတွေလွှတ်ပြီး အတွင်းကနေပြီး တော် လှန် ပုန်ကန်ဖို့ စီစဉ်နေတယ်ဆိုတာ တိတိကျကျ သံတော်ဦးတင်လိုက် စမ်းပါ။ စေတုတ္တရာ နိုင်ငံတော်ရဲ့ စစ်သည်တော် အင်အားကြီးမားတယ် ဆိုပြီး ဘဝင်မြင့်နေရင် ဘုရင်မဟာ အကျနာလိမ့်မယ် ဆိုတာကိုလည်း သတိပေးဖြစ်အောင် ပေးလိုက်ပါ"

ဗိုလ်နန္ဒက မိမိ၏စိတ်ထဲတွင် ရှိသမျှ ကရားရေလွှတ်သလို ပြော ပြနေသေးသည်။

"တော် ... တော် ... ဒီစကား ဒီမှာတင် ရပ်လိုက်ပါ၊ ပုတီးသမား ပုတီးစကား မပြောဘဲ ဘုရင်မကို စော်စော်ကားကား ပြောရသလား"



"စော်စော်ကားကား ပြောတာ မဟုတ်ပါ၊ ကျုပ်ပြောတဲ့စကားကို ဂရုမစိုက်ရင်သာ ဘုရင်မကို လူဖြစ်ရှုံးအောင် အစော်ကားခံရမှာစိုးလို့ သတိပေးနေတာပါ"

"ဘုရင်မကို ဘယ်သူမှ မစော်ကားဝံ့ဘူးဆိုတာ နားမလည်ဘူး လား"

"ဒါကြောင့် ဘုရင်မဟာ ဘဝင်မြင့်နေတယ်လို့ ပြောနေတာပေါ့၊ ဒီမှာ အကြည်တော် ... အကြည်တော်တို့ ဘုရင်မဟာ ဘုရင့်သမီးတော် မို့လို့ ဖခမည်းတော်ရဲ့ရိုက်ရာကို ဆက်ခံပြီး ဘုရင်မ ဖြစ်လာရပေမယ့် အမှန်တရားအတိုင်း ကြည့်မယ်ဆိုရင် အကြည်တော်ရဲ့ ဘုရင်မဟာ လည်း သာမန် မိန်းမသားသာ ဖြစ်တယ်ဆိုတာက သတိပြုသင့်တယ်၊ မိန်းမအုပ်ချုပ်တဲ့ တိုင်းပြည်ကို တိုင်းတစ်ပါးက ရှိသေလေးစားတာ မဟုတ်ဘူး၊ ဒီတော့ကာ တိုင်းတစ်ပါးက ရှိသေလေးစားလာအောင် ယောကျ်ားပီသတဲ့ ကြင်ဘက်တော်ရွေးဖို့ တော်ပြီထင်တယ်"

ဗိုလ်နန္ဒသည် ပြောမြဲတိုင်း ပြောနေပေသည်။

"ဘုရင်မအတွက် ကြင်ဘက်တော် မရှားပါဘူး၊ ဒါပေမဲ့ ဘုရင်မ က ယောကျ်ားဆိုရင် အလိုလိုမုန်းတယ်"

"ဒါပေမဲ့ ဖူးစာရှင်နဲ့ တွေ့တဲ့တစ်နေ့မှာ ဘုရင်မလည်း သစ်သားကို ထုထားတဲ့ အရုပ်မှ မဟုတ်ဘဲ၊ အရည်ပျော်သွားမှာပါပဲ၊ ခုလောလော ဆယ် ဖူးစာရှင် မရှာချင်သေးဘူးဆိုရင် ဘုရင်မရဲ့ အပါးမှာ အမြဲ ခစားပြီး ဘုရင်မကို အကာအကွယ်ပေးဖို့ သစ္စာရှိပြီး ပရိယာယ်ဝေဝုစ် အရာမှာ ကျွမ်းကျင်လိမ္မာတဲ့ ယောကျ်ားကောင်းတစ်ယောက်ရှိဖို့ အရေး ကြီးတယ် ဆိုတာတော့ သတိပေးလိုက်စမ်းပါ"

ဗိုလ်နန္ဒက ဆက်ပြီး ပြောလိုက်သည်။

"အတော်လာတဲ့ လူပါလား– သစ္စာလည်းရှိရမယ်၊ အတ္တိလည်း ကောင်းရမယ်၊ ပရိယာယ်ဝေဝုစ်အရာမှာ ကျွမ်းကျင်ရမယ် ... ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒီလိုယောကျ်ားမျိုးကို ဘယ်မှာသွားပြီး ရှာရမှာလဲ၊ ဒါကိုလည်း လမ်းညွှန်ဦးမှပေါ့"

မြင်းဖြူကြီးနှင့်လူက ပြန်ငေါ့လိုက်သည်။

"သိပ်ပြီး ဝေးဝေးရှာဖို့ မလိုပါဘူး၊ မောင်ရှုပ ဆိုတဲ့ လူကို တွေ့အောင်ရှာပြီး အပါးတော်မှာ ခ,စားပါစေလို့သာ သံတော်ဦးတင်လိုက်ပါ"

ဗိုလ်နန္ဒက ခပ်တည်တည် ပြောလိုက်သည်။

"အင်း–တယ်ဆိုတဲ့စာပါလား၊ မောင်ရှုပ ဆိုတာ ဘယ်သူလဲ၊ ခင်းဝဲ မဟုတ်လား"

မျက်နှာဖုံးနှင့်လူက ဗိုလ်နန္ဒအား ပြက်ရယ်ပြုံးရင်း ပြန်မေးလိုက်သည်။

"ကျုပ် မောင်ရှုပ ဆိုတာ ဘယ်လိုလုပ်ပြီး သိသလဲ"

"ဒါတော့ မေးနေစရာ မလိုပါဘူး၊ သိချင်လို့ သိတာပေါ့"

"သိလို့ရှိမှဖြင့် ကွယ်ဝှက်နေဖို့ မလိုတော့ဘူးပေါ့၊ ဒီမှာ အကြည်တော် ... အကြည်တော်ဟာ ဘုရင်မအပေါ်မှာ သစ္စာအရှိဆုံးနဲ့ အရင်းနှီးဆုံး ဖြစ်တယ်ဆိုရင် ကျုပ်ပြောတဲ့ စကားတွေကို သံတော်ဦးတင်ဖြစ်အောင် တင်လိုက်စမ်းပါ၊ ပြီးတော့ ဘုရင်မဟာ ကိုယ့်စစ်သည်တော်အင်အားကို ယုံကြည်ပြီး ဘဝင်မြင့်နေမယ်ဆိုရင် မကြာခင် စေတုတ္တရာနိုင်ငံတော်ကြီးဟာ သုမန လက်ချက်နဲ့ မီးလောင် ပျက်စီးလိမ့်မယ်၊ ဘုရင်မကို အရှင်မိအောင် ဖမ်းပြီး ယောကျ်ားတကာရဲ့ ကစားစရာအရုပ်တလေးအဖြစ် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပြုလုပ်လိမ့်မယ် ဆိုတာ သတိပေးလိုက်စမ်းပါ"

"သယ် ... ပြောလေ သဲလေ ဆိုသလို ဘုရင်မကို စော်ကားပြီးရင်း စော်ကားရင်း ဆိုသလို စော်ကားလှချည့်လား၊ သုမန ဘုရင်ယုတ်ရဲ့ သူလျှို ငရှုပ သေပေတော့"



မြင်းဖြူနှင့်လူသည် ဒေါသအမျက်ခြောင်းခြောင်းထွက်သည့် လေသံဖြင့် ကျောက်စီဓားကြီးကို ဝှင့်ကာ ဗိုလ်နန္ဒအား ဝင်၍ ခုတ်လိုက်ပေသည်။

သို့ရာတွင် ဗိုလ်နန္ဒမှာ မျက်စိရှင်သူ ဖြစ်သဖြင့် မျက်နှာဖုံးနှင့်လူ၏ဓားကို မိမိဓားနှင့် ခံထားလိုက်ရာ လူကို မခုတ်မိဘဲ ဓား ဓားချင်း ထိသွားပြီး ချွင်ခနဲ မြည်သွားသည့် အသံနှင့်အတူ မီးများ ပွင့်သွားသည်ကို မြင်ရပေသည်။

မျက်နှာဖုံးနှင့်လူသည် နောက်သို့ အသာပြန်ဆုတ်လိုက်ပြီး အလစ်ကိုချောင်းကာ နောက်တစ်ချက် ဆင့်၍ ခုတ်လိုက်ပြန်ရာ ထိုအကြိမ်တွင်မူ ဗိုလ်နန္ဒသည် မျက်နှာဖုံးနှင့်လူ၏အနီးသို့ ချဉ်းကပ်ကာ ဓားကိုင်ထားသည့်လက်ကို ဆွဲဖမ်းလိုက်ပြီး တအားလိမ်လိုက်ရာ မျက်နှာဖုံးနှင့်လူ၏လက်မှ ဓားသည် မြေကြီးပေါ်သို့ လွတ်ကျသွားပေသည်။

မျက်နှာဖုံးနှင့်လူသည်လည်း ဗိုလ်နန္ဒ၏လက်မှ လွတ်အောင်ရုန်းပြီး မြင်းကို ကဆုန်ပေါက်စီးကာ တစ်ရှိန်ထိုး ထွက်ပြေးသွားလေသည်။

ဗိုလ်နန္ဒသည် မြင်းဖြူရှင်၏နောက်သို့ လိုက်မည့်ဟန်ပြင်လိုက်ပြီးမှ အောက်တွင် ကျကျန်ရစ်ခဲ့သည့် ကျောက်စီဓားကြီးကို မြင်လိုက်သဖြင့် ထိုဓားကို ကောက်ယူလိုက်ပြီးလျှင် မြင်းဖြူရှင်အား လှမ်းကြည့်လိုက်ရာ သစ်ပင်များအကြားတွင် မျက်ခြည်ပြတ်၍ သွားပေသည်။

ထိုအခိုက်တွင် ရေအိုင်ကြီးအနီးရှိ တောအုပ်ကလေးအတွင်းမှ အသံနက်ကြီးဖြင့် ဟား–ဟား–ဟား–ဟား ဟူ၍ ရယ်လိုက်သည့် အသံကြီးသည် တစ်တောလုံး ပဲ့တင်ထပ်၍ သွားသဖြင့် ဗိုလ်နန္ဒပင်လျှင် ခေါင်းနားပန်းများ ကြီး၍သွားပေသည်။

အသံမှာ ရုတ်တရက် ထွက်ပေါ်လာပြီး ချက်ချင်းပင် ပြန်၍ ပျောက်သွားပြန်ရာ တောတန်းကြီး တစ်ခုလုံးမှာ တိတ်ဆိတ်၍နေပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဗိုလ်နန္ဒသည် ထိုနေရာမှနေပြီး အသံနက်ကြီးဖြင့် ရယ်လိုက်သည့် အသံကြားရာဘက်သို့ မှန်းမျှော်ကြည့်လိုက်ရာ လရောင်ကြောင့် တဝင်းဝင်း တလျှပ်လျှပ် ဖြစ်နေသော ရေအိုင်ကြီးနှင့် ထိုရေအိုင်ကြီး၏ အလွန်တွင် ကျောက်တောင် ကျောက်တုံးများ ထူထပ်သည့် သေလာဂီရိ တောင်ခြေရင်းကို လရောင်အောက်တွင် မှိုင်းမှိုင်းညို့ညို့ မြင်နေရပေသည်။

အသံလာသည့်အရပ်မှာ အဆိုပါ ကျောက်တောင် ကျောက်တုံးများ ထူထပ်သည့် တောင်ခြေရင်းမှ ဖြစ်ရမည်ဟု ခန့်မှန်းမိသည့်အတိုင်း ဗိုလ်နန္ဒသည် မိမိဓားကို ဓားအိမ်ထဲ ပြန်သွင်းလိုက်ပြီး မြင်းဖြူရှင်၏ လတ်မှ လွတ်ကျကျန်ရစ်ခဲ့သည့် ကျောက်စီဓားကို လက်တစ်ဖက်က ကိုင်ကာ ကျန်လက်တစ်ဖက်ကမူ မြင်းလိမ္မာကြီး၏ ဇက်ကြိုးကို ခိုင်ခိုင်မြဲမြဲကိုင်ပြီး ရေအိုင်ကြီးဘေးရှိ ကွေ့ကောက်သော လူသွားလမ်းကလေးအတိုင်း ကျောက်တောင်ကြီးရှိရာသို့ မျှော်မှန်း တဖြည်းဖြည်း လာခဲ့ပေသည်။

ဗိုလ်နန္ဒသည် ကုန်းမြင့်ကလေး တစ်ခုပေါ်သို့ တဖြည်းဖြည်း တက်ပြီး အရိပ်အခြည်ကို လေ့လာ၍ နေပေသည်။ အချိန်မှာ သန်းခေါင်ကျော်ခန့် ရှိပြီဖြစ်၍ တစ်တောလုံး တိတ်ဆိတ်လျက် ရှိပေသည်။ စောစောက ကြားရသည့် ရယ်သံကြီးမှာလည်း နောက်ထပ်ပေါ်၍မလာတော့ဘဲ ငြိမ်ချက်သား ကောင်းလှပေသည်။

ဗိုလ်နန္ဒ၏ ဖောင်းဝတ်ရောင် မြင်းလိမ္မာကြီးသည် ဆရာ၏ အလိုကို သိသည့်အလား တောင်ကုန်းကလေးပေါ်တွင် နားရွက်ပင် ခေတ်တဲ ငြိမ်သက်စွာ ရပ်တည်နေပေရာ ဗိုလ်နန္ဒသည် မြင်းပေါ်မှနေပြီး တောင်မြောက်လေးပါးကို ကြည့်ရှုနေပေသည်။

ထိုအခိုက်တွင် မြင်းလိမ္မာကြီးသည် တိရစ္ဆာန်တို့ဘာဝ လူထက်ပို၍ နားမျက်စိ ရှင်သဖြင့် ကျောက်တောင်ခြေရင်းရှိ ကျောက်ဆွယ်ကြီးတစ်ခုအောက်သို့ လှမ်းမျှော်ကြည့်လိုက်ပြီး ပါးစပ်မှ ဟီလိုက်ရာ ဗိုလ်နန္ဒသည် မြင်းလိမ္မာကြီး၏ အကြောင်းကိုသိသူ ဖြစ်သည့်အတိုင်း မြင်းလိမ္မာကြီးသည် တစ်စုံတစ်ရာကို မြင်၍သာ ဟီခြင်းဖြစ်ရမည်ဟု အတတ်ပြောနိုင်သဖြင့် မြင်းလိမ္မာကြီး၏ မျက်နှာမူရာသို့ လှမ်းကြည့်လိုက်ရာ ခပ်လှမ်းလှမ်းရှိ ကျောက်တုံးကြီးတစ်ခု၏ မှောင်ရိပ်တွင် မည်းမည်း မည်းမည်းနှင့် သဏ္ဌာန်တစ်ခုကို မြင်လိုက်သဖြင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီးလျှင် မြင်းလိမ္မာကြီးကို အနီးရှိ သစ်ပင်တစ်ပင်တွင် ချည်လျက်ထားခဲ့ပြီး အရိပ်သဏ္ဌာန်မြင်ရာသို့ ကျောက်စီဓားကြီးကို ကိုင်ကာ မြေပျော့ကိုနင်းပြီး မှောင်ရိပ်ခိုလျက် သတိဝီရိယနှင့် လာခဲ့ပေသည်။

ထိုအတောအတွင်း ကျောက်တောင်ကြီးဘက်မှ လှုပ်ရှားသည့် အသံများကို ကြားရပြီး "အမယ်လေး ... ကယ်တော်မူပါ" ဟူ၍ ငယ်သံပါအောင် အော်လိုက်သည့်အသံကို ကြားရသဖြင့် ဗိုလ်နန္ဒသည် အသံကြားရာသို့ ခပ်သုတ်သုတ်ကလေး လာခဲ့သည်။

အသံမှာ တိတ်ဆိတ်မသွားဘဲ ဆက်ခါ ဆက်ခါ စူးစူးဝါးဝါး ငယ်သံပါအောင် အကူအညီတောင်းဆိုလျက် ရှိသဖြင့် ဗိုလ်နန္ဒသည် ဓားကိုဝင့်ကာ ခရီးပြင်းနှင်ခဲ့ပေရာ မကြာမီ ကျောက်တောင်ကြီးအပြင်ဘက်သို့ငေါထွက်နေသည့် ကျောက်တုံးကြီးအနီးသို့ ရောက်ရှိလာပေသည်။

ကျောက်တုံးကြီး၏အောက်ရှိ မှောင်ရိပ်အတွင်းမှ ထွက်ပေါ်လာသည့် အသံများမှာ ပျောက်ကွယ်သွားခြင်း မရှိသည်သာမက ကျောက်တုံးကြီးအနီးသို့ ဗိုလ်နန္ဒ ရောက်သွားသည်နှင့် တစ်ပြိုင်နက် စောစောက ကြားလိုက်ရသည့် အသံနက်ကြီးဖြင့် ဟား ... ဟား ... ဟားသော ရယ်သံကြီးကို ကြားလိုက်ရပြန်ရာ သတ္တိကောင်းသော ဗိုလ်နန္ဒပင် နဖူးတွင် ချွေးသီးများစို့လာပြီး ဓားကိုင်ထားသည့် လက်မှာလည်း ချွေးများစို့၍လာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံလာရာသို့ လှမ်းကြည့်လိုက်သောအခါ မည်းမည်း, မည်းမည်းနှင့် သတ္တဝါကြီး တစ်ကောင်သည် လူနှင့်တူသော သဏ္ဌာန်တစ်ခုအား ပြောင်လက်တောက်ပသည့် လက်သည်းရှည်ကြီးများဖြင့် အတင်းတရကြမ်း လိုက်ဖမ်းနေသည်ကို မြင်လိုက်ရပြီး ရှေ့မှထွက်ပြေးသော လူသဏ္ဌာန်မှာလည်း ဖနောင့်နှင့်တင်ပါး တစ်သားတည်းနေအောင် ပြေးလွှားနေသည်ကို မြင်ရပေသည်။

မကြာမီ ရှေ့မှပြေးသောသူသည် ကျောက်တုံးတစ်ခုနှင့် ခလုတ်တိုက်ခါ ရှေ့သို့ မှောက်လျက်လဲသွားရာ နောက်မှလိုက်လာသည့် မည်းမည်းသဏ္ဌာန်သည် ထိုသူ၏အပေါ်သို့ ခုန်အုပ်လိုက်ပေသည်။

ထိုအချိန်မှာပင် စူးစူးဝါးဝါးနှင့် အော်လိုက်သည့်အသံကို ကြားရပေသည်။

ဗိုလ်နန္ဒသည် ထိုသဏ္ဌာန် ၂ ခုကို ကြက်သေ သေပြီး ငေးကြည့်နေရာမှ ရုတ်တရက် သတိရလာကာ လုံးလားထွေးလားနှင့် ဖြစ်နေသော သဏ္ဌာန် ၂ ခုရှိရာသို့ လွှားခနဲ ပြေးခုန်လာပြီး လက်သည်းရှည်ကြီးနှင့် မည်းမည်းသဏ္ဌာန်ကို နောက်မှနေပြီး ဓားနှင့်ခုတ်ရန် ရွယ်လိုက်သည်။

ထိုအခိုက်တွင် မည်းမည်းသဏ္ဌာန်သည် ဗိုလ်နန္ဒအား မြင်လိုက်သည့်အလား နောက်သို့ပြန်လှည့်ပြီး ဗိုလ်နန္ဒ၏လက်ကို ရှည်လျားသော လက်သည်းများ ရှိသည့်လက်ဖြင့် လှမ်းဖမ်းလိုက်ပြီးလျှင် လက်မှဓားကို ကျန်လက်တစ်ဖက်ဖြင့် လုယူလိုက်လေသည်။

မည်းမည်းသဏ္ဌာန်မှာ တစ်ကိုယ်လုံး အမွေးများ ပေါက်နေပြီး အရပ်အမောင်းမှာလည်း သာမန်လူများထက် တစ်ဆခွဲခန့် မြင့်မားသည်ကို ဗိုလ်နန္ဒ သတိပြုမိပေသည်။ မျက်လုံးကြီး နှစ်လုံးမှာ လင်းကွင်းငယ် ပမာဏခန့်ရှိပြီး ဝင်းလက် တောက်ပြောင်နေသည်ကို တွေ့ရပေသည်။ ပါးစပ်မှထွက်နေသော အစွယ်နှစ်ချောင်းမှာလည်း လက်သည်းများကဲ့သို့ ဖြူဖွေးတောက်ပြောင်၍ နေပေသည်။



အဆိုပါ မည်းမည်းသဏ္ဌာန်သည် ဗိုလ်နန္ဒလက်မှ ဓားကိုလုယူကာ မလှမ်းမကမ်းရှိ ရွှံ့နွံအိုင်ထဲသို့ လွှင့်ပစ်လိုက်ပြီးလျှင် ဗိုလ်နန္ဒအားအတင်းဝင်အုပ်ပြီး ဖမ်းလိုက်သည်။ ဗိုလ်နန္ဒမှာ စောစောကပင် မိမိ၏လက်တစ်ဖက်ကို မည်းမည်းသတ္တဝါကြီးက ဖမ်းဆုပ်ထားသဖြင့် မလှုပ်နိုင် မယှက်နိုင် ဖြစ်နေရာမှ လက်သည်းရှည်ကြီးများဖြင့် မိမိမျက်နှာကိုကုတ်ဖဲ့ရန် မိမိအား ဝင်အုပ်လိုက်သည့်အခါ တစ်စုံတစ်ရာ ခုခံခြင်းမပြုနိုင်ဘဲ မျက်နှာကို မကုတ်ဖဲ့မိအောင် တိမ်းရှောင်၍နေရပေသည်။

ထိုသို့ တိမ်းရှောင်နေရင်းပင် မည်းမည်းသဏ္ဌာန်ကြီးသည် ဗိုလ်နန္ဒအား တွန်းလှဲလိုက်သဖြင့် ပက်လက်လန်ပြီး လဲသွားပေရာ မည်းမည်းသဏ္ဌာန်ကြီးသည် ဗိုလ်နန္ဒအား အပေါ်မှခွစီးလျက် ရှည်လျားသောလက်သည်းများဖြင့် လည်မျိုကိုညှစ်ရန် အားထုတ်နေပေသည်။

အရေးကြုံလျှင် သက်လုံကောင်းသော ဗိုလ်နန္ဒသည် စောစောပိုင်းက ကြက်သေ သေပြီး အငိုက်တွင်ခံရသလောက် ရုတ်တရက် အကြံရကာ မိမိခါးကြားတွင် အမြဲဆောင်ထားလေ့ရှိသော ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး မိမိအပေါ်တွင် ခွစီးထားသည့် မည်းမည်းသဏ္ဌာန်ကြီးအား ထိုဓားမြှောင်ဖြင့် မီးရာကိုလှမ်းပြီး တအားထိုးလိုက်ရာ မည်းမည်းသတ္တဝါကြီးသည် အသံဩဩကြီးဖြင့် "အမယ်လေး" ဟု တစ်ချက်အော်လိုက်ပြီး မိမိလက်နှစ်ဖက်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

ဗိုလ်နန္ဒသည် ကပျာကယာ လူးလဲထလိုက်ပြီး ထိုသတ္တဝါကြီးအား နောက်တစ်ချက် ထပ်မံပြီးထိုးမည်အပြုတွင် သတ္တဝါကြီးသည် အသံနက်ကြီးဖြင့် ညည်းညူရင်း ကျောက်တုံးအောက်ရှိ မှောင်ရိပ်ထဲသို့ ဝင်ပြေးသွားပေသည်။

ဗိုလ်နန္ဒသည် ဓားမြှောင်ကိုကိုင်ကာ မည်းမည်းသတ္တဝါကြီး နောက်သို့ ပြေးလိုက်သွားသော်လည်း မှောင်ရိပ်ထဲသို့ ဝင်သွားသည့်

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါကြီးသည် ကျောက်တုံးကြီးအောက်ရှိ ကျောက်ဂူထဲသို့ ပြေးဝင်သွားသဖြင့် ဆက်၍မလိုက်တော့ဘဲ ပြန်လာခဲ့ပေသည်။

ဆောဆောကနေရာသို့ ပြန်ရောက်သောအခါ မည်းမည်းသတ္တဝါကြီး၏ လက်သည်းများဖြင့် ကုတ်ဖဲ့ထားသည့် ဒဏ်ရာများဖြင့် ကျန်ရစ်ခဲ့သောသူသည် ဒဏ်ရာများကို ပွတ်သပ်ရင်း မောက်လျက်သားလဲနေရာမှ လူးလဲထလာပေသည်။

"ဘီလူး မဟုတ်ဘူး ... ဘီလူး မဟုတ်ဘူး ... လူလိုပဲ အော်တယ်"

ဒဏ်ရာများနှင့်လူက ဆီးပြီး ပြောလိုက်သည်။

"ဘီလူး ဟုတ်တာ မဟုတ်တာက အရေးမကြီးဘူး၊ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ ဒီအကောင်ကြီး ပြန်လာမှာ စိုးရတယ်၊ ပြီးတော့ သူ့မှာ အဖော်ရှိချင်ရှိဦးမယ်၊ ဒီနေရာက မြန်မြန်ပြေးမှဖြစ်မယ်"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို ဒဏ်ရာနှင့်လူ၏ လက်ကိုဆွဲပြီး တွေ့ကောက်သည့် လမ်းကလေးအတိုင်း မြင်းလိမ္မာကြီးအား ချည်နှောင်ထားခဲ့သည့် တောစပ်ကလေးရှိရာသို့ နှစ်ယောက်သား ပြေး၍လာခဲ့ပေသည်။

*  *  *

## အခန်း–၁၁

ဗိုလ်နန္ဒသည် နောက်မှ ရန်သူလိုက်လာမည်ကို စိုးရိမ်သဖြင့် ဒဏ်ရာရသူအား ဆွဲခေါ်ကာ နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် လာခဲ့သဖြင့် မိမိကယ်ဆယ်ခဲ့သူမှာ မည်သူမည်ဝါ ဖြစ်သည်ကိုပင် ဂရုမစိုက်နိုင်ခဲ့ပေ။

တောစပ်ကလေးရှိ မြင်းလိမ္မာကြီးအား ချည်နှောင်ထားသည့် နေရာသို့ရောက်မှ မြင်းကုန်းနှီးတွင် ချိတ်ထားပစ်ခဲ့သည့် ဓားရှည်ကြီးကို ဆွဲထုတ်လိုက်ပြီး ရန်သူလိုက်လာလျှင် ခုခံရန် အသင့်ပြင်၍နေပေသည်။ သို့ရာတွင် မည်းမည်းသတ္တဝါကြီးကိုမူကား အရိပ်အယောင်မျှ မမြင်ရတော့ပေ။

ထိုအခါကျမှပင် ဗိုလ်နန္ဒသည် မိမိ ဆွဲခေါ်လာသည့်သူအား လှည့်ကြည့်လိုက်ရာ ထိုသူမှာ အခြားသူ မဟုတ်၊ စန္ဒာဒေဝီ ဘုရင်မ၏ နယ်ခြားစစ်သူကြီး ဗန္ဓက ဖြစ်နေသည်ကို တွေ့မြင်ရသဖြင့် အံ့အားသင့်သွားပေသည်။

"အလို ... စစ်သူကြီး ဗန္ဓက မဟုတ်လား"

မည်းမည်းသတ္တဝါကြီး၏ လက်သည်းဒဏ်ရာများကြောင့် နဖူးမှ သွေးစီးကျနေသည့် စစ်သူကြီး ဗန္ဓကအား ဗိုလ်နန္ဒက မေးလိုက်သည်။

"ဒါထက် မင်းက ဘယ်သူလဲ ... ဪ ... ညနေက စမ်းချောင်းကလေးမှာ စန္ဒာဒေဝီ ဘုရင်မနဲ့ စကားပြောတဲ့ မောင်ရင် ဆိုတဲ့လူ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီး ဗန္ဓုက,က ဗိုလ်နန္ဒအား စေ့စေ့ကြည့်ရင်း ပြန်မေးလိုက်သည်။

"မှန်ပါတယ် ... မောင်ရူပ ဆိုတာ ကျွန်တော်ပါပဲ"

"အင်း ... မောင်ရူပ-မောင်ရူပ နာမည်က နုနယ်သလောက် လူကတော့ သတ္တိရှိပါပေတယ်၊ မောင်ရူပသာ ဝင်မကယ်ရင် ကျုပ် ဘယ်နည်းနဲ့မှ ဒီသတ္တဝါကြီးလက်က လွတ်မှာမဟုတ်ဘူး အသေဆိုးနဲ့ သေရမှာပဲ၊ မောင်ရူပဟာ ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင် ဆိုရင်လည်း မှန်တယ်၊ မောင်ရူပရဲ့ အသက်ကို ပမာဏမထားဘဲ ကျုပ်အသက်ကို ဝင်ကယ်တာ ကျုပ် ဘယ်တော့မှ ကျေးဇူးမမေ့ပါဘူး"

စစ်သူကြီး ဗန္ဓုကသည် ဗိုလ်နန္ဒအား ကျေးဇူးတင်စကား ပြောလိုက်သည်။

"ဒါ အရေးမကြီးပါဘူး၊ ကျွန်တော် စောစောက ဘုရင်မရဲ့ စစ်သည်တော် တစ်ဦးဆီက ရထားလိုက်တဲ့ ကျောက်စီဓားကြီးကို မည်းမည်းကောင်ကြီး လုယူပြီး ရွံ့နွံထဲ လွှင့်ပစ်ခံရတာ သိပ်နာတာပဲ၊ အဲဒီဓားကြီးကို ကျွန်တော် သိပ်ပြီးနှမြောတာပဲ"

'ကျောက်စီဓား' ဟူသော အသံကို ကြားလိုက်ရသောအခါ စစ်သူကြီး ဗန္ဓုကသည် မျက်နှာပျက်သွားသည်ကို ဗိုလ်နန္ဒက သတိထားလိုက်မိပေသည်။

"ကျောက်စီဓား ဟုတ်လား ... ဘယ်သူ့ဆီက ရထားလိုက်တာလဲ"

"စောစောက ဟောဒီ တောစပ်နားမှာ ဘုရင်မရဲ့ စစ်သည်တော် တစ်ဦးနဲ့ တွေ့တယ်၊ တစ်ယောက်တစ်ခွန်း စကားများကြရင်းနဲ့ ကျွန်တော့်ကို သူက ကျောက်စီဓားကြီးနဲ့ လှမ်းအခုတ်မှာ ကျွန်တော်က သူ့လက်ကို ဖမ်းဆွဲထားလိုက်ပြီး လက်ကဓားကို လုယူလိုက်တယ်"

"ဟင် ... ဟုတ်လား၊ အဲဒီ စစ်သည်တော်ကို မောင်ရူပက ပြန်ပြီး ဓားနဲ့ခုတ်လိုက်သေးသလား"



စစ်သူကြီး ဗန္ဓုက,က စိုးရိမ်သည့် အသံဖြင့် ပြောလိုက်သည်။

"မခုတ်ပါဘူး ... ကျွန်တော်က သူများကို ရန်မူတတ်တဲ့သူမှ မဟုတ်ဘဲ၊ ကျွန်တော့်ကို ရန်မူတာတောင် ကာကွယ်ရုံ ကာကွယ်တာပဲ၊ ပြန်မလုပ်ပါဘူး"

"အင်း တော်ပါသေးရဲ့၊ ဒါနဲ့ အဲဒီ စစ်သည်တော် ဘယ်ဘက်ကို ထွက်သွားသလဲ"

"တောနက်ထဲ ဝင်သွားတယ်"

"အဲဒီ စစ်သည်တော်ရဲ့ မျက်နှာကို မှတ်မိသလား"

"မျက်နှာမှာ အဝတ်နက်ကြီး စည်းထားလို့ ဘယ်သူဘယ်ဝါ ဆိုတာ မသိဘူး၊ မေးလို့လည်းမရဘူး"

"မောင်ရူပက သူ့ကို ဘာများ လုပ်လိုက်သေးသလဲ၊ နည်းနည်းကလေးမှ ပြန်ပြီး မခုခံလိုက်ဘူးလား"

"မခုခံပါဘူး ... သူ့လက်ကဓား လွတ်ကျသွားမှဉစ္စာ သူ့ကို ရန်မူဖို့ လိုသေးသလား"

"ဒါထက် စစ်သူကြီး ဗန္ဓုကကို ကျွန်တော် ပြောစရာရှိတယ်၊ ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောတတ်လို့ စိတ်များဆိုးနေဦးမှာလား"

"ပြောစရာရှိရင် ရဲရဲသာပြောပါ၊ ကျုပ်အသက်သခင် ကျေးဇူးရှင်ကို ကျုပ် ဘယ်နည်းနဲ့မှ စိတ်မဆိုးပါဘူး၊ မောင်ရူပအတွက်ဆိုရင် ကျုပ် တတ်နိုင်သလို ဆောင်ရွက်ပေးဖို့ အသင့်ပါပဲ"

"ကျွန်တော့်အတွက် ပြောနေတာ မဟုတ်ပါဘူး၊ စန္ဒာဒေဝီ ဘုရင်မ အတွက် ပြောနေတာပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ကဲ ... ပြောစမ်းပါဦး"

"စန္ဒာဒေဝီ ဘုရင်မဟာ ခုထက်ထိ ဘာဖြစ်လို့ ကြင်ဖက်တော် ရွေးသေးဘဲ တစ်ကိုယ်တည်း စံနေတော်မူတာလဲ၊ တိုင်းပြည်ရဲ့တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အင်မတန်ကြီးလေးတာပဲ၊ မိန်းမသားအနေနဲ့ အုပ်ချုပ်ဖို့ လွယ်ကူတာ မဟုတ်ဘူး၊ ပြီးတော့-မိန်းမသား အုပ်ချုပ်တဲ့နိုင်ငံကို အိမ်နီးချင်းနိုင်ငံတွေက လေးစားတာ မဟုတ်ဘူး"

ဗိုလ်နန္ဒက စကားစလိုက်သည်။

"အင်း ... မောင်ရှုပ ပြောတဲ့ စကားက အင်မတန်မှန်တဲ့စကားပဲ၊ ကျုပ်တို့ကိုယ်တိုင်လည်း ဘုရင်မကို ကြင်ဖက်တော်ရွေးဖို့ တိုက်တွန်းပေါင်း များလှပြီ။ ဒါပေမဲ့ ဒီစကားကို လျှောက်တင်ရင် လက်သင့်ကိုမခံဘူး"

"ဘုရင်မက ယောကျ်ားဆိုရင် မုန်းတယ် ဆိုတာ တကယ်ပဲလား"

"မောင်ရှုပကို ဘယ်သူပြောသလဲ"

"စောစောက စစ်သည်တော်ကလေး ပြောတာပဲ"

"ကျုပ်အထင်တော့ ယောကျ်ားကို မုန်းတာ မဟုတ်ဘူး၊ သူ့ကိုယ်တိုင်က ယောကျ်ားစိတ် ပေါက်နေလို့သာ အိမ်ထောင်မပြုချင်တာဖြစ်ရမယ်လို့ ထင်တာပဲ"

"ယောကျ်ားစိတ်ပေါက်တယ် ဆိုပေမယ့် မိန်းမဟာ မိန်းမပဲ၊ ထီးနန်းစိုးအုပ် မင်းလုပ်တယ်ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ဘူး"

"မောင်ရှုပ ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ စန္ဒာဒေဝီ ဘုရင်မက ငယ်ငယ်လေးကတည်းက ယောကျ်ားလို နေလာတော့ အလိုလို ယောကျ်ားစိတ် ပေါက်နေတယ်၊ ဘုရင်မရဲ့ ခမည်းတော်က သမီးတော်ကို မလိုချင်ဘူး၊ သူ့ရဲ့ထီးနန်းကို ဆက်ခံနိုင်မယ့် သားရတနာကိုသာ လိုချင်တာ။ ဒါပေမဲ့ မိဖုရားကြီးက သားတော် မဖွားဘဲ သမီးတော်တစ်ပါးတည်း ဖွားမြင်တော်မူလို့ ဘုရင်ကြီး အတော် စိတ်ပျက်တော်မူရှာတယ်။ နောက်မှ သမီးတော်ကိုပဲ သားတော်လို သဘောထားပြီး ငယ်ငယ်လေးကတည်းက ယောကျ်ားကလေးများလို ဝတ်စား ဆင်ယင်စေပြီး ယောကျ်ားတို့ တတ်အပ်တဲ့ ဓားခုတ် လှံထိုး အစရှိတဲ့ အဋ္ဌာရသ



တစ်ဆယ့်ရှစ်ရပ်ကို သင်ကြားပေးတော်မူခဲ့တယ်၊ ဒါကြောင့်လည်း ဘုရင်မဟာ ယောကျ်ားစိတ် ပေါက်နေတာပါ"

"အင်း ... ဒီလိုဆိုတော့လည်း အခက်သားပဲ၊ ကျွန်တော်ကတော့ ဘုရင်မတွက် စိုးရိမ်လို့ ပြောနေတာပါ၊ စစ်သူကြီး ဗန္ဓကမို့လို့ ကျွန်တော် ပြောရဦးမယ် ... သုဝဏ္ဏ နိုင်ငံတော်က သုမေန ဘုရင်ယုတ်က စန္ဒာဒေဝီ ဘုရင်မကို အရှင်ရရ အသေရရ ဖမ်းပြီး ဓေတုတ္တရာ နိုင်ငံတော်ကို သိမ်းပိုက်ဖို့ ကြံစည်နေတယ်ဆိုတာ စစ်သူကြီး ဗန္ဓက မကြားမိဘူးလား"

"သတင်းတော့ ကြားမိတယ်၊ ဒါပေမဲ့ စိုးရိမ်စရာ မရှိပါဘူး၊ ဘုရင်မရဲ့ စစ်သည်တော် အင်အားက သုမေနဘုရင်ရဲ့ စစ်သည်တော် အင်အားထက် အများကြီးသာတာပဲ"

"စစ်သည်တော်အင်အား သာတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် သိရသလောက်ဆိုရင် သုမေန ဘုရင်ဟာ စစ်တလင်းမှာ စစ်တိုက်ခိုက်ပြီး အနိုင်ယူမှာ မဟုတ်ဘူး၊ သူလျှိုတွေ လွှတ်ပြီး အတွင်းကနေ ဝက်နှဉာဏ်နဲ့ အကောက်ကြံလိမ့်မယ်လို့ ကျွန်တော် သိရတယ်။ နောင် ဓေတုတ္တရာနိုင်ငံထဲမှာ သူလျှိုတွေ ခြေချင်းလိမ်နေပြီး သူ့လူ ကိုယ့်လူ ခွဲလို့မရအောင် ဖြစ်နေတယ်လို့ ကြားရတယ်"

"ဒီအထိတော့ ဟုတ်မယ် မထင်ပါဘူး၊ တိုင်းသူပြည်သားတွေက ဘုရင်မအပေါ်မှာ အင်မတန် သစ္စာရှိတာပဲ၊ နန်းတွင်းသူ-နန်းတွင်းသားတွေကလည်း ဘုရင်မကို အင်မတန် ချစ်မြတ်နိုးကြတာပဲ၊ သူလျှိုရဲ့ရန်ကို ကြောက်စရာမလိုပါဘူး"

"ကြောက်စရာ မရှိဘူးသာ ဆိုတယ် ... နေ့လယ်က ကံကောင်းထောက်မလို့သာ စန္ဒာဒေဝီ ဘုရင်မဟာ ရန်သူတွေလက်က သီသီကလေး လွတ်လာခဲ့တယ် မဟုတ်လား၊ ဘုရင်မရဲ့ ပိုင်နက်ထဲမှာ ခုလိုဖြစ်ချင်တိုင်း ဖြစ်နေတာကို ထောက်ရင် သူလျှိုတွေ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ခိုအောင်းနေတယ် ဆိုတာ မထင်ရှားဘူးလား၊ ပြီးတော့ ... စစ်သူကြီး ဗန္ဓုက ကိုယ်တိုင် ကံကောင်းလို့ ဘီလူးရန်က လွတ်လာတာ မဟုတ်လား၊ ဘီလူး ဆိုတာ တကယ့်ဘီလူး မဟုတ်ဘူး ... ကျွန်တော့်ရဲ့ စိတ်ထင်ကို ပြောရမယ်ဆိုရင် နယ်ခြားဒေသကို စန္ဒာဒေဝီ ဘုရင်မရဲ့ စစ်သည်တော်တွေ မလာရဲအောင် တမင် ခြောက်လှန့်ထားတာ ဖြစ်ရမယ်။ ဒီဘက်က စစ်သည်တော်တွေ မလာရဲတော့မှ သူတို့တစ်တွေ သေလာဂီရိတောင်ကို ခြေကုပ်ယူပြီး စေတုတ္တရာ နိုင်ငံတော်ကို လွယ်လွယ်နဲ့ လုပ်ကြံနိုင်မယ် မဟုတ်လား"

ဗိုလ်နန္ဒက ပြောလိုက်မှ စစ်သူကြီး ဗန္ဓုကသည် သဘောပေါက်သွားပုံရပေသည်။

"အင်း ... ဟုတ်ပြီ ... ဟုတ်ပြီ ... မောင်ရူပ ပြောမှ ကျုပ် စဉ်းစားမိတယ်၊ ဒီနေရာမှာ ဘီလူးဆိုတဲ့ သတ္တဝါကြီးရဲ့ လက်ချက်နဲ့ သေဆုံးရတဲ့ လူပေါင်း ၉ ယောက်စလုံးဟာ ဘုရင်မရဲ့ လူယုံတော်တွေချည်းပဲ၊ ဒါကိုကြည့်ရင် မောင်ရူပ ပြောတာဟာ ယုတ္တိရှိတယ်"

"ဒါကြောင့် စန္ဒာဒေဝီ ဘုရင်မအတွက် ကျွန်တော် စိုးရိမ်တာပေါ့၊ ဒါကြောင့်လည်း ဘုရင်မကို နှလုံးရည် လက်ရုံးရည်နဲ့ ပြည့်စုံတဲ့ ကြင်ဖက်တော် မြန်မြန်ရွေးဖို့ သင့်ပြီလို့ ကျွန်တော်က တိုက်တွန်းနေတာပါ"

ဗိုလ်နန္ဒက ဆက်လက်ပြီး ပြောလိုက်သည်။

ထိုအခိုက်တွင် သစ်ရွက်များ လှုပ်ရှားသံနှင့်အတူ မြင်းခွာသံများကိုပါ ကြားရပြီး စောစောက မျက်နှာဖုံးနှင့် စစ်သည်တော်သည် ဗိုလ်နန္ဒနှင့် စစ်သူကြီး ဗန္ဓုက အနီးသို့ ချဉ်းကပ်လာပေရာ စစ်သူကြီး ဗန္ဓုကသည် မြင်းဖြူရှင်အား ဒူးတုပ်ပြီး အရိုအသေပေးလိုက်သည်။

"ဘုရင်မကို ကြင်ဖက်တော်ရွေးဖို့ တိုက်တွန်းနေတာ ဘယ်သူလဲ၊ သုခနေဘုရင်ရဲ့ သူလျှို ငရူပ မဟုတ်လား၊ ကဲ ... စစ်သူကြီး



သုခနေရဲ့သူလျှို ငရူပကို ဖမ်းပြီး ထောင်သွင်းအကျဉ်းထားစေ အမိန့်တော်"

မြင်းဖြူကြီးနှင့် လူသည် မျက်နှာတွင် စည်းထားသည့် အဝတ်နက်ကြီးကို ဆွဲချွတ်ရင်း အမိန့်ပေးလိုက်သည်။

အဝတ်နက်ကြီးကို ဆွဲချွတ်လိုက်သည့်အခါကျမှ မြင်းဖြူရှင် စစ်သည်တော်မှာ အခြား မဟုတ်၊ စန္ဒာဒေဝီ ဘုရင်မ ကိုယ်တော်တိုင် ဖြစ်နေသည်ကို သိရသဖြင့် ဗိုလ်နန္ဒမှာ စကားတစ်ခွန်းမျှ ပြန်မပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားပေသည်။

"ကျွန်တော်မျိုး လျှောက်တင်ပါရစေ၊ ဘုရင်မက ထောင်သွင်းအကျဉ်းထားရန် အမိန့်တော် ချမှတ်ခြင်းခံရတဲ့ မောင်ရူပဟာ သုခနေဘုရင်ရဲ့ သူလျှိုမဟုတ်ကြောင်း ကျွန်တော်မျိုး ရဲရဲကြီး အာမခံဝံ့ပါသည်"

စစ်သူကြီး ဗန္ဓုကသည် ဗိုလ်နန္ဒဘက်မှ ရှေ့နေလိုက်ပေးလိုက်သည်။

"စစ်သူကြီးက သူလျှိုအားပေး လုပ်နေပြန်ပြီလား"

စန္ဒာဒေဝီ ဘုရင်မက ဗိုလ်နန္ဒအား မျက်မှောင်ကြုတ်ပြီးကြည့်ရင်း စစ်သူကြီးအား ပြန်မေးလိုက်သည်။

"မဟုတ်ကြောင်းပါ၊ မောင်ရူပသည် ကျွန်တော်မျိုးကြီး၏ အသက်သခင် ကျေးဇူးရှင် ဖြစ်ကြောင်းပါ"

"တော်–တော်–ရှေ့ဆက်ပြီး မလျှောက်တင်နဲ့၊ ဒီအကြောင်းတွေကို ဘုရင်မ အားလုံးသိပြီးပြီ။ စောစောက စစ်သူကြီး ဗန္ဓုကနဲ့ သူလျှို ငရူပတို့ အချေအတင် ပြောဆိုနေတဲ့ စကားတွေကို ဘုရင်မကိုယ်တိုင် သစ်ဝင်ရိပ်မှာကွယ်ပြီး နားထောင်နေလို့ စကားတစ်ခွန်းမကျန် ကြားပြီးပြီ။ ဘုရင်မမှာ နားနဲ့မျက်စ ရှိပါတယ်။ ရူပ ဆိုတဲ့လူက အင်မတန် ရိုးသားယ်များတဲ့ လူပဲ။ သူ့ကိုယ်သူ သုခနေရန်သူအနေနဲ့ ဘုရင်မအပေါ်မှာ ခစားခွင့်ရအောင် ကြံစည်နေတာကို စစ်သူကြီး ဗန္ဓုက,က မရိပ်စား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သေးလား၊ ဘုရင်မရဲ့ ယူဆချက်ကို ပြောရမယ်ဆိုရင် ရှူပ ဆိုတဲ့ နာမည်ဟာ သူ့နာမည်ရင်း မဟုတ်ဘူး၊ ရှူပ ဆိုတာက မဟာဘောဂ ဘုရင်ကြီးရဲ့ သားတော်ပဲ၊ သူ့ကိုယ်သူ မဟာဘောဂ ဘုရင်ကြီးရဲ့ သားတော် ဟန်ဆောင်ပြီး ဘုရင်မ အပါးမှာ ခစားခွင့်ရအောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားနေတယ်ဆိုတာ ထင်ရှားတယ်၊ စေတုတ္တရာနိုင်ငံရဲ့ အတွင်းရေးတွေကို ရအောင် စုံစမ်းထောက်လှမ်းပြီး သုမနဘုရင်ဆီကို သတင်းပို့ဖို့ ဖြစ်တယ်လို့ ဘုရင်မ ယူဆတယ်၊ စစ်သူကြီး ဗန္ဓက သူလျှို ရှူပကို လတ်ပြန်ကြိုးတုပ်ပြီး ဒီနေ့ ထောင်သွင်းအကျဉ်းထားစေ။ နက်ဖြန် နံနက်ကျမှ ဘုရင်မ ကိုယ်တော်တိုင် စစ်ဆေးတော်မူမည်”

ဘုရင်မက အမိန့်ပေးလိုက်သည်။

“မှန်လှပါ၊ ဘုရင်မ အထင်တော်လွဲနေပြီလို့ ယူဆမိကြောင်းပါ၊ ဆောင်ရွေဝသည် သုမန ဘုရင်ယုတ်၏ သူလျှို မဖြစ်နိုင်ပါ၊ ဘုရင်မနဲ့ စေတုတ္တရာနိုင်ငံအပေါ်မှာ စေတနာထားသူသာ ဖြစ်ရပါမည်”

“ဘုရင်မနဲ့ စေတုတ္တရာနိုင်ငံအပေါ်မှာ စေတနာထားသူ ဖြစ်ရိုးမှန်လျှင် ဘုရင်မအပေါ်မှာ စော်စော်ကားကား ပြောဖို့မသင့်ဘူး၊ စောစောက ဒီနေရာမှာ ဘုရင်မနဲ့ တွေ့စဉ်က ဘုရင်မကို ရစရာမရှိအောင် ပြောခဲ့ရုံမျှမက ဘုရင်မ လက်ထဲက ကျောက်စီဓားကိုပင် လုယူခဲ့တယ် မဟုတ်လား၊ ဒါကိုကြည့်ခြင်းအားဖြင့် ရှူပဟာ ဘုရင်မနဲ့ စေတုတ္တရာနိုင်ငံရဲ့ မိတ်ဆွေ မဟုတ်နိုင်ဘူး၊ ရန်သူသာ ဖြစ်ရမယ်”

ဘုရင်မက ပြောလိုက်သည်။

“ဘုရင်မရဲ့ ကျောက်စီဓားကို လုယူခြင်း မဟုတ်ပါ၊ ဘုရင်မ၏ ဓားချက်ကို မထိအောင် ကာကွယ်ခဲ့ခြင်း ဖြစ်ပါသည်”

ဗိုလ်နန္ဒက ဝင်ပြောလိုက်သည်။

“ဘုရင်မရဲ့ ရွှေလက်တော် ပွန်းပဲ့သွားအောင် ကာကွယ်ရသလား”



ဘုရင်မသည် မိမိ၏လက်ကောက်ဝတ်တွင် ပွန်းပဲ့သွားသည့် ဒဏ်ရာကိုပြရင်း ပြောလိုက်သည်။

“ဘုရင်မမှန်း မသိ၍ ယခုလို ကြမ်းကြမ်းတမ်းတမ်း ပြုလုပ်ခဲ့မိခြင်း ဖြစ်ပါသည်။ မိန်းမသားမှန်း သိလျှင် ယခုလောက် ကြမ်းကြမ်းတမ်းတမ်း ခုခံကာကွယ်မည် မဟုတ်ပါ”

“ငရှူပ ဆင်ခြေဆင်လက်တွေ ထုမနေနဲ့၊ ဒီမှာ စစ်သူကြီး — ဟောဒီ သူလျှို ငရှူပဟာ ဘုရင်မကို မိန်းမသားဆိုပြီး မထီမဲ့မြင် ပြုခဲ့တယ်၊ ဘုရင်မကိုပင်လျှင် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် စော်စော်ကားကား ပြောဆိုခဲ့သူ ဖြစ်တဲ့အတွက် သူ့အပေါ်မှာ ငဲ့ညှာစရာအကြောင်း မရှိဘူး”

ဘုရင်မက စစ်သူကြီးအား ပြောလိုက်သည်။

“ဘုရင်မကို စော်ကားခြင်း မဟုတ်ပါ၊ ဘုရင်မ စော်ကားခံရမည် စိုး၍ ကြိုတင် သတိပေးခြင်း ဖြစ်သည်ကို အထင်မလွဲသင့်ပါ၊ မိတ်ဆွေကို ရန်သူဟုထင်လျှင် မှားပါလိမ့်မည်”

ဗိုလ်နန္ဒက ဝင်ပြောလိုက်ပြန်သည်။

“စစ်သူကြီး … ဘုရင်မကို မိန်းမသား ဆိုပြီး သူလျှို ငရှူပက ဘုရင်မ လက်ထဲက ရွှေနန်းစည်းစိမ်ကို လုယူဖို့ ကြံစည်နေတယ်ဆိုတာ သူပြောတဲ့စကားတွေက သက်သေခံနေတယ်၊ ပြီးတော့ ကျွန်ုပ်တဲ့သို့သော ဘုရင်မကိုပင်လျှင် သိုးအောင် အိပ်နေတယ်ဆိုပြီး ဝဓာခန့် ပြောတဲ့လူကို ကြိုးပေးပြီး သတ်ပစ်ရမယ်။ ဒီနေ့ည သူ့ကို ထောင်သွင်း အကျဉ်းထားပါ၊ မနက်ကျရင် ဘုရင်မ ကိုယ်တော်တိုင် စစ်ဆေးပြီး အမိန့်တော်မြတ် ချမှတ်တော်မူမယ်။ ကဲ … အချိန်လည်း မ…ဘုရား နန်းတော်တွင်းသို့ ချီတက်ကြစို့”

ဘုရင်မသည် စစ်သူကြီး ဗန္ဓကအား အမိန့်ပေးပြီး မြင်း…ကြီး စီးကာ နန်းတော်ဘက်သို့ ထွက်ခွာသွားပေရာ စ…သူကြီး ဗန္ဓကနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒတို့သည် ဘုရင်မ၏ နောက်တော်ပါးမှ တဖြည်းဖြည်း လိုက်ပါသွားကြပေသည်။

စစ်သူကြီး ဗန္ဓုကနှင့် ဗိုလ်နန္ဒတို့သည် တစ်လမ်းလုံး စကားတပြောပြောနှင့် လိုက်ပါလာရာ မကြာမီ မြို့ရိုးကြီးအတွင်းသို့ ရောက်ရှိလာကြပြီးလျှင် စစ်သူကြီး ဗန္ဓုကသည် ဘုရင်မ၏ အမိန့်အတိုင်း ဗိုလ်နန္ဒအား နန်းတော် အနောက်ဘက်ရှိ ကြေးတိုက်အတွင်းသို့ ခေါ်ဆောင်လာခဲ့ပေသည်။

"ကဲ ... မောင်ရှုပ၊ ဒီမှာ တစ်ညတော့ သည်းခံပြီး နေပေဦးတော့၊ ဒါပေမဲ့ မောင်ရှုပဟာ ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်တဲ့အတွက် နက်ဖြန် နံနက်ကျလျှင် မောင်ရှုပ လွတ်မြောက်ရေးအတွက် ဘုရင်မထံ ကျုပ်ကိုယ်တိုင် အသနားခံပေးပါမယ်၊ ကဲ ... ထောင်မှူးကြီး ဒီအနားကို တိုးစမ်း"

စစ်သူကြီး ဗန္ဓုက,က ထောင်မှူးကြီး ချစ်ညိုအား ခေါ်လိုက်သဖြင့် ထောင်မှူးကြီးသည် အနီးသို့ ချဉ်းကပ်လာပေသည်။

"ဟောဒီ မောင်ရှုပဟာ တခြားလူ မဟုတ်ဘူး၊ စောစောက ကျုပ်ရဲ့အသက်ကို ဘီလူးတစ်ပိုင်း လူတစ်ပိုင်း လက်ထဲက ကယ်တင်ခဲ့တဲ့ ကျုပ်ရဲ့ အသက်သခင်ပဲ၊ ဒီတော့ကာ ကျုပ်အပေါ်မှာ သစ္စာရှိသလို ကျုပ်ရဲ့ အသက်သခင်ဖြစ်တဲ့ မောင်ရှုပ အပေါ်မှာ ဂရုစိုက်စေချင်တယ်"

စစ်သူကြီး ဗန္ဓုကသည် ထောင်မှူးကြီးအား ညွှန်ကြားနေပေသည်။

"စစ်သူကြီးရဲ့ မိတ်ဆွေဆိုလျှင် ကျွန်တော့်ရဲ့မိတ်ဆွေလို သဘောထားပြီး အကျဉ်းထောင်ထဲမှာပင် ဖြစ်လင့်ကစား သက်သာချောင်ချိစွာ နေခွင့်ရအောင် ကျွန်တော် ဆောင်ကြဉ်းပါမယ် စိတ်မပူပါနဲ့၊ ဒီအတွက်တော့ဖြင့် ကျွန်တော့်ရဲ့တာဝန်ထားပါ၊ ဘုရင်မ မျက်တော်မူရင်လည်း ခံဖို့အသင့်ပဲ"



ထောင်မှူးကြီးက ပြန်ပြောလိုက်ပြီး ဗိုလ်နန္ဒအား အကျဉ်းထောင်အတွင်းသို့ ခေါ်ဆောင်သွားကာ ကျယ်ပြန့်သော အခန်းလွတ်တစ်ခုအတွင်းသို့ ပို့လိုက်ပြီး အစားအသောက်များနှင့်တကွ အိပ်ရာများ ယူလာကာ နေရာချပေးနေသည်။

စစ်သူကြီး ဗန္ဓုကနှင့် ထောင်မှူးကြီးတို့ ထွက်သွားပြီးနောက် ဗိုလ်နန္ဒသည် ခုတင်ဘေးတွင်ထိုင်ကာ ဘုရားကို အာရုံပြုပြီးနောက် ခုတင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ စိပ်ပုတီးစိပ်၍နေပေသည်။ နံနက်အရုဏ်တက်သို့ရောက်မှ စိပ်ပုတီးကို လက်တွင်စွပ်ပြီး ခေါင်းအုံးအောက်သို့ ခေါင်းချလိုက်ရာ ချက်ချင်းပင် အိပ်ပျော်သွားပေသည်။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၁၂

ဗိုလ်နန္ဒသည် သာယာရွှေပြည် နိုင်ငံတော် သီဟရာဇာ ဘုရင်မင်းမြတ်၏ ကြိုးစင်ပေါ် ရောက်ရှိနေပြီး သီဟရာဇာ ဘုရင်မင်းမြတ်သည် ဗိုလ်နန္ဒအား ခက်ထန်သော မျက်နှာထားဖြင့် ကြည့်ပြီး ဒေါက်ဖြုတ်ရန် အမိန့်ပေးလိုက်ပေသည်။ အာဏာသား ပါးကွက်များသည်လည်း ဘုရင်မင်းမြတ်၏ အမိန့်အရ ဒေါက်ဖြုတ်လိုက်ရာ ဗိုလ်နန္ဒ၏ လည်ပင်းတွင် စွပ်ထားသည့် ကြိုးကွင်းမှာ တင်းသည်ထက်တင်းလာကာ အသက်မရှူနိုင်အောင် ဖြစ်၍သွားပေသည်။

ထိုအခိုက်တွင် သီဟရာဇာ ဘုရင်မင်းမြတ်၏ ခက်ထန်သော မျက်နှာသည် တဖြည်းဖြည်း ပြုံးရယ်သည့် အမူအရာသို့ ပြောင်းလဲလာပြီး သီဟရာဇာ ဘုရင်မင်းမြတ်၏ မျက်နှာမှာ အသွင်ပြောင်းကာ သီဟရာဇာ ဘုရင်ကြီး၏ နေရာတွင် ဗိုလ်နန္ဒအား ပြုံးစိစိနှင့် ကြည့်နေသော စန္ဒာဒေဝီ ဘုရင်မကို မြင်ရပြန်ပေသည်။

"သုခနေ ဘုရင်ယုတ်ရဲ့သူလျှို ငရှုပ သေရမှာကို ဒါလောက် တောင်ပဲ ကြောက်ရသလား၊ လူတွေဟာ သေမျိုးတွေဆို၊ ခုတော့ သေရမှာကြောက်လို့ ရှန်းကန်နေတယ်ပေါ့လေ"

စန္ဒာဒေဝီ ဘုရင်မရဲ့ အသံလိုလို ကြားလိုက်ရပြန်သည်။

လည်ပင်းတွင် စွပ်ထားသည့် ကြိုးကွင်းမှာလည်း တင်းသည်ထက် တင်းလာကာ ဗိုလ်နန္ဒသည် အသက်ရှူရ ကျပ်သည်ထက် ကျပ်



လာသဖြင့် အတင်းရုန်းကန်နေရာမှ တဖြည်းဖြည်း သတိရလာကာ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဗိုလ်နန္ဒသည် စန္ဒာဒေဝီ ဘုရင်မ၏ အကျဉ်းထောင် အတွင်းတွင် အိပ်ပျော်သွားရာမှ အိပ်မက် မက်နေကြောင်း သိရပေတော့သည်။

ဗိုလ်နန္ဒသည် ကပျာကယာ အိပ်ရာမှ လူးလဲထလိုက်သောအခါ ခုတင်ခေါင်းရင်းရှိ သလွန်ပေါ်တွင် စန္ဒာဒေဝီ ဘုရင်မသည် ဣန္ဒြေရရ ထိုင်လျက် စန္ဒာဒေဝီ ဘုရင်မ၏အပါးတွင် ကိုယ်ရံတော်နှစ်ဦး ခစားလျက်ရှိသည်ကို မြင်လိုက်ရသဖြင့် ထိုအဖြစ်အပျက်သည် တကယ်ပင် ဖြစ်သလော၊ သို့တည်းမဟုတ် စောစောကကဲ့သို့ အိပ်မက် မက်နေခြင်း ဖြစ်သလော ဆိုသည်ကို သိလိုသဖြင့် မိမိ၏ မျက်စိများကို ပွတ်သပ်ပြီး ကြည့်နေမိပေသည်။

ပြီးမှ အိပ်မက် မက်နေခြင်း မဟုတ်၊ စန္ဒာဒေဝီ ဘုရင်မ ကိုယ်တော်တိုင် မိမိ၏အခန်းထဲသို့ ရောက်ရှိနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း သိသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ လူးလဲထလိုက်ပြီးလျှင် ခုတင်ပေါ်မှ ဆင်းကာ ဘုရင်မ၏ရှေ့တွင် မတ်တတ်ရပ်လိုက်သည်။

"ညက အိပ်ရေးပျက်လို့ နေမြင့်မှ အိပ်ရာက နိုးသည်ကို ခွင့်ပြုပါ"

ဗိုလ်နန္ဒသည် မိမိအား မျက်မှောင်ကြုတ်ပြီး ကြည့်နေသော စန္ဒာဒေဝီ ဘုရင်မအား တောင်းပန်စကား ပြောလိုက်သည်။

"ဘုရင်မကို သိုးအောင် အိပ်တယ်လို့ အပြစ်တင်တဲ့လူက သူကိုယ်တိုင်ကျတော့ အိပ်လိုက်တာ သိုးနေတာပဲ၊ ဒီမှာ ဘာတွေများ အိပ်မက် မက်လို့ အိပ်ရာထဲမှာ တလူးလူး တလွန့်လွန့်နဲ့ ညည်းညူနေရတာလဲ"

စန္ဒာဒေဝီ ဘုရင်မက မေးလိုက်ပြန်သည်။

"ဘုရင်မက ကျွန်တော့်ကို လည်ပင်း ကြိုးတည်ပြီးသတ်ဖို့ အမိန့်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တယ်လို့ အိပ်မက် မက်နေလို့ အိပ်မက်ထဲမှာ ယောင်ယမ်းပြီး ညည်းညူမိတာနဲ့ တူပါတယ်"

ဗိုလ်နန္ဒသည် အိပ်မက် ပထမပိုင်းကို မြှုပ်ထားပြီး၊ ဒုတိယပိုင်းကိုသာ ပြောလိုက်သည်။

"အိပ်မက်က သိပ်စင်းတာပဲ၊ အိပ်မက်ထဲမှာတောင် သေရမှာ ဒါလောက်ကြောက်ရင် တကယ်ဆိုရင် ဘယ်လိုများနေမလဲ မပြောတတ်ဘူး"

ဘုရင်မက ပြန်ပြီး ပြောလိုက်သည်။

"သေရမှာကို မကြောက်တဲ့လူ ဘယ်မှာရှိပါ့မလဲ၊ ဒါပေမဲ့ သေရမှာတို သိပြီးတဲ့လူဟာ သေဘေးကို မကြောက်တော့ပါဘူး၊ ကျွန်တော့်ကို သေဒဏ်ပေးမှာ ဖြစ်ရင်လည်း ခပ်မြန်မြန်သာ အမိန့်ပေးလိုက်ပါ"

"အင်း ... အပြောတော့ တကယ့်ကောင်းတဲ့လူပဲ တကယ့်ကို သေရမှာကို မကြောက်ဘူးလား"

"မြန်မြန်သေရင် မြန်မြန်အေးတယ်လို့ ယူဆထားပြီး ဖြစ်တဲ့အတွက် သေရမှာကို နှမ်းတစ်စေ့မျှ မကြောက်ပါ၊ ကျွန်တော် သေရမှာကို မကြောက်ပေမယ့် အပြစ်မရှိတဲ့ စေတုတ္တရာ နိုင်ငံတော်သူ နိုင်ငံတော်သားတွေ ခံစားရမယ့် ဘေးဒုက္ခကိုတွေးပြီး သနားမိတဲ့အတွက် ကျွန်တော်မသေခင် ပြောစရာရှိသမျှကို ဖွင့်ဟပြီး ပြောပြခွင့်ပြုစေလိုပါတယ်"

"စေတုတ္တရာ နိုင်ငံသူ နိုင်ငံသားတွေ ခံစားရမယ့် ဘေးဒုက္ခဆိုတာ ဘာလဲ"

ဘုရင်မက ပြန်မေးလိုက်သည်။

"သုမနဘုရင်ယုတ်ရဲ့ လက်ချက်နဲ့ အပြစ်မရှိတဲ့ တိုင်းသူပြည်သား မိန်းမနဲ့ ကလေးများ သေကျေပျက်စီးကုန်မယ့် ဘေးကို ဆိုလိုရင်းဖြစ်ပါတယ်"

"အို သုမနဘုရင်ကို ကြောက်နေစရာ မလိုပါဘူး၊ အရက်သောက်



ပြီး မိန်းမလိုက်စားနေတဲ့ ဘုရင်ကို ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ ဘုရင်မဆီမှာ စစ်သည်တော် တစ်သောင်းကျော် ရှိတယ်ဆိုတာ မောင်ရှုပ မသိဘူးလား"

"ဒါတွေကို အားလုံးအသိ ဖြစ်ပါတယ်၊ ဘုရင်မဟာ စစ်သည်တော်အင်အားကို အားကိုးပြီး ဘဝင်မြင့်နေလို့ အမြင်မှန်ကို မမြင်ခြင်း ဖြစ်ပါတယ်။ သုမန ဘုရင်ဟာ မိန်းမလိုက်စားတဲ့ အရက်သမား ဖြစ်ကောင်းပါလိမ့်မယ်၊ ဒါပေမဲ့ ပရိယာယ်ဝေဝုစ်အရာမှာ ကြွယ်ဝသူ ဖြစ်တယ်ဆိုတာကိုလည်း သတိမမေ့သင့်ပါ၊ ပြီးတော့ တစ်ဖန် မိန်းမသား အုပ်စိုးတဲ့ နိုင်ငံမို့လို့ သုမနဘုရင်က ပိုပြီး ပမာမခန့် ပြုလုပ်နေတယ် ဆိုတာကို သတိထားဖို့ လိုပါတယ်"

"ဘာလဲ ... ဘုရင်မကို မိန်းမသားဆိုပြီး ပမာမခန့် ပြောနေတာလား"

"ပမာမခန့်ပြောနေခြင်း မဟုတ်ပါ။ သုမနဘုရင်ယုတ်ရဲ့ အကြံအစည်ကို သိသဖြင့် ဘုရင်မ အစော်ကား မခံရအောင် သတိပေးနေခြင်းသာ ဖြစ်ပါတယ်၊ သေရအံ့ဆဲဆဲ လူတစ်ယောက်က မမှန်သောစကားကို ပြောဆိုမည် မဟုတ်သည်ကို ဘုရင်မ သတိပြုစေလိုပါတယ်"

"ဘုရင်မကို ကြောက်အောင် ခြိမ်းခြောက်နေတာလား၊ မိန်းမသားဆိုပေမယ့် ခုလိုနည်းမျိုးနဲ့ ခြိမ်းခြောက်လို့ မရဘူး၊ သုမန ဘုရင်ယုတ်ရဲ့ သူလျှိုပီပီ စကားတတ်လှချည်လား"

"ကျွန်တော့်ကို သုမနဘုရင်ရဲ့ သူလျှိုထင်လျှင် ထင်နိုင်ပါတယ်။ ထင်ရှဲသာမက သေဒဏ်ပေးလိုကလည်း ပေးနိုင်ပါတယ်။ သေရမှာတို ကြောက်လို့ ပြောနေခြင်းမဟုတ်၊ ဘုရင်မကို လက်ရဖမ်းပြီး မာနကြီးလှတဲ့ မိန်းမဆိုပြီး အရှက်တကွဲ အကျိုးနည်းဖြစ်အောင် စော်ကားမှာကို မျက်စိထဲမှာ မြင်ယောင်နေလို့ တစ်ကြောင်း၊ အပြစ်မရှိတဲ့ စေတုတ္တရာ နိုင်ငံတော်သူ နိုင်ငံတော်သား ကလေး မိန်းမတွေ ဒုက္ခရောက်ကုန်မှာကို

www.burmeseclassic.com

www.burmeseclassic.com



ခြင်လို့ တစ်ကြောင်း ပြောစရာရှိတာကိုတော့ မပြောဘဲ မနေနိုင်ပါ။ ဘုရင်မ မျက်တော်မူလို့ ခုချက်ချင်း သတ်လိုက သတ်နိုင်ပါတယ်"

"စကားတတ်တိုင်း ပြောမနေပါနဲ့ နားခါးလှတယ်"

"နားခါးရုံမကလို့ နားပါ ပေါက်ထွက်သွားချင်သွားပါစေ ပြောစရာရှိတာတော့ ပြောရမှ ကျေနပ်နိုင်မည် ဖြစ်ပါတယ်"

"ကဲ — ပြောစရာရှိတာ ပြောစမ်း စကားကြော ရှည်မနေစမ်းနဲ့"

"ပြောစရာကတော့ တခြားမဟုတ်ပါ၊ ပထမဦးစွာ ဘုရင်မ ကိုယ်တော်တိုင် ယုံကြည်စိတ်ချစွာဖြင့် နန်းဦးမှာ ထားပြီး ကိုးကွယ်ထားတဲ့ ဆရာတော် ဦးကိတ္တိသည် သုခနေဘုရင်ရဲ့ သူလျှိုအစစ် ဖြစ်တယ်ဆိုတာ ဘုရင်မ သိအောင် ပြောလိုပါတယ်"

"ဆရာတော် အပေါ်မှာ အရမ်းမစွပ်စွဲပါနဲ့"

"အရမ်းစွပ်စွဲခြင်း မဟုတ်ပါ၊ မကြာသေးမီက ဆရာတော် ဦးကိတ္တိအား ဘုရင်မရဲ့ အပျိုတော် မယ်သစ္စာနဲ့ ချစ်ရည်ငံနေတဲ့ လုလင်ပျို မောင်သုတ ဆိုသူက ဘုရင်မရဲ့ အဆောင်တော် အနီးမှာ အိပ်ဖန်စောင့်ရင်း ဘုရင်မရဲ့ ဥယျာဉ်တော်အတွင်းမှာ ဆရာတော် ဦးကိတ္တိကို မသင်္ကာဖွယ်ရာတွေ့လို့ ဓားနဲ့ ခုတ်ခဲ့တာကို ဘုရင်မ မှတ်မိပါလိမ့်မယ်"

"မှတ်မိသားပဲ၊ ဒါပေမဲ့ ဆရာတော် ဦးကိတ္တိကို ဓားခုတ်ခံရတဲ့ နေရာဟာ ဘုရင်မရဲ့ ဥယျာဉ်ထဲမှာ မဟုတ်ပါဘူး၊ ကမ္မဋ္ဌာန်းထိုင်တဲ့ အုတ်ဂူကလေးထဲမှာ အခုတ်ခံရတာပါ"

"ကမ္မဋ္ဌာန်းထိုင်တဲ့ အုတ်ဂူထဲမှာ ဓားခုတ်ခံရတယ် ဆိုတာ ဆရာတော်ပြောလို့ ကြားရတာမှတ်လား"

"ဟုတ်ပါတယ်"

"ဆရာတော် ဦးကိတ္တိက ဘုရင်မကို တမင်သက်သက် လိမ်ပြောတာပါ"

"ဘုန်းတော်ကြီးက လိမ်ပြောပါ့မလား"



"ဘုန်းတော်ကြီးအစစ် ဆိုရင်တော့ လိမ်မပြောဘူးပေါ့၊ ဒါပေမဲ့ ဦးကိတ္တိက ဘုန်းကြီးအစစ် မဟုတ်ဘူး၊ သင်္ကန်းဝတ်ထားတဲ့ သူလျှိုပဲ"

"သူလျှိုဆိုတာ ဘာကြောင့်ပြောနိုင်သလဲ"

"ဒါကတော့ရှင်းပါတယ်၊ ဦးကိတ္တိက ဘုရင်မကို ပြောတုန်းက သူကမ္မဋ္ဌာန်းထိုင်နေတုန်း နောက်ကဝင်ပြီး ဓားနဲ့ ခုတ်သွားတယ်လို့ ဆိုတယ်မဟုတ်လား၊ ဦးကိတ္တိရဲ့ ဒဏ်ရာကို ကြည့်စမ်းပါ နောက်က ခုတ်တဲ့ ဒဏ်ရာမဟုတ်ဘူး ရှေ့က ခုတ်တဲ့ ဒဏ်ရာဆိုတာ ဘုရင်မ သတိပြုမိလိမ့်မယ်၊ ပြီးတော့ အဲဒီညက ဘုရင်မရဲ့ ပန်းခြံထဲမှာ ပန်းပင်တွေ ပိပြားပြီးနေတာကို ဘုရင်မ စုံစမ်းကြည့်ရင် သိလိမ့်မယ်၊ ပန်းပင်တွေ ပိပြားနေတဲ့ နေရာမှာ သွေးကွက်တွေ ကျန်ရစ်ခဲ့တာရယ် ပန်းခြံကနေပြီး ကမ္မဋ္ဌာန်း အုတ်ဂူဘက်ကို ဦးတည်နေတဲ့ ဦးကိတ္တိရဲ့ ခြေရာတွေရယ် ဒါတွေကိုအားလုံး စုပေါင်းပြီး ကြည့်မယ်ဆိုရင် ဦးကိတ္တိ ဓားခုတ်ခံရတဲ့ နေရာဟာ ကမ္မဋ္ဌာန်း အုတ်ဂူထဲမှာ မဟုတ်ဘူး ဘုရင်မရဲ့ ဥယျာဉ်ထဲမှာ ဓားခုတ်ခံရတာ ဖြစ်ရမယ်၊ ဘုရင်မရဲ့ ဥယျာဉ်တော်ထဲကို ဦးကိတ္တိက အချိန်မတော် ဘာကိစ္စလာရတာလဲ"

မိုလ်နန္ဒက ရှင်းပြနေပေရာ စန္ဒာဒေဝီ ဘုရင်မသည် မျက်တောင်မခတ်ဘဲ နားထောင်နေပေသည်။

"ပြီးတော့ မကြာသေးမီ ညတစ်ညက ဘုရင်မရဲ့ အဆောင်တော်ကို မီးစွဲလောင်သေးတယ် မဟုတ်လား၊ အဲဒီဟာ မတော်တဆ လောင်တဲ့မီး မဟုတ်ဘူး ဘုရင်မရဲ့ နန်းတော်တွင်းကို ရောက်နေတဲ့ သူလျှို တစ်ဦးဦးရဲ့ လက်ချက်ဖြစ်ရမယ်၊ အဲဒီတုန်းကလည်း ဘုရင်မရဲ့ သစ္စာတော်ကို စောင့်သိရိုသေနေတဲ့ လူတွေ အနီးအနားမှာရှိလို့ ဘုရင်မ ဘေးမသီ ရန်မခဘဲ လွတ်မြောက်ခဲ့တာပါ၊ ဒါကိုလည်း စဉ်းစားဦးပေါ့"

"ဒီသတင်းတွေကို ဒါလောက်ပြည့်ပြည့်စုံစုံ နိုက်နိုက်ချွတ်ချွတ် ဘယ်က ကြားလာခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မသည် စိတ်ဝင်စားစွာ နားထောင်နေရာမှ ပြန်မေးလိုက်သည်။

"သွားပါများ ခရီးရောက်၊ မေးပါများ စကားရ ဆိုတဲ့ ဆောင်ပုဒ်အရ နားနဲ့ မျက်စိကို ဖွင့်ထားပြီး မနားမနေ သွားလာနေလို့ သိတာပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဘုရင်မရဲ့ အဆောင်တော်မှာ မီးစွဲလောင်တာဟာ သူလျှိုရဲ့ အချက်လို့ ဘာကြောင့်ပြောနိုင်သလဲ၊ ဘုရင်မရဲ့ နန်းတော်တွင်းကို ဘယ်သူလျှိုမှ မဝင်နိုင်ဘူး၊ ဘုရင်မ အပါးမှာလည်း သစ္စာရှိတဲ့ စစ်သူကြီးတွေ ရှိနေတဲ့အတွက် ဘုရင်မကို ဘယ်သူလျှိုတွေကမှ ရန်မမူနိုင်ပါဘူး။ ဘုရင်မကို ကြောက်အောင် ခြောက်လှန့်နေပေမယ့် ဘုရင်မက နည်းနည်းကလေးမှ မကြောက်ဘူးဆိုတာ သိထားစမ်းပါ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ၏ စကားကို ယုံရကောင်းနိုး-မယုံရကောင်းနိုးနှင့် တွေဝေနေရာမှ မာန်မာန တရားများ ဖုံးလွှမ်းလာကာ အမှန်ကို မမြင်နိုင်ဘဲ အမှားကို အမှန်ထင်ပြီး ဗိုလ်နန္ဒ အပေါ်တွင် အထင်လွဲကာ ပြန်ပြောလိုက်သည်။

"ဘုရင်မကို ခြောက်လှန့်နေခြင်း မဟုတ်ပါ၊ ဘုရင်မသည် ဘုရင်မရဲ့ စစ်သည်တော်အင်အားကို ကြည့်ပြီး ဘဝင်မြင့်နေလို့ အမှန်ကို မမြင်နိုင်ခြင်း ဖြစ်ပါတယ်၊ ဘုရင်မအပါးမှာ သစ္စာရှိတဲ့ စစ်သူကြီးဗန္ဓက ရှိနေပါလျက် နေ့လယ်က ဘုရင်မ စံမြန်းတော်မူတဲ့ စေတုတ္တရာမြို့တော်ရဲ့ အရိပ်အာဝါသအောက်မှာပင်လျှင် ဘုရင်မကို လူဆိုးသုံးယောက်က ဓားကားဖို့ ကြံစည်တာကို မှတ်မိသေးတယ် မဟုတ်လား၊ သတိ ဆိုတာ ပိုတယ်ရယ်လို့ မရှိပါဘူး၊ လိုတယ်လို့သာ ရှိတယ်ဆိုတာ ဘုရင်မ အသိဖြစ်ပါတယ်"

ဗိုလ်နန္ဒက သတိပေးလိုက်ပြန်သည်။

"ဘယ်သူ့ကို သတိထားရမှာလဲ–ဘာကို သတိထားရမှာလဲ"



ဘုရင်မက ပြန်မေးလိုက်သည်။

"သုမနဘုရင်ယုတ်ရဲ့ရန်ကို သတိထားဖို့ ပြောနေတာပါ၊ သုမနဘုရင်က ဘုရင်မရဲ့ စစ်သည်တော်တွေနဲ့ စစ်တလင်းမှာ စစ်ခင်းပြီး တိုက်ခိုက်မယ်ဆိုရင် ဘယ်နည်းနဲ့မှ နိုင်မှာမဟုတ်ဘူး ဆိုတာသိလို့ ဝက်ံ့ဉာဏ်နဲ့ ဘုရင်မကို လက်ရသိမ်းပိုက်ဖို့ ကြံစည်နေတယ် ဆိုတာ သတိထားဖို့ လိုပါတယ်၊ ဘုရင်မနဲ့ ကျွန်တော်နဲ့ ခုလိုစကားပြောနေတဲ့ အချိန်မှာပင်လျှင် ဘုရင်မရဲ့ နန်းတော်အတွင်းမှာ သုမနရဲ့ သူလျှိုတွေ ခြေရှုပ်နေကြလိမ့်မယ် ဆိုတာ ယုံမှားစရာမရှိပါ"

"စကားတတ်တိုင်း ဘုရင်မကို လိမ့်မနေနဲ့၊ ခုပြောတဲ့ စကားတွေ မှန်တယ်ဆိုရင် သက်သေ သာဓကနဲ့ ပြစမ်းပါ၊ သက်သေ သာဓကနဲ့ မပြနိုင်ရင် သေဖို့သာ ပြင်ပေတော့"

"သေဖို့တော့ အသင့်ပြင်ထားပြီးသားမို့ အထူးပြောစရာ မလိုပါဘူး၊ သက်သေ သာဓက ပြရမယ်ဆိုရင်လည်း ပြဖို့ အသင့်ရှိပါတယ်၊ ကျွန်တော်ပြောတဲ့ စကားတွေဟာ ယုတ္တိရှိသလား၊ မရှိဘူးလား ဆိုတာကို သိချင်ရင် ဟောဒီ မြေပုံကို ဘုရင်မ ကိုယ်တော်တိုင် ရှုစားတော်မူပါ"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို အိပ်ရာ ခေါင်းအုံးအောက်တွင် တရိုတသေ သိမ်းဆည်းထားသည့် ငွေကျည်တောက်ကို အသာ ဆွဲထုတ်လိုက်ပြီးလျှင် ငွေကျည်တောက်ထဲမှ မြေပုံကို ဘုရင်မရှေ့တွင် ဖြန့်ပြလိုက်သည်။

"ဟောဒီ စာနှစ်ကြောင်းကို လုံးစေ့ ပတ်စေ့ ဖတ်ရှုကြည့်စမ်းပါ၊ ဘုရင်မကို အသေမိရင် အသပြာ တစ်သိန်း၊ အရှင်မိရင် အသပြာ နှစ်သန်း ချီးမြှင့်မယ်ဆိုတဲ့ အဓိပ္ပာယ်ကို တွေ့ရလိမ့်မယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် ဘုရင်မကို အသေရဖို့ထက် ပူပူနွေးနွေး အရှင်လတ်လတ်ရဖို့ပိုပြီး လိုလားတယ် ဆိုတာ ထင်ရှားတယ်၊ ဘာဖြစ်လို့ အရှင်လတ်လတ်ရဖို့ ပိုပြီး လိုလားသလဲ ဆိုတာလည်း သိပ်ရှင်းနေတယ်၊ ဘုရင်မဟာ

www.burmeseclassic.com

www.burmeseclassic.com



ဘရဏီနတ်သမီးတမျှ ချောတယ်, လှတယ် ဆိုတာ နိုင်ငံတကာက သိတယ်၊ ပြီးတော့ ... မာန်မာန ခက်ထန်တယ်လို့လည်း ကျော်ကြားနေတယ်၊ ဒါကြောင့် ... ဘုရင်မရဲ့ အလှဂုဏ်နဲ့ မာန်မာနကို ချိုးနှိမ်ပြီး လူဖြစ်ရှုံးတဲ့ဘဝကို ရောက်အောင် ဆော်ကားချင်လို့ အရှင်လတ်လတ်ရအောင် ဖမ်းပေးနိုင်ရင် ဆုတော်ငွေ အသပြာ နှစ်သန်း ပေးမယ်လို့ ရေးထားတာ မဟုတ်လား"

ဗိုလ်နန္ဒသည် ဘုရင်မအား မြေပုံဖြန့်ပြရင်း မြေပုံ၏ အောက်နားတွင် ကြက်ခြေပြပြီး ရေးသားထားသည့် စာများကို ဖတ်ပြပြီးလျှင် မောစောတ အောက်လမ်းဆရာကြီးထံမှ ကြားသိခဲ့ရသည့် စကားများအတိုင်း ဘုရင်မအား ပြန်၍ ဖောက်သည်ချနေပေသည်။

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ၏ ဖြန့်ပြသော မြေပုံနှင့် မြေပုံအောက်တွင် ရေးသားထားသည့် စာများကို ဖတ်ကြည့်နေရင်း မျက်နှာတစ်ခုလုံးမှာ နီရဲလာပြီး နူးညံ့ပျော့ပျောင်းသည့် မိန်းမသားအသွင် လက္ခဏာမှ ခက်ထန်သည့် ရုပ်အသွင်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည်ကို ဗိုလ်နန္ဒ သတိပြုမိပေသည်။

"အကြံပက်စက်လှချည့်လား၊ ဒါလောက်တောင် အကြံပက်စက်တဲ့ သုခနဲ့ ဘုရင်ယုတ်ကို ဘုရင်မ ကိုယ်တော်တိုင် လက်စားမချေရရင် မကျေဘူး"

စန္ဒာဒေဝီ ဘုရင်မသည် ခပ်ထန်ထန် အသံဖြင့် ပြောရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ဘုရင်မ၏ အမူအရာ ပြောင်းလဲလာသည်ကို သတိထားမိသော ဗိုလ်နန္ဒသည် ဘုရင်မအနီးသို့ တိုးလာပြီး ဘုရင်မ၏ရှေ့တွင် မြေပုံကို ဖြန့်ပြကာ မြေပုံတွင်ပါရှိသည့် ဘုရင်မ၏ အဆောင်ကို လက်ညှိုးဖြင့် ထောက်ပြလိုက်ပေသည်။

"ဒီမြေပုံကိုကြည့်ရင် ဒီမြေပုံ ရေးဆွဲတဲ့လူဟာ ဘုရင်မရဲ့ နန်းတော် အတွင်းအပြင်ကို ကောင်းကောင်းကြီး သိတဲ့လူ ဖြစ်ရမယ်ဆိုတာ



ထင်ရှားတယ်။ ဟောဒီမှာ ကြည့်စမ်း–စန္ဒာဒေဝီလို့ ရေးထားပြီး ကြက်ခြေ ပြထားတဲ့ နေရာဟာ ဘုရင်မရဲ့ အဆောင်တော် မဟုတ်လား၊ ပြီးတော့ ... ဟောဒါက သီဟာသနပလ္လင်၊ ဒီဘက်က ဘုရင်မရဲ့ ဥယျာဉ်တော်–ဥယျာဉ်တော်ရဲ့ အလွန်က ရေကန်တော်–ရေကန်တော်ရဲ့ အလွန်မှာ နန်းမြင့်ရှိတယ် မဟုတ်လား၊ အဲ့ဒီ နန်းမြင့်နဲ့ မြို့ရိုးဟာ သိပ်မဝေးဘူး၊ နန်းမြင့်ကနေပြီး မြို့ရိုးကြားမှာ ၃၆၀ ဆိုတဲ့ စာတမ်းကို တွေ့ရတယ် မဟုတ်လား ... ဒါဟာ နန်းမြင့်နဲ့ မြို့ရိုး အကွာအဝေးကို ခြေလှမ်းနဲ့ ပြထားတာ ဖြစ်ရမယ်၊ ဒီနေရာမှာ အမှတ်အသား ပြထားတာကို ထောက်ရင် ဘုရင်မကို ဒီနေရာကနေပြီး လုပ်ကြံဖို့ အကြံအစည်ရှိတယ် ဆိုတာ ကောင်းကောင်းကြီး သိနိုင်တယ်"

ဗိုလ်နန္ဒသည် မြေပုံကို ထောက်ပြရင်း မိမိကြားခဲ့ရသမျှကို ရှင်းပြနေလေရာ ဘုရင်မသည် စိတ်ဝင်စားစွာ နားထောင်နေရာမှ ခေါသအမျက်ခြောင်းခြောင်းထွက်ကာ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီး လက်သီးဆုပ်ထား အံကြိတ်လိုက်သည်။ မျက်လုံးများမှာလည်း တောက်ပြောင်လျက်ရှိသည်ကို ဗိုလ်နန္ဒ သတိပြုမိပေသည်။

"ဒီမှာ မောင်ရှုပ ... မောင်ရှုပ ပြောတဲ့ စကားတွေဟာ ယုတ္တိရှိတယ်ဆိုတာ သက်သေအထောက်အထားနဲ့တကွ တွေ့ရပြီ ဖြစ်တဲ့အတွက် မယုံချင်ပေမယ့် မနေနိုင်တော့ဘူး ယုံရတော့မှာပဲ၊ ဒါကိုအသာထားပြီး ဒီမြေပုံကို ဘယ်ကရလာသလဲ ဆိုတာ ဘုရင်မကို မှန်မှန်ကန်ကန်ဖွင့်ပြောစမ်း"

ဘုရင်မက အမိန့်ပေးလိုက်ရာ ဗိုလ်နန္ဒသည် ထိုနေ့ ညနေပိုင်းတွင် တွေ့ကြုံဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များအနက် ပြောသင့်သမျှကို ဖွင့်ပြောပြနေပေသည်။

"ဒီမြေပုံယူလာတဲ့ လူရဲ့ မျက်နှာကို မမှတ်မိဘူးလား"

ဗိုလ်နန္ဒ၏ စကားဆုံးသွားသောအခါ ဘုရင်မက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာကို ကောင်းကောင်း မမှတ်မိဘူး၊ ဒါပေမဲ့ သူရဲ့ လက်ဝဲဘက် လက်သန်း ထိပ်ဆုံးအဆစ် ပြတ်နေတာတော့ မှတ်မိတယ်၊ ဘုရင်မအပါး ခစားတဲ့ လူတွေထဲမှာ လက်ဝဲဘက် လက်သန်းက လက်ဆစ်ပြတ်နေတဲ့လူ မရှိဘူးလား"

ဗိုလ်နန္ဒက ဘုရင်မအား မေးမြန်းလိုက်သည်။

"ဘုရင်မတော့ သတိမထားမိဘူး၊ ဒီနေ့ကစပြီး သတိထားပြီး ကြည့်ရမှာပဲ၊ လက်ဆစ်ပြတ်နေတဲ့ လူသာတွေ့ရင် ခေါင်းပါ တစ်ခါတည်း ဖြတ်ပစ်လိုက်မယ်"

ဘုရင်မက စိတ်လိုက်မာန်ပါ ပြောလိုက်ပြီး သလွန်ပေါ်တွင် ပြန်ထိုင်ချလိုက်သည်။

"စောစောက ပြောသွားတဲ့ စကားထဲမှာ အောက်လမ်းဆရာကြီးနဲ့ တွေ့ခဲ့ပုံကို ပြောသွားတာ ကြားလိုက်မိတယ်၊ အဲဒီ အောက်လမ်းဆရာကြီးနဲ့ ဘယ်ပုံဘယ်နည်း တွေ့ကြတာလဲ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒထံမှ မြေပုံကိုယူပြီး စေ့စေ့စပ်စပ်ကြည့်ရှုနေရာမှ ဗိုလ်နန္ဒအား လှမ်းပြီး မေးလိုက်သည်။

"သေလာဂီရိတောင်ကိုအသွား လမ်းခရီးမှာ တွေ့ပါတယ်၊ သူရဲ့အရိပ်အခြည်ကို ကြည့်ရတာဟာ တစ်စုံတစ်ယောက်သောသူကို စောင့်မျှော်နေဟန် တူတဲ့အတွက် အကျိုးအကြောင်းသိချင်လို့ စကားစလိုက်တော့ သူက ဘာမှပြန်မပြောဘဲ ကောင်းကင်ကို လက်ညှိုးထိုးပြတယ်၊ သူပြတဲ့နေရာကို ကြည့်လိုက်တော့ ... ခုနစ်စဉ်ကြယ်ကို မြင်ရတယ်၊ အဲဒီလိုမြင်ရတော့ ... သူလျှို့ချင်း ဆက်သွယ်တဲ့ နေရာမှာ 'ခုနစ်စဉ်' ဆိုတဲ့ စကားဝှက်ကို သုံးလို့သာ ခုနစ်စဉ်ကြယ်ကို လက်ညှိုးထိုးပြတာဖြစ်ရမယ်လို့ ရိပ်စားမိပြီး ခုနစ်စဉ် ဆိုတဲ့ စကားကိုသုံးပြီး သူ့ဆီက စကားရအောင် နှိုက်ယူခဲ့တာပါ"

ဗိုလ်နန္ဒက ရှင်းပြလိုက်သည်။



"သူ့ဆီက ဘာစကားတွေ ရခဲ့သလဲ"

"ဘုရင်မဟာ သိပ်ပြီးမာနကြီးတယ်၊ ဘုရင်မကို အရှက်တကွဲ အကျိုးနည်း ဖြစ်အောင် လက်စားမချေရသမျှ မကျေဘူး ဆိုတဲ့ စကားကို ရခဲ့ပါတယ်၊ ပြီးတော့ ... သူ့ဆီကိုပေးလိုက်တဲ့မြေပုံ ပေးပါလို့ အတင်းတောင်းတယ်"

ဗိုလ်နန္ဒက ဆက်ပြောလိုက်သည်။

"ဒီတော့ ဘာလုပ်သလဲ"

"သူက မြေပုံတောင်းတော့ ကျွန်တော်က မြေပုံကို ငွေကျည်တောက်ထဲက ထုတ်ပြီး ဖြန့်ပြလိုက်တာပေါ့"

"ဘာဖြစ်လို့ ပြလိုက်ရတာလဲ"

"သူ့ဆီက စကားရအောင် နှိုက်ချင်လို့ ပြလိုက်တာပါ၊ ကျွန်တော်က မြေပုံကိုပြပြီး မြေပုံထဲမှာ မရှင်းမလင်းတဲ့ အချက်တွေကို ကျွန်တော်မေးကြည့်လို့ ဘုရင်မကို အသေမိရင် ဆုတော်ငွေ တစ်သိန်း၊ အရှင်မိရင် ဆုတော်ငွေ နှစ်သန်း ပေးမယ်ဆိုတာ သိခဲ့ရတယ်၊ ပြီးတော့ ... ဘုရင်မကို လုပ်ကြံဖို့ နန်းမြင့်ဘက်ကနေပြီး ဝင်စီးဖို့ အကြံအစည်ကိုလည်း သိခဲ့ရတယ်။ ဘုရင်မကို အရှင်မိရင်လည်း အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ဖို့ ကြံစည်တယ် ဆိုတာကိုပါ သိခဲ့ရတယ်။ ဘုရင်မကိုသာ အရှင်လတ်လတ် လက်ရ ဖမ်းဆီးရမိမယ်ဆိုရင် ဘုရင်မကိုယ်ကို ဘုရင်မ သတ်သေချင်တဲ့အထိ သူတို့တစ်တွေ စော်ကားမယ် ဆိုတာလည်း ကျွန်တော် သိခဲ့ရပါတယ်"

"အဲဒီ အောက်လမ်းဆရာကြီးရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်းပါ"

ဘုရင်မက ပြန်မေးလိုက်သည်။

"အရပ်ရှည်ရှည် ဗလကောင်းကောင်း၊ သူ့နာမည်ကတော့ ဦးတာဝိလို့ ခေါ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဟုတ်ပြီ ... ဟုတ်ပြီ ... ကဝိ ဆိုတာ တခြားလူ မဟုတ်ဘူး၊ တစ်ခါတုန်းက ဘုရင်မ အပါးတော်မှာ ခစားဖူးတဲ့ သမားတော်ကြီးပဲ၊ နန်းတွင်းမှာ သူရှိတုန်းက အပျိုတော်တွေကို လက်ဖွဲ့တို့ ရေမန်းတို့ တိုက်ပြီး မတော်မတရား စော်ကားခဲ့လို့ ဘုရင်မ ကိုယ်တော်တိုင် ကျောတစ်ရာ၊ ရင် တစ်ရာ ဒဏ်ခတ်ပြီး မြို့ရပ်ကို နှင်လိုက်တဲ့ လူယုတ်မာကြီးပဲ၊ ဟိုတုန်းကသာ ဒီဆရာယုတ်ကို တစ်ခါတည်း သေဒဏ်ပေးလိုက်ရင် အေးမှာပဲ၊ ဟိုတုန်းကသာ သေဒဏ်ပေးခဲ့ရင် ခုလောက်ရှိရင် အရိုးတောင် ဆွေးနေပြီ"

"ဘုရင်မက သေဒဏ်မပေးပေမယ့် သေမင်းကတော့ မနေပါဘူး၊ လူမှန်သမျှ သေမျိုးချည့်မို့လို့ တစ်နေ့ကျရင် သေကြရမှာ မလွဲပါဘူး၊ ဒီအတွက် ဘုရင်မ စိတ်မပူပါနဲ့"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဘာစကား ပြောလိုက်တာလဲ"

ဘုရင်မက ဒေါသသံဖြင့် မေးလိုက်သည်။

"မှန်တဲ့စကားကို ပြောနေတာပါ၊ သတ္တဝါမှန်သမျှ သေကြရမည် ဖြစ်ပါတယ်၊ မာန်မာန တက်ကြွနေတဲ့ ဘုရင်မလည်း အများသူတကာ လိုပဲ မြေကြီးညြဇာ ဖြစ်ရမည်မှာ မလွဲပါ။ မသေခင်စပ်ကြားမှာ လုပ်ရာရှိတာ လုပ်ဖို့သာ အရေးကြီးပါတယ်၊ ပြီးခဲ့တာတွေကို ပြန်တွေးပြီး ဆွေးနေခြင်းအားဖြင့် အကျိုးမရှိ ရှေ့အဖို့ကို စဉ်းစားပြီး လုပ်သင့်တာကို လုပ်ခြင်းသည်သာလျှင် အကျိုးရှိတယ် ဆိုတာကို သဘောပေါက်စေလိုတဲ့အတွက် ဘုရင်မကို သတိပေးနေခြင်း ဖြစ်ပါတယ်"

ဗိုလ်နန္ဒက ရှင်းပြလိုက်ရာ ဘုရင်မသည် မျက်မှောင်ကြုတ်ပြီး စဉ်းစားနေပြန်သည်။

"အောက်လမ်းဆရာကြီးပြောတဲ့ စကားတွေထဲမှာ ဒီနေ့ည စစ်



သူကြီး ဗန္ဓက သေလာဂီရိတောင်ခြေရင်းကို လာပါမှမယ်၊ လာရင် ဘီလူးစားလို့ သေလိမ့်မယ်လို့ ပြောသွားတာ ကျွန်တော် ခုမှ အမှတ်ရတယ်၊ သူပြောတဲ့စကားဟာ သိပ်ခင်းနေတာပဲ"

ဗိုလ်နန္ဒသည် ဘုရင်မ၏ အရိပ်အကဲကို ကြည့်ရင်း စကားစလိုက်ပြန်သည်။

"ဟင် ... ဟုတ်လား ... သူက ဒီလိုပဲ ပြောသလား၊ မနေ့ညက သေလာဂီရိတောင်ခြေရင်းကို စစ်သူကြီး ဗန္ဓက သွားရောက်ပြီး စနည်းနာ ထွက်မယ်ဆိုတာ သူတို့ဘယ်လိုလုပ်ပြီး သိသလဲ"

ဘုရင်မက ပြန်မေးလိုက်သည်။

"နန်းတော်တွင်းမှာရှိတဲ့ သူလျှိုတွေဆီက သတင်းရလို့ သိတာ ဖြစ်တယ်လို့ ထင်ပါတယ်"

ဗိုလ်နန္ဒက အဖြေပေးလိုက်သည်။

"ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မနေ့ညက သေလာဂီရိတောင်ခြေရင်းကို စစ်သူကြီးဗန္ဓက စနည်းနာထွက်ဖို့ ကိစ္စဟာ ဘုရင်မနဲ့ မောင်ရှုပ တောစပ်မှာ တွေ့ခဲ့ပြီးတဲ့နောက် ဘုရင်မနဲ့ စစ်သူကြီး ၂ ဦးတည်း တိုင်ပင်ပြီးလုပ်တဲ့ အလုပ်ပဲ၊ ဒီစကား ဘယ်နည်းနဲ့မှ အပြင်ကို မပေါက်ကြားနိုင်ပါဘူး"

ဘုရင်မက ပြန်ပြောလိုက်သည်။

"မပေါက်ကြားနိုင်ဘူး ဆိုပေမယ့် ပေါက်ကြားနေတာတော့ အမှန်ပဲ၊ ဘုရင်မနဲ့ စစ်သူကြီး တိုင်ပင်ကြတုန်းက အနီးအနားမှာ ဘယ်သူရှိသလဲ၊ ရံရွေတော် တစ်ယောက်တလေမှ မရှိဘူးလား"

"မရှိပါဘူး၊ ဘုရင်မရဲ့ ပန်းဥယျာဉ်ထဲမှာ တိုင်ပင်ကြတာပဲ၊ ဘုရင်မနဲ့ စစ်သူကြီးကလွဲပြီး အနီးအနားမှာ တစ်ယောက်မှ မရှိပါဘူး"

"သစ်ပင်ပေါ်ကချောင်းပြီး နားထောင်ရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် မြင်မှာပေါ့ ... ပြီးတော့ အနီးအနားမှာ သစ်ပင်ကြီးကြီးမှ မရှိဘဲ"

ဘုရင်မက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒသည် ခေတ္တတွေဝေပြီး စဉ်းစားနေပေသည်။

"ဘုရင်မရဲ့ ဥယျာဉ်တော်ထဲမှာ အပန်းဖြေထိုင်ဖို့ ထိုင်ခုံရှိတယ် မဟုတ်လား"

"ရှိသားပဲ ... ဘုရင်မ ကိုယ်တိုင်ပဲ အဲဒီ အပန်းဖြေ ထိုင်ခုံပေါ်မှာ ထိုင်ပြီး စစ်သူကြီးနဲ့ အေးအေးဆေးဆေး တိုင်ပင်တာပါ"

"ဒီလိုဆိုရင် ဟုတ်ပြီ ... ဘုရင်မ ထိုင်တဲ့ ထိုင်ခုံအောက်မှာ သူလျှိုတစ်ယောက်ယောက် ဝင်ခိုနေလိမ့်မယ်၊ ဘုရင်မနဲ့ စစ်သူကြီး တိုင်ပင်တဲ့ စကားတွေကို မှတ်သားထားပြီး အောက်လမ်းဆရာကြီးထံ ချက်ချင်းပို့လိုက်တာ ဖြစ်ရမယ်။ ဘုရင်မနဲ့ စစ်သူကြီး တိုင်ပင်ကြတုန်းက စစ်သူကြီး ဗန္ဓကနဲ့အတူ ဘုရင်မ ကိုယ်တော်တိုင် စစ်သည်တော် အဝတ်အစားနဲ့ အတူတကွ လိုက်ပါလာမယ် ဆိုတာကော ပြောမိသေးသလား"

ဗိုလ်နန္ဒက ပြန်မေးလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် အတန်ငယ် စဉ်းစားနေပေသည်။

"အဲဒီအချိန်တုန်းကတော့ စစ်သူကြီးဗန္ဓက တစ်ဦးတည်း ထွက်ပြီး စနည်းနာဖို့သာ တိုင်ပင်ကြတာပဲ၊ အဲဒီနောက်မှ ဘုရင်မ ကိုယ်တိုင် လိုက်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာတာနဲ့ ကတိုက်ကရိုက် အဝတ်အစားလဲပြီး စစ်သူကြီးဗန္ဓကနှင့်အတူ လိုက်လာခဲ့တာပါ။ ဘုရင်မက တောစပ်မှာ နေရစ်ခဲ့ပြီး စစ်သူကြီးဗန္ဓက,က တောင်ခြေရင်းဘက်ကို ထွက်သွားတယ် ... အဲဒီအချိန်မှာ မောင်ရှုပနဲ့ ဘုရင်မ တွေ့ကြတာပေါ့"

"အင်း ... ဟုတ်ပါပြီ၊ ကျွန်တော်ထင်တဲ့အတိုင်း မှန်နေပြီ။ စောစောက ဘုရင်မနဲ့ စစ်သူကြီး တိုင်ပင်ကြတာကို ဘုရင်မရဲ့ ထိုင်ခုံအောက်မှာ ဝင်ပုန်းနေတဲ့ သူလျှိုက အစအဆုံး ကြားသိသွားတယ်၊ အဲဒီတုန်းက ဘုရင်မ ကိုယ်တိုင် လိုက်ပါဖို့ မဆုံးဖြတ်မိတာ သိပ်ကံကောင်းတယ်။ စစ်သူကြီးဗန္ဓကနှင့်အတူ ဘုရင်မပါ လိုက်ပါလာမယ်ဆိုတာသိရင် ဘုရင်မကို အမိဖမ်းပြီး သုမနဘုရင်ရဲ့ လက်သို့ ဆက်သမှာ သေချာတယ်။ သုမနဘုရင်ရဲ့ လက်တွင်းကိုသာ ရောက်သွားမယ်ဆိုရင် ဘုရင်မတော့ လှလှကြီး အစော်ကားခံရမှာပဲ။ အင်း ... ကံကောင်းလို့ သီသီကလေး လွတ်သွားတယ်"



ဗိုလ်နန္ဒက မိမိ၏ ယူဆချက်ကို ရှင်းပြလိုက်ရာ ထိုအခါကျမှ ဘုရင်မသည် ဗိုလ်နန္ဒပြောသော စကားများမှာ ယုတ္တိရှိသည့် စကားများဖြစ်သည်ကို စဉ်းစားမိကာ ယမန်နေ့ညက ကုသိုလ်ကံကောင်း ထောက်မသဖြင့် ရန်သူ၏ လက်တွင်းမှ သီသီကလေး လွတ်ခဲ့သည်ကို တွေးတောမိသဖြင့် ကြက်သီးများထကာ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်၍သွားပေသည်။

ဗိုလ်နန္ဒသည် ဘုရင်မ၏ ကြောက်ရွံ့တုန်လှုပ်သည့် အမူအရာကို အကဲခတ်ရင်း ဘုရင်မအပေါ်တွင် သနားကရုဏာသက်၍ လာပေသည်။

"ဒီအတိုင်းသာဆိုရင် ဘုရင်မမှာ ရန်သူတွေ ဝိုင်းနေပါပကောလား"

ဘုရင်မသည် တစ်ယောက်တည်း ညည်းညူလိုက်သည်။

"ဘုရင်မ စိုးရိမ်တော်မမူပါနဲ့၊ ကျွန်တော် မောင်ရှုပ အသက်နဲ့ခန္ဓာကိုယ် မြဲနေသမျှ ဘုရင်မရဲ့ စေတုတ္တရာ နိုင်ငံတော်အတွက် အသက်နဲ့လဲပြီး ကာကွယ်ပေးဖို့ အသင့်ရှိတယ် ဆိုတာ ရဲရဲကြီး ကတိပေးပါတယ်"

ဗိုလ်နန္ဒသည် ဘုရင်မအား အားပေးစကားပြောလိုက်သည်။

"ဘာလဲ မောင်ရှုပက သေရမှာကိုကြောက်လို့ ဘုရင်မကို ချောက်လှန့်ပြီး သေဒဏ်မှ လွတ်မြောက်ခွင့်ရအောင် ပရိယာယ်ဆင်လိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် မှားပါလိမ့်မယ်၊ ကျွန်တော့်ကို ဘုရင်မက သနားလို့ မသတ်သည့်တိုင်အောင် အများအကျိုးအတွက် အသေခံဖို့ စိတ်ကိုပိုင်းဖြတ်ပြီး ထွက်လာခဲ့တာမို့ ကျွန်တော့်အဖို့ သေခြင်းတရားဟာ အဆန်းမဟုတ်တော့ပါ၊ ဘုရင်မရဲ့အမိန့်နဲ့ သေရလျှင် ပိုပြီးမြတ်တယ်လို့ ယူဆထားပြီး ဖြစ်လို့ ဘုရင်မထံမှ သေဒဏ်လွတ်ငြိမ်းခွင့် တစ်ကြိမ်တစ်ခါမှ တောင်းဆိုခြင်း မပြုခဲ့သည်ကို ဘုရင်မ ပြန်လည်စဉ်းစားကြည့်လျှင် ကွက်ကွက်ကွင်းကွင်း ပေါ်လာပါလိမ့်မည်။ ဘုရင်မ စိတ်အားငယ်နေတာကို မြင်လို့ စိတ်ထဲရှိသမျှ ဖွင့်ပြောလိုက်ခြင်းသာ ဖြစ်ပါတယ်၊ ပြီးတော့ တစ်ဖန် အကြောင်းမဲ့သက်သက် သေရသည်ထက် ဘုရင်မနဲ့ ဘုရင်မရဲ့ နိုင်ငံတော်အတွက် အသေခံခြင်းက ပိုပြီးမြတ်လိမ့်မယ်လို့ ယူဆတဲ့ အတွက်လည်း ယခုလို ပြောလိုက်ခြင်း ဖြစ်ပါတယ်"

ဗိုလ်နန္ဒသည် အနည်းငယ်မျှ တုန်လှုပ်သည့် အမူအရာကို မပြဘဲ ဣန္ဒြေရရ ပြန်ပြောလိုက်ရာ ဘုရင်မသည် ဗိုလ်နန္ဒ၏ တည်ကြည်သော မျက်နှာထားကို ကြည့်ပြီး အတန်ကြာ စဉ်းစားနေပေသည်။

"ဒီမှာ မောင်ရူပ ... ဘုရင်မမှာ နားနဲ့ မျက်စိ ရှိတယ်လို့ ပြောခဲ့တာကို မှတ်မိသေးတယ် မဟုတ်လား"

"ကောင်းကောင်းကြီး မှတ်မိပါတယ်၊ ဒါပေမဲ့ ဒီနားနဲ့ မျက်စိဟာ မာန်မာနတရားတွေ ဖုံးလွှမ်းနေလို့ အမှန်ကို မမြင်နိုင်ဘဲ ရှိနေတယ်ဆိုတာလည်း သတိပြုစေချင်ပါတယ်"

ဗိုလ်နန္ဒက ဘုရင်မအား ပြန်ပြီးနက်လိုက်သည်။

"ဒီမှာ စကားကောင်းကောင်းပြောရင် ကောင်းကောင်း နားထောင်စမ်းပါ၊ ထေ့လား၊ ငေါ့လား လုပ်မနေစမ်းပါနဲ့"

"သတိတရားလက်လွှတ်ပြီး အမှန်ကို မမြင်မှာစိုးလို့ သတိပေးနေခြင်းသာ ဖြစ်ပါတယ်၊ ဘုရင်မကို ထေ့ခြင်း၊ ငေါ့ခြင်း မဟုတ်ပါ"

"ဘုရင်မပြောတဲ့ စကားကို ကောင်းကောင်း နားထောင်စမ်း၊



ဘုရင်မမှာ နားနဲ့ မျက်စိ ရှိတဲ့အတွက် မောင်ရူပဟာ သာမန်အရပ်သားတစ်ယောက် မဟုတ်ဘူးဆိုတာ စောစောကတည်းက ရိပ်စားမိပါတယ်၊ မောင်ရူပကို ထောင်သွင်းအကျဉ်းထားပြီး သေဒဏ်ပေးအုံဆဲဆဲ အချိန်မှာ ပင်လျှင် ဘုရင်မကို အရှိအသေပေးရမှန်းမသိ၊ အလိုလိုက်ပြီး သံတော်ဦးတင်ရမှန်း မသိဘဲ ပမာမခန့် ပြောနေပုံကိုထောက်ရင် မောင်ရူပဟာ သာမန်အရပ်သား မဟုတ်ဘူးဆိုတာ ပိုပြီးထင်ရှားတယ်၊ မင်းညီမင်းသားထဲက ဖြစ်ချင်ဖြစ်မယ် ... ဒါမှမဟုတ် သေခြင်းတရားကို ကြောက်ရွံ့ခြင်းမရှိတဲ့ သူတော်စင်ပုဂ္ဂိုလ် ဖြစ်ချင်ဖြစ်မယ် ဆိုတာ ဘုရင်မ စဉ်းစားမိတယ်၊ ပြီးတော့ ဘုရင်မရဲ့ ပိုင်နက်ထဲကို မောင်ရူပ ရောက်လာတာဟာ အကြောင်းမဲ့သက်သက် မဟုတ်ဘူးလို့လည်း ဘုရင်မ သဘောပေါက်မိတယ်၊ အမှန်အတိုင်း ဖွင့်ပြောရမယ်ဆိုရင် မောင်ရူပ အပေါ်မှာ သက်ဘမကင်းစရာတွေ တွေ့ထားတယ် ..."

ဘုရင်မက ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ပြောလိုက်သည်။

"ကျွန်တော့်အပေါ်မှာ သက်ဘမကင်းတဲ့ မျက်စိနဲ့ ကြည့်တတ်သလို ဘုရင်မအပေါ်မှာ ခစားနေကြတဲ့ သုခနေ သူလျှိုတွေကို သက်ဘမကင်းတဲ့ မျက်စိနဲ့ ကြည့်တတ်မယ်ဆိုရင် ပိုပြီး အကျိုးရှိပါလိမ့်မယ်"

ဗိုလ်နန္ဒက ဝင်ပြီး ထောက်လိုက်ပြန်သည်။

"စကားတတ်တိုင်း ကွေ့ရှောင်ပြီး ပြောမနေစမ်းနဲ့၊ ဘုရင်မပြောတဲ့ စကားကို ဆုံးအောင် နားထောင်စမ်းပါ"

ဘုရင်မက ခပ်ထန်ထန် ပြောလိုက်သည်။

"စန္ဒာဒေဝီ ဘုရင်မ ပြောမယ့်စကားကို နာခံလျက် ရှိပါတယ်"

"မောင်ရူပ အပေါ်မှာ သက်ဘမကင်းစရာတွေ အများကြီးရှိခဲ့ပေမယ့် မောင်ရူပရဲ့ ရဲရင့်တည်ကြည်တဲ့ စိတ်ဓာတ်တွေကို ဘုရင်မ အများကြီး သဘောကျခဲ့တယ်၊ မောင်ရူပရဲ့ အတိတ်ရာဇဝင်ကို ဘုရင်မ မသိပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မောင်ရှုပရဲ့ ရဲရင့်တဲ့ စိတ်ဓာတ်နဲ့ ဘုရင်မရဲ့ အလိုကို မလိုက်ဘဲ ဘွင်းဘွင်းကြီး ပြောတတ်တဲ့ အရည်အချင်းကို ဘုရင်မ သဘောကျတဲ့အတွက် မောင်ရှုပကို ဘုရင်မရဲ့ တိုင်းပြည်အတွက် အသုံးပြုချင်တယ်၊ မောင်ရှုပ ဘယ်လို သဘောရသလဲ"

"ဘုရင်မ စိတ်ချယုံကြည်တော်မူလို့ ကျွန်တော့်ကို အသုံးချချင်တယ်ဆိုရင် သုဓနုဘုရင်ရဲ့ အကြံအစည် ပျက်ပြားသွားတဲ့အထိ အသက်ကို ပမာဏမထားဘဲ တာဝန်ကို ထမ်းရွက်ဖို့ အသင့်ရှိနေပါတယ်"

ဗိုလ်နန္ဒက စိတ်ရောကိုယ်ပါ ပြောလိုက်သည်။

"ကောင်းပြီ ... ဘုရင်မနဲ့ ဘုရင်မရဲ့ နိုင်ငံတော်အပေါ်မှာ သစ္စာစောင့်သိရှိသေပြီး ဘုရင်မရဲ့ အမှုတော်ကို ထမ်းရွက်မယ်ဆိုရင် မောင်ရှုပကို ဘာရာထူးပေးရမလဲ၊ ဆုတော်ငွေ ဘယ်လောက် ချီးမြှင့်ရမလဲ"

"ကျွန်တော့်ကို ရာထူးနဲ့ ငွေမက်တဲ့လူထင်လို့ ဒီစကားမျိုး ပြောနေတာလား"

ဗိုလ်နန္ဒက စိတ်ထဲတွင်ရှိသမျှ ဖွင့်ချလိုက်သည်။

"လောကမှာ ရာထူး လာဘ်လာဘကို မမျှော်ကိုးတဲ့လူ မရှိဘူး၊ ရာထူးနဲ့ လာဘ်ကို မလိုချင်ဘူး ဆိုတဲ့လူဟာ အရူးပဲ"

ဘုရင်မက ပြန်ပြောလိုက်သည်။

"အရူးလို့ပဲ ခေါ်ချင်ခေါ် ရာထူးနဲ့ လာဘ်လာဘကို နည်းနည်းကလေးမှ အလိုမရှိဘူး ... ရာထူးနဲ့ လာဘ်လာဘကိုပြပြီး အမှုတော်ထမ်းခိုင်းမယ် ဆိုရင်လည်း ဘုရင်မရဲ့ အမှုတော်ကို မထမ်းရွက်နိုင်ဘူးဆိုတာ စောစောက ငြင်းဆိုပါရစေ—ကျွန်တော်ရဲ့ စေတနာကို ဝေဒနာဖြစ်အောင်တော့ မပြောစေချင်ပါ"

ဗိုလ်နန္ဒက ခပ်တည်တည်ပြောလိုက်သည်။

"ဘုရင်မရဲ့ အမှုတော်ကို မထမ်းရွက်နိုင်ဘူးဆိုရင် သေဒဏ်ပေးဖို့ပဲ ရှိတယ်"



"သေဒဏ်ပေးရင်လည်း ခံယူဖို့အသင့်ပါ၊ ရာထူးနဲ့ လာဘ်ကိုတော့ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါ ... ရာထူးနဲ့ လာဘ်ကို လက်ခံလိုက်ရင် ကျွန်တော်ရဲ့ စေတနာဟာ ဝေဒနာဖြစ်သွားမှာ ဖြစ်တဲ့အပြင် ဘုရင်မရဲ့ အလိုကိုလိုက်ပြီး အမှုတော် ထမ်းရမှာ ဖြစ်တဲ့အတွက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ၊ ဘုရင်မရဲ့ အကျိုး၊ စေတုတ္တရာ နိုင်ငံတော်အကျိုးကို ဘယ်သူ့ရဲ့အလိုကိုမှ မလိုက်ရဘဲ မှန်မှန်ကန်ကန် အမှုတော်ထမ်းခွင့်ရရင်လျှင် ဘုရင်မရဲ့ အမိန့်နဲ့ သေရတာကပင်လျှင် မြတ်ပါသေးတယ်"

ဗိုလ်နန္ဒသည် အနည်းငယ်မျှ ကြောက်ရွံ့သည့် စိတ်ကို မပြဘဲ ပြန်ပြောလိုက်ရာ ဘုရင်မသည် ဘာမှပြန်မပြောဘဲ အတန်ကြာ တွေဝေပြီး စဉ်းစားနေပေသည်။

"ဒီမှာ မောင်ရှုပ—ရှင်က ရှင့်ကိုယ်ရှင် သိပ်ပြီး အထင်ကြီးနေတယ်၊ ရှင့်လိုလူရဲ့ အကူအညီမရပေမယ့် ဘုရင်မမှာ သုဓနုဘုရင်ယုတ်ရဲ့ ရန်ကို ဖြိုခွင်းဖို့ လူအင်အား လက်နက်အင်အား အပြည့်အစုံ ရှိတဲ့အတွက် ဘုရင်မရဲ့အမှုတော်ကို မောင်ရှုပ မထမ်းရွက်နိုင်လို့ ဘာမှ အကြောင်းမထူးပါဘူး"

ဘုရင်မက စိတ်လိုက်မာန်ပါ ပြန်ပြောလိုက်သည်။

"ဘုရင်မရဲ့ အကြံအစည် အောင်မြင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"

"ဘာလဲ ဘုရင်မရဲ့ စစ်သည်တော်အင်အား လက်နက်အင်အားတို့ အထင်သေးလို့ ဒီစကား ပြောလိုက်တယ်ပေါ့လေ ... မောင်ရှုပရဲ့ အကူအညီမရရင် စေတုတ္တရာ နိုင်ငံတော်ကြီး ကျဆုံးလိမ့်မယ်ထင်လို့ ခုလို ပမာမခန့်စကား ပြောလိုက်တာ မဟုတ်လား ... မောင်ရှုပကိုယ် မောင်ရှုပ သိပ်ပြီး အထင်ကြီးနေတယ်ပေါ့လေ ... မောင်ရှုပ တစ်ယောက်တည်းနဲ့ စေတုတ္တရာနိုင်ငံကို ကယ်တင်နိုင်မယ်ထင်လို့ ဒီစကား ပြောလိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မက မေးလိုက်ပြန်သည်။

"တစ်ယောက်ကောင်းက တစ်သောင်းမိုလ်ခြေ ညက်ညက်ကြေ ဆိုတဲ့စကား အရှိသားပဲ"

"ရှင် ... တော်တော်အကြွားကြီးတဲ့လူပဲ"

"ကြွားဝါနေခြင်း မဟုတ်၊ ဘုရင်မရဲ့ မာန်မာန တရားတွေ ဖုံးလွှမ်းမှုကြောင့် အမြင်မှန် မမြင်ဘဲရှိနေတာကို အမြင်မှန်ရအောင် ပြောနေခြင်းသာ ဖြစ်ပါတယ်၊ မာန်မာန တရား ဖုံးလွှမ်းနေခြင်းသည် ပျက်စီးခြင်းတရား၏ ရှေ့ပြေးဆိုတာ သတိပြုမိရင် အမှန်ကို မြင်လာပါလိမ့်မယ်"

"ဘုရင်မကို ဆရာလုပ်နေတယ်ပေါ့လေ ... ဘုရင်မကို ဆရာလုပ်ရအောင် မောင်ရှုပက ဘယ်လို လူစားမျိုးမို့လို့လဲ"

"လောကဓံတရား ရှစ်ပါးနဲ့ ကိုယ်တွေ့ကြုံခဲ့ရတဲ့ လူမို့လို့ အတွေ့အကြုံကရတဲ့ ဗဟုသုတနဲ့ ဘုရင်မကို အမှန်တရား သိမြင်လာအောင် မျက်စိဖွင့်ပေးနေခြင်းသာ ဖြစ်ပါတယ်၊ ဘုရင်မကို ဆရာလုပ်နေခြင်း မဟုတ်ပါ"

"မောင်ရှုပကို ဘုရင်မ အကဲခတ်လို့ မရဘူး၊ လူကြွားတစ်ယောက်လို့ ဆိုရမှာကလည်း အခက်၊ လက်က စိပ်ပုတီးကို ကြည့်ပြီး သူတော်စင် ဖြစ်ရမယ်လို့ ဆိုရမှာကလည်းအခက်၊ အပြောအဆိုကလည်း ရဲရင့်တယ်၊ ရင့်ကျက်တဲ့ ဉာဏ်လည်းရှိတယ်၊ သေဘေးကိုလည်း ကြောက်ရွံ့ပုံ မရဘူး ဆိုတော့ ... ဘုရင်မဖြင့် အကဲခတ်လို့ မရအောင် ဖြစ်နေတာပဲ"

ဘုရင်မက ညည်းညူလိုက်သည်။

"ဘုရင်မ မပြောနဲ့ ကျွန်တော့်ကိုယ် ကျွန်တော်တောင် ဘာကောင်လဲ ဆိုတာတောင် ဒီနေ့အထိ စဉ်းစားလို့ မရသေးဘူး"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"မောင်ရှုပရဲ့ ဇာစ်မြစ်ကို ဘုရင်မ မသိရဘူးလား"

ဘုရင်မက မေးလိုက်ပြန်သည်။



"ကျွန်တော့်ဘဝကို ကျွန်တော်မပြောနိုင်တဲ့ အခြေအနေမှာရှိနေလို့ မပြောပါရစေနဲ့၊ ပြောပြလို့လည်း အကြောင်းထူးမှာ မဟုတ်ပါဘူး"

ဗိုလ်နန္ဒက စကားလွှဲပြောလိုက်သည်။

"စေတုတ္တရာနိုင်ငံကို မောင်ရှုပ ဘာကိစ္စနဲ့ ရောက်လာတာလဲ၊ ဒါကိုတော့ ပြောပြသင့်တယ် ထင်တယ်"

ဘုရင်မက သိလိုစောဖြင့် မေးလိုက်သည်။

"ကျွန်တော့်ရဲ့ အသက်နဲ့ လဲပြီး လူပေါင်းများစွာရဲ့ အသက်ကို ကယ်ဖို့ ထွက်လာခဲ့ခြင်း ဖြစ်တယ် ဆိုတာလောက်တော့ ပြောနိုင်ပါတယ်"

"မောင်ရှုပ ပြောတဲ့စကားက ပဟေဠိစကားပဲ၊ ဘုရင်မ သဘောမပေါက်ဘူး"

"ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော် ဘာကိစ္စ ဒီကိုရောက်လာသလဲ ဆိုတာ မပြောတတ်အောင် ဖြစ်နေတာပဲ၊ ရှေ့ကို ဘာလုပ်ရမယ် ဆိုတာလည်း အစီအစဉ်မရှိဘူး၊ ကျွန်တော် သေသွားရင် လူအများချမ်းသာမှာ ဖြစ်တဲ့အတွက် ကောင်းမှုတစ်ခုခုလုပ်ရင်း သေခြင်းတရားကို ရင်ဆိုင်ဖို့ ထွက်လာခဲ့ခြင်း ဖြစ်ပါတယ်"

"လူအများ ချမ်းသာဖို့ ဆိုတာ ဘယ်သူ့ကို ဆိုလိုတာလဲ"

"ဒါတွေကိုပြောပြလို့ အကျိုးရှိမှာမဟုတ်ဘူး၊ အရေးကြီးတာက ဘုရင်မအပါးမှာ ခစားပြီး ဘုရင်မကို မကောင်းကြံဖို့ အလစ်ချောင်းနေတဲ့ သူလျှိုတွေရဲ့ ရန်ကို နှိမ်နင်းဖို့ကသာ အရေးကြီးလှပါတယ်။ အကျိုးမရှိတဲ့ စကားတွေ ပြောနေမယ့်အစား သူလျှိုကို မိအောင်ဖမ်းဖို့ အကြံထုတ်ရင် အချိန်ကို တန်ဖိုးထားရာ ရောက်ပါလိမ့်မယ်"

ဗိုလ်နန္ဒက စကားကို ကွေ့ရှောင်ပြီး ပြောလိုက်သည်။

"ဒါဖြင့်ကောင်းပြီ ... မောင်ရှုပဟာ အတွေ့အကြုံများတဲ့ လူတစ်ယောက်ဖြစ်တယ်လို့ ပြောသွားတယ်၊ စကားအရာမှာလည်း ကြွယ်ဝတယ်။ စကားအရာမှာ ကြွယ်ဝသလို ပရိယာယ်ဝေဝုစ်အရာမှာလည်း

www.burmeseclassic.com



ကြွယ်ဝတယ်လို့ မနေ့ညက ဘုရင်မကို ကြားဝါခဲ့တယ်။ ဒီတော့ကာ — ဘုရင်မကို အကြံပေးစမ်းပါ၊ မောင်ရှုပ ပြောနေတဲ့ သူလျှိုတွေဟာ ဘယ်သူတွေလဲ ဆိုတာ သိအောင် ဘယ်ပုံဘယ်နည်း ဉာဏ်ဆင်ပြီး ဖမ်းရမလဲ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား ပြန်မေးလိုက်သည်။

ဗိုလ်နန္ဒသည် ရုတ်တရက် အဖြေမပေးသေးဘဲ အချိန်ယူပြီး စဉ်းစားနေပေသည်။

"သူလျှိုဆိုတာ မြင်နိုင်ကောင်းတာ မဟုတ်လို့ ပရိယာယ်ကျော့ကွင်းနဲ့ ဆင်ပြီး ဖမ်းမှသာ မိနိုင်ပါလိမ့်မယ်၊ ကျွန်တော်ပေးတဲ့ အကြံကို ယုံယုံကြည်ကြည်နဲ့ လက်ခံမယ်ဆိုရင်တော့ အကြံပေးဖို့ အသင့်ရှိပါတယ်"

ဗိုလ်နန္ဒသည် အတန်ကြာ စဉ်းစားနေရာမှ စကားစလိုက်သည်။

"နိဒါန်း ပျိုးမနေစမ်းပါနဲ့ ပြောစရာရှိတာ မြန်မြန်ပြောစမ်းပါ"

"ဘုရင်မ နားဆင်တော်မူပါ … ရေထဲက ငါးကို မျှားချင်ရင် ငါးမျှားချိတ်မှာ ငါးစာတပ်ပြီး ဖမ်းမှ မိနိုင်ပါတယ်၊ ကျွန်တော်ဟာ သေရမယ့်လူ ဖြစ်တဲ့အတွက် ကျွန်တော့်ကို ငါးစာအဖြစ် အသုံးပြုပြီး သူလျှိုတွေကို ဖမ်းဖို့ အကြံပေးချင်ပါတယ်၊ ကျွန်တော့်အပေါ်မှာ ယုံကြည်စိတ်ချလို့ရှိရင် ကျွန်တော် အကြံပေးတဲ့အတိုင်း လိုက်နာဖို့နဲ့၊ မယုံကြည်လို့ရှိရင် ဘုရင်မရဲ့ သဘောအတိုင်း ကြိုက်သလို စီရင်ဖို့ ကျွန်တော် စကားပလ္လင်ခံရခြင်း ဖြစ်ပါတယ်"

"မောင်ရှုပရဲ့ အကြံအစည်ကို ပြောပြစမ်း"

"ဒီနေ့မနက် ဘုရင်မ ရှေ့တော်မှာ ဆွေတော် မျိုးတော်များရဲ့ မှူးကြီးမတ်ရာ သေနာပတိတို့ အခစား ဝင်ကြတဲ့ အချိန်မှာ ကျွန်တော့်ကို ဘုရင်မရဲ့ ရှေ့တော်သွင်းစေပြီး ပရိသတ် ဗိုလ်ပုံအလယ်မှာ ကျွန်တော့်ကို သာယာရွှေပြည် နိုင်ငံတော် သီဟရာဇာ ဘုရင်ကြီးက ဘုရင်မ



ကို လုပ်ကြံစေဖို့ စေလွှတ်လိုက်တဲ့ သူလျှို ဖြစ်ကြောင်း စွဲချက်တင်ပြီး စစ်ဆေးဖို့ အကြံပေးပါရစေ၊ စစ်ဆေးတဲ့ နေရာမှာလည်း ရက်ရက်စက်စက် မေးခွန်းတွေထုတ်ဖို့ အကြံပေးလိုပါတယ်"

ဗိုလ်နန္ဒက ရဲရဲကြီး ပြန်ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် မျက်လုံးပြူး၍သွားပေသည်။

"ဘာပြောတယ် … မောင်ရှုပဟာ သီဟရာဇာ ဘုရင်က ဘုရင်မကို လုပ်ကြံဖို့ စေလိုက်တဲ့ သူလျှို ဟုတ်လား"

"ဟုတ်တာ မဟုတ်တာကို အပထားပြီး လူဗိုလ်ပုံ အလယ်မှာ ဒီအတိုင်း စွပ်စွဲပြီး စစ်ဆေးပါ၊ အလိုလို အဖြေထွက်လာပါလိမ့်မယ်"

"သီဟရာဇာ ဘုရင်ဟာ ဘုရင်မရဲ့ အကြီးဆုံး ရန်သူပဲ၊ သီဟရာဇာ ဘုရင်ရဲ့ သူလျှိုဆိုရင် ဘယ်နည်းနဲ့မှ ချမ်းသာခွင့် မပေးနိုင်ဘူး"

"ချမ်းသာခွင့်ပေးဖို့ အသနားခံနေခြင်း မဟုတ်ပါ၊ ဘုရင်မ ကိုယ်တော်တိုင် စစ်ဆေးပြီး သီဟရာဇာ ဘုရင်ရဲ့ သူလျှိုစစ်စစ် ဖြစ်တယ်ဆိုတာ သိရင် ဘုရင်မ ကြိုက်သလို စီရင်ပါ၊ ကျွန်တော့်ကို လူဗိုလ်ပုံအလယ်မှာ စစ်ဆေးရင် ဘုရင်မ သိလိုတဲ့အဖြေ ထွက်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်လို့ ခုလို အကြံပေးရခြင်း ဖြစ်ပါတယ်"

"အို … အဖြေထွက်အောင် မစောင့်နိုင်ဘူး၊ သီဟရာဇာ ဘုရင်ရဲ့ သူလျှိုသာ ဖြစ်မယ်ဆိုရင် ခုချက်ချင်း ကြိုးပေးပြီးတောင် သတ်ပစ်ချင်သေးတယ်"

"ကျွန်တော်လည်း မြန်မြန်သေရင် မြန်မြန်အေးတယ်လို့ ယူဆထားပြီး ဖြစ်လို့ ခုချက်ချင်း ကြိုးပေးပြီး သတ်လိုက အသေခံဖို့ အသင့်ပါပဲ၊ သို့သော် … ကျွန်တော့်ရဲ့ အသက်နဲ့ခန္ဓာကိုယ် ကျန်နေသမျှတော့ဖြင့် ဘုရင်မနဲ့ ဇေတုတ္တရာ နိုင်ငံတော်အတွက် အသက်ပေးလှူဒါန်းကွယ်ဖို့ အသင့်ရှိတယ်ဆိုတာ ဘုရင်မ သိထားစေချင်ပါတယ်"

"စကားတတ်တိုင်း ဇေ့လည်ကြောင်ပတ် ပြောမနေစမ်းနဲ့ ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com



နားရှုပ်လှပြီ၊ မောင်ရှုပနဲ့ ကြာကြာထပ်ပြီး စကားပြောနေရင် ဘုရင်မပါ ရူးသွားလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် မောင်ရှုပကို ခပ်မြန်မြန် လင်းတစာ ကျွေးပစ်လိုက်ရင် အေးလိမ့်မယ် ထင်တာပဲ"

ဘုရင်မသည် မည်သို့မည်ပုံ အဆုံးအဖြတ် ပေးရမည်ကို စဉ်းစား၍မရသဖြင့် စိတ်ညစ်ညစ်နှင့် ညည်းညူလိုက်သည်။

"ကျွန်တော့်ကို လင်းတစာ ကျွေးရင် လင်းတတွေကတော့ ဘုရင်မကို ကျေးဇူးတင်မှာပဲ၊ ဒါပေမဲ့ ဘုရင်မရဲ့ စေတုတ္တရာ နိုင်ငံအဖို့ ဘယ်လိုအကျိုးထူးလဲ ဆိုတာလည်း စဉ်းစားပါဦး၊ ကျွန်တော့်ကို အကြောင်းမဲ့သက်သက် သေဒဏ် အပြစ်ပေးမယ့်အစား မှူးမတ်ဗိုလ်ပုံ အလယ်မှာ သီဟရာဇာ ဘုရင်ရဲ့ သူလျှိုအဖြစ် စစ်ဆေးပြီးမှ သေဒဏ်ပေးခြင်းက ပိုပြီး အကျိုးရှိလိမ့်မယ် ဆိုတာ ကျွန်တော် နောက်ဆုံး အကြံပေးတဲ့အနေနဲ့ အကြံပေးချင်ပါတယ်၊ ဘုရင်မ့အကျိုးနဲ့ တိုင်းပြည်ရဲ့အကျိုးကို မကြည့်ဘဲ ဆင်ကန်းတောတိုး မိုက်တိမိုက်ကန်း လုပ်မယ်ဆိုရင်လည်း ဘုရင်မရဲ့ လက်သုံးတော်ဓားနဲ့ ခုချက်ချင်း ခုတ်သတ်လိုက ခုတ်သတ်နိုင်ပါတယ်။ ကျွန်တော်ရဲ့လည်ကို စင်းပေးဖို့ အသင့်ရှိပါတယ်"

ပြောပြောဆိုဆို ဗိုလ်နန္ဒသည် ဘုရင်မ၏ရှေ့တွင် ဒူးထောက်ပြီး လည်ကိုစင်းပေးလိုက်ရာ ဘုရင်မသည် ဗိုလ်နန္ဒအား မျက်မှောင်ကြုတ်၍ ကြည့်နေရာမှ သင်ပြင်းကြီးချလိုက်ပြီးလျှင် သလွန်ပေါ်တွင် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ ပြီးမှတစ်ဖန် ခပ်လှမ်းလှမ်းမှ ခစား နေသော ကိုယ်ရံတော် ၂ ယောက်ကို လှမ်းခေါ်လိုက်ပြီးလျှင် စကားတစ်ခွန်းမျှ မပြောဘဲ ဗိုလ်နန္ဒ၏ အခန်းထဲမှ ထွက်သွားပေရာ ဗိုလ်နန္ဒမှာ အကျဉ်းထောင်ထဲတွင် ဒူးထောက်ရင်း ကျန်ရစ်ခဲ့ပေတော့သည်။

* * *

## အခန်း–၁၃

နန္ဒဒေဝီ ဘုရင်မ ထွက်သွားပြီးနောက် ဗိုလ်နန္ဒသည် အကျဉ်းထောင်ထဲတွင် စကြံလျှောက်ရင်း စိပ်ပုတီးစိပ်၍ နေပေသည်။ ဘုရင်မ၏ စိတ်အပြောင်းအလဲ မြန်ပုံကိုလည်း ပြန်လည် စားမြုံ့ပြန်၍နေမိသဖြင့် စိပ်ပုတီးကိုပင် မှန်မှန်မစိပ်နိုင်ဘဲ တစ်ခါတစ်ရံတွင် ဘုရင်မ၏မျက်နှာကို မြင်ယောင်၍နေပေသည်။

စစ်သည်တော် အင်အားကို အားကိုးပြီး ဘဝင်မြင့်နေမည်ဆိုလျှင် နန္ဒဒေဝီ ဘုရင်မ အကျနာမည်ကို လည်းကောင်း၊ စေတုတ္တရာ နိုင်ငံတော်ရှိ မိန်းမနှင့် ကလေးများ သေကျေပျက်စီးရမည်ကို လည်းကောင်း၊ အရိုးကောင်းသမီးများ ဓားကားခံရမည်ကို လည်းကောင်း စဉ်းစားမိသောအခါ ဗိုလ်နန္ဒသည် စိတ်ထဲတွင် မချိတင်ကဲ ဖြစ်၍သွားကာ နန္ဒဒေဝီ ဘုရင်မ အမြင်မှန်ရပါစေ ဟူ၍လည်း တစ်ယောက်တည်း ကြိတ်၍ ဆုတောင်းနေမိပေသည်။

နေမှာ တဖြည်းဖြည်း မြင့်၍လာပေသည်။ အကျဉ်းထောင်အတွင်းရှိ သံတိုင်ပေါက်မှ အပြင်သို့ မျှော်ကြည့်လိုက်ရာ နေထန်းတစ်ဖျားခန့်မျှ ဖြစ်သည်ကို တွေ့ရပေသည်။ သို့ရာတွင် ဘုရင်မထံမှ တစ်စုံတစ်ရာ အမိန့်မရောက်လာသေးသဖြင့် ဗိုလ်နန္ဒသည် စိတ်တထင့်ထင့်နှင့် ဘုရင်မထံမှ အမိန့်ကိုသာ စောင့်မျှော်၍နေပေသည်။

မကြာမီ ထောင်တံခါးဖွင့်သံ ကြားရပြီး ထောင်မှူးကြီး ချစ်ညို

www.burmeseclassic.com



သည် ဗိုလ်နန္ဒအတွက် စားကောင်းသောက်ဖွယ်များ ယူလာကာ ဗိုလ်နန္ဒအား ချ၍ကျွေးမွေးနေပေသည်။

"ဘုရင်မဆီက ဘယ်လိုမှ အမိန့်မချသေးဘူးလား"

ဗိုလ်နန္ဒက ဆီး၍ မေးလိုက်သည်။

"မှူးကြီးမတ်ရာ သေနာပတိတွေကို ဘုရင်မ ဆင့်ခေါ်ထားပါတယ်။ ပရိသတ်ဗိုလ်ပုံ စုံလင်တဲ့အခါ မောင်ရှုပကို ဘုရင်မ ရှေ့တော်မှောက် ခေါ်ယူပြီး ကိုယ်တော်တိုင် စစ်ဆေးမယ်လို့ သိရပါတယ်။ ဒါပေမဲ့ မောင်ရှုပ စိတ်မပူပါနဲ့၊ စစ်သူကြီး ဗန္ဓုက ကိုယ်တိုင် မောင်ရှုပရဲ့အသက်အေးကို ချမ်းသာပေးဖို့ ဘုရင်မ ရှေ့တော်မှာ တစ်မနက်လုံး လျှောက်လဲနေတာကို ကျုပ်ကိုယ်တိုင် ကြားခဲ့ရပါတယ်။ ခုလည်းပဲ နန်းတော်တွင်းမှာ စစ်သူကြီး ဗန္ဓုကနဲ့ ဘုရင်မ အချေအတင် ပြောဆိုနေတာကို ကြားခဲ့ရပါတယ်"

ထောင်မှူးကြီး ချစ်ညိုက မိမိသိသမျှ သတင်းလက်ဆောင်ပါး၍ နေပေသည်။

"ဘုရင်မရဲ့ မျက်နှာတော် ကြည်သာရဲ့လား"

ဗိုလ်နန္ဒက မေးလိုက်သည်။

"မျက်နှာတော်ကဖြင့် နည်းနည်းကလေးမှ မကြည်သာဘူး၊ တိမ်ဖုံးနေတဲ့ လမင်းကြီးလို ညိုမည်းနေတာကို တွေ့ခဲ့ရပါတယ်။ ပြီးတော့ မောင်ရှုပကို ဘုရင်မ ရှေ့တော်ကို ခေါ်လာတဲ့အခါမှာလည်း သံခြေချင်းခတ်ပြီး ခေါ်လာရမယ်လို့ အမိန့်ပေးလိုက်တယ်။ မောင်ရှုပဟာ ဘုရင်မကို ရန်မူမယ့် လူစား မဟုတ်ပါဘူး၊ ထွက်ပြေးမယ့်လူစားလည်း မဟုတ်ပါဘူး၊ သံခြေချင်း မခတ်ပါရစေနဲ့လို့ သံတော်ဦးတင်တာတောင် လက်မခံဘူး၊ ဒါ ဘုရင်မရဲ့အမိန့် နာခံရမယ် ဆိုပြီး ခြေကိုဆောင့်ပြီး အမိန့်ပေးလိုက်ပါတယ်"

ထောင်မှူးကြီး ချစ်ညိုက စိတ်ပျက်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။ ဗိုလ်နန္ဒကမူ ဘာမှပြန်မပြောဘဲ စိတ်ထဲကကြိတ်ပြီး ကျေနပ်နေပုံရပေသည်။



"ကဲ မောင်ရှုပ ထမင်းစားလိုက်ဦးလေ၊ ထမင်းဝအောင်စားပြီး ဘုရင်မရဲ့ အမိန့်အတိုင်း ခြေချင်းခတ်ဖို့ ခွင့်ပြုပါ၊ ကျုပ်တို့အနေနဲ့ကတော့ ကျုပ်မိတ်ဆွေ ဗန္ဓုက စစ်သူကြီးရဲ့ အသက်ကို ကယ်ဆယ်ခဲ့ရတဲ့ လူတစ်ယောက်အနေနဲ့ လက်ဖျားနဲ့တောင် မတို့ရက်ပါဘူး။ ဒါပေမဲ့ ဘုရင်မ အမိန့်ကိုတော့ မနာခံလို့ မဖြစ်ဘူး"

ထောင်မှူးကြီးက တောင်းတောင်းပန်ပန် ပြောလိုက်သည်။

"ဒီအတွက် ဘာမှ စိတ်စနောင့်စနင်း မဖြစ်ပါနဲ့၊ ထောင်မှူးကြီးအပေါ်မှာ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို ထောင်မှူးကြီး ယူလာသောထမင်းကို အားရပါးရစား၍နေပေသည်။

ထိုအခိုက်တွင် စစ်သူကြီး ဗန္ဓုကသည် ဗိုလ်နန္ဒအား ချုပ်နှောင်ထားသည့် အကျဉ်းထောင်အတွင်းသို့ ဝင်၍လာပေသည်။

"မောင်ရှုပအတွက် ကျုပ်တော့ တတ်နိုင်သမျှ ဘုရင်မကို လျှောက်လဲခဲ့တာပဲ၊ ဒါပေမဲ့ ဘုရင်မရဲ့စိတ်က သိပ်ပြီး ခက်ထန်နေတဲ့အချိန်မို့လို့ ကျုပ်ပြောတဲ့ စကားတွေ နားမဝင်ဘူး၊ ဘုရင်မရဲ့စိတ်က သူ့ရဲ့ ဖခမည်းတော်လိုပဲ အင်မတန် ခက်ထန်တယ်။ ဒါပေမဲ့ ဘာမှမပူပါနဲ့၊ မောင်ရှုပအတွက် ကျုပ် အသက်နဲ့လဲပြီး ခုခံကာကွယ်ပါ့မယ်။ မောင်ရှုပကို သေဒဏ်ပေးရင် မောင်ရှုပ ကိုယ်စား ကျုပ်ကို သေဒဏ်ပေးဖို့ ခွတ်အတင်း လျှောက်ထားမှာပဲ"

စစ်သူကြီး ဗန္ဓုကသည် ဗိုလ်နန္ဒအား အားပေးစကား ပြောလိုက်သည်။

"စစ်သူကြီး ဗန္ဓုက ဘာမှ စိုးရိမ်မနေပါနဲ့၊ ကျွန်တော့်ရဲ့ ထွက်ကိန်းသာ မှန်လို့ရှိရင် ကျွန်တော်နဲ့ စစ်သူကြီး ဗန္ဓုက လက်တွဲပြီး ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ စေတုတ္တရာနိုင်ငံကို သုစနုဘုရင်ရဲ့ ဘေးရန်က ကာကွယ်ဖို့ ခွင့်ရလိမ့်မယ်လို့ ကျွန်တော် ယုံကြည်နေပါတယ်"

ဗိုလ်နန္ဒသည် မိမိ၏အကြံအစည် အောင်မြင်တော့မည်ကို သိသဖြင့် သေရမည့်ဘေးကို စိုးရိမ်ထိတ်လန့်သည့် အမူအရာမပြဘဲ ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"ကဲ–မောင်ရှုပ ... ထမင်းစားပြီးရင် ဘုရင်မရဲ့ ရှေ့တော်မှောက် ဝင်ကြစို့၊ ပရိသတ်ဗိုလ်ပုံလည်း အတော်စုံလင်နေပြီ၊ ဘုရင်မလည်း ချော်တော်စိုက်နေပြီထင်တယ်"

စစ်သူကြီး ဗန္ဓက,က ပြောလိုက်ရာ ဗိုလ်နန္ဒသည် ဘုရင်မရှေ့မှောက်သို့ လိုက်ပါရန် အသင့်ပြင်၍နေပေသည်။

"မောင်ရှုပ စိတ်မရှိနဲ့နော် ... ဘုရင်မရဲ့ အမိန့်အတိုင်း မောင်ရှုပကို သံခြေချင်းခတ်ခွင့်ပြုပါ"

"ခွင့်တောင်းနေစရာ မလိုပါဘူး ... ထောင်မှူးကြီးရဲ့ ဝတ္တရားအတိုင်းသာ ဆောင်ရွက်ပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ပြီး ခြေချင်းခတ်ရန်အတွက် မတ်တတ်ရပ်ပေးလိုက်သည်။

ထောင်မှူးကြီး ချစ်ညိုသည် ဝတ္တရားအရ ဗိုလ်နန္ဒအား သံခြေချင်း ခတ်လိုက်ရသော်လည်း စိတ်ထဲတွင်မူကား မချမ်းမသာဖြစ်၍နေပေသည်။ စစ်သူကြီး ဗန္ဓကမှာလည်း ဗိုလ်နန္ဒအား မကြည့်ရက်သဖြင့် မျက်နှာလွှဲထားပေသည်။

ဗိုလ်နန္ဒအား သံခြေကျင်း ခတ်ပြီးနောက် စစ်သူကြီး ဗန္ဓက,က ရှေ့ဆောင်ကာ ဘုရင်မ၏ ဥယျာဉ်တော်ဘေးမှ ဖြတ်၍ တရားလွှတ်တော် ခန်းမကြီးရှိရာသို့ ခေါ်ဆောင်လာခဲ့ပေရာ ဗိုလ်နန္ဒမှာ သံခြေကျင်းသံ တချွင်ချွင်ဖြင့် တဖြည်းဖြည်း လိုက်ပါလာခဲ့ပေသည်။ ဗိုလ်နန္ဒ၏



နောက်မှ ထောင်မှူးကြီး ချစ်ညိုသည် ထပ်ကြပ်မကွာ လိုက်ပါလာကာ တစ်လမ်းလုံး ဗိုလ်နန္ဒအား အားပေးစကားပြော၍လာပေသည်။

တရားလွှတ်တော် ခန်းမတွင် စန္ဒာဒေဝီ ဘုရင်မသည် စင်မြင့်ပေါ်ရှိ သလွန်ပေါ်တွင် ထိုင်လျက် စန္ဒာဒေဝီ ဘုရင်မ၏ ဝဲယာတွင် ဆွေတော် မျိုးတော်များနှင့်တကွ မြို့စား၊ ရွာစားများ၊ အတွင်းဝန်၊ အဝြင်ဝန်များ ဝိုင်းရံခစားလျက်ရှိသည်ကို တွေ့ရပေသည်။

ဘုရင်မနှင့် မျက်နှာတူရူအရပ်တွင် မတ်တတ်ရပ်ကာ ဘုရင်မနှင့် ဘုရင်မ၏ အပါးတွင် ခစားနေသူများအား တစ်ယောက်စီ ကြည့်ရှု အကဲခတ်၍ နေပေသည်။

ဘုရင်မ၏အပါးတွင် မြို့စားကြီးများနှင့်တူသော ပုဂ္ဂိုလ်ဆယ်ဦးသည် ဝဲဘက်တွင် ၅ ဦး၊ ယာဘက်တွင် ၅ ဦး ခြံရံလျက် ခစားလျက်ရှိကြပြီး ဘေးပတ်ဝန်းကျင်တွင်မူကား ဆွေတော် မျိုးတော်များနှင့်တူသော ပရိသတ်ကို တွေ့မြင်ရပေသည်။

ဘုရင်မ၏ လက်ယာဘက်တွင် အသက်အရွယ်အားဖြင့် ၅၀ ကျော် ၆၀ ခန့်ရှိမည်ဟု ထင်ရသော ခံ့ညားသည့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရပြီး လက်ဝဲဘက်တွင် အသက် ၃၀ ကျော် ၄၀ ခန့်ရှိ ရုပ်ရည်သန့်ပြန့်သည့် လူလတ်တစ်ဦးကို တွေ့ရပေသည်။ ၎င်းတို့၏ ဘေးတစ်ဖက်နစ်ချက်တွင်မူ အသက်အရွယ်အားဖြင့် နုပျိုသော မြို့စားများကို တွေ့ရပေသည်။

ဘုရင်မသည် ဗိုလ်နန္ဒအား အတန်ကြာ စိုက်ကြည့်နေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်ပြီးလျှင် လက်ယာဘက်ရှိ အသက် ၅၀ ကျော် ၆၀ ခန့် အရွယ်ရှိ ခံ့ညားသည့် ပုဂ္ဂိုလ်ကြီးဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်။

"သက်တော်ရှည် အမတ်ကြီး ... ယခု ဘုရင်မ ရှေ့တော်မှောက်သို့ ရောက်ရှိနေသော အကျဉ်းသားသည် ဘုရင်မ၏ ရန်သူဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



သာယာရွှေပြည် နိုင်ငံတော် သီဟရာဇာ ဘုရင်ရဲ့ သူလျှိုဖြစ်တယ်လို့ ဘုရင်မ ကြားသိရတယ်၊ ဒီသူလျှိုကို သက်တော်ရှည် အမတ်ကြီး ကိုယ်တိုင် စစ်ဆေးစမ်းပါ"

ဘုရင်မသည် မိမိ၏ လက်ယာဘက်တွင် ခစားနေသည့် သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါအား အမိန့်ပေးလိုက်သည်။

သီဟရာဇာ ဘုရင်၏ သူလျှို ဟူသောစကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် သက်တော်ရှည် အမတ်ကြီး၏နောက်တွင် ကပ်ပြီး ထိုင်နေသည့် အသက် ၃၀ ကျော် အရွယ်ရှိ ရုပ်ရည်သန့်ပြန့်သည့် လူရွယ်သည် ဘုရင်မအပါးသို့တိုး၍ ရှိသေစွာ ခစားလိုက်ပြီးလျှင် အောက်ပါအတိုင်း သံတော်ဦးတင်လိုက်သည်။

"အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္မျူလတို့ကဲ့သို့ မိန်းမမြတ်၏ ကြန်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော ဘုရင်မအား လျှောက်တင်ပါရစေ... ဤအကျဉ်းသားသည် ဘုရင်မ မိန့်ကြားတော်မူသည့်အတိုင်း သီဟရာဇာ ဘုရင်မင်းမြတ်၏ သူလျှိုအစစ် ကေန်ဖြစ်သည် ဆိုပါက စစ်ဆေးနေရန် မလိုပါ၊ ယခုချက်ချင်းပင် သေဒဏ်ပေးသင့်ကြောင်း ကျွန်တော်မျိုး ရန်အောင်မြို့စား မောင်ဒေဝ လျှောက်တင်ဝံ့ကြောင်းပါ"

ရန်အောင်မြို့စား မောင်ဒေဝ ဆိုသူက ဘုရင်မအား လျှောက်ထားလိုက်ရာ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါသည် မောင်ဒေဝအား ဘုရင်မအပါးမှ မိမိ၏နောက်သို့ ဆွဲသွင်းလိုက်သည်။

"ရန်အောင်မြို့စား အသာနေစမ်းပါ ... ဘုရင်မဟာ ဘယ်တုန်းကမှ ရာဇဝတ်သားတစ်ယောက်ကို မစစ်ဆေးဘဲ အပြစ်ပေးတဲ့ ထုံးစံမရှိဘူး ဆိုတာ ရန်အောင်မြို့စား နားမလည်ဘူးလား"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက သတိပေးလိုက်သည်။

ရန်အောင်မြို့စားမှာ ဘုရင်မအပါးမှ ဆွဲထုတ်ခြင်း ခံရသည်သာ



မက ယခုကဲ့သို့ သတိပေးခံရပြန်သဖြင့် စိတ်ထဲတွင် မခံမရပ်နိုင်ဖြစ်ကာ မျက်နှာတစ်ခုလုံး နီရဲသွားပေသည်။

"သက်တော်ရှည် အမတ်ကြီး ... ကျုပ်ဟာ ဘုရင်မရဲ့ အတွင်းဝန်တစ်ဦး ဖြစ်တယ်ဆိုတာ မေ့နေတယ်ထင်တယ်၊ ဘုရင်မရဲ့ အတွင်းဝန်တစ်ဦး အနေနဲ့ ဘုရင်မကို အကြံပေးနိုင်တဲ့ အခွင့်အရေးရှိတယ်ဆိုတာ နားလည်ဖို့ကောင်းတယ်"

ရန်အောင်မြို့စားက ရှက်ရှက်နှင့် ပြန်ပြောလိုက်သည်။

"အသာနေစမ်းပါ ... ကိုယ့်အလုပ် မဟုတ်တာကို ဝင်မရှုပ်ချင်စမ်းပါနဲ့၊ ဘုရင်မက ရန်အောင်မြို့စားကို အမိန့်ပေးတာ မဟုတ်ဘူး၊ ကျုပ်ကိုစစ်ဆေးဖို့ အမိန့်ပေးတာ ... ကျုပ် စစ်ဆေးတဲ့နေရာမှာ ဝင်မရှုပ်စမ်းပါနဲ့"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက ရန်အောင်မြို့စားအား ခပ်တင်းတင်း ပြန်ပြောလိုက်ရာ ရန်အောင်မြို့စားသည် သက်တော်ရှည် အမတ်ကြီး၏ စိတ်ဓာတ်ကိုသိသဖြင့် နောက်ထပ် ဘာမှမပြောဝံ့တော့ဘဲ ဆိတ်ဆိတ်နေပေသည်။ သို့ရာတွင် လူဗိုလ်ပုံအလယ်တွင် ယခုကဲ့သို့ အပြောအဆို ခံရသဖြင့် စိတ်ထဲတွင် အခဲမကျေဘဲ မျက်နှာမှာလည်း ညိုမည်း၍နေပေသည်။

ဘုရင်မ အပါးတွင် ခစား၍နေကြသော ပရိသတ်မှာလည်း သက်တော်ရှည် အမတ်ကြီးနှင့် ရန်အောင်မြို့စားတို့ အချေအတင် ပြောဆိုနေသည်ကို အာရုံစိုက်နေကြပြီး ဘုရင်မက မည်ကဲ့သို့ အမိန့်ချမှတ်မည်ကို နားစွင့်နေကြပေသည်။

"ရန်အောင်မြို့စားက သိပ်ပြီး စိတ်မြန်တာကိုး၊ ဒီအမှုကို ဘုရင်မရဲ့ နိုင်ငံတော်မှာ အသက်အကြီးဆုံးနဲ့ ဝါအရင့်ဆုံးဖြစ်တဲ့ သက်တော်ရှည် အမတ်ကြီး စစ်ဆေးပါလိမ့်မယ်၊ ဘယ်သူမှ ဝင်မစွက်ကြနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မသည် သာယာညင်းပျောင်းသော အသံဖြင့် အဆုံးအဖြတ်ပေးလိုက်သည်။

ဘုရင်မ၏ အဆုံးအဖြတ်ကို ကြားရသောအခါ ဘုရင်မ၏ လက်ဝဲဘက်မှ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် လူရွယ်တစ်ယောက်က ဘုရင်မ၏ အဆုံးအဖြတ်ကို စောဒကတက်လိုသည့်သဘောဖြင့် ဘုရင်မအပေါ်သို့ တိုး၍ ခစားလိုက်သည်။

"ဘုရင်မကို လျှောက်တင်ပါရစေ ... အသက်ကြီးသူ ဝါရင့်သူဆိုပြီး ယခုအမှုကို စစ်ဆေးရန် တာဝန်ပေးခြင်းမှာ မသင့်လျော်ပါ၊ အမှန်အတိုင်း လျှောက်ထားရမည်ဆိုလျှင် ကျွန်တော်မျိုး ခေတ္တရာမြို့စား မောင်ဝဏ္ဏသာလျှင် ဤအမှုကို စစ်ဆေးဖို့ အသင့်ဆုံး ဖြစ်ပါသဖြင့် သက်တော်ရှည် အမတ်ကြီးအစား ကျွန်တော်မျိုးအား စစ်ဆေးခွင့်ပြုတော်မူပါရန် လျှောက်ထားအပ်ပါသည်"

ခေတ္တရာမြို့စားက လျှောက်ထားလိုက်ပြန်သည်။

"ခေတ္တရာမြို့စား ဝင်မစွက်ချင်စမ်းနဲ့၊ ဘုရင်မရဲ့ စိတ်ကို သိတယ် မဟုတ်လား"

ဘုရင်မက သတိပေးလိုက်ရာ ခေတ္တရာမြို့စားသည် ဘာမှဆက်မပြောဝံ့တော့ဘဲ မိမိနေရာသို့ ပြန်သွားသည်။ သို့ရာတွင် မျက်နှာမှာမူကား ညိုပုပ်ပုပ် ဖြစ်၍နေသည်ကို သံခြေချင်းနှင့် ဗိုလ်နန္ဒက သတိပြုမိလိုက်ပေသည်။

"ကဲ ... အချင်းများမနေကြနဲ့တော့ ... အကျဉ်းသားကို ဘုရင်မကိုယ်တော်တိုင် စစ်ဆေးတော်မူမည်။ မောင်မင်းသည် သာယာရွှေပြည်နိုင်ငံတော် သီဟရာဇာ ဘုရင်မင်းမြတ်ထံမှ စေလွှတ်လိုက်တဲ့ သူလျှိုဆိုတာ ဟုတ်မှန်သလော ... မှန်ရာကို အစစ်ခံစေ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား စေ့စေ့ကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။



"မှန်လှပါ ... ဘုန်းတော်ကြောင့် ကျွန်ုပ် မောင်ရှုပသည် ဘုရင်မမိန့်ကြားတော်မူသည့်အတိုင်း သာယာရွှေပြည် နိုင်ငံတော် သီဟရာဇာဘုရင်ထံမှ စေလွှတ်လိုက်သူ ဧကန်စင်စစ် ဖြစ်ပါသည်"

ဗိုလ်နန္ဒက ရဲရဲရင့်ရင့် လျှောက်တင်လိုက်ရာ ဘုရင်မအပေါ်းတွင်ခစားလျက်ရှိသော ပရိသတ်မှာ ယခုကဲ့သို့ ရဲရဲရင့်ရင့် အစစ်ခံသည်ကို မကြားစဖူး ကြားရသဖြင့် အံ့အားသင့်စွာဖြင့် ဗိုလ်နန္ဒအား တစ်ပြိုင်တည်း လှမ်းကြည့်လိုက်ကြပြီး အချင်းချင်း လက်ကုတ်ခါ ဗိုလ်နန္ဒ၏ ရဲရင့်တည်ကြည်သော အမူအရာကို တိုးတိုးတိတ်တိတ် ချီးကျူးသူကချီးကျူးပြီး ကဲ့ရဲ့သူက ကဲ့ရဲ့နေကြပေသည်။

"သီဟရာဇာ ဘုရင်ထံမှ စေလွှတ်လိုက်သူ ဖြစ်သည်ဆိုလျှင် မည်သည့်ကိစ္စနှင့် စေလွှတ်လိုက်သည်ကို မှန်မှန်ကန်ကန် အစစ်ခံစမ်းပါ"

ဘုရင်မက ဗိုလ်နန္ဒအား မေးခွန်းထုတ်လိုက်ပြန်သည်။

"ကျွန်ုပ် လာရခြင်း အကြောင်းရင်းမှာ စေတုတ္တရာနိုင်ငံတော်ပျက်စီးအောင် သုဝဏ္ဏနိုင်ငံ သုမန ဘုရင်ယုတ်က ယုတ်မာပက်စက်တဲ့ အကြံအစည်ဖြင့် ကြံစည်လျက်ရှိသည်ကို ဘုရင်မအား သတိပေးရန်ဖြစ်ကြောင်းပါ"

ဗိုလ်နန္ဒသည် ဘုရင်မနှင့် ပရိသတ်၏ အရိပ်အကဲကိုကြည့်ရင်းဉာဏ်ရှိရပင် ပြတ်ပြတ်သားသား ပြောလိုက်ပေရာ စောစောပိုင်းကဗိုလ်နန္ဒအားကြည့်ပြီး အချင်းချင်း လက်ကုတ်ခါ ဗိုလ်နန္ဒ၏ အတင်းကိုပြောဆိုနေကြသည့် ပရိသတ်သည် ရုတ်တရက် ငြိမ်သက်သွားပြီး ဗိုလ်နန္ဒအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေရာမှ ဘုရင်မ၏ အပါးတွင်ခစားလျက်ရှိသော အတွင်းဝန်၊ အပြင်ဝန်များနှင့် မြို့စားများသည်လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြီး တစ်ယောက်တစ်ခွန်း ဆူဆူညံညံ ပြော

www.burmeseclassic.com

www.burmeseclassic.com



ဆိုနေကြသည့် အသံများမှာ တရားလွှတ်တော်ခန်းမတစ်ခုလုံး ပဲ့တင်ထပ်၍ သွားပေသည်။

"သူလျှိုစုတ် ပြောတဲ့ စကားတွေကို မယုံပါနဲ့၊ သုမန ဘုရင်ဟာ စေတုတ္တရာ နိုင်ငံတော်ကို ဘယ်နည်းနဲ့မှ မကြံစည်ဝံ့ပါဘူး"

ဆူဆူညံညံ အကြားတွင် ဘုရင်မ၏အပါးမှ အသံတစ်သံ ထွက်ပေါ်လာပေသည်။

"ဒါဟာ သီဟရာဇာ ဘုရင်ကြီးက ပရိယာယ် ဉာဏ်ဆင်ပြီး လွှတ်လိုက်တာပါ၊ သုမနဘုရင်ဟာ စေတုတ္တရာ နိုင်ငံတော်ကို ကြံစည်ဖို့ မဝံ့ပါဘူး၊ သီဟရာဇာ ဘုရင်ကြီးက တမင်သက်သက် ဘုရင်မရဲ့ ချောက်စိတ်ထဲ သဲနဲ့ပက်ဖို့ ဒီသူလျှိုစုတ်ကို စေလွှတ်လိုက်ခြင်း ဖြစ်ပါတယ်၊ ဒီသူလျှိုစုတ်ကို မဆိုင်းမတွဘဲ သေဒဏ်ပေးတော်မူပါ"

ဘုရင်မ၏ လက်ဝဲဘက်မှ အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"ဒီစကားဟာ ယုတ္တိမရှိတဲ့စကား ဖြစ်ပါတယ်၊ သီဟရာဇာ ဘုရင်ကြီးဟာ စေတုတ္တရာ နိုင်ငံတော်ရဲ့ ရန်သူအစစ် ဖြစ်ပါတယ်၊ သီဟရာဇာ ဘုရင်ကြီးက စေတုတ္တရာ နိုင်ငံတော်ကို လွယ်လွယ်နဲ့ သိမ်းပိုက်လိုတဲ့အတွက် ဘုရင်မအား သုမနနဲ့ ရန်တိုက်ပေးဖို့ ဝေဿကာရ ပုဏ္ဏားနဲ့တူတဲ့ သူလျှိုကို စေလွှတ်လိုက်ခြင်း ဖြစ်သည်ကို သတိထားတော်မူပါ၊ ဝေဿကာရ ပုဏ္ဏားနဲ့တူတဲ့ သူလျှိုယုတ်ကို ယခု ချက်ချင်း သေဒဏ်ပေးတော်မူပါ"

ဘုရင်မ၏ လက်ယာဘက်မှ ရန်အောင်မြို့စား၏ အသံကို ကြားရပြန်သည်။

"အို ... ရန်အောင်မြို့စား အသာနေစမ်းပါဆို ဝင်ရှုပ်နေပြန်ပြီလား၊ သူလျှို ပြောစရာရှိတာ ပြောပါစေ၊ ဘုရင်မ စစ်ဆေးနေစဉ် မည်သူမျှ ဝင်မစွက်ကြနဲ့၊ အားလုံး တိတ်စေ"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက အမိန့်ပေးလိုက်ရာ



ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။ တိတ်ဆိတ် ငြိမ်သက်သွားသည်နှင့် တစ်ပြိုင်နက် ရဲရင့်တည်ကြည်သော အမူအရာဖြင့် ဘုရင်မနှင့် ဝရိသတ်အား မျက်နှာမူလျက်ရှိသော ဗိုလ်နန္ဒသည် မိမိ ပြောစရာရှိသည့် စကားများကို ဆက်၍ပြောရန် ဟန်ပြင်လိုက်သည်။

"ဘုရင်မနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိ အပေါင်းတို့၊ သုမန ဘုရင်ယုတ်သည် တကယ်ပင် စေတုတ္တရာ နိုင်ငံတော်အား လုပ်ကြံရန် ကြံစည်လျက်ရှိတယ်ဆိုတာ ယုံမှားသံသယ မဖြစ်ပါနှင့်၊ ဘုရင်မ၏ စစ်သည်တော် အင်အားကို သိရှိသဖြင့် သုမန ဘုရင်သည် ဘုရင်မအား စစ်တလင်းတွင် စစ်ခင်းပြီး တိုက်ခိုက်လိမ့်မည် မဟုတ်ပါ၊ ဝက်အူ အကောက်ဉာဏ်ဖြင့် ဘုရင်မအား လက်ရဖမ်းဆီးပြီး စေတုတ္တရာ နိုင်ငံတော်ကို သိမ်းပိုက်ရန် ကြံစည်လျက် ရှိသည်ကို သတိမလစ်ကြပါနှင့်၊ စေတုတ္တရာ နိုင်ငံတော်နှင့် သုဝဏ္ဏ နိုင်ငံတော် စပ်ကြားရှိ သေလာဂီရိ တောင်ခြေရင်းသို့ စေတုတ္တရာ နိုင်ငံတော်မှ စစ်သည်တော်များနှင့် နိုင်ငံသူ နိုင်ငံသားများ မချဉ်းကပ်ဝံ့အောင် ဘီလူး သဘက်ရှိသည် ဆိုပြီး ခြောက်လှန့်ထားခြင်း ဖြစ်သည်ကို သတိပြုပါ၊ သေလာဂီရိ တောင်ခြေရင်းတွင် သုမနဘုရင်၏ စစ်သည်တော်များ ခြေကုပ်ယူကာ စေတုတ္တရာ နိုင်ငံတော်အတွင်းရှိ သူလျှိုများနှင့် ပူးပေါင်းပြီး စေတုတ္တရာ နိုင်ငံတော်ကို လုပ်ကြံလိမ့်မည်။ ကျွန်ုပ် ပြောသမျှ စကားများသည် အမှန်ချည်းသာဖြစ်၍ မယုံမရှိကြလင့်"

ဗိုလ်နန္ဒသည် အနည်းငယ်မျှ ကြောက်ရွံ့ ထိတ်လန့်သည့် အမူအရာကို မပြဘဲ ရင့်ကျက်သည့် ဂုဏ်ခြေဖြင့် ရဲရင့်ပြတ်သားစွာဖြင့် လျှောက်ထားလိုက်ပေရာ ဗိုလ်နန္ဒ၏ ပြတ်သားသော အသံကြီးသည် တရားလွှတ်တော် တစ်ခုလုံးကို လွှမ်းခြုံသွားပြီး ပရိသတ် ဗိုလ်ပုံမှာသည်းမီးကို ရေနှင့်သတ်သလို ငြိမ်သက်စွာ နားထောင်နေကြသည်။

"ယခု ကျွန်ုပ်အား စစ်ဆေးနေသည့် အချိန်မှာပင်လျှင် သုမန

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်၏ သူလျှိုများသည် ဘုရင်မ၏ နန်းတော်အတွင်း ဝင်ထွက်သွားလာရင်း ဘုရင်မနှင့် စေတုတ္တရာ နိုင်ငံတော်ကို လုပ်ကြံရန် အချင်းချင်း အတွင်းကြိတ် ကြံစည်လျက်ရှိသည်ကို မျက်ခြည်မပြတ်ပါစေနှင့်၊ သူခနေ ဘုရင်၏ သူလျှိုအချင်းချင်း ဆက်သွယ်ရာတွင် လျှို့ဝှက် စကားလုံးမှာ 'ခုနစ်စဉ်' ဖြစ်၍ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်သည့် ညသန်းခေါင်အချိန်တွင် သူလျှို အချင်းချင်း တွေ့ဆုံ ဆွေးနွေးလေ့ရှိသည်ကို ကြံ့တင်သိရှိထားဖို့ သတိပေးရန် စေတုတ္တရာနိုင်ငံသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်"

ဗိုလ်နန္ဒသည် ဘုရင်မနှင့်တကွ ဘုရင်မ အပါးတွင် ခစားလျက်ရှိသော ဝရိသတ်တစ်ဦးစီကို ကြည့်ရင်း ကေသရာဇာ ခြသေ့ကဲ့သို့ ရဲရင့်သည့် အမူအရာဖြင့် လျှောက်တင်လိုက်ရာ စောစောက မီးကိုရှေ့နှင့် သတ်ထားသလို ငြိမ်သက်စွာဖြင့် နားထောင်နေကြသည့် ပရိသတ်မှာ ဆူဆူညံညံ ဖြစ်လာသည်။

"တော်–တန်–တိတ် အဓိပ္ပာယ်မရှိတဲ့ စကားနဲ့ လိမ့်လို့မရဘူး"

ခေတ္တရာ မြို့စားကြီးက ထိုင်ရာမှထ၍ ဗိုလ်နန္ဒအား လှမ်းအော်လိုက်သည်။

"ခေတ္တရာမြို့စား ဝင်မစွက်ပါနဲ့ဆိုတာ ပြောလို့မရဘူးလား၊ အားလုံး တိတ်စေ"

သက်တော်ရှည် အမတ်ကြီးက အမိန့်ပေးလိုက်ရာ အားလုံးငြိမ်သက် တိတ်ဆိတ်သွားပြန်သည်။ သို့ရာတွင် အချို့သော မှူးမတ်များနှင့် မြို့စားများ၏ မျက်နှာများမှာ မီးသွေးခဲကဲ့သို့ ညိုမည်းနေပြီး ဗိုလ်နန္ဒကို အစိမ်းလိုက် ဝါးစားချင်သည့် မျက်နှာထားဖြင့် ကြည့်နေသည်ကို ဗိုလ်နန္ဒ သတိပြုမိပေသည်။

"ကဲ ... ဆက်ပြီး လျှောက်တင်စမ်း"



သက်တော်ရှည် အမတ်ကြီးက ဗိုလ်နန္ဒအား လှမ်းအမိန့်ပေးလိုက်ပြန်သည်။

"စေတုတ္တရာ နိုင်ငံတော်ကို စိုးမိုးပိုင်သတော်မူသော စန္ဒာဒေဝီ ဘုရင်မ၊ ဘုရင်မအား ကျွန်ုပ်သည် ဟုတ်တိုင်းမှန်ရာကို လျှောက်တင်ပါမည်၊ နားဆင်ပါလော့၊ ဘုရင်မ၏ စေတုတ္တရာ မြို့တော်ကြီးသည် အလွန်တရာ ခိုင်ခံ့တောင့်တင်းသည့် မြို့ရိုးကြီးများဖြင့် ကာရံထားသည်ကား မှန်သည်၊ ဘုရင်မ၏ စစ်သည်တော် အင်အားနှင့် လက်နက်အင်အားမှာလည်း သုခနေ ဘုရင်ထက် အဘက်ဘက်က သာသည်ကိုလည်း မငြင်းနိုင်ပါ၊ ဤခိုင်ခံ့သည့် မြို့ရိုးကြီးများနှင့် စစ်သည်တော်အင်အားကို အားကိုးပြီး ဘုရင်မသည် သုခနေ၏ ဘေးရန်ကို ပမာမခန့် ဂရုမစိုက်ဘဲ နေခဲ့လျှင် စေတုတ္တရာ နိုင်ငံတော်ကြီးသည် ရန်သူ၏ လက်တွင်းသို့ အမှန်ပင် သက်ဆင်းရပါလိမ့်မည်။ ဘုရင်မ၏ စစ်သည်တော် အင်အား မည်ရွေ့မည်မျှပင် ကြီးမားစေကာမူ ဘုရင်မ၏ မြို့တော်နှင့် နန်းတော်အတွင်းမှာပင်လျှင် သုခနေ သူလျှိုများ ဝင်ထွက်သွားလာကျက်စားနေကြသည်သာမက ဘုရင်မ အပေါ်တွင် သစ္စာရှိဟန် ဆောင်ပြီး နိုင်ငံသူ နိုင်ငံသားများအား ဘုရင်မအပေါ်တွင် အကြည်ညိုကြင်းအောင် လှုံ့ဆော်နေပါသည်။ စေတုတ္တရာ မြို့တော်ကြီး အတွင်း၌သာပေ ဘုရင်မ၏ နန်းတော်အတွင်းမှာပင်လျှင် ဘုရင်မ၏ အပေါ်တွင် သစ္စာရှိဟန်ဆောင်ပြီး ဘုရင်မအား အလစ်တွင် နောက်ကျော ဓားနှင့်ထိုးရန် ကြံစည်နေသူများ ရှိနေသည်ကို ဘုရင်မ သတိပြုတော်မူပါ၊ ယခု ဘုရင်မ၏ ရှေ့မှောက်တွင် ခစားလျက်ရှိသော မှူးကြီးမတ်ရာ သေနာပတိများနှင့် မြို့စားများထဲမှာပင်လျှင် သုခနေ ဘုရင်ယုတ်၏ သူလျှိုများ ရှိကောင်းရှိနေပေလိမ့်မည်။ ကျွန်ုပ်၏စကားကို ယုံမှားသံသယ ဖြစ်ပါနှင့်၊ ယုံမှားသံသယ ဖြစ်လျှင် စေတုတ္တရာ နိုင်ငံတော်ကြီး မီး ဟုန်းဟုန်းလောင်ပါလိမ့်မည်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒသည် ဘုရင်မနှင့်တကွ ဘုရင်မ အပါးတွင် ခစားလျက်ရှိသော မင်းပရိသတ်အား တစ်လှည့်စီကြည့်ရင်း ကြည်လင် ပြတ်သားသည့် အသံဝါကြီးဖြင့် ရဲရင့်တည်ကြည်စွာ ထုတ်ဖော်ပြောဆိုလိုက်ပေရာ ငြိမ်သက်စွာ နားထောင်နေသည့် မင်းပရိသတ်ဘက်မှ ဗိုလ်နန္ဒအား ချိန်ရွယ်ပြီး ပစ်လိုက်သည့် ဓားမြှောင်တစ်လက်သည် ဗိုလ်နန္ဒ၏ ရင်အုံတည့်တည့်သို့ ဦးတည်ပြီး လာနေပေရာ မျက်စိရှင်လှသော ဗိုလ်နန္ဒသည် ကိုယ်ကို အသာလေး တိမ်းရှောင်ပေးလိုက်သဖြင့် ဗိုလ်နန္ဒအား ချိန်ရွယ်ပြီး ပစ်လိုက်သော ဓားမြှောင်သည် ဗိုလ်နန္ဒကို မထိဘဲ ဗိုလ်နန္ဒ၏ နောက်တွင် ရှိသော တိုင်တွင် စိုက်၍နေပေသည်။

ငြိမ်သက်တိတ်ဆိတ်စွာဖြင့် နားထောင်နေကြသော ပရိသတ်မှာလည်း တစ်ယောက်တစ်ပေါက် ဆူဆူညံညံဖြစ်၍လာပေသည်။ လက်သီးလက်မောင်းတန်းပြီး ဗိုလ်နန္ဒအား ဆဲရေးသူက ဆဲရေး၊ ဓားဆွဲထုတ်သူက ထုတ်နှင့် လှုပ်လှုပ်ရှားရှားဖြစ်၍ နေပေသည်။

ရန်အောင်မြို့စားကြီးသည် ကျောက်စီဓားကြီးကို ဆွဲထုတ်လိုက်ပြီး အံကြိတ်၍ ဗိုလ်နန္ဒအား အစိမ်းလိုက် ဝါးစားမတတ် ကြည့်နေသလို၊ ခေတ္တရာ မြို့စားကလည်း ဓားအိမ်မှ ဓားကို ဆွဲထုတ်ပြီး ဗိုလ်နန္ဒအား ခုတ်ပိုင်းရန် ဟန်ပြင်နေသည်ကို တွေ့ရပေသည်။

သို့ရာတွင် ဘုရင်မ၏အပါးတွင် ခစားလျက်ရှိသော စစ်သူကြီးဗန္ဓုကနှင့် ထောင်မှူးကြီး ချစ်ညိုတို့သည် ဗိုလ်နန္ဒ၏ရှေ့မှ ကာဆီးကာ ခေတ္တရာ မြို့စားကြီးအား ဓားစားချင်း ခုတ်ရန် အသင့်ပြင်၍နေသဖြင့် ခေတ္တရာ မြို့စားကြီး မောင်ဝဏ္ဏသည် နောက်သို့ တစ်လှမ်းပြန်ဆုတ်လိုက်သည်။

“သူလျှိုယုတ်ကို ခုတ်သတ်ကြပါလား၊ ဘာဖြစ်လို့ နောက်ပြန်ဆုတ်တာလဲ”

ခေတ္တရာ မြို့စားကြီး နောက်သို့ တစ်လှမ်း ပြန်ဆုတ်လာသည်



ကို မြင်ရသောအခါ ဘုရင်မ၏ ဝဲယာတွင် ခစားနေသော မြို့စားလေးဦးသည် ဓားကိုယ်စီကိုင်ကာ ရှေ့သို့တိုးလာကြသည်။

ဤအခြင်းအရာကို မြင်ရသောအခါ ဘုရင်မ၏ လက်ယာဘက်တွင် ခစားလျက်ရှိသော သက်တော်ရှည် အမတ်ကြီးသည် ဗိုလ်နန္ဒရှေ့သို့ အသက်အရွယ်နှင့် မလိုက်အောင် ပေါ့ပါးလျင်မြန်စွာ ခုန်ဆင်းလာပြီး ဓားဆွဲကိုင်လာသူများအား လက်နှစ်ဖက်ဖြင့် ဟန့်တားလိုက်သည်။

“အားလုံး ကိုယ့်နေရာမှာ ကိုယ်ပြန်ထိုင်ကြ၊ ရှေ့ကို တစ်လှမ်းတိုးရင် သေဒဏ်”

သက်တော်ရှည် အမတ်ကြီးသည် အာဏာသံဖြင့် အမိန့်ပေးလိုက်ရာ ဓားကိုင်ထားသူများသည် သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါအား နဂိုကပင် ကြောက်ရသူများဖြစ်၍ မိမိတို့၏ လက်တွင်ကိုင်ထားသည့် ဓားများကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်ကြသည်။

“သူလျှိုယုတ်ကို မြန်မြန်သုတ်သင်ပါ”

“အမျိုးယုတ် ပြောတဲ့ စကားတွေကို မယုံပါနဲ့”

“သစ္စာဖောက် သူလျှိုကို လင်းတစာ ကျွေးပစ်ပါ”

“မြို့လယ်မှာ ကားစင်တင်ပြီး ရင်ခွဲ အသည်းနှလုံးနှိုက်ပြီးသတ်ပါ”

ဘုရင်မ အပါးတွင် ခစားနေသူများထဲမှ ဆူဆူညံညံ အသံများတစ်ခုပြီးတစ်ခု ထွက်လာပြန်သည်။

“အားလုံး တိတ်စေ၊ ဘုရင်မ အမိန့်တော်ကို နာခံကြ”

သက်တော်ရှည် အမတ်ကြီးက အမိန့်ပေးလိုက်ရာ အသံများတိတ်ဆိတ်သွားပြန်သည်။

“ဘုရင်မ အပါးမှာ ခစားကြတဲ့ မှူးကြီးမတ်ရာ သေနာပတိများနှင့်တကွ အတွင်းဝန် အပြင်ဝန်နဲ့ မြို့စားအပေါင်းတို့၊ ဘုရင်မ၏

www.burmeseclassic.com

www.burmeseclassic.com



ရွှေမှောက်တွင် အစစ်ခံလျက်ရှိသော ရှုပ ဆိုသူသည် သူလျှိုစင်စစ် ဖြစ်စေကာမူ ဘုရင်မ၏ အကျဉ်းသားသာ ဖြစ်၍ ဘုရင်မ၏ အမိန့်တော်ကို ကျော်လွန်ပြီး မည်သူမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုကြကုန်လင့်၊ အကယ်၍ ဘုရင်မ အမိန့်တော်ကို ကျော်လွန်ပြီး ဘုရင်မ၏ အကျဉ်းသားအား လက်ဖျားနှင့်ပင် တို့ဖြားအံ့၊ ထိုသူအား မဆိုင်းမတွဘဲ ကြိုးပေး သတ်စေ အမိန့်တော်"

စန္ဒာဒေဝီ ဘုရင်မသည် တည်ငြိမ်သော ဣန္ဒြေ၊ ကြည်လင်ပြတ်သားသော အသံဖြင့် အမိန့်ပေးလိုက်ရာ မီးကို ရေနှင့်သတ်သည့် အလား အားလုံး ငြိမ်သက်သွားကြပေသည်။

"ဘုရင်မ၏ အကျဉ်းသားကို ဘုရင်မ ကိုယ်တော်တိုင် ဆက်လက် စစ်ဆေးပြီး ထိုက်သင့်သလို အရေးယူမည်။ ဘုရင်မ အပါးတွင် ခစား ရောက်ရှိနေကြသော မင်းပရိသတ် အပေါင်းတို့ ညီလာခံစဲပြီမို့ မိမိတို့ ဆိုင်ရာ တာဝန်ဝတ္တရားများ ထမ်းရွက်ရန် ဤတရားလွှတ်တော် အတွင်းမှ ဖယ်ရှားကြကုန်လော့"

ဘုရင်မသည် ဆက်လက်၍ အမိန့်ပေးလိုက်ရာ ဘုရင်မ အပါးတွင် ခစားလျက်ရှိသော မှူးမတ် သေနာပတိနှင့် မြို့စားကြီးများသည် ဘုရင်မ အပါးမှ ထွက်ခွာသွားကြပေရာ မကြာမီ တရားလွှတ်တော်တွင် ဘုရင်မနှင့် ဗိုလ်နန္ဒအပြင် ထောင်မှူးကြီး ချစ်ညိုနှင့် စစ်သူကြီး ဗန္ဓက တို့ ၄ ဦးသာ ကျန်ရှိတော့ပေသည်။

"ကဲ ... လာကြ ... ဘုရင်မရဲ့ နောက်တော်ပါးက လိုက်ခဲ့ကြ"

စန္ဒာဒေဝီ ဘုရင်မသည် တရားလွှတ်တော်မှ သက်ဆင်းပြီး တရားလွှတ်တော်နှင့် ဆက်လျက်ရှိသော အဆောင်မှတစ်ဆင့် ဘုရင်မ၏ အဆောင်တော်သို့ ထွက်ခွာလာခဲ့ပေရာ စစ်သူကြီး ဗန္ဓကနှင့် ထောင်မှူးကြီး ချစ်ညိုတို့သည် ဗိုလ်နန္ဒအား ဘေးမှခြံရံလျက် ဘုရင်မ နောက်တော်ပါးမှ လိုက်လာခဲ့ကြပေသည်။ ဗိုလ်နန္ဒမှာမူကား သံခြေချင်းများ



ခတ်ထားသဖြင့် မြန်မြန် မလျှောက်နိုင်ဘဲ သံခြေချင်း တချွင်ချွင်ဖြင့် တဖြည်းဖြည်း လိုက်ပါလာခဲ့ပေသည်။

ဘုရင်မ အဆောင်တော်သို့ ရောက်သောအခါ ဘုရင်မသည် သလွန်တော်သို့ တစောင်းထိုင်လျက် ဗိုလ်နန္ဒ၊ စစ်သူကြီး ဗန္ဓကနှင့် ထောင်မှူးကြီး ချစ်ညိုတို့အား လှမ်းကြိုနေပေသည်။

"ကဲ ... ဘုရင်မရဲ့ ရှေ့တော်မှာထိုင်ပြီး ခစားကြ၊ မောင်ရှုပကို ဘုရင်မ ကိုယ်တော်တိုင် စစ်ဆေးစရာတွေ အများကြီးရှိတယ်"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား မျက်မှောင်ကြုတ်ပြီး ကြည့်ရင်း ပြောလိုက်ရာ စစ်သူကြီး ဗန္ဓကနှင့် ထောင်မှူးကြီး ချစ်ညိုတို့သည် ဘုရင်မ ထိုင်နေသည့် သလွန်ရှေ့တွင် ခင်းထားသည့် ကော်ဇောပေါ်တွင် ပုဆစ်ဒူးတုပ်ပြီးထိုင်ကာ ခစားနေကြပေသည်။ ဗိုလ်နန္ဒမှာမူကား မတ်တတ်ရပ်ပြီး ဘုရင်မအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေပေသည်။

"မောင်ရှုပ ညောင်းရင် ထိုင်လေ၊ ဘုရင်မ ခွင့်ပြုပါတယ်"

စန္ဒာဒေဝီ ဘုရင်မသည် လေသံတစ်မျိုး ပြောင်းပြီး ပြောလိုက်သည်။

"သံခြေချင်းကြီးနဲ့ ထိုင်လို့မရဘူး၊ ပြီးတော့ ထိုင်ချင်တဲ့စိတ်လည်း မရှိဘူး"

ဗိုလ်နန္ဒသည် ပရိသတ် ဗိုလ်ပုံရှေ့တွင် ပြောသည့် လေသံမျိုး မဟုတ်ဘဲ ဘုရင်မအား ဂရုမစိုက်သည့် လေသံဖြင့် ပြန်ပြောလိုက်သည်၊

"ဟုတ်သားပဲ မောင်ရှုပ ပြောမှ သတိရတယ်၊ ကဲ ထောင်မှူးကြီး ချစ်ညို မောင်ရှုပရဲ့ သံခြေချင်းတွေကို ဖြုတ်ပေးလိုက်ပါ"

စန္ဒာဒေဝီ ဘုရင်မက အမိန့်ပေးလိုက်ရာ ထောင်မှူးကြီး ချစ်ညိုသည် ဗိုလ်နန္ဒ၏ ခြေထောက်မှ သံခြေချင်းများကို ဖြုတ်လိုက်သည်၊

သံခြေချင်းများ ဖြုတ်ပေးလိုက်သည်ဖြင့် ဗိုလ်နန္ဒသည် လွှတ်

www.burmeseclassic.com

www.burmeseclassic.com



လပ်စွာ လှုပ်ရှားနိုင်သော်လည်း ဘုရင်မ၏ရှေ့တွင် ပုဆစ်ဒူးတုပ်ပြီး မထိုင်ဘဲ မတ်တတ်ရပ်မြဲ ရပ်၍နေပေသည်။

"မောင်ရှုပ ... ထိုင်ချင်ရင် ထိုင်လေ"

ဘုရင်မက ဗိုလ်နန္ဒအား လှမ်းပြောလိုက်သည်။

"မထိုင်ချင်ပါဘူး၊ ခုလိုပဲ နေရတာ ကောင်းပါတယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။

"မောင်ရှုပဟာ လူတစ်မျိုးပဲ၊ ဘုရင်မရဲ့ အလိုကို ဘယ်တော့မှ မလိုက်ဘူး၊ ဘာလဲ ဘုရင်မရှေ့မှာ ပုဆစ်တုပ် ထိုင်ရမှာကို ဂုဏ်ငယ်တယ် ထင်လို့လား"

ဘုရင်မက ဗိုလ်နန္ဒအား မေးလိုက်သည်။

"ဘုရင်မကို မလေးစားလို့လည်း မဟုတ်၊ ဂုဏ်ငယ်တယ်ထင်လို့လည်း မဟုတ်ပါ၊ ဘုရင်မသည် နိုင်ငံတော်၏ အထွတ်အထိပ် ဖြစ်၍ တစ်နိုင်ငံလုံး၏ ရိုသေလေးစားခြင်းကို ခံယူရသူ မှန်သော်လည်း ကျွန်တော်၏ အမြင်အရ ပြောရမည်ဆိုလျှင် ဘုရင်မလည်း ရုပ်တရား၊ နာမ်တရား အစုအဝေး၊ သူလျှိုလည်း ရုပ်တရား၊ နာမ်တရား အစုအဝေးသာ ဖြစ်သည့်အပြင် ဘုရင်မသည် ပညတ်အားဖြင့် မိန်းမသားသာ ဖြစ်သဖြင့် ကျွန်တော်သည် မိန်းမသားရှေ့မှောက်တွင် ဒူးထောက်ပြီး မခစားနိုင်သည်ကို အသာတကြည် ခွင့်လွှတ်စေလိုပါတယ်"

ဗိုလ်နန္ဒက ဘုရင်မအား ကြောက်ရွံ့သည့် အမူအရာ လုံးဝမပြဘဲ လူခြေ့ရရ ပြန်ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် ရုတ်တရက် ဒေါသထွက်သွားပြီး မျက်နှာများ နီမြန်းသွားပေသည်။ ဒေါသအလျောက် သလွန်တော်ပေါ်တွင် ကျို့ကျို့ထိုင်နေရာမှ သလွန်အောက်သို့ ခြေတွဲလဲချပြီး ထိုင်လိုက်သည်။

ထိုသို့ ပြင်ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ဘုရင်မ၏ ဦးခေါင်းတွင် ပန်ထားသည့် ဖြူဖွေးသော နှင်းဆီပန်း တစ်ပွင့်သည် ခေါင်းပေါ်မှ ပြုတ်ကျကာ သလွန်ရှေ့ရှိ ကော်ဇောပေါ်သို့ ကျသွားပေသည်။



"ဘုရင်မရဲ့ ပန်တော်ကျကို ကောက်ယူခွင့်ပြုပါ"

ဗိုလ်နန္ဒသည် ဘုရင်မ ဒေါသထွက်နေသည်ကို ဂရုမစိုက်ဘဲ ဘုရင်မထံ ခွင့်ပန်ပြီးလျှင် ကော်ဇောပေါ်သို့ ကျသွားသည့် နှင်းဆီပန်းကို ကောက်ယူလိုက်ပြီး အားရပါးရ နမ်းလိုက်သည်။ ပြီးမှတစ်ဖန် ထိုနှင်းဆီပန်းကို မိမိ၏ရင်ဘတ်တွင် အမြတ်တနိုး ထိုးထားလိုက်ပေသည်။

ဘုရင်မမှာမူ ဗိုလ်နန္ဒ၏ အမူအရာကိုကြည့်ပြီး စိတ်ဆိုးရအခက်၊ စိတ်မဆိုးရအခက် ဖြစ်၍နေပေသည်။ မိမိခေါင်းတွင် ပန်ထားသည့် ပန်းကို ကောက်ယူပြီး နမ်းရှုပ်လိုက်သည်ကို မြင်ရသောအခါ ရှက်သွေးဖွန်သွားပြီး အရှက်ပြေ ကြမ်းပြင်ကို ဖနောင့်ဆောင့်လိုက်သည်။

"ဘုရင်မရဲ့ ပန်တော်ကျ ပန်းကို မစွန့်နိုင်ဘူးဆိုရင် ပြန်ပေးဝံ့မယ်၊ ခြေဆောင့်တော်မမူပါနဲ့"

ပြောပြောဆိုဆို ဗိုလ်နန္ဒသည် ရင်ဘတ်တွင် ထိုးထားသည့် နှင်းဆီပန်းကို ဖြုတ်လိုက်ပြီး ဘုရင်မအား တရိုတသေ ဆက်သလိုက်သည်။

စန္ဒာဒေဝီ ဘုရင်မမှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ခါ မျက်နှာတစ်ခုလုံး နီရဲနေရာမှ ညိုမည်းသွားပေသည်။

စစ်သူကြီး ဗန္ဓကနှင့် ထောင်မှူးကြီး ချစ်ညိုတို့မှာ ဘုရင်မ၏ စိတ်မြန်ပုံကို သိရှိသူများ ဖြစ်သဖြင့် ဗိုလ်နန္ဒအပေါ်တွင် ဘုရင်မ မျက်တော်မူမည်ကို စိုးရိမ်သည့် အမူအရာဖြင့် ဘုရင်မကို ကြည့်လိုက်၊ ဗိုလ်နန္ဒကို ကြည့်လိုက်နှင့် ဖြစ်၍နေပေသည်။

စန္ဒာဒေဝီ ဘုရင်မသည် ဒေါသထွက်နေရာမှ မိမိအား အနည်းငယ်မျှ ကြောက်ရွံ့သည့် အမူအရာကို မပြဘဲ မိမိလက်သို့ တရိုတသေ

www.burmeseclassic.com

www.burmeseclassic.com



ပန်းဆက်နေသည့် ဗိုလ်နန္ဒအား စေ့စေ့ကြည့်ရင်း ဒေါသဖြစ်ရာမှ ရယ်ချင်သလိုလို ဖြစ်လာသဖြင့် မနည်း ဣန္ဒြေဆယ်ကာ မျက်နှာလွှဲလိုက်သည်။

"ဘုရင်မ အလိုမရှိတော့ပါဘူး၊ ဘုရင်မရဲ့ ပန်တော်ကျကို မောင်ရှုပ လိုချင်ရင် ဘုရင်မ စွန့်ပါတယ်"

စန္ဒာဒေဝီ ဘုရင်မက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒသည် ကစားစရာ အရုပ်သစ်တစ်ခုကိုရသည့် ကလေးပမာ ဘုရင်မ၏ ခေါင်းမှ ကြွေကျသည့် ပန်းပွင့်ကို အားပါးတရ နမ်းရှုပ်လိုက်ပြီးလျှင် မိမိ၏ရင်ဘတ်တွင် တရိုတသေ ထိုးထားလိုက်ပေသည်။

"ဒီပန်းကို ဘာဖြစ်လို့ ဒါလောက်တောင် အမြတ်တနိုး လိုချင်ရတာလဲ"

ဘုရင်မက မေးလိုက်ပြန်သည်။

"ဘုရင်မရဲ့ခေါင်းမှ ပန်တော်ကျပန်းမို့လို့ အင်မတန် ရခဲတဲ့ အတွက် အမြတ်တနိုး သိမ်းဆည်းထားချင်လို့ပါ။ ပြီးတော့ ဒီပန်းကလေးဟာ ခုနေအခါမှာ မွှေးချင်စရာ ပန်ချင်စရာကောင်းအောင် လှပနေပေမယ့် မကြာခင် နွမ်းလျကြေမွသွားမည်မှာ ကေန်မုချပင် ဖြစ်ပါတယ်။ ဒီပန်းကလေးကို ကြည့်ပြီး ကျွန်တော်တို့တစ်တွေဟာလည်း မမြဲတဲ့ အနိစ္စပါလား၊ မပိုင်တဲ့ အနတ္တပါလား ဆိုတာကို အသိတရားရအောင် ယူနိုင်ပြီး သေခြင်းတရားကို ရင်ဆိုင်ရဲအောင်လို့ မကောင်းမှုတွေကိုပယ်ပြီး ကောင်းမှုတွေလုပ်ဖို့ အစဉ်သတိရစေခြင်းငှာ ယခုကဲ့သို့ အမြတ်တနိုး သိမ်းဆည်းထားခြင်း ဖြစ်ပါတယ်"

ဗိုလ်နန္ဒသည် ဘုရင်မအား မသိမသာ စောင်းငဲ့ကြည့်ရင်း ပြောလိုက်သည်။

"ကဲ ... ဒီပန်းအကြောင်း ဒီနေရာမှာ ရပ်နားပြီး ရှေ့ကို ဘာဆက်လုပ်ကြမယ် ဆိုတာကို တိုင်ပင်ကြရအောင်၊ ဒါ့ထက် စောစောက



မောင်ရှုပကို ချိန်ရွယ်ပြီး ဓားမြှောင်နဲ့ ပစ်လိုက်တဲ့လူဟာ ဘယ်သူလဲ ဆိုတာ မောင်ရှုပ သတိထားလိုက်မိသလား"

ဘုရင်မက စကားလွှဲပြောင်းလိုက်ပြီး စောစောက အဖြစ်အပျက်ကို ပြန်မေးလိုက်သည်။

"လူကို မှတ်မိသော်လည်း မည်သူမည်ဝါ ဖြစ်သည်ကိုမူ မသိပါ"

ဗိုလ်နန္ဒ ပြန်ဖြေလိုက်သည်။

"စစ်သူကြီး ဗန္ဓကကော မောင်ရှုပကို ဓားနဲ့ လှမ်းပေါက်လိုက်တဲ့လူကို သတိထားလိုက်မိသေးလား"

ဘုရင်မက စစ်သူကြီး ဗန္ဓကဘက် လှည့်ပြီး မေးလိုက်သည်။

"ရုတ်တရက်ဖြစ်၍ ကျွန်တော်မျိုး သတိမထားလိုက်မိကြောင်းပါ"

စစ်သူကြီး ဗန္ဓက က ပြန်ဖြေလိုက်သည်။

"ထောင်မှူးကြီး ချစ်ညိုကော သတိထားလိုက်မိသလား"

"ကျွန်တော်မျိုးကြီးလည်း သတိမထားလိုက်မိကြောင်းပါ"

"စစ်သူကြီးနဲ့ ထောင်မှူးကြီး သတိမထားလိုက်မိပေမယ့် ... ဘုရင်မ ကိုယ်တိုင် မြင်လိုက်ရလို့ ဘယ်သူ ဘယ်ဝါ ဆိုတာကို ကောင်းကောင်းကြီး သိတယ်၊ မောင်ရှုပကို ဘာဖြစ်လို့ ဓားနဲ့လှမ်းပေါက်ရသလဲ၊ သူတို့ရဲ့ အကြောင်းတွေ ပေါ်ကုန်တော့မှာကို သိလို့သာလျှင် ဖြစ်ရမယ်ဆိုတာ မထင်ရှားဘူးလား"

ဘုရင်မက ဆက်ပြီး မေးလိုက်သည်။

"အလွန်တရာမှ ထင်ရှားလှကြောင်းပါ၊ မောင်ရှုပက ဘုရင်မ အပါးမှာပင်လျှင် သုမနေ ဘုရင်ယုတ်၏ သူလျှိုများ ရှိကောင်းရှိနိုင်သည် ဆိုပြီး အစစ်ခံလိုက်သည်နှင့်တစ်ပြိုင်နက် လွှတ်တော်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားရုံသာမက မောင်ရှုပကို ဓားနှင့် လှမ်းပေါက်သူထပေါက်၊ ဓားဆွဲပြီး ခုတ်ဖို့ ကြံရွယ်သူက ကြံရွယ် သည်ဖြင့် ပြုမူလာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမှာ သူတို့ရဲ့ အကြံအစည်ကို မောင်ရှုပ သိသွားပြီဆိုပြီး မောင်ရှုပ မှတစ်ဆင့် ဘုရင်မရဲ့ ရွှေနားတော် ပေါက်ကြားမည်စိုး၍ မောင်ရှုပအား သေကြောင်းကြံစည်ကြခြင်းသာ ဖြစ်သည်မှာ လယ်ပြင် ဆင်သွားသည့် ဝဏ ထင်ရှားလှကြောင်းပါ"

စစ်သူကြီး ဗန္ဓုကသည် အခွင့်သာခိုက် ဗိုလ်နန္ဒဘက်မှ ရှေ့နေ လိုက်ပေးလိုက်သည်။

"ဘုရင်မလည်း ဒီလိုပဲ သဘောပေါက်တယ်၊ ဒါပေမဲ့ မောင်ရှုပ ပြောစကားတွေကို ဘုရင်မ ယုံကြည်လို့ ဖြစ်ပါ့မလား"

ဘုရင်မက ဆက်ပြီး မေးလိုက်သည်။

"ကျွန်တော်မျိုးကြီးများ အနေနှင့် မောင်ရှုပ ပြောသော စကား များကို စိုးစဉ်းမျှ သံသယမဖြစ်မိကြောင်းပါ"

စစ်သူကြီး ဗန္ဓုက က ဆက်လျှောက်ထားလိုက်ပြန်သည်။

"မောင်ရှုပက သူဟာ သီဟရာဇာ ဘုရင်ထံမှ စေလွှတ်လိုက်တဲ့ သူလျှိုလို့ လူပုံအလယ်မှာ ပြောသွားတာကို စစ်သူကြီး ကြားလိုက်တယ် မဟုတ်လား"

ဘုရင်မက မေးလိုက်ပြန်သည်။

"နားနှင့်ဆတ်ဆတ် ကြားခဲ့မိကြောင်းပါ"

စစ်သူကြီး ဗန္ဓုက က အဖြေပေးလိုက်သည်။

"ကောင်းပြီ ... မောင်ရှုပ ပြောသည့်အတိုင်း မောင်ရှုပသည် သီဟရာဇာ ဘုရင်ထံမှ စေလွှတ်လိုက်သည့် သူလျှိုစင်စစ် ကေန်ဖြစ် သည်ဟုဆိုလျှင် မောင်ရှုပ အပေါ်တွင် စိတ်ချယုံကြည်စွာဖြင့် ဆက်ဆံ သင့်ပါသလော၊ သီဟရာဇာ ဘုရင်သည် စေတုတ္တရာ နိုင်ငံတော်၏ ရန်သူဖြစ်သည် မဟုတ်ပါလော"

ဘုရင်မက မေးခွန်းထုတ်လိုက်ပြန်သည်။

စစ်သူကြီး ဗန္ဓုကသည် ဘုရင်မ၏ မေးခွန်းကို ရုတ်တရက်



အဖြေမပေးသေးဘဲ ဗိုလ်နန္ဒ၏ အင်္ဂါရုပ်ကို အတန်ကြာ အကဲခတ်၍ နေပေသည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် မောင်ရှုပ အပေါ်တွင် ကျွန်တော် မျိုးကြီး အနေနှင့် ယုံကြည်စိတ်ချစွာ ဆက်ဆံသင့်သည်ဟု တထစ်ချ မှတ်ယူမိကြောင်းပါ၊ မောင်ရှုပ၏ အင်္ဂါရုပ်ကို ကြည့်ရခြင်းအားဖြင့် တကယ့်ယောကျ်ားပီသသူဖြစ်၍ စိတ်ချယုံကြည်စွာဖြင့် ဆက်ဆံသင့် ကြောင်း လျှောက်ထား သံတော်ဦးတင်ဝံ့ပါသည်။ မောင်ရှုပအတွက် ကျွန်တော်မျိုးကြီး ရဲရဲကြီး တာဝန်ခံဝံ့ကြောင်းပါ။

"စစ်သူကြီးက အာမခံရဲလှချည့်လား၊ မောင်ရှုပ အကြောင်း ဘာများသိလို့ ခုလောက် အာမခံရဲရတာလဲ ဆိုတာ ဘုရင်မကို သံတော် ဦးတင်စမ်း"

"မှန်လှပါ၊ မောင်ရှုပသည် သူ၏အသက်ကို လုံးဝ ပမာဏ မထားဘဲ ဘီလူး တစ်ပိုင်း၊ လူတစ်ပိုင်း လက်တွင်းမှ ကျွန်တော်မျိုး၏ အသက်ကို ကယ်ဆယ်သည့် အသက်သခင် ကျေးဇူးရှင်ဖြစ်၍ ကျွန်တော် မျိုး အာမခံရဲခြင်း ဖြစ်ပါသည်"

စစ်သူကြီး ဗန္ဓုက က ပြန်လည် လျှောက်တင်လိုက်သည်။

"ထောင်မှူးကြီး ချစ်ညိုကကော ဘယ်လို သဘောရသလဲ၊ မောင် ရှုပကို စိတ်ချရပါ့မလား၊ သူပြောတာတွေကို ယုံရမှာလား"

ဘုရင်မက ထောင်မှူးကြီးအား မေးလိုက်ပြန်သည်။

"စစ်သူကြီး ဗန္ဓုကသည် လူ့ကဲခတ်ညံ့သူ မဟုတ်ကြောင်းပါ၊ မောင်ရှုပ၏ အင်္ဂါရုပ်ကို လည်းကောင်း၊ အပြောအဆို ရဲရင့်ပုံကို လည်း ကောင်း၊ ဘီလူး တစ်ပိုင်း၊ လူတစ်ပိုင်း ဘေးရန်မှ စစ်သူကြီး ဗန္ဓုကအား သတ္တိပြောင်မြောက်စွာဖြင့် ဝင်ရောက်ကယ်တင်ခဲ့သည့် သတ္တိကို ထောက် ရခြင်းဖြင့် လည်းကောင်း မောင်ရှုပသည် သာမန် ယောကျ်ား မဟုတ် ယောကျ်ားကောင်း ယောကျ်ားမြတ် တစ်ယောက် ဖြစ်ရမည်ဟု ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်မျိုးကြီး အကဲခတ်မိကြောင်းပါ။ ယမန်နေ့ညက အကျဉ်းထောင်အတွင်းမှာ ထားရှိခဲ့စဉ်က မောင်ရူပ၏ အမူအရာကို ကျွန်တော်မျိုးကြီးကိုယ်တိုင် ချောင်းမြောင်းကြည့်ရှုခဲ့ရာတွင် မောင်ရူပသည် ဘုရားတရားကို ရိုသေကိုင်းရှိုင်းသူတစ်ယောက် ဖြစ်သည်ကို ကျွန်တော်မျိုးကြီး ကိုယ်တိုင် သိရှိခဲ့ရသဖြင့် မောင်ရူပအပေါ်တွင် ယုံယုံကြည်ကြည်နှင့် ဆက်ဆံသင့်သည်ဟု ကျွန်တော်မျိုး ရဲရဲကြီး အာမခံလိုပါသည်"

ထောင်မှူးကြီး ချစ်ညိုကြာပါ ဗိုလ်နန္ဒဘက်မှ ရှေ့နေလိုက်ပေးလိုက်ပြန်သည်။

ဗိုလ်နန္ဒမှာမူ မိမိ၏ ဂုဏ်ပုဒ်များကို ချီးကျူးကာ လျှောက်တင်နေကြသည့် စစ်သူကြီး ဗန္ဓကနှင့် ထောင်မှူးကြီး ချစ်ညိုတို့၏ စကားများကို ကြားရသောအခါ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး ခေါင်းငိုက်စိုက်ချကာ နားထောင်၍နေပေသည်။

"စစ်သူကြီး ဗန္ဓက ... စစ်သူကြီးလူကို ကြည့်ပါဦး၊ စစ်သူကြီးနဲ့ ထောင်မှူးကြီးက ချီးကျူးဂုဏ်ပြုတာကို ဘာပြုလို့ ရှက်ပြီး ခေါင်းငုံ့နေရတာလဲ"

စန္ဒာဒေဝီ ဘုရင်မသည် ခေါင်းငိုက်စိုက်ချပြီးနေသော ဗိုလ်နန္ဒအား မေးလိုက်သည်။

"ကျွန်တော့်အကြောင်း ကျွန်တော် အသိဆုံးမို့လို့ ကျွန်တော့်ကို ချီးကျူးနေပေမယ့် ကျွန်တော် ဂုဏ်မယူနိုင်ပါ၊ ကျွန်တော်ဟာ သာမန်လူထဲက လူတစ်ယောက်မျှသာ ဖြစ်ပါတယ် ... ဗိုလ်မှူးကြီးနဲ့ ထောင်မှူးကြီးတို့ ချီးကျူးသွားကြသလို သူရဲကောင်းလည်း မဟုတ်ပါဘူး"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

ထိုအတောအတွင်း ဘုရင်မ၏ အဆောင်မှူးသည် ဘုရင်မ၏ ရှေ့တော်သို့ဝင်လာပြီး ဒူးတုပ် ခစားနေပေသည်။

"အဆောင်မှူး ဘာကိစ္စ ရှေ့တော်မှောက် ဝင်လာရတာလဲ"



ဘုရင်မက အဆောင်မှူးအား လှမ်းမေးလိုက်သည်။

"မှန်လှပါ၊ သက်တော်ရှည် အမတ်ကြီးနဲ့ ရန်အောင်မြို့စားကြီး ဘုရင်မထံ အခစားဝင်ရန် ရောက်ရှိနေကြောင်း ရှိခိုးသံတော်ဦးတင်ဝံ့ပါသည်"

အဆောင်မှူးက ရိုသေစွာ သံတော်ဦးတင်လိုက်ရာ ဘုရင်မသည် အဆောင်မှူးအား ခေတ္တမျှ မျက်မှောက်ကြုတ်ပြီး ကြည့်နေပေသည်။

"ကောင်းပြီ ... သက်တော်ရှည် အမတ်ကြီးနဲ့ ရန်အောင်မြို့စားကြီးကို ရှေ့တော်သို့သွင်းစေ"

ဘုရင်မက အမိန့်တော်မြွက် ချမှတ်လိုက်ရာ အဆောင်မှူးသည် ဘုရင်မအား အလေးပြုပြီး အပြင်သို့ ပြန်ထွက်သွားပေသည်။ မကြာမီ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါနှင့် ရန်အောင်မြို့စားကြီး မောင်ဒေဝတို့သည် ဘုရင်မ၏ ရှေ့တော်မှောက်သို့ ဝင်ရောက်လာကြပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း—၁၄

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒထံမှ ရရှိထားသည့် မြေပုံကို သလွန်ပေါ်တွင် ဖြန့်ထားပေရာ ထိုမြေပုံကို သက်တော်ရှည် အမတ်ကြီးနှင့် ရန်အောင်မြို့စားကြီး မောင်ဒေဝတို့သည် မျက်စိကျွတ်မတတ် ဝိုင်းအုံပြီး ကြည့်နေကြသည်။

"ဟောဒီမှာ ကြည့်စမ်း၊ စန္ဒာဒေဝီလို့ ရေးထားတာကို တွေ့တယ်မဟုတ်လား၊ အဲဒီ အောက်နားမှာလည်း ကြက်ခြေခတ်ထားတယ်၊ ဒီနေရာဟာ ဘုရင်မရဲ့ အဆောင်တော်ပဲ၊ ဟောဒါက ဘုရင်မရဲ့ ဥယျာဉ်တော်၊ ဒါက နန်းမြင့်၊ ဒါက မြို့ရိုး၊ ဒီဟာက သီဟာသနပလ္လင်"

စန္ဒာဒေဝီ ဘုရင်မသည် မြေပုံကို လက်ညှိုးနှင့်ထောက်ပြရင်း တစ်ခုပြီးတစ်ခု ရှင်းပြနေသည်။

"နန်းမြင့်နဲ့ ဘုရင်မ အဆောင် အကွာအဝေးကို ခြေလှမ်းနဲ့ ပြထားတယ်။ နန်းမြင့်ကနေပြီး မြို့ရိုးအထိ အကွာအဝေးကိုလည်း ခြေလှမ်းနဲ့ပြထားတာ တွေ့ရပြန်တယ်၊ ဒီမြေပုံကို ရေးဆွဲတဲ့လူဟာ ဘုရင်မနန်းတော်ရဲ့ အတွင်း အပြင်ကို နံ့နံ့စပ်စပ် သိတဲ့လူ ဖြစ်ရမယ်၊ နန်းတော် အတွင်းအပြင်ကို ခုလောက် နံ့နံ့စပ်စပ် သိတဲ့လူဟာ ဘယ်နည်းနဲ့မှ အပြင်လူ မဟုတ်နိုင်ဘူး၊ အတွင်းလူသာ ဖြစ်ရမယ်"

ဘုရင်မက ရှင်းပြရာ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါသည် မြေပုံကို စားမတတ် ဝါးမတတ် ကြည့်ရင်း လေးလေးနက်နက် စဉ်းစား၍နေပေသည်။



"အတွင်းလူ ရေးဆွဲတဲ့ မြေပုံဆိုတာကတော့ သိပ်ထင်ရှားနေတာပဲ၊ မြားပြထားတာက ဘာသဘောလဲ မသိဘူး"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါသည် တစ်ယောက်တည်း ပြောသလို ပါးစပ်မှ ရေရွတ်၍နေပေသည်။

"ဒီမြေပုံဟာ အတွင်းလူ ရေးဆွဲတဲ့ မြေပုံ ဆိုတာကတော့ သံသယရှိဖို့ မလိုပါဘူး၊ ဒါပေမဲ့ ဒီမြေပုံဟာ သုဓနုဘုရင်အတွက် ရေးဆွဲတဲ့ မြေပုံလား၊ ဒါမှမဟုတ် သီဟရာဇာ ဘုရင်အတွက် ရေးဆွဲတဲ့ မြေပုံလား ဆိုတာ ဘယ်သူမှ အတတ်မပြောနိုင်ဘူး"

ရန်အောင်မြို့စားကြီး မောင်ဒေဝက စောဒကတက်လိုက်သည်။

"ကဲ ... မောင်ရှုပ ... အနားကို တိုးပါဦး၊ ဒီမြေပုံကို ဘယ်ပုံဘယ်နည်း ရလာတယ်ဆိုတာ မြို့စားကြီးကို ရှင်းပြလိုက်စမ်းပါ၊ သမားတော်ကြီး ဦးကဝိနဲ့ တွေ့ခဲ့ပုံတွေပါ အားလုံး ပြောပြလိုက်ပါ"

ဘုရင်မသည် ငှင်းနှင့်မနီးမဝေးတွင် မတ်တတ်ရပ်ပြီး ကြည့်နေသော ဗိုလ်နန္ဒအား အပါးသို့ခေါ်ပြီး အမိန့်ပေးလိုက်သည်။

ဗိုလ်နန္ဒသည် ဘုရင်မအနီးသို့ တိုးလာပြီး မြေပုံရရှိခဲ့ပုံနှင့်တကွ အောက်လမ်းဆရာကြီး ဦးကဝိနှင့် တွေ့ခဲ့ပုံများကို ခရေစေ့တွင်းကျ ပြောပြနေပေရာ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါနှင့် မောင်ဒေဝတို့သည် စိတ်ဝင်စားစွာဖြင့် နားထောင်နေကြပေသည်။

"ဦးကဝိ ဆိုတဲ့လူဟာ နန်းတွင်းသူတွေကို ပီယဆေးတွေပေးပြီး ဖျက်ဆီးနေတဲ့အတွက် ဘုရင်မ ဒဏ်ခတ်ပြီး နှင်ထုတ်လိုက်တဲ့ သမားတော်ကြီး မဟုတ်လား၊ ဒီသမားတော်ကြီးဟာ တကယ့်ကို လူယုတ်မာကြီးပဲ"

ရန်အောင်မြို့စားကြီးက ဝင်ပြီး ပြောလိုက်သည်။

"ခုမှ လူယုတ်မာကြီးလို့ ပြောနေ၊ ဘုရင်မက ဦးကဝိကို သေဒဏ်အမိန့် ချမှတ်မယ် လုပ်တုန်းက ရန်အောင်မြို့စားကြီးကပဲ ဝင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အသက်ဘေးမှ ချမ်းသာပေးဖို့ လျှောက်တင်ခဲ့လို့ သေဒဏ်မပေးဘဲ နယ်နှင်ဒဏ် ပေးခဲ့ရတယ် မဟုတ်လား၊ ဟိုတုန်းကသာ သေဒဏ်ပေးလိုက်ရင် တစ်မီး အေးသွားမှာ၊ ဒါဟာ ဘုရင်မအဖို့ သင်ခန်းစာပဲ၊ ဒီနေ့ကစပြီး ဘယ်သူ့ကိုမှ သက်သက်ညှာညှာ စဉ်းစားလို့ မဖြစ်တော့ဘူး၊ သူလျှို မှန်သမျှ သေဒဏ်ပေးပစ်မှ တော်မယ်"

ဘုရင်မသည် ဒေါသအလျောက် ပြောလိုက်သည်။

"သူလျှိုကို သေဒဏ်ပေးတာက အရေးမကြီးဘူး၊ ဘယ်သူဟာ သူလျှို ဆိုတာ သိဖို့က အရေးကြီးတယ်"

သက်တော်ရှည် အမတ်ကြီးက ဝင်ထောက်လိုက်သည်။

"ဒါက လွယ်ပါတယ် ... စောစောက မောင်ရှုပကို စစ်ဆေးတုန်းက သူလျှိုတွေ အလျှို အလျှို ထွက်လာကြတာ သတိမပြုမိကြဘူးလား၊ ဘုရင်မတော့ဖြင့် သူလျှို နှစ်ယောက်ကို ကောင်းကောင်းကြီး မှတ်သားထားလိုက်တယ်"

စန္ဒာဒေဝီ ဘုရင်မက ပြန်ပြောလိုက်သည်။

"ဘယ်သူတွေလဲ ဆိုတာ သိခွင့်မရှိဘူးလား"

ရန်အောင်မြို့စားကြီးက ဝင်မေးလိုက်သည်။

"ဒီမှာ မောင်ရှုပ ... စောစောက မောင်ရှုပကို ဓားမြှောင်နဲ့ လှမ်းပစ်လိုက်တဲ့ လူကို မောင်ရှုပ မြင်လိုက်တယ် မဟုတ်လား"

စန္ဒာဒေဝီ ဘုရင်မက ရန်အောင်မြို့စားကြီး၏ မေးခွန်းကို တိုက်ရိုက် မဖြေဘဲ ဗိုလ်နန္ဒအား မေးခွန်းထုတ်လိုက်သည်။

"လူမြင်ရင်တော့ မှတ်မိပါတယ်၊ ဘယ်သူဘယ်ဝါ ဆိုတာတော့ ကျွန်တော် မသိဘူး"

"ဘယ်သူဘယ်ဝါ ဆိုတာ ဘုရင်မ သိတယ်၊ မောင်ရှုပကို ဓားမြှောင်နဲ့ လှမ်းပေါက်တဲ့လူဟာ တခြားလူ မဟုတ်ဘူး ... ခေတ္တရာမြို့စားကြီး မောင်ဝဏ္ဏပဲ"



ဘုရင်မက ပြန်ပြောလိုက်ရာ သက်တော်ရှည် အမတ်ကြီးနှင့် ရန်အောင်မြို့စားကြီးသည် အံ့အားသင့်သွားကြပုံ ရပေသည်။

"ဘုရင်မ ပြောတာ ဖြစ်နိုင်တယ်၊ ဓားမြှောင် လာတဲ့လမ်းကို ကြည့်ရင် ဘုရင်မရဲ့ လက်ဝဲဘက်က ထွက်လာတာ ဖြစ်တဲ့အတွက် ခေတ္တရာ မြို့စားရဲ့ လက်ချက်ဆိုတာ ဖြစ်နိုင်တယ်"

သက်တော်ရှည် အမတ်ကြီးက စဉ်းစဉ်းစားစား ပြောလိုက်သည်။

"ခေတ္တရာမြို့စားက ဘာဖြစ်လို့ မောင်ရှုပကို ဓားနဲ့လှမ်းပြီး ပေါက်ရသလဲ၊ ဘုရင်မ စဉ်းစားလို့ရသလောက်ဆိုရင် မောင်ရှုပ ပြောတဲ့စကားတွေဟာ သေးထွက်အောင် မှန်နေတဲ့အတွက် မောင်ရှုပ ရှေ့ဆက်ပြီး မပြောနိုင်အောင် တစ်ခါတည်း အသေသတ်ပစ်ဖို့ ကြံစည်တာပဲ ဖြစ်ရမယ်၊ မောင်ရှုပ ရှေ့ဆက်ပြီး ပြောမယ့်စကားတွေကို ဘာကြောင့် ကြောက်ရသလဲ ... သူ့မှာ အပြစ်ရှိလို့ မဟုတ်လား၊ ဒါကို ကြည့်ခြင်းအားဖြင့် ခေတ္တရာ မြို့စားဟာ သုခနေနဲ့ အဆက်အသွယ် ရှိတယ်ဆိုတာ ထင်ရှားနေတယ်"

စန္ဒာဒေဝီ ဘုရင်မက မိမိ ယူဆချက်ကို ထုတ်ဖော်ပြောဆိုလိုက်သည်။

"ဘုရင်မရဲ့ အယူအဆဟာ အလွန်တရာမှ မှန်ကန်တဲ့ အယူအဆ ဖြစ်ပါတယ်၊ ကျွန်တော်မျိုး ကိုယ်တိုင်လည်း မောင်ရှုပကို ဓားမြှောင်နဲ့ လှမ်းပြီးပေါက်လိုက်သူဟာ သုခနေရဲ့သူလျှို ဖြစ်ရမယ်လို့ တွက်ကိန်းချထားပြီး ဖြစ်ကြောင်းပါ၊ သို့သော် ... ဓားမြှောင်နဲ့ ပေါက်သူမှာ မည်သူမည်ဝါ ဖြစ်သည်ကို မသိသဖြင့်သာ ထုတ်ဖော်ပြောဆိုခြင်း မပြုဘဲနေခြင်း ဖြစ်ကြောင်းပါ"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက မိမိ၏ယူဆချက်ကို ထုတ်ဖော်၍ သံတော်ဦးတင်လိုက်သည်။

"ဒီတော့ကာ စေတုတ္တရာ နိုင်ငံတော်ကို ဒုက္ခပေးမယ့် သုခနေရဲ့

www.burmeseclassic.com

www.burmeseclassic.com



သူလျှိုယုတ် ခေတ္တရာမြို့စား မောင်ဝဏ္ဏကို ခုချက်ချင်း ဖမ်းဆီး ချုပ်နှောင်ပြီး နက်ဖြန်နံနက် အရုဏ်တက်ချိန်တွင် ကြိုးပေးသတ်စေ ... ကြိုးပေးပြီး မသတ်မီ သူတို့ရဲ့ အကြံအစည်တွေပေါ်အောင် ဝါးညှပ်ပြီး စစ်ဆေးရမယ်"

ဘုရင်မသည် သက်တော်ရှည် အမတ်ကြီးအား အမိန့်တော်မြွက်ချမှတ်လျက် ရှိပေသည်။

"ဝါးညှပ်ပြီး စစ်ဆေးလျှင် မှန်ရာကို အစစ်မခံဘဲ ဘုရင်မ မျက်စိလည် လမ်းမှားသွားအောင် အစစ်ခံဖို့ လမ်းက များပါသဖြင့် ဝါးညှပ်ပြီး စစ်ဆေးခြင်းမပြုဖို့ တောင်းပန်ပါရစေ"

ဗိုလ်နန္ဒက ကြားမှဝင်ပြီး ပြောလိုက်သည်။

"မောင်ရှုပ တိတ်တိတ်နေစမ်း ... ကိုယ့်အရာ မဟုတ်ဘဲ ဝင်မစွက်စမ်းနဲ့"

ဘုရင်မက ငေါက်လိုက်သည်။

"ကျွန်တော်မျိုး လျှောက်တင်ပါရစေ"

ရန်အောင်မြို့စားကြီးက ဘုရင်မအား လျှောက်တင်ရန် စကားစ လိုက်သည်။

"ဘယ်သူ လျှောက်တင်တာကိုမှ ဘုရင်မ မကြားလိုဘူး၊ ဘုရင်မရဲ့ အမိန့်တော်ကိုသာ နာခံကြပါ"

ဘုရင်မက ရန်အောင်မြို့စားကြီးအား လက်ကာပြပြီး ပြောလိုက်ရာ ရန်အောင်မြို့စားကြီးမှာ ရှေ့ဆက်ပြီး သံတော်ဦး မတင်ဝံ့တော့ဘဲ ငြိမ်သွားပေသည်။

"မောင်ရှုပကို ခေတ္တရာ မြို့စားကြီးက စားနဲ့ လှမ်းပေါက်ပြီးတဲ့နောက် စားဆွဲပြီး ထွက်လာတဲ့ လူတွေကို သက်တော်ရှည် အမတ်ကြီး သတိထားမိသလား"



"ဗရုတ်သုတ်ခ ဖြစ်နေလို့ မည်သူမည်ဝါဆိုတာ သတိမထားလိုက်မိကြောင်းပါ"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက ပြန်လည် လျှောက်တင်လိုက်သည်။

"ဘုရင်မတော့ ကောင်းကောင်းကြီး မှတ်မိတယ်၊ အဲဒီလို စားဆွဲပြီး ထွက်တဲ့ လူ ၄ ယောက်အနက် ရှေ့ဆုံးက ထွက်လာတဲ့လူဟာ တခြားလူ မဟုတ်ဘူး၊ ပါဒမြို့စား မောင်ဒီပ ဆိုတာ ဘုရင်မ ကောင်းကောင်းကြီး မှတ်မိလိုက်တယ်၊ ပါဒမြို့စား မောင်ဒီပကိုလည်း ခေတ္တရာမြို့စား မောင်ဝဏ္ဏ ကဲ့သို့ပင် ဝါးညှပ်စစ်ဆေးပြီး ကြိုးပေး သတ်စေ"

စန္ဒာဒေဝီ ဘုရင်မက အမိန့်ပေးလိုက်သည်။

"ခုလို သူလျှို ၂ ဦးကို ဝါးညှပ်စစ်ဆေးပြီး ကြိုးဒဏ်ပေးလိုက်ရင် ကျန်တဲ့ သူလျှိုတွေကို သတိပေးလိုက်သလို ဖြစ်သွားမှာကိုလည်း သတိပြုတော်မူပါ"

ဗိုလ်နန္ဒက ဝင်ပြီး ပြောလိုက်ပြန်သည်။

"မောင်ရှုပနဲ့ မဆိုင်တဲ့ကိစ္စကို ဝင်ပြီးမစွက်ပါနဲ့လို့ ဘုရင်မ တားမြစ်ထားပါလျက် ဘာဖြစ်လို့ ဝင်စွက်နေရပြန်တာလဲ ... ဘုရင်မရဲ့အမိန့်ကို လွန်ဆန်တယ်ပေါ့လေ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား ဒေါသသံနှင့် ပြောလိုက်သည်။

"ဘုရင်မရဲ့ အမိန့်ကို လွန်ဆန်တယ်ဆိုပြီး အပြစ်ပေးလိုက ပေးတော်မူပါ၊ သို့ရာတွင် ကျွန်တော် ခုလို သတိပေးရခြင်းမှာ ဘုရင်မနဲ့ ဓညဝတီ နိုင်ငံတော်အတွက် သတိပေးနေခြင်း ဖြစ်ပါတယ်၊ သူမရဲ့ အကြံအစည်ဟာ ဘယ်အထိ ခရီးရောက်နေပြီ ဆိုတာကို ဘယ်သူမှ မသိနိုင်ပါ၊ ဘုရင်မ သိသော သူလျှို ၂ ဦး အပြင် ကျန်သူလျှိုများမှာ မည်သူမည်ဝါ ဖြစ်သည်ကိုလည်း မသိရသေးပါ၊ သူလျှိုများတွင် နောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်အင်အား မည်မျှရှိ၍ နန်းတော်တွင်း၌ မည်ရွေ့မည်မျှ ရောက်ရှိနေသည်ကိုလည်း မသိရပါ၊ အကယ်၍ ဤသူလျှို နှစ်ယောက်ကို ဝါးညှပ်စစ်ဆေးပြီး သေဒဏ်ပေးလိုက်မည်ဆိုပါက ကျန်သူလျှိုများအား သတိပေးလိုက်သလို ဖြစ်သွားပြီး ယမ်းပုံမီးကျသလို ပေါက်ကွဲလျှင်လည်း ပေါက်ကွဲနိုင်ပါသည်။ ပေါက်ကွဲနိုင်သည့် အခြေအနေ မရှိသေးလျှင်လည်း လွတ်ရာကျွတ်ရာသို့ တိမ်းရှောင်ပြီး အင်အား အသစ်တစ်ဖန်စုဆောင်းကာ အလစ်တွင် ဝင်ပြီးစီးနိုင်သည်ကိုလည်း သတိမမေ့သင့်ပါ"

ဗိုလ်နန္ဒက ရဲရင့်စွာ ပြန်ပြောလိုက်သည်။

"မောင်ရှုပ ပြောသော စကားများမှာ အလွန်တရာ အဖိုးထိုက်တန်သည့် စကားများ ဖြစ်သည်သာမက ဘုရင်မနဲ့ စေတုတ္တရာ နိုင်ငံတော်၏ အကျိုးကို ရှေးရှုပြီး သတိပေးခြင်းဖြစ်၍ မောင်ရှုပ လျှောက်တင်သည့် စကားများကို လေးလေးနက်နက် စဉ်းစားသင့်ကြောင်း ကျွန်တော်မျိုးကြီး လျှောက်ထား သံတော်ဦးတင်ဝံ့ပါသည်"

ဘုရင်မနှင့် ဗိုလ်နန္ဒတို့ အပြန်အလှန် ပြောဆိုနေသည့် စကားများကို နားထောင်နေသည့် စစ်သူကြီး ဗန္ဓကသည် ဗိုလ်နန္ဒဘက်မှ ဝင်ပြီး လျှောက်လဲချက် ပေးလိုက်သည်။

"ကျွန်တော်မျိုးလည်း စစ်သူကြီး ဗန္ဓကနှင့် ထပ်တူထပ်မျှပင် ထင်မြင်ယူဆကြောင်းပါ၊ ဤကိစ္စကို အဆောတလျင် အရေးမယူဘဲ စဉ်းစဉ်းစားစား ချိန်ချိန်ဆဆ အရေးယူမှသာ သင့်လျော်ပါလိမ့်မည် – တစ်ချက်မှားသွားလျှင် တစ်နိုင်ငံလုံး ငါးပါးမှောက်နိုင်သည်ကို သတိပြုတော်မူပါ"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက ဗိုလ်နန္ဒ၏ အယူအဆကို သဘောကျသဖြင့် ဝင်ပြီး ထောက်ခံလိုက်ပြန်သည်။

"သက်တော်ရှည် အမတ်ကြီး ပြောတာကတော့ ဟုတ်ပါပြီ၊



ဒါပေမဲ့ မောင်ရှုပ ဆိုတဲ့လူက ဘယ်သူလဲ ... သူပြောတဲ့ စကားတွေကို ယုံကြည်ရမှာလား"

ရန်အောင်မြို့စားကြီး မောင်ဒေဝ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါအား စောဒကတက်လိုက်သည်။

"မောင်ရှုပရဲ့ စကားကို ယုံကြည်ထိုက်ကြောင်း ကျွန်တော်မျိုး ရဲရဲကြီး အာမဝန်တာ ခံဝံ့ကြောင်းပါ ... မောင်ရှုပသည် ဘုရင်မနှင့် စေတုတ္တရာ နိုင်ငံတော်အတွက် တကယ်ပင် စေတနာထားသူ ဖြစ်သည်မှာ ယုံမှားဖွယ်ရာ မရှိကြောင်းပါ၊ မောင်ရှုပအတွက်ဆိုလျှင် ကျွန်တော်မျိုးကိုယ်တိုင် အသက်နဲ့လဲပြီး အာမခံဝံ့ကြောင်းပါ"

စစ်သူကြီး ဗန္ဓက က ဘုရင်မအား လျှောက်တင် လိုက်ပြန်သည်။

စန္ဒာဒေဝီ ဘုရင်မမှာမူ မိမိအား ငယ်ရွယ်စဉ်ကပင် ထိန်းကျောင်းလာခဲ့သည့် လူယုံတော်ကြီးများ ဖြစ်သော သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါနှင့် စစ်သူကြီး ဗန္ဓကတို့ လျှောက်တင်ချက်များကို ကြားရသောအခါ မည်ကဲ့သို့ အဆုံးအဖြတ်ပေးရမည် မသိဘဲ တွေဝေ၍သွားပြန်သည်။

"ကောင်းပြီ ... ဘုရင်မအပေါ်တွင် သစ္စာရှိကြတဲ့ စစ်သူကြီး ဗန္ဓကနဲ့ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါရဲ့ အာမခံချက်အရ မောင်ရှုပ အပေါ်တွင် ဘုရင်မ ခွင့်လွှတ်တော်မူတယ်၊ စောစောက အဖြစ်အပျက်များကို ပြန်လည်စဉ်းစားမိသော အခါတွင်လည်း မောင်ရှုပသည် သူလျှိုများ ထုတ်ဖော်နိုင်ရေးအတွက် သူ့ကိုယ်သူ စားစာခံအဖြစ် အသက်ကို ပမာဏမထားဘဲ စွန့်စားဝံ့သူ ဖြစ်သဖြင့် မောင်ရှုပသည် ဘုရင်မ၏ ရန်သူဖြစ်သော သီဟရာဇာ ဘုရင်ထံမှ စေလွှတ်လိုက်သည့် သူလျှိုပင် ဖြစ်စေကာမူ မောင်ရှုပ ပြောသောစကားများကို ယုံကြည်တော်မူသည်။ သို့သော် ..."

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီ ဘုရင်မသည် စကားဆုံးအောင် မပြောဘဲ ဖြတ်ထားလိုက်ပြီးလျှင် ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံး ကြည့်၍ နေပေသည်။

"မောင်ရှုပဟာ စကားအရာတွင် ကြွယ်ဝသူ ဖြစ်သည့်အပြင် သူ့ကိုယ်သူ နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံပြီး ပရိယာယ်ဝေဝုစ်အရာတွင် ကျွမ်းကျင်လိမ္မာတယ်လို့ ကြွားလုံးကြီးသူ ဖြစ်သဖြင့် ကြွားလုံးကြီးသလောက် ပရိယာယ်ဝေဝုစ်အရာတွင် တကယ် ကြွယ်ဝသည် မကြွယ်ဝသည်ကို ဘုရင်မ ကိုယ်တော်တိုင် စမ်းသပ်တော်မူမည်"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား စေ့စေ့ကြည့်ရင်း ပြောလိုက်ရာ ဗိုလ်နန္ဒသည် ရင့်ကျက်သည့် ဣန္ဒြေဖြင့် ဘုရင်မ၏စကားကို နားထောင်၍နေပေသည်။

"ကဲ ... မောင်ရှုပ၊ ဘုရင်မ ကိုယ်တော်တိုင် ထင်ထင်ရှားရှား သိမြင်ထားတဲ့ သုမနရဲ့ သူလျှိုနှစ်ဦးကို ဝါးညှပ် စစ်ဆေးပြီး သေဒဏ်ပေးဖို့ ဘုရင်မ အမိန့်ချမှတ်တာကို ဘာဖြစ်လို့ ဟန့်တားရတာလဲ၊ ဘုရင်မ ချမှတ်တဲ့ အမိန့်ထက် ကောင်းတဲ့ နည်းပရိယာယ်ရှိရင် ဘုရင်မကို လျှောက်တင်စမ်းပါ"

စန္ဒာဒေဝီ ဘုရင်မက ဗိုလ်နန္ဒအား မေးခွန်းထုတ်ရင်း အကြံတောင်းလိုက်သည်။

"ကောင်းလှပါပြီ ... ကျွန်တော် ဉာဏ်မီသလောက် အကြံပေးပါမည်၊ ဘုရင်မ ထံပါးတွင် ခစားလျက် ရှိနေသူများထဲတွင် ဤသူနှစ်ဦးကိုသာ သုမန၏ ဘက်တော်သား သူလျှို ဖြစ်ကြောင်း မသင်္ကာဖွယ်ရာ တွေ့ရှိရပါသည်၊ ကျန်သူလျှိုများမှာ မည်သူမည်ဝါ ဖြစ်သည်ကို မသိရသေးပါ ... ဤနန်းတော်ထဲတွင် သုမန ဘက်တော်သား မည်ရွေ့မည်မျှ ရှိသည်ကိုလည်း မသိနိုင်ပါ၊ ဤသူလျှို နှစ်ဦးသည် ယခုအချိန်မှာပင်လျှင် ၎င်းတို့ ဘုရင်မ မယုံသင်္ကာ ဖြစ်နေကြောင်းကို ၎င်းတို့၏ ဘက်တော်သားများထံ လျှို့ဝှက်စွာ သတင်းပေးပို့ပြီး ရှေ့



အဖို့ မည်သို့ ကြံစည်သင့်သည်ကို တိုးတိုးတိတ်တိတ် တိုင်ပင်နေကြမည်မှာ မလွဲပါ"

ဗိုလ်နန္ဒက အခြေအနေကို ရှင်းပြလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် မိမိ၏စိတ်ကိုပင် မလုံတော့ဘဲ မျက်နှာပျက်၍ နေပေသည်။

"ဘုရင်မ သိသော သူလျှို ၂ ဦးကို ဝါးညှပ်ပြီး စစ်ဆေးရန် ဖမ်းဆီးလိုက်သည်နှင့်တစ်ပြိုင်နက် ကျန်သူလျှိုအား သတိပေးလိုက်သလို ဖြစ်သွားပြီး ချက်ချင်း ထကြွတော်လှန်ပြီး ဘုရင်မအား ဖမ်းဆီးတာ သုမနလက်သို့ အပ်ကောင်း အပ်ပေလိမ့်မည်၊ ထကြွပုန်ကန်ရန် အင်အားမရှိသေးလျှင် ခြေရာဖျောက်ပြီး နေကြပါလိမ့်မည်။ ခြေရာဖျောက်ပြီး နေကြမည်ဆိုလျှင် သူလျှိုများကို မိအောင်ဖမ်းဆီးရန် လွယ်ကူတော့မည် မဟုတ်သည်ကိုလည်း သတိပြုသင့်ပါသည်"

ဗိုလ်နန္ဒက ဆက်လက်၍ အခြေအနေကို ရှင်းပြနေပြန်သည်။

"ဒီလိုဆိုရင် ဘာလုပ်ရမလဲ၊ ဒါကိုလည်း ပြောပြဦးမှပေါ့"

စန္ဒာဒေဝီ ဘုရင်မသည် စိတ်မရှည်နိုင်တော့ဘဲ ဝင်ပြောလိုက်သည်။

"ဘာလုပ်သင့်တယ် ဆိုတာကို ကျွန်တော် ဆက်ပြီး အကြံပေးပါ့မယ်၊ ပထမအချက်ကတော့ ဘုရင်မ သေဒဏ်ပေးဖို့ ကြံရွယ်ထားတဲ့ သူလျှို ၂ ဦးအပေါ်မှာ လုံးဝ အရေးမယူဘဲ မသိချင်ဟန်ဆောင်နေဖို့ပင် ဖြစ်ပါတယ်၊ သူတို့ရဲ့ အသွားအလာများကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့လည်း လူယုံတော်တွေ လွှတ်ထားဖို့ လိုပါတယ်"

ဗိုလ်နန္ဒက အကြံပေးလိုက်သည်။

"ပထမအချက်ကတော့ ဟုတ်ပြီ၊ ဒုတိယအချက်က ဘာလဲ"

"ဒုတိယအချက်ကတော့ ဘုရင်မ ကိုယ်တော်တိုင် ကြေညာချက်တစ်စောင် ထုတ်ပြန်ဖို့ ဖြစ်ပါတယ်။ ဒီကြေညာချက်ကတော့ တခြားမဟုတ်၊ စေတုတ္တရာ နိုင်ငံတော်အတွင်းရှိ ဘုရင်မရဲ့ လက်အောက်ခံ

www.burmeseclassic.com

www.burmeseclassic.com



အရာထမ်း အမှုထမ်းများ လောကတွင် သုခနေ ဘက်တော်သားများ ရှိနေသည်ကို ဘုရင်မ သိတော်မူကြောင်း၊ သို့သော် ဘုရင်မသည် သဘောထားကြီးစွာဖြင့် သုခနေ ဘက်တော်သား သူလျှိုများအပေါ်တွင် ၎င်းတို့ ပြုခဲ့သည့် ကာလက အမှားများကို ခွင့်လွှတ်ခါ လုံးဝ လွတ်ငြိမ်းချမ်းသာခွင့် ပေးမည်ဖြစ်ကြောင်း ... သို့ရာတွင် ရှေ့အဖို့၌ ဘုရင်မနှင့် နိုင်ငံတော်အတွက် သစ္စာဖောက်ကာ သုခနေအား ကာယကံ ဝစီကံများဖြင့် အားပေးကူညီမှုများ ပြုလုပ်ကြသည်ကို တွေ့ရှိပါက ခြေလွန်လျှင် ခြေ၊ လက်လွန်လျှင် လက်၊ နှုတ်လွန်လျှင် နှုတ် ဆိုသလို ကျူးလွန်သမျှကို သည်းခံနေတော့မည် မဟုတ်ဘဲ သေဒဏ်ပေးသည်အထိ အရေးယူမည်ဖြစ်ကြောင်း အစရှိတဲ့ အချက်အလက်တွေ ပါရှိတဲ့ ကြေညာချက်တစ်စောင် ထုတ်ပြန်ဖို့ပဲ ဖြစ်ပါတယ်"

ဗိုလ်နန္ဒက မိမိ၏ နှလုံးရည်လမ်းစဉ်ကို ခင်းကျင်းပြလိုက်သည်။

"ခုလို ကြေညာချက် ထုတ်တော့ ဘာအကြောင်းထူးဦးမှာလဲ"

ဘုရင်မက မေးလိုက်ပြန်သည်။

"အများကြီး အကြောင်းထူးပါလိမ့်မယ်၊ ဘုရင်မ အပါးမှာ ခစားနေတဲ့ လူတွေထဲက သုခနေ ဘက်တော်သား သူလျှိုအဖြစ်ကို ရောက်ရှိသွားရတဲ့ လူအချို့ဟာ သုခနေရဲ့ လာဘ်လာဘကို မျှော်ကိုးပြီး ဘုရင်မအပေါ်မှာ သစ္စာဖောက်နေကြသူများ ဖြစ်တယ်ဆိုတာ ယုံမှားဖွယ်မရှိပါ၊ ခုလို ကိုယ်ကျိုးအတွက် သုခနေ ဘက်တော်သား ဖြစ်ခဲ့တဲ့ လူတွေဟာ ဘုရင်မရဲ့ ကြေညာချက် ထွက်တာနဲ့ တစ်ပြိုင်နက် အလိုလို လိပ်ပြာလန့်ပြီး သုခနေနဲ့ အဆက်အသွယ်ဖြတ်ခါ ဘုရင်မနဲ့ စေတုတ္တရာနိုင်ငံတော် အပေါ်မှာ သစ္စာရှိတဲ့လူတွေ ဖြစ်လာနိုင်ပါတယ်၊ ကျန်ရှိနေတဲ့ သူလျှိုတွေကိုတော့ သူတို့ရဲ့ စိတ်ဓာတ် တုန်လှုပ်ချောက်ချားအောင် စိတ်ဓာတ်ရေးအရ တိုက်ပွဲဆင်လိုက်ရင် အလိုလို ထိတ်လန့်တုန်လှုပ်ပြီး သူတို့ရဲ့ အမှုအရာတွေ ပျက်လာပါလိမ့်မယ်"



ဗိုလ်နန္ဒက ရှင်းပြလိုက်သည်။ သို့ရာပင်လျှင် စန္ဒာဒေဝီ ဘုရင်မသည် သဘောပေါက်ဟန်မတူပေ။

"စိတ်ဓာတ်အရ တိုက်ပွဲဆင်မယ်ဆိုတာ ဘယ်လိုလဲ"

ဘုရင်မက မေးလိုက်သည်။

"ဒါကတော့ အင်မတန် နူးညံ့သိမ်မွေ့ပြီး ခက်ခဲနက်နဲတဲ့ ပညာပါ၊ အခြေအနေကို ကြည့်ပြီး လုပ်ရမယ့် အလုပ်လည်း ဖြစ်တဲ့အတွက် ကြိုတင်ပြီး ထုတ်ဖော်ပြောဆိုဖို့ မလွယ်ကူပါ။ သူလျှိုတွေ စိတ်ဓာတ်ကျဆင်းအောင် လုပ်ဖို့တော့ ဘုရင်မရဲ့ စစ်သည်တော်တွေကို စုရုံးပြီး မကြာခဏ စစ်ရေးပြပေးပါ၊ လေ့ကျင့်ခန်းများလည်း မကြာမကြာ ပြုလုပ်ပေးပါ၊ ဟန်ဆောင်တိုက်ပွဲများလည်း ဆင်နွှဲပေးဖို့ လိုပါလိမ့်မယ်၊ တစ်ချိန်တည်းမှာပဲ ဘုရင်မ စိတ်ချယုံကြည်ရတဲ့ လက်ရွေးစင်တွေကို ရှာဖွေစုဆောင်းပြီး နန်းတွင်း နန်းပြင်မှာ နေ့ရောညပါ အစောင့်ချထားပြီး နားနဲ့ မျက်စိကို ဖွင့်ထားကြဖို့ပဲ ဖြစ်ပါတယ်၊ အထူးသဖြင့် ... ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်တဲ့ ညသန်းခေါင် အချိန်မှာ နန်းတွင်း နန်းပြင် အသွားအလာများကို စစ်ဆေးပြီး မသင်္ကာသူများကို ဖမ်းဆီးခြင်းစသည်များကို ပြုလုပ်ဖို့လိုပါတယ်"

"ဘုရင်မ အပေါ်မှာ သစ္စာရှိရှိနဲ့ စိတ်ချယုံကြည်ရတဲ့ လူတွေကို ရွေးဖို့ ဆိုတာက သိပ်မလွယ်ဘူး၊ စောစောက တရားလွှတ်တော်တွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကို ကြည့်ရင် ... ဘုရင်မဖြင့် ဘယ်သူ့ကို စိတ်ချယုံကြည်ရမလဲ ဆိုတာ မပြောတတ်အောင် ဖြစ်နေတာပဲ"

"တခြားသူ မရှိပေမယ့် မောင်ရှုပ တစ်ယောက်လုံး ရှိနေတယ် ဆိုတာတော့ ဘုရင်မ သိထားစေချင်ပါတယ်"

ဗိုလ်နန္ဒက ရင်ကော့ပြီး ပြောလိုက်သည်။

"အင်း ... တယ်လည်း အပြောကြီးတဲ့ လူပဲ ... မောင်ရှုပ တစ်ယောက်တည်း ဘယ်လိုစွမ်းဆောင်နိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နန်းတွင်း နန်းပြင်တွင် ဝင်ထွက်သွားလာခွင့်ရမယ်ဆိုရင် သူလျှို တွေရဲ့ အကြံအစည်ကို နည်းပရိယာယ် အမျိုးမျိုးဖြင့် ရအောင် ကြံဆောင် ဖို့ ခဲယဉ်းမည် မဟုတ်ပါ"

ဗိုလ်နန္ဒက ပြန်ပြီး လျှောက်တင်လိုက်သည်။

"မောင်ရှုပ တစ်ယောက်တည်း ခုလို ထွက်ဝင်သွားလာပြီး စနည်း နာမည်ဆိုရင် မောင်ရှုပရဲ့ အသက်ဘေးရန်အတွက် စိုးရိမ်ဖွယ်ရာ ရှိပါ လိမ့်မယ်၊ စောစောက တရားလွှတ်တော်မှာပင်လျှင် မောင်ရှုပကို သေ စေကြောင်းကြံသူတွေ အများကြီး ထွက်လာတာကို သတိပြုမိတယ် မဟုတ် လား"

စစ်သူကြီး ဗန္ဓုက က ဗိုလ်နန္ဒအတွက် စိုးရိမ်သည့် အမူအရာဖြင့် ဝင်ပြောလိုက်သည်။

"စောစောက တရားလွှတ်တော်မှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် ကို သတိရလို့ ခုလို အကြံအစည်ရတာပါ၊ ကျွန်တော့်ကို ငါးစာအဖြစ် အသုံးချလိုက်ရင် သူလျှိုတွေဟာ တစ်ခါတည်း လာဟပ်မှာပဲ မဟုတ် လား၊ လာဟပ်တဲ့အခါ ဒီလူကို မှတ်သားထားပြီး သူ့နောက်ကို မျက်ခြည် မပြတ် လိုက်ပြီး ခြေရာခံရင် သူ့ရဲ့ အဖော်အပေါင်းတွေဟာ ဘယ်သူ ဘယ်ဝါ ဆိုတာ သိနိုင်မယ် မဟုတ်လား၊ အဲဒီအခါကျတော့မှ အပေါင်း အဖော် အားလုံးကို တစ်ပြိုင်တည်း ဖမ်းလိုက်ရင် ပိုပြီး ထိရောက်မယ် မဟုတ်လား"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒီအကြံကတော့ ကောင်းပါရဲ့ ... ဒါပေမဲ့ သူလျှိုတွေကို မိမှာက နောက် ... မောင်ရှုပ အသတ်ခံရမှာက အရင် ဆိုသလို ဖြစ်မနေဘူးလား"

သက်တော်ရှည် အမတ်ကြီးက ဝင်ပြောလိုက်ပြန်သည်။

"ကျွန်တော့်အဖို့တော့ သေတာဟာ မဆန်းတော့ပါဘူး။ ကျွန်တော် ဒီကိုထွက်လာကတည်းက အသေခံဖို့ ထွက်လာခဲ့တာပဲ။ ပြီးတော့ လူ



တစ်ယောက်ဟာ သေကံမရောက်သေးရင် ဘယ်နည်းနဲ့မှ အသက်မပျောက် နိုင်ဘူး ဆိုတာ ကျွန်တော် စွဲစွဲမြဲမြဲ ယုံကြည်တယ်၊ သေရမယ့်လူဟာ ကျောက်ဂူထဲမှာ ဝင်ပုန်းနေပေမယ့် တစ်နည်းနည်းနဲ့ သေတာပဲ၊ သေနေ့ မစေ့သေးတဲ့ လူကျတော့ ဘယ်လိုသတ်သတ် တစ်နည်းနည်းနဲ့ လွတ် တာပဲ၊ ဃောသကသူဌေး နိပါတ်တော်ကို ကြည့်ပါလား၊ သူ့ကို ဘယ် နည်းနဲ့ သတ်လို့ မသေဘဲ သူဌေးကြီးမှ ဖြစ်လာရတာပဲ မဟုတ်လား၊ သေရမှာကို တွေးကြောက်နေလို့အပိုပဲ၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်တော် သေဖို့ကောင်းတာ ကြာပြီ၊ ခုထက်ထိ မသေသေးတာကို ထောက်ရင် သေနေ့မစေ့သေးလို့ ဆိုတာ ကျွန်တော် ယုံကြည်တယ်"

ဗိုလ်နန္ဒက မိမိ၏သဘောထားကို ဖွင့်ဟလိုက်သည်။

"သေရမှာကို မကြောက်ဘူး ဆိုပါလား၊ တယ်လည်း အကြွား ကြီးတဲ့ လူပဲ"

ဘုရင်မက မဲ့ကာရွဲ့ကာဖြင့် ပြောလိုက်သည်။

"ကျွန်တော်မျိုးကြီး အနေနဲ့ကတော့ မောင်ရှုပကို လူကြွား တစ် ယောက်အနေနဲ့ မမြင်ကြောင်းပါ၊ ကျွန်တော်မျိုး ကိုယ်တိုင် ရင်မဆိုင်ရဲ တဲ့ ဘီလူးတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါကြီးကို မောင်ရှုပ ကိုယ်တိုင် ရဲရဲရင့်ရင့် ရင်ဆိုင်ပြီး ကျွန်တော်မျိုးကြီးရဲ့အသက်ကို ကယ်တင်ခဲ့တာ ဟာ မျက်မြင်ကိုယ်တွေ့မို့လို့ မောင်ရှုပရဲ့ စွမ်းရည်သတ္တိကို ကျွန်တော် မျိုး ယုံကြည်အားကိုးမိကြောင်းပါ။ ယခုတစ်ဖန် မောင်ရှုပ ပေးသော အကြံဉာဏ်များမှာ အလွန်တရာ သိမ်မွေ့နူးညံ့သည်သာမက ခက်ခဲ နက်နဲသည့် အကြံဉာဏ်များ ဖြစ်၍ လက်ရှိအခြေအနေအရ မောင်ရှုပ ပေးတဲ့ အကြံဉာဏ်ထက် ပိုပြီးကောင်းတဲ့ အကြံဉာဏ်ကို မည်သူမှ ပေးစွမ်းနိုင်မည် မဟုတ်ကြောင်းပါ"

စစ်သူကြီး ဗန္ဓုကသည် ဗိုလ်နန္ဒဘက်မှ ရှေ့နေလိုက်ပေးလိုက် ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စစ်သူကြီးရဲ့ အသက်ကို မောင်ရှုပ ဘယ်ပုံဘယ်နည်း ကယ်ဆယ်ခဲ့လို့လဲ"

ရန်အောင်မြို့စားကြီးက ဝင်ပြီး မေးလိုက်ပြန်ရာ စစ်သူကြီး ဗန္ဓက သည် ယမန်နေ့ညက သေလာဂီရိ တောင်ခြေရင်းတွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များကို ခရေစေ့တွင်းကျ ပြောပြနေပေသည်။

"ဒီလိုတော့လည်း သတ္တိကောင်းသားပဲ၊ ဒါပေမဲ့ ခုကိစ္စမှာက သတ္တိကောင်းရုံနဲ့ မဖြစ်ဘူး၊ နှလုံးရည်ပြည့်ဝဖို့ အရေးကြီးတယ်"

ရန်အောင်မြို့စားကြီးက ဗိုလ်နန္ဒကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ပြောလိုက်ပြန်သည်။

"နှလုံးရည်ပြည့်ဝတယ် မပြည့်ဝဘူး ဆိုတာ အထူးပြောနေဖို့ လိုသေးသလား၊ သူ့ကိုယ်သူ ငါးစာအဖြစ် အသက်စွန့်ပြီး ပရိယာယ်ဆင်လိုက်လို့ စောစောက တရားလွှတ်တော်မှာ သူလျှိုတွေ ဣန္ဒြေမဆည်နိုင်ဘဲ စာတိရုပ်ပေါ်လာကြရတယ် မဟုတ်လား။ မောင်ရှုပရဲ့ နည်းပရိယာယ်ဟာ တကယ့်ကို ချီးကျူးလောက်ပါပေတယ်"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက ဗိုလ်နန္ဒဘက်မှ ဝင်ပြီး ထောက်ခံလိုက်ပြန်သည်။

"ကဲ ... အချေအတင် အငြင်းအခုံလုပ်နေလို့ မပြီးသေးဘူး။ မောင်ရှုပပေးတဲ့ အကြံကို သက်တော်ရှည် အမတ်ကြီးနဲ့တကွ အားလုံးသဘောတူကြရဲ့လား၊ ဒါမှမဟုတ် မောင်ရှုပပေးတဲ့ အကြံထက် ကောင်းတဲ့ အကြံကို ပေးနိုင်ကြသေးသလား ... အကြံပေးစရာရှိ ပေးကြစမ်းပါ"

ဘုရင်မက ဝင်ပြီး ပြောလိုက်သဖြင့် အားလုံး ငြိမ်သက်စွာ စဉ်းစားနေကြသည်။

"ကျွန်တော်မျိုးကြီး အနေနဲ့ကတော့ မောင်ရှုပပေးတဲ့ အကြံထက်ပိုပြီးကောင်းတဲ့အကြံ မပေးနိုင်ရိုး ဖြစ်ကြောင်းပါ။ မောင်ရှုပ ပေးတဲ့ အကြံကိုသာလျှင် ထောက်ခံလိုကြောင်း လျှောက်တင်ပါသည်"



စစ်သူကြီး ဗန္ဓက က ရှေးဦးစွာ လျှောက်တင်လိုက်သည်။

"သက်တော်ရှည် အမတ်ကြီးကကော ဘယ်လိုသဘောရသလဲ"

"ကျွန်တော်မျိုး အနေနဲ့လည်း မောင်ရှုပပြောတဲ့ အကြံထက် ကောင်းတဲ့အကြံ မပေးနိုင်ကြောင်းပါ၊ စောစောက တရားလွှတ်တော်တွင်းမှာ ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်များကို ကြည့်ခြင်းအားဖြင့် မောင်ရှုပသည် တကယ်ပင် ဉာဏ်သွားသူ ဖြစ်သည်မှာ ထင်ရှားသဖြင့် မောင်ရှုပပေးသည့် အကြံဉာဏ်ကိုပင် လက်ခံသင့်သည်ဟု ယူဆမိကြောင်းပါ"

သက်တော်ရှည် အမတ်ကြီးက လျှောက်ထားလိုက်သည်။

"ရန်အောင်မြို့စားကြီးကကော"

"သက်တော်ရှည် အမတ်ကြီးနဲ့ စစ်သူကြီး ဗန္ဓကတို့ သဘောတူပြီးဖြစ်၍ အထူးလျှောက်တင်စရာ မရှိကြောင်းပါ"

ရန်အောင်မြို့စားကြီးသည် ဘုရင်မ ကိုယ်တိုင်က ဗိုလ်နန္ဒ၏ အကြံပေးချက်ကို သဘောကျနေသည်ကို ရိပ်စားမိသဖြင့် အလိုလိုက်ပြီး အကြိုက်ကို လျှောက်တင်လိုက်သည်။

"ကောင်းပြီ ... ဘုရင်မ အမိန့်တော်မှတ်မည် ... အမိန့်တော်နာခံ"

စန္ဒာဒေဝီ ဘုရင်မသည် အမိန့်တော်ပြန်ရန် ပဏာမပျိုးလိုက်ရာ သက်တော်ရှည် အမတ်ကြီး၊ စစ်သူကြီး ဗန္ဓကနှင့် ရန်အောင်မြို့စားကြီးတို့သည် ဘုရင်မ အပါးသို့ တိုး၍ ခစားကြပေသည်။ ဗိုလ်နန္ဒမှာမူ နဂိုနေရာတွင် မတ်တတ်ရပ်မြဲ ရပ်၍နေပေသည်။

"သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါမှာ ဉာဏ်ပညာ အမြော်အမြင်နှင့်ပြည့်စုံသူ ဖြစ်သည်သာမက အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝသူ ဖြစ်၍ အမတ်ကြီးရဲ့ အတွေ့အကြုံ ဗဟုသုတ အပေါ်မှာ အခြေပြု၍ ဉာဏ်ကိုလွှာ၍သုံးပြီးလျှင် ဘုရင်မ၏ နိုင်ငံတော် လုံခြုံရေးအတွက် မောင်ရှုပနှင့် တိုင်ပင်ပြီး တာဝန်မလစ်ဟင်းရအောင် ထမ်းရွက်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီး ဗန္ဓကမှာမူ ယခုအချိန်က အစပြုပြီး ဘုရင်မ၏ စစ်သည်တော်များကို ဆင့်ခေါ်ပြီး လေ့ကျင့်ခန်းများ လုပ်ရမည်။ စစ်ချီ၊ စစ်တက်၊ မားခုတ် လှံထိုး၊ စက်ကြိုးယန္တရား စသည်တို့ကို မပြတ်လပ်ရအောင် လေ့ကျင့်ရမည်။ တပ်ဆင်ရမည်၊ အသင့်ပြင်ထားရမည်။ ရန်အောင်မြို့စားကြီးမှာမူ ခေတ္တရာမြို့စားနှင့် ပါဒမြို့စားများအား မျက်ခြည်မပြတ်စေဘဲ ၎င်းတို့၏ သွားလာလှုပ်ရှားမှုကို ဘုရင်မထံ သံတော်ဦးတင်ရမည်။ ယနေ့ည နေဝင်ချိန်တွင် ဘုရင်မထံ အားလုံး လာရောက် ခစားပြီး နောက်ဆုံး အခြေအနေကို သံတော်ဦးတင်ကြရမည်၊ ကဲ ... ညီလာခံစဲပြီ၊ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါ၊ စစ်သူကြီး ဗန္ဓကနဲ့ ရန်အောင်မြို့စားကြီးတို့ ကိုယ်စီတာဝန်ထမ်းရွက်ရန် ဘုရင်မ အပါးမှ ခွာနိုင်ပြီ"

ဘုရင်မက အမိန့်ပေးလိုက်ရာ သက်တော်ရှည် အမတ်ကြီးနှင့် ရန်အောင်မြို့စားတို့သည် ဘုရင်မအား အရိုအသေပြုကာ ဘုရင်မ အပါးမှ အသီးသီး ထွက်ခွာသွားကြပေသည်။ စစ်သူကြီး ဗန္ဓကနှင့် ဘုရင်မတို့၏ ခပ်လှမ်းလှမ်းတွင် ခစားလျက်ရှိသော ထောင်မှူးကြီး ချစ်ညိုတို့မှာမူ ဘုရင်မ အပါးမှ မခွာသေးဘဲ ဗိုလ်နန္ဒအား ဘုရင်မက မည်သို့ အမိန့်တော်မြွက် ချမှတ်မည်ကို စောင့်၍နေကြပေသည်။

"စစ်သူကြီး ဗန္ဓက ... တာဝန်ထမ်းရွက်ဖို့ သွားတော့လေ–ဘယ်သူ့ကို စောင့်နေတာလဲ"

ဘုရင်မက စစ်သူကြီးအား မေးလိုက်သည်။

"မောင်ရှုပကို စောင့်နေတာပါ"

"မောင်ရှုပကို ဘုရင်မ မှာကြားစရာတွေ ရှိသေးတယ် ... အပြင်ကနေပြီး စောင့်နေကြပါ"

ဘုရင်မက အမိန့်ပေးလိုက်သဖြင့် စစ်သူကြီး ဗန္ဓကနှင့် ထောင်မှူးကြီး ချစ်ညိုတို့သည် ဘုရင်မအား အရိုအသေပြုကာ ဘုရင်မ၏ အဆောင်ထဲမှ ထွက်သွားကြပေသည်။



အဆောင်ထဲတွင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ဘုရင်မသည် ဗိုလ်နန္ဒအား မကြည့်ဘဲ လေသာတံခါးမှ အပြင်သို့မျှော်ပြီး သက်ပြင်းချလိုက်သည်။ ဗိုလ်နန္ဒမှာမူ ကျောက်ရုပ်ပမာ ဘုရင်မရှေ့တွင် မတ်တတ်ရပ်လျက် ဘုရင်မ၏ နတ်တမျှ လှပသည့် ရုပ်ရည်ကို အနုလုံပဋိလုံ အာရုံခံစား၍နေပေသည်။

"ကဲ ... မောင်ရှုပ ... စောစောက သွက်လက် ချက်ချာသလောက်ခုဘာဖြစ်လို့ ဘုရင်မ ရှေ့မှာ ကျောက်ရုပ်ကြီးလို မတ်တတ်ရပ်ပြီး စကားမပြော တုံဏှိဘာဝေနဲ့ ဘာဖြစ်နေတာလဲ ..."

စန္ဒာဒေဝီ ဘုရင်မသည် လေသာပြတင်းမှ လှမ်းမျှော်ကြည့်နေရာမှ ဗိုလ်နန္ဒဘက်သို့ ပြန်လှည့်ကြည့်ရင်း မေးလိုက်သည်။

"မတ်တတ်ရပ်နေတာကတော့ ဘုရင်မ ရှေ့မှာ ပုဆစ်ဒူးတုပ်ပြီး မထိုင်ချင်လို့ပါ၊ စကားမပြောတာကတော့ ပြောစရာစကားမရှိလို့ ဖြစ်ပါတယ်"

ဗိုလ်နန္ဒက ဣန္ဒြေရရ ပြန်ဖြေလိုက်သည်။

"အင်း ... ဟုတ်သားပဲ၊ စောစောကတည်းက ဘုရင်မ ရှေ့မှာ ပုဆစ်ဒူးတုပ်ပြီး မထိုင်ချင်ဘူးလို့ ပြောခဲ့သားပဲ ... ဘုရင်မ ရှေ့မှာ ပုဆစ်ဒူးတုပ်ပြီး မထိုင်ချင်ရင် ... ဟောဟိုထောင့်က သလွန်တစ်ခု ဆွဲယူပြီးထိုင်လေ ... ပြီးတော့ မောင်ရှုပ ပြောစရာစကား ရှာလို့ရအောင် ဘုရင်မက စပေးရမှာပေါ့"

စန္ဒာဒေဝီ ဘုရင်မက ငေါ့သလိုလို ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒသည် ဘုရင်မ ပြောလိုက်သည့်အတိုင်းပင် အဆောင်၏ ထောင့်တွင်ရှိသော သလွန်တစ်ခုကို ဆွဲယူလာပြီး ဘုရင်မ အနီးတွင် ထိုင်လိုက်သည်။

"မောင်ရှုပရဲ့ အပြောအဆို အမူအရာတွေကို ကြည့်ရတာဟာ သာမန်အရပ်သားတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ...ဘုရင်မရဲ့ ရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ပုဆစ်ဒူးတုပ်ပြီး ထိုင်ရမှာကို ဝန်လေးတာ ထောက်ရင် မင်းညီမင်းသားထဲတများ ဖြစ်နေမလား"

စန္ဒာဒေဝီ ဘုရင်မက စကားစလိုက်သည်။

"ပညတ်သဘောနဲ့ ကြည့်မယ်ဆိုရင် မင်းညီမင်းသားလည်း လူပဲ အရပ်သားလည်း လူပါပဲ ...၊ ပရမတ်သဘောနဲ့ ကြည့်မယ်ဆိုရင် ဘုရင်မအစပြုပြီး ပုပ္ပရွှ သတ္တဝါမှန်သမျှ ရုပ်တရား၊ နာမ်တရား ခန္ဓာငါးပါးအစုအဝေးသာ ဖြစ်တဲ့အတွက် ထူးခြားခြင်းမရှိပါ ...၊ မိန်းမသားရဲ့ ရှေ့မှာ ဘုရားဆုပန် မင်းယောကျာ်း အနေနဲ့ ပုဆစ်ဒူးတုပ်ပြီး ထိုင်ရမည်ကို ဝန်လေးသဖြင့်သာ မတ်တတ်ရပ်ပြီး ခစားနေခြင်း ဖြစ်ပါတယ်"

"မောင်ရှုပဟာ ဘုရင်မ မေးတဲ့စကားကို ဘယ်တော့မှ တည့်တည့်မတ်မတ် မဖြေဘူး ... စကားတတ်တိုင်း ကွေ့ရှောင်ပြီး ဖြေနေတာကိုး ...။ ကဲ ... ဒါတွေကို အသာထားပြီး မောင်ရှုပဟာ အတွေ့အကြုံ ဗဟုသုတများတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တဲ့အပြင် ပရိယာယ်ဝေဝုစ်အရာမှာ ပါးနပ်လိမ္မာသူ ဖြစ်တယ်ဆိုတာ ဘုရင်မ ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ရပြီ ဖြစ်တဲ့အတွက် မောင်ရှုပဆီက အဖိုးတန်တဲ့ အကြံဉာဏ်တွေကို ဘုရင်မ ရယူလိုတယ် ... ဘုရင်မ တောင်းတဲ့ အကြံကို ပေးနိုင်မလား"

"ကျွန်တော် ဉာဏ်မီသလောက်တော့ အကြံပေးဖို့ အသင့်ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို သိပ်ပြီး အထင်မကြီးစေလိုပါ"

"အင်း ... မောင်ရှုပဟာ လူတစ်မျိုးပဲ၊ ကြွားစရာ ရှိတော့လည်း မိုးထိအောင်ကြွားပြီး ကိုယ့်ကိုယ်ကိုယ် နှိမ့်ချစရာ ရှိတော့လည်း မြေကြီးထိအောင် နှိမ့်ချနေတာကိုး ... ဒီမှာ မောင်ရှုပ နေ့လယ်တုန်းက မောင်ရှုပနဲ့ ဘုရင်မ တောထဲမှာ တွေ့ကြတာကို မှတ်မိသေးတယ် မဟုတ်လား ... အဲဒီတုန်းက မောင်ရှုပ ပြောခဲ့တဲ့စကားတွေ မှတ်မိသေးသလား"

"မှတ်မိပါတယ် ... အဲဒီတုန်းက ဘုရင်မမှန်းမသိဘဲ အပြစ်ကင်းစင်



တဲ့ အရပ်သူကလေး မာလာ အဖြစ်သာ သိခဲ့တဲ့အတွက် စိတ်ထဲမှာ ရှိသမျှ ဖွင့်ပြောခဲ့ခြင်း ဖြစ်ပါတယ်"

"မနေ့ညနေတုန်းက ဘုရင်မ ရုပ်ဖျက်ပြီး စစ်သူကြီး ဗန္ဓုကနဲ့အတူ လိုက်ပါလာစဉ်က မောင်ရှုပနဲ့ တွေ့ခဲ့တာကော မှတ်မိသေးသလား ... အဲဒီတုန်းကပြောခဲ့တဲ့ စကားတွေကိုကော မှတ်မိသေးတယ် မဟုတ်လား"

"အဲဒီတုန်းကလည်း ဘုရင်မမှန်း မသိလို့ ပြောခဲ့ဆိုခဲ့ခြင်း ဖြစ်ပါတယ်"

"ဒါဖြင့်ကောင်းပြီ ... ဘုရင်မကို စန္ဒာဒေဝီ ဘုရင်မဆိုတာ မေ့ပစ်လိုက်ပြီး အပြစ်ကင်းစင်တဲ့ အရပ်သူကလေး မာလာအဖြစ် အစ်ကိုကြီးက ညီမလေးကို အကြံပေးသလို အကြံပေးစမ်းပါလား၊ ဆုံးမစရာ ရှိရင်လည်း ဆုံးမစမ်းပါလား"

"မဖြစ်နိုင်တာတွေ ပြောမနေစမ်းပါနဲ့၊ ပြီးတော့ အစ်ကိုကြီးနဲ့ ညီမလေး လုပ်တမ်းကစားနေဖို့ အချိန်အခါမျိုး မဟုတ်ဘူး ဆိုတာလည်း သတိပြုစေချင်ပါတယ်၊ ခုအချိန်မှာပင်လျှင် သုမနဘုရင်ရဲ့ သူလျှိုတွေဟာ နန်းတော်အတွင်းမှာ အချင်းချင်း တီးတိုး တိုင်ပင်နေကြမည်မှာ စကာန်အမှန် ဖြစ်၍ အဖိုးတန်တဲ့ အချိန်ကို မဖြုန်းသင့်ပါ၊ လုပ်စရာရှိတာကို မြန်မြန်လုပ်ဖို့က အရေးကြီးပါတယ်၊ သူလျှိုတွေရဲ့ လက်ချက်ဦးသွားမှာကိုလည်း စိုးရိမ်ရပါတယ်"

"ဒါဖြင့် ဘုရင်မကို အကြံမပေးနိုင်ဘူးပေါ့"

"အကြံမပေးနိုင်ဘူးလို့ ဆိုလိုခြင်းမဟုတ်ပါ၊ ဘုရင်မ တောင်းလိုတဲ့ အကြံကို တောင်းနိုင်ပါတယ်၊ ကျွန်တော် ဉာဏ်မီသလောက် ဖြေဆိုပါမယ် ဆိုတာလည်း စောစောကတည်းက ဝန်ခံထားပြီး ဖြစ်တယ်"

"ကောင်းပြီ ... စောစောက ဘုရင်မနဲ့ တောထဲမှာ တွေ့စဉ်က ဘုရင်မဟာ မိန်းမသားဖြစ်တဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေက မထီမဲ့မြင် ပြုမူနေကြပါတယ်လို့ မောင်ရှုပ ပြောခဲ့တယ်၊ အိမ်နီးနားချင်းနိုင်ငံတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိသေလာအောင် ဘုရင်မ ကြင်ဖက်တော်ရွေးပြီး တိုင်းပြည် အုပ်ချုပ်ရေးအတွက် ကြင်ဖက်တော်ရဲ့လက်ကို အပ်နှံသင့်တယ်လို့ ပြောသွားတယ်၊ ဘုရင်မနဲ့ ထိုက်တန်တဲ့ ကြင်ဖက်တော်ကို မောင်ရှုပ ရွေးပေးစမ်းပါ"

"ဒါကတော့ ကျွန်တော်ရဲ့အလုပ် မဟုတ်လို့ အကြံမပေးပါရစေနဲ့၊ ဘုရင်မကို အကြံပေးဖို့ သက်တော်ရှည် အမတ်ကြီးနဲ့ စစ်သူကြီးဗန္ဓုကတို့ ရှိနေသားပဲ"

"သက်တော်ရှည် အမတ်ကြီး အနေကတော့ ရန်အောင်မြို့စားကြီးနဲ့ ရွှေလက်တော်ဆက်ဖို့ အကြံပေးတာပဲ၊ ရန်အောင်မြို့စားကြီးက တခြားလူ မဟုတ်ဘူး၊ ဖခမည်းတော်ရဲ့ တူတော်မောင် ဖြစ်တယ်၊ ဖခမည်းတော် ရှိစဉ်ကပင် ဘုရင်မကို ရန်အောင်မြို့စားကြီးနဲ့ ရွှေလက်တော်ဆက်ဖို့ မကြာခဏ တိုက်တွန်းခဲ့တယ်၊ ဒါပေမဲ့ ဘုရင်မ အနေကတော့ ကြင်ဖက်တော် မလိုဘဲ တစ်ကိုယ်တည်းနေချင်တဲ့ ဆန္ဒရှိလို့ ခမည်းတော်ရဲ့ တိုက်တွန်းချက်ကို ငြင်းပယ်ခဲ့တယ်"

စန္ဒာဒေဝီ ဘုရင်မက အကျိုးအကြောင်းနှင့် ပြောလိုက်သည်။

"သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက ဘုရင်မ အပေါ်မှာ သစ္စာရှိတဲ့ လူယုံတော် အမတ်ကြီး မဟုတ်လား၊ ဒီလိုဆိုရင် ဦးပန်းဝါရဲ့ အကြံပေးချက်ကို လက်ခံပြီး ရန်အောင်မြို့စားကြီးနဲ့ ရွှေလက်တော်ဆက်လိုက်ပါလား"

ဗိုလ်နန္ဒက ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မက စိတ်တိုင်းမကျသကဲ့သို့ ခေါင်းကိုသာ အတွင်ယမ်း၍နေပေသည်။

"ရန်အောင်မြို့စားကြီးကို မောင်ရှုပ နီးနီးကပ်ကပ် မြင်ခဲ့ရတယ် မဟုတ်လား၊ မောင်ရှုပဟာ လူရိပ်လူကဲ ခတ်တဲ့နေရာမှာ အင်မတန်တော်တယ်လို့ ဘုရင်မသိရတယ်၊ ဒီတော့ကာ ... ရန်အောင်မြို့စားကြီးကို မောင်ရှုပ ဘယ်လိုအကဲခတ်လို့ ရသလဲ"



"နန်းတွင်းကိစ္စမို့ အရပ်သားတစ်ယောက်အနေနဲ့ အကြံပေးဖို့ မလွယ်ကြောင်းပါ"

ဗိုလ်နန္ဒသည် ဘုရင်မ၏ မေးခွန်းကို တိုက်ရိုက်မဖြေဘဲ စကားကို လှိုးလွှဲ၍ ပြောလိုက်သည်။

"ဘုရင်မ မေးတာကိုဖြေစမ်းပါ၊ ရန်အောင်မြို့စားကြီးဟာ ဘုရင်မနဲ့ ထိုက်တန်တဲ့ ယောကျ်ားကောင်း တစ်ယောက် ဟုတ်မဟုတ် မောင်ရှုပ အကဲခတ်လို့ ရသလောက် ပြောစမ်းပါ"

"ကျွန်တော် အကဲခတ်လို့ ရသလောက် ပြောရမယ်ဆိုရင် ရန်အောင်မြို့စားကြီးဟာ နှလုံးရည်ရော၊ လက်ရုံးရည်ရော ချို့တဲ့သူ တစ်ဦးဖြစ်တယ်လို့ ယူဆမိပါတယ်၊ ဘုရင့်တူတော် ဖြစ်တဲ့အပြင် ... ဘုရင်ကြီး ရှိစဉ်ကပင် ဘုရင်မနဲ့ ရွှေလက်တော်ဆက်ဖို့ ကြံရွယ်ထားတဲ့ လူတစ်ယောက် ဖြစ်ပါလျက် ဘုရင်မ ရှေ့တော်မှာ ခစားတဲ့အခါ ယောကျ်ားကောင်းပီသစွာ မခစားဘဲ ဘုရင်မရဲ့ လက်အောက်ငယ်သား တစ်ယောက်အနေနဲ့ ပြားပြားဝပ် ခစားတာကို တွေးကြည့်ရခြင်းအားဖြင့် ဘုရင်မရဲ့ ထဘီနား ကပ်ပြီး ဘုရင်မရဲ့ ဘုန်းရိပ်ကို ခိုလှုံဖို့လောက်သာ ကြံစည်စိတ်ကူးနေတဲ့ အချောင်သမား ဖြစ်သည်မှာ ထင်ရှားနေပါတယ်၊ ဒါဟာ ကျွန်တော်ရဲ့ တစ်ဦးချင်းအနေနဲ့ ယူဆချက် ဖြစ်၍ ကျွန်တော်ရဲ့ အယူအဆကို ဘုရင်မ ကြိုက်နှစ်သက်မှ လက်ခံပါ"

ဗိုလ်နန္ဒက မိမိစိတ်ထဲတွင် ရှိသမျှ ဖွင့်ဟပြောလိုက်ရာ ... စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ ပြောလိုက်သည့် စကားများကို တစ်လုံးမကျန် စိတ်ဝင်စားစွာ နားစွင့်နေရာမှ မျက်နှာမှာ သိသိသာသာကြီး ရွှင်လန်းသွားပုံရပေသည်။

"တစ်နန်းတော်လုံးမှာ ဘုရင်မနဲ့ အယူအဆချင်း တူတဲ့လူဆိုလို့ မောင်ရှုပ တစ်ယောက်ပဲ ရှိသေးတယ်၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ဘုရင်မဟာ ယောကျ်ားတွေကို မုန်းလို့ ကြင်ဖက်တော် မရွေးသေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ကိုယ်တည်းနေတာ မဟုတ်ဘူး၊ ဘုရင်မနဲ့ ရွှေလက်တော်ဆက်ပြီး နန်းတက်ရမယ့် ပုဂ္ဂိုလ်ဟာ ဘုရင်မ ရှေ့မှာ ဘုရင်မ အလိုလိုက်ပြီး ဒူးထောက်ခစားတဲ့ ပုဂ္ဂိုလ်မျိုး မဖြစ်စေသင့်ဘူး၊ ဘုရင်မရဲ့ အလိုကို မလိုက်ဘဲ ... ဘုရင်မကို ရှေ့ဆောင်လမ်းပြနိုင်စွမ်းရှိတဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်သာ ဖြစ်သင့်တယ်လို့ ဘုရင်မ ယူဆထားတယ်၊ ခုအချိန်ထိ ဘုရင်မရဲ့စိတ်ဆန္ဒနဲ့ ကိုက်ညီပြီး ယောကျ်ားကောင်း ပီသတဲ့ ပုဂ္ဂိုလ်ကို မတွေ့သေးလို့ ကြင်ဖက်တော် မရွေးသေးဘဲ တစ်ကိုယ်တည်း နေခဲ့တာပဲ"

စန္ဒာဒေဝီ ဘုရင်မက ပြန်ပြောလိုက်သည်။

"ရန်အောင်မြို့စားကြီးအပြင် ဘုရင်မ အပေါ်မှာ စိတ်ညွတ်နေတဲ့ မင်းညီမင်းသားတွေ မရှိကြဘူးလား"

ဗိုလ်နန္ဒက ပြန်မေးလိုက်သည်။

"ဘုရင်မကို စုံမက်မြတ်နိုးတဲ့ မင်းညီမင်းသားတွေတော့ အများကြီးရှိတာပေါ့၊ ရိုက်သတ်လို့တောင် ကုန်မှာမဟုတ်ဘူး။ ဒါပေမဲ့ များသောအားဖြင့် အဲဒီ မင်းညီမင်းသားတွေဟာ မောင်ရှုပ ပြောသလို ဘုရင်မရဲ့ ထဘီနားကပ်ပြီး ဘုရင်မရဲ့ ဘုန်းရိပ်ကို ခိုလှုံဖို့လောက်သာ စိတ်ကူးရှိတဲ့ လူတွေက များတဲ့အတွက် ဘုရင်မတော့ သူတို့ကို မြင်ရတာတောင် အလိုလို မျက်မုန်းကျိုးတယ်"

"တိုင်းတစ်ပါးကကော ဘုရင်မရဲ့ ရွှေလက်တော်ကို ကမ်းလှမ်းတဲ့လူ မရှိဘူးလား"

ဗိုလ်နန္ဒက မေးလိုက်ပြန်သည်။

"ရှိတာပေါ့ ... ဒီအထဲမှာ သုဓနုဘုရင် အကဲဆုံးပဲ၊ ဘုရင်မဆီကို စေတမန်တွေ လွှတ်လိုလွှတ်၊ စာတိုစာရှည်တွေ ကမ်းလိုကမ်း၊ လက်ဆောင်ဝတ္ထုတွေ ပို့လိုပို့နဲ့ နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့တာပဲ၊ ဒါပေမဲ့ ... သူ့ဆီက ကမ်းလှမ်းတဲ့ စာတိုစာရှည်တွေကို ဘုရင်မ ဖတ်ကြည့်တဲ့အခါ ဘုရင်မကို



မိုးကျနတ်သမီးကလေးလို လုပတဲ့ အကြောင်းတွေ၊ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ တို့လို မိန်းမမြတ် လက္ခဏာနဲ့ ပြည့်စုံပုံတွေကို အရှက်မရှိ အကြောက်မရှိ မိန်းမလို မိန်းမရ ဖွဲ့နွဲ့ချီးမွမ်းထားတာကို တွေ့ရတော့ သုဓနုဘုရင် အပေါ်မှာ ဘုရင်မ အလိုလို အထင်သေးသွားတယ်၊ ဒါလောက်တောင် ဘုရင်မကို မြှောက်ထိုးပင့်ကော် လုပ်နေတဲ့လူဟာ ယောကျ်ားကောင်း ပီသတယ်လို့ ဆိုနိုင်ပါ့မလား၊ မိန်းမလို မိန်းမရနိုင်တဲ့ လူတစ်ယောက်သာ ဖြစ်ရမယ် မဟုတ်လား"

စန္ဒာဒေဝီ ဘုရင်မက စိတ်ထဲရှိသမျှ ဖွင့်ဟလိုက်သည်။

"ဒီလိုဆိုရင်တော့ အခက်သားပဲ"

ဗိုလ်နန္ဒက ညည်းညူလိုက်သည်။

"ဘာလဲ ... ဘုရင်မ ကြင်ဖက်တော် ရနိုင်တော့မှာ မဟုတ်ဘူးလို့ ပြောလိုက်တာလား၊ ဘုရင်မ အနေနဲ့ကတော့ ဘုရင်မ အားကိုးအားထား ပြုနိုင်တဲ့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ကလွဲရင် ဘယ်လောက်ပဲ အဆင့်အတန်းမြင့်မြင့် စိတ်ကူးထဲတောင် မထည့်ဘူး၊ ဘုရင်မရဲ့ ရှေ့က သွားပြီး ဘုရင်မ ကိုယ်တိုင် အားကိုးအားထားပြုနိုင်တဲ့ ယောကျ်ားကောင်းသာ ဖြစ်မယ်ဆိုရင် ... ဆင်းရဲချမ်းသာမရွေး အတန်းအစားမခွဲခြားဘဲ ဘုရင်မရဲ့ ကြင်ဖက်တော်အဖြစ် ရွေးဖို့ အသင့်ပဲ ...၊ ဒါကြောင့် မောင်ရှုပလို အတွေ့အကြုံများတဲ့ လူဆီက အကြံတောင်းနေတာပေါ့"

"ဒီကိစ္စမှာတော့ ကျွန်တော် ဘယ်လိုမှ အကြံမပေးတတ်တာ အမှန်ပဲ၊ ဒါက အရေးမကြီးဘူး၊ ကျွန်တော့်မှာ လုပ်စရာအလုပ်တွေ အများကြီးရှိသေးတယ်"

ဗိုလ်နန္ဒက စိတ်မရှည်တော့သကဲ့သို့ စကားပြတ်သွားအောင် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အလို–မောင်ရှုပမှာ ဘာတွေများ လုပ်စရာရှိလို့လဲ ... မောင်ရှုပရဲ့ ကိုယ်ရေးကိစ္စလား"

ဘုရင်မက ပြန်မေးလိုက်သည်။

"မဟုတ်ပါဘူး– စေတုတ္တရာ နိုင်ငံတော်ကြီးကို ကာကွယ်ဖို့ တာဝန်ရှိနေလို့ လုပ်စရာရှိတာတွေ အချိန်မလင့်စေဘဲ လုပ်ချင်လို့ပါ"

"ဩော် ... လက်စသတ်တော့ မောင်ရှုပက စေတုတ္တရာ နိုင်ငံတော်ကြီးရဲ့ ကယ်တင်ရှင် ဖြစ်မှန်းမသိ ဖြစ်နေမှကိုး ... ဒါထက် မောင်ရှုပ တစ်ယောက်တည်းနဲ့ စေတုတ္တရာ နိုင်ငံတော်ကြီးကို ဘယ်လိုလုပ်ပြီး ကာကွယ်မှာလဲ"

ဘုရင်မက ငေါ့တော့တော့ မေးလိုက်သည်။

"တစ်ယောက်ကောင်းတော့ တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေနိုင်ပါတယ်လို့ စောစောကပဲ ကျွန်တော် ပြောထားတယ် မဟုတ်လား"

"အတော်ကို အကြွားကြီးတဲ့လူပဲ ...၊ ဒီမှာ စေတုတ္တရာ နိုင်ငံတော်ကို ကာကွယ်ဖို့ ဘုရင်မမှာ စစ်သူကြီးတွေ စစ်သည်တော်တွေ အများကြီး ရှိပါတယ်– ဒီအတွက် မပူပါနဲ့ ဘုရင်မ တောင်းတဲ့ အကြံဉာဏ်ကိုသာ ပေးစမ်းပါ"

"ဒီအကြံတော့ ကျွန်တော် မပေးတတ်ပါဘူးလို့ ပြောထားသားပဲ ..."

"ဒါဖြင့် ဒီတစ်သက်မှာ ဘုရင်မ ကြင်ဖက်တော် တွေ့ဖို့ လမ်းရှိသေးရဲ့လား"

"ဖူးစာကံဆိုတာ မြင်နိုင်ကောင်းတဲ့အရာ မဟုတ်လို့ ဘယ်သူမှ တပ်အပ်သေချာ မပြောနိုင်ပါ၊ ဖူးစာကံဆုံလာရင် ဘုရင်မ ဘယ်လိုပဲ ရှောင်ရှောင် မရနိုင်ပါဘူး"

"ဩော် ... မောင်ရှုပက ကံတရားကို တကယ် ယုံတယ်ပေါ့လေ"



"ကံသာလျှင်အမိ ကံသာလျှင်အဖ ဆိုတဲ့စကားအရ ကံကို မယုံလို့ မဖြစ်နိုင်ပါ ... အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်တော်ဟာ သေဖို့ကောင်းတာ ကြာလှပြီ ... ခုထက်ထိ မသေသေးတာဟာ သေဖို့ ကံမကြုံသေးလို့ ဆိုတာ ကျွန်တော် စွဲစွဲမြဲမြဲ ယုံကြည်ပါတယ်၊ သေနေ့စေ့ရင် ဘယ်သူမှ တားလို့ မရပါဘူး"

"မောင်ရှုပဟာ တော်တော်ကို ထူးဆန်းတဲ့ လူတစ်ယောက်ပဲ၊ ဘယ်လိုလူစားမျိုးလဲ ဆိုတာ ဘုရင်မဖြင့် ကြာလေ ကြာလေ အကဲခတ်မရလေဘဲ"

"ဘုရင်မ မပြောနဲ့ ကျွန်တော့်ကိုယ်တောင် ကျွန်တော် အကဲခတ်လို့ မရပါဘူးလို့ ပြောထားသားပဲ"

ဗိုလ်နန္ဒက ခပ်တည်တည်ဖြင့် ပြန်ပြောလိုက်သည်။

"နေပါဦး ... မောင်ရှုပကို မေးခွန်းတစ်ခုမေးချင်တယ် ... မှန်မှန်ဖြေမလား"

ဘုရင်မက ပဏာမပျိုးလိုက်ပြန်သည်။

"ကျွန်တော် ဘယ်တုန်းကမှ လိမ်မပြောခဲ့ဖူးဘူး"

"မောင်ရှုပ စေတုတ္တရာ နိုင်ငံတော်ကို လာတာဟာ ဘာကိစ္စလဲ"

ဘုရင်မက မေးလိုက်သည်။

"အသေခံရအောင် လာတာပါလို့ ပြောထားသားပဲ"

"အကြောင်းမဲ့သက်သက် အသေခံရအောင်လာတယ် ဆိုတာတော့ အဓိပ္ပာယ်မရှိဘူး၊ ဒီစကားကို ဘုရင်မ လက်မခံနိုင်ဘူး"

"အကြောင်းမဲ့သက်သက် မဟုတ်ပါဘူး၊ လူအများရဲ့ အသက်ကို ကျွန်တော်ရဲ့အသက်နဲ့ လဲဖို့အတွက် ထွက်လာခဲ့တာပါ"

"နို့ ဒါဖြင့် စောစောက မောင်ရှုပ ပြောသလို သီဟရာဇာဘုရင်ကြီးက စေလွှတ်လိုက်တယ် ဆိုတာကော မှန်သလား"

"ကျွန်တော် လိမ်မပြောပါဘူးလို့ ပြောထားသားပဲ"

www.burmeseclassic.com

"သီဟရာဇာ ဘုရင်က မောင်ရှုပကို ဘာကိစ္စ လွှတ်လိုက်တာလဲ"

"အသေခံဖို့ လွှတ်လိုက်တာပါ"

"အို … မောင်ရှုပပြောတဲ့ စကားတွေက ကရွတ်ကင်းလျှောက် ဆိုသလို ချာလည်ပတ်လည် လိုက်နေပါပကောလား၊ ဘုရင်မ မေးတဲ့ မေးခွန်းတွေကို တည့်တည့်မတ်မတ် ဖြေစမ်းပါ၊ ကွေ့လည်ကြောင်ပတ် လုပ်မနေစမ်းပါနဲ့"

"ဒီမေးခွန်းရဲ့ အဖြေ၀ိလို့ ဘုရင်မရော စေတုတ္တရာ နိုင်ငံတော် မှာရော အကျိုးရှိမှာ မဟုတ်ဘူး၊ အရေးကြီးတာက စေတုတ္တရာ နိုင်ငံ တော်ကို သုခနေရဲ့ရန်က ကာကွယ်ဖို့က အရေးကြီးပါတယ်။ အချိန်ကို အလဟဿ ဖြုန်းတီးနေမယ့်အစား အကျိုးရှိမယ့် အလုပ်ကို လုပ်ပါရ စေ၊ သုခနေရဲ့ရန်ကို နှိမ်နင်းပြီးတဲ့အခါကျမှ ဘုရင်မ သိလိုသမျှကို ကျွန်တော် တစ်လုံးမကျန် ပြောပြပါ့မယ်"

ဗိုလ်နန္ဒသည် စိတ်မရှည်တော့သကဲ့သို့ ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ၏ တည်ကြည်ခံ့ညားသော အင်္ဂါရုပ်နှင့် ရဲရင့် သော အပြောအဆိုများကို စိတ်ထဲတွင် ကြိတ်ပြီး ချီးမွမ်းမိသော်လည်း မိမိလိုသည့်ကိစ္စများကို မသိရသဖြင့် ခိုးလိုးခုလု ဖြစ်နေပုံရပေသည်။

"ကဲ … ကိုယ့်ကိုယ်ကိုယ် ဒါလောက်အထင်ကြီးရင် ဒီကနေ့က စပြီး စေတုတ္တရာ နိုင်ငံတော်ကို ကာကွယ်ဖို့ မောင်ရှုပကို တာဝန်ပေးလိုက် မယ်၊ လုပ်စရာရှိတာ လုပ်ပေတော့၊ ဒီနေ့ညနေ နေဝင်ချိန်မှာ စစ်သူကြီး ဇမ္ဗုကနှင့်အတူ ဘုရင်မထံ ခစားပြီး အခြေအနေကို ပြည့်ပြည့်စုံစုံ လျှောက် တင်ဖို့ မမေ့နှင့်၊ ကဲ … သွားလိုရာ သွားနိုင်ပါပြီ"

ဘုရင်မသည် ဗိုလ်နန္ဒအား စေ့စေ့ကြည့်ရင်း ပြောလိုက်ရာ ဗိုလ် နန္ဒသည် စောစောက ဘုရင်မ၏ ခေါင်းမှ ပြုတ်ကျသည့် ပန်တော်ကျ ပန်းပွင့်ကလေးကို မိမိရင်ဘတ်တွင် ထိုးထားရာမှ နုတ်ယူလိုက်ပြီးလျှင် ဘုရင်မအား ပြလိုက်သည်။



"ဟောဒီ ပန်တော်ကျပန်းကလေး မနွမ်းမင် ဘုရင်မ သတင်း ကောင်း ကြားရပါစေမယ်ဆိုတာ ကျွန်တော် တာဝန်ခံပါတယ်။ ကဲ … ကျွန်တော်သွားဦးမယ်"

ပြောပြောဆိုဆို ဗိုလ်နန္ဒသည် ဘုရင်မ၏ ပန်တော်ကျပန်းကို ရင်ဘတ်တွင် ပြန်ထိုးလိုက်ပြီး ချာခနဲလှည့်ကာ ဘုရင်မ အဆောင်မှ ထွက်၍လာခဲ့လေရာ စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား မျက်စိတဆုံး ကြည့်ရင်း ကျန်ရစ်ခဲ့ပေသည်။

ဗိုလ်နန္ဒသည် စန္ဒာဒေဝီ ဘုရင်မ၏ အဆောင်တော်မှ ထွက်လာ ခဲ့ပြီးနောက် အဆောင်တော်၏ မြောက်ဘက်ရှိ ဥယျာဉ်တော်ဘက်သို့ ဦးတည်ပြီး လာခဲ့ပေသည်။

ဆရာတော် ဦးကိတ္တိ ဓားခုတ်ခံရသည် ဆိုသော နေရာနှင့် ဆရာ တော် ဦးကိတ္တိ ကမ္မဋ္ဌာန်းထိုင်လေ့ရှိသည် ဆိုသော အုတ်ဂူကလေးမှာ ခြေလှမ်း ၅၀ ခန့် ကွာဝေးသည်ကို ဗိုလ်နန္ဒ သတိပြုမိပေသည်။

ဘုရင်မ၏ ဥယျာဉ်တော်အတွင်းသို့ ရောက်ရှိလာသောအခါ ဗိုလ်နန္ဒသည် အမဲလိုက်ခွေး အမဲနံ့ကိုခံပြီး သားကောင်ရှိရာ နောက်သို့ လိုက်သကဲ့သို့ ဥယျာဉ်တော်၏ အနေအထားနှင့်တကွ ဥယျာဉ်တော် နှင့် အဆောင်တော်၏ အကွာအဝေး စသည်တို့ကို စေ့စပ်သေချာစွာ မှတ်သားပြီး ဘုရင်မ၏ အိပ်ဖန်တော်စောင့် ဗိုလ်မှူးကလေး မောင်သုတ ပြောကြားလိုက်သည့် ဆရာတော် ဦးကိတ္တိ ဓားခုတ်ခံရသည် ဆိုသော နေရာသို့ မှန်းဆ၍ လာခဲ့ပေသည်။

ထိုနေရာမှာ ဥယျာဉ်တော်၏ အနောက်မြောက်ထောင့်တွင်ရှိ ပန်းပင်များအကြားတွင် ထိုင်ခုံကလေးတစ်ခု ရှိသည်ကို တွေ့ရပေသည်။ ထိုင်ခုံကလေးမှာ ဖွန်ပန်းရုံများ ဝိုင်းရံလျက်ရှိသဖြင့် ထိုင်ခုံကို အဝေးမှ မမြင်နိုင်ပေ။ ထိုင်ခုံအနီးသို့ ရောက်လာသောအခါ အခုပါ ထိုင်ခုံပေါ် တွင် အသက်အရွယ်အားဖြင့် ၁၈ နှစ်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသော

www.burmeseclassic.com



နန်းတွင်းသူ တစ်ဦးသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ တရှုပ်ရှုပ် ငိုနေသည်ကို မြင်လိုက်သဖြင့် ဗိုလ်နန္ဒသည် ရှေ့သို့မတိုးဘဲ အသာ တန့်၍ နေလိုက်ပေသည်။

သို့ရာတွင် တရှုပ်ရှုပ်ငိုနေသော နန်းတွင်းသူကလေးသည် မိမိ နောက်မှ ခြေသံလိုလို ကြားသဖြင့် မျက်ရည်များကို ချက်ချင်း သုတ်ပစ် လိုက်ပြီးလျှင် နောက်သို့ လှည့်ကြည့်လိုက်ရာ ဗိုလ်နန္ဒနှင့် မျက်နှာချင်း ဆိုင်မိလျက်သား ဖြစ်သွားသဖြင့် အံ့ဩသည့် အမူအရာ၊ ကြောက်ရွံ့ ထိတ်လန့်သည့် အမူအရာဖြင့် ထိုင်ရာမှ ကပျာကယာ ထလိုက်ပေသည်။

"ရှင်ဘယ်သူလဲ၊ ဘာကိစ္စ ဥယျာဉ်တော်ထဲ ဝင်လာရတာလဲ၊ ဘုရင်မသိရင် အပြစ်ပေးခံရလိမ့်မယ် ဆိုတာ ရှင်မသိဘူးလား သွား — သွား ... သွား ခုထွက်သွား"

တရှုပ်ရှုပ်နှင့် ငိုယိုနေသော နန်းတွင်းသူ ပျိုဖြူသည် ရှက်လည်း ရှက်၊ ကြောက်လည်းကြောက်သည့် အမူအရာဖြင့် ဗိုလ်နန္ဒအား လူစိမ်း သူစိမ်း တစ်ဦးအနေဖြင့် နှင်ထုတ်နေပေသည်။

"ဘုရင်မရဲ့အမိန့်နဲ့ လာခဲ့တာပါ၊ ကျုပ်ကို ကြောက်မနေပါနဲ့၊ ဒါထက် မိန်းကလေးက ဘယ်သူလဲ၊ ဘာကိစ္စ ဒီနေရာမှာလာပြီး တရှုပ်ရှုပ် ငိုနေရတာလဲ"

ဗိုလ်နန္ဒက ရဲရဲတင်းတင်း မေးလိုက်ရာ ဗိုလ်နန္ဒ၏ တည်ကြည် ရင့်ကျက်သော ဣန္ဒြေကို နန်းတွင်းသူ ပျိုဖြူသည် မျက်တောင်မခတ်ဘဲ စိုက်ကြည့်ရင်း ကြောက်ရွံ့သည့် စိတ်များက ကင်းစင်လွင့်ပျောက်သွား ကာ ကြည်ညိုအားကိုးသည့် စိတ်များ တဖြည်းဖြည်း ဝင်၍လာပေသည်။

"ကျွန်မဟာ တခြားမဟုတ်ပါဘူး၊ ဘုရင်မ အပါးမှာ ခစားနေတဲ့ နန်းတွင်းသူ အပျိုတော် မယ်သစ္စာ ဆိုသူပါ၊ ဒီက မောင်ကြီးက ဥယျာဉ် တော်ထဲ ဘာကိစ္စ လာရသလဲဆိုတာ မိန့်တော်မူပါ"



နန်းတွင်းသူ အပျိုဖြူ၏ လေသံမှာ ချက်ချင်း ပြောင်းလဲသွားပေ သည်။

မယ်သစ္စာ ဟူသောအမည်ကို ကြားလိုက်ရသောအခါ ဗိုလ်နန္ဒ သည် ပြုံးကျယ်တောက်ပသော မျက်လုံးများဖြင့် စိုက်ကြည့်နေမိပေ သည်။

"ဩော် ... လက်စသတ်တော့ ညီမကြီးက ဘုရင်မရဲ့ လက်စွဲ တော် မယ်သစ္စာကိုး ... ဒါထက် စောစောက တရှုပ်ရှုပ်နဲ့ ငိုနေတာက ဘာဖြစ်လို့လဲ ... သိခွင့်မရှိဘူးလား"

ဗိုလ်နန္ဒက ခပ်တည်တည်ပြန်ပြောလိုက်သည်။

"အို ... ဒါက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ ... ဘယ်သူ နဲ့မှ မဆိုင်ပါဘူး"

မယ်သစ္စာက ရှက်ရှက်နဲ့ မျက်လွှာချပြီး ပြောလိုက်သည်။

"ဘယ်သူနဲ့မှ မဆိုင်ဘူး ဆိုတာတော့ မဟုတ်နိုင်ဘူး၊ ဆိုင်သူ ရှိရမယ်၊ ဆိုင်သူဟာ ဘယ်သူလဲဆိုတာ မယ်သစ္စာ ပြောမပြပေမယ့် ကျုပ် သိပြီးပါပြီ၊ မယ်သစ္စာ ငိုနေတာဟာ မယ်သစ္စာရဲ့ မောင်တော် ဗိုလ်မှူးကလေး မောင်သုတကို အောက်မေ့လို့ မဟုတ်လား"

ဗိုလ်နန္ဒက တိုက်ရိုက်မေးခွန်းမေးလိုက်ရာ မယ်သစ္စာ မျက်လုံး မျက်ဆန်ပြူးသွားပေသည်။ သို့ရာတွင် တစ်စုံတစ်ရာ အဖြေမပေးဘဲ ခေါင်းငုံ့၍သာ နေပေသည်။

"ဘယ့်နှယ်လဲ ကျုပ်ဗေဒင် မမှန်ဘူးလား"

ဗိုလ်နန္ဒက ဆက်ပြီး မေးလိုက်သည်။ သို့ရာတွင် မယ်သစ္စာသည် အဖြေမပေးသေးဘဲ ဗိုလ်နန္ဒအား မသက်သာသော မျက်နှာထားဖြင့် ငေးမှိုင်း ကြည့်လိုက်သည်။

"ရှင်ဘယ်သူလဲ .. ရှင့်ကို ဒီနန်းတော်တွင်းမှာ တစ်ခါမှမမြင်ဖူးဘူး"

မယ်သစ္စာက ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီက မယ်သစ္စာရဲ့ဒုက္ခကို ကယ်တင်ဖို့ နတ်သိကြားတွေ စေလွှတ်လိုက်တဲ့ စေတမန်ဆိုရင် ဆိုနိုင်ပါတယ်၊ မယ်သစ္စာ မောင်တော် မောင်သုတအတွက် စိုးရိမ်ကြောင့်ကြ ဖြစ်နေတယ် မဟုတ်လား၊ ဘာမှ စိုးရိမ်ကြောင့်ကြမဖြစ်ပါနဲ့၊ မယ်သစ္စာရဲ့ မောင်တော် မောင်သုတဟာ ကျန်းကျန်းမာမာနဲ့ အသက်ရှင်လျက် ရှိနေပါတယ်၊ မကြာခင် မယ်သစ္စာနဲ့ ပြန်တွေ့ဖို့ လမ်းတွေအများကြီးရှိပါတယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ မယ်သစ္စာသည် ဗိုလ်နန္ဒပြောသည့် စကားများကို ယုံရကောင်းနိုးနိုး, မယုံရကောင်းနိုးနိုးနှင့် ဖြစ်၍နေပေသည်။

"မောင်တော် မသေဘူး ... ဟုတ်လား၊ ရှင် အခု ပြောနေတဲ့ စကားတွေဟာ အမှန်တွေချည်းပဲလား"

မယ်သစ္စာက ပြန်မေးလိုက်သည်။

"တစ်လုံးတစ်ပါဒမကျန် အားလုံး အမှန်တွေချည်းပါ"

"ဒါဖြင့် ရှင် ကျွန်မရဲ့မောင်တော်နဲ့ တွေ့ခဲ့တယ် ဆိုပါတော့"

"လူကိုယ်တိုင် ပူပူနွေးနွေး တွေ့ခဲ့ပါတယ်"

"အခု သူဘယ်မှာလဲ"

"အင်ကြင်းပေါ်တဲ့ တောရဂုံမှာ ကျန်းမာချမ်းသာစွာဖြင့် ရှိပါတယ်"

"မောင်တော်နဲ့ ဘယ်လိုလုပ်ပြီး တွေ့ခဲ့တာလဲ၊ မောင်တော်က ဘာတွေများ မှာကြားလိုက်သေးသလဲ"

မယ်သစ္စာသည် ချစ်သူ၏အကြောင်းကို သိလိုဇောဖြင့် ရှက်ရမှန်း၊ ကြောက်ရမှန်း မသိတော့ဘဲ ဝမ်းသာအားရ မေးလိုက်သည်။

"မယ်သစ္စာရဲ့ မောင်တော်အကြောင်း သိချင်ရင် ဟောဟို ရှေ့နားက ရေကန်ကလေးမှာ အေးအေးဆေးဆေး ပြောပြပါမယ်"

"ဆရာတော် ဦးကိတ္တိ ပြောပုံကတော့ ကမ္ဘောဇ္ဇာန်းထိုင်နေတုန်း နောက်ကဝင်ပြီး ဓားနဲ့ ခုတ်တယ်လို့ ဆိုပါလား၊ ဆရာတော်က မုသား ပြောပါ့မလား"



"ဘုန်းတော်ကြီး အနေနဲ့တော့ မုသားပြောမယ် မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ဦးကိတ္တိဟာ ဘုန်းကြီးအစစ်လား၊ ဘုန်းကြီးယောင်ဆောင်နေတဲ့ သူလျှိုလား ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး ပြီးတော့ ဘုရင်မရဲ့ ပျော်တော်ဆက် ပြေည့် ဆိုတဲ့လူကို မယ်သစ္စာ သိတယ်မဟုတ်လား"

"သိပါတယ်၊ သူ့ကို ဘုရင်မက စိတ်ဆိုးပြီး နှင်ထုတ်လိုက်တာပဲ"

"ဘုရင်မက ဘာဖြစ်လို့ စိတ်ဆိုးရတာလဲ"

"ဒါတော့ ကျွန်မလည်း သေသေချာချာ မသိဘူး"

"ဦးကိတ္တိ ဓားခုတ်ခံရတဲ့နေရာဟာ ယောဒီ ပန်းဥယျာဉ်ထဲမှာ ဖြစ်ရမယ်၊ ကမ္ဘောဇ္ဇာန်း အုတ်ဂူထဲမှာ မဖြစ်နိုင်ဘူး။ ဓားဒဏ်ရာကို ကြည့်ရင်လည်း နောက်ကခုတ်တဲ့ဒဏ်ရာ မဖြစ်နိုင်ဘူး။ ရှေ့တည့်တည့်က ခုတ်တဲ့ဒဏ်ရာသာ ဖြစ်ရမယ် ပြောမိလို့ ဘုရင်မက သူ့ဆရာတော်ကို ထိပါးပြီး ပြောရမလားဆိုပြီး စိတ်ဆိုးတာပါ။ ပြေည့် ပြောတဲ့စကားဟာ မောင်သုတ ပြောတဲ့စကားနဲ့ ထပ်တူထပ်မျှ ဖြစ်နေတယ်။ ဒါကြောင့် မောင်သုတ ပြောတဲ့စကားဟာ ယုတ္တိရှိရမယ်လို့ ကျုပ် ယူဆတာပေါ့"

"ဒီအတိုင်း မှန်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်၊ ဒါမှလည်း ဘုရင်မက မောင်တော်အပေါ်မှာ ခွင့်လွှတ်တော်မူနိုင်မှာ။ ခက်တာက မောင်တော်က ကြောက်အားလန့်အားနဲ့ ထွက်ပြေးနေလေတော့ ဘုရင်မက ဘုန်းတော်ကြီး ဦးကိတ္တိရဲ့စကားကို ပိုပြီး ယုံကြည်တော်မူနေတာက ခက်တယ်"

"ဒီအတွက်တော့ မပူနဲ့၊ အဖြစ်အပျက် အမှန်ကို ကြာကြာဖုံးဖိထားလို့ မရပါဘူး၊ ပြီးတော့ နန်းဦးဆရာတော် ဦးကိတ္တိနဲ့ ကျုပ်တွေ့ရင် ပြဿနာဟာ ရှင်းသွားမှာပါ၊ ဒါထက် နန်းဦးဆရာတော် ဦးကိတ္တိနဲ့ ကျုပ် တွေ့ခွင့်ရအောင် ဆောင်ကြဉ်းမပေးနိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆောင်ကြဉ်းပေးနိုင်ပါတယ်၊ ဒါပေမဲ့ နန်းဦးဆရာတော် ခရီးထွက်သွားတာ ၂ ရက် ၃ ရက် ရှိသွားပြီ၊ ပြန်လာမှပဲ တွေ့ခွင့်ရအောင် ဆောင်ကြဉ်းပေးပါ့မယ်။ ဒါထက် ရှင်က ဘယ်သူလဲ၊ ဘာကိစ္စ နန်းတော်ထဲ ရောက်လာရတာလဲ"

"ကျုပ်နာမည်ဟာ မောင်ရှုပလို့ ခေါ်ပါတယ်၊ ဒီလို ရောက်လာရတဲ့ အကြောင်းကတော့ လူ ၉ ယောက်ရဲ့ အသက်ကို ကျုပ်အသက်နဲ့ လဲပြီး ကယ်ဆယ်ဖို့ ရောက်ရှိခဲ့တာပါ။ ဒါပေမဲ့ ဒီကိုရောက်တဲ့အခါမှာ လူ ၉ ယောက်ရဲ့ အသက်သာမက စန္ဒာဒေဝီ ဘုရင်မနဲ့ စေတုတ္တရာနိုင်ငံတော်မှာရှိတဲ့ မိန်းမနဲ့ ကလေးတွေရဲ့ အသက်ကိုပါ ကယ်ဆယ်ဖို့ အကြောင်း ဆိုက်လာတဲ့အတွက် ဘုရင်မရဲ့ ရှေ့တော်မှောက်ကို ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်"

ဗိုလ်နန္ဒက ပြောပြလိုက်ရာ မယ်သစ္စာသည် ဗိုလ်နန္ဒ ပြောသော စကားများကို နားမလည်သဖြင့် ဗိုလ်နန္ဒအား ငေးစိုက်ပြီး ကြည့်နေပေသည်။

"မောင်ကြီးပြောတဲ့ စကားတွေကို ကျွန်မ နားမလည်ဘူး၊ ရှင်းပြစမ်းပါဦး"

"ခု မသိချင်စမ်းပါနဲ့ဦး၊ နောက် တဖြည်းဖြည်း သိလာပါလိမ့်မယ်"

ထိုကဲ့သို့ အချေအတင် ပြောဆိုနေကြစဉ် ပုပုကွကွ လူတစ်ယောက်သည် ပန်းစည်းများကိုင်ကာ မယ်သစ္စာ အနီးသို့ ရောက်ရှိလာပြီး မယ်သစ္စာအား ပန်းစည်းများ ဆက်သနေသည်ကို သတိပြုမိပေသည်။

"ဒါက ဘုရင်မရဲ့ဥယျာဉ်မှူး ပုဂံကျွဲပါ"

မယ်သစ္စာသည် ဗိုလ်နန္ဒအား ဥယျာဉ်မှူးနှင့် မိတ်ဆက်ပေးလိုက်သည်။



ဗိုလ်နန္ဒမှာမူ ဥယျာဉ်မှူး ပုဂံကျွဲ၏ အင်္ဂါရုပ်ကို စေ့စေ့စပ်စပ်ကြည့်ပြီး အကဲခတ်၍ နေပေသည်။

ဥယျာဉ်မှူး၏အမည်မှာ ပုဂံကျွဲ ဖြစ်သော်လည်း အမည်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်အောင် ကိုယ်အင်္ဂါ ချို့တဲ့နေသည်ကို ဗိုလ်နန္ဒ ပထမဦးစွာ သတိပြုမိပေသည်။ အသက်အရွယ်ကို ခန့်မှန်း၍မရသော်လည်း လူပုံပန်းမှာ သေးသေးကွေးကွေး ပုပုကွကွ ဖြစ်နေသဖြင့် ခပ်လှမ်းလှမ်းကသာ ကြည့်မည်ဆိုလျှင် ကလေးတစ်ယောက်ဟု ထင်ရပေသည်။ အနီးသို့ ရောက်ရှိလာသောအခါကျမှသာ ထိုသူမှာ ကလေးမဟုတ်ဘဲ အသက်အရွယ် ကြီးရင့်သော လူပုကလေးတစ်ယောက် ဖြစ်နေသည်ကို သိရှိနိုင်ပေသည်။

"ဥယျာဉ်မှူးက လူနဲ့ နာမည်နဲ့ မလိုက်ပါလား၊ နာမည်က ပုဂံကျွဲ ဆိုပြီး လူပုံကတော့ သေးကွေးပုလှချည့်လား"

ဗိုလ်နန္ဒက မယ်သစ္စာအား ပြန်မေးလိုက်ရာ ဥယျာဉ်မှူးသည် ဗိုလ်နန္ဒ ပြောသောစကားများကို ကြားရသဖြင့် အတော်ကလေး ဒေါသွနေပုံရပေသည်။

"ပုဂံကျွဲ ဆိုတဲ့အမည်က တမင်သက်သက် ပြက်ရယ်ပြုပြီး မှည့်ထားတဲ့ နာမည်ပါ။ ပုဂံကျွဲ ဆိုတဲ့လူက ကမ္ဘာမြေကြီးကိုတောင် ထမ်းနိုင်အောင် ဗလကောင်းတဲ့လူ မဟုတ်လား၊ ဥယျာဉ်မှူးက သေးသေး ညှက်ညှက်မို့လို့ သူ့ကို ပုဂံကျွဲ ပုဂံကျွဲနဲ့ လူတွေက ဝိုင်းပြီး လှောင်ပြောင်ရင်းနဲ့ ဒီနာမည် တွင်သွားတာပါ"

မယ်သစ္စာက ရှင်းပြလိုက်သည်။

ဥယျာဉ်မှူး ပုဂံကျွဲမှာလည်း မယ်သစ္စာအား ပန်းစည်းဆက်သပြီး ဗိုလ်နန္ဒအား စားမတတ် ဝါးမတတ် မျက်နှာထားနှင့် ကြည့်နေရာမှ ချာခနဲ လှည့်ထွက်သွားပေသည်။

"ဒီဥယျာဉ်မှူးက ဥယျာဉ်တော်ထဲမှာ အမြဲတမ်းနေသလား"

www.burmeseclassic.com

www.burmeseclassic.com



"အမြဲတမ်းလိုလို နေပါတယ်၊ ဘုရင်မကို ညစဉ်ညတိုင်း ဘုရားဝန်းကပ်ဖို့ ပန်းတွေ ဆက်သရတဲ့အတွက် ဘုရင်မ အဆောင်တော်ကို ညတိုင်းလိုလို ဝင်ထွက်ခွင့်ရပါတယ်၊ ဘုရင်မကတော့ သူ့ကို လူစဉ်မမီတဲ့ လူတစ်ယောက်အနေနဲ့ သနားတော်မူပြီး မျက်နှာသာပေးထားပါတယ်။ မျက်နှာသာပေးမှန်းသိတော့ ရွှေရေးပုဂံတက် ဆိုသလို ကျွန်မတို့ကိုတောင် မထီမဲ့မြင် လုပ်တတ်ပါတယ်။ ဟိုလွန်ခဲ့တဲ့ တစ်လလောက်တုန်းက ဘုရင်မရဲ့ အဆောင်တော် မီးစွဲလောင်တာကို မောင်ကြီး ကြားပြီးပြီလား မပြောတတ်ဘူး"

မယ်သစ္စာသည် ဗိုလ်နန္ဒအပေါ်တွင် ယုံကြည်အားကိုးသည့်စိတ်များ တဖွားဖွား ပေါ်ပေါက်လာသဖြင့် စိတ်ထဲတွင်ရှိသမျှ ဖွင့်ဟပြောလိုက်သည်။

"ကြားပြီးပါပြီ၊ မယ်သစ္စာ မောင်တော် မောင်သုတ ပြောပြလို့ အားလုံး သိပြီးပါပြီ၊ အဲဒီမီးလောင်မှုဟာ ရိုးရိုး မီးလောင်မှု မဟုတ်ဘဲ ရှို့မီးလို့ထင်တဲ့ အကြောင်းတွေပါ၊ မောင်သုတ ပြောသွားသေးတယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မလည်း ဒီလိုထင်တာပဲ၊ အဲဒီညက ဘုရားခန်းက စပြီး မီးစွဲလောင်တာပဲ၊ မီးလောင်တဲ့ အချိန်မှာ ဥယျာဉ်မှူးပုဂံကျွဲ ဘုရားစင်ဘက်က ထွက်ပြေးလာတာကို ကျွန်မ ရိပ်ခနဲ မြင်လိုက်တယ်"

"ဒီအကြောင်း ဘုရင်မကို သံတော်ဦးမတင်ဘူးလား"

"သံတော်ဦးတင်ပါတယ်၊ ဒါပေမဲ့ ယုံကြည်တော်မမူဘူး၊ ဘုရင်မက လူတစ်ယောက်ကို ယုံမိရင် ဘယ်သူမှ ပြောလို့မရဘူး"

"အင်း ... ဒီလိုဆိုရင် စဉ်းစားစရာပဲ၊ ဥယျာဉ်မှူး အနေနဲ့တော့ သူ့သဘောအတိုင်း မီးရှို့တာ ဟုတ်မယ်မထင်ဘူး၊ သူ့ရဲ့နောက်ပိုင်းမှာ



စေတုတ္တရာ နိုင်ငံတော်ကို ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေတဲ့ လူတွေ ရှိရမယ်"

ဗိုလ်နန္ဒသည် မိမိစိတ်ထဲတွင် ဖြစ်ပေါ်လာသည့် အတွေးအခေါ်များကို ပါးစပ်မှ ထုတ်ဖော်ပြောလိုက်ပေသည်။

"ဘုရင်မကို ဘယ်သူက ပျက်စီးရာ ပျက်စီးကြောင်း ကြံမှာလဲ၊ စေတုတ္တရာ တစ်နိုင်ငံလုံးက ဘုရင်မကို သိပ်ပြီး ချစ်မြတ်နိုးကြတာပဲ၊ ကျွန်မ စိတ်ထင်ကတော့ ဘုရားစင်မှာ ဘုရားပန်း လာကပ်ရင်း ဆီမီးထွန်းရာက မီးကိုဆော့လို့ မီးစွဲလောင်တာ ဖြစ်ရမယ်လို့ ထင်တာပဲ"

မယ်သစ္စာက ပြန်ပြောလိုက်သည်။ သို့ရာတွင် ဗိုလ်နန္ဒသည် မယ်သစ္စာ ပြောသော စကားများကို နားမဝင်ဘဲ ခေါင်းကိုသာ အတွင်ခါရင်း စဉ်းစားနေပေသည်။

"ဒါထက် စောစောက မယ်သစ္စာ ထိုင်နေတဲ့ ပန်းရုံအလယ်က ထိုင်ခုံကလေးမှာ စန္ဒာဒေဝီ ဘုရင်မ မကြာခဏ ထိုင်လေ့ရှိတယ် မဟုတ်လား"

ဗိုလ်နန္ဒက မေးခွန်းထုတ်လိုက်သည်။

"မှန်ပါတယ်၊ ဘုရင်မ ဥယျာဉ်တော် ဆင်းလာတဲ့အခါတိုင်း အဲဒီခုံကလေးမှာ ထိုင်လေ့ရှိပါတယ်"

မယ်သစ္စာက ပြန်ဖြေလိုက်သည်။

"အဲဒီထိုင်ခုံရဲ့အောက်မှာ ခုနက ဥယျာဉ်မှူး ဝင်ပုန်းရင် ဖြစ်နိုင်တယ် မဟုတ်လား"

ဗိုလ်နန္ဒက မေးလိုက်ပြန်သည်။

"ဖြစ်ရုံတင် မကဘူး၊ နေ့လယ်နေ့ခင်း နေပူတဲ့အချိန်မှာ ဥယျာဉ်မှူး အဲဒီထိုင်ခုံအောက်မှာ ဝင်အိပ်လေ့ရှိတယ်၊ တစ်နေ့တုန်းကတောင် ကျွန်မ အဲဒီထိုင်ခုံပေါ်မှာ ထိုင်နေတုန်း ဗြုန်းဆို ထိုင်ခုံအောက်က ဥယျာဉ်မှူး ထွက်လာလို့ လန့်ပြီး အော်မိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒီလိုဆိုရင် ဟုတ်ပြီ၊ မနေ့က ဘုရင်မနဲ့ စစ်သူကြီး ဗန္ဓက တို့ တိုင်ပင်တာကို ဥယျာဉ်မှူး ထိုင်ခုံအောက်က ချောင်းနားထောင်လို့ ကြားရတာ ဖြစ်ရမယ်၊ ဒီဥယျာဉ်မှူးကို ဒီနေရာက ခပ်မြန်မြန် နှင်ထုတ်ရင်ကောင်းမယ်"

ဗိုလ်နန္ဒသည် မိမိစိတ်တွင် ပေါ်လာသမျှ ပါးစပ်မှ ဖွင့်ဟပြောလိုက်သည်။

"မောင်ကြီး ပြောတဲ့စကားများကို ကျွန်မ နားမလည်ဘူး"

"နားမလည်ချင်ပါနဲ့၊ နားမလည်တာပဲ ကောင်းပါတယ်၊ ဒီနေရာက ချုံတွေကွယ်နေလို့ ရန်သူကို မမြင်နိုင်ဘူး၊ လာ ဟိုရှေ့နား သွားရအောင်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ပြီး ရေကန်ကလေးရှိရာသို့ တဖြည်းဖြည်း လျှောက်သွားပေသည်။

ရေကန်ကလေးဆီသို့ ရောက်သောအခါ ဗိုလ်နန္ဒသည် ကျောက်တုံး တစ်တုံးပေါ်တွင် ထိုင်ရင်း ဥယျာဉ်တော်၏ ပတ်ဝန်းကျင်ကို လေ့လာနေပေသည်။

"မောင်တော်နဲ့ တွေ့ခဲ့တယ်ဆိုတာ တကယ်ပဲလား၊ ဘယ်ပုံ ဘယ်နည်း တွေ့ခဲ့တယ်ဆိုတာ တစ်ဆိတ်လောက် အမိန့်ရှိစမ်းပါ"

မယ်သစ္စာသည် စိတ်ထဲတွင် မျိုသိပ်မထားနိုင်တော့ဘဲ ပါးစပ်မှ ဖွင့်ဟပြီး မေးလိုက်သည်။

ဗိုလ်နန္ဒသည် မယ်သစ္စာအား စေ့စေ့စပ်စပ် ကြည့်လိုက်ပြီးလျှင် စေတုတ္တရာ နိုင်ငံတော်သို့အလာ နယ်ခြားဒေသရှိ တောစပ်တွင် မောင်သုတနှင့် တွေ့ခဲ့ပုံများကို ကရားရေလွှတ်သလို တတွတ်တွတ် ပြောပြနေပေရာ မယ်သစ္စာမှာ မိမိ ကြားလိုသည့် စကားများကို ကြားရသဖြင့် ဝမ်းသာမဆုံး တပြုံးပြုံးနှင့် ဖြစ်၍နေပေသည်။

"မောင်တော် ပြောတဲ့ စကားအရဆိုရင် ဆရာတော် ဦးကိတ္တိကို



တမ္ဗဒွာန်းဂူထဲမှာ ကမ္ဗဒွာန်း ထိုင်နေတုန်း နောက်ကနေပြီး ဓားနဲ့ ဝင်ခုတ်တယ်ဆိုတာ မဟုတ်ဘူးပေါ့"

"မောင်သုတ ပြောသွားတာကတော့ ဥယျာဉ်တော်ထဲမှာ မသင်္ကာစရာတွေ့လို့ ဘယ်သူဘယ်ဝါမှန်း မသိဘဲ ဓားနဲ့ဝင်ခုတ်မိတာလို့ ပြောတာပဲ၊ သူပြောတဲ့စကားဟာ ယုတ္တိရှိတယ်လို့ထင်တယ်"

"ဒါထက် မယ်သစ္စာဟာ ဘုရင်မရဲ့ လက်စွဲတော် ဆိုတော့ ဘုရင်မအကြောင်း ကောင်းကောင်းကြီး သိမှာပေါ့နော်"

ဗိုလ်နန္ဒက စကားလွှဲပြီး ပြောလိုက်ပြန်သည်။

"ငယ်ငယ်ကတည်းက အတူတူ နေလာခဲ့တာမို့ ဘုရင်မရဲ့ စိတ်ထား သဘောထားကို ကောင်းကောင်းကြီး သိပါတယ်"

"ဘုရင်မနဲ့ ရွှေလက်တော်ဆက်ဖို့ ကမ်းလှမ်းတဲ့လူတွေ တော်တော်များများ ရှိတယ်ဆိုတာ မှန်သလား"

"မှန်ပါတယ်၊ ကမ်းလှမ်းတဲ့လူတွေ မရေမတွက်နိုင်အောင် များပါတယ်၊ ဒါပေမဲ့ သက်တော်ရှည် အမတ်ကြီးနဲ့ အတွင်းဝန် အပြင်ဝန်တွေ သဘောတူတဲ့ လူကတော့ ရန်အောင်မြို့စားကြီးပါ"

"ဘုရင်မကကော ရန်အောင်မြို့စားကြီးအပေါ်မှာ စိတ်ညွတ်နေပုံရသလား"

"ဘယ်သူ့အပေါ်မှာမှ စိတ်ညွတ်နေပုံ မရပါဘူး"

"ဒါဖြင့်ရင် ဘုရင်မဟာ ခုလိုပဲ တစ်ကိုယ်တည်း နေသွားလိမ့်မယ်လို့ ထင်သလား"

"ဒီလိုလည်း မထင်ပါဘူး"

"နို့ ဒါဖြင့်ရင် ဘုရင်မကို ကမ်းလှမ်းတဲ့လူတွေ ဒါလောက် များနေရက်သားနဲ့တောင် ဘယ်သူ့ကိုမှ မရွေးချယ်ဘဲ ဘာဖြစ်လို့ပယ်ချရတာလဲ"

"ဒါကတော့ အကြောင်းရှိပါတယ်၊ ဘုရင်မကို အပြင်သူတွေက

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားစိတ်ဝင်နေလို့ ကြင်ဖက်တော် မရွေးဘဲ တစ်ကိုယ်တည်း နေသွားလိမ့်မယ်လို့ ယူဆနေကြပါတယ်၊ ဒါပေမဲ့ ကျွန်မကတော့ ဘုရင်မနဲ့ နီးနီးကပ်ကပ် နေခဲ့ရတဲ့အတွက် ဘုရင်မရဲ့ စိတ်သဘောကို ကောင်းကောင်းကြီး သိပါတယ်"

မယ်သစ္စာက စကားစလိုက်သည်။

"ဘုရင်မရဲ့ စိတ်ဆန္ဒကို မယ်သစ္စာ သိသလောက် ပြောပြစမ်းပါဦး"

ဗိုလ်နန္ဒက ဆက်ပြီး မေးလိုက်သည်။

"ဘုရင်မက ကျွန်မကို ခဏခဏပြောဖူးတယ်၊ သူ ကြင်ဖက်တော် မရွေးသေးတာဟာ ယောကျ်ားတွေကို မုန်းလို့မဟုတ်ဘူးတဲ့၊ ဒါပေမဲ့ သူ့ဆီကိုလာပြီး ကမ်းလှမ်းတဲ့ လူတွေဟာ ယောကျ်ားကောင်း မပီသလို့သာ သူ ငြင်းပယ်နေခြင်း ဖြစ်တယ်လို့ ပြောတယ်၊ သူ့ကို ရှေ့ဆောင်နိုင်မယ့် ယောကျ်ားကောင်း ယောကျ်ားမြတ်သာ ဖြစ်မယ်ဆိုရင် မင်းညီမင်းသားထဲက မဟုတ်ချင်ရင် နေပေစေ၊ ဆင်းရဲသားပဲဖြစ်ဖြစ် သူတောင်းစားပဲဖြစ်ဖြစ် ယူမှာပဲလို့ ခဏခဏပြောတယ်"

မယ်သစ္စာက သွက်လက်ချက်ချာစွာ ပြောပြနေပေရာ ဗိုလ်နန္ဒသည် စိတ်ဝင်စားစွာဖြင့် နားစွင့်၍နေပေသည်။

"ယောကျ်ား ပီသရင် သူတောင်းစားပဲ ဖြစ်ဖြစ် ယူမယ်လို့ ဘုရင်မက တကယ်ပဲ ပြောသလား"

ဗိုလ်နန္ဒက ပြန်၍ မေးလိုက်သည်။

မယ်သစ္စာက ပြန်ပြီး အဖြေပေးမည် လုပ်ပြီးမှ ရှေ့တည့်တည့်မှ လာနေသော စစ်သူကြီး ဇန္ဒကကို မြင်လိုက်၍ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိပေသည်။

စစ်သူကြီး ဇန္ဒကသည် ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာပြီးလျှင် မယ်သစ္စာအား ဘုရင်မ အဆောင်တော်သို့ ပြန်သွားရန် အမိန့်ပေးလိုက်



ပြီး ဗိုလ်နန္ဒအနီးတွင် စိတ်ပျက်သည့် အမူအရာဖြင့် ထိုင်ချလိုက်ပြီး သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်သည်။

"စစ်သူကြီး ဇန္ဒက ဘာများ စိတ်ပျက်လာပြန်ပြီလဲ"

ဗိုလ်နန္ဒသည် စစ်သူကြီး ဇန္ဒကအား မေးလိုက်လေသည်။

"ဒီမှာ မောင်ရှပ၊ မနေ့ညက ကျုပ်ကို သတ်မယ်လုပ်တဲ့ ဘီလူးတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါကြီးကို မှတ်မိတယ် မဟုတ်လား"

စစ်သူကြီး ဇန္ဒကက စကားစလိုက်သည်။

"တစ်သက်လုံးတောင် မေ့နိုင်မှာ မဟုတ်ဘူး"

"အဲဒီ ဘီလူးတစ်ပိုင်း လူတစ်ပိုင်း အကောင်ကြီးကို မောင်ရှပ ဓားနဲ့ထိုးခဲ့သေးတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်တော် ဓားမြှောင်နဲ့ ထိုးခဲ့လို့ သွေးတွေတောင် ထွက်ပြီး ကျန်ရစ်ခဲ့သေးတာပဲ"

"သွေးထွက်ပြီး ကျန်ရစ်ခဲ့ပေမယ့် ဒီအကောင်ကြီး မသေသေးဘူး၊ ဒီနေ့မနက် အရုဏ်တက်ချိန်မှာ နယ်ခြားဒေသကို ကင်းလှည့်တဲ့ ဗိုလ်မှူးကလေး ကျော်စွာကို တစ်ကိုယ်လုံး ရစရာမရှိအောင် ကုတ်ဖဲ့ပြီး သတ်ပစ်လိုက်ပြန်ပြီ၊ ဗိုလ်မှူးကလေး ကျော်စွာ ဆိုတာက တခြားလူ မဟုတ်ဘူး၊ ဘုရင်မရဲ့ အထိန်းတော်ကြီးရဲ့ သားပဲ၊ ဘုရင်မ သိပ်ပြီး ချစ်တဲ့ သူငယ်မို့လို့ ဒီသတင်းသာ ဘုရင်မ ကြားရင် စိတ်ကို အများကြီး ထိခိုက်သွားမှာ"

စစ်သူကြီး ဇန္ဒကသည် စိတ်ပျက်သည့် အမူအရာဖြင့် ပြောပြနေသည်။

"ဒီလိုဆိုရင် ဒီသတင်းကို ခုချက်ချင်း ဘုရင်မကို သံတော်ဦး မတင်နဲ့ဦး၊ ဘယ်သူ့ကိုမှလည်း အသိမပေးနဲ့၊ ခုနေအခါ ဘာမှမပြောဘဲ အလုပ်လုပ်ဖို့က အရေးကြီးတယ်၊ လုပ်စရာရှိတာကို လုပ်ပြီးမှ ဘုရင်မကို သံတော်ဦးတင်သင့်ရင် တင်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ကျုပ်လည်း အဲဒါတော့ စဉ်းစားမိပါတယ်၊ ဗိုလ်မှူးကလေး ကျော်စွာ အသတ်ခံရတဲ့နေရာကို တပ်တောင်တာ ဗိုလ်ထုနဲ့ သွားဝိုင်းပြီး ဘီလူးတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါကြီးကို အဆုံးစီရင်ဖို့ အကြံ တော့ရသားပဲ၊ ဒါပေမဲ့ စစ်သည်တော်တွေ စုရုံးလိုက်တာနဲ့ တစ်ပြိုင် နက် ဘုရင်မက ခေါ်မေးမှာ သေချာတယ်၊ ခေါ်မေးရင် မှန်ရာကို လျှောက်လို့ ဖြစ်မှာမဟုတ်ဘူး၊ ပြီးတော့ နန်းတော်တွင်းမှာ သူလျှိုတွေ ရှိနေလေတော့ ကျုပ်ရဲ့ စစ်သည်တော်တွေကို စုရုံးလိုက်တာနဲ့ တစ်ပြိုင် နက် ဒီသတင်းဟာ သုနေဘက်ကို ချက်ချင်း ပေါက်ကြားသွားမှာလည်း စိုးရသေးတယ်"

စစ်သူကြီး ဗန္ဓက က ရှင်းပြလိုက်သည်။

"စစ်သူကြီး ပြောတာ မှန်တယ်၊ စစ်သည်တော်တွေကို စုရုံး လိုက်ရင် ကျွန်တော်တို့ရဲ့ အကြံအစည်တွေကို သုမနေဘုရင်ဆီ သတင်း ရောက်သွားပြီး ကျွန်တော်တို့ရဲ့ အကြံအစည်တွေကို သိသွားမှာ သေချာ တယ်၊ ဒီလိုဆိုရင် ဘီလူးတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါကို နှိမ်နင်းဖို့ လွယ်တော့မှာ မဟုတ်ဘူး၊ ပြီးတော့ သေလာဂီရိ တောင်ခြေရင်းကို စစ်သည်တော် ဗိုလ်ပါတွေနဲ့ တစ်ခုတစ်ဝေးတည်း သွားလို့ မဖြစ်ဘူး၊ လမ်းခရီးက ကြမ်းတယ်၊ ပြီးတော့ ရေအိုင်ကြီးတစ်ဝိုက်မှာ ရွံ့နွံတွေ သိပ်ပြီးထူထပ်တဲ့အတွက် လမ်းမှားသွားရင် စစ်သည်တော်တွေ ရွံ့နွံထဲ နစ်ပြီး သေကုန်မှာလည်း စိုးရသေးတယ်"

ဗိုလ်နန္ဒက မိမိ၏အယူအဆကို တင်ပြလိုက်သည်။

"ဒီလိုဆိုရင် ဘယ်လိုလုပ်မလဲ၊ ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေ ရတော့မှာလား"

စစ်သူကြီး ဗန္ဓကသည် စိတ်ပျက်သည့် အမူအရာဖြင့် ပြန်မေး လိုက်သည်။



"ဒီအတွက်တော့ မပူပါနဲ့၊ ဒီနေ့ည ခုနစ်စဉ်ကြယ်ပြောင် အမြီး ထောင်တဲ့ အချိန်မှာ ကျွန်တော်ရယ် စစ်သူကြီး ဗန္ဓကရယ် ကျွန်တော် အင်မတန် စိတ်ချယုံကြည်တဲ့ သူရဲကောင်း သုံးယောက်ရယ် သေလာဂီရိ တောင်ခြေရင်းကို သွားပြီး ဘီလူးကို တစ်ခါတည်း မျိုးဖြုတ်ပစ်မယ်၊ ကျွန်တော်တို့ငါးယောက် သွားလို့မှ ဘီလူးစား ခံရရင်လည်း မတတ် နိုင်ဘူး၊ ကုသိုလ်ကံပဲလို့ အောက်မေ့ရတော့မှာပဲ"

"မောင်ရှုပရဲ့ ရဲဘော် သူရဲကောင်း သုံးဦး ဆိုတာက ဘယ်သူ တွေလဲ၊ ခု သူတို့ ဘယ်မှာလဲ"

"သိချင်ရင်လာ ကျွန်တော်နဲ့ တစ်ပါတည်း လိုက်ခဲ့ပေတော့"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို စစ်သူကြီး ဗန္ဓကအား နန်းတော် တွင်းမှ ခေါ်လာပြီးလျှင် စေတုတ္တရာနိုင်ငံ သုဝဏ္ဏနိုင်ငံ သာယာရွှေပြည် နိုင်ငံ သုံးနိုင်ငံစပ်ကြားရှိ ဗိုလ်နန္ဒ၏ နောက်လိုက်များ ဖြစ်သော တောပုန်းများ ခိုအောင်းရာ တောအုပ်ကြီးရှိရာသို့ မြင်းကိုယ်စီဖြင့် ကဆုန်ပေါက်ပြီး ခရီးပြင်း နှင်ခဲ့ကြပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း−၁၅

အင်ကြင်းမြိုင် တောတန်းကြီးရှိ တစ်ခုသော ကျောက်ဂူအတွင်းတွင် ဗိုလ်နန္ဒ၏ သွေးသောက်ရဲဘော်များ ဖြစ်ကြသော ဗိုလ်အာဠာဝကနှင့် ဗိုလ်နေမျိုး၊ ဗိုလ်ကျော်ဇေယျတို့သည် မျက်နှာချင်းဆိုင်ထိုင်ကာ ဆွေးနွေး တိုင်ပင်၍ နေကြသည်ကို တွေ့ရလေသည်။

"မင်း ဘယ်တော့ စေတုတ္တရာ နိုင်ငံတော်ကိုသွားပြီး ဘုရင်မ အပါးမှာ ခစားမှာလဲ"

ဗိုလ်အာဠာဝက က ဗိုလ်ကျော်ဇေယျအား မေးလိုက်သည်။

"ငါသွားလို့ ဖြစ်ပါ့မလား၊ ငါ့ကို သူလျှို ဆိုပြီး ဖမ်းထားလိုက်ရင် ဘယ့်နှယ်လုပ်ပါ့မလဲ၊ ငါတော့ သွားရမှာ ရင်လေးနေတာပဲ၊ မင်း သွားရင် ပိုပြီးမကောင်းဘူးလား"

ကျော်ဇေယျက အာဠာဝကအား ပြန်ပြောလိုက်သည်။

"ငါသွားရင် ပိုဆိုးမှာပေါ့ကွ၊ ငါ့ရုပ်ကို မြင်တာနှင့် ချက်ချင်း ဖမ်းပြီး ထောင်ထဲ ပို့ထားလိုက်မှာ သေချာတယ်"

"ဒီလိုဆိုရင် နေမျိုးကို လွှတ်လိုက်ပေါ့ ... ဘယ့်နှယ်လဲ နေမျိုး"

အာဠာဝကသည် တစ်ဖက်သို့လှည့်ပြီး ငေးမောနေသော ဗိုလ်နေမျိုးအား လှမ်းမေးလိုက်သည်။ သို့ရာတွင် ဗိုလ်နေမျိုးသည် ဗိုလ်အာဠာဝက ပြောသော စကားများကို မကြားသကဲ့သို့ ငေးမောမြဲ ငေးမောကာ နေပေသည်။



"ဟေ့ နေမျိုး မင်း ခုတလော ဘာဖြစ်နေမှာလဲ၊ မင်းကို ကြည့်ရတာ တမှိုင်မှိုင် တတွေတွေနဲ့"

ကျော်ဇေယျက ဝင်ပြီး မေးလိုက်ပြန်သည်။

"ငါ့ဘာသာ ငါမှိုင်တာ မင်းတို့အလုပ် မဟုတ်ဘူး"

ဗိုလ်နေမျိုးက ပြန်ပြီး ငေါက်ဆတ်ဆတ် ပြောလိုက်သည်။

"ဒီကောင် ခုတလော တစ်မျိုးကို ဖြစ်နေတယ်၊ ဒီမှာ နေမျိုး ငါတို့ကို ဆရာနန္ဒ မှာသွားတာ မှတ်မိသေးတယ် မဟုတ်လား၊ သစ္စာဖောက် ဘုရင်ယုတ်က စေတုတ္တရာ ဘုရင်မကို လက်ရဖမ်းဆီးပြီး စေတုတ္တရာ နိုင်ငံတော်ကို သိမ်းပိုက်ဖို့ ကြံစည်နေတယ်ဆိုတာ မင်းသိတယ် မဟုတ်လား၊ ဒီတော့ကာ ဘုရင်မကို ကာကွယ်ဖို့ တို့အထဲက တစ်ယောက်ယောက် ဘုရင်မဆီ ဝင်ခစားပြီး ဘုရင်မကို အသက်နှင့်လဲပြီး ကာကွယ်ရမယ်လို့ ဆရာနန္ဒ မှာကြားသွားတာကို မင်း မေ့နေပြီလား"

အာဠာဝက က မေးခွန်းတွေ တသီတတန်းကြီး ထုတ်လိုက်သည်။

နေမျိုးက ခပ်တိုတိုပင် ပြန်ပြောလိုက်သည်။

"ဒါဖြင့် မင်းသွားမယ် ဆိုပါတော့"

"ငါ ဘာဖြစ်လို့ သွားရမှာလဲ၊ မင်း သွားပါလား"

"ငါ သွားလို့ မဖြစ်လို့ ပြောနေတာ၊ မင်းနဲ့ ဘုရင်မနဲ့ ပိုပြီး ရင်းနှီးတယ် မဟုတ်လား"

"ရင်းနှီးပေမယ့် ငါသွားလို့ မဖြစ်သေးဘူး၊ ငါ့မှာ အရေးကြီးတဲ့ အလုပ် ရှိသေးတယ်"

"ဘာများ အရေးကြီးနေပြန်ပြီလဲ၊ မင်းမှာ အရေးကြီးတဲ့ကိစ္စ ရှိတယ်ဆိုရင် ငါတို့ကို ပြောပြပါလား၊ ဒါမှလည်း ငါတို့ပါ ဝိုင်းပြီး ကူညီနိုင်မှာပေါ့၊ မင်းတစ်ယောက်တည်း ထိုင်မှိုင်နေလို့ ဒီကိစ္စဟာ အလိုလို ပြီးမှာတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



အာဠာဝက က ပြောလိုက်ပြန်သည်။

"မင်းတို့ကူညီလို့ရတဲ့အလုပ်မျိုး မဟုတ်လို့ မင်းတို့ကို ငါ မတိုင်ပင်တာပါ"

နေမျိုးက ပြန်ပြောလိုက်သည်။

"ငါတို့ ကူညီလို့မရတဲ့ အလုပ်ဆိုရင် တန်တော့ မင်းမှာ ချစ်သူရှိနေပြီထင်တယ်"

ကျော်ဇေယျက ဝင်ထောက်လိုက်သည်။ နေမျိုးမှာ မျက်နှာပျက်သွားသော်လည်း ဘာတစ်ခွန်းမှ ပြန်မပြောဘဲ မြေကြီးကိုသာ တုတ်နှင့်ခြစ်၍နေပေသည်။

"ဘယ့်နှယ်လဲ ငါပြောတာ မဟုတ်ဘူးလား၊ မင်းကလည်း အရေးထဲမှာ ချစ်သူရှာနေရသေးတယ်၊ တို့မှာဖြင့် နေစရာတောင် အိမ်မရှိဘူး၊ ခြေသလုံးအိမ်တိုင်လုပ်ပြီး နေရတဲ့လူကများ ချစ်သူရှာတယ်ရယ်လို့ကွာ ငါဖြင့် ရယ်ပဲ ရယ်ချင်သေးတယ်"

ကျော်ဇေယျက ဆက်ပြီး ပြောလိုက်ပြန်သည်။

"ငါက တမင်သက်သက်ရှာလို့ တွေ့တာ မဟုတ်ဘူးကွ၊ ငါ့ဘဝလည်း ငါသိပါတယ်၊ ဒါပေမဲ့ ဖူးစာ ဆိုတာက အခက်သားပဲ ..."

နေမျိုးသည် မြေကြီးကို တုတ်နှင့်ခြစ်ရင်း ပြန်ပြောသည်။

"လူတွင်ပါလို့ နွားကျားကိုက်တဲ့ဥစ္စာ ဖူးစာ လွဲချမနေစမ်းပါနဲ့ကွာ"

ကျော်ဇေယျက မခံချင်အောင် စလိုက်သည်။

"မင်းတို့ မယုံချင်ရင်နေ ငါ မပြောတော့ဘူး"

"အံမယ် မင်းက ဈေးကိုင်နေပြန်ပြီ၊ မင်းရဲ့ချစ်သူဟာ ဘယ်သူလဲ၊ ငါ့ကို ပြောစမ်းပါဦး"

အာဠာဝက က မေးခွန်းထုတ်လိုက်ပြန်သည်။



"ဘာဖြစ်လို့ ပြောရမှာလဲ၊ ဘာလဲ မင်းတို့ကပါ ဝိုင်းပြီး ပိုးချင်လို့လား"

"အံမယ် ... မင်းက ငါတို့တောင် မယုံဘူးပေါ့လေ၊ မင်း မပြောချင်နေပါလား၊ မပြောတော့ မကူညီဘဲနေရုံ ရှိတာပေါ့၊ ခွေးသူဥ်ရင် ဈေးကုန်တောင် နည်းသေးတယ်"

အာဠာဝကက မခံချင်အောင် စလိုက်သည်။

"ဘာလဲ မင်းက လူပါးဝစကား ပြောတာလား"

"ငါ လူပါးဝစကား ပြောတာမဟုတ်ဘူး၊ မင်းကသာ လူပါးဝစကား ပြောနေတာ"

"ကဲပါ ... တော်ကြစမ်းပါ၊ အရေးထဲမှာ ရန်ဖြစ်မနေကြစမ်းပါနဲ့၊ နေမျိုးကလည်း သဝန်ကြောင်လိုက်တာ လွန်ရော၊ မင်းချစ်သူကို ဘယ်သူမှ ဝိုင်းပြီး မပိုးပါဘူးကွ၊ ပြောမယ့်ဥစ္စာပဲ ပြောလိုက်တာ မဟုတ်ဘူး"

"ကဲ ... မင်းတို့ ဒါလောက်တောင် သိချင်ရင် ငါပြောမယ်၊ အင်ကြင်းမြိုင် တောစပ်က ရွာသာယာကို မင်းတို့သိတယ် မဟုတ်လား"

"သိတာပေါ့ကွ၊ တို့ မကြာခဏသွားပြီး စားနပ်ရိက္ခာတွေ ဝယ်တဲ့ရွာကလေးပဲ၊ မင်းရဲ့ချစ်သူက အဲဒီရွာကလား၊ ဒီရွာမှာ ရုပ်ချောချောတစ်ယောက်မှ မရှိပါဘူး"

အာဠာဝက က ဝင်ထောက်လိုက်ပြန်သည်။

"မင်း ဘာနားလည်လို့ ဝင်ပြောနေရပြန်တာလဲ၊ အဲဒီရွာမှာ သိပ်ချော သိပ်လှတဲ့ မိန်းကလေးတစ်ယောက်နဲ့ ငါ တွေ့ခဲ့တယ်ကွ၊ သူ့နာမည်က ယုဇနတဲ့၊ နာမည်နဲ့လိုက်အောင် လှလည်း လှပါတယ်"

နေမျိုးက အားရပါးရ ပြောလိုက်သည်။

"ယုဇန ဟုတ်လား၊ နာမည်ကလေးကတော့ အယ်သားပဲ၊ ယုဇန ဆိုတဲ့နာမည်ဟာ တောသူ အရိုင်းအစိုင်းရဲ့နာမည် မဟုတ်ဘူးကွ၊ နန်းတွင်းသူနာမည် ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



“နန်းတွင်းသူ မဟုတ်ပါဘူး၊ တောသူမှ တောသူအစစ်၊ ဒါပေမဲ့ နန်းတွင်းသူတွေထက် ဆယ်ပြန်လောက် လှလည်းလှတယ်၊ ယဉ်လည်း ယဉ်တယ်”

“အံမယ် တယ်ဆိုတဲ့ စာပါလား”

“ငါက အကောင်းပြောနေတာ”

“မင်း ... အဲဒီ ယုဇနကို စွဲနေပြီ ဆိုပါတော့”

“ကျားကိုက်ပါတယ်ဆို နာတာရှည်လား လုပ်နေပြန်ပါပြီ”

“နို့ ... ယုဇနကကော မင်းကို မေတ္တာရှိရဲ့လား”

“ဒါတော့ ငါလည်း မပြောတတ်ဘူး”

“ဒါဖြင့် မင်းဟာက ဘယ်မှာသေချာသေးလို့လဲ၊ ဒါနဲ့များ မင်းက မအိပ်နိုင် မစားနိုင်နဲ့ တမှိုင်မှိုင် တတွေတွေ ဖြစ်နေရသေးသလား၊ မင်းအစား ငါရှက်တယ်”

“ယုဇနကို မင်း မမြင်ဖူးသေးလို့ ဒီစကား ပြောနေတာ၊ ယုဇနကိုသာ မင်းမြင်ရင် ရူးသွားမှာတောင် စိုးရသေးတယ်”

နေမျိုးက ပြန်ပြောလိုက်သည်။

“မင်းတစ်ယောက်တည်းပဲ ရူးနေပါ၊ ငါတို့ကို ဆွဲမထည့်ပါနဲ့၊ မိန်းမတစ်ယောက်အတွက်များ ရူးရမယ်ဆိုရင် လူပြည်မှာတောင် နေဖို့ မကောင်းဘူး”

“ယုဇနက တခြား မိန်းကလေးတွေနဲ့ တူတာမဟုတ်ဘူး”

“အို ... ဒါကတော့ ကိုယ်ထင်ရင် ခုတင်ရွှေနန်း ဆိုသလိုပေါ့ကွာ၊ လောကမှာ ထန်းပလပ်စုတ်ကို နတ်ရုပ်လို့ ထင်နေတဲ့ မင်းလို လူရူးတွေ ရှိနေသားဥစ္စာ”

“မင်း ငါ့ကို ဆော်ကားချင်ရင် ဆော်ကားပါ၊ ယုဇနကိုတော့ တွေ့တာရာနဲ့ မနှိုင်းပါနဲ့”

နေမျိုးက ဒေါပွပွနှင့် ပြန်ပြောလိုက်သည်။



“အံမယ် ... လာ၊ လာချေသေးတယ်၊ မင်းရဲ့ယုဇနက ဘာမို့လို့ ထန်းပလပ်စုတ်နဲ့ မနှိုင်းရမှာလဲ”

အာဠာဝက က မခံချင်အောင် ပြောလိုက်ပြန်သည်။

“တော် တော် မင်းစကား ဒီတင်ရပ်၊ ရှေ့ဆက်ပြောရင် မင်းနဲ့ ငါနဲ့ ဓားချင်းခုတ်ရလိမ့်မယ်”

“ဒါလောက်ကလေး ပြောတာတောင် မခံနိုင်ရအောင် မင်းကောင်မတာ ဘာမို့လို့လဲ”

အာဠာဝက က ဒေါပွပွနှင့် ပြန်ပြောလိုက်သည်။

‘ကောင်မ’ ဟူသော စကားကို ကြားရသောအခါ နေမျိုးသည် မခံရပ်နိုင်အောင် ဖြစ်သွားကာ ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး ဓားအိမ်မှ ဓားကို ဆွဲချွတ်လိုက်သည်။

အာဠာဝက ကလည်း ထိုင်ရာမှထပြီး ဓားကို ဆွဲထုတ်လိုက်သည်။

အာဠာဝကနှင့် နေမျိုးတို့ အချီအချ ပြောဆိုနေကြသည်ကို နားထောင်ကောင်းကောင်းနှင့် နားထောင်နေသော ကျော်ဇေယျသည် သူငယ်ချင်း ၂ ယောက် ဓားကို ဆွဲထုတ်လိုက်ကြသည်ကို မြင်ရသောအခါ မနေသာတော့ဘဲ ထိုင်ရာမှ ထလိုက်ပြီး သူငယ်ချင်း ၂ ယောက်ကြား၌ ဝင်ရပ်လိုက်ရသည်။

“မင်းတို့ ၂ ယောက်ကြောင့်လည်း ခက်တာပဲ မျက်နှာချင်းဆိုင်တာနဲ့ တစ်ပြိုင်နက် ရန်ဖြစ်ဖို့လောက်ပဲ စဉ်းစားနေတာကိုး၊ ကဲ — ကဲ ဓားတွေ ပြန်သွင်းလိုက်ကြစမ်း၊ သည်ဓားတွေဟာ အချင်းချင်းခုတ်ဖို့ မဟုတ်ဘူး၊ ရန်သူကို ခုခံကာကွယ်ဖို့ ဆိုတာ မင်းတို့ နားမလည်ဘူးလား”

ကျော်ဇေယျက ဒိုင်လူကြီးပမာ ကြားမှဝင်ပြီး ဖျန်ဖြေလိုက်သည်။

“ဒီကောင် လူပါးဝစကားပြောတာ မခံချင်လို့ပါ”

www.burmeseclassic.com



နေမျိုးက ပြောလိုက်သည်။

"သူခိုးက လူ လူဟစ်နေပြန်ပြီ၊ ငါက လူပါးဝစကား ပြောတာလား၊ မင်းက လူပါးဝစကား ပြောတာလား"

"အို ... တော်ကြပါတော့လို့ ဆိုနေမှပဲ"

ကျော်ဇေယျက ဝင်ပြီး ဖျန်ဖြေလိုက်ပြန်သည်။

"မင်းကဝင်ပြီး ဖျဉ်မနေချင်စမ်းပါနဲ့ ဒီကောင် သတ္တိမရှိပါဘူး၊ အလကား ဟန်လုပ်ပြီး ဓားကို ဆွဲထုတ်တာပါ"

အာဠာဝက က ရန်စလိုက်ပြန်သည်။

နေမျိုးမှာမူ တရှူးရှူး တရှဲရှဲနှင့် ဖြစ်၍နေပေသည်။

"သတ္တိရှိသလား မရှိဘူးလား ဆိုတာ သိချင်ရင် ထွက်ခဲ့လေ။ ဘာဖြစ်လို့ ကျော်ဇေယျ အကာအကွယ် ယူနေရတာလဲ၊ ဟော့ ကျော်ဇေယျ မင်း အသာဘေးဖယ်ပေးရင် ကောင်းမယ်ထင်တယ်"

နေမျိုးက ဒေါပွပွနှင့် ပြောလိုက်သည်။

"မင်းတို့ နှစ်ယောက်ကြောင့်လည်း ခက်တာပဲ၊ မျက်နှာချင်းဆိုင်မိတာနဲ့ တစ်ပြိုင်နက် ခွေးနဲ့ မျောက် ကျနေတာပဲ"

"ဘယ်သူက ခွေး၊ ဘယ်သူက မျောက်လဲ ဆိုတာကို ရှင်းပြဦးမှပေါ့ကွ။ ဒီမှာ ကျော်ဇေယျ ခုကိစ္စမှာ ငါက လွန်သလား၊ နေမျိုးက လွန်သလား။ ငါတို့တစ်တွေဟာ တစ်ယောက်နှင့်တစ်ယောက် အသက်နဲ့လဲပြီး ချစ်ချစ်ခင်ခင် နေလာကြတဲ့ လူတွေပဲ၊ ခုမှ နေမျိုးက 'မ' စိတ်ရွှန်ပြီး ငါ့ကို လူပါးဝစကား ပြောတာကို ငါက ငုံ့ခံနေရမှာလား"

အာဠာဝက က မကျေနိုင်မချမ်းနိုင် ပြန်ပြောလိုက်သည်။

"ကဲပါ တော်ပါတော့ ဒီမှာ အာဠာဝက မင်းဒုက္ခရောက်တုန်းက မင်းကို ဘယ်သူကယ်ခဲ့သလဲ၊ တလောက မင်းကို သီဟရာဇာ ဘုရင်ရဲ့ စစ်သည်တော်တွေက ကြိုးတုပ်ပြီး ဖမ်းသွားတုန်းက မင်းကို နေမျိုးက သူ့အသက်ကို ပမာဏမထားဘဲ ဝင်ကယ်ခဲ့လို့ လွတ်လာခဲ့တာကို မင်း



မေ့နေပြီလား၊ ဒါလောက် တစ်ယောက်ကို တစ်ယောက် အသက်ပေးပြီး ချစ်လာခဲ့ကြတဲ့ သူငယ်ချင်းတွေပဲ တစ်ယောက်မှာ အမှားရှိရင် တစ်ယောက်က သည်းခံပေါ့"

ကျော်ဇေယျက နောက်ကြောင်းပြန်ပြောလိုက်သည်။

"ဟိုတုန်းက ဒီကောင်ကို ငါကယ်ခဲ့တာ မှားတာပဲ"

နေမျိုးက ဝင်ပြောလိုက်သည်။

"နေမျိုးကလည်း ဒီစကားမျိုးမပြောသင့်ဘူး၊ မနှစ်တုန်းက မင်း ငှက်ဖျားမိပြီး သေလုမြောပါး ဖြစ်နေတုန်းက နေ့ရောညပါ အနားက မခွာဘဲ ပြုစုခဲ့တာ ဘယ်သူလဲ၊ အာဠာဝကပဲ မဟုတ်လား၊ တစ်ယောက်ကျေးဇူး တစ်ယောက် မမေ့ကောင်းဘူး"

ကျော်ဇေယျက သတိပေးလိုက်ပြန်သည်။

"ငါ ... ကိုယ်ဖိရင်ဖိ ပြုစုခဲ့လို့ ငါ့ကို ပြန်စော်ကားတာပေါ့ကွ"

အာဠာဝက က ပြန်ပြောလိုက်သည်။

"မင်း ... ဒီစိတ်ထားမျိုးထားရင် မှားမှာပေါ့ကွ ... တို့တစ်တွေဟာ ဘဝတူတွေ ဆိုတာ မင်းတို့ အမြဲသတိထားကြမှပေါ့ကွ ... မင်းတို့ ခုလို မကြာခဏ ရန်ဖြစ်နေကြမယ်ဆိုရင် နောက်လိုက်ငယ်သားတွေကို ဘယ်လိုလုပ်ပြီး ထိန်းလို့ရမှာလဲ၊ ထိန်းလို့မရရင် ဖြစ်ချင်တာတွေ ဖြစ်ကုန်ပြီး အကုန်လုံး ဒုက္ခရောက်ကုန်ကြမယ် မဟုတ်လား။ ပြီးတော့ တို့ဆရာ ဗိုလ်နန္ဒ မကြာခဏ ဆုံးမဩဝါဒ ပေးခဲ့တာကို မင်းတို့ သတိရကြဦးမှပေါ့"

ကျော်ဇေယျက သတိပေးလိုက်သည်။ ဗိုလ်နန္ဒ ဟူသောအသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် အာဠာဝကနှင့် နေမျိုးတို့သည် စကားမပြောနိုင်ဘဲ ငိုင်ကျသွားပေသည်။

"မင်းတို့တစ်တွေ စိတ်လိုက်မာန်ပါ လုပ်ခဲ့ကြလို့ မကြာခဏ မှားခဲ့ကြတယ် မဟုတ်လား၊ တို့ဆရာ ဗိုလ်နန္ဒ ပြောလာတဲ့ အချိန်က

www.burmeseclassic.com

www.burmeseclassic.com



ပြီး တို့တစ်တွေ စည်းစည်းလုံးလုံးနဲ့ စည်းကမ်းတကျ ဖြစ်လာခဲ့ကြတယ် မဟုတ်လား။ ဆရာ ဗိုလ်နန္ဒ မရှိတာနဲ့ တစ်ပြိုင်နက် မင်းတို့က ခုလို ရန်ဖြစ်နေကြမယ်ဆိုရင် ဆရာ ဗိုလ်နန္ဒ ချမှတ်ပေးသွားတဲ့ လမ်းစဉ်ကို သွေဖည်ရာကျမနေဘူးလား၊ ဆရာ ဗိုလ်နန္ဒကို မင်းတို့ ကြည်ညိုရင် သူ့လမ်းစဉ်ကို မင်းတို့ လိုက်နာကြရမယ်"

ကျော်ဇေယျက ဆုံးမစကားပြော၍နေပေသည်။

ထိုအခိုက်တွင် မလှမ်းမကမ်းမှ မြင်းခွာသံများ ကြားရပြီး မြင်းခွာသံများ တိတ်သွားသည်နှင့် တစ်ပြိုင်နက် တစ်တောလုံးကို ပဲ့တင်ထပ်၍ ဖြစ်သွားစေသည့် ခရာသင်းသံကို ကြားလိုက်သဖြင့် ဗိုလ်အာဠာဝက၊ ဗိုလ်ကျော်ဇေယျနှင့် ဗိုလ်နေမျိုးတို့သည် ငြိမ်သက်စွာ နားစွင့်နေကြပေသည်။

"ဟော ... ပြောရင်းဆိုရင်း ဆရာ ဗိုလ်နန္ဒ လာပြီထင်တယ်၊ ထဲ ... လာ သွားကြရအောင်"

ဗိုလ်ကျော်ဇေယျက ပြောလိုက်ပြီး အာဠာဝကနှင့် နေမျိုးကို တစ်ဖက်စီ လည်ပင်းဖက်ပြီး ကျောက်ဂူထဲမှ ထွက်လာကြပြီးလျှင် တွေ့ဆုံနေကြ ဖြစ်သော တောင်ကုန်းကလေးရှိရာသို့ ထွက်၍ လာခဲ့ကြပေရာ တောင်ကုန်းပေါ်တွင် ဗိုလ်နန္ဒနှင့် စစ်သူကြီး ဗန္ဓုကအား အဆင်သင့် တွေ့ရပေသည်။

"တပည့်တို့ ဘယ်လိုဖြစ်လာကြတာလဲ၊ အာဠာဝကနဲ့ နေမျိုးရဲ့ မျက်နှာကို ကြည့်ရတာ သာသာယာယာမရှိဘူး၊ ပြီးတော့ လက်ထဲမှာလည်း ဓားကိုယ်စီနဲ့၊ တပည့်တို့ အချင်းချင်း ရန်ဖြစ်နေကြပြန်ပြီထင်တယ်"

ဗိုလ်နန္ဒသည် တပည့်သုံးယောက်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး ပြောလိုက်သည်။

"ဒီကောင် နှစ်ကောင် ပြောလို့ကိုမရဘူး ဆရာရဲ့၊ မျက်နှာချင်း



ဆိုင်လိုက်တာနဲ့ တကျက်ကျက်ပဲ။ ခွေးနဲ့ မျောက်ကို ထိန်းရတာကမှ လွယ်လိမ့်ဦးမယ်။ ဒီအတိုင်းသာသွားမယ်ဆိုရင် ... တစ်နေ့မှာ လက်လွန် ခြေလွန် ဖြစ်ကုန်ပြီး နှစ်ယောက်စလုံး သေကုန်ကြလိမ့်မယ်"

ကျော်ဇေယျက ဗိုလ်နန္ဒအား တိုင်တန်းလိုက်သည်။

"ကဲ ... ကဲ ... ရန်ဖြစ်မနေကြနဲ့၊ အာဠာဝကနဲ့ နေမျိုးရဲ့ လက်ထဲက ဓားတွေကို ဓားအိမ်ထဲ ပြန်သွင်းထားလိုက်ကြစမ်း။ ဘဝတူအချင်းချင်း ခုလို ရန်ဖြစ်နေရသလား။ ရန်သူကို ခုခံရမယ့် ဓားကို ဘာဖြစ်လို့ အချင်းချင်းသတ်ဖို့ အသုံးချချင်ရတာလဲ။ သတ္တိကို အလွဲသုံးစား မလုပ်ကြနဲ့၊ တပည့်တို့ ဒါလောက်တောင် သတ္တိပြချင်ရင် ဒီနေ့ည ဆရာနဲ့ လိုက်ခဲ့၊ အများအကျိုးအတွက် ကိုယ်ကျိုးကိုမငဲ့ဘဲ စွန့်စားကြရအောင်"

ဗိုလ်နန္ဒက တပည့်များအား ဆုံးမဩဝါဒပေး၍ နေပေရာ အာဠာဝကနှင့် နေမျိုးသည် မိမိတို့၏ လက်ထဲတွင် ကိုင်ထားသည့် ဓားများကို ဓားအိမ်ထဲသို့ ပြန်သွင်းထားလိုက်ပြီး ဗိုလ်နန္ဒပြောသော စကားများကို နားစွင့်နေပေသည်။

"ဒီနေ့ည ဘယ်ကို လိုက်ရမှာလဲ ... ဘာလုပ်ရမှာလဲ"

အာဠာဝက က ပြန်မေးလိုက်သည်။

"သေလာဂီရိတောင်ကို သွားမယ်လေ"

"ဒီလိုဆိုရင် စိန်လိုက် ... ကျွန်တော် ရှေ့ဆုံးက လိုက်မယ်"

အာဠာဝက က ဝမ်းသာအားရ ပြောလိုက်သည်။

"ကျော်ဇေယျကော လိုက်မယ်မဟုတ်လား"

"လိုက်မှာပေါ့ ဆရာ"

"နေမျိုးကော"

ဗိုလ်နန္ဒက နေမျိုးအား မေးလိုက်သည်။

"ဒီကောင် သတ္တိမရှိပါဘူး၊ ဘီလူး ဆိုတဲ့ အသံကြားတာနဲ့ ဖင်တုန်နေတဲ့ အကောင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးက အဖြေမပေးနိုင်မီ အာဋ္ဌာဝက က ဝင်ပြီး ပြောလိုက်သည်။

"ဘာလဲ ငါ့ကို ရန်စပြန်တာလား"

နေမျိုးက ဒေါသသံဖြင့် အာဋ္ဌာဝကအား ပြန်မေးလိုက်သည်။

"ရန်စတာ မဟုတ်ပါဘူး၊ မင်းက ဘီလူးကြောက်တတ်လို့ ပြောနေတာပါ၊ မနေ့တုန်းက ဘီလူးကို ကြောက်တယ်လို့ မင်းကိုယ်တိုင် ဝန်ခံခဲ့တာ မေ့သွားပြီလား"

အာဋ္ဌာဝက က ပြန်ပြောလိုက်သည်။

"မင်းလို သီလမရှိတဲ့ ကောင်တွေသာ ဘီလူးကို ကြောက်တာကွ၊ ငါလို သီလရှိတဲ့ အကောင်က ဘာဖြစ်လို့ ကြောက်ရမှာလဲ"

နေမျိုးက ပြန်ပြောလိုက်သည်။

"စကားပြောရင် ... ကြည့်ပြောနော် ... ပုတ်လား ခတ်လား မပြောပါနဲ့"

အာဋ္ဌာဝက က နေမျိုးအား သတိပေးလိုက်သည်။

"ကဲပါကွာ ရန်ဖြစ်မနေကြစမ်းပါနဲ့၊ ဒီနေ့ည လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ အေးအေးဆေးဆေး တိုင်ပင်ကြရအောင်"

ဗိုလ်နန္ဒက စကားလွှဲပြောင်းပြီး ပြောလိုက်သည်။

"ဒီနေရာမှာ တိုင်ပင်လို့ မကောင်းဘူးထင်တယ်၊ ကျောက်ဂူထဲကို သွားကြရင် မကောင်းဘူးလား"

ကျော်ဇေယျက အကြံပေးလိုက်သည်။

"အေး ... ကောင်းသားပဲ ... အဲဒီကို သွားကြမယ်"

ပြောပြောဆိုဆို ဗိုလ်နန္ဒ၊ စစ်သူကြီး ဗန္ဓကနှင့် တောတွင်းသားသုံးဦးတို့သည် ကျောက်ဂူကြီးရှိရာသို့ လာခဲ့ကြလေသည်။

"ဒီနေ့ည လုပ်စရာရှိတဲ့ ကိစ္စကို မတိုင်ပင်ခင် ဟောဒီက စစ်သူကြီး ဗန္ဓကနဲ့ တပည့်တို့ကို မိတ်ဆက်ပေးရဦးမယ်။ စစ်သူကြီး ဗန္ဓကဟာ တခြားမဟုတ်ဘူး ... စေတုတ္တရာ နိုင်ငံတော် စန္ဒာဒေဝီ ဘုရင်မရဲ့ လူယုံတော်တစ်ဦး ဖြစ်တယ်"



ဗိုလ်နန္ဒသည် စစ်သူကြီး ဗန္ဓကအား တပည့်သုံးဦးနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဟောဒါက ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ရဲ့ သွေးသောက် ရဲဘော်တွေပဲ၊ သူ့နာမည်က ကျော်ဇေယျ၊ သူကတော့ အာဋ္ဌာဝက၊ သူ့အမည်ကတော့ နေမျိုးလို့ ခေါ်ပါတယ်"

ဗိုလ်နန္ဒက ရဲဘော်သုံးဦးအား စစ်သူကြီး ဗန္ဓကနှင့် တစ်ဖန် မိတ်ဆက်ပေးလိုက်ပြန်သည်။

"ကဲ စစ်သူကြီး ဗန္ဓက ... မနေ့ညကစပြီး ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို အားလုံးပြောပြလိုက်စမ်းပါ"

ဗိုလ်နန္ဒက စစ်သူကြီး ဗန္ဓကအား ပြောလိုက်ရာ စစ်သူကြီး ဗန္ဓကသည် ယမန်နေ့ညက မိမိအား လူတစ်ပိုင်း၊ ဘီလူးတစ်ပိုင်း သတ္တဝါက အပေါ်မှ ခွစီးထားပြီး သတ်မည်အပြုတွင် ဗိုလ်နန္ဒက ဝင်၍ ကယ်ဆယ်ခဲ့ပုံမှ အစပြု၍ ဗိုလ်နန္ဒ ထောင်သွင်း အကျဉ်းထားခြင်းခံခဲ့ရပုံ၊ ထိုနောက် သူလျှိုများကို ပရိယာယ်ဖြင့် ဖော်ထုတ်ခဲ့ပုံမှ အစပြု၍ အဖြစ်အပျက်များကို ခရေစေ့တွင်းကျ ပြောပြနေပေရာ ကျော်ဇေယျ၊ အာဋ္ဌာဝကနှင့် နေမျိုးတို့သည် စိတ်ဝင်စားစွာဖြင့် နားထောင်၍ နေကြပေသည်။

"ကဲ ... တပည့်တို့ ကြားကြရပြီ မဟုတ်လား ... သစ္စာဖောက် သုခနေ့ ဘုရင်ယုတ်ဟာ စေတုတ္တရာ နိုင်ငံတော်နဲ့ စန္ဒာဒေဝီ ဘုရင်မ အပေါ်မှာ အကောက်ကြံနေတယ် ဆိုတာ တစ်နေ့တခြား ထင်ရှားနေတယ်၊ စန္ဒာဒေဝီ ဘုရင်မကို မိန်းမသားဆိုပြီး မထီမဲ့မြင် ပြုလာတာကို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ စန္ဒာဒေဝီ ဘုရင်မကို လက်ဖြမ်းပြီး စေတုတ္တရာ နိုင်ငံတော်ကိုပါ သုခနေက သိမ်းပိုက်နိုင်မယ်ဆိုရင် သူ့ရဲ့ တန်ခိုးဟာ ကြီးမားသည်ထက် ကြီးမားလာလိမ့်မယ်၊ သူ့ရဲ့တန်ခိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလာသလောက် တိုင်းသူပြည်သားတွေကို နှိပ်စက်လိမ့်မယ်၊ ဒီတော့တာ သုမနဘုရင်ယုတ်ရဲ့ ဝက်္ကအကြံကို အမြစ်က တွန်းလှန်ပစ်ရမယ်"

"ဆရာပြောတာ မှန်တယ် ... သုမန ဘုရင်ကို ချေမှုန်းသုတ်သင်ပစ်ရမယ်။ ဒီဘုရင်ယုတ်ကို သုတ်သင်ဖို့ဆိုရင် ကျွန်တော် ရှေ့ဆုံးက နေပြီး တိုက်ပါရစေ"

နေမျိုးက လက်သီးလက်မောင်းတန်း၍ ပြောလိုက်သည်။

"အရမ်းတိုက်လို့ မဖြစ်ဘူး၊ ပရိယာယ်ကို ပရိယာယ်နှင့် ပြန်တိုက်မှရမယ်၊ စန္ဒာဒေဝီ ဘုရင်မက သူ့စစ်သည်တော်အင်အားနဲ့ လက်နက်အင်အားကို အားကိုးပြီး သုမနရဲ့ ရန်ကို ဂရုမစိုက်ဘဲ နေခဲ့တယ်၊ အဲဒီလို ဂရုမစိုက်ဘဲ နေခဲ့တဲ့အတွက်လည်း သုမနက လွယ်လွယ်နဲ့ သူလျှိုတွေ စေ့ပြီး အတွင်းက လိုက်စားဖို့ ကြံစည်ခွင့်ရသွားခြင်း ဖြစ်တယ်၊ သုမနရဲ့ အကြံအစည်တွေကို ဆရာတို့ သိသင့်သလောက် သိထားကြပြီး ဖြစ်တဲ့အတွက် သူရဲ့အကြံအစည်တွေ ပျက်အောင် ကိုယ်စွမ်းရှိသမျှ ဉာဏ်ရှမ်းရှိသမျှ ကြိုးစားကြရမယ်၊ ဆရာတို့ရဲ့ အကြံအစည် အောင် မအောင် ဆိုတာကတော့ ကံတရားအတိုင်း ဖြစ်လာမှာပဲ၊ ဆရာတို့ တပည့်တို့ရဲ့ တာဝန်ကတော့ ဉာဏ်နဲ့ ဝီရိယကို အစွမ်းကုန် သုံးရလိမ့်မယ်၊ ဆရာတို့ လုပ်ငန်းကို ဒီနေ့ညက စရလိမ့်မယ်။ ဘယ့်နှယ်လဲ တပည့်တို့ လိုက်ကြမယ် မဟုတ်လား"

"သုမန ဘုရင်ယုတ်ကို လက်စားချေရမယ့် အလုပ်ဆိုရင် ကျွန်တော်တို့ ရှေ့ဆုံးက ထွက်ဖို့အသင့်ပဲ"

အာဠာဝက က ပထမဦးစွာ အဖြေပေးလိုက်သည်။

"ကျွန်တော်ရဲ့သတ္တိကို တန်ဖိုးရှိရှိ ပြရတော့မှာ ဖြစ်တဲ့အတွက် ကျွန်တော်ဖြင့် ခုချက်ချင်းတောင် မိုးချုပ်ပါစေလို့ ဆုတောင်းနေတာပဲ"

ကျော်ဇေယျကလည်း အားပါးတရ ပြောလိုက်သည်။



"စေတုတ္တရာ နိုင်ငံတော်နဲ့ ဘုရင်မအတွက်ဆိုရင် ကျွန်တော့်အသက်နဲ့လဲပြီး ခုခံကာကွယ်ဖို့ ကျွန်တော်တို့ အသင့်ရှိပါတယ်၊ ဘီလူးရန်ကိုလည်း ရင်ဆိုင်ဖို့ အသင့်ပါပဲ"

ဗိုလ်နေမျိုးသည် နာနာဘာဝကို ကြောက်တတ်သော စိတ်ရှိသော်လည်း စေတုတ္တရာ နိုင်ငံတော်ကို သုမန လုပ်ကြံလျှင် ယုဇနပါ ဒုက္ခရောက်သွားမည်ကို စဉ်းစားမိသဖြင့် လက်သီးလက်မောင်းတန်းကာ အဖြေပေးလိုက်သည်။

"ဒီလိုဆိုရင် ... ဒီနေ့ညအတွက် လုပ်ငန်းစဉ်ကို အသေးစိတ် ရေးဆွဲကြစို့"

ဗိုလ်နန္ဒက ဝမ်းသာအားရ ပြောလိုက်ပြီး ဆရာတပည့် ၄ ဦးသည် စစ်သူကြီး ဗန္ဓကနှင့် ခေါင်းချင်းဆိုင်ကာ ထိုနေ့ညအတွက် အစီအစဉ်များကို အသေးစိတ် ဆွေးနွေး၍ နေကြပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၁၆

ဗိုလ်နန္ဒနှင့် တပည့် ၃ ယောက်သည် စစ်သူကြီး ဗန္ဓုက လမ်းပြသည့်အတိုင်း တောလမ်းခရီးမှ သေလာဂီရိတောင်သို့ မြင်းကိုယ်စီဖြင့် တဖြည်းဖြည်း လာခဲ့ကြပေသည်။

နေဝင်၍ မှောင်စပြုပြီ ဖြစ်သဖြင့် ဗိုလ်နန္ဒတို့ လူစုသည် မှောင်ထုကို မိတ်ဆွေပြုကာ ကျောက်တုံးများ တစ်တုံးပေါ်တွင် တစ်တုံးဆင့်လျှက်ရှိသည့် တောင်ထွတ်ရှိရာသို့ မျှော်မှန်းပြီး လာခဲ့ကြပေရာ၊ လထန်းတစ်ဖျားလောက် အရောက်တွင် တောတန်းကို လွန်ပြီး ကျယ်ပြန့်သည့် ရေကန်ကြီးကို လရောင်အောက်တွင် တဖိတ်ဖိတ်ဖြင့် သာယာကြည်နူးဖွယ်ရာ တွေ့မြင်ရပေသည်။ ရေကန်ကြီးအလွန်ကို လှမ်းမျှော်ကြည့်လိုက်ရာ အနောက်မြောက်ဘက်တွင် ကျောက်တုံးကြီး တစ်တုံးပေါ်တစ်တုံးဆင့်လျက် မိုးပေါ်သို့ မျှော်နေသည်ဟု ထင်ရသော သေလာဂီရိတောင်ထွတ်ကို ခပ်ရေးရေး မြင်ရပေသည်။ မြောက်ဘက်စူးစူးသို့ လှမ်းကြည့်လိုက်သောအခါ ကျူးပတ်လည် ဝိုင်းရံလျက်ရှိသော ဇေတုတ္တရာမြို့တော်၏ မြို့ရိုးများနှင့်တကွ မြို့ရိုးကို ကျော်လွန်ပြီး မိုးထိဘနန်းခြင့်မားလှသည့် နန်းမြင့်ကို မားမားမတ်မတ် တွေ့မြင်ရပေသည်။

သေလာဂီရိတောင်ထွတ်သို့ ရောက်ရှိရန် ရေကန်ကြီး၏ မြောက်ဘက်မှ ပန်းပြီး တောအုပ်များကို ဖြတ်သန်း၍ သွားရမည်ဖြစ်ပေသည်။ ရေကန်ကြီးနှင့် တောင်ထွတ် အကြားတွင် ကျယ်ပြန့်သော ရွံ့နွံအိုင်ကြီး



များ ရှိသဖြင့် တောင်ထွတ်သို့ ရောက်အောင်သွားသည့် လမ်းခရီးကို မသိသူများသည် ဤနေရာကို ညဘက်တွင် မသွားဝံ့ကြပေ။

စစ်သူကြီး ဗန္ဓုကမှာ နယ်ခြားဒေသ လုံခြုံရေးအတွက် တာဝန်ယူထားရသည့် စစ်သူကြီး ဖြစ်သဖြင့် သေလာဂီရိတောင်သို့ သွားသည့်လမ်းကို ကောင်းကောင်းကြီးသိသူ ဖြစ်ပေသည်။

ဗိုလ်နန္ဒနှင့် တပည့်သုံးယောက်သည် စစ်သူကြီး ဗန္ဓုက၏ နောက်မှ တကောက်ကောက်လိုက်ပါလာခဲ့ပေရာ မကြာမီ လူသွားလမ်းကလေးတစ်ခုသို့ ရောက်ရှိလာပြီး လူသွားလမ်းကလေးနှင့် မလှမ်းမကမ်းတွင် တဲအိမ်ကလေး တစ်လုံးကို တွေ့ရပေသည်။

"မောင်ရှုပပြောတဲ့ အောက်လမ်းဆရာကြီး ဦးကဝိနေတဲ့ တဲဆိုတာ ဒီတဲကလေးမှတ်တယ်"

စစ်သူကြီး ဗန္ဓုက က စကားစလိုက်သည်။

"ဟုတ်ပါတယ် ... အဲဒီတဲကလေးပဲ"

"ကဲ ဒါဖြင့် ခရီးကြုံတုန်း တဲကလေးထဲကို ဝင်ကြည့်ရအောင်၊ ဦးကဝိကို တွေ့ရင်လည်း တစ်ခါတည်း ဖမ်းသွားရရင် မကောင်းဘူးလား"

"သူ့ကိုဖမ်းလို့ သိပ်ပြီး အကျိုးရှိမယ်မထင်ဘူး၊ ပြီးတော့– ကျွန်တော်ရဲ့ စိတ်ထင်ကို ပြောရမယ်ဆိုရင် ဒီနေ့မနက် အဖြစ်အပျက်တွေကို နန်းတော်တွင်းမှာရှိတဲ့ သူလျှိုတွေက တစ်ဆင့် သုခနေဘက်တော်သားတွေကို ဆောက်သည်ချပြီးသား ဖြစ်မှာစိုးလို့ ဦးကဝိလည်း ဒီနေရာမှာ နေတော့မယ် မထင်ဘူး"

ဗိုလ်နန္ဒက ရှင်းပြလိုက်သည်။

"ဒါပေမဲ့ ရှိလိုရှိငြား သွားကြည့်ရရင် မကောင်းဘူးလေး"

စစ်သူကြီး ဗန္ဓုက က ဦးကဝိကို ဖမ်းချင်သည့် အသွေသ ပြင်းထန်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားကြည့်ချင်ရင် ကြည့်ပါလား ... ကျွန်တော်တို့ကတော့ ဝိုင်းထားမယ် ... ဒါမှ ထွက်ပြေးလို့မရအောင်"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို တပည့်သုံးယောက်အား လူစုခွဲစေပြီး ဦးကဝိ၏တဲကလေးကို ဝိုင်းရံထားလိုက်ပေသည်။

ပြီးမှတစ်ဖန် စစ်သူကြီး ဇန္တကနှင့် ဗိုလ်နန္ဒတို့သည် ဦးကဝိ၏တဲထဲသို့ ဝင်၍သွားပေသည်။ သို့ရာတွင် စောစောက ဗိုလ်နန္ဒ တွက်ကိန်းချသည့်အတိုင်းပင် ဦးကဝိကို မတွေ့ရတော့ပေ။

"ကျွန်တော် အစကတည်းက မပြောဘူးလား၊ သုခနေ့ရဲ့ သူလျှိုတွေက သိပ်ပြီး ခြေသွက်တယ်။ ဒါကြောင့် ကျွန်တော်တို့က ပိုပြီးသတိရှိဖို့လိုတယ်"

ဗိုလ်နန္ဒက စစ်သူကြီး ဇန္တကအား သတိပေးရင်း လူများ ပြန်စုကာ သေလာဂီရိတောင်ထွတ်သို့ တဖြည်းဖြည်း ခရီးဆက်ခဲ့ကြပြန်သေသည်။

စစ်သူကြီး ဇန္တကသည် နယ်ခြားဒေသအကြောင်း ကောင်းကောင်းကြီးသိသူ ဖြစ်သဖြင့် ရှေ့ဆုံးမှ လမ်းပြရင်း သေလာဂီရိ တောင်ခြေရင်းရှိ ဘီလူးတစ်ပိုင်း လူတစ်ပိုင်း ကျက်စားရာ ဒေသသို့ မျှော်မှန်းပြီး လာခဲ့သေသည်။

ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်သည့် အချိန်တွင် ဗိုလ်နန္ဒတို့လူစုသည် သေလာဂီရိ တောင်ခြေရင်းရှိ တောအုပ်ကလေး တစ်ခုသို့ ရောက်ရှိလာပေသည်။ မြောက်ဘက်တွင် သေလာဂီရိတောင်ထွတ်ကို မြင်ရပြီး တောင်ဘက်တွင် ရေအိုင်ကြီးနှင့် ဆက်စပ်လျက်ရှိသော ရွှံ့အိုင်ကြီးကို တရေးရေး မြင်ရပေသည်။

ဗိုလ်နန္ဒတို့ လူစုသည် မြင်းခွာသံ မကြားရအောင် မြေပျော့သည့်နေရာမှ ကွေ့ကောက်ပြီး လာခဲ့သော်လည်း တစ်တောလုံး တိတ်ဆိတ်လျက် ရှိသဖြင့် မြင်းခွာသံများကို ရံဖန်ရံခါ ကြားရပေသည်။



တောအုပ်ကလေးတွင် ခေတ္တနားပြီး သေလာဂီရိတောင်ထွတ်ဘက်သို့ အချိန်အတန်ကြာ လှမ်းမျှော်ကြည့်ရင်း အခြေအနေကို သုံးသပ်၍ နေပေသည်။

ဗိုလ်နန္ဒသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီးလျှင် မြင်းလိမ္မာကြီးကို သစ်ပင်တွင် ချည်နှောင်ထားလိုက်ကာ မြေကြီးပေါ်တွင် မှောက်ပြီး နားနှင့် မြေကြီးကိုကပ်လျက် နားထောင်နေပေသည်။

စစ်သူကြီး ဇန္တကနှင့် ဗိုလ်နေမျိုး၊ ဗိုလ်ကျော်ဇေယျနှင့် ဗိုလ်အာဠာဝက တို့သည်လည်း မြင်းပေါ်မှ အသီးသီး ဆင်းကြပြီးလျှင် မြင်းများကို သစ်ပင်များတွင် ချည်နှောင်ထားပြီး ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာကြသည်။

"ဘာသံကြားသလဲ နားထောင်ကြည့်စမ်း"

ဗိုလ်နန္ဒသည် မြေကြီးပေါ်တွင် နားနှင့်ကပ်ပြီး ထောင်နေရာမှ ကျော်ဇေယျအား လက်ယပ်ခေါ်ပြီး လေသံကလေးဖြင့် မေးလိုက်သည်။

"ကျွန်တော်တော့ဖြင့် ဘာသံမှမကြားမိဘူး"

ကျော်ဇေယျက အဖြေပေးလိုက်သည်။

"ကျွန်တော်လည်း ဘာသံမှမကြားမိပါဘူး"

အာဠာဝက က ခေတ္တနားစွင့်ထောင်ပြီး အဖြေပေးလိုက်သည်။

"ဘာသံလဲ မသိဘူး ... ထူးဆန်းတဲ့ အသံတော့ ကြားတာပဲ။ မြေကြီးလည်း တစ်ချက်ချက် သိမ့်ခနဲ သိမ့်ခနဲ ဖြစ်သွားသလိုပဲ ..."

ဗိုလ်နန္ဒအပါးတွင် ဝပ်ပြီး မြေကြီးနှင့် နားကပ်ပြီး နားထောင်နေသော ဗိုလ်နေမျိုးက လေသံကလေးဖြင့် ပြန်ပြောလိုက်သည်။

ထိုအခါကျမှ အာဠာဝကနှင့် ကျော်ဇေယျသည် မြေကြီးကို နားနှင့်ကပ်ပြီး နားထောင်လိုက်ကြသည်။

"ဟုတ်တယ် ... ဟုတ်တယ် ... အသံလိုလို ကြားရတယ် ... သိပြီ ... သိပြီ၊ မြေကြီးကို ပေါက်တူးနဲ့ ပေါက်နေတဲ့ အသံပဲ"

www.burmeseclassic.com

www.burmeseclassic.com



အာဠာဝက က ပြောလိုက်ပေသည်။

"အစစ်ပဲ ... မြေကြီးအောက်မှာ ဥမင်လိုဏ်ခေါင်း တူးနေတဲ့ အသံနဲ့တူတယ် ... အသံကြားရာကိုသွားပြီး ဒီကောင်တွေကို ဝိုင်းအုပ် လိုက်ရရင် မကောင်းဘူးလား"

ကျော်ဇေယျက ပြောလိုက်ပြန်သည်။

"အသာနေစမ်းပါ ... သူတို့တစ်တွေက ဘာလုပ်နေကြသလဲ ဆိုတာကို သိရအောင် စုံစမ်းဖို့က အရေးကြီးတယ်၊ သူတို့မှာ လူဦးရေ ဘယ်လောက်ရှိတယ် ဆိုတာကိုပါ စနည်းနာပြီးမှ တို့တစ်တွေဟာ ဘာ လုပ်သင့်တယ် ဆိုတာ စဉ်းစားရမယ်၊ သူတို့ရဲ့ အခြေအနေနဲ့ သူတို့ရဲ့ အင်အားကို မသိဘဲ အတင်းဝင်တိုက်ရင် တို့သာ အရေးနိမ့်ဖို့ရှိတယ်"

ဗိုလ်နန္ဒက တိုးတိုးကလေး ပြန်ပြောလိုက်ပြီး အသံကြားရာဘက် သို့ အာရုံစိုက်ပြီး ကြည့်နေပေသည်။

ပေါက်တူးသံများမှာ တိတ်ဆိတ်မသွားဘဲ တဒုတ်ဒုတ်နှင့် ကြား ခြဲ ကြားရပေသည်။ အသံကြားရာ နေရာကို ခန့်မှန်းကြည့်သောအခါ သေလာဂီရိ တောင်ခြေရင်းမှလာသော အသံဖြစ်ရမည်ဟု တထစ်ချ ပြောနိုင်ပေသည်။ သေလာဂီရိ တောင်ခြေရင်းမှ နန်းတော်မြို့ရိုး အကြား တွင် ရေကန်ကြီးမှ စီးဆင်းသည့် စမ်းချောင်းကလေး တစ်ခုရှိပေသည်။

ထိုစမ်းချောင်းကလေး၏ အောက်မှနေပြီး နန်းတော်တွင်းသို့ ရောက်အောင် ဥမင်လိုဏ်ခေါင်းတူးနေခြင်း ဖြစ်နိုင်သည်ကို ဗိုလ်နန္ဒ စဉ်းစားမိသောအခါ ဘုရင်မအတွက် များစွာ စိတ်ပူသွားပေသည်။

"ကဲ ... မင်းတို့အထဲက တစ်ယောက်ယောက် တောစပ်ကို မြင်း စီးသွားပြီး မြင်းခွာသံ ခပ်ပြင်းပြင်းပေးလိုက်စမ်း ... သူတို့ရဲ့ အရိပ်အကဲ ကို သိရအောင်"

ဗိုလ်နန္ဒသည် တပည့်များအား အမိန့်ပေးလိုက်ရာ ကျော်ဇေယျ သည် ဗိုလ်နန္ဒအနီးမှ ထသွားပြီး သစ်ပင်ရင်းတွင် ချည်ထားသည့် မြင်း



ပေါ်သို့ ခုန်တက်ပြီးလျှင် တောတန်း တစ်ခုလုံး ဆူညံသွားအောင် မြင်း ခွာသံများ ပေးလိုက်ပေသည်။

မြင်းခွာသံများ တိတ်ဆိတ်သွားသည်နှင့် တစ်ပြိုင်နက် သေလာ ဂီရိ တောင်ခြေရင်းမှ ပီစီ ... ဒီးဒုတ် ... ဟူသော ဒီးဒုတ်ဖို မ အော်သည့် အသံကို သုံးကြိမ်တိုင်တိုင် ကြားရပေသည်။

ဒီးဒုတ်ဖို မ အော်သံ တိတ်ဆိတ်သွားပြီးနောက် မကြာမီ သေလာ ဂီရိတောင်ထွတ်ရှိ ကျောက်တုံးကြီး နှစ်တုံးကြားမှ ဝင်းခနဲ လက်ခနဲ ဖြစ်သွားသည်ကို မြင်ရပြီး မိုးပေါ်သို့ စိမ်းလဲ့လဲ့ လင်းရောင်ခြည်များ ဖြာထွက်သွားသည်ကို မြင်လိုက်ရပေသည်။

"ဆရာ–ဆရာ ... ဟိုမှာ ကြည့်လိုက်စမ်း ... စုန်းတောက်စား တယ် ဆိုတာ ဒါပဲထင်တယ်"

နေမျိုးမှာ အကာလ ညအခါ၏ တိတ်ဆိတ်ခြင်းကို ဖောက်ထွင်း ထွက်ပေါ်လာသည့် ဒီးဒုတ်အော်သံ ကြားရစဉ်ကပင် တုန်လှုပ်ပုံရနေပေ သည်။ ယခုတစ်ဖန် စိမ်းလဲ့လဲ့ လင်းရောင်ခြည်များ မိုးပေါ်သို့ ဖြာထွက် သွားသည်ကို မြင်လိုက်ရသောအခါ တစ်ကိုယ်လုံး နတ်ပူးသလို တုန် လှုပ်နေပေသည်။

ဗိုလ်နန္ဒမှာမူကား မိုးပေါ်သို့ တက်သွားသည့် လင်းရောင်ခြည် ကို မကြည့်ဘဲ ထိုလင်းရောင်ခြည်ကြောင့် တောင်ခြေရင်း တစ်ခုလုံး လင်းသွားသည်ကို အာရုံစိုက်ပြီး ကြည့်နေပေသည်။

"တောင်ခြေရင်းကို လှမ်းကြည့်လိုက်စမ်း ... မည်းမည်း ... မည်း မည်း ... သဏ္ဍာန်တွေ ပြေးလွှားနေတာ မြင်ရတယ် မဟုတ်လား ..."

ဗိုလ်နန္ဒက ပြောလိုက်မှ ထိုနေရာသို့ အားလုံး ဝိုင်းအုံကြည့်လိုက် ကြပေသည်။

စောစောပိုင်းကမူ စစ်သူကြီး ဗန္ဓုကနှင့်တကွ နေမျိုးနှင့် အာဠာ

www.burmeseclassic.com

www.burmeseclassic.com



ဝကာတို့သည် လင်းရောင်ခြည်များ ထိုးတက်သွားသည်ကိုသာ အာရုံပြု၍ နေသဖြင့် အောက်ခြေရင်းကို သတိထားပြီး မကြည့်မိခဲ့ကြပေ။

"ဟုတ်တယ်–ဟုတ်တယ် ... မည်းမည်း ... မည်းမည်းနဲ့ သတ္တဝါနဲ့တွေ ပြေးလွှားနေတာကို တွေ့ရတယ်၊ ဧကန္တ သုခနေရဲ့ ဘက်တော်သားတွေဖြစ်ရမယ် ... သူတို့ ဥမင်လိုဏ်ခေါင်းတူးတဲ့ နေရာကို လူတွေ မလာဝံ့အောင် ဒီနေရာမှာ စုန်း တစ္ဆေတွေ ရှိတယ်ဆိုပြီး ခြောက်လှန့်ထားတာ ဖြစ်ရမယ်၊ စောစောက မိုးပေါ်ကို တက်သွားတဲ့ အလင်းရောင်တွေဟာလည်း စုန်းတောက်စားတာ မဟုတ်နိုင်ဘူး၊ စုန်းတောက်စားတယ်ထင်ပြီး လူတွေ မလာဝံ့အောင် မီးရှူးမီးပန်းတွေ လွှတ်တာဖြစ်ရမယ်"

ကျော်ဇေယျ၏ ဦးနှောက်ထဲသို့ အသိတရားများ ဝင်လာသည့်အလျောက် မိမိ၏ ထင်မြင်ယူဆချက်များကို ဖွင့်ပြောလိုက်သည်။

"ကျော်ဇေယျပြောတာ ယုတ္တိရှိတယ်၊ ဒီနေရာမှာ စုန်း တစ္ဆေတွေ ကျက်စားနေတယ် ဆိုတာ လူတွေကို ကြောက်ရွံ့ပြီး မလာဝံ့အောင် ဝါဒဖြန့်ထားတာ ဖြစ်ရမယ်၊ လူသံကြားရင် မီးရှူးမီးပန်းတွေ လွှတ်ပြီး စုန်းတောက်စားတယ်လို့ ထင်အောင် တမင်လုပ်နေတာ ဖြစ်ရမယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင် ကျွန်တော်တို့တစ်တွေ အဲဒီနေရာကိုသွားပြီး ဒီကောင်တွေကို ရှင်းလင်း သုတ်သင်ပစ်ရအောင်"

ကျော်ဇေယျက ပြောလိုက်သည်။

"ဟုတ်တယ် ဆရာ ... ကျွန်တော်တို့ ဒီနေရာကနေပြီး ကြည့်နေမယ့်အစား ဒီကောင်တွေ အကြံအစည် ပျက်သွားအောင် သွားပြီး နှိမ်နင်းရရင် ကောင်းမယ်ထင်တယ်"

ဗိုလ်နေမျိုးက ဝင်ပြောလိုက်သည်။

စောစောပိုင်းက ဗိုလ်နေမျိုးသည် မိုးပေါ်သို့ တက်သွားသည့် လင်းရောင်ခြည်များကို ကြည့်ပြီး စုန်းများ တောက်စားသည် ထင်ကာ



တစ်ကိုယ်လုံး တုန်လှုပ်၍နေသော်လည်း စုန်းတောက်စားခြင်း မဟုတ်ဘဲ သုခနေ ဘက်တော်သားများ၏ လက်ရာဖြစ်ကြောင်းကို သိရှိသည်နှင့် တစ်ပြိုင်နက် ကြောက်စိတ်များ ပျောက်ကာ သတ္တိပြချင်သော စိတ်များ ပေါ်ပေါက်လာသဖြင့် ကျော်ဇေယျအား ထောက်ခံလိုက်ခြင်း ဖြစ်သည်။

"အရမ်းသွားပြီး နှိမ်နင်းလို့မဖြစ်ဘူး၊ သူတို့က ဒီနေရာမှာ အသွားအလာ ကျင်လည်တယ်။ ပြီးတော့ သူတို့ဘက်မှာ လူဘယ်နှယောက်ရှိတယ် ဆိုတာလည်း မသိရဘူး၊ ဒီနေရာကနေပြီး အရိပ်အကဲ ကြည့်ကြသေးတာပေါ့၊ ပြီးတော့မှ သွားသင့်ရင် သွားတာပေါ့"

ဗိုလ်နန္ဒက သတိပေးလိုက်ရာ ထိုနေရာမှနေပြီး သေလာဂီရိတောင်ထွတ်ရှိရာသို့ အာရုံစိုက်ပြီး ကြည့်နေကြပေသည်။ သို့ရာတွင် စောစောက မြင်ရသော အလင်းရောင်များကို မမြင်ရတော့ဘဲ တစ်တောလုံး တိတ်ဆိတ်လျက် ရှိပေသည်။

"ကဲ ... တစ်တောလုံးတော့ တိတ်ဆိတ်သွားပြန်ပြီ၊ ရှေ့ကို တိုးပြီး အခြေအနေကို လေ့လာကြဦးစို့၊ ဒါပေမဲ့ သတိ ဝီရိယနဲ့ လာကြနော်၊ ခြေသံလည်း မကြားစေနဲ့၊ လူစုလည်း မကွဲစေနဲ့၊ ဓားကိုလည်း အသင့်ကိုင်ထားကြ"

ဗိုလ်နန္ဒသည် လေသံကလေးဖြင့် သတိပေးလိုက်ပြီး စစ်သူကြီးနှကနှင့်အတူ ရှေ့ဆုံးမှနေပြီး သေလာဂီရိ တောင်ရိပ်အောက်သို့ တဖြည်းဖြည်း ဝင်၍သွားကြပေသည်။

ဗိုလ်နန္ဒနှင့် တပည့်များမှာ တောကျွမ်းကျင်သူများ ဖြစ်၍ ခြေသံမကြားအောင် တရွေ့ရွေ့နှင့် လာခဲ့ကြပေသည်။ မှောင်ရိပ်ကိုခိုပြီး တဖြည်းဖြည်း လာခဲ့ကြပေရာ သေလာဂီရိ တောင်ခါးပန်းသို့ ရောက်ရှိလာသည်။

တောင်ခါးပန်းရှိ သစ်ကိုင်း သစ်ခက်များ ဝေဆာလျက်ရှိသော သစ်ပင်ကြီး တစ်ပင်၏ အရိပ်အောက်တွင် ခေတ္တဝင်ရောက်ခိုလှုံပြီး ထို

www.burmeseclassic.com

www.burmeseclassic.com



နေရာမှတစ်ဆင့် တောင်ဘက်သို့ လှမ်းကြည့်လိုက်ရာ လရောင်အောက်တွင် တဝင်းဝင်း တလျှပ်လျှပ်နှင့် ကြည်နူးဖွယ်ရာအသွင်ကို ဆောင်နေသည့် ရေကန်ကြီးကို မျက်စိတဆုံး တွေ့မြင်ရပေသည်။ သေလာဂီရိတောင်ပေါ်သို့ မျှော်ကြည့်လိုက်သောအခါ ကျောက်တုံးကြီး မိုးရှုံနေသည်ကို တွေ့ရပေသည်။ စောစောက မြင်ရသော အလင်းရောင်သည် အဆိုပါ ကျောက်တုံးကြီးအနီးမှ ဖြာထွက်လာသည့် အလင်းရောင် ဖြစ်ရမည်ဟု ခန့်မှန်းမိသဖြင့် ဗိုလ်နန္ဒသည် ကျောက်တုံးကြီး၏ အရိပ်ကို ကွယ်ပြီး ရှေ့သို့ တရွေ့ရွေ့ လှမ်းခဲ့ပေရာ စစ်သူကြီး ဗန္ဓကနှင့် ဗိုလ်နန္ဒ၏ တပည့်များသည်လည်း နောက်မှ ထက်ကြပ်မကွာ လိုက်လာကြပေသည်။

တစ်လမ်းလုံး ကျောက်တုံးများ ထူထပ်လျက် ရှိသဖြင့် ဗိုလ်နန္ဒတို့ လူသိုက်သည် ပင်ပန်းခက်ခဲစွာနှင့် လာခဲ့ရပေသည်။

ကျောက်တုံးကြီး၏ အစွန်းသို့ ရောက်သောအခါ လက်ဝဲဘက်သို့ ကွေ့ဝင်သွားသည့် လမ်းကြားကလေးတစ်ခုကို တွေ့မြင်ရသဖြင့် ထိုလမ်းကြားကလေးထဲသို့ ဗိုလ်နန္ဒက ရှေ့ဆုံးမှ ဓားကိုင်ကာ ချိုးကွေ့ပြီး ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် မှောင်ရိပ်ထဲမှ ဝင်းလက်တောက်ပသည့် သံလက်သည်းများဖြင့် လက်မည်းမည်းကြီး တစ်ခုထွက်လာပြီး ဗိုလ်နန္ဒ၏ ဓားကိုင်ထားသည့် လက်ကို ဆုပ်ကိုင်ပြီး တအားဆွဲလိမ်လိုက်ရာ လက်မှ ဓားလွတ်ကျသွားပြီး ဗိုလ်နန္ဒမှာ ဖင်ထိုင်လျက်သား ကျသွားသည်။

စစ်သူကြီး ဗန္ဓကမှာ လက်မည်းမည်းကြီးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကြက်သေ သေကာ နတ်ပူးသကဲ့သို့ တစ်ကိုယ်လုံး တုန်လှုပ်နေပေသည်။ ဗိုလ်နေမျိုးမှာလည်း ကြောက်ဒူးတုန်၍ နေပေသည်။

'ဘီလူးကြီး ... ဘီလူးကြီး"

ဗိုလ်နေမျိုး ပါးစပ်မှ အသံထွက်၍ သွားပေရာ မည်းမည်းသဏ္ဌာန်



ကြီးသည် ဗိုလ်နေမျိုး၏ အသံကို ကြားသည့်အလား ဗိုလ်နန္ဒအား လွှတ်လိုက်ပြီး ဗိုလ်နေမျိုးနှင့် စစ်သူကြီး ဗန္ဓကရှိရာသို့ ပြေးလာပေသည်။

ထိုအခိုက်တွင် စောစောက ကြက်သေ သေပြီး ငေးစိုက်ကြည့်နေမိသော ဗိုလ်အာဠာဝကသည် လက်ထဲတွင် ကိုင်ထားသည့် ဓားဖြင့် ဗိုလ်နေမျိုး အနီးသို့ ချဉ်းကပ်လာသည့် မည်းမည်းသဏ္ဌာန်ကြီးအား အတင်းဝင်ပြီး ခုတ်ပိုင်းလိုက်ပေသည်။

သို့ရာတွင် မည်းမည်းသဏ္ဌာန်ကြီးသည် ဗိုလ်အာဠာဝက၏ ဓားကို လက်ဖြင့် ဆီးခံလိုက်ရာ ချွင်ခနဲ အသံကြားရပြီး ဗိုလ်အာဠာဝက၏လက်မှ ဓားလွတ်ကျသွားသည်။

ဗိုလ်အာဠာဝကမှာ သတ္တိကောင်းသူဖြစ်သဖြင့် မိမိလက်မှ ဓားလွတ်ကျသွားသည်နှင့် တစ်ပြိုင်နက် ကြက်သေ သေပြီး ကြောက်ဒူးတုန်နေသည့် စစ်သူကြီး ဗန္ဓကလက်မှ ဓားကို ဆွဲယူပြီး မည်းမည်းသဏ္ဌာန်ကြီးကို နောက်တစ်ချက် ဆင့်ခုတ်ရန် အားယူလိုက်ပေသည်။

မည်းမည်းသဏ္ဌာန်ကြီးမှာမူကား ဗိုလ်အာဠာဝက၏ လက်မှ ဓားလွတ်ကျသွားသည်နှင့် တစ်ပြိုင်နက် မိမိအား ဓားနှင့်ခုတ်ရန် မှောင်ရိပ်မှ ပြေးထွက်လာသော ကျော်ဇေယျကို အတင်းဝင်လုံးကာ လက်မှ ဓားကို လုယူလိုက်ပြီး တအားကိုင်ဆောင့်လိုက်ပေသည်။ ပြီးမှတစ်ဖန် နောက်သို့ လှည့်ကြည့်လိုက်ရာ မိမိအား ရန်မူရန် အသင့်ပြင်နေသည့် ဗိုလ်အာဠာဝကကို မြင်လိုက်သဖြင့် ကျော်ဇေယျအား လွှတ်လိုက်ပြီး စောစောက လာသည့် လမ်းကြားကလေးထဲသို့ တစ်ရှိန်ထိုး ဝင်ပြေးသွားပေရာ ဗိုလ်အာဠာဝကသည် စစ်သူကြီး ဗန္ဓက၏ ဓားရှည်ကြီးကို ကိုင်ကာ မည်းမည်းသဏ္ဌာန်ကြီးနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားပေသည်။

ဗိုလ်နန္ဒသည် မည်းမည်းသဏ္ဌာန်ကြီး၏ လက်ချက်ဖြင့် ဖင်ထိုင်လျက်သား ကျသွားရာမှ ကပျာကယာ ပြန်ထလာကာ လွှင့်စဉ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည့် ဓားကို လိုက်ရှာပြီး ကောက်ယူလိုက်ပေသည်။ ကြက်သေ သေနေသော စစ်သူကြီး ဗန္ဓုကနှင့် ဗိုလ်နေမျိုးတို့မှာလည်း လှုပ်လှုပ်ရှားရှားဖြစ်လာပေသည်။ မည်းမည်းသဏ္ဍာန်ကြီး ကိုင်ဆောင့်ခြင်း ခံရသော ဗိုလ်ကျော်ဓေယျမှာလည်း လူးလဲထလာပြီး ဗိုလ်နန္ဒ အနီးသို့ ချဉ်းကပ်လာပေသည်။

"ကဲ ... ဒီလို ရပ်ကြည့်နေလို့ မဖြစ်သေးဘူး၊ အာဠာဝက တစ်ယောက်တည်း ဖြစ်နေလိမ့်မယ်၊ အာဠာဝကနောက်ကို လိုက်ကြဦးမှပဲ"

ဗိုလ်နန္ဒက သတိပေးလိုက်သည်။

"လိုက်လို့ဖြစ်ပါ့မလား၊ ဘီလူးကို ဘယ်လိုလုပ်ပြီး နှိမ်နင်းလို့ရမှာလဲ၊ ဘီလူးက လူကို ကြောက်တာမှမဟုတ်ဘဲ၊ အာဠာဝက ဓားနဲ့ခုတ်တာတောင် ဘာမှမဖြစ်တဲ့ဥစ္စာပဲ"

စစ်သူကြီး ဗန္ဓုကမှာ ကြောက်စိတ်မပြေသေးသဖြင့် တုန်တုန်ယင်ယင်နှင့် ပြောလိုက်သည်။

"ဘီလူး မဟုတ်ပါဘူး၊ ဘီလူးယောင်ဆောင်ပြီး လူတွေကို ခြောက်လှန့်နေတာပါ၊ ကြောက်စရာ မလိုပါဘူး"

ဗိုလ်နန္ဒက ပြောပြောဆိုဆို ကျောက်တုံးကြီးဆီးရှိ လက်ဝဲဘက်သို့ ချိုးကွေ့သွားသည့် လမ်းကြားကလေးထဲသို့ ဝင်လိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ဆရာ ... ဟိုမှာကြည့်စမ်း"

ကျော်ဓေယျသည် သေလာဂီရိတောင်ပေါ်သို့ လက်ညှိုးထိုးပြလိုက်သဖြင့် ထိုနေရာသို့ ဝိုင်းအုံ၍ ကြည့်လိုက်ကြပြီး အားလုံး အံ့အားသင့်သွားကြပေသည်။

သေလာဂီရိတောင်ပေါ်ရှိ အစွန်းထွက်နေသည့် ကျောက်တုံးကြီးပေါ်တွင် စောစောက မြင်လိုက်ရသည့် မည်းမည်းသဏ္ဍာန်ကြီးနှင့် ဗိုလ်



အာဠာဝကတို့သည် လုံးလား ထွေးလားနှင့် ဖြစ်နေသည်ကို တွေ့မြင်ရသဖြင့် အားလုံး အံ့အားသင့်သွားကြခြင်း ဖြစ်ပေသည်။

"ကဲ ... လာကြ ... ငေးမနေကြနဲ့ ... အာဠာဝက နောက်ကို မီအောင်လိုက်မှဖြစ်မယ်"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို လက်ဝဲဘက်သို့ ချိုးဝင်သွားသည့် ထမ်းကလေးအတိုင်း အပြေးအလွှား လာခဲ့ပေရာ လှေကားထစ်သဖွယ် ဖြလုပ်ထားသည့် ကျောက်တုံးများကို တွေ့ရသဖြင့် ထိုကျောက်တုံးများကို နင်းပြီး ကွေ့ကောက်သော လမ်းခရီးနှင့် နေမျိုးတို့က ထက်ကြပ်မကွာ လိုက်လာကြပြီး စစ်သူကြီး ဗန္ဓုကမှာမူ ခြေကို အနိုင်နိုင်သယ်ပြီး နောက်ဆုံးမှ တဖြည်းဖြည်း လိုက်လာခဲ့ပေသည်။

မကြာမီ ဗိုလ်နန္ဒတို့ လူစုသည် အစွန်းထွက်နေသည့် ကျောက်တုံးကြီးအနီးသို့ ရောက်ရှိလာကြပေသည်။

ကျောက်တုံးကြီးပေါ်တွင် မည်းမည်းသဏ္ဍာန်နှင့် အာဠာဝကတို့မှာ လုံးလား ထွေးလားနှင့် ဖြစ်နေဆဲပင် ဖြစ်သဖြင့် တစ္ဆေသရဲကို ကြောက်တတ်သော နေမျိုးသည် အာဠာဝက တစ်ယောက်တည်း မည်းမည်း သတ္တဝါကြီးကို ခုခံနေသည်ကို မကြည့်ရက်သဖြင့် ဓားကို ဝင့်ပြီး တစ်ရှိန်ထိုး ပြေးသွားပေသည်။

"နေမျိုး ... နေမျိုး ... အရမ်းမသွားနဲ့ ... ကျောက်တုံးပေါ်က သိမ့်ကျသွားလိမ့်မယ်"

ကျော်ဓေယျက သတိပေးလိုက်သော်လည်း နေမျိုးသည် ဂရုမစိုက်ဘဲ ကျောက်တုံးကြီးပေါ်သို့ လွှားခနဲ ခုန်တက်သွားပေသည်။

ဗိုလ်အာဠာဝကနှင့် မည်းမည်းသဏ္ဍာန်ကြီးမှာလည်း ဘတ[illegible]များတပြန်လိုလို ဖြစ်နေရာမှ အာဠာဝကသည် မည်းမည်းသဏ္ဍာန်ကြီး၏ လက်တွင်းမှ ရုန်းကန်ထွက်လာပြီး လက်ထဲတွင် မြဲမြံ[illegible] ကိုင်ထားသည့် ဓားဖြင့် မည်းမည်းသဏ္ဍာန်ကြီးအား တအားလွှမ်းခုတ်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းသဏ္ဍာန်ကြီးသည် အသံနက်ကြီးဖြင့် "အား ... "ဟု တစ်ချက်သာအော်နိုင်ပြီး ကျောက်တုံးကြီးပေါ်မှ တလိမ့်ခေါက်ကွေး လိမ့်ကျသွားပေသည်။

ထိုအခိုက်တွင် ကျောက်တုံးကြီးပေါ်သို့ ပြေးတက်သွားသော ဗိုလ်နေမျိုးသည် ကျောက်တုံးအစွန်းတွင် အရှိန်လွန်ပြီး ခရီးပြင်းနှင်ခဲ့ပေရာ ဗိုလ်နန္ဒ၏နောက်မှ ကျော်ဖေယျ အောက်သို့ လိမ့်ကျလုဆဲဆဲဖြစ်နေသော ဗိုလ်အာဠာဝကအား ဝင်ဆွဲလိုက်ခါ ကျောက်တုံးအစွန်းမှနေပြီး ကျယ်ပြန့်သောနေရာသို့ ဆွဲခေါ်လာပေသည်။

"ဘီလူး မဟုတ်ဘူး ... ဘီလူး မဟုတ်ဘူး ... ဟောဒီမှာ ကြည့်သူ့လက်ကြီး ပြတ်ကျန်နေရစ်ခဲ့တယ်"

ဗိုလ်အာဠာဝကသည် မိမိ၏ဓားချက်ဖြင့် ကျောက်တုံးကြီးပေါ်တွင် ပြတ်ကျန်ရစ်ခဲ့သည့် မည်းမည်းသတ္တဝါကြီး၏ လက်ပြတ်ကြီးကိုကောက်ယူပြီး ပြလိုက်သည်။

လက်ပြတ်ကြီးကို သေသေချာချာ ကြည့်လိုက်သောအခါ လက်သည်းသဏ္ဍာန် ပြုလုပ်ထားသည့် သံချွန်ကြီးများ တပ်ဆင်ထားသည့် လက်မည်းကြီးကို တွေ့မြင်ရသဖြင့် အားလုံး အံ့အားသင့်စွာဖြင့် ကြည့်နေကြပေသည်။

"အင်း ... လက်စသတ်တော့ လူ့ရဲ့လက်ကြီးပဲ၊ အပေါ်က လက်အိတ် စွပ်ထားပြီး လက်အိတ်ပေါ်မှာ ဝက်ဝံမွေးတွေ ကပ်ထားတာပဲ၊ လက်ချောင်းတွေရဲ့ ထိပ်မှာလည်း သံချွန်တွေ တပ်ထားတာကိုး၊ စောစောတုန်း ဒီလိုမှန်းသိရင် အောက်မှာကတည်းက တစ်ခါတည်း ကိစ္စတုံးအောင် စီရင်ပစ်လိုက်မှာပဲ"

စစ်သူကြီး ဗန္ဓုကသည် အာဠာဝက၏လက်မှ လက်ပြတ်ကြီးကိုကြည့်ရင်း ပြောလိုက်သည်။ ဘီလူး မဟုတ်ဘဲ လူက ဘီလူးယောင်



ဆောင်ပြီး ခြောက်လှန့်ခြင်း ဖြစ်သည်ကို သိရှိသည်နှင့် တစ်ပြိုင်နက်စစ်သူကြီး ဗန္ဓုကသည် ကြောက်စိတ်များပြေ၍သွားပုံ ရပေသည်။

"ကဲ ... လာကြ ... မည်းမည်းကောင်ကြီး ကျသွားတဲ့ နေရာကိုသွားကြည့်ကြရအောင်"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်သဖြင့် ဗိုလ်နန္ဒ၏ တပည့်များနှင့်စစ်သူကြီး ဗန္ဓုကသည် လာလမ်းအတိုင်း ပြန်၍လာခဲ့ကြပေသည်။ မည်းမည်းသဏ္ဍာန်ကြီး လိမ့်ကျသွားသည့် ကျောက်တုံးကြီး အောက်တည့်တည့်တွင် ရွှံ့နွံများ ရှိသဖြင့် ဗိုလ်နန္ဒနှင့် တပည့်များသည် နွံထဲသို့ မကျွံအောင် သတိနှင့် သွားကြပေသည်။

ရွှံ့နွံများအနီးရှိ မြက်ခင်းပေါ်တွင် မည်းမည်းသဏ္ဍာန်ကြီးကို လရောင်အောက်၌ တွေ့မြင်လိုက်ရသဖြင့် ဗိုလ်အာဠာဝကသည် ထိုနေရာသို့ ရှေ့ဆုံးမှ ပြေးသွားပေသည်။

"သတိနဲ့ သွားကြနော် ... ရွှံ့နွံထဲ ကျွံသွားလိမ့်မယ်"

ဗိုလ်နန္ဒသည် သတိပေးရင်း မြက်ခင်းများကိုနင်းကာ လာခဲ့ပေသည်။

မည်းမည်းသဏ္ဍာန်ကြီး အနီးသို့ ရောက်လာသောအခါ ရှေ့ဆုံးမှရောက်နှင့်နေသည့် ဗိုလ်အာဠာဝကသည် မှောက်လျက်သား သေဆုံးနေသည့် သတ္တဝါကြီးအား ဆွဲ၍ ပက်လက်လှန်လိုက်သည်ကို တွေ့ရပြီး မျက်နှာတွင် တပ်ဆင်ထားသည့် အစွယ်ပြူးပြူးနှင့် ဘီလူးခေါင်းကိုဆွဲချွတ်လိုက်ရာ မျက်လုံး ကျွတ်ထွက်မတတ် ပြူးထွက်နေသည့် လူတစ်ယောက်၏မျက်နှာကို မြင်ရသဖြင့် ဗိုလ်နန္ဒသည် ထိုသူ၏မျက်နှာကို စေ့စေ့ကြည့်လိုက်သောအခါ ထိုသူမှာ အခြား မဟုတ် အောက်သိမ်းဆရာကြီး ဦးကဝိ ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်သောအမူအရာဖြင့် စိုက်ကြည့်နေမိပေသည်။

ဗိုလ်နန္ဒနှင့် တပည့်များသည် ဘီလူးအသွင်ဖြင့် စန္ဒာဒေဝီ ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com



၏ လူယုံတော်များအား ခြောက်လှန့် သတ်ဖြတ်ခဲ့သည့် အောက်လမ်းဆရာကြီး ဦးကဝိ၏ ရုပ်အလောင်းကို ရွှံ့နွံ့ထူထပ်သည့် နေရာသို့ ဆွဲလှသွားပြီး ကျယ်ပြန့်သည့် ရွှံ့နွံ့အိုင်ကြီးထဲသို့ ပစ်ချလိုက်ရာ တဖြည်းဖြည်း နစ်မြုပ် ပျောက်ကွယ်သွားပေသည်။

"အင်း ... ဘီလူးရန်ကတော့ အေးသွားပြီ ...စောစောက ပေါက်တူးသံ ကြားတဲ့နေရာကိုသွားပြီး ချောင်းမြောင်းကြည့်ရင် မကောင်းဘူးလား၊ တပည့်တို့ လိုက်နိုင်ကြပါ့မလား၊ သိပ်ပြီး ပင်ပန်းနေမယ်ဆိုရင် မနက်ဖြန်ညကျမှလာပြီး စနည်းနာရရင် မကောင်းဘူးလား"

ဗိုလ်နန္ဒသည် တပည့်များ၏ စိတ်ဆန္ဒကို သိလိုသဖြင့် မေးခွန်းထုတ်လိုက်သည်။

"နက်ဖြန်ဆိုရင် နောက်ကျနေလိမ့်မယ်ထင်တယ်၊ ဒီနေ့ညပဲ တစ်ဆက်တည်း စနည်းနာရရင် ပိုကောင်းမယ်ထင်တယ်၊ ကျွန်တော်တို့ လိုက်နိုင်ပါတယ်"

ဗိုလ်အာဠာဝကနှင့် ဗိုလ်နေမျိုးက ပြိုင်တူပြောလိုက်သည်။

"ကျော်ဇေယျနဲ့ စစ်သူကြီး ဗန္ဓုကကော လိုက်နိုင်သေးတယ်မဟုတ်လား"

"ဘုရင်မအတွက်ဆိုရင် အသက်တောင် အသေခံဝံ့သေးတာပဲ၊ ဒါလောက်တော့ ခွဲရှိပါတယ်"

စစ်သူကြီး ဗန္ဓုက က ပြန်ဖြေလိုက်သည်။

"ကျွန်တော်လည်း လိုက်ဖို့အသင့်ပါပဲ"

ကျော်ဇေယျက အဖြေပေးလိုက်သည်။

"ကဲ ... ဒါဖြင့် လာ သွားကြမယ်၊ သတိဝီရိယတော့ ရှိကြပေစေနော် ... ခြေလမ်းတစ်ချက်မှားရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

ဗိုလ်နန္ဒက သတိပေးရင်း စောစောက လင်းရောင်ခြည်များ ဖြာ



ထွက်သွားသည့် ကျောက်တုံးကြီးများရှိရာသို့ မှန်းဆပြီး တဖြည်းဖြည်း လာခဲ့ပေသည်။

မကြာမီ သေလာဂီရိ တောင်ခါးပန်းရှိ ကျဉ်းမြောင်းသည့် တောင်ကြားလမ်းကလေးသို့ ရောက်ရှိလာပေသည်။ ထိုတောင်ကြားလမ်းကလေးအတိုင်း ဆက်လက်၍လာခဲ့ကြပေရာ တောင်ကြားလမ်းကလေးအလွန်တွင် ကျောက်ကမ်းပါးကြီးတစ်ခုကို တွေ့သဖြင့် ထိုကျောက်ကမ်းပါးကြီးပေါ်မှ ပတ်ဝန်းကျင်ကို မှန်းမျှော်ကြည့်လိုက်သည်။

စောစောက မီးရောင်များ ဖြာထွက်လာသည့် နေရာမှာ ဤကျောက်ကမ်းပါးကြီး အနီးတစ်ဝိုက်မှ ဖြစ်မည်ကို သိသဖြင့် ဗိုလ်နန္ဒသည် လှုပ်ရှားမှုမှာ လုံးဝမတွေ့ရဘဲ တစ်တောင်လုံး တိတ်ဆိတ်လျက် ရှိပေသည်။

ကျောက်ကမ်းပါးကြီး၏ အနောက်မြောက်ဘက်တွင် ကျောက်တုံးကြီး နှစ်တုံးကို တွေ့ရပြီး ထိုကျောက်တုံးနှစ်တုံး၏ အကြားတွင် လူတစ်ယောက် ဝင်သာရုံ အပေါက်ငယ်တစ်ခုကို တွေ့ရသဖြင့် ဗိုလ်နန္ဒသည် ထိုအပေါက်မှနေပြီး အတွင်းသို့ ငုံ့ကြည့်လိုက်သည်။ သို့ရာတွင် အတွင်း၌ မှောင်မည်းနေသဖြင့် ဘာမှ မမြင်ရပေ။

ဗိုလ်နန္ဒသည် အသင့်လူလာသော မီးတုတ်ကို မီးညှိပြီး အဆိုပါ အပေါက်ထဲသို့ ထိုးကြည့်လိုက်ရာ ထိုအပေါက်ငယ်မှာ လိုဏ်ဂူသို့ သွားရာ လမ်းပေါက် ဖြစ်သည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒသည် ဓားကို မြဲမြံစွာ စွဲကိုင်ပြီးလျှင် ထိုအပေါက်ဝမှ ခေါင်းငုံ့ပြီး ဝင်သွားပေရာ ဗိုလ်နန္ဒ၏ တပည့်များနှင့် စစ်သူကြီး ဗန္ဓုကတို့သည်လည်း ဗိုလ်နန္ဒ၏ နောက်မှ ထက်ကြပ်မကွာ လိုက်လာကြပေသည်။

လိုဏ်ဂူအတွင်းသို့ ရောက်ရှိလာသောအခါ လူတစ်ဦးသာသာ မြင့်သည်ကို တွေ့ရပြီး လိုဏ်ဂူမှာ အောက်သို့ တဖြည်းဖြည်း လျှောဆင်းသွားသည်ကို သတိပြုမိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒသည် ရှေ့ဆုံးမှ မီးတုတ်ကိုင်ပြီး လိုဏ်ဂူအတွင်းသို့ တဖြည်းဖြည်း ဝင်လာခဲ့ပေရာ လိုဏ်ဂူမှာ အောက်သို့ လျှောသည်ထက် လျှောဆင်းလာသည်ကို တွေ့ရပေသည်။

"ကျုပ်တို့ထင်တဲ့အတိုင်း မှန်နေပြီ၊ ခု ကျုပ်တို့ ရောက်နေတဲ့ နေရာဟာ စောစောက မြင်ရတဲ့ စမ်းချောင်းကလေး အောက်တည့်တည့်နဲ့ တူတယ် ... ကြည့်စမ်း ဒီနေရာမှာ ကျားတွေကန်ထားတာ တွေ့တယ် မဟုတ်လား၊ ပြီးတော့ ဟောဒီနေရာမှာ ရေတွေ စိမ့်ဝင်နေတယ်၊ ဒါကို ကြည့်ရင် ကျုပ်တို့တစ်တွေ စမ်းချောင်းရဲ့ အောက်တည့်တည့် ရောက်နေပြီလို့ထင်တယ်"

ဗိုလ်နန္ဒသည် လိုဏ်ဂူ၏ အခြေအနေကိုကြည့်ပြီး မှန်းဆ၍ ပြောလိုက်သည်။

ဗိုလ်နန္ဒတို့ ရောက်ရှိနေသည့်နေရာမှ အရှေ့တည့်တည့်သို့ လှမ်းကြည့်လိုက်သောအခါ ပေါက်တူးနှင့် တူးရှင်းများကို တွေ့ရပြီး မြေကြီးသယ်သည့် လက်တွန်းလှည်းကလေးများကိုပါ တွေ့ရပေသည်။

"ဟိုမှာ ကြည့်စမ်း ... ပေါက်တူးနဲ့ တူးရှင်းတွေ တွေ့တယ် မဟုတ်လား၊ စောစောက ကျွန်တော်တို့ကြားတဲ့ ပေါက်တူးသံဟာ ဒီနေရာက လာတဲ့အသံ ဖြစ်ရမယ်၊ ဒီလိုဆိုရင် ဒီအထဲကလူတွေ ဘယ်ရောက်ကုန်ကြလဲ"

ဗိုလ်အာဠာဝကသည် ပေါက်တူး၊ တူးရှင်းနှင့် လက်တွန်းလှည်းကလေးကို လက်ညှိုးထိုးရင်း ပြောလိုက်သည်။

"တို့တစ်တွေ လာနေတာကိုသိလို့ ရှောင်တိမ်းနေကြတာ ဖြစ်မှာပေါ့၊ စောစောက မီးကျည်တွေ လွှတ်လိုက်တာဟာ ဒီတောင်ကြီးရဲ့ အနီးအနား လာတဲ့လူတွေကို စုန်းတောက်စားတယ်ထင်အောင် ခြောက်လှန့်ရုံသာ မဟုတ်ဘူး၊ သူတို့အချင်းချင်းလည်း ရန်သူလာပြီဆိုပြီး အချက်ပေးတာ ဖြစ်ရမယ်၊ ဒါကြောင့် ဒီလူတွေ ပျောက်ကုန်တာ ဖြစ်



ရမယ်၊ ကဲ ... ကျုပ်တို့ သိချင်တာ သိရပြီ၊ ဒီနေရာက လှည့်ပြီး ပြန်ကြစို့"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို လိုဏ်ဂူကြီးအတွင်းမှ လာလမ်းအတိုင်း ပြန်၍လာခဲ့ကြပေသည်။

လိုဏ်ဂူအဝသို့ ရောက်သောအခါ လရောင် မရှိတော့ဘဲ ကြယ်ရောင်များကိုသာ တွေ့ရပေသည်။

အရှေ့ဘက်သို့ မျှော်ကြည့်လိုက်သောအခါ သောကြာကြယ်ကြီးကို ထိန်လင်းစွာ တွေ့မြင်ရသဖြင့် အရုဏ်တက်လုဆဲဆဲ အချိန်သို့ ရောက်ရှိနေပြီဟု ခန့်မှန်းနိုင်ပေသည်။

လိုဏ်ဂူအဝမှနေပြီး စောစောက မြင်းများ ချည်နှောင်ထားခဲ့သည့် တောတန်းကလေးရှိရာသို့ တဖြည်းဖြည်း မှန်းဆပြီး လာခဲ့ကြပေရာ အရုဏ်တက်စ အချိန်တွင် ပြန်လည်ရောက်ရှိလာကြပေသည်။

"ကဲ ... စေတုတ္တရာ မြို့တော်ထဲ မဝင်ခင် ကျုပ်တို့ ရှေ့ဘာဆက်လုပ်ကြရမလဲ ဆိုတာ တိုင်ပင်ကြဦးစို့"

ဗိုလ်နန္ဒသည် စောစောက မိမိတို့ စခန်းချခဲ့သည့်နေရာသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် မြင်းများ ချည်နှောင်ထားသည့် သစ်ပင်များအနီးရှိ မြက်ခင်းပေါ်တွင်ထိုင်ရင်း စကားစလိုက်သည်။

"တိုင်ပင်စရာ လိုသေးသလား၊ သုမနေ့ အကြံအစည်တွေ သိထားပြီး ဥစ္စာပဲ၊ နန်းတော်ထဲဝင်ပြီး ဘုရင်မကို သံတော်ဦးတင်လိုက်ရုံရှိတာပေါ့၊ ပြီးတော့ စစ်သည်တော်တွေကို ချက်ချင်း စုရုံးပြီး သုမနေ့ ဘုရင်ယုတ်ရဲ့ အကြံအစည်တွေ ပျက်ပြားသွားအောင် သုဝဏ္ဏနိုင်ငံကို ချီတက်တိုက်ခိုက်ဖို့ပဲ ရှိတယ် မဟုတ်လား"

စစ်သူကြီး ဗန္ဓက က မိမိ၏ ထင်မြင်ယူဆချက်ကို ဖွင့်ဟလိုက်သည်။

"ဘုရင်မကို သံတော်ဦးတင်လို့ မဖြစ်သေးဘူး၊ ပြီးတော့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ မြင်ခဲ့တဲ့အတိုင်းဆိုရင် ဥမင်လိုဏ်ခေါင်းဟာ စေတုတ္တရာ နိုင်ငံတော်ရဲ့ မြို့ရိုးကိုရောက်ဖို့ အတော်လိုသေးတယ်၊ နေ့ရော ညပါ တူးဖော်တာတောင် တစ်လလောက်ကြာမှ မြို့ရိုးအတွင်းကိုရောက်မှာ၊ ဒီအတော အတွင်း အချိန်တွေအများကြီး ရှိပါသေးတယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဘုရင်မကို သံတော်ဦးမတင်လို့ ဘယ်ဖြစ်မလဲ၊ စေတုတ္တရာနိုင်ငံတော်ကို လုပ်ကြံဖို့ အစီအစဉ်တွေ လုပ်နေတာကို လက်ပူးလက်ကြပ်တွေ့ခဲ့သားနဲ့ ဘုရင်မကို သံတော်ဦးမတင်ရဘူး ဆိုတာ ဘယ်လိုသဘောလဲ"

စစ်သူကြီး ဗန္ဓကမှာ ဘုရင်မအတွက် အလွန်တရာ စိုးရိမ်သည့် အမူအရာဖြင့် ပြောလိုက်သည်။

"ဘယ်လိုသဘောလဲ ဆိုတာ ကျွန်တော် အေးအေးဆေးဆေး ကျမှ ပြောပြပါ့မယ်၊ ခုအချိန်မှာ ဘုရင်မကို သံတော်ဦးတင်လိုက်ရင် ဘုရင်မကလည်း စိတ်မြန်မြန်နဲ့ ရှေ့နောက် မဆင်ခြင်ဘဲ ဆင်ကန်းတောတိုးလုပ်မှာ စိုးရတယ်၊ ဘုရင်မ ဆင်ကန်းတောတိုး လျှောက်လုပ်ရင် ကျွန်တော်တို့ရဲ့ အကြံအစည်တွေအားလုံး ပျက်ကုန်ပြီး သုခနေ့ရဲ့ ထောင်ချောက်ထဲကို ဘုရင်မ ရောက်သွားလိမ့်မယ်၊ ဒါကိုလည်း ထည့်ပြီး စဉ်းစားဦးမှပေါ့၊ ပြီးတော့ ဘုရင်မဟာ ဘာပဲပြောပြော မိန်းမသားဖြစ်တဲ့အတွက် ယောကျ်ားတွေ လုပ်ရမယ့်အလုပ်ကို ဘုရင်မကို အသိမပေးဘဲ အားလုံးစီစဉ်ပြီး အသိပေးတာက ပိုပြီးကောင်းလိမ့်မယ်လို့ ကျွန်တော် ယူဆတယ်"

ဗိုလ်နန္ဒက မိမိ၏ ယူဆချက်များကို ရှင်းပြနေပေသည်။

"ဒါပေမဲ့ ဘုရင်မကိုတော့ သံတော်ဦးတင်သင့်သလောက် တင်ထားလိုက်ဖို့ သင့်တယ်လို့ ကျုပ် ယူဆတယ်"



စစ်သူကြီး ဗန္ဓကသည် အလျှော့မပေးသေးဘဲ ဆင်ခြေတက်လိုက်ပြန်သည်။

"သံတော်ဦးတင်သင့်တဲ့ အချိန်ကျတော့ သံတော်ဦးတင်တာပေါ့၊ ခုတော့ စောလွန်းအားကြီးသေးလို့ပါ၊ ကျွန်တော်တို့ လုပ်စရာအလုပ်တွေ အများကြီး ရှိသေးတယ်၊ အစီအစဉ်တွေအားလုံး လုပ်ပြီးတဲ့အခါကျတော့ ကျွန်တော်ကိုယ်တိုင် ဘုရင်မကို ဖွင့်ဟ သံတော်ဦးတင်ပါ့မယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

ထိုသို့ အချေအတင် ပြောဆိုနေကြစဉ် အရှေ့ဘက်မှ ရောင်နီသန်းလာသည်ကို တွေ့ရပြီး ခပ်လှမ်းလှမ်းမှ မြင်းခွာသံများကို ကြားရသဖြင့် ဗိုလ်နန္ဒတို့လူစုသည် မြက်ခင်းပေါ်တွင်ထိုင်ပြီး ဆွေးနွေးနေကြရာမှ ကပျာကယာ ထလိုက်ပြီး မြင်းခွာသံ ကြားရာသို့ လှမ်းကြည့်လိုက်ရာ သက်တော်ရှည် အမတ်ကြီးနှင့် ရန်အောင်မြို့စားကြီးသည် ကိုယ်ရံတော် တပ်နှင့်အတူ ဗိုလ်နန္ဒတို့ ရှိရာသို့ ဦးတည်ပြီးလာနေကြသည်ကို တွေ့သဖြင့် စစ်သူကြီး ဗန္ဓကသည် မြင်းပေါ်သို့ခုန်တက်ပြီး သက်တော်ရှည် အမတ်ကြီးအား ခရီးဦးကြိုပြုလိုက်ပေသည်။

"အလို ... စစ်သူကြီး ဗန္ဓကပါလား၊ စောစောစီးစီး ဒီနေရာမှာ ဘာလာလုပ်နေတာလဲ၊ ဟင် ... ဟိုဟာက မောင်ရှုပ မဟုတ်လား၊ ဟို သုံးယောက်ကကော ဘယ်သူတွေလဲ"

သက်တော်ရှည် အမတ်ကြီးက စစ်သူကြီး ဗန္ဓကအား လှမ်းမေးလိုက်သည်။

"ကျွန်တော်တို့ ဒီနေရာကို ဘာကြောင့်ရောက်နေရသလဲဆိုတာ မပြောခင် ညက အဖြစ်အပျက်တွေကို ကျွန်တော် စုံစုံစေ့စေ့ ပြောပြပါ့မယ်၊ ကျွန်တော်တို့ရဲ့ ရဲဘက်တော်တွေကို ခြောက်လှန့်ပြီး သတ်ဖြတ်နေတဲ့ ဘီလူးတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါကြီးဟာ ယောဒိကာ ဗိုလ်

www.burmeseclassic.com



အာဋ္ဌာဝက ကိုယ်တိုင် ခုတ်သတ်လိုက်လို့ သေသွားပါပြီ၊ ဒီသတ္တဝါကြီးဟာ တခြားမဟုတ်ဘူး၊ ဘုရင်မ နှင်ထုတ်လိုက်တဲ့ သမားတော်ကြီး ဦးကဝိပဲ၊ သူ့တစ်ကိုယ်လုံးမှာ ဝက်ဝံရေနဲ့ချုပ်ထားတဲ့ ကိုယ်ကျပ်အကျႌဝတ်ထားပြီး ဘီလူးခေါင်း ဆောင်းထားတာပါ၊ ဒါကို ကျွန်တော်တို့က ဘီလူးအစစ် ထင်ပြီး ကြောက်ရွံ့နေကြလို့ သူ့လက်ချက်နဲ့ အသက်သေခဲ့ရတာပါ"

စစ်သူကြီး ဗန္ဓုကသည် ဘီလူးအသွင်ဖြင့် ခြောက်လှန့်ပြီး စန္ဒာဒေဝီ ဘုရင်မ၏ လူယုံတော်များအား လက်သည်းကြီးများဖြင့် ကုတ်ဖဲ့သတ်ဖြတ်ခဲ့သော လူဘီလူး ဦးကဝိအား ဗိုလ်အာဋ္ဌာဝက တစ်ယောက်တည်း နှိမ်နင်းခဲ့ပုံနှင့်တကွ မြေအောက်တွင် ဥမင်လိုဏ်ခေါင်း ဖောက်လုပ်လျှက် ရှိပုံများကိုပါ ခရေစေ့တွင်းကျ ပြောပြနေပေသည်။

စစ်သူကြီး ဗန္ဓုက ပြောပြနေသည့် စကားများကို သက်တော်ရှည် အမတ်ကြီးနှင့် ရန်အောင်မြို့စားကြီးတို့သည် စိတ်ပါဝင်စားစွာဖြင့် အစအဆုံး နားထောင်ရင်း ဗိုလ်နန္ဒအနီးတွင် လက်ပိုက်ပြီးရပ်နေသော ဗိုလ်အာဋ္ဌာဝကအား တစ်ချက် တစ်ချက် လှမ်းကြည့်နေပေသည်။

"ဗိုလ်အာဋ္ဌာဝက ဆိုတာ ဒီသူငယ်လား"

သက်တော်ရှည် အမတ်ကြီးသည် လက်ပိုက်ပြီးရပ်နေသော ဗိုလ်အာဋ္ဌာဝကအား အနီးသို့လာရန်ခေါ်ရင်း မေးလိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်ရဲ့ တောတွင်းနာမည်ကတော့ ဗိုလ်အာဋ္ဌာဝကပါ၊ ဒါပေမဲ့ အစတုန်းကတော့ ကျွန်တော်တို့ဟာ ခေသူတွေ မဟုတ်ပါဘူး"

ဗိုလ်အာဋ္ဌာဝက က ပြန်ပြောလိုက်သည်။

"မောင်ရင်ရဲ့ အင်္ဂါရုပ်ကို ကြည့်ရခြင်းအားဖြင့် မောင်ရင်ဟာ သာမန်အရပ်သားထဲက မဟုတ်ဘူးဆိုတာ ကျုပ်တို့ အကဲခတ်မိပါတယ်၊ ခုလို သတ္တိနဲ့ပြည့်စုံတဲ့ ယောကျာ်းကောင်း တစ်ယောက်ကို စန္ဒာ



ဒေဝီ ဘုရင်မကလည်း မချီးမြှင့် မမြှောက်စားဘဲ နေမှာမဟုတ်ပါဘူး၊ စေတုတ္တရာ နိုင်ငံတော်က သူ့ရဲကောင်းတွေ မနှိမ်နင်းနိုင်တဲ့ ရန်သူကို ခုလို ရှုပ်ရှုပ်ချွံချွံ နှိမ်နင်းပေးတဲ့အတွက် ဘုရင်မရဲ့ကိုယ်စား ကျုပ်လက်မှာ အမြဲဝတ်ထားတဲ့ မြလက်စွပ်ကြီးကို လက်ဆောင်အဖြစ် ချီးမြှင့်ပါရစေ ... ပြီးတော့ ဘုရင်မထံပါးမှာ ဘုရင်မရဲ့ သက်တော်စောင့်အဖြစ် ခန့်အပ်ဖို့ ကျုပ်ကိုယ်တိုင် ဘုရင်မထံမှာ သံတော်တင်ပေးပါ့မယ်"

သက်တော်ရှည် အမတ်ကြီးသည် မိမိလက်တွင် အမြဲတမ်း ဝတ်ဆင်ထားသည့် မြလက်စွပ်ကြီးကိုချွတ်ပြီး ဗိုလ်အာဋ္ဌာဝက၏လက်တွင် ဝတ်ပေးလိုက်ပေသည်။

"ဒီလိုဆိုရင် ဟောဒီက ကျွန်တော့်ရဲ့ တပည့်နှစ်ယောက်ကိုပါ ဘုရင်မရဲ့ အမှုတော် ထမ်းခွင့်ရအောင် သက်တော်ရှည် အမတ်ကြီး ကိုယ်တိုင် ဆောင်ကြဉ်းပေးစေလိုပါတယ်"

ဗိုလ်နန္ဒသည် ကျော်ဇေယျနှင့် နေမျိုးအား သက်တော်ရှည် အမတ်ကြီးနှင့် တစ်ဦးစီ မိတ်ဆက်ပေးရင်း ပန်ကြားလိုက်သည်။

"ဒီအတွက်တော့ မပူပါနဲ့၊ စစ်သူကြီး ဗန္ဓုက က ထောက်ခံတယ်ဆိုရင် ဘုရင်မက လက်ခံမှာပါပဲ၊ ကျုပ်ကိုယ်တိုင်လည်း ဘုရင်မ လက်ခံအောင် တိုက်တွန်းပေးပါ့မယ်၊ ကဲ ... ဒီလိုဆိုရင် နန်းတော်ထဲ ဝင်ကြစို့လား"

သက်တော်ရှည် အမတ်ကြီးက ပြန်ပြောလိုက်ပြီး ခပ်ရေးရေး မြင်ရသည့် စေတုတ္တရာ မြို့တော်၏ မြို့ရိုးနှင့် နန်းမြင့်ကို မျှော်မှန်းပြီး လူစုလူဝေးနှင့် တဖြည်းဖြည်း လာခဲ့ကြပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၁၇

"စောစောက စစ်သူကြီး ဗန္ဓက ပြောပြတဲ့ အဖြစ်အပျက်တွေကို ဘုရင်မ ထံ သံတော်ဦးမတင်ဖို့ မောင်ရှပက အကြံပေးတာဟာ ဘယ်လို အကြောင်း ကြောင့်ဆိုတာ ကျုပ်တို့ မသိရဘူးလား ..."

လမ်းခရီးတွင် သက်တော်ရှည်အမတ်ကြီးက ဗိုလ်နန္ဒအား မေး လိုက်သည်။

"ဘုရင်မရဲ့ စိတ်ဓာတ်ကို သက်တော်ရှည်အမတ်ကြီး အသိဆုံး ဝဲ မဟုတ်လား ... ဘုရင်မက စိတ်မြန်တယ်၊ မာနလည်းကြီးတယ်၊ မိန်းမသား ဖြစ်ပေမယ့် သတ္တိကလည်း သိပ်ခေတာ မဟုတ်ဘူး၊ ညက အဖြစ်အပျက်တွေကို ဘုရင်မထံ သံတော်ဦးတင်လိုက်ရင် သုဝဏ္ဏနိုင်ငံ တော်ကို ချက်ချင်း စစ်ကြေညာပြီး တိုက်ခိုက်မှာ သေချာတယ်၊ ဘုရင်မ ကိုယ်တော်တိုင်လည်း စစ်သည်တော် အဝတ်အစားနဲ့ စစ်ချီထွက်ကောင်း ထွက်လိမ့်မယ်"

ဗိုလ်နန္ဒက နဲဒါန်းပျိုးလိုက်သည်။

"ဒီလိုဆိုရင် ပိုပြီး မကောင်းဘူးလား၊ ကျုပ်တို့ရဲ့ နိုင်ငံကို လုပ်ကြံဖို့ ကြံစည်နေတာကို သိလျက်နဲ့ စစ်မတိုက်ဘဲ ဒီအတိုင်း လက် ပိုက်ပြီး ကြည့်နေရမှာလား၊ ပြီးတော့ ဘုရင်မ ကိုယ်တော်တိုင် စစ်ချီ ထွက်တော်မူသည့်တိုင်အောင် ကိုယ်ရံတော် စစ်သည်တော်တွေ ဝိုင်းရံ ထားမှာပဲ၊ ဘုရင်မအတွက် စိုးရိမ်စရာ မရှိပါဘူး။ သုမနရဲ့ စစ်သည်တော်



အင်အားနဲ့ ဘုရင်မရဲ့ စစ်သည်တော် အင်အားကို နှိုင်းယှဉ်ကြည့်မယ် ဆိုရင် ဘုရင်မရဲ့ စစ်သည်တော်အင်အားက နှစ်ဆ သုံးဆလောက် သာနေတာပဲ"

ရန်အောင်မြို့စားကြီးက ဝင်ပြောလိုက်သည်။

"ဒီဘက်က အလုံးအရင်းနဲ့ ချီတက် တိုက်ခိုက်သလို သူတို့ဘက် ကလည်း အလုံးအရင်းနဲ့ ခုခံမယ် ဆိုရင်တော့ မြို့စားကြီး ပြောသလို လွယ်လွယ်နဲ့ နိုင်နိုင်ပါတယ်။ ဒါပေမဲ့ စေတုတ္တရာ နိုင်ငံတော်ရဲ့ စစ် သည်တော်တွေက အလုံးအရင်းနဲ့ သုဝဏ္ဏ နိုင်ငံတော်ကို ချီတက် တိုက် ခိုက်တဲ့အချိန်မှာ သုမနက ပရိယာယ်သုံးပြီး အရှုံးပေးသလိုလိုနဲ့ နောက် ကိုဆုတ်ပေးပြီး အကာအကွယ်မရှိတဲ့ စေတုတ္တရာ မြို့တော်ကို အခြား ဘက်ကနေပြီး ဝင်စီးရင် စေတုတ္တရာမြို့တော် ကျရှုံးသွားဖို့ လမ်းရှိပါ တယ်။ စေတုတ္တရာ မြို့တော်ကို သုမန သိမ်းပိုက်တာနဲ့ တစ်ပြိုင်နက် ကျန်တဲ့မြို့တွေ တစ်ခုပြီးတစ်ခု ကျရှုံးပြီး စေတုတ္တရာ နိုင်ငံတော်ကြီး ရေတိမ်မှာနစ်ဖို့ရှိပါတယ်။ ဒါကိုလည်း စဉ်းစားသင့်ပါတယ်။ နေရာ တကာမှာ လက်ရုံးရည်ကိုချည်း အားကိုးလို့ မဖြစ်နိုင်ပါဘူး။ နှလုံးရည် ရော၊ လက်ရုံးရည်ပါ အားကိုးပြုမှသာ အစစအရာရာ အောင်မြင်နိုင် ပါတယ်။ လက်ရုံးရည်အားကိုး ဆင်ကန်းတောတိုး လုပ်ရင် မှားတတ် ပါတယ်"

ဗိုလ်နန္ဒက ရှင်းပြလိုက်ပြန်သည်။

"ကဲ ... မြို့စားကြီး ဘယ်လိုသဘောရသလဲ၊ ကျုပ်တော့ဖြင့် မောင်ရှပ ပြောတာကို ခပ်ကြိုက်ကြိုက်ပဲ"

သက်တော်ရှည် အမတ်ကြီးက ဝင်ပြောလိုက်ရာ ရန်အောင်မြို့စား ကြီးသည် ဘာမျှပြန်မပြောဘဲ တွေဝေ၍နေပေသည်။

"ကျုပ်လည်း မပြောတတ်အောင် ဖြစ်နေပြီ၊ သက်တော်ရှည် အမတ်ကြီး သဘောကျသလိုသာ ကြည့်စီစဉ်ပါ၊ ကျုပ်ကတော့ သုမန

www.burmeseclassic.com

www.burmeseclassic.com



လတ်ချက် ဦးသွားမှာစိုးလို့ သတိပေးနေတာပါ၊ ပြီးတော့ ဒီကိစ္စဟာ ဘုရင်မကို အသိမပေးဘဲထားလို့ ဖြစ်တဲ့ကိစ္စ မဟုတ်ဘဲ"

ရန်အောင်မြို့စားကြီးမှာ ခေါင်းရှုပ်နေပုံရသည်။

"အသိမပေးဘူးလို့ ပြောတာမှ မဟုတ်ဘဲ၊ ချက်ချင်း အသိပေးလိုက်ရင် ယမ်းပုံမီးကျသလို ဖြစ်ကုန်မှာစိုးလို့ ချက်ချင်း အသိမပေးဘဲ လုပ်စရာရှိတာကို လုပ်ပြီးမှ အသိပေးရင် ကောင်းမယ်လို့ မောင်ရှုပက အကြံပေးနေတဲ့ဥစ္စာပဲ"

သက်တော်ရှည် အမတ်ကြီးက ရှင်းပြလိုက်သည်။

"ကောင်းတယ်ထင်သလို ကြည့်ပြီး လုပ်ကြပေါ့၊ ကျုပ်ကတော့ ဘုရင်မ ထားရာက နေရမှာပဲ။ ဒါထက် ဒီနေ့ ဘုရင်မ နယ်ခြားဒေသကိုထွက်ပြီး အခြေအနေ လေ့လာမယ်လို့ အမိန့်ပေးထားတယ် မဟုတ်လား၊ ဒီအတွက် အစီအစဉ်တွေ လုပ်စရာရှိသေးတယ်"

ရန်အောင်မြို့စားကြီးက စကားလွှဲပြီး ပြောလိုက်သည်။

"နို့ ... ကျုပ်တို့ စောစောစီးစီး ထွက်လာတာဟာ ဘုရင်မ ထွက်တော်မူမယ့်နေရာကို ရှင်းလင်းဖို့ ထွက်လာတာပဲ မဟုတ်လား၊ ဘုရင်မ ထွက်တော်မူချင်ရင် အားလုံး အသင့်ရှိသားပဲ"

သက်တော်ရှည် အမတ်ကြီးက ပြန်ပြောလိုက်သည်။

"ဘာလဲ ဘုရင်မ ကိုယ်တော်တိုင် နယ်ခြားဒေသကို ထွက်တော်မူမလို့လား"

ဗိုလ်နန္ဒက စိတ်ပူသည့် အမူအရာဖြင့် မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါကတော့ အထူးအဆန်း မဟုတ်ပါဘူး၊ ဘုရင်မ ကိုယ်တော်တိုင် ထွက်တော်မူနေကျပဲ"

"ဒီနေရာကို ဘာဖြစ်လို့ ဘုရင်မ ကိုယ်တော်တိုင် ထွက်တော်မူချင်ရတာလဲ၊ မိုက်မဲလှချည်လား"

ဗိုလ်နန္ဒသည် ကရုဏာဒေါသောနှင့် ရုတ်တရက်ပြောလိုက်သည်။



"ဘုရင်မကို မိုက်မဲတယ်လို့ ပြောရသလား ... စော်ကားလှချည်လား"

ရန်အောင်မြို့စားကြီးက ဒေါသသံဖြင့် ပြန်ပြောလိုက်သည်။

"မိုက်မဲလို့ မိုက်မဲတယ်လို့ ပြောတာပဲ၊ စော်ကားတာမှ မဟုတ်ဘဲ၊ ဒီမှာ ရန်အောင်မြို့စားကြီး ဘုရင်မအပေါ်မှာ တကယ်သစ္စာရှိတယ်ဆိုရင် ဒီနေ့ နယ်ခြားဒေသကို ဘုရင်မ ထွက်တော်မမူဖို့ တားမြစ်ပေးစမ်းပါ"

"ဘုရင်မကို ဘယ်သူမှ မတားဝံ့ဘူး ... တားလို့လည်း ရမှာ မဟုတ်ဘူး"

မြို့စားကြီးက ပြန်ပြောလိုက်ပြန်သည်။

"ဒီလိုဆိုရင် ဘုရင်မအပေါ်မှာ သစ္စာမရှိဘူးလို့ ဆိုရမှာပဲ၊ အန္တရာယ်များတဲ့နေရာကို မိုက်မိုက်မဲမဲ သွားမှာကို မတားဝံ့ဘူး ဆိုတာဟာ ဘုရင်မအပေါ်မှာ သစ္စာရှိတယ်လို့ ဆိုပါ့မလား၊ ဘုရင်မအပေါ်မှာ တကယ်သစ္စာရှိတယ်ဆိုရင် ဘုရင်မ မျက်တော်မူမှာကို စိုးရိမ်စရာ မလိုပါဘူး၊ မှန်ရာကို သံတော်ဦးတင်ပြီး ရဲရဲရင့်ရင့် တားမြစ်ဖို့သာ ရှိတယ်မဟုတ်လား"

ဗိုလ်နန္ဒက စိုးရိမ်သည့် အမူအရာဖြင့် ပြောလိုက်သည်။

"ဘုရင်မရဲ့အပါးမှာ ကျုပ်ကိုယ်တိုင် ပါမှာပဲ ... ပြီးတော့ ဘုရင်မ ထွက်တော်မူတဲ့ နယ်ပယ်ဒေသကလည်း စေတုတ္တရာ နိုင်ငံတော်ရဲ့ ပိုင်နက်အတွင်းမှာပဲ၊ စိုးရိမ်စရာ မရှိပါဘူး"

ရန်အောင်မြို့စားကြီးက ထောက်လိုက်ပြန်သည်။

"စိုးရိမ်စရာမရှိဘူးသာ ပြောတယ်၊ တစ်နေ့တုန်းက စေတုတ္တရာမြို့တော်ရဲ့ အရိပ်အောက်မှာပင်လျှင် ဘုရင်မကို ရန်သူ သုံးဦးက ဝိုင်းဝန်းဖမ်းဆီးဖို့ ကြိုးစားခဲ့သေးတယ် မဟုတ်လား ... ဒီအချိန်ကသာ ကျုပ်မရှိရင် မြို့စားကြီးရဲ့ ဘုရင်မဟာ ခုလောက်ရှိရင် သုခန္ဓ ထင်သလို

www.burmeseclassic.com

www.burmeseclassic.com



ဖော်ကားတာကို လှလှကြီး ခံနေရမှာ မဟုတ်လား၊ ဒီအဖြစ်အပျက်တွေကို ဘုရင်မ သတိရအောင် ဝိုင်းဝန်းသံတော်ဦးတင်ကြပြီး နယ်ခြားဒေသကို ထွက်တော်မမူဖို့ အစွမ်းကုန် တားမြစ်ကြပါ၊ ဘုရင်မကို ကြောက်ပြီး သံတော်ဦးမတင်ဝံ့ရင် နောက်မှနောင်တရလို့ ဘာမှ အကျိုးရှိတော့မှာ မဟုတ်ဘူး"

ဗိုလ်နန္ဒက ဖွဲကောင်းကောင်းနှင့် ပြောနေပေသည်။

"ဒီမှာ မောင်ရွှေပ ... ကျုပ်တို့ကိုယ်တိုင်လည်း ဘုရင်မ ကိုယ်တော်တိုင် နယ်ခြားဒေသကို ထွက်တော်မူတာ နည်းနည်းကလေးမှ သဘောမတူဘူး၊ ဘေးအန္တရာယ် ရှိတဲ့အကြောင်း ကျုပ်ကိုယ်တိုင် လျှောက်တင်ပြီးပြီ၊ ဒါပေမဲ့ နားဝင်တော်မမူဘူး ... ကျုပ်ကိုတောင် ဒါလောက် သတ္တိနည်းရင် ပုဆိုးဝတ်မနေနဲ့ တဘီဝတ်ပြီး သနပ်ခါးလိမ်းနေဝါလားလို့ ပြန်ပြောသေးတယ်၊ ဒါပေမဲ့ မောင်ရွှေပ စိတ်မပူပါနဲ့၊ ကျုယ်ကိုယ်တိုင် ဘုရင်မကို ထပ်မံပြီး လျှောက်တင်ပါဦးမယ်"

သက်တော်ရှည် အမတ်ကြီးသည် ဗိုလ်နန္ဒ၏ စိုးရိမ်ချက်ကို ထောက်ခံသည့်အနေဖြင့် ပြန်ပြောလိုက်သည်။

"ဘုရင်မကို နောက်တစ်ကြိမ် ထပ်မံပြီး လျှောက်တင်လို့ ဖြစ်ပါ့မလား၊ ဘုရင်မရဲ့ စိတ်ကိုလည်း သက်တော်ရှည် အမတ်ကြီး အသိသားပဲ"

ရန်အောင်မြို့စားကြီးက ဝင်ပြောလိုက်ပြန်သည်။

"ဘုရင်မ မျက်တော်မူလို့ ကျုပ်ကိုသတ်ချင်ရင် သတ်ပေစေ၊ ဘေးအန္တရာယ်ရှိတဲ့နေရာကို မသွားဖြစ်အောင်တော့ တားရမှာပဲ၊ ကျုပ်တို့မှာ တာဝန်ရှိတယ်၊ ကဲ ... နန်းတော်ကို ရောက်အောင် အမြန်ဆုံး ခုန်းစိုင်းပြီး ဘုရင်မထံ ဝင်ရောက် ခစားပြီး သံတော်ဦးတင်ကြဦးစို့"

သက်တော်ရှည် အမတ်ကြီးသည် ဘုရင်မအတွက် စိုးရိမ်သည့် အမူအရာဖြင့် ပြောလိုက်သည်။



"စောစောစီးစီး ဘုရင်မ ရှေ့တော်ဝင်ပြီး လျှောက်ထားလို့ သင့်တော်ပါ့မလား၊ ခုအချိန်ဆိုရင် ဘုရင်မ စက်တော်ခေါ်နေတုန်း ရှိဦးမှာပေါ့"

ရန်အောင်မြို့စားကြီးက ဝင်ပြီး ပြောလိုက်ပြန်သည်။

"စက်တော်ခေါ်နေရင် အိပ်ဖန်စောင့်တွေကို အကြောင်းကြားပြီး မယ်သစ္စာကို နှိုးခိုင်းမှာပေါ့"

သက်တော်ရှည် အမတ်ကြီးက ပြန်ပြောလိုက်ပြန်သည်။

"ဒီလိုဆိုရင် ဘုရင်မ စိတ်ကွက်တော်မူလိမ့်မယ်၊ အေးအေးဆေးဆေး သံတော်ဦးတင်ပါလား"

မြို့စားကြီးက သတိပေးလိုက်ပြန်သည်။

"အေးအေးဆေးဆေးမှ သံတော်ဦးတင်လို့ မဖြစ်ဘူး ... ဒီနေ့ မနက် စောနိုင်သမျှ စောစောထွက်တော်မူမယ်လို့ ပြောထားသားပဲ၊ ထွက်တော်မူဖို့ ပြင်ဆင်ပြီးမှ လျှောက်ထားရင် ပိုပြီး အမျက်တော်ရှနေဦးမယ်"

သက်တော်ရှည် အမတ်ကြီးသည် ပြောပြောဆိုဆို ရှေ့ဆုံးမှ မြင်းကို ခုန်းစိုင်းပြီးသွားပေရာ ကျန်အဖွဲ့ဝင်များမှာလည်း သက်တော်ရှည် အမတ်ကြီးအား မီအောင် ကဆုန်ပေါက်ပြီး လိုက်ပါလာခဲ့ကြပေရာ မကြာမီ နန်းတော်မြို့ရိုးသို့ ရောက်ရှိလာပေသည်။

မြို့ရိုးအတွင်းသို့ ရောက်ရှိသောအခါ သက်တော်ရှည်အမတ်ကြီးသည် စစ်သည်တော်များအား နေရာချထားခဲ့ပြီးနောက် ဘုရင်မ၏ အဆောင်တော်ရှိရာသို့ ရန်အောင်မြို့စားကြီးနှင့်တကွ ဗိုလ်နန္ဒနှင့် ဓားသူကြီး ဗန္ဓကကို ခေါ်လာခဲ့ကြပေသည်။ ကျော်ဇေယျ၊ အာဠဝကနှင့် နေမျိုးတို့မှာမူ နန်းတော်အပြင်တွင် ကျန်ရစ်ခဲ့ကြပေသည်။

အိပ်ဖန်စောင့်များအား စုံစမ်းကြည့်သောအခါ ဘုရင်မ ထွက်တော်မမူသေးသည်ကို သိရသဖြင့် ဘုရင်မ၏ လက်ပါးစေတော် မယ်သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



အား ခေါ်ပေးရန်ပြောလိုက်ပြီး မယ်သစ္စာ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ဘုရင်မထံ အရေးကြီးသောကိစ္စဖြင့် အခစားဝင်လိုကြောင်း သံတော်ဦးတင်ပေးရန် သက်တော်ရှည် အမတ်ကြီးက ပြောလိုက်ရာ မယ်သစ္စာသည် ယမန်နေ့က ပန်းဥယျာဉ်ထဲတွင် ပထမဆုံးအကြိမ် တွေ့ရသည့် ဗိုလ်နန္ဒ ပါလာသည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒအား ပြုံး၍ နှုတ်ဆက်လိုက်ပြီး ဘုရင်မ အဆောင်တော်ပေါ်သို့ တက်၍သွားပေသည်။

မကြာမီ မယ်သစ္စာ ဆင်းလာပြီး ဘုရင်မထံ အခစားဝင်ရန် ရှေ့ဆောင်လမ်းပြပြီး ခေါ်သွားပေသည်။

စန္ဒာဒေဝီ ဘုရင်မသည် စက်တော်ခေါ်ရာမှ ထလာခါစဖြစ်၍ မှုန်နှံ့သာ မသရသေးသဖြင့် ဝါဝင်းသော အသွေးကိုဆောင်လျက် ရှိပေသည်။ ဆံပင်မှာလည်း ကပိုကရိုနှင့် ဖြစ်နေပေသည်။

ဗိုလ်နန္ဒသည် ဘုရင်မ ရှေ့တော်သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ဘုရင်မ၏ နဂိုချော၊ နဂိုယဉ်သည့် ရုပ်ရည်ကို အာရုံစိုက်ပြီး ကြည့်မိသေးရာ စေတုတ္တရာ မြို့တော်သို့အလာ လမ်းခရီးတောစပ်တွင် ကျေးတောသူ မာလာအဖြစ် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့စဉ်က အဖြစ်အပျက်များသည် မျက်စိထဲတွင် တရေးရေး ပြန်၍ပေါ်လာပေသည်။

"စောစောစီးစီး ဘာများ အကြောင်းထူးလို့လဲ၊ မြို့တော် တံခါးဝကို ရန်သူတွေ ရောက်နေလို့လား"

စန္ဒာဒေဝီ ဘုရင်မသည် သက်တော်ရှည် အမတ်ကြီးကို ကြည့်လိုက်၊ ရန်အောင်မြို့စားကြီးကို ကြည့်လိုက်၊ ဗိုလ်နန္ဒတို့ လူသိုက်ကို ကြည့်လိုက်နှင့် မေးခွန်းထုတ်လိုက်သည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘုရင်မရဲ့ နယ်ခြားဒေသ လှည့်လည် စစ်ဆေးတော်မူရန် အကြံအစည်ကို ဖျက်သိမ်းတော်မူဖို့ လျှောက်တင်ရန် ယခုကဲ့သို့ စောစောစီးစီး အရေးတကြီး ဝင်ရောက်ခစားရခြင်း ဖြစ်ကြောင်းပါ"



သက်တော်ရှည် အမတ်ကြီးက ရှေးဦးစွာ လျှောက်တင်လိုက်ရာ ဘုရင်မသည် အိပ်ရေးမဝသေးသကဲ့သို့ သမ်းဝေတော်မူလိုက်ပြီးလျှင် သက်တော်ရှည် အမတ်ကြီးနှင့် အပေါင်းပါများကို မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။ ဖြူဖွေးနုထွတ်သော လက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"ဒီကိစ္စကလေး သံတော်ဦးတင်ဖို့ ဒါလောက်တောင် ဝီရိယကောင်းရသလား၊ ဒီစကား ကြားရတာ ဘုရင်မ နားခါးတော်မူလှတယ်"

စန္ဒာဒေဝီ ဘုရင်မသည် ဒေါသလျှမ်းသည့် မျက်နှာထားဖြင့် ပြန်ပြောလိုက်သည်။

"မှန်လှပါ၊ ခုလို သုခနေရဲ့ သူလျှိုတွေ နန်းတွင်းနန်းပြင်မှာ ရှိနေချိန်မှာ အန္တရာယ်များလှတဲ့ နယ်ခြားဒေသကို ဘုရင်မ ကိုယ်တော်တိုင် ထွက်တော်မူဖို့ မသင့်ကြောင်းပါ"

"သယ် ... ဘုရင်မ ပိုင်နက်အတွင်းမှာ ဘာအန္တရာယ်ရှိလို့ ထွက်တော်မမူရမှာလဲ၊ ဘုရင်မကို နန်းတော်ထဲမှာပဲ အကျယ်ချုပ်ထားချင်တယ်ပေါ့လေ၊ ဘုရင်မရဲ့စိတ်ကို သက်တော်ရှည် အမတ်ကြီး သိတယ်မဟုတ်လား၊ ဘုရင်မကို မိန်းမသားဆိုပြီး အထင်သေးတယ်ပေါ့လေ"

ဘုရင်မက ပြန်ပြောလိုက်သည်။

"အထင်သေးလို့ မဟုတ်ကြောင်းပါ၊ ဘုရင်မအတွက် စိုးရိမ်လို့ ယခုလို အရဲစွန့်ပြီး ဘုရင်မထံ ဝင်ရောက်ခစားပြီး လျှောက်တင်ရခြင်း ဖြစ်ကြောင်းပါ"

"မိန်းမလောက်မှ သတ္တိမရှိတဲ့လူတွေပဲ၊ ဒါလောက်တောင် သတ္တိမရှိရင် ထဘီဝတ်ပြီး နေကြပါလား"

ဘုရင်မက ဒေါပွပွနှင့် ပြန်ပြောလိုက်သည်။

"သတ္တိကို အလွဲသုံးစား မပြုလုပ်သင့်ပါ၊ သတ္တိကို အလွဲသုံးစား လုပ်ရင် မိုက်မဲရာ ကျပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒက ဝင်ပြီးပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ၏ တည်ကြည်သော မျက်နှာထားကို စိုက်ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်ပြန်သည်။

"သတ္တိကို အလွဲသုံးစား လုပ်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ ရှင်းပြစမ်း"

စန္ဒာဒေဝီ ဘုရင်မက ဗိုလ်နန္ဒအား ပြန်မေးလိုက်သည်။

"ဘုရင်မ ဆင်ကန်းတောတိုး လျှောက်လုပ်ရင် သုမနရဲ့ ကျော့ကွင်းထဲ ဝင်တိုးမိမှာစိုးလို့ သတိပေးတာပါ၊ သက်တော်ရှည် အမတ်ကြီး လျှောက်တင်ချက်ကို လျစ်လျူရှုပြီး နယ်ခြားဒေသကို ဘုရင်မ ကိုယ်တော်တိုင် ထွက်တော်မူမယ်ဆိုရင် ဘုရားသိကြား မ မှသာ သုမနရဲ့ကော်ကွင်းကလွတ်ဖို့ လမ်းရှိပါတယ်၊ ဘုရင်မရဲ့ မိုက်မဲမှုကြောင့် ဘုရင်မအပေါ်မှာ သစ္စာရှိတဲ့လူတွေ သေကျေပျက်စီးဖို့လည်း ရှိပါတယ်"

ဗိုလ်နန္ဒက ရဲရဲရင့်ရင့် လျှောက်တင်လိုက်သည်။

"တော် တန် တိတ် ဘုရင်မကို မိုက်မဲသလေး ဘာလေးနဲ့ စော်ကားလှချည်လား၊ သွား သွား ငရူပရဲ့ မျက်နှာကို မကြည့်ချင်ဘူး၊ သက်တော်ရှည်အမတ်ကြီး ဘုရင်မ အမိန့်တော် မှတ်မယ်၊ အမိန့်တော်နာခံ"

ဘုရင်မသည် ဒေါသအမျက်ခြောင်းခြောင်းထွက်နေပုံ ရပေသည်။

"ဘုရင်မအား စော်ကားမော်ကား ပြောရဲသူ ငရူပအား စေတုတ္တရာ မြို့တော်တွင်းမှ ခုချက်ချင်း နှင်ထုတ်စေ၊ မြို့တော်တွင်းကို ဘယ်သော အခါမှ ပြန်မဝင်လာစေနဲ့၊ ပြန်ဝင်လာရင် သတ်စေ အမိန့်တော်"

ဘုရင်မသည် အမိန့်တော်များ ချမှတ်ပြီး မျက်နှာတော်လွှဲကာ အဆောင်တော်သို့ ပြန်ဝင်သွားသဖြင့် သက်တော်ရှည် အမတ်ကြီးနှင့် တကွ မြို့စားကြီးနှင့် ဗိုလ်နန္ဒတို့ လူစုမှာ ကြက်သေ သေပြီး ကျန်ရစ်ခဲ့ပေသည်။



ဘုရင်မ မျက်နှာတော်လွှဲသွားပြီးနောက် သက်တော်ရှည် အမတ်ကြီးနှင့် ရန်အောင် မြို့စားကြီးသည် ဗိုလ်နန္ဒတို့လူစုကို ခေါ်ပြီး ဘုရင်မ၏ အဆောင်တော်မှ ထွက်ခွာ၍ လာခဲ့ပေသည်။

"ကဲ ... မောင်ရူပ ကျုပ်တို့လည်း ဘာမှမတတ်နိုင်တော့ဘူး၊ မောင်ရူပကတော့ ဘုရင်မအတွက် စိုးရိမ်ကြီးပြီး ကရုဏာဒေါသောနဲ့ ပြောလိုက်တယ်ဆိုတာ ကျုပ်တို့ နားလည်ပါတယ်၊ ဒါပေမဲ့ ဘုရင်မရဲ့ စိတ်က အင်မတန် ခက်ထန်တဲ့ အချိန်မို့လို့ ဘယ်လိုမှ လျှောက်ထားလို့ရမှာ မဟုတ်ဘူး၊ ဒါပေမဲ့ မောင်ရူပရဲ့ စွမ်းရည်သတ္တိကို ကျုပ်တို့ သိပြီးဖြစ်တဲ့အပြင် ဘုရင်မနဲ့ စေတုတ္တရာနိုင်ငံတော်အပေါ်မှာ တကယ် စေတနာနဲ့ ကူညီနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တဲ့အတွက် ကျုပ်တို့ တတ်နိုင်သလောက် ကူညီပါ့မယ်"

သက်တော်ရှည် အမတ်ကြီးသည် ဗိုလ်နန္ဒအား အားပေးစကား ပြောလိုက်သည်။

"ကျုပ် အစကတည်းက သတိပေးတယ် မဟုတ်လား၊ ခုလို စောစောစီးစီး အချိန်ကြီးမှာ ဘုရင်မရဲ့ စိတ်တော်နဲ့ အခန့်မသင့်မယ့် စကား မလျှောက်တင်ပါနဲ့လို့ ပြောလျက်သားနဲ့ ကျုပ်ပြောတဲ့စကား နားမထောင်လို့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြပြီ မဟုတ်လား၊ ခုတော့ ဘာတတ်နိုင်သေးသလဲ"

ရန်အောင်မြို့စားကြီးက ဝင်ပြောလိုက်ပြန်သည်။

"ဖြစ်ပြီးတာတွေကို တွေးပြီး ဆွေးနေလို့ အပိုရှိတော့မပေါ့၊ အတိတ်ကို အတိတ်မှာ ထားခဲ့ပြီး အနာဂတ်အရေးအတွက် ပစ္စုပ္ပန်မှာ ဘာတွေလုပ်ရမလဲ ဆိုတာကို ခေါင်းအေးအေးနဲ့ စဉ်းစားပြီး လုပ်ဖို့သာ ရှိတာပဲ၊ ကျွန်တော်တို့ကို ဘုရင်မက နှင်ထုတ်လိုက်ပေမယ့် ဘုရင်မအပေါ်မှာ စိတ်မကွက်ပါဘူး၊ စေတုတ္တရာ နိုင်ငံတော်အတွက် ကျွန်တော်တို့ တတ်နိုင်တဲ့နေရာကနေပြီး အကျိုးဆောင်ရွက်သွားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒီမှာ မောင်ရှုပ၊ မောင်ရှုပဟာ ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်တဲ့အပြင် ဘုရင်မနဲ့ စေတုတ္တရာနိုင်ငံတော် အပေါ်မှာ စေတနာထားသူ ဖြစ်တဲ့အတွက် ကျုပ်တစ်သက်မှာဖြင့် မောင်ရှုပ အပေါ်မှာ ကျေးဇူးဆပ်လို့ ကုန်မယ်မထင်ပါဘူး၊ ဘုရင်မ မျက်တော်မှုခိုက် ခေတ္တ ရှောင်တိမ်းနေသေးတာပေါ့၊ တစ်နေ့ကျရင် ကျုပ်တို့ကိုယ်တိုင် ဘုရင်မကို အကျိုးအကြောင်း လျှောက်တင်ပြီး မောင်ရှုပကို ပြန်ခေါ်ပါ့မယ်။ ဒီအတောအတွင်းမှာတော့ မောင်ရှုပ သက်သက်သာသာ နေရအောင် ကျုပ် လမ်းညွှန်လိုက်မယ်။ စေတုတ္တရာ မြို့တော်ရဲ့ တောင်ဘက် အင်ကြင်းမြိုင် တောတန်းကြီးအလွန် သေလာဂီရိ တောင်ခြေရင်းမှာ ရွာသာယာ ဆိုတဲ့ ရွာကလေးရှိတယ်။ အဲဒီရွာကလေးမှာ သုဝဏ္ဏနိုင်ငံက ထွက်ပြေးလာပြီး လက်ယာ လုပ်ကိုင်စားသောက်နေထိုင်တဲ့ ဘိုးရာဇာ ဆိုတဲ့လူ ရှိလေရဲ့၊ အဲဒီလူဆီသွားပြီး ကျုပ်နာမည်ကိုသာ ပြောပြပါ၊ မောင်ရှုပကို ကောင်းကောင်းမွန်မွန် ပြုစုထားပါလိမ့်မယ်"

စစ်သူကြီး ဗန္ဓက က ဝင်ပြီး ပြောလိုက်ပြန်သည်။

"ကျွန်တော့်အပေါ်မှာ ခုလို စေတနာထားပြီး ကူညီကြတဲ့ မင်းကြီးများကို ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်အနေနဲ့ကတော့ ကံနဲ့ ကံရဲ့အကျိုးတရားကို မမိုတ်မသုန် ယုံကြည်တဲ့ လူတစ်ယောက်မို့လို့ လောကဓံတရားနဲ့ တွေ့ကြုံရတဲ့အခါ သိပ်ပြီး တုန်လှုပ်ခြင်း မရှိပါဘူး၊ လောကမှာ ဖြစ်ချင်တာလည်း မဖြစ်ရဘူး၊ မဖြစ်ချင်တာလည်း ဖြစ်တတ်တယ် ဆိုတာကို သဘောပေါက်ပြီးမို့ ခေါင်လိုက်ကျကျ ပြားလိုက်ကျကျ ခံနိုင်ရည်ရှိတယ် ဆိုတာ မင်းဘုရားကြီးတို့ သိထားစေချင်ပါတယ်၊ ကဲ … ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဘုရင်မ အမိန့်တော်အတိုင်း မြို့တော်က ခွာကြပါစို့"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို သက်တော်ရှည် အမတ်ကြီး၊ စစ်



သူကြီး ဗန္ဓကနှင့် ရန်အောင်မြို့စားကြီးအား နှုတ်ခွန်းဆက်သပြီး နန်းတော်ပြင်ဘက်သို့ တစ်ကိုယ်တည်း ထွက်ခွာလာခဲ့ပြီးလျှင် မိမိအား နန်းတော်ပြင်ပမှ စောင့်နေကြသော တပည့် ၃ ယောက်နှင့်အတူ စေတုတ္တရာ မြို့တော်တွင်းမှ မြင်းကိုယ်စီနှင့် ထွက်ခွာလာခဲ့ကြပေသည်။

"စေတုတ္တရာ နိုင်ငံတော်နဲ့ သုဝဏ္ဏ နိုင်ငံတော်ရဲ့ အကြားမှာ ရှိတဲ့ နယ်မြေဒေသကို ငါ့တပည့်များ ကျွမ်းကျင်ကြရဲ့လား"

လမ်းခရီးတွင် ဗိုလ်နန္ဒက စကားစလိုက်သည်။

"ဒီနေရာတစ်ဝိုက်မှာ ကျွန်တော်တို့ အမြဲတမ်း ကျက်စားနေကြတဲ့အတွက် ကျွန်တော်တို့တစ်တွေ ခိုအောင်းနေတဲ့ အင်ကြင်းမြိုင် တောတန်းကနေပြီး သေလာဂီရိ တောင်ခြေရင်းအထိ တောတောင် လှိုဏ်မြောင်များကို လက်ဝါးပေါ်မှ တင်ပြသလို ကောင်းကောင်းကြီး ကျွမ်းကျင်ကြပါတယ်"

နေမျိုးက ပြန်ပြောလိုက်သည်။

"ဒါဖြင့်ရင် ဘုရင်မ နယ်ခြားဒေသကို ထွက်တော်မူလာတာကို စောင့်မျှော်ရင်း … စိတ်ချလုံခြုံတဲ့ နေရာတစ်ခုမှာ အပန်းဖြေရင်း တရေးတမော အိပ်ကြရအောင် လမ်းသိတဲ့လူက လမ်းပြပေတော့"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်ရာ ဗိုလ်နေမျိုးနှင့် ဗိုလ်အာဇ္ဇာဝတသည် စေတုတ္တရာ မြို့တော်နှင့် အင်ကြင်းမြိုင်တောစပ်ရှိ လူသူ အရောက် အပေါက်နည်းသည့် တောတန်းကလေးမှ ဖြတ်ကျော်ပြီး ချောင်ကျသော လှိုဏ်ကြီးတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၁၈

တစ်ညလုံး အိပ်ပျက်ခဲ့ကြသဖြင့် ဗိုလ်နန္ဒတို့လူစုသည် လှိုဏ်ကြီးအတွင်းသို့ ရောက်ရှိပြီး နံနက်စာ စားသောက်ပြီးနောက် တရေးတမော အိပ်လိုက်ကြရာ ခေါင်းချလိုက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားကြပေသည်။

မည်မျှ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ အိပ်ရာမှ ရုတ်တရက် လန့်နိုးသဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ သစ်ပင်ရိပ်များမှ ထိုးဝင်လာသည့် နေရောင်သည် ဗိုလ်နန္ဒတို့ ခိုအောင်းသည့် လှိုဏ်ကြီးအတွင်းသို့ ခပ်စောင်းစောင်း ထိုးဝင်လျက်ရှိသည်ကို တွေ့ရသဖြင့် မွန်းလွဲသွားပြီ ဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။

ဗိုလ်အာဠဝက၊ ဗိုလ်နေမျိုးနှင့် ဗိုလ်ကျော်ဇေယျ တို့မှာလည်း အိပ်မောကျလျက် ရှိသည်ကို တွေ့ရပေသည်။

ဗိုလ်နန္ဒသည် အိပ်ရာမှ လူးလဲထလိုက်ပြီး အညောင်းဆန့်ကာ ကျောက်တုံး တစ်တုံးပေါ်တွင် ထိုင်ပြီး ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစား တွေးတောလျက် ရှိပေသည်။

တစ်တောလုံးမှာ တိတ်ဆိတ်လျက်ရှိပြီး သစ်ပင်ကြီးများပေါ်မှ ငှက်များ ဖို မ သံပေးကြသည်ကို ကြည်နူးဖွယ်ရာ ကြားရပေသည်။

ဗိုလ်နန္ဒသည် မိမိ၏ ဘဝဟောင်းကို ပြန်ပြောင်း စဉ်းစားလိုက်သောအခါ သာယာရွှေပြည် နိုင်ငံတော်ကြီးတွင် သီဟရာဇာ ဘုရင်ကြီး



၏အမိန့်ဖြင့် ကြိုးပေးခံရအံ့ဆဲဆဲ တပည့် ၉ ယောက်၏ မျက်နှာကို တွင်းခနဲ ကွက်ခနဲ မြင်ယောင်လာပေသည်။

တပည့် ၉ ယောက် အသက်ဘေးမှ လွတ်မြောက်ရေးအတွက် မိမိဆောင်ရွက်ရမည့်တာဝန်မှာ ကြီးလေးလှပေသည်။ သီဟရာဇာ ဘုရင်ကြီး၏ အမိန့်အရ ၃ လအတွင်း စန္ဒာဒေဝီ ဘုရင်မအား အသေရရ အရှင်ရရ ဖမ်းဆီးပြီး ဆက်သနိုင်မှသာ တပည့် ၉ ယောက် အသက်ချမ်းသာမည် ဖြစ်ပေသည်။ စန္ဒာဒေဝီ ဘုရင်မအား ပရိယာယ်ဝေဝုစ်ဖြင့် ကလိမ်ဉာဏ်ဆင်ကာ လက်ရဖမ်းဆီးရန် မခဲယဉ်းသော်လည်း အားနွဲ့သော မိန်းမသား တစ်ယောက်အား ဖမ်းဆီးပြီး ရန်သူ့လက်သို့ ဝ ကွက်ပြီး အပ်ရမည့်အလုပ်ကို မိမိ မည်သည့်နည်းနှင့်မျှ မလုပ်နိုင်သည်ကို စဉ်းစားမိပေသည်။

တစ်ဖန် စန္ဒာဒေဝီမှာ သုမနေ၏ ခြိမ်းခြောက်မှုကို ခံနေရသည်ကို စဉ်းစားမိသောအခါ စန္ဒာဒေဝီ အပေါ်တွင် သနားသောစိတ်များ ပေါ်ပေါက်လာပေသည်။ မိမိအပေါ်တွင် အထင်လွဲကာ တိုင်းပြည်မှ နှင်ထုတ်ခြင်းခံရသည့်တိုင်အောင် ဘုရင်မ အပေါ်တွင် ရန်ငြိုးဖွဲ့လိုသောစိတ် မရှိသည့်သာမက ခမည်းတော်၏ ရိုက်ရာကို အဓမ္မ သိမ်းပိုက်ထားသည့် သုမနေ၏လက်တွင်းသို့ ဘုရင်မ ရောက်ရှိသွားမည်ကို စိုးရိမ်သဖြင့် ဘုရင်မအား သုမနေ ဘုရင်ယုတ်၏ လက်တွင်းသို့ မရောက်အောင် အသက်ပေးပြီး ကာကွယ်ဖို့ စိတ်ပိုင်းဖြတ်လိုက်ပေသည်။

သုမနေ ဘုရင်ယုတ်၏ ရန်ကို တွန်းလှန်ရင်း မိမိအသက်ကို စွန့်လွှတ်လိုက်ပါက မြတ်သောစွန့်စားခြင်း ဖြစ်မည်။ ထိုသို့ မိမိအသက်ကို စွန့်လွှတ်လိုက်ခြင်းအားဖြင့် သီဟရာဇာ ဘုရင်၏ လက်တွင်း၌ ကျန်ရစ်ခဲ့သည့် တပည့် ၉ ဦးလည်း အသက်ဘေးမှ ချမ်းသာရာရမည်ကို စဉ်းစားမိသောအခါ ဗိုလ်နန္ဒသည် အလိုလို စိတ်ဓာတ်တက်ကြွလာပေသည်။

ဗိုလ်နန္ဒသည် တစ်ယောက်တည်း ကျောက်တုံးပေါ်တွင် ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး စဉ်းစားနေရာမှ အိပ်မောကျလျက်ရှိသည့် တပည့် သုံးယောက်ကို လှည့်ကြည့်လိုက်ရာ ဗိုလ်နေမျိုးသည် ပါးစပ်မှ တညည်းညည်း တညူညူဖြင့် လူးလွန့်နေသည်ကို တွေ့သဖြင့် ဗိုလ်နေမျိုး၏ ပခုံးကို အသာကိုင်ပြီး လှုပ်နှိုးလိုက်သည်။

ဗိုလ်နေမျိုးသည် အိပ်မောကျနေရာမှ ဖျတ်ခနဲ လန့်နိုးလာပြီး ဘေးတွင် အသင့်ချထားသည့် ဓားရှည်ကြီးကို ဆွဲကိုင်လိုက်ပြီး မျက်စိကို ပွတ်သပ်ကြည့်လိုက်သည်။

"လက်စသတ်တော့ ကျွန်တော့်ကို လှုပ်နေတာ ဆရာကိုး ... ကျွန်တော်ဖြင့် ကျွန်တော့်ကို မနေ့ညက တွေ့ခဲ့တဲ့ ဘီလူးကြီးက သူ့ရဲ့ လက်သည်းကြီးတွေနဲ့ ကုတ်ဖဲ့နေတယ်လို့ အိပ်မက်မက်နေတုန်း ဆရာက လှုပ်နှိုးလိုက်တော့ ဘီလူးအောက်မေ့ပြီး ဓားကို ဆွဲလိုက်မိတာပါ ... အင်း လူဘီလူးကြီးတော့ဖြင့် သေရှာပြီနော် ..."

နေမျိုးသည် မျက်စိများ ပွတ်သပ်ရင်း ဗိုလ်နန္ဒ အနီးတွင် ထိုင်ကာ မိမိ၏ အိပ်မက်ကို ပြန်ပြောနေပေသည်။

"ဘီလူးရန်ကတော့ အေးသွားပြီ ... ဒါပေမဲ့ ဘီလူးရန်ထက် ကြောက်စရာကောင်းတဲ့ ဘေးအန္တရာယ်နဲ့ ဒီနေ့ တွေ့ကောင်းတွေ့ရလိမ့်မယ် ... ဒီတစ်ချီမှာတော့ တို့တစ်တွေ အစွမ်းကုန် ကြံကြမှဖြစ်မယ်"

ဗိုလ်နန္ဒက သတိပေးစကား ပြောကြားလိုက်သည်။

ထိုအချိန်တွင် ခပ်လှမ်းလှမ်းရှိ တောတန်းဆီမှ မြင်းခွာသံများ ကြားရပေရာ ဆရာတပည့် နှစ်ယောက်သည် မြင်းခွာသံများ ကြားရာသို့ နားစွင့်၍ နေပေသည်။

"ဆရာ ... မြင်းခွာသံတွေ ကြားတယ်မဟုတ်လား၊ ဘုရင်မ ထွက်တော်မူလာပြီထင်တယ်၊ အာဠာဝကတို့ ကျော်ဇေယျတို့ကို နှိုးလိုက်ရရင် မကောင်းဘူးလား"

နေမျိုးက မေးလိုက်သည်။



"အေး ... ကောင်းသားပဲ ... နှိုးပြီး အားလုံးအဆင်သင့် ပြင်ထားကြ၊ ဆရာ အပြင်ထွက်ပြီး စနည်းနာလိုက်ဦးမယ်"

ပြောပြောဆိုဆို ဗိုလ်နန္ဒသည် လှိုဏ်ကြီးအပြင်သို့ ထွက်လာပြီး သစ်ပင်ကြီးများကို အကာအကွယ်ယူကာ မြင်းခွာသံ ကြားရာသို့ လှမ်းကြည့်နေပေသည်။

နေမျိုး၊ ကျော်ဇေယျနှင့် အာဠာဝကတို့သည် လှိုဏ်ကြီးအတွင်းမှ အသီးသီး ထွက်လာကြပြီးလျှင် ကျော်ဇေယျသည် မြင့်မားလှသော သစ်ပင်ဖျားရှိ သစ်ကိုင်းကြားမှ မြင်းခွာသံ ကြားသည့်ဘက်သို့ လှမ်းမျှော်ကြည့်နေပေသည်။

"ဆရာ ... ဆရာ ... ဘုရင်မ ထွက်တော်မူလာပြီ ... စစ်သည်တော်တွေလည်း များများမပါဘူး၊ ဘုရင်မ အပါးမှာ စစ်သည်တော် တစ်ကျိပ်လောက်ပဲ တွေ့ရတယ်၊ ဟော ... ပြောရင်းဆိုရင်း တောတန်းကလေးထဲ ဝင်သွားကြပြီ"

သစ်ပင်ပေါ်မှ တက်ကြည့်နေသည့် ကျော်ဇေယျသည် သတင်းပေးလိုက်ပြီးလျှင် အောက်သို့ ပြန်ဆင်းလာကာ မြင်းများကို လှိုဏ်ကြီး အတွင်းမှ ဆွဲထုတ်ယူလာကြပြီး ဓားကိုယ်စီ ကိုင်ကာ ဘုရင်မနှင့် နောက်ပါ ဗိုလ်များဝင်သွားသည့် တောတန်းကလေး ရှိရာသို့ ထွက်လာခဲ့ကြပေသည်။

ဘုရင်မနှင့် နောက်လိုက်ဗိုလ်များ ဝင်သွားသည့် တောတန်းကလေးမှာ စမ်းချောင်းကလေး၏ တစ်ဖက်တွင် တည်ရှိပြီး တစ်ဖက်တွင် တောင်ကုန်းတစ်ခု ရှိပေသည်။ ထိုတောင်ကုန်း အလွန်တွင် ကျောက်ကမ်းပါးကြီး တစ်ခုရှိသည်ကို ကျော်ဇေယျက ဗိုလ်နန္ဒအား ညွှန်ပြနေပေသည်။

ဗိုလ်နန္ဒတို့ လှူသိုက်သည် သစ်ပင်ချုံနွယ်များကို အကာအကွယ်

www.burmeseclassic.com

www.burmeseclassic.com



ယူကာ ဘုရင်မနှင့် အဖော်များ ဝင်သွားသည့် တောတန်းရှိရာသို့ ရှေးရှု၍ လာခဲ့ပေရာ မကြာမီ တောစပ်သို့ ရောက်ရှိလာခဲ့ပေသည်။

ထိုတောတန်းကလေးမှာ သစ်ပင်ကြီးများ တစ်ပင်နှင့် တစ်ပင် ယှက်ကာ ပေါက်ရောက်လျက်ရှိသဖြင့် နေပြောက်မထိုးအောင် အရိပ်အာဝါသ ကောင်းလှပေသည်။ အရိပ်အာဝါသ ကောင်းသလောက် ပုန်းအောင်းစရာ နေရာများမှာလည်း ဒုနဲ့ဒေး ဆိုသလို ဖြစ်နေသည်ကို ဗိုလ်နန္ဒတို့ လူစု သတိပြုမိပေသည်။

စန္ဒာဒေဝီ ဘုရင်မသည် စစ်သည်တော် အဝတ်အစားဖြင့် မြင်းဖြူကြီးကို စီးလျက် ကျောက်စီဓားကို စွဲကိုင်ကာ ရှေ့ဆုံးမှ လာနေသည်ကို ဗိုလ်နန္ဒတို့ လူသိုက်သည် မလှမ်းမကမ်းရှိ ချုံကြီးပေါ်သို့ မျောက်လွှဲကျော်ဝမာ ကျင်လည်စွာ တက်သွားကြပြီးလျှင် သစ်ပင်ထိပ်ကွယ်မှ ပုန်းအောင်းပြီး ကြည့်နေကြပေသည်။ တောတန်းကလေး၏ အလယ်လောက် ရောက်သောအခါ သစ်ပင်များကိုကွယ်ပြီး ပုန်းအောင်းနေကြသည့် လူ ၁၀ ယောက်ခန့်သည် ဖြုန်းခနဲ ညာသံပေးကာ ဘုရင်မနှင့် အဖော်များအား ဝိုင်းထားသည်ကို တွေ့ရပေသည်။

ဘုရင်မ၏ စစ်သည်တော်များမှာလည်း တစ်ကိုပ်ခန့်မျှသာ ရှိသဖြင့် ရတ်တရက်သော် အံ့အားသင့်ပြီး ကြက်သေ သေနေရာမှ တောတွင်းမှ ထွက်လာသော ရန်သူများနှင့် ဓားချင်း ယှဉ်၍ ခုတ်နေကြပေရာ တစ်တောလုံးမှာ ဓားခုတ်သံများဖြင့် ဆူညံသွားပေသည်။

ဘုရင်မ၏ စစ်သည်တော်များနှင့် တောတွင်းမှ ထွက်လာသော သုမန ဘက်တော်သားများ ဓားချင်း ယှဉ်၍ ခုတ်နေကြစဉ် ဗလကောင်းသော သုမန ဘက်တော်သား ၄ ယောက်သည် ဘုရင်မနှင့် ဘုရင်မ၏ အပါးတွင် ကပ်ပါလာသော ရန်အောင်မြို့စားကြီးအား ဝိုင်းရံထားပေသည်။

ရန်အောင်မြို့စားကြီးသည် လက်သုံးတော်ဓားဖြင့် မြင်းပေါ်မှ



နေပြီး ရန်သူများကို ခုခံတွန်းလှန်သော်လည်း အင်အားချင်း မမျှသဖြင့် နောက်ဆုတ် နောက်ဆုတ်နှင့် ခုခံရင်း ရန်သူ၏လက်ချက်ဖြင့် မြင်းပေါ်မှ တလိမ့်ခေါက်ကွေး လိမ့်ကျသွားပေရာ ရန်သူများ လိုက်မလာနိုင်အောင် သစ်ပင်များကိုကွယ်ပြီး လွတ်ရာသို့ ထွက်ပြေးသွားပေသည်။

"တပည့်တို့ သုမန ဘက်တော်သားတွေကို ရှင်းလင်းသုတ်သင်ဖို့ အသင့်ပြင်ပြီး ဆရာ့နောက်က တစ်ပါတည်း လိုက်ခဲ့ကြပေတော့"

ချုံကွယ်မှ ချောင်းကြည့်နေသော ဗိုလ်နန္ဒသည် တပည့်များအား သတိပေးလိုက်ပြီး မိမိကိုယ်တိုင် ရှေ့ဆုံးမှ ဖောင်းဝတ်ရောင် မြင်းလိမ္မာကြီးကို စီးကာ ဘုရင်မအား ရန်သူများ ဝိုင်းထားသည့် နေရာသို့ ဒုန်းစိုင်း၍ လာခဲ့ပေရာ တပည့် ၃ ဦးမှာလည်း ဗိုလ်နန္ဒ၏ နောက်ပါးမှ တစ်ပါတည်း ဓားကိုယ်စီဝင့်ကာ လိုက်ပါလာကြပေသည်။

စန္ဒာဒေဝီ ဘုရင်မအား ဝိုင်းရံထားသည့် သုမန ဘက်တော်သား ၄ ဦးသည် ဘုရင်မအား အသာတကြည် အဖမ်းခံရန် ပြောဆိုနေပေသည်။ ဘုရင်မမှာမူ လက်တွင် ကိုင်ထားသည့် ကျောက်စီဓားကို ဝင့်ကာ ဝင့်ကာဖြင့် သုမန ဘက်တော်သားများ အနားမကပ်နိုင်အောင် အံကြိတ်ပြီး ခုခံလျက်ရှိပေသည်။

သုမန ဘက်တော်သားများမှာ ဘုရင်မအား အသာတကြည် ဖမ်းဆီး၍ မရနိုင်သည်ကို သိရှိလာသဖြင့် ဘုရင်မအား ဝိုင်းဝန်း၍ ရွတ်အတင်းဝင်ဖမ်းရန် ကြိုးစားနေကြပေသည်။ ဘုရင်မ၏ ဓားချက်ကို ဓားဖြင့် ပြန်ပြီး ခုခံသူက ခုခံနေစဉ် ဘုရင်မအား နောက်ပိုင်းမှ ဝင်ပြီး အတင်းဖမ်းဆီးရန် ကြိုးစားသူက ကြိုးစားဖြင့် ဖြစ်နေချိန်တွင် ဘုရင်မ၏ မြင်းဖြူကြီးသည် အလန့်တကြား ပတတ်ရပ်လိုက်သဖြင့် ဘုရင်မသည် မြင်းပေါ်က ကျသွားပေသည်။

သုမန ဘက်တော်သား ၄ ဦးသည် ဘုရင်မအား ဝင်ဖမ်းရန် အနီးသို့ ချဉ်းကပ်မည်အပြုတွင် ဗိုလ်နန္ဒသည် ရှေ့ဆုံးမှ ညာသံပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



သုမနဲ ဘက်တော်သားများအား ဓားနှင့် အတင်းဝင်၍ ခုတ်လိုက်ပေသည်။ သုမနဲ ဘက်တော်သားများမှာလည်း ဘုရင်မကို ဖမ်းဖို့ ကြိုးစားနေရာမှ မိမိတို့၏နောက်မှ ညာသံပေးပြီး ဝင်လာသော ဗိုလ်နန္ဒ၏ အသံကို ကြားလိုက်သဖြင့် နောက်သို့ ပြန်လှည့်ကာ ဗိုလ်နန္ဒအား ခုခံနေသေသည်။

ထိုအခိုက်တွင် နေမျိုး၊ အာဠာဝကနှင့် ကျော်ဇေယျတို့သည် အချင်းဖြစ်ပွားရာ နေရာသို့ ရောက်ရှိလာသဖြင့် သုမနဲ ဘက်တော်သား ၄ ယောက်မှာ ကြောက်အားလန့်အားဖြင့် တောတွင်းသို့ ဝင်၍ ပြေးကြလေရာ ဗိုလ်နေမျိုးနှင့် အဖော် ၂ ယောက်သည် မြင်းပေါ်မှ ခုန်ဆင်းပြီး ထိုလူများနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားကြပေသည်။

"မြင်းပေါ်က လိမ့်ကျတာ တော်တော်နာတယ် ထင်တယ်၊ နာရုံနာတာ တော်သေးတာပေါ့ … နည်းနည်းကလေးသာ နောက်ကျသွားမယ်ဆိုရင် သုမနဲရဲ့ ကစားစရာ အရုပ်ကလေး ဖြစ်သွားမှာ သေချာတယ်။ ဆင်ကန်းတောတိုး မလုပ်ပါနဲ့လို့ အတန်တန် သတိပေးတဲ့ကြားက ငါ့မြင်း ငါစိုင်း လုပ်ခဲ့လို့ မဖြစ်တန်တာတွေ ဖြစ်ရပြီမဟုတ်လား။ ဘုရင်မ ထာ နာရုံသာနာတာ ဘုရင်မရဲ့ ကိုယ်ရံတော် စစ်သည်တော်တွေဟာ သုမနဲ ဘက်တော်သားတွေရဲ့ လက်ချက်နဲ့ ဘယ်နယောက်သေဦးမလဲ မသိဘူး"

ဗိုလ်နန္ဒသည် ကရုဏာဒေါသောဖြင့် ဘုရင်မအား အပြစ်တင်လိုက်ရာ ဘုရင်မမှာ နဂိုကပင် ဒေါသထွက်လျက် ရှိသဖြင့် ဗိုလ်နန္ဒ၏ စကားကို ကြားလိုက်သောအခါ ယမ်းပုံမီးကျ ဖြစ်သွားပေသည်။

"သွား … သွား … နင့်မျက်နှာကို ငါမကြည့်ချင်ဘူး။ နင်ကယ်လို့ အသက်ချမ်းသာရာရမှာကိုလည်း မလိုချင်ဘူး"

စန္ဒာဒေဝီ ဘုရင်မက ဒေါသလျှံသော မျက်လုံးများဖြင့် ပြန်ကြည့်ရင်း ပြောလိုက်သည်။



"ဘုရင်မက မကြည့်ချင်ပေမယ့် ဒီအနားက မသွားနိုင်သေးဘူး၊ အမှန်အတိုင်းပြောရမယ်ဆိုရင် ဒါလောက်တောင် မိုက်တွင်းနက်လှတဲ့ ဘုရင်မကို တစ်ယောက်တည်း ထားပစ်ခဲ့ချင်တဲ့စိတ်တွေတောင် ပေါ်နေတယ်။ ဒါပေမဲ့ အားနွဲ့တဲ့ မိန်းမသားမို့လို့ ဘုရင်မရဲ့ ကိုယ်ရံတော် စစ်သည်တော်တွေ ပြန်ရောက်တဲ့ အချိန်အထိတော့ဖြင့် စောင့်ရှောက်နေရဦးမှာ"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို သစ်ပင် တစ်ပင်ကို မှီပြီး လတ်ပိုက်ကာ ဘုရင်မကို စိန်းစိန်းကြီး ကြည့်၍နေပေသည်။

"ဘုရင်မ ဆိုတာ တိုင်းပြည်အပေါ်မှာ တာဝန်ရှိတယ် ဆိုတာ စဉ်းစားမိရဲ့လား၊ ဘုရင်မရဲ့ မိုက်မဲမှုကြောင့် စေတုတ္တရာ နိုင်ငံတော်ကြီး သုမနဲ လက်တွင်းကိုရောက်ဖို့ သီသီကလေး လိုတော့တယ် ဆိုတာ ကိုကော စဉ်းစားမိရဲ့လား။ ဘုရင်မကိုသာ သုမနဲ ဘက်တော်သားတွေ လက်ရ ဖမ်းမိသွားမယ်ဆိုရင် ဘုရင်မ ကိုယ်တိုင်လည်း လူ့အညွန့်တုံးပြီး သုမနဲ စော်ကားသမျှကို ခံခဲ့ရမယ့် ဘဝဆိုးကို ရောက်သွားရုံသာမက စေတုတ္တရာ နိုင်ငံတော်မှာရှိတဲ့ မိန်းမတွေ စော်ကားခံရပြီး အပြစ်မရှိတဲ့ ကလေးတွေ အသတ်ခံရမှာကိုကော စဉ်းစားမိရဲ့လား"

ဗိုလ်နန္ဒသည် သစ်ပင်ကိုမှီရင်း ဘုရင်မကိုကြည့်ရင်း ပါးစပ်မှ တတွတ်တွတ်နှင့် ပြော၍နေပေရာ ဘုရင်မသည် ဒေါသထွက်သည်ထက် ထွက်လာသော်လည်း ဘာမှမတတ်နိုင်ဘဲ ဒဏ်ရာများကို ပွတ်သပ်နေရာမှ မျက်ရည်များ စီးကျလာပေသည်။

"ဘာလဲ … ငိုနေပြန်ပြီလား … ငို … ငို … ခုမငိုနေ — ဘုရင်မ မိုက်မဲမှုကြောင့် သေတဲ့လူတွေဖြင့် သေကုန်ပြီ"

ဗိုလ်နန္ဒက ကရုဏာဒေါသောဖြင့် ပြောလိုက်ပြန်သည်။

"ရှေ့ပ … ဘုရင်မကို စော်ကားပြန်ပြီလား … ထောင်ဒဏ်အကျဉ်း ချထားလိုက်ရမလား"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီ ဘုရင်မသည် မျက်ရည်များကိုသုတ်ရင်း ပြောလိုက်သည်။

"ခြေနှစ်ချောင်းကယ်မိလို့ ကျေးဇူးဆပ်တာပေါ့လေ ... ဘုရင်မရဲ့ဘဝကို ပြန်ပြီး စဉ်းစားကြည့်စမ်းပါ၊ ကျွန်တော်တို့ လူသိုက်သာ ဒီနေရာကို အချိန်မီရောက်မလာဘူးဆိုရင်၊ ဘုရင်မဟာ သုခနုရဲ့ လက်တွင်းကို ကျရောက်ပြီး သုခနုရဲ့ ကစားစရာ အရုပ်ကလေး ဖြစ်သွားမှာသေချာတယ်။ သုခနု လက်တွင်းက လွတ်မြောက်အောင် ကယ်တဲ့လူကို ထောင်သွင်းအကျဉ်းချထားမယ် ဆိုတော့ လွန်လွန်းအားမကြီးဘူးလား ... ဒါဟာ ကျေးဇူးဆပ်တာလား"

ဗိုလ်နန္ဒက ခပ်တည်တည် ပြန်ပြောလိုက်သည်။

စန္ဒာဒေဝီ ဘုရင်မမှာ စိတ်ထဲတွင် မခံမရပ်နိုင်အောင် ဖြစ်လာသဖြင့် ထိုင်ရာမှထလာကာ သစ်ပင်တွင် မှီပြီးရပ်နေသော ဗိုလ်နန္ဒ၏ ပါးကို ဘယ်ပြန်ညာပြန် ရိုက်လိုက်ပေသည်။

ဗိုလ်နန္ဒမှာ အနည်းငယ်မျှ တုန်လှုပ်သည့် အမူအရာကို မပြဘဲ သစ်ပင်တွင်မှီ၍ ဘုရင်မအား စိန်းစိန်းကြီး ကြည့်နေပေသည်။ ဘုရင်မမှာမူ ဖြူဖွေးနူးညံ့သည့် လက်များ နာသွားသဖြင့် ပွတ်သပ်နေသည်။ ဗိုလ်နန္ဒကိုလည်း အခဲမကျေသည့် အမူအရာဖြင့် တစ်ချက်ချက် လှမ်းကြည့်နေပေသည်။

"ဒါလောက်တောင် အခဲမကျေနိုင်အောင် ဖြစ်နေရင် ... ဘုရင်မရဲ့ လက်သုံးတော်ဓားနဲ့ တစ်ချက်တည်း ခုတ်ပိုင်းလိုက်ပါတော့လား၊ ဘာဖြစ်လို့ လက်ဝါးအနာခံပြီး ရိုက်နေရတာလဲ၊ ကျွန်တော့်အနေနဲ့ ဘုရင်မ ပြုသမျှကို သည်းခံနိုင်ပေမယ့် အပြစ်ကတော့ နေမှာမဟုတ်ဘူး။ ပြီးတော့ ဘုရင်မကို ရန်သူတွေရဲ့လက်တွင်းက ကယ်တင်တာဟာ ကျေးဇူးတင်ခံချင်လို့ ကယ်တင်တယ်လို့ အထင်ကြီးနေရင် မှားလိမ့်မယ်၊ စေတုတ္တရာ နိုင်ငံတော်နဲ့တကွ အပြစ်မရှိတဲ့ မိန်းမနဲ့ ကလေးတွေ သုခနု ဘုရင်ယုတ်



ရဲ့ လက်ခုပ်တွင်းကရေလို ဖြစ်သွားမှာစိုးလို့ ကယ်တယ်ဆိုတာ ဘုရင်မ သဘောပေါက်စေချင်တယ်၊ ဘုရင်မ အနေနဲ့ တိုင်းပြည်အပေါ်မှာ ထားရှိအပ်တဲ့ဝတ္တရား ပျက်ကွက်တဲ့အတွက် ဘုရင်မကို အသိတရား ရစေရန် သတိပေးနေတာကိုပင်လျှင် အမြင်မှန်ကို မမြင်နိုင်သေးဘဲ မာန်မာနတရားတွေ ဖုံးလွှမ်းနေမယ်ဆိုရင် ဘုရင်မ သာမက စေတုတ္တရာ နိုင်ငံတော်ပါ ရေတိမ်မှာ နစ်လိမ့်မယ် ဆိုတာ သတိပေးပါရစေ"

ဗိုလ်နန္ဒသည် ဘုရင်မအား စိန်းစိန်းကြီး ကြည့်နေရာမှ တည်ကြည်ရင့်ကျက်သည့် ဣန္ဒြေဖြင့် ဘုရင်မအား ဆုံးမဩဝါဒပေးနေသည်။

"တော် ... တော် ... မိကျောင်းမင်း ရေကင်းပြ ဘုန်းကြီးစာချဆိုသလို ဘုရင်မကို ဆုံးမသွန်သင်နေစရာမလိုဘူး၊ နင်လိုလူကယ်လို့ ဘုရင်မ အသက်ဘေးက ချမ်းသာရာရတယ် ဆိုတာကို စဉ်းစားမိတိုင်း ဘုရင်မ အသည်းနာတယ်"

စန္ဒာဒေဝီ ဘုရင်မက ဒေါသစိတ်မပြေနိုင်သေးဘဲ ဆက်၍ ပြောလိုက်သည်။

"ဘုရင်မ အသည်းနာစရာ မလိုပါဘူး၊ ဘုရင်မကို ကယ်တာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘူး၊ ဘုရင်မနဲ့ ငယ်ရွယ်စဉ်က အတူတကွ ကစားဖော်ကစားဘက် ဖြစ်တဲ့ နီလာမြို့စားကြီးရဲ့ သားတော် ကျော်ဇေယျရယ်၊ ပတ္တမြားမြို့စားကြီးရဲ့ သားတော် အာဠဝကရယ်၊ ပယင်းမြို့စားကြီးရဲ့ သားတော် နေမျိုးတို့လည်း ပါပါသေးတယ်။ ဒီပုဂ္ဂိုလ်သုံးဦးဟာ တစ်ချိန်တုန်းကဆိုရင် သုဝဏ္ဏနိုင်ငံတော်မှာ အရေးပါအရာရောက်တဲ့ သူရဲကောင်းတွေ ဖြစ်တယ်ဆိုတာ ဘုရင်မလည်း ကြားဖူးပါလိမ့်မယ်၊ ငရုပရဲ့ မျက်နှာကို မကြည့်ချင်ပေမယ့် ဘုရင်မရဲ့ အသက်နဲ့ အရှက်ကို ကာကွယ်ပေးတဲ့ သူရဲကောင်း သုံးယောက်ကိုတော့ ကျေးစွပ်ဖို့ မသင့်ပါဘူး"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒပြောသော စကားများကို နားထောင်ရင်း ပြန်လည်ချေပရန် စဥ်းစားလုံးရှာနေစဉ် ခပ်လှမ်းလှမ်းရှိ တောအုပ်အတွင်းမှ "ဆရာဗိုလ်နန္ဒ၊ ဆရာဗိုလ်နန္ဒ" ဟူသော အသံကို ကြားလိုက်သဖြင့် ဘုရင်မသည် အသံကြားရာသို့ နားစွင့်လိုက်သည်။

ဗိုလ်နန္ဒမှာမူ မိမိ၏အမည်ကို ခေါ်လိုက်သည့် အသံကို ကြားသည်နှင့် တစ်ပြိုင်နက် အသံပြန်ပြီး ပြုလိုက်ရာ ဗိုလ်နန္ဒ၏ အသံကို မှန်းဆပြီး လာကြသည့် မြင်းခွာသံများကို ဆက်လက်၍ ကြားရပေသည်။

"ဗိုလ်နန္ဒ ဆိုတာ ဘယ်သူလဲ"

ဘုရင်မသည် ဗိုလ်နန္ဒက ပြန်ပြီး အသံပြုလိုက်သည်ကို ကြားသောအခါ ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း မေးလိုက်သည်။

"ဗိုလ်နန္ဒ ဆိုတာ တခြားလူ မဟုတ်ပါဘူး၊ ဘုရင်မ ရှေ့တော်မှာ လက်ပိုက်ပြီး ရပ်နေတဲ့ ကျွန်တော်ပဲ ပေါ့"

ဗိုလ်နန္ဒက ရင်ကော့ပြီး အဖြေပေးလိုက်သည်။

ထိုအခိုက်တွင် မြင်းခွာသံများ နီးသည်ထက်နီးလာပြီး မြင်းညိုကြီး စီးပြီးလာနေသည့် ကျော်ဇေယျကို ပထမဦးစွာ မြင်လိုက်ရပေသည်။ ကျော်ဇေယျနှင့်အတူ စစ်သူကြီး ဗန္ဓကကိုပါ မြင်လိုက်သဖြင့် ဘုရင်မသည် အားတက်သွားပုံရပေသည်။

စစ်သူကြီး ဗန္ဓကသည် ဘုရင်မကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဝမ်းသာအားရသည့် အမူအရာဖြင့် ဘုရင်မ ရှေ့တော်သို့ ကဆုန်ပေါက်၍ လာခဲ့ပြီး ဘုရင်မ အနီးသို့ ရောက်သောအခါ ဒူးထောက်ကာ ရှိခိုးသေစွာ ခစားနေပေသည်။

ကျော်ဇေယျမှာမူ မျက်နှာမှ စီးကျနေသည့် ချွေးများကို လက်ဝါးဖြင့် ပွတ်သပ်ရင်း မြင်းပေါ်မှ ခုန်ဆင်းကာ ဘုရင်မနှင့် ဗိုလ်နန္ဒအကြားတွင် ဝင်ပြီး ထိုင်လိုက်သည်။

"ဘုရင်မကို ခုလိုဘေးမသီ ရန်မခဘဲ တွေ့ရတာ ဝမ်းသာလို့



မဆုံးပါဘူး။ ဘုရင်မ ကျွန်တော်မျိုးကို မှတ်မိသေးရဲ့လား၊ ငယ်ငယ်တုန်းက ဘုရင်မနဲ့အတူ နန်းတော်တွင်းမှာ ကစားခဲ့တာကို ဘုရင်မ မမှတ်မိပေမယ့် ကျွန်တော်မျိုး နိုလာမြို့စားကြီးရဲ့သားတော် ကျော်ဇေယျ ကောင်းကောင်းကြီး မှတ်မိကြောင်းပါ"

ကျော်ဇေယျသည် ဘုရင်မအား နှုတ်ခွန်းဆက်ရင်း နားထင်မှ စီးဆင်းသည့် ချွေးများကို လက်ဝါးဖြင့် ပိတ်ကာ မှုးမေ့သွားပေသည်။

စန္ဒာဒေဝီ ဘုရင်မသည် ကျော်ဇေယျ မေ့သွားသည်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဘုရင်မ ဟူသော မာန်မာနတရားများ ကျဆင်းသွားကာ ထိုင်ရာမှထပြီး ကျော်ဇေယျအား သားငယ်အား မိခင်က ပွေ့သလို ယုယစွာ ပွေ့ထူထားလိုက်သည်။

"စစ်သူကြီး စမ်းချောင်းကိုသွားပြီး ရေခပ်ခဲ့စမ်းပါ"

စန္ဒာဒေဝီ ဘုရင်မသည် ကျော်ဇေယျ၏ နဖူးပြင်မှ စီးကျနေသည့် ချွေးများကို ပဝါဖြင့် သုတ်ပေးရင်း စစ်သူကြီး ဗန္ဓကအား အမိန့်ပေးလိုက်ရာ စစ်သူကြီး ဗန္ဓကသည် စမ်းချောင်းရှိရာသို့ ကပျာကယာ ပြေးသွားပြီး ကျည်တောက်နှင့် ရေခပ်ပြီး ယူလာပေသည်။

ဗိုလ်နန္ဒမှာမူ ကျော်ဇေယျအား ဘုရင်မက ယုယုယယ ပြုစုနေသည်ကို ကျေနပ်သည့် အမူအရာဖြင့် သစ်ပင်ကိုမှီရင်း လက်ပိုက်၍ ကြည့်နေသည်။

"စစ်သူကြီး ဗန္ဓက၊ အာဠဝကနဲ့ နေမျိုးကော ဘယ်မှာကျန်ရစ်ခဲ့သလဲ သူတို့တစ်တွေဟာ အသက်ဘေးမှ ချမ်းသာရာရရဲ့လား"

ဘုရင်မက ကျော်ဇေယျ၏ ဒဏ်ရာကို ရေဆေးပြီး ပြုစုနေစဉ် ဗိုလ်နန္ဒသည် စစ်သူကြီး ဗန္ဓကအား လှမ်းပြီး မေးလိုက်သည်။

"ကျုပ်နဲ့အတူတူ ရန်သူတွေကို တိုက်ခိုက်နှိမ်နင်းရင်း တောတွင်းမှာ ကျန်ရစ်ခဲ့ပါတယ်။ ကျုပ်မြင်းပေါ်က လိမ့်ကျတုန်းကတောင် ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ရန်သူတွေဝိုင်းပြီး ဓားနဲ့ ခုတ်မယ်အလုပ် အာဠာဝကနဲ့ နေမျိုးက
င်တယ်လို့ အသက်ချမ်းသာရာ ရခဲ့တာပါ”

စစ်သူကြီး ဗန္ဓက က ပြန်ပြောလိုက်သည်။

“ရန်သူ အကျအရှုံးကော”

ဗိုလ်နန္ဒက ဆက်ပြီး မေးလိုက်သည်။

“သူတို့ဘက်က ၇ ယောက် ကျဆုံးသွားပါတယ်။ ကျန်တဲ့လူ
တွေ ထွက်ပြေးကြလို့ အာဠာဝကနဲ့ နေမျိုးတို့ နောက်က ထက်ကြပ်
ကွာ လိုက်သွားတာကို ကျွန်တော်မျိုး ကိုယ်တိုင် မြင်လိုက်ပါတယ်”

ဘုရင်မ၏ ယူယမှုကို ခံစားနေရာမှ သတိရလာသော ကျော်
ဖေယျက ဝင်ပြောလိုက်သည်။

“အင်း ... တော်ပါသေးရဲ့၊ စစ်သူကြီးရဲ့ စစ်သည်တော်တွေကော”

“ကျုပ်တို့ဘက်က ၃ ယောက် ကျဆုံးပြီး ကျန်တဲ့လူတွေတော့
ဒဏ်ရာအနည်းနဲ့အများ ရကြတယ်လို့ သိရတယ်။ ရန်အောင်မြို့စား
ကြီးတော့ ဘယ်ရောက်နေသလဲ ဆိုတာ မပြောတတ်သေးဘူး”

စစ်သူကြီး ဗန္ဓက က ပြန်ပြောလိုက်သည်။

“မိုက်မဲတဲ့ ဘုရင်မတစ်ယောက်အတွက် လူတွေမသေသင့်ဘဲ
သေရတာ အသည်းနာဖို့ကောင်းတယ်”

ဗိုလ်နန္ဒက သစ်ပင်ကိုမှီရင်း ပြန်ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မ
သည် ဗိုလ်နန္ဒအား မျက်စောင်းထိုးလိုက်သည်။

ထိုအခိုက်တွင် မြင်းခွာသံများ အဆက်မပြတ် ကြားရပြီး တော
တန်းကလေး အတွင်းမှ ဗိုလ်အာဠာဝကနှင့် ဗိုလ်နေမျိုးတို့သည် အောင်ပွဲ
ရ စစ်သူကြီးများပမာ ဓားကို ဝင့်ကာ ဝင့်ကာဖြင့် ဗိုလ်နန္ဒရှိရာသို့ ကဆုန်
ပေါက်ပြီး လာကြသည်ကို တွေ့ရပေသည်။

“ကျော်ဖေယျ ဘယ့်နှယ်နေသေးသလဲ သက်သာတယ်မှတ်လား”



အာဠာဝကသည် ဘုရင်မ ပွေ့ထားသည့် ကျော်ဖေယျအား မြင်
လိုက်သဖြင့် စိုးရိမ်တကြီး မေးလိုက်သည်။

“သွေးထွက်လွန်းလို့ နည်းနည်းမူးသွားတာပါ ဘာမှမဖြစ်ပါဘူး”

ကျော်ဖေယျသည် ဘုရင်မ၏ လက်ပေါ်တွင် မှိန်းနေရာမှ လူးလဲ
ထပြီး ပြောလိုက်သည်။

“မင်းတို့နှစ်ယောက်အတွက် ဆရာက စိုးရိမ်လို့ ငါ့ကိုတောင်
မေးနေသေးတယ်”

ကျော်ဖေယျက ဆက်ပြီး ပြောလိုက်သည်။

“ကျွန်တော်တို့အတွက် စိုးရိမ်စရာမရှိပါဘူး၊ ဆရာ့အတွက်ဆို
ရင် အသက်နဲ့လဲဖို့ အဆင်သင့်ပဲ”

နေမျိုးက ပြန်ပြောလိုက်ပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။
အာဠာဝက ကလည်း မြင်းပေါ်မှ ခုန်ဆင်းပြီး ဘုရင်မ ရှေ့တွင် ၂ ယောက်
သား ရိုသေစွာ ဒူးထောက်ခစားလိုက်သည်။

“ဘုရင်မ ရှေ့မှာ ဒူးထောက်ခစားဖို့ မလိုပါဘူး၊ ဘုရင်မရဲ့ အသက်
နဲ့ အရှက်ကို အသက်နဲ့လဲပြီး ကာကွယ်ပေးတဲ့ သူရဲကောင်းတွေကို
ဘုရင်မ ချီးမြှင့်ပါရစေ ... သူရဲကောင်းကြီးတွေဟာ ဘယ်သူဘယ်ဝါ
ဘယ်မျိုးရိုး ဘယ်ဇာတိ ဆိုတာ ဘုရင်မကို ပြောပြစမ်းပါဦး”

စန္ဒာဒေဝီ ဘုရင်မသည် ထိုင်ရာမှ ထလိုက်ပြီး အာဠာဝကနှင့်
နေမျိုးတို့၏ ပခုံးကို အသာပုတ်ခါ မတ်တတ်ရပ်ခိုင်းလိုက်သည်။

“ကျွန်တော်မျိုးက တခြား မဟုတ်ပါ၊ သုဝဏ္ဏနိုင်ငံတော် ပဏ္ဏမြား
မြို့စားကြီးရဲ့ သားတော် အာဠာဝက ဖြစ်ပါတယ်၊ သုခနဲ့ ဘုရင်ယုတ်
ထီးနန်းသိမ်းပိုက်တဲ့ အချိန်ကစပြီး သုဝဏ္ဏဘုရင်ကို ပုန်ကန်ခြားနား
နေကြသူများ ဖြစ်ပါတယ်”

အာဠာဝက က ပြန်ပြောလိုက်သည်။

“ကျွန်တော်မျိုးကတော့ သုခနဲ့ ဘုရင်ယုတ် ထီးနန်းမသိမ်းပိုက်မီ

www.burmeseclassic.com

www.burmeseclassic.com



ထ ပယင်းမြို့စားရဲ့ သားတော် နေမျိုးဖြစ်ပါတယ်၊ သုခနေ ဘုရင်ယုတ် ထီးနန်းလုယူပြီးခဲ့တဲ့ အချိန်ကစပြီး အာဠာဝကတို့နဲ့အတူ တောပုန်းနေကြသူများ ဖြစ်ပါတယ်”

“ဒီလိုဆိုတော့ တကယ့်အမျိုးကောင်းသားတွေပါလား ... သုခနေ ဘုရင်ယုတ်ကြောင့် တောပုန်းနေရပေမယ့် သူ့ရဲကောင်းတွေကို ဘုရင်မ ကိုယ်တော်တိုင် မြှောက်စားတော်မူပါ့မယ် ... မြို့စားရွာစား ရာထူး မပေးနိုင်သည့်တိုင်အောင် ထိုက်သင့်တဲ့ ရာထူးဌာနန္တရပေးဖို့ ဘုရင်မ ကတိပေးပါတယ်၊ ဒီနေ့ကစပြီး တောပုန်းဘဝမှ လွတ်စေ ကျွတ်စေ”

စန္ဒာဒေဝီ ဘုရင်မက ချီးကျူးသြဘာပြုလိုက်သည်။

“ကျွန်တော်မျိုးတို့ကို ချီးမြှင့်မြှောက်စားစရာ မလိုပါ ... ကျွန်တော်မျိုးတို့ ခုလို ဘုရင်မကို ရန်သူ့လက်တွင်းက ကယ်တင်နိုင်ခဲ့တာဟာ ကျွန်တော်တို့ရဲ့ စွမ်းရည်သတ္တိကြောင့် မဟုတ်ပါ ... ဆရာနန္ဒရဲ့ အမြော်အမြင် ကြီးမားမှုကြောင့်သာလျှင် ဖြစ်ပါတယ် ... ဒါကြောင့် ချီးမြှင့်မြှောက်စားစရာရှိရင် ကျွန်တော်တို့ကို ချီးမြှင့်မြှောက်စားမယ့်အစား ဆရာနန္ဒကိုသာ ချီးမြှင့်မြှောက်စားတော်မူပါ”

အာဠာဝက က ပြောလိုက်သည်။

“ဆရာနန္ဒကို ဘာဖြစ်လို့ ချီးမြှင့်မြှောက်စားရမှာလဲ၊ သူက ဘာလုပ်လို့လဲ၊ အသေခံစရာရှိတော့ တပည့်တွေကို အသေခံခိုင်းပြီး သူ ကိုယ်တိုင်ကတော့ ဘာမှမလုပ်ဘဲ သစ်ပင်မှီပြီး လက်ပိုက်ကြည့်နေတဲ့ ဥစ္စာပဲ”

စန္ဒာဒေဝီ ဘုရင်မက ဗိုလ်နန္ဒအား မျက်စောင်းတစ်ချက် ထိုးကြည့်ရင်း ပြောလိုက်သည်။

“ဆရာနန္ဒဟာ တပည့်တွေကို အသေခံခိုင်းပြီး အသားယူတတ်တဲ့ လူမျိုးမဟုတ်ပါ၊ ဘုရင်မအပေါ် သံယောဇဉ်ကြီးမားလွန်းတဲ့အတွက် ဘုရင်မ အပါးမှ မခွာဘဲ နေရစ်ခဲ့ခြင်းသာ ဖြစ်ပါတယ် ... အမှန်အတိုင်း



ပြောရမယ်ဆိုရင်၊ ဘုရင်မကို ရန်သူတွေရဲ့ လက်တွင်းက ကယ်တင်ဖို့ ကျွန်တော်တို့ ဒီနေရာကို ရောက်ရှိလာခြင်းမှာ ဆရာနန္ဒရဲ့ လမ်းညွှန်ပြသမှုကြောင့် ဖြစ်ပါတယ်၊ ဆရာနန္ဒဟာ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝသူ ဖြစ်တဲ့အပြင် ရှေ့နောက် မြော်မြင် ဆင်ခြင် တိုင်းထွာတဲ့ ဉာဏ်နဲ့ ပြည့်စုံသူဖြစ်ပါတယ်၊ ဘုရင်မ နယ်ခြားဒေသကို ထွက်တော်မူလာရင် သုခနေ ဘက်တော်သားတွေ တောတန်းမှ ဆီးပြီး ဘုရင်မကို လက်ရဖမ်းဖို့ ကြိုးစားလိမ့်မယ် ဆိုတာ ဆရာနန္ဒ ကြိုတင်သိမြင်ထားတဲ့အတွက် ကျွန်တော်မျိုးတို့ကို ခေါ်ပြီး ဒီနေရာက လာစောင့်နေခြင်း ဖြစ်ပါတယ် ... ဆရာနန္ဒရဲ့ ကျေးဇူးကြောင့်သာလျှင် ဘုရင်မ ရန်သူ လက်တွင်းမှ လွတ်မြောက်ရခြင်း ဖြစ်ပါတယ်”

ကျော်ဇေယျက ဝင်ထောက်လိုက်ပြန်သည်။

“ကျော်ဇေယျပြောတာ မှန်ပါတယ်၊ ဆရာနန္ဒဟာ ဘုရင်မ အပေါ်မှာ သူ့အသက်နဲ့လဲပြီး သံယောဇဉ်ကြီးမားတယ် ဆိုတာ သူများတကာထက် ကျွန်တော်မျိုး နေမျိုး အသိဆုံးဖြစ်ကြောင်းပါ ... ခပ်စောစောကပင် ဆရာနန္ဒက ဖွင့်ပြောလို့ ဘုရင်မ အပေါ်မှာ ဆရာနန္ဒ ဘယ်အထိ သံယောဇဉ်ကြီးမားတယ် ဆိုတာ ကျွန်တော်မျိုး သိရခြင်းဖြစ်ပါတယ် ...၊ ဆရာနန္ဒ ပြောသမျှကို ပြန်ပြောရမယ်ဆိုရင် ဘုရင်မ ကိုယ်တော်တိုင် ဆရာနန္ဒ အပေါ်မှာ ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်ပါဘူး”

နေမျိုးသည် ဒဏ်ရာကို အဝတ်ဖြင့် စည်းနှောင်ရင်း ဝင်ပြောလိုက်သည်။

“ဆရာနန္ဒရဲ့ ကျေးဇူးဟာ အင်မတန်ကြီးမားပါတယ်၊ ကျွန်တော်မျိုးတို့တစ်တွေ တောတွင်းမှာ ပုန်းအောင်းပြီး သုခနေကို ပုန်ကန်ခြင်းမှာ ခဲ့စဉ်က စည်းမရှိ–ကမ်းမရှိနဲ့ အချင်းချင်း သတ်လားဖြတ်လား လုပ်လိုလုပ်၊ အပြစ်မရှိတဲ့ လူတွေဆီက ပစ္စည်းလုလိုလု၊ ရွာတွေခင်ပြီး စားကြတိုက်လိုတိုက်နဲ့ ဖြစ်ချင်တိုင်း ဖြစ်ခဲ့ကြပါတယ် ... ဆရာနန္ဒ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်ကစပြီး တောတွင်းမှာ စည်းကမ်းသေဝပ်ပြီး အဓမ္မမှုတွေကို ရှောင်ရှားခဲ့ကြပါတယ် ... ခုဆိုရင် တောတွင်းမှာ အင်မတန် စည်းကမ်းရှိကြပြီး တစ်ယောက်အပေါ်မှာ တစ်ယောက် ညီရင်းအစ်ကိုလို ချစ်ခင်ကြင်နာကြပါတယ် ... ဒါတွေဟာ ဆရာနန္ဒရဲ့ မှန်ကန်တဲ့ ခေါင်းဆောင်မှုကြောင့်သာလျှင် ဖြစ်ပါတယ်"

အာဠာဝက က ဆက်ပြီး ပြောလိုက်ပြန်ရာ စန္ဒာဒေဝီ ဘုရင်မမှာ အနေရခက်၍ နေပေသည်။

ထိုအခိုက်တွင် စေတုတ္တရာ မြို့တော်ဘက်ဆီမှ စစ်ခရာသံများ ကြားရပြီး မြင်းခွာသံများ တစ်တောလုံး ဆူညံစွာ ကြားရပေသည်။

မကြာမီ တောအုပ်အတွင်းမှ မြင်းနက်ကြီးကိုစီးပြီး စစ်သည်တော်များကို ခေါင်းဆောင်၍လာသော ရန်အောင်မြို့စားကြီး ထွက်လာသည်ကို မြင်ရပေသည်။

ရန်အောင်မြို့စားကြီးသည် ဘုရင်မအား ဘေးမသီ ရန်မခဘဲ တွေ့ရှိသဖြင့် ဝမ်းသာအားရစွာဖြင့် ဘုရင်မ အနီးသို့ ချဉ်းကပ်လာပေသည်။

"ရန်အောင်မြို့စားကြီး ဘယ်ပျောက်သွားတာလဲ"

ဘုရင်မက ဆီးပြီး မေးလိုက်သည်။

"ရန်သူလက်ချက်နဲ့ မြင်းပေါ်က လိမ့်ကျသွားတာနဲ့ ရန်သူ့လက်တွင်းက လွတ်အောင်ထွက်ပြေးပြီး နန်းတော်ကို ရောက်တဲ့အခါမှာ ဘုရင်မရဲ့ စစ်သည်တော်တွေကို စုဆောင်းပြီး ဘုရင်မ နောက်ကို လိုက်ခဲ့ခြင်းဖြစ်ကြောင်းပါ"

ရန်အောင်မြို့စားကြီးက ဘုရင်မအား လျှောက်တင်လိုက်သည်။

"သူတို့တစ်တွေက ဘယ်သူတွေလဲ"

ရန်အောင်မြို့စားကြီးသည် ဘုရင်မ၏ ပတ်ဝန်းကျင်တွင် ရှိသော ဗိုလ်နန္ဒနှင့် တပည့်များကို လှမ်းကြည့်လိုက်သည်။



"အလို ... လက်စသတ်တော့ ရှုပတို့ပူစုပါလား၊ ဘုရင်မနဲ့ ဘယ်လိုလာပြီးတွေ့ကြတာလဲ ... ဘုရင်မက သူတို့ကို နှင်ထုတ်လိုက်လို့ လက်စားချေရအောင် ဒီက လာစောင့်နေကြတာလား၊ ဒီလိုဆိုရင် သူတို့တစ်တွေကို ဖမ်းဖို့ အမိန့်ပေးလိုက်ရမလား"

ရန်အောင်မြို့စားကြီးသည် သစ်ပင်ကိုမှီကာ လက်ပိုက်ပြီး ဘုရင်မအား စိန်းစိန်းကြီး ကြည့်နေသည့် ဗိုလ်နန္ဒနှင့် ဗိုလ်နန္ဒ၏ အနီးတွင် ရပ်နေသည့် တပည့်သုံးဦးအား မျက်မှောင်ကြုပ်ပြီး ကြည့်ရင်း ပြောလိုက်သည်။

"ဒီမှာ ရန်အောင်မြို့စားကြီး ဘုရင်မ အမိန့်တော်မှတ်ချေ၊ အမိန့်တော် နာခံ၊ ဘုရင်မရဲ့ မိုက်မဲမှုကြောင့် ဆင်ကန်းတောတိုး လုပ်မိတဲ့အတွက် ဘုရင်မနှင့်တကွ စေတုတ္တရာ နိုင်ငံတော်ကြီးပါ ရန်သူလက်တွင်းသို့ သက်ဆင်းရန် သီသီကလေး အလိုမှာ ဟောဒီက သူရဲကောင်း ၄ ဦးက ဘုရင်မအတွက် သူတို့ရဲ့အသက်ကို ပမာဏမထားဘဲ ရန်သူတွေကို တွန်းလှန်တဲ့အတွက် ဒီသူရဲကောင်း ၄ ဦးကို ဒီနေ့ကစပြီး ဘုရင်မရဲ့ ကိုယ်ရံတော်ဗိုလ်မှူးများအဖြစ် ခန့်အပ်တော်မူလိုက်သည်၊ ဤသူရဲကောင်း ၄ ဦးအား ရင်းတို့နှင့် ထိုက်တန်သော အဆောင်အယောင်များ ပေးသနားစေ၊ အမိန့်တော်"

ဘုရင်မက အမိန့်တော်မြွက်ချမှတ်လိုက်ရာ ရန်အောင်မြို့စားကြီးမှာ အံ့အားသင့်သွားပုံရပေသည်။

ရန်အောင်မြို့စားကြီးနှင့် ပါလာသော စစ်သည်တော်များမှာလည်း ဘုရင်မ၏ အမိန့်တော်ကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ဗိုလ်နန္ဒနှင့် တပည့်သုံးဦးအား ကောင်းချီးသြဘာပေးလိုက်ရာ တစ်တောလုံး ဆူညံသွားပေသည်။

အာဠာဝက၊ ကျော်ဓမ္မနှင့် နေမျိုးတို့မှာလည်း ဝမ်းသာအားရဖြစ်ကာ ဘုရင်မ၏ရှေ့တွင် ဒူးထောက်ပြီး အလေးပြုလိုက်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒမှာမူကား မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ပင် သစ်ပင်ကိုမှီပြီး ရပ်မြဲ ရပ်၍နေပေသည်။

"ကဲ ... ရန်အောင်မြို့စားကြီးနှင့်တကွ စစ်သူကြီး ဗန္ဓကနဲ့ သူ့ရဲ တောင်း ရဲဘော်အပေါင်းတို့ နန်းတော်ဆီသို့ ချီတက်ကြပါစို့၊ နန်းတော် အတွင်းသို့ ရောက်ရှိသည့်အခါ ဘုရင်မနှင့်တကွ စေတုတ္တရာ နိုင်ငံတော် ကြီးအား ကယ်တင်သည့် သူ့ရဲကောင်းများအား ချီးကျူးဂုဏ်ပြုပွဲ ကျင်းပ ကြတုန်အံ့"

ဘုရင်မသည် အမိန့်ပေးလိုက်ပြီးလျှင် စစ်သူကြီး ဗန္ဓက ဆွဲယူ လာသည့် မြင်းဖြူကြီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီးလျှင် နန်းတော် ဆီသို့ ချီတက်သွားပေရာ ရန်အောင်မြို့စားကြီးနှင့် စစ်သူကြီး ဗန္ဓက တို့က ဘုရင်မ၏ ဝဲယာမှ ကပ်လိုက်သွားလျက် ကျော်ဇေယျ၊ အာဥ္စာ တနှင့် နေမျိုးတို့သည် ဘုရင်မ၏ နောက်တော်ပါးမှ ထက်ကြပ်မကွာ လိုက်ပါသွားကြပေသည်။

ဗိုလ်နန္ဒမှာမူ ကျန် စစ်သည်တော်များနှင့်အတူ မလှမ်းမကမ်းမှ လိုက်ပါလာခဲ့ပေသည်။

လမ်းခရီးတွင် စန္ဒာဒေဝီ ဘုရင်မသည် နောက်သို့ လှည့်ကြည့် လိုက်ပြီး ကျော်ဇေယျအား မိမိအနီးသို့ ချဉ်းကပ်လာရန် အမိန့်ပေးလိုက် သဖြင့် ကျော်ဇေယျသည် ဘုရင်မ အပါးသို့ ချဉ်းကပ်သွားပေသည်။

"ကျော်ဇေယျ"

ဘုရင်မက နိဒါန်းပျိုးလိုက်သည်။

"အပါး၌ ရှိကြောင်းပါ"

ကျော်ဇေယျက ရိုသေစွာ ပြန်ဖြေလိုက်သည်။

"ကျော်ဇေယျရဲ့ ဆရာနန္ဒဟာ စကားအရာမှာ အင်မတန်ကြွယ်ဝ တယ်။ ဘုရင်မကိုပင်လျှင် အရှုံးမပေးဘဲ အနိုင်ယူသူ ဖြစ်တယ်။ ခပ် စောစောကဆိုရင် ဘုရင်မကို ပီသာလေးနဲ့ ဆားကို ထုတာထက် နာ



အောင်ပြောခဲ့တယ်၊ ဘုရင်မ ကိုယ်တော်တိုင် အမျက်တော်ထွက်ပြီး ထောင်သွင်းအကျဉ်းထားဖို့ ဒါမှမဟုတ် တိုင်းပြည်က နှင်ထုတ်ဖို့ ကြံစည် ခဲ့သေးတယ်၊ ဒါပေမဲ့ ကျော်ဇေယျတို့ရဲ့ မျက်နှာကို ထောက်ထားပြီး ဒီတစ်ခါတော့ ချမ်းသာခွင့်ပေးလိုက်တယ်။ နောက်နောင်ဆိုရင် ဘုရင်မ အမိန့်မပေးဘဲ ဘုရင်မ အပါးကို မကပ်ဖို့ သတိပေးထားစေချင်တယ်"

စန္ဒာဒေဝီ ဘုရင်မသည် ကျော်ဇေယျအား တိုးတိုး တိုးတိုးနှင့် မှာကြားပြီးသည်နှင့် တစ်ပြိုင်နက် မြင်းဖြူကြီးကို ကြိမ်တို့ကာ နန်းတော် ဆီသို့ ကဆုန်ပေါက်ပြီး ရှေ့ဆုံးမှ ချီတက်သွားပေရာ ဘုရင်မ၏ နောက် တော်ပါးမှ စစ်သည်တော် ဗိုလ်ပါများ တပျော်တပါးကြီး လိုက်ပါသွား ကြပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၁၉

ဘုရင်မ၏ နန်းတော်အတွင်းသို့ ကိုယ်ရံတော် ဗိုလ်မှူးအသစ်များ ရောက်ရှိလာပြီ ဆိုသည့်သတင်းမှာ စေတုတ္တရာ မြို့တော်တစ်ခုလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပေသည်။ ဘုရင်မအား ရန်သူများ၏ လက်တွင်းမှ ထယ်တင်လိုက်သည့် သူရဲကောင်းကြီးများအဖြစ် ဘုရင်မအပေါ်တွင် သစ္စာစောင့်သိ ရှိသေသူများက ကြည်ညိုလေးစားကြသလောက် နန်းတော်တွင်း၌ ကျက်စားလျက်ရှိသော သူ့လူကိုယ့်ဘက်သား သူလျှိုဒလန်များမှာ အနေကျုံ့သွားကာ သုခနေ့ထံမှ အမိန့်စောင့်ဆိုင်းရင်း လူမြွေရရ ငြိမ်သက်စွာ နေကြပေသည်။

တစ်နေ့သော နံနက်တွင် ဗိုလ်နန္ဒသည် ဘုရင်မ၏ အဆောင်တော်အနီးရှိ ပန်းဥယျာဉ်တွင် သင်းပျံ့မွှေးကြိုင်သည့် ပန်းရနံ့များကို ရှူရှိုက်ရင်း လူးလာပြန်ခေါက် လမ်းလျှောက်နေပေသည်။

ဘုရင်မသည် အိပ်ရာမှ နိုးလာပြီးနောက် လေသာပြတင်းမှ ဥယျာဉ်ဆီသို့ မျှော်ကြည့်လိုက်ရာ ဝီရိယကြီးစွာဖြင့် မိမိအား စောင့်ရှောက်လျက်ရှိသော ဗိုလ်နန္ဒအား လှမ်းမြင်လိုက်သဖြင့် အတန်ကြာအောင် ငေးစိုက်ကြည့်နေမိပေသည်။

ဗိုလ်နန္ဒမှာမူ ဘုရင်မကို မြင်သကဲ့သို့ တစ်ယောက်တည်း လူးလာပြန်ခေါက် လမ်းလျှောက်နေရာမှ ဘုရင်မ ထိုင်နေကျဖြစ်သည့် ထိုင်ခုံကလေးပေါ်တွင် ထိုင်ပြီး ဥယျာဉ်တော် မြောက်ဘက်ရှိ ဆရာတော်



ဦးကိတ္တိ၏ ကမ္မဋ္ဌာန်းထိုင်သည့် အုတ်ဂူကလေး ရှိရာသို့ ငေးစိုက်ကြည့်နေသည်ကို တွေ့ရပေသည်။

မကြာမီ စန္ဒာဒေဝီ ဘုရင်မသည် ဝတ်လဲတော်များ လဲပြီးလျှင် ဥယျာဉ်တော်အတွင်းသို့ ဆင်း၍လာသည်ကို ဗိုလ်နန္ဒ မြင်လိုက်သောအခါ ထိုင်ခုံပေါ်မှထ၍ ဘုရင်မအား ဆီးကြိုလိုက်ပေသည်။

"ဘုရင်မရဲ့ နန်းတော်ထဲမှာ နေရတာ ပျော်ရဲ့လား"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား မေးလိုက်သည်။

"ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရမယ် ဆိုတဲ့စကားအရ တော်ရာမှာ နေရတဲ့အတွက် ကျေနပ် နှစ်သက်လှပါတယ်"

"ဒါနဲ့ မောင်ရှုပ ဟိုတလောတုန်းက တောတွင်းမှာ ဘုရင်မကို မိုက်မဲတယ်လို့ မောင်ရှုပ ပြောတာ မှတ်မိသေးသလား"

"ကောင်းကောင်းကြီး မှတ်မိပါတယ်"

"ဘုရင်မကို မိုက်မဲတယ်လို့ ဘယ်သူမှ မပြောဝံ့ဘူး ဆိုတာ မောင်ရှုပ မသိဘူးလား"

"သိပါတယ်၊ မိုက်မဲတာကို မိုက်မဲတယ်လို့ မပြောဝံ့တဲ့လူဟာ ဘုရင်မရဲ့ မိတ်ဆွေအစစ် မဟုတ်ပါဘူး၊ ဘုရင်မအပါးမှာကပ်ပြီး ဘုရင်မကို ချောက်တွန်းနေတဲ့ လူတွေသာ ဖြစ်ပါတယ်"

"သယ် ... ဘုရင်မ အပေါ်မှာ သစ္စာရှိတဲ့လူတွေကို ဒီလို ပြောရသလား"

"ဘုရင်မ အပေါ်မှာ သစ္စာရှိသူမှန်ရင် ဘုရင်မ မှားတာကို မှားတယ်လို့ ရဲရဲကြီး ပြောဝံ့ရပါမယ်။ ကိုယ်ကျိုးငဲ့ပြီး ဘုရင်မရဲ့အလိုလိုက်နေသူတွေဟာ ဘုရင်မအပေါ်မှာ သစ္စာရှိတယ်လို့ မဆိုနိုင်ပါဘူး"

"မောင်ရှုပက စကားတတ်တိုင်း လှည့်ပတ် ပြောဆိုနေတာကိုး"

"စကားတတ်တိုင်း ပြောဆိုနေခြင်း မဟုတ်ပါ၊ ဘုရင်မဟာ သာမန်အရပ်သူ မဟုတ်ဘူးဆိုတာ ဘုရင်မ သတိမေ့နေလို့ သတိပေးနေ

www.burmeseclassic.com



ရခြင်း ဖြစ်ပါတယ်၊ အာဏာ ဆိုတာဟာ လူကို ဖျက်ဆီးတတ်ပါတယ်။ အတိုင်းအထွာမရှိတဲ့ အာဏာဟာ လူကို အတိုင်းအထွာမရှိအောင် ဖျက်ဆီးတတ်ပါတယ်။ ဘုရင်မကို ဖျက်ဆီးနေတာဟာ အခြား မဟုတ်ပါဘူး၊ အာဏာပါပဲ။ အာဏာက ဘုရင်မကို မဖျက်ဆီးနိုင်အောင် ဘုရင်မရဲ့ အမှားတွေကို ထုတ်ဖော်နေခြင်းသာ ဖြစ်ပါတယ်။ ဘုရင်မဟာ ဘာပဲလုပ်လုပ် ဘုရင်မ တစ်ဦးတည်းကိုသာ ထိခိုက်စေတာ မဟုတ်ဘူးဆိုတာ ဘုရင်မ သတိပြုဖို့ လိုပါတယ်၊ အရပ်သားတစ်ယောက် အမှားတွေ လျှောက်လုပ်နေလို့ ဘယ်သူ့ကိုမှ မထိခိုက်ဘူး၊ ဘုရင်မ တစ်ချက်မှားသွားရင် တိုင်းပြည်တစ်ခုလုံး ငါးပါးမှောက်နိုင်တယ်ဆိုတာကို သတိရပါစေတော့လို့ ကရုဏာဒေါသောနဲ့ သတိပေးခြင်းသာ ဖြစ်ပါတယ်"

ဗိုလ်နန္ဒက ပြန်ပြီးပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား အတန်ကြာ စိုက်ကြည့်နေပေသည်။

"မောင်ရှပ ပြောတဲ့ စကားတွေ သိပ်မှန်တာပဲ၊ ဒါပေမဲ့ မိန်းမသားတစ်ယောက်အနေနဲ့ ကြီးလေးတဲ့ နိုင်ငံရဲ့တာဝန်ကို ထမ်းရွက်နေရတော့ တစ်ခါတစ်ခါ စိတ်လိုက်မာန်ပါ လုပ်မိတယ်၊ တစ်ခါတစ်ခါတော့လည်း စိတ်အားငယ်မိတယ်"

စန္ဒာဒေဝီ ဘုရင်မသည် ညိုးငယ်သည့်မျက်နှာဖြင့် ပြန်ပြောလိုက်သည်။

"ဒါကြောင့် ဘုရင်မရဲ့တာဝန်ကို လွှဲပြောင်းယူနိုင်မယ့် ယောကျ်ားကောင်း တစ်ယောက်ကို ရွေးချယ်ပြီး ကြင်ဖက်တော် မြှောက်စားဖို့ ကျွန်တော် အကြံပေးနေခြင်း ဖြစ်ပါတယ်"

"လာပြန်ပြီလား ... ဒီကြင်ဖက်တော်အကြောင်း မပြောစမ်းနဲ့ — နားခါးလွန်းလို့"

"ကျွန်တော်က ဘုရင်မနဲ့ စေတုတ္တရာ နိုင်ငံတော် အကျိုးအတွက် အကြံပေးနေခြင်းသာ ဖြစ်ပါတယ်၊ မိန်းမသား အုပ်စိုးတဲ့ နိုင်ငံဆိုရင် စော်ကားချင်တဲ့လူတွေ များလွန်းလို့ သတိပေးနေတာပါ"



"အို ... ဒီအကြောင်းတွေ ပြောမနေစမ်းပါနဲ့၊ ဒီအကြောင်းတွေ ပြောရင် ဘုရင်မရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘူး ... တစ်ခါတစ်ခါ ဘုရင်မဟာ ယောကျ်ားဖြစ်ရင် သိပ်ကောင်းမှာပဲလို့ စဉ်းစားမိတယ် ... တိုင်းပြည်ရဲ့တာဝန်ကို ထမ်းရွက်ရတာလည်း တစ်ခါတစ်ခါ ငြီးငွေ့သလိုလို ဖြစ်လာတယ်၊ ဒါကြောင့် တစ်ခါတစ်ခါကျရင် ဘုရင်မ ထမ်းရွက်နေတဲ့ တာဝန်တွေကို မေ့မေ့ပျောက်ပျောက် ဖြစ်အောင်လို့ အရပ်သူ မာလာအဖြစ် အထိန်းတော်ကြီးဆီ သွားနေတာပါ၊ ဘုရင်မ အဖြစ်နဲ့ မနေရတဲ့ အရသာဟာ သိပ်ပြီး အရသာရှိတယ်လို့ ဘုရင်မ ထင်မိတယ်"

"ဒါပေမဲ့ ဘုရင်မဟာ ဘုရင်မသာလျှင် ဖြစ်တဲ့အတွက် ဘုရင်မရဲ့တာဝန်ကို ရှောင်ဖယ်လို့ မရနိုင်ဘူး ဆိုတာကိုတော့ သတိပြုစေချင်ပါတယ်"

"ဒါကိုချည်း ထပ်တလဲလဲ သတိပေးမနေစမ်းပါနဲ့ ... ဒီမှာ — မောင်ရှပ ... တောတွင်းမှာ မောင်ရှပနဲ့ ဘုရင်မ ပထမဆုံး တွေ့ကြတုန်းက ဘုရင်မကို အရပ်သူ မာလာအဖြစ် အစ်ကိုကြီးက ညီမလေးကို ဆုံးမသလို ဆုံးမခဲ့တာတွေကို မှတ်မိသေးတယ် မဟုတ်လား"

"ကောင်းကောင်းကြီး မှတ်မိပါတယ်"

"အဲဒီတုန်းက အဖြစ်အပျက်ကို ပြန်ပြီးစဉ်းစားမိတိုင်း ဘုရင်မရဲ့ စိတ်ဟာ ကြည်လင်ရွှင်လန်းလာတာပဲ ... ဒီတော့ကာ ခုလို မနက်စောစော သာသာယာယာရှိတဲ့အချိန်မှာ ဘုရင်မကို အရပ်သူ မာလာ အဖြစ် သဘောထားပြီး အစ်ကိုကြီးက ညီမလေးကို ဩဝါဒပေးသလို ပေးစမ်းပါလား"

"မဖြစ်နိုင်တာကို မခိုင်းစမ်းပါနဲ့ ... ဟိုတုန်းက ဘုရင်မမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိဘဲ တကယ်အရပ်သူထင်ပြီး ပြောဆိုခဲ့မိခြင်း ဖြစ်ပါတယ်၊ ပြီးတော့ ခုလို အရေးကြီးတဲ့ အချိန်အခါမျိုးမှာ အချိန်ကို အလဟဿ ဖြုန်းတီးဖို့ မသင့်ပါဘူး၊ အစ်ကိုကြီး ညီမလေး လုပ်တမ်းကစားဖို့ အချိန်အခါလည်း မဟုတ်ပါဘူး"

ဗိုလ်နန္ဒက ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။

ထိုအခိုက်တွင် ဉယျာဉ်တော်၏ အပြင်ဘက်ရှိ လူသွားလမ်းလေးမှ ဦးပဉ္ဇင်းတစ်ပါးသည် ဆရာတော် ဦးကိတ္တိ၏ ကမ္မဋ္ဌာန်းဂူလေးရှိရာသို့ စိုက်စိုက် စိုက်စိုက်နှင့် သွားနေသည်ကို မြင်လိုက်သဖြင့် ဗိုလ်နန္ဒသည် ထိုဦးပဉ္ဇင်းအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေပေသည်။

"ဆရာတော် ဦးကိတ္တိဆိုတာ ဟိုဘုန်းကြီးလား"

ဗိုလ်နန္ဒသည် ဘုရင်မအား မေးလိုက်သည်။

"မဟုတ်ပါဘူး ... ဆရာတော် ဦးကိတ္တိရဲ့တပည့် ဦးပဉ္ဇင်း ဦးသံဝရပါ"

"ဘာကိစ္စနဲ့ ဒီနန်းတော်ထဲကို လာရတာလဲ"

"ကမ္မဋ္ဌာန်းထိုင်ဖို့ လာတာနဲ့ တူပါတယ် ... ဒီနေရာကို လာနေတာပဲ"

"ဒီနေရာမှာ ဘာဖြစ်လို့ ကမ္မဋ္ဌာန်းဂူ ဆောက်ထားရတာလဲ၊ နန်းဦး ကျောင်းဝင်းထဲမှာ ဆောက်ထားရင် ဖြစ်နိုင်သားပဲ"

"ဆရာတော် ဦးကိတ္တိက တိတ်တိတ်ဆိတ်ဆိတ် ကမ္မဋ္ဌာန်းထိုင်ချင်တယ်ဆိုလို့ ဘုရင်မက ဆောက်ပြီး လှူဒါန်းထားတာပါ"

ထိုသို့ အချေအတင် ပြောဆိုနေစဉ် ဦးပဉ္ဇင်း ဦးသံဝရသည် ကမ္မဋ္ဌာန်းအုတ်ဂူတံခါးကိုဖွင့်ပြီး ဝင်သွားသည်ကို မြင်ရသဖြင့် ဗိုလ်နန္ဒသည် ဘုရင်မကိုပင် နှုတ်ခွန်းမဆက်နိုင်တော့ဘဲ ကမ္မဋ္ဌာန်းအုတ်ဂူရှိရာသို့ လျင်မြန်ဖျတ်လတ်စွာ ထွက်ခွာလာပြီးလျှင် ဦးပဉ္ဇင်း ဦးသံဝရ၏ နောက်မှကပ်ပြီး ကမ္မဋ္ဌာန်းဂူထဲသို့ ဝင်လိုက်သွားပေသည်။



မကြာမီ ဗိုလ်နန္ဒသည် ဦးပဉ္ဇင်း ဦးသံဝရအား ပခုံးပေါ်တွင် ထမ်းပြီး ကမ္မဋ္ဌာန်းအုတ်ဂူထဲမှ ထွက်လာသည်ကို မြင်ရပြီး ဉယျာဉ်တော်ဘက်သို့ လျင်မြန်စွာ ပြေးလာသည်ကို မြင်ရသဖြင့် ဘုရင်မသည် ကြက်သေ သေကာ ငေးစိုက်ကြည့်နေမိပေသည်။

အနီးရောက်သောအခါ ဦးပဉ္ဇင်း ဦးသံဝရ၏ ပါးစပ်တွင် သင်္ကန်းဖြင့် ပိတ်ဆို့ထားသည်ကို တွေ့ရမြင်ရသည်သာမက သင်္ကန်းဖြင့် လက်ပြန်ကြိုးတုပ်ခါ ခြေနှစ်ဖက်ကိုလည်း သင်္ကန်းစဖြင့်ပင် စည်းနှောင်ထားသည်ကို တွေ့ရသဖြင့် အံ့အားသင့်သည်ထက် သင့်သွားပေသည်။

"မောင်ရှုပ ... ဘယ်လို ဖြစ်လာတာလဲ၊ ဦးပဉ္ဇင်းကို ဘာဖြစ်လို့ ကြိုးနဲ့တုပ်နှောင်ပြီး ဖမ်းလာရတာလဲ ... ချက်ချင်း လွှတ်ပစ်လိုက်ပါ"

ဘုရင်မက ဆီးပြီး အမိန့်ပေးလိုက်သည်။

"လွှတ်ပစ်လို့ မဖြစ်ဘူး ... ဘာကြောင့် ဖမ်းလာတယ်ဆိုတာ နောက်တော့ ရှင်းပြပါ့မယ်"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို ထိုက်များကို ကြိုးနှင့်တုပ်သလို တုပ်နှောင်ပြီး ပခုံးပေါ်တွင်ထမ်းကာ ဖမ်းဆီးလာသော ဦးပဉ္ဇင်း ဦးသံဝရအား ဘုရင်မ ထိုင်နေကျ ခုံတန်းကလေးအောက်သို့ ထိုးသွင်းထားလိုက်ပေသည်။

"ဘုရင်မရဲ့ ဦးပဉ္ဇင်းဟာ ဦးပဉ္ဇင်းအစစ် မဟုတ်ဘူး၊ သင်္ကန်းဝတ်နေတဲ့ သူမနေရဲ့ သူလျှိုသာ ဖြစ်တယ်၊ မယုံရင်လာ ဘုရင်မကိုယ်တိုင် လိုက်ကြည့်ပါလား"

ဗိုလ်နန္ဒသည် ဘုရင်မအား ကမ္မဋ္ဌာန်းဂူလေးရှိရာသို့ ခေါ်သွားပေရာ ဘုရင်မသည် ဗိုလ်နန္ဒ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားပေသည်။

ကမ္မဋ္ဌာန်းထိုင်သည့် အုတ်ဂူကလေးထဲတွင် ဘုရားစင်နှင့် သဗ္ဗာယ်

www.burmeseclassic.com

www.burmeseclassic.com



သော ကျောက်ဆင်းတုတော်ရှေ့တွင် လတ်ဆတ်သည့် ပန်းများ ကပ်ထားသည်ကို တွေ့ရပေသည်။

ဘုရားစင်အောက်ဘက်ရှိ အုတ်ခုံကလေးပေါ်တွင် မီးသွေးဖြင့်ကြက်ခြေခတ်ထားသည့်နေရာကို ဗိုလ်နန္ဒက ပြလိုက်ရာ စန္ဒာဒေဝီဘုရင်မသည် ကြက်ခြေခတ်ထားသည့် နေရာကို ဂရုတစိုက် လေ့လာကြည့်ရှုနေပေသည်။

"ကြက်ခြေခတ်ပြီး ထားတာက ဘာသဘောလဲ"

ဘုရင်မက မေးလိုက်သည်။

"ကြက်ခြေခတ် ပြထားတဲ့ နေရာတည့်တည့် ဘုရင်းစင်အောက်ကို ကြည့်လိုက်စမ်း ... ဘာတွေ တွေ့သလဲ"

ဗိုလ်နန္ဒက ဘုရားစင်အောက်သို့ လက်ညှိုးထိုးပြလိုက်သည်။

ဘုရားစင်နှင့် ကြမ်းပြင်ကြားတွင် လက်သန်းတစ်လုံးစာ နေရာလပ်တစ်ခု ရှိသည်ကို ပထမဦးစွာ သတိပြုမိပေသည်။ အဆိုပါ နေရာလပ်အောက်သို့ ကြည့်လိုက်သောအခါ ပုရပိုက်ခေါက်တစ်ခုကို တွေ့ရသဖြင့် ထိုပုရပိုက်ခေါက်ကို ဆွဲထုတ်ရန် ဘုရင်မက ရှေ့သို့ တစ်လှမ်းတိုးလိုက်ရာ ဗိုလ်နန္ဒက ကာဆီးထားလိုက်သည်။

"ဒီပုရပိုက်ခေါက်က ဘာလဲ"

ဘုရင်မက မေးလိုက်သည်။

"စောစောက ဦးပဍင်း ဦးသံဝရ ယူလာတဲ့ ပုရပိုက်ပါ၊ အဲဒီပုရပိုက်ထဲမှာ သူလျှိုအချင်းချင်း လျှို့ဝှက်ညွှန်ကြားချက်တွေ ပါတယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"လျှို့ဝှက်ညွှန်ကြားချက် ပါတယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိသလဲ"

ဘုရင်မက ပြန်မေးလိုက်သည်။

"စောစောက ကျွန်တော် ဖတ်ကြည့်လို့ သိတာပေါ့ ... ဒီပုရပိုက်



ဟာ သူတို့ထဲက လူတစ်ယောက်ယောက်အတွက် ဒီနေရာမှာ လာထားတာ ဖြစ်ရမယ်၊ ဒီပုရပိုက် လာထားတဲ့ ဦးသံဝရဟာ သုခနေရဲ့ ဘက်တော်သား သူလျှိုပဲ ဖြစ်သလို၊ ပုရပိုက်ကို လာယူတဲ့လူဟာလည်း သူလျှိုပဲ ဖြစ်ရမယ်၊ ပုရပိုက် လာယူတဲ့လူကို ချောင်းဖမ်းချင်လို့ ဒီပုရပိုက်ကို သူ့နေရာမှာသူ နေရာမပျက် ပြန်ထည့်ထားတာပါ"

ဗိုလ်နန္ဒက ရှင်းပြလိုက်သည်။ သို့ရာတွင် ဘုရင်မသည် ဗိုလ်နန္ဒရှင်းပြချက်ကို ကျေနပ်ပုံမရဘဲ ဗိုလ်နန္ဒအား အသာတွန်းဖယ်လိုက်ခါ ဘုရားစင်အောက်မှ ပုရပိုက်ကိုယူပြီး ပုရပိုက်တွင် ရေးသားထားသည့် စာများကို ဖတ်ရှုနေပေရာ ဗိုလ်နန္ဒသည် စိတ်ပျက်သည့် အမူအရာဖြင့် သက်ပြင်းမှုတ်ထုတ်ရင်း ဘုရင်မကို ကြည့်လိုက်၊ ဥယျာဉ်တော်ဘက်ကို ကြည့်လိုက်နှင့် ကျိုးကန်းတောင်းမှောက် ဖြစ်၍နေပေသည်။

"မောင်ရှုပ ... ဒီစာထဲမှာ မောင်ရှုပကို သုတ်သင်ပစ်ရမယ်လို့ ပါတယ်၊ စာကို ဖတ်ကြည့်ပြီးပြီလား"

ဘုရင်မသည် စာကိုကြည့်နေရာမှ ဗိုလ်နန္ဒအား မေးလိုက်သည်။

"ဖတ်ပြီးပါပြီ ... ကျွန်တော့်ကို သုတ်သင်ပစ်ရမယ် ဆိုတာ အထူးအဆန်း မဟုတ်ပါဘူး"

"ဒါလား မထူးဆန်းတာ ... ပြီးတော့ ဒီမှာ ဆက်ဖတ်ကြည့်စမ်း၊ ဘုရင်မဖြင့် အဓိပ္ပာယ်တောင် ကောင်းကောင်း နားမလည်ဘူး"

ဘုရင်မသည် ပုရပိုက်မှ စာများကို ဗိုလ်နန္ဒအားပြရင်း ပြောလိုက်သည်။

"အဓိပ္ပာယ်သိဖို့ မသိဖို့ထက် ဒီပုရပိုက်ကို လာယူတဲ့ သူလျှိုကို မိအောင်ဖမ်းဖို့က ပိုပြီးအရေးကြီးပါတယ်၊ ဒီပုရပိုက်ကို သူ့နေရာမှာသူ ပြန်ထားပြီး ကျွန်တော်တို့ ပုန်းနေကြရင် ကောင်းမယ်ထင်တယ်"

ဗိုလ်နန္ဒသည် ဟိုဟိုဒီဒီ ကျိုးကန်းတောင်းမှောက်ကြည့်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး စာကို ဆုံးအောင်ဖတ်ပါရစေဦး"

ဘုရင်မသည် ဗိုလ်နန္ဒ ပြောသောစကားကို ဂရုမစိုက်ဘဲ ပုရပိုက်တွင် ပါရှိသည့် စာကို အသံထွက်အောင် ဖတ်၍နေပေသည်။

"ဗိုလ်နန္ဒခေါ် ငရူပကို တွေ့ရာသချိုင်း ဓားမဆိုင်းစေနှင့်၊ ငရူပသည် အကြီးဆုံးသောရန်သူဖြစ်၍ အဆောတလျင် သုတ်သင် ရှင်းလင်းပစ်ရမည်။ လဆုတ်ပက္ခ ၁၅ ရက် ခုနစ်စဥ်ကြယ်ပြောင် အမြီးထောင်ချိန်တွင် နန်းမြင့်မှ မီးရောင်ကို မြင်ရလိမ့်မည်။ ထိုအချိန်တွင် တစ်မြို့လုံး မီးဟုန်းဟုန်းတောက်စေရမည်။ မြို့ရိုးတံခါးများ အတားအဆီးမရှိစေနှင့်။ ခုနစ်စဥ်ကြယ်ပြောင် အမြီးထောင်လျှင် အားလုံး အသင့်ရှိကြစေ"

ဘုရင်မသည် စာကို တစ်လုံးချင်းဖတ်ပြီး အဓိပ္ပာယ်ကို နားမလည်သဖြင့် မျက်မှောင်ကြုတ်ပြီး စဥ်းစားနေပေသည်။

"ဒီစာရဲ့ အဓိပ္ပာယ်ကို ပြောပြစမ်းပါ"

"စာရဲ့အဓိပ္ပာယ်က အရေးမကြီးပါဘူး၊ ဒီစာ လာယူမယ့် သူလျှိုကို မိအောင်ဖမ်းဖို့က ပိုပြီး အရေးကြီးပါတယ်၊ ဒီစာကို သူ့နေရာသူ ပြန်ထားလိုက်ရင် ပိုကောင်းပါလိမ့်မယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒီစာကို လက်ဆုပ်လက်ကိုင် မိထားပြီးသားဥစ္စာ၊ ဘာဖြစ်လို့ ပြန်ထားရမှာလဲ၊ ခုချက်ချင်း သက်တော်ရှည်အမတ်ကြီးနဲ့ အတွင်းဝန်ကို ခေါ်ပြီး ဒီကိစ္စ ဘယ်လိုအရေးယူရမလဲဆိုတာ ဆွေးနွေးတိုင်ပင်ရလိမ့်မယ်"

ဘုရင်မသည် ပုရပိုက်ခေါက်ကို ပြန်မထားဘဲ လက်ထဲတွင် ဆုပ်ကိုင်ရင်း ပြောလိုက်ရာ ဗိုလ်နန္ဒမှာ စိတ်မရှည်နိုင်တော့ဘဲ ဘုရင်မ၏လက်မှ ပုရပိုက်ခေါက်ကို လုယူလိုက်ပြီး ဘုရားစင်အောက်သို့ ပြန်သွင်းထားလိုက်သည်။



"လာ ... သွားကြပါစို့၊ ကျွန်တော်တို့ကိုမြင်ရင် သူလျှိုတွေ လာမှာမဟုတ်ဘူး၊ တစ်နေရာမှာပုန်းပြီး ချောင်းဖမ်းကြရအောင်"

ဗိုလ်နန္ဒက ဘုရင်မအား အတွင်းခေါ်၍နေပေသည်။

"ပုရပိုက်ခေါက်ကို ပြန်ပေးပါ၊ ဘာဖြစ်လို့ ဘုရားစင်အောက်ကို ပြန်ထားလိုက်ရတာလဲ"

ဘုရင်မသည် စိတ်ဆိုးသည့် အမူအရာဖြင့် ခြေဆောင့်ပြီးပြောရင်း ပုရပိုက်ခေါက်ကို ဘုရားစင်အောက်မှ ထုတ်ယူရန် ဟန်ပြင်လိုက်သည်။

သို့ရာတွင် ဗိုလ်နန္ဒသည် ဘုရင်မ၏ရှေ့မှ တားဆီးထားလိုက်သည်သာမက ဘုရင်မ ပါးစပ်ကို လက်ဝါးဖြင့်ပိတ်ပြီး ကလေးငယ်အား မိခင်က ပွေ့ချီလိုက်သကဲ့သို့ ပွေ့ချီလိုက်ပြီးလျှင် အုတ်ဂူကလေး အပြင်ဘက်သို့ ခေါ်သွားပြီးလျှင် ချုံကွယ်တစ်ခုတွင် ၂ ယောက်သား ဝပ်၍နေကြပေသည်။

"အသံမပြုပါနဲ့၊ ဟိုမှာ လူတစ်ယောက် လာနေတာ မြင်ရတယ်"

ဗိုလ်နန္ဒသည် ဘုရင်မအား သတိပေးလိုက်ရာ ဘုရင်မသည် အော်ဟစ်မည်ပြုရာမှ ခပ်လှမ်းလှမ်းမှ လာနေသူ တစ်ယောက်ကို မြင်လိုက်သဖြင့် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ထိုသူအား စိုက်ကြည့်နေပေသည်။

ကမ္ဗောဇ္ဈာန်းအုတ်ဂူကလေး ရှိရာသို့ တောင်ကြည့်မြောက်ကြည့်နှင့် လာနေသူမှာ အခြားမဟုတ်၊ ဘုရင်မ၏ ဥယျာဉ်မှူး ပုဂံကျွဲဆိုသူဖြစ်နေသည်ကို တွေ့ရသဖြင့် ပိုပြီး စိတ်ဝင်စားစွာ စိုက်ကြည့်နေပေသည်။ ပုဂံကျွဲသည် လက်တွင် ပန်းစည်းများ ကိုင်လာသည်ကို သတိပြုမိပေသည်။

ပုဂံကျွဲသည် ကမ္ဗောဇ္ဈာန်းအုတ်ဂူရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီး အုတ်ဂူအဝသို့ ရောက်သောအခါ တောင်မြောက်

www.burmeseclassic.com

www.burmeseclassic.com



လေးပါးကို ကြည့်ပြီးမှ အသာစေ့ထားသည့် အုတ်ဂူတံခါးကိုဖွင့်ကာ အတွင်းသို့ ဝင်သွားသည်ကို တွေ့ရပေသည်။

ပုပုကွကွ ပုဂံကျွဲသည် ကမ္ဗောဇ္ဈာန်းအုတ်ဂူအတွင်းသို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ဘုရားစင်အနီးသို့သွားပြီး ဘုရားစင်ရှေ့ရှိ ဝန်းအိုးထဲတွင် မိမိယူလာသည့် ပန်းစည်းများကို စိုက်ထားပြီး ဟိုဟိုဒီဒီ ကျိုးကန်းတောင်းမှောက်ကြည့်ပြီး လူရိပ်လူခြည် မမြင်သဖြင့် ကြက်ခြေခတ်ထားသည့် နေရာတည့်တည့်ရှိ ဘုရားစင်အောက်သို့ လက်နှိုက်ခါ ဝုရုပ်ကိုက်ခေါက်ကို ဆွဲထုတ်ယူလိုက်ကာ ခါးပိုက်ထဲသို့ ကပျာကယာထည့်လိုက်ပြီးလျှင် ဣန္ဒြေမပျက် ထွက်၍လာခဲ့ပေသည်။ ကမ္ဗောဇ္ဈာန်းအုတ်ဂူ အပြင်ဘက်သို့ ရောက်သောအခါ တံခါးကို ပြန်စေ့လျက် ဟိုဟိုဒီဒီ ကြည့်ကာ ဘုရင်မ၏ ဥယျာဉ်တော်သို့ ထွက်လာမည်အပြုတွင် ချုံကွယ်တွင် ပုန်းအောင်းနေသည့် ဗိုလ်နန္ဒသည် လွှားခနဲ ခုန်ထွက်ကာ သမင်ကို ကျားအုပ်သလို ပုဂံကျွဲအား အုပ်၍ဖမ်းလိုက်ပြီး၊ ၎င်း၏ခါးမှ ဝုရုပ်ကိုက်ခေါက်ကို နှိုက်ယူလိုက်ပေသည်။

"ဒီစာကို ဘယ်သူ့ဆီ ယူသွားမလို့လဲ မှန်မှန်ပြောစမ်း ... မှန်မှန်မပြောရင် ဒီနေရာမှာ အသက်ထွက်သွားမယ်"

ဗိုလ်နန္ဒသည် ပုဂံကျွဲ၏ လည်ပင်းကို မိမိ၏ သန်မာသော လက်မောင်းဖြင့် လိမ်ပြီးဖမ်းထားရင်း မေးလိုက်သည်။

"သစ္စာဖောက် ငနန္ဒ ငါ့ကိုလွှတ်၊ ခုချက်ချင်းလွှတ်၊ မင်းဟာ သာယာရွှေပြည် သီဟရာဇာ ဘုရင်က လွှတ်လိုက်တဲ့ သူလျှိုဆိုတာ ငါသိတယ်၊ ဘုရင်မကို လျှောက်တင်လိုက်ရင် မင်း ကြိုးစင်တက်ရလိမ့်မယ်ဆိုတာ နားမလည်ဘူးလား၊ ငါ့ကို လွှတ်မလား မလွှတ်ဘူးလား ဒါပဲပြော"

ပုဂံကျွဲမှာ ပုပုကွကွနှင့် လူစဉ်မမီသူတစ်ဦးဟု ထင်ရသော်လည်း နာမည်နှင့်လိုက်အောင် ဗလကောင်းသူတစ်ဦး ဖြစ်သဖြင့် ဗိုလ်



နန္ဒ၏လက်မှ လွတ်အောင် ရုန်းကန်ရင်း ပါးစပ်မှလည်း တတွတ်တွတ်နှင့် ဗိုလ်နန္ဒအား ခြိမ်းခြောက်နေပေသည်။

ထိုအခိုက်တွင် စန္ဒာဒေဝီ ဘုရင်မသည် ချုံကွယ်တွင် ပုန်းအောင်းနေရာမှ ထွက်လာပေသည်။

"မောင်ရှုပ သူ့ကို လွှတ်လိုက်ပါ၊ လူစဉ်မမီတဲ့သူကို ဒါလောက်တောင် မညှဉ်းဆဲချင်ပါနဲ့"

ဘုရင်မက ပုဂံကျွဲအားလွှတ်ရန် အမိန့်ပေးလိုက်သည်။ သို့ရာတွင် ဗိုလ်နန္ဒသည် ဘုရင်မ အမိန့်ပေးနေသည်ကို မကြားသည့်အမှုအရာဖြင့် ပုဂံကျွဲ၏ လည်ပင်းကို အစ်သည်ထက်အစ်အောင် လက်မောင်းဖြင့် တအားညှစ်ထားလိုက်သည်။

"ကဲ–ခွေးမသား ငါမေးနေတာကို ပြောစမ်း၊ ဒီစာ ဘယ်သူ့ကို သွားပေးမလို့လဲ"

ဗိုလ်နန္ဒသည် စောစောက မေးခွန်းကိုပင် ပြန်မေးလိုက်သည်။

ပုဂံကျွဲမှာမူ ဗိုလ်နန္ဒ မေးခွန်းကို မဖြေဘဲ ဗိုလ်နန္ဒ၏လက်မှ လွတ်မြောက်ရန် အတင်းရုန်းကန်နေရာမှ ခါးကြားတွင်ဝှက်ပြီးယူလာသည့် ဓားမြှောင်ကို ရုတ်တရက် ဆွဲထုတ်လိုက်ပြီး မီးရာကို လှမ်းထိုးလိုက်ရာ ဗိုလ်နန္ဒ၏လက်မောင်းကို ထိသွားသဖြင့် လက်ကို အရှိန်လိုက်တွင် ပုဂံကျွဲသည် ဗိုလ်နန္ဒလက်မှ ရုန်းကန်ထွက်ပြေးလေသည်။

ဗိုလ်နန္ဒသည် လက်မှဒဏ်ရာကို ဂရုမစိုက်နိုင်ဘဲ ရှေ့မှထွက်ပြေးသော ပုဂံကျွဲ၏နောက်သို့ ပြေးလိုက်ရင်း လက်ခေါက် ၂ ချက်ဆင့်ပြီး မှုတ်လိုက်ရာ ရှူးခနဲ အသံတစ်သံ ကြားလိုက်ရပြီး ပုဂံကျွဲ၏ ခြေသလုံးကို မြားတစ်စင်း လာစိုက်သဖြင့် ပုဂံကျွဲသည် ရှေ့သို့ မပြေးနိုင်ဘဲ မှောက်လျက်သား လဲကျသွားသည်ကို တွေ့ရသည်။

ပုဂံကျွဲ မြားမှန်ပြီး လဲကျသွားသည်ကို မြင်လိုက်သောအခါ ဘုရင်မသည် လန့်ပြီး အော်လိုက်မိပေသည်။ မြားလာရာသို့ မျှော်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ ဘုရင်မ၏ ဥယျာဉ်တော်အစွန်းရှိ မြင့်မားသော သစ်ပင်ကြီးပေါ်တွင် လေးကိုင်ကာ ထိုင်နေသည့် ဗိုလ်နေမျိုးကို မြင်လိုက်ရလေသည်။

"မောင်ရှုပ ရက်စက်လှချည့်လား၊ လူစဉ်မမီတဲ့ ဥယျာဉ်မှူးကို ဘာဖြစ်လို့ မြားနဲ့ပစ်ပြီး အသတ်ခိုင်းရတာလဲ"

ဘုရင်မက ဗိုလ်နန္ဒအား အပြစ်တင်လိုက်သည်။

"ဒါ ရက်စက်တာလား ... ကျွန်တော့်ကို ဓားနဲ့ထိုးသွားတာကိုလည်း ကြည့်ဦးမှပေါ့၊ ပြီးတော့ ... ဘုရင်မရဲ့ စေတုတ္တရာ နိုင်ငံတော်ကို လုပ်ကြံဖို့ ကြံစည်နေတဲ့ သူလျှိုတစ်ယောက်ကို ဒီအတိုင်း လွှတ်ထားရမှာလား၊ သူလျှိုတစ်ယောက်ရဲ့အသက်ထက် ဘုရင်မနဲ့တကွ အပြစ်မရှိတဲ့ ဘုရင်မရဲ့ နိုင်ငံတော်သူ နိုင်ငံတော်သားတွေရဲ့ အသက်ကို ငဲ့ကွက်ရမယ် မဟုတ်ဘူးလား၊ သူ့ကို လွှတ်လိုက်ရင် တစ်နိုင်ငံလုံး ဒုက္ခရောက်သွားနိုင်တယ် ဆိုတာလည်း သတိထားဦးမှပေါ့"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။ ထိုအချိန်တွင် မြားထိပြီး လဲကျနေသော ပုဂ္ဂိုလ်သည် ခြေသလုံးမှ မြားကို နုတ်ပြီး ထပြေးမည်ပြုရာ ဗိုလ်နန္ဒသည် တစ်ရှိန်ထိုးပြေးသွားခါ ဖမ်းချုပ်ထားလိုက်ပြီးလျှင် မအော်နိုင်အောင် ပါးစပ်ကို လက်နှင့်ပိတ်ထားလိုက်သည်။

သစ်ပင်ပေါ်မှနေပြီး ကင်းစောင့်နေသော ဗိုလ်နေမျိုးသည် သစ်ပင်ပေါ်မှဆင်းလာကာ ပုဂ္ဂိုလ်အား လက်ပြန်ကြိုးတုပ်ပြီး မအော်နိုင်အောင် ပါးစပ်ကို အဝတ်နှင့် ဆို့ထားလိုက်ပြီးလျှင် စောစောက ဦးပဥ္စင်း ဦးသံဝရအား ထားခဲ့သည့် တိုင်ခုံကလေးအောက်သို့ ထိုးသွင်းထားလိုက်ပြန်သည်။

စန္ဒာဒေဝီ ဘုရင်မမှာမူ ဘာမျှ မပြောနိုင်တော့ဘဲ ဗိုလ်နန္ဒ ပြုလုပ်သမျှကို ငေးစိုက်ပြီး ကြည့်နေပေသည်။

"ဒီစာကို စောစောကနေရာမှာ ပြန်ထားပြီး ... ဒီစာ လာယူမယ့်



သူလျှိုကို ချောင်းဖမ်းရဦးမယ်၊ ဘုရင်မ အဆောင်တော်ပေါ်ကို ပြန်တက်နေရင် ကောင်းလိမ့်မယ်ထင်တယ်"

ဗိုလ်နန္ဒသည် ဘုရင်မအား အဆောင်တော်သို့ ပြန်သွားရန် ပြောလိုက်သည်။

"ဘာလဲ ... ဘုရင်မကို မောင်ရှုပက အမိန့်ပေးနေတာလား"

ဘုရင်မက ပြန်မေးလိုက်သည်။

"ဘုရင်မကို အမိန့်မပေးဝံ့ပါဘူး၊ ဒါပေမဲ့ ဒီအလုပ်က ... မိန်းမသားရဲ့အလုပ် မဟုတ်လို့ အဆောင်တော်မှာ ပြန်ပြီး အေးအေးချမ်းချမ်း စံမြန်းနေရင် ကောင်းလိမ့်မယ်လို့ ပြောနေတာပါ"

"ဘာဖြစ်လို့ အဆောင်တော်မှာ အေးအေးချမ်းချမ်း စံမြန်းနေရမှာလဲ၊ ဘုရင်မ ဆိုတာ တိုင်းပြည်ပေါ်မှာ တာဝန်ရှိတယ်လို့ မောင်ရှုပပဲ ပြောတယ် မဟုတ်လား၊ တိုင်းပြည်အပေါ်မှာ တာဝန်ရှိရင် တိုင်းပြည်အတွက် အသေခံဖို့ အသင့်ရှိရမယ် မဟုတ်လား၊ မိန်းမသားပင် ဖြစ်သေတော့ ဘုရင်မဟာ ဘုရင်မပဲလို့ မောင်ရှုပ စောစောက ပြောခဲ့တာ မေ့သွားပြီလား"

"မမေ့ပါဘူး ... ဒါပေမဲ့ ရှေ့မှာ ဘယ်လိုရန်သူမျိုးနဲ့ တွေ့ရဦးမယ်ဆိုတာ ခန့်မှန်းလို့ မရသေးဘူး၊ ဘုရင်မရှေ့မှာ သွေးထွက်သံယိုမှုတွေ ဖြစ်ပွားရင် ဘုရင်မ စိတ်မချမ်းမသာဖြစ်မှာစိုးလို့ ပြောနေတာပါ"

"အို ... ဒါတွေဟာ ဘုရင်မအဖို့ အဆန်းမဟုတ်ပါဘူး၊ ဘုရင်မကိုယ်တိုင် ဓားခုတ် လှံထိုးအမျိုးမျိုး ကျွမ်းကျင်ပြီးသားပဲ၊ ဘုရင်မ သတ္တိမခေပါဘူး၊ ကဲ ... လာ သွားကြမယ် ... နေမျိုးလည်း ဘုရင်မနဲ့ အတူလိုက်ခဲ့"

ဘုရင်မသည် ပြောပြောဆိုဆို ဥယျာဉ်တော်နှင့် ဘုရင်မ၏ အဆောင်တော်အကြားရှိ အုတ်နံရံပေါ်သို့ ကျဉ်းမြောင်းသော အုတ်လှေကားမှ တဖြည်းဖြည်းတက်၍ ပြအိုးသဏ္ဍာန် ဆောက်လုပ်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့် ကင်းတဲရှိရာသို့ သွားပေရာ ဗိုလ်နန္ဒနှင့် နေမျိုးသည် နောက်မှ ထတ်ကြပ်မကွာ လိုက်သွားပေသည်။

"ဟောဒီ တဲတိုင်းပေါ်ကနေပြီးကြည့်ရင် ကမ္ဘောဇသန်းအုတ်ဂူကို ကောင်းကောင်းကြီး မြင်နိုင်တယ်၊ ပြီးတော့ ... ဒီနေရာက အကာအကွယ် လည်းရှိတယ်"

ဘုရင်မသည် ပြောပြောဆိုဆို ဗိုလ်နန္ဒနှင့် နေမျိုးအား ရှေ့မှ လမ်းပြပြီး ခေါ်လာပေသည်။

ပြအိုးသဏ္ဍာန် ဆောက်လုပ်ထားသည့် ကင်းတဲထဲတွင်မူကား အာဠာဝကနှင့် ကျော်ဇေယျတို့သည် မျက်နှာချင်းဆိုင်ထိုင်ကာ စစ်တုရင် ကစား၍ နေကြသည်ကို မြင်ရပေသည်။

ဘုရင်မ၏အသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် အာဠာဝကနှင့် ကျော်ဇေယျသည် စစ်တုရင် ကစားနေရာမှ ကပျာကယာထပြီး ဒူးထောက်ကာ အလေးပြုလိုက်ကြသည်။

ဘုရင်မသည် အာဠာဝကနှင့် ကျော်ဇေယျအား လှမ်းကြည့်လိုက်ရာ ကျော်ဇေယျ၏ နောက်နားတွင် လူတစ်ယောက်ကို ပါးစပ်တွင် အဝတ်နှင့်ဆို့ကာ လက်ပြန်ကြိုးတုပ်ထားသည်ကို ရုတ်တရက် မြင်လိုက်သဖြင့် အံ့အားသင့်သွားပုံရပေသည်။

"ဟိုဟာက ဘယ်သူလဲ ... အလို ... ဘုရင်မရဲ့ အဆောင်မှူး ဝေလုပါလား၊ သူ့ကို ဘာဖြစ်လို့ လက်ပြန်ကြိုးတုပ်ပြီး ဖမ်းထားရတာလဲ"

ဘုရင်မက လှမ်းပြီးကြည့်ရင်း မေးလိုက်သည်။

"ဘုရင်မ အဆောင်မှူး ဝေလုဆိုတာ မှန်ပါတယ်။ ဝေလုကို ခုလို ဖမ်းဆီးရတဲ့ အကြောင်းရင်းကတော့ တခြားမဟုတ်၊ ခပ်စောစောက သုမနရဲ့သူလျှို ဦးပဋ္ဌင်း ဦးသံဝရ ကမ္ဘောဇသန်းအုတ်ဂူထဲ ဝင်သွားတုန်း ဆရာနန္ဒက နောက်က ပြေးလိုက်သွားပြီး ဂူထဲဝင်မယ်အလုပ် ... ဦးပဋ္ဌင်း



ထို ဝေလုက အော်ဟစ်ပြီး သတိပေးဖို့ ကြိုးစားလို့ သူ့ရဲ့ပါးစပ်ကို ပိတ်ဆို့ပြီး လက်ပြန်ကြိုးတုပ်ထားရခြင်း ဖြစ်ပါတယ်"

ကျော်ဇေယျက ရှင်းပြလိုက်ရာ ဘုရင်မသည် မျက်မှောင်ကြုတ်ပြီး စဉ်းစားနေပေသည်။

"ဒီအတိုင်း အမှန်ပဲနော်"

ဘုရင်မက ပြန်မေးလိုက်သည်။

"အမှန်ပါ ... ဘုရင်မ ကိုယ်တော်တိုင် စစ်ဆေးချင်တယ်ဆိုရင် စစ်ဆေးနိုင်ပါတယ်"

အာဠာဝက က ဝင်ပြောလိုက်သည်။

"အင်း ... ဒီလိုဆိုရင် ခက်တာပဲ၊ ဘုရင်မရဲ့အဆောင်ကို စောင့်ကြပ်တဲ့ အဆောင်မှူးကိုမှ မယုံရဘူးဆိုရင် ဘယ်သူ့ကို ယုံရတော့မှာလဲ"

ဘုရင်မက ညည်းညူလိုက်သည်။

"ဘုရင်မ စိတ်ပူတော်မမူပါနဲ့ ... ကျွန်တော်မျိုးတို့ သုံးယောက်နဲ့ ဆရာနန္ဒ အသက်နဲ့ ခန္ဓာကိုယ် မြဲနေသေးသမျှ ဘုရင်မကို ဘယ်လိုရန်သူမျိုးကမှ လက်ဖျားနှင့်တို့ဖို့ မဆိုထားနဲ့ မျက်စောင်းတောင် မထိုးစေရပါဘူး၊ ဘုရင်မအပေါ်မှာ ဘယ်သူမှ သစ္စာမရှိစေကာမူ ကျွန်တော်မျိုးတို့ သုံးယောက်နဲ့ ဆရာနန္ဒတို့ကတော့ ဘုရင်မအပေါ်မှာ သစ္စာစောင့်သိရှိသေပါ့မယ်ဆိုတာ စိတ်ချတော်မူပါ"

ကျော်ဇေယျက ရင့်ကော့ပြီး ပြောလိုက်သည်။

"ဘုရင်မရဲ့ ခမည်းတော် လက်ထက်ကစပြီး အမှုတော်ထမ်းလာခဲ့တဲ့ လူတွေကိုတောင် မယုံရဘူးဆိုရင် မနေ့တစ်နေ့ကမှ တွေ့ဖူးမြင်ဖူးတဲ့ ကျော်ဇေယျတို့ လူသိုက်ကို ဘုရင်မ ဘယ်လိုလုပ်ပြီး စိတ်ချယုံကြည်ရမှာလဲ၊ ကျော်ဇေယျတို့လူစုဟာ ဘုရင်မကို အယုံသွင်းပြီး ဘုရင်မကို

www.burmeseclassic.com

www.burmeseclassic.com



ရှုသတ်ဖို့ ဘုရင်မရဲ့ ရန်သူတစ်ယောက်က စေလွှတ်လိုက်တဲ့ သူလျှို ဖြစ်နေမယ်ဆိုရင် သူခိုးကို ဓားရိုးကမ်းသလို ဖြစ်မနေဘူးလား"

ဘုရင်မသည် စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေသဖြင့် စိတ်ထဲတွင် ရှိသမျှ ဖွင့်ပြောလိုက်သည်။

"ဘုရင်မ တစ်ယောက်လုံး လုပ်နေပြီး ဒါလောက်မှ လူကဲမခတ်တတ်ဘူးလား၊ ရန်သူကို ရန်သူမှန်းမသိ၊ မိတ်ဆွေကို မိတ်ဆွေမှန်းမသိတဲ့လူဟာ အရူးပဲ"

ဗိုလ်နန္ဒက ဝင်ပြောလိုက်သည်။

"ဘုရင်မကို အရူးလို့ ပြောလိုက်တာပေါ့လေ"

"အရူးလို့ မပြောပုံပါ၊ လူကဲခတ်မှားမှာစိုးလို့ သတိပေးလိုက်တာပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒီမှာ မောင်ရှုပ ... ခု မောင်ရှုပတို့ ဖမ်းဆီးထားတဲ့ လူ သုံးယောက်ဟာ ဘုရင်မရဲ့ လူယုံတော်တွေ ဖြစ်တဲ့အတွက် ဒီလူယုံတော်တွေကို ရှင်းလင်းသုတ်သင်ပစ်ဖို့ မောင်ရှုပတို့ ကြိုးစားတာကော မဖြစ်နိုင်ဘူးလား၊ ဘုရင်မ အနေနဲ့ တိုင်းပြည်အပေါ်မှာ တာဝန်ရှိတဲ့အတွက် ဘယ်သူ့ကိုမှ စိတ်ချလက်ချ မယုံကြည်နိုင်ဘူး၊ ဘုရင်မ စကားတစ်ခွန်း အပြောမှားရင် တိုင်းပြည်ကိုပါ ထိခိုက်နိုင်တယ်၊ ဘုရင်မရဲ့ အဆုံးအဖြတ်တစ်ခု မှားသွားရင် တိုင်းပြည်ပါ ငါးပါးမှောက်နိုင်တယ်၊ ဒါကြောင့် ... ဘယ်နေရာမှာမှ မမှားနိုင်အောင် သတိရှိဖို့လိုတယ်"

စန္ဒာဒေဝီ ဘုရင်မက ပြန်ပြောလိုက်သည်။

"ဘုရင်မ မိန့်ကြားတဲ့ စကားတွေဟာ အားလုံး မှန်ပါတယ်၊ ဒါပေမဲ့ ဘုရင်မအတွက် အသက်ပေးပြီး ကာကွယ်နေတဲ့ ကျွန်တော်မျိုးတို့အပေါ်မှာ ဘုရင်မ ယုံမှားသံသယဖြစ်တယ် ဆိုတာကို ကြားရတော့ ကျွန်တော်မျိုးရဲ့အသည်းနှလုံးကို ဆွဲကိုင်လှုပ်လိုက်သလို အခံရခက်လှပါတယ်"



ကျော်ဇေယျက ဝင်ပြောလိုက်သည်။

"ဘုရင်မရဲ့ လူယုံတော်တွေကို ဘုရင်မ အသိမပေးဘဲ ခုလို ဖမ်းလား၊ ဆီးလား၊ တုပ်လား၊ နှောင်လား လုပ်နေတာဟာ ကောင်းသလား၊ ဘုရင်မအပေါ်မှာ သစ္စာရှိရိုးမှန်ရင် ဘုရင်မကို အကျိုးအကြောင်း နှင့်သာ သံတော်ဦးတင်ရမယ် မဟုတ်လား၊ ဖမ်းသင့်တဲ့လူကို ဘုရင်မ အမိန့်နဲ့သာ ဖမ်းဖို့ရှိတယ် မဟုတ်လား။ ဘုရင်မကို အသိလည်းမပေး၊ ဘုရင်မဆီမှာ အမိန့်လည်း မတောင်းဘဲ ဘုရင်မရဲ့ လူတွေကို ကြက်၊ ငှက် ဖမ်းသလို ဖမ်းနေတာဟာ နည်းလမ်းကျရဲ့လား"

ဘုရင်မက ပြန်မေးလိုက်သည်။

"နည်းလမ်းကျတာ မကျတာကို စဉ်းစားနေဖို့အချိန် မဟုတ်ပါ၊ ရောဂါကြမ်းရင် ဆေးကြမ်းနဲ့ကုရမယ် ဆိုတဲ့စကားအရ သူလျှိုတွေကို ဖြစ်တဲ့နည်းနဲ့ ဖမ်းဆီးရခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စေတနာကို ဘုရင်မ သံသယဖြစ်တော်မူရင် ဘုရင်မရဲ့ လက်သုံးတော်ဓားနဲ့ ကျွန်တော်တို့ကို ခုတ်သတ်လိုက်ပါ၊ ဒါမှမဟုတ် ကျွန်တော်တို့နဲ့တကွ ကျွန်တော်တို့ ဖမ်းဆီးထားတဲ့ လူ ၃ ယောက်ကို ထောင်သွင်းအကျဉ်းထားပြီး ပရိသတ်ဗိုလ်ပုံအလယ်မှာ ဘုရင်မ ကိုယ်တော်တိုင် စစ်ဆေးပါ"

ဗိုလ်နန္ဒက စိတ်ထဲတွင် မခံချိမခံသာ ဖြစ်လာသဖြင့် ပြောလိုက်သည်။

"ဒီအတွက်တော့ ဘာမှမပူပါနဲ့၊ ဘုရင်မကိုယ်တိုင် အမှန်ကို သိအောင် စစ်ဆေးတော်မူမယ်၊ ဘုရင်မအပေါ်မှာ သစ္စာဖောက်တဲ့လူ ဆိုရင် ဘုရင်မရဲ့ လူယုံတော်ပဲ ဖြစ်ဖြစ် ဘုရင်မရဲ့ အသက်ကို ကယ်ဆယ်ခဲ့တဲ့လူပဲ ဖြစ်ဖြစ် ဘယ်သူ့ကိုမှ ချမ်းသာမပေးနိုင်ဘူးဆိုတာ မှတ်ထားလိုက်ပါ"

ဘုရင်မသည် ခြေဆောင့်ပြီး ဒေါနှင့်မောနှင့် ဒေါ်ကားပေါ်မှ ဆင်းသွားကာ အဆောင်တော်ဘက်သို့ ခပ်သုတ်သုတ် ထွက်ခွာသွား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ဗိုလ်နန္ဒတို့လူစုသည် အံ့အားသင့်သည့် အမူအရာဖြင့် ငေးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ပေသည်။

"ဘုရင်မတော့ စိတ်ဆိုးသွားပြီထင်တယ်၊ ကျွန်တော်တို့အပေါ်မှာလည်း သံသယမကင်း ဖြစ်သွားပုံရတယ် ... ဆရာ ပြောလိုက်တဲ့စကားကြောင့် ဘုရင်မရဲ့စိတ်ကို ထိခိုက်သွားသလား မပြောတတ်ဘူး"

နေမျိုးသည် စိုးရိမ်မကင်းသည့် အမူအရာဖြင့် ပြန်ပြောလိုက်လေသည်။

"ဆရာပြောတာက ဘာလွန်လို့လဲ ... စေတနာနဲ့ ပြောနေတဲ့ဥစ္စာပဲ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"စေတနာနဲ့ ပြောနေပေမယ့် ဝေဒနာ ဖြစ်သွားပြီထင်တယ်၊ ဆရာ ပြောလိုက်တဲ့အတိုင်း ကျွန်တော်တို့ကို ထောင်သွင်း အကျဉ်းထားလိမ့်မယ်ထင်တယ်"

ကျော်ဇေယျက စိုးရိမ်တကြီး ပြောလိုက်သည်။

"ဒါလောက်တောင် မိုက်မဲရင် သူ့ထိုက်နဲ့ သူ့ကံပေါ့ ... မိတ်ဆွေတို ရန်သူထင်ရင် သူသာ ဒုက္ခရောက်မှာပေါ့"

"သူ ဒုက္ခရောက်မှာက နောက်၊ ကျွန်တော်တို့ ဒုက္ခရောက်မှာက အရင်"

အာဠာဝက က ဝင်ပြောလိုက်သည်။

"အို ... ဒါတွေစဉ်းစားပြီး ပူမနေစမ်းပါနဲ့၊ ဖြစ်ရမယ့်ဥစ္စာဟာ ဖြစ်မှာပဲ ... ဘယ်သူမှ တားဆီးလို့မရဘူး၊ ဘဝက ဝဋ်ကြွေး မကုန်သေးရင် ခံဦးပေါ့ကွာ၊ ဘုရားတောင် ဝဋ်တော်နဲ့ မကင်းဘူး မဟုတ်လား"

ထိုအခိုက်တွင် ဘုရင်မ၏စစ်သည်တော် ၁၅ ဦးသည် ဓားလှံများ စွဲကိုင်ကာ ဗိုလ်နန္ဒတို့ရှိရာသို့ ရှေးရှု၍ လာနေကြသည်ကို တွေ့ရပေသည်။



"ဟိုမှာ ဆရာ ကျွန်တော်တို့ကို ဖမ်းဖို့ လာနေပြီထင်တယ်၊ ဒီအတိုင်း အဖမ်းခံရမလား၊ ဒါမှမဟုတ် အဖမ်းမခံဘဲ ခုခံပြီး ထွက်ပြေးရမလား"

နေမျိုးက မေးလိုက်သည်။

"ဘာမှခုခံမနေနဲ့ ... အေးအေးဆေးဆေးသာ အဖမ်းခံလိုက်ကြ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒ၏ တပည့်သုံးယောက်သည် ဆရာ့အမိန့်ကို နာခံကာ လက်နက်များချပြီး အေးအေးချမ်းချမ်း အဖမ်းခံလိုက်ကြပေသည်။

ဘုရင်မ၏ စစ်သည်တော်များသည် ဗိုလ်နန္ဒတို့လူစု ဖမ်းဆီးထားသည့် ဦးပဥ္စင်း ဦးသံဝရ၊ ဥယျာဉ်မှူး ပုဂံကျွဲနှင့် ဘုရင်မ၏ အဆောင်မှူး ဝေလုတို့ကိုပါ ဗိုလ်နန္ဒတို့လူစုနှင့်အတူ ဖမ်းဆီးပြီး ဗိုလ်နန္ဒတို့ လူစုအား အကျဉ်းထောင်၏ အခန်းတစ်ခန်းတွင် ချုပ်နှောင်ထားပြီး ဦးပဥ္စင်း ဦးသံဝရ၊ ပုဂံကျွဲနှင့် အဆောင်မှူး ဝေလုတို့အား အခြားအခန်းတစ်ခန်းတွင် ချုပ်နှောင်ထားလိုက်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၂၀

ဗိုလ်နန္ဒသည် အကျဉ်းထောင်အတွင်းရှိ ခုတင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ပြီး စိပ်ပုတီးစိပ်ရင်း အခန်းထောင့် တစ်ထောင့်တွင် ကြမ်းပြင်ပေါ်၌ ကျားကွက်ရေးပြီး ကျားကစားနေကြသည့် အာဠာဝကနှင့် ကျော်ဇေယျတို့အား လည်းကောင်း၊ ကျားကစားနေသည်ကို အနားမှ စိတ်ဝင်စားစွာ ကြည့်နေသော နေမျိုးအား လည်းကောင်း တစ်ချက် တစ်ချက် လှမ်းကြည့်လိုက်မိသည်။

"ဆရာနန္ဒဟာ နှလုံးရည်မှာရော လက်ရုံးရည်ပါ ထူးချွန်သလောက် ဒီလိုနေရာမျိုးကျတော့ သိပ်ညံ့တာပဲ၊ ငါဖြင့် ဆရာနန္ဒအတွက် ဘုရင်မကို တပ်ပြီး လျှော်လိုက်ရတာ အမောပဲ၊ ဘုရင်မကလည်း ဟန်သာလုပ်နေတာ ဆရာနန္ဒကို တကယ် ကျနေတာကွ"

ကျော်ဇေယျက ကျားကွက်တစ်ကွက်ရွှေ့ရင်း ပြောလိုက်သည်။

"ဘုရင်မက ဆရာနန္ဒအပေါ်မှာ ကျနေတယ် ဆိုတာ မင်း ဘယ်လိုလုပ်ပြီး သိသလဲ"

အာဠာဝက က ပြန်မေးလိုက်သည်။

"ဘုရင်မရဲ့ အရိပ်အကဲကို ကြည့်ပါလားကွ၊ မင်းလည်း သိပ်ညံ့သေးတာပဲ"

ကျော်ဇေယျက ပြန်ပြောလိုက်သည်။

"ငါဖြင့် ဘုရင်မရဲ့ အရိပ်အကဲကို ခတ်လို့မရဘူး၊ တစ်နေ့ရွှေ တစ်နေ့ငွေ ဆိုသလို ဖြစ်နေတယ်"



နေမျိုးက ဝင်ပြောလိုက်သည်။

"မင်းက ဘာနားလည်လို့ ဝင်ပြောရတာလဲ၊ ဒီမှာ နေမျိုး ငါက ဘုရင်မနဲ့ ငယ်ငယ်ကလေးကတည်းက အတူတူ ကစားဖော် ကစားဖက်ဖြစ်ခဲ့လို့ ဘုရင်မက ငါ့ကို ယုံယုံကြည်ကြည်နဲ့ ဆက်ဆံတယ်ဆိုတာ မင်း မသိဘူးလား။ ငါတို့တစ်တွေ နန်းတော်ထဲ ရောက်လာတဲ့အချိန်ကစပြီး ဘုရင်မ အားရင် ငါ့ကိုခေါ်ပြီး ဆရာနန္ဒ အကြောင်းချည်းပဲ မေးနေတာ။ ငါကလည်း ဆရာနန္ဒ သူရသတ္တိရှိပုံ၊ ယောကျ်ားပီသပုံ၊ နှလုံးရည်နဲ့ ပြည့်ဝပုံတွေကို မိုးမဆုံး မြေမဆုံး ချီးကျူးပြောလိုက်ရင် ဝါးတလေး ချိုင့်သွားအောင်ပြုံးပြီး မင်းတို့ဆရာဟာ လူကြွားကြီးပါလို့ ပြန်ပြောလေ့ရှိတယ်၊ ဒါကိုထောက်ခြင်းအားဖြင့် ဘုရင်မက ဆရာနန္ဒအပေါ်မှာ ကျနေပြီဆိုတာ မထင်ရှားဘူးလား'

ကျော်ဇေယျက ဆက်ပြီး ပြောလိုက်သည်။

"မင်းလည်း တော်တော်ရူးတဲ့ အကောင်ပဲ၊ မင်းတို့ဆရာ လူကြွားကြီးပါလို့ ဘုရင်မက ပြောနေတာကိုပဲ ဘုရင်မက ဆရာနန္ဒအပေါ်မှာ ကျနေပြီဆိုတော့ ရယ်စရာကောင်းလိုက်တာကွာ ... ပြီးတော့ မင်းက ဘာဖြစ်လို့ ဆရာ့အကြောင်းတွေကို ဘုရင်မဆီမှာသွားပြီး မျက်နှာလိုမျက်နှာရ သံတော်ဦးတင်ရတာလဲ"

အာဠာဝက က ကျားကွက်ရွှေ့ရင်း ဝင်ပြောလိုက်သည်။

"မင်းတို့ နားမလည်ပါဘူး၊ ငါက တကယ်သိလို့ ပြောနေတာ၊ ဘုရင်မက ဆရာ့အပေါ်မှာ တကယ်ကို မျက်စိကျနေတာကွ ... ငါလည်း ဒါလောက်တော့ အကင်းပါးပါတယ်၊ ငါကလည်း ဆရာနန္ဒနဲ့ ဘုရင်မ နေရာကျသွားရင် မင်းတို့ ငါတို့ကအစ သုဝဏ္ဏနိုင်ငံတော်နှင့်တကွ စေတုတ္တရာ နိုင်ငံတော်သူ နိုင်ငံသားတွေပါ အားလုံး အကျိုးရှိမှာကို မြင်လို့ ကြားကဝင်ပြီး လျှော်ပေးနေတာကွ။ ငါက လျှော်သလောက် ဆရာနန္ဒက ရှော်တာပဲ၊ ကြည့်ပါလား၊ မနေ့ကတင်ပဲ ဘုရင်မ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံး လုပ်နေပြီး မိတ်ဆွေမှန်း ရန်သူမှန်း မသိရင် အရူးပဲလို့ လွှတ်ခနဲ ပြောလိုက်သေးတယ် မဟုတ်လား၊ ဆရာက ဒီလိုပြောလိုက်တော့ ခဲလေသမျှ သဲရေကျ ဖြစ်ကုန်တာပေါ့"

ကျော်ဇေယျက ပြန်ပြောလိုက်သည်။

"ကျော်ဇေယျ ပြောမှ ငါတစ်ခုစဉ်းစားမိတယ်၊ ဆရာနန္ဒ ကိုယ်တိုင်ကလည်း ဘုရင်မအပေါ်မှာ အတော်ကလေး မျက်စိကျနေပုံရတယ်။ ဘုရင်မအတွက်ဆိုရင် အသက်အသေခံဖို့တောင် အသင့်ရှိနေတယ်ဆိုတာ ငါ ကောင်းကောင်းကြီးသိတယ်၊ ဘုရင်မပေါ်မှာသာ ဆရာနန္ဒ မေတ္တာသက်ဝင်ခြင်း မရှိဘူးဆိုရင် မင်းတို့ဘုရင်မ ခုလောက်ရှိ သီဟရာဇာ ဘုရင်ကြီးရဲ့ ခြေဖဝါးအောက် ရောက်နေတာ ကြာလှပြီ"

နေမျိုးသည် ကျော်ဇေယျဘက်မှ ဝင်ပြီး ထောက်ခံချက်ပေးလိုက်သည်။

ထိုသို့ အချေအတင် ပြောဆိုနေကြသည်ကို ဗိုလ်နန္ဒသည် စိပ်ပုတီး စိပ်နေရာမှ တစ်ချီ တစ်ချီ ကြားလိုက်သဖြင့် စိပ်ပုတီးကို ဖြောင့်အောင် မစိပ်နိုင်ဘဲ တပည့်သုံးဦး ပြောနေသည့် စကားများကိုသာ အာရုံစိုက်ပြီး နားထောင်နေမိပေသည်။

"တပည့်တို့ ဘာစကားတွေ ပြောနေကြတာလဲ ... ဝဋ်တုံ့ဝဋ်လည် ရှိလို့ အခုလို ထောင်သွင်း အကျဉ်းခံနေရတဲ့အချိန်မှာ ကုသိုလ်တရားကိုသာ ပွားများကြမှပေါ့၊ ဘာဖြစ်လို့ အကျိုးမရှိတဲ့ စကားတွေပြောပြီး အချိန်ကို အလဟဿ ဖြုန်းတီးချင်ရတာလဲ"

ဗိုလ်နန္ဒက လှမ်းပြီး ပြောလိုက်သည့်အသံကို ကြားရသောအခါ တပည့်သုံးဦးသည် ကျားကစားနေရာမှ ထလာကြပြီး ဗိုလ်နန္ဒ၏ ခုတင်ဘေးတွင် ဝိုင်းထိုင်လိုက်ကြသည်။

"ဆရာ အေးအေးဆေးဆေး စိပ်ပုတီး စိပ်ပါစေတော့ဆိုပြီး ကျွန်တော်တို့လည်း ဆိတ်ငြိမ်အောင် ကျားကစားနေတာပါ၊ ဒီကြားထဲမှာ



ကျော်ဇေယျက ဆရာ့ကို ဘုရင်မနဲ့ အောင်သွယ်ပေးနေပုံတွေ ပြောလို့ ကျွန်တော်က မခံချင်လို့ ပြောနေတာပါ"

အာဠာဝက က ဗိုလ်နန္ဒအား ရှင်းပြနေပေသည်။

"မဖြစ်နိုင်တာတွေကို လုပ်မနေကြစမ်းပါနဲ့၊ ဘုရင်မအပေါ်မှာ ဆရာ ဘယ်လိုမှ သဘောမထားပါဘူး၊ နေမျိုး ထင်သလို ဘုရင်မအပေါ်မှာ ဆရာ မျက်စိကျနေတယ် ဆိုတာလည်း မမှန်ပါဘူး၊ အားနွဲ့တဲ့ မိန်းမသားတစ်ယောက် အနေနဲ့ ကြီးလေးတဲ့ တာဝန်ကြီးကို ထမ်းရွက်နေရတာကို ကိုယ်ချင်းစာနာပြီး ဆရာတို့ စွမ်းအားရှိသမျှ ကူညီနေတာပါ၊ ဘုရင်မအပေါ်မှာ ဆရာ ထားရှိတဲ့ စေတနာမေတ္တာဟာ သန့်ရှင်းဖြူစင်တဲ့ စေတနာ မေတ္တာသာ ဖြစ်ပါတယ်"

ဗိုလ်နန္ဒသည် တပည့်များကို ရှင်းပြနေပေသည်။

"ဆရာသာ ဘုရင်မအပေါ်မှာ မငဲ့ညှာဘူးဆိုရင် ဘုရင်မဟာ သီဟရာဇာ ဘုရင်ကြီးရဲ့ ခြေဖဝါးအောက် ရောက်နေတာ ကြာပြီလို့ နေမျိုးက ပြောသွားတယ်၊ အဲဒီစကားက မှန်သလား ..."

အာဠာဝက က မေးလိုက်သည်။

"မှန်သင့်သလောက်တော့ မှန်တယ် ဆိုရမှာပေါ့၊ ဒါပေမဲ့ ဒီလမ်းစဉ်ကိုသာ လိုက်မယ်ဆိုရင် ... အားနွဲ့တဲ့ မိန်းမသားအပေါ်မှာ အနိုင်ကျင့်ရာ ရောက်သွားစေမယ့်အပြင် စေတုတ္တရာ နိုင်ငံတော်ကိုပါ သူများလက်အောက် ကျွန်သပေါက်အဖြစ် ရောက်သွားမှာ သေချာတယ်၊ ဒါကြောင့် ဆရာကိုယ်တိုင် ဆရာ အနစ်မွှန်းခံပြီး ဘုရင်မအတွက် အသက်နဲ့လဲပြီး ကူညီဖို့ ဆုံးဖြတ်ခဲ့တာပါ"

ဗိုလ်နန္ဒသည် တပည့်များအား ပြောပြသင့်သလောက် မှင်ဟ ပြောပြလိုက်ပေသည်။

ထိုအတောအတွင်း အပြင်ဘက်မှ ခြေသံကြားရပြီး အကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



[illegible]ထောင်တံခါး ဖွင့်သည့်အသံကိုပါ ဆက်၍ကြားရသဖြင့် ဆရာ တပည့် ၄ ဦးသည် တံခါးပေါက်ဘက်သို့ အာရုံစိုက်ပြီး ကြည့်လိုက်မိသည်။

"ကျွန်တော်တို့ကို ဘုရင်မက သေဒဏ်ပေးလိုက်လို့ ကြိုးပေးပြီး သတ်ဖို့ လာခေါ်ပြီထင်တယ်"

နေမျိုးက စကားစလိုက်သည်။

"ဘုရင်မက ဘယ်သူ့ကိုမှ သူကိုယ်တိုင် မစစ်ဆေးဘဲ သေဒဏ် ပေးဘူးလို့ ပြောထားသားပဲ"

ကျော်ဇေယျက ပြန်ပြောလိုက်သည်။

ထိုအခိုက်တွင် အကျဉ်းထောင်တံခါး ပွင့်လာပြီး ထောင်မှူးကြီး ချစ်ညိုနှင့် စစ်သည်တော် ရဲမက်များသည် ဗိုလ်နန္ဒ အခန်းတွင်းသို့ ဝင်လာကြပေသည်။

"အကြည်တော် ဗိုလ်နန္ဒ၊ အကြည်တော်အား ဘုရင်မက တရားလွှတ်တော်တွင် မှူးမတ်ပရိသတ်ဗိုလ်ပုံ ရှေ့မှောက်၌ စစ်ဆေးလိုကြောင်း အမိန့်တော်မြွက် ချမှတ်တော်မူလိုက်သဖြင့် အကြည်တော်နှင့်တကွ အကြည်တော်ရဲ့ တပည့်များကို လာခေါ်ရခြင်း ဖြစ်ပါတယ်၊ ဘုရင်မ အမိန့်အရ မလွန်ဆန်ဝံ့၍ အကြည်တော်တို့အား ထောင်သွင်း အကျဉ်းချထားရသည်ကို ခွင့်လွှတ်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်၊ အကြည်တော်တို့ လွတ်မြောက်ရေးအတွက် စစ်သူကြီး ဗန္ဓကနဲ့ သက်တော်ရှည် အမတ်ကြီးက အစွမ်းကုန် ကြိုးစားလျက် ရှိသည်ကိုလည်း အကြည်တော်တို့ထံ စကားလက်ဆောင် ပါးလိုက်ပါသည်"

ထောင်မှူးကြီး ချစ်ညိုသည် ဗိုလ်နန္ဒအပေါ်တွင် ကြည်ညိုရင်းစွဲ ရှိသည့်အတိုင်း ရိုသေစွာ နှုတ်ခွန်းဆက်လိုက်ပြီး ဘုရင်မ ရှေ့မှောက်သို့ စစ်သည်တော် ရဲမက်များ စောင့်ကြပ်ခါ ခေါ်ဆောင်သွားပေသည်။

စန္ဒာဒေဝီ ဘုရင်မသည် အတွင်းဝန်၊ အပြင်ဝန်နှင့် မြို့စားများ ခြံရံကာ တင့်တယ်စွာ စံပယ်နေသည်ကို လည်းကောင်း၊ မိမိအား ရိုသေ



စွာ ခစားလျက်ရှိသော ခေတ္တရာမြို့စားကြီး မောင်ဝဏ္ဏနှင့် ပြုံးပြုံးရယ်ရယ်နှင့် ဖော်ဖော်ရွေရွေ စကားလက်ဆုံ ကျနေသည်ကို လည်းကောင်း ဗိုလ်နန္ဒ သတိပြုမိပေသည်။

ရန်အောင်မြို့စားကြီး မောင်ဒေဝမှာမူ ဘုရင်မနှင့် မလှမ်းမကမ်းတွင် မကြည်မသာသော မျက်နှာဖြင့် ခစားလျက်ရှိသည်ကို တွေ့မြင်ရပြီး ဘုရင်မအပါးတွင် သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါသည် အတွင်းဝန်ကြီး နှစ်ဦးနှင့် တီးတိုးတိုင်ပင်နေကြသည်ကို ဗိုလ်နန္ဒ သတိပြုမိပေသည်။

"မောင်ရှုပနဲ့ အပေါင်းပါများ ရှေ့တော်မှောက်သို့ ရောက်ရှိကြောင်းပါ"

ထောင်မှူးကြီး ချစ်ညိုက ဘုရင်မရှေ့တွင် ရိုသေစွာ ခစားပြီး လျှောက်တင်လိုက်သည်။

"ဘုရင်မရဲ့ လူယုံတော် ၃ ဦးကို ဘုရင်မရဲ့ အမိန့်မရဘဲ ဖမ်းဆီးလို့ ဘုရင်မ ကိုယ်တော်တိုင် ထောင်သွင်း အကျဉ်းချထားခဲ့တဲ့ မောင်ရှုပနဲ့ အပေါင်းပါတွေဆိုတာ သူတို့တစ်တွေပဲ၊ ဘုရင်မရဲ့ လူယုံတော်တွေကို ဘာဖြစ်လို့ ဖမ်းဆီးတယ် ဆိုတာကို ခေတ္တရာမြို့စားကြီး ကိုယ်တိုင် စစ်ဆေးစမ်းပါ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒဘက်သို့ တစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်ပြီး မိမိနှင့် အနီးကပ်ဆုံး ခစားလျက်ရှိသော ခေတ္တရာမြို့စားကြီး မောင်ဝဏ္ဏအား အမိန့်ပေးလိုက်သည်။

ခေတ္တရာမြို့စားကြီးသည် စန္ဒာဒေဝီ ဘုရင်မက ယခုကဲ့သို့ မိမိအား အမှုကိုစစ်ဆေးရန် အာဏာကုန် လွှဲအပ်လိုက်သည်ကိုပင် [illegible] သည့် အမှုအရာဖြင့် ဘုရင်မအား ကျေးဇူးတင်သည့် မျက်နှာ[illegible]ဖြင့် ခစားနေရာမှ ဗိုလ်နန္ဒတို့ လူသိုက်ဘက်သို့ မျက်နှာမူ[illegible]သည်။

"မောင်မင်းတို့ ၄ ဦးသည် ဘုရင်မ အပေါ်[illegible] သစ္စာရှိစွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အစုတော် ထမ်းရွက်လျက်ရှိသော ဘုရင်မ၏ လူယုံတော် ၃ ဦးအား ဘုရင်မ၏ အမိန့်မရဘဲ လက်ပြန်ကြိုးတုပ်ကာ ဖမ်းဆီးချုပ်နှောင်ခဲ့သည် ဆိုခြင်းမှာ မှန်ပါသလော"

ခေတ္တရာမြို့စားကြီးသည် ဗိုလ်နန္ဒနှင့် တပည့် ၃ ဦးအား မျက်မှောင်ကြုတ်ပြီးကြည့်ရင်း မေးလိုက်သည်။

"ဘုရင်မအပါးတွင် ခစားပြီး ဘုရင်မနှင့် နိုင်ငံတော်အပေါ်တွင် သစ္စာမဲ့သော သစ္စာဖောက် ၃ ဦးအား ကျွန်ုပ်တို့ ဖမ်းဆီး ချုပ်နှောင်ခဲ့သည် ဆိုခြင်းမှာ အမှန်ပင် ဖြစ်ပါသည်။ ဤသစ္စာဖောက် ၃ ဦး ယခု မည်သည့်နေရာတွင်ရှိသည်ကို သိခွင့်ရှိက သိလိုပါသည်"

ဗိုလ်နန္ဒသည် ရဲရင့်တည်ကြည်သော အမူအရာဖြင့် ခေတ္တရာမြို့စားကြီးအား မကြည့်ဘဲ ဘုရင်မကို စေ့စေ့ကြည့်ပြီး ပြန်ပြောလိုက်သည်။

"မောင်ရှုပ ဖမ်းဆီးခဲ့သူ ၃ ဦးကို ယခုအခါ၌ အကျဉ်းထောင်တွင် ချုပ်နှောင်ထားပါသည်။ မောင်ရှုပအား စစ်ဆေးပြီးသောအခါ ထိုသူ ၃ ဦးကို ဘုရင်မ ကိုယ်တော်တိုင် ခေါ်ယူစစ်ဆေးတော်မူပါလိမ့်မယ်"

ဘုရင်မ အပါးတွင် ခစားလျက်ရှိသော သက်တော်ရှည် အမတ်ကြီးက ပြန်ပြောလိုက်သည်။

"ဤသုံးယောက်ကို အဘယ့်ကြောင့် သစ္စာဖောက်ဟု ပြောဆိုနိုင်ပါသနည်း၊ သက်သေ အထောက်အထား ရှိပါသလော"

ခေတ္တရာမြို့စားကြီး မောင်ဝဏ္ဏက ဆက်လက်၍ မေးခွန်းထုတ်လိုက်သည်။

"သက်သေ အထောက်အထား ပြည့်စုံစွာဖြင့် ယခုပင် တင်ပြပါမည်။ ကျွန်တော်မျိုးတို့ကိုယ်တိုင် ဖမ်းဆီး ချုပ်နှောင်ခဲ့သည့် ဆရာတော် ဦးကိတ္တိ၏တပည့် ဦးပဥ္စင်းသံဝရသည် သုခနေဘုရင်၏ သူလျှိုစင်စစ် ကေန်ဖြစ်ပါသည်။ သုခနေဘုရင်ထံမှ နန်းတော်တွင်းရှိ သူလျှို



များအား အကြောင်းကြားသည့် လျှို့ဝှက်စာကို ဦးပဥ္စင်း ဦးသံဝရက ဆောင်ကြဉ်းလာပြီး ဘုရင်မ၏ဥယျာဉ်တော်နှင့် မလှမ်းမကမ်းရှိ ကမ္ဗွာန်း အုတ်ဂူအတွင်းရှိ ဘုရားစင်အောက်တွင် လျှို့ဝှက်စွာ ထည့်ထားခဲ့သည်ကို ကျွန်တော်ကိုယ်တိုင် လက်ပူးလက်ကြပ် မိသဖြင့် လျှို့ဝှက်စာနှင့် ဖမ်းဆီးခဲ့ခြင်း ဖြစ်ပါသည်"

ဗိုလ်နန္ဒက ရဲရဲရင့်ရင့် ပြန်ပြီးပြောလိုက်သည်။

"လျှို့ဝှက်စာ ဆိုတာက ဘာလဲ"

ခေတ္တရာမြို့စားကြီးက ဆက်ပြီး မေးလိုက်ပြန်သည်။

"လျှို့ဝှက်စာကို ပြပါမည်၊ လျှို့ဝှက်စာကို မပြမီ ကျန်သစ္စာဖောက် နှစ်ဦးအား မည်သည့်အတွက်ကြောင့် ဖမ်းဆီးရကြောင်းကို ကျွန်တော် ရှင်းပြလိုပါသေးသည်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ကောင်းပြီ၊ ရှင်းပြစမ်း"

"ဦးပဥ္စင်း ဦးသံဝရအား ဖမ်းဆီးပြီးနောက် ဦးပဥ္စင်း ဦးသံဝရ ထားခဲ့သည့် လျှို့ဝှက်စာကို ပုဂံကျွဲ ဆိုသူ ဥယျာဉ်မှူး လာယူသည်ကို လက်ပူးလက်ကြပ် မိသဖြင့် ကျွန်တော်ကိုယ်တိုင် ဖမ်းဆီးပြီး သူ၏ ခါးပိုက်တွင်းမှ ပုရပိုက်ကိုပါ လုယူထားလိုက်ပါသည်။ ဥယျာဉ်မှူး ပုဂံကျွဲမှာ ခေတ္တရာမြို့စားကြီးရဲ့ လူယုံတော် ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ ဘုရင်မ၏ အဆောင်မှူး ဝေလု အကြောင်းကိုမူ ကျွန်တော့်ရဲ့ ရဲဘော်များက ရှင်းပြပါလိမ့်မည်"

"အဆောင်မှူး ဝေလုသည် ဦးပဥ္စင်း ဦးသံဝရ၏နောက်သို့ ဆရာနန္ဒ လိုက်ပါသွားသည်ကို မြင်သောအခါ ဦးပဥ္စင်းအား အသံပြုပြီး သတိပေးရန် ကြိုးစားသဖြင့် မအောင်နိုင်အောင် ကျွန်တော်ကိုယ်တိုင် ပါးစပ်ကို ပိတ်ထားပြီး ကျွန်တော်နှင့် ကျော်ဇေယျတို့ ဝိုင်းဖမ်းလိုက်ခြင်း ဖြစ်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com



အာဠာဝက က ရှင်းပြလိုက်သည်။

"ကျွန်တော်တို့ ဖမ်းထားတဲ့ သစ္စာဖောက် သုံးဦးဟာ သုခနေဘုရင်ဆီက ပေးပို့လိုက်တဲ့ လျှို့ဝှက်ညွှန်ကြားစာနဲ့ ဆက်စပ်သူတွေ ဖြစ်တဲ့အတွက် သုခနေရဲ့ သူလျှိုများ ဖြစ်သည်မှာ ထင်ရှားပါသည်။ ဦးမဠင်း ဦးသံဝရမှတစ်ဆင့် နန်းတော်တွင်းရှိ သူလျှိုများထံ ပေးပို့လိုက်သည့် ညွှန်ကြားစာလွှာကို ယခု ကျွန်တော်တို့ တင်ပြပါမည်၊ ဖတ်ရှုကြည့်တော်မူကြပါ"

ဗိုလ်နန္ဒသည် ပုဂံကျွဲ၏ ခါးပိုက်ထဲမှ လုယူထားလိုက်သည့် ပုရပိုက်ကို ထုတ်ပေးရင်း ပြောလိုက်သည်။

ဗိုလ်နန္ဒ၏လက်မှ ပုရပိုက်ကို ခေတ္တရာမြို့စားကြီးက လှမ်းယူမည်အပြုတွင် စန္ဒာဒေဝီ ဘုရင်မသည် ခေတ္တရာမြို့စားကြီး၏ လက်ကို တားလိုက်ပြီး မိမိလက်သို့ ကိုယ်တိုင်ဆက်သရန် ထောင်မှူးကြီး ချစ်ညို့အား အမိန့်ပေးလိုက်သဖြင့် ထောင်မှူးကြီး ချစ်ညိုသည် ဗိုလ်နန္ဒ၏ လက်မှ ပုရပိုက်ကိုယူပြီး စန္ဒာဒေဝီ ဘုရင်မလက်သို့ ဆက်သလိုက်သည်။

"ဒီပုရပိုက်ကို ဘုရင်မကိုယ်တိုင် ဖတ်ပြမယ်၊ အားလုံး နာခံကြ"

ဘုရင်မသည် ကြည်လင်ပြတ်သားသည့် အသံဖြင့် ပြောလိုက်ပြီး ပုရပိုက်ခေါက်ကိုဖွင့်၍ အောက်ပါအတိုင်း တစ်လုံးချင်း ဖတ်ပြလိုက်သည်။

"ဗိုလ်နန္ဒခေါ် ငရှူပကို တွေ့ရာသချိုင်း မားမဆိုင်းစေနှင့်၊ ငရှူပသည် အကြီးဆုံးသောရန်သူဖြစ်၍ အဆောတလျင် သုတ်သင် ရှင်းလင်းပစ်ရမည်။ လဆုတ်ပက္ခ ၁၅ ရက် ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်ချိန်တွင် နန်းမြင့်မှ မီးရောင်ကို မြင်ရလိမ့်မည်။ ထိုအချိန်တွင် တစ်မြို့လုံး မီးဟုန်းဟုန်းတောက်စေရမည်။ မြို့ရိုးတံခါးများ အတားအဆီး မရှိစေနှင့်။ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်လျှင် အားလုံး အသင့်ရှိကြစေ"



ဘုရင်မသည် ပုရပိုက်တွင် ပါသည့်စာများကို ကြည်လင်ပြတ်သားသည့်အသံဖြင့် ဖတ်ကြားပြီး ပရိသတ် ဗိုလ်ပုံအား လှမ်းကြည့်လိုက်သည်။

"မှူးကြီးမတ်ရာ သေနာပတိ အပေါင်းတို့၊ ဘုရင်မ ဖတ်ကြားသည့် ပုရပိုက်စာများကို နာခံကြရပြီ မဟုတ်လား၊ ထိုစာကို မည်သို့မည်ပုံ သဘောထားသည်ကို ဘုရင်မအား လျှောက်တင်ကြလော့"

ဘုရင်မက အမိန့်ပေးလိုက်သည်။

မှူးကြီးမတ်ရာ သေနာပတိ အပေါင်းတို့မှာ ထိုစာ၏ အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝ နားလည်ကြဟန်မတူဘဲ အချင်းချင်း လက်ကုတ်ပြီး တီးတိုးဝေဖန်သူက ဝေဖန်၍၊ မျက်မှောင်ကြုတ်ပြီး စဉ်းစားသူက စဉ်းစားနေကြပေသည်။

ခေတ္တရာမြို့စားကြီးမှာမူ ခေတ္တမျှ မျက်မှောင်ကြုတ်ပြီး စဉ်းစားနေရာမှ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဒီစာဟာ အလကားစာပါ၊ လူရှုပ်လူပွေ တစ်ယောက်က ရှေ့နောက်မဆက် ရမ်းရမ်းဆ… ပေလွှာချတဲ့ သဘောမျိုး ရေးသားထားခြင်းမျှသာ ဖြစ်ကြောင်းပါ၊ စာတစ်ကြောင်းနှင့် တစ်ကြောင်းလည်း အဓိပ္ပာယ်ဆက်လို့ မရကြောင်းပါ"

ခေတ္တရာမြို့စားကြီးက ဘုရင်မအား လျှောက်တင်လိုက်ရာ ဘုရင်မသည် ပုရပိုက်ကို သေသေချာချာကြည့်ပြီး လေ့လာနေရာမှ မျက်မှောင်ကြုတ်လိုက်သည်။

"ဘုရင်မလည်း ခေတ္တရာမြို့စားကြီး ပြောသလိုပဲ လူရှုပ်လူပွေ တစ်ယောက်ယောက်က မဟုတ်တမ်းတရားတွေ လျှောက်ရေးထားတာလို့ ထင်မိတာပဲ၊ ဒီစာထဲမှာ ဗိုလ်နန္ဒခေါ် ငရှူပကို တွေ့ရာသချိုင်း မားမဆိုင်းစေနဲ့ ဆိုတဲ့စာပိုဒ်ကို ဘုရင်မ စဉ်းစားလို့မရဘူး"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား မကြည့်ဘဲ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အလွန်တရာမှပင် ရှင်းနေကြောင်းပါ၊ ဤစာကို ရေးသူမှာ မခြားမဟုတ်၊ ဗိုလ်နန္ဒ အမည်ခံ သီဟရာဇာ ဘုရင်၏သူလျှို ငှေ့ဝသာလျှင် ဖြစ်ရပါမည်၊ သူ့အပေါ်မှာ ဘုရင်မ မသင်္ကာ ဖြစ်နေတာကို ဖုံးကွယ်လိုတဲ့ အကြံအစည်နဲ့ ခုလို ရေးသားခြင်းဖြစ်တယ်လို့ ယူဆစရာရှိကြောင်းပါ၊ ကဲ ... ငှေ့ဝ ဒီစာဟာ မောင်မင်းရဲ့လက်ချက်ပဲ မဟုတ်လား၊ ဟုတ်တိုင်းမှန်ရာကို မကွယ်မထောက်ဘဲ ရဲရဲကြီး ဝန်ခံလိုက်စမ်းပါ"

ခေတ္တရာမြို့စားကြီးက ဗိုလ်နန္ဒအား စေ့စေ့ကြည့်ပြီး ပြောလိုက်သည်။ ဗိုလ်နန္ဒကမူ တစ်စုံတစ်ရာ အဖြေမပေးဘဲ ခေတ္တရာမြို့စားကြီးအား စားမတတ် ဝါးမတတ် ကြည့်နေပေသည်။

"ခေတ္တရာမြို့စားကြီး ယူဆသလို မဖြစ်နိုင်ပါဘူး၊ မောင်ရှုပက သူ့အပေါ်မှာ ဘုရင်မက ယုံကြည်သည်ထက် ယုံကြည်အောင် ဒီစာကို ကိုယ်တိုင်ရေးတယ် ဆိုတာ ယုတ္တိမရှိပါဘူး၊ ပြီးတော့ ... ဒီစာထဲမှာ ပါတဲ့ စကားတွေက စေတုတ္တရာ နိုင်ငံတော်အတွက် ကောင်းတဲ့စကားတွေ မဟုတ်ဘူး၊ လဆုတ်ပက္ခ ၁၅ ရက်နေ့ ညသန်းခေါင်အချိန်၌ နန်းမြင့်က မီးရောင်ကို မြင်ရလိမ့်မယ်၊ ဒီအချိန်မှာ တစ်မြို့လုံး မီးဟုန်းဟုန်း တောက်စေရမယ် ဆိုတဲ့ စကားလုံးတွေဟာ သူလျှိုအချင်းချင်း အချက်ပေးတာ ဖြစ်ရမယ်လို့ ယူဆစရာရှိပါတယ်"

သက်တော်ရှည် အမတ်ကြီးက ဝင်ပြီးပြောလိုက်သည်။

"သက်တော်ရှည် အမတ်ကြီးရဲ့ အယူအဆဟာ ပိုပြီး ခိုင်လုံတယ်လို့ ကျွန်တော်မျိုး ယူဆကြောင်းပါ၊ သုမနေ၏ သူလျှိုအချင်းချင်း ဆက်သွယ်တဲ့အခါမှာ 'ခုနစ်စဉ်' ဟူသော စကားလုံးကို သုံးစွဲလေ့ရှိတာကို သတိပြုတော်မူပါ၊ သက်တော်ရှည် အမတ်ကြီးက ဒီစာပါ အချက်အလက်တွေကို ဉာဏ်မီသလောက် ရှင်းပြစေလိုပါတယ်"



ညိုးငယ်သည့် မျက်နှာနှင့် ထိုင်နေသော ရန်အောင်မြို့စားကြီးက သက်တော်ရှည် အမတ်ကြီးဘက်မှ ဝင်ပြီး ထောက်ခံလိုက်သည်။

"ဘုန်းတော် အလွန်တရာ ကြီးတော်မူသော ဘုရင်မနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိ အပေါင်းတို့ ... စေတုတ္တရာ နိုင်ငံတော်ကြီးအား သုမနေ ဘုရင်ယုတ်က ဝက်ံ့ဉာဏ်ဖြင့် ကြံစည်လျက် ရှိနေသည် ဆိုသည့်အချက်မှာ ငြင်းချက်မထွက်ပါ၊ စေတုတ္တရာ နိုင်ငံတော် အကြားရှိ ကျေးလက် တောရွာများကို သုမနေ ဘက်တော်သားများက လုယက်ဖျက်ဆီးခြင်း ပြုလုပ်လျက် ရှိနေသည်မှာ ကာလအတန် ကြာညောင်းသွားပြီ ဖြစ်သည်ကို အားလုံးအသိပင် ဖြစ်ပါသည်။ ထို့မျှသာမကသေး သုဝဏ္ဏနိုင်ငံနှင့် စေတုတ္တရာ နိုင်ငံတော်၏ နယ်ခြားဒေသ ဖြစ်သော သေလာဂီရိ တောင်ခြေရင်း အနီးအနားသို့ စေတုတ္တရာ နိုင်ငံသူ နိုင်ငံသားများ မချဉ်းကပ်ဝံ့အောင် ဘီလူး သဘက်ဖြင့် ခြောက်လှန့်ပြီး နယ်ကျူးလာသူများကို ဘီလူးအသွင်ဆောင်သော လူယုတ်မာ တစ်ဦးက ချွန်ထက်သည့် သံလက်သည်းများဖြင့် ကုတ်ဖဲ့ သတ်ဖြတ်လျက် ရှိသည်ကိုလည်း အားလုံးအသိပင် ဖြစ်ပါသည်။ ဘုရင်မ၏ လက်ရုံးသဖွယ် အားကိုးရသည့် စစ်သည်တော် ရဲမက်ဗိုလ်ပါ ၁၀ ဦးမှာလည်း လူတစ်ပိုင်း၊ ဘီလူးတစ်ပိုင်း သတ္တဝါယုတ်၏ လက်ချက်ဖြင့် သေဆုံးခဲ့ရပြီ ဖြစ်ပါသည်"

သက်တော်ရှည် အမတ်ကြီးသည် ဘုရင်မကို အမှူးထား၍ မင်းပရိသတ်အပေါင်းတို့အား တည်ကြည် ရင့်ကျက်သည့် ဣန္ဒြေဖြင့် နောက်ကြောင်းပြန်လိုက်ရာ စောစောက တစ်ယောက် တစ်ခွန်း တီးတိုး ပြောဆိုနေကြသူများ အားလုံးမှာ မီးကို ရေနှင့်သတ်သလို ငြိမ်သက်စွာဖြင့် နားထောင်နေကြပေသည်။

ခေတ္တရာမြို့စားကြီး၏ မျက်နှာမှာမူကား ညိုမည်း၍ သွားပေသည်။

www.burmeseclassic.com



"ဘုန်းတော် အလွန်တရာ ကြီးတော်မူသော ဘုရင်မ ... ဘုရင်မ၏ လက်ရုံးသဖွယ် အားကိုးရသည့် ရဲမက်စစ်သည်တော်များအား ရက်ရက်စက်စက် သတ်ဖြတ်ပြီး သေလာဂီရိ တောင်ခြေရင်းသို့ ဇေတုတ္တရာနိုင်ငံတော်မှ စစ်သည်တော်များ မချဉ်းကပ်ဝံ့အောင် သုခနေဘုရင်ယုတ်ရဲ့ အကြံအစည် ပျက်ပြားအောင် ယခု ဘုရင်မ၏ ရှေ့တော်မှောက်သို့ ရောက်ရှိနေသော မောင်ရှုပနှင့် အပေါင်းပါ ၃ ဦးတို့က အပြီးအပိုင် ရှင်းလင်း သုတ်သင်ခဲ့သည်ကို ကျွန်တော်မျိုး လျှောက်တင်ပါရစေ"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါသည် ဘုရင်မအား ဆက်လက်၍ သံတော်ဦးတင်ရန် နိဒါန်းပျိုးလိုက်ပြီးလျှင် ... သေလာဂီရိတောင်ထွတ်တွင် ကျက်စားနေသော ဘီလူးအသွင် ဆောင်နေသည့် ဦးကဝိအား အာဠာဝကဏ်၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရပုံနှင့်တကွ သေလာဂီရိတောင်ထွတ်မှနေပြီး ဘုရင်မ၏ နန်းတော်အတွင်းသို့ ရောက်အောင် ဥမင်လိုဏ်ခေါင်း ဖောက်လုပ်လျက်ရှိပုံများကိုပါ အကျယ်တဝင့် လျှောက်တင်လိုက်ပေသည်။

သက်တော်ရှည် အမတ်ကြီး၏ စကားမဆုံးမီမှာပင် မှူးကြီးမတ်ရာ သေနာပတိများသည် လှုပ်လှုပ်ရှားရှားဖြစ်၍ လာပေသည်။

ဇေတ္တုရာမြို့စားကြီးမှာမူကား အံတကြိတ်ကြိတ်နှင့် ဖြစ်၍နေပေသည်။

"အားလုံး တိတ်စေ ..."

ဘုရင်မက အမိန့်ပေးလိုက်ရာ တရားလွှတ်တော် တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်၍ သွားပြန်သည်။

"ကဲ မောင်ရှုပ ... ဘာဖြစ်လို့ စကားမပြော၊ တုံ့ဏှိုဘော လုပ်နေရတာလဲ၊ မောင်ရှုပဟာ ပရိယာယ်ဝေဝုစ်အရာမှာ ကျွမ်းကျင်လိမ္မာတယ်လို့ ကြားလုံးကြီးတဲ့ လူတစ်ယောက် ဖြစ်တယ်၊ ယောဒီ ပုရပိုက်ဟာ မောင်ရှုပ ပြောသလို သုခနေရဲ့ သူလျှိုတွေကို အချက်ပေးတဲ့စာ



ဖြစ်တယ်ဆိုရင် ... ဒီစာထဲမှာပါတဲ့ စကားအဓိပ္ပာယ်ကို မောင်ရှုပ ရှင်းပြစမ်းပါလား"

စန္ဒာဒေဝီ ဘုရင်မသည် မိမိရှေ့တွင် တည်ငြိမ်စွာဖြင့် ရပ်၍နေသော ဗိုလ်နန္ဒအား စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

"ဘုရင်မ သိလိုလျှင် ကျွန်တော် ဉာဏ်မီသလောက် ရှင်းပြဖို့အသင့်ရှိပါတယ်၊ လဆုတ်ပက္ခ ၁၅ ရက်နေ့ည ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်ချိန် ဆိုတာက လာမယ့် လကွယ်နေ့ညသန်းခေါင်အချိန်ကို ဆိုလိုရင်း ဖြစ်ပါတယ်၊ ဒါကိုတော့ အားလုံး သဘောပေါက်ပြီး ဖြစ်ပါလိမ့်မယ်။ နန်းမြင့်က မီးရောင်မြင်ရလိမ့်မည် ဆိုတဲ့ စကားကတော့ လကွယ်နေ့ည သန်းခေါင်အချိန်မှာ ဘုရင်မရဲ့ နန်းမြင့်မျှော်စင်ကနေပြီး အချက်ပေးမယ်လို့ ဆိုတာလည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ်ရင် အဲဒီအချိန်မှာ နန်းမြင့်ဘက်ကိုအရောက် ဥမင်လိုဏ်ခေါင်း တူးဖောက်ပြီး နန်းမြင့်ကို မီးတင်ရှို့လိုက်မယ် ဆိုတဲ့ အဓိပ္ပာယ်လည်း ဖြစ်နိုင်ပါတယ်"

ဗိုလ်နန္ဒသည် ပုရပိုက်တွင် ပါရှိသည့် စာများကို တစ်ပိုဒ်စီ အဓိပ္ပာယ် ရှင်းပြနေပေရာ၊ ပရိသတ်အားလုံး ငြိမ်သက်စွာ နားထောင်နေကြသည်။ ဇေတ္တုရာမြို့စားကြီးမှာမူ မျက်နှာ ညိုမည်းနေပြီး အံတကြိတ်ကြိတ်နှင့် ဖြစ်နေပေသည်။

"ထိုအချိန်တွင် တစ်မြို့လုံး မီးဟုန်းဟုန်းတောက်စေရမည် ... ဆိုတဲ့ စကားအဓိပ္ပာယ်ကတော့ နန်းမြင့်ကနေပြီး မီးရောင်နဲ့ အချက်ပေးလိုက်တဲ့အခါမှာ ဖြစ်စေ၊ ဒါမှမဟုတ် နန်းမြင့်က မီးတင်ရှို့လိုက်တဲ့အခါမှာ ဖြစ်စေ ဇေတုတ္တရာ မြို့တော်ကြီးကို မီးဟုန်းဟုန်းတောက်ပြီး ဖရိုဖရဲဖြစ်အောင် မီးရှို့ရမယ်လို့ ဆိုလိုရင်း ဖြစ်ပါတယ်။ အဲဒီလို မီးဟုန်းဟုန်း တောက်လောင်ပြီး ဖရိုဖရဲ ကစဉ့်ကရဲ ဖြစ်နေချိန်မှာ သုခနေနဲ့ သုခနေရဲ့ စစ်သည်တော်တွေ မြို့ထဲဝင်လာပြီး မြို့တော်ကို သိမ်းပိုက်ဖို့ ကြံစည်ခြင်း ဖြစ်သည်မှာ ထင်ရှားပါတယ်။ မြို့ရိုးတံခါးများ အတား

www.burmeseclassic.com

www.burmeseclassic.com



အဆီး မရှိစေနှင့် ဆိုတဲ့စကားက မြို့တော်ကြီး မီးဟုန်းဟုန်း တောက်လောင်ပြီး ဖရိုဖရဲ ဖြစ်နေချိန်မှာ သုမနနဲ့ သူ့ရဲ့စစ်သည်တော်တွေ မြို့ထဲ လွယ်လွယ်ကူကူနဲ့ ဝင်နိုင်အောင် မြို့ရိုးတံခါးတွေ အားလုံးဖွင့်ထားဖို့ အချက်ပေးလိုက်ခြင်း ဖြစ်တယ်လို့ ယူဆစရာရှိပါတယ်"

ဗိုလ်နန္ဒသည် တည်ကြည်သော မျက်နှာထား၊ ပြတ်သားသော အသံဖြင့် ဘုရင်မနှင့်တကွ ပရိသတ်အားလုံး ကြားအောင် ရှင်းပြလိုက်ရာ စောစောက ငြိမ်သက်စွာ နားထောင်နေကြသူများမှာ အချင်းချင်း လက်ကုတ်ခါ တီးတိုး တီးတိုး ပြောသူကပြော၊ လက်သီးဆုပ်သူက ဆုပ်၊ ဓားဆွဲသူက ဆွဲနှင့် လှုပ်လှုပ်ရွရွ ဖြစ်၍လာပေသည်။

ခေတ္တရာမြို့စားကြီးမှာလည်း ဖင်တကြွကြွ၊ ဓားတကိုင်ကိုင်နှင့် ဖြစ်နေပေရာ ဘုရင်မသည် ခေတ္တရာမြို့စားကြီး၏ ပခုံးကိုကိုင်ပြီး မိမိ၏ဘက်သို့လှည့်၍ ခစားရန် အမိန့်ပေးလိုက်ပေသည်။

"မှူးကြီးမတ်ရာ သေနာပတိ အပေါင်းတို့ ..."

ဘုရင်မသည် သာယာကြည်လင်သည့် အသံဖြင့် အမိန့်တော်ရှိလိုက်ရာ စေစောက ဆူဆူညံညံ အသံများ ကွယ်ပျောက်သွားပြီး တိတ်ဆိတ်ငြိမ်သက်၍ သွားပြန်သည်။

"ဗိုလ်နန္ဒ အမည်ခံ မောင်ရှုပ လျှောက်တင်သွားသည့် စကားများကို အားလုံး ကြားကြရပြီ မဟုတ်ပါလော ... ဤအတိုင်းသာ မှန်လျှင် ရှေ့အဖို့ မည်သို့မည်ပုံ လုပ်ကိုင် ဆောင်ရွက်သင့်သည်ကို ဘုရင်မအား အကြံဉာဏ်များ ပေးကြပါလော"

စန္ဒာဒေဝီ ဘုရင်မက ဆက်လက်ပြီး မိန့်ကြားလိုက်ရာ ညိုမည်းသော မျက်နှာဖြင့် ဘုရင်မအပါးတွင် ခစားလျက်ရှိသော ခေတ္တရာမြို့စားကြီးသည် ဘုရင်မ၏ မျက်နှာကို မော်ဖူးလိုက်သည်။

"ကျွန်တော်မျိုး လျှောက်တင်ပါရစေ ... ဗိုလ်နန္ဒ အမည်ခံ ငရှုပ လျှောက်တင်သည့်အတိုင်း မှန်ကန်ပါက ဘုရင်မသည် ဤအတိုင်း



လက်ပိုက်ပြီး ကြည့်နေရန် မသင့်ကြောင်းပါ၊ ဘုရင်မ၏ စစ်သည်တော်ရဲမက်များအား ယခုချက်ချင်း ဆင့်ခေါ်စုရုံးစေပြီးလျှင် သုဝဏ္ဏနိုင်ငံတော်ကို ချီတက်တိုက်ခိုက်ဖို့ အကြံပေးလိုကြောင်း ကျွန်တော်မျိုး လျှောက်တင်ဝံ့ပါသည်၊ ကျွန်တော်မျိုးကြီး ကိုယ်တိုင်လည်း ရှေ့ဆုံးမှ စစ်ချီတိုက်ခိုက်ရန် အသင့်ရှိကြောင်းပါ"

ခေတ္တရာမြို့စားကြီးသည် ဘုရင်မအား လျှောက်တင်လိုက်သည်။

"ခေတ္တရာမြို့စားကြီး စဉ်းစားတော်မူပါ ... သုဝဏ္ဏနိုင်ငံတော်ကို စစ်ချီတိုက်ခိုက်ဖို့ ဆိုသည့်ကိစ္စမှာ မလွယ်ကူပါ၊ အလုံးအရင်းနှင့် ချီတက် တိုက်ခိုက်မည်ဆိုလျှင် သုမန၏အလိုကျ ဖြစ်သွားမည်ကို သတိပြုပါ၊ စေတုတ္တရာ နိုင်ငံတော်မှာ စစ်သည်တော်များ သုဝဏ္ဏနိုင်ငံတော်ကို ချီတက်တိုက်ခိုက်နေစဉ် အကာအကွယ်မရှိသော စေတုတ္တရာ မြို့တော်ကို သုမနဘုရင်သည် နောက်ဖေးပေါက်မှဝင်ပြီး လွယ်လွယ်နှင့် သိမ်းယူသွားနိုင်မည်ကို သတိချပ်စေလိုပါသည်"

ဗိုလ်နန္ဒက ဝင်ပြောလိုက်သည်။

"မောင်ရှုပ ပြောတဲ့စကားဟာ သိပ်မှန်တယ်၊ ထိုးစစ်ဆင်ဖို့ ဆိုတာက သိပ်မလွယ်ဘူး၊ ထိုးစစ်ထက် ခံစစ်က ပိုပြီးလွယ်တယ်၊ သုဝဏ္ဏ နိုင်ငံတော်ကို စစ်ချီတိုက်ခိုက်ရင် သုမနအလိုကျ ဖြစ်သွားလိမ့်မယ်"

သက်တော်ရှည် အမတ်ကြီးက ဗိုလ်နန္ဒဘက်မှ ထောက်ခံလိုက်သည်။

"ဒီလိုဆိုရင် ကျုပ်တို့ ဘာလုပ်ကြမလဲ၊ ဒီအတိုင်း လက်ပိုက်ကြည့်နေလို့လည်း မဖြစ်ဘူး"

ရန်အောင်မြို့စားကြီးသည် သက်တော်ရှည် အမတ်ကြီး အနီးသို့ ချဉ်းကပ်လာပြီး မေးခွန်းထုတ်လိုက်သည်။

"ဒီအတိုင်း လက်ပိုက်ကြည့်နေဖို့ မလိုပါဘူး၊ ကာလဒေသကို

www.burmeseclassic.com

ကြည့်ပြီး အလုပ်လုပ်သွားရင် ဖြစ်နိုင်ပါတယ်၊ လောလောဆယ် အချိန်မှာတော့ သုမနရဲ့ခြေလှမ်းကို မျက်ခြည်မပြတ် စောင့်ကြည့်နေဖို့ အရေးကြီးပါတယ်"

ဗိုလ်နန္ဒက ဝင်ပြီး ပြောလိုက်ပြန်သည်။

"စောင့်ကြည့်ရမယ် ... ဟုတ်လား ... ဘာကို စောင့်ကြည့်ရမှာလဲ"

ခေတ္တရာမြို့စားကြီးက မေးခွန်းထုတ်လိုက်သည်။

"စာထဲမှာပါတဲ့အတိုင်း လကွယ်နေ့ ညသန်းခေါင်အချိန်ကို စောင့်ကြည့်ဖို့ ပြောတာပါ။ သုမနရဲ့ အကြံအစည်ကို ကြိုတင်ပြီး သိထားရင် ဘာမှ ကြောက်စရာမလိုဘူး။ သူ့စာထဲမှာပါတဲ့အတိုင်းဆိုရင် လကွယ်နေ့ည သန်းခေါင်အချိန်မှာ သုမနနဲ့ သူ့ရဲ့စစ်သည်တော်တွေဟာ သေလာဂီရိ တောင်ခြေရင်းမှာ စုရုံးပြီးသား ဖြစ်နေမှာ သေချာတယ်၊ အဲဒီအချိန်ကို စောင့်ပြီး သုမနဘုရင် ချီတက်လာတဲ့အခါ ရှေ့နောက် ဝဲယာကနေပြီး သူ့တပ်ကို ပျက်အောင် ဖျက်လိုက်ရင် .. စေတုတ္တရာမြို့တော် မကျဆုံးဘဲ သုမနကို လက်ရဖမ်းနိုင်ပါလိမ့်မယ်၊ ဒီအတောအတွင်း အရေးကြီးတာကတော့ သုမနရဲ့ အကြံအစည် ပျက်အောင် သူတို့ တူးဖောက်ထားတဲ့ ဥမင်လိုဏ်ခေါင်းကို ဖောက်ခွဲပစ်ဖို့ အသင့်ပြင်ဆင်ထားဖို့ပဲ ဖြစ်ပါတယ်"

ဗိုလ်နန္ဒက မိမိ၏ ယူဆချက်ကို တင်ပြနေစဉ် တရားလွှတ်တော်အတွင်းသို့ ပါဒမြို့စားကြီး မောင်ဒီပသည် ရေးကြီးသုတ်ပျာဖြင့် ဝင်လာပြီး ဘုရင်မနှင့် မလှမ်းမကမ်းတွင် ပြားပြားဝပ် ခစား၍နေပေသည်။

"ဘုန်းတော် အလွန်တရာ ကြီးတော်မူသော ဘုရင်မနှင့်တကွ အတွင်းဝန်ကြီးများအား ကျွန်တော်မျိုး ပါဒမြို့စား ဒီပ လျှောက်ထားအစီရင်ခံပါရစေ"

ပါဒမြို့စားကြီးက ဘုရင်မအား လျှောက်တင်လိုက်သည်။



"လျှောက်တင်စရာရှိလျှင် ရှေ့တိုး ခစားပြီး လျှောက်တင်စေ"

ဘုရင်မက အမိန့်ပေးလိုက်သဖြင့် ပါဒမြို့စားကြီးသည် ရှေ့သို့ တိုး၍ ခစားလိုက်သည်။

"ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော ဘုရင်မ၊ ဘုရင်မ၏ စေတုတ္တရာ နိုင်ငံတော် အပါအဝင် ကျွန်တော်မျိုးအား အပိုင်စားပေးသနားတော်မူထားသည့် ပါဒမြို့ကြီးအား သုမန ဘက်တော်သားများ ဝင်ရောက်မီးရှို့ ဖျက်ဆီးပြီး အနိုင်ကျင့်သွားကြောင်း ဘုရင်မအားလျှောက်ထား အစီရင်ခံပါသည်။ သုမန ဘုရင်ယုတ်အား လက်စားချေရန် ဘုရင်မ၏ စစ်သည်တော် ရဲမက်ဗိုလ်ပါ အပေါင်းတို့အား ယခုချက်ချင်း ဆင့်ခေါ်ပြီး သုဝဏ္ဏ နိုင်ငံတော်ကို ချီတက် တိုက်ခိုက်ပါရန် အနူးအညွတ် လျှောက်ထား တောင်းပန်ဝံ့ကြောင်းပါ"

ပါဒမြို့စားကြီး မောင်ဒီပသည် ဘုရင်မအား ရိုသေစွာ ခစားရင်း လျှောက်တင်လိုက်ပေသည်။ မျက်စိရှင်သော ဗိုလ်နန္ဒသည် ပါဒမြို့စား၏ လက်ဝဲဘက်လက်ကို သေချာစွာ ကြည့်လိုက်သောအခါ လက်ဝဲဘက် လက်သန်းမှာ အပေါ်ဆုံး အဆစ်မရှိဘဲ ပြတ်၍နေသည်ကို မြင်သဖြင့် ဗိုလ်နန္ဒ၏ မျက်လုံးများသည် ပြူးကျယ် တောက်ပြောင်၍ လာပေသည်။

"ပါဒမြို့ကြီးကို သုမန ဘက်တော်သားများ ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးသွားသည်ဆိုလျှင် မြို့စားကြီးရဲ့ စစ်သည်ရဲမက်များနှင့် မြို့ကို ခုခံကာကွယ်ဖို့ တာဝန်ရှိတယ် ဆိုတာ မသိဘူးလား၊ မြို့စားကြီး ဝတ္တရားပျက်ကွက်လှချည့်လား၊ သုမန ဘက်တော်သားတွေ စော်ကားတာကို ဘာဖြစ်လို့ အရှုံးပေးရတာလဲ"

"အရှုံးပေးခြင်းမဟုတ်ပါ၊ ကျွန်တော်မျိုး ကိုယ်တိုင် ရှေ့ဆုံးမှ ထွက်ပြီး ခုခံကာကွယ်ကြောင်းပါ။ သို့ရာတွင် အင်အားချင်း မမျှသဖြင့် အရှုံးပေးလိုက်ရခြင်း ဖြစ်ကြောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ပါဒမြို့စားကြီးက လျှောက်တင်လိုက်သည်။

"ဒါလောက် ဓားခုတ် လှံထိုး ကျင်လည်ပါလျက် ရန်သူကို နိုင်အောင် မခုခံဘဲ ထွက်ပြေးလာရသလား။ သတ္တိကြောင်လှချည့်လား"

ဘုရင်မက ဒေါသနှင့် ပြောလိုက်သည်။

"မှန်လှပါ ကျွန်တော်မျိုးကြီး အသက်သေရမှာကို ကြောက်၍ ထွက်ပြေးလာရခြင်း မဟုတ်ကြောင်းပါ။ ဘုရင်မနှင့်တကွ စေတုတ္တရာ နိုင်ငံတော်အတွက် စိုးရိမ်ပူပန်သဖြင့် ကြိုတင် သတိပေးနိုင်ရန် ကိုယ်လွတ်ရုန်းခဲ့ခြင်း ဖြစ်ကြောင်းပါ။ သုမန ဘက်တော်သားများရဲ့ ရမ်းကားမှုကို လက်ပိုက်ပြီး ကြည့်နေတော်မမူပါနဲ့ ... ယခုချက်ချင်း ဘုရင်မရဲ့ စစ်သည်တော် ရဲမက်ဗိုလ်ပါများကို ဆင့်ခေါ်ပြီး သုဝဏ္ဏ နိုင်ငံတော်အား ချီတက် တိုက်ခိုက်တော်မူပါ၊ ဘုရင်မ လက်နှေးတော်မူလျှင် စေတုတ္တရာ နိုင်ငံတော်ကို သုမန ဘုရင် ချီတက်သိမ်းပိုက်မည်ကို စိုးရိမ်ရကြောင်းပါ"

ပါဒမြို့စားကြီးသည် ဘုရင်မအား ဆက်လက်၍ လျှောက်တင်လိုက်ပြန်သည်။

ပါဒမြို့စားကြီး၏ လျှောက်တင်ချက်ကို တစ်လုံးမကျန် နားထောင်နေသော ဗိုလ်နန္ဒသည် ပါဒမြို့စားကြီး လျှောက်တင်ပြီးသည်နှင့် တစ်ပြိုင်နက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရာ ပရိသတ်အားလုံးသည် ပါဒမြို့စားကြီးအား အာရုံစိုက်နေရာမှ ဗိုလ်နန္ဒဆီသို့ အာရုံရောက်သွားပြန်သည်။

"ပါဒမြို့စားကြီး လျှောက်တင်သည့် စကားများကို ဘုရင်မ ယုံကြည်တော်မူပါလျှင် ငါးပါးသာမက သံဃာစင်ပါ မှောက်ပါလိမ့်မယ်။ ပါဒမြို့စားကြီးမှာ သုမန ဘုရင်ရဲ့ သူလျှို စင်စစ်ကေန် ဖြစ်ပါတယ်"

ဗိုလ်နန္ဒသည် ကြည်လင်ပြတ်သားသည့် အသံဖြင့် ပြောလိုက်ရာ ပါဒမြို့စားကြီးသည် ဗိုလ်နန္ဒအား လှည့်ကြည့်လိုက်သည်။



"ခွေးမျိုး"

ပါဒမြို့စားကြီးသည် ပါးစပ်မှ ရုတ်တရက် ထွက်သွားပြီး ဘုရင်မကိုပင် အရေးမစိုက်နိုင်တော့ဘဲ ဗိုလ်နန္ဒ အနီးသို့ ချဉ်းကပ်သွားပြီးလျှင် ဗိုလ်နန္ဒအား ဓားနှင့် ခုတ်ပိုင်းရန် ချိန်ရွယ်လိုက်သည်။

ဗိုလ်နန္ဒမှာ မျက်စိရှင်သူဖြစ်၍ ပါဒမြို့စားကြီး၏ ဓားချက်ကို တိမ်းရှောင်လိုက်ပြီး ပါဒမြို့စားကြီး၏ လက်ကို ဖမ်းကိုင်လိုက်ပြီးလျှင် တအားဆွဲလိမ်လိုက်ရာ ပါဒမြို့စားကြီး၏ လက်မှ ဓားမှာ လွတ်ကျသွားသည့် ဓားကို ဗိုလ်နန္ဒက ကောက်ယူထားလိုက်သည်။

"ခွေးသား သစ္စာဖောက်"

ဘုရင်မ အပါးတွင် ကပ်လျက် ခစားနေသော ခေတ္တရာမြို့စားကြီးသည် ပါးစပ်မှ ရေရွတ်ရင်း ဓားကိုဆွဲပြီး ဗိုလ်နန္ဒအား ခုတ်မည်အပြုတွင် အာဠာဝက က ခေတ္တရာမြို့စားကြီး၏ လက်ကို တအားဖမ်းဆွဲလိုက်ပြီး မြို့စားကြီး၏လက်မှ ဓားကို လုယူလိုက်ပေသည်။

တရားလွှတ်တော် တစ်ခုလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်၍သွားလေသည်။

"အားလုံး တိတ်စေ"

ဘုရင်မ၏ ကြည်လင်ပြတ်သားသည့် အသံကို ကြားလိုက်ရသောအခါကျမှ တရားလွှတ်တော် တစ်ခုလုံး ငြိမ်သက်၍ သွားပြန်သည်။

"သစ္စာဖောက် ငရူပကို ဒီအတိုင်းကြည့်မနေပါနဲ့၊ နှောင်ကြိုးတည်းပြီး သေဒဏ်ပေးတော်မူပါ"

ပါဒမြို့စားကြီးက ဘုရင်မအား လျှောက်တင်လိုက်သည်။

"သစ္စာဖောက်မှန်သမျှ ဘယ်သူ့ကိုမှ ဘုရင်မ ချမ်းသာပေးလိမ့်မည် မဟုတ်၊ အားလုံး ကိုယ့်နေရာမှာကိုယ် ငြိမ်သက်စွာ ခစားကြ"

စန္ဒာဒေဝီ ဘုရင်မက အာဏာသံဖြင့် ပြောလိုက်ရာ အားလုံး ငြိမ်သက်စွာဖြင့် နာခံနေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရှုပ ... စောစောက မောင်ရှုပသည် ပါဒမြို့စားကြီးအား သူ့ဓနု သူလျှိုဟု စွပ်စွဲပြောဆိုလိုက်သည်၊ မည်သည့် သက်သေအထောက်အထား ရှိသဖြင့် ယခုကဲ့သို့ စွပ်စွဲလိုက်သနည်း၊ သက်သေအထောက်အထား မပြနိုင်လျှင် မောင်ရှုပအား ဘုရင်မ ချမ်းသာပေးနိုင်မည် မဟုတ်"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား လှမ်းပြီး မေးလိုက်သည်။

"သက်သေပြပါမည်၊ ပါဒမြို့စားကြီးရဲ့ လက်သန်း အပေါ်ဆုံးအဆစ် ပြတ်နေသည်ကို ဘုရင်မ ရှုစားတော်မူပါ"

ဗိုလ်နန္ဒက လျှောက်တင်လိုက်ရာ ဘုရင်မ ရှေ့တွင် ခစားနေသော ပါဒမြို့စားကြီးသည် လက်ဝဲဘက်လက်ကို ဝှက်ထားလိုက်ပြီး ထိုင်ရာမှ တပျာကယာ ထကာ ခါးကြားတွင် ပါလာသော ဓားမြှောင်ကို ထုတ်ပြီး ဗိုလ်နန္ဒအား ထိုးရန် ချိန်ရွယ်လိုက်ပေသည်။

ထိုအချိန်တွင် ကျော်ဇေယျနှင့် အာဠာဝကသည် ပါဒမြို့စားကြီးအား ဝိုင်းဖက်ထားလိုက်ပြီး နေမျိုးက ပါဒမြို့စားကြီး လက်မှ ဓားကို လုယူရင်း အရှိက်ကို ထိုးလိုက်ရာ ပါဒမြို့စားကြီးမှာ ခွေလျက်သား ကျသွားပေသည်။

"ဘုရင်မ ရှုစားတော်မူပါ၊ ပါဒမြို့စားကြီးရဲ့ လက်ဝဲဘက် လက်သန်း အပေါ်ဆုံးအဆစ် ပြတ်နေသည်ကို ရှုစားတော်မူပါ"

အာဠာဝကသည် ပါဒမြို့စားကြီး၏ လက်ဝဲဘက်လက်ကို ဆွဲတိုင်ပြရင်း ပြောလိုက်သည်။

"လက်သန်းပြတ်နေတာ ဘာဆိုင်လို့လဲ၊ လက်သန်းပြတ်တိုင်း သူ့ဓနု သူလျှိုလို့ ပြောနိုင်သလား"

ခေတ္တရာမြို့စားကြီးက လှမ်းပြီး မေးလိုက်သည်။

"လက်သန်းပြတ်တာနဲ့ ဘာဆိုင်သလဲ ဆိုတာ ကျော်ဇေယျက ဘုရင်မကို ရှင်းပြလိုက်စမ်းပါ"

ဗိုလ်နန္ဒက ဣန္ဒြေရရပင် အမိန့်ပေးလိုက်သည်။



"ကျွန်တော်မျိုး လျှောက်တင်ပါမည် ... ရွှေနားဆင်တော်မူပါ၊ ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏ ရဲဘော်များဖြစ်သော အာဠာဝကနှင့် နေမျိုးသည် ဘုရင်မ စံမြန်းတော်မူသည့် စေတုတ္တရာနိုင်ငံတော် နယ်ခြားဒေသဘက်သို့ ထွက်ခွာလာခဲ့ကြစဉ် လမ်းခရီး စမ်းချောင်းကလေး အလွန်တွင် လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် လူတစ်စုနှင့် တွေ့ပြီး ထိုလူများက ကျွန်တော်မျိုးတို့အား ရန်မူမည်ပြုသဖြင့် ကျွန်တော်မျိုးတို့က ခုခံကာကွယ်ရာတွင် တောတွင်းသို့ လက်လွတ် ထွက်ပြေးကြပါသည်။ ၎င်းအထဲတွင် ခေါင်းဆောင်နှင့် တူသောသူကိုမူ ကျွန်တော်မျိုးတို့ ၃ ဦးက ဝိုင်းဝန်းဖမ်းဆီးပြီး ချုပ်နှောင်ထားစဉ် ဆရာနန္ဒက လွှတ်ပစ်ရန် အမိန့်ပေးသဖြင့် လွှတ်ပစ်လိုက်ရပါသည်၊ လွှတ်လိုက်သည်နှင့် ထိုသူသည် ဆရာနန္ဒအား သစ်ကိုင်းနှင့် ရိုက်နက်ပြီး ထွက်ပြေးသဖြင့် ကျွန်တော်မျိုးတို့ လိုက်လံဖမ်းဆီးရာ ထိုသူကိုမမိဘဲ ထိုသူ၏ ခါးပိုက်ထဲမှ ဘုရင်မ၏ နန်းတော်မြေပုံ ပါရှိသည့် ငွေကျည်တောက် တစ်ခု ရလာခဲ့ပါသည် ...။ ထိုသူ၏ လက်ဝဲဘက် လက်သန်း အပေါ်ဆုံးအဆစ် ပြတ်နေသည်ကို ကျွန်တော်မျိုးတို့ သတိထားလိုက်မိပါသည် — ထိုသူမှာ အခြားသူမဟုတ် ဘုရင်မ ရှေ့တော်တွင် ခွေလဲနေသော ပါဒမြို့စားကြီးပင် ဖြစ်ကြောင်း ကျွန်တော်မျိုး ရဲရဲကြီး အာမခံဝံ့ကြောင်းပါ ..."

ကျော်ဇေယျသည် ဘုရင်မ၏ နန်းတော်မြေပုံ ရရှိခဲ့ပုံများကို ပြန်လည်၍ လျှောက်တင်လိုက်ရာ ဘုရင်မနှင့်တကွ တရားလွှတ်တော် အတွင်းရှိ ပရိသတ်အားလုံးသည် ပါဒမြို့စားကြီး၏ လက်ဝဲဘက် လက်သန်းကို အာရုံစိုက်ပြီး ကြည့်နေကြပေသည်။ တရားလွှတ်တော် တစ်ခုလုံးမှာလည်း ငြိမ်သက် တိတ်ဆိတ်လျက် ရှိပေသည်။

"အမိန့်တော်မှတ်မယ် ... အမိန့်တော်နာခံ"

ဘုရင်မသည် ပါဒမြို့စားကြီး၏ လက်ဝဲဘက် လက်သန်းကို

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပြီး ကြည့်နေရာမှ ကြည်လင်ပြတ်သားသော အသံဖြင့် ပြောလိုက်ရာ ဘုရင်မ ချမှတ်မည့် အမိန့်သံကို ငြိမ်သက်စွာ နာခံနေကြပေသည်။

"သုမန ဘုရင်ယုတ်၏ သူလျှို ... ပါဒမြို့စားကြီး မောင်ဒီပအား ယခုချက်ချင်း ထောင်သွင်းအကျဉ်းထားစေ ... နက်ဖြန်နံနက် အရုဏ်တက်ချိန်တွင် လည်ပင်း ကြိုးတည်း၍ သတ်စေ ... အမိန့်တော်"

ဘုရင်မက အမိန့်တော်ချမှတ်လိုက်ရာ ထောင်မှူးကြီး ချစ်ညို နှင့် နောက်လိုက်နောက်ပါများသည် ပါဒမြို့စားကြီးအား လက်ပြန်ကြိုး တုပ်နှောင်ပြီး အကျဉ်းထောင်သို့ ဆွဲခေါ်သွားကြပေသည်။

ခေတ္တရာမြို့စားကြီးမှာမူ စောစောက မျက်နှာ ညိုမည်းနေသလောက် ပါဒမြို့စားကြီးအား သတ်စေ အမိန့်ချမှတ်လိုက်သည့် အသံကို ကြားသည်နှင့် တစ်ပြိုင်နက် မျက်နှာတွင် သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်၍သွားပေသည်။

"ကျွန်တော်မျိုး လျှောက်တင်ပါရစေ"

ခေတ္တရာမြို့စားကြီးသည် ဘုရင်မအား လျှောက်တင်လိုက်သည်။

"လျှောက်တင်စရာရှိလျှင် လျှောက်တင်စေ"

"ပါဒမြို့စားကြီးအား မစစ်ဆေးဘဲ သေဒဏ်ပေးခြင်းမှာ ပြင်းထန်လွန်းသည်ဟု ကျွန်တော်မျိုး ယူဆကြောင်းပါ ... သေဒဏ်ပေးမည့်အစား ထောင်သွင်းအကျဉ်းထားလျှင် တော်လောက်ပြီဟု ယူဆကြောင်းပါ"

ခေတ္တရာမြို့စားကြီးက ပါဒမြို့စားကြီးဘက်မှ ရှေ့နေလိုက်ကာ လျှောက်တင်လိုက်သည်။

"မှန်လှပါ ... ပါဒမြို့စားကြီး၏ အမှုမှာ သက်သေ အထင်အရှား ရှိနေပါသဖြင့် စစ်ဆေးရန်မလိုပါ ... ဘုရင်မ၏ ချီးမြှင့်မြှောက်စားခြင်း ခံနေရသူတစ်ဦးက ဘုရင်မနှင့် စေတုတ္တရာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း မရှိဘဲ၊ ရန်သူ သုမန၏ သူလျှိုအဖြစ် အသားထဲမှ လောက်ထွက်သူ ဖြစ်သဖြင့် ချမ်းသာခွင့်ပေးရန် အကြောင်းမရှိပါ"



သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက လျှောက်တင်လိုက်သည်။

"ခေတ္တရာမြို့စားကြီး ... သက်တော်ရှည် အမတ်ကြီး လျှောက်တင်တာ ကြားတယ်မဟုတ်လား ...၊ သို့သော် ဘုရင်မသည် မည်သည့် အမှုကိုမဆို နှစ်ဦးနှစ်ဖက်သော သက်သေများကို စစ်ဆေးခြင်းမပြုဘဲ အပြစ်ပေးလေ့ မရှိသဖြင့် ပါဒမြို့စားကြီး အပေါ်တွင် ပေးထားသည့် ဒဏ်ကို ခေတ္တရုပ်ဆိုင်းပြီး နက်ဖြန်နံနက်တွင် ဘုရင်မ ကိုယ်တော်တိုင် အမှုကို စစ်ဆေးပြီး တရားသဖြင့် စီရင်တော်မူမည်"

ဘုရင်မက စောစောက အမိန့်ကိုရုပ်ဆိုင်းထားရန် အမိန့်ချမှတ်လိုက်ရာ ခေတ္တရာမြို့စားကြီး၏ မျက်နှာမှာ သိသိသာသာ ရွှင်လန်းလာပုံရပေသည်။

"ကျွန်တော်မျိုး လျှောက်တင်ပါရစေဦး"

ခေတ္တရာမြို့စားက ခွင့်ပန်လိုက်ပြန်သည်။

"လျှောက်စေ"

"ပါဒမြို့ကို ဝင်စော်ကားသွားသည့် သုမန ဘုရင်ယုတ်အား လက်စားချေသင့်ကြောင်း ကျွန်တော်မျိုး လျှောက်တင်ဝံ့ပါသည် ... တစ်စုံတစ်ရာ လက်စားမချေဘဲ လက်ပိုက်ပြီး ကြည့်နေမည်ဆိုလျှင် တစ်စတစ်စ အတင့်ရဲလာပြီး စေတုတ္တရာနိုင်ငံတော်ကိုပါ ခြိမ်းခြောက်လာစရာ ရှိကြောင်းပါ၊ သို့ဖြစ်ပါ၍ ဘုရင်မ၏ စစ်သည်တော် ရဲမက်ဗိုလ်ပါ အပေါင်းတို့အား ယခုချက်ချင်း ဆင့်ခေါ်ပြီး သုမန ဘုရင်အား နှိမ်နင်းဖို့ စစ်ချီသင့်ကြောင်း လျှောက်ထား အစီရင်ခံဝံ့ကြောင်းပါ"

ခေတ္တရာမြို့စားကြီးက ဘုရင်မအား လျှောက်တင်လိုက်သည်။

"ခေတ္တရာမြို့စားကြီး ... ခေတ္တရာမြို့စားကြီး ပေးသည့် အကြံအစည်မှာ စောစောက ထောင်သွင်း အကျဉ်းချထားလိုက်သည့် သုမန သူလျှို ပါဒမြို့စားကြီးပေးသော အကြံအစည်နှင့် ထပ်တူထပ်မျှ ဖြစ်နေ

www.burmeseclassic.com



သဖြင့် ဘုရင်မ လက်မခံနိုင် ... ၁။ပြင်ရန်ထက် အတွင်းရန်က ပိုပြီး အရေးကြီးသည်၊ အတွင်းရန်ကို အစအဆုံး နှိမ်နင်းပြီးမှသာ အပြင်ရန် တို နှိမ်နင်းမည်၊ သို့ဖြစ်၍ ဘုရင်မ အမိန့်တော်မှတ်မည်၊ အမိန့်တော် နာခံကြ"

စန္ဒာဒေဝီ ဘုရင်မသည် တည်ကြည်ခံ့ညားသည့် မျက်နှာထား ဖြင့် ပြောကြားလိုက်ရာ အားလုံး ငြိမ်သက်စွာ နာခံနေကြပေသည်။

"ယမန်နေ့က မောင်ရှုပနှင့် ရဲဘော်များ ဖမ်းဆီးထားသည့် ဦး တွင်း ဦးသံဝရ၊ အဆောင်မှူး ဝေလုနှင့် ဥယျာဉ်မှူး ပုဂံကျွဲတို့အား ဆက်လက်၍ တုပ်နှောင်ထားစေ၊ မောင်ရှုပနှင့် ရဲဘော်သုံးဦး အပေါ်တွင် တစ်စုံတစ်ရာ အပြစ်မရှိသဖြင့် ယခုချက်ချင်း လွှတ်စေ၊ အသားထဲက လောက်ထွက်သော ခေတ္တရာမြို့စားကြီး မောင်ဝဏ္ဏအား ယခုချက်ချင်း ဖမ်းဆီးပြီး ထောင်သွင်း အကျဉ်းထားစေ"

စန္ဒာဒေဝီ ဘုရင်မ အမိန့်တော်ချမှတ်လိုက်ရာ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါသည် ခေတ္တရာမြို့စားကြီးအား ဖမ်းဆီးရန် အာဏာ သားများကို အမိန့်ပေးလိုက်သည်။

"ကျွန်တော်မျိုး အပေါ်မှာ ဘုရင်မ အထင်တော်မလွဲသင့်ပါ၊ ကျွန်တော်မျိုးသည် ဘုရင်မ အပေါ်တွင် သစ္စာအရှိဆုံး ဖြစ်သည်ကို ဘုရင်မ ကိုယ်တော်တိုင် သိရှိတော်မူပါသည်၊ ကျွန်တော်မျိုးအား ချမ်းသာ ပေးတော်မူပါ"

ခေတ္တရာမြို့စားကြီးသည် ဘုရင်မအား အသနားခံ၍ နေပေသည်။

စန္ဒာဒေဝီ ဘုရင်မမှာမူ ခေတ္တရာမြို့စားကြီး ပြောသမျှကို လက်မခံဘဲ ခေါင်းကိုသာ အတွင်ခါ၍ နေပေသည်။

"ခုမှ ချမ်းသာပေးဖို့ လျှောက်တင်မနေနဲ့တော့ ဘုရင်မရဲ့ အမိန့်ကို ဘယ်နည်းနဲ့မှ ပြန်မရုပ်သိမ်းနိုင်ဘူး၊ ကဲ အာဏာသားများ ခေတ္တရာမြို့စားကြီးအား လက်ပြန်ကြိုးတုပ်ပြီး ထောင်သွင်းအကျဉ်းချထားစေ"



ဘုရင်မက အမိန့်ပေးလိုက်ရာ အသင့်စောင့်နေသော အာဏာ သားများသည် ခေတ္တရာမြို့စားကြီးအား လက်ပြန်ကြိုးတုပ်ပြီး ဆွဲခေါ် သွားကြပေသည်။

ခေတ္တရာမြို့စားကြီးအား ဆွဲခေါ်သွားပြီးနောက် တရားလွှတ်တော် တစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်နေရာမှ ရန်အောင်မြို့စားကြီးသည် ဘုရင်မ အပါးသို့ တိုး၍ ခစားလိုက်သည်။

"ဘုရင်မ ချမှတ်တော်မူလိုက်တဲ့ အမိန့်တော်မြတ်နဲ့ ပတ်သက် ပြီး ကျွန်တော်မျိုး လျှောက်တင်ပါရစေ"

ရန်အောင်မြို့စားကြီးက နိဒါန်းပျိုးလိုက်သည်။

"လျှောက်တင်စမ်း"

စန္ဒာဒေဝီ ဘုရင်မက ပြောလိုက်သည်။

"ခေတ္တရာမြို့စားကြီးအား အသားထဲက လောက်ထွက်သူ ဆိုပြီး ထောင်သွင်းအကျဉ်းထားဖို့ အမိန့်တော်မြတ် ချမှတ်တော်မူတာကို ကျွန်တော်မျိုးကြီး နားမလည်နိုင်အောင် ဖြစ်ရကြောင်းပါ၊ ခေတ္တရာမြို့စား တွင် မည်သည့်အပြစ်ရှိသည်ကို သိခွင့်ရှိက သိပါရစေ"

ရန်အောင်မြို့စားကြီးက လျှောက်တင်လိုက်ပြန်သည်။

"ခေတ္တရာမြို့စားကြီးကို အသားထဲက လောက်ထွက်သူလို့ ဘုရင်မ က စွပ်စွဲခြင်းမှာ အကြောင်းမဲ့မဟုတ်၊ ဘုရင်မရဲ့ နားနဲ့ မျက်စိကို ဖွင့်ထား တဲ့အတွက် ဘယ်သူဟာ တိုင်းပြည်အပေါ်မှာ သစ္စာရှိတယ်၊ ဘယ်သူ ဟာ တိုင်းပြည်အပေါ်မှာ သစ္စာမရှိဘူး ဆိုတာ ဘုရင်မ စောစောကတည်း က ရိပ်စားမိပြီးသားဖြစ်တယ်၊ ပြီးတော့ ..."

ဘုရင်မသည် စကားဆုံးအောင်မပြောဘဲ ဗိုလ်နန္ဒအား စောင်းငဲ့ ကြည့်လိုက်သည်။

"ဘုရင်မဟာ မိန်းမသား ဖြစ်သော်မယ့် တိုင်းပြည်အပေါ်မှာ တာဝန်

www.burmeseclassic.com

www.burmeseclassic.com



အရှိဆုံး ပုဂ္ဂိုလ်ဖြစ်တယ်လို့ မောင်ရှုပ မကြာခဏ သတိပေးခဲ့တာကို မှတ်မိသေးတယ် မဟုတ်လား"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား မေးခွန်းထုတ်လိုက်သည်။

"ပညာရှိ သတိဖြစ်ခဲ ဆိုသလိုဖြစ်မှာစိုးလို့ သတိပေးခဲ့ခြင်း ဖြစ်ပါတယ်"

ဗိုလ်နန္ဒက ပြန်ဖြေလိုက်သည်။

"ပြီးတော့ ဘုရင်မဟာ တိုင်းပြည်အပေါ်မှာ တာဝန်ရှိတဲ့အတွက် ဘုရင်မ စကားတစ်ခွန်း မှားသွားရင် ဘုရင်မ တစ်ဦးတည်းသာ ထိခိုက်မှာမဟုတ် … တိုင်းပြည်ကိုပါ ထိခိုက်နိုင်တယ် ဆိုတာ မောင်ရှုပ သတိပေးခဲ့တယ် မဟုတ်လား"

"မှန်သောစကားကို ပြောကြားခဲ့ခြင်းမျှသာ ဖြစ်ပါတယ်"

"မောင်ရှုပ … ခုလို သတိပေးခဲ့တဲ့အတွက် … ဘုရင်မဟာ ကိုယ့်ဘဝကို အမှန်ကိုသိလာပြီး အပြောအဆို အနေအထိုင်ကို ဆင်ခြင်ခဲ့တယ်၊ ဒါဟာ မောင်ရှုပရဲ့ ကျေးဇူးပဲ၊ ခုလိုတာဝန်သိသိ၊ သစ္စာရှိရှိနဲ့ ပြောဆိုနေထိုင်လာခဲ့တဲ့အတွက် ဘုရင်မ အပေါ်မှာ သစ္စာရှိသူနဲ့ သစ္စာမရှိသူကို ခွဲခြားပြီး သိရှိလာတယ်၊ ခေတ္တရာမြို့စားကြီးဟာ ဘုရင်မနဲ့ ငယ်ငယ်က ကစားဖော် ဖြစ်ခဲ့ပေမယ့် ခမည်းတော် နတ်ရွာစံပြီးတဲ့ နောက်ပိုင်းမှာ ဘုရင်မကို မိန်းမသားဆိုပြီး ပမာမခန့် လုပ်လာခဲ့တာတွေကို ဘုရင်မ စဉ်းစားမိတယ်၊ ပြီးတော့ … မောင်ရှုပကို ပထမဆုံးအကြိမ် တရားလွှတ်တော်မှာ ခေါ်ယူစစ်ဆေးခဲ့စဉ်က မောင်ရှုပကို ခေတ္တရာမြို့စားကြီး ကိုယ်တိုင် ဓားနဲ့ လှမ်းပေါက်လိုက်တာကို ဘုရင်မ မြင်လိုက်တယ်"

စန္ဒာဒေဝီ ဘုရင်မသည် စကားဖြတ်ထားလိုက်ပြီး ဗိုလ်နန္ဒအား တစ်ချက်လှမ်းကြည့်လိုက်ပြန်သည်။

"အဲဒီအချိန်ကစပြီး ခေတ္တရာမြို့စားကြီးရဲ့ အသွားအလာ အနေအထိုင်ကို ဘုရင်မ မသိမသာ အကဲခတ်ခဲ့တယ်၊ ဒီအတောအတွင်း



ခေတ္တရာမြို့စားကြီးရဲ့ တပည့်ဖြစ်တဲ့ ပုဂံကျွဲရဲ့ ခါးပိုက်ထဲ ယောဒီပုရပိုက်ကို မောင်ရှုပ လုယူလိုက်တာကို ဘုရင်မရဲ့မျက်စိနဲ့ မြင်ရတဲ့အခါ ခေတ္တရာမြို့စားကြီး အပေါ်မှာ ပိုပြီးသင်္ကာမကင်း ဖြစ်ခဲ့တယ်။ ပိုပြီး သေချာအောင် မောင်ရှုပနဲ့ အဖော် ၃ ယောက်ကို တည်ကြက်ပမာ အသုံးပြုပြီး မောင်ရှုပတို့ လူစုကို သူလျှိုတွေဆိုပြီး ထောင်သွင်းအကျဉ်းချထားလိုက်တယ်၊ ပြီးတော့ … တရားလွှတ်တော် ထုတ်ပြီး စစ်ဆေးတဲ့အခါ ခေတ္တရာမြို့စားကြီးကို ဘုရင်မ ကိုယ်စား တရားစစ်ဆေးဖို့ အမိန့်ပေးခဲ့တယ်၊ ဒါဟာ ရာဇပရိယာယ်ပဲ … ခုလိုပရိယာယ်ဆင်လိုက်တဲ့အတွက် ခေတ္တရာမြို့စားကြီး ပြောမှားဆိုမှား ကယောင်ချောက်ချား ဖြစ်သွားတာကို ဘုရင်မ သတိထားပြီး ကြည့်နေလို့ ခေတ္တရာမြို့စားကြီးဟာ အသားထဲက လောက်ထွက်သူလို့ အခိုင်အမာ စွပ်စွဲနိုင်ခဲ့တယ်"

စန္ဒာဒေဝီ ဘုရင်မက ရှင်းပြလိုက်ရာ … စန္ဒာဒေဝီ ဘုရင်မ၏ ဉာဏ်သွားပုံကို သက်တော်ရှည် အမတ်ကြီးနှင့်တကွ ရန်အောင်မြို့စားကြီးနှင့် မှူးကြီးမတ်ရာ သေနာပတိများမှာ တအံ့တသြ ချီးကျူးသြဘာပြု၍ နေကြပေသည်။

ဗိုလ်နန္ဒမှာလည်း စန္ဒာဒေဝီ ဘုရင်မ၏ ပရိယာယ် ဉာဏ်ကစားပုံကို သဘောကျ နှစ်သက်သည့် အမူအရာဖြင့် ဘုရင်မအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။

"မောင်ရှုပ ဘာဖြစ်လို့ ဘုရင်မကို စိုက်ကြည့်နေရတာလဲ"

"ဘုရင်မရဲ့ ဉာဏ်သွားပုံကို သဘောကျ နှစ်သက်လွန်းလို့ပါ"

ဗိုလ်နန္ဒက မျက်လွှာချပြီး ပြောလိုက်သည်။

"ခုလို ဘုရင်မ အကြံအစည်ရတာဟာ တခြားကြောင့် မဟုတ်ပါဘူး၊ ဘုရင်မ အလိုကို မလိုက်ဘဲ ဟုတ်တိုင်းမှန်ရာကို မကြောက်မရွံ့ ရွတ်တရွတ်ပြောဝံ့တဲ့ မောင်ရှုပရဲ့ ကျေးဇူးတွေ အများကြီးပါပါတယ်"

စန္ဒာဒေဝီ ဘုရင်မက ပြုံးရွှင်သည့် မျက်နှာထားဖြင့် ပြောလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒမှာ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး ခေါင်းငုံ့၍ နားထောင်နေပေသည်။

"မောင်ရှုပ ဘာဖြစ်လို့ ခေါင်းငုံ့နေရပြန်တာလဲ၊ မောင်ရှုပဟာ တကယ့်ကို လူတစ်မျိုးပဲ၊ ဘုရင်မရဲ့ အပြစ်အနာအဆာတွေကို ပြောစရာရှိရင် ရက်ရက်စက်စက် မညှာမတာ ပြောဝံ့သလောက် မောင်ရှုပရဲ့ အရည်အသွေးကို ဘုရင်မ ချီးကျူးတဲ့အခါတိုင်း ဘယ်တော့မှ ခေါင်းမဖော်ဘူး"

ဘုရင်မက ဗိုလ်နန္ဒအား မထိတထိ ပြောလိုက်ပြန်သည်။

စန္ဒာဒေဝီ ဘုရင်မမှာ စိတ်နှလုံး ကြည်လင်ရွှင်လန်းနေပုံရပေသည်။

"ကျွန်တော့်အကြောင်းကို ကျွန်တော်သာ အသိဆုံး ဖြစ်တဲ့အတွက် ကျွန်တော့်အား ယခုလို ချီးကျူးခြင်းကို သာယာခြင်းမရှိပါ၊ ရှက်ပင်ရှက်မိပါသေးသည်"

"မောင်ရှုပက ကိုယ့်ကိုယ်ကိုယ် နှိမ့်ချချင်တော့လည်း သိပ်နှိမ့်ချတာကိုး၊ ကဲ ... ကဲ ... ဒါက အရေးမကြီးဘူး၊ ရှေ့အဖို့ ဘာလုပ်ရမလဲဆိုတာ စဉ်းစားဆွေးနွေးဖို့ အရေးကြီးတယ်။ ဘုရင်မကို မိန်းမသားဆိုပြီး တိုင်းတစ်ပါးက စော်ကား မော်ကား လုပ်ချင်သလို ဘုရင်မ အပေါ်မှာ ခစားတဲ့ လူတွေကပါ မလောက်လေးမလောက်စား လုပ်လာကြတာ အားလုံးသိကြတဲ့အတိုင်းပဲ၊ ခုလို အချိန်အခါမျိုးမှာ ခမည်းတော်ဘုရားသာ ရှိမယ်ဆိုရင် ဘယ်သူမှ ခုလိုစော်ကားဝံ့မှာ မဟုတ်ဘူး။ မိန်းမသားဖြစ်တဲ့ ဘဝဟာ တယ်ပြီး နှိမ့်ကျပါကလား၊ ဘုရင်မသာ ယောကျ်ားဖြစ်ရင် ဘယ်ရန်သူမှ ခေါင်းမထောင်ဝံ့အောင် ရက်ရက်စက်စက်ကြီး လက်စားချေပြလိုက်ချင်စမ်းလှတယ်"

စန္ဒာဒေဝီ ဘုရင်မက မိမိစိတ်ထဲရှိသမျှ ဖွင့်ဟလိုက်သည်။

"လက်စားချေမယ်ဆိုရင် ဘုရင်မ မှားတော့မပေါ့၊ ရန်ကိုရန်ချင်း



မတုံ့နှင်းရန် ရန်မလိုမှ ရန်ငြိမ်းသည်၊ ရန်လိုလျှင် ရန်ပိုသည် ဆိုတဲ့စကားကို သတိထားမှပေါ့။ ရက်စက်တယ် ဆိုတာဟာ ဒေါသ၊ အာဃာတ တရားတွေ ဖုံးလွှမ်းခြင်းဖြစ်တယ် ... ဒေါသ၊ အာဃာတ တရားတွေကို ငြိမ်းအောင်လုပ်နိုင်မှ တကယ့် ငြိမ်းချမ်းသာယာရေးကိုရနိုင်မယ်။ ရန်တုံ့မူမယ်၊ လက်စားချေမယ် ဆိုတာ သတ္တိနည်းတဲ့ လူတွေသာ လုပ်တဲ့အလုပ်ပါ"

ဗိုလ်နန္ဒက ဘုရင်မအား တရားပြလိုက်သည်။

"ဘုရင်မကို သတ္တိနည်းတယ်လို့ ပြောလိုက်တာပေါ့လေ"

စန္ဒာဒေဝီ ဘုရင်မသည် လက်သီးဆုပ်ပြီး ဒေါသသံနှင့် ပြောလိုက်သည်။

"သတ္တိနည်းတယ်လို့ မပြောပါဘူး၊ သည်းခံဖို့သာ ပြောနေခြင်းဖြစ်ပါတယ်၊ ဘယ်နေရာမျိုးမှာမဆို စိတ်လိုက်မာန်ပါ လုပ်မိရင် မှားတတ်ပါတယ်။ ပြီးတော့ ရန်သူကို လက်စားချေရင် ရန်မအေးဘဲ ရန်သာပွားတတ်တာကို သတိရအောင် သတိပေးနေခြင်းသာ ဖြစ်ပါတယ်။ သစ္စံ–ဓမ္မ–ဝီရိယနှင့် စာဂ ဟူသည် ရန်သူအောင်မှုကြောင်းလေးခု ဆိုတဲ့စကားကို ဘုရင်မ သိပြီး ဖြစ်ပါလိမ့်မည်။ ဒေါသတရား ဖုံးလွှမ်းနေရင် အမှန်တရားကို မြင်နိုင်မည် မဟုတ်သည်ကိုလည်း သတိပြုပါ"

ဗိုလ်နန္ဒသည် ဘုရင်မ ဒေါသထွက်နေသည်ကို သိလျက်နှင့် ဂရုမစိုက်ဘဲ ဣန္ဒြေရရပင် ပြောလိုက်ရာ ဘုရင်မမှာ ဒေါသထွက်သည်ထက် ထွက်လာပြီး လက်သီးဆုပ်လိုက် အံကြိတ်လိုက်နှင့် ဖြစ်၍နေပေသည်။

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါမှာမူကား ဗိုလ်နန္ဒပြောလိုက်သည့် စကားများကို ကျေနပ်စွာ ထောက်ခံသည့်အလား ဘုရင်မ မမြင်အောင် ကြိတ်ပြီး ပြုံးလိုက်ပေသည်။

ဘုရင်မသည် စကားမပြောဘဲ ဗိုလ်နန္ဒအား မျက်မှောင်ကြုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ ကြည့်၍နေပေသည်။ ဗိုလ်နန္ဒမှာလည်း ဘုရင်မအား မျက်တောင်မခတ်ဘဲ ကြည့်နေမိပေရာ တစ်ဦးနှင့်တစ်ဦး အကြည့်ချင်းဆုံသွားရာ တစ်ဦး၏ အတွင်းမနောကို တစ်ဦးက ဖောက်ထွင်းပြီး မြင်ကြရသည့်အလား စန္ဒာဒေဝီ ဘုရင်မသည် ဟင်းခနဲ သက်ပြင်းချလိုက်သည့်အသံကို ကြားရပြီး ဗိုလ်နန္ဒ၏ မျက်လုံးများမှာလည်း ဘုရင်မ၏ အပေါ်တွင် သနားကရုဏာသက်သည့် အသွင်သို့ ပြောင်းလဲသွားပေသည်။

"မှူးကြီးမတ်ရာ သေနာပတိ အပေါင်းတို့"

စန္ဒာဒေဝီ ဘုရင်မ၏ ကြည်လင်ပြတ်သားသော အသံသည် တိတ်ဆိတ် ငြိမ်သက်လျက်ရှိခြင်းကို ဖောက်ထွင်းပြီး ထွက်ပေါ်လာပေရာ ဘုရင်မနှင့် ဗိုလ်နန္ဒ၏ အမူအရာကို ငြိမ်သက်စွာဖြင့် အကဲခတ်နေကြသည့် မှူးမတ်များသည် ဘုရင်မ အမိန့်တော်ကို နာခံရန် အသင့်ဖြစ်လိုက်သည်။

"ပါဒမြို့စားကြီး ပြောကြားသွားသည့်အတိုင်း ပါဒမြို့ကို သုဓနုဘုရင်ယုတ်ရဲ့ ဘက်တော်သားများ ဝင်ရောက်မီးရှို့သွားသည် ဆိုခြင်းမှာ မှန်သည်ဆိုလျှင် သုဓနုသည် ဘုရင်မ၏ စစ်သည်တော်များနှင့် ရင်ဆိုင်ရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်လိမ့်မည်။ သို့ဖြစ်၍ ပါဒမြို့စားကြီးနှင့် ခေတ္တရာမြို့စားကြီး အကြံပေးသွားသည့်အတိုင်း ဘုရင်မ စစ်သည်တော်များနှင့် ထိုနေရာသို့ စစ်ချီတိုက်မည်ဆိုလျှင် သုဓနု ဘုရင်၏ ထောင်ချောက်ထဲသို့ တိုးဝင်သကဲ့သို့ ဖြစ်လိမ့်မည်ဟု ဘုရင်မ သဘောတော် ပိုက်မိသည်"

စန္ဒာဒေဝီ ဘုရင်မက မိမိ၏ ယူဆချက်ကို ဖွင့်ဟလိုက်သည်။

"ကျွန်တော်မျိုးများလည်း ဘုရင်မ သဘောတော်ပိုက်မိသလို တစ်ထပ်တည်းပင် သဘောပိုက်မိပါသဖြင့် ဤအကြံအစည်ကို မလိုက်နာသင့်ကြောင်း လျှောက်ထား အစီရင်ခံဝံ့ပါသည်"



သက်တော်ရှည် အမတ်ကြီးက လျှောက်ထားလိုက်သည်။

"သေလာဂီရိ တောင်ခြေရင်းတစ်ဝိုက်မှာ ကင်းပုန်းတွေ ... အထောက်တော်တွေ ပြည့်ပြည့်စုံစုံ ချထားပြီးပြီလား"

ဘုရင်မက မေးခွန်းထုတ်လိုက်ပြန်သည်။

"ဤကိစ္စအတွက် စစ်သူကြီး ဗန္ဓုက ကိုယ်တိုင် တာဝန်ယူပြီး အစစအရာရာ မလစ်ဟင်းရအောင် စောင့်ကြပ်လျက် ရှိကြောင်းပါ၊ သုဓနုဘက်တော်သားများ တူးဖော်လျက်ရှိသော ဥမင်လိုဏ်ခေါင်းလည်း အချိန်မရွေး ဖောက်ခွဲနိုင်ရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်ကြောင်းပါ၊ လကွယ်နေ့ညတွင် အကယ်၍ သုဓနု ဘုရင်သည် ဥမင်လိုဏ်ခေါင်းမှ တစ်ဆင့်နန်းတော်မြို့ရိုး အတွင်းသို့ ဝင်လာရန် ကြိုးစားမည်ဆိုလျှင် ထွက်ပေါက်မရှိအောင် ပိတ်ဆို့ထားဖို့လည်း အစီအစဉ်များ မဆိုင်းမတွဘဲ ပြုလုပ်ထားဖို့ အသင့်ရှိကြောင်းပါ"

သက်တော်ရှည် အမတ်ကြီးက လျှောက်တင်လိုက်ပြန်သည်။

"အင်း ... လကွယ်နေ့ည ဆိုတော့ တစ်လတောင် မလိုတော့ဘူး ဒီအတောအတွင်း ဘာတွေဖြစ်ပြီး လူတွေ ဘယ်လောက် သေကျေ ပျက်စီးကြဦးမလဲ မသိဘူး။ အပြစ်မရှိတဲ့ မိန်းမနဲ့ ကလေးတွေ အစော်ကားမခံရအောင် ကာကွယ်ဖို့ ဘုရင်မမှာ တာဝန်ရှိတဲ့အတိုင်း ဘုရင်မ ကိုယ်တိုင် အသက်နဲ့လဲပြီး ခုခံကာကွယ်တော်မူမယ်၊ ကဲ ... မောင်ရှုပတို့ကို ပြန်ပြီး နေရာချထားပေးလိုက်ပါ။ ပြီးတော့ ... ဘုရင်မ အပေါ်မှာ သစ္စာအရှိဆုံးဖြစ်တဲ့ အတွင်းဝန် စုံစုံညီညီ ဆင့်ခေါ်ပြီး သက်တော်ရှည် အမတ်ကြီးနဲ့အတူ ဘုရင်မထံ အခစားဝင်ကြရမယ်၊ တိုင်ပင်စရာရှိတာကို အ... ...လင့် တိုင်ပင်ပြီး လုပ်သင့်တာကို လုပ်ဖို့ လက်မနှေးကြနဲ့၊ ကဲ ... ညီလာခံ ဖဲပြီ"

ဘုရင်မသည် ပြောပြောဆိုဆို တရားလွှတ်တော်မှ ဆင်းသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိုယ်ရံတော်များနှင့်အတူ ဘုရင်မ၏ အဆောင်တော်သို့ ကူးသွားပေသည်။ ထိုနောက် သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါသည် မိုလ်နန့်နှင့် တပည့် သုံးဦးအား တာဝန်အသီးသီး ခွဲဝေ၍ပေးလိုက်ပြီး အတွင်းဝန်များကို ဆင့်ခေါ်ရန် ထွက်ခွာသွားပေသည်။

* * *

## အခန်း–၂၁

"မိန်းမဆိုတဲ့ သတ္တဝါတွေဟာ တစ်မျိုးပဲ၊ စန္ဒာဒေဝီ ဘုရင်မကို ကြည့်ပါလား၊ သူ့အသက်ကို ဆရာနန္ဒ ကယ်တင်ခဲ့တုန်းကလည်း ကျေးဇူးတင်စကားကလေး တစ်ခွန်းတောင်မှ ပြောဖော်မရဘူး၊ ခုလည်း ကြည့်ပါလား ... သူမနဲ့ ဘက်တော်သားတွေကို ဆရာနန္ဒ ကိုယ်တိုင် လက်ဖွားလက်ကြပ် ဖမ်းဆီးပေးရုံသာ မကဘူး၊ အသားထဲက လောက်ထွက်တဲ့ မြို့စားကြီး နှစ်ဦးကို ဖော်ထုတ်ပေးတာတောင်မှ ကျေးဇူးတင်တဲ့ စကားတစ်ခွန်း ပြောဖော်မရဘူး"

ဘုရင်မ၏ အဆောင်တော်နှင့် မလှမ်းမကမ်းရှိ သစ်ပင်ရိပ်အောက်တွင် ကင်းစောင့်နေသော ဗိုလ်နေမျိုးက မိမိနှင့်အတူ ကင်းစောင့်နေသော ကျော်ဇေယျအား ပြောလိုက်သည်။

"မင်းက အရမ်းမပြောပါနဲ့ ... ဘုရင်မကို တောထဲမှာ တို့ တစ်တွေ ဝိုင်းပြီး ကယ်ခဲ့တုန်းက ဘုရင်မက ဆရာနန္ဒနဲ့ မင်းတို့ ငါတို့ တစ်တွေကို ချီးမြှင့် မြှောက်စားခဲ့သားပဲ၊ ပြီးတော့ ... ဟိုနေ့တုန်းက ဆိုရင်လည်း ခေတ္တရာမြို့စားကြီး အကောက်ကြံနေတာကို ဆရာနန္ဒရဲ့ ကျေးဇူးကြောင့်သာ သူသိတာပါလို့ ဝန်ခံသွားသားပဲ"

ကျော်ဇေယျက ဘုရင်မဘက်မှ ရှေ့လိုက် လိုက်သည်။

"ဒါလောက်နဲ့ ကျေနပ်ရမှာလားကွ၊ ဆရာနန္ဒက ဘုရင်မအတွက် ဆိုရင် အသက်နဲ့လဲဖို့တောင် အသင့်ရှိနေနေတဲ့ ဉစ္စာပဲ၊ ဒါကို ဘုရင်မ သိဖို့ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးက ပြန်ပြောလိုက်သည်။

"ဒါတွေကို ဘုရင်မ သိပါတယ်ကွ ... တမင်သက်သက် မသိချင်ယောင် ဆောင်နေတာပါ၊ မိန်းမတို့ ပရိယာယ်မာယာ ဆိုတာ ဒါကို ခေါ်တာပေါ့ကွ၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ဘုရင်မဟာ ဆရာနန္ဒ အပေါ်မှာ အတော်ကလေး စိတ်ညွှတ်နေပုံရတယ်၊ စောစောတုန်းက ဘုရင်မရဲ့ အမူအရာကို မင်း အကဲခတ်မကြည့်မိဘူးလား"

"ငါ သတိထားမိသလောက်ကတော့ဖြင့် ဆရာနန္ဒက အကောင်းပြောနေတာကို ဘုရင်မက လက်သီးဆုပ်လိုက်၊ အံကြိတ်လိုက် လုပ်နေတာပဲ သတိထားမိတာပဲ"

"ဒါဟာ တခြား မဟုတ်ဘူး ... သူ့စိတ်ထဲမှာ ကြိတ်မနိုင်ခဲမရ ဖြစ်နေတာကွ၊ ဒါက အရေးမကြီးဘူး ... ဆရာနန္ဒ ဒီလိုနေရာမျိုးမှာ သိပ်ညံ့တာ ခက်တယ်၊ ဆရာနန္ဒနဲ့ ဘုရင်မသာ နေရာကျသွားမယ်ဆိုရင် မင်းတို့ ငါတို့တစ်တွေသာမက သုဝဏ္ဏနိုင်ငံရော စေတုတ္တရာနိုင်ငံပါ အကျိုးများမယ် မဟုတ်လား၊ ဒီကိစ္စ အောင်မြင်အောင် တို့တစ်တွေ ဝိုင်းပြီး တွန်းပေးရမယ်"

ကျော်ဇေယျက ပြောလိုက်ပြန်သည်။

ကျော်ဇေယျနှင့် နေမျိုးတို့ အချေအတင် ပြောဆိုနေကြစဉ် ခြေသံလိုလို ကြားသဖြင့် ဓားကိုယ်စီဆွဲပြီး လှည့်ကြည့်လိုက်ရာ ဗိုလ်နန္ဒ ဖြစ်နေသည်ကို တွေ့ရသဖြင့် ဓားများကိုယ်စီ ပြန်ချလိုက်သည်။

"တပည့်တို့ ဘာတွေ တိုင်ပင်နေကြတာလဲ"

ဗိုလ်နန္ဒက တပည့်နှစ်ယောက်အား မေးလိုက်သည်။

"ဘာမှ မတိုင်ပင်ပါဘူး၊ ခြေဦးတည့်ရာ ပြောနေကြတာပါ"

"ဒါထက် ... အာဠာဝက တစ်ယောက် ပြန်မရောက်သေးဘူးလား"

ဗိုလ်နန္ဒက မေးလိုက်သည်။



"ပြန်လာတာ မတွေ့မိသေးဘူး"

ကျော်ဇေယျသည် ဉယျာဉ်မှတစ်ဆင့် ဘုရင်မ၏ အဆောင်တော်ဘက်သို့ မျှော်ကြည့်ရင်း ပြန်ပြောလိုက်သည်။

"ဆရာ ... ဟိုမှာ ဘုရင်မ အဆောင်တော်က အာဏာသားတွေ လာနေတယ် ... ကျွန်တော်တို့ကို ဖမ်းဦးမလား မပြောတတ်ဘူး"

ဘုရင်မ၏ အဆောင်တော်ဆီမှ စစ်သည်တော် ရဲမက်တစ်စု လာနေသည်ကို ကျော်ဇေယျက ညွှန်ပြရင်း ပြောလိုက်ရာ နေမျိုးနှင့် ဗိုလ်နန္ဒသည် ကျော်ဇေယျ ညွှန်ပြသည့် နေရာသို့ ပြိုင်တူ ကြည့်လိုက်မိပေသည်။

မကြာမီ ဘုရင်မ အဆောင်တော်မှ လာနေသော စစ်သည်တော်များသည် ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာပြီး ခေါင်းဆောင်နှင့် တူသောလူက ဗိုလ်နန္ဒအား အရိုအသေ ပေးလိုက်သည်။

"ဘုန်းတော် ကြီးမြတ်တော်မူသော စန္ဒာဒေဝီ ဘုရင်မက ဗိုလ်နန္ဒ အမည်ခံ မောင်ရှုပအား ရှေ့တော်သို့ ဝင်ခစားရန် အမိန့်တော်မြတ် ချမှတ်တော်မူလိုက်ပါသဖြင့် မဆိုင်းမတွ ဘဲ အခစားဝင်စေ ... အမိန့်တော်"

အမိန့်တော် ပြန်ပြီးသည်နှင့် တစ်ပြိုင်နက် စစ်သည်တော်များသည် အဆောင်တော်သို့ လှည့်ပြန်၍သွားပေသည်။

"ဘုရင်မက ခေါ်တော်မူတယ် ... ခပ်မြန်မြန် ကြွတော်မူပါ၊ ဘုရင်မနဲ့ နီးစပ်တဲ့အခါကျရင်သာ ကျွန်တော်မျိုးကြီး ငကျော်ဇေယျကို ပစ်မထားဖို့ ရှိခိုးသံတော်ဦးတင်ဝံ့ကြောင်းပါ"

ကျော်ဇေယျသည် ဗိုလ်နန္ဒအား မထိတထိ ပြောလိုက်ရာ ဗိုလ်နန္ဒသည် ကျော်ဇေယျအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး သက်ပြင်းချလိုက်သည်။

"တပည့်တို့ ဒါလောက်ပဲ နားလည်ကြတာလား ... သိဟရာဇာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးဆီမှာ အချုပ်ခံနေရတဲ့ ရဲဘော်ရဲဘက် ၉ ဦးကိုလည်း သတိရကြဦးမှပေါ့ကွ"

ဗိုလ်နန္ဒသည် ညည်းညည်းညူညူ ပြန်ပြောလိုက်သည်။

ထိုအခိုက်တွင် ခြေသံလိုလို ကြားလိုက်ရသဖြင့် ဗိုလ်နန္ဒနှင့်တပည့် နှစ်ယောက်သည် တစ်ပြိုင်နက် ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

ခြေသံကြားရာသို့ ကြည့်လိုက်သည့်အခါ မောကြီးပန်းကြီးနှင့် ပြန်လာသော ဗိုလ်အာဠာဝက ဖြစ်နေသည်ကို တွေ့ရသဖြင့် ဓားများကို ဓားအိမ်တွင်းသို့ ပြန်သွင်းလိုက်ကြပြန်သည်။

"အာဠာဝက ပြန်လာမှကိုး ... ဘာများ သတင်းထူးသလဲ"

ဗိုလ်နန္ဒက မေးလိုက်သည်။

"သတင်းတော့ အများကြီး ထူးတာပဲ ... ဆရာ မှာလိုက်တဲ့အတိုင်း ကျွန်တော့်ကိုယ်ကျွန်တော် ရုပ်ဖျက်ပြီး ဆရာတော် ဦးကိတ္တိရဲ့နောက်က နောက်ယောင်ခံပြီး လိုက်သွားတယ်၊ ဆရာတော်က တစ်ရွာဝင် တစ်ရွာထွက် တစ်မြို့ဝင် တစ်မြို့ထွက်နဲ့ လှည့်ပြီး တရားဟောနေတယ်။ သူဟောတဲ့ တရားကတော့ မိန်းမ အုပ်စိုးတဲ့ နိုင်ငံဟာ ဘုန်းတန်ခိုး မရှိဘူး၊ မိန်းမဖျက်ရင် ပြည်ပျက်နိုင်တယ် ဆိုတဲ့ တရားတွေပဲ။ သူ တရားဟောတိုင်း အသိတရား ခေါင်းပါးတဲ့ မြို့သူမြို့သား ရွာသူရွာသားတွေက ဘုန်းတော်ကြီး ဟောတာ မှန်တယ်လို့ တီးတိုး ထောက်ခံလာကြတာကိုလည်း တွေ့ခဲ့ရတယ်"

အာဠာဝက က ရှင်းပြလိုက်သည်။

"ဆရာတော် ဦးကိတ္တိ ဘယ်မှာလဲ"

"ကျွန်တော်နဲ့ မရှေးမနှောင်းပဲ စေတုတ္တရာမြို့ထဲ ပြန်ဝင်လာပြီး နန်းဦးကျောင်းဘက်ကို ကြွသွားတာ မြင်လိုက်တယ်၊ ဆရာတော် နန်းဦးကျောင်းဘက် ကြွသွားတာ မြင်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်လည်း ဆရာ့ဆီကို သတင်းပေးရအောင် သုတ်ခြေတင်လာခဲ့တာပဲ"



အာဠာဝက က ပြန်ပြောလိုက်သည်။

"အင်း ... ဒါလောက်သိရရင် တော်ပြီ ... ဒါပေမဲ့ ဆရာတော် ဦးကိတ္တိကို မျက်ခြည်မပြတ်စေနဲ့ ... သူ ဘယ်ကိုသွားတယ်၊ ဘယ်ကိုလာတယ်၊ ဘာတရားတွေ လျှောက်ဟောနေတယ် ဆိုတာ မသိမသာ လိုက်ပြီး စုံစမ်းထောက်လှမ်းရမယ်"

ဗိုလ်နန္ဒက အာဠာဝကအား မှာကြားပြီးနောက် ကျော်ဇေယျအား လှမ်းခေါ်လိုက်သည်။

"ကျော်ဇေယျ ... အာဠာဝကကို ဒီနေရာမှာ ခဏ အစောင့်ထားပြီး မင်းက အင်ကြင်းမြိုင် တောတန်းကို အမြန်သွားရမယ်၊ ဟိုရောက်ရင် ကျော်စွာကို လူတွေစုပြီး တပ်လှန့်နိုးထားဖို့ သတိပေးရမယ်၊ အင်ကြင်းမြိုင် တောတန်းကနေပြီး စေတုတ္တရာ နယ်စပ်အထိ ကင်းပုန်းတွေ ချထားဖို့လည်း ညွှန်ကြားခဲ့ ... ကြားလား၊ ပြီးတော့ နယ်ခြားဒေသမှာ ရှိတဲ့ ရွာသာယာ ရွာကလေးကိုသွားပြီး ဖိုးရာဇာ ဆိုတဲ့လူကို တွေ့အောင်ရှာပြီး ... ရွာကို လုံခြုံအောင် ကင်းတွေချထားဖို့ သတိပေးရမယ်၊ ဒီနေ့ည ဆရာကိုယ်တိုင် ခါတိုင်းတွေ့နေကျ ကျောက်ဂူကို လာခဲ့မယ်ဆိုတဲ့ အကြောင်းကိုလည်း မှာကြားခဲ့ ကြားလား ...ဆရာမှာတာတွေ တစ်ခုမှ သတိမလစ်စေနဲ့၊ ကဲ ... ဆရာလည်း ဘုရင်မရှေ့တော် ဝင်ရဦးမယ်"

ဗိုလ်နန္ဒသည် မှာစရာရှိသမျှကို မှာကြားပြီး ဘုရင်မ အဆောင်တော်ရှိရာသို့ စိုက်စိုက် စိုက်စိုက်နှင့် ထွက်ခွာသွားပေသည်။

ဗိုလ်နန္ဒ ရောက်သွားသည့် အချိန်တွင် ဘုရင်မသည် လေသာဆောင် သလွန်ပေါ်တွင် တင်ပါးလွှဲထိုင်ကာ မိမိအပါးတွင် ရှိသော စွာစားနေသော လက်စွဲတော် အပျိုတော် မယ်သစ္စာနှင့် စကားလက်ဆုံ ကျနေသည်ကို တွေ့ရပေသည်။

"ဘုရင်မနဲ့ စေတုတ္တရာ နိုင်ငံတော်ကြီးကို ကယ်တင်မယ့် ကယ်

www.burmeseclassic.com

www.burmeseclassic.com



တင်ရှင်ကြီး အခစား ရောက်နေမှုကိုး ... မယ်သစ္စာ မောင်ရှုပကို နေရာထိုင်ခင်း လုပ်ပေးပါ"

ဘုရင်မက အမိန့်ပေးလိုက်သဖြင့် မယ်သစ္စာသည် ဗိုလ်နန္ဒအား ဘုရင်မနှင့် မနီးမဝေးရှိ သလွန်ပေါ်တွင်ထိုင်ရန် ညွှန်ပြလိုက်ပေသည်။

ဗိုလ်နန္ဒမှာမူ သလွန်ပေါ်တွင် မထိုင်ဘဲ ဘုရင်မရှေ့တွင် မတ်တတ်ရပ်ပြီး နေပေသည်။

"မောင်ရှုပ ... ထိုင်လေ၊ ဘုရင်မ ခွင့်ပြုပါတယ်"

"မထိုင်ပါရစေနဲ့၊ ဘုရင်မ ခိုင်းလိုရာကိုသာ အမိန့်ရှိပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"မောင်ရှုပကို သတင်းလက်ဆောင် ပါးစရာရှိလို့ ခေါ်ခိုင်းတာပါ၊ မောင်ရှုပကို ဘုရင်မ ဘယ်လို မြှောက်စားသင့်သလဲဆိုတာ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါနှင့်တကွ ရန်အောင်မြို့စားကြီးနဲ့ အတွင်းဝန် စုံညီရှေ့မှာ ဘုရင်မ အကြံတောင်းတဲ့အခါ သက်တော်ရှည် အမတ်ကြီးနဲ့တကွ အတွင်းဝန် အားလုံးက မောင်ရှုပရဲ့ နှလုံးရည် ပြည့်ဝပုံကို ချီးကျူးသြဘာပြုကြပြီး မောင်ရှုပကို ဘုရင်မရဲ့ အတွင်းဝန် တစ်နေရာ ပေးဖို့ အကြံပေးကြတယ်၊ ဒီနေ့ကစပြီး မောင်ရှုပကို ဘုရင်မရဲ့ အတွင်းဝန် တစ်ဦးအဖြစ် ခန့်ထားဖို့ ဘုရင်မ သဘောတူလိုက်ပြီ"

စန္ဒာဒေဝီ ဘုရင်မထံမှ မမျှော်လင့်သော စကားကို ကြားရသောအခါ ဗိုလ်နန္ဒမှာ အံ့အားသင့်သွားပြီး မျက်လုံးပြူးသွားပေသည်။

"ကျွန်တော့်ကို ခုလို ချီးမြှင့်မြှောက်စားတာကို ကျေးဇူးတင်ပါတယ် ... ဒါပေမဲ့"

"ဒါပေမဲ့ လုပ်မနေစမ်းပါနဲ့ ... ဘုရင်မ ပြောမှာကို ဆုံးအောင် နားထောင်စမ်းပါဦး ... သက်တော်ရှည် အမတ်ကြီးနဲ့တကွ ဘုရင်မရဲ့ အတွင်းဝန်များကပါ မောင်ရှုပကို အတွင်းဝန် ရာထူး ချီးမြှင့်ရုံသာမက



ဆုတော် လာဘ်တော်များပါ ချီးမြှင့်ဖို့ အကြံပေးကြတယ်၊ မောင်ရှုပ လိုချင်တဲ့ ဆုတော်ကို တောင်းပါ"

စန္ဒာဒေဝီ ဘုရင်မက ဆက်ပြီးပြောလိုက်ရာ ဗိုလ်နန္ဒမှာ ရုတ်တရက် အဖြေမပေးဘဲ ခေတ္တမျှ တွေဝေ၍ နေပေသည်။

"ကျွန်တော် လိုချင်တဲ့ ဆုကတော့ တခြား မဟုတ်ပါဘူး ... ဘုရင်မနဲ့ စေတုတ္တရာ နိုင်ငံတော်ကို ကျွန်တော်ကိုယ်တိုင် ရင်မြေကတုတ်လုပ်ပြီး အသက်ပေး ကာကွယ်နိုင်ခွင့်ရဖို့ပဲ ဖြစ်ပါတယ် ... ဒီဆုကလွဲပြီး တခြား ဘာဆုမှ မလိုချင်ပါဘူး"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒါကို ပြောနေတာ မဟုတ်ပါဘူး၊ ဘုရင်မ မေးနေတာက မြို့စားရွာစား ယူမလား၊ ငွေကြေး အထောက်အပံ့ ယူမလား၊ ဒါမှမဟုတ် စစ်သူကြီး ရာထူးကို ယူမလားလို့ မေးနေတာပါ"

"ဒါတွေကို ကျွန်တော် တစ်ခုမှ မယူချင်ပါဘူး"

"ဘာဖြစ်လို့ မယူချင်တာလဲ၊ ဘုရင်မကို ကျေးဇူးတင်နေရမှာ စိုးလို့လား"

"ဒါကြောင့်လည်း မဟုတ်ပါဘူး၊ ဒီစည်းစိမ်တွေကို လုံးဝ မလိုချင်တဲ့အတွက် ဖြစ်ပါတယ်"

"ဘုရင်မဆီက ဆုလာဘ်တော် ယူလိုက်ရင် ဘုရင်မရဲ့ အမှုတော်ကို တစ်သက်လုံး ထမ်းရွက်နေရမှာ စိုးလို့လား"

"ဒီလိုလည်း မဟုတ်ပါဘူး"

"နို့ ဒါဖြင့် ဘုရင်မရဲ့ အမှုတော်ကို ဘယ်လောက် ကြာကြာ ထမ်းရွက်ဖို့ စိတ်ကူးထားသလဲဆိုတာ မသိရဘူးလား"

"စေတုတ္တရာ နိုင်ငံကို သုမနဘုရင်ရဲ့ ခြိမ်းခြောက်မှု ဘေးအန္တရာယ်မှ လုံးဝကင်းရှင်းအောင် ဖြိုခွင်းပြီး ဘုရင်မ စိတ်ချမ်းသာ ကိုယ်ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့အချိန်အထိ အသက်ပေးပြီး အမှုတော် ထမ်းရွက်ဖို့ ဆုံးဖြတ်ပြီး ဖြစ်ပါတယ်"

"ဘုရင်မနဲ့ စေတုတ္တရာ နိုင်ငံတော်ကို ကယ်တင်ပြီးတဲ့အချိန် အထိ ဘုရင်မရဲ့ အမှုတော်ကို ထမ်းရွက်မယ် ဆိုပါတော့"

"မှန်ပါတယ်၊ ဒါပေမဲ့ စေတုတ္တရာ နိုင်ငံတော်ကို ပိုပြီး ဦးစား ပေးရပါလိမ့်မယ်"

"ဘုရင်မထက် စေတုတ္တရာ နိုင်ငံတော်ကို ဘာဖြစ်လို့ ဦးစား ပေးရမှာလဲ"

"စေတုတ္တရာ နိုင်ငံတော်မှာ အသက်ပေါင်းများစွာ ရှိပါတယ်၊ ဘုရင်မဟာ စေတုတ္တရာ နိုင်ငံတော်ကို စိုးမိုးပိုင်သတဲ့ ဘုရင်မ ဖြစ်ပေမယ့် အသက်တစ်ချောင်းသာ ရှိတဲ့အတွက် အသက်ပေါင်း များစွာရှိတဲ့ စေတုတ္တရာ နိုင်ငံတော်ကို ဦးစားပေးပြီး ကာကွယ်ရမှာ ဖြစ်ပါတယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် စိတ်ထဲ တွင် များစွာမကျေနပ်သည့် အမူအရာဖြင့် ဗိုလ်နန္ဒအား မျက်မှောင်ကြုတ် ပြီး ကြည့်လိုက်သည်။

"ကဲ–ကောင်းပြီ၊ စေတုတ္တရာ နိုင်ငံတော်ကို ဦးစားပေးပြီး ကာ ကွယ်ပါ၊ ဒါပေမဲ့ ဘုရင်မကိုလည်း ပစ်မထားပါနဲ့၊ ဒီနေ့ကစပြီး ဘုရင်မ ရဲ့အသက်ကို မောင်ရူပ လက်ကို အပ်နှံပါရစေ၊ ဒီနေ့ ဒီအချိန်က စပြီး မောင်ရူပအား ဘုရင်မရဲ့ အတွင်းဝန်အဖြစ် ခန့်အပ်လိုက်ပြီ ဖြစ်တဲ့ အတွက် ပြည်တွင်းရေးရာ မှန်သမျှ သက်တော်ရှည် အမတ်ကြီးနဲ့ တိုင် ပင်ပြီး မောင်ရူပ သဘောအတိုင်း ကြိုက်သလို စီရင်ပေတော့၊ မောင်ရူပ ကို ဘုရင်မရဲ့ အတွင်းဝန် ခန့်အပ်တဲ့ အထိမ်းအမှတ်အနေနဲ့ ဘုရင်မရဲ့ လက်ဝတ်တော်ရတနာကို ယခု အပ်နှင်းတော်မူလိုက်မည်"

စန္ဒာဒေဝီ ဘုရင်မသည် မိမိ၏ လက်သူကြွယ်လက်တွင် ဝတ်



ဆင်ထားသည့် ပတ္တမြားလက်စွပ်ကို ချွတ်ပြီး ဗိုလ်နန္ဒအား လှမ်းပေး လိုက်သည်။

ဗိုလ်နန္ဒမှာမူ လက်စွပ်ကို လှမ်းမယူဘဲ လက်စွပ်ယူရမည်ကိုပင် စိုးရွံ့သည့် အမူအရာဖြင့် နောက်သို့ တစ်လှမ်းဆုတ်လိုက်ရာ ဘုရင်မ သည် ဗိုလ်နန္ဒ၏ အမူအရာကိုကြည့်ပြီး ပြုံးရယ်တော်မူလိုက်သည်။

"ဘုရင်မရဲ့ လက်ဝတ်တော်ရတနာကို ဝတ်ဆင်ရမှာ ဘာဖြစ် လို့ ဒါလောက်တောင် စိုးရွံ့နေရတာလဲ၊ ဒီလက်စွပ်ကို ဝတ်ရင် နှသွား မှာ စိုးလို့လား၊ ဘုရင်မ ယုံကြည်တော်မူလို့ အာဏာအပ်နှင်းတာကို ဘာဖြစ်လို့ လက်မခံဘဲ ရှောင်ဖယ်ဖယ် လုပ်နေတာလဲ"

ဘုရင်မက မေးခွန်းထုတ်လိုက်သည်။

"ကျွန်တော့်ကို ဘုရင်မ ပြက်ရယ်ပြုတော်မမူပါနဲ့၊ ဘုရင်မရဲ့ လက်ဝတ်တော်ရတနာဟာ ကျွန်တော်လို အညတရ ပုဂ္ဂိုလ်တစ်ယောက် နဲ့ မထိုက်တန်ပါဘူး၊ ရန်အောင်မြို့စားကြီးတို့လို အဆင့်အတန်းချင်း တူတဲ့ ပုဂ္ဂိုလ်ကိုသာ ချီးမြှင့်တော်မူပါ"

"အို ... မောင်ရူပ ဘာစကားပြောလိုက်တာလဲ၊ မောင်ရူပကို တကယ် စိတ်ချယုံကြည်တော်မူလို့ အာဏာအပ်နှင်းတဲ့ ဥစ္စာပဲ"

ဘုရင်မက ပြန်ပြောလိုက်သည်။

"မှန်ပါတယ်၊ ဘုရင်မက ပြက်ရယ်ပြုခြင်း မဟုတ်ပါ၊ မောင်ကြီး မောင်ရူပအပေါ်တွင် တကယ်ပင် ယုံကြည်အားကိုးတော်မူသဖြင့် ဘုရင်မ ရဲ့ အတွင်းဝန်အဖြစ် ခန့်အပ်ဖို့ ဆုံးဖြတ်ခြင်း ဖြစ်ကြောင်းပါ"

မယ်သစ္စာက ဝင်ပြီး ထောက်လိုက်သည်။

"ကဲ ... မောင်ရူပ ကိုယ့်ကိုယ်ကိုယ် ဒါလောက်တောင် နှိမ့်ချနေ စမ်းပါနဲ့၊ မောင်ရူပနဲ့ ထိုက်တန်တယ်ထင်လို့ ပေးအပ်တာကိုသာသာ ကြည်ကြည် လက်မခံရင် အမိန့်တော်မြတ် ချမှတ်ပြီး ဇွတ်အတင်း ပေးအပ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မက လက်စွပ် လှမ်းပေးရင်း ပြောလိုက်ရာ ဗိုလ်နန္ဒသည် ခေတ္တမျှ စဉ်းစားပြီး ရှေ့သို့ တစ်လှမ်းတိုးလာကာ ဘုရင်မလက်မှ လက်ဝတ်တော် ရတနာကို လှမ်းယူလိုက်ပြီး တဖိတ်ဖိတ် တောက်နေသော ဝတ္တုများကို ငေးစိုက်ပြီး ကြည့်နေမိသည်။

"မောင်ရှုပရဲ့ လက်သန်းမှာ ဝတ်ကြည့်ပါ၊ အတော်ပဲ နေပါလိမ့်မယ်၊ ဒီလက်ဝတ်ရတနာကို ဆင်မြန်းတဲ့ အချိန်ကစပြီး မောင်ရှုပဟာ ဘုရင်မရဲ့ အတွင်းဝန် ဒုတိယ သက်တော်ရှည် အမတ်ကြီးအဖြစ် ဘုရင်မ ခန့်အပ်တော်မူလိုက်ပြီ"

ဘုရင်မက အမိန့်ချမှတ်ရာ ဗိုလ်နန္ဒသည် လက်ဝတ်ရတနာကို လက်ဝဲဘက် လက်သန်းတွင် ဝတ်ဆင်ကြည့်လိုက်သည်။

ထိုအခိုက်တွင် အဆောင်မှူးသည် ဘုရင်မ ရှေ့တော်မှောက်သို့ ရေးကြီးသုတ်ပျာ ဝင်လာပြီး ဘုရင်မနှင့် မနီးမဝေးတွင် ဒူးတုပ်လျက် ရှိသေစွာ ခစား၍နေပေသည်။

"အဆောင်မှူး ဘာများ ကိစ္စထူးလို့ ဘုရင်မ ရှေ့တော်မှောက် ခစားရောက်လာသလဲ"

"မှန်လှပါ ဘုန်းတော်ကြောင့် နန်းဦးကျောင်း ဆရာတော် ဦးကိတ္တိက ဘုရင်မနှင့် တွေ့လိုကြောင်း အမိန့်တော်ရှိသဖြင့် ဘုရင်မထံ အခစားဝင်ရောက်ခြင်း ဖြစ်ကြောင်းပါ"

အဆောင်မှူးက သံတော်ဦးတင်လိုက်သည်။

"ဆရာတော် ဦးကိတ္တိ ဟုတ်လား၊ ဘာများ ကိစ္စထူးခြားပြန်ပြီလဲ မသိဘူး၊ ကဲ ... ကဲ ... ဝင်စေ၊ ဝင်စေ"

ဘုရင်မသည် အဆောင်မှူးအား အမိန့်ပေးလိုက်ရာ အဆောင်မှူးသည် ပြန်ထွက်သွားပေသည်။

"မယ်သစ္စာ ဆရာတော်ဘုရားအတွက် နေရာထိုင်ခင်း လုပ်ပေးပါဦး"



ဘုရင်မက အမိန့်ပေးလိုက်ရာ မယ်သစ္စာသည် ဆရာတော် ထိုင်ရန် သလွန်တစ်ခုကို ဆွဲယူလာခဲ့ပေသည်။ မကြာမီ ဆရာတော် ဦးကိတ္တိသည် သင်္ကန်းကိုရုံလျက် မျက်လွှာချကာ ယပ်တောင်ကိုင်ပြီး ဘုရင်မ၏ အဆောင်တော်သို့ ဝင်လာရာ ဘုရင်မက ခရီးဦးကြိုဆိုပြီး သလွန်ပေါ်သို့ ပင့်လိုက်ပေသည်။

ထိုနောက် စန္ဒာဒေဝီ ဘုရင်မသည် ဆရာတော် ဦးကိတ္တိအား ရိုသေစွာ ဝတ်ပြုလိုက်သည်။

ဗိုလ်နန္ဒမှာမူ ဘုရင်မနှင့် မနီးမဝေးတွင် မတ်တတ်ရပ်ပြီး ဆရာတော်အား အကဲခတ်၍နေပေသည်။

"ဘုရင်မကြီး ကျန်းခံ့သာလို့ မာတော်မူပါစ"

ဆရာတော် ဦးကိတ္တိက နှုတ်ခွန်းဆက်လိုက်သည်။

"မှန်လှပါ ... ရတနာသုံးပါး မိဘဆရာသမား ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပကတိ ချမ်းသာစွာရှိကြောင်းပါ"

စန္ဒာဒေဝီ ဘုရင်မက ပြန်လည် လျှောက်တင်လိုက်သည်။

"အင်း ... သာဓု ... သာဓု ... ဘုန်းတန်ခိုး တစ်နေ့တခြား တိုးတက်ပါစေ"

ဆရာတော် ဦးကိတ္တိသည် မျက်လွှာချပြီး ဆုပေးနေပေသည်။

"ဆရာတော်ဘုရား ... ဘာကိစ္စ ကြွလာတော်မူပါသလဲ ဘုရား"

ဘုရင်မက ဆရာတော်၏အကဲကိုခတ်ရင်း မေးခွန်းထုတ်လိုက်သည်။

"ဆရာတော် ကြွလာရတဲ့ အကြောင်းရင်းကတော့ တခြား မဟုတ်ပါဘူး၊ ဆရာတော် မြို့တကာ ရွာတကာ လှည့်လည်ပြီး ဆွမ်းခံ့ ဟောကြား ဆုံးမတော်မူနေတဲ့အချိန်မှာ စေတုတ္တရာ နိုင်ငံတော်နဲ့ ဘုရင်မကြီး အပေါ်မှာ သစ္စာဖောက်တဲ့ မြို့စားကြီး နှစ်ဦးနဲ့ အပေါင်းပါတွေကို

www.burmeseclassic.com

www.burmeseclassic.com



ထောင်သွင်း အကျဉ်းထားတယ်လို့ သတင်းကြားလို့ စုံစမ်းရအောင် ကြွခဲ့တာပဲ"

"နိုင်ငံတော်ကို ပုန်ကန်ခြားနားဖို့ ကြံစည်သူများ ဖြစ်တဲ့အတွက် ထောင်သွင်း အကျဉ်းချထားခြင်း ဖြစ်ကြောင်းပါ ဘုရား"

"အင်း ... တယ်ဆိုးတဲ့ လူတွေပါလား၊ နိုင်ငံတော်အပေါ်မှာ သစ္စာဖောက်တဲ့လူတွေ ဆိုတော့ ဘုရင်မအနေနဲ့ ချမ်းသာမပေးနိုင်ဘူး ဆိုတာ ဆရာတော် နားလည်ပါတယ်၊ ဒါပေမဲ့ မေတ္တာတရား ရှေ့ထားပြီး ဒီလူတွေအပေါ်မှာ သက်ညှာနိုင်သလောက် သက်ညှာဖို့ ဆရာတော်က မေတ္တာရပ်ခံချင်တာပဲ"

"သူတို့အပေါ်မှာ ပြစ်မှုထင်ရှားရင်တော့ တပည့်တော်မလည်း ချမ်းသာပေးနိုင်မည် မဟုတ်ကြောင်းပါ၊ တပည့်တော်မမှာ တိုင်းပြည်ရဲ့ တာဝန်ကို ထမ်းရွက်နေရသူ ဖြစ်တဲ့အတွက် ကျေးသားရင်သား မခွဲခြားဘဲ တရားသဖြင့် စီရင်ချက်ချရပါမည်ဘုရား"

ဘုရင်မက ပြန်လည် လျှောက်တင်လိုက်သည်။

"အင်းလေ ... ဒါကတော့ ဘုရင်မရဲ့ တာဝန်ဝတ္တရားပေကိုး၊ ဆရာတော်က ဘာမှမပြောလိုဘူး၊ ဒါပေမဲ့ ဒီလူတွေအပေါ်မှာ သေဒဏ် မပေးဖို့တော့ ဆရာတော် မေတ္တာရပ်ခံပါရစေ၊ ဒီလူတွေရဲ့ အသက်ကို ဆရာတော်ကို လှူပါလား"

ဆရာတော် ဦးကိတ္တိက မြို့စားကြီး နှစ်ဦးနှင့် အပေါင်းပါများ၏ အသက်ကို အလှူခံ၍နေပေရာ ဘုရင်မသည် မည်သို့ အဖြေပေးရမည် မသိဘဲ တွေဝေ၍နေပေသည်။

"ဘယ့်နှယ့်လဲ ဘုရင်မကြီး ... ဆရာတော်ကို လှူမယ် မဟုတ်လား"

"ဒါကိုတော့ ချမ်းသာပေးပါဘုရား၊ သူလျှိုမှန်လျှင် သေဒဏ်က လွဲပြီး အခြားအပြစ်ဒဏ် ပေးရိုးထုံးစံ မရှိကြောင်းပါ ဘုရား"



စန္ဒာဒေဝီ ဘုရင်မက ပြန်လည် လျှောက်တင်လိုက်သည်။

"ဆရာတော် အလှူခံတာကို လက်မခံနိုင်ဘူးဆိုရင် ရှိပါစေတော့ ... ဒါပေမဲ့ သူတို့ရဲ့အမှုကို စီရင်ချက်မချမီ သူတို့တစ်တွေ နောင်တတရားရပြီး အသေဖြောင့်အောင် ဆရာတော်ကိုယ်တိုင် အကျဉ်းထောင်ထဲ ကြွပြီး ဒီလူတွေကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးချင်တယ်၊ ဒါကိုတော့ ခွင့်ပြုနိုင်ကောင်းပါရဲ့"

ဆရာတော် ဦးကိတ္တိက တစ်ပတ်လျှော့ပြီး ခွင့်တောင်းလိုက်သည်။

"ဒါကတော့ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ကြောင်းပါ၊ အကျဉ်းထောင်အတွင်း ဝင်ပြီး တရားဓမ္မ ဟောကြားတော်မူဖို့ ဘုန်းတော်ကြီးများရှိပြီး ဖြစ်ပါတယ်။ ဒီအတွက် စီစဉ်ပေးဖို့လည်း အသင့်ရှိပါတယ်။ ဆရာတော်ဘုရားကိုတော့ ဘယ်နည်းနဲ့မှ အကျဉ်းထောင်ထဲ ဝင်ခွင့် မပြုနိုင်ပါ"

ဗိုလ်နန္ဒသည် ဘုရင်မနှင့် ဆရာတော် ဦးကိတ္တိတို့ အချေအတင် ပြောဆိုနေကြသည့် စကားများကို တစ်ခွန်းမကျန် အာရုံစိုက်ပြီး နားထောင်နေရာမှ ရုတ်တရက် ဝင်ပြောလိုက်ရာ ဆရာတော် ဦးကိတ္တိသည် မျက်လွှာချထားရာမှ ဗိုလ်နန္ဒအား တစ်ချက် လှမ်းကြည့်လိုက်သည်။

"ဘုရင်မကြီး ဤပုဂ္ဂိုလ်သည် မည်သူ ဖြစ်ပါသနည်း၊ ဤပုဂ္ဂိုလ်အား နန်းတော်အတွင်း၌ ယခင်က ဆရာတော် တစ်ခါဖူးမျှ မတွေ့ဖူးပါလား"

ဆရာတော် ဦးကိတ္တိက ဘုရင်မအား မေးခွန်းထုတ်လိုက်သည်။

ဘုရင်မက ပြန်လည်လျှောက်ထားမည်ပြုစဉ် သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါသည် ဘုရင်မ၏ အဆောင်တော်သို့ ရောကြီးသုတ်ပျာ ဝင်လာပြီး ဘုရင်မရှေ့တော်တွင် ခစား၍ နေပေသည်။

"မှန်လှပါ ... ဘုန်းတော်ကြောင့် သုခနေဘုရင်ထံမှ သံတမန်ကြီး

www.burmeseclassic.com



၄ ဦး ရောက်ရှိလာကြောင်းပါ၊ ဘုရင်မထံ အခစားဝင်လိုကြောင်း လျှောက်တင်လိုပါသဖြင့် အမိန့်တော် ချမှတ်တော်မူပါမည့်အကြောင်း ရှိသေစွာ လျှောက်ထား အစီရင်ခံဝံ့ပါသည်"

သက်တော်ရှည် အမတ်ကြီးက ဘုရင်မအား တုန်တုန်ယင်ယင်နှင့် လျှောက်တင်လိုက်သည်။

"ကောင်းပြီ ... ဘုရင်မ ကိုယ်တော်တိုင် သီဟာသန ပလ္လင်ထက် ဝယ် စံပယ်တော်မူရင်း သုမနရဲ့ သံတမန်များအား အဖူးအမြော်ခံတော်မူမည်။ မှူးကြီးမတ်ရာ သေနာပတိ စုံလင်စွာ အခစားဝင်ကြစေ၊ ညီလာခံ စုံလင်တဲ့အခါ ဘုရင်မထံ လာရောက် သံတော်ဦးတင်စေ"

စန္ဒာဒေဝီ ဘုရင်မက အမိန့်ပေးလိုက်ရာ သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါသည် အဆောင်တော်မှ ထွက်ခွာသွားပြီးလျှင် မှူးကြီးမတ်ရာ သေနာပတိများအား ဆင့်ခေါ်ပြီး သုမနထံမှ သံတမန် ၄ ဦးကိုပါ သီဟာသနပလ္လင် ခန်းမဆောင်သို့ ခေါ်ဆောင်သွားပြီး နေရာထိုင်ခင်းများ ချထားပေးလိုက်ပေသည်။

ဆရာတော် ဦးကိတ္တိမှာလည်း အလိုက်သိစွာဖြင့် ဘုရင်မ အဆောင်တော်မှ ကြွသွားပေရာ ဗိုလ်နန္ဒနှင့် မယ်သစ္စာသာ ကျန်ရစ်ခဲ့ပေသည်။

"ကဲ ... မောင်ရူပ ခုအချိန်ကစပြီး မောင်ရူပဟာ ဘုရင်မရဲ့ ဒုတိယ သက်တော်ရှည် အမတ်ကြီးအဖြစ်ကို ရောက်ရှိပြီ ဖြစ်တဲ့အတွက် ဘုရင်မ ထွက်တော်မူအလာကို သီဟာသနပလ္လင် ခန်းမဆောင်ကနေပြီး ဆီးကြိုခစားဖို့ အသင့်ပြင်ပေတော့"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား အမိန့်ပေးလိုက်သဖြင့် ဗိုလ်နန္ဒသည် ဘုရင်မ၏ အဆောင်တော်မှ ထွက်လာခဲ့ပြီး သီဟာသနပလ္လင် ခန်းမဆောင်သို့ ရောက်ရှိလာခါ သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါနှင့်အတူ ပလ္လင်၏ဝဲယာတွင် ခစား၍နေပေသည်။

များမကြာမီ စန္ဒာဒေဝီ ဘုရင်မသည် မင်းမြောက်တန်ဆာငါးပါး



ဆင်မြန်းလျက် သန်လျက်တော်ကို လက်ဆွဲကာ ကြွတော်မူလာပေရာ မှူးမတ် ပရိသတ်အပေါင်းတို့က ရာဇပလ္လင်ကို ဦးခိုက်ပြီး ရိုသေစွာ ခစားနေကြပေသည်။

"သုမန ဘုရင်မင်းမြတ်ရဲ့ သံတမန်ကြီးများ အခစား ရောက်ကြပြီလား"

စန္ဒာဒေဝီ ဘုရင်မက ကြည်လင်ပြတ်သားသည့် အသံဖြင့် မိန့်တော်မူလိုက်သည်။

"မှန်လှပါ ဘုန်းတော်ကြောင့် အခစား ရောက်ရှိကြောင်းပါ ဘုရား"

သက်တော်ရှည် အမတ်ကြီးက လျှောက်တင်လိုက်သည်။

"လျှောက်တင်စရာရှိက လျှောက်တင်စေ"

"မှန်လှပါ ဘုန်းတော်ကြောင့် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော သုမနဘုရင်ထံမှ စေတုတ္တရာ နိုင်ငံတော် စန္ဒာဒေဝီ ဘုရင်မထံ သဝဏ်လွှာ ပါးတော်မူလိုက်ကြောင်း လျှောက်ထား အစီရင်ခံဝံ့ကြောင်းပါ"

သုမန ဘုရင်၏ သံတမန်ခေါင်းဆောင်က လျှောက်တင်လိုက်သည်။

"သုမန ဘုရင်ထံမှ စာသဝဏ်ကို ဖတ်ကြားစေ"

စန္ဒာဒေဝီ ဘုရင်မက အမိန့်တော်မှတ်လိုက်ရာ သုမနဘုရင်၏ သံတမန်သည် ရွှေကျည်တောက်ထဲမှ စာလွှာကို ဆွဲထုတ်လိုက်ပြီး အောင်မြင်သော အသံဖြင့် တစ်နန်းတော်လုံးကြားအောင် အောက်ပါအတိုင်း ဖတ်ကြားလိုက်သည်။

"ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ရေမြေသနင်း လက်နက်စကြာရှင်၊ ဆင်ဖြူရတနာရှင်၊ ရွှေတွင်း ငွေတွင်း ပယင်း ဒုတ္တာ ရတနာခုနစ်ပါးကို စိုးမိုးပိုင်သတော်မူသော

www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏနိုင်ငံတော် သုမန ဘုရင်မင်းမြတ် စာသဝဏ် ပါးလိုက်သည်–

စေတုတ္တရာ နိုင်ငံတော် စန္ဒာဒေဝီ ဘုရင်မ သိစေအပ်သည်မှာ ကျွန်ုပ် သုမနဘုရင်သည် စန္ဒာဒေဝီ ဘုရင်မအား ချစ်ခင်မြတ်နိုးတော်မူသဖြင့် စန္ဒာဒေဝီ ဘုရင်မနှင့် ရွှေလက်တော်ဆက်ပြီး နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်လိုသည့်ဆန္ဒရှိတော်မူသည်။ ကျွန်ုပ် သုမနဘုရင်၏ အလိုဆန္ဒအတိုင်း သဘောတူညီမည် ဆိုပါက တစ်လအတွင်း စန္ဒာဒေဝီ ဘုရင်မအား ဆောင်ညာစံဒေဝီ မဟေသီမိဖုရားကြီးအရာတွင်ထားပြီး သုဝဏ္ဏနှင့် စေတုတ္တရာ နှစ်နိုင်ငံကို ပူးပေါင်း၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ စိုးမိုးအုပ်ချုပ် မင်းလုပ်တော်မူမည်။ အကယ်၍ ကျွန်ုပ် သုမနဘုရင်၏ အလိုဆန္ဒအတိုင်း မလိုက်နာနိုင်ဟု ဆိုလျှင် စေတုတ္တရာ နိုင်ငံတော်အား လက်နက်အင်အားဖြင့် စစ်ချီတိုက်ခိုက် သိမ်းပိုက်တော်မူရလိမ့်မည် ဖြစ်ကြောင်း သိစေအပ်ပါသည်။ ကြည်ကြည်သာသာဖြင့် ကျွန်ုပ် သုမနဘုရင်၏ဆန္ဒကို လိုက်လျောမည်လော၊ သို့တည်းမဟုတ် လက်နက်အင်အားဖြင့် သိမ်းပိုက်ခြင်းကို ခံယူမည်လော ဆိုသည်ကို ကျွန်ုပ် သုမနဘုရင် စေလွှတ်လိုက်သည့် သံတမန်ကြီးများမှတစ်ဆင့် အကြောင်းပြန်ကြားစေလိုပါသည်”

သုမန ဘုရင်၏ သံတမန်သည် အထက်ပါ သဝဏ်လွှာကို အောင်မြင်သောအသံဖြင့် ဖတ်ကြားလိုက်ရာ တစ်နန်းတော်လုံး ငြိမ်သက်စွာ နားထောင်နေကြပြီး လက်သီးဆုပ်သူကဆုပ်၊ အံကြိတ်သူက ကြိတ်နှင့် ဖြစ်၍နေကြပေသည်။ ဘုရင်မ မည်သို့မည်ပုံ အဖြေပေးမည်ကိုလည်း သိလိုလှသဖြင့် နားစွင့်၍နေကြရာ နန်းတော်တစ်ခုလုံး အပ်ကျသည့် အသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်လျက် ရှိပေသည်။



“သံတမန်ကြီးများ ...”

စန္ဒာဒေဝီ ဘုရင်မသည် အနည်းငယ်မျှ တုန်လှုပ်သည့် အမူအရာမပြဘဲ ရဲရင့်တည်ကြည်စွာဖြင့် မိန့်ကြားတော်မူလိုက်ရာ တစ်နန်းတော်လုံး စိတ်အားတက်သည့် မျက်နှာဖြင့် ဘုရင်မ မိန့်ကြားမည့်စကားကို နာခံ၍နေကြပေသည်။

“မှန်လှပါ ခစားလျက်ရှိကြောင်းပါ”

သံတမန်ကြီးများက ဘုရင်မအား ပြန်လည် လျှောက်တင်လိုက်ကြပေသည်။

“သုမန ဘုရင်မင်းမြတ်က ဘုရင်မနဲ့ ရွှေလက်တော်ဆက်လိုတော်မူတဲ့ ဆန္ဒရှိကြောင်း ကြားသိရသဖြင့် ဘုရင်မ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ သို့ရာတွင် တရားသဖြင့် စီမံအုပ်ချုပ် မင်းလုပ်တော်မူသည့် မဟာဘောဂ ဘုရင်ကြီးအပေါ်တွင် သစ္စာဖောက်ကာ မတရားလုပ်ကြံပြီး ထီးနန်းစည်းစိမ်ကို လုယူသော ဘုရင်ယုတ်နှင့် ကျွန်ုပ် စန္ဒာဒေဝီ ဘုရင်မသည် မည်သည့်နည်းနှင့်မျှ ရွှေလက်တော် မဆက်နိုင်ကြောင်း လျှောက်ထား သံတော်ဦးတင်လိုက်ပါ။ သစ္စာဖောက် သုမနဘုရင်ယုတ်အား ဘုရင်မက ရွှေလက်တော် မဆက်နိုင်ကြောင်း ပြန်ကြားသည်ကို မကျေနပ်သဖြင့် စစ်ခင်း၍ တိုက်ခိုက်လိုသည် ဆိုပါကလည်း ဓားကို ဓားချင်း၊ လှံကို လှံချင်း ရင်ဆိုင်ရန် အသင့်ရှိသည်သာမက သစ္စာဖောက် သုမန ဘုရင်ယုတ်အား စီစီညက်ညက် ချေမှုန်းသုတ်သင်နိုင်သည်အထိ ကျွန်ုပ် စန္ဒာဒေဝီ ဘုရင်မ၏ စစ်သည်တော်များက စိတ်အားထက်သန်လျက်ရှိကြောင်း သစ္စာဖောက် သုမန ဘုရင်ယုတ်အား ယခုချက်ချင်း အကြောင်းပြန်ကြားပါလော”

စန္ဒာဒေဝီ ဘုရင်မသည် ရာဇက္ကာမြွေဖြင့် ရဲရဲရင့်ရင့်ကြီး မိန့်တော်မူလိုက်ပြီး သီဟာသန ပလ္လင်ထက်မှ ဆင်းသက်ပြီးလျှင် အဆောင်တော်တွင်းသို့ ဝင်၍သွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း—၂၂

စေတုတ္တရာ မြို့တော်တစ်ခုလုံးမှာ လှုပ်လှုပ်ရွရွနှင့် ဖြစ်၍နေပေသည်။

နန်းတွင်းနန်းပြင် မြို့တွင်းမြို့ပြင်တွင် နေ့ရောညပါ စစ်သည်တော်များ လှုပ်ရှားသွားလာလျက်ရှိပြီး ဓားလှံ လက်နက်များကိုလည်း ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် စုဆောင်းလျက် ရှိပေသည်။ ခြေလျင်စစ်သည်တော်၊ မြင်းစီး စစ်သည်တော်များမှာလည်း စစ်ရေးပြခြင်း၊ ချီစစ်တက် လေ့ကျင့်ခြင်း၊ ဓားလှံများသွေးခြင်း၊ ဓားခုတ် လှံထိုး လေ့ကျင့်ခြင်း၊ လေးသမားများကလည်း အချိန်မရွေး လေးပစ်လေ့ကျင့်ခြင်း စသည်ဖြင့် စေတုတ္တရာ တစ်မြို့လုံး လှုပ်လှုပ်ရွရွနှင့် ဖြစ်၍နေပေသည်။

မြို့သူမြို့သားများမှာလည်း မိန်းမနှင့် ကလေးများအား လွတ်ရာကျွတ်ရာသို့ ပို့ထားကြပြီး လူလားမြောက်သော ယောကျ်ားမှန်သမျှ ကိုယ်စီကိုယ်င ဓားလှံ လေးမြား ဆွဲကိုင်ကာ ရန်သူလာလျှင် တိုက်ခိုက်ရန် အသင့်ပြင်လျက် ရှိကြပေသည်။

တုတ်ပြီး ဓားပြီး ဆေးများ၊ အင်းအိုင်ခလဲ့ လက်ဖွဲ့ မန္တရားများတို့ အားကိုးယုံကြည်သူများကလည်း နီးစပ်ရာ ဘုန်းတော်ကြီးများနှင့် အထက်လမ်း အောက်လမ်း ဆရာများထံ ချဉ်းကပ်ပြီး လိုလိုမည်မည် ဆောင်ထားကြသဖြင့် ပြီးဆေးများနှင့် အင်းအိုင်ခလဲ့ လက်ဖွဲ့များ စီရင်ပေးနေသူများမှာ အတော်ကလေး စားသာ၍ နေကြလေသည်။



ညဘက်တွင်လည်း နန်းတော် မြို့ရိုးများတွင် ခါတိုင်းထက် ပိုမို၍ အစောင့်များ ချထားကာ တစ်ညလုံး ဥဒဟို သွားလာနေကြသဖြင့် တစ်မြို့လုံး စစ်ချီ စစ်တက်သံများဖြင့် ဆူညံလျက်ရှိပေသည်။

စေတုတ္တရာ မြို့တော်မှ လှမ်း၍ ကြည့်မည်ဆိုလျှင် ညို့ညို့မှိုင်းမှိုင်း မြင်ရသော သေလာဂီရိ တောင်ကြီးနှင့် ထိုတောင်ခြေရင်းရှိ တောတန်းတစ်လျှောက်တွင် စစ်သူကြီး ဗန္ဓကသည် နေရာမလပ်အောင် ကင်းပုန်းများချကာ စောင့်ကြပ်လျက် ရှိပေသည်။

ဗိုလ်နန္ဒနှင့် တပည့် သုံးဦးမှာမူ အလုပ်အများဆုံး ဖြစ်၍နေပေသည်။ ဗိုလ်နန္ဒသည် ဘုရင်မ၏ လုံခြုံရေးနှင့်တကွ စေတုတ္တရာ မြို့တော်ကြီး ကာကွယ်ရေးအတွက် အစီအစဉ်များကို ဗိုလ်နန္ဒ ကိုယ်တိုင် ကြပ်မတ်ပြီး စစ်သည်တော်များအား နေရာချထားသည့်အပြင် အချိန်မရွေး အသင့်ရှိနေအောင် တပ်လှန့် နှိုးထားပြီး တပည့်သုံးဦးနှင့်အတူ လှည့်လည်စစ်ဆေးခြင်း၊ ညွှန်ကြားချက်များထုတ်ခြင်း၊ တောတွင်းရှိ တပည့်များအား တပ်လှန့် နှိုးကာ အကယ်၍ သုမန ဘုရင်၏ စစ်သည်တော်များ ချီတက်လာလျှင် လမ်းခရီးမှဖြတ်ပြီး ပြောက်ကျားစနစ်ဖြင့် ခုခံတိုက်ခိုက်ရန် အစီအစဉ်များ ပြုလုပ်၍နေရသဖြင့် အိပ်ရမှန်း စားရမှန်း မသိဘဲ အချိန်ကုန်ခဲ့ရပေသည်။

"ကဲ ... ကျော်ဇေယျ မင်းက အင်ကြင်းမြိုင်တောကို သွားပြီး ကျော်စွာတို့လူသိုက်ကို လက်နက်အင်အား ဖြည့်တင်းပေးရမယ်။ ပြီးတော့ ဘုရင်မရဲ့ ကိုယ်ရံတော် ဗိုလ်မှူးကလေး မောင်သုတကို ပြန်ခေါ်လာခဲ့၊ မောင်သုတကို မြို့တွင်းမှာ နေရာချထားပေးရမယ်။ ပြီးတော့ ငါ မနေ့က မှာကြားထားတဲ့အတိုင်း ရွာသာယာ ရွာကလေးကိုသွားပြီး ဇိုးရာဇတို့ လူသိုက်ကိုလည်း အားလုံး အသင့်ရှိကြဖို့ သတိပေးရမယ်။ ဝါဒမြို့မှာ သုမနနဲ့ သူ့ရဲ့စစ်သည်တော်တွေ စခန်းချထားတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



သတင်းရတယ်။ ဒီသတင်း မှန် မမှန်ကို ထောက်လှမ်းပြီး ငါ့ဆီကို အမြန်ပြန်ပြီး သတင်းပေးပို့ရမယ်။ အချိန်မလင့်စေနဲ့"

ဗိုလ်နန္ဒသည် ကျော်ဇေယျအား အမိန့်ပေးလိုက်ရာ ကျော်ဇေယျသည် အသင့်စုဆောင်းထားသည့် ဓားလှံ လေးမြှားများကို လှည်းများဖြင့် တင်ဆောင်ကာ စစ်သည်တော်များ ခြံရံလျက် မြို့တွင်းမှ ထွက်ခွာသွားကြပေသည်။

"အာဠာဝက က သေလာဂီရိ တောင်ခြေရင်းကိုသွားပြီး စစ်သူကြီး ဗန္ဓကကို ဒီကနေပြီး အချက်ပေးလိုက်ရင် ဥမင်လိုဏ်ခေါင်းကို ခါးလယ်ကဖြတ်ပြီး ဖောက်ခွဲပစ်ရန် အသင့်ပြင်ထားဖို့ သတိပေးရမယ်၊ တင်းပုန်းတွေကိုလည်း နေရာမလပ်အောင် ချထားပြီး မသင်္ကာသူ မှန်သမျှကို ဖမ်းပြီး စစ်ဆေးရမယ်၊ အရပ်သားတွေ အသွားအလာ မရှိစေရ လို့လည်း အမိန့်ထုတ်ဆင့်ထားရမယ့်၊ အစစအရာရာ သတိဝီရိယရှိဖို့ ဆရာ မှာလိုက်တဲ့အကြောင်း စစ်သူကြီး ဗန္ဓကကို စကားလက်ဆောင် ပါးချေ၊ ပြီးတော့ ငါ့ဆီကို ချက်ချင်းပြန်လာခဲ့"

ဗိုလ်နန္ဒသည် အာဠာဝကအား အမိန့်ပေးလိုက်ရာ အာဠာဝကသည် မြင်းနက်ကြီးကိုစီးပြီး သေလာဂီရိ တောင်ခြေရင်းသို့ လေ၏ လျင်မြန်ခြင်းဖြင့် လျင်မြန်စွာ ဒုန်းစိုင်း၍သွားလေသည်။

"နေမျိုးကတော့ ငါနဲ့လိုက်ခဲ့"

ဗိုလ်နန္ဒသည် နေမျိုးအားခေါ်ပြီး နန်းတော်၏ အနောက်ဘက်ရှိ အကျဉ်းထောင်သို့ တဖြည်းဖြည်း လာခဲ့ပေသည်။

ထောင်မှူးကြီး ချစ်ညိုသည် ဗိုလ်နန္ဒအား မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခရီးဦးကြိုပြုကာ အကျဉ်းထောင် အတွင်းသို့ ခေါ်ဆောင်သွားလေသည်။

"ကျွန်တော် ပြောတဲ့အတိုင်း အားလုံး လုပ်ပြီးပြီလား"

ဗိုလ်နန္ဒက ထောင်မှူးကြီး ချစ်ညိုအား မေးလိုက်သည်။



"အားလုံး အသင့်လုပ်ထားပြီးပါပြီ"

ထောင်မှူးကြီး ချစ်ညိုသည် ပြောပြောဆိုဆို အကျဉ်းထောင် အတွင်းရှိ အခန်းတစ်ခန်းသို့ ဗိုလ်နန္ဒနှင့် နေမျိုးအား ခေါ်ဆောင်၍ သွားပေသည်။

အခန်းမှာ ပြတင်းပေါက်များမရှိဘဲ အလုံပိတ်ထားသည့်အခန်း ဖြစ်သဖြင့် မှောင်မည်းနေပေသည်။ ထောင်မှူးကြီးသည် ရှေ့ဆုံးမှ ဝင်သွားပြီး ထောင်မှူးကြီးနောက်မှကပ်၍ ဗိုလ်နန္ဒနှင့် နေမျိုးတို့ လိုက်ပါသွားကြသည်။

"ဒီအခန်းရဲ့ အောက်တည့်တည့်ကအခန်းမှာ ခေတ္တရာမြို့စားကြီးနဲ့ သူ့ဘက်တော်သားတွေကို ချုပ်ထားတယ်။ ဟောဒါက ဆရာ့ အမိန့်အရ ဖောက်ထားတဲ့ အပေါက်ပဲ"

ထောင်မှူးကြီး ချစ်ညိုသည် ကြမ်းပြင်တွင် ဖောက်ထားသည့် သေးငယ်သော အပေါက်ကို လက်ဖြင့်စမ်းသပ်ပြရင်း ပြောလိုက်သည်။

"ကဲ ... နေမျိုး၊ ထောင်မှူးကြီးပြတဲ့ အပေါက်ဝမှာ နားနဲ့ကပ်ပြီး နားထောင်ကြည့်စမ်း"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်ရာ နေမျိုးသည် ကြမ်းပြင်ပေါ်တွင် ဝပ်ပြီး အပေါက်ဝတွင် နားနှင့်ကပ်ခါ နားစွင့်လိုက်သည်။

"ဆရာ ... အောက်က လူသံတွေ ကြားရတယ်၊ ဆရာ့ကို ကျိန်ဆဲနေတဲ့ အသံတွေလည်း ကြားရတယ်။ ဒီအသံက ခေတ္တရာမြို့စားကြီးရဲ့ အသံပါလား"

နေမျိုးသည် အပေါက်တွင်ကပ်ပြီး နားထောင်ရင်း ဗိုလ်နန္ဒအား တိုးတိုးပြန်ပြောလိုက်သည်။

"ခေတ္တရာမြို့စားကြီး ဘာပြောသလဲဆိုတာ ဆရာ့ ပြန်ပြောစမ်း"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်သည်။

"ခေတ္တရာမြို့စားကြီးက ဆရာ့ကို ဆဲနေတယ်၊ ဟိုတစ်နေ့က

www.burmeseclassic.com

www.burmeseclassic.com



သူ စားမြှောင်နဲ့ လှမ်းပစ်လိုက်တုန်းက ဆရာ့ကို ထိမှန်သွားရင် သူတို့ ခုလို အကျဉ်းချခံရမှာ မဟုတ်ဘူး။ ခွေမျိုး ငရူပကြောင့် ငါတို့ အချုပ်ခံရတာ၊ ဒီကောင်ကို လက်စားချေရမယ်လို့ ပြောနေသံကို ကြားရတယ်"

"အေး ကောင်းပြီ၊ မင်းက ဒီအခန်းထဲကနေပြီး အောက်ခန်းက ဘာတွေပြောတယ်၊ သူတို့အချင်းချင်း ဘာတွေ တိုင်ပင်တယ်ဆိုတာ မင်း နားထောင်ပြီး မှတ်သားထားရမယ်"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်ရာ နေမျိုးသည် မကျေနပ်သည့်အမူ အရာဖြင့် ဝပ်ပြီး နားထောင်နေရာမှ မတ်တတ်ရပ်လိုက်သည်။

"ဒီအလုပ်တော့ ကျွန်တော့်ကို မခိုင်းပါနဲ့၊ ပျင်းစရာကောင်းလှပါတယ်။ တိုက်စရာ ခိုက်စရာရှိရင် ကျွန်တော့်ကို ရှေ့ဆုံးကထားပါ၊ ခုလို ဘာမှ မလုပ်ရဘဲ သူများပြောတာကို ထိုင်နားထောင်နေရတာလောက် ပျင်းတာမရှိဘူး။ ကျွန်တော်က သူသေသေ၊ ကိုယ်သေသေ တိုက်ရခိုက်ရမှ သဘောကျတယ်။ ဒီအလုပ်က ကျော်ဇေယျလို လူပျင်းနဲ့မှ တော်တာပဲ၊ ကျော်ဇေယျကို အလုပ်ခိုင်းပါ"

နေမျိုးက ပြန်ပြောလိုက်သည်။

"မင်း နားမလည်ပါဘူး၊ နေရာတကာမှာ လက်နက်အားကိုး လုပ်လို့ရတာ မဟုတ်ဘူး။ မင်း ဆောင်ရွက်ရမယ့် တာဝန်က ပိုပြီး အရေးကြီးတဲ့ တာဝန်ပဲ။ ရန်သူရဲ့ အကြံအစည်ကို သိထားရင် စစ် တစ်ဝက် နိုင်တယ်ဆိုတာ မင်းသဘောမပေါက်လို့ ဒီစကား ပြောနေတာပါ၊ အရေးကြီးဆုံးက ရန်သူရဲ့ အကြံအစည်ကို ကြိုတင်သိဖို့ပဲ၊ ဒီတာဝန်ဟာ အရေးအကြီးဆုံး တာဝန်မို့လို့ မင်းကို တမင်ရွေးချယ်ပြီး ခိုင်းတဲ့ဥစ္စာပဲ"

ဗိုလ်နန္ဒက ရှင်းပြလိုက်ရာ နေမျိုးသည် သဘောပေါက်သွားပုံ ရပေသည်။

"ဒီလိုဆိုရင် ကျေနပ်ပါတယ်၊ ဆရာထားရာက နေပါ့မယ်"



"အေး ဒီလိုမှပေါ့၊ မင်းရဲ့တာဝန်ဟာ အင်မတန် အရေးကြီးတဲ့ တာဝန်ဆိုတာ သတိမလစ်စေနဲ့၊ ကဲ ... ငါလည်း လုပ်စရာ အလုပ်တွေ ရှိသေးတယ်"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို နေမျိုးအား နေရာချထားပြီး ဘုရင်မ အဆောင်တော်ဘက်သို့ ပြန်၍လာခဲ့ပေသည်။

ဗိုလ်နန္ဒမှာ စေတုတ္တရာ နိုင်ငံတော်နှင့် စန္ဒာဒေဝီ ဘုရင်မ၏ လုံခြုံရေးအတွက် နေ့မအား ညမအား အစီအစဉ်များ လုပ်၍နေရသဖြင့် စိတ်ပန်းလူပန်း ဖြစ်နေသကဲ့သို့ပင် စန္ဒာဒေဝီ ဘုရင်မမှာလည်း လာမည့်ဘေးအတွက် တွေးတောကာ စိတ်မောလူမော ဖြစ်၍နေသည်ကို ဘုရင်မ၏ အပါးတော်တွင် အမြဲတမ်း ခစားလျက်ရှိသည့် လက်စွဲတော် မယ်သစ္စာသည် ကောင်းကောင်းကြီး သတိပြုမိသဖြင့် ဘုရင်မ၏အပါးမှ တစ်ဖဝါးမှမခွာဘဲ အမြဲတမ်း ခစားရင်း ဘုရင်မ၏ အမူအရာကိုသာ အကဲခတ်၍ နေပေသည်။

တစ်ခါတစ်ရံတွင် စန္ဒာဒေဝီ ဘုရင်မသည် ရွှင်ရွှင်ပျပျနှင့် ရယ်လား မောလား ပြောနေရာမှ လပြည့်ဝန်းကို တိမ်ညိုများ အုပ်သလို ရယ်မောနေရာမှ မျက်နှာတော် ညိုမည်းပြီး ချက်ချင်း အမူအရာ ပြောင်းလဲသွားပေရာ မယ်သစ္စာသည် ဘုရင်မ စိတ်တော် မညိုးနွမ်းရအောင် နည်းအမျိုးမျိုးဖြင့် ဖျော်ဖြေနေပေသည်။

ဗိုလ်နန္ဒမှာမူ နိုင်ငံတော် ကာကွယ်ရေးအတွက် အလုပ်များနေသဖြင့် ဘုရင်မထံသို့ အခစား မဝင်ရောက်နိုင်သည်ကို ဘုရင်မ ကိုယ်တော်တိုင် သိသော်လည်း ရံဖန်ရံခါ ဗိုလ်နန္ဒအား အခေါ်လွှတ်ပြီး ထုံးစံအတိုင်း ဗိုလ်နန္ဒစိတ်ကို မခံမရပ်နိုင်အောင် ထေ့လိုက်၊ ငေါ့လိုက် လုပ်တတ်ပေသည်။ ဗိုလ်နန္ဒစိတ်မှာမူ တိုင်းပြည်၏ ကြီးလေးသောတာဝန်ကို ထမ်းရွက်နေရသည့် ဘုရင်မအပေါ်တွင် ကိုယ်ချင်းစာနာကာ ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com



အား ခါတိုင်းကဲ့သို့ နှုတ်လှန်ထိုးခြင်းမပြုဘဲ ဘုရင်မ ပြောသမျှကို ခြေလည်အောင် စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြနေတတ်ပေသည်။

ဘုရင်မမှာမူ ခါတိုင်းဆိုလျှင် ဗိုလ်နန္ဒသည် မိမိအား မည်သည့် အခါကမျှ စကားအရာတွင် အရှုံးမပေးဘဲ အနိုင်ယူလေ့ ရှိသော်လည်း ယခုအချိန် ယခုအခါတွင် မိမိ၏အလိုကိုလိုက်ပြီး အလျှော့ပေးနေသည် တိုဝင် စိတ်ထဲတွင် မခံမရပ်နိုင်အောင်ဖြစ်ခါ အလိုလို စိတ်တို၍နေပေ သည်။

ထိုနေ့ညနေတွင် စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား အခေါ် လွှတ်လိုက်သဖြင့် ဗိုလ်နန္ဒသည် ဘုရင်မ အဆောင်တော်သို့ ရောက်ရှိ လာပေသည်။

"သက်တော်ရှည် အမတ်ကြီး မောင်ရှုပ၊ ဘုရင်မ ကြားသိရတဲ့ အတိုင်းဆိုရင် သက်တော်ရှည် အမတ်ကြီးဟာ ဘုရင်မ အမိန့်တော်နဲ့ ထောင်သွင်း အကျဉ်းချထားတဲ့ လူတွေအပေါ်မှာ အတော်ရက်စက်တယ် လို့ ကြားပါလား"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား ခရီးရောက်မဆိုက်တွင် မေးလိုက်သည်။

"ဘုရင်မရဲ့ အမိန့်အတိုင်း ထောင်သွင်း အကျဉ်းထားခြင်းသာ ဖြစ်ပါတယ်။ သူတို့ကို တစ်စုံတစ်ရာ နှိပ်စက်ညှဉ်းပန်းခြင်း မပြုပါ"

ဗိုလ်နန္ဒက ပြန်ဖြေလိုက်သည်။

"မညှဉ်းဆဲဘူးသာဆိုတယ်၊ ဘုရင်မနဲ့ ကစားဖော်ကစားဖက် ဖြစ်ခဲ့ဖူးတဲ့ ခေတ္တရာမြို့စားကြီးကို တခြား အကျဉ်းသားတွေနဲ့ အတူတူ ရောနှောပြီး အကျဉ်းထောင် အောက်ဆုံးထပ်မှာ အတူတူ ချုပ်ထားတယ် ဆိုပါလား၊ ခေတ္တရာမြို့စားကြီးကို သီးခြား အခန်းတစ်ခန်း ပေးထားရင် မကောင်းဘူးလား။ ပြီးတော့ ခုလို အကျဉ်းထောင်ထဲမှာ ချုပ်နှောင် ထားမယ့်အစား အကျယ်ချုပ်ထားရင် မကောင်းဘူးလား။ ဥပမာ နန်းမြင့် အပေါ်မှာတင်ထားပြီး နန်းမြင့် တစ်ဝိုက်မှာ အစောင့်ချထားရင် ဖြစ်နိုင် သားပဲ"

"လက်ရှိ အကျဉ်းသားတွေထဲမှာ ခေတ္တရာမြို့စားကြီးဟာ အရေး အကြီးဆုံး သူပုန်ခေါင်းဆောင် ဖြစ်တဲ့အတွက် သူ့ကို သီးခြား ချုပ်နှောင် ထားဖို့ မသင့်ပါ။ ပြီးတော့ အကျယ်ချုပ်ထားမယ်ဆိုရင် အပြင်မှာရှိတဲ့ သူပုန်တွေနဲ့ပေါင်းပြီး ထွက်ပြေးမှာ စိုးရပါတယ်။ သူပုန်တစ်ယောက် လွတ် သွားရင် တိုင်းပြည်ကာကွယ်ရေးအတွက် တစ်အား ယုတ်စေနိုင်ပါတယ်"

"နန်းမြင့်ပေါ်မှာ တင်ထားပြီး အောက်မှာ အစောင့်တွေချထား ရင် ထွက်ပြေးနိုင်ပါ့မလား၊ ပြီးတော့ ဘုရင်မနဲ့ ကစားဖော်ကစားဖက် ဖြစ်ခဲ့ဖူးတဲ့အပြင် မြို့စားကြီးတစ်ဦးလည်း ဖြစ်ခဲ့ဖူးတဲ့အတွက် သူ့ကို အထူးအခွင့်အရေးပေးဖို့ မသင့်ဘူးလား"

"သူပုန်ချင်းအတူတူ ခေတ္တရာမြို့စားကြီးကိုမှ အထူးအခွင့်အရေး ပေးတယ်ဆိုရင် တရားရာကျမည် မဟုတ်ပါ"

"တော် ... တော် ... ရှေ့ဆက်ပြီး သံတော်ဦးမတင်နဲ့၊ ထောင်မှူး ကြီး ချစ်ညိုကို ဘုရင်မ ရှေ့တော်မှောက် ခစားဝင်ဖို့ လွှတ်လိုက်စမ်း"

ဘုရင်မသည် စိတ်တိုတိုနှင့် ပြောလိုက်ရာ ဗိုလ်နန္ဒသည် ဘုရင်မ စိတ်မချမ်းမသာ ဖြစ်နေသည်ကို ကိုယ်ချင်းစာသည့်သဘောဖြင့် ဘာမှ ပြန်မပြောဘဲ ပြန်ထွက်လာခဲ့ပေသည်။

တစ်ညနေတွင် စန္ဒာဒေဝီ ဘုရင်မသည် စစ်သည်တော်များ ဝတ် ဆင်ထားသည့် မောက်လူ၊ မောက်တို၊ ဘာလီကွေး၊ သံချပ်အင်္ကျီ စသည် တို့ကို ဝတ်စားဆင်ယင်ပြီး အဆောင်တော်ထဲတွင် တစ်ယောက်တည်း စားရေးပြလျက် ရှိသည်ကို မယ်သစ္စာသည် အပါးမှ ခစားရင်း ဘုရင်မ ၏ စိတ်ပြောင်းမြန်ပုံကို စဉ်းစားတွေးတော၍နေပေသည်။

"မယ်သစ္စာ ကြည့်စမ်း၊ ခုလိုဆိုတော့ ဘုရင်မဟာ တကယ့် ယောကျ်ားနဲ့ မတူဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီ ဘုရင်မက ဓားရေးပြရင်း မေးလိုက်သည်။

"ရတ်တရက် ကြည့်မည်ဆိုလျှင် ယောကျ်ားစင်စစ် ကေန်ဖြစ်သည်ဟု ထင်စရာရှိကြောင်းပါ။ သို့ပါသော်လည်း မိန်းမသားသည် မိန်းမသားသာ ဖြစ်သည်ကို သတိပြု ဆင်ခြင်တော်မူပါ"

မယ်သစ္စာက သတိပေးလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် ဓားကို အသာချပြီး သလွန်ပေါ်တွင် ထိုင်ချလိုက်သည်။

"မိန်းမသား ဆိုတဲ့စကားကို မသုံးစမ်းပါနဲ့၊ မိန်းမဖြစ်ရတဲ့ဘဝကို ဘုရင်မ ရွံမုန်းလွန်းလို့ ဘုရင်မသာ ယောကျ်ားစင်စစ် ကေန်ဖြစ်မည်ဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲ"

စန္ဒာဒေဝီ ဘုရင်မသည် မိမိစိတ်ထဲတွင် ဖြစ်ပေါ်နေသည့် ဆန္ဒကို ထုတ်ဖော်လိုက်သည်။

"မဖြစ်နိုင်တာကို တောင့်တနေလို့ စိတ်ညစ်ရုံသာ ရှိမည်ဖြစ်ကြောင်းပါ"

မယ်သစ္စာက ပြန်လည်လျှောက်တင်လိုက်ရာ ရတ်တရက် ဘာမှ ပြန်မပြောဘဲ စဉ်းစား၍နေပေသည်။

"ခမည်းတော်ရှိတုန်းက ဘုရင်မကို ဓားခုတ် လှံထိုး အစရှိတဲ့ အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်ကို ယောကျ်ားများနဲ့တန်းတူ တတ်မြောက်အောင် သင်ကြားပေးခဲ့တာကို မယ်သစ္စာ မှတ်မိသေးတယ် မဟုတ်လား၊ အဲဒီအချိန်တုန်းကများဆိုရင် ခုလို စစ်ဝတ်စစ်စားနဲ့ ဘုရင်မ ဓားခုတ် လှံထိုး ကျင့်နေတာ ခမည်းတော်ဘုရား မြင်တော်မူတဲ့အခါ တပြုံးပြုံးနဲ့ ဖြစ်နေတာကို ဘုရင်မ မျက်စိထဲမှာ မြင်ယောင်နေတယ်၊ အင်း ... ခမည်းတော် ... ခမည်းတော် သားယောကျ်ား လိုချင်ပါလျက် သားယောကျ်ား မထွန်းကားဘဲ သမီး မိန်းမသား ထွန်းကားခဲ့လေတော့ သမီးကိုပဲ သားယောကျ်ားလို သဘောထားပြီး ယောကျ်ားတွေ တတ်အပ်တဲ့ အတတ်ပညာမှန်သမျှ သင်ကြားပေးခဲ့ရှာတယ်၊ ဘုရင်မလည်း



တစ်ခါတစ်ခါကျရင် ကိုယ့်ဘဝကိုယ်မေ့ပြီး ယောကျ်ားအစစ်လို့တောင် ထင်ခဲ့တယ်၊ ဒါပေမဲ့ ခုလို ဘေးအန္တရာယ်နဲ့ ရင်ဆိုင်လာရတဲ့အခါမှာ ဘယ်လိုပဲ စိတ်ကိုတင်းတင်း တင်းလို့မရဘဲ အားနွဲ့သလိုလို ဖြစ်လာတယ်၊ မိန်းမ ဖြစ်ရတဲ့ဘဝဟာ တယ်ပြီး အသည်းနာစရာ ကောင်းပါလား"

စန္ဒာဒေဝီ ဘုရင်မသည် တစ်ယောက်တည်း ညည်းညူလိုက်သည်။ မျက်နှာမှာလည်း သိသိသာသာ ညှိုးငယ်သွားပေသည်။

"ဒီလိုလည်း သဘောတော် ထားတော်မမူပါနဲ့၊ မိန်းမလည်း မိန်းမအလျောက် တိုင်းပြည်ရဲ့တာဝန်ကို ထမ်းရွက်နိုင်ကြောင်းပါ၊ မိန်းမ ဆောင်လျှင် ပြည်အောင်တယ် ဆိုတဲ့စကားကိုလည်း သတိပြုတော်မူပါ"

မယ်သစ္စာက လျှောက်တင်လိုက်သည်။

"အင်း ... မိန်းမ မိန်းမ ... နေရာတကာမှာ အောက်ကျတဲ့ဘဝပဲ၊ ဘုရင်မ ဖြစ်နေရတဲ့ ဘဝမှာတောင် အိမ်နီးနားချင်း နိုင်ငံတွေက မရိုသေချင်ကြဘူး၊ ဒီအထိ အောက်ကျနောက်ကျနိုင်တာပဲ၊ မိန်းမသားအနေနဲ့ တိုင်းပြည်ရဲ့တာဝန်ကို ထမ်းရွက်နေရတော့ တစ်ခါတစ်ခါ အလိုလို အားနွဲ့မိတယ်၊ တစ်ခါတစ်ခါတော့လည်း ဒီတာဝန်တွေကို မေ့ပျောက်ပြီး အရပ်သူ မာလာအဖြစ် နေရတာကပဲ ကောင်းသလိုလို စိတ်ထဲမှာ ဖြစ်မိတယ်"

စန္ဒာဒေဝီ ဘုရင်မသည် စိတ်ထဲတွင်ရှိသမျှ ဖွင့်ပြောရင်း — မာလာ၏ဘဝကို ပြန်ပြောင်း စဉ်းစားနေပေသည်။ စဉ်းစားရင်း စဉ်းစားရင်း ဗိုလ်နန္ဒနှင့် ပထမဆုံး တွေ့ခဲ့ပုံကို မျက်စိထဲတွင် တရေးရေး မြင်၍လာပေသည်။

"အင်း ... မာလာ ... မာလာ ... နာမည်ကလေးက ရိုးလည်း ရိုးတယ်၊ နာမည်နဲ့ လူနဲ့လိုက်အောင် ချစ်စရာကောင်းတယ်။ စန္ဒာဒေဝီ ဆိုတဲ့နာမည်ကတော့ လ,မင်းသမီး ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် တင်စီးလွန်းအားကြီးတယ်၊ မာနလည်း ကြီးတယ်လို့ ကြားတယ်"

ဗိုလ်နန္ဒနှင့် ပထမဆုံးအကြိမ် တောစပ်တွင် တွေ့ဆုံခဲ့စဉ်က ဗိုလ်နန္ဒ ပြောခဲ့သော စကားများကို ပြန်လည်စဉ်းစားမိကာ စန္ဒာဒေဝီ ဘုရင်မသည် တစ်ယောက်တည်း ကြိတ်ပြီး ပြုံးမိပေသည်။

ထိုအခိုက်တွင် ဘုရင်မ၏ အဆောင်မှူးသည် အဆောင်တော်အတွင်းသို့ ဝင်လာကာ ဘုရင်မ ရှေ့မှောက်တွင် ရှိသေစွာ ခစားနေပေသည်။

"အဆောင်မှူး ဘာများ အကြောင်းထူးလာပြန်ပြီလဲ"

စန္ဒာဒေဝီ ဘုရင်မက လှမ်းပြီးမေးလိုက်သည်။

"ထောင်မှူး ချစ်ညို အခစားဝင်လိုကြောင်း ခွင့်ပန်ဝံ့ကြောင်းပါ"

အဆောင်မှူးက ခွင့်ပန်လိုက်သည်။

"ဝင်စေ"

ဘုရင်မက အမိန့်ပေးလိုက်ပြီး မကြာမီ ထောင်မှူးကြီး ချစ်ညိုသည် ဘုရင်မ ရှေ့တော်မှောက်သို့ဝင်ပြီး ခစားလျက် ရှိပေသည်။

"အချိန်မတော် ဘာများ အရေးကြီးလာပြန်ပြီလဲ၊ သတင်းကောင်းဖြစ်ပါစေလို့ ဘုရင်မ ဆုတောင်းပါတယ်"

ဘုရင်မက ထောင်မှူးကြီး ချစ်ညိုအား လှမ်းပြီး မေးလိုက်သည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ခေတ္တရာမြို့စားကြီး ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ်ကြောင်း လျှောက်ထား သံတော်ဦးတင်ဝံ့ကြောင်းပါ"

ထောင်မှူးကြီး ချစ်ညိုက တုန်တုန်ယင်ယင်နှင့် လျှောက်ထားလိုက်သည်။

"ခေတ္တရာမြို့စားကြီး လွတ်သွားပြီ ဟုတ်လား၊ ထောင်မှူးကြီး ပေါ့လျော့လုချည်လား၊ လွတ်သွားတယ် ဆိုတာကော သေချာရဲ့လား"



"သေချာကြောင်းပါ၊ ဘုရင်မရဲ့ အမိန့်တော်အရ ခေတ္တရာမြို့စားကြီးကို အကျဉ်းထောင်မှထုတ်ပြီး နန်းမြင့်ပေါ်မှာ အကျယ်ချုပ် ချုပ်ထားခဲ့ကြောင်းပါ၊ ညဉ့်ဦးပိုင်းက ခေတ္တရာမြို့စားကြီးသည် နန်းမြင့်ပေါ်မှ ကြိုးဖြင့်ဆင်းပြီး အစောင့်များ အလစ်တွင် ထွက်ပြေး လွတ်မြောက်သွားကြောင်းပါ"

ထောင်မှူးကြီး ချစ်ညိုက ဆက်လက် လျှောက်တင်လိုက်ရာ ဘုရင်မ၏ မျက်နှာတော်မှာ သိသိသာသာကြီး ညိုမည်းသွားပေသည်။

"ခေတ္တရာမြို့စားကြီး လွတ်မြောက်သွားတာကို ဒုတိယ သက်တော်ရှည် အမတ်ကြီး မောင်ရှုပ သိပြီးပြီလား"

ဘုရင်မက မေးလိုက်ပြန်သည်။

"မသိသေးကြောင်းပါ၊ သက်တော်ရှည် အမတ်ကြီး မောင်ရှုပမှာ အလုပ်တာဝန်ဖြင့် မြို့ပြင်သို့ထွက်သွားရာ ယခုအချိန်ထိ ပြန်ရောက်မလာသေးသဖြင့် အကြောင်းမကြားရသေးပါ"

"အင်း ... တော်ပါသေးရဲ့"

ဘုရင်မ၏ပါးစပ်မှ ရုတ်တရက် ထွက်သွားပြီး ခေတ္တ စဉ်းစားနေပြန်သည်။

"ထောင်မှူးကြီး ချစ်ညို"

ဘုရင်မက စကားစလိုက်သည်။

"ခစားလျက်ရှိကြောင်းပါ"

"ခေတ္တရာမြို့စားကြီး လွတ်သွားတဲ့ အကြောင်းကို ဘယ်သူ့ဆီကိုမှ သတင်းမပေါက်ကြားစေနဲ့၊ အထူးသဖြင့် ဒုတိယ သက်တော်ရှည် အမတ်ကြီး မောင်ရှုပကို အသိမပေးလေနဲ့ ... ဒီအကြောင်းကို ဘုရင်မကိုယ်တော်တိုင် ပြောပြရမှ ကျေနပ်တော်မူမည်"

"အမိန့်တော်မြတ်အတိုင်းပါ"

"ဒါထက် ... ခေတ္တရာမြို့စားကြီးကို လိုက်ရှာကြသေးသလား"

www.burmeseclassic.com

www.burmeseclassic.com



"တစ်မြို့လုံး နှံ့စပ်အောင် ရှာဖွေကြောင်းပါ၊ သို့ပါသော် ရှာမတွေ့ဘဲ ခြေရာပျောက်နေပါသည်။ ကျွန်တော်မျိုးကြီး သိသလောက် ပြောရမည်ဆိုလျှင် သေလာဂီရိ တောင်ခြေရင်းသို့ ထွက်ပြေးပြီဟု ယူဆစရာ ရှိကြောင်းပါ"

"သေလာဂီရိ တောင်ခြေရင်းဘက်သို့ ထွက်ပြေးရိုးမှန်ရင် လွတ်ပေါက် မရှိပါဘူး၊ စစ်သူကြီး ဗန္ဓကရဲ့ ကင်းပုန်းတွေနဲ့ တွေ့ပြီး ပြန်မိလာမှာ သေချာပါတယ်"

ဘုရင်မက ရသေ့စိတ်ဖြေ ပြောလိုက်သည်။

"လွတ်ပြေးပြီးမှ ပြန်မိအောင်ဖမ်းဖို့ သိပ်မလွယ်ကြောင်းပါ။ နဂိုမူလအတိုင်း အကျဉ်းထောင်ထဲမှာ ချုပ်နှောင်ထားမယ်ဆိုရင် နုလို လွယ်လွယ်ကူကူ ထွက်ပြေးနိုင်မည် မဟုတ်ကြောင်းပါ"

ထောင်မှူးကြီး ချစ်ညိုက အရဲစွန့်ကာ လျှောက်တင်လိုက်သည်။

"ပြီးခဲ့တဲ့ အမှားတွေကို ပြန်ပြီး စားမြုံ့ပြန်ဖို့ မလိုပါဘူး၊ ကဲ -- ကဲ -- ထောင်မှူးကြီး ချစ်ညို ပြန်နိုင်ပြီ၊ ကျန်တဲ့ အကျဉ်းသားတွေ လွတ်မပြေးအောင်လည်း ဂရုစိုက်ပါ"

ဘုရင်မက အမိန့်ပေးလိုက်ရာ ထောင်မှူးကြီး ချစ်ညိုသည် ဘုရင်မ အပါးမှ ခွာ၍သွားပေသည်။

ထောင်မှူးကြီး ချစ်ညို ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဘုရင်မသည် မိမိ၏မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး သလွန်ပေါ်သို့ ပစ်လှဲလိုက်သည်၊ မယ်သစ္စာမှာ ကြည့်မနေနိုင်တော့ဘဲ ဘုရင်မအနီးသို့ ချဉ်းကပ်လာပြီး အားပေးစကား ပြောကြားနေပေသည်။

"ခေတ္တရာမြို့စားကြီး လွတ်မြောက်သွားတဲ့အတွက် စိတ်သောကရောက်တော်မမူပါနဲ့၊ သူ ဘယ်နည်းနဲ့မှ လွတ်အောင်ပြေးနိုင်မည် မဟုတ်ပါ၊ မကြာခင် ပြန်မိမှာပါ"

"ခေတ္တရာမြို့စားကြီး လွတ်သွားလို့ စိတ်မချမ်းမသာ ဖြစ်နေတာ



မဟုတ်ပါဘူး၊ ဘုရင်မ အသုံးမကျလို့ ခုလို လွတ်သွားရတဲ့အတွက် ယူကျုံးမရ ဖြစ်မိတာပါ၊ တိုင်းပြည်ရဲ့တာဝန်ကို ထမ်းရွက်ရတယ်ဆိုတာ အင်မတန် ကြီးလေးတဲ့ တာဝန်ပါလား၊ စကားတစ်ခွန်း အပြောမှားရင် တိုင်းပြည်ပါ ငါးပါးမှောက်နိုင်တယ်လို့ မောင်ရှုပ မကြာမကြာ သတိပေးနေလျက်သားနဲ့ ဘုရင်မ စိတ်လိုက်မာန်ပါ လုပ်မိလို့ ခုလိုဖြစ်ရတာပဲ"

ဘုရင်မသည် ပြောပြောဆိုဆို သလွန်ပေါ်မှ ထလိုက်ပြီး ဓားကို ဆွဲကိုင်ကာ တက်ခေါက်လိုက်၊ အံကြိတ်လိုက်နှင့် အဆောင်ထဲတွင် ခေါက်ြလျှောက်နေရာမှ စိတ်ကိုထိန်း၍ မရသဖြင့် လေသာဆောင်ဘက်သို့ တစ်ကိုယ်တော်တည်း ထွက်ခွာသွားပြီးလျှင် ဥယျာဉ်တော်ဘက်သို့ လှမ်းမျှော်ကြည့်မိပေသည်။

အချိန်မှာ ညဉ့်ဦးယံလွန်ပြီး သန်းခေါင်ယံဘက်သို့ ချဉ်းကပ်လာပြီဖြစ်၍ ဘုရင်မ၏ အဆောင်တော် ပတ်ဝန်းကျင်တွင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိပေသည်။ လဆန်း ၁၀ ရက် လရောင်မှာလည်း အနောက်ဘက် ဂေါယာကျွန်းသို့ ယွန်းလုဆဲဆဲ အချိန်သို့ ရောက်ရှိနေသဖြင့် ဝိုးတိုးဝါးတားသာ မြင်ရပေသည်။

ထိုအခိုက်တွင် ဘုရင်မ ဥယျာဉ်တော်ဘက်ဆီမှ ခြေသံ ကြားရသဖြင့် လှမ်းကြည့်လိုက်ရာ ဝိုးတိုးဝါးတား လရောင်အောက်တွင် လူ ၂ ယောက်၏ သဏ္ဌာန်ကို မြင်လိုက်ရသဖြင့် ဘုရင်မသည် ငေးစိုက်ကြည့်နေမိပေသည်။ ထိုသူ ၂ ဦး၏ သွားပုံ လာပုံကို အကဲခတ်ကြည့်ရခြင်းအားဖြင့် တစ်ယောက်မှာ ဗိုလ်နန္ဒ ဖြစ်ကြောင်း ဘုရင်မ အတတ်ပြောနိုင်ပေသည်။ ကျန်တစ်ယောက်မှာ ကျော်ဓေယျ သို့မဟုတ် အာဠာဝက ဖြစ်[illegible]ည်ဟု ခန့်မှန်းရပေသည်။

ဗိုလ်နန္ဒမှာ ညစဉ် ညတိုင်းလိုလိုပင် ဘုရင်မ၏ အဆောင်တော် [illegible]နီးတွင် ကိုယ်တိုင်စောင့်ကြပ်လေ့ရှိသည်ကို ဘုရင်မ သိသဖြင့် ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com



အဖို့ ထူးခြားခြင်း မရှိသော်လည်း ခေတ္တရာမြို့စားကြီး လွတ်မြောက်သွားသည့် သတင်းကို ပြောပြပြီး ဗိုလ်နန္ဒ အပြစ်တင်ခြင်းကို ခံယူလိုသော စိတ်ဆန္ဒ ပြင်းပြလာသဖြင့် ဓားကိုဆွဲကိုင်ကာ အဖော်မပါဘဲ တစ်ကိုယ်တည်း ဥယျာဉ်တော်ဘက်သို့ ဆင်း၍လာခဲ့ပေသည်။

ဗိုလ်နန္ဒမှာ ဘုရင်မ ထိုင်နေကျ ထိုင်ခုံကလေးတွင် ထိုင်ပြီး ဘုရင်မ၏ အဆောင်တော်ကို လှမ်းမျှော်ကြည့်နေသည်ကို တွေ့ရပေသည်။ ဗိုလ်နန္ဒနှင့်အတူ လိုက်ပါလာသော အာဠာဝကမှာမူကား ဘုရင်မ အဆောင်တော် ပတ်ဝန်းကျင်ရှိ မှောင်ရိပ်များတွင် ရန်သူများ ခိုအောင်းနေမည်စိုး၍ မှောင်ရိပ်များရှိရာသို့ လှည့်လည် စစ်ဆေး ကြည့်ရှုနေသည်။

ဘုရင်မသည် အဆောင်တော်ပေါ်မှ ဆင်းလာပြီး သစ်ပင်ရိပ်များကို အကာအကွယ်ယူကာ ဗိုလ်နန္ဒ ထိုင်နေသည့် ထိုင်ခုံရှိရာသို့ ချဉ်းကပ်လာပေသည်။

ထိုအခိုက် ဘုရင်မ၏ ဥယျာဉ်တော်အလွန်ရှိ ကမ္ဗည္ဓာန်းအုတ်ဂူကလေးဆီမှ မည်းမည်း မည်းမည်းနှင့် လူသဏ္ဌာန်လိုလို မြင်လိုက်သဖြင့် ဗိုလ်နန္ဒသည် ထိုင်ရာမှ ထသွားပြီး မည်းမည်းသဏ္ဌာန် လာရာလမ်းမှ ဆီးကြိုပြီး စောင့်နေပေသည်။

ဘုရင်မမှာလည်း မည်းမည်းသဏ္ဌာန်ကို မြင်လိုက်သဖြင့် သစ်ပင်ခြေရင်းသို့ကပ်ခါ သစ်ပင်ကိုကွယ်ပြီး ရပ်ကြည့်နေပေသည်။

မကြာမီ မည်းမည်းသဏ္ဌာန်သည် ဗိုလ်နန္ဒ အနီးသို့ ရောက်ရှိလာပေသည်။ ထိုမည်းမည်းသဏ္ဌာန်မှာ သင်္ကန်း ဝတ်ထားသည့်အပြင် သွားပုံ၊ လာပုံတို့မှာလည်း ဆရာတော် ဦးကိတ္တိ သွားပုံ၊ လာပုံမျိုး ဖြစ်သည်ကို ဘုရင်မ သတိထားမိလိုက်သည်။

"ဆရာတော် အချိန်မတော် ဒီနေရာကို ဘာလာလုပ်တာလဲ"

ဗိုလ်နန္ဒက ဆရာတော် ဦးကိတ္တိအား မေးလိုက်သည့်အသံကို ဘုရင်မ အတိုင်းသား ကြားရပေသည်။



"ကမ္ဗည္ဓာန်း ထိုင်ရအောင် လာတာပါ ဒကာတော် ... ဆရာတော် ဒီနေရာကို လာနေကျပါ၊ ဒကာတော်ကော ဒီနေရာမှာ ဘာလာလုပ်နေတာလဲ"

ဆရာတော် ဦးကိတ္တိက ပြန်မေးလိုက်သည်။

"ဒါက ဘုန်းတော်ကြီး မေးစရာ မဟုတ်ပါဘူး၊ ပြီးတော့ ... တိုင်းပြည် ရတ်ရတ်ရက်ရက် ဖြစ်နေချိန်မှာ ညအချိန်မတော် ကမ္ဗည္ဓာန်း အုတ်ဂူဘက်ကို မလာဖို့ သတိပေးပါရစေ၊ လူမှားပြီး ကပ္ပိခံရလိမ့်မယ်"

ဗိုလ်နန္ဒက သတိပေးလိုက်သည်။

ဦးကိတ္တိမှာမူ မိမိအား မခန့်လေးစား ပြောလိုက်သည်ကို ကြားရသောအခါ စိတ်ထဲတွင် မခံမရပ်နိုင်အောင် ဒေါသထွက်နေပုံ ရပေသည်။

"ဟေ့ ... ငရူပ ... မင်းက ငါ့ကို ဘာမှ သတိပေးနေစရာ မလိုပါဘူး၊ မင်း ဘယ်သူဘယ်ဝါလဲဆိုတာ ငါ ကောင်းကောင်းကြီး သိတယ်၊ မင်းရဲ့အကြောင်းတွေကို စန္ဒာဒေဝီ ဘုရင်မရှေ့မှာ ငါ ဖွင့်ချလိုက်ရင် မင်း ချက်ချင်း ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ မင်း နားမလည်ဘူးလား၊ ဒီမှာ ... ငရူပ ... မင်းကိုငါ သတိပေးလိုက်မယ် ... မင်း ဒုက္ခမရောက်စေချင်ရင် ထောင်ထဲမှာ ချုပ်ထားတဲ့ ပါဒမြို့စားနဲ့ အပေါင်းပါတွေကို ခုညတွင်းချင်း လွှတ်ပေးပါ၊ လွှတ်မပေးနိုင်ဘူးဆိုရင် မင်း ဘယ်သူဘယ်ဝါ ဖြစ်တယ်၊ ဘာကိစ္စ ဒီကို ရောက်လာတယ်ဆိုတာ ဘုရင်မကို ငါကိုယ်တိုင် ပြောလိုက်မယ်"

ဆရာတော် ဦးကိတ္တိသည် ဒေါသထွက်နေသဖြင့် ဣန္ဒြေမဆည်နိုင်တော့ဘဲ 'မင်း' 'ငါ' အစရှိသော ရင့်သီးသည့် စကားများဖြင့် သင်္ကန်းကို အားမနာဘဲ ပြောချလိုက်ပေသည်။

"အလို ... တယ်လည်း ဆိုတဲ့စာပါလား၊ သူများအကြောင်း မပြောခင် ကိုယ့်အကြောင်းကိုယ် ပြန်စဉ်းစားဦးမှပေါ့၊ ဒီမှာ ဦးကိတ္တိ

www.burmeseclassic.com

www.burmeseclassic.com



... သက်န်းကို ရှိသေလို့ သည်းခံနေတယ်ဆိုတာ သိထားရင် ကောင်းလိမ့်မယ်"

ဗိုလ်နန္ဒသည် စိတ်မရှည်နိုင်တော့ဘဲ ပါးစပ်မှ လှစ်ခနဲ ပြောလိုက်သည်။

"ဘာလဲ ... သာယာရွှေပြည်နိုင်ငံ သီဟရာဇာ ဘုရင်ရဲ့ သူလျှို ငရွဝက ငါ့ကိုဘာထင်လို့ ခုလိုပြန်ပြောနေရတာလဲ ... ဒီမှာ ငရွပ၊ မင်း ဒီကိုရောက်လာတာဟာ သီဟရာဇာ ဘုရင်ကြီးက ဘုရင်မကို အရှင်ရရ အသေရရ ဖမ်းပြီး ဆက်သဖို့ အမိန့်ပေးလိုက်လို့ လာခဲ့တာ မဟုတ်လား၊ ဘုရင်မကို ဖမ်းပြီး မဆက်သနိုင်ရင် မင်းကိုယ်မင်း အဖမ်းခံရမယ်၊ အဖမ်းမခံရင် သီဟရာဇာ ဘုရင်ကြီးဆီမှာ ဓားစာခံ ထားခဲ့တဲ့ မင်းရဲ့အဖော် ၉ ယောက် အသတ်ခံရမယ် မဟုတ်လား၊ ဒါတွေကို ငါကိုယ်တိုင် သာယာရွှေပြည်နိုင်ငံတော် ရောက်ခဲ့လို့ သိခဲ့ရပြီကွ၊ ဒီအကြောင်းတွေ ဘုရင်မကို လျှောက်တင်လိုက်ရင် မင်း အချုပ်ခန်းထဲ ရောက်ပြီး အသတ်ခံရမှာ သေချာတယ်၊ ကဲ ... ငါပြောတာ မမှန်ဘူးလား"

"အတော်လာတဲ့ ဘုန်းကြီးပဲ"

ဗိုလ်နန္ဒသည် လက်သီးဆုပ်ရင်း ပြောလိုက်သည်။

"ဘာလဲ ... မင်းက ငါ့ကို ရန်မူချင်တယ်ပေါ့လေ၊ ငါ့အကြောင်း သိသွားမှာပေါ့"

ဆရာတော် ဦးကိတ္တိသည် ဘုန်းကြီးလေသံဖြင့် မပြောဘဲ လူဝတ်ကြောင်ကဲ့သို့ ဒေါနှင့်မောနှင့် ပြောရင်း သင်္ကန်းထဲတွင် ဖုက်ယူလာသော ဓားကို ဆွဲထုတ်မည်ပြုစဉ် မှောင်ရိပ်မှကွယ်ပြီး နားထောင်နေသော အာဠာဝကသည် ဦးကိတ္တိအား နောက်မှ ဝင်ဖက်ပြီး ချုပ်ထားလိုက်ပြီးလျှင် မအော်နိုင်အောင် ပါးစပ်ကို တအားပိတ်ထားလိုက်ပေသည်။



ဗိုလ်နန္ဒသည် ဦးကိတ္တိ၏လက်မှ ဓားကို လုယူပြီး သင်္ကန်းစဖြင့် လက်ပြန်ကြိုးတုပ်ပြီးလျှင် မအော်နိုင်အောင် သင်္ကန်းစများဖြင့် ပါးစပ်တွင် ပိတ်ဆို့ပြီး စည်းနှောင်ထားလိုက်ပေသည်။

"ဘုန်းကြီး ဆိုပြီး ... ဓားမြှောင်ဆောင်တယ်လို့ ဒီတစ်ခါပဲ ကြားဖူးတယ်"

အာဠာဝကသည် ဆရာတော် ဦးကိတ္တိ၏လက်မှ လုယူထားသည့် ဓားမြှောင်ကို မှေးမှိန်သော လရောင်တွင် ထောင်ကြည့်ရင်း ပြောလိုက်သည်။

ထိုအခိုက်တွင် မှောင်ရိပ်မှ စစ်ဝတ်စစ်စား အပြည့်အစုံ ဝတ်ဆင်ထားသည့် စန္ဒာဒေဝီ ဘုရင်မသည် ဓားရှည်ကို ဆွဲကိုင်ကာ ပြေးထွက်လာသည်ကို မြင်လိုက်သဖြင့် ဗိုလ်နန္ဒသည် အံ့အားသင့်စွာဖြင့် စိုက်ကြည့်နေပေသည်။

"သီဟရာဇာရဲ့သူလျှို ငရွပ သေပေတော့"

စစ်ဝတ်စစ်စားနှင့် ဘုရင်မသည် ပါးစပ်မှ ပြောပြောဆိုဆို ဗိုလ်နန္ဒအား ဓားနှင့် တအားလွှဲခုတ်လိုက်ရာ မျက်စိရှင်သော ဗိုလ်နန္ဒသည် ဓားချက်ကို တိမ်းရှောင်ပေးလိုက်ပြီး ဓားကိုင်ထားသော လက်ကို ဖမ်း၍ ဆုပ်ကိုင်လိုက်ပြီးလျှင် လက်ကို လိမ်ကာ ဓားကို လုယူလိုက်သည်။

"နောက်တစ်ယောက် လာပြန်ပြီလား"

အာဠာဝကသည် ဓားကိုဆွဲကိုင်ကာ အနီးသို့ ချဉ်းကပ်လာတော့သည်။

သို့ရာတွင် အနီးသို့ ရောက်သောအခါ ဗိုလ်နန္ဒ၏ သန်မာသော လက်ဖြင့် ဆုပ်ကိုင်ထားသဖြင့် မလှုပ်နိုင် မယှက်နိုင်ဘဲ အမိခံနေရသည့် စစ်ဝတ်စစ်စားနှင့် ဘုရင်မ၏မျက်နှာကို မြင်လိုက်သောအခါ အံ့အားသင့်လာပြီး ဓားကိုချကာ ဒူးထောက်ပြီး ခစားလိုက်ပေသည်။

"သူလျှို ငရွပ ... နင့်ကိုယ်နင် လူကောင်းလုပ်ပြီး ဘုရင်မနဲ့

www.burmeseclassic.com

www.burmeseclassic.com



စေတုတ္တရာ နိုင်ငံတော်ကို သီဟရာဇာ ဘုရင်လက်ကို အပ်ဖို့ ကြံစည်နေတယ်ပေါ့လေ ... စောစောက ပြောခဲ့တဲ့ စကားတွေအားလုံး ဘုရင်မကြားပြီးပြီ၊ လွှတ် ဘုရင်မကို မကိုင်နဲ့ လွှတ်"

စန္ဒာဒေဝီ ဘုရင်မသည် ဒေါသသံဖြင့် ပြောပြောဆိုဆို ဗိုလ်နန္ဒ၏လက်မှ ရုန်းကန်ထွက်သွားပေသည်။ ဗိုလ်နန္ဒမှာလည်း အံ့အားသင့်သည့် အမူအရာဖြင့် ဘာမှပြန်မပြောနိုင်ဘဲ ငေးစိုက်ကြည့်နေမိပေသည်။

ထိုအခိုက်တွင် စန္ဒာဒေဝီ ဘုရင်မသည် ခါးတွင် အသင့်ပါလာသော ဓားမြှောင်ကို ဆွဲထုတ်ကာ ဗိုလ်နန္ဒအား ထိုးရန် ချိန်ရွယ်လိုက်လေရာ ဗိုလ်နန္ဒသည် ဘုရင်မ၏လက်ကို လှမ်း၍ကိုင်လိုက်ပြီးလျှင် ဓားမြှောင်ကို ဝင်လုလိုက်သည်။ ဘုရင်မသည် ဓားမြှောင်ကို မလွှတ်ဘဲ ရှိသမျှအားနှင့် ရုန်းကန်ရင်း ဗိုလ်နန္ဒအား ဓားမြှောင်နှင့် ထိုးဖို့သာ ကြိုးစား၍နေပေရာ၊ နှစ်ယောက်သားမှာ နပန်းလုံးသကဲ့သို့ လုံးလားထွေးလား ဖြစ်နေရာမှ စန္ဒာဒေဝီ ဘုရင်မသည် ကြာရှည်စွာ စိတ်တင်းမထားနိုင်တော့ဘဲ တဖြည်းဖြည်း ပျော့ခွေသွားပြီးလျှင် လက်မှဓားလွတ်ကျသွားကာ အသနားခံသည့် မျက်လုံးများဖြင့် ဗိုလ်နန္ဒ၏ ရင်ခွင်ထဲမှ လူးလွန့်ထွက်ရန် ကြိုးစားရင်း လှမ်းကြည့်လိုက်ရာ ဗိုလ်နန္ဒ၏အသည်းနှလုံးသားမှာ အရည်ပျော်သွားပြီး စန္ဒာဒေဝီ ဘုရင်မအား အတင်းပွေ့ဖက်လျက် ချုပ်နှောင်ထားရာမှ အသာလျှော့ပေးလိုက်ပြီးလျှင် မိမိ၏စိတ်ကို မိမိ မချုပ်တည်းနိုင်တော့ဘဲ သနားစဖွယ် ဖြစ်နေသော စန္ဒာဒေဝီ ဘုရင်မ၏ ဖြူဖွေးသော ပါးပြင်ကလေးကို ဘယ်ပြန်ညာပြန် အားရပါးရ နမ်းရှုပ်လိုက်မိပေသည်။

"စန္ဒာဒေဝီ ... စန္ဒာဒေဝီ နားနဲ့ဆတ်ဆတ်ကြားတဲ့ စကားတွေကို မယုံကြည်ပါနဲ့၊ မျက်စိနဲ့ တတ်အပ်သေချာ မြင်တာကိုလည်း မယုံပါနဲ့၊ စန္ဒာဒေဝီအတွက် ငရူပ အသေခံဖို့ ရှိတယ်ဆိုတာကိုသာ ယုံကြည်စေလိုပါတယ်"



ဗိုလ်နန္ဒသည် အသည်းနှလုံးထဲမှ ထွက်လာသည့် အသံဖြင့် ပြောရင်း စန္ဒာဒေဝီ ဘုရင်မ၏ ကြည်လင်အေးမြသော မျက်နှာကလေးကို မျက်နှာချင်းအပ်ခါ မျက်တောင်မခတ်ဘဲ ကြည့်ရင်း ပြောလိုက်ရာ ဗိုလ်နန္ဒ၏ မျက်လုံးဒဏ်ကို မခံနိုင်သဖြင့် စန္ဒာဒေဝီ ဘုရင်မသည် မျက်စိအစုံကို ပိတ်ထားပြီး ခေတ္တမျှ ငြိမ်သက်နေရာမှ ရုတ်တရက် လူးလွန့်ထလိုက်ကာ အော်ဟစ်ပြီး အကူအညီတောင်းရန် ပါးစပ်ဖြင်လိုက်သည်ကို မြင်လိုက်သဖြင့် ဗိုလ်နန္ဒသည် မိမိ၏ သန်မာသော လက်ဖြင့် ပါးစပ်ကို ပိတ်ထားလိုက်သည်။

"အာဠာဝက ဘာငေးနေတာလဲ၊ ဝိုင်းကူစမ်းပါဦး ... ဘုရင်မလွှတ်သွားရင် မင်းနဲ့ငါသာ ဒုက္ခရောက်မှာ မဟုတ်ဘူး၊ စေတုတ္တရာ တစ်နိုင်ငံလုံး မီးဟုန်းဟုန်း တောက်သွားလိမ့်မယ်"

ဗိုလ်နန္ဒက ပြောလိုက်ရာ အာဠာဝကသည် ဒူးထောက်ပြီး ခစားနေရာမှ ကပျာကယာ ထလာပြီး ဗိုလ်နန္ဒ၏လက်တွင်းမှ အတင်း ရုန်းကန်ထွက်ရန်နှင့် ဟစ်အော် အကူအညီတောင်းရန် ကြိုးစားနေသော ဘုရင်မအား ချုပ်နှောင်ပြီး ပါးစပ်ကို အဝတ်နှင့်ဆို့ကာ လက်ပြန်ကြိုးတုပ်လိုက်သည်။ ဘုရင်မ တစ်ကိုယ်လုံးကို ဗိုလ်နန္ဒ ခြုံထားသည့် တမ္ဗလာဖြင့် လွှမ်းခြုံလိုက်ပြီး ဗိုလ်နန္ဒသည် အာဠာဝကအား ဘုန်းတော်ကြီး ဦးကိတ္တိကို အကျဉ်းထောင်သို့ပို့ရန် အမိန့်ပေးလိုက်လေသည်။

"အကျဉ်းထောင်ရောက်ရင် ဆရာ့အမိန့်နဲ့ သုမနရဲ့သူလျှို ဆရာတော် ဦးကိတ္တိကို သီးခြား အခန်းတစ်ခန်းမှာ ချုပ်ထားဖို့ပြောပြီး အကျဉ်းထောင် အပေါ်ထပ်မှာ တာဝန်ချထားတဲ့ နေမျိုးကို ဆရာ့ဆီ အမြန်လွှတ်လိုက်၊ ပြီးတော့ ... နေမျိုးရဲ့တာဝန်ကို တပည့်က ဆက်ပြီး တာဝန်ယူရမယ် ကြားလား"

အာဠာဝကသည် ဗိုလ်နန္ဒ၏ အမိန့်အတိုင်း လက်ပြန်ကြိုးတုပ်ထားသည့် ဆရာတော် ဦးကိတ္တိအား ခြေထောက်မှ ကြိုးများကို ဖြေလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အကျဉ်းထောင်သို့ ခေါ်သွားကာ ထောင်မှူးကြီး ချစ်ညိုလက်သို့ အပ်လိုက်ပေသည်။

ထိုနောက် ဗိုလ်နန္ဒ မှာကြားလိုက်သည့်အတိုင်း ထောင်မှူးကြီး ချစ်ညိုအား ပြောပြရာ ထောင်မှူး ချစ်ညိုသည် အာဠာဝကအား အပေါ်ထပ်သို့ ခေါ်သွားပြီး နေမျိုး တာဝန်ကျနေသည့် အခန်းကို လိုက်ပြလိုက်ပေသည်။

"အာဠာဝကလား ... အပြင်မှာ ဘာများ သတင်းထူးသေးသလဲ"

အကျဉ်းထောင်အောက်ထပ်မှ အကျဉ်းသားများ ပြောဆိုနေသည့် စကားများကို အဆက်မပြတ် ချောင်းပြီး နားထောင်နေသော နေမျိုးက ဆီးပြီး မေးလိုက်သည်။

"အပြင်မှာ ဘာတွေ သတင်းထူးတယ်ဆိုတာ မင်းမကြာခင် သိရပါလိမ့်မယ်၊ ဘုရင်မ ဥယျာဉ်တော်မှာ ဆရာနန္ဒ စောင့်နေတယ် — အဲဒီကို မင်းလိုက်သွား၊ ပြီးတော့ ... မြင်း ၂ ကောင်လည်း အဆင်သင့် ယူလာခဲ့ဖို့ မှာလိုက်တယ်၊ ဒါထက် မင်းဆီကကော ဘာများ သတင်းထူးသေးသလဲ"

အာဠာဝက က ပြန်မေးလိုက်သည်။

"ငါ့ဆီက သတင်းကတော့ သိပ်ထူးတာပဲ ... ညနေက ထောင်ထဲကို ထမင်းထုပ် လာပို့တယ်၊ အဲဒီ ထမင်းထုပ်ထဲမှာ စာပါလာလို့ သူတို့တစ်တွေ ဝမ်းသာနေကြတာကို ငါ ကြားရတယ်"

"စာထဲမှာ ဘာတွေပါသလဲ"

"ဒီနေ့ည သန်းခေါင်ကျော် နက်ဖြန်နံနက် အရုဏ်မတက်မီ ရွာသာယာကလေးကို သုမန စစ်သည်တော်တွေ ဝင်ပြီး မီးရှို့လိမ့်မယ်၊ အဲဒီလို မီးရှို့လို့ မီးရောင်မြင်တဲ့အခါ စေတုတ္တရာမြို့က စန္ဒာဒေဝီ ဘုရင်မရဲ့ စစ်သည်တော်တွေ ရွာသာယာရွာကို လာကြလိမ့်မယ်၊ မြို့ထဲမှာ ဖရိုဖရဲ ကစဉ့်ကရဲ ဖြစ်နေချိန်မှာ သုမန ဘက်တော်သား သူလျှို



အာဏာသားတွေက အကျဉ်းထောင်တံခါး ဖွင့်ပေးလိမ့်မယ်၊ ဒီအခါမှာ ထွက်ပြေးခဲ့ကြလို့ စာထဲမှာပါတယ်၊ ဒါကို သူတို့တစ်တွေ ကျယ်လောင်ကျယ်လောင်နဲ့ ဝမ်းသာအားရ ဖတ်နေကြတာကို ငါ့နားနဲ့ ဆတ်ဆတ်ကြားရတယ်"

နေမျိုးက ပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင် ဒီအကြောင်းကို ဆရာနန္ဒဆီ ပြေးပြီးပြောမှ ဖြစ်မယ်"

အာဠာဝက က ပြောလိုက်သည်။

"မင်း အသာနေစမ်းပါ ... ငါပြေးပြီး ပြောပါ့မယ်၊ ရွာသာယာရွာကလေးမှာ ငါ့အဆက် ရှိတယ်ကွ၊ ဆရာ့ကို သတင်းပေးပြီး ငါ့အဆက်ကို ငါသွားပြီး ကယ်ရဦးမယ်၊ ငါ့ကိုယ်စား မင်း ဒီနေရာမှာ တာဝန်ယူစမ်းပါ"

ပြောပြောဆိုဆို နေမျိုးသည် အာဠာဝကအား အကျဉ်းထောင်တွင် ထားပစ်ခဲ့ပြီး မြင်း ၂ စီးကိုယူကာ ဘုရင်မ၏ ဥယျာဉ်တော်ဘက်သို့ ဒုန်းစိုင်းလာခဲ့ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၂၃

မျက်နှာကို ကမ္ဗလာနှင့် အုပ်ထားသော်လည်း စန္ဒာဒေဝီ ဘုရင်မသည် မိမိအား ဗိုလ်နန္ဒ၏ ရင်ခွင်ထက်ဝယ် ပွေ့ချီပြီး မြင်းပေါ်တွင်တင်ကာ မြို့ပြင်ဘက်သို့ တရွေ့ရွေ့ ထွက်လာသည်ကို ကောင်းကောင်းကြီး သိပေသည်။ တစ်လမ်းလုံး ဗိုလ်နန္ဒသည် စကားတစ်ခွန်းမှ မပြောဘဲ စန္ဒာဒေဝီ ဘုရင်မ ပင်ပန်းခြင်းမရှိစေရန် မြင်းကို ခပ်ဖြည်းဖြည်း နှင်ပြီး လာခဲ့ပေသည်။

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ၏လက်မှ လွတ်မြောက်ရန် အတွက် လက်တွင်ချည်နှောင်ထားသည့် ကြိုးများကို ဖြေရန် ကြိုးစား သော်လည်း ကြိုးမှာ တင်းကျပ်စွာ ချည်နှောင်ထားသဖြင့် လွန့်တိုင်း၊ လွန့်တိုင်း နာကျင်သဖြင့် မလူးမလွန့်ဘဲ အသာလေး လိုက်ပါလာခဲ့ ရပေသည်။ ပါးစပ်မှ ဟစ်အော်ပြီး အကူအညီတောင်းရန် ကြိုးစားသော် လည်း ပါးစပ်တွင် အဝတ်များ ဆို့ထားသဖြင့် အသံသဲ့သဲ့ကလေးသာ ထွက်အောင် အော်နိုင်ပေသည်။

"စန္ဒာဒေဝီ ဘုရင်မ ... မရုန်းပါနဲ့ ... အော်ဖို့လည်း မကြိုးစား ပါနဲ့ ... ခဏကလေး သည်းခံပြီး ငြိမ်ငြိမ်လိုက်ခဲ့စမ်းပါ"

ဗိုလ်နန္ဒသည် စန္ဒာဒေဝီ ဘုရင်မအား လွှမ်းခြုံထားသည့် ကမ္ဗလာ ပေါ်မှနေပြီး ဘုရင်မ၏ နား‚နားသို့ကပ်ပြီး ပြောလိုက်သည်။

ထိုအခိုက်တွင် နေမျိုး၏အသံကို ကြားရပြန်သည်။



"ဆရာ ... ဆရာ ... ခပ်မြန်မြန်ကလေး ဒုန်းစိုင်းစမ်းပါ၊ ကျွန် တော်တို့ အရောက်နောက်ကျရင် ယုဇနတစ်ယောက် ရေတိမ်မှာ နစ်ရ ပါလိမ့်မယ်"

နေမျိုးသည် စိတ်မရှည်နိုင်တော့သည့်အလား ဗိုလ်နန္ဒအား လှမ်းပြောလိုက်သည်။

"သိပ် အလျင်မလိုစမ်းပါနဲ့၊ ဘာမဆို စဉ်းစဉ်းစားစား လုပ်စမ်း ပါ၊ ဒါထက် ... အကျဉ်းထောင်ထဲမှာ သူတို့တစ်တွေ ဘာတွေ ပြောနေ ကြသလဲ ဆိုတာ ပြန်ပြောပြစမ်းပါဦး"

ဗိုလ်နန္ဒက ပြန်မေးလိုက်သည်။

"ညနေပိုင်းက ထောင်ထဲကို ထောင်အမှုထမ်းတစ်ဦး ဝင်လာပြီး ထမင်းထုပ်တွေ လာပေးသွားတယ်၊ ထမင်းထုပ်ထဲမှာ စာတစ်စောင် ပါလာလို့ အဲဒီစာကို အားလုံး ဝိုင်းဖတ်ကြတယ်"

"အဲဒီစာထဲမှာ ပါတဲ့အကြောင်းအရာတွေကို တိတိကျကျ ပြန် ပြောစမ်း"

"ဒီနေ့ည သန်းခေါင်ကျော် နက်ဖြန် အရုဏ်မတက်မီ အချိန်မှာ ရွာသာယာ ရွာကလေးကို မီးဟုန်းဟုန်း တောက်လောင်အောင် မီးရှို့ ဖျက်ဆီးပစ်မယ်လို့ ပါပါတယ်။ ရွာသာယာရွာကို မီးရှို့ရင် စေတုတ္တရာ နိုင်ငံက မီးရောင်ကို ကောင်းကောင်းကြီး မြင်ရလိမ့်မယ်၊ အဲဒီအခါမှာ စေတုတ္တရာနိုင်ငံက စစ်သည်တော်တွေစုပြီး ရွာသာယာရွာဘက်ကို ချီတက်လာကြလိမ့်မယ်၊ အဲဒီလို စစ်သည်တော်တွေ စုဆောင်းနေလို့ လှုပ်လှုပ်ရွရွ ဖြစ်နေချိန်မှာ သူတို့ရဲ့ ဘက်တော်သား အာဏာသား တွေက ထောင်ကို ဖွင့်ပေးလိမ့်မယ်လို့ စာထဲမှာ ပါတယ်"

နေမျိုးက ပြန်ပြောလိုက်သည်။

"ဒါတင်ပဲလား ... နောက်ထပ် ဘာတွေ ပါသေးသလဲ"

"ဒါတင် မကသေးဘူး၊ ရွာသာယာ ရွာကလေးကို မီးရှို့လို့ မီး

www.burmeseclassic.com

www.burmeseclassic.com



ဟုန်းဟုန်း တောက်လောင်နေတဲ့ အချိန်မှာ သုခနေကိုယ်တိုင် စစ်တပ်ကို ဦးစီးပြီး စေတုတ္တရာ မြို့တော်ကို ဝင်စီးမယ်လို့ စာထဲမှာ ပါသေးတယ်၊ ဒီစာကိုဖတ်ပြီး သုခနေဘက်တော်သားတွေ ဝမ်းသာအားရဖြစ်ပြီး ထခုန်ကြတာပဲ"

ဗိုလ်နန္ဒသည် နေမျိုး ပြောသော စကားကို နားထောင်ပြီး တစ်စုံတစ်ရာ ပြန်မပြောဘဲ အတန်ကြာ စဉ်းစားနေပေသည်။

"အင်း ... နက်ဖြန်မနက် အရုဏ်မတက်ခင် ဆိုတော့ အချိန်တောင် သိပ်မရှိတော့ဘူး"

ဗိုလ်နန္ဒက ညည်းညူလိုက်သည်။

"အချိန်ရှိပါသေးတယ် ဆရာရဲ့၊ ရွာသာယာရွာကို သူတို့ မီးမရှို့ခင် ယုဇနကို သွားကယ်ဖို့ အချိန်ရပါသေးတယ်"

"မင်းမှာလည်း ယုဇနတစ်ယောက်အတွက်ပဲ ကြည့်နေတာကိုး၊ ဒီတစ်ခုတည်းကြည့်ပြီး အလုပ်လုပ်လို့ မဖြစ်ဘူး၊ အားလုံး ချိန်ဆပြီး လုပ်မှဖြစ်မှာ၊ ငါပြောတာကို နားထောင်စမ်း"

ဗိုလ်နန္ဒက နိဒါန်းပျိုးလိုက်ပြီး ခေတ္တ စဉ်းစားနေပြန်သည်။

"ကျွန်တော် နားထောင်နေပါတယ်"

နေမျိုးက ဗိုလ်နန္ဒ ပြောမည့်စကားကို ကြားလိုသဖြင့် မစောင့်နိုင်ဘဲ ပြန်ပြောလိုက်သည်။

"ရွာသာယာရွာမှ ဖိုးရာဇာတို့ လူသိုက်ကို အသင့်ရှိစေဖို့ ငါ ဓော——က မှာကြားထားပြီးသား ဖြစ်လို့ သိပ်ပြီး စိုးရိမ်စရာမရှိဘူး၊ ဖိုးရာဇာ ဆုံ၀. တခြားလူ မဟုတ်ဘူး၊ ယုဇနရဲ့ မွေးစားတဲ့ ဖခင်ပဲ၊ အဲဒီ ရွာသာယာရွာ အနီးတစ်ဝိုက်မှာလည်း ကျော်စွာတို့လူသိုက် တပ်ဖြန့်ပြီး ကင်းပုန်း၃ ချခိုင်းထားတယ်၊ ကျော်စွာကိုတော့ ဆရာတို့တွေ့နေကျ ကျော ၁ပ္ပကြီးက စောင့်နေဖို့ ဆရာ မှာထားတယ်၊ အဲဒီ နေ-့ာကိုသွာ-ပြီး ကျော်စွာကို အကျိုးအကြောင်း ပြောပြ၊ သူ့လူတွေကို



အသင့်ရှိဖို့ တပ်လှန့်နှိုးခိုင်းထား၊ ရွာသာယာရွာဘက်ကို သုခနေ စစ်သည်တော်တွေ လာရင် လမ်းကဆီးပြီး တိုက်လွှတ်ဖို့လည်း အမိန့်ပေးလိုက်ကြားလား၊ ပြီးတော့ အချိန်ရသေးရင် မင်းကိုယ်တိုင် ရွာသာယာရွာကလေးကိုသွားပြီး ဖိုးရာဇာကို အကျိုးအကြောင်း ပြောပြပြီး ယုဇနကိုလုံခြုံတဲ့နေရာကို ပို့ထားလိုက်ပေါ့"

ဗိုလ်နန္ဒက မှာကြားလိုက်ရာ နေမျိုးသည် ဆရာမှာသမျှ အစအဆုံး မှတ်သားထားလိုက်သည်။

"အရေးအကြီးဆုံးက သုခနေကို သူ့လူစုနဲ့ ကွဲအောင်လုပ်ပြီး တစ်နေရာကိုရောက်အောင် မျှားခေါ်လာဖို့က အရေးကြီးတယ်။ သူ့ဘက်က စစ်သည်တော်တွေလာရင် ရှေ့ဆက်ပြီး မချီတက်နိုင်ရုံလောက်သာ ဟန့်တားပြီး ဖရိုဖရဲဖြစ်အောင် လုပ်ရမယ်၊ လူအသေအပျောက်နည်းနိုင်သမျှ နည်းပေစေ ... ရှေ့ကို ဘာဆက်လုပ်ရမယ်ဆိုတာ ငါလာပြောပြမယ်၊ မင်း အရင်သွားနှင့်၊ ကျော်စွာတို့လူစုကို အသင့်ရှိဖို့သာ တပ်လှန့်နှိုးထားလိုက်"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်ပြန်ရာ နေမျိုးသည် တစ်ချီတည်း သုတ်ခြေတင်ကာ မြင်းကို ဒုန်းစိုင်းပြီး တောနက်ထဲသို့ ဝင်သွားလေသည်။

စန္ဒာဒေဝီ ဘုရင်မမှာမူ မိမိအား လွှမ်းခြုံထားသည့် ကမ္ဗလာအောက်မှ ဗိုလ်နန္ဒနှင့် နေမျိုးတို့ ပြောဆိုသော စကားများကို တစ်လုံးမကျန် ကြားရသဖြင့် အလိုလို ရင်တုန်၍နေပေသည်။

ဗိုလ်နန္ဒသည် ဘုရင်မအား တင်းကျပ်စွာ ပွေ့ချီရင်း မြင်းကိုခပ်ဖြည်းဖြည်းစီးကာ နေမျိုးနောက်မှ လိုက်ပါလာခဲ့ပေရာ မကြာမီတောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိလာခဲ့ပေသည်။

သစ်ပင်ရိပ်ကောင်းသော နေရာသို့ ရောက်သောအခါ ဗိုလ်နန္ဒသည် မြင်းဇက်ကြိုးကိုဆွဲကာ ရပ်နားလိုက်ပြီး စန္ဒာဒေဝီ ဘုရင်မအားလွှမ်းခြုံထားသည့် ကမ္ဗလာကို ဖွင့်လှစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာဒေဝီ ဘုရင်မ၊ ဘုရင်မကို ခုလို ဖမ်းဆီးလာရတဲ့အတွက် အများကြီး ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ခုလိုမှ မဖမ်းရင် အားလုံး ဒုက္ခရောက်ကုန်မှာစိုးလို့ ဖမ်းခဲ့ရခြင်း ဖြစ်ပါတယ်။ ဘုရင်မ ထွက်မပြေးဘူး၊ မအော်ဘူး ဆိုရင် ဘုရင်မကို ချည်နှောင်ထားတဲ့ ကြိုးတွေကို ဖြေပေးပါ့မယ်။ ပါးစပ်ထဲမှာ ဆို့ထားတဲ့ အဝတ်တွေကိုလည်း ထုတ်ပေးပါ့မယ်။ ဘယ့်နှယ်လဲ မပြေးဘူး၊ မအော်ဘူးလို့ တာဝန်ခံမလား၊ တာဝန်ခံရင် ခေါင်းညိတ်ပြပါ"

ဗိုလ်နန္ဒက မေးလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် ခေါင်းညိတ်ပြလိုက်သဖြင့် ဗိုလ်နန္ဒသည် စန္ဒာဒေဝီ ဘုရင်မကို ပွေ့ချီရင်း မြင်းပေါ်မှ ခုန်ဆင်းကာ ဘုရင်မအား ချည်နှောင်ထားသည့် ကြိုးများကို ဖြေပေးလိုက်သည်။ ပါးစပ်ထဲတွင် ဆို့ထားသည့် အဝတ်များကိုလည်း ထုတ်ပေးလိုက်သည်။

"ဘုရင်မကို ခုလို နာကျင်အောင်လုပ်ရတာ ဝမ်းနည်းပါတယ်၊ ဘုရင်မနှင့်တကွ စေတုတ္တရာ နိုင်ငံတော်ကြီးပါ ဒုက္ခရောက်သွားမှာစိုးလို့ ခုလို ကြိုးနဲ့တုပ်ပြီး ဖမ်းဆီးလာရတာကို ခွင့်လွှတ်စေလိုပါတယ်"

ဗိုလ်နန္ဒသည် ဘုရင်မအား တောင်းပန်လိုက်သည်။

"ငရူပ ခုမှလာပြီး ချွဲမနေနဲ့၊ ဘုရင်မကို စော်ကားလို့ အားရလို့ ဒီစကား ပြောတာလား"

"ဘုရင်မကို စော်ကားလိုတဲ့စိတ် နှမ်းစေ့ တစ်စေ့မျှပင် မရှိပါ၊ မလွှဲမရှောင်သာလို့သာ"

"တော် ... တော် ... ရှေ့ဆက်မပြောနဲ့ ... မိန်းမသား ဆိုပြီး အနိုင်ကျင့်ချင်တိုင်း ကျင့်ပြီးမှ သူတော်ကောင်း လုပ်မနေစမ်းပါနဲ့"

"စေတနာကို ဝေဒနာ ထင်ရင် မှားပါလိမ့်မယ်၊ ကျွန်တော့်ရဲ့ စေတနာကို နတ်သိကြားများ သိပါတယ်"

"နတ်သိကြားတွေ တိုင်တည်နေလို့ အပိုပဲ၊ နင် ဘယ်သူလဲ ဆိုတာ ဘုရင်မ သိပြီးပြီ၊ သီဟရာဇာ ဘုရင်ဆီက လွှတ်လိုက်တဲ့ သူလျှို မဟုတ်လား"



"ဟုတ်ပါတယ်လို့ စောစောကတည်းက ဝန်ခံထားသားပဲ"

"သီဟရာဇာ ဘုရင်က ဘာကိစ္စ နင့်ကိုလွှတ်လိုက်တာလဲ၊ ဘုရင်မကို အသေရရ အရှင်ရရ ဖမ်းပြီး ဆက်သဖို့ မဟုတ်လား၊ ဘုရင်မကို ဖမ်းလာတာဟာ သီဟရာဇာ ဘုရင်ကို ဆက်သဖို့ မဟုတ်လား"

ဘုရင်မက ပြန်မေးလိုက်သည်။

"ဒီလိုထင်ရင် မှားပါလိမ့်မယ်၊ ဘုရင်မကို သီဟရာဇာ ဘုရင်ကြီးဆီကို ဆက်သချင်ရင် ခုလို ကြိုးဖြေပြီး လွှတ်ပေးပါ့လား၊ တစ်ခါတည်း ဖမ်းသွားပြီး သာယာရွှေပြည် နိုင်ငံတော်ကို တစ်ကြိုးတည်း လစ်ပြေးသွားမှာပေါ့"

"ဆရာတော် ဦးကိတ္တိက ဒီအတိုင်း နင့်ကိုစွပ်စွဲတာကို ဘုရင်မ နားနဲ့ဆတ်ဆတ်ကြားတယ်၊ ဒီအကြောင်းတွေကို ဘုရင်မ သိအောင် ပြောပြလိုက်မယ်လို့ ဆရာတော် ဦးကိတ္တိ အမိန့်တော် ရှိသွားတာကို ဘုရင်မ ကြားလိုက်တယ် ... ဘုရင်မကို မတိုင်နိုင်အောင် ဆရာတော် ဦးကိတ္တိကို ကြိုးနဲ့တုပ်ပြီး ဖမ်းတာမဟုတ်လား"

"ဒါတော့ မှန်ပါတယ် ... ဦးကိတ္တိက ဘုန်းကြီးယောင်ဆောင်နေတဲ့ သုမနရဲ့ သူလျှိုပဲ၊ သူက ဘုရင်မကို ကုန်းတိုက်ပြီး ကျွန်တော့်ကို ထောင်ထဲ ပို့ထားချင်လို့ ဒီစကား ပြောတာပါ၊ ကျွန်တော်သာ ထောင်ထဲ ရောက်နေရင် ဘုရင်မကို ကယ်မယ့်သူ မရှိဘဲ သုမန လက်တွင်းကို လွယ်လွယ်ကလေးနဲ့ ကျဆင်းရမှာ သေချာတယ်။ စောစောက [illegible] ပြောသွားတဲ့ စကားတွေကို ဘုရင်မ နားနဲ့ဆတ်ဆတ်ကြားတယ် မဟုတ်လား"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ ဘုရင်မသည် ဗိုလ်နန္ဒ ပြောသော

www.burmeseclassic.com

www.burmeseclassic.com



စကားများကို ယုံရကောင်းနိုး မယုံရကောင်းနိုးနှင့် ဇဝေဇဝါ ဖြစ်၍ နေပေသည်။

"ဒါဖြင့်ရင် .. သီဟရာဇာ ဘုရင်က နင့်ကို ဘာလုပ်ဖို့ စေတုတ္တရာ နိုင်ငံတော်ကို လွှတ်လိုက်ရတာလဲ"

"ဒါကို တစ်နေ့ကျတော့ ဘုရင်မကို အစအဆုံး ပြောပြပါ့မယ်၊ ခုတော့ မပြောနိုင်သေးဘူး"

"ဘာပဲပြောပြော သူလျှိုဟာ သူလျှိုပဲ၊ သူလျှို ပြောတဲ့ စကားကို ဘုရင်မ မယုံနိုင်ဘူး"

"ယုံတာ မယုံတာ ဘုရင်မရဲ့သဘောပဲ၊ မှန်တာကို ပြောဖို့ကတော့ ကျွန်တော့်ရဲ့တာဝန်၊ ကျွန်တော် မှန်ရာကို ပြောရမယ်ဆိုရင် ဘုရင်မ အတွက် အသက်ပေးပြီး ကာကွယ်ဖို့ စေတုတ္တရာကို ရောက်လာခဲ့တာပဲ၊ ဘုရင်မဟာ အားနွဲ့တဲ့ မိန်းမသားမို့လို့ အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံစလုံးက မလေးစားကြဘူး၊ ဒါကိုသိလို့ ဘုရင်မအပေါ်မှာ သနားကရုဏာသက်ပြီး သီဟရာဇာဘုရင် ခိုင်းစေတာကို မလုပ်ဘဲ အသက်နဲ့လဲပြီး ဘုရင်မကို ကာကွယ်ဖို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်"

"စကား ဆိုတာ ပြောတိုင်းဖြစ်တာပဲ၊ စကားတတ်တိုင်း ပြောတာကို ယုံရမှာလား"

"မကြာခင်ပဲ အဖြစ်အပျက်က သက်သေခံပါလိမ့်မယ်၊ နက်ဖြန် မိုးမလင်းခင် ဘာတွေဖြစ်ကြမလဲ ဆိုတာ ဘုရင်မ စောင့်ကြည့်ပေါ့"

"စောင့်ကြည့်နေစရာ မလိုပါဘူး၊ အားနွဲ့တဲ့ မိန်းမသားမို့ ကရုဏာသက်တယ်ဆိုပြီး ဘုရင်မကို အနိုင်ကျင့်ခဲ့တာဟာ အပြောနဲ့အဟော ညီရဲ့လား"

"အနိုင်ကျင့်တာ မဟုတ်ပါဘူး၊ ဘုရင်မနဲ့ စေတုတ္တရာ နိုင်ငံတော်ကို ကာကွယ်ဖို့ တခြားနည်းလမ်း ရှာမတွေ့လို့ ခုလို ခပ်ကြမ်းကြမ်းကလေး လုပ်ရတာပါ၊ ပြီးတော့ နေမျိုး ပြောသွားတဲ့အတိုင်းဆိုရင်



ဘုရင်မကို ခုလို နန်းတော်အပြင်ဘက်ရောက်အောင် ယူဆောင်လာခဲ့မိတာဟာ နတ်ကောင်းစောင်မ တယ်လို့ ဆိုရမှာပဲ၊ နေမျိုး ပြောသွားတာကို ဘုရင်မ ကြားတယ် မဟုတ်လား၊ နက်ဖြန် မိုးမသောက်မီ ရွာသာယာရွာကို သုမနေ ဘက်တော်သားတွေ ဝင်ပြီး မီးရှို့လိမ့်မယ်၊ အဲဒီအချိန်မှာ ကျွန်တော်သာ ထောင်ထဲရောက်နေရင် ဘာမှ မတတ်နိုင်ဘဲ ဘုရင်မသာ ရေတိမ်နစ်ရလိမ့်မယ် မဟုတ်လား"

ဗိုလ်နန္ဒက ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် တွေဝေ၍ သွားပြန်သည်။

နေမျိုး ပြောသွားသည့် စကားများမှာ လုပ်ကြံ၍ ပြောဆိုသော စကားများ မဟုတ်နိုင်။ မှန်ကန်သော စကားများပင် ဖြစ်ရမည်ဟု ဘုရင်မ၏ ဒေါသစိတ် မွှန်နေသဖြင့် အလင်းရောင် ကွယ်ပျောက်နေသည့် ဦးနှောက်ထဲသို့ လျှပ်စစ်လက်သကဲ့သို့ လင်းရောင်ခြည်ကလေး လက်ခနဲ ဝင်လာသဖြင့် တွေဝေသွားခြင်း ဖြစ်ပေသည်။

"ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး ... လုံခြုံတဲ့နေရာကို သွားပြီး ရှေ့ဆက်ပြီး လုပ်စရာရှိတာတွေ လုပ်ကြဦးစို့ ... လုပ်စရာ ရှိတာကို လုပ်သင့်တဲ့အချိန်မှာ မလုပ်မိရင် နောက်မှ နောင်တရနေလို့ အဖိုပဲ၊ ပြီးတော့ ဒီနေရာက လူလည်းပြတ်တယ်၊ နယ်ခြားဒေသ ဆိုတော့ သုမနေ ဘက်တော်သားတွေနဲ့ တွေ့မှာ စိုးရတယ်"

ဗိုလ်နန္ဒက သတိပေးလိုက်သည်။

"ရှင့်လို သူရဲကောင်းကြီး တစ်ယောက်လုံး အနားရှိရက်သားနဲ့ သုမနေ ဘက်သားတွေ အနားကပ်ဝံ့ပါ့မလား"

ဘုရင်မက ပြန်ပြီး ငေါ့လိုက်သည်။

"ငေါ့စရာမရှိ ငေါ့နေပြန်ပါပြီ ... လာပါ လုံခြုံတဲ့ နေရာကို အမြန်ဆုံးရောက်အောင် သွားမှဖြစ်မယ် ... ဘုရင်မ မြင်းပေါ်ကို တက်ပါ"

"ဘာလဲ ... ရှင်က ဘုရင်မကို အမိန့်ပေးနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ပေးနေတာ မဟုတ်ပါဘူး၊ ကျေးတော်သူ မာလာကို အစ်ကိုကြီး အနေနဲ့ စိုးရိမ်လို့ သတိပေးနေတာပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ ဘုရင်မသည် ဗိုလ်နန္ဒအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး မသိမသာ ပြုံးလိုက်သည်။

"ကောင်းပါပြီရှင် ... ဒီလိုဆိုရင် အစ်ကိုကြီးရဲ့ စကားကို ညီမလေး မာလာ နားထောင်ပါ့မယ်"

ပြောပြောဆိုဆို စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ၏ မြင်းလိမ္မာကြီးပေါ်သို့တက်ရန် ခြေနင်းကွက်ကို နင်းလိုက်ရာ ဗိုလ်နန္ဒသည် ဘုရင်မအား ခါးမှကိုင်ပြီး မြင်းပေါ်သို့ရောက်အောင် မြှောက်တင်ပေးလိုက်လေသည်။

"ဒါထက် ခု ဘုရင်မကို ဘယ်ခေါ်သွားမလို့လဲ ... သီဟရာဇာ ဘုရင်ကြီးဆီကို ပို့မလို့လား"

စန္ဒာဒေဝီ ဘုရင်မက မေးလိုက်ပြန်သည်။

"သီဟရာဇာ ဘုရင်ကြီးဆီကို ပို့ဖို့ဆိုရင် ခုလို ခေါ်သွားပါ့မလား၊ ဓားစာကလို ကြိုးနဲ့တုပ်ပြီး တစ်ခါတည်း ခေါ်သွားမှာပေါ့၊ ခုထက်ထိ ကျွန်တော့်ရဲ့စေတနာကို သံသယ ရှိနေတုန်းပဲလား"

"နို့-ရှင်ဟာ သီဟရာဇာဘုရင်ရဲ့ သူလျှို မဟုတ်ဘူးလား"

"ဟုတ်ပါတယ်လို့ ဝန်ခံထားသားပဲ ... ဒါပေမဲ့ ခုအချိန်မှာတော့ ဘုရင်မ ကိုယ်တော်တိုင် ခန့်အပ်ထားတဲ့ သက်တော်ရှည် အမတ်ကြီး အဖြစ် ဘုရင်မအပေါ်မှာ သစ္စာရှိတဲ့ လူတစ်ယောက် ဖြစ်နေပြီဆိုတာ သတိပြုစေချင်ပါတယ်"

"အင်း ... ဟုတ်သားပဲ၊ သက်တော်ရှည် အမတ်ကြီးဆိုလို့ ခုမှ သတိရတယ်၊ သက်တော်ရှည် အမတ်ကြီးကို အင်မတန် အရေးကြီးတဲ့ စကားတစ်ခွန်း ပြောစရာရှိတယ်"

"နာခံလျက် ရှိကြောင်းပါ"



"ဘုရင်မကို လှောင်မနေစမ်းပါနဲ့၊ ဘုရင်မပြောမှာကို နားထောင်စမ်းပါ၊ ခေတ္တရာမြို့စားကြီးကို ထောင်သွင်း အကျဉ်းချထားတာကို မှတ်မိသေးတယ် မဟုတ်လား"

ဘုရင်မက စကား စလိုက်သည်။

"မှတ်မိသားပဲ ... ကျွန်တော်ကိုယ်တိုင် အကျဉ်းထောင်ကို သွားပို့ခဲ့တာပဲ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ခေတ္တရာမြို့စားကြီးကို အကျဉ်းထောင်ထဲမှာ နေရတာ ကျဉ်းကျပ်တယ်ဆိုပြီး နန်းမြင့်မှာ အကျယ်ချုပ်ထားဖို့ ဘုရင်မက အမိန့်ပေးခဲ့တာတော့ သိတယ်မဟုတ်လား"

"ထောင်မှူးကြီး ချစ်ညို ပြန်ပြောလို့ သိပါတယ်"

"နန်းမြင့်မှာ အကျယ်ချုပ်ထားတုန်း မနေ့ညက ကြိုးနဲ့ဆင်းပြီး ထွက်ပြေးသွားပြီ"

ဘုရင်မက သတင်းလက်ဆောင် ပါးလိုက်ရာ ဗိုလ်နန္ဒမှာ မျက်လုံးပြူးသွားပေသည်။

"ဟင် ... ဟုတ်လား ... လွတ်သွားပြီဆိုတာ အမှန်ပဲလား"

"အမှန်ပါ ... ထောင်မှူးကြီး ချစ်ညို ကိုယ်တိုင် ဘုရင်မကို လျှောက်တင်သွားလို့ ဘုရင်မ သိရတာပါ"

"ဒါနဲ့တောင် ထောင်မှူးကြီး ချစ်ညိုက ကျွန်တော့်ကို ဘာမှ သတင်းမပေးဘူး ... တယ်ပြီး မိုက်တွင်းနက်တဲ့လူပဲ"

ဗိုလ်နန္ဒက ထောင်မှူးအား အပြစ်တင်လိုက်သည်။

"ထောင်မှူးကြီးကို အပြစ်မတင်ပါနဲ့ ... ဘုရင်မကို အပြစ်တင်စမ်းပါ၊ အကျဉ်းထောင်ထဲကနေပြီး နန်းမြင့်ကို ပြောင်းရွှေ့ထားဖို့ အမိန့်ပေးတာ ဘယ်သူလဲ ... ဘုရင်မပဲ မဟုတ်လား၊ သက်တော်ရှည်အမတ်ကြီး ပြောတဲ့စကားကို နားမထောင်ဘဲ နန်းမြင့်မှာ သွားထားလို့ ခုလို

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးနိုင်တာ မဟုတ်လား၊ ပြီးတော့ ... ထွက်ပြေး လွတ်မြောက်သွားတဲ့ အကြောင်းကိုလည်း ဘယ်သူ့မှ မပြောရဘူး၊ မောင်ရှုပကိုပါ မပြောရဘူး၊ ဘုရင်မကိုယ်တိုင် ပြောရမှ ကျေနပ်မယ်လို့ ထောင်မှူးကြီးကို ဘုရင်မ အမိန့်ပေးထားလို့ မောင်ရှုပကို မပြောတာပါ၊ ထောင်မှူးကြီးမှာ အပြစ်မရှိပါဘူး ... ဘုရင်မရဲ့ အပြစ်ပါ၊ အပြစ်တင်စရာရှိရင် ဘုရင်မကို ပက်ပက်စက်စက် အပြစ်တင်လိုက်စမ်းပါ"

စန္ဒာဒေဝီ ဘုရင်မက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒသည် လက်သီးတစ်ချက်ဆုပ်ခါ အံတစ်ချက် ကြိတ်လိုက်သည်။ သို့ရာတွင် စကားတစ်ခွန်းမှ ပြန်မပြောဘဲ အတန်ကြာ စဉ်းစားနေပေသည်။

"ဘုရင်မကို အပြစ်တင်လေ ... ဘာဖြစ်လို့ အပြစ်မတင်သေးတာလဲ ... မောင်ရှုပ စကားတတ်သလောက် ဘုရင်မကို ရစရာမရှိအောင် အပြစ်တင်လိုက်စမ်းပါ"

စန္ဒာဒေဝီ ဘုရင်မက ပြောလိုက်ပြန်သည်။ ဗိုလ်နန္ဒမှာမူ ဘုရင်မအား တစ်ချက် လှမ်းကြည့်လိုက်ပြီး သက်ပြင်းချလိုက်သည်။

"ဖြစ်ပြီးသား ကိစ္စကို အပြစ်တင်နေလို့ လေကုန်ရုံသာ ရှိမှာပေါ့"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ပါးစပ်က အပြစ်မတင်ပေမယ့် စိတ်ထဲက အပြစ်တင်နေတယ်ဆိုတာတော့ ဘုရင်မ သိပါတယ်၊ လက်သီးဆုပ်လိုက်၊ အံကြိတ်လိုက်လုပ်နေတာကို ဘုရင်မ မြင်ပါတယ်၊ ဘာဖြစ်လို့ ခုလို စိတ်ထဲမှာ ကြိတ်ပြီး သိုမှိုးထားရတာလဲ၊ ပြောစရာရှိတာကို ရက်ရက်စက်စက်ကြီး ပြောချလိုက်ပါလား၊ ပြောရုံ ပြောလို့ အားမရသေးရင် ... ရှင့်လက်နဲ့ ဘုရင်မရဲ့ ပါးကို ဘယ်ပြန် ညာပြန် ရိုက်ပြီး ဆုံးမပြလိုက်စမ်းပါလား၊ အရေးကြီးဆုံး ဖြစ်တဲ့ သူလျှို တစ်ယောက်လုံးကို လွတ်အောင် အားပေးတဲ့ မိုက်မဲလှတဲ့ မိန်းမယုတ်ကို ထိုက်တန်တဲ့အပြစ် ပေးလိုက်စမ်းပါ"



စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒက မိမိအား ခါတိုင်းကဲ့သို့ နှုတ်လှန်ထိုးကာ ပက်ပက်စက်စက် အပြစ်တင်လိမ့်မည်ဟု မျှော်မှန်းထားသလောက် ဗိုလ်နန္ဒက ဘာမှမပြောသဖြင့် စိတ်ထဲတွင် ကြိတ်မနိုင်ခဲမရဖြစ်တိုင်း စိတ်ထဲတွင် ရှိသမျှ ဖွင့်ချလိုက်သည်။ ဗိုလ်နန္ဒမှာမူ ဘုရင်မအား တစ်စုံတစ်ရာ ပြန်မပြောဘဲ အတန်ကြာမျှ မျက်မှောင်ကြုတ်ပြီး စဉ်းစားနေပေသည်။

"အင်း ... သိပြီ ... သိပြီ ... ဒါကြောင့် သုခနေ အစီအစဉ်တွေပြောင်းပြီး ရွှာသာယာရွာကို မီးရှို့ဖို့ ကြံစည်တာကိုး"

ဗိုလ်နန္ဒ၏ ပါးစပ်မှ လွှတ်ခနဲ ထွက်သွားပေသည်။

"သုခနေက ဘာတွေ စီစဉ်ထားလို့လဲ"

စန္ဒာဒေဝီ ဘုရင်မက ပြန်မေးလိုက်သည်။

"သုခနေရဲ့ မူလအကြံအစည်တွေက သေလာဂီရိတောင်ကနေပြီး ဘုရင်မရဲ့ နန်းတော်ထဲရောက်အောင် ဥမင်လိုဏ်ခေါင်းဖောက်ပြီး နန်းတော် မြို့ရိုးထဲရောက်အောင် သူ့လူတွေနဲ့ ဝင်လာပြီး နန်းမြင့်ကို မီးရှို့ဖို့ ကြံစည်တယ်၊ ဒီအချိန်မှာ မြို့တွင်းမှာရှိတဲ့ သူလျှိုတွေက တစ်မြို့လုံး ဖရိုဖရဲ ကစဉ့်ကရဲ ဖြစ်သွားအောင် အိမ်တွေကို မီးတင်ရှို့ကြမယ်၊ ဖရိုဖရဲ ဖြစ်နေချိန်မှာ ဘုရင်မကို အမိဖမ်းပြီး ဓညဝတီ ရာမြို့ကို လွယ်လွယ်နဲ့ သိမ်းယူဖို့ အကြံအစည် ဖြစ်ပါတယ်၊ သေလာဂီရိတောင်ကနေပြီး ဓညဝတီရာမြို့တွင်းရောက်အောင် ဥမင်လိုဏ်ခေါင်း ဖောက်နေတာကို ကျွန်တော်တို့ သိသွားပြီဆိုတာကို ခေတ္တရာမြို့စားကြီးက သုခနေကို ပြန်ပြောလို့ ဥမင်လိုဏ်ခေါင်းကဝင်ဖို့ အကြံအစည်ကိုဖျက်ပြီး ရွှာသာယာရွာဘက်က ခြောက်လှန့်ပြီး အလစ်မှာ ဓညဝတီရာမြို့ကို ဝင်စီးဖို့ ကြံစည်ခြင်းဖြစ်တယ် ဆိုတာကို ခုမှ ရှင်းတော့တယ်"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို ဘုရင်မ စီးနင်းလိုက်ပါလာသည့် မြင်းလိမ္မာကြီး၏ ဇက်ကြိုးကိုကိုင်ကာ ခြေလျင် လိုက်၍ လာခဲ့ရာမှ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မ၏ နောက်နားမှကပ်ပြီး မြင်းကြီးပေါ်သို့ လွှားခနဲ ခုန်တက်ကာ ဘုရင်မ လိမ့်မကျအောင် လက်တစ်ဖက်ဖြင့် ဖွေ့ပိုက်ထားပြီးလျှင် မြင်းကို ကြိမ်တို့ကာ တပည့်များနှင့် ချိန်းဆိုထားသည့် အင်ကြင်းမြိုင်တောတန်း ဘက်သို့ ဒုန်းစိုင်း၍လာခဲ့ပေသည်။

မကြာမီ နယ်ခြားဒေသကို ကျော်လွန်ကာ အင်ကြင်းမြိုင် တောတန်းအစပ်သို့ ရောက်ရှိလာပေရာ ဗိုလ်နန္ဒသည် မြင်းကို ခပ်မှန်မှန်စီးပြီး တောအုပ်ဂူကြီးရှိရာသို့ ဦးတည်ပြီး လာခဲ့ပေသည်။

ထိုအခိုက်တွင် တောနက်ကြီးအတွင်းမှ 'ဥဩ-ဥဩ-ဥဩ' ဟူသော ဥဩငှက်သံနှင့် တူသည့်အသံကို သုံးကြိမ်တိုင်တိုင် ကြားရပေရာ ဗိုလ်နန္ဒလည်း ပြန်၍ သုံးကြိမ်တိုင်တိုင် ဥဩသံ ပြန်ပေးလိုက်ပေသည်။

"ဘုရင်မ ဘာမှ မစိုးရိမ်နဲ့တော့ ... မိတ်ဆွေတွေ လာကြိုနေကြပြီ၊ ဒါပေမဲ့ ဘုရင်မကို ဘုရင်မမှန်း အယ်သူမှ မသိရင် ကောင်းမယ်ထင်တယ်၊ ဘုရင်မမှန်း မသိအောင် ဘုရင်မကို စစ်သည်တော်တစ်ဦးဖြစ်တဲ့အကြောင်း ပြောထားမယ် ... ဘုရင်မကလည်း ဣန္ဒြေမပျက်နဲ့"

ဗိုလ်နန္ဒက သတိပေးလိုက်ပြီး မြင်းပေါ်မှ ခုန်ဆင်းကာ စောစောက ဥဩသံ ကြားရာသို့ မြင်းဇက်ကြိုးကိုဆွဲပြီး လာခဲ့ကြပေသည်။

"ဘုရင်မကို စစ်သည်တော်တစ်ဦးလို့ပြောရင် ယုံပါ့မလား၊ ဘုရင်မက တကယ့်ယောကျ်ားနဲ့ တူရဲ့လား"

စန္ဒာဒေဝီ ဘုရင်မက ပြန်မေးလိုက်သည်။

"ဘုရင်မမှန်းသာ မသိရင် တကယ့်ယောကျ်ားလို့ လူတိုင်းက ယူဆကြမှာ သေချာတယ်"

"ဒီလိုဆိုရင်တော့ ကောင်းပါတယ်၊ ဒါပေမဲ့ ပြောမှားဆိုမှားမရှိအောင် သတိထားရလိမ့်မယ်၊ ဘုရင်မရဲ့နာမည်ကို ဘယ်လိုခေါ်မလဲ"

"ဘုရင်မရဲ့နာမည်က စန္ဒာဒေဝီ ဆိုတော့ ဆန့်ကျင်ဘက် သူရိယကုမ္မာလို့ ခေါ်ရင် မကောင်းဘူးလား"



ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် သဘောကျသည့် အမူအရာဖြင့် ဆိတ်ဆိတ်နေလိုက်သည်။

ထိုအခိုက်တွင် မြင်းခွာသံများ ကြားရပြီး ဗိုလ်နေမျိုးက ရှေ့ဆောင်လျက် ဗိုလ်နေမျိုး၏နောက်မှ မုတ်ဆိတ်ကျင်စွယ် ဖားလျားနှင့် သန်မာထွားကျိုင်းသော လူတစ်ယောက်သည် မြင်းကိုယ်စီစီးကာ ဗိုလ်နန္ဒတို့ ရှိရာသို့ ချဉ်းကပ်လာကြသည်ကို တွေ့မြင်ရပေသည်။

"ကျော်စွာလည်း ပါလာသကိုး၊ တယ်လည်း ဝီရိယကောင်းကြပါလား"

ဗိုလ်နန္ဒက ဆီးကြို နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့ ဆရာ ... ဆရာ လာမယ်ဆိုတာ ကြားရတော့ ကျွန်တော်တို့တစ်တွေ အားတက်သွားကြပြီး ဆရာအလာကို မစောင့်နိုင်တော့ဘဲ လမ်းကနေပြီး ဆီးကြိုရအောင်ဆိုပြီး နေမျိုးနဲ့အတူ လိုက်လာခဲ့တာပဲ၊ ဆရာ့တပည့်တွေကတော့ ဆရာ့ကို သိပ်မျှော်နေကြတာပဲ"

ကျော်စွာက ဝမ်းသာအားရ ပြန်ပြောလိုက်သည်။

"ဒါက အရေးမကြီးဘူး၊ ဆရာ့ဆီက ပို့ခိုင်းလိုက်တဲ့ လက်နက်တွေ ရရဲ့လား"

ဗိုလ်နန္ဒက ပြန်မေးလိုက်သည်။

"ရပါတယ် ဆရာ၊ ဆရာ့ဆီက လက်နက်တွေရလို့ ဆရာ့တပည့်တွေ ပိုပြီး အားတက်နေကြတာပေါ့"

"ဆရာ မှာကြားလိုက်တာတွေ အားလုံး စီစဉ်ပြီးပြီလား"

"စီစဉ်ပြီးပါပြီ၊ နယ်ခြားဒေသ တစ်လျှောက်လုံးမှာ ကင်းပုန်းတွေ ချထားပြီး ရွာသာယာရွာကို သုခနေ ဘက်တော်သားတွေ ဝင်မြီးမီးမရှို့နိုင်အောင် လမ်းကဆီးပြီး တားဖို့လည်း ကိုယ်ပျောက်တပ်သားတွေ စေလွှတ်ထားပါတယ်"

"ကျော်စွာရဲ့လက်အောက်မှာ လူအင်အား ဘယ်လောက်ရှိသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စုစုပေါင်း လေးရာသုံးဆယ်နဲ့ နှစ်ယောက် ရှိပါတယ်၊ အားလုံး လက်နက်အပြည့်အစုံ တပ်ဆင်ပြီး ဖြစ်ပါတယ်၊ ခြေလျင်တပ်၊ မြင်းတပ်၊ ဓားတပ်၊ လှံတပ်၊ လေးမြားတပ်များ ဖွဲ့ပြီး သူ့နေရာနှင့်သူ တာဝန်ချထားပြီးပါပြီ"

"အေး ... ကောင်းတယ်၊ ဒီနေ့ညအဖို့တော့ သုခနနဲ့ ရင်ဆိုင်ရလိမ့်မယ်ထင်တယ်၊ အားလုံး သတိဝီရိယ ရှိကြပေစေ၊ ပြီးတော့ မျက်နှာချင်းဆိုင် မတိုက်ဖို့ အရေးကြီးတယ်၊ လူအသေအပျောက် နည်းနိုင်သမျှ နည်းပေစေ၊ ဒါထက် ဗိုလ်မှူးကလေး မောင်သုတ တစ်ယောက်ကော သူ့ဆီမှာ လူဘယ်နှယောက် ရှိသလဲ"

"လူပေါင်း ရှစ်ဆယ်ကျော် ရှိပါတယ်၊ လူတစ်စုကတော့ ရွာသာလာဘက်ကို ထွက်သွားပြီး ဆရာ မှာလိုက်တဲ့အတိုင်း ဖိုးရာဇာတို့ လူသိုက်နဲ့ပေါင်းပြီး ရွာကိုကာကွယ်ဖို့ အစီအစဉ်တွေ ရေးဆွဲနေကြပါတယ်။ ခုလောက်ရှိရင် အားလုံး အသင့်ဖြစ်လောက်ပြီလို့ ထင်ပါတယ်"

နေမျိုးက ဝင်ပြောလိုက်သည်။

ကျော်စွာမှာမူ ဗိုလ်နန္ဒ၏နောက်ကွယ်တွင် ရပ်နေသော စစ်ဝတ်စစ်စားနှင့် ဘုရင်မကို မကြာ မကြာ လှမ်းကြည့်နေမိပေသည်။

"ဆရာ့နောက်က စစ်သည်တော် အဝတ်အစားနှင့် လူက ဘယ်သူလဲ"

ကျော်စွာသည် ဘုရင်မအား လှမ်းကြည့်ရင်း မေးလိုက်သည်။

"သူရိယကုမ္မာ ဆိုတဲ့ စစ်သည်တော်ကလေးပါ၊ သူက စန္ဒာဒေဝီဘုရင်မရဲ့ ဆွေတော်မျိုးတော်ထဲကပဲ၊ သူကိုယ်တိုင် တိုက်ပွဲဝင်ချင်တယ်ဆိုပြီး ဆရာနဲ့လိုက်ခဲ့တာပါ၊ လူကြည့်တော့သာ ငယ်ပုံရတာ၊ ဓားခုတ်လှံထိုးမှာသာမက လေးမြားအတတ်မှာလည်း တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်ပါတယ်"

ဗိုလ်နန္ဒက ဣန္ဒြေရရနှင့် ပြန်ပြောလိုက်သည်။



"ဆရာ့အပေါ်မှာ သစ္စာရှိတဲ့လူဆိုရင် ကျွန်တော်တို့က လေးစားပါတယ်။ ကျွန်တော်တို့ကလည်း ဆရာနန္ဒ အပေါ်မှာ သစ္စာရှိကြသူများ ဖြစ်တဲ့အတွက် ဆရာနန္ဒရဲ့ အမိန့်အရ သုခနဘုရင်ယုတ်ကို သုတ်သင်ရှင်းလင်းဖို့ အသင့်စောင့်ကြိုနေကြသူများ ဖြစ်ပါတယ်၊ ဆရာနန္ဒရဲ့ ခေါင်းဆောင်မှုနဲ့ ဒီနေ့ည သုခနဘုရင်ယုတ်ကို လက်ရဖမ်းဆီးပြီး လှလှကြီး လက်စားချေဖို့ အသင့်ပြင်ဆင်ထားပြီးပါပြီ။ ကျွန်တော်တို့ တစ်တွေဟာ သူရိယကုမ္မာလို နန်းတွင်းသား မဟုတ်ဘဲ တောသားအရိုင်းတွေ ဖြစ်ပေမယ့် ဆရာနန္ဒရဲ့ ကျေးဇူးကြောင့် စစ်ပရိယာယ်တို ကောင်းကောင်းကြီး နားလည်ထားပြီ ဖြစ်ပါတယ်။ ဒီနေ့ည ကျွန်တော်တို့ ပွဲဦးထွက် အစွမ်းပြကြရတော့မှာမို့လို့ စိတ်အားထက်သန်နေကြတာကို လာရောက် ရှုစားတော်မူကြပါ"

ကျော်စွာသည် ပြောပြောဆိုဆို အင်ကြင်းမြိုင်တောတန်း အတွင်းရှိ ကျောက်ဂူကြီး ရှိရာသို့ ခေါ်ဆောင်သွားပေရာ ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီဘုရင်မသည် နောက်မှ တကောက်ကောက် လိုက်ပါသွားကြပေသည်။

* * *

www.burmeseclassic.com

## အခန်း-၂၄

သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသော တောတန်းကို ဖြတ်ကျော်ကာ ဗိုလ်နန္ဒနှင့် သူရိယကုမ္မာ အမည်ခံ စန္ဒာဒေဝီ ဘုရင်မတို့အား ကျော်စွာနှင့် နေမျိုးတို့က ရှေ့ဆောင်လမ်းပြပြီး ခေါ်ဆောင်လာခဲ့ပေရာ မကြာမီ တောင်ကုန်းကလေး တစ်ခုပေါ်သို့ ရောက်ရှိလာခဲ့ကြပေသည်။ ထိုတောင်ကုန်းကလေးပေါ်မှနေပြီး သူရိယကုမ္မာ အမည်ခံ စန္ဒာဒေဝီ ဘုရင်မသည် ကျော်စွာက လေးကိုင်းဖြင့် ညွှန်ပြသည့်နေရာသို့ လှည့်ကြည့်လိုက်သောအခါ ကျောက်တောင်များ ဝိုင်းရံလျက်ရှိသည့် ချိုင့်ဝှမ်းကြီးတစ်ခုကို မြင်ရပေသည်။

ချိုင့်ဝှမ်းအတွင်းသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ မီးများပုံပြီး မီးလှုံနေကြသော မည်းမည်း မည်းမည်းနှင့် သဏ္ဍာန်များကို ရိုးတိုးရိပ်တိပ် မြင်ရပေသည်။

ကျော်စွာသည် ခါးကြားမှ ခရုသင်းကို ထုတ်ယူပြီး တအားမှုတ်လိုက်ရာ ခရုသင်းသံမှာ ချိုင့်ဝှမ်းကြီး တစ်ခုလုံး ပဲ့တင်ထပ်၍ သွားပေသည်။

မကြာမီ ချိုင့်ဝှမ်းကြီးအတွင်းမှ မည်းမည်း မည်းမည်းသဏ္ဍာန်များသည် ကျော်စွာတို့လူသိုက် ရောက်ရှိနေသည့် တောင်ကုန်းကလေးရှိရာသို့ စုရုံးလာကြသည်ကို မြင်ရပေသည်။

တောတွင်းသားများ ဖြစ်သည့်အတိုင်း မုတ်ဆိတ်ကျင်စွယ် ဖား



လျားဖြင့် ကြမ်းတမ်းသည့်အသွင်ကို ဆောင်၍နေပေသည်။ သို့ရာတွင် ၎င်းတို့၏ မျက်နှာထားနှင့် အမူအရာများကို မြင်ရသောအခါ လူဆိုးရုပ်မပေါ်ဘဲ စည်းကမ်းသေဝပ်သည့် စစ်သည်တော်များကဲ့သို့ ကျနစွာ ရှိတက် စုရုံးလာကြသည်ကို တွေ့မြင်ရသောအခါ ထိုသူများကိုကြည့်ပြီး ဘုရင်မသည် အလိုလို စိတ်အားတက်၍လာပေသည်။

"ရဲဘော်တို့၊ ရဲဘော်တို့ ခေါင်းဆောင်ကြီး ဗိုလ်နန္ဒ ရဲဘော်တို့ရှေ့မှောက်သို့ ရောက်ရှိလာပြီဖြစ်၍ ဆရာ ဗိုလ်နန္ဒကို အားလုံး အလေးပြု"

ကျော်စွာသည် အောင်မြင်သောအသံဖြင့် အမိန့်ပေးလိုက်ရာ တောင်ကုန်းလေးရှိရာသို့ ရှိတက်လာကြသော တောတွင်းသား ရဲဘော်ရဲဘက်များသည် လက်ယာဘက် လက်သီးဆုပ်ပြီး လက်ကိုဆန့်တန်းကာ "ခေါင်းဆောင်ကြီး ဗိုလ်နန္ဒ သက်တော်ရာကျော် ရှည်ပါစေ" ဟူ၍ တစ်ခဲနက် အလေးပြု နှုတ်ဆက်လိုက်သည့် အသံမှာ ကြက်သီးထခမန်းဝင် ဖြစ်ပေသည်။

ဗိုလ်နန္ဒသည် ဖောင်းဝတ်ရောင် မြင်းလိမ္မာကြီးကို စီးကာ တောတွင်းသား တပည့်များ စုရုံးနေသည့်နေရာသို့ ဆင်းလာခဲ့ပေရာ၊ တောတွင်းသား တပည့်အပေါင်းတို့မှာလည်း ဆရာဖြစ်သူအနီးသို့ ဝိုင်း၍လာကြပြီး အားတက်သရော နှုတ်ခွန်းဆက်သကြပေသည်။

"ဗိုလ်ကျော်စွာရဲ့ တပည့်တွေက တောပုန်းတွေသာ ဆိုတယ် စည်းကမ်းသိပ်ရှိပါလား၊ သူတို့ရဲ့ ခေါင်းဆောင်ကြီးကိုလည်း သူတို့ သိပ်ကြည်ညိုပုံရတယ်"

သူရိယကုမ္မာ အမည်ခံ စန္ဒာဒေဝီ ဘုရင်မသည် မိမိနှင့်အတူ တောင်ကုန်းကလေးပေါ်တွင် ကျန်ရစ်ခဲ့သည့် ကျော်စွာအား လှမ်းပြောလိုက်သည်။

"တောပုန်းတွေ ဆိုပေမယ့် တမင်သက်သက် ခိုးချင် မိုက်ချင်လို့

www.burmeseclassic.com

www.burmeseclassic.com



တောပုန်းနေကြတာ မဟုတ်ဘဲ၊ မင်းကျင့်တရားနဲ့အညီ စိုးမိုးအုပ်ချုပ်ခဲ့တဲ့ မဟာဘောဂ ဘုရင်ကြီးကို စစ်သူကြီး သုခနေက သစ္စာဖောက်ပြီး လုတ်နှက်အားကိုးနဲ့ ရက်ရက်စက်စက် သတ်ဖြတ်ပြီး အာဏာကို မတရား သိမ်းပိုက်ခဲ့တာကို မခံမရပ်နိုင်လို့ တစ်ကြောင်း၊ မဟာဘောဂ ဘုရင်ကြီးအပေါ်မှာ သစ္စာစောင့်သိ ရှိသေကြတဲ့အတွက် တစ်ကြောင်း တောပုန်း မဖြစ်ချင်ဘဲ ဖြစ်ခဲ့ရတဲ့ လူတွေဆိုတော့ သိပ်ပြီး မရိုင်းလှပါဘူး။ ဒါပေမဲ့ စောစောပိုင်းကဆိုရင် အချင်းချင်း သတ်ကြ ဖြတ်ကြ ဗိုလ်လုကြနဲ့ စည်းမဲ့ကမ်းမဲ့ ဖြစ်ခဲ့ကြတာ အမှန်ပဲ။ နောက်မကြာခင်ပဲ ဆရာဗိုလ်နန္ဒ ရောက်ရှိလာတယ်။ ဆရာဗိုလ်နန္ဒ ရောက်ရှိလာတဲ့ အချိန်ကစပြီး အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ စည်းကမ်းသေသေဝပ်ဝပ် ဖြစ်လာပါတယ်။ ဒါဟာ ဆရာဗိုလ်နန္ဒရဲ့ ကျေးဇူးတွေပဲ။ ဒါကြောင့်လည်း ဆရာဗိုလ်နန္ဒအတွက်ဆိုရင် ကျုပ်တို့တစ်တွေ အားလုံး တစ်ယောက်မကျန် အသေခံဖို့ အသင့်ရှိနေကြခြင်း ဖြစ်ပါတယ်။ ဟိုမှာကြည့်ပါလား၊ ဆရာဗိုလ်နန္ဒကို သူ့တပည့်တွေ ဘယ်လောက် ချစ်ခင်လေးစားတယ်ဆိုတာ"

ကျော်စွာသည် ဗိုလ်နန္ဒအနီးတွင် ဝိုင်းပြီး ဗိုလ်နန္ဒအား ဝမ်းသာအားရ နှုတ်ခွန်းဆက်နေကြသော တောတွင်းသားများအား လေးကိုင်းဖြင့် ညွှန်ပြရင်း ပြောလိုက်သည်။

"ဆရာနန္ဒ ဆရာနန္ဒ ကျွန်တော်တို့ကို ဆရာ ရွတ်ဖတ်နေကျ ဆုံးမစာ သံပေါက်တွေ ရွတ်ပြစမ်းပါဦး၊ ဆရာ့အသံကို ကြားရရင် ကျွန်တော်တို့ အလိုလို အားတက်ပါတယ်"

ဗိုလ်နန္ဒအား ဝိုင်းအုံပြီး နှုတ်ခွန်းဆက်သနေကြသည့် တောတွင်းသား လူအုပ်ထဲမှ အသံတစ်သံ ထွက်ပေါ်လာပေသည်။

ဗိုလ်နန္ဒသည် မိမိအား ဆူညံစွာဖြင့် တစ်ယောက်တစ်ခွန်း နှုတ်ဆက်နေသည့် အသံများကြားမှ မိမိလက်ကိုမြှောက်ပြီး အားလုံး ငြိမ်



သက်စွာ နားထောင်ကြရန် အမိန့်ပေးလိုက်ရာ စောစောက တစ်တောလုံး ဆူညံနေသည့် အသံများမှာ ချက်ချင်း ပျောက်ကွယ်သွားပြီး တိတ်ဆိတ်လျက် ရှိပေသည်။

"တပည့်တို့ တပည့်တို့အား ဒီနေရာသို့ စုရုံး လာရောက်ကြရန် ဆင့်ခေါ်လိုက်ရခြင်းမှာ တခြားကိစ္စကြောင့် မဟုတ်၊ ရှင်လျှင် ရွှေထီး၊ သေလျှင် မြေကြီး ဆိုတဲ့စကားလို သုခနေ ဘုရင်ယုတ်နှင့် ဘက်တော်သားများအား သူသေသေ ကိုယ်သေသေ အပြီးသတ် ချေမှုန်းတိုက်ခိုက်ရန်အတွက် စုဝေးလာရောက်ကြရန် ဆင့်ခေါ်လိုက်ခြင်း ဖြစ်တယ်။ တပည့်တို့သည် ဆရာကဲ့သို့ပင် ဘဝတူ တောတွင်းသားများ ဖြစ်ကြသော်လည်း ပန်းနှစ်ဖက်ကြားတွင် ခေါင်းပေါက်သည့်လူများ ဖြစ်၍ လူ့ကျင့်ဝတ်နှင့် ကျင့်ကြံနေထိုင်ကြသူများ ဖြစ်တယ်ဆိုတာ မမေ့ကြနဲ့။ မကောင်းသူကို ပယ်ပြီး ကောင်းသူကို ကယ်ရမယ် ဆိုတဲ့ ဆရာ့ရဲ့ လက်သုံးစကားအရ ဒီနေ့ညအဖို့ မကောင်းသူကို ပယ်ပြီး ကောင်းသူကို ကယ်ဖို့ တပည့်တို့အား တာဝန်ပေးရလိမ့်မယ်"

ဗိုလ်နန္ဒသည် ကြည်လင်ပြတ်သားသော အသံဖြင့် ပြောကြားလိုက်ရာ တောတွင်းသားများသည် မိမိတို့လက်ထဲတွင် စွဲကိုင်လျက်ရှိသော လက်နက်များကို အပေါ်သို့ မြှောက်လိုက်ကြပေသည်။

"မကောင်းသူကို ပယ်ပြီး ကောင်းသူကို ကယ်မည်၊ သစ္စာဖောက် သုခနေကို ဒီနေ့ည မျိုးဖြုတ်ပစ်မည်"

တောတွင်းသားများက တစ်ခဲနက် ကြွေးကြော်လိုက်သည်။

"တပည့်တို့ အင်ကြင်းမြိုင် တောတန်းနှင့် သေလာဂီရိတောင်ကြားတွင် ရွာသာယာကလေး ရှိသည်။ ထိုရွာကလေးကို နက်ဖြန်နံနက် အရုဏ်မတက်မီ သစ္စာဖောက် သုခနေ ဘုရင်ယုတ်နှင့် အပေါင်းပါများသည် မီးတင်ရှို့ဖို့ အကြံအစည်များ ပြုလုပ်နေကြောင်း ဆရာ သိရသည်။ ထိုရွာကလေးကို သုခနေ ဘက်တော်သားများ မီးတင်မရှို့နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင် တပည့်တို့ အသက်ပေးပြီး ကာကွယ်ကြရမည်။ ထိုရွာကလေးကို အသက်ပေးပြီး ကာကွယ်ပေးရသည့်အတွက် တပည့်တို့ ဆုလာဘ်များ ရလိမ့်မည် မဟုတ်၊ သို့သော် ထိုရွာတွင် နေထိုင်သော ရွာသူရွာသားများ အထူးသဖြင့် မိန်းမနှင့် ကလေးများအား ကာကွယ်ပေးသည့် ကောင်းမှု ကုသိုလ်တရားသည် တပည့်တို့၏နောက်မှ အရိပ်သဖွယ် လိုက်ပါပြီး တပည့်တို့၏ စေတနာသည် တပည့်တို့အား အကျိုးပေးလိမ့်မည်။ တပည့်တို့ ဆရာပေးသည့် တာဝန်ကို မတွန့်မဆုတ်ဘဲ ဆောင်ရွက်ဖို့ အသင့်ရှိကြပါ၏လော၊ အပြစ်မရှိတဲ့ ရွာသားတွေနဲ့ ကလေး၊ မိန်းမတွေအတွက် အသက်ပေးဖို့ အသင့်ရှိကြပါ၏လော"

ဗိုလ်နန္ဒက မေးခွန်းထုတ်လိုက်ရာ တောတွင်းသားများသည် စိတ်အားထက်သန်စွာဖြင့် မိမိတို့ ကိုင်ဆောင်ထားသည့် လက်နက်များကို အပေါ်သို့ မြှောက်လိုက်ကြပြန်သည်။

"အားလုံး အသင့်ရှိကြပါတယ်"

တောတွင်းသားထဲမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"ဆရာ ပေးသမျှတာဝန်ကို မဆိုင်းမတွ ဆောင်ရွက်ဖို့ အသင့်ရှိပါတယ်"

နောက်တစ်သံ ထွက်ပေါ်လာပြန်သည်။

"သုခန့ ဘုရင်ယုတ်ကို မှားခေါ်လာပြီး ကျွန်တော်ကိုယ်တိုင် လက်ရ ဖမ်းဆီးပေးပါမယ်"

"ဆရာ့အတွက်ဆိုရင် အသေခံဖို့ အသင့်ရှိပါတယ်"

"ဆုလာဘ်ကို အလိုမရှိ၊ သုခန့ကို လက်စားချေရရင် ကျေနပ်ပါပြီ"

တောတွင်းသားများသည် တစ်ယောက် တစ်ခွန်း အဖြေပေးလိုက်ကြသည်။

"ဆရာနန္ဒကို တောတွင်းသားတွေ ဘယ်လောက် ကြည်ညိုတယ်ဆိုတာ မြင်ပြီမဟုတ်လား"



ကျော်စွာသည် မိမိနှင့်အတူ တောင်ကုန်းပေါ်မှ မျှော်ကြည့်နေသူ သူ့ရိယကုမ္မာ အမည်ခံ စန္ဒာဒေဝီ ဘုရင်မအား ပြောလိုက်သည်။

"အင်း ... အားတက်စရာပဲ၊ ကဲ ... ဒီနေရာက ရပ်ကြည့်နေမယ့်အစား ဗိုလ်နန္ဒရဲ့နောက် လိုက်သွားကြရရင် မကောင်းဘူးလား"

စန္ဒာဒေဝီ ဘုရင်မသည် ပြောပြောဆိုဆို တောင်ကုန်းကလေးပေါ်မှ ချိုင့်ဝှမ်းကြီးအတွင်းသို့ တဖြည်းဖြည်း ဆင်းလာခဲ့ပေသည်။

ထိုအခိုက်တွင် မြင်းဖြူကြီးစီးပြီး ဝင်လာသော လူတစ်ယောက်ကို မြင်လိုက်သဖြင့် လှမ်းကြည့်လိုက်ရာ ထိုသူမှာ တခြား မဟုတ်၊ ဘုရင်မ၏ ကိုယ်ရံတော် ဗိုလ်မှူးလေး မောင်သုတ ဖြစ်နေသည်ကို မြင်လိုက်ရပေရာ ဘုရင်မသည် မိမိအား မြင်သွားလျှင် မှတ်မိမည်စိုးသဖြင့် သစ်ပင်ရိပ်တွင်ကွယ်ပြီး ရပ်နေလိုက်ပေသည်။

ဗိုလ်မှူးလေး မောင်သုတသည် ဗိုလ်နန္ဒရှိရာသို့ ဦးတည်ပြီး လာခဲ့ပေသည်။

"ဆရာ ဗိုလ်နန္ဒနဲ့ တွေ့ရတာ သိပ်ဝမ်းသာတာပဲ၊ ဆရာ ညွှန်ကြားတဲ့အတိုင်း ကျွန်တော့်ရဲ့ စစ်သည်တော်တွေကို ရွာသာယာရွာနဲ့ သေလာဂီရိတောင်ကြားမှာ ကင်းပုန်းတွေ ချပေးခဲ့ပြီး ဆရာနဲ့ တွေ့ချင်လို့ ပြန်လာခဲ့တာပါ၊ ကျွန်တော့်အပေါ်မှာ ဆရာ့ကျေးဇူးဟာ ကြီးမားလှပါတယ်၊ ဆရာနဲ့သာ မတွေ့ဘူးဆိုရင် ခုလောက်ရှိရင် ကျွန်တော့်ရဲ့ အရိုးတွေတောင် ဆွေးနေတော့မယ်။ ဆရာ့ကြောင့် ကျွန်တော် မသေရဘဲ အများအကျိုးအတွက် အသက်စွန့်ပြီး ဆောင်ရွက်ဖို့ ကြုံကြိုက်လာတာကို ကျွန်တော် မေ့လို့မရနိုင်ဘူး။ ရွာသာယာကလေးကို နိုင်နိုင်နင်းနင်း ကာကွယ်နိုင်ရင် ကျွန်တော့်အပေါ်မှာ ဘုရင်မ ခွင့်လွှတ်ကောင်း ခွင့်လွှတ်ပါလိမ့်မယ်။ ဒီလိုဆိုရင် ကျွန်တော်ရဲ့ အချစ်တော် မယ်သစ္စာနဲ့ နီးဖို့လမ်း ရှိသေးတယ် မဟုတ်လား"

ဗိုလ်မှူးကလေး မောင်သုတသည် ဗိုလ်နန္ဒအား နှုတ်ခွန်းဆက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း မိမိစိတ်ထဲတွင် ရှိသမျှ ဖွင့်ဟလိုက်ရာ ဗိုလ်မှူးကလေး မောင်သုတ ပြောသမျှ စကားကို ဘုရင်မသည် အတိုင်းသား ကြားရသဖြင့် မောင်သုတ အပေါ်တွင် အထင်လွဲမှားသမျှ ပြေပျောက်၍သွားပေသည်။

"ဒါပေါ့ကွ တစ်နေ့ကျရင် ကိုယ့်စေတနာဟာ ကိုယ့်ကို ပြန်ပြီး အကျိုးပေးတာပဲ၊ စေတနာ ကောင်းကောင်းထားပါ၊ ဒါထက် ကျော်ဖေယျကော"

ဗိုလ်နန္ဒက ပြန်မေးလိုက်သည်။

"သူ့လူတွေ စုရုံးပြီး ခုပဲလာပါလိမ့်မယ်"

ဗိုလ်မှူးကလေး မောင်သုတက ပြန်ပြောလိုက်သည်။

မကြာမီ မြင်းခွာသံများနှင့် ခြေသံများကို ကြားရပြီး ကျော်ဖေယျ ခေါင်းဆောင်သည့် တောတွင်းရဲဘော်များသည် ချိုင့်ဝှမ်းကြီးအတွင်းသို့ ရောက်ရှိလာကြပြန်သည်။

"ကျော်ဖေယျ၊ ဒီကိုလာစမ်း၊ မင်းနောက်မှာ လူဘယ်နှယောက် ရှိသလဲ"

ဗိုလ်နန္ဒသည် ကျော်ဖေယျအား လှမ်းခေါ်လိုက်ပြီး မေးလိုက်သည်။

"စုစုပေါင်း ရှစ်ဆယ်နဲ့ ငါးယောက် ရှိပါတယ်၊ အားလုံး လက်ရွေးစင်ချည်းပါပဲ"

ကျော်ဖေယျသည် ဗိုလ်နန္ဒအား အဖြေပေးရင်း သစ်ပင်ရိပ်တွင် ရပ်နေသော ဘုရင်မကို မြင်လိုက်သဖြင့် အံ့အားသင့်သော အမူအရာဖြင့် ငေးစိုက်ကြည့်နေမိပေသည်။

ဘုရင်မသည် မိမိအား ကျော်ဖေယျ မြင်သွားသည်ကို သိသည်နှင့် တစ်ပြိုင်နက် ကျော်ဖေယျအား မျက်မှောင်ကြုတ် ကြည့်လိုက်ပြီး မိမိ ဘုရင်မ ဖြစ်ကြောင်း မည်သူ့ကိုမှ အသိမပေးရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။



"ကဲ လူတွေစုံကြပြီ မဟုတ်လား၊ လူစုံလို့ရှိရင် အစီအစဉ်တွေ လုပ်ပြီး တာဝန်ခွဲပေကြစို့၊ အချိန်ကလည်း သိပ်မရှိတော့ဘူး"

ဗိုလ်နန္ဒက သတိပေးလိုက်ရာ အားလုံး ငြိမ်သက်စွာဖြင့် ဗိုလ်နန္ဒ ပြောသည့်စကားများကို အာရုံစိုက်နေကြပေသည်။

"သုဓန ဘက်တော်သားတွေဆီက ရထားတဲ့ သတင်းအရဆိုရင် ဒီနေ့ည ရွာသာယာရွာကို မီးရှို့ပြီး စေတုတ္တရာ မြို့တော်က စစ်သည်တော်တွေ ဒီဘက်ကိုလာအောင် မျှားခေါ်ပြီး သူကိုယ်တိုင် ဦးစီးတဲ့ စစ်တပ်က စေတုတ္တရာမြို့တော်ကို အလစ်မှာ ဝင်စီးလိမ့်မယ်လို့ သိရတယ်၊ ဒါပေမဲ့ ရွာသာယာရွာကလေး မီးတင်မရှို့နိုင်ရင် သုဓနဘုရင်ဟာ ဘယ်နည်းနဲ့မှ စေတုတ္တရာ မြို့တော်ကို ဝင်ပြီးမသိမ်းနိုင်ဘူး၊ ဒါကြောင့် ရွာသာယာရွာကလေးကို သုဓန ဘက်တော်သားတွေ မချဉ်းကပ်နိုင်အောင် ကာကွယ်ဖို့ အရေးကြီးတယ်"

ဗိုလ်နန္ဒက နိဒါန်းပျိုးလိုက်ရာ အားလုံး အာရုံစိုက်ပြီး နားထောင်နေကြပေသည်။

"ရွာသာယာရွာကို သုဓန စစ်သည်တော်တွေ ချီတက်ဝင်ရောက်ဖို့ ကြံစည်ရင် အနီးဆုံး လမ်းခရီးက လာကြလိမ့်မယ်၊ ဘယ်နည်းနဲ့မဆို သေလာဂီရိတောင်နဲ့ ရွာသာယာရွာကလေး အကြားမှာရှိတဲ့ စမ်းချောင်းကလေးကို မဖြတ်ကျော်ဘဲ မလာနိုင်ဘူး၊ အဲဒီ စမ်းချောင်းကလေး တနေပြီး သုဓန ဘက်တော်သားတွေ မလာနိုင်အောင် တားဆီးနိုင်ရင် လူအသေအပျောက်လည်း နည်းမယ်၊ သုဓနရဲ့ စစ်သည်တော်တွေလည်း ဇရိုဖရဲ ကစဉ့်ကရဲ ဖြစ်သွားနိုင်တယ်။ အဲဒီနေရာကို ဆရာနဲ့ ဗိုလ်မှူးကလေး မောင်သုတတို့ ကင်းစီးပြီး တာဝန်ယူကြမယ်။ စမ်းချောင်းကလေးရဲ့ ဟိုဘက်ကမ်း ဒီဘက်ကမ်းမှာ လေးသည်တော်တွေကို နေရာမလပ်အောင် ချထားပြီး ဆရာနဲ့ ဗိုလ်မှူးကလေး မောင်သုတတို့က လှံကိုင်တပ်သား ၃၀ စီနဲ့ သုဓန စစ်သည်တော်တွေက ချီတက်လာမယ့်

www.burmeseclassic.com

www.burmeseclassic.com



လမ်းဝဲယာကနေပြီး ဆီးကြို တိုက်ခိုက်ကြမယ်၊ ဒါကို အားလုံး သဘောတူကြရဲ့လား"

"အားလုံး သဘောတူပါတယ်"

"ကျော်စွာနဲ့ ကျော်ဇေယျတို့က ရှာဘက်ကနေပြီး ရန်သူတွေ ရှေ့မတိုးနိုင်အောင် တားဆီးကြရမယ်။ ရန်သူတွေ ချီတက်လာတဲ့အခါမှာ ဘယ်သူမှ အသံမပြုဘဲ ငြိမ်ပြီး စောင့်ကြည့်ရမယ်၊ စမ်းချောင်းကလေးကို ဖြတ်ကျော်ဖို့ ကြိုးစားတဲ့အခါ သူတို့ရဲ့တပ်ဦး ရေလယ်ရောက်တာနဲ့တစ်ပြိုင်နက် ရန်သူတွေ လာတဲ့ဘက်ကို တည့်တည့်ချိန်ပြီး လူတစ်ကိုယ် မြားသုံးစင်းစီ လွှတ်ရမယ်၊ အဲဒီနောက် ကျော်ဇေယျက ခရုသင်းမှုတ်ပြီး အချက်ပေးလိုက်၊ အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် စမ်းချောင်းကလေးရဲ့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းမှာ အသင့်ရှိနေတဲ့ လေးသည်တော်များက နောက်ကို ဆုတ်ပြေးလာတဲ့ ရန်သူတွေကို ဘေးနှစ်ဖက်ကညှပ်ပြီး လူတစ်ကိုယ် မြားသုံးစင်းစီလွှတ်ပြီး ဖရိုဖရဲ ကစဉ့်ကရဲ ဖြစ်သွားအောင် လုပ်ရမယ်၊ ဆရာပြောတာကို မှတ်မိကြရဲ့လား"

"အားလုံး မှတ်သားထားပါတယ်"

"ကောင်းပြီ ... အဲဒီလို ဖရိုဖရဲ ကစဉ့်ကရဲ ဖြစ်သွားတဲ့အခါမှာ ဆရာ ခေါင်းဆောင်တဲ့ လှံကိုင်တပ်နဲ့ မောင်သုတ ခေါင်းဆောင်တဲ့ ဓားကိုင်တပ်များက ဝဲယာညှပ်ပြီး တရကြမ်းဝင်ပြီး စီးချင်းတိုက်ခိုက်ကြမယ်၊ အဲဒီအချိန်မှာ လေးသည်တော်တွေဟာ လေးကို ပခုံးမှာချိတ်ပြီး ဓားကို ဆွဲကိုင်ကြရမယ်၊ ပြီးတော့ ရန်သူတွေ အသက်ရှူပေါက်မရအောင် ရှေ့နဲ့နောက်က ညှာသံပေးပြီး ဝင်တိုက်ကြရမယ်၊ ခုလို လေးဖက်လေးတန် ဝိုင်းပြီးတိုက်လိုက်ရင် ရန်သူတွေ ခုခံဖို့ အချိန်မရဘဲ ကစဉ့်ကရဲ ဆုတ်ခွာပြေးကြရလိမ့်မယ်၊ ဆရာ့အစီအစဉ်ကို တပည့်တို့ သဘောပေါက်ကြရဲ့လား"



"ဆရာ ပြောတာကို ကျွန်တော်တို့အားလုံး သဘောပေါက်ပါတယ်"

"ကဲ ... အချိန်လည်း သိပ်မရှိတော့ဘူး၊ ကိုယ့်တပ်ကိုယ် ဦးစီးပြီး ဆရာ ချထားပေးတဲ့ အစီအစဉ်အရ နေရာယူထားကြ"

ဗိုလ်နန္ဒသည် အမိန့်ပေးလိုက်ရာ ကျော်စွာ၏ တောတွင်းသားများသည် လည်းကောင်း၊ ကျော်ဇေယျ၏ လက်ရွေးစင်များသည် လည်းကောင်း၊ ဗိုလ်မှူးကလေး မောင်သုတ၏ စည်းကမ်းသေဝပ်သည့် စစ်သည်တော်များသည် လည်းကောင်း သူ့တပ်နှင့်သူ နေရာယူရန် ချီတက်သွားကြသည်ကို ဗိုလ်နန္ဒသည် ကျေနပ်သော အမူအရာဖြင့် လက်ပိုက်ပြီး ကြည့်နေပေသည်။

"ကျွန်တော်ကကော ဘယ်နေရာမှာ တာဝန်ယူရမှာလဲ"

နေမျိုးသည် ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာပြီး မေးမြန်းလိုက်သည်။

"နေမျိုးကို အရေးအကြီးဆုံး တာဝန်ပေးဖို့ ဆရာ ရည်ရွယ်ထားတယ်"

ဗိုလ်နန္ဒ ပြန်ပြောလိုက်သည်။

"အရေးအကြီးဆုံးတာဝန် ဆိုတာ ဘာကိုဆိုလိုတာလဲ"

နေမျိုးက ပြန်မေးလိုက်သည်။

"နေမျိုးရဲ့ ရဲစွမ်းသတ္တိကို ဆရာ ယုံကြည်စိတ်ချတဲ့အတွက် ဟောဟို သစ်ပင်ရိပ်အောက်မှာ ရပ်နေတဲ့ စန္ဒာဒေဝီ ဘုရင်မကို ဘေးမသီရန်မခအောင် စောင့်ရှောက်နေရစ်ခဲ့ရမယ်"

ဗိုလ်နန္ဒက တာဝန်ပေးလိုက်သည်။

"ဒီတာဝန်ကိုတော့ ကျွန်တော့်ကို မပေးပါနဲ့၊ ကျွန်တော့်ကို တခြားနေရာမှာ တာဝန်ချပေးပါ၊ ကျွန်တော်လည်း သူများလိုပဲ ရှေ့တန်းကနေပြီး တိုက်ပွဲဝင်ပါရစေ၊ သူများတကာတွေ တိုက်ပွဲဝင်နေတဲ့အချိန်မှာ ကျွန်တော်က ဇိမ်နဲ့ နေရစ်ခဲ့ရမယ်ဆိုရင် ရှက်ဖို့ကောင်းလှပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးက မကျေနပ်သည့် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

"နေမျိုး ... မင်း အယူအဆ လွဲနေပြီ၊ မင်းကို ဆရာက ယုံကြည်စိတ်ချဆုံးလူ ဖြစ်တဲ့အပြင် သတ္တိ ဗျတ္တိနဲ့ အပြည့်စုံဆုံး ဖြစ်တဲ့အတွက် အင်မတန် ကြီးလေးတဲ့တာဝန်ကို ပေးထားတာပါ။ ဘုရင်မရဲ့ လုံခြုံရေးဟာ ဆရာတို့အဖို့ အရေးအကြီးဆုံးပဲ၊ ဘုရင်မကို လုံခြုံအောင် စောင့်ရှောက်ဖို့အတွက် သူရသတ္တိနဲ့ အပြည့်စုံဆုံး လက်ရွေးစင် ငါးဦးကို မင်းနဲ့အတူတူ ခေါ်ထားလိုက်"

ဗိုလ်နန္ဒ ပြန်ပြောလိုက်ရာ နေမျိုးမှာ သူများနည်းတူ တိုက်ပွဲမဝင်ရသဖြင့် မကျေနပ်သော်လည်း ဘုရင်မ၏ လုံခြုံရေးမှာ အရေးကြီးသည့် လုပ်ငန်းတာဝန် ဖြစ်သည်ကို မငြင်းသာသဖြင့် ဗိုလ်နန္ဒ အမိန့်အတိုင်း ဘုရင်မအား စောင့်ရှောက်ပြီး နေရစ်ခဲ့ရန် လက်ရွေးစင်ငါးဦးကို ရွေးချယ်ပြီး ခေါ်ထားလိုက်ပေသည်။

များမကြာမီ မြင်းစေကျော် တစ်ဦးသည် ဗိုလ်နန္ဒရှိရာ ချိုင့်ဝှမ်းကြီးအတွင်းသို့ ဒုန်းစိုင်းပြီး ဝင်လာသည်ကို မြင်ရပေသည်။

"ဆရာနန္ဒ ... ဆရာနန္ဒ ... သေလာဂီရိ တောင်ခြေရင်းမှာ သုမနစစ်သည်တော်တွေ စုရုံးနေပြီ"

ဒုန်းစိုင်းပြီးလာသော မြင်းစေကျော်သည် ဗိုလ်နန္ဒအား မောကြီးပန်းကြီးနှင့် သတင်းပေးလိုက်သည်။

"သုမနရဲ့ စစ်သည်တော်အင်အား ဘယ်လောက်ရှိမယ်လို့ ထင်သလဲ"

"ငါးရာထက်တော့ နည်းလိမ့်မယ် မထင်ဘူး"

"ငါးရာထက် မနည်းဘူးဆိုတာ သေချာရဲ့လား"

ဗိုလ်နန္ဒက ပြန်မေးလိုက်သည်။

"သေချာပါတယ်၊ ကျွန်တော်ကိုယ်တိုင် သစ်ပင်ထိပ်ဖျားကတက်ကြည့်တော့ ပုရွက်ဆိတ်တွေ တွင်းထဲက ထွက်လာတာကျနေတာပဲ"



"ဒီအတိုင်းသာမှန်ရင် သုမန ကိုယ်တိုင် ပါလာလိမ့်မယ် ထင်တယ်၊ ကဲ ... ဒါဖြင့် မင်းနေရာ မင်းပြန်ပြီး အားလုံး အသင့်ပြင်ထားကြဖို့ အမိန့်ပေးလိုက်၊ ပြီးတော့ ကျော်ဇေယျကို စေတုတ္တရာမြို့ကို ချက်ချင်းသွားပြီး သတ်တော်ရှည် အမတ်ကြီး ဦးပန်းဝါဆီမှာ စစ်ကူတောင်းဖို့ ဆရာက အမိန့်ပေးလိုက်တယ်လို့ ပြောလိုက်၊ အာဠာဝကကိုပါ တစ်ပါတည်း ပြန်ခေါ်လာခဲ့ဆေ"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

မြင်းစေကျော်သည် ပြောပြောဆိုဆို မြင်းကို ဒုန်းစိုင်းပြီး ပြန်ထွက်သွားပေသည်။

မြင်းစေကျော် ထွက်သွားသောအခါ ဗိုလ်နန္ဒသည် စန္ဒာဒေဝီဘုရင်မအား နှုတ်ဆက်ရန် သစ်ပင်ရိပ်သို့ ချဉ်းကပ်လာပေသည်။

"ဘုရင်မနှင့်တကွ စေတုတ္တရာ နိုင်ငံတော်အတွက် အသက်ပေးပြီး ကာကွယ်ဖို့ ကျွန်တော် ယခုပင် ထွက်ခွာသွားရပါမည်၊ ဘုရင်မနှင့် စေတုတ္တရာ နိုင်ငံတော်အတွက် ကျွန်တော် တာဝန်ထမ်းရွက်နေချိန်မှာ ဘုရင်မရဲ့ လုံခြုံရေးအတွက် ကျွန်တော်ရဲ့ လက်ရုံးတစ်ဆူဖြစ်တဲ့ နေမျိုးနဲ့ လက်ရွေးစင် ငါးဦးကို ဘုရင်မအနီးမှာ ထားခဲ့ပါမည်၊ ဘုရင်မဤနေရာတွင် ငြိမ်းချမ်းစွာ စံစားပြီး ခေတ္တနေရစ်ပါ၊ မည်သည့်အကြောင်းထိရှုပင် ဖြစ်စေကာမူ ဤချိုင့်ဝှမ်းကြီး အတွင်းမှ မထွက်ပါနှင့်"

ဗိုလ်နန္ဒသည် စန္ဒာဒေဝီ ဘုရင်မအား နှုတ်ခွန်းဆက်ရင်း မှာစရာရှိသမျှ မှာကြား၍နေပေသည်။

"ဒီမှာ မောင်ရှုပ၊ ဘုရင်မနှင့်တကွ စေတုတ္တရာ နိုင်ငံတော်အတွက် မောင်ရှုပသာမက မောင်ရှုပကို ဆရာတစ်ဆူလို အားကိုးအားထား ပြုနေကြတဲ့ တောတွင်းသား အပေါင်းတို့ဟာ ယခုလို အသက်ပေးပြီး ကာကွယ်ကြဖို့ လက်မနှေးကြတာကို ဘုရင်မကိုယ်တိုင် တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာအားရ ဖြစ်ပါတယ်။ ဘုရင်မရဲ့ ကျေးဇူးခံ ကျေးဇူးစား မဟုတ်တဲ့ မောင်ရှပရဲ့ တပည့်တွေက ဆုလာဘ်ကို လုံးဝ မမျှော်ကိုးဘဲ ဘုရင်မရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်နေတာကို ဘုရင်မ ဒီနေရာကနေပြီး လက်ပိုက်ကြည့်နေရင် တရားပါ့မလား၊ ဘုရင်မ ကိုယ်တော်တိုင် မောင်ရှပတို့နဲ့ အတူလိုက်ပြီး ရှေ့ဆုံးကဝင်ပြီး တိုက်ခိုက်ရမှ ဘုရင်မ ကျေနပ်နိုင်မယ်"

စန္ဒာဒေဝီ ဘုရင်မက စိတ်လိုက်မာန်ပါ ပြောလိုက်သည်။

"အင်း ... ဒီလိုဖြစ်လိမ့်မယ်လို့ အထင်သားပဲ၊ ဒါပေမဲ့ ဘုရင်မကိုတော့ဖြင့် ဘယ်နည်းနဲ့မှ စစ်တလင်းကို လိုက်ခွင့်မပြုနိုင်ဘူး"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"လိုက်ခွင့်ပြုမှ လိုက်ရတော့မှာလား၊ ဘုရင်မရဲ့စိတ်ကိုလည်း သိတယ်မဟုတ်လား၊ ဘုရင်မအတွက် ဘုရင်မနဲ့ ဘာမှမဆိုင်တဲ့လူတွေတောင် အသေခံရဲရင် ဘုရင်မကော ဘာဖြစ်လို့ အသေမခံဝံ့ရမှာလဲ ... ဘုရင်မကို မတားနဲ့ လိုက်မယ်"

စန္ဒာဒေဝီ ဘုရင်မက ဒေါနှင့်မောနှင့် ပြန်ပြောလိုက်သည်။

"ကောင်းကောင်းမွန်မွန် တားလို့မရရင် ရတဲ့နည်းနဲ့ တားရမှာပေါ့ ... နေမျိုး ... ဒီကိုလာစမ်း၊ မင်းလူ ၅ ယောက်ပါ ခေါ်ခဲ့"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်ရာ နေမျိုးနှင့် လက်ရွေးစင် ငါးဦးသည် ဗိုလ်နန္ဒနှင့် ဘုရင်မ အနီးသို့ ချဉ်းကပ်လာပေသည်။

"တပည့် .. ယောဒီ စစ်သည်တော်ဟာ တခြားမဟုတ် .. စေတုတ္တရာနိုင်ငံတော် စန္ဒာဒေဝီ ဘုရင်မနဲ့ သွေးရင်းသားရင်း တော်စပ်တဲ့ သူရိယကုမ္မာ အမည်ရှိတဲ့ စစ်သည်တော်တစ်ဦး ဖြစ်တယ်၊ တိုက်ပွဲမှာ ကိုယ်တိုင် ပါဝင်ဆင်နွှဲချင်တဲ့ စိတ်ဆန္ဒလည်း ပြင်းပြနေတယ်၊ ဒါပေမဲ့ ဘုရင်မ ကိုယ်တိုင်က သူရိယကုမ္မာကို သေးမသိရန်မခအောင် စောင့်ရှောက်ဖို့ ဆရာ့ကို တာဝန်ပေးလိုက်တဲ့အတွက် တိုက်ပွဲမှာ ပါဝင်ဆင်နွှဲ



ခွင့် မပြုနိုင်ဘူး၊ သူရိယကုမ္မာကို တပည့်တို့ လက်ထဲမှာ အပ်နှံထားခဲ့မယ် ... ဆရာ့နောက်ကို သူ မလိုက်နိုင်အောင် တပည့်တို့က တားဆီးထားရမယ်၊ ကဲ ... နေမျိုး ... သူရိယကုမ္မာရဲ့ မြင်းဇက်ကြိုးကို ဆွဲထားစမ်း"

ဗိုလ်နန္ဒသည် အမိန့်ပေးလိုက်ရာ နေမျိုးသည် ဘုရင်မ စီးနင်းထားသည့် မြင်း၏ဇက်ကြိုးကို ဝင်ဆွဲထားလိုက်သည်။ ကျန် တောတွင်းသား ၅ ဦးမှာလည်း ဘုရင်မအား ဘေးမှ ဝိုင်းရံထားလိုက်သည်။ ဘုရင်မမှာမူ လေးဖက်လေးတန် ဝိုင်းရံထားသဖြင့် နေရာမှ မရွေ့နိုင်ဘဲ ဗိုလ်နန္ဒကိုသာ မျက်မှောင်ကြုတ်ပြီး ကြည့်နေပေသည်။

"ကဲ ... သူရိယကုမ္မာ ... ကျွန်တော် သွားမယ်၊ ကျွန်တော်တို့ရဲ့ အကြံအစည် အောင်ပါစေလို့သာ ဒီနေရာက ဆုတောင်းပြီး နေရစ်ပါ၊ မတော်တဆ ကျွန်တော် မပြန်တဲ့လမ်းကို သွားပြီဆိုတဲ့ သတင်းများကြားရင် ငရှုပဟာ စန္ဒာဒေဝီ ဘုရင်မကြီးနဲ့ စေတုတ္တရာ နိုင်ငံတော်အတွက် အသက်ပေးပြီး ကာကွယ်ဖို့ အသင့်ရှိတယ်လို့ ပြောခဲ့တဲ့ စကားတွေကို လက်တွေ့ပြသွားပြီဖြစ်ကြောင်း ဘုရင်မရဲ့ ရွှေနားတော်ကြားအောင် လျှောက်ထား သံတော်ဦးတင်ရစ်ပါတော့ ... ကဲ ... သွားပြီ"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို ဖောင်းဝတ်ရောင် မြင်းလိမ္မာကြီးကို ကြိမ်တို့ပြီး ချာခနဲ လှည့်ထွက်သွားပေသည်။ မိမိအား ဗိုလ်နန္ဒနောက်သို့ မလိုက်နိုင်အောင် တားဆီးထားခြင်းကို ခံရသဖြင့် စိတ်ထဲတွင် မခံမရပ်နိုင်အောင် ဖြစ်နေသော စန္ဒာဒေဝီ ဘုရင်မသည် မိမိနှင့် စေတုတ္တရာ နိုင်ငံတော်အပေါ်တွင် ဗိုလ်နန္ဒ ထားရှိသော စေတနာကို တစိမ့်စိမ့် စဉ်းစားမိပြီး မိမိ၏စိတ်ကိုပင် မိမိ မထိန်းနိုင်တော့ဘဲ ဗိုလ်နန္ဒ သွားရာသို့ လှမ်းမျှော်ကြည့်နေသည့် မျက်စိအစုံမှ ပုလဲပေါက် သဏ္ဌာန် မျက်ရည်ဥများသည် တစ်ပေါက်ပြီးတစ်ပေါက် ပါးပြင်ဆီသို့ လိမ့်ပြီး ကျလာပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေမျိုး ... မြင်းဇက်ကြိုးကို ကိုင်မထားပါနဲ့ လွှတ်လိုက်ပါ..."

"ဘယ်ကို သွားချင်လို့လဲ ... သွားချင်တဲ့နေရာကို ပြောပြပါ၊ မြင်းဇက်ကြိုးကိုတော့ လွှတ်လို့မဖြစ်ဘူး"

နေမျိုးက ပြန်မေးလိုက်သည်။

"မင်းတို့ဆရာနောက်ကို လိုက်သွားချင်တယ်"

"ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဆရာ့အမိန့်ကို မလွန်ဆန်ဝံ့ဘူး"

နေမျိုးက ပြန်ပြောလိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် စိတ်ထဲတွင် မခံချိမခံသာ ဖြစ်သွားပြန်သည်။

"မင်းဆရာနောက်ကို မလိုက်ရဘူးဆိုရင် တိုက်ပွဲကို မြင်နိုင်လောက်တဲ့ နေရာကို လိုက်ပို့ပေးစမ်းပါ၊ တိုက်ပွဲမှာ ကိုယ်တိုင် မပါရတောင်မှ ခပ်လှမ်းလှမ်းက မြင်ရရင် ကျေနပ်ပါပြီ"

စန္ဒာဒေဝီ ဘုရင်မသည် နေမျိုးအား တောင်းပန်တိုးလျှိုးသည့် လေသံဖြင့် ပြောလိုက်ရာ နေမျိုးသည် ဘုရင်မအပေါ်တွင် ကရုဏာသက်၍သွားပေသည်။

"တိုက်ပွဲကို ကြည့်ချင်ရင်တော့ စိတ်ချရတဲ့ နေရာကနေပြီး ကြည့်နိုင်အောင် ကျွန်တော် လိုက်ပို့ပေးပါ့မယ် ... ကျွန်တော်လည်း ကိုယ်တိုင် တိုက်ပွဲဝင်ခွင့် မရပေမယ့် တိုက်ပွဲကိုတော့ဖြင့် ကြည့်ချင်သေးတယ် ... ကဲ ... လာ"

နေမျိုးသည် စန္ဒာဒေဝီ ဘုရင်မအား ရဲဆော်ငါးဦး ခြံရံစေလျက် မြင့်မားသည့် တောင်ကမ်းပါးပေါ်သို့ တဖြည်းဖြည်း တက်လာကြပြီးလျှင် ထိုမှတစ်ဆင့် ကျဉ်းမြောင်းသည့် တောင်ကြားလမ်းအတိုင်း လာခဲ့ကြပေသည်။ တောင်ကြားလမ်း အလွန်သို့ ရောက်သောအခါ သစ်ပင်ကြီးများ အုပ်ဆိုင်းလျက်ရှိသည့် တောတန်းသို့ ရောက်ရှိလာပေသည်။

ထိုတောတန်းမှတစ်ဆင့် လှမ်းမျှော်ကြည့်လိုက်သောအခါ ရွာ



သာယာ ရွာကလေးမှ မီးရောင်များကို မှိတ်တုတ် မှိတ်တုတ်နှင့် မြင်ရပေသည်။ ရွာသာယာရွာကလေး၏ အနောက်ဘက်တွင် မြင့်မားသော သေလာဂီရိ တောင်တန်းသည် ရွာသာယာ ရွာကလေးအား မိုး၍နေသည်ကိုလည်း မြင်ရပေသည်။

နေမျိုးသည် ဘုရင်မအား တောင်တန်းမှတစ်ဆင့် သေလာဂီရိ တောင်ခြေရင်းရှိ ရေကန်ကြီးမှ စီးဆင်းလာသည့် စမ်းချောင်းကလေးရှိရာသို့ သစ်ပင်ကြီးများ အကာအကွယ်ယူကာ တဖြည်းဖြည်း ခေါ်ဆောင်လာပြီးလျှင် တောင်ကမူကလေး တစ်ခုပေါ်သို့ ရောက်သောအခါ အကာအကွယ် ကောင်းသော နေရာတစ်နေရာကိုရွေးပြီး ဘုရင်မအား နေရာချထားပေးလိုက်ပေသည်။

လေငြိမ်သောည ဖြစ်သဖြင့် သစ်ရွက်များ လှုပ်ရှားသံပင် မကြားရဘဲ တစ်တောလုံး တိတ်ဆိတ်လျက် ရှိပေသည်။ သေလာဂီရိတောင်နှင့် ရွာသာယာ ရွာကလေး အကြားတွင် တသွင်သွင် စီးဆင်းလျက်ရှိသော စမ်းချောင်းကလေးကိုလည်း တဖွေးဖွေးနှင့် တရေးရေး မြင်ရပေသည်။ သို့ရာတွင် လှုပ်ရှားခြင်း ဟူ၍ လုံးဝ မတွေ့မြင်ရပေ။

စန္ဒာဒေဝီ ဘုရင်မသည် ရွာသာယာ ရွာကလေးဆီသို့ လှမ်းမျှော်ကြည့်လိုက်၊ သုခန၏ စစ်သည်တော်များ ချီတက်လာကြမည်ဟု ခန့်မှန်းရသော စမ်းချောင်းကလေးဆီသို့ လှမ်းမျှော်ကြည့်လိုက်နှင့် မကြာမီ တွေ့မြင်ရတော့မည့် တိုက်ပွဲကို စောင့်ကြိုရင်း အသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုနှင့် ဖြစ်၍နေပေသည်။ ဗိုလ်နန္ဒတို့လူစု အောင်ပန်းဆွတ်ခူးနိုင်ပါစေ ဟူ၍လည်း စိတ်ထဲတွင် ကြိတ်ပြီး ဆုတောင်း၍နေပေသည်။

မကြာမီ ခပ်လှမ်းလှမ်းရှိ လက်ခေါက်မှုတ်သံလိုလို၊ ငှက်အော်သံလိုလို ကြားလိုက်ရပြီး သစ်ရွက်သစ်ခက်များ လှုပ်ရှားသံကို ကြားရပေသည်။ ထို့နောက်တစ်ဖန် တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေရာမှ သေလာဂီရိ တောင်ခြေရင်းဆီမှ မြင်းခွာသံများကို ကြားရပြန်သဖြင့် စန္ဒာဒေဝီ ဘုရင်မသည် နားစွင့်ပြီး နေပေသည်။

မြင်းခွာသံများသည် တဖြည်းဖြည်း နီးသည်ထက် နီးလာပြီး သေလာဂီရိတောင်နှင့် ရွာသာယာရွာကလေးကြားရှိ စမ်းချောင်းကလေး၏ တစ်ဖက်ကမ်းတွင် မည်းမည်း မည်းမည်းနှင့် သဏ္ဌာန်များကို တွေ့မြင်ရပေရာ သုမနေ၏ စစ်သည်တော်များ ချီတက်လာပြီဖြစ်ကြောင်း စန္ဒာဒေဝီ ဘုရင်မသည် ကောင်းစွာ နလုံးပိုက်မိသဖြင့် အသက်ပင် မှန်အောင် မရှူနိုင်ဘဲ မည်းမည်းသဏ္ဌာန်များကိုသာ မျက်ခြည်မပြတ် စိုက်ကြည့်နေမိပေသည်။

မြင်းစီး စစ်သည်တော်များသည် စမ်းချောင်းကလေးရှိရာသို့ ဦးတည်ပြီး လာခဲ့ကြရာမှ မကြာမီ စမ်းချောင်းကလေး၏ တစ်ဖက်ကမ်းသို့ ရောက်ရှိလာကြပေသည်။ ထိုနေရာတွင် ခေတ္တမျှ ရပ်နားပြီး စမ်းချောင်းကို ဖြတ်ကူးရန် ရေတိမ်သည့်နေရာမှ ဆင်း၍လာကြသည်ကို တွေ့ရပေသည်။

စမ်းချောင်း၏အလယ်သို့ မြင်းစီး စစ်သည်တော်များ၏တပ်ဦး ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ကျော်စွာ၏ စူးရှထက်မြက်စွာ အမိန့်ပေးလိုက်သည့်အသံကို ကြားရပြီး ... သစ်ပင်ကြီးများပေါ်တွင် ပုန်းအောင်းနေသော တောတွင်းသား လေးသည်တော်များသည် လည်းကောင်း၊ ချုံပုတ်များကို အကာအကွယ်ယူကာ အသင့်စောင့်နေကြသော ကျော်စွာ၏ လက်ရွေးစင် လေးသည်တော်များသည် လည်းကောင်း တစ်ဦးလျှင် မြားသုံးစင်းစီ ပြိုင်တူပစ်လွှတ်လိုက်ရာ ရှီခနဲ ... ရှီခနဲ မြည်သွားသည့် အသံများမှာ တစ်တောလုံး ဆူညံသွားပေသည်။

စမ်းချောင်း၏ အလယ်သို့ ရောက်ရှိလာသော သုမနေ၏ စစ်သည်တော်များမှာ ရုတ်တရက် မမျှော်လင့်ဘဲ အငိုက်မိသွားသဖြင့် မြင်းပေါ်မှ



လိမ့်ကျသူကျ၊ နောက်ပြန်ဆုတ်သူဆုတ်၊ ဒဏ်ရာရသူရ၊ သေသူသေနှင့် ဖရိုဖရဲ ဖြစ်နေပေသည်။

ထိုအချိန်တွင် ကျော်ဇေယျ၏ ခရုသင်းသံကို စူးစူးဝါးဝါး ကြားလိုက်ရပြီး စမ်းချောင်းကလေး၏ တစ်ဖက်ကမ်းတွင် ပုန်းကွယ်နေသော တောတွင်းသားများသည် နောက်သို့ပြန်ဆုတ်လာသော သုမနေ၏ စစ်သည်တော်များကို သစ်ပင်များပေါ်မှ လည်းကောင်း၊ ချုံပုတ်များကြားမှ လည်းကောင်း တစ်ဦးလျှင် မြားသုံးစင်းစီ တစ်ပြိုင်တည်း ပစ်ခတ်လိုက်ကြပြန်ရာ တောတွင်းသားများ၏ မြားများမှာ မိုးသီးမိုးပေါက်ပမာ သုမနေ ဘက်တော်သားများကြားသို့ ကျဆင်းကာ ရှေ့မတိုးသာ နောက်မဆုတ်သာဘဲ အသက်ရှူပေါက်မရှိအောင် ဖြစ်သွားပေသည်။

ထိုအချိန်တွင် ဝဲနှင့်ယာမှ အသင့်စောင့်နေကြသော ဗိုလ်နန္ဒနှင့် မောင်သုတတို့သည် ဓားကိုင်တပ်နှင့် လှံကိုင်တပ်ကို အသီးသီး ဦးစီးကာ ပြေးပေါက်ရှာ၍မတွေ့ဘဲ အကျပ်အတည်း တွေ့နေရသည့် သုမနေ ဘက်တော်သားများအား အတင်းဝင်ပြီး အနီးကပ် တိုက်ပွဲဆင်နွှဲလိုက်ပေရာ သုမနေ ဘက်တော်သားများမှာ အတုံးအရုံး ကျဆုံးကုန်သည်သာမက ကျန်စစ်သည်တော်များမှာလည်း ဖရိုဖရဲ ဖြစ်၍သွားပေသည်။

ထိုအခိုက်တွင် ကျော်စွာနှင့် ကျော်ဇေယျတို့ ဦးစီးသည့် လေးသည်တော်များသည် လေးများကို ပခုံးတွင်ချိတ်ပြီး သစ်ပင်ကြီးများပေါ်မှ ဆင်းလာကာ ဓားကိုယ်စီဖြင့် ဗိုလ်နန္ဒနှင့် မောင်သုတ၏ စစ်သည်တော်များထံ စစ်ကူရောက်လာကာ ရန်သူများအား အတင်းတရကြမ်း ဝင်၍ တိုက်ခိုက်လျက် ရှိပေရာ၊ ရန်သူတို့မှာ ပြန်လည်ခုခံရန် မစွမ်းနိုင်တော့ဘဲ ခြေဦးတည့်ရာသို့ ကစဉ့်ကရဲ ထွက်ပြေးသွားရပေသည်။ ကျော်စွာနှင့် ကျော်ဇေယျ၏ တပည့်များမှာလည်း ထွက်ပြေးသူများ နောက်မှ ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်လျက် ရှိပေသည်။

တောတောက တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော တောတန်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



လုံးမှာလည်း မြင်းခွာသံ၊ မားချင်းခုတ်သည့်အသံ၊ ညာသံပေးပြီး တိုက်ခိုက်သည့် အသံများအပြင် ထိခိုက်ဒဏ်ရာရသူများ၏ ငယ်သံပါအောင် အော်ဟစ်သည့် အသံများကိုပါ ကြောက်ခမန်းလိလိ ကြားရပေသည်။

နေမျိုးနှင့် အဖော်ငါးဦးမှာလည်း မိမိကိုယ်တိုင် တိုက်ပွဲဝင်ခွင့်မရသော်လည်း မိမိတို့၏ ဘက်တော်သားများ တိုက်ပွဲဝင်ပုံကို ခပ်လှမ်းလှမ်းမှ ကြည့်ရှုရင်း ဗိုလ်နန္ဒ၏ အစီအစဉ်အရ အောင်ပွဲများခံနေရသည်ကို တွေ့မြင်ရသောအခါ အလိုလို အားတက်လျက်ရှိပြီး တိုက်ပွဲတွင်းသာ စိတ်ဝင်စား၍နေပေသည်။

ထိုအခိုက်တွင် အလစ်ကို စောင့်နေသော စန္ဒာဒေဝီ ဘုရင်မသည် မိမိအား စောင့်ကြပ်နေသည့် နေမျိုးနှင့် အဖော် ၅ ဦး တိုက်ပွဲတွင် အာရုံစိုက်နေစဉ် မိမိ စီးနင်းလာသည့် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီး မြင်းကို ကြိမ်တို့ကာ တိုက်ပွဲဖြစ်နေသော နေရာသို့ ဒုန်းစိုင်းပြီး ပြေးသွားပေသည်။

နေမျိုးနှင့် အဖော် ၅ ဦးမှာမူ ဘုရင်မနောက်မှ ပြေးလိုက်သွားသော်လည်း ဘုရင်မက အကြံဦးသွားသဖြင့် ဘုရင်မအား မီအောင်မလိုက်နိုင်ဘဲ နောက်မှ တတန်းတန်းပါ၍ သွားပေသည်။

* * *

## အခန်း–၂၉

ဗိုလ်နန္ဒသည် နဖူးမှ ချွေးများကို သုတ်ပစ်လိုက်ပြီးလျှင် ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်သည်။ စမ်းချောင်းကလေး၏ ကြည်လင်သော ရေများမှာ သွေးခြင်းခြင်းနီနေသည်ကို တွေ့ရပြီး စမ်းချောင်းကလေး တစ်ဝိုက်ရှိ စိမ်းလန်းစိုပြည်သော မြက်ပင်များမှာလည်း သွေးစွန်းသွေးကွက်ကြီးများ စွန်းထင်းလျက်ရှိသည်ကို တွေ့ရပေသည်။

အနီးအနား ပတ်ဝန်းကျင်တွင်လည်း ရင်ဝတွင် မြားစိုက်ပြီး သေဆုံးနေသူများကို ဟိုနေရာ တစ်ယောက်၊ ဒီနေရာ တစ်ယောက်ဆိုသလို ပြန့်ကျဲ၍နေသည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒသည် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

ဤနေရာသည် ရန်သူများ နောက်ဆုံး ခုခံသည့်အနေဖြင့် အစွမ်းကုန် ခုခံပြီး ထွက်ပြေးသည့်နေရာ ဖြစ်သဖြင့် အကျအရှုံး အများဆုံးသောနေရာ ဖြစ်ပေသည်။

ခပ်လှမ်းလှမ်းတွင်မူ တောတွင်းသားများ ညာသံပေးပြီး ရန်သူများနောက်သို့ လိုက်လံတိုက်ခိုက်နေသည့်အသံများကို ရံဖန်ရံခါ ကြားရသည်မှအပ တစ်တောလုံး တိတ်ဆိတ်လျက် ရှိပေသည်။ ရန်သူများမှာမူ ဗိုလ်နန္ဒ၏ လေးဖက်လေးတန် တိုက်ခိုက်သည့် အစီပရိယာယ်ဒဏ်ကို မခံနိုင်ဘဲ စစ်တလင်းတွင် အမြောက်အမြား ကျရှုံးကာ ကျန်စစ်သည်တော်များမှာလည်း ခြေဦးတည့်ရာသို့ ဖရိုဖရဲ ကစဉ့်ကရဲ ထွက်

www.burmeseclassic.com



ပြေးကြပြီ ဖြစ်သဖြင့် ဗိုလ်နန္ဒသည် အောင်ပွဲရ စစ်သူကြီးပမာ စစ်တလင်းကို လေ့လာသုံးသပ်နေခြင်း ဖြစ်ပေသည်။

မကြာမီ ရန်သူများနောက်သို့ လိုက်လံတိုက်ခိုက်လျက်ရှိသော ဗိုလ်နန္ဒ၏ ဘက်တော်သားများသည် တဖြည်းဖြည်း ပြန်လည် ရောက်ရှိလာကြပေသည်။ တောတွင်းသားများမှာလည်း မိမိတို့ဘက်မှ အကျအဆုံး နည်းစွာဖြင့် အောင်ပွဲကြီး ခံယူနိုင်သဖြင့် ရွှင်ပျသောမျက်နှာဖြင့် ဗိုလ်နန္ဒ အနီးသို့ ချဉ်းကပ်လာကြပေသည်။ ဒဏ်ရာရလာသူများပင်လျှင် ဒဏ်ရာကို ဂရုမစိုက်နိုင်ဘဲ နှုတ်ပေါက်ပြေးလွှားပြီး လာနေကြသည်ကို တွေ့ရပေသည်။

ဗိုလ်နန္ဒသည် မိမိ ဘက်တော်သားများကို စစ်ဆေးကြည့်သောအခါ စုစုပေါင်း ၁၉ ယောက် ကျဆုံးပြီး ဒဏ်ရာရသူ ၁၄ ယောက် ရှိသည်ကို တွေ့ရပေရာ ဒဏ်ရာရသူများအား ဆေးဝါးကုသရန် အင်ကြင်းမြိုင်တောသို့ အမြန်ဆုံး ယူဆောင်သွားရန် အမိန့်ပေးလိုက်ပေသည်။

"တို့ဘက်က ၁၉ ယောက်လောက် ကျဆုံးတာပဲ၊ ဆရာက ဒါလောက်လောက် ကျဆုံးလိမ့်မယ် မထင်ဘူး ... သူတို့ဘက်ကတော့ ဘယ်လောက် ကျဆုံးသလဲ"

ဗိုလ်နန္ဒက မေးလိုက်သည်။

"တိတိကျကျတော့ မပြောနိုင်ဘူး ... ဒါပေမဲ့ ခန့်မှန်းခြေအရ ဆိုရင် သူတို့ဘက်က အနည်းဆုံး ၁၅၀ လောက်တော့ ကျဆုံးလိမ့်မယ်လို့ ခန့်မှန်းရတာပဲ၊ ကျွန်တော်တို့ ဒီနေရာက စောင့်နေတာကို သူတို့ မသိဘဲ ခပ်အေးအေး လာနေတုန်း ကျွန်တော်တို့က လျှပ်တစ်ပြက်နည်းနဲ့ တိုက်ထုတ်လိုက်တဲ့အတွက် အတော်ကလေး အကျနာသွားတယ်၊ ကျန်တဲ့လူတွေလည်း ဖရိုဖရဲဖြစ်ပြီး စိတ်ဓာတ်ကျဆင်းကုန်ကြတဲ့အတွက် သူတို့လူတွေ လူပြန်စုတောင် သိပ်လွယ်မယ် မထင်ဘူး"



ကျော်စွာက ပြန်ပြောလိုက်သည်။

ထိုအခိုက်တွင် ဓားကိုင်တပ်များကို ခေါင်းဆောင်သော ဗိုလ်မှူးကလေး မောင်သုတသည် ဗိုလ်နန္ဒ အနီးသို့ ရောက်ရှိလာပေသည်။

"ဆရာနန္ဒ ... ဆရာနန္ဒ ဘာမှမဖြစ်ဘူးနော် ... ကျွန်တော်ဖြင့် စီးချင်းတိုက်ပွဲမှာ ဆရာနန္ဒ ကိုယ်တိုင် ရှေ့ဆုံးကနေပြီး သုခနေ ဘက်တော်သားတွေကို အတင်း ဝင်တိုက်နေတာကို မြင်တော့ ဆရာ့အတွက် စိုးရိမ်မိသေးတယ် ... ဆရာ့ကို ခုလိုတွေ့ရတာ သိပ်ဝမ်းသာတာပဲ"

မောင်သုတက ဗိုလ်နန္ဒအား နှုတ်ခွန်းဆက်လိုက်သည်။

"ဆရာကလည်း စစ်ပွဲ မြန်မြန်ပြီးပါစေတော့ဆိုပြီး ဆရာကိုယ်တိုင် ရှေ့ဆုံးက ခေါင်းဆောင်ပြီး စွန့်စွန့်စားစား တိုက်ခိုက်တာပဲ — ဒါကြောင့်လည်း အချိန်တိုတိုနဲ့ စစ်ပွဲတစ်ပွဲ ပြီးဆုံးသွားတယ် မဟုတ်လား"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဆရာရဲ့ စစ်ပရိယာယ်က သိပ်ပြီး ထိရောက်တာပဲ၊ သူတို့တစ်တွေ ဘာလုပ်ရမှန်း မသိဘဲ ဖရိုဖရဲ ကစဉ့်ကရဲ ဖြစ်ကုန်တာပဲ — ကျွန်တော် စိတ်အထင်ဖြင့် သူတို့ဘက်က ဆယ်ပုံတစ်ပုံတောင် သူတို့ရဲ့ စခန်းကို ပြန်ရောက်ဖို့ မလွယ်ဘူးထင်တယ်၊ ခုလို ကျွန်တော်တို့ အောင်ပွဲရလိုက်တာကို ကျွန်တော်ဖြင့် သိပ်ပြီး ဝမ်းသာတာပဲ၊ ဒီသတင်းကိုသာ ဘုရင်မ ကြားရင် ဆရာ့ကို သိပ်ကျေးဇူးတင်မှာပဲ၊ ပြီးတော့ ကျွန်တော့်အပေါ်မှာ အထင်လွဲနေတာတွေပါ ပပျောက်သွားပြီး ဘုရင်မရဲ့ လက်ရွေးတော် မယ်သစ္စာနဲ့ လက်ဆက်ဖို့ ကြည်ကြည်ဖြူဖြူ ခွင့်ပြုလိမ့်မယ်လို့ ထင်တာပဲ၊ ဆရာကော ဘယ်လိုထင်သလဲ"

"ဒီသတင်း ကြားရရင် စန္ဒာဒေဝီ ဘုရင်မက မောင်သုတအပေါ်မှာ ခွင့်လွှတ်မှာပါ၊ မယ်သစ္စာနဲ့ နီးရဖို့လည်း သေချာပါတယ်၊ ဒီအတွက် ပူပန်မနေစမ်းပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒါဖြင့် လာလေ ... ကျွန်တော်တို့ အောင်ပွဲရတဲ့အကြောင်း ဘုရင်မကို သံတော်ဦးတင်ကြစို့လား"

ပြောပြောဆိုဆို ဗိုလ်မှူးကလေး မောင်သုတသည် ဗိုလ်နန္ဒကို အဝါခေါ်ပြီး တဖြည်းဖြည်း လာခဲ့ပေသည်။

စစ်တလင်းမှ တဖြည်းဖြည်း ထွက်ခွာလာရင်း ဗိုလ်နန္ဒသည် လူသေအလောင်းများကိုမြင်တိုင်း မကြည်သာသော မျက်နှာဖြင့် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

"ဆရာနန္ဒ ဘာဖြစ်လို့ ခဏခဏ သက်ပြင်းချနေရတာလဲ၊ ဆရာ ဒဏ်ရာရခဲ့လို့လား"

ဗိုလ်မှူးကလေး မောင်သုတက မေးလိုက်သည်။

"ဆရာ ဘာမှမဖြစ်ပါဘူး၊ သေတဲ့လူတွေကိုကြည့်ပြီး စိတ်မချမ်းသာလို့ပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒီအတွက်တော့ စိတ်မချမ်းမသာ မဖြစ်ပါနဲ့၊ သေတဲ့လူတွေထဲမှာ ကျွန်တော်တို့လူတွေက နည်းပါတယ်၊ ရန်သူတွေက ပိုပြီး များပါတယ်"

"ဆရာတို့ဘက်ကလည်း လူတွေပဲ၊ သူတို့ဘက်ကလည်း လူတွေပဲ၊ လူလူချင်း လူစိတ်ကင်းပြီး သတ်ကြ ဖြတ်ကြလို့ လူတွေရဲ့ အသက်ပေါင်းများစွာ အလဟဿ ဆုံးရှုံးရတာကိုသာ စဉ်းစားမိလို့ ဆရာ စိတ်မကောင်း ဖြစ်မိတာပါ"

ဗိုလ်နန္ဒသည် တစ်ယောက်တည်း ညည်းညူလိုက်သည်။

"ဆရာက စစ်ကို မုန်းနေပြန်ပြီလား၊ ကျွန်တော်တို့က စစ်တိုက်ချင်လို့ တိုက်ရတာမှ မဟုတ်ဘဲ၊ သူတို့ဘက်က ရန်စပြီး ရွာကိုမီးရှို့ဖို့ ကြံစည်လို့ တားဆီးရတဲ့ဥစ္စာပဲ"



မောင်သုတက ပြန်ပြောလိုက်သည်။

"မောင်သုတဘက်ကနေပြီး ကြည့်ရင်တော့ ဒီအတိုင်း မှန်တာပေါ့၊ ရန်သူဘက်က ကြည့်ရင်လည်း သူတို့ယုံကြည်ချက်နဲ့ သူတို့ တိုက်ကြတာပဲ မဟုတ်လား၊ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် လက်နက်ကိုင် မပြုဘဲ ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းရင်ကော မပြီးနိုင်ဘူးလား။ လောဘ၊ ဒေါသ၊ မာန တရားတွေ ဖုံးလွှမ်းနေကြတဲ့အတွက် လူလူချင်း လူစိတ်ကင်းပြီး သတ်ကြ၊ ဖြတ်ကြတဲ့ စစ်ပွဲနဲ့ ဖြေရှင်းနေကြတာဟာ အင်မတန် မှားယွင်းတဲ့ လမ်းစဉ်ပဲ၊ ဆရာဖြင့် စစ်ကို တကယ်မုန်းတာပဲ"

"စစ်ကို တကယ်မုန်းတယ်သာဆိုတယ်၊ ဆရာက ရှေ့ဆုံးက နေပြီး သဲသဲမဲမဲ တိုက်ခိုက်နေတာပဲ မဟုတ်လား"

"စစ်ကိုမုန်းလို့ မြန်မြန်ပြီးပါစေတော့ ဆိုပြီး သူသေသေ ကိုယ်သေသေ ရှေ့ဆုံးကဝင်ပြီး တိုက်နေတာပါ။ ပြီးတော့ ခုလိုမှ ဆရာတို့ မတိုက်ရင် အပြစ်မရှိတဲ့ ရွာသူရွာသားတွေနဲ့ ကလေး မိန်းမတွေအားလုံး ဒုက္ခရောက်ကုန်ကြမယ် မဟုတ်လား၊ ဒါတင်မကသေးဘူး ဒီရွာတလေးကို မီးရှို့ ဖျက်ဆီးနိုင်ရင် စေတုတ္တရာ နိုင်ငံတော်ကိုပါ သိမ်းပိုက်ပြီး အပြစ်မရှိတဲ့လူတွေ အမြောက်အမြား သေကျေ ပျက်စီးကုန်ကြမယ် မဟုတ်လား၊ မိန်းမတွေလည်း အမျိုးမျိုး အစော်ကားခံကြရမယ်၊ ဒါတွေကို ကာကွယ်ဖို့သာ မလွှဲမရှောင်သာလို့ တိုက်ခိုက်ကြရတာပဲ။ ဒါပေမဲ့ ခု သေတဲ့လူတွေကို ကြည့်စမ်း၊ သူတို့တစ်တွေမှာ ဘာအပြစ်ရှိသလဲ၊ မိုက်မဲတဲ့ ခေါင်းဆောင်ရဲ့နောက် လိုက်မှားမိတဲ့အပြစ်ပဲ ရှိတယ် မဟုတ်လား၊ ဒီလူတွေသာ ခေါင်းဆောင်ကောင်းနောက်ကို လိုက်မိရင် ခုလို အသေဆိုးနဲ့ သေကြရမှာ မဟုတ်ဘူး၊ သူတို့ကို သေတွင်းပို့တဲ့ ခေါင်းဆောင်ကတော့ သေတွင်းနဲ့ ဝေးတဲ့နေရာမှာ ပုန်းအောင်းနေတယ် မဟုတ်လား"

ဗိုလ်နန္ဒက မိမိ၏အယူအဆကို ပြန်ပြောရင်း တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြပေရာ သစ်ပင်တစ်ပင်အနီးသို့ ရောက်သောအခါ သစ်ပင်အောက်မှ လူတစ်ယောက်၏ ညည်းညူသံ ကြားရပြီး ရေ ရေ ဟု ရေတောင်းသည့်အသံ ကြားရသဖြင့် ဗိုလ်နန္ဒသည် မြင်းပေါ်မှ ခုန်ဆင်းပြီး ညည်းညူသံ ကြားသည့်နေရာသို့ လာခဲ့ပေသည်။

သစ်ပင်အောက်တွင် စစ်သူကြီး အဝတ်အစားနှင့် လူတစ်ယောက် ဒဏ်ရာနှင့် လဲနေသည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒသည် ထိုသူ၏အနီးသို့ ချဉ်းကပ်သွားပေသည်။

"ရေ ... ရေ ... ရေတစ်ပေါက်လောက် သောက်ပါရစေ"

စစ်သူကြီး အဝတ်အစားနှင့် လူက တစာစာ ရေတောင်း၍ နေပေသည်။

စစ်သူကြီး အဝတ်အစားကို သေချာစွာ ကြည့်လိုက်သောအခါ သုဝဏ္ဏ နိုင်ငံတော်မှ စစ်သူကြီး အဝတ်အစား ဖြစ်နေသည်ကို တွေ့ရပေရာ ဤစစ်သူကြီးမှာ သုမနေ ဘက်တော်သား ကေန်ဖြစ်ရမည်ဟု မောင်သုတစိတ်တွင် တစ်ထစ်ချ မှတ်ယူလိုက်ပေသည်။

"သုမနေဘုရင်ရဲ့ တပည့်မိုက် သေပေတော့"

မောင်သုတသည် ဒဏ်ရာရပြီး လဲနေသော စစ်သူကြီးအား ဓားနှင့် တစ်ချက်တည်းခုတ်ပိုင်းရန် ရွယ်လိုက်ရာ ဗိုလ်နန္ဒသည် မောင်သုတ၏ဓားကို မိမိ၏လှံတံဖြင့် တားထားလိုက်ပေသည်။

"ဆရာနန္ဒ ဘာလုပ်မလို့လဲ၊ ရန်သူကို တစ်ခါတည်း သုတ်သင်ပစ်လိုက်ရင် မကောင်းဘူးလား"

မောင်သုတက မြင်းပေါ်မှ ဆင်းလာရင်း မေးလိုက်သည်။

"ရန်သူပေမယ့် ရန်မမူနိုင်တော့ပါဘူး၊ ရန်မမူနိုင်တဲ့လူကို ရန်ပြုတတ်သူဟာ သတ္တိနည်းရာ ကျမှာပေါ့၊ ပြီးတော့ လူလူချင်း ကြင်နာတဲ့စိတ်လည်း ထားဦးမှပေါ့"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။



"လူလူချင်းပေမယ့် သူက ရန်သူပဲ၊ သုမနေ ဘုရင်ယုတ်ရဲ့ ဘက်တော်သား လူယုတ်မာ အပေါ်မှာ ကြင်နာတရားထားဖို့ မလိုပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ ကိုယ်ချင်းစာတရား ဆိုတာ ရှိကြမှပေါ့၊ ကိုယ်ချင်းစာတရား မရှိရင် လူ့လောကကြီးဟာ တိရစ္ဆာန်လောကလို ဖြစ်သွားပြီး အချင်းချင်း သတ်ဖြတ်လို့ ဆုံးနိုင်မှာ မဟုတ်ဘူး"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို ဒဏ်ရာနှင့် လဲနေသော သုမနေဘက်တော်သား စစ်သူကြီး၏ ဦးခေါင်းကို အသာမ,ပြီး မိမိ၏ ဝတ်ရုံကိုချွတ်ခါ ခေါင်းအုံးသဖွယ် ခေါင်းအောက်မှ ခုပေးလိုက်သည်။

"ရေ ... ရေ ... ရေပေးပါ"

ဒဏ်ရာနှင့်လူက ရေတောင်းလိုက်သည်။

"ကဲ ... မောင်သုတ ... စမ်းချောင်းကိုသွားပြီး ရေကြည်ကြည် တစ်ခွက် ခပ်ခဲ့စမ်းပါ"

ဗိုလ်နန္ဒက အမိန့်ပေးလိုက်သည်။ မောင်သုတသည် ရေခပ်ပေးရ ကောင်းနိုးနိုးနှင့် မခပ်ဘဲနေရကောင်းနိုးနိုး ခေတ္တ တွေဝေ စဉ်းစားနေပြီး ဗိုလ်နန္ဒ၏ အမိန့်အတိုင်း စမ်းချောင်းရှိရာသို့ ထွက်ခွာသွားပေသည်။

ဗိုလ်နန္ဒသည် မြင်းကုန်းနှီးအိတ်တွင် အမြဲတမ်း ယူဆောင်လာလေ့ရှိသည့် ဆေးအိတ်ကို ထုတ်ယူလိုက်ပြီးလျှင် ဒဏ်ရာနှင့် လဲနေသော စစ်သူကြီး၏ဒဏ်ရာကို ဆေးထည့်၍ ပတ်တီးများ စည်းပေးပေသည်။

"ဆရာနန္ဒက သမားတော်ကြီး ကျနေတာပဲ"

ဗိုလ်နန္ဒ၏ အမိန့်အရ ရေခပ်ပြီး ပြန်လာသော မောင်သုတသည် ဗိုလ်နန္ဒ၏ လက်ရာကိုကြည့်ပြီး ချီးကျူးလိုက်သည်။

ဗိုလ်နန္ဒသည် မောင်သုတ၏လက်မှ ရေထည့်ထားသော သံခမောက်ကို လှမ်းယူလိုက်ပြီးလျှင် ဒဏ်ရာရသူ၏ ပါးစပ်ထဲသို့ တစ်စက်

www.burmeseclassic.com

www.burmeseclassic.com



ဓိ တစ်စက်စီ ရေများချပေးလိုက်ရာ ဒဏ်ရာရသူသည် လျှာဖြင့် လျက်ခါ လျက်ခါဖြင့် ရေများသောက်၍နေပေသည်။

"ဆရာ ... ကျွန်တော် ဘုရင်မဆီကို ပြေးပြီး သတင်းပေးချင်လို့ပြီ၊ ဒါမှ ကျွန်တော့်ကို ဘုရင်မက ခွင့်လွှတ်ပြီး မယ်သစ္စာလေးနဲ့ နီးရမှာ"

မောင်သုတသည် မယ်သစ္စာနှင့် တွေ့လိုသည့် စိတ်ဇောဖြင့် ဗိုလ်နန္ဒထံ ခွင့်ပန်လိုက်သည်။

"ဒါလောက်တောင် သွားချင်ရင် သွားလေ ... ဆရာ နောက်မှ လိုက်ခဲ့မယ်"

ဗိုလ်နန္ဒက သာသာကြည်ကြည်နှင့် ခွင့်ပြုလိုက်ရာ မောင်သုတမှာ ဝမ်းသာလုံးဆို့သွားပြီး မြင်းပေါ်သို့ ခုန်တက်ခါ ကဆုန်ပေါက်၍ ပြေးလေတော့သည်။

"မောင်ရင်က ... ဘယ်သူလဲ"

ဒဏ်ရာနှင့် လဲနေသော စစ်သူကြီးသည် အနည်းငယ် သက်သာရာရသည့် အမူအရာဖြင့် ဗိုလ်နန္ဒအား တစ်ချက်လှမ်းကြည့်ပြီး မေးလိုက်သည်။

"ကျွန်တော့်နာမည်က နန္ဒလို့ ခေါ်ပါတယ်"

"အင်း ... မောင်နန္ဒ ... မောင်နန္ဒ ... မောင်ရင်ရဲ့ ကျေးဇူးကို မမေ့ပါဘူး၊ ဒါထက် ကျုပ်ရဲ့ဒဏ်ရာဟာ သေလောက်တဲ့ ဒဏ်ရာလား၊ ကျုပ်တော့ဖြင့် နေရဖို့ထက် သေရဖို့က များနေပြီလို့ ထင်တာပဲ"

စစ်သူကြီးက ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့ သေရမှာလဲ ... စိတ်အားမလျှော့စမ်းပါနဲ့"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"မောင်ရင်က စေတုတ္တရာ ဘုရင်ရဲ့ ဘက်တော်သား မဟုတ်ဘူး



လား၊ စောစောက တိုက်ပွဲမှာ မောင်ရင်ကို ကျုပ် သေသေချာချာ မှတ်မိပါတယ်၊ ကျုပ်နဲ့ ရင်ဆိုင်တိုက်ခဲ့တာဟာ မောင်ရင်ပဲ မဟုတ်လား"

"ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ် ... ကျွန်တော်တော့ သတိမထားမိပါဘူး"

"သတိမထားမိဘူးသာ ဆိုတယ် ... မောင်ရင် တိုက်ပုံခိုက်ပုံက အင်မတန် ကျွမ်းကျင်လိမ္မာတာပဲ၊ ဒါထက် မောင်ရင်ဟာ ကျုပ်ရဲ့ရန်သူဖြစ်ပါလျက် ဘာဖြစ်လို့ ကျုပ်ကို ဂရုစိုက်နေရတာလဲ"

"လူလူချင်း ကြင်နာတဲ့စိတ်နဲ့ ပြုစုနေတာပါ၊ ကျွန်တော်က စစ်ကို သိပ်မုန်းတဲ့ လူတစ်ယောက်ပါ၊ စစ်သူကြီးကိုလည်း သေစေလိုတဲ့ စေတနာ မရှိပါဘူး"

"မောင်ရင်က သေစေလိုတဲ့ စေတနာ မရှိဘူး ဆိုပေမယ့် ကျုပ်တော့ ကြာကြာနေရတော့မယ် မထင်ဘူး၊ မောင်ရင်ရဲ့ ပြုစုသုယာမှုကြောင့် ခုလို စကားပြောနေနိုင်ပေမယ့် ဒဏ်ရာက မသက်သာလှဘူး၊ အင်း ... ကျွတ် ... ကျွတ် ... ဘုရား ... ဘုရား"

စစ်သူကြီးသည် ဘုရားတ,ရင်း ညည်းညူလိုက်သည်။ မျက်နှာမှာလည်း သေရမည့်ဘေးကို ကြောက်ရွံ့သည့် အမူအရာဖြင့် ဖြူဖတ်ဖြူရော် ဖြစ်နေသည်ကို ဗိုလ်နန္ဒ သတိပြုမိသည်။

"သေတာက မဆန်းပါဘူး ... လူတိုင်း လူတိုင်း သေရမှာချည်းပါပဲ၊ စောစောသေတာနဲ့ နောက်ကျမှ သေတာပဲ ကွာခြားပါတယ် ... သေရမှာကို တွေးတောပြီး ကြောက်ရွံ့မနေပါနဲ့၊ တရားနဲ့ ဖြေမှပေါ့"

ဗိုလ်နန္ဒက သတိပေးလိုက်သည်။

"တရားနဲ့ဖြေပေတဲ့ အပိုပါပဲ ... ခုမှ နောင်တ ရနေလို့ အကြောင်းမထူးတော့ပါဘူး၊ တစ်သက်လုံး အကုသိုလ် ဒုစရိုက်တွေချည်း လုပ်လာခဲ့တဲ့ လူတစ်ယောက်ဟာ သေခါနီးကျမှ တရားနဲ့ဖြေလို့ ဘာများအကြောင်းထူးဦးမှာလဲ ... တစ်သက်လုံး ထင်ရာလုပ်ခဲ့ပြီး သေခါနီးမှ

www.burmeseclassic.com

www.burmeseclassic.com



နောင်တရလို့ကော ဘ၀ကူး ဖြောင့်ဦးမှာတဲ့လား ... ကျုပ်မျက်စိထဲမှာ ဖြင့် မကောင်းတဲ့ အနိဋ္ဌာရုံတွေချည်းပဲ မြင်နေတယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ... ကိုယ့်အမှား ကိုယ်မြင်ပြီး တကယ် နောင်တ,တရား ရမယ်ဆိုရင် အပြစ်တွေ ပြေပျောက်နိုင်ပါတယ်၊ ပြီးတော့ ... လောဘ ဒေါသ မာနတရားတွေ ဖုံးလွှမ်းနေကြလို့သာ အမှန်တရားကို မမြင်နိုင်ကြဘဲ ဒုစရိုက်တွေ ပွားများနေကြတာပဲ မဟုတ်လား၊ လောဘ၊ ဒေါသ၊ မာန တရားတွေကို ပယ်ဖျက်လိုက်ရင် ဒုစရိုက်တရားတွေ ပွားများချင်တဲ့စိတ် ရှိနိုင်ပါတော့မလား၊ အကုသိုလ် ဒုစရိုက်တရားကို ပွားများစေတဲ့ ငါတည်းဟူသော မာန်မာနတရားကို ပယ်ဖျက်ပြီး ငါဟာ ဘာမှ မဟုတ်ပါလား ... ငါ့ကိုယ်ငါ အစိုးမရပါလား ... ဆိုတာ အမြင်မှန်ရအောင် ဝိပဿနာဉာဏ်နဲ့ ဆင်ခြင်သုံးသပ်နိုင်မယ်ဆိုရင် ဘ၀ကူးမဖြောင့်မှာ ပူစရာမရှိပါဘူး၊ ခုလို ဒဏ်ရာရနေတဲ့ အချိန်မှာ ကိုယ့်ဝေဒနာကို ကိုယ်မြင်အောင်ရှုပြီး သတိတရားကို လက်ကိုင်ထားရင် သေရမယ့် ဝေဒနာ ဖြစ်စေကာမူ ချမ်းချမ်းသာသာနဲ့ သေရမယ်၊ ပြီးတော့ ... ဘ၀ကူးလည်း ဖြောင့်မယ်၊ သေခါနီးမှာ ဒေါသစိတ်တွေ ပယ်ဖျက်ပြီး မေတ္တာစိတ် ပွားများရင် အနိဋ္ဌာရုံတွေ ကွယ်ပျောက်ပြီး ဣဋ္ဌာရုံတွေ ပေါ်လာပါလိမ့်မယ်"

မိုလ်နန္ဒက တရားပြ၍နေပေရာ သုမနေ ဘကိတော်သား စစ်သူကြီးသည် မိုလ်နန္ဒအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေပေသည်။

"မောင်က ဓမ္မကထိကလား ... ဒါမှမဟုတ် ဘုန်းကြီးလူထွက်လား"

"ဓမ္မကထိကလည်း မဟုတ်ပါဘူး၊ ဘုန်းကြီးလူထွက်လည်း မဟုတ်ပါဘူး၊ လူစိတ်ရှိတဲ့ လူတစ်ယောက်သာ ဖြစ်ပါတယ်"

"ဘာပဲပြောပြော ... မောင်ရင်နဲ့ ကျုပ်ဟာ ရန်သူပဲ ... ခု ကျုပ်ရတဲ့ ဒဏ်ရာဟာလည်း မောင်ရင်ရဲ့ လက်ချက်ပဲ"



သုမနေရဲ့ စစ်သူကြီးက မိုလ်နန္ဒအား စိုက်ကြည့်ရင်း ပြောလိုက်သည်။

"ရန်သူဆိုတဲ့စကားလုံးကို မသုံးပါနဲ့ ... ကျွန်တော် ခုလို တိုက်ခိုက်ရတာဟာ အပြစ်မရှိတဲ့ ရွာသူရွာသား ကလေး မိန်းမတွေ ဒုက္ခရောက်မှာကို မကြည့်ရက်လို့ ကာကွယ်တဲ့အနေနဲ့သာ တိုက်ခိုက်ခြင်း ဖြစ်ပါတယ်၊ အကြည်တော်ကို သေစေလိုတဲ့ စေတနာ လုံးဝမရှိပါဘူး ... ကျွန်တော့်ရဲ့လက်ချက်ကြောင့် အကြည်တော် ဒဏ်ရာရတယ်ဆိုရင်လည်း တိုက်ပွဲအတွင်းမှာ မလွှဲမရှောင်သာလို့ တိုက်ခိုက်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်တဲ့အတွက် ကျွန်တော့်အပေါ်မှာ ခွင့်လွှတ်စေလိုပါတယ်"

မိုလ်နန္ဒက ဒဏ်ရာရသူအပေါ်တွင် ကြင်နာသည့် အမူအရာဖြင့် ပြောလိုက်ရာ စစ်သူကြီးသည် မိမိ၏လက်ကို မသယ်နိုင် သယ်နိုင်နှင့် သယ်ပြီး မိုလ်နန္ဒ၏လက်မောင်းကို ဆွဲကိုင်လိုက်သည်။

"လူသာ ငယ်တယ် တရားပြည့်ဝပါပေတယ် ... မောင်ရင်လို တရားပြည့်ဝတဲ့လူနဲ့ ရန်ဖြစ်ရတာဟာ သုမနေလို ယုတ်မာတဲ့ လူနဲ့ မိတ်ဆွေဖြစ်ရတာထက် မြတ်တယ်ဆိုတာ ကျုပ် သဘောပေါက်ပါပြီ ... ခုလို သေရခါနီးဆဲဆဲမှာ မောင်ရင်လို သူတော်ကောင်းတစ်ယောက်နဲ့ လာတွေ့ရတာဟာ ဝမ်းသာလို့ မဆုံးပါဘူး၊ ကျုပ်အပေါ်မှာ စေတနာထားသလို မောင်ရင့်အပေါ်မှာ စေတနာ တုံ့ပြန်တဲ့အနေနဲ့ ကျုပ် မသေခင် မောင်ရင့်ကို ပြောစရာရှိတာတွေ ပြောခဲ့ပါရစေ ... ကျုပ်ဟာ တခြားလူ မဟုတ်ဘူး၊ သုမနေ ဘုရင်ယုတ်ရဲ့ လက်ယာ လက်ရုံးတစ်ဆူဖြစ်တဲ့ စစ်သူကြီး မိုလ်ယက္ခ ဆိုတာ ကျုပ်ပဲ"

စစ်သူကြီး မိုလ်ယက္ခသည် မိမိ၏အမည်နာမကို ဖော်ထုတ်ပြီး အမောဆိုက်လာပြန်သဖြင့် ခေတ္တငြိမ်သက်၍ နေပေသည်။

"မောင်ရင်ဟာ ကျုပ်ရဲ့ရန်သူ ဖြစ်ပေမယ့် ရန်သူလို သဘောမထား

www.burmeseclassic.com



တဲ့ မိတ်ဆွေလို သဘောထားပြီး ပြုစုယုယခဲ့ရှာသောမက အသေဖြောင့်အောင် သမ်းမှန်ကို ညွှန်ပြတဲ့အတွက် ကျေးဇူးဆပ်တဲ့အနေနဲ့ ကျုပ် မသေခင် ကောင်းမှုကလေးတစ်ခု လုပ်ခဲ့ချင်တယ်၊ သုမနဘုရင်ဟာ စေတုတ္တရာ နိုင်ငံတော်ကိုပါ ဘယ်နည်းနဲ့ဖြစ်ဖြစ် သိမ်းယူပြီး ဘုရင်မကို ခြေတော် တင်ဖို့ ကြိုးစားနေတယ် ဆိုတာ မောင်ရင်သိပြီး ဖြစ်ပါလိမ့်မယ် ... တကယ်လို့ လက်နက်အင်အားနဲ့ စေတုတ္တရာ နိုင်ငံတော်ကို သိမ်းပိုက် ခြင်း မပြုနိုင်ဘူးဆိုရင် စန္ဒာဒေဝီ ဘုရင်မ အလွန်တရာ ချစ်မြတ်နိုးတော် မူတဲ့ အထိန်းတော်ကြီး ဒေါ်သူဇာကို ဖမ်းပြီး အထိန်းတော်ကြီးရဲ့ နားရွက် တစ်ဖက်ကိုဖြတ်ပြီး ဘုရင်မထံ ဆက်သလိမ့်မယ် ... ပြီးတော့ ဘုရင်မ ကို သူနဲ့ ရွှေလက်တော်ဆက်ဖို့ သဘောတူရင်တူ၊ သဘောမတူဘဲ ငြင်းဝယ်နေမယ်ဆိုရင် အထိန်းတော်ကြီးကို နည်းအမျိုးမျိုးနဲ့ မသေ မရှင် ညှဉ်းပန်းနှိပ်စက်မယ် ဆိုတဲ့အကြောင်း ဘုရင်မဆီကို အထိန်း တော်ကြီးရဲ့ နားရွက်တစ်ဖက်နဲ့အတူ ရာဇသံပေးလိမ့်မယ်”

သုမန၏ လူယုံတော် စစ်သူကြီး ဗိုလ်ယက္ခသည် ဗိုလ်နန္ဒအား စကားလက်ဆောင် ပါး၍နေပေသည်။

“ဘုရင်မရဲ့ အထိန်းတော်ကြီးကို ဖမ်းထားပြီးပြီလား”

ဗိုလ်နန္ဒက စိတ်ပူသည့် အမူအရာဖြင့် မေးလိုက်သည်။

“မဖမ်းရသေးပါဘူး ... ဒီနေ့ည သူ့အကြံအစည် မအောင်မြင်မှ ဖမ်းဆီးဖို့ အစီအစဉ်ရှိပါတယ်”

“ဒီလိုဆိုရင် ဒီနေ့ညတော့ မဖမ်းနိုင်သေးဘူးပေါ့”

“ဒါကတော့ မဖြစ်နိုင်သေးပါဘူး၊ ဒီနေ့ည တိုက်ပွဲသတင်းကို ကောင် သုမန ကြားဦးမှာ မဟုတ်သေးပါဘူး”

စစ်သူကြီး ဗိုလ်ယက္ခသည် အားယူပြီး စကားပြောနေရာမှ မှိန်း ၍နေပြန်သည်။

“အင်း ... ကျုပ်တော့ ကြာကြာနေရတော့မယ် မထင်ဘူး၊ မျက်လုံး



တွေလည်း ပြာလာပြီ ... ကျုပ်အပေါ်မှာ စေတနာထားတဲ့အတွက် မောင်ရင့်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကျုပ်လက်က ပတ္တမြားလက်စွပ် ကြီး မောင်ရင့်ကို ပေးခဲ့ပါရစေ ... ဒီလက်စွပ်ကြီးဟာ သုမနဘုရင် ကိုယ်တိုင် ကျုပ်ကို ချီးမြှင့်ခဲ့တဲ့ လက်စွပ်ပဲ”

စစ်သူကြီး ဗိုလ်ယက္ခသည် လက်စွပ်ဝတ်ထားသည့်လက်ကို မသယ်နိုင် သယ်နိုင်နှင့် ဗိုလ်နန္ဒပေါင်ပေါ်သို့ တဖြည်းဖြည်း တင်ပေး လိုက်သည်။

ဗိုလ်နန္ဒသည် ဗိုလ်ယက္ခ၏လက်မှ လက်စွပ်ကို ချွတ်ယူလိုက်ပြီး မိမိ၏ လက်ဝဲဘက် လက်သူကြွယ်တွင် ဝတ်ဆင်ထားလိုက်သည်။

“မောင်နန္ဒ ... မောင်နန္ဒ ... ကျုပ်တော့ မနေရတော့ဘူး သွားရ တော့မယ် ... မျက်စိတွေလည်း ဘာမှ မမြင်ရတော့ ... ကျုပ်သေရင် ကျုပ်အတွက် ရည်စူးပြီး မေတ္တာပို့ အမျှအတန်းဝေပါနော် ... တတ်နိုင် ရင် သပိတ်ကလေး တစ်လုံးလောက်တော့ သွတ်ပေးစေချင်တယ်၊ ဘုရား ... ဘုရား ... အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အနိစ္စ မမြဲတဲ့တရားပါလား ... ဒုက္ခ ဆင်းရဲလှပါ၏တကား ... အနတ္တ ငါ့ကိုယ်မဟုတ် ငါမဟုတ် ငါ့ကိုယ်ငါ အစိုးမရပါတကား”

စစ်သူကြီး ဗိုလ်ယက္ခသည် ဗိုလ်နန္ဒလက်ကို ဆုပ်ကိုင်ကာ လက္ခဏာရေးသုံးပါးကို ဆင်ခြင်ရင်း ညင်သာစွာ အသက်ထွက်၍သွား ပေရာ ဗိုလ်နန္ဒသည် စစ်သူကြီး ဗိုလ်ယက္ခ၏ အလောင်းကို အတန်ကြာ ငေးစိုက်ကြည့်ရင်း မေတ္တာပို့၍နေပေသည်။

ထိုအခိုက်တွင် အနီးရှိ ချုံပုတ်ထဲမှ သစ်ရွက်များ လှုပ်ရှားသည့် အသံကို ကြားရသဖြင့် ဗိုလ်နန္ဒသည် ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး ဓားရှည်ကို ဆွဲကိုင်လိုက်သည်။

“ချုံပုတ်ထဲက ဘယ်သူလဲ ... သတ္တိရှိရင် ထွက်ခဲ့လေ”

ဗိုလ်နန္ဒသည် ဓားကိုအသင့်ကိုင်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သစ်ရွက်များ လှုပ်ရှားသည့်အသံကို ကြားရပြီး ချုံပုတ်ထဲမှ စစ်ဝတ်စစ်စားနှင့် စန္ဒာဒေဝီ ဘုရင်မ ထွက်လာသည်ကို မြင်လိုက်ရသောအခါ အံ့ညြခြင်းမက အံ့ညသွားကာ စကားမပြောနိုင်ဘဲ တစ်ယောက်ကို တစ်ယောက် အတန်ကြာ ငေးစိုက်ပြီး ကြည့်နေမိကြပေသည်။

* * *

## အခန်း–၂၆

"ဘုရင်မ ဘယ်လိုဖြစ်လာတာလဲ ... တစ်ယောက်တည်းလား"

ဗိုလ်နန္ဒသည် ဘုရင်မအား အတန်ကြာ ငေးစိုက်ပြီး ကြည့်နေရာမှ ဟိုဟိုဒီဒီ လှမ်းကြည့်ရင်း မေးလိုက်သည်။

"မြင်တဲ့အတိုင်းပဲ"

ဘုရင်မက ခပ်အေးအေးပင် ပြန်ဖြေလိုက်သည်။

"နေမျိုးနဲ့ လက်ရွေးစင် ငါးဦးကော"

"ဘုရင်မကို လိုက်ရှာနေကြမှာပေါ့"

"ဘုရင်မ ဘယ်လိုလုပ်ပြီး တစ်ယောက်တည်း ထွက်လာခဲ့တာလဲ၊ ဒီတောင်တွေ တယ်ပေါ့လျော့တာကိုး"

ဗိုလ်နန္ဒသည် နေမျိုးတို့အား အပြစ်တင်သည့် လေသံဖြင့် ပြောလိုက်သည်။

"နေမျိုးနဲ့ သူ့အဖော်တွေကို အရမ်း အပြစ်မတင်ပါနဲ့၊ ဘုရင်မကို ဘယ်သူမှ တားလို့မရဘူး ဆိုတာ မသိဘူးလား"

"ဒီနေရာကို ဘာကိစ္စ လိုက်လာရတာလဲ"

"မောင်ရှပရဲ့ စွမ်းရည်သတ္တိ ဘုရင်မကိုယ်တိုင် ကြည့်ရှုချင်လို့ လိုက်လာတာပေါ့၊ ဒီမှာ မောင်ရှပ ... စောစောက တိုက်ပွဲမှာ မောင်ရှပ အစီအစဉ်လုပ်ပုံ၊ အမိန့်ပေးပုံ၊ မောင်ရှပကိုယ်တိုင် ရှေ့ဆုံးကနေပြီး တိုက်ခိုက်ပုံတွေကို ဘုရင်မကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ခဲ့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မောင်ရှုပဟာ နှလုံးရည် ပြည့်ဝသလောက် လက်ရုံးရည်လည်း ပြည့်ဝတယ်ဆိုတာ ဘုရင်မကိုယ်တိုင် သိရလို့ ဝမ်းသာတယ်၊ ပြီးတော့ ... ရန်သူကို ရန်သူလို သဘောမထားဘဲ ကြင်နာယုယပုံတွေကိုလည်း ဘုရင်မ ကိုယ်တိုင် မြင်ရလို့ မောင်ရှုပအပေါ်မှာ အံ့ဩလို့မဆုံးဘူး"

"ဒါက အံ့ဩစရာ မဟုတ်ပါဘူး၊ ပြီးတော့ ... ဒီနေရာမှာ လာပြီး အံ့ဩနေဖို့လည်း မသင့်ပါဘူး၊ ရန်သူတွေ ဖရိုဖရဲ ကစဥ့်ကရဲ ဖြစ်နေချိန်မှာ ဘာဖြစ်လို့ ဒီနေရာကို ဘုရင်မ လိုက်လာရတာလဲ၊ ဘာဖြစ်လို့ ဒါလောက်တောင် အတင့်ရဲရတာလဲ ... ဘုရင်မအနေနဲ့ တိုင်းပြည်အပေါ်မှာ တာဝန်ရှိတယ် ဆိုတာ နားမလည်ဘူးလား၊ ရန်သူတောထဲကို ဘာဖြစ်လို့ လိုက်လာရတာလဲ ... မိုက်မဲလှချည်လား"

ဗိုလ်နန္ဒသည် ဘုရင်မအား ကရုဏာဒေါသောဖြင့် ပြောဆိုလိုက်သည်။

"ဘာလဲ ... ဘုရင်မကို အပြစ်တင်နေတယ်ပေါ့လေ ... ဘုရင်မကိုများ မိုက်မဲသလေး ဘာလေးနဲ့"

"မိုက်မဲလို့ မိုက်မဲတယ်လို့ ပြောနေတဲ့ဥစ္စာ ... ဒီနေရာဟာ ရန်သူတွေ တပ်ပျက်ပြီး ပြေးရတဲ့နေရာ မဟုတ်လား၊ ရန်သူတွေဟာ ကျားနာလို ဖြစ်တော့ ဘယ်သူ့ကိုမှ ချမ်းသာပေးမှာ မဟုတ်ဘူး ဆိုတာ နားမလည်ဘူးလား"

"ရှင့်လို နှလုံးရည်ရော၊ လက်ရုံးရည်ပါ ပြည့်ဝတဲ့ လူတစ်ယောက်လုံး ဘုရင်မအနားမှာ ရှိနေရက်သားနဲ့ ဘာမဟုတ်တဲ့ ရန်သူတွေကို ကြောက်နေစရာ လိုသေးသလား၊ ရှင်ဟာ ရန်သူကိုတောင် မိတ်ဆွေလို သဘောထားနိုင်ရက်သားနဲ့ ဘုရင်မကို ဘာဖြစ်လို့ ရန်သူလို သဘောထားပြီး ငေါက်လာငမ်းလား လုပ်နေရတာလဲ၊ သေခါနီးဆဲဆဲ ရန်သူကို အသေဖြောင့်အောင် တရားဟောခဲ့တဲ့ ပုဂ္ဂိုလ်ကြီးက ဘာဖြစ်လို့ ဒါလောက်တောင် ဒေါသကြီးနေရတာလဲ၊ ဒေါသတရားဟာ မကောင်း



ဘူးဆို ... မေတ္တာတရားသာ ပွားများရမယ် ဆိုပြီး ဘာဖြစ်လို့ ဒေါသအိုး ပေါက်ကွဲနေရတာလဲ"

ဘုရင်မက ဗိုလ်နန္ဒအား ပြန်ပြီး ငေါ့လိုက်သည်။

"ဘုရင်မကြောင့်လည်း ခက်သေးတာပဲ၊ ကဲပါ ... ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ စေတုတ္တရာ မြို့တော်ကို မိုးမလင်းခင် အရောက် သွားကြရလိမ့်မယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"စစ်ပွဲအနိုင်ရပြီးတဲ့ဥစ္စာပဲ ... ဘာဖြစ်လို့ အလျင်လိုနေရသလဲ"

"စစ်ပွဲနိုင်တာတော့ ဟုတ်တယ် ... ဒါပေမဲ့ တပ်ပျက်ပြီး ခြေဦးတည့်ရာ သွားနေတဲ့ ရန်သူတွေနဲ့ တွေ့မှာစိုးလို့ ပြောနေတာ၊ ပြီးတော့ ... ဟိုမှာကြည့်စမ်း ... အနောက်တောင်ထောင့်က မိုးသားတွေ တက်လာပြီ၊ မိုးရွာလိမ့်မယ် ထင်တယ်၊ မိုးမရွာခင် နန်းတော်ရောက်အောင် ပြန်မှဖြစ်မယ်"

"မိုးရွာရင် သာပြီး ပျော်စရာကောင်းသေးတယ်၊ နန်းတော်ထဲမှာ သူလျှိုတွေ ခြေချင်းလိမ်နေတဲ့ဥစ္စာပဲ ... သူလျှိုမှန်း မသိတဲ့ သူလျှိုတွေ ကြားမှာ နေရတာထက် မိုးရွာထဲမှာ အေးအေးချမ်းချမ်း နေရတာကမှ ပိုပြီး စိတ်ချမ်းသာဦးမယ်၊ ဒီမှာ မောင်ရှုပ ခုလို လူသူမနီးတဲ့ တောထဲမှာ ဘုရင်မနဲ့ နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောနေရတာ မပျော်ဘူးလား"

"ပျော်နေဖို့ နေနေသာသာ ဘုရင်မအတွက် ခေါင်းကို အလိုလို ရှုပ်နေတာပဲ"

"ဘာဖြစ်လို့ ခေါင်းရှုပ်ရတာလဲ၊ ဘုရင်မအနားမှာ နေရတာ မကြိုက်လို့လား"

စန္ဒာဒေဝီ ဘုရင်မက မျက်စောင်းထိုးပြီး မေးလိုက်သည်။

ဗိုလ်နန္ဒကမူ ဘာမှပြန်ပြီး အဖြေမပေးဘဲ သူ့ခနော၏ စစ်သူကြီး

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ယက္ခ၏ ရုပ်အလောင်းအနီးတွင် ပြန့်ကျဲနေသော ဆေးဘူးများကို သိမ်းဆည်းနေပေရာ စန္ဒာဒေဝီ ဘုရင်မသည် စိတ်ဝင်စားစွာ စိုက်ကြည့်နေပေသည်။

"ရှင်က စစ်တိုက်တတ်ရုံသာ မကဘူး၊ ဆေးလည်း ကုစားတတ်တာကိုး၊ ရှင် ဆေးကုကောင်းလို့ လူနာတစ်ယောက်တော့ဖြင့် သေရရှာပြီ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား မခံချင်အောင် စ,လိုက်ပြန်သည်။

"ကျွန်တော်လည်း တတ်သမျှ မှတ်သမျှတော့ ဒဏ်ရာ သက်သာအောင် ဆေးထည့်ပေးတာပဲ၊ ဒါပေမဲ့ သေရမယ့်လူကို ရှင်အောင်လုပ်ဖို့တော့ ကျွန်တော်လည်း မတတ်နိုင်ဘူး"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို မြင်းဇက်ကြိုးကို ကိုင်ပြီး ကောင်းကင်သို့ မော့ကြည့်လိုက်သည်။

"ဘာလဲ ... ရှင်က မိုးရွာမှာကို ကြောက်နေပြန်ပြီလား၊ မိုးရွာထဲမှာ ၂ ယောက်တည်း နေရတာ မပျော်ဘူးလား"

"ဘုရင်မကြောင့်လည်း ခက်တာပဲ ... ဘုရင်မရဲ့ လုံခြုံမှုဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာ ဘုရင်မ စဉ်းစားမိရဲ့လား၊ ဘုရင်မ နန်းတော်ထဲမှာ ချမ်းချမ်းသာသာ ပြန်မရောက်သေးသမျှ ရင်ထဲမှာ လေးနေတဲ့အတွက် ပျော်ဖို့ဆိုတာ စိတ်ကူးလို့တောင်မရဘူး"

"နန်းတော်ကိုသွားဖို့ ခရီးက အဝေးကြီးပဲ"

"ဝေးလို့ မြန်မြန်သွားဖို့ ပြောနေတာပေါ့"

ပြောပြောဆိုဆို ဘုရင်မသည် ကျဆုံးပြီး ကျန်ရစ်ခဲ့သည့် စစ်သူကြီး ဗိုလ်ယက္ခအား အမှုအတန်းဝေပြီး မိမိ စီးလာသော မြင်းကို ချည်နှောင်ထားသည့် သစ်ပင်ရှိရာသို့ ဗိုလ်နန္ဒနှင့်အတူ လာခဲ့ကြပေသည်။



"တောတွင်းမှာ ဒီအဝတ်အစားနဲ့ဆိုရင် စိတ်မချရဘူး၊ စစ်ဝတ်စစ်စားကို ရုတ်တရက် လူမမြင်နိုင်အောင် ဟောဒီတဘက်ကို ခြုံထားစမ်းပါ"

ဗိုလ်နန္ဒသည် ဘုရင်မအား မိမိခါးမှ တဘက်ကို လှမ်းပေးလိုက်သည်။

"တောနက်ကြီးထဲမှာ ဘယ်သူ မြင်မှာမို့လို့ အဝတ်ခြုံထားရမှာလဲ"

"တပ်ပျက်ပြီး ပြေးလာတဲ့ လူတွေနဲ့ တွေ့မှာစိုးလို့ ပြောနေတာ"

ပြောပြောဆိုဆို ဗိုလ်နန္ဒသည် ဘုရင်မအား တဘက်ဖြင့် လွှမ်းခြုံပေးလိုက်သည်။

"ကဲ ... မြင်းပေါ် မြန်မြန်တက်၊ မိုးမလင်းခင် နန်းတော်အရောက် ခုန်းစိုင်းကြရမယ်"

နှစ်ယောက်သား မြင်းကိုယ်စီဖြင့် စေတုတ္တရာမြို့တော်ဘက်သို့ လာခဲ့ရာမှ လမ်းခုလတ်သို့ ရောက်သောအခါ ဘုရင်မသည် မြောက်ဘက်သို့ ဦးတည်ပြီး သွားနေရာမှ မြင်းဇက်ကို အသာဆွဲပြီး ရပ်လိုက်သည်။

"ဘာဖြစ်လို့ ရပ်နေရပြန်တာလဲ"

ဗိုလ်နန္ဒက မေးလိုက်သည်။

"ဒီနေရာကို မှတ်မိသေးသလား"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ၏ မေးခွန်းကို မဖြေဘဲ ပြန်ပြီး မေးခွန်းထုတ်လိုက်သည်။

"ဘာမှတ်မိတာကို မေးနေမှန်းမှ မသိဘဲ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"အရုပ်သူ မာလာအဖြစ် ဘုရင်မနဲ့ ပထမဆုံး တွေ့ကြတဲ့နေရာဟာ ဒီနေရာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီ ဘုရင်မက ပြန်ပြောလိုက်သည်။

"အင်း ... ဟုတ်တယ် ... ဒါ ဘာဖြစ်သလဲ"

"ဟိုတုန်းက ရှင် ပြောခဲ့တာတွေကို စဉ်းစားမိပြီး ရယ်ချင်လိုက်တာ"

"ရယ်ချင်ရင် နန်းတော်ကျမှ ရယ်ပါ ... ဒီနေရာဟာ ရယ်စရာ နေရာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့ ဘုရင်မကို နန်းတော်ရောက်အောင် ဖွတ်ပို့နေရ တာလဲ၊ ဘုရင်မ နန်းတော်ကို မသွားနိုင်သေးဘူး၊ ဘုရင်မရဲ့ အထိန်း တော်ကြီး ဒေါ်သူဇာ နေတဲ့ ငှက်ပျောတောရွာကို ပထမဆုံးသွားပြီး ဒေါ်သူဇာကို သုမနနဲ့ ဘုရင်ယုတ် ရန်မမူနိုင်အောင် နန်းတော်ထဲ ခေါ်သွား ဦးမယ်၊ သုမနက ဒေါ်သူဇာကိုဖမ်းပြီး နားရွက်ဖြတ်ဖို့ ကြံစည်နေတယ် ဆိုတာ သေခါနီးဆဲဆဲ စစ်သူကြီး ဗိုလ်ယက္ခ ပြောသွားတာ ဘုရင်မရဲ့ နားနဲ့ဆတ်ဆတ် ကြားပြီးပြီ၊ ဒါကြောင့် ဒေါ်သူဇာကို သုမန လက်လှမ်း မမီတဲ့နေရာကို ခေါ်သွားဖို့ အရေးကြီးတယ်"

"ဒေါ်သူဇာအတွက် ဘာမှ စိတ်မပူပါနဲ့၊ နက်ဖြန်မနက်ကျရင် ကျွန်တော်ကိုယ်တိုင် လာခေါ်ပြီး နန်းတော်ထဲရောက်အောင် ပို့ပေးပါ့ မယ်၊ ဒီနေ့ညအဖို့ ဒေါ်သူဇာကို သူတို့ ရန်မမူနိုင်သေးပါဘူး"

"ဒီနေ့ည ရန်မမူနိုင်သေးဘူးလို့ ရှင် ဘယ်လိုလုပ်ပြီး ပြောနိုင် သလဲ"

"သုမနရဲ့ စစ်သည်တော်တွေ ဖရိုဖရဲ ဖြစ်နေချိန်မှာ သူ့လူတွေ ပြန်စုဖို့က အရေးကြီးတဲ့အတွက် ဒေါ်သူဇာကို ရန်မူဖို့ အချိန်ရမှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီညအတွက် စိတ်ပူစရာ မရှိပါဘူးလို့ ကျွန်တော် ပြောနေတာပေါ့"

"ဘာပဲပြောပြော ဘုရင်မရဲ့ မယ်တော်အရင်းလို ချစ်မြတ်နိုးတဲ့ အထိန်းတော်ကြီး ဒေါ်သူဇာကို ပစ်မထားနိုင်ဘူး၊ ရှင် မလိုက်ချင်ရင် နေ ... ဘုရင်မကိုယ်တိုင် သွားမယ်"



"အတော်ကို ပြောရခက်တဲ့ ဘုရင်မပဲ ... ဘုရင်မ မိုက်မဲမှုကြောင့် အားလုံး ဒုက္ခရောက်ကုန်ပါလိမ့်မယ်"

ဗိုလ်နန္ဒက ညည်းလိုက်သည်။

"ညည်းညူမနေစမ်းပါနဲ့၊ ယောကျ်ားဆိုပြီး ကြောက်စရာမရှိတာ တွေးပြီး ကြောက်နေရသလား၊ ဒီနေရာဟာ ဘုရင်မရဲ့ ပိုင်နက်ပါ ... ဘယ်ရန်သူမှ မလာနိုင်ပါဘူး"

"ဘုရင်မ ပိုင်နက်မို့လို့ ဘုရင်မ ကံကောင်းလို့ လူသုံးယောက် ရဲ့လက်ထဲ ပါမသွားတာကို ပြန်ပြီး သတိရဦးမှပေါ့၊ ဟိုတုန်းကတောင် ဒါလောက် အတင့်ရဲနေရင် ခုလိုအချိန်မှာဆိုရင် ကျားနာလို ဖြစ်နေလို့ ပိုပြီး ကြောက်စရာမကောင်းဘူးလား"

"ကြောက်စရာကောင်းရင် ရှင့်ဘာသာရှင် နန်းတော်ကို ပြန်၊ ဘုရင်မတော့ အထိန်းတော်ကြီး မပါဘဲ နန်းတော်ကို မပြန်ဘူး"

ပြောပြောဆိုဆို ဘုရင်မသည် အရှေ့ဘက်ရှူးရှူးသို့ ထွက်ခွာ လာခဲ့ပေရာ ဗိုလ်နန္ဒမှာ ခေါင်းမာလှသော ဘုရင်မနောက်မှ တကောက် ကောက် လိုက်လာခဲ့ရပေသည်။

မိုးသားများမှာ တက်မြဲတက်လာပြီး တစ်မိုးလုံး မည်းမှောင်၍ နေပေသည်။ ထိုနောက် များမကြာမီ ဝင်းခနဲ တစ်ချက် လျှပ်စီးလက် ပြီး တစ်တောလုံး ပဲ့တင်ရိုက်ဟည်းသွားစေသည့် မိုးချုန်းသံကြီး ပေါ် ထွက်လာပေသည်။

"ကဲ ကြားတယ် မဟုတ်လား ... မိုးရွာလိမ့်မယ် ... နန်းတော်ကို ပြန်ကြစို့"

ဗိုလ်နန္ဒက ဘုရင်မအား သတိပေးလိုက်ပြန်သည်။

"မိုးချုန်းတိုင်း မိုးရွာရရောလား၊ 'မိုးဖြူမစဲ မိုးမည်းမရွာ' ဆိုတဲ့ စကား ကြားဖူးတယ် မဟုတ်လား၊ ခုချက်ချင်း မိုးမရွာနိုင်သေးပါဘူး"

ဘုရင်မသည် ပြောပြောဆိုဆို ရှေ့ဆက်၍ သွားနေပေရာ ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



နန္ဒမှာ စိတ်ညစ်ညစ်နှင့်ပင် ဘုရင်မနှင့် ထက်ကြပ်မကွာ လိုက်ပါလာခဲ့ ရပေသည်။

မိုးသားများ ဖုံးလွှမ်းနေသဖြင့် တစ်တောလုံး မှောင်အတိကျ၍ နေပေရာ တောင်မြောက် ဝဲယာကိုပင် မျှော်မှန်း၍မရနိုင်တော့ဘဲ ခြေဦး တည့်ရာကိုသာ တဖြည်းဖြည်း လာခဲ့ကြပေရာ သစ်ပင်ချုံနွယ်များ ထူထပ်လှသည့် တောနက်ကြီးသို့ ရောက်ရှိလာကြပေသည်။

"ဘုရင်မ ကျွန်တော်တို့ လမ်းမှားလာပြီထင်တယ်၊ နောက်ပြန် ဆုတ်ပြီး နန်းတော်ဘက် ပြန်ကြရင် ကောင်းလိမ့်မယ်ထင်တယ်"

"လမ်းမမှားနိုင်ပါဘူး ... ဒီနေရာကို ဘုရင်မ လာနေကျပါ"

ဘုရင်မက ခေါင်းမာစွာဖြင့် ပြန်ပြောလိုက်သည်။

ထိုအခိုက်တွင် ဝင်းခနဲ လက်ခနဲ လျှပ်စီးလက်ပြီး မိုးကြိုးပစ်သံ ကြားလိုက်ရပေရာ ဘုရင်မသည် ထိတ်လန့်တကြား ဗိုလ်နန္ဒ၏ မြင်း အနီးသို့ မိမိ၏မြင်းကို ချဉ်းကပ်လိုက်ပြီး ဗိုလ်နန္ဒ၏လက်မောင်းကို ဆုပ်ကိုင်ထားမိပေသည်။

လျှပ်စီးမှာ တဝင်းဝင်း တလက်လက်နှင့် ဖြစ်လာပြီး မိုးချုန်းသံ များလည်း ပွဲတင်ရိုက်ဟည်း၍ နေပေသည်။

"မိုးရွာတော့မယ်ထင်တယ် ... ပြန်ကြပါစို့"

"ရွာချင် ရွာပေစေ ... ပြန်လို့မဖြစ်ဘူး ... အထိန်းတော်ကြီး ဒေါ်သုဓာကို စိတ်မချဘူး"

ဘုရင်မသည် အံကြိတ်ပြီး ပြောလိုက်သည်။

ထိုအတောအတွင်း မိုးချုန်းသံများနှင့်အတူ မိုးသီးမိုးပေါက်များ ကျလာပြီး မိုးသည်းထန်စွာ ရွာချလိုက်ပေရာ ဗိုလ်နန္ဒနှင့် ဘုရင်မမှာ တစ်ကိုယ်လုံး စိုရွှဲသွားပြီး လမ်းမမြင် ကမ်းမမြင် ဖြစ်၍နေပေသည်။

"ကဲ ခုမှ ခက်တော့တာပဲ ... တစ်ကိုယ်လုံးလည်း စိုရွှဲကုန်ပြီ ... ဘယ်နေရာ ရောက်နေမှန်းလဲ မသိဘူး"



ဗိုလ်နန္ဒသည် ညည်းညည်းညူညူနှင့်ပင် လမ်းခရီးကို မှန်းဆပြီး လာခဲ့ကြပေရာ မကြာမီ ကွင်းပြင်ကလေးတစ်ခုသို့ ရောက်ရှိလာပေ သည်။ မိုးမှာလည်း အနည်းငယ် စဲသွားပေသည်။

ဗိုလ်နန္ဒသည် တောင်မြောက်လေးပါးကို ကြည့်ရှုပြီး မိမိတို့ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို ခန့်မှန်းကြည့်နေပေသည်။

"ဟော ... ရန်သူတွေ လိုက်လာကြပြီ ထင်တယ်၊ မြင်းခွာသံ ကြားတယ်"

ဗိုလ်နန္ဒမှာ တောတွင်း၌ အနေကြာသူဖြစ်၍ နားပါးသူ ဖြစ်သည့် အတိုင်း မိုးသံများကြားမှ မြင်းခွာသံကို ကောင်းစွာကြားရသဖြင့် ဘုရင်မ အတွက် စိုးရိမ်မကင်းသော အမူအရာဖြင့် ပြောလိုက်သည်။

"မြင်းခွာသံ ဟုတ်ရဲ့လား ... ရှင် ဘယ်လိုလုပ်ပြီး သိသလဲ"

"တောထဲမှာ ကြီးပြင်းလာတဲ့လူ ဆိုတော့ ဘုရင်မထက် ပိုပြီး နားပါးလို့ သိတာပေါ့၊ ကဲလာ ဒီသစ်ပင်ရိပ်မှာ ခဏဝင်နေစမ်း"

ဗိုလ်နန္ဒသည် စန္ဒာဒေဝီ ဘုရင်မအား သစ်ပင်ကြီးတစ်ပင် အောက်ရှိ မှောင်ရိပ်တွင် ဝှက်ထားလိုက်ပြီး မြင်းခွာသံကြားရာသို့ အာရုံ စိုက်၍နေပေသည်။

မကြာမီ တောတန်းတစ်ခုမှ မြင်းစီးလာနေသူ ၄ ဦးကို ရိပ်ရိပ် ရိပ်ရိပ်နှင့် မြင်လိုက်ရပေသည်။ ထိုသူ ၄ ဦးမှာ တပ်ပျက်ပြီး ခြေဦး တည့်ရာသို့ သွားနေသော သုနေဘုရင်၏ တပ်ပျက်မှ တပ်သားများ ဖြစ်သည်ကို ဗိုလ်နန္ဒ ကောင်းစွာသိသဖြင့် ဘုရင်မကို သစ်ပင်ရိပ်အောက် တွင် ထားခဲ့ပြီး ထိုသူများ လာရာသို့ မျက်နှာချင်းဆိုင် လာခဲ့ပေသည်။

"ဟေ့ ... ရှေ့က ဘယ်သူတွေလဲ ... ရှေ့ကိုမတိုးနဲ့၊ ရပ်လိုက် စမ်း"

ဗိုလ်နန္ဒသည် အသံဝါကြီးဖြင့် အမိန့်ပေးရင်း ဓားကို ဆွဲယမ်း ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးလာသူ ၄ ဦးသည် ရုတ်တရက် မမျှော်လင့်ဘဲ ဗိုလ်နန္ဒ၏ အသံကို ကြားလိုက်သဖြင့် မြင်းဇက်ကြိုးများ ဆွဲကာ ရပ်တန့်လိုက်သည်။ ဓားများကိုလည်း ဆွဲထုတ်လိုက်ကြသည်။

"မင်းတို့ တပ်ပျက်ပြီး ပြေးလာတဲ့ သုခနုရဲ့ တပ်သားတွေ မဟုတ်လား၊ မင်းတို့အားကိုးတဲ့ သုခနု ဘုရင်ယုတ်က မင်းတို့ကို ကယ်နိုင်သေးရဲ့လား၊ မင်းတို့ တယ်ပြီး မိုက်တွင်းနက်တဲ့လူတွေပဲ"

ဗိုလ်နန္ဒက အသံခပ်မာမာဖြင့် ပြောလိုက်ရာ သုခနု ဘက်တော်သား ၄ ဦးမှာ ဗိုလ်နန္ဒ၏ အသံသြဇာကြောင့် ရှေ့မတိုးဝံ့ဘဲ ရပ်ပြီး တွေဝေနေကြပေသည်။

"ငါ မေးနေတာကို မကြားဘူးလား … မင်းတို့ ဘယ်သူတွေလဲ — သုခနုရဲ့ ညာလက်ရုံး စစ်သူကြီး ဗိုလ်ယက္ခရဲ့ တပည့်တွေ မဟုတ်လား"

ဗိုလ်နန္ဒက အာဏာသံဖြင့် မေးလိုက်ရာ ထိုသူ ၄ ဦးမှာ အလိုလို တုန်လှုပ်သွားပေသည်။

"မှန်ပါတယ် … ကျွန်တော်တို့ဟာ စစ်သူကြီး ဗိုလ်ယက္ခရဲ့ တပ်သားတွေ မှန်ပါတယ်၊ အကြည်တော်ကကော ဘယ်သူပါလဲ"

သုခနု ဘက်တော်သား ၄ ဦးအနက် ရှေ့ဆုံးမှ ခေါင်းဆောင်လာသူက ပြန်မေးလိုက်သည်။

"ငါ ဘယ်သူလဲဆိုတာ မင်းတို့ သိဖို့မလိုဘူး၊ ငါမေးတာကိုသာ ဖြေစမ်း၊ မင်းတို့ ခု ဘယ်သွားမလို့လဲ"

ဗိုလ်နန္ဒက ခပ်တည်တည် မေးလိုက်ပြန်သည်။

"ကျွန်တော်တို့ တပ်ပျက်လာလို့ သုခနုဘုရင်မင်းမြတ် စခန်းချနေတဲ့ သေလာဂီရိ တောင်ခြေရင်းက ကျောက်လိုဏ်ဂူကြီးကို သွားမလို့ပါ"

"မိုက်မဲလှချည်လား … မင်းတို့ သုခနု ဘုရင်ဆီကို ပြန်ရင်



မျက်နှာကောင်းရမှာ မဟုတ်တဲ့အပြင် စစ်ရှုံးခဲ့ရမလား ဆိုပြီး အပြစ်ပေးခံရမယ်ဆိုတာ မင်းတို့ နားမလည်ဘူးလား၊ မင်းတို့ရဲ့ဆရာ စစ်သူကြီး ဗိုလ်ယက္ခလည်း မရှိတော့ဘူး၊ တိုက်ပွဲမှာ ကျဆုံးသွားပြီ။ ဟောဒီမှာ ကြည့် ဗိုလ်ယက္ခရဲ့ ပတ္တမြားလက်စွပ်"

ဗိုလ်နန္ဒသည် မိမိလက်တွင် ဝတ်ဆင်ထားသည့် ဗိုလ်ယက္ခ၏ လက်စွပ်ကို ပြလိုက်သည်။

"ဗိုလ်ယက္ခ ကျဆုံးသွားပြီ … ဟုတ်လား … ဒီလိုဆိုရင် ဒုက္ခပါပဲ၊ ကျွန်တော်တို့ အားကိုးရာမဲ့ပြီ"

သုခနု ဘက်တော်သား ၄ ဦးအနက် တစ်ဦးကႀဝင်ပြောလိုက်သည်။

ကျန်စစ်သည်တော် သုံးဦးကလည်း ဗိုလ်နန္ဒ၏လက်မှ လက်စွပ်ကို စိုက်ကြည့်နေကြပေသည်။

"ဗိုလ်ယက္ခ ကျဆုံးသွားပြီ ဆိုတာ တကယ်ပဲလား"

ခေါင်းဆောင်နှင့် တူသူက မေးလိုက်သည်။

"ငါ့လက်ကိုကိုင်ရင်း အသက်ထွက်သွားတာပဲ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ ထိုသူ ၄ ဦးစလုံးမှာ စိတ်ဓာတ်များ ကျဆင်းသွားကြပေသည်။

"ကဲ မင်းတို့ ရှေ့ကို ဘာဆက်လုပ်ကြမလဲ၊ သုခနုဆီကို ပြန်ရင် စစ်ရှုံးပြီး ပြန်လာခဲ့ရမလား ဆိုပြီး ရက်ရက်စက်စက်ကြီး အပြစ်ပေးမှာ သေချာတယ်၊ သုခနုနဲ့ ဝေးရာကို ပြေးကြပါတော့လား"

ဗိုလ်နန္ဒက စိတ်ဓာတ်ကျဆင်းနေသူများကို ပိုပြီး စိတ်ဓာတ်ကျဆင်းအောင် ပြောလိုက်သည်။

"ဟုတ်တယ် … အကြည်တော် ပြောတာ မှန်တယ် … သုခနု ဘုရင်ထံကို ပြန်ရင် အသတ်ခံရဖို့က ပိုများတယ်"

စစ်သည်တော်တစ်ဦးက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အကြည်တော် ... ကျွန်တော်တို့တစ်တွေဟာ လူကောင်းတွေပါ၊ တစ်ချိန်တုန်းကဆိုရင် မဟာဒေါဂ ဘုရင်ကြီးဆီမှာ အမှုထမ်းခဲ့တဲ့ စစ်သည်တော်ဟောင်းတွေပါ၊ သုမနဘုရင် တက်လာခဲ့အခါမှာ သုမနရဲ့ အလိုကိုလိုက်ပြီး အမှုထမ်းနေရပေမယ့် သိပ်ပြီး မပျော်ပိုက်ပါဘူး၊ ခုလည်းပဲ တပ်ပျက်ပြီး ထွက်ပြေးလာရပေမယ့် ဘယ်ကိုသွားပြီး ဘာလုပ်ရမှန်း မသိဘဲ တောထဲမှာ မျက်စိလည်နေကြပါတယ်၊ အကြည်တော်ဟာ ဉာဏ်ပညာ အမြော်အမြင်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့အတွက် ကျွန်တော်တို့ကို ကောင်းတဲ့အကြံဉာဏ်များ ပေးစေလိုပါတယ်"

"ကောင်းပြီ ... ခုအချိန်ကစပြီး သုမန ဘုရင်ယုတ်ရဲ့ အမှုတော်ကို မထမ်းရွက်ကြနဲ့တော့၊ စေတုတ္တရာ နိုင်ငံတော်ကို အရောက်သွားကြ၊ စန္ဒာဒေဝီ ဘုရင်မဆီမှာ အမှုတော် ထမ်းကြပါလား"

ဗိုလ်နန္ဒက အကြံပေးလိုက်သည်။

"ဒီအကြံကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့တစ်တွေ စေတုတ္တရာ နိုင်ငံတော်အတွင်းကို ဝင်သွားရင် အဖမ်းခံရဖို့ သေချာနေပါတယ်၊ ပြီးတော့ .. ကျွန်တော်တို့ ကြားဖူးတဲ့အတိုင်းဆိုရင် စေတုတ္တရာ ဘုရင်မဟာ မာနလည်း ကြီးတယ်၊ ဓားလည်း သိပ်ထက်တယ်လို့ ကြားဖူးပါတယ်"

သုမန ဘက်တော်သားတစ်ဦးက ပြောလိုက်သည်။

"အေး ... မင်းပြောတာ မှန်တယ်၊ စန္ဒာဒေဝီ ဘုရင်မဟာ မာနလည်း ကြီးတယ်၊ ဓားလည်း ထက်တယ်၊ ဒါပေမဲ့ ..."

ဗိုလ်နန္ဒသည် စကားကို ဆုံးအောင်မပြောနိုင်မီ သစ်ပင်ရိပ်အောက်မှနေပြီး ဗိုလ်နန္ဒနှင့် သုမန ဘက်တော်သား ၄ ဦး အပြန်အလှန်ပြောဆိုနေကြသည့် စကားများကို တစ်လုံးမကျန် ကြားနေရသော စန္ဒာဒေဝီ ဘုရင်မသည် သစ်ပင်ရိပ်မှ ထွက်လာပြီး ဗိုလ်နန္ဒ အနီးတွင် ဝင်ရပ်လိုက်သည်။



"ဘုရင်မဟာ မာနကြီးတယ် ဆိုပေမယ့် စိတ်ထား နူးညံ့ပါတယ်၊ ပြီးတော့ ... ဘုရင်မရဲ့ဓားဟာ ထက်တယ် ဆိုပေမယ့် နေရာတိုင်းမှာ မထက်ပါဘူး၊ တကယ်လို့ အကြည်တော်တို့တစ်တွေ အမြင်မှန်ရပြီး စန္ဒာဒေဝီ ဘုရင်မထံမှ ဝင်ရောက် အမှုတော်ထမ်းလိုကြတယ်ဆိုရင် စေတုတ္တရာမြို့တော်ကို ရဲရဲကြီးဝင်သွားပါ၊ ဟိုရောက်ရင် ဘုရင်မရဲ့ သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါကို တွေ့အောင်ရှာပြီး ဒုတိယ သက်တော်ရှည်အမတ်ကြီး မောင်ရွှေပက စေလွှတ်လိုက်လို့ လာတဲ့ အကြောင်း ပြောပြရင် အကြည်တော်တို့ကို လက်ခံပါလိမ့်မယ်၊ ဘာမှ မစိုးရိမ်ပါနဲ့"

စန္ဒာဒေဝီ ဘုရင်မက ဝင်ပြီး ပြောလိုက်သည်။

သုမန၏ ဘက်တော်သား လေးဦးသည် ခဏ္ဍ တွေဝေနေရာမှ ဗိုလ်နန္ဒအား အလေးပြုပြီး စေတုတ္တရာ မြို့တော်ဆီသို့ မြင်းကိုယ်စီဖြင့် ထွက်ခွာသွားကြသည်ကို ဗိုလ်နန္ဒသည် မျက်စိတစ်ဆုံးကြည့်ပြီး ကျန်ရစ်ခဲ့ပေသည်။

"ကျွန်တော်တို့လည်း အဲဒီ စစ်သည်တော် လေးဦးနဲ့အတူ နန်းတော်ကို ပြန်ကြရင် ကောင်းလိမ့်မယ်ထင်တယ်"

ဗိုလ်နန္ဒက ညည်းညည်းညူညူ ပြောလိုက်သည်။

"နန်းတော်ကို ပြန်တာက အရေးမကြီးပါဘူး၊ ကြမ်းကြုတ် ရက်စက်တဲ့ ရန်သူ လေးဦးကို နူးညံ့သိမ်မွေ့တဲ့ မိတ်ဆွေတွေ ဖြစ်လာအောင် နှလုံးရည်တိုက်ပွဲ ဆင်လိုက်ပုံကလေးဟာ အင်မတန်ကို ချီးမွမ်းစရာကောင်းတယ်၊ ရှင်ဟာ ယောကျ်ားတွေရဲ့ သံမဏိလို မာကျောတဲ့ စိတ်ဓာတ်ကို ဖော့ဖယောင်းလို ပျော့ပျောင်းအောင် လုပ်နိုင်တဲ့လူပဲ၊ မိန်းမတွေရဲ့ စိတ်ဓာတ်ကိုကော ဖော့ဖယောင်းလို ပျော့ပျောင်းသွားအောင် မလုပ်နိုင်ဘူးလား ..."

ဘုရင်မက မထိတထိ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က တောထဲမှာသာ နေရတာများလို့ မိန်းမအကြောင်း ကောင်းကောင်းမသိဘူး"

"တောထဲမှာ မိန်းမမရှိဘူးလား"

"ဘယ်ကလာ မိန်းမရှိရမှာလဲ"

"မိန်းမတွေနဲ့ တစ်ခါမှ နီးနီးကပ်ကပ် မနေဖူးဘူးလား"

"ဘုရင်မနဲ့ တွေ့မှသာ နီးနီးကပ်ကပ် နေဖူးတာပါ"

"ဒါဖြင့်ရင် ဘုရင်မစိတ်ကို ရှင့်အလိုကျ ဖြစ်အောင် ပုံစံမသွင်းနိုင်ဘူးလား"

"ဘုရင်မဟာ ဘုရင်မ မဟုတ်ဘူး၊ ကျွန်တော်ဟာလည်း ကျွန်တော် မဟုတ်ဘူး ဆိုရင်တော့ အလွယ်ကလေးပေါ့"

"ရှင်ပြောတဲ့ စကားကို ဘုရင်မ နားမလည်ဘူး"

"ကျွန်တော်ပြောတာ ရှင်းနေသားပဲ၊ ဘုရင်မဟာ ဘုရင်မ မဟုတ်ဘဲ မာလာ ဆိုတဲ့ အရပ်သူကလေး ဖြစ်နေမယ်ဆိုရင်၊ ပြီးတော့ ကျွန်တော်ဟာလည်း ဘုရင်မရဲ့ ဒုတိယ သက်တော်ရှည် အမတ်ကြီး မဟုတ်ဘဲ တောတွင်းသား ငနန္ဒ ဖြစ်နေမယ်ဆိုရင် ဘုရင်မရဲ့ စိတ်ဓာတ်ကို ဖော့ဖယောင်းထက် ပျော့ပျောင်းအောင် လုပ်နိုင်တယ်လို့ ပြောတာပါ"

"အင်း ... တယ်လည်း အကြွားကြီးတဲ့လူပဲ၊ ကဲပါရှင် ရှင် ပြောတဲ့အတိုင်း ဟုတ် မဟုတ် စမ်းသပ်ကြည့်ရအောင်၊ ဘုရင်မဟာ ဘုရင်မ မဟုတ်ဘဲ အရပ်သူ မာလာ ဆိုပါတော့၊ ရှင်က မာလာရဲ့ အစ်ကိုကြီး အနေနဲ့ မာလာရဲ့စိတ်ကို ပျော့ပျောင်းအောင် ဆုံးမပြစမ်းပါလား"

"အရပ်သူ မာလာ ဟန်ဆောင်ပေမယ့် ဘုရင်မဟာ ဘုရင်မပဲ၊ ဘုရင်မ ဖြစ်နေသေးသမျှ ကျွန်တော်ဟာလည်း ဘုရင်မရဲ့ လုံခြုံမှုအတွက် တာဝန်ယူထားရတဲ့ သက်တော်ရှည် အမတ်ကြီး ဖြစ်နေသေးသမျှ ဘာမှ မတတ်နိုင်ဘူး၊ ဒါထက်ပိုပြီး အရေးကြီးတာက ဘုရင်မ



တစ်ကိုယ်လုံး စိုရွှဲနေပြီ၊ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ နန်းတော်ကိုပြန်မှ ဖြစ်လိမ့်မယ်"

"ဘာဖြစ်လို့ နန်းတော်ကို ပြန်ရမှာလဲ၊ မိုးလည်း စဲသွားပြီ၊ ငှက်ပျောတောရွာဘက်ကို ခရီးဆက်ကြရအောင်"

"မိုးစဲသွားပြီ ဆိုပေမယ့် စိတ်မချရသေးဘူး၊ ဆက်ပြီး ရွာလိမ့်မယ်"

"မရွာနိုင်တော့ပါဘူး၊ လာပါ သွားမယ်"

"သွားတာက အရေးမကြီးဘူး၊ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိဘဲ ထင်ရာလျှောက်သွားလို့ မတော်ဘူး၊ နောက်တစ်ချီ တပ်ဖျက်ပြီး ပြေးလာတဲ့လူတွေနဲ့ တွေ့ရင် စောစောကလူတွေလို ပြောလို့ဆိုလို့ လွယ်ချင်မှလွယ်မှာ"

ဗိုလ်နန္ဒသည် ဘုရင်မအား ရှေ့ဆက်မသွားရန် တားလိုက်သည်။ သို့ရာတွင် ဘုရင်မသည် တား၍မရဘဲ ခြေဦးတည့်ရာသို့ သွားနေဆရာ ဗိုလ်နန္ဒသည် နောက်မှကပ်ပြီး လိုက်ပါသွားရပေသည်။

ထိုခဏတွင် ဝင်းခနဲ လျှပ်စီးလက်ပြီး မိုးကြိုးပစ်သံ ကြားရပြန်ပေရာ ဘုရင်မသည် ဗိုလ်နန္ဒ အနီးသို့ ချဉ်းကပ်လာပြန်သည်။

မိုးကြိုးသံမစဲမီ မိုးပေါက်ဆိန်ကြီး ရွာချလိုက်ရာ ဗိုလ်နန္ဒနှင့် ဘုရင်မသည် မြင်းချင်းယှဉ်ပြီး တစ်ယောက်လက်ကို တစ်ယောက် ကိုင်လာခဲ့ရပေသည်။

မကြာမီ တောအုပ်ကိုလွန်ပြီး တောင်ခြေရင်းသို့ ရောက်ရှိလာပေသည်။

"ကျွန်တော်တို့တော့ လမ်းမှားလာပြီထင်တယ်၊ ဒါဟာ သေလာဂီရိ တောင်ခြေရင်းနဲ့တူတယ်၊ ရှေ့ကိုဆက်သွားရင် သုခနေ့ရဲ့ ပိုင်နက်ထဲ ရောက်သွားလိမ့်မယ်၊ ဒီနေရာမှာပဲ ခဏ မိုးခိုနေကြရအောင်"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို မိုးခိုရန်နေရာကို ရှာဖွေရာ တောင်

www.burmeseclassic.com

www.burmeseclassic.com



တမ်းဝါးယံတွင် ထွင်းထားသည့်အလား ကျောက်ဂူတစ်ခုလို တွေ့သဖြင့် ထိုကျောက်ဂူအတွင်းသို့ဝင်ပြီး ခေတ္တ မိုးခို၍ နေကြပေသည်။

"ဘုရင်မ တစ်ကိုယ်လုံး စိုရွှဲနေပြီ၊ အအေးမိမှာ စိုးရတယ်"

ဗိုလ်နန္ဒသည် ဘုရင်မအားကြည့်ပြီး ပြောလိုက်သည်။ ဘုရင်မမှာမူ နိုက်ခိုက်တုန်၍နေပေသည်။

"ခုနေများ မီးလှုံလိုက်ရရင် သိပ်ကောင်းမှာပဲ"

ဘုရင်မ ညည်းညည်းညူညူ ပြောလိုက်သည်။

"မီးလှုံချင်ရင် လွယ်ပါတယ်၊ သစ်ရွက်ခြောက်တွေလည်း ရှိသားပဲ"

ဗိုလ်နန္ဒသည် ကျောက်ဂူကြီးအတွင်းမှ သစ်ရွက်ခြောက်များကို စုပုံပြီး မီးကပ်ကျောက်ကို သံချောင်းဖြင့် ပွတ်လိုက်ပြီး မီးပွားများ ထွက်လာသောအခါ ထိုမီးပွားမှတစ်ဆင့် ဝါဂွမ်းတွင် မီးစွဲအောင်လုပ်ပြီး မီးမွှေးနေသည်ကို ဘုရင်မသည် စိတ်ဝင်စားစွာ ကြည့်နေပေသည်။

"မောင်ရှုပမှာ မိဘနှစ်ပါး ရှိသေးသလား"

"စန္ဒာဒေဝီ ဘုရင်မသည် မီးလှုံရင်း ဗိုလ်နန္ဒအား မေးလိုက်သည်။

"မရှိတော့ဘူး၊ အနိစ္စရောက်ကုန်ရှာပြီ"

"မောင်ရှုပရဲ့ အပြောအဆို အပြုအမူကို ကြည့်ရတာဟာ သာမန်အရပ်သားနဲ့ မတူဘူး၊ မဟာဆိ မဟာ့သွေးထဲကများ ဖြစ်နေမလား"

စန္ဒာဒေဝီ ဘုရင်မက မေးခွန်းထုတ်လိုက်ပြန်သည်။

ဗိုလ်နန္ဒမှာမူ ဘုရင်မ မေးလိုက်သည့် မေးခွန်းကို မကြားသည့်အမူအရာဖြင့် မီးပုံကိုသာ စိုက်ကြည့်ရင်း သစ်ရွက်ခြောက်များကို ထည့်ပေးနေပေသည်။

"ဒီမှာ မောင်ရှုပ၊ ဘုရင်မ မေးနေတာ မကြားဘူးလား၊ မောင်ရှုပရဲ့ မျိုးရိုးဇာစ်မြစ်ကို မသိရဘူးလား"



စန္ဒာဒေဝီ ဘုရင်မသည် စိတ်မရှည်နိုင်တော့ဘဲ ထပ်၍ မေးလိုက်ပြန်သည်။

"ကျွန်တော်က ခြေသလုံး အိမ်တိုင်လုပ်ပြီး တောပုန်းနေတဲ့ သူပုန်ဗိုလ် ဆိုတာ ဘုရင်မ သိတော်မူတဲ့အတိုင်းပဲ"

"ဘုရင်မ မေးတာကို မဖြေနိုင်ဘူးပေါ့လေ၊ ဒီနေ့ည ရှင်နဲ့ စကားပြောရတာ အပေါက်အလမ်းကို မတည့်ဘူး"

ဘုရင်မသည် ဗိုလ်နန္ဒအား မျက်စောင်းထိုးပြီးကြည့်ရင်း ခြေကိုဆောင့်၍ ပြောလိုက်ပြီးလျှင် ဗိုလ်နန္ဒအား မကြည့်ဘဲ မီးပုံကိုသာ စိုက်ကြည့်နေပေသည်။

မီးရောင်ကြောင့် ဘုရင်မ၏ ဖြူဖွေးသော အသားအရောင်သည် ဝါဝင်းနေသည်ဟု ထင်ရပေသည်။ စစ်ဝတ်စစ်စား ဝတ်ဆင်ထားသော်လည်း ဘုရင်မ၏ အချိုးအဆစ် ပြေပြစ်သော ကိုယ်လုံးကိုယ်ထည်မှာ စိုရွှဲနေသော စစ်ဝတ်စစ်စားကို ဖောက်ထွင်းကာ ပေါ်ထွက်လျက်ရှိနေရာ ဗိုလ်နန္ဒသည် ဘုရင်မ၏ ရုပါရုံကို ကသိုဏ်းရှု၍နေမိပေသည်။

"ဘုရင်မကို ဘာဖြစ်လို့ ဒါလောက်တောင် ကြည့်နေရတာလဲ"

ဘုရင်မသည် ဗိုလ်နန္ဒ၏မျက်လုံးဒဏ်ကို မခံနိုင်သဖြင့် ရှက်စနိုးသော အမူအရာဖြင့် ပြောလိုက်သည် ဗိုလ်နန္ဒသည် သက်ပြင်းချလိုက်ပြီး တစ်ဖက်သို့ လှည့်သွားပေသည်။

"ဘာဖြစ်လို့ သက်ပြင်းချနေပြန်တာလဲ"

ဘုရင်မက မေးလိုက်ပြန်သည်။

"မိုးစဲသွားပြီ နန်းတော်ကို ပြန်ကြပါစို့လား"

ဗိုလ်နန္ဒသည် ဘုရင်မ၏ မေးခွန်းကိုမဖြေဘဲ ကျောက်ဂူကြီးအပြင်ဘက်သို့ကြည့်ရင်း ပြောလိုက်သည်။

"ရှင်ဟာ လူတစ်မျိုးပဲ၊ ဘုရင်မနဲ့ ခုလို နှစ်ယောက်တည်း နီးနီး

www.burmeseclassic.com

www.burmeseclassic.com



ထပ်တပ် နေရတာကို မပျော်ပိုက်ဘူးလား၊ ဒီမှာ ဘုရင်မဘက်ကိုများ လှည့်စမ်းပါဦး"

စန္ဒာဒေဝီ ဘုရင်မက အားမလိုအားမရ ပြောလိုက်သည်။

ဗိုလ်နန္ဒမှာမူ ဘုရင်မ၏ မျက်နှာကို တစ်ချက်လှည့်ကြည့်လိုက်ပြီး မီးပုံဘက်သို့ ရောက်သွားကာ သက်ပြင်းချလိုက်ပြန်သည်။

ဗိုလ်နန္ဒ၏ မျက်စိထဲတွင်မူ မီးပုံကိုမမြင်ဘဲ ချစ်စရာကောင်းသော စန္ဒာဒေဝီ ဘုရင်မ၏ မျက်နှာကို မြင်လိုက်၊ သာယာရွှေပြည် နိုင်ငံတော် သီဟရာဇာ ဘုရင်ကြီးထံတွင် ဓားစာခံအဖြစ် ထားခဲ့ရသည့် တပည့် ၉ ဦး၏ ညှိုးငယ်သော မျက်နှာများကို မြင်လိုက်နှင့် တစ်လှည့်စီ မြင်၍နေသဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ခြင်း ဖြစ်သည်။

ထိုအခိုက်တွင် မြင်းခွာသံများ ကြားရသဖြင့် ဗိုလ်နန္ဒသည် အာရုံနိုက်ပြီး နားစွင့်လိုက်သည်။

"ဒီကျောက်ဂူထဲက ဘယ်သူတွေလဲ၊ ထွက်ခဲ့ကြစမ်း"

အပြင်မှ အမိန့်ပေးလိုက်သည့် အသံကို ကြားသဖြင့် ဗိုလ်နန္ဒသည် ထိုင်ရာမှ ကပျာကယာ ထလိုက်သည်။ စန္ဒာဒေဝီ ဘုရင်မမှာလည်း ထိတ်လန့်သွားပုံရသည်။

"ဘုရင်မ အပေါ်က တဘက် လုံလုံခြုံထားစမ်းပါ"

ဗိုလ်နန္ဒသည် ဘုရင်မအား လေသံဖြင့် ပြောလိုက်ပြီး ကျောက်ဂူဝသို့ ထွက်လာပေသည်။ ကျောက်ဂူဝတွင် စစ်ဝတ်စစ်စားနှင့် လူ ၅ ယောက် မြင်းကိုယ်စီဖြင့် ရပ်စောင့်နေသည်ကို တွေ့ရပေသည်။

"လူသူမနီး တောကြီးထဲမှာ အကြည်တော်တို့နဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ၊ အကြည်တော်တို့ ဘယ်နိုင်ငံကပါလဲ၊ ဘယ်ကလာပြီး ဘယ်ကို သွားကြမလို့ပါလဲ"



ဗိုလ်နန္ဒသည် ဣန္ဒြေရရပင် စစ်သည်တော် ၅ ဦးအား နှုတ်ခွန်းဆက်သလိုက်ပေသည်။

"ကျုပ်တို့ဟာ သုဝဏ္ဏနိုင်ငံတော်က သုမန ဘုရင်မင်းမြတ်ရဲ့ စစ်သည်တော်တွေ ဖြစ်တယ်၊ ကင်းထောက်ရင်း ဒီနေရာကို ရောက်ရှိလာပြီး ဂူထဲက မီးရောင်မြင်လို့ စုံစမ်းမေးမြန်းခြင်း ဖြစ်တယ်၊ အကြည်တော် ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ မသိရဘူးလား ..."

"ကျွန်တော်တို့က ကုန်သည်တွေပါ၊ တောထဲမှာ မျက်စိလည် လမ်းမှားပြီး ဒီနေရာကို ရောက်ရှိလာခြင်း ဖြစ်ပါတယ်၊ ကျွန်တော်တို့ ရောက်နေတဲ့ နေရာဟာ ဘယ်နေရာ ဘယ်ဒေသ ဆိုတာ တစ်ဆိတ်လောက် ပြောပြနိုင်ရင် ပြောပြစေလိုပါတယ်"

ဗိုလ်နန္ဒသည် ဣန္ဒြေမပျက် ပြန်ပြောလိုက်သည်။

"ဒီနေရာဟာ သုဝဏ္ဏနိုင်ငံနဲ့ စေတုတ္တရာ နိုင်ငံတော်ရဲ့ နယ်ခြားဒေသ ဖြစ်တယ်၊ ဒီနေရာရဲ့တောင်ဘက် မြားတစ်ပစ်စာလောက် ဝေးတဲ့ နေရာမှာ သုဝဏ္ဏ နိုင်ငံတော် သုမန ဘုရင်မင်းမြတ် စခန်းချနေတဲ့ ယာယီတဲနန်းတော် ရှိတယ်၊ ကျုပ်တို့က ကင်းထောက်လုလင်တွေပါ"

စစ်သည်တော်တစ်ဦးက အဖြေပေးလိုက်သည်။

"ဒါထက် အကြည်တော်က ဘယ်က လာပြီး ဘယ်ကိုသွားမှာလဲ ..."

စစ်သည်တော်တစ်ဦးက ဗိုလ်နန္ဒအား မေးလိုက်ပြန်သည်။

"ရွာသာယာ ရွာကလေးကနေပြီး စေတုတ္တရာမြို့ဘက်ကိုအသွားလမ်းမှာ မိုးတွေမိလို့ ရှေ့ဆက်မသွားနိုင်ဘဲ ဒီနေရာမှာ လာခိုနေရတာပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ရွာသာယာရွာက လာတယ် ဟုတ်လား၊ ဒီလိုဆို အဲဒီရွာကလေးကို သုမန ဘုရင်မင်းမြတ်ရဲ့ စစ်သည်တော်တွေ ဝင်ရောက်သိမ်းပိုက်တာကို မတွေ့ခဲ့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



စစ်သည်တော်တစ်ဦးက မေးလိုက်သည်။

"ရှာသာယာရွာကို သိမ်းပိုက်တာတော့ မတွေ့ခဲ့ဘူး၊ ဒါပေမဲ့ ရှာသာယာရွာ မရောက်ခင် စမ်းချောင်းကလေးမှာ တိုက်ပွဲဖြစ်ပွားတာတော့ မြင်ခဲ့ရတယ်"

"ရှာသာယာရွာက မီးရောင်လည်း မမြင်ရပါလား၊ ခုလောက်ရှိရင် ရှာသာယာရွာကို မီးရှို့ဖို့ ကောင်းနေပြီ၊ ကျုပ်တို့လည်း အဲဒီရွာ တလေးဘက်ကို ကြည့်နေတာပဲ၊ မီးရောင်ကို အလျဉ်းမမြင်ရသေးဘူး"

"မီးရောင် မမြင်ရတဲ့ အကြောင်းက တခြားကြောင့် မဟုတ်ဘူး၊ သုမနဘုရင်မင်းမြတ်ရဲ့ အကြံအစည်ကို စန္ဒာဒေဝီ ဘုရင်မရဲ့ ရွှေနားတော်ကို ပေါက်ကြားသွားလို့ ရွာထဲမဝင်နိုင်အောင် စမ်းချောင်းကလေးကနေပြီး ဆီးပြီးခုခံလို့ သုမန ဘုရင်မင်းမြတ်ရဲ့ စစ်သည်တော်တွေ ဖရိုဖရဲ ထွက်ပြေးရတာကို ကျွန်တော်တို့ မြင်ခဲ့ရတယ်။ ကျွန်တော်တို့ဝါ ဖနောင့်နဲ့တင်ပါး တစ်သားတည်းနေအောင် ပြေးလာခဲ့ရတယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ သုမန၏ ကင်းထောက်လုလင် ၅ ဦးမှာ မျက်လုံးပြူးသွားကြသည်။

"အကြည်တော် ပြောတာ အမှန်ပဲလား"

"အမှန်ပါ၊ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရတာကို ပြောနေတာပါ"

"ဒီလိုဆိုရင် ဘုရင်မင်းမြတ်ထံ ခစားပြီး အကျိုးအကြောင်း သံတော်ဦးတင်ဦးမှ ဖြစ်မယ် ... ကဲ ... အကြည်တော် ဘုရင်မင်းမြတ်ရဲ့ ရှေ့တော်မှောက်ကို ဝင်ပြီး အကျိုးအကြောင်း သံတော်ဦးတင်စမ်းပါ ... လာ ... ကျုပ်တို့နဲ့ တစ်ခါတည်းလိုက်ခဲ့"

"ကျွန်တော်တို့ လိုက်လို့ဖြစ်ပါ့မလား ... ပြီးတော့ ကျွန်တော့်မှာလည်း အဖော်တစ်ယောက် ပါသေးတယ်"

"လိုက်သာလိုက်ခဲ့ပါ ... အဖော်ပါလာရင်လည်း တစ်ခါတည်း



ခေါ်လာခဲ့ပေါ့၊ ဟိုရောက်လို့ ဘုရင်မင်းမြတ်ကို ဟုတ်တိုင်းမှန်ရာ သံတော်ဦးတင်လိုက်ရင် အကြည်တော်တို့ကို ဘုရင်မင်းမြတ်က ကျေးဇူးတင်ပြီး ဆုလာဘ်များ ပေးသနားတော်မူပါလိမ့်မယ်"

ကင်းထောက်လုလင်များက အတင်းခေါ်ပေရာ ဗိုလ်နန္ဒမှာ မလွှဲမရှောင်သာတော့ဘဲ ဘုရင်မအား တစ်ကိုယ်လုံး လုံခြုံအောင် တဘက်ဖြင့် လွှမ်းခြုံထားလိုက်ပြီးလျှင် ကျောက်ဂူ အပြင်ဘက်ရှိ သစ်ပင်တွင် ချည်ထားခဲ့သည့် မြင်းများကိုစီးကာ ကင်းထောက်လုလင် ၅ ဦးနှင့်အတူ လိုက်ပါလာခဲ့ပေရာ မျှားမကြာမီ တောင်စောင်းတွင် မီးလင်းဖိုများဖိုကာ မီးလှုံနေကြသော စစ်သည်တော်အချို့ကို ခပ်လှမ်းလှမ်းမှ မြင်ရလေသည်။

"ဒါထက် အကြည်တော်တို့ကို ကျွန်တော် တစ်ခု မေးချင်တယ်"

လမ်းခရီးတွင် ဗိုလ်နန္ဒက စကားစ,လိုက်သည်။

"ဘာများ သိချင်လို့လဲ"

ကင်းထောက်လုလင် ခေါင်းဆောင်က မေးလိုက်သည်။

"မနေ့ညက စေတုတ္တရာ မြို့တော်က ထွက်ပြေးသွားတဲ့ ခေတ္တရာမြို့စားကြီး သုဝဏ္ဏ နိုင်ငံတော်ကို ချောချောမောမော ရောက်လာပြီလား ဆိုတာ သိချင်လို့ပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"သုမန ဘုရင်မင်းမြတ်ထံပါး ရောက်ရှိလာတယ်လို့တော့ သတင်းကြားမိတာပဲ၊ သေသေချာချာတော့ မပြောတတ်ဘူး"

ကင်းထောက်လုလင်က အဖြေပေးလိုက်ရာ ဗိုလ်နန္ဒသည် ဘာမျှထပ်မပြောတော့ဘဲ ကင်းထောက်လုလင်များနှင့်အတူ တဖြည်းဖြည်းလာခဲ့ကြပေသည်။

"ဟောဟိုမှာ ဘုရင်မင်းမြတ်ရဲ့ ယာယီစံနန်းတော်ပဲ၊ လာ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့နောက်က လိုက်ခဲ့၊ ဘာမှ မကြောက်နဲ့၊ ဘုရင်မင်းမြတ်ရှေ့မှောက်ကို ရောက်ရင်လည်း အကြည်တော် မြင်ခဲ့သမျှ ကြားခဲ့သမျှကို ရဲရဲကြီးသာ သံတော်ဦးတင်ပါ"

ကင်းထောက်လုလင်များက ဗိုလ်နန္ဒအား အားပေးစကား ပြော၊ ဆိုပြီး သုမနဘုရင်၏ ယာယီနန်းတော်အတွင်းသို့ ခေါ်ဆောင်သွားပေ၊ သည်။

* * *

## အခန်း—၂၇

သုမနဘုရင်၏ ယာယီ စံနန်းတော်မှာ သေလာဂီရိ တောင်ခါးပန်းတွင် ကြီးမားသော ကျောက်လိုဏ်ဂူကြီးကို အမိုးပြုကာ သစ်ခက်များဖြင့် မိုးလေ လုံခြုံအောင် ဆောက်လုပ်ထားသည့် သစ်ခက် တဲနန်းကြီး ဖြစ်ပေသည်။

တဲနန်းကြီး အတွင်းတွင် မီးလင်းဖိုကြီးတစ်ခု တွေ့ရပြီး ထို မီးလင်းဖိုကြီး အနီးရှိ သလွန်ပေါ်တွင် သုမနဘုရင် တင်ပါးလွှဲထိုင်ကာ လက်တစ်ဖက်တွင် အရက်ထည့်ထားသည့် ရွှေဖလားကို ကိုင်၍ လက်တစ်ဖက်တွင်မူ ကြက်သားကင်ကို ကိုင်ပြီး ကြက်သားနှင့် အရက်ကို မြည်း၍နေပေသည်။ မီးလင်းဖိုပေါ်တွင်လည်း ကြက်တစ်ကောင် ကင်ထားသည်ကို တွေ့ရပေသည်။

ဗိုလ်နန္ဒနှင့် ကင်းထောက်လုလင်များ ဝင်လာသည်ကို မြင်သောအခါ သုမနဘုရင်သည် ရွှေဖလားထဲမှ အရက်ကို မော့ချလိုက်ပြီး ဗိုလ်နန္ဒနှင့် တစ်ကိုယ်လုံး ကမ္ဗလာ လွှမ်းခြုံထားသည့် ဘုရင်မအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေပေသည်။

ကင်းထောက်လုလင်များကလည်း သုမနဘုရင်အား အကျိုးအကြောင်း လျှောက်ထား သံတော်ဦးတင်ပြီး အပါးမှ ထွက်ခွာသွားကြ လေ ည်။

"မောင်မင်းက ဘယ်သူလဲ ... ဘယ်ကလာပြီး ဘယ်ကို သွားကြမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



သုမနေဘုရင်သည် အရက်သံပါပါနှင့် မေးလိုက်သည်။

"ကျွန်တော့်နာမည်က မောင်ဝေလုလို့ ခေါ်ပါတယ်၊ ဒါက ကျွန်တော့်ရဲ့ လက်ပါးစေပါ"

"မောင်မင်းရဲ့ လက်ပါးစေက လူချောလူလှပဲ ... ယော့ ... ရှေ့ကို တိုးခဲ့စမ်း"

သုမနေဘုရင်သည် စန္ဒာဒေဝီ ဘုရင်မအား လှမ်းခေါ်လိုက်သည်။ သို့ရာတွင် စန္ဒာဒေဝီ ဘုရင်မသည် ရှေ့သို့တိုးမလာဘဲ ဗိုလ်နန္ဒ၏ နောက်ကွယ်တွင် ရပ်၍နေပေသည်။

"ဘုရင်မင်းမြတ်အတွက် သတင်းလက်ဆောင် ပါလာပါတယ်"

ဗိုလ်နန္ဒသည် သုမနေဘုရင်၏ အာရုံကို ပြောင်းသွားအောင် ပြောလိုက်သည်။

"အင်း ... ဟုတ်သားပဲ၊ ကဲ–သံတော်ဦး တင်စရာရှိတာကို သံတော်ဦးတင်စမ်း၊ သတင်းကောင်းလား–သတင်းဆိုးလား"

"သတင်းကတော့ သိပ်ပြီး ကောင်းလှတဲ့သတင်း မဟုတ်ပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ငါလည်း အထင်သားပဲ၊ ခုထက်ထိ ရွာသာယာရွာဘက်က မီးတောက်မီးလျှံ မမြင်ရတာကိုထောက်ရင် တစ်ခုခု ဖြစ်နေပြီလို့ အထင် လိုက်သားပဲ၊ ကဲ–မင်း မြင်ခဲ့၊ ကြားခဲ့တာတွေကို သံတော်ဦးတင်စမ်း"

"ဘုရင်မင်းမြတ်ရဲ့ အကြံအစည်ကို စန္ဒာဒေဝီ ဘုရင်မ ကြားသိတော်မူသွားပြီး ဘုရင်မင်းမြတ်ရဲ့ စစ်သည်တော်တွေကို ရွာသာယာရွာထဲဝင်ပြီး မီးမရှို့နိုင်အောင် လမ်းခုလတ်မှာရှိတဲ့ စမ်းချောင်းကလေးထဲ ထောင်ချောက်ဆင်ပြီး ဘုရင်မရဲ့ စစ်သည်တော်တွေက လျှပ်တစ်ပြက် တိုက်ပွဲဆင်ပြီး ခုခံလိုက်တဲ့အတွက် ဘုရင်မင်းမြတ်ရဲ့ စစ်သည်တော်တွေ အတုံးအရုံး ကျဆုံးကုန်ပါတယ်၊ ကျန်တဲ့ စစ်သည်တော်တွေလည်း ဖရိုဖရဲ အစဉ်ကရဲ ဖြစ်ကုန်ကြပါပြီ၊ ခြေဦးတည့်ရာကို ထွက်ပြေးကုန်ကြပါပြီ"



ဗိုလ်နန္ဒ ပြောသော စကားများကို ကြားရသောအခါ သုမနေဘုရင်မှာ ဒေါသအမျက်ခြောင်းခြောင်းထွက်ခါ လက်ထဲတွင် ကိုင်ထားသည့် ကြက်သားကင်ကို လွှင့်ပစ်လိုက်သည်။

"ဒီအဖြစ်အပျက်တွေကို မောင်မင်း ဘယ်လိုလုပ်ပြီး သိသလဲ"

"ကျွန်တော့်ရဲ့ နား မျက်စိနဲ့ တပ်အပ်သေချာ ကြားခဲ့၊ မြင်ခဲ့လို့ သိတာပါ"

"မောင်မင်း လျှောက်တင်ချက်တွေဟာ အားလုံး အမှန်ချည်းပဲနော်၊ မဟုတ်မမှန် လျှောက်တင်ရင် မောင်မင်း အပြစ်ဒဏ်ခံရမယ် ဆိုတာ နားလည်ရဲ့လား"

"နားလည်ပါတယ်၊ ဒါကြောင့် ဟုတ်တိုင်းမှန်ရာ သံတော်ဦးတင်နေခြင်း ဖြစ်ပါတယ်၊ ခုလို ဟုတ်တိုင်းမှန်ရာ သံတော်ဦးတင်တဲ့အတွက် ဆုလာဘ်များ ချီးမြှင့်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်"

ဗိုလ်နန္ဒသည် ဣန္ဒြေမပျက်ပင် လျှောက်တင်လိုက်သည်။

"ဘယ်လိုဆုလာဘ်မျိုး လိုချင်သလဲ"

"တခြား ဆုလာဘ်တော့ မလိုချင်ပါဘူး၊ လွတ်လပ်စွာ သွားလာခွင့်ပဲ လိုချင်ပါတယ်"

ဗိုလ်နန္ဒက ရဲရင့်စွာ ပြန်ပြောလိုက်သည်။

"ဘာလဲ သတင်းတောင် ပြည့်စုံအောင် မမေးရသေးဘူး သွားချင်လှပြီလား၊ ငါကိုယ်တော်မြတ် သိချင်တာတွေအားလုံး သိရပြီးမှ မောင်မင်းကို ပြန်လွှတ်သင့်ရင် လွှတ်မယ်၊ ပြီးတော့–မောင်မင်းရဲ့ လက်ပါးစေ ဆိုတဲ့ သူငယ်ကိုလည်း ငါကိုယ်တော်မြတ် မျက်စိကျနေတယ်၊ သူ့ကို ငါဘုရင့် အပါးမှာ ခစားစေရင် ကောင်းလိမ့်မယ်ထင်တယ်"

သုမနေဘုရင်သည် အရက်သံပါပါဖြင့် ဗိုလ်နန္ဒကိုကွယ်ပြီးရပ်နေသော စန္ဒာဒေဝီ ဘုရင်မအား လှမ်းကြည့်ရင်း ပြောလိုက်ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖလားထဲသို့ ရွှေရေတာကောင်းထဲမှ အရက်များ ငှဲ့ထည့်နေပြန်သည်။ ဗိုလ်နန္ဒမှာမူ သုမနဘုရင်၏ အရိပ်အကဲကိုသာ ကြည့်၍နေပေသည်။

"ကဲလေ ... ဘာငေးနေတာလဲ ... ငါဘုရင်မင်းမြတ် သံတော်ဦးတင်စရာရှိတာ ဆက်တင်လေ"

သုမနဘုရင်သည် အရက်ထည့်ထားသည့် ရွှေဖလားကို လက်တစ်ဖက်တွင် ကိုင်ရင်း ကျန်လက်တစ်ဖက်မှ မီးလင်းဖိုပေါ်တွင် တင်ထားသည့် ကြက်သားကို လှမ်းယူရင်း ပြောလိုက်သည်။

"ဘုရင်မင်းမြတ်အတွက် အဆိုးဆုံး သတင်းကို နားဆင်တော်မူပါ"

"အဆိုးဆုံးသတင်း ... ဟုတ်လား ... ဘာသတင်းလဲ၊ မြန်မြန် လျှောက်တင်စမ်း"

"ဘုရင်မင်းမြတ် ရွှေနားဆင်တော်မူပါ ... ဘုရင်မင်းမြတ်၏ ကြီးမားလှသော စစ်သည်တော် ဗိုလ်ပါအင်အားကို စန္ဒာဒေဝီ ဘုရင်မ၏ လက်တစ်ဆုပ်စာမျှသော စစ်သည်တော်များက ချေမှုန်းတိုက်ခိုက်လိုက်သဖြင့် ကျဆုံးသွားသော စစ်သည်တော်များထဲတွင် ဘုရင်မင်းမြတ်၏ လက်ရုံးတစ်ဆူ အားကိုးတော်မူသော စစ်သူကြီး ဗိုလ်ယက္ခ ကိုယ်တိုင် ကျဆုံးပြီး ကျန်ရစ်ခဲ့သည်ကို ဘုရင်မင်းမြတ် ရွှေနားတော်ကြား သံတော်ဦးတင်ဝံ့ပါသည်"

ဗိုလ်နန္ဒသည် ဣန္ဒြေရရပင် ပြန်၍ပြောလိုက်ရာ သုမနဘုရင်သည် မျက်လုံးပြူးသွားပြီး မြေကြီးကို ဖနောင့်နှင့် ဆောင့်လိုက်သည်။ လက်တစ်ဖက်တွင် ကိုင်ထားသည့် ကြက်သားကင် ပူပူနွေးနွေးကိုလည်း ဗိုလ်နန္ဒရှိရာသို့ လှမ်းပေါက်လိုက်သည်။ သို့ရာတွင် မျက်စိရှင်သော ဗိုလ်နန္ဒသည် ဘေးသို့ အသာဖယ်ပေးလိုက်သဖြင့် ကြက်သားကင်သည် ဗိုလ်နန္ဒအား မထိဘဲ အရှိန်လွန်ပြီး သစ်ခက်တဲနန်း အပြင်ဘက်သို့ ရောက်သွားပေသည်။



"ဒီစကားဟာ အမှန်ပဲလား ... မမှန်ရင် မောင်မင်းကို သေဒဏ်အပြစ်ပေးရလိမ့်မယ်"

သုမနဘုရင်က ပြန်မေးလိုက်သည်။ မျက်နှာ တစ်ခုလုံးမှာလည်း ညိုမည်းနေပေသည်။

"အမှန်ဖြစ်ကြောင်းပါ ... မမှန်လျှင် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ဗိုလ်ယက္ခအား ပေးသနားတော်မူထားသည့် ပတ္တမြားလက်စွပ်ကို ရှုစားတော်မူပါ"

ဗိုလ်နန္ဒသည် မိမိ၏ လက်ဝဲဘက် လက်သူကြွယ်တွင် ဝတ်ဆင်ထားသည့် ဗိုလ်ယက္ခ၏ ပတ္တမြားလက်စွပ်ကို ချွတ်ပြီး သုမနလက်သို့ ဆက်သလိုက်သည်။

သုမနဘုရင်သည် ဗိုလ်နန္ဒ၏လက်မှ လက်စွပ်ကို သိမ်းယူလိုက်ပြီး မီးရောင်တွင် အတန်ကြာ ကြည့်နေပေသည်။

"အင်း ... ဒီလက်စွပ်ကတော့ ဗိုလ်ယက္ခရဲ့ လက်စွပ်ဆိုတာ မငြင်းနိုင်ဘူး၊ ဒီလက်စွပ်ကို ဘယ်ပုံဘယ်နည်း ရလာတာလဲ၊ မှန်မှန် သံတော်ဦးတင်စမ်း"

"ဘုရင်မင်းမြတ်ရဲ့ လက်ရုံးတစ်ဆူဖြစ်တဲ့ ဗိုလ်ယက္ခမှာ စန္ဒာဒေဝီ ဘုရင်မရဲ့ စစ်သည်တော်များ လက်ချက်ဖြင့် သေငယ်ဇောနှင့် မြောနေသည်ကို တွေ့သဖြင့် ဆေးဝါးများ ကုသပေးရာမှ အနည်းငယ် သက်သာရာရပြီး သေခါနီးဆဲဆဲတွင် ဤလက်စွပ်ကိုချွတ်ပြီး ပေးခဲ့ခြင်း ဖြစ်ပါသည်"

"အင်း ... ဗိုလ်ယက္ခ ... သေရှာမှကိုး"

"အသေစောလို့ နှမြောလိုက်ပါဘိ"

သုမနဘုရင်သည် ပတ္တမြားလက်စွပ်ကို ကြည့်ရင်း ညည်းညူလိုက်သည်။

"ဗိုလ်ယက္ခ သေဆုံးရခြင်းဟာ ဘုရင်မင်းမြတ်ရဲ့ သစ္စာတော်ကို

www.burmeseclassic.com

www.burmeseclassic.com



ဓောင့်သိရှိသေစွာဖြင့် အမှုတော်ကို ထမ်းရွက်ရင်း ကျဆုံးရခြင်း ဖြစ်တဲ့အတွက် မြတ်သောသေခြင်း ဖြစ်ပါသည်။ ဗိုလ်ယက္ခ သေခါနီးဆဲဆဲတွင် သတိသံဝေဂရပြီး လက္ခဏာရေးသုံးပါးကို ဆင်ခြင်အောက်မေ့ရင်း အနိစ္စ ရောက်သွားခြင်း ဖြစ်တဲ့အတွက် ကောင်းရာ သုဂတိဘုံသို့ ရောက်မည်မှာ ဧကန်မလွဲ ဖြစ်ပါသဖြင့် ဗိုလ်ယက္ခအတွက် ဝမ်းနည်းခြင်း မဖြစ်သင့်ကြောင်းပါ ...”

“သေပြီးတဲ့နောက် ဘယ်ကိုရောက်ရောက် ဘာအရေးကြီးသလဲ — ငါ့ဘုရင်မှာ လက်ရုံးတစ်ဖက် ပြုတ်တာက အရေးကြီးတယ်၊ ငါ ဘုရင်မင်းမြတ်ရဲ့ လက်ရုံးတစ်ဆူ အားကိုးရတဲ့ ဗိုလ်ယက္ခ သေရတဲ့အတွက် စန္ဒာဒေဝီ ဘုရင်မအပေါ်မှာ ဘယ်နည်းနဲ့မှ အခဲမကျေဘူး၊ တစ်နေ့ကျရင် စန္ဒာဒေဝီ ဘုရင်မဟာ ငါ့ဘုရင်ရဲ့ ခြေဖဝါးအောက် ပြားပြားမှောက် ရောက်ရမှာပဲ၊ ဒီအခါကျမှ လှလှကြီး လက်စားချေပြလိုက်မယ်၊ ပြီးတော့ ... ငါ့ဘုရင်ရဲ့ စစ်သည်တော် သူရဲကောင်းတွေကို မိန်းမကျင့် မိန်းမကြံနဲ့ အလစ်မှာ ချောင်းပြီး သတ်ဖြတ်ပစ်တဲ့အတွက် ဓေတုတ္တရာ နိုင်ငံတော်ကို ငါ့ဘုရင်မင်းမြတ် သိမ်းပိုက်တော်မူပြီးချိန်မှာ ငါ့ဘုရင်မင်းမြတ်ဘက်က စစ်သည်တော် တစ်ဦး ကျဆုံးရင် စန္ဒာဒေဝီရဲ့ စစ်သည်တော် ၄ ဦးကို လက်စားချေတဲ့အနေနဲ့ ကြိုးစင်တင်ပြီး သတ်ရမယ်၊ ဗိုလ်ယက္ခကျဆုံးရတဲ့အတွက် စန္ဒာဒေဝီရဲ့ လက်ရွေးစင် စစ်သည်တော် ၄၀ ကို ကားစင်တင်ပြီး ရင်ခွဲ အသည်းနေပူလှန်းပြီး သတ်မယ်”

သုမနေဘုရင်က ကြုံးဝါးလိုက်သည်။

“ဒေါသ အာဃာတ တရားတွေ ထားရင် မှားပါလိမ့်မယ် — ဒေါသ၊ အာဃာတ တရားတွေကြောင့် ဘုရင်မင်းမြတ်ရဲ့ စစ်သူကြီး ဗိုလ်ယက္ခနဲ့တကွ စစ်သည်တော် အမြောက်အမြား ကျဆုံးခဲ့ရသည်ကို သတိပြုတော်မူပါ”



ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

“ငါကဲ့သို့သော ဘုရင်ကို ဘုန်းကြီးစာချ မိကျောင်းမင်း ရေတာင်းပြ လုပ်နေပြန်ပြီလား”

“ဒေါသတရားရှေ့ထားရင် မှားတတ်ကြောင်းကို ပညာရှိ သတိဖြစ်ခဲ ဆိုသလို ဖြစ်မှာစိုးလို့ မေတ္တာတရား ရှေ့ထားပြီး သတိပေးနေခြင်းသာ ဖြစ်ပါတယ်”

ဗိုလ်နန္ဒက ဆက်ပြီး ပြောလိုက်ပြန်သည်။

“ဘာလဲ ... မောင်မင်းက တရားဟော ဓမ္မကထိကလား”

သုမနေဘုရင်သည် ဗိုလ်နန္ဒအား မျက်မှောင်ကြုတ်ပြီး ကြည့်ရင်း မေးလိုက်သည်။

ထိုအခိုက်တွင် ကျောက်ဂူကြီးအတွင်းမှ ခြေသံကြားသဖြင့် ဗိုလ်နန္ဒသည် ခြေသံကြားရာသို့ လှမ်းကြည့်လိုက်ရာ ဓေတုတ္တရာ မြို့တော်မှ ထွက်ပြေးလွတ်မြောက်လာသည့် ခေတ္တရာမြို့စားကြီးကို ရိပ်ခနဲ မြင်လိုက်ရသဖြင့် အံ့အားသင့်သွားပေသည်။

“ဘုရင်မင်းမြတ် ... ဘုရင်မင်းမြတ်”

ခေတ္တရာမြို့စားကြီးသည် သုမနေဘုရင်အား အသံပြုလိုက်သဖြင့် သုမနေဘုရင်သည် နောက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခိုက်တွင် ဗိုလ်နန္ဒသည် သုမနေဘုရင်၏လက်မှ အရက်ထည့်ထားသည့် ရွှေဖလားကို လုယူလိုက်ပြီး သုမနေဘုရင်၏မျက်နှာကို အရက်ဖြင့် ပက်လိုက်ပြီးလျှင် ရေတကောင်းထဲမှ အရက်ကို မီးလင်းဖိုပေါ်သို့ လောင်းချလိုက်ရာ ကျောက်ဂူကြီးတစ်ခုလုံး မှောင်မည်းသွားပေသည်။

ဗိုလ်နန္ဒသည် ဘုရင်မ၏လက်ကိုဆွဲပြီး မှောင်ကြီးမည်းမည်းထဲတွင် စမ်းသပ်ခါ သုမနေဘုရင်၏ သစ်ခက်တဲနန်းထဲမှ ပြေးထွက်လာပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ခက်တဲနန်း အပြင်ဘက်သို့ ရောက်သောအခါ အစောင့်နှင့်တူသော စစ်သည်တော်တစ်ယောက်က ရှေ့သို့ မတိုးလာရန် ဟစ်အော်ပြီး ဟန့်တားလိုက်ရာ ဗိုလ်နန္ဒသည် ထိုသူ၏ မေးရိုးကို ချိန်ရွယ်ပြီး လက်သီးနှင့် တအားထိုးလိုက်ရာ နောက်သို့ယိုင်အသွားတွင် ရင်ဝကို ခြေနှင့်ဆောင့်ကန်လိုက်ပြီးလျှင် ဘုရင်မ၏လက်ကိုဆွဲရင်း စောစောက မြင်းများ ချည်နှောင်ထားခဲ့သည့်နေရာသို့ရောက်အောင် ပြေးလာခဲ့ပေသည်။

မြင်းများကို ပြန်တွေ့သည်နှင့် တစ်ပြိုင်နက် ဗိုလ်နန္ဒသည် ဘုရင်မအား မြင်းပေါ်သို့ တင်ပေးလိုက်ပြီးလျှင် မြောက်ဘက်သို့ ကဆုန်ပေါက်ပြီးပြေးရန် ပြောလိုက်သဖြင့် ဘုရင်မသည် မြင်းကိုကြိမ်တို့ကာ ဒုန်းစိုင်းပြီး ပြေးပေသည်။

ဗိုလ်နန္ဒမှာမူ သုမန၏ စစ်သည်တော်များ ရုတ်တရက် မလိုက်နိုင်စေရန် စစ်သည်တော်များ၏ မြင်းများကို ကြိုးများဖြတ်ကာ ခြောက်လှန့်ပြီး မောင်းထုတ်လျက်ရှိပေရာ မြင်းများမှာ ဖရိုဖရဲ ကစဉ့်ကရဲဖြင့် ခြေဦးတည့်ရာသို့ ထွက်ပြေးကြပေသည်။

ထိုအခိုက်တွင် ဗိုလ်နန္ဒသည် မိမိ၏ မြင်းလီမ္မာကြီးပေါ်သို့ လွှားခနဲ ခုန်တက်ပြီး ဘုရင်မ၏နောက်သို့ မျှော်မှန်းလျက် တစ်ရှိန်ထိုးလိုက်သွားပေသည်။

မကြာမီ ဗိုလ်နန္ဒသည် စန္ဒာဒေဝီ ဘုရင်မအား မီလာပြီး ကွင်းပြင်ကိုဖြတ်ကာ တောအုပ်ရှိရာသို့ ဒုန်းစိုင်း၍ လာခဲ့ကြပေသည်။ နောက်မှ လိုက်လာသည့် အသံများကိုလည်း ကြား၍နေရပေသည်။

"စန္ဒာဒေဝီ ဘုရင်မ မပြေးပါနဲ့၊ ဘုရင်မကို ရန်မမူပါဘူး"

နောက်မှ လိုက်လာသူများ၏ အသံများကြားမှ ခေတ္တရာမြို့စားကြီး၏ အသံကို ပြတ်ပြတ်သားသားကြီး ကြားရပေသည်။



"ဒီအသံဟာ ခေတ္တရာမြို့စားကြီးရဲ့ အသံပဲ ... ဒီအဝတ်အစားနဲ့တောင် ဘုရင်မကို မှတ်မိတယ်"

ဘုရင်မသည် ဗိုလ်နန္ဒအား လှမ်းပြောလိုက်သည်။

"စကားပြောမနေစမ်းပါနဲ့ ... လွတ်အောင်ပြေးဖို့သာ ကြိုးစားစမ်းပါ"

ဗိုလ်နန္ဒသည် သတိပေးပြီး မြင်းကို ကြိမ်တစ်ချက်တို့တည်း တို့ကာ လေ၏လျင်မြန်ခြင်းဖြင့် လာခဲ့ကြပေသည်။

မကြာမီ ကွင်းပြင်ကိုလွန်ပြီး တောတန်းကလေးသို့ ရောက်ရှိလာပေသည်။

"ဘုရင်မ တောတန်းကို ရောက်လာပြီ၊ မြင်းကို သတိထားပြီးစီး၊ မှောင်လည်း မှောင်တယ် ... သစ်ပင်တွေလည်း ထူတယ် ... ပြီးတော့ ဆူးညှောင့်ခလုတ်တွေလည်း ရှိတယ်"

ဗိုလ်နန္ဒက ဘုရင်မအား သတိပေးလိုက်သည်။

"အို ဘာမှ မပူပါနဲ့၊ ဒီနေရာဟာ ဘုရင်မ သွားနေကျ နေရာပါ၊ ဒီတောတန်းကိုရောက်ရင် ဘာမှ စိုးရိမ်စရာမရှိဘူး၊ ဘုရင်မ လမ်းကောင်းကောင်းသိပါတယ်"

စန္ဒာဒေဝီ ဘုရင်မသည် ပြောပြောဆိုဆို တောတန်းကလေးအတွင်း လူသွားလမ်းကလေးအတိုင်း မြင်းကို ကဆုန်ပေါက်ပြီး စီးနင်းလာခဲ့ပေသည်။

နောက်မှ လိုက်လာသည့် အသံများမှာလည်း ဝေးသည်ထက်ဝေးပြီး ကျန်ရစ်ခဲ့သည်ဟု ထင်ရသည်။

"စန္ဒာဒေဝီ ဘုရင်မ"

ခေတ္တရာမြို့စားကြီး၏ အသံကို သဲ့သဲ့ကြားလိုက်ရပြန်သည်။ ဗိုလ်နန္ဒနှင့် ဘုရင်မမှာမူ နောက်သို့လှည့်မကြည့်ဘဲ သစ်ငုတ်ရုပ်ကြီးများအောက်မှ မြန်နိုင်သမျှ အမြန်ဆုံး လာခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ လှည်းလမ်းကြောင်းတစ်ခုကို တွေ့ရပေသည်။

"ဒီမှာ ကြည့်စမ်း ဒါဘာလဲ လှည်းလမ်းကြောင်း မဟုတ်လား၊ ဒီလမ်းအတိုင်းသွားရင် ဘုရင်မရဲ့ အထိန်းတော်ကြီးနေတဲ့ ငှက်ပျောတောကို ရောက်မယ် မဟုတ်လား"

စန္ဒာဒေဝီ ဘုရင်မက ပြောလိုက်သည်။

"ဟုတ်တယ် ဘုရင်မပြောတာ မှန်လိမ့်မယ်"

"ကဲ ဒါဖြင့် ဒီလမ်းအတိုင်းသွားပြီး အထိန်းတော်ကြီးကို တစ်ပါတည်း ခေါ်ခဲ့ရအောင်"

"အထိန်းတော်ကြီးက အရေးမကြီးသေးပါဘူး၊ နန်းတော်ကို အရောက်ပြန်မှဖြစ်မှာ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဘုရင်မ စန္ဒာဒေဝီ"

ခေတ္တရာမြို့စားကြီး၏ အသံကို ကြားရပြန်သည်။

"ဟော ပြောရင်းဆိုရင်း ဘုရင်မရဲ့ မြင်းခွာ လိပ်သွားပြီ၊ ခုမှ ဒုက္ခပဲ"

စန္ဒာဒေဝီ ဘုရင်မ၏ အသံကို ကြားရသဖြင့် ကြည့်လိုက်ရာ စန္ဒာဒေဝီ စီးနင်းလာသည့် မြင်းမှာ ထော့နင်း ထော့နင်းနှင့် ဖြစ်နေသည်ကို တွေ့ရပေရာ ဗိုလ်နန္ဒသည် စန္ဒာဒေဝီ ဘုရင်မ၏ မြင်းအနီးသို့ မိမိ၏ မြင်းကို ယှဉ်ကပ်လိုက်သည်။

"ဘုရင်မ ... လာ ... ဘာမှမစိုးရိမ်နဲ့"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို စန္ဒာဒေဝီ ဘုရင်မအား မြင်းပေါ်မှ ဆွဲယူလိုက်ပြီး မိမိ၏ ရှေ့တွင် တင်လိုက်ပြီးလျှင် မြင်းလိမ္မာကြီးပေါ်တွင် ၂ ယောက်သား အတူစီးကာ ခရီးပြင်း နှင်ခဲ့ကြပြန်ပေသည်။ စန္ဒာဒေဝီ ဘုရင်မမှာလည်း ဗိုလ်နန္ဒအား တအားဖက်ပြီး လိုက်ပါလာခဲ့ပေသည်။

"စန္ဒာဒေဝီ ... ဘုရင်မ"



ခေတ္တရာမြို့စားကြီး၏ အသံကို သဲ့သဲ့မျှ ကြားရပြန်သည်။

"မြင်းတစ်ကောင်တည်း လူ ၂ ယောက်စီးပြီး ကြာကြာပြေးနိုင်မယ် မထင်ဘူး၊ ကဲ ... ဘုရင်မ ... ကျွန်တော့်ရဲ့မြင်းကို စီးပြီး နန်းတော်အရောက် ပြေးပေတော့၊ ကျွန်တော် ဒီနေရာကနေပြီး ရန်သူ လိုက်မလာနိုင်အောင် ခုခံပြီး နေရစ်ခဲ့မယ်"

ဗိုလ်နန္ဒသည် ဘုရင်မ လွတ်မြောက်ရေးအတွက် မိမိ အသေခံပြီး ခုခံကာကွယ်ရန် သန္နိဋ္ဌာန်ချလိုက်ပြီး ဘုရင်မအား သတိပေးလိုက်သည်။

"ရှင် ဘာဖြစ်လို့ ဒီမှာ ဆင်းနေရစ်ခဲ့ရမှာလဲ ... မနေရစ်ခဲ့ရဘူး၊ သေစရာရှိရင် အတူတူပဲ သေမယ် ... ဘုရင်မ တစ်ယောက်တည်း တစ်ကိုယ်ကောင်း မကြံချင်ဘူး"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား တင်းကျပ်စွာဖက်ထားရင်း ပြန်ပြောလိုက်သည်။

"တစ်ကိုယ်ကောင်းကြံတာမှ မဟုတ်ဘဲ ... ဘုရင်မဟာ တိုင်းပြည်အတွက် အင်မတန် အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်တဲ့အတွက် ဘုရင်မကို ကာကွယ်ပေးဖို့ အရေးကြီးတယ် မဟုတ်လား၊ ကျွန်တော်ကတော့ အရေးမကြီးပါဘူး"

"အရေးကြီးကြီး–မကြီးကြီး ဘုရင်မ တစ်ယောက်တည်း မသွားဘူး၊ သေချင်ရင် သေပေစေ"

ဘုရင်မက ခေါင်းမာမာဖြင့် ပြန်ပြောလိုက်သည်။

"ဘုရင်မ ... စန္ဒာဒေဝီ"

ခေတ္တရာမြို့စားကြီး၏ အသံကို ကြားရပြန်သည်။

"ကဲ ... ခေတ္တရာမြို့စားကြီး အမီလိုက်လာတော့မယ်၊ ဘုရင်မ လွတ်ရာကိုသာ ပြေးပါ"

ဗိုလ်နန္ဒက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မပြေးဘူး ... ဘာဖြစ်လို့ ပြေးရမှာလဲ"

နှစ်ယောက်သား အငြင်းအခုံ လုပ်နေကြစဉ် နောက်မှ လိုက်လာသည့် မြင်းခွာသံမှာ နီးသည်ထက် နီး၍လာပေသည်။

"ဘုရင်မကြောင့်လည်း ခက်တာပဲ ... ဒီအတိုင်းဆိုရင် ကြာကြာ ပြေးနိုင်မှာ မဟုတ်ဘူး"

ဗိုလ်နန္ဒသည် ညည်းညည်းညူညူ ပြောဆိုရင်း နောက်မှရန်သူ အမီမလိုက်နိုင်အောင် မြင်းလိမ္မာကြီးကိုသာ အတွင် ကြိမ်တို့ပြီး ဒုန်းစိုင်းခဲ့ပေသည်။

ဗိုလ်နန္ဒ၏ မြင်းလိမ္မာကြီးမှာ လူနှစ်ယောက်ကို သယ်ပိုးလာခဲ့ရသော်လည်း မောမှန်းပန်းမှန်း မသိဘဲ ဆရာ၏အလိုကျ လွှားခနဲ လွှားခနဲ ပြေးခုန်လာခဲ့ပေရာ ပါးစပ်မှ အမြှုပ်များပင် တစီစီထွက်၍ နေပေသည်။

မကြာမီ လမ်းဆုံတစ်ခုသို့ ရောက်ရှိလာပြီး လက်ဝဲဘက်လမ်းသို့ ချိုးပြီးအကွေ့လိုက်တွင် ပင်ပန်းမောဟိုက်နေပြီ ဖြစ်သော မြင်းလိမ္မာကြီးမှာ ခြေကို ကောင်းကောင်း မသယ်နိုင်တော့ဘဲ ခြေခွင်ပြီး လဲကျသွားပေသည်။

ဗိုလ်နန္ဒသည် ကပျာကယာ လူးလဲထလိုက်ပြီး မိမိဘေးတွင် ဇင်ထိုင်လျက်သား ကျနေသော ဘုရင်မအား တွဲထူလိုက်ပြီးလျှင် ခြေဦးတည့်ရာသို့ နှစ်ယောက်သား ပြေးကြပြန်သည်။

"စန္ဒာဒေဝီ ... ဘုရင်မ"

ခေတ္တရာမြို့စားကြီး၏အသံကို ကြားရပြန်သည်။

"ရှေ့က စမ်းချောင်းကလေးဘေးမှာ ဘုရားငုတ်တို တစ်ဆူ ရှိတယ် ... အဲဒီ ဘုရားငုတ်တိုထဲ ဝင်ပုန်းနေရင် ရုတ်တရက် တွေ့မှာ မဟုတ်ဘူး၊ တွေ့ရင်လည်း ဘုရားငုတ်တိုကို အကာအကွယ်ယူပြီး ခုခံ



နိုင်လိမ့်မယ်၊ လာ ... အဲဒီ ဘုရားငုတ်တိုကလေး ရှိတဲ့နေရာကို ပြေးကြဦးစို့"

စန္ဒာဒေဝီ ဘုရင်မသည် ပြေးရင်းလွှားရင်း စမ်းချောင်းကလေး ရှိရာသို့ ညွှန်ပြပြီး ဘုရားငုတ်တို ရှိသည့်နေရာသို့ မျှော်မှန်းကာ ဗိုလ်နန္ဒအား ခေါ်ဆောင်လာခဲ့ပေသည်။

"ဟော ... ဟိုမှာတွေ့ပြီ ... လာ လာ မြန်မြန်လာ"

စန္ဒာဒေဝီ ဘုရင်မသည် ရှေးဟောင်း စေတီပျက်ကလေးရှိရာသို့ ဦးတည်ပြီး ပြေးလာခဲ့ပေရာ မကြာမီ ဘုရားပရဝဏ် အတွင်းသို့ ရောက်ရှိလာပေသည်။

ဘုရားငုတ်တိုကလေးမှာ ပြုပြင်မွမ်းမံမည့် ဒကာ မရှိသဖြင့် သစ်ပင်ချုံနွယ်များဖြင့် ပိတ်ဖုံးလျက် ရှိပေသည်။

စန္ဒာဒေဝီ ဘုရင်မသည် ဘုရားငုတ်တို၏ ပရဝဏ် အတွင်းသို့ ရှေ့မှဝင်သွားပြီးလျှင် အုတ်နံရံနှင့် ဆူးချုံများကို အကာအကွယ်ယူကာ ပုန်း၍နေပေသည်။

ဗိုလ်နန္ဒမှာမူ အုတ်နံရံ၏နောက်မှနေပြီး ခေတ္တရာမြို့စားကြီး၏ မြင်းခွာသံများကို နားစွင့်နေပေသည်။

မြင်းခွာသံများမှာ နီးသည်ထက် နီးလာပြီး မကြာမီ မြင်းသုံးစီးဖြင့် လူသုံးယောက်ကို ခပ်လှမ်းလှမ်းတွင် တွေ့မြင်ရသဖြင့် ထိုသူသုံးဦးအား စိုက်ကြည့်နေမိပေသည်။

ရှေ့ဆုံးမှ လာနေသူမှာ ခေတ္တရာမြို့စားကြီးဖြစ်၍ နောက်မှ အဖော် ၂ ယောက်မှာ သုခနေဘုရင်၏ စစ်သည်တော်များနှင့် တူပေသည်။

ဗိုလ်နန္ဒသည် ဓားအိမ်မှ ဓားရှည်ကို လက်ယာဘက်လက်ဖြင့် ဆွဲထုတ်လိုက်ပြီး ဓားမြှောင်ကိုမူ လက်ဝဲဘက် လက်တွင် အသင့် ဆုပ်ကိုင်ထားသည်။

www.burmeseclassic.com

"ဘုရင်မ ... ဘာမှမစိုးရိမ်နဲ့ ... သူတို့ဘက်မှာ သုံးယောက်တည်း ရှိတယ်၊ ဒီနေရာကနေပြီး ခုခံရင် သုံးယောက်နဲ့ တစ်ယောက်ပေမယ့် ကြောက်စရာရှိဘူး"

ဗိုလ်နန္ဒသည် ခပ်တိုးတိုးပြောလိုက်ပြီး ခေတ္တရာမြို့စားကြီး အလာကို အသင့်စောင့်၍နေပေသည်။

"စန္ဒာဒေဝီ ... ဘုရင်မ"

ခေတ္တရာမြို့စားကြီး၏ အသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ဗိုလ်နန္ဒသည် အုတ်နံရံပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီး ဓားရှည်ကို ကိုင်ကာ အသင့်စောင့်၍နေပေသည်။

ဗိုလ်နန္ဒကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခေတ္တရာမြို့စားကြီးသည် မြင်းဇက်ကြိုးကိုဆွဲပြီး ရပ်လိုက်သည်။

"ဘုရင်မ ဘယ်မှာလဲ ... ဘုရင်မကို ကျုပ်တို့လက် အပ်မလား မအပ်ဘူးလား"

ခေတ္တရာမြို့စားကြီးက လှမ်းမေးလိုက်သည်။

"ဟော့ ... သစ္စာဖောက် လောက်ကောင်၊ သတ္တိရှိရင် ရှေ့တိုးခဲ့၊ အသားထဲက လောက်ထွက်တဲ့ ခွေးမျိုးက လူပါးဝစကား ပြောလို့"

ဗိုလ်နန္ဒက ဓားကိုဝင့်ပြီး ပြောလိုက်သည်။

"ဘုရင်မ ဘယ်မှာလဲ ... ဘုရင်မကို ထုတ်ပေးပါ၊ မင်းလို သူလျှိုကောင်နဲ့ အဖက်လုပ်ပြီး ရန်ဖြစ်ရအောင်လာတာမဟုတ်ဘူး၊ ဘုရင်မကို ကြည်ကြည်သာသာ ထုတ်ပေးမလား၊ မပေးဘူးလား ..."

ခေတ္တရာမြို့စားကြီးက ပြောလိုက်သည်။

"ယခုလောက်ရှိရင် ဘုရင်မ နန်းတော်ထဲ ရောက်သွားပြီ ... မင်းတို့ လိုက်ရှာနေပေမယ့် အပိုပဲ"

ဗိုလ်နန္ဒက ဣန္ဒြေရရ ပြန်ပြောလိုက်သည်။

"ဒီကောင် အလကား လိမ်ပြောနေတာ ... ဘုရင်မ ဒီအနီးအနားမှာပဲ ရှိရမယ် ... ဟော့ တပည့်တို့ ဘုရားပတ်ဝန်းကျင်မှာ ဘုရင်မကို လိုက်ရှာကြစမ်း"



ခေတ္တရာမြို့စားကြီးက အမိန့်ပေးလိုက်ရာ စစ်သည်တော် နှစ်ဦးသည် မြင်းပေါ်မှ ခုန်ဆင်းပြီး ဘုရားပရဝဏ်အနီးသို့ ချဉ်းကပ်လာကြသည်။

"ဟော့ ... ရှေ့မတိုးနဲ့ ရပ်လိုက်"

ဗိုလ်နန္ဒသည် အုတ်တံတိုင်းပေါ်မှနေပြီး အမိန့်ပေးလိုက်သည်။

သို့ရာတွင် စစ်သည်တော် နှစ်ဦးသည် ဗိုလ်နန္ဒအား ဂရုမစိုက်ဘဲ ဓားကိုယ်စီကိုင်ကာ ရှေ့သို့တိုးလာပေရာ ဗိုလ်နန္ဒသည် လက်ဝဲဘက်တွင် ကိုင်ထားသည့် ဓားမြှောင်ကို လက်ယာဘက်လက်ဖြင့် ပြောင်း၍ ကိုင်လိုက်ပြီး ချိန်ဆကာ ဘုရားပရဝဏ် အနီးသို့ ချဉ်းကပ်လာသော စစ်သည်တော် နှစ်ဦးအနက် တစ်ဦးကို ချိန်ရွယ်ပြီး ပေါက်လိုက်ရာ စစ်သည်တော်တစ်ဦးကို တည့်တည့်ကြီး ထိမှန်သွားသဖြင့် စူးရှကျယ်လောင်သော အသံဖြင့် အော်ဟစ်ရင်း ရင်ဝကို လက်နှင့်အုပ်ခါ လဲကျသွားပေသည်။

ကျန်တစ်ယောက်မှာမူ ဓားရှည်ကို ဝှေ့ယမ်းပြီး ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာပေသည်။ ဗိုလ်နန္ဒသည် ရန်သူအား မျက်ခြည်မပြတ်ကြည့်နေရာမှ ရန်သူအနီးသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် အုတ်နံရံပေါ်မှ လွှားခနဲ ခုန်ချပြီး တစ်ချက်တည်း ဝင်၍ပိုင်းလိုက်သည်။

ခေတ္တရာမြို့စားကြီး၏ ဘက်တော်သားက ဗိုလ်နန္ဒ၏ ဓားချက်ကို ခုခံလိုက်သော်လည်း အုတ်နံရံပေါ်မှ ခုန်ချပြီး ပိုင်းလိုက်သည့်အရှိန်မှာ ပြင်းထန်လှသဖြင့် ဓားကို မြဲမြဲကိုင်မထားနိုင်တော့ဘဲ လွတ်ကျသွားပေသည်။ ဗိုလ်နန္ဒက နောက်တစ်ချက် ဆင့်ခုတ်မည်အပြုတွင် ရန်သူသည် ကြောက်အားလန့်အားနှင့် ထွက်ပြေးပေရာ ခေတ္တရာမြို့စားကြီး တစ်ဦးတည်းသာ ကျန်ရစ်ခဲ့ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲလေ … သတ္တိရှိရင် ရှေ့တိုးခဲ့ပါလား၊ ဘာဖြစ်လို့ ကြောက်ဆုတ် ကြောက်ဆုတ် လုပ်နေရတာလဲ"

ဗိုလ်နန္ဒသည် ခေတ္တရာမြို့စားကြီးအား လှမ်းပြီး ရန်စလိုက်သည်။

ခေတ္တရာမြို့စားကြီးသည် မြင်းပေါ်မှ မဆင်းဘဲ ဗိုလ်နန္ဒ ရှိရာသို့ တစ်ရှိန်ထိုး ပြေးဝင်လာပေသည်။

ဗိုလ်နန္ဒသည် ခေတ္တရာမြို့စားကြီး၏ မြင်းကို အသာရှောင်ပေးလိုက်ပြီး ဘေးမှ ဝင်ပြီးခုတ်လိုက်ပေသည်။ ခေတ္တရာမြို့စားကြီးသည် ဗိုလ်နန္ဒ၏ ဓားချက်ကို ရှောင်လိုက်ပြီး မြင်းဇက်ကြိုးကိုဆွဲကာ ဗိုလ်နန္ဒဘက်သို့ လှည့်လိုက်ပြီးလျှင် မြင်းပေါ်မှနေပြီး ဗိုလ်နန္ဒအား ဓားဖြင့် ခုတ်ပိုင်းရန် ချိန်ရွယ်လိုက်သည်။

ဗိုလ်နန္ဒသည် ခေတ္တရာမြို့စားကြီး၏ ဓားချက်ကို မိမိ၏ဓားဖြင့် ခုခံလိုက်ရာ ဓားသွားချင်း ထိသွားပြီး မီးပွင့်သွားပေသည်။ ထိုအခိုက်တွင် ဗိုလ်နန္ဒသည် ခေတ္တရာမြို့စားကြီး စီးနင်းလာသည့် မြင်းကြီးအား ဓားဦးဖြင့် တစ်ချက်ဆွပေးလိုက်ရာ မြင်းကြီးမှာ လန့်ပြီး ရုတ်တရက် ဝတာတ်ရပ်လိုက်သဖြင့် ခေတ္တရာမြို့စားကြီးသည် မြင်းပေါ်မှ လိမ့်မကျအောင် ဇက်ကို အတင်းဆွဲထားရပေသည်။

ချက်ကောင်း စောင့်နေသော ဗိုလ်နန္ဒသည် ခေတ္တရာမြို့စားကြီးအား ဓားနှင့် အတင်းဝင်ပြီး ခုတ်လိုက်ပေသည်။ သို့ရာတွင် ခေတ္တရာမြို့စားကြီးသည် ဓားဖြင့် ပြန်ပြီး ခုခံလိုက်သဖြင့် ဗိုလ်နန္ဒ၏ ဓားချက်မှာ ခေတ္တရာမြို့စားကြီးအား မထိဘဲ ဓား ဓားချင်းထိပြီး ချွင်ခနဲ မြည်သွားသည့် အသံကို ကြားလိုက်ရကာ ခေတ္တရာမြို့စားကြီးလက်မှ ဓားလည်း လွတ်ကျသွားပေသည်။

ခေတ္တရာမြို့စားကြီးသည် ဗိုလ်နန္ဒအား ရင်ဆိုင်ရန် မဝံ့တော့သဖြင့် ဗိုလ်နန္ဒ၏ဓားချက်မှ လွတ်အောင် မြင်းဇက်ကို တအားဆွဲလှည့်လိုက်ပြီးလျှင် တစ်ရှိန်ထိုး ထွက်ပြေးသွားပေသည်။



ဗိုလ်နန္ဒမှာမူ ခေတ္တရာမြို့စားကြီး ထွက်ပြေးသွားသည်ကို အခဲမကျေသည့် အမူအရာဖြင့် စိန်းစိန်းကြီးကြည့်ပြီးနေစဉ် မိမိပခုံးကို နူးညံ့သည့်လက်ဖြင့် ကိုင်လိုက်သည်ကို သတိပြုမိသဖြင့် လှည့်ကြည့်လိုက်ရာ မိမိအား ပြုံးပြုံးကြီးကြည့်နေသော စန္ဒာဒေဝီ ဘုရင်မနှင့် မျက်နှာချင်း ဆိုင်မိလျက်သား ဖြစ်သွားပေသည်။

"နှလုံးရည်သာမက လက်ရုံးရည်လည်း ပြည့်ဝပါပေတယ်၊ သုံးယောက်နဲ့ တစ်ယောက်တောင် အနိုင်ရအောင် တိုက်နိုင်တဲ့ သူရဲကောင်းကြီးပဲ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား ချီးကျူးစကား ပြောကြားလိုက်သည်။

"သူရဲကောင်းတာက အရေးမကြီးဘူး၊ ခွေးသား လွတ်သွားတာနာတယ်၊ ကျွန်တော်တို့ ဒီနေရာ ရောက်နေတဲ့အကြောင်း သူ့ဆရာ သုမနကို ပြန်ပြောပြီး စစ်သည်တော် အမြောက်အမြားနဲ့ ချီတက်လာရင် ပြေးပေါက်ရှိမှာ မဟုတ်ဘူး"

ဗိုလ်နန္ဒက ရှေ့ရေးကိုတွေးပြီး ပြောလိုက်သည်။

"ဒါဖြင့် လာလေ ပြေးကြစို့လား"

"ပြေးကြစို့ ဆိုတာက အလွယ်ကလေးရယ်၊ ဘယ်ကို ပြေးမှာလဲ၊ ဒါက အရေးကြီးတယ်။ မြင်းတစ်စီးမှ မရှိဘဲ ကုန်းကြောင်းပြေးလို့ လွတ်မှာ မဟုတ်ဘူး။ ပြီးတော့ ဒီနေရာဟာ နယ်ခြားဒေသ ဆိုတော့ သူ့လူရော ကိုယ့်လူပါ သွားလာကျက်စားနေတဲ့ နေရာ မဟုတ်လား။ ပြီးတော့ ဘုရင်မကို မမိ မိအောင် သုမနဘုရင်က အစွမ်းကုန် ကြိုးစားမှာ သေချာတယ်။ ဘုရင်မကို မိရင် သူ့ရဲ့ဆန္ဒအားလုံး ပြည့်ဝမယ် မဟုတ်ဘူးလား"

"ဘာလဲ ဒီသုမန ဘုရင်ယုတ်ရဲ့ရန်ကို ကြောက်နေရော မလိုပါဘူး။ သူ့ရဲ့ အဖမ်းလည်း မခံပါဘူး၊ တကယ်လို့ ပြေးပေါက်မရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



တိုင်အောင် ဘုရင်မကိုယ်တိုင် ခေတ္တရာမြို့စားကြီး ကျကျန်ရစ်ခဲ့တဲ့ ဓားနဲ့အတူတူ ခုခံရင်း အသေခံသွားမယ်။ သုဓနုရဲ့ လက်တွင်းတော့ ဘယ်တော့မှ အရောက်မခံဘူး။ ပြီးတော့ ရှင်နဲ့သာ အတူတူ သေရမယ် ဆိုရင် ဘုရင်မ အသေခံဖို့ အသင့်ပဲ၊ လာပါ ဘယ်ရန်သူကိုမှ ကြောက် မနေပါနဲ့၊ ရန်သူ မလာခင် ဟောဒီ ဘုရားငုတ်တိုမှာ ဆုပန်ကြရအောင်"

"ဘာဆုများ ပန်ဦးမှာလဲ"

"ရှင်ကော ဘာဆုပန်ချင်သလဲ"

"ဘုရင်မ သေးမသီ ရန်မခဘဲ နန်းတော်ကို ပြန်ရောက်ဖို့ပဲ ဆုပန်ချင်တာပဲ"

"ဒါပဲလား၊ မတော်တဆ ဘုရင်မ နန်းတော်ကို ပြန်မရောက်ဘဲ ရန်သူတွေရဲ့ လက်ချက်နဲ့ ကျဆုံးမယ်ဆိုရင်ကော ဘုရင်မနဲ့ အတူတူ လိုက်ပြီး မသေဝံ့ဘူးလား"

"ဘုရင်မရဲ့ရှေ့က အသေခံဖို့ အသင့်ရှိပါတယ်လို့ ပြောထား သားပဲ"

"ဒါဖြင့် ကောင်းပြီ၊ တကယ်လို့ ရှင်နဲ့ ဘုရင်မဟာ ဒီနေရာမှာ ရန်သူတွေရဲ့ လက်ချက်နဲ့ နှစ်ယောက်စလုံး ကျဆုံးကြမယ်ဆိုရင် နောက် ဘဝကျရင် ဘုရင်မနဲ့ အတူတူ မနေချင်ဘူးလား"

စန္ဒာဒေဝီ ဘုရင်မက မေးလိုက်ပြန်သည်။ ဗိုလ်နန္ဒမှာမူ တစ်စုံ တစ်ရာ အဖြေမပေးဘဲ ဘုရင်မကိုသာ ငေးစိုက်ကြည့်နေမိသည်။

"ဘုရင်မ မေးတဲ့ မေးခွန်းကို မဖြေဘူးလား"

"အရေးထဲမှာ မေးခွန်းပုစ္ဆာတွေ ထုတ်မနေစမ်းပါနဲ့၊ ရန်သူ့ လက်က လွတ်မြောက်ဖို့ အရေးကို စဉ်းစားစမ်းပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ပြီး ရန်သူ့လက်မှ လွတ်ရာလွတ် ကြောင်း စဉ်းစား၍နေပေသည်။

ထိုအခိုက်တွင် မြင်းခွာသံများကို အဆက်မပြတ် ကြားရသဖြင့်



ဗိုလ်နန္ဒသည် ဘုရင်မလက်ကိုဆွဲပြီး ပရဝဏ်အတွင်းသို့ဝင်ကာ အုတ် နံရံနှင့် ချုံနွယ်များကြားတွင် နှစ်ယောက်သား ငြိမ်သက် ပုန်းအောင်း နေပေသည်။

မြင်းခွာသံများမှာ နီးသည်ထက် နီးလာပြီး မကြာမီ ဘုရား ငုတ်တို အနီးသို့ ချဉ်းကပ်လာသည့် အသံများ ကြားရသဖြင့် ဗိုလ်နန္ဒ နှင့် ဘုရင်မသည် ဓားကိုယ်စီကိုင်ကာ တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ကပ်ထားကြပေသည်။

မြင်းခွာသံများမှာမူ ဘုရားငုတ်တိုအနီးသို့ ရောက်လာပြီး ထိုမှ တစ်ဖန် အနောက်ဘက်သို့ ဆက်လက်၍ ထွက်ခွာသွားသည်ကို ကြား ရပြီး မြင်းခွာသံ ဝေးသည်ထက် ဝေးသွားပြန်သည်။

ထိုအခါကျမှ ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီသည် အသက်ကို ပြင်းပြင်း ရှူရှိုက်ကြပေတော့သည်။

"ဒီနေရာဟာ ဘုမ္မိနက်သံ မှန်တဲ့နေရာနဲ့တူတယ်"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ၏ ရင်ခွင်ထဲတွင် အလိုက်သင့် နေရာမှ ဗိုလ်နန္ဒ၏ တင်းမာသော မျက်နှာထားကို မော့ကြည့်ပြီး ပြော လိုက်သည်။

"ဘုမ္မိနက်သံ မှန်တာက အရေးမကြီးဘူး ... တော် တော်ကြာ မိုးလင်းတော့မယ် ... မိုးလင်းလာရင် ဒီမှာဆက်ပြီး ပုန်းနေလို့ မဖြစ် တော့ဘူး"

ဗိုလ်နန္ဒက အံကြိတ်ပြီး ပြောလိုက်သည်။

"ဒီနေရာမှာ မပုန်းရင် ဘယ်နေရာ သွားပုန်းရမှာလဲ ... ပြီးတော့ ဒီနေရာဟာ ဘုရင်မရဲ့ ပိုက်နက်အတွင်းမှာ ဖြစ်တဲ့အတွက် ရန်သူတွေ လိုက်မလာနိုင်ပါဘူး"

"လိုက်မလာနိုင်ဘူး ဆိုတယ် ... စောစောက ခေတ္တရာမြို့စား ကြီး လိုက်လာတယ် မဟုတ်လား ... ခုလောက်ရှိရင် ခေတ္တရာမြို့စားကြီး

www.burmeseclassic.com

www.burmeseclassic.com



သုမနဆီ ပြန်ရောက်ပြီး အကျိုးအကြောင်း ပြန်ပြောလို့ သုမနကိုယ်တိုင် မင်းသည်တော် ဗိုလ်ပါတွေနဲ့ လိုက်လာရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

"လိုက်လာရင် ပြန်ပြီးခုခံမှာပေါ့ ... ရန်သူကို ခုခံရင်း သေရမှာ ကို ကြောက်သလား"

"ကြောက်လို့ပြောနေတာ မဟုတ်ဘူး ... ဘုရင်မအတွက် စိုးရိမ်လို့ ပြောနေတာ"

"ဘုရင်မအတွက် စိုးရိမ်မနေစမ်းပါနဲ့၊ ရှင့်ရင်ခွင်ထဲကနေပြီး ရန်သူကိုခုခံရင်း သေသွားရင် မြတ်တဲ့သေခြင်း ဖြစ်တယ်လို့ ဘုရင်မ ယူဆထားပြီး ဖြစ်ပါတယ် ... ဘုရင်မနဲ့ အတူတူ သေရမှာကို ကြောက်လို့ ပြောနေတာလား"

"ဘုရင်မကြောင့်လည်း ခက်တာပဲ ... ကျွန်တော့်အနေနဲ့ကတော့ ရန်သူလက်ချက်နဲ့ မသေရင်လည်း တစ်နည်းနည်းနဲ့ သေရမှာမို့လို့ သေရမှာကို နည်းနည်းကလေးမှ မကြောက်ဘူး၊ ဘုရင်မကို ကာကွယ် ပေးရင်း အသေခံမယ်ဆိုရင် ပိုပြီးမြတ်တယ်လို့ ယူဆပါတယ်၊ ဒါပေမဲ့ ဘုရင်မဟာ တိုင်းပြည်အပေါ်မှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တဲ့ အတွက် အကြောင်းမဲ့သက်သက် မသေစေချင်ဘူး"

"အို ... ဒါတွေကိုချည်း ထပ်တလဲလဲ ပြောမနေစမ်းပါနဲ့၊ ဘုရင်မ ကိုလည်း ဘုရင်မလို သဘောမထားပါနဲ့၊ အရပ်သူ မာလာအဖြစ် သဘောထားစမ်းပါ"

"ဒီလို သဘောထားလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ ... ဘုရင်မဟာ ဘုရင်မပဲ၊ တိုင်းပြည်ပေါ်မှာ တာဝန်ရှိတာလည်း အမှန်ပဲ၊ ဒီတာဝန်ကို ဘယ်နည်းနဲ့မှ ရှောင်တိမ်းလို့မရဘူး"

"ဒါဖြင့် ကောင်းပြီ ... ဘုရင်မကို မာလာ အဖြစ် သဘောမထား နိုင်ရင် ဘုရင်မရဲ့ တာဝန်တွေကို ရှင် တစ်ဝက်ခွဲဝေပြီး မယူနိုင်ဘူးလား"

ဘုရင်မက ရေလာမြောင်းပေးစကား ပြောလိုက်သည်။



"မဖြစ်နိုင်တာတွေကို ပြောမနေစမ်းပါနဲ့၊ ကိုယ့်ဘေးကို ကိုယ် လွတ်အောင် ရှောင်ဖို့သာ စဉ်းစားစမ်းပါ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ ကိုရှုပ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအား မခေါ်စဖူး ကိုရှုပဟု ခေါ် လိုက်ရာ ဗိုလ်နန္ဒမှာ အံ့အားသင့်သွားပေသည်။

"ဒီမှာ ကိုရှုပ၊ ရှင့်ကို ကျွန်မ မေးစရာရှိတယ် ... ရှင် မှန်မှန် ပြောမလား"

"အရေးထဲ မေးခွန်းထုတ်နေပြန်ပါပြီ"

"ညည်းညူမနေစမ်းပါနဲ့၊ မှန်မှန်ပြောမလား ဆိုတာသာ ဖြေ စမ်းပါ"

"ကျွန်တော် ဘယ်တုန်းကများ မမှန်တာကို ပြောဖူးလို့လဲ"

"မမှန်တာကို မပြောဘူး ဆိုပေမယ့် မှန်တာကိုလည်း ဖုံးကွယ် ထားတယ် မဟုတ်လား၊ ဒီမှာ ကိုရှုပ ရှင် ဘယ်လိုပဲ ဖုံးထားထား ရှင်ဟာ မဟာဘောဂ ဘုရင်ကြီးရဲ့ တစ်ဦးတည်းသော သားတော် မဟုတ်လား"

စန္ဒာဒေဝီ ဘုရင်မက တိုက်ရိုက်မေးခွန်းမေးသည်။

ဗိုလ်နန္ဒမှာမူ တစ်စုံတစ်ရာ အဖြေမပေးဘဲ သက်ပြင်းချလိုက် သည်။

"ကဲလေ ... ဖြေစမ်းပါ"

ဘုရင်မက ဗိုလ်နန္ဒ၏ပခုံးကိုကိုင်ပြီး မေးလိုက်ပြန်သည်။

ဗိုလ်နန္ဒမှာမူ ဘာမှပြန်မပြောဘဲ ဘုရင်မ၏ ရုပ်ရည်ကိုသာ ငေး စိုက် ကြည့်နေပေသည်။

"ဘုရင်မ သိပြီးရင် ဖြေနေဖို့ လိုသေးသလား"

ဗိုလ်နန္ဒက မပြောချင် ပြောချင်နှင့် ပြန်ပြောလိုက်သည်။

"ဒါနဲ့များ ရှင့်ကိုယ်ရှင် အညတရလေး ဘာလေးနဲ့ဟန်လုပ် နေရသေးသလား၊ ဘုရင့်သားတော်တစ်ပါး ဖြစ်ရက်နဲ့ ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝကိုယ် အရှုံးပေးနေရတာလဲ၊ ဒီနေ့ည ရန်သူ့လက်က လွတ်ရင် ဘုရင်မရဲ့ တာဝန်တွေကို ကိုရှုပ ခွဲယူရမယ်၊ ပြီးတော့ ... ကိုရှုပရဲ့ ခမည်းတော် ရိုက်ရာကို လုယူထားတဲ့ သုမနကို နန်းချပြီး ကိုရှုပ နန်းတက်နိုင်အောင် ဘုရင်မ ကူညီပေးပါမယ်၊ ဘယ့်နှယ်လဲ သဘောတူတယ် မဟုတ်လား"

"မဖြစ်နိုင်တာတွေ ပြောမနေစမ်းပါနဲ့"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ ... ဖြစ်နိုင်လို့ ပြောနေတဲ့ ဥစ္စာပဲ"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ၏ ရင်ခွင်ထဲတွင် ပွတ်သီးပွတ်သပ်လုပ်ရင်း ကန့်ကလျ ပြောဆိုနေပေရာ ဗိုလ်နန္ဒမှာ ဘုရင်မ ပြောသော စကားများ၏ အဓိပ္ပာယ်ကို ကောင်းကောင်းကြီး ရိပ်စားမိသော်လည်း မိမိ၏မျက်စိတွင်မူ သီဟရာဇာ ဘုရင်မင်းမြတ်ထံ ဓားစာခံ ထားခဲ့ရသည့် တပည့် ၉ ဦး၏ မျက်နှာကိုသာ မြင်၍နေသဖြင့် ဘာမှ ပြန်မပြောနိုင်ဘဲ သက်ပြင်းချ၍နေပေသည်။

ထိုအခိုက်တွင် မြင်းခွာသံများ ကြားရပြန်သဖြင့် ဘုရင်မသည် ဗိုလ်နန္ဒအား တင်းကျပ်စွာ ဖက်ထားပြီး အသက်ကိုပင် ပြင်းပြင်းမရှူဝံ့ဘဲ ငြိမ်သက်စွာ နေကြပေသည်။

မြင်းခွာသံများမှာ နီးသည်ထက် နီးလာပြီး မြင်းခွာသံများနှင့်အတူ လူသံများကိုပါ ကြားရပေသည်။

"ဒီအနီးအနားမှာပဲရှိရမယ် ... ဒီအနီးအနားကလွဲပြီး ဘယ်ကိုမှ မသွားနိုင်ဘူး၊ ဟော ... ဟိုမှာကြည့်စမ်း ... မြင်းခွာရာတွေ မဟုတ်လား ... ဘုရားငုတ်တိုထဲ ဝင်ပုန်းနေသလား မပြောတတ်ဘူး၊ ကဲ ... ဒီအနီးအနားမှာ ဝိုင်းထားကြစမ်း"

ခပ်လှမ်းလှမ်းမှ ပြောလိုက်သည့် အသံကို ကြားရသဖြင့် ဗိုလ်နန္ဒသည် ဓားကိုဆွဲကာ ပုန်းအောင်းနေရာမှ ထပြီးကြည့်မည်အပြုတွင်



စန္ဒာဒေဝီ ဘုရင်မက ဗိုလ်နန္ဒ၏ လည်ပင်းကို အတင်းဖက်ထားသဖြင့် ဗိုလ်နန္ဒမှာ ပြန်ထိုင်လိုက်ရပေသည်။

"စန္ဒာဒေဝီ ဘုရင်မ ... ပုန်းမနေပါနဲ့ ထွက်ခဲ့ပါ ... ဘုရင်မကို ဘယ်သူမှ လက်ဖျားနဲ့ မတို့စေရပါဘူး"

ခေတ္တရာမြို့စားကြီး၏ အသံကို ကြားလိုက်ရသဖြင့် ဗိုလ်နန္ဒမှာ မခံမရပ်နိုင်အောင် ဖြစ်သွားပေသည်။

"စန္ဒာဒေဝီ ... ထွက်ခဲ့လေ ... မောင်တော် သုမနဘုရင်ကို ဘာဖြစ်လို့ ဆီးမကြိုဘဲ ပုန်းနေရတာလဲ၊ မောင်တော် သုမနရဲ့ လက်တွင်းက လွတ်အောင် ပြေးနိုင်လိမ့်မယ်ထင်လို့ ပုန်းနေရတာလား"

သုမနဘုရင်၏ အရက်သံပါပါနှင့် ပြောလိုက်သော စကားကို ကြားရပြန်သောအခါ ဗိုလ်နန္ဒမှာ ကြိတ်မနိုင်ခဲမရ ဖြစ်နေပေသည်။ စန္ဒာဒေဝီမှာမူ ဗိုလ်နန္ဒအား တင်းကျပ်စွာ ဖက်ထားပြီး ဗိုလ်နန္ဒ အပြင်သို့ ထွက်မသွားရန်သာ ဖွတ်အတင်း တား၍နေပေသည်။

"နှမတော် စန္ဒာဒေဝီ ... မောင်တော် သုမန ရောက်လာပြီလေ၊ မောင်တော် သုမနရဲ့ ရင်ခွင်ထဲကို ပြေးဝင်လာခဲ့ပါတော့လား၊ ကြည်ကြည်သာသာနဲ့ မောင်တော် သုမနဘုရင်ကို ဆီးကြိုမယ်ဆိုရင် ... နှမတော်ကို တောင်ညာနန်းပြီး နှစ်ပြည့်တစ်ပြည် ရွှေလမ်း–ငွေလမ်းခင်းဖို့ အသင့်ရှိနေတယ်ဆိုတာ ကတိသစ္စာပြုပါတယ်၊ ကြည်ကြည်သာသာ ထွက်မလာဘဲ ပုန်းနေမယ် ဆိုရင်တော့ မောင်တော် သုမနလည်း မညှာနိုင်တော့ဘူး၊ အရှင်ရရ၊ အသေရရ ဖမ်းရလိမ့်မယ်၊ ကဲ ... စစ်သည်တော်များ ဘုရားငုတ်တိုကို ဝိုင်းသူက ဝိုင်းပြီး၊ တောနင်းရှာသူက ရှာကြဖို့ လူစုခွဲကြ ... ငါဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဘုရားငုတ်တိုထဲဝင်ပြီး စန္ဒာဒေဝီ ဘုရင်မကို လက်ရသိမ်းပိုက်တော်မူမည်"

သုမန ဘုရင်သည် အရက်သံပါပါဖြင့် အမိန့်ပေးလိုက်သည်ကို ဘုရားငုတ်တိုအတွင်းရှိ ကျဉ်းမြောင်းသော လိုဏ်ဂူအတွင်း၌ တစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး တင်းကျပ်စွာ ဖက်ထားရင်း ပုန်းအောင်းနေကြသော ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီ ဘုရင်မတို့ အတိုင်းသား ကြားနေရပေသည်။

"ကဲ ... ဘုရင်မ ဘယ်လို လုပ်ကြမလဲ ... လွတ်မပါက်တော့ဖြင့် ရှိပုံမပေါ်ဘူး၊ ဘုရင်မ ရှေ့ကနေပြီး ကျွန်တော် အသေခံပြီး ခုခံပါရစေ — ကျွန်တော့်ကိုလွှတ်ပါ"

ဗိုလ်နန္ဒသည် ဘုရင်မအား ခွင့်ပန်လိုက်သည်။

"မသွားရဘူး ... မသွားရဘူး ... ဘုရင်မ ရှေ့ကနေပြီး ရှင်အသေခံတာကို ဘုရင်မ မကြည့်ရက်ဘူး ... သေစရာရှိရင် နှစ်ယောက်စလုံး ပြိုင်တူ အသေခံမယ်၊ သုမနေ ဘုရင်ယုတ်ရဲ့ လက်တွင်းတော့ ဘယ်နည်းနဲ့မှ အကျမခံနိုင်ဘူး၊ ရှင်နဲ့အတူ သေရရင် သေရကျိုးနပ်ပါတယ်၊ ရှင်နဲ့သာ ခုလို အတူသေရမယ်ဆိုရင် သေရမှာလည်း မကြောက်ဘူး"

ဘုရင်မသည် ဗိုလ်နန္ဒအား အတင်းဖက်ထားရင်း ပါးစပ်မှ တတွတ်တွတ်နှင့် ပြော၍နေပေသည်။

ဘုရားပရဝဏ်အတွင်းသို့ ဝင်လာသော ခြေသံများကို ကြားရပြီး ချုံကြိုချုံကြားတွင် လိုက်လံရှာဖွေနေသော အသံများကိုပါ ဆက်၍ ကြားရသဖြင့် ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီ ဘုရင်မသည် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်ထားပြီး ရန်သူများလာလျှင် နှစ်ယောက်သား ပြိုင်တူ ခုခံရင်း သေပွဲဝင်ရန် အသင့်ပြင်၍ထားကြပေသည်။

ထိုအခိုက်တွင် စေတုတ္တရာ မြို့တော်ဘက်ဆီမှ စူးရှကျယ်လောင်သော ခရာသင်းမှုတ်သံနှင့်အတူ မြင်းခွာသံများကို အဆက်မပြတ် ကြားရပေသည်။ သေလာဂီရိတောင်ထွတ်ဘက်ဆီမှလည်း ခရာသင်းမှုတ်သံနှင့် မြင်းခွာသံများ ကြားရပေသည်။

ထိုအသံများ ကြားရသည်နှင့် တစ်ပြိုင်နက် ဘုရားပရဝဏ်အတွင်းမှ ခြေသံများ တိတ်ဆိတ်သွားပေသည်။



"သေလာဂီရိတောင်ခြေရင်းဘက်က စစ်သူကြီး ဗန္ဓက ဦးစီးတဲ့ စေတုတ္တရာ စစ်သည်တော်များ ချီတက်လာကြောင်း ဘုရင်မင်းမြတ်အား သံတော်ဦးတင်ဝံ့ပါသည်"

သုမနေဘုရင်၏ မြင်းစေကျော်တစ်ဦး ဘုရားပရဝဏ်အတွင်းရှိ သုမနေဘုရင်အား သံတော်ဦးတင်လိုက်သည့်အသံကို ကြားရသောအခါ ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီ ဘုရင်မမှာ အားတက်၍ သွားပေသည်။

"စေတုတ္တရာ မြို့တော်ဘက်ကလည်း စစ်သည်တော်တွေ ချီတက်လာတဲ့အသံ ကြားရတယ်။ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး။ ညဉ့်မှုး ညှပ်ပိတ် မိနေလိမ့်မယ်။ ခေတ္တရာမြို့စားကြီး စစ်သည်တော်တွေ စုရုံးပြီး နယ်ခြားစခန်းကိုပြန်မှ တော်လိမ့်မယ် ထင်တယ်"

စစ်သည်တော်များ ချီတက်လာသည့်အသံကို ကြားရသဖြင့် သုမနေဘုရင်မှာ အရက်မူးပြေသွားပြီး ကြောက်စိတ်များ ဝင်လာပုံရပေသည်။

"စန္ဒာဒေဝီ ဘုရင်မကိုသာ လက်ရဖမ်းမိထားရင် စေတုတ္တရာ စစ်သည်တော်တွေကို ကြောက်ရွံ့စရာ မရှိကြောင်းပါ၊ စန္ဒာဒေဝီ ဘုရင်မကိုသာ မတွေ့တွေ့အောင် ရှာတော်မူပါ"

ခေတ္တရာမြို့စားကြီးက ပြန်ပြီးသံတော်ဦးတင်လိုက်သည်ကို ကြားရသဖြင့် ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီ ဘုရင်မသည် မိသွားမည်ကို စိုးရိမ်ကာ တစ်ဦးကိုတစ်ဦး ပိုမို၍ တင်းကျပ်စွာ ဖက်ထားကြသည်။

"ကျော်စွာတဲ့ဟေ့ ... သုမနေဘုရင်ယုတ် မျိုးဖြုတ်မယ့် ကျော်စွာတဲ့ဟေ့"

အင်ကြင်းမြိုင် တောတန်းဘက်မှ စူးရှကျယ်လောင်သော အသံဖြင့် ညာသံပေးရင်း ဒုန်းစိုင်းပြီး ပြေးလာသော မြင်းခွာသံများကို ကြားရပြန်သောအခါ ဗိုလ်နန္ဒရော စန္ဒာဒေဝီ ဘုရင်မပါ တစ်အားတက်၍ လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးဖက်သုံးတန်မှ စစ်ချီတက်လာသော မြင်းခွာသံများမှာလည်း နီးသည်ထက် နီးကပ်လာပေသည်။

"ဓေတုတ္တရာ ဘက်တော်သားတွေ ဝိုင်းလာကြပြီ၊ စစ်သည်တော်များ ခုခံဖို့ အသင့်ပြင်"

သုဓနုဘုရင်၏ အမိန့်သံကို ကြားလိုက်ရပြီး ဘုရားငုတ်တို အနီးတွင် တပ်စွဲထားသော သုဓနုဘုရင်၏ စစ်သည်တော်များ လှုပ်လှုပ်ရှားရှား ဖြစ်လာသည့် အသံများကို ဆက်၍ကြားရပြန်သည်။

"အာဠာဝကတဲ့ဟေ့ ... လူမှန်ရင် ဗိုလ်မထားဘဲ အစိမ်းလိုက် ဝါးစားမယ့် အာဠာဝကတဲ့ကွ"

ဓေတုတ္တရာ မြို့တော်ဘက်မှ ချီတက်လာသည့် စစ်သည်တော်များကို ခေါင်းဆောင်လာသည့် ဗိုလ်အာဠာဝက၏ အောင်မြင်သော အသံကြီးကို ကြက်သီးထခမန်း ကြားလိုက်ရပြီးသည်နှင့် တစ်ပြိုင်နက် ဘုရားငုတ်တိုအနီးရှိ သုဓနု၏ စစ်သည်တော်များ ထိတ်လန့်တကြား ဖြစ်ခါ ခြေဦးတည့်ရာသို့ ပြေးမည်အပြုတွင် သေလာဂီရိတောင်ခြေရင်း ဘက်မှ ချီတက်လာသော စစ်သူကြီး ဗန္ဓက၏ စစ်သည်တော်များနှင့် အင်ကြင်းမြိုင် တောတန်းဘက်မှ ချီတက်လာသော ကျော်စွာ ခေါင်းဆောင်သည့် တောတွင်းသားများနှင့် မျက်နှာချင်းဆိုင် တိုးမိနေသဖြင့် ပြေးပေါက်မရှိတော့ဘဲ ညှပ်ပူးညှပ်ပိတ်မိနေပြီး ပြင်းထန်သည့် တိုက်ပွဲ ကြီး ဖြစ်ပွားပြီး သုဓနု ဘက်တော်သားများမှာ ဖရိုဖရဲ ကစဉ့်ကရဲဖြစ်၍ သွားပေသည်။

သုဓနုဘုရင်၊ ဓေတ္တုရာမြို့စားကြီးမှာမူကား တိုက်ပွဲဖြစ်ပွားပြီး ရှုပ်ရှပ်ထွေးထွေးဖြစ်နေစဉ် နောက်လိုက်ငယ်သားများကို ထားပစ်ခဲ့ပြီး ဗနောင့်နှင့်တင်ပါး တစ်သားတည်းနေအောင် ထွက်ပြေး လွတ်မြောက် သွားကြပေသည်။

* * *

## အခန်း—၂၈

"ဟင် ... အာဠာဝက ဘယ်ပုံဘယ်နည်း ဒီကို ရောက်လာတာလဲ"

ဗိုလ်နန္ဒသည် မိမိထံသို့ ပြေးဝင်လာသော အာဠာဝကအား ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်လိုက်သည်။

စန္ဒာဒေဝီမှာလည်း ဝမ်းသာအားရရွှာဖြင့် ရှေ့သို့တိုး၍လာပေသည်။

"စောစောက ကျော်ဇေယျကို ဆရာ လွှတ်လိုက်တယ် မဟုတ် လား၊ ကျော်ဇေယျ ပြောပြလို့ အကျိုးအကြောင်းသိရပြီး မြို့ကိုကာကွယ် ဖို့ အစီအစဉ်တွေ ပထမဆုံး လုပ်တယ်၊ ပြီးတော့ ဆရာ့ဆီကို စစ်ကူ လွှတ်ဖို့ စစ်သည်တော်တွေကို အဆောတလျင် စုရုံးထားတယ်။ စစ် သူကြီး ဗန္ဓကဆီကိုလည်း ခြေမြန်တော်တွေလွှတ်ပြီး နယ်ခြားဒေသ လုံခြုံအောင် စောင့်ရှောက်ဖို့ တပ်လှန့်နှိုးခိုင်းထားတယ်။ ဒီအတော အတွင်း ဆရာ့ရဲ့ မြင်းလိမ္မာကြီးဟာ လူမပါဘဲ ထော့နင်းထော့နင်းနဲ့ မြို့တော်ကို ပြေးလာတာတွေ့လို့ ဆရာတော့ တစ်ခုခုဖြစ်ပြီဆိုပြီး ဆရာ့ မြင်းကြီးကို လမ်းပြခိုင်းပြီး ဆရာ့နောက်ကို ခြေရာခံပြီး လိုက်လာကြ တာပါ၊ ဒီအနားရောက်တော့ သုဓနုစစ်တပ်တွေ ဝိုင်းထားတာတွေ့လို့ ညာသံပေး အတင်းဝင်တိုက်တာပါ"

အာဠာဝက က ရှင်းပြနေစဉ် ကျော်စွာနှင့် နေမျိုးသည် ဘုရား ငုတ်တို ပရဝဏ်အတွင်းသို့ ပြေးဝင်လာကြပြီး ဗိုလ်နန္ဒအား ဝမ်းသာ အားရ နှုတ်ဆက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျော်စွာနှင့် နေမျိုးကကော ဘယ်ပုံဘယ်နည်း ဒီနေရာကို ရောက်လာကြတာလဲ"

"စန္ဒာဒေဝီ ဘုရင်မ ပျောက်သွားလို့ လိုက်ရှာရင်း လမ်းခရီးမှာ ကျော်စွာတို့လူသိုက်နဲ့တွေ့လို့ အကျိုးအကြောင်းပြောပြပြီး ဘုရင်မ နောက်ကို ခြေရာခံပြီး လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်။ လမ်းမှာ သုမနဘုရင်ရဲ့ စစ်သည်တော်တွေ ချီတက်သွားတာ မြင်လိုက်လို့ တောတွင်းသားတွေ စုရုံးပြီး နောက်က အမီလိုက်လာခဲ့ခြင်း ဖြစ်ပါတယ်"

နေမျိုးက ဗိုလ်နန္ဒအား ရှင်းပြလိုက်ပေသည်။

"နေမျိုး ပြောပြမှ စောစောက တောတွင်းမှာ ကျန်ရစ်ခဲ့တဲ့ သူရိယကုမ္မာ ဆိုတာ တခြားမဟုတ်၊ စန္ဒာဒေဝီ ဘုရင်မ ဆိုတာ ကျွန်တော်တို့ သိရပြီး ဘုရင်မအတွက် စိတ်ပူလို့ တောတွင်းသားတွေကို ချက်ချင်းစုပြီး လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်"

ကျော်စွာက ဆက်ပြီး ရှင်းပြလိုက်သည်။

မကြာမီ စစ်သူကြီး ဗန္ဓကနှင့်တကွ ရန်အောင်မြို့စားကြီး၊ သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါတို့ပါ ဘုရားပရဝဏ်အတွင်းသို့ ရောက်ရှိလာကြပြီး စန္ဒာဒေဝီ ဘုရင်မရှေ့တွင် ရှိသေစွာ ခစားနေကြပေသည်။

"ဘုရင်မအပေါ်မှာ သစ္စာရှိတဲ့ စစ်သူကြီး ဗန္ဓကနဲ့ ရန်အောင်မြို့စားကြီးနဲ့ သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါတို့ကို ခုလို တွေ့ရတဲ့ အတွက် ဘုရင်မဖြင့် အတိုင်းမသိ ရွှင်လန်းဝမ်းမြောက်တော်မူတယ်၊ စေတုတ္တရာ နိုင်ငံတော်ရဲ့ ကျေးဇူးခံ ကျေးဇူးစား မဟုတ်သော်ငြား လည်း ဘုရင်မနဲ့ စေတုတ္တရာ နိုင်ငံတော်အပေါ်မှာ မေတ္တာ စေတနာ ထားကာ အသက်နဲ့လဲပြီး အကာအကွယ် ပေးခဲ့ကြတဲ့ ကျော်စွာနဲ့တကွ တောတွင်းသားအပေါင်းတို့ကိုလည်း ဒီနေ့ကစပြီး တောတွင်းသားဘဝမှ လွတ်စေကျွတ်စေ၊ ဘုရင်မရဲ့ စစ်သူကြီးနဲ့ စစ်သည်တော်များအဖြစ် ဘုရင်မ မြှောက်စားတော်မူမည်"



စန္ဒာဒေဝီ ဘုရင်မသည် ရင့်ကျက်သည့် လေ့ကြွေဖြင့် တည်တည် ခန့်ခန့်ကြီး မိန့်ကြားလိုက်ပေရာ တောတွင်းသားများနှင့်တကွ ဘုရင်မ ၏ စစ်သည်တော်များမှာ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ခါ "စန္ဒာ ဒေဝီ ဘုရင်မ သက်တော်ရာကျော်ရှည်ပါစေ၊ စေတုတ္တရာ နိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲပါစေ ..."

ဟူ၍ တစ်ခဲနက် ကြွေးကြော်လိုက်သည့် အသံမှာ တစ်တောလုံး သိမ့်သိမ့်တုန်၍ သွားပေသည်။

* * *

"စေတုတ္တရာ နိုင်ငံတော်နှင့်တကွ စန္ဒာဒေဝီ ဘုရင်မပေါ်တွင် သစ္စာရှိစွာဖြင့် အသက်ကို ပမာနမထားဘဲ သုမနဘုရင်ယုတ်၏ရန်ကို တွန်းလှန်ဖြိုဖျက်ခဲ့သော ရဲဘော်ရဲဘက်အပေါင်းတို့၊ သုမန ဘုရင်ယုတ် ၏ လက်တွင်းသို့ ကျလုဆဲဆဲ ဖြစ်နေသော စန္ဒာဒေဝီ ဘုရင်မအား ရန်သူလက်တွင်းမှ ယခုလို အချိန်မီ ကယ်တင်လိုက်သည့်အတွက် ဘုရင်မကိုယ်စား ကျေးဇူးဥပကာရတင်ရှိကြောင်း ပြောကြားလိုက်ပါ သည်။ သို့ရာတွင် သုမန ဘုရင်ယုတ်နှင့် သစ္စာဖောက် ခေတ္တရာမြို့စား ကြီးတို့ လွတ်မြောက်သွားကြသဖြင့် ထိုသူနှစ်ဦးကို ဆက်လက်နှိမ်နင်း ဖို့ တာဝန်ရှိသည်ကို သတိမမေ့ကြပါနှင့်၊ သုမနဘုရင်ယုတ်၏ စစ်သည် တော်များမှာ အကျအဆုံး များစွာဖြင့် ဖရိုဖရဲ ကစဥ့်ကရဲ ဖြစ်သွားပြီး ဖြစ်သော်လည်း သုမနဘုရင်ယုတ် ရှိနေသေးသမျှ အန္တရာယ်ကင်းရှင်း သွားပြီဟု မယူဆနိုင်ပါ၊ ယခုလို ဖရိုဖရဲ ဖြစ်နေချိန်တွင် သုမနဘုရင်နှင့် သစ္စာဖောက် ခေတ္တရာမြို့စားကြီးအား သုဝဏ္ဏနိုင်ငံဘက်သို့ ပြန်မပြေး နိုင်အောင် လမ်းများ ပိတ်ဆို့ထားပြီး အရှင်ရရ၊ အသေရရ ဖမ်းဆီးဖို့ အရေးကြီးသည်ကို သတိမမေ့ကြနှင့် ..."

ဗိုလ်နန္ဒ၏ ကြည်လင်ပြတ်သားသည့် အသံကြီးသည် သုမန

www.burmeseclassic.com



ဘက်တော်အား အနိုင်ရလိုက်သဖြင့် အောင်ပွဲခံ၍ အောင်သံကျူးရင့်နေကြသည့် စစ်သည်တော် ရဲမက်ဗိုလ်ပါများ၏ အသံကို ဖောက်ထွင်း ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အောင်သံကျူးရင့်နေသူများ၏ အသံမှာ မီးကို ရေနှင့်သတ်သလို တိတ်ဆိတ် ငြိမ်သက်သွားပေသည်။

"ဆရာ ပြောတာ မှန်ပါတယ်၊ သုမနေ ရှိနေသေးသမျှ ရန်မအေးသေးဘူး၊ သုမနေကို မိအောင်ဖမ်းဖို့ အရေးကြီးတယ်"

ကျော်စွာက ထောက်ခံလိုက်သည်။

"သုမနေဘုရင်ယုတ်ကို ဘယ်နှယ်ဝိုင်းမယ်"

အာဠာဝက က အောင်မြင်သော အသံဖြင့် အသံတိုင်ပေးလိုက်သည်။

"ဒီ့နှယ် ဝိုင်းမယ်"

ရဲဘော်ရဲဘက်များက ညာသံ ပြန်ပေးလိုက်သည်။

"ဘယ့်နှယ် ဖမ်းမယ်"

"ဒီ့နှယ် ဖမ်းမယ်"

"ညီစေနော်"

"အေး ..."

"အေး အပြင် အဲ မရဘူးလား"

"အဲ ..."

ဘုရားငုတ်တိုတစ်ဝိုက်ရှိ စစ်သည်တော် ရဲမက်များ၏ ညာသံမှာ တစ်တောလုံး ပဲ့တင်ထပ်၍ သွားပေသည်။

"ရဲဘော်ရဲဘက် အပေါင်းတို့ သုမနေကို မိအောင်ဖမ်းဖို့ အစီအစဉ်ရေးဆွဲကြရမယ်၊ ဒီအတောအတွင်း ဘုရင်မရဲ့ လုံခြုံရေးအတွက် ရန်အောင် မြို့စားကြီး ဦးစီးတဲ့ စစ်သည်တော်များက ဘုရင်မကို စောင့်ကြပ်ပြီး နန်းတော်အရောက် အမြန်ဆုံး ချီတက်ရမယ်"

ဗိုလ်နန္ဒသည် အမိန့်ပေးသည့်လေသံဖြင့် ပြောလိုက်သည်။



"ဘုရင်မ တစ်ယောက်တည်း နန်းတော်ကို မပြန်နိုင်ဘူး၊ မောင်ရှုပ ကိုယ်တိုင် ဘုရင်မကို စောင့်ကြပ်ပြီး လိုက်ပို့ရမယ်"

စန္ဒာဒေဝီ ဘုရင်မက ဗိုလ်နန္ဒအား အကျပ်ကိုင်လိုက်သည်။

"ကျွန်တော် လိုက်လို့မဖြစ်သေးဘူး၊ ခုလို ဖရိုဖရဲ ဖြစ်နေတဲ့ အချိန်မှာ သုမနေကို သုဝဏ္ဏနိုင်ငံကို မပြန်နိုင်အောင် လမ်းတွေပိတ်ဆို့ပြီး အမိဖမ်းဖို့ တာဝန်ရှိသေးတယ်"

"သုမနေကို လက်ရဖမ်းဖို့ ဘုရင်မရဲ့ စစ်သည်တော်တွေ ရှိပါတယ်၊ ဒီတာဝန်ကို စစ်သူကြီး ဗန္ဓကကို လွှဲလိုက်ပါ၊ မောင်ရှုပ တစ်ညလုံး မအိပ်ရသေးဘူး မဟုတ်လား၊ ဘုရင်မနဲ့အတူတူ နန်းတော်ကို ပြန်လိုက်ခဲ့ပြီး အနားယူဦးမှပေါ့"

"ဘုရင်မသာ အေးအေးချမ်းချမ်း အိပ်စက်ပြီး အနားယူပါ၊ ကျွန်တော့်အနေနဲ့ အနားယူလို့ မဖြစ်သေးဘူး၊ အချိန်နှောင်းသွားရင် သုမနေ လွတ်သွားမှာ စိုးရတယ်၊ မီးကြွင်းမီးကျန်ဆိုတာ မထားစကောင်းဘူး"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ရှင်မလိုက်ရင် ဘုရင်မလည်း မပြန်ဘူး"

စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒအပေါ်မှ မခွာဘဲ ပေကတ်ကတ်လုပ်ရင်း ပြောလိုက်သည်။

"ကျွန်တော်လိုက်လို့ မဖြစ်သေးလို့ ပြောနေတာပါ၊ ခုလို အခွင့်ကောင်းရတုန်း သုမနေကို မိအောင်ဖမ်းနိုင်မှ သူ့ရန်ကို လွယ်လွယ်နဲ့ နှိမ်နင်းနိုင်မယ် မဟုတ်လား၊ ဘုရင်မသာ စိတ်အေးအေး ပြန်ပါ၊ ခု ... ကျွန်တော် ပြောနေတာဟာ ဘုရင်မနဲ့ စေတုတ္တရာ နိုင်ငံတော်ရဲ့ အကျိုးအတွက် ဘုရင်မရဲ့ ဒုတိယ သက်တော်ရှည်အမတ်ကြီးအဖြစ် ပြောနေတာပါ"

ဗိုလ်နန္ဒက ဖျောင်းဖျ၍နေပေသည်။

"ဒီလိုဆိုရင် ကောင်းပါပြီ၊ ဘုရင်မ ပြန်ပါ့မယ်၊ နက်ဖြန်မနက်

www.burmeseclassic.com

www.burmeseclassic.com



ညီလာခံမှာ သက်တော်ရှည် အမတ်ကြီး ကိုရှုပကို ဘုရင်မ စောင့်မျှော်နေပါ့မယ်၊ ဘုရင်မရဲ့ သက်တော်ရှည်အမတ်ကြီး ကိုရှုပ အကြံအစည်အောင်မြင်ပါစေလို့ ဘုရင်မ ဆုတောင်းပါတယ်"

ပြောပြောဆိုဆို ဘုရင်မသည် ရန်အောင်မြို့စားကြီး ဦးစီးလာသည့် စစ်သည်တော်ဗိုလ်ပါများ ခြံရံကာ နန်းတော်ဆီသို့ တရွေ့ရွေ့ ချီတက်သွားသည်ကို ဗိုလ်နန္ဒသည် မျက်စိတဆုံးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

"စစ်သူကြီး ဗန္ဓက"

ဗိုလ်နန္ဒက လှမ်းခေါ်လိုက်သဖြင့် စစ်သူကြီး ဗန္ဓကသည် ဗိုလ်နန္ဒ အနီးသို့ ချဉ်းကပ်လာပေသည်။

"စစ်သူကြီးရဲ့ နယ်ခြားစစ်တပ်တွေကို သုဓနု ပြေးပေါက်မရှိအောင် သုဝဏ္ဏနဲ့ စေတုတ္တရာ နယ်ခြားဒေသမှာရှိတဲ့ ထွက်ပေါက်တွေကို ပိတ်ဆို့ထားဖို့ နေရာချထားပါ၊ ကျော်စွာတို့ လူစုကတော့ သုဓနုရဲ့ အပေါင်းပါတွေ အင်ကြင်းမြိုင်တောတန်းထဲဝင်ပြီး မဗိုလ်ုနိုင်အောင် တားဆီးပိတ်ဆို့ထားဖို့ တာဝန်ယူရမယ်၊ ဖရိုဖရဲ ထွက်ပြေးနေတဲ့ သုဓနုရဲ့ စစ်သည်တော်တွေကိုလည်း လက်ရဖမ်းလို့ရသမျှ လက်ရဖမ်းဆီးရမယ်၊ မလွှဲမရှောင်သာမှ တိုက်ပွဲဆင်ကြရမယ်၊ အဉ္စာဝကရယ်၊ ကျော်စေယျရယ်၊ နေမျိုးရယ် ရဲဘော်သုံးယောက်က ဆရာနဲ့အတူတူ လိုက်ခဲ့ကြ၊ သုဓနုကို မတွေ့တွေ့အောင်ရှာပြီး အပြီးအပိုင် သုတ်သင်ရှင်းလင်းကြမယ်၊ ကဲ–ဆရာ ပြောတာကို အားလုံး မှတ်မိကြရဲ့လား"

ဗိုလ်နန္ဒက အစီအစဉ်များ ချမှတ်ပေးလိုက်သည်။

"အားလုံး မှတ်သားမိပါတယ်"

ဗိုလ်နန္ဒ၏ တပည့်များက တစ်ခဲနက် ဖြေဆိုလိုက်ကြသည်။

"ကဲ ... ဆရာ ချထားတဲ့ အစီအစဉ်အတိုင်း မဆိုင်းမတွဘဲ ဆောင်ရွက်ကြပေတော့"



ဗိုလ်နန္ဒက အမိန့်ပေးလိုက်ရာ စစ်သူကြီး ဗန္ဓကသည် မိမိ၏ စစ်သည်တော်များအား စေတုတ္တရာနှင့် သုဝဏ္ဏနိုင်ငံ စပ်ကြားရှိ တောင်ကြားလမ်း မှန်သမျှကို ပိတ်ဆို့ထားရန် လူစုခွဲပြီး နေရာချထားလိုက်ပြီးလျှင် လူတစ်စုကို စစ်သူကြီး ဗန္ဓကကိုယ်တိုင် ခေါင်းဆောင်ကာ သေလာဂီရိ တောင်ခြေရင်းဘက်သို့ ချီတက်သွားကြပေသည်။

ကျော်စွာနှင့် တောတွင်းသားများမှာလည်း ဗိုလ်နန္ဒအား အလေးပြုပြီး အင်ကြင်းမြိုင် တောတန်းဘက်သို့ တရကြမ်း ချီတက်သွားကြပေရာ ဗိုလ်နန္ဒနှင့် ရဲဘော်ရဲဘက် သုံးဦးသာ ဘုရားငုတ်တိုအနီးတွင် ကျန်ရစ်ခဲ့ပေသည်။

* * *

"တပည့်တို့ စေတုတ္တရာ နိုင်ငံတော်ကို ဆရာ ဘာကြောင့် ရောက်လာရတယ် ဆိုတာ တပည့်တို့ကို ဒီနေ့ည အားလုံး ဖွင့်ပြောတော့မယ်"

ဗိုလ်နန္ဒက နိဒါန်းပျိုးလိုက်ရာ အားလုံး အာရုံစိုက်ပြီး နားထောင်နေကြပေသည်။

"ဒီနေ့ည ဖြစ်စေ၊ နက်ဖြန်မနက် ဖြစ်စေ သုဓနုကို မတွေ့တွေ့အောင် လိုက်ရှာပြီး သူသေသေ ကိုယ်သေသေ တိုက်ပွဲဆင်ကြရတော့မယ်၊ ဒီတိုက်ပွဲမှာ ဆရာကိုယ်တိုင် အသက်ပေးပြီး တိုက်ခိုက်ရမှာမို့လို့ တပည့်တို့ကို မှာကြားစရာ ရှိတာတွေ မှာခဲ့မယ်၊ ဆရာနဲ့ ဆရာ့တပည့် ၉ ယောက်ကို သီဟရာဇာ ဘုရင်ကြီး ဖမ်းဆီးရမိသွားတာကို တပည့်တို့ မှတ်မိကြသေးတယ် မဟုတ်လား"

ဗိုလ်နန္ဒက မေးခွန်းထုတ်လိုက်သည်။

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"သီဟရာဇာ ဘုရင်ကြီးက ဆရာတို့ကို သူပုန်တွေ ဆိုပြီး တစ်ယောက်မကျန် ကြိုးပေးသတ်ဖို့ အမိန့်တော်မြွက် ချမှတ်ခဲ့တယ်၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကို မဟာဘောဂ ဘုရင်ရဲ့ သားတော်ဖြစ်ကြောင်း သိတဲ့အခါ စိတ်ပြောင်းသွားပြီး သူနဲ့ သူ့နိုင်ငံရဲ့ အကျိုးအတွက် ဆရာ့ကို လက်ကိုင်တုတ်အဖြစ် အသုံးပြုဖို့ အကြံအစည်ရလာပုံရတယ်၊ သီဟရာဇာ ဘုရင်ကြီးရဲ့ ရည်ရွယ်ချက်က သုဝဏ္ဏနိုင်ငံရယ် စေတုတ္တရာနိုင်ငံရယ် သာယာရွှေစည်နိုင်ငံရယ် နိုင်ငံသုံးနိုင်ငံဟာ လူမျိုးချင်းလည်း တူတယ်၊ အယူဝါဒချင်းလည်း တူတယ်၊ ယဉ်ကျေးမှုချင်းလည်း တူတယ်၊ ဒါကြောင့် ဒီသုံးနိုင်ငံကို တစ်နိုင်ငံတည်းဖြစ်အောင် ပေါင်းစည်းနိုင်မယ်ဆိုရင် အင်မတန် တန်ခိုးအင်အား ကြီးမားတဲ့ နိုင်ငံကြီး ဖြစ်လာနိုင်တယ်၊ ဒီလို အင်အားကြီးမားမှလည်း နိုင်ငံကြီးတွေက ရိုသေလေးစားလာမယ်၊ ဒါကြောင့် သုံးနိုင်ငံကို တစ်နိုင်ငံတည်း ဖြစ်လာအောင်လုပ်ဖို့ အကြံအရွယ်ရှိတယ်"

ဗိုလ်နန္ဒက ရှင်းလိုက်သည်။

"ဒီနည်းကတော့ အကောင်းသားပဲ၊ ခုလို သူတစ်လူ ငါတမင်း အုပ်စိုးနေကြမယ့်အစား အားလုံး တညီတညွတ်တည်း စည်းစည်းလုံးလုံး ရှိကြရင် အိမ်နီးချင်း နိုင်ငံကြီးတွေက အလိုလို ရိုသေလာမှာပေါ့၊ ခုဆိုရင် ၃ နိုင်ငံစလုံးကို ဘယ်အိမ်နီးနားချင်း နိုင်ငံကမှ မရိုသေဘူး၊ ဒီအထဲမှာ အချင်းချင်း အာဏာလုနေကြသေးတယ် မဟုတ်လား"

ကျော်ဇေယျက ဝင်ပြီး ထောက်လိုက်သည်။

"အေးလေ ... မင်းပြောတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီနိုင်ငံ ၃ နိုင်ငံကို တစ်နိုင်ငံတည်းဖြစ်အောင် လုပ်နိုင်ရင် သီဟရာဇာ ဘုရင်ကြီးဟာ ခုထက် ၃ ဆမက ပိုပြီး တန်ခိုးကြီးလာမယ် မဟုတ်လား၊ သူ့ရည်ရွယ်ချက်က သူတန်ခိုးကြီးဖို့ ရည်ရွယ်ချက်ပဲ၊ ဒီရည်ရွယ်ချက် အောင်မြင်ဖို့ သုဝဏ္ဏနိုင်ငံနဲ့ စေတုတ္တရာနိုင်ငံကို သိမ်းပိုက်နိုင်မှ ဖြစ်မှာ၊ သုဝဏ္ဏနိုင်ငံ သုမနဘုရင်ကိုတော့ သီဟရာဇာ ဘုရင်ကြီးက ရွံလည်း ရွံတယ်၊ မုန်းလည်း မုန်းတယ်၊ စန္ဒာဒေဝီ ဘုရင်မကိုတော့



စစ်သည်တော်အင်အား ကြီးမားပြီး ဘုရင်မ ကိုယ်တိုင်ကလည်း စားထောက်တဲ့အတွက် ကြောက်လည်း ကြောက်တယ်၊ ရွံ့လည်း ရွံ့တယ်"

"ဆရာ့ကို လက်ကိုင်တုတ်အဖြစ် အသုံးပြုပုံကို ရှင်းပြပါဦး ..."

ကျော်ဇေယျက မေးလိုက်ပြန်သည်။

"ဆရာ့ကို ကြိုးဒဏ်ပေးခါနီး ဘုရင်ကြီးက သူ့အပါးကို ခေါ်တော်မူတယ်၊ ပြီးတော့ ဘာပြောသလဲဆိုရင် မောင်ရှုပဟာ စကားအရာမှာလည်း ကြွယ်ဝတယ်၊ ပရိယာယ်ဝေဝုစ် အရာမှာလည်း တော်တယ်၊ ဒီတော့ကာ စန္ဒာဒေဝီ ဘုရင်မကို မောင်ရှုပ ကိုယ်တိုင် နှလုံးရည်နဲ့ဖြစ်စေ၊ လက်ရုံးရည်နဲ့ဖြစ်စေ လက်ရဖမ်းဆီးပြီး အသေရရ အရှင်ရရ ဘုရင်မင်းမြတ်ရဲ့ ရှေ့တော်ရောက် ဆက်သရမယ်၊ အဲဒီလို ဆက်သနိုင်ရင် မောင်ရှုပနဲ့တကွ မောင်ရှုပရဲ့တပည့် ၉ ဦးကိုပါ အသက်ဘေးမှ ချမ်းသာခွင့်ပေးမယ်၊ အင်ကြင်းမြိုင် တောတန်းမှာရှိတဲ့ တောတွင်းသားမှန်သမျှကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်၊ ဒါတင်မကသေးဘူး မောင်ရှုပကို သုဝဏ္ဏနိုင်ငံရဲ့ ဘုရင်အဖြစ်ရောက်အောင် ဘုရင်မင်းမြတ်က ကူညီတော်မူမယ်လို့ အမိန့်တော်ရှိခဲ့တယ်"

"အင်း ... တယ်လည်းဆိုတဲ့ စာပါလား၊ ဒီတော့ကာ ဆရာက ဘယ်လို ပြန်ပြောလိုက်သလဲ"

အာဠာဝက က ဝင်ထောက်လိုက်ပြန်သည်။

"ဆရာက မဖြစ်နိုင်တာကို ခိုင်းရမလားဆိုပြီး အားရပါးရ ရယ်ချလိုက်တာပေါ့ ... ဒီတော့ကာ ဘုရင်ကြီးက ဆရာ့ကို လေသာဆောင်ခေါ်သွားပြီး ကြိုးစင်ပေါ်မှာ လည်ပင်း ကြိုးကွင်းစွပ်ထားတဲ့ ဆရာ့တပည့် ၉ ယောက်ကို လက်ညှိုးထိုးပြတယ်၊ ဘုရင်မင်းမြတ်ရဲ့အမိန့်တော်အတိုင်း တာဝန်မထမ်းရွက်နိုင်ဘူးဆိုရင် မောင်မင်းရဲ့တပည့် ၉ ဦးကို မောင်မင်းရဲ့ မျက်စိအောက်မှာ ကြိုးပေးပြီး သတ်ရလိမ့်မယ်၊ မောင်မင်းကိုလည်း မသေမရှင် နှိပ်စက်ပြီးမှ တတိတိ သတ်ရလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



သို့ ဘုရင်မင်းမြတ်က အမိန့်တော်မှတ်လိုက်တယ်၊ ဒါကြောင့် ဆရာလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ဆရာ့အသက်နဲ့ တပည့် ၉ ယောက်ရဲ့ အသက်ကို လဲဖို့ ဆုံးဖြတ်ချက်ချပြီး ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်အတိုင်း လိုက်နာဆောင်ရွက်ပေးပါ့မယ်လို့ ကတိပေးပြီး ထွက်ခဲ့တာပဲ"

ဗိုလ်နန္ဒက ရှင်းပြလိုက်သည်။

"ဆရာပေးခဲ့တဲ့ ကတိအတိုင်းဆိုရင် စန္ဒာဒေဝီ ဘုရင်မကို သီဟရာဇာ ဘုရင်ကြီးရဲ့ လက်ကို ဝ,ကွက်ပြီး အပ်ရမလို ဖြစ်နေတာပေါ့၊ ဒီလိုဆိုရင် ဖြစ်နိုင်ပါ့မလား၊ စန္ဒာဒေဝီ ဘုရင်မက ဆရာ့အပေါ်မှာ တာကယ်ကို မေတ္တာရှိနေပြီ မဟုတ်လား၊ ဒီလိုဆိုရင် ရှေ့ကို ဘာဆက်လုပ်ကြမလဲ"

နေမျိုးက ဝင်ပြီး ပြောလိုက်ပြန်သည်။

"ရှေ့ကို ဘာဆက်လုပ်ရမလဲဆိုရင် ပထမဆုံး သုမနရဲ့ရန်ကို အပြီးအပိုင် သုတ်သင်ရှင်းလင်းပစ်ရမယ်၊ သုမနရဲ့ရန်ကို ရှင်းလင်းသုတ်သင်ရင်း ဆရာ ကျဆုံးသွားရင် ပြဿနာအားလုံး ရှင်းသွားမှာပဲ"

ဗိုလ်နန္ဒက အံကြိတ်ရင်း ပြောလိုက်သည်။

"ဆရာကလည်း နိမိတ်မရှိ နမာမရှိ စကားတွေ ပြောမနေစမ်းပါနဲ့၊ ဆရာ မသေနိုင်ပါဘူး"

"ဒီတိုက်ပွဲမှာ ဆရာ မသေပေမယ့် ဆရာ့တပည့် ၉ ဦးရဲ့ အသက်ကိုချွေးယူဖို့ ဆရာကိုယ်တိုင် သီဟရာဇာ ဘုရင်ကြီးဆီကိုသွားပြီး တပည့် ၉ ယောက် အသက်နဲ့ ဆရာ့အသက်ကို လဲရမှာပဲ၊ ဆရာ့အလိုကို ပြောရမယ်ဆိုရင် သုမနကို နှိမ်နင်းရင်း ကျဆုံးသွားတာက ပိုပြီး မြတ်လိမ့်မယ်လို့ ယူဆထားတယ်၊ ဒါကြောင့် ဒီတစ်ချီတော့ လူများများ အသေမခံတော့ဘဲ သုမနကို မပြေးနိုင်အောင် ဝိုင်းထားပြီး ဆရာနဲ့ သုမနနဲ့ စီးချင်းတိုက်ဖို့ ဆုံးဖြတ်ထားတယ်"

"အို ... ဆရာကလည်း ဘာဖြစ်လို့ အသေခံပြီး တိုက်ရမှာလဲ၊



ကျွန်တော်တို့တစ်တွေ ရှိသားပဲ၊ ပြီးတော့ ... သီဟရာဇာ ဘုရင်ကြီးထံမှာ ဆရာ ကတိခံလာခဲ့တဲ့ စကားတွေကို စန္ဒာဒေဝီ ဘုရင်မ သိရင် ဘုရင်မကိုယ်တိုင် သီဟရာဇာ ဘုရင်ကြီးဆီသွားပြီး ဆရာ့တပည့်တွေ လွတ်ရာလွတ်ကြောင်း ကြံစည်ပါလိမ့်မယ်"

ကျော်ဇေယျက ပြောလိုက်သည်။

"အို ... မဖြစ်နိုင်တာပဲ၊ ပြီးတော့ ... ကတိဟာ ကတိပဲ၊ ဆရာ့အကြောင်းကို တပည့်တို့ သိကြတယ် မဟုတ်လား၊ လူသာ အသေခံချင်ခံမယ် ကတိကိုတော့ ဘယ်တော့မှ မဖျက်ဘူး"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ တပည့် ၃ ဦးစလုံးရဲ့ မျက်နှာများမှာ ညှိုးငယ်၍သွားကြပေသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အသက်ရှင်နေသမျှ ဆရာ မသေစေရဘူး၊ ဆရာ့တပည့် ၉ ယောက်အတွက် ကျွန်တော်တို့ အသေခံပြီး ဘုရင်ကြီးလက်က လုယူမယ်"

"ဒီလိုဆိုရင် ဆရာ့ကတိဟာ အလကား ဖြစ်သွားမှာပေါ့၊ ကဲ ... ကဲ ... နောင်ရေးအတွက် နောက်မှတွေးပြီး လောလောဆယ်အရေးအတွက် လုပ်စရာရှိတာ လုပ်ကြရအောင်၊ သုမန ထွက်ပြေးတဲ့ဘက်ကို မျှော်မှန်းပြီး လိုက်ကြဦးစို့"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို ရဲဘော် သုံးဦးနှင့်အတူ သေလာဂီရိ တောင်ခြေရင်းသို့ ဦးတည်ပြီး ထွက်ခွာလာခဲ့ကြပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၉

ရွာသာယာရွာနှင့် သေလာဂီရိ တောင်ခြေရင်း အကြားရှိ စမ်းချောင်းတလေးဘက်သို့ ရောက်သောအခါ တစ်ညလုံး အိပ်ပျက်ထားသည့် ဗိုလ်နန္ဒနှင့် အဖော်များသည် မြင်းများကို ရေတိုက်ရင်း စမ်းချောင်းထဲသို့ ဆင်း၍ ရေမိုးချိုးကြပြီးလျှင် ယမန်နေ့ညက သုမနဘုရင် စခန်းချခဲ့သည့် သစ်ခက်တဲနန်း ရှိရာသို့ ဦးတည်ပြီး လာခဲ့ကြပေသည်။

အချိန်မှာ နေထွက်စဖြစ်၍ တစ်တောလုံး ကျေးငှက်သံဖြင့် ဆူညံလျက်ရှိပေသည်။

"ဟော ... ဟိုမှာကြည့်စမ်း ... လူတစ်ယောက် ဘယ်ကို သွားမလို့လဲ မပြောတတ်ဘူး၊ သူ့ကိုမေးကြည့်ရင် သတင်းကောင်း ရလိမ့်မယ်၊ ကဲ ... လာ ... ဒီလူကို မီအောင်လိုက်ကြစို့"

ဗိုလ်နန္ဒသည် တောင်ဘက်လမ်းတွင် တရွေ့ရွေ့သွားနေသော လူတစ်ယောက်ကို မြင်လိုက်သဖြင့် ထိုသူကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်ပြီးလျှင် တောင်ဘက်လမ်းကလေးအတိုင်း ခပ်သုတ်သုတ် လိုက်လာကြပေသည်။

ရှေ့မှ သွားနေသူသည် မြင်းခွာသံများ ကြားသဖြင့် လှည့်ကြည့်လိုက်ရာ ဗိုလ်နန္ဒတို့လူသိုက် ဖြစ်နေသည်ကို တွေ့သဖြင့် ဝမ်းသာအားရ ဆီးကြိုလိုက်ပေသည်။

"ဆရာလေး ကျွန်တော်တို့ကို မှတ်မိသေးသလား"



ဗိုလ်နန္ဒက ဝမ်းသာအားရ နှုတ်ဆက်ရင်း မေးလိုက်သည်။

ဆရာလေး ဆိုသူသည် ဗိုလ်နန္ဒအား အတန်ကြာ မျက်မှောင်ကြုတ်ပြီး ကြည့်နေရာမှ ပြုံးရယ်လိုက်သည်။

"သိပြီ ... သိပြီ၊ တလောက နယ်ခြားမှာ ဓားပြတိုက်ခံရတုန်းက ဝင်ကူတဲ့ ဗိုလ်နန္ဒ မဟုတ်လား"

"ဟုတ်ပါတယ် ... နန္ဒ ဆိုတာ ကျွန်တော်ပါ၊ အချိန်မတော် ဆရာလေး ဘယ်ကလာပြီး ဘယ်ကိုသွားမလို့လဲ"

"ရွာသာယာ ရွာကလေးကို သုမနနဲ့ သူ့ရဲ့ ဘက်တော်သားတွေ ဝင်မွှေသွားလို့ ကလေးနဲ့ မိန်းမတွေ လွတ်ရာကျွတ်ရာ လိုက်ပို့ပြီး ပြန်လာတာပါ"

ဆရာလေး အမည်ခံ ဦးပညာက ပြန်ပြောလိုက်သည်။

"သုမန ကိုယ်တိုင်ပါသလား"

ဗိုလ်နန္ဒက မေးလိုက်ပြန်သည်။

"သူကိုယ်တိုင် ရှေ့ဆောင်ပြီး လာတာကို မြင်လိုက်တယ်"

"သူ့နောက်မှာ စစ်သည်တော် ဘယ်လောက်ပါသလဲ"

"များများစားစား မပါဘူး ... နှစ်ဆယ် အစိတ်လောက် ရှိလိမ့်မယ်ထင်တယ်"

"ရွာထဲက ဖိုးရာဇာတို့လူသိုက် မခုခံဘူးလား"

"ခုခံလို့ သုမန ဘက်တော်သားတွေ တော်တော်များများ ကျဆုံးသွားတယ် ... ဒါကို အခဲမကျေဖြစ်ပြီး ဖိုးရာဇာရဲ့သမီးကို အတင်းဆွဲခေါ်သွားကြတယ်"

"ဖိုးရာဇာရဲ့သမီး ဟုတ်လား"

နေမျိုးက မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဖိုးရာဇာရဲ့သမီး ယုဇနကို ဆွဲခေါ်သွားကြတယ်"

ဦးပညာက ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခု သူတို့ ဘယ်ဘက်ကို ထွက်သွားကြသလဲ"

ဗိုလ်နန္ဒက မေးလိုက်ပြန်သည်။

"ကုန်းတန်းရွာဘက်ကို ထွက်သွားကြတယ်လို့ ရွာသားတွေ ပြောတာပဲ"

"ဒါဖြင့် ကုန်းတန်းရွာဘက်ကို အမီလိုက်မှပဲ၊ ကဲ ... လာ ... သွားကြမယ်၊ ဆရာလေးက ရှေ့ကလမ်းပြပါ"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို ဆရာလေး ဦးပညာအား ရှေ့မှ လမ်းပြစေပြီး တပည့်သုံးဦးနှင့်အတူ နောက်မှ ထက်ကြပ်မကွာ လိုက်လာကြပေသည်။

"ဟိုရှေ့က ရွာကလေးတစ်ရွာ မဟုတ်လား၊ ဒီရွာကို ဘာရွာ ခေါ်သလဲ"

ဗိုလ်နန္ဒသည် မီးခိုးတလူလူနှင့် တဲကလေးများကို ညွှန်ပြရင်း မေးလိုက်သည်။

"ကုန်းတန်းရွာလို့ ခေါ်ပါတယ်၊ ဒီရွာကလေးကို ဗိုလ်နန္ဒ မေ့နေပြီလား၊ ဆရာလေးနဲ့ ဗိုလ်နန္ဒနဲ့ ပထမဆုံး တွေ့ကြတုန်းက ဒီရွာကလေး နားမှာပေါ့၊ ဗိုလ်နန္ဒနဲ့ ဆရာလေးနဲ့ တွေ့တဲ့နေရာဟာ ဟောဟို တောတန်းကလေးပေါ့"

ဆရာလေး အမည်ခံ ဦးပညာသည် တောတန်းကလေးကို ညွှန်ပြရင်း ပြောလိုက်သည်။

"အင်း ... ဟုတ်သားပဲ ခုမှ မှတ်မိတော့တယ်၊ ဒီလမ်းအတိုင်း သွားရင် ဒီရွာကလေးကို ရောက်တယ်မဟုတ်လား"

ဗိုလ်နန္ဒက ပြန်မေးလိုက်သည်။

"ရောက်တာပေါ့"

"ဒီလိုဆိုရင် ရွာကိုရောက်အောင် အမြန်သွားကြရင်ကောင်းမယ်။ သုခနေဟာ ဒီလမ်းအတိုင်း သွားလာတယ်ဆိုတာ မှန်ရင် ဒီရွာကလေးကို



ဖြတ်ကျော်သွားရမှာ သေချာတယ်။ ရွာသားတွေကို မေးကြည့်ရင် သူတို့ ဘယ်သွားတယ် ဆိုတာ သိရမှာပဲ"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို မြင်းကို ကြိမ်တို့ပြီး ရွာကလေး ရှိရာသို့ ဒုန်းစိုင်းလာခဲ့ပေသည်။

ရွာအဝင်သို့ မရောက်မီ တောတန်းကလေးသို့ အရောက်တွင် သစ်ပင်ကြီး တစ်ပင်အောက်တွင် မိန်းမတစ်ယောက် မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ငိုယိုနေသည်ကို မြင်ရသဖြင့် ဦးပညာသည် အဆိုပါ မိန်းမ အနီးသို့ ချဉ်းကပ်သွားပေသည်။

"ဒေါ်ခေမာပါလား၊ ဘာဖြစ်လို့ ဒီတောတန်းထဲ တစ်ယောက်တည်း ငိုနေရတာလဲ"

ဦးပညာ၏ အသံကို ကြားရသောအခါ အဆိုပါ အမျိုးသမီးကြီးသည် လက်ဝါးကို ဖယ်ရှားလိုက်ပြီး ဦးပညာအား လှမ်းကြည့်လိုက်သည်။

"ဟင် ... ဆရာပါလား ဆရာလေး၊ ဆရာလေး ကျွန်မတို့ကို မကယ်နိုင်တော့ဘူးလား၊ ဟိုမှာကြည့်စမ်းပါဦး ဆရာလေးရယ်၊ ကျွန်မ ဖြင့် ကျွန်မရဲ့ ခင်ပွန်းဖြစ်အင်ကို မကြည့်ရက်တော့ဘူး"

ဒေါ်ခေမာ အမည်ရှိ အမျိုးသမီးကြီးသည် ဦးပညာ၏ ခြေသလုံးကို ပြေးဖက်ရင်း သစ်ပင်ပေါ်သို့ လက်ညှိုးထိုးပြလိုက်သဖြင့် သစ်ပင် ပေါ်သို့ လှမ်းကြည့်လိုက်ရာ သစ်ကိုင်းတစ်ကိုင်းတွင် လည်ပင်းကြိုး တန်းလန်းနှင့် သေဆုံးနေသော ယောကျ်ားတစ်ဦးကို မြင်ရသဖြင့် ဦး ပညာနှင့်တကွ ဗိုလ်နန္ဒတို့ လူစုမှာ စိတ်ထဲတွင် အတော်ထိခိုက်သွားတော့ ရပေသည်။

"ဒါဘယ်သူ့လက်ချက်လဲ"

"ဘယ်သူ့လက်ချက်လဲလို့ မေးနေဖို့ လိုသေးသလား၊ သုခနေ ဘုရင်ယုတ်နဲ့ သူ့တပည့်တွေရဲ့ လက်ချက်ပေါ့ ဆရာလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခေမာသည် မျက်ရည်သုတ်ရင်း ပြန်ပြောလိုက်သည်။

"ဘယ်ပုံဘယ်နည်း ဖြစ်ကြတာလဲ ဆိုတာ ပြောပြစမ်းပါဦး"

ဗိုလ်နန္ဒက ထပ်ပြီး မေးလိုက်သည်။

ခပ်စောစောက သုမနေ ဘုရင်နဲ့ သူ့လက်စွဲတော် ၆ ယောက် ကျွန်မတို့ ရွာထဲကို ဝင်လာတယ်၊ ရွာသားတွေက ရွာထဲကို ဝင်ခွင့်မပေးဘဲ ဝိုင်းပြီးခုခံကြတယ်၊ ဒါပေမဲ့ သူတို့ရဲ့ စစ်သည်တော်တို့က စစ်ရေးစစ်ရာပိုပြီး ကျွမ်းကျင်တဲ့အတွက် ရွာသားတွေကို တိုက်လို့ ရွာသားတစ်ယောက် ကျဆုံးသွားတယ်၊ အဲဒီအချိန်မှာ ရွာထဲမှာရှိတဲ့ မိန်းမနဲ့ ကလေးတွေ ရွာပြင်ကို ထွက်ပြေးကြပြီး တောထဲမှာ ပုန်းနေကြတယ်၊ သုမနေနဲ့ သူ့အဖော် ၆ ယောက်က ကျွန်မတို့ရဲ့ တဲထဲကိုဝင်လာပြီး စားနပ်ရိက္ခာတောင်းတယ်၊ ကျွန်မက သူတို့ရဲ့ အလိုလိုက်ပြီး လယ်တောထဲ ဆင်းရင် စားဖို့ စောစောစီးစီးထပြီး ပေါင်းထားတဲ့ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်ကို ချပြီး ကျွေးလိုက်တယ်၊ သုမနေက ငါးကြော်ကို မစားချင်ဘူး၊ ကြက်သားနဲ့ အရက်ရှာခဲ့ဆိုလို့ ကျွန်မယောကျ်ားက ကြက်နဲ့ အရက်ရှာပေးရတယ်၊ ကြက်ရှာလို့ ရပြန်တော့ မီးကင်နိုင်းပြီး မီးကင်တာ ကြာရမလားလို့ ဆဲလား ဆိုလား လုပ်သေးတယ်"

ဒေါ်ခေမာက တရှုပ်ရှုပ်ငိုရင်း ရှင်းပြနေပေသည်။

"နောက်တော့ ဘယ်လိုဖြစ်သလဲ"

ဗိုလ်နန္ဒက မေးလိုက်ပြန်သည်။

"ကြက်နဲ့ အရက်ကို မြည်းလို့ အားရတော့ သုမနေ ဘုရင်က ကျွန်မရဲ့ခင်ပွန်းကိုခေါ်ပြီး၊ ငါဘယ်သူလဲ ဆိုတာ သိသလားလို့ မေးတယ်၊ ကျွန်မရဲ့ ယောကျ်ားက အရှင် သုမနေဘုရင် မဟုတ်လားလို့ ပြန်ပြောလိုက်တော့ ... သုမနေက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ပြန်ကြည့်တယ်၊ ပြီးတော့ ... ငါဘယ်သူလဲဆိုတာ သိတဲ့လူမှန်သမျှ ဒီအတိုင်းထားခဲ့လို့ မဖြစ်ဘူး၊ လက်စတုံး စီရင်ပစ်ခဲ့မှဖြစ်မယ်လို့ သုမနေ ပါးစပ်



က ဖွင့်ဟလိုက်တာနဲ့ တစ်ပြိုင်နက် သူ့လက်စွဲတော်တွေက ကျွန်မရဲ့ ခင်ပွန်းကို ဝိုင်းဖမ်းပြီး အပြင်ကို ထုတ်လာခဲ့တာပဲ၊ ပြီးတော့ ... ဟောဒီ သစ်ပင်ပေါ်မှာ လည်ပင်းကြိုးကွင်းစွပ်ပြီး သတ်ပစ်ခဲ့ကြတာပါပဲရှင်"

ဒေါ်ခေမာ အမည်ရှိ အမျိုးသမီးကြီးက မျက်ရည်စက်လက်ဖြင့် ရှင်းပြနေပေသည်။

"သုမနေတို့ လူသိုက်ထဲမှာ မိန်းကလေး တစ်ယောက် ပါလာတာ မတွေ့ဘူးလား"

နေမျိုးက ကြားဖြတ်ပြီး မေးလိုက်သည်။

"မိန်းကလေး တစ်ယောက်ကို ကြိုးနဲ့တုပ်ခေါ်လာတာ တွေ့တယ်၊ ဘယ်ရွာက ဆွဲလာသလဲ ဆိုတာတော့ မပြောတတ်ဘူး၊ မိန်းကလေးခမျာလည်း ကြောက်အားပိုပြီး မျက်နှာတောင် သွေးမရှိရှာဘူး"

ဒေါ်ခေမာက ပြန်ပြောလိုက်သည်။

ထိုအခိုက်တွင် သုမနေနှင့် ၎င်း၏ ဘက်တော်သားများ၏ရန်ကို ကြောက်၍ တောထဲတွင် ပုန်းအောင်းနေကြသော မိန်းမနှင့် ကလေးများသည် ဆရာလေး ဦးပညာကို မြင်သဖြင့် အားတက်လာကာ ပုန်းအောင်းနေရာမှ ထွက်လာကြပြီး ဆရာလေး ဦးပညာထံ ချဉ်းကပ်လာကြပေသည်။

"ကဲ ... ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်သေးဘူး။ သုမနေကို အမီလိုက်ရဦးမယ်"

ဗိုလ်နန္ဒက ပြောပြောဆိုဆို ရွာကလေးဘက်သို့ ချီတက်သွားပေရာ ဆရာလေး ဦးပညာ၏နောက်မှ မိန်းမနှင့် ကလေးများသည် တသီတတန်းကြီး လိုက်ပါလာကြပေသည်။

မိန်းမနှင့် ကလေးများအား ရွာထဲသို့ ပြန်ပို့ပြီး ဗိုလ်နန္ဒနှင့်အဖော် လေးဦးသည် သေလာဂီရိ တောင်ခြေရင်းဘက်သို့ ဆက်လက်၍ ချီတက်လာကြပြန်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ လမ်းဆုံတစ်ခုသို့ ရောက်၍ လာကြပေရာ ထိုနေရာတွင် ခေတ္တနားပြီး မည်သည့်လမ်းကို လိုက်ရမည်ကို တိုင်ပင်နေကြပေသည်။

မည်သည့်လမ်းသို့ လိုက်ရမည် ဝေခွဲ၍မရဘဲ ဖြစ်နေစဉ် နေမျိုးသည် လက်ယာဘက် လမ်းသောတွင် တစ်စုံတစ်ခုကို မြင်လိုက်သဖြင့် ထိုနေရာသို့သွားပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီးလျှင် ထိုလမ်းသောတွင် ကျနေသည့် မိန်းမစီး ဖိနပ်တစ်ဖက်ကို ကောက်ယူလိုက်သည်။

"ဆရာ ... ဆရာ ... ဟောဒီမှာ ယုဇနရဲ့ ဖိနပ်တစ်ဖက် ကျကျန်ရစ်ခဲ့တယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် သုခနဲ့ အပေါင်းပါတွေဟာ ဒီလမ်းအတိုင်းသွားတာ ဖြစ်ရမယ်"

နေမျိုးသည် မိန်းမစီး ဖိနပ်တစ်ဖက်ကို ထောင်ပြရင်း ပြောလိုက်ပေသည်။

နေမျိုး ပြောလိုက်သည့်စကားမှာ ယုတ္တိရှိသဖြင့် ဗိုလ်နန္ဒသည် လက်ယာဘက် လမ်းအတိုင်း လိုက်ရန် ဆုံးဖြတ်ကာ အဖော် ၄ ဦးနှင့်အတူ ထိုလမ်းအတိုင်း တရကြမ်း ချီတက်၍ လာကြပေသည်။

လမ်းကလေးမှာ ကျဉ်းသည်ထက် ကျဉ်းလာပြီး မကြာမီ တောင်ခြားဘက်သို့ ရောက်ရှိလာပေသည်။

ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်ရာ မြင်းကိုယ်စီနှင့် လူ ၇ ယောက်တို့ ခပ်လှမ်းလှမ်းတွင် မြင်ရပေသည်။

"ဟိုမှာကြည့်စမ်း ... သုခနဲ့ မဟုတ်လား၊ ကဲ ခပ်သုတ်သုတ်လာကြ၊ အမီလိုက်ကြရအောင်"

ဗိုလ်နန္ဒသည် ရှေ့မှ လူ ၇ ယောက်အနက် ရှေ့ဆုံးမှ မြင်းစီးသွားသူအား လက်ညှိုးညွှန်ကာ ပြောလိုက်ပြီးလျှင် မြင်းကို ဒုန်းစိုင်းပြီး သုခနှင့် အဖော်များကို မီအောင် လိုက်ခဲ့ကြပေသည်။

နောက်မှ မြင်းခွာသံများကို ကြားသဖြင့် သုခနှင့် အဖော်များသည် နောက်သို့ လှည့်ကြည့်လိုက်ရာ ဗိုလ်နန္ဒတို့လူသိုက်ကို မြင်သဖြင့် ၎င်းတို့၏ မြင်းများကို ကြိမ်တို့ကာ သုတ်ခြေတင်ကြပေသည်။



သို့ရာတွင် တောင်ကြားလမ်းကလေးမှာ ကျဉ်းမြောင်းသဖြင့် စိတ်ထင်တိုင်းမပေါက်ဘဲ ဗိုလ်နန္ဒတို့လူသိုက်နှင့် တဖြည်းဖြည်း နီးကပ်၍လာပေသည်။

ထိုအတောအတွင်း တောင်ကြားလမ်းဘက်မှ မြင်းသည်တော်တစ်ယောက်သည် ကျဉ်းမြောင်းသော လမ်းကလေးကို ပိတ်ဆို့ပြီး ရပ်နေသည်ကို တွေ့သဖြင့် သုခနေသည် ရှေ့တိုးရ ကောင်းနိုးနိုး နောက်ဆုတ်ရ ကောင်းနိုးနိုးနှင့် အကြံအိုက်၍ နေပေသည်။

ဗိုလ်နန္ဒတို့ လူသိုက်မှာမူ သုခနှင့် အဖော်များကို မီ၍လာပေသည်။

သုခနှင့် အဖော်များမှာ ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ်လှည်းထုတ် ဆိုသလို ဖြစ်နေသဖြင့် အခက်တွေ့နေသော်လည်း ဣန္ဒြေမပျက်ပင် ရပ်တန့်ပြီး ဗိုလ်နန္ဒနှင့် အဖော်များကို မျက်မှောင်ကြုတ်ပြီး ကြည့်ရှုနေပေသည်။

သုခ၏ အဖော်တစ်ယောက်၏ မြင်းပေါ်တွင် လက်ပြန်ကြိုးတုပ်ပြီး ခေါ်လာသော ယုဇနကို တွေ့ရပေသည်။ ယုဇနမှာ မျက်နှာတွင် သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်၍နေသည်သာမက ပျော့ခွေပြီး နေသည်ကို တွေ့ရပေသည်။

"ဟေ့ ... မင်းတို့ ဘယ်သူတွေလဲ၊ ဘာကိစ္စ ငါတို့နောက်ကို လိုက်လာကြတာလဲ"

သုခနေ ဘုရင်က စူးရှကျယ်လောင်သော အသံဖြင့် ဗိုလ်နန္ဒတို့ လူသိုက်အား လှမ်းပြီး မေးလိုက်ပေသည်။

"သစ္စာဖောက် သုခနေ ဘုရင်ယုတ်ကို မျိုးဖြုတ်ဖို့ လိုက်လာတယ် ဆိုတာ မသိဘူးလားကွ"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒသည် သုမန အနီးသို့ တစ်ဦးတည်း ချဉ်းကပ်သွားရင်း ပြောလိုက်သည်။

သုမန ဘုရင်သည် ဗိုလ်နန္ဒအား မျက်မှောင်ကြုတ်ပြီး စေ့စေ့စပ်စပ် ကြည့်၍နေပေသည်။

"အလို ... ဟင် ... လက်စသတ်တော့ မင်းကိုး"

သုမနသည် ဗိုလ်နန္ဒအား ပမာမခန့်သည့် အမူအရာဖြင့် ကြည့်ရင်း ပြန်ပြောလိုက်သည်။

"ငါဘယ်သူ ဆိုတာ သိသလား"

ဗိုလ်နန္ဒက ရင်ကော့ပြီး မေးလိုက်သည်။

"မသိဘဲနေပါ့မလားကွ၊ စောစောက ငါ့ကိုကြောက်လို့ ငါ့တဲနန်းထဲက ခွေးပြေး ဝက်ပြေး ထွက်ပြေးတဲ့ကောင် မဟုတ်လား"

"ဒီမှာ ... ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း"

ဗိုလ်နန္ဒက ခပ်တည်တည် ပြန်ပြောလိုက်ပြန်သည်။

"မင်းဘယ်သူလဲ ... မင်းမျက်နှာကို ငါအရင်က မမြင်ဖူးပါဘူး"

"ငါဘယ်သူလဲ ဆိုတာ သိချင်ရင် ပြောပြရမှာပေါ့၊ ဒီမှာ သုမန ငါဟာ တခြားလူ မဟုတ်ဘူး၊ သုဝဏ္ဏ နိုင်ငံတော်ကို စိုးမိုးခဲ့တဲ့ မဟာသာဂ ဘုရင်ကြီးရဲ့ တစ်ပါးတည်းသော သားတော် ရူပဆိုတာ ငါပဲ"

ဗိုလ်နန္ဒက အံကြိတ်ပြီး ပြောလိုက်ရာ သုမန ဘုရင်သည် ဗိုလ်နန္ဒအား စိုက်ကြည့်နေရာမှ မျက်နှာညိုမည်းသွားပေသည်။

"ရူပ ဆိုတာ မင်းကိုး၊ ကဲ ... မင်းက ဘာလုပ်ချင်လို့ ငါနောက်ကို လိုက်လာရတာလဲ ပြောစမ်း"

"ကျုပ်ရဲ့ ခမည်းတော်ကို သစ္စာဖောက်ပြီး လုပ်ကြံသတ်ဖြတ်တဲ့ အမျိုးယုတ်ကို မျိုးဖြုတ်ဖို့ လာခဲ့တယ် ဆိုတာ မရိပ်စားမိဘူးလား၊ ကဲ — စကားရှည်မနေနဲ့ သတ္တိရှိရင်ထွက်ခဲ့ စီးချင်းတိုက်မယ်"

ဗိုလ်နန္ဒသည် ဓားရှည်ကို ဆွဲထုတ်ရင်း ပြောလိုက်သည်။



"ဆရာ ... ဆရာ ... ယုဇနကို ဒီအတိုင်းပဲ ကြည့်နေတော့မှာလား"

နေမျိုးသည် ဗိုလ်နန္ဒ အနီးသို့ ချဉ်းကပ်လာပြန်ပြီး ခပ်တိုးတိုး ပြောလိုက်ရာ သုမနသည် နေမျိုးပြောလိုက်သည့် အသံကို ကြားလိုက်သဖြင့် လှည့်ကြည့်လိုက်သည်။

"ဘာလဲ ... ဒီကောင်မလေးကို ပြန်လိုချင်လို့ လိုက်လာကြတာလား၊ ဒီလိုဆိုရင် ဒီကောင်မလေးကို သူတို့လက် ပြန်ပေးလိုက်၊ ကဲ ... ကိုယ်လိုချင်ရာရရင် ပြန်ကြတော့"

သုမန ဘုရင်သည် ယုဇနအား မြင်းပေါ်တင်ပြီး ခေါ်လာသည့် လက်စွဲတော်အား လှမ်းပြောလိုက်သည်။

"ပြန်ပေးရမယ်ဆိုရင် အရှင်တော့မပေးနိုင်ဘူး၊ အသေပဲ ဆေးရလိမ့်မယ်"

ယုဇနအား မြင်းပေါ်တင်ပြီး ယူလာသော သုမန၏ လက်စွဲတော်သည် ပြောပြောဆိုဆို ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး ကြောက်အားလန့်အားနှင့် မိန်းမောနေသော ယုဇန၏ ရင်ဝသို့ ထိုးစိုက်မည်အပြုတွင် နေမျိုးသည် ကပျာကယာ ပြေးသွားပြီး ရန်သူ့လက်မှ ဓားမြှောင်ကို မိမိ၏ ဓားနှောင့်နှင့် ရိုက်ချလိုက်ပြီးလျှင် ယုဇနကို လုယူလိုက်သည်။ ကျန် သုမန ဘက်တော်သား ၅ ဦးက နေမျိုးအား ရန်မူမည်အပြုတွင် အာဠာဝက၊ ကျော်ဇေယျနှင့် ဆရာလေး ဦးပညာတို့က ဓားကိုယ်စီဖြင့် ဝင်၍ ဟန့်တားလိုက်ရာ ရုတ်ရုတ်ရက်ရက် ဖြစ်သွားပေသည်။

ထိုအခိုက်တွင် တောင်ကြားလမ်းကလေးကို ပိတ်ဆို့ပြီး ရပ်နေသော မြင်းသည်တော်သည် ဗိုလ်နန္ဒတို့ ရှိရာသို့ အတင်းခုန်းပြီး ပြေး၍လာပေသည်။ ထိုသူမှာ အခြား မဟုတ်၊ စစ်သူကြီး ဗန္ဓုက ဖြစ်၍နေသည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒတို့ လူသိုက်သည် အားတက်သွားပေသည်။

www.burmeseclassic.com



နေမျိုးသည် ယုဇနအား ပွေ့ချီသွားပြီး လက်ပြန်ကြိုးများကို ဖြေပေးလိုက်ပြီးလျှင် မျက်နှာကို လက်ဝါးဖြင့် ယပ်ခပ်ပေးလိုက်ရာ မကြာမီ သတိရ၍လာပေသည်။

"ကဲ ... သုမန ... သတ္တိရှိရင် ဓားကိုဆွဲထုတ်လေ၊ ဘာဖြစ်လို့ ရပ်ပြီး ကြည့်နေရတာလဲ"

ဗိုလ်နန္ဒက တင်းမာသော မျက်နှာထားဖြင့် ပြောလိုက်သည်။

"မင်း ... တကယ်ပြောနေတာလား၊ တကယ်ပြောနေရင် လာလေ၊ ဒီနေရာက သိပ်ပြီးကျဉ်းမြောင်းတယ်၊ ဟိုရှေ့နားကို သွားကြမယ်"

သုမနသည် သုဝဏ္ဏ နိုင်ငံတော်ဘက်သို့ ရောက်အောင် ဗိုလ်နန္ဒအား မှူးခေါ်လိုက်သည်။

"မင်း ပိုင်နက်ထဲကို ငါမလိုက်နိုင်ဘူး၊ သတ္တိရှိရင် စောစောက ဖြတ်လာခဲ့တဲ့ ကွင်းပြင်ကိုသွားပြီး စီးချင်းတိုက်ကြမယ်"

ဗိုလ်နန္ဒသည် သုမန၏အကြံကို သိသဖြင့် စေတုတ္တရာနယ်ဘက်ကို ပြန်ရောက်အောင် ခေါ်လိုက်သည်။ သုမနသည် ရုတ်တရက် အဖြေမပေးသေးဘဲ စဉ်းစားနေပေသည်။

"ဘာစဉ်းစားနေတာလဲ၊ သေရမှာကို ဒါလောက်တောင် ကြောက်သလား၊ သူများအပေါ်မှာ ရက်စက်သလောက် ကိုယ့်ကိုထိမှာကျတော့ ဘာဖြစ်လို့ ဒါလောက်တောင် ကြောက်နေရတာလဲ"

ဗိုလ်နန္ဒက မခံချင်အောင် ရန်စလိုက်သည်။

"ဒီလိုဆိုရင် လာလေ"

ဗိုလ်နန္ဒက သူ့ရဲကောင်းပီသစွာ စိန်ခေါ်လိုက်ပေရာ သုမနမှာ မငြင်းသာတော့ဘဲ လာလမ်းအတိုင်း ပြန်၍လာခဲ့ကြပေရာ မကြာမီ တောင်ကြားလမ်း အလွန်သို့ ရောက်လာပေသည်။

"ကဲ ... ဒီနေရာမှာ စီးချင်းတိုက်ကြမယ်၊ မင်းကြိုက်တဲ့နေရာကို မင်းယူ"



ဗိုလ်နန္ဒသည် ခက်ထန်သည့် အမူအရာဖြင့် ပြောလိုက်သည်။

"ဆရာ ... စီးချင်းမတိုက်ပါနဲ့ ...၊ ကျူပင်ခုတ် ကျူငုတ်ပါ မကျန်စေရ ဆိုတဲ့စကားအတိုင်း သစ္စာဖောက် ၇ ယောက်စလုံးကို မျိုးဖြုတ်ပစ်ရအောင် ကျွန်တော်တို့ပါ ဝင်တိုက်ပါရစေ"

အာဠာဝက က ဝင်ပြောလိုက်သည်။

"မင်းတို့ အသာနေကြစမ်းပါ"

ဗိုလ်နန္ဒက အာဠာဝကအား ဟန့်တားလိုက်သည်။

"ငါ့ကိုကြောက်လို့ တောထဲဝင်ပုန်းနေရတဲ့ သူပုန်စုတ်တွေက လူပါးဝစကားပြောလို့ ...၊ ကဲ ... သတ္တိရှိရင် ငါတို့ဘက်က ၇ ယောက်နဲ့ မင်းတို့ဘက်က ၆ ယောက် ရင်ဆိုင်တိုက်ကြမယ်၊ ဘယ့်နှယ်လဲ"

သုမနသည် စီးချင်းတိုက်ရမည်ကို ကြောက်ရွံ့သဖြင့် သူ့ခိုးသေဖော်ညှိလိုက်သည်။

"၇ ယောက်နဲ့ ၆ ယောက် မပြောနဲ့ မင်းတို့ ၇ ယောက်ကို တို့ ၃ ယောက်တည်းတောင် တိုက်ဝံ့သေးတယ်"

ကျော်ဇေယျက ဝင်ပြောလိုက်သည်။

"ဒီလိုဆိုရင် ကောင်းပြီ နေရာယူကြစို့"

သုမနက ပြောလိုက်ပြီးလျှင် ပြေးပေါက် လွယ်ကူစေရန်အတွက် တောင်ကြားလမ်းဘက်ကို ကျောခိုင်းပြီး နေရာယူထားကြပေသည်။

"မြင်းတွေမောနေပြီ ... မြင်းနဲ့ မတိုက်ချင်ဘူး ... အောက်ကို ဆင်းလာခဲ့ကြ၊ တို့လည်း အောက်ဆင်းပြီး တိုက်မယ်"

ဗိုလ်နန္ဒက တောင်ကြားလမ်းကို မျက်နှာမူကာ နေရာယူရင်း ပြောလိုက်ပြီးလျှင် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ သုမနနှင့် ဘက်တော်သားများကလည်း မြင်းများပေါ်မှ ခုန်ဆင်းပြီး မြင်းများကို နီးရာသစ်ပင်များတွင် ချည်ထားကာ နေရာများ ပြန်၍ယူလိုက်ကြပြန်သည်။

"ဟော့ ... ရှုပ ... မင်းကို ငါတစ်ခု သတိပေးလိုက်မယ် ... ငါ

www.burmeseclassic.com

www.burmeseclassic.com



ဘတ်မှာ လက်ရွေးစင် ၇ ယောက် မင်းတို့ဘက်မှာ ဓားကိုတောင် ဖြောင့်အောင်မကိုင်တတ်တဲ့ လူ ၆ ယောက် ဆိုတော့ ငါက မင်းတို့ကို အနိုင်ကျင့်သလို ဖြစ်နေလိမ့်မယ် ... ဒီတော့ကာ မင်းတို့ အသက်ကို မင်းတို့နမြောရင် အေးအေးဆေးဆေး ပြန်သွားကြ"

သုမန ဘုရင်သည် ထွက်ပေါက်ရှာလိုက်ပြန်သည်။

"ခုမှတော့ ဘယ်နည်းနဲ့မှ နောက်မဆုတ်နိုင်ဘူး ... ဒီနေ့ မင်းကို လက်စားမချေရရင် မကျေဘူး၊ ကဲ ... အားလုံး အသင့်ပြင် တိုက်ပွဲစကြစို့"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို တပည့်များအား အချက်ပေးလိုက်ပြီး ဓားကို ဝင့်ကာ သုမနအား ဝင်ပြီးခုတ်ရန် ဟန်ပြင်လိုက်ပေသည်။

ကျော်ဇေယျ၊ နေမျိုး၊ အာဠာဝက၊ စစ်သူကြီး ဗန္ဓကနှင့် ဆရာလေး ဦးပညာတို့မှာလည်း သုမန၏ တပည့် ၆ ယောက်နှင့် မျက်နှာချင်းဆိုင်ကာ တစ်ယောက်အလစ်ကို တစ်ယောက်ကြည့်ပြီး ဓားရေးပြလျှတ်ရှိပေရာ ဓားချင်းထိပြီး တချွင်ချွင်မြည်သည့် အသံများမှာ ပွဲတင်ထပ်၍ သွားပေသည်။

သုမနသည် ဗိုလ်နန္ဒအား မျက်ခြည်မပြတ် ကြည့်နေပြီး ဗိုလ်နန္ဒ၏ ဓားချက်များကို တိမ်းရှောင်၍နေပေသည်။ တိုက်ပွဲတွင် နာမည်ရခဲ့သော စစ်သူကြီး ဖြစ်သဖြင့်လည်း ဓားခုတ်လုံ့ထိုးတွင် ကျွမ်းကျင်သူဖြစ်၍ ဗိုလ်နန္ဒ၏ ဓားချက်များကို ပိုင်ပိုင်နိုင်နိုင် ခုခံနိုင်ပေသည်။

ဗိုလ်နန္ဒ၏ ဓားချက်များကို ခုခံနေရာမှ တစ်ချီတစ်ချီ အလစ်တွင် ဗိုလ်နန္ဒအား ဝင်၍ခုတ်လိုက်ရာ မျက်စိရှင်လှသော ဗိုလ်နန္ဒသည် သုမန၏ဓားကို ရှောင်ပေးလိုက်သည့်အခါတွင် ရှောင်ပေးလိုက်၊ ဓားချက်ကို ဓားချက်နှင့် ပြန်၍ ခုခံသည့်အခါတွင် ခုခံ၍နေပေသည်။

တစ်ဖက်တွင်လည်း အာဠာဝကနှင့် နေမျိုးတို့သည် ညာသံပေး



ပြီး သုမန ဘက်တော်သားများအား ထိုးခုတ်သတ်ဖြတ်၍ နေပေရာ တစ်တောလုံး ဆူညံလျှက်ရှိပေသည်။

ဗိုလ်နန္ဒမှာမူ သုမနကိုသာ မျက်ခြည်မပြတ် ကြည့်ပြီး ချက်ကောင်းတွင် တစ်ချက်တည်းဝင်ပိုင်းရန် အလစ်ကို ချောင်းလျှက်ရှိသဖြင့် တစ်ဖက်တွင် မိမိ၏ တပည့်များနှင့် သုမန၏ လက်ရွေးစင်များ အပြန်အလှန် ထိုးခုတ်သတ်ဖြတ်နေကြသည်ကို လှည့်၍ပင် မကြည့်နိုင်ပေ။

သုမနမှာလည်း ထိုနည်းတူပင် ဗိုလ်နန္ဒ၏ ဓားချက်များကို အချက်ကျ တိမ်းရှောင်နေရသဖြင့် မိမိ၏ ဘက်တော်သားများအား လှမ်းပြီး ကြည့်ခွင့်မရဘဲ ဗိုလ်နန္ဒကိုသာ မျက်ခြည်မပြတ် ကြည့်ပြီး မိမိအသက်ဘေးကို မိမိကာကွယ်နေရပေသည်။

သုမနမှာ စစ်သူကြီးဘဝမှ ရှင်ဘုရင် ဖြစ်လာသူ ဖြစ်သဖြင့် ဓားခုတ်လုံ့ထိုး အရာတွင် ကျွမ်းကျင်လိမ္မာသူ ဖြစ်ပေသည်။ သို့ရာတွင် ဘုရင်အဖြစ်သို့ ရောက်သည့်အချိန်မှ အစပြုပြီး စည်းစိမ်ယစ်မူးခဲ့သဖြင့် စိတ်သွားတိုင်း ကိုယ်မပါဘဲ ဖြစ်၍နေပေသည်။

ဗိုလ်နန္ဒသည် ရှေ့သို့ တစ်လှမ်းတိုးလိုက် နောက်သို့ တစ်လှမ်းဆုတ်လိုက်နှင့် ဓားရေးပြကာ သုမနအား မောပန်းလာအောင် နည်းပရိယာယ်သုံး၍ နေပေသည်။

သုမနမှာမူ ဗိုလ်နန္ဒအား မဟာဘောဂ ဘုရင်ကြီး၏ သားတော်မောင်ရှပ ဖြစ်ကြောင်း သိသည့်အချိန်မှ အစပြု၍ အလိုလို ကြောက်ရွံ့တုန်နေသော်လည်း ကြောက်စိတ်ကို ပယ်ဖျက်ခါ ဗိုလ်နန္ဒအား အဆုံးစီရင်ဖို့ကိုသာ အားထုတ်နေပေသည်။

အချိန်ကြာမြင့်စွာ တစ်ယောက်ကိုတစ်ယောက် အလစ်မပေးဘဲ ဓားရေးပြ၍ နေရာမှ သုမနဘုရင် မောဟိုက်လာသည်ကို ကောင်းစွာ ရိပ်စားမိသော ဗိုလ်နန္ဒသည် လူချင်း နီးကပ်သည်ထက် နီးကပ်စွာ ချဉ်းကပ်လာပြီး အတင်းတရကြမ်း ဝင်ခုတ်၍နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒ မျက်စိရှင်သလောက် သုမနမှာလည်း ဓားခုတ် ကျင်လည်သဖြင့် ဗိုလ်နန္ဒ ဓားချက်များကို သုမနသည် လွယ်လင့်တကူ တိမ်းရှောင်နိုင်ပေသည်။

တစ်ချိုတွင် ဗိုလ်နန္ဒသည် သုမန၏ ရင်ဝတည့်တည့်သို့ ချိန်ရွယ်ပြီး ဓားနှင့် တအားစိုက်လိုက်ရာ သုမနသည် ဗိုလ်နန္ဒ၏ ဓားဦးကို လွတ်ရုံကလေး တိမ်းရှောင်ပေးလိုက်ပြီး ဗိုလ်နန္ဒအား လှမ်းခုတ်လိုက်ရာ ဗိုလ်နန္ဒသည် ဓားကို လျှင်မြန်စွာ ရုပ်သိမ်းပြီး ဓားကိုဓားချင်း ခုခံလိုက်သော်လည်း သုမန၏ ဓားချက်မှာ အရှိန်လွန်သွားပြီး ဗိုလ်နန္ဒ၏ နဖူးကို ဓားဦးနှင့် ထိသွားသဖြင့် သွေးများဖြာ၍ ကျလာပေသည်။

ဗိုလ်နန္ဒသည် နဖူးမှ သွေးများကို သုတ်ရန်ပင် သတိမရောဘဲ သုမနအား နောက်တစ်ချီဝင်၍ ခုတ်လိုက်ရာ သုမနသည် ဗိုလ်နန္ဒ၏ ဓားချက်ကို မိမိ၏ ဓားသွားဖြင့် ခံထားလိုက်ရာ ဓားဓားချင်း ထိသွားပြီး မီးများပွင့်၍ သွားပေသည်။ ဗိုလ်နန္ဒမှာလည်း အားလွန်ပြီး ရှေ့သို့ ယိုင်သွားပေသည်။

ဤတွင် သုမနသည် ဗိုလ်နန္ဒအား စလွယ်သိုင်းခုတ်ချရန် ချိန်ရွယ်လိုက်ရာ ဗိုလ်နန္ဒသည် သုမန၏ အကြံအစည်ကို သိသွားသည့်အလား ကိုယ်ရှိန်သတ်လိုက်ပြီး ဗိုလ်နန္ဒအား စလွယ်သိုင်းခုတ်ချရန် ချိန်ရွယ်လိုက်သည့် သုမန ဘုရင်၏ လက်အောက်မှနေပြီး သုမန ဘုရင်ယုတ်၏ ရင်ဝတည့်တည့်ကို တအားထိုးစိုက်လိုက်ရာ သုမနမှာ မရှောင်တိမ်းသာတော့ဘဲ ဗိုလ်နန္ဒ၏ ဓားသွားသည် သုမန၏ ရင်ဝကို ထိုးစိုက်မိလျက်သား ဖြစ်သွားပြီး 'အား' ဟူသော အသံနက်ကြီးဖြင့် အော်ဟစ်ရင်း လက်ထဲတွင် ကိုင်ထားသော ဓားကို လွှတ်ချပြီး ရင်ဝတွင် စိုက်နေသည့် ဓားကိုကိုင်ရင်း လဲကျသွားပေသည်။

ဗိုလ်နန္ဒသည် သုမန၏ ရင်ဝမှ ဓားကိုဆွဲနုတ်ရန် အားယူနေစဉ် မိမိ၏နံစောင်းကို တစ်စုံတစ်ယောက်သောသူက ဓားနှင့် ထိုးလိုက်သည့်



ဒဏ်ရာကြောင့် မျက်လုံးများတွင် မီးများ ပွင့်သွားပြီး ဒဏ်ရာကို လက်နှင့် ပိတ်ရင်း တပည့်များကို လှမ်းကြည့်လိုက်ရာ နေမျိုးနှင့် ကျော်ဇေယျအား ဝိုးတိုးဝါးတား မြင်ရပြီး ထိုနေရာတွင် ပျော့ခွေ၍ ကျသွားပြီးလျှင် သေငယ်ဇောဖြင့် မေ့မြော၍သွားပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၃၀

သာယာရွှေပြည် နိုင်ငံတော် သီဟရာဇာ ဘုရင်မင်းမြတ်သည် ကားစင်တွင် တင်ထားသည့် ဗိုလ်နန္ဒအား ကျေနပ်သည့် အမူအရာဖြင့် တစိမ့်စိမ့်ကြည့်၍နေပေသည်။

အာဏာပါးကွက်သားများသည်လည်း ဗိုလ်နန္ဒအား ကားစင်တွင် မလှုပ်နိုင်မယှက်နိုင်အောင် လေးဖက်လေးတန် ကြိုးများဖြင့် ချည်နှောင်ထားပြီး ရင်ကိုခွဲပြီးသတ်ရန် ပြောင်လက်တောက်ပသည့် ဓားများဖြင့် အသင့်ပြင်၍ နေပေသည်။

ဗိုလ်နန္ဒသည် သေရမည်ကို မကြောက်ဟု ဆိုသော်လည်း သေဘေးနှင့် ရင်ဆိုင်ရသောအခါတွင် မသေမီ ခံစားရမည့် ဝေဒနာကို တွေးတောကာ နဖူးမှ ချွေးသီးများ စို့၍လာပေသည်။

အာဏာသားပါးကွက်သည် ဗိုလ်နန္ဒ ရှေ့တွင် ဓားရေးပြနေရာမှ ထက်လှစွာသော ဓားသွားဖြင့် ဗိုလ်နန္ဒ၏ ရင်ဝကို စိုက်လိုက်ရာ ဗိုလ်နန္ဒသည် မျက်စိကိုစုံမှိတ်ထားပြီး လူးလွန့်ရုန်းကန်ရင်း တဖြည်းဖြည်းသတိရလာကာ မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ ရွှေရောင်တဖိတ်ဖိတ် တောက်နေသည့် သလွန်ထက်ပေါ်ရှိ နူးညံ့ပျော့အိသည့် ဖဲမွေ့ရာထက်သို့ ရောက်ရှိနေသည်ကို တွေ့ရသဖြင့် မိမိ၏ မျက်စိကိုပင် မိမိ မယုံနိုင်အောင် ဖြစ်သွားသည်။

သီဟရာဇာ ဘုရင်ကြီး၏ လက်ချက်ဖြင့် အနိစ္စရောက်ပြီး နတ်



ပြည်ကို ဘဝကူးလာခြင်း ဖြစ်သလော ဟူ၍လည်း စိတ်ထဲတွင် တွေးဆမိကာ ဖဲမွေ့ရာပေါ်မှ ထရန် အားယူလိုက်သောအခါ မိမိ၏ လက်ယာဘက် နံစောင်းမှ နာကျင်သဖြင့် စမ်းသပ်ကြည့်မိပေသည်။

ထိုအခိုက်တွင် အခန်းထဲသို့ ဝင်လာသည့် ခြေသံကြားသဖြင့် လှမ်းကြည့်လိုက်ရာ နတ်သူဇာတမျှ လှပသော မိန်းမပျိုတစ်ဦးကို မြင်လိုက်သဖြင့် ငေးစိုက်ကြည့်နေမိပေသည်။

မိန်းမပျိုသည် သလွန်ဘေးတွင် ကျို့ကျို့ထိုင်ရင်း ဗိုလ်နန္ဒ၏ လက်ကို နူးညံ့ပျော့ပျောင်းသည့် လက်များဖြင့် ညင်သာစွာ ကိုင်တွယ်ပြီး သွေးတိုးကို စမ်းသပ်ကြည့်နေပေသည်။

"အရှင့်သား ... သတိထားတော်မူပါ ... အိပ်ရာက ထတော်မမူပါနဲ့ ... သက်သက်သာသာ စံနေတော်မူပါ"

ဗိုလ်နန္ဒ အပေါ်တွင် ခစားလျက်ရှိသော မိန်းမပျိုက သာယာညင်းပျောင်းသော အသံဖြင့် ပြောလိုက်ရာ ထိုအခါကျမှ ဗိုလ်နန္ဒသည် မိန်းမပျို၏ အသံကို ကျက်မိပြီး ရီဝေသော မျက်လုံးများဖြင့် မိမိအပေါ်တွင် ခစားလျက်ရှိသော မိန်းမပျိုအား ဂရုစိုက်ပြီး ကြည့်မိပေသည်။

"အလို ... မယ်သစ္စာပါလား၊ ကျုပ်ကို အရှင့်သားတွေ ဘာတွေ လုပ်မနေစမ်းပါနဲ့၊ ခေါ်နေကျအတိုင်း နာမည်ကိုပဲခေါ်ပါ။ ဒါထက် ကျုပ် ဒီကိုရောက်နေတာ ဘယ်လောက်ကြာသွားပြီလဲ"

ဗိုလ်နန္ဒက မယ်သစ္စာအား မေးခွန်းထုတ်လိုက်သည်။

"မှန်လှပါ၊ အရှင့်သား ဒဏ်ရာရပြီး မိန်းမောနေတာ ၇ ရက်ရှိသွားပြီ ဖြစ်ကြောင်းပါ၊ အရှင့်သားရဲ့ ဒဏ်ရာကို သမားတော်ကြီးများ ကိုယ်တိုင် ကုစားတဲ့အတွက် ခုလို သက်သာရာရပြီး သတိရလာတာကို ဘုရင်မ ကြားသိတော်မူရင် အလွန်တရာမှပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူပါလိမ့်မယ်"

မယ်သစ္စာက ပြန်ပြောလိုက်သည်။

www.burmeseclassic.com



"နေပါဦး ဒါက ဘယ်သူ့အခန်းလဲ၊ ဘာဖြစ်လို့ ကျုပ်ကို ဒီနေရာမှာ ပို့ထားရတာလဲ"

"ဘုရင်မရဲ့ ဖခမည်းတော်ဘုရား စံမြန်းတော်မူခဲ့တဲ့ အဆောင်တော် ဖြစ်ကြောင်းပါ၊ အရှင့်သားကို ဒဏ်ရာနှင့် ယူဆောင်လာတဲ့ အချိန်ကစပြီး ဘုရင်မရဲ့ အမိန့်နဲ့ ဤအဆောင်တွင် ထားရှိပြီး သမားတော်ကြီးများနှင့် ကုစားလျက် ရှိကြောင်းပါ"

မယ်သစ္စာက ပြန်ပြောလိုက်သည်။

"ဒဏ်ရာက တော်တော်ပြင်းထန်သလား"

"သမားတော်ကြီးများရဲ့ အဆိုအရဆိုရင် ... အသက်အန္တရာယ်တိုင် ဖြစ်စေနိုင်တယ်လို့ သိရကြောင်းပါ၊ အရှင့်သားကို ခေါ်လာသည့်အချိန်မှအစပြု၍ အရှင့်သားသည် ဘုရင်မ၏ အမည်ကိုသာ ယောင်ယမ်းတမ်းတလျက် ရှိသဖြင့် ကြားရသူတိုင်း စိတ်မချမ်းသာ ဖြစ်မိကြောင်းပါ"

"ဩော် ... အင်း"

"ဘုရင်မမှာလည်း နန်းတော်ထဲကို ပြန်ရောက်ပြီး နောက်တစ်နေ့မှာ နာမကျန်း ဖြစ်တော်မူနေလို့ အရှင့်သားကို ဘုရင်မ ကိုယ်တော်တိုင် မပြုစုနိုင်တာကို ခွင့်လွှတ်ဖို့ တောင်းပန်ပေးပါလို့ မှာကြားလိုက်ပါတယ်၊ ဘုရင်မမှာလည်း အရှင့်သားအတွက် မစားနိုင် မအိပ်နိုင် တငိုငိုတရယ်ရယ်နှင့် ဖြစ်နေကြောင်းပါ"

"အလို ... ဟင် ... ဘုရင်မ နာမကျန်း ဖြစ်နေတယ် ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး"

"အရှင့်သားနဲ့ ပါလာတဲ့ညက တစ်ညလုံး မိုးမိပြီး ရေတွေစိုလာလို့ အအေးမိပြီး ဖျားတာပါ၊ ဖြစ်ခါစတုန်းကဆိုရင် အတော့်ကို နိုးရိမ်စရာပါ၊ ခုတော့ အတော်ကလေး နေသာထိုင်သာ ရှိသွားပါပြီ။ အရှင့်သား ခုလို သတိရလာတာကို ဘုရင်မ ကြားရရင် ရွှင်လန်းအားရဖြစ်ပြီး ရောဂါပျောက်ကင်းသွားမှာပါ"



မယ်သစ္စာက ပြုံးပြုံးကလေး ပြန်ပြောလိုက်သည်။

ဗိုလ်နန္ဒမှာမူ ဘာမှပြန်မပြောနိုင်ဘဲ မယ်သစ္စာကို ငေးစိုက်ကြည့်နေပြီး သက်ပြင်းချလိုက်သည်။

"အရှင့်သားရဲ့ သတင်းကလည်း ဧတုတ္တရာ တစ်နိုင်ငံလုံးမှာ ဟိုးလေးတကျော် ဖြစ်သွားပြီး ဧတုတ္တရာ နိုင်ငံတော်ကို ကယ်တင်တဲ့ သူ့ရဲကောင်းအဖြစ် ပြည်သူလူထု တစ်ရပ်လုံးက ကောင်းချီးသြဘာ ပေးနေကြကြောင်းပါ။ အရှင့်သားရဲ့ ဝေဒနာ ပျောက်ကင်းစေရန်အတွက်လည်း ဆုတောင်းပွဲများလည်း ကျင်းပလျက်ရှိကြောင်းပါ"

မယ်သစ္စာက ဆက်ပြီး သတင်းလက်ဆောင် ပါးလိုက်ပြန်သည်။

"ဒါထက် ခုကြားနေရတဲ့ အိုးစည် ဗုံမောင်းသံတွေဟာ ဘယ်က အသံတွေလဲ"

ဗိုလ်နန္ဒက မေးခွန်းထုတ်လိုက်ပြန်သည်။

"သုမနဘုရင်ယုတ်ရဲ့ရန်ကို အောင်မြင်တဲ့ အထိမ်းအမှတ်နဲ့ မြို့တွင်း မြို့ပြင် နန်းတွင်းနန်းပြင်မှာ အောင်ပွဲသဘင် ဆင်ယင်ကျင်းပနေတဲ့ အသံများ ဖြစ်ကြောင်းပါ"

မယ်သစ္စာက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒသည် ဘာမှမပြောဘဲ အတန်ကြာ စဉ်းစားနေပေသည်။

"ဒါထက် ဒီနေ့ ဘာနေ့လဲ၊ လဆန်းလား လဆုတ်လား"

"ဒီနေ့ လဆုတ် ၅ ရက် အင်္ဂါနေ့ပါ"

မယ်သစ္စာက အဖြေပေးလိုက်ရာ ဗိုလ်နန္ဒသည် လက်သီးကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး လေသာပြတင်းမှ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

"အင်း ... လဆုတ် ၅ ရက်နေ့တောင် ဖြစ်သွားမှကိုး၊ ဒါထက် ကျုပ်ရဲ့ ရဲဘက်တော်တွေကော ကျုပ်ဆီကို ခေါ်ပေးစမ်းပါ၊ ကျုပ် ဝတ်နေကျ အဝတ်အစားတွေကိုလည်း ယူခဲ့စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒက ပြောလိုက်သည်။

"အရှင့်သားရဲ့ ရဲဘော်တွေကို အေးအေးဆေးဆေးမှ ခေါ်ပေးပါရစေ၊ အရှင့်သား ကျန်းမာအောင်သာ ဂရုစိုက်တော်မူပါ၊ ဝတ်လဲတော်များကိုလည်း တရိုတသေ သိမ်းဆည်းထားကြောင်းပါ"

မယ်သစ္စာက ပြန်ပြောလိုက်သော်လည်း ဗိုလ်နန္ဒမှာ ရဲဘော်များကိုသာ တွေ့လိုသဖြင့် မရမက အခေါ်ခိုင်းလိုက်ရာ မယ်သစ္စာသည် ငြင်းဆန်ခြင်း မပြုဝံ့တော့ဘဲ ဗိုလ်နန္ဒ အနီးမှ ရှိသေစွာ ထွက်ခွာ၍ သွားပေသည်။

မကြာမီ ဗိုလ်နန္ဒ လဲလျောင်းနေသော အဆောင့်တော်အတွင်းသို့ ဝင်လာသည့် ခြေသံများကို ကြားရသဖြင့် သလွန်ပေါ်မှ လှမ်းမျှော်ကြည့်လိုက်ရာ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် ဝင်လာသော ကျော်ဖေယျကို မြင်လိုက်သဖြင့် ဗိုလ်နန္ဒသည် သလွန်ပေါ်တွင် လဲလျောင်းနေရာမှ အားယူပြီး ထလိုက်သည်။

"ဆရာနန္ဒ ... ဆရာနန္ဒ ... ဆရာ့ကို ခုလိုတွေ့ရတာ ဝမ်းသာလိုက်တာ"

ကျော်ဖေယျသည် ဗိုလ်နန္ဒ သလွန်ပေါ်တွင် အားယူပြီး ထိုင်လိုက်သည်ကို မြင်သောအခါ ဝမ်းသာအားရ ပြောလိုက်သည်။

"ဒါဟာ ဝမ်းသာစရာမှ မဟုတ်ဘဲ၊ ဆရာ သေသွားရင် ကိစ္စအားလုံး ပြီးဖို့ဥစ္စာ၊ ခုတော့ ဆရာ အသက်မသေသေးတဲ့အတွက် ဆရာ့တပည့် ၉ ယောက်ရဲ့ အသက်နဲ့ ဆရာ့အသက်ကို လဲရမယ့်ဘဝကို ရောက်နေတယ် မဟုတ်လား၊ ဒီနေ့ကစပြီး သုံးရက်မြောက်တဲ့နေ့မှာ သုံးလစေ့မယ် မဟုတ်လား၊ သုံးလ စေ့တဲ့နေ့မှာမှ ဆရာ့ကိုယ်ကို ဆရာ အဆစ်ရင် သီဟရာဇာ ဘုရင်ကြီးဟာ ဆရာ့တပည့် ၉ ဦးကို သေဒဏ်ပေးတော့မယ်၊ ဒါကို စဉ်းစားမိတိုင်း ဆရာ မသေဘဲ အသက်ရှင်နေတာကို စိတ်ထဲမှာ မခံချိမခံသာ ဖြစ်နေတယ်"



ဗိုလ်နန္ဒသည် ကျော်ဖေယျအား မိမိ၏စိတ်ထဲတွင် ရှိသမျှ ဖွင့်ဟလိုက်ပေသည်။

"အို ... ဆရာကလည်း ... ဒါတွေ စဉ်းစားမနေစမ်းပါနဲ့ — ဆရာ ကျန်းမာအောင်သာ ကြိုးစားပါ"

"ဒါတွေကို မစဉ်းစားလို့ မဖြစ်ဘူး၊ မင်းမှာသစ္စာ လူမှာကတိဆိုစကား ရှိတယ်မဟုတ်လား၊ ဒီနေ့ကစပြီး သုံးရက်မြောက်တဲ့နေ့မှာ ဆရာ့တပည့် ၉ ယောက်ရဲ့အသက်ကို ကယ်ဆယ်ဖို့ သီဟရာဇာ ဘုရင်ကြီးထံ ဆရာကိုယ်တိုင် သွားရောက်ပြီး ဆရာ့ကိုယ်ကို ဆရာ အဆစ်ခံဖို့ဆုံးဖြတ်ပြီးပြီ"

ဗိုလ်နန္ဒက ဆက်ပြီး ပြောလိုက်သည်။

"၃-ရက် ဆိုတော့ အချိန်တွေ အများကြီးရှိပါတယ်"

"အချိန် သိပ်မရှိတော့ဘူး၊ ဆရာ့ဝေဒနာကလည်း ရှိနေလေတော့ မြန်မြန်သွားလို့ မဖြစ်ဘူး။ ခပ်ဖြည်းဖြည်း သွားရမှာဆိုတော့ ဒီနေ့ည နန်းတော်ကထွက်မှ အချိန်မီရောက်မှာ"

"သာယာဧရှေပြည် မြို့တော်ကြီးကို သွားဖို့ခရီးက ဒါလောက်တောင် မဝေးလှပါဘူး၊ တစ်နေ့ခရီးပဲ ရှိပါတယ်"

"စကားကြောရှည်မနေနဲ့၊ ဆရာ ဝတ်စားနေကျ အဝတ်အစားတွေ သွားယူခဲ့ ... ပြီးတော့ နေမျိုးနဲ့ အာဠာဝကကိုပါ ခေါ်ခဲ့၊ ဘာဖြစ်လို့ သူတို့ ၂ ယောက်ကို တစ်ပါတည်း ခေါ်မလာသလဲ"

ဗိုလ်နန္ဒက မေးခွန်းထုတ်လိုက်သည်။

ကျော်ဖေယျမှာမူ တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ လေသာပြတင်းပေါက်မှတစ်ဆင့် လှမ်းမျှော်ကြည့်နေမိပေသည်။

ဗိုလ်နန္ဒမှာမူ ဒဏ်ရာကြောင့် အလိုလို စိတ်တိုနေရသည့်အထဲတွင် မိမိ၏မေးခွန်းကို ကျော်ဖေယျက ပြန်မဖြေသဖြင့် အသို့လို ဒေါသထွက်၍ နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဇေယျ ... ဆရာ ပြောနေတာကို မကြားဘူးလား၊ ဆရာ ဝတ်နေကျ အဝတ်အစားတွေ သွားယူချေလေ၊ ပြီးတော့ နေမျိုးနဲ့ အာဠာဝကကိုပါ တစ်ပါတည်းခေါ်ခဲ့"

ဗိုလ်နန္ဒက မျက်နှာထားတင်းတင်းနှင့် ပြောလိုက်ရာ ကျော်ဇေယျသည် လေသာပြတင်းမှ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်နေရာမှ ဆရာ့အနီးသို့ ချဉ်းကပ်လာပေသည်။

"ဆရာ အလိုရှိသမျှ ကျွန်တော် ဆောင်ကြဉ်းပေးပါမယ်၊ သာယာ ရွှေပြည် နိုင်ငံတော်ကြီးကိုလည်း အချိန်မီရောက်အောင် ကျွန်တော် ကိုယ်တိုင် ပို့ပေးပါမယ်၊ ဒီအတွက်လည်း ဆရာ ဘာမှ မစိုးရိမ်ပါနဲ့၊ ဟော ပြောရင်းဆိုရင်း ဆရာ နားထောင်စမ်း ဘာသံတွေလဲ၊ ဆိုင်းသံ ဗုံသံတွေကို ဆရာ ကြားတယ်မဟုတ်လား၊ ဒီအသံတွေဟာ သုမနဘုရင်ယုတ်ကို ဆရာကိုယ်တိုင် သုတ်သင် ရှင်းလင်းပစ်လိုက်တဲ့အတွက် ဆရာ့ကို ဂုဏ်ပြုချီးကျူးတဲ့အနေနဲ့ နန်းတွင်းသူ နန်းတွင်းသားတွေနဲ့ တကွ မြို့သူမြို့သားများကပါ အောင်ပွဲသဘင် ဆင်ယင်ကျင်းပနေတဲ့ အသံတွေပါ ... ဟော ... ဒီအသံတွေကော ဆရာ သတိပြုမိရဲ့လား၊ ဒါက ခေါင်းလောင်းသံတွေ မဟုတ်လား၊ ဆရာ့ရဲ့ရောဂါဝေဒနာ အလျင်အမြန် ပျောက်ကင်းပါစေ ဆိုပြီး ဆုတောင်းပတ္တနာပြုပြီး ခေါင်းလောင်း ထိုးတဲ့ အသံတွေကို ဆရာ ကြားတယ် မဟုတ်လား၊ သုဝဏ္ဏ နိုင်ငံတော်ကလည်း ဆရာ့ရောဂါ သက်သာရင် သုမန ဘုရင်ယုတ်ရဲ့နေရာမှာ ဆရာ့ကို ဘုရင်အဖြစ် တင်မြှောက်ဖို့ အစီအစဉ်တွေ လုပ်နေပြီ"

"ဒီအသံတွေကို ကြားရလေ ဆရာ စိတ်မချမ်းသာလေပဲ ... ဆရာ့ကို ဘာဖြစ်လို့ ဒါလောက်တောင် ချီးကျူးဂုဏ်ပြုနေကြရတာလဲ၊ ဆရာ့ရောဂါ ပျောက်ကင်းအောင် ဘာဖြစ်လို့ ဆုတောင်းနေကြရတာလဲ၊ ဆရာ မြန်မြန်သေရင် ကိစ္စအားလုံး ချောမောမယ် မဟုတ်လား"

"အို ... ဆရာကလည်း သေဖို့ချည်းပဲ ပြောနေတာကိုး၊ ဆရာ မရှိရင် စေတုတ္တရာ နိုင်ငံတော်သူ နိုင်ငံတော်သားတွေလည်း ခုလို ဝမ်းမြောက်ဝမ်းသာ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပနိုင်မှာ မဟုတ်ဘူး။ သုဝဏ္ဏ နိုင်ငံတော်ကြီးဟာလည်း မင်းမဲ့တိုင်းပြည် ဖြစ်သွားဖို့ရှိတယ် ဆိုတာကိုလည်း ဆရာ သတိပြုပါဦး"

"ဒီအကြောင်းတွေ ဆရာ မကြားချင်ဘူး၊ ဆရာ မရှိပေမယ့် ... စန္ဒာဒေဝီ ဘုရင်မ ရှိသားပဲ၊ တပည့်တို့လည်း ရှိနေသားပဲ၊ စေတုတ္တရာနဲ့ သုဝဏ္ဏ နှစ်နိုင်ငံ ပူးပေါင်းပြီး စန္ဒာဒေဝီ ဘုရင်မ စီမံ အုပ်ချုပ်သွားပြီး တပည့်တို့က ဘုရင်မရဲ့အပါးမှာ ခစားရင်း တိုင်းပြည်ရဲ့တာဝန်ကို ကူညီ ထမ်းရွက်သွားမယ်ဆိုရင် ဆရာ ရှိတာနဲ့ မခြားပါဘူး"

"ဒီလိုလည်း ဘယ်ဖြစ်မလဲ ... ဆရာ့ခမည်းတော် ရိုက်ရာကို မတရား သိမ်းပိုက်ထားတဲ့ ဘုရင်ယုတ်ရဲ့ လက်ကနေပြီး ဆရာကိုယ်တိုင် နှလုံးရည်ရော လက်ရုံးရည်ပါ အသုံးပြုပြီး ပြန်လည်သိမ်းပိုက်နိုင်ခဲ့တဲ့အတွက် ဆရာသာလျှင် ခမည်းတော်ရဲ့ ရိုက်ရာကို ဆက်ခံဖို့ ရှိပါတယ်၊ သုဝဏ္ဏ နိုင်ငံသူ နိုင်ငံသားများကလည်း မဟာသောဂ ဘုရင်ကြီး မရှိတဲ့နောက် အမိမဲ့သား ရေနည်းငါးလို ဖြစ်နေခဲ့ကြပြီး သုမန ဘုရင်ယုတ် ပြုသမျှ နုခဲ့ကြရပါတယ် ... ခုအချိန်မှာဆိုရင် သုမနဘုရင်ယုတ်ကို ဆရာကိုယ်တိုင် သုတ်သင် ရှင်းလင်းလိုက်ပြီ ဖြစ်တဲ့အတွက် ပြည်သူပြည်သားများမှာ ရေတွေ့တဲ့ကြာလို ရွှင်လန်းအားရ ဖြစ်နေကြပြီး ဆရာ ပြန်လာမယ့်နေ့ကို စောင့်ကြိုနေကြပါတယ်၊ ဆရာ ပြန်လာရင် ကြီးကျယ်ခမ်းနားတဲ့ ရာဇာဘိသိက်ပွဲ ဆင်ယင်ကျင်းပဖို့လည်း သစ္စာရှိတဲ့ မှူးကြီးမတ်ရာ သေနာပတိများနဲ့တကွ နိုင်ငံသူ နိုင်ငံသားများ စိတ်အားထက်သန်စွာ စီစဉ်ပြုလုပ်နေကြောင်း ကြားသိရပါတယ်"

ကျော်ဇေယျသည် စကားကို ဆက်မပြောသေးဘဲ ရပ်သွားလိုက်သည်။

"ပြီးတော့ ... ဘာဖြစ်သေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သိသလောက် ပြောရမယ်ဆိုရင် စန္ဒာဒေဝီ ဘုရင်မ ကိုယ်တိုင်က ဆရာ့အပေါ်မှာ မဆွတ်ခင်က ညွတ်ချင်နေတယ်လို့ သိရပါတယ်၊ စန္ဒာဒေဝီရဲ့ ရွှေလက်တော်ကိုဆွဲပြီး စေတုတ္တရာနဲ့ သုဝဏ္ဏ နိုင်ငံတော်ကို ရွှေနှစ်ပြား တစ်သားတည်းဖြစ်အောင် ဂဟေဆက်သလို ဆက်လိုက်မယ်ဆိုရင် သာယာဝပြောတဲ့ နိုင်ငံကြီး ဖြစ်လာနိုင်တယ် ဆိုတာကိုလည်း သတိပြုတော်မူပါ"

"အို ... ဒါက မဖြစ်နိုင်တာပဲ၊ အဲဒါကို အသာထားပြီး ဟိုနေ့က တိုက်ပွဲအကြောင်း ပြန်ပြောစမ်း ... သူတို့ဘက်က ဘယ်နှယောက် ကျဆုံးသလဲ"

"သုမနနဲ့တကွ သူ့ရဲ့ဘက်တော်သား ၄ ယောက် ကျဆုံးပါတယ်၊ ကျန်တဲ့ နှစ်ယောက်ကတော့ လက်နက်ချပြီး အညံ့ခံကြပါတယ်၊ ဆရာလေး ဦးပညာက အသက်ဘေးမှ ချမ်းသာပေးဖို့ မေတ္တာရပ်ခံလို့ ချမ်းသာပေးလိုက်ပါတယ်"

"တို့ဘက်ကကော ဘယ်နှယောက် ကျသလဲ"

"အနည်းနဲ့အများ ဆိုသလို ဒဏ်ရာရသွားလို့ ခုထက်ထိ ဆေး ထည့်နေရတုန်းပဲ ရှိပါသေးတယ်၊ စစ်သူကြီး ဗန္ဓုက ကတော့ ခြေထောက်မှာ ဒဏ်ရာရသွားလို့ လမ်းမလျှောက်နိုင်သေးပါဘူး"

"အာဋ္ဌဝက ကကော ... သူ့အကြောင်းလည်း ပြောပြစမ်းပါဦး"

"အာဋ္ဌဝက ကတော့ နာမည်နဲ့လိုက်အောင် ကြမ်းကြမ်းတမ်း တမ်း ထိုးခုတ် တိုက်ခိုက်တဲ့အတွက် ရန်သူတွေ သူ့အနားကို မကပ်ဝံ့ပါဘူး၊ ဆရာ့ရဲ့နောက်ကျောကို အလစ်ဝင်ပြီး ဓားနဲ့ထိုးတဲ့ ရန်သူကို လည်း အာဋ္ဌဝက က သုတ်သင် ရှင်းလင်းပစ်လိုက်ပါတယ်"

"ခု ... သူတို့ ဘယ်မှာလဲ ... သွားခေါ်စမ်းပါ"

"အေးအေးဆေးဆေးကျတော့ ခေါ်ပေးပါ့မယ်၊ ဒါထက် ဘုရင်မ က ဆရာ သတိရလျှင်ရချင်း သူ့ဆီကိုလာပြီး သံတော်ဦး တင်ရမယ်လို့



မှာထားပါတယ်၊ ဆရာ့အနားမှာလာပြီး သူကိုယ်တိုင် ပြုစုချင်တယ်လို့ လည်း ပါးစပ်က တဖွဖွ ပြောနေပါတယ်"

"အို ... ဘုရင်မ အကြောင်း မကြားချင်ဘူး"

"ဆရာက မကြားချင်ပေမယ့် ဘုရင်မကတော့ ဆရာ့အပေါ်မှာ တကယ့်ကို မေတ္တာရှိနေတာ အမှန်ပဲ၊ ဘုရင်မ အအေးမိပြီး အဖျားတက် တုန်းက ဆရာ့နာမည်ကိုချည်း ပါးစပ်က တမ်းတနေတာကို ကြားရ တယ်"

"မေတ္တာရှိရှိ မရှိရှိ ... ဆရာကတော့ သီဟရာဇာ ဘုရင်ကြီးကို ပေးခဲ့တဲ့ ကတိအတိုင်း ဒီနေ့ည သာယာရွှေပြည် မြို့တော်ကို သွားရ မှာပဲ"

"ဒီနေ့ည သွားဖို့မလိုပါဘူး ... နက်ဖြန်ညနေ ဖြစ်ဖြစ်၊ သန် ဘက်ခါ မနက်စောစော ဖြစ်ဖြစ် ထပြီးသွားရင် အချိန်မီ ရောက်နိုင်ပါ တယ် ... ကျွန်တော်တို့ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်"

"မင်းတို့ လိုက်ပို့မယ် ဆိုတာကို ဆရာ ဝမ်းသာတယ်၊ နယ်ခြား ထိအောင် မင်းတို့ လိုက်ပို့ကြပေါ့၊ လမ်းမှာ ဆရာ မှာစရာရှိတာတွေ မှာခဲ့ချင်သေးတယ်၊ ကဲပါ ... နေမျိုးနဲ့ အာဋ္ဌဝကကို သွားခေါ်စမ်းပါ"

ဗိုလ်နန္ဒက ခပ်ထန်ထန် ပြောလိုက်ရာ ကျော်ဇေယျသည် မျက်နှာ အောက်ချပြီး အဆောင်တော်ထဲမှ မလှမ်းချင် လှမ်းချင်နှင့် ထွက်၍ သွားပေသည်။

ကျော်ဇေယျ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဗိုလ်နန္ဒသည် သလွန်ပေါ်တွင် ထိုင်နေရာမှ အားယူပြီး မတ်တတ်ရပ်လိုက်ပြီးလျှင် အခန်းထဲတွင် တဖြည်းဖြည်း လမ်းလျှောက်ကျင့်၍ နေပေသည်။ ခြေရာ မှာ တစ်ချီတစ်ချီတွင် နာကျင်သော်လည်း ကောင်းစွာ လမ်းလျှောက်နိုင် သည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒသည် အတော်ကလေး ကျေနပ်၍နေခဲ့ ရပေသည်။ ဤအတိုင်းသာဆိုလျှင် တစ်နေ့နဲ့တစ်ည အနားယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နန္ဒက တိုက်ရိုက် မေးခွန်းထုတ်လိုက်ပေသည်။

"ဟုတ်ကဲ့ ဆရာ"

နေမျိုးသည် မဖြေချင် ဖြေချင့်နှင့် ဖြေဆိုရင်း မျက်ရည်များဝဲ၍ လာပေသည်။

"အာဠာဝက မရှိမှ ဟိုတုန်းက တကျက်ကျက် ရန်ဖြစ်ခဲ့တာတွေ စဉ်းစားမိပြီး ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုဖြစ်နေမှန်း မသိဘူး"

နေမျိုးသည် ငိုသံပါကြီးနှင့် ဆက်ပြောလိုက်သည်။

"အင်း ... သူ့ရဲကောင်း တစ်ယောက်တော့ ဆုံးရှုံးရပြန်ပေါ့၊ ဩော် ... အာဠာဝက ... အာဠာဝက"

ဗိုလ်နန္ဒသည် တစ်ယောက်တည်း ညည်းညူလိုက်သည်။

"အာဠာဝက သေခြင်းဟာ ကောင်းသောသေခြင်း ဖြစ်ပါတယ်၊ သူ့ရဲကောင်း ပီသစွာ ကျဆုံးသွားခြင်း ဖြစ်တဲ့အတွက် အာဠာဝက ကျဆုံးတဲ့နေရာမှာ အာဇာနည် ကျောက်တိုင် စိုက်ထူဖို့ ဘုရင်မကိုယ်တိုင် အမိန့်တော် ချမှတ်ပြီးပါပြီ၊ ပြီးတော့ ... အာဠာဝကအတွက် ရည်စူးပြီး နေ့စဉ်နှင့်အမျှ သပိတ်သွတ် အမျှအတန်း ဝေခဲ့ပါတယ်၊ ဒီနေ့မနက်ဆိုရင် သံဃာသက်စေ့ ရက်လည်ဆွမ်းကျွေးပြီး ကျွန်တော်ကိုယ်တိုင် အမျှအတန်း ဝေခဲ့ပါသေးတယ်"

"အာဠာဝက ကျဆုံးပုံကို ပြောပြစမ်းပါဦး"

"ဆရာက သုခနေ့ရဲ့ ရင်ဝကို ဓားနဲ့ ထိုးစိုက်လိုက်တဲ့အချိန်မှာ သုခနေ့ ဘက်တော်သား တစ်ယောက်က ဆရာ့ကို နောက်ကျောကနေပြီး ဓားနဲ့ထိုးဖို့ ကြံစည်ပါတယ်၊ ဒါကို အာဠာဝက မြင်လိုက်လို့ သူ့ရဲ ဓားချင်းယှဉ်ခုတ်နေတဲ့ ရန်သူကို သတိမထားနိုင်တော့ဘဲ ဆရာ့ကို ရန်မူတဲ့ ရန်သူကို လှည့်ပြီး ခုတ်ပိုင်းအချလိုက်မှာ သူနဲ့ယှဉ်ပြီး ခုတ်နေတဲ့ ရန်သူက ချက်ကောင်းရသွားပြီး သူ့ကို ဓားနဲ့ တစ်ချက်တည်း ပိုင်းချလိုက်လို့ ကျဆုံးသွားခြင်း ဖြစ်ပါတယ်"



ညည်ဆိုပါက မြင်းကောင်းကောင်း စီးနိုင်မည်ဖြစ်၍ နောက်တစ်နေ့နံနက်တွင် သာယာရွှေပြည်နိုင်ငံသို့ ခရီးထွက်နိုင်မည့် ဖြစ်သဖြင့် ကျေနပ်နေခြင်း ဖြစ်ပေသည်။

မကြာမီ ခြေသံများ ကြားရပြီး ကျော်ဖေ နှင့်အတူ လက်တွင် အဝတ်သိုင်းထားပြီး ခြေထောက် ထော့နင်း ထော့နင်းနှင့် ဝင်လာသော နေမျိုးကို မြင်လိုက်သဖြင့် ဗိုလ်နန္ဒသည် ဝမ်းသာအားရ ဆီးကြို နှုတ်ဆက်လိုက်ပေသည်။

"မင်းရဲ့ဒဏ်ရာက တော်တော်များသလား"

ဗိုလ်နန္ဒသည် နေမျိုး၏လက်တွင် သိုင်းထားသည့် အဝတ်ကို ကြည့်ရင်း မေးလိုက်သည်။

"သိပ်မများပါဘူး၊ ဓားချင်းယှဉ်ခုတ်ရင်း အရှိန်လွန်ပြီး ထိသွားတာပါ၊ ခုတော့ အနာကျက်လုပါပြီ"

"ခြေထောက်က ဘာဖြစ်တာလဲ"

"ရန်သူရဲ့ဓားချက်ကို တိမ်းရှောင်ရင်း အားလွန်ပြီး မြောင်းထဲကို ကျသွားလို့ ပွတ်တိုင်လည်သွားတာပါ၊ ခုတော့ လမ်းလျှောက်လို့ရပါပြီ"

"အင်း ... တိုက်ပွဲက အတော်ကို ပြင်းထန်တာပဲနော်"

"ဟုတ်ကဲ့ ဆရာ ... သုခနေ့ ဘက်တော်သားတွေကလည်း လက်ရွေးစင်တွေချည်းပဲ ဆိုတော့ အတော်ကို ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်နွှဲခဲ့ရပါတယ်"

"ဒါထက် အာဠာဝက ကကော ဘာဖြစ်လို့ လိုက်မလာတာလဲ"

ဗိုလ်နန္ဒက မေးလိုက်ပြန်သည်။

နေမျိုးနှင့် ကျော်ဖေယျမှာမူ အဖြေရခက်နေသဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ငိုင်နေကြပေသည်။

"အင်း ... မင်းတို့ မပြောပေမယ့် ငါ သိပါပြီ၊ အာဠာဝက မရှိတော့ဘူး မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဓေယျက ဖြစ်ကြောင်းကုန်စင်ကို ဖောက်သည်ချလိုက်သည်။

"အာဠာဝက ... အာဠာဝက ... ဆရာ့အပေါ်မှာ အသက်ပေးပြီး သစ္စာရှိပါပေတယ်၊ အင်း ... သေရမယ့် လူကတော့ မသေ၊ မသေသင့်တဲ့ လူက ကြားကဝင်ပြီး အသေခံသွားရတာ နာတယ်ကွာ၊ အာဠာဝက သေမယ့်အစား ဆရာ သေသွားရင် ကိစ္စအားလုံး ချောသွားဖို့ဥစ္စာ"

ဗိုလ်နန္ဒသည် စိတ်လက် မကြည်မသာသော အမူအရာဖြင့် ညည်းညည်းညူညူ ပြောလိုက်သည်။

"ကဲ ... ဖြစ်ပြီးသားကိစ္စကို ပြန်ပြီး စားမြုံ့ပြန်နေလို့ အကြောင်း မထူးတော့ဘူး၊ ရှေ့အဖို့ လုပ်စရာရှိတာကို လုပ်ကြဖို့ပဲ ရှိတော့တယ်၊ တပည့်တို့ ... ဆရာ ပြောမယ် နားထောင်"

ဗိုလ်နန္ဒက နိဒါန်းပျိုးလိုက်ရာ တပည့် နှစ်ဦးသည် ဆရာ ပြောမည့် စကားများကို နားစွင့်၍နေကြပေသည်။

"တပည့်တို့ ထင်တဲ့အတိုင်း စန္ဒာဒေဝီ ဘုရင်မဟာ ဆရာ့အပေါ်မှာ တကယ်ပင် မေတ္တာရှိနေတယ်ဆိုတာ မှန်တယ်၊ ဆရာ့အနေနဲ့ ပြောရမယ် ဆိုရင်လည်း စန္ဒာဒေဝီ ဘုရင်မ အပေါ်မှာ မေတ္တာရှိနေတာ အမှန်ပဲ၊ ဒါပေမဲ့ ဆရာ့ရဲ့ စိတ်အလိုကိုလိုက်ပြီး ဘုရင်မရဲ့ ရွှေလက်တော် ဆွဲပြီး နန်းသိမ်းပွဲ ကျင်းပလိုက်မယ်ဆိုရင် ဆရာ ပြန်အလာကို စောင့်မျှော်နေတဲ့ ဆရာ့ရဲ့ တပည့် ၉ ဦး အပေါ်မှာ သစ္စာဖောက်ရာ ရောက်လိမ့်မယ်၊ သီဟရာဇာ ဘုရင်ကြီးကို ပေးခဲ့တဲ့ ကတိကိုလည်း ဖျက်ရာကျလိမ့်မယ်၊ လောကမှာ လူဖြစ်လာရင် ကတိသစ္စာ မဖျက်သင့်ဘူး၊ တပည့်တွေ ဖြစ်ချင်ရာဖြစ် ဆိုပြီး ဆရာက ကိုယ်ကျိုးတစ်ခုတည်း ကိုကြည့်ပြီး မလုပ်သင့်ဘူး"

ဗိုလ်နန္ဒသည် မိမိ၏ စိတ်စေတနာကို ဖွင့်ဟပြောဆို၍ နေပေရာ တပည့်နှစ်ယောက်သည် ဘာမှပြန်မပြောနိုင်ဘဲ ငေးမှိုင်ပြီး နားထောင်၍နေကြပေသည်။



"ဆရာ ဘယ်လိုပဲ စိတ်တင်းထားပေမယ့် စန္ဒာဒေဝီ ဘုရင်မရဲ့ မျက်နှာကို မြင်ရရင် ဆရာ့ရဲ့စိတ်ဓာတ်ဟာ အရည်ပျော်ချင်သလို ဖြစ်ဖြစ်သွားတယ်။ စန္ဒာဒေဝီ ဘုရင်မနဲ့သာ တွေ့မယ်ဆိုရင် ဆရာ့ရဲ့ အဓိဋ္ဌာန် တောင် ပျက်ချင်ရင် ပျက်နိုင်တယ်၊ ဒီတော့ကာ တပည့်တို့ကို ဆရာ မှာကြားမယ် ... ဆရာ နက်ဖြန်မနက် စောစောစီးစီးထပြီး သာယာရွှေပြည် မြို့တော်ကို ခရီးထွက်မယ်၊ ဒီအတောအတွင်း ဆရာ့ရဲ့အဆောင်ကို စန္ဒာဒေဝီ ဘုရင်မ မလာပါစေနဲ့၊ တကယ်လို့ စန္ဒာဒေဝီ ဘုရင်မက ဆရာ့ကိုမေးရင် ဆရာ့ရောဂါ မသက်သာသေးဘူး ဆိုပြီး ဆရာ့အဆောင်ကို မလာဖြစ်အောင် တားဆီးရမယ်၊ ဒါကို မင်းတို့ နှစ်ယောက်စလုံး ခိုင်ခိုင်မာမာ ကတိပေးကြရမယ်"

ဗိုလ်နန္ဒက တပည့်နှစ်ဦးထံမှ ခိုင်လုံသော ကတိကို တောင်းဆိုလိုက်ပေရာ တပည့်နှစ်ဦးမှာလည်း ဆရာ့အလိုကျ ကတိပေးလိုက်ရပေသည်။

"နက်ဖြန်မနက် အရုဏ်တက်တာနဲ့ တစ်ပြိုင်နက် ဆရာ နန်းတော်က ထွက်မယ် ... တပည့်တို့လည်း ဆရာနဲ့အတူ လိုက်ချင်ရင် လိုက်ခဲ့ကြ၊ အင်ကြင်းမြိုင် တောတန်းကို ရောက်တဲ့အခါ ဆရာ မှာစရာ ရှိသမျှ မှာခဲ့ပြီး မင်းတို့နှစ်ယောက် စေတုတ္တရာ မြို့တော်ကို ပြန်ကြ၊ ဆရာတစ်ယောက်တည်း သာယာရွှေပြည်ကို ခရီးဆက်မယ်၊ ဒီအတောအတွင်း ဆရာ သာယာရွှေပြည်ကို သွားတယ် ဆိုတဲ့အကြောင်း ဘုရင်မရဲ့နားကို မပေါက်ကြားစေနဲ့၊ သန်ဘက်ခါညနေ တောင်စွယ် နေကွယ်တဲ့အချိန်ကျမှ ဘုရင်မကို အကျိုးအကြောင်း ပြောပြကြရမယ်၊ ပြီးတော့ ဆရာ့အတွက် ရည်စူးပြီး ကုသိုလ်ဒါန တစ်ခုခု ပြုလုပ်ပြီး ဆရာ့ကို အမျှအတန်းဝေဖို့ ဆရာ မှာကြားခဲ့မယ်"

"အို ... ဆရာကလည်း ဘာဖြစ်လို့ သာယာရွှေပြည်ကို ဆရာ သွားရမှာလဲ၊ အောက်ကျခံပြီး ဆရာ မသွားပါနဲ့ ... ဆရာ့အသေခံဖို့လည်း

www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး၊ ကျွန်တော်တို့ရဲ့ ရဲဘော်ရဲဘက် ၉ ဦးကို လွှတ်ပစ်ဖို့ ကျွန်တော် ကိုယ်တိုင် စေတုတ္တရာ နိုင်ငံတော်နဲ့ သုဝဏ္ဏ နိုင်ငံတော်ရဲ့ သံတမန် အဖြစ် သီဟရာဇာ ဘုရင်ကြီးဆီကို သွားပြီး ရာဇသံ ပေးပါ့မယ်၊ ဒါမှ မဟုတ်ရင် စစ်ကြေညာပြီး သီဟရာဇာ ဘုရင်ကိုပါ နန်းချပစ်မယ် ... ခုအချိန်မှာဆိုရင် ကျွန်တော်တို့ရဲ့ စစ်သည်တော် အင်အားဟာ မသေး တော့ပါဘူး၊ စေတုတ္တရာ နိုင်ငံတော်က စစ်သည်တော်တွေရယ်၊ သုဝဏ္ဏ နိုင်ငံတော်က စစ်သည်တော်တွေရယ်၊ ကျွန်တော်တို့ရဲ့ တောတွင်းသား အင်အားစုရယ် အားလုံး စုပေါင်းလိုက်ရင် သီဟရာဇာ ဘုရင်ကို မှုနေ စရာ မလိုပါဘူး ... ဒီကနေပြီး ရာဇသံပေးလိုက်ရင် သီဟရာဇာ ဘုရင် ကြီး ကြောက်ဒူးတုန်ပြီး ဆရာ့တပည့် ၉ ဦးကို လွှတ်ပစ်ရမှာပါ”

နေမျိုးက ဝင်ပြီး ပြောလိုက်သည်။

“ဒီလိုဆိုရင် ဆရာ့ရဲ့အမိဋ္ဌာန် ပျက်သွားတော့မှာပေါ့၊ ကတိ တည်ရာကော ရောက်နိုင်ပါဦးမလား၊ ပြီးတော့ ရန်ကိုရန်ချင်း မတုံ့နှင်း ရဘူး၊ ချစ်စကို ရှည်စေရမယ်၊ မုန်းစကို တိုစေရမယ်လို့ ဆိုတယ် မဟုတ်လား၊ တကယ်လို့ ဆရာတို့မှာ စစ်သည်တော်အင်အား၊ လက်နက် အင်အား ကြီးမားတယ်ဆိုပြီး စစ်ခင်းတိုက်ခိုက်ကြမယ်ဆိုရင် ဆရာ တို့က နိုင်သည့်တိုင်အောင်ရန်ငြိုးက ပြေမှာမဟုတ်ဘူး၊ ရန်ကြွင်းရန်စ ရှိနေရင် ငြိမ်းချမ်းသာယာမှုကို ရနိုင်ပါဦးမလား ... တပည့်တို့ရဲ့ လမ်း စဉ်ကို ဆရာ ဘယ်နည်းနဲ့မှ မလိုက်နိုင်ဘူး ...ဆရာတစ်ယောက် အသေခံ လိုက်တဲ့အတွက် အားလုံး ချောချောမောမော ဖြစ်သွားမယ် မဟုတ်လား”

ဆရာနှင့်တပည့် အချေအတင် ပြောဆိုနေကြစဉ် မယ်သစ္စာ သည် သမားတော်ကြီးနှင့်အတူ အဆောင်အတွင်းသို့ ရှိသေစွာ ဝင်လာပြီး နေမျိုးနှင့် ကျော်ဇေယျအား အပြင်သို့ ထွက်နေရန် ပြောကြားလိုက် သဖြင့် နေမျိုးနှင့် ကျော်ဇေယျသည် အဆောင်တော်ထဲမှ ထွက်သွား ကြသည်။



မယ်သစ္စာသည် ဗိုလ်နန္ဒအား ခေတ္တ အနားယူရင်း အိပ်ရာပေါ် တွင် လဲလျောင်းနေရန် ပန်ကြားလိုက်ပြီးလျှင် သမားတော်ကြီးသည် ဗိုလ်နန္ဒ၏ ရောဂါဝေဒနာကို စမ်းသပ် ကြည့်ရှုပြီးနောက် အင်အား ပြည့်ဝစေရန် ဆေးတစ်ခွက် တိုက်ခဲ့ပြီး အခန်းထဲမှ ထွက်ခွာသွားပေရာ ဗိုလ်နန္ဒ အပါးတွင် မယ်သစ္စာ တစ်ဦးတည်းသာ ကျန်ရစ်ခဲ့ပေသည်။

ဗိုလ်နန္ဒမှာလည်း ရောဂါသက်သာကာစတွင် ထိုင်လိုက် ထလိုက် လုပ်ပြီး တပည့်များနှင့် စကားပြောခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်ပြီး သလွန် ပေါ်တွင် လဲလျောင်းနေရာမှ အိပ်ပျော်သွားပေသည်။

ဗိုလ်နန္ဒ အိပ်ပျော်နေချိန်တွင် စန္ဒာဒေဝီ ဘုရင်မသည် ဗိုလ်နန္ဒ ၏ အဆောင်တော်သို့ ကူးလာပြီး ဗိုလ်နန္ဒ အိပ်ပျော်နေသော သလွန် ပေါ်တွင် တင်ပါးလွှဲထိုင်ကာ ဗိုလ်နန္ဒ၏ နဖူးပြင်ကို လက်ဖြင့် စမ်းသပ် လိုက်၊ လက်မှသွေးကို စမ်းလိုက်နှင့် ယုယကြင်နာစွာ ပြုစုရင်း တစ်ခါ တစ်ရံတွင် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ဗိုလ်နန္ဒ၏ နဖူးပြင်ကို ငုံ့ပြီး နမ်းလိုက်မိပေသည်။

ဗိုလ်နန္ဒမှာမူ ဆေး၏တန်ခိုးကြောင့် တစ်ကြောင်း၊ ပင်ပန်း နွမ်း နယ်နေသဖြင့် တစ်ကြောင်း အိပ်မောကျလျက် ရှိသဖြင့် မိမိအား စန္ဒာ ဒေဝီ ပြုစုယုယနေသည်ကို လုံးဝ မသိပေ။

မည်ရွေ့မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ၊ အိပ်ရာမှ နိုးလာသောအခါတွင် အရဏ်တက်စ အချိန်သို့ ရောက်ရှိနေသည်ကို တွေ့ရသဖြင့် ဗိုလ်နန္ဒသည် အိပ်ရာမှ ကပျာကယာ လူးလဲထလိုက်သည်။

တစ်နေ့နှင့် တစ်ညနီးပါးမျှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား သဖြင့် ဗိုလ်နန္ဒမှာ လန်းဆန်းလျက်ရှိပေရာ အဆောင်ထဲတွင် တစ် ယောက်တည်း လမ်းလျှောက်ကြည့်သော အခါတွင်လည်း ယမန်နေ့ ကထက် ပေါ့ပါးစွာ လျှောက်နိုင်သည်ကို တွေ့ရသဖြင့် ဝမ်းသာအားရ ဖြစ်၍နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကျော်ဇေယျနှင့် နေမျိုးတို့သည် ဗိုလ်နန္ဒ အဆောင် အတွင်းသို့ ဝင်လာကြပြီးလျှင် မြင်းများ အသင့်ပြင်ဆင်ထားပြီး ဖြစ် ကြောင်း ပြောကြားသဖြင့် ဗိုလ်နန္ဒသည် သာယာရွှေပြည် နိုင်ငံတော်မှ ထွက်လာခဲ့စဉ်က ဝတ်စားခဲ့သည့် ဝတ်စားတန်ဆာများကို အလျှင်အမြန် ဝတ်ဆင်ပြီး တပည့်နှစ်ဦးနှင့်အတူ နံနက် ဝေလီဝေလင်း အချိန်တွင် နန်းတော်မှ ထွက်ခွာလာခဲ့ပေသည်။

နန်းတော် အစောင့်များသည် ဗိုလ်နန္ဒနှင့် တပည့်နှစ်ယောက်ကို မြင်သောအခါ အံ့ဩသော အမူအရာဖြင့်ကြည့်ပြီး အရိုအသေပြုကာ နန်းတော်တံခါး အထပ်ထပ်ကို အသင့်ဖွင့်၍ ပေးလိုက်ကြသည်။

နန်းတော်ပြင်ပတွင် မြင်းဇေကျော် ၃ ဦးသည် ဗိုလ်နန္ဒ စီးနေကျ ဖောင်းဝတ်ရောင် မြင်းလိမ္မာကြီးနှင့် နေမျိုးနှင့် ကျော်ဇေယျတို့အတွက် မြင်းနှစ်ကောင်ကို ကကြိုးတန်ဆာများ ဆင်ပြီး အသင့်စောင့်နေသည်ကို တွေ့ရပေသည်။

ဗိုလ်နန္ဒသည် ဖောင်းဝတ်ရောင် မြင်းလိမ္မာကြီးပေါ်သို့ လှမ်း တက်လိုက်ပြီးလျှင် စန္ဒာဒေဝီ ဘုရင်မ၏ အဆောင်တော်သို့ နောက်ဆုံး ကြည့်သည့်အနေဖြင့် တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် မြင်း ဇက်ကြိုးကို ဆွဲတ်ခနဲဆွဲကာ မြို့ပြင်သို့သွားသည့် လမ်းမကြီးအတိုင်း စိုက်စိုက် စိုက်စိုက်နှင့် ထွက်ခွာသွားပေရာ တပည့်နှစ်ဦးမှာလည်း ဆရာ ၏နောက်မှ မြင်းကိုယ်စီဖြင့် ထက်ကြပ်မကွာ လိုက်ပါသွားပေရာ နန်း တော်နှင့် မြို့ရိုးသည် တဖြည်းဖြည်း ဝေးသည်ထက်ဝေး၍သာ ကျန်ရစ် ခဲ့လေတော့သတည်း။

* * *

## အခန်း—၃၁

ဆရာတပည့် သုံးဦးသည် တစ်ဦးကိုတစ်ဦး စကားမပြောဘဲ ကိုယ့် စိတ်ကူးဖြင့်ကိုယ် တဖြည်းဖြည်း လာခဲ့ကြပေရာ နေထန်းတစ်ဖျားခန့် ရောက်သောအခါ အင်ကြင်းမြိုင် တောတန်းအစပ်သို့ ရောက်ရှိလာကြ ပေသည်။ စေတုတ္တရာ မြို့ရိုးနှင့် နန်းတော်ကိုလည်း ရေးရေးကလေး သာ မြင်ရပေတော့သည်။

တစ်လမ်းလုံး စကားမပြောဘဲ လိုက်ပါလာသော နေမျိုးသည် ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာပေသည်။

"သီဟရာဇာ ဘုရင်ကြီးရဲ့လက်ကို ဆရာ့ကိုယ်ဆရာ အပ်လိုက် ရင် ဘုရင်ကြီးက ဆရာ့ကို အမှန် သတ်မှာပဲလား"

နေမျိုးက ဗိုလ်နန္ဒအား မေးခွန်းထုတ်လိုက်သည်။

"လက်ချည်းပြန်လာတယ် ဆိုတာ မသတ်ဘဲ နေပါ့မလားကွ၊ သူ တာဝန်ပေးလိုက်တဲ့အတိုင်း ဆရာမှ မလုပ်နိုင်တာ"

"ဆရာ့ကို မသတ်အောင် ဘုရင်ကြီးနဲ့ စကားဆိုရင် မဖြစ်ဘူး လား၊ ဆရာဟာ သုမနဘုရင်ကို နှိမ်နင်းသတ်ဖြတ်နိုင်တဲ့အတွက် သုဝဏ္ဏ နိုင်ငံတော်ရဲ့ ဘုရင်အဖြစ် ဘိသိက်မြှောက်ခြင်း ခံရတော့မယ် မဟုတ် လား၊ ဒီတော့ကာ ဆရာ့အသက်နဲ့ ဆရာ့တပည့် ၉ ယောက်ရဲ့ အသက် ကို ချမ်းသာပေးမယ်ဆိုရင် သုဝဏ္ဏ နိုင်ငံတော်ကို သီဟရာဇာ ဘုရင် ကြီးကို ဆက်သပါမယ်ဆိုပြီး ဆရာ့အသက်နဲ့ သုဝဏ္ဏနိုင်ငံတော်ကို လဲရင် ဘုရင်ကြီးက လက်မခံဘဲ နေပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးက ဆက်ပြီး မေးလိုက်သည်။

"ဆရာလည်း ဒီလိုတော့ စဉ်းစားမိသားပဲ၊ ဒါပေမဲ့ သုဝဏ္ဏနိုင်ငံတော်ကို ဆရာပိုင်တာမှ မဟုတ်ဘဲ၊ စေတုတ္တရာ နိုင်ငံတော်ကို လုပ်ကြံဖို့ အလာမှာ စေတုတ္တရာ နိုင်ငံတော် ဘုရင်မရဲ့ကိုယ်စား ဆရာက ဝင်ရောက်နှိမ်နင်းပေးခြင်း ဖြစ်တဲ့အတွက် သုဝဏ္ဏနိုင်ငံကို ဆရာ မပိုင်ဘူး၊ စန္ဒာဒေဝီ ဘုရင်မသာလျှင် ပိုင်ထိုက်တယ်။ ပြီးတော့ သီဟရာဇာ ဘုရင်ကြီးဟာ ကတိသစ္စာ တည်ကြည်တဲ့ ဘုရင်ဖြစ်လို့ သုဝဏ္ဏနိုင်ငံတော်ကို ဆရာက ထိုးအပ်သည့်တိုင်အောင် လက်ခံချင်မှ လက်ခံမှာ၊ မင်းတို့စကား မိုးကြိုးသွား ဆိုသလို သူပြောပြီးသား စကားကို သူပြန်ရုပ်သိမ်းမှာ မဟုတ်ဘူး၊ ဆရာ့ကို သတ်ရမှ သူ ကျေနပ်လိမ့်မယ် ထင်တယ်၊ အင်း ... အာဠာဝက ... အာဠာဝက ... သေရမယ့် လူအတွက် မသေထိုက်တဲ့လူက ဝင်ပြီး အသေခံသွားရတာ ဆရာ နှမြောလှတယ်ကွာ"

ဗိုလ်နန္ဒသည် အာဠာဝကအား တမ်းတလိုက်သည်။

"ဆရာ့ကို သီဟရာဇာ ဘုရင်ကြီးက ဘယ်အချိန်မှာ သတ်မှာလဲ၊ မနေ့က ဆရာ ပြောတဲ့အတိုင်းဆိုရင် နက်ဖြန်ညနေ တောင်စွယ်မှာ နေကွယ်ရင် သတ်မယ်ဆိုတာ မှန်သလား"

နေမျိုးက မေးလိုက်ပြန်သည်။

"နက်ဖြန်ညနေ ဆိုရင် ၃ လ စေ့တာပဲ၊ ၃ လ စေ့တဲ့နေ့မှာ ဆရာ့ကိုယ်ဆရာ လာအပ်မယ်လို့ ကတိပေးခဲ့တဲ့အတွက် ဆရာ့ကို နက်ဖြန်ညနေ တောင်စွယ်မှာ နေကွယ်ရင် သတ်မှာ သေချာတယ်၊ တောင်စွယ် နေကွယ်တဲ့အချိန်ကျရင်သာ ဆရာ့ကို သတိရပြီး မေတ္တာပို့ အမျှအတန်းဝေဖို့ မမေ့ကြနဲ့"

ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ နေမျိုးသည် သီဟရာဇာ ဘုရင်ကြီးအား ရစရာမရှိအောင် ဆဲရေး တိုင်းထွာလိုက်ပေသည်။ ကျော်ဇေယျာလည်း စိတ်ထဲတွင် မခံချိမခံသာ ဖြစ်လာကာ သီဟရာဇာ ဘုရင်ကြီးအား ကျိန်ဆို၍ နေပေသည်။



မကြာမီ ရေတသွင်သွင် စီးဆင်းနေသော စမ်းချောင်းကလေးသို့ ရောက်ရှိလာပေသည်။

"ကဲ ... တပည့်တို့ ... ဒီနေရာဟာ ဆရာနဲ့ တပည့်တို့ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြတဲ့နေရာပဲ ... ဒီနေရာမှာပဲ လမ်းခွဲကြပါစို့၊ တပည့်တို့ကို ဆရာ တစ်ခုတော့ မှာလိုက်မယ်၊ သာယာရွှေပြည် နိုင်ငံတော်ကို ဆရာ သွားပြီး ဆရာ့ကိုယ်ကိုဆရာ သီဟရာဇာ ဘုရင်ကြီးရဲ့လက်ကို အပ်တဲ့အကြောင်း ဘုရင်မ မသိပါစေနဲ့၊ နက်ဖြန်ညနေ တောင်စွယ် နေကွယ်လုဆဲဆဲ အချိန်ကျမှ ဘုရင်မကို အကျိုးအကြောင်း သံတော်ဦးတင်ပြီး ဆရာ့အတွက် မေတ္တာပို့ အမျှအတန်းဝေဖို့ ဆရာ နောက်ဆုံးစကား မှာကြားသွားတယ်လို့သာ သံတော်ဦးတင်ရစ်ပေတော့"

ဗိုလ်နန္ဒသည် တပည့် ၂ ယောက်၏ မျက်နှာကို မကြည့်ဘဲ နောက်ဆုံးမှာကြားခြင်းဖြင့် မှာကြားလိုက်ပေသည်။

"ဆရာ မသွားခင် ဆရာနဲ့ ကျွန်တော်တို့ ဒီနေရာမှာ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြစဉ်က ကျွန်တော်တို့ကို ဆုံးမဩဝါဒပေးရင်း ဆရာကိုယ်တိုင် သီဆိုရင့်ကျူးခဲ့တဲ့ သံဝေဂ လင်္ကာကလေးကို ရွတ်ပြသွားပါဦး ... သံဝေဂလင်္ကာကလေးကို ဆရာ ရွတ်သံ ကြားတိုင်း ကျွန်တော်တို့စိတ်ထဲမှာ အလိုလို ကြည်နူးပြီး စိတ်ယုတ်မာတွေ လွင့်စဉ်ကုန်ပါတယ်"

နေမျိုးက ဗိုလ်နန္ဒအား တောင်းပန်လိုက်သည်။

"ဟုတ်တယ် ဆရာ ... ဆရာရဲ့ အသံဝါကြီးနဲ့ ဒီလင်္ကာကလေးကို ရွတ်ဆိုသံ ကြားခဲ့ရတဲ့ အချိန်ကစပြီး ကျွန်တော်တို့တစ်တွေ သတိသံဝေဂရကြပြီး လိမ္မာယဉ်ကျေးလာခဲ့ပါတယ်၊ ဆရာ မသွားခင် ဒီလင်္ကာကလေးကို တစ်ခေါက်လောက် ရွတ်ပြစမ်းပါလား"

www.burmeseclassic.com

ကျော်ဇေယျကပါ ဝင်ပြီး တောင်းပန်လိုက်ပေသည်။

"ကဲ ... တပည့်တို့ ဒါလောက်တောင် နားထောင်ချင်ရင်လည်း ဆရာ ရွတ်ပြရတာပေါ့ ... တပည့်တို့ ဆရာတို့ ခုလို တွေ့ကြ ဆုံကြရတာဟာ ဘဝက ပြုခဲ့ဖူးတဲ့ ကုသိုလ်ကံတရားတွေကြောင့်ပဲဆိုတာ တပည့်တို့ အမြဲတမ်း နှလုံးသွင်းကြ၊ ပြီးတော့ ဘဝသံသရာမှာ ကျင်လည်နေသမျှ ကာလပတ်လုံး ခုလို တွေ့ဆုံကြုံကြဲ ဖြစ်ကြရမှာပဲ ဆိုတာ ကိုလည်း အသင့်အတင့် နှလုံးသွင်းကြ၊ ဘဝသံသရာမှာ ကျင်လည်နေသမျှ ဘယ်တော့မှ မမြဲဘူး ... မမြဲတဲ့အတွက် ဒုက္ခနဲ့မကင်းဘူး ... မမြဲတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် မပိုင်ဘူး ... အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကို မြင်အောင်ရှုပြီး ခုလို တွေ့ကြဆုံကြတဲ့ အခါမှာ အချင်းချင်း ရန်မဖြစ်ကြနဲ့၊ ဒေါသ အာဃာတတရားကို ရှေ့မထားနဲ့၊ သတ္တဝါအားလုံးအပေါ်မှာ မေတ္တာတရား ပွားများကြ ... ကဲ ... ဆရာ ရွတ်ပြမယ်"

ဗိုလ်နန္ဒသည် တပည့်များအား ဆုံးမဩဝါဒစကားများ ပြောကြားပြီးလျှင် အောက်ပါ သံဝေဂလင်္ကာကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်ပေသည်။

"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူ တစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။

ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာဆိုင်ကျည်၊ မတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။



ရှိနိုးကော်ရော်၊ ပူဇော်အကျွန်၊ ငန်ခဲ့တုံ၏၊ ခိုက်ကြုံ
ဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တုန်မူ၊ တုံ့မယူလို၊ ကြည်ညို
စိတ်သန့်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်
ပေး၏၊ သွေးသည် အနိစ္စာ၊ ငါ့ခန္ဓာတည်း ..."

ဗိုလ်နန္ဒသည် အထက်ပါ အနန္တသူရိယ အမတ်ကြီး အသတ်ခံရ ကာနီးဆဲဆဲတွင် ရေးသား သီကုံးသွားသည့် သံဝေဂလင်္ကာကို အသံ နေ အသံထားနှင့် ရွတ်ဖတ်နေသည်ကို တပည့် ၂ ဦးသည် ငြိမ်သက်စွာ နားထောင်၍နေကြပေသည်။

"ဒီလင်္ကာကို စပ်ဆိုတဲ့ အနန္တသူရိယ အမတ်ကြီးဟာ တကယ့် ကို နှလုံးရည်ပြည့်ဝပါပေတယ်၊ သူ့ကိုသတ်တဲ့ ဘုရင်ကိုတောင် ဖြစ် လေရာ ဘဝမှာ ရန်တုံ့မမူပါဘူး ဆိုပြီး မေတ္တာပို့သွားသေးတယ်"

ကျော်ဇေယျက လေးလေးနက်နက် စဉ်းစားရင်း ပြောလိုက်သည်။

"ဒါပေါ့ကွ ... သံသရာစက်ရဟတ်မှာ ဆုံလည်နွားလို လည်ပတ် နေရတဲ့ ဘဝကို အကွင်းကွင်း မုန့်တီဟင်းလို စင်းစင်းကြီး သိမြင်လာ တဲ့အခါမှာ သေရမှာကိုလည်း မကြောက်တော့ဘူး။ လောကဓံတရား ရှစ်ပါးနဲ့ တွေ့ကြုံခံစားရတဲ့အခါ တုန်လှုပ်ခြင်း မရှိဘူး၊ ကြောက်ရွံ့ ထိတ်လန့်ခြင်းလည်း မဖြစ်ဘူး၊ ကြက်သီးမွေးညင်းလည်း မထဘူး သူတစ်ပါးအပေါ်မှာလည်း မကောင်း မကြံစည်ဘူး၊ ကိုယ့်အပေါ် မကောင်းကြံစည်တဲ့ လူကိုလည်း ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်တယ်။ ဒါဟာ ဖြူစင်တဲ့ တရားတွေပဲ"

ဗိုလ်နန္ဒက တပည့်များအား တရားချ၍နေပေရာ တပည့် ၂ ယောက်မှာလည်း ဆရာ ပြောကြားသည့် စကားများကို မှတ်သား နာယူ ၍ နေကြပေသည်။

"ဩော် ... ဒါထက် ယုဇန တစ်ယောက်ကော"

ဗိုလ်နန္ဒသည် ယုဇနအား သတိရသဖြင့် နေမှုအား မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နန်းတော်ထဲ ရောက်နေပါပြီ၊ ယုဇနက ကျေးတောသူ ဆိုတော့ နန်းတွင်းသူတွေလို မယဉ်ကျေးသေးဘူး၊ ဒါကြောင့် သူ့ကို နန်းတွင်းသူတွေရဲ့ အပြောအဆို အမူအရာတွေကို မယ်သစ္စာက သင်ကြားပေးနေရပါသေးတယ်"

နေမျိုးက ပြန်ပြောလိုက်သည်။

"အင်း ... ဒီစကား ကြားရတာ ဆရာ ဝမ်းသာပါတယ်။ တစ်နေ့ကျရင် နေမျိုးလည်း မြို့စား ပြန်ဖြစ်ဦးမှာဆိုတော့ ယုဇနလည်း မြို့စားကတော် ဖြစ်လာရမှာပေါ့ကွာ"

ဗိုလ်နန္ဒက တပည့်ကိုပြန်ပြီးပြောလိုက်သည်။

"ဒါကြောင့် သူ့ကလေးကို နန်းတွင်းသူရဲ့ အပြောအဆို အမူအရာတွေ သင်ပေးနေရတာပေါ့ ဆရာရဲ့"

နေမျိုးက အဖြေပေးလိုက်သည်။

"ကျော်ဇေယျကကော နေမျိုးကို အားမကျဘူးလား၊ ကျော်ဇေယျလည်း မြို့စားကြီး ဖြစ်လာရဦးမှာပဲ၊ မြို့စားကတော် မရှိရင် တင့်တယ်ပါ့မလား"

ဗိုလ်နန္ဒက မထိတထိ ပြောလိုက်သည်။

"ကျွန်တော်က မိန်းမဆိုရင် ကြည့်လို့ကိုမရဘူး၊ မ, ဆိုရင် ခြေမလက်မတောင် ပယ်ပစ်ချင်သေးတယ်"

ကျော်ဇေယျက ပြန်ပြောလိုက်သည်။

"မင်း သိပ်အပြောကြီးတဲ့ အကောင်ပဲ၊ မင်းကြိုက်တာ မတွေ့သေးလို့ ဒီစကား ပြောနေတာပါ၊ မင်းကြိုက်တဲ့မိန်းမ တွေ့ရင် သူများထက်တောင် ကဲဦးမယ်"

နေမျိုးက ဝင်ပြောလိုက်သည်။

"ကဲပါ မင်းတို့အချင်းချင်း စကားနိုင် လုမနေကြစမ်းပါနဲ့၊ လူ့ကုသိုလ်ကံ ဆိုတာ မြင်နိုင်တာမှ မဟုတ်ဘဲ၊ ကြံစည်တိုင်းလည်း မဖြစ်



ဘူး၊ မကြံစည်ဘဲနဲ့လည်း ဖြစ်တာပဲ။ ဒီတော့ကာ ရှေ့ရေးကိုတွေးပြီး ရန်ဖြစ်မနေကြနဲ့၊ ဒါထက် ယုဇန အကြောင်း ပြောရဦးမယ်၊ ယုဇနာဟာ ကျေးတောသူ မဟုတ်ဘူး၊ သုဝဏ္ဏ နိုင်ငံတော်က မဟာဆီ မဟာသွေးပဲ၊ အရေးတော်ပုံမှာ သူ့ရဲ့မိဘများ အသတ်ခံရလို့ သုခနရဲ့ရန်ကို ကြောက်ပြီး စေတုတ္တရာ နိုင်ငံတော်ဘက်ကို ထွက်ပြေးလာပြီး ခိုလှုံနေရတာပါ"

ဗိုလ်နန္ဒက ရှင်းပြလိုက်သည်။

"ဒါဖြင့် ဖိုးရာဇာဟာ သူ့ရဲ့ဖခင်အရင်း မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ သမီးရင်းလိုပဲ ချစ်ခင်ယုယပါတယ်၊ ဒါထက် ဖိုးရာဇာ တစ်ယောက်ကော ကျန်းကျန်းမာမာပဲလား"

"ဟုတ်ကဲ့ ဆရာ၊ ယုဇနအတွက် စိတ်မချလို့တောင် နန်းတော်ထဲကို လိုက်လာသေးတယ်"

"အင်း ... ဖိုးရာဇာ၊ ဖိုးရာဇာ သစ္စာရှိပါပေတယ်။ ဒီမှာ မင်းတို့ မြို့စားကြီး ဖြစ်တဲ့အခါ ဖိုးရာဇာကို သူကောင်းမြှောက်ဖို့ မမေ့ကြနဲ့နော်၊ ဆရာ့အပေါ်မှာ အင်မတန် သစ္စာရှိရှာပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်တို့ သတိမမေ့ပါဘူး"

"ကဲ ... အချိန်ကလည်း သိပ်မရှိတော့ဘူး၊ သွားရမယ့် ခရီးကလည်း ဝေးသေးတယ်။ တပည့်တို့ ပြန်ကြပေတော့၊ ဆရာ သွားမယ်"

ဗိုလ်နန္ဒသည် ပြောပြောဆိုဆို ဖောင်းဝတ်ရောင် မြင်းလိမ္မာကြီးကို ကြိမ်နှင့်တို့ကာ သာယာရွှေပြည် နိုင်ငံတော်ဘက်သို့ ခြေဦးလှည့်ကာ နောက်သို့လှည့်မကြည့်ဘဲ စိုက်စိုက် စိုက်စိုက်နှင့် ထွက်ခွာသွားပေသည်။

ဗိုလ်နန္ဒ ထွက်ခွာသွားပြီးနောက် များမကြာမီ နေမျိုးသည် ဗိုလ်နန္ဒ၏နောက်သို့ အမီလိုက်လာပေသည်။ မျက်လုံးတွင်လည်း မျက်ရည်များ ဝဲ၍နေသည်ကို ဗိုလ်နန္ဒ သတိပြုမိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေမျိုး ဘာဖြစ်လို့ လိုက်လာရပြန်တာလဲ"

ဗိုလ်နန္ဒက ခေါက်လိုက်သည်။

"ဆရာ့ကို ပြောစရာစကားတစ်ခွန်း ကျန်နေလို့ပါ ဆရာ၊ ဆရာ ကျွန်တော်နဲ့ ယုဇန အကြောင်းပါလို့ သားဦးကလေး မျက်နှာမြင်ရင် ဆရာ့လို နှလုံးရည်ရော လက်ရုံးရည်ပါ ပြည့်ဝတဲ့ သူ့ရဲကောင်းကလေး ဖြစ်လာအောင် မောင်ရူပ ဆိုတဲ့ ဆရာ့နာမည်နဲ့ ကင်ပွန်းတပ်ဖို့ စိတ်ကူး ထားတယ်။ ကျွန်တော် သားဦးကလေး မွေးလာရင် ဆရာ့လို နှလုံးရည် ရော၊ လက်ရုံးရည်ပါ ပြည့်ဝတဲ့ သူ့ရဲကောင်း ဖြစ်ပါစေလို့လည်း ဆု တောင်းပါတယ်၊ ဒါပါပဲ ဆရာ၊ ကျွန်တော် ဆရာ့ကို နောက်ဆုံး ကန် တော့တဲ့ အနေနဲ့ ကန်တော့ခဲ့ပါတယ်"

နေမျိုးသည် အဝတ်သိုင်းထားသည့် လက်နှင့် ဗိုလ်နန္ဒအား လက်အုပ်ချီ၍ ကန်တော့ရင်း ငိုသံပါကြီးနှင့် ပြောဆိုပြီးလျှင် ဗိုလ်နန္ဒ အပါးမှ ချာခနဲ လှည့်ထွက်သွားပြီး မိမိအား စောင့်နေသော ကျော်ဇေယျ နှင့်အတူ မချိသော နှလုံးနှင့် စေတုတ္တရာ မြို့တော်သို့ ချီတက်သွားကြ လေသည်။

* * *

## အခန်း–၃၂

နောက်တစ်နေ့ နေမွန်းတည့် အချိန်လောက်တွင် ဗိုလ်နန္ဒသည် သာယာ ရွှေပြည် မြို့တော်ကြီး၏ မြို့ရိုးအနီးသို့ ချဉ်းကပ်မိပေသည်။

သာယာရွှေပြည် မြို့တော်သူ မြို့တော်သားများနှင့်တကွ ဘုရင် အမှုတော်ကို ထမ်းရွက်နေသော အမှုထမ်း အရာထမ်းများသည် မြို့တော် ၏တံခါးဝတွင် စည်ကားစွာ ဝင်ထွက်သွားလာနေကြသည်ကို ဗိုလ်နန္ဒ သည် ခပ်လှမ်းလှမ်းမှ ငေးပြီးကြည့်နေမိပေသည်။

ထိုအခိုက်တွင် သာယာရွှေပြည် မြို့တော်ကြီးအတွင်းမှ ထွက် လာသော လူတစ်ယောက်သည် ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာပေသည်။ ထိုသူသည် ဗိုလ်နန္ဒအား မြင်ဖူးသကဲ့သို့ ဗိုလ်နန္ဒအား စေ့စေ့စပ်စပ် ကြည့်၍နေသလို ဗိုလ်နန္ဒကလည်း ထိုသူအား မြင်ဖူးသလိုလို ရှိသဖြင့် မျက်တောင်မခတ်ဘဲ စိုက်၍ကြည့်နေမိသည်။

"ဆရာ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား၊ သုမန ဘုရင်ယုတ် ရဲ့ လက်စွဲတော်တွေရဲ့လက်က ဆရာ ကယ်တင်လိုက်တဲ့ စေတုတ္တရာ ဘုရင်မရဲ့ ပျော်တော်ဆက် ငပြည့်လေ"

ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာသူက ပြောမှ ဗိုလ်နန္ဒသည် မကြာ သေးမီက အင်ကြင်းမြိုင် တောတန်းတွင် တွေ့ကြုံခဲ့ရသည့် အဖြစ် အပျက်ကို ပြန်လည်၍ သတိရပေတော့သည်။

"အင်း ဟုတ်သားပဲ ခုမှ စဉ်းစားမိတော့တယ်၊ မင်း ဘယ်ပုံ ဘယ်နည်း သာယာရွှေပြည်ကို ရောက်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စေတုတ္တရာ နိုင်ငံတော် မပြန်ရဲတာနဲ့ သာယာရွှေပြည် နိုင်ငံတော်ထဲကို ကူးလာခဲ့တာပါ၊ ဒီရောက်ပြန်တော့လည်း သီဟရာဇာ ဘုရင်ကြီးအား ပျော်တော်ဆက်အဖြစ် ဆက်လက်ပြီး အမှုထမ်းနေခဲ့ပါတယ်"

ငပြည့်က ပြန်ပြောလိုက်သည်။

"ဟင် ဟုတ်လား ... ဒီလိုဆိုရင် သီဟရာဇာ ဘုရင်ကြီးနဲ့ တော်တော်ကလေး နီးနီးကပ်ကပ် နေရမှာပေါ့"

"မှန်ပါတယ် ဘုရင်ကြီးအပါးမှာ အမြဲတမ်းလိုလို ခစားနေရပါတယ်"

"ဘုရင်ကြီး အကြောင်း မင်းသိသလောက် ပြောမပြနိုင်ဘူးလား"

"တခြားလူ ဆိုရင်တော့ ကျွန်တော် ပြောမပြဝံ့ပါ၊ ဆရာကတော့ ကျွန်တော့်ရဲ့အသက်ကို ကယ်ဆယ်ခဲ့တဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့အတွက် ဆရာ သိချင်တာတွေကို ကျွန်တော် သိသမျှ ပြောပြဖို့ အသင့်ပါပဲ"

"သီဟရာဇာ ဘုရင်ကြီးရဲ့ စိတ်ထား သဘောထားကို မင်း သိသလောက် ပြောပြစမ်းပါ"

"ဘုရင်ကြီးက စိတ်ထား သဘောထား အင်မတန် နူးညံ့ သိမ်မွေ့ပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါကျရင် စိတ်လိုက်မာန်ပါ လုပ်တတ်တယ်"

"တိုင်းပြည်နဲ့ လူထုအပေါ်မှာ ဘုရင်ကြီးက ဘယ်လို သဘောထားသလဲ"

"ဘုရင်ကြီးရဲ့ သဘောကတော့ တိုင်းပြည် ငြိမ်းချမ်းသာယာရေးနဲ့ ပြည်သူလူထု ဝပြောရေးအတွက် စိတ်စေတနာ အင်မတန် ထက်သန်ပါတယ်။ ဒါတင်မကသေးဘူး၊ သူသာ ကမ္ဘာကို အုပ်စိုးတဲ့ စကြဝတေးမင်း ဖြစ်ရင် ကမ္ဘာသူ ကမ္ဘာသားတွေ ငြိမ်းချမ်းသာယာစွာရှိအောင်



တရားသဖြင့် စီရင်အုပ်ချုပ်တော်မူမယ် ဆိုတဲ့ ဆန္ဒရှိကြောင်း မကြာမကြာ ပြောသံကို ကြားရပါတယ်"

"အင်း ... တော်တော် အကြံကြီးတဲ့ ဘုရင်ကြီးပဲ"

"မှန်ပါတယ်၊ တော်တော်ကို အကြံကြီးပါတယ်၊ ပြီးတော့ သူကိုယ်သူလည်း မနက်ဖြန် သန်ဘက် စကြာမင်း ဖြစ်တော့မလိုလို ထင်နေတယ်။ တစ်နေ့တုန်းကတောင် ကျွန်တော့်ကို ဘုရင်ကြီးက အပါးခေါ်တော်မူပြီး သာယာရွှေပြည်ရယ်၊ စေတုတ္တရာရယ်၊ သုဝဏ္ဏရယ် ဒီသုံးနိုင်ငံကိုပေါင်းပြီး တစ်နိုင်ငံတည်းဖြစ်အောင် လုပ်မယ်လို့ပြောတယ်၊ ပြီးတော့ သူဟာ တရားနဲ့အညီ အုပ်ချုပ်တဲ့မင်း ဖြစ်တဲ့အတွက် မကြာခင် စကြာရတနာ ဆိုက်ရောက်ဖို့ကိန်းရှိတယ်လို့ ပြောတယ်"

"လက်စသတ်တော့ မင်းတို့ဘုရင်ကြီးက စကြာမင်းရူး ရူးနေတာကိုး"

"မှန်ပါတယ်၊ တကယ်ကို ရူးနေတာပါ၊ ကျွန်တော့်ကိုတောင် ဘုရင်ကြီးက မေးတော်မူသေးတယ်၊ ဟဲ့ ငပြည့် ... မောင်မင်း စကြာမင်း ဖြစ်ရင် ဘာတွေလုပ်မလဲလို့ မေးတော်မူတယ်၊ ဒီတော့ ကျွန်တော်ရိုးသာ စကြာမင်း ဖြစ်ရင် ထီးနန်းစည်းစိမ်ကိုစွန့်ပြီး တောထွက်မယ်လို့ ပြန်ပြောလိုက်တော့ ... ဘုရင်ကြီးက ကျွန်တော့်ကို သေသေချာချာ ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်တော်မူတယ်"

"အင်း ... ပြောစမ်းပါဦး"

"အဲဒီအချိန်မှာပင် ဘုရင်ကြီး ရှေ့တော်ကို အထောက်တော်များ ရောက်ရှိလာကြပြီး သုဝဏ္ဏ နိုင်ငံတော်ကို စိုးမိုးပိုင်သတဲ့ သုမေဓ ဘုရင်ယုတ်ကို မဟာသောဂ ဘုရင်ကြီးရဲ့ သားတော် မောင်ရှုပက ဒိုးချင်းတိုက်ပြီး အနိုင်ယူလိုက်တဲ့အကြောင်း သံတော်ဦးတင်ကြတယ်။ သုမေဓ ဘုရင်ယုတ် ချွေးသေ ဝက်သေ သေရတဲ့ အကြောင်းတွေကိုလည်း ခရေစေ့တွင်းကျ သံတော်ဦးတင်တာကို ကြားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတင်ပဲလား ... ပြီးတော့ ဘာတွေ သံတော်ဦးတင်သေးသလဲ"

"အထောက်တော်တွေ သံတော်ဦးတင်တာကတော့ စုံနေတာပဲ၊ မဟာဘောဂဘုရင်ကြီးရဲ့ သားတော် မောင်ရှုပဟာ သုစနေဘုရင်ကို တိုက်ခိုက် နှိမ်နင်းလိုက်ပြီ ဖြစ်တဲ့အတွက် သုဝဏ္ဏဘုရင် အဖြစ်ကို ရောက်နေပြီ ဆိုတဲ့အကြောင်းရယ်၊ ပြီးတော့ စေတုတ္တရာ ဘုရင်မ စန္ဒာဒေဝီ ဘုရင်မကလည်း မောင်ရှုပအပေါ်မှာ မေတ္တာသက်ဝင်နေတဲ့အတွက် နှစ်ပြည့်တစ်ပြည် ရွှေလမ်း ငွေလမ်း ဖောက်ပြီး နှစ်ပြည်ထောင်ရဲ့ အင်အားနဲ့ သာယာရွှေပြည်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ ကြံစည်နေတဲ့ အကြောင်းတွေကိုလည်း သံတော်ဦးတင်နေတာ ကြားရတယ်"

"ဟင် ... ဟုတ်လား၊ ဒီတော့ကော ဘုရင်ကြီးက ဘာပြောသလဲ"

"ဘုရင်ကြီးက မှူးကြီးမတ်ရာ သေနာပတိများကို ချက်ချင်း ညီလာခံ ဆင့်ခေါ်ပြီး ဘုရင့်ဆီမှာ ဓားစာခံအဖြစ် ထားခဲ့တဲ့ မောင်ရှုပရဲ့ တဝည့် ၉ ဦးကို ကြာကြာမထားဘဲ ချက်ချင်း ကြိုးပေးသတ်ရရင် ကောင်းမလားလို့ တိုင်ပင်တော်မူတယ်။ မှူးကြီးမတ်ရာ သေနာပတိများကလည်း ဘယ်လိုမှ အကြံမပေးတတ်အောင် ဖြစ်နေကြတယ်၊ ဒီအချိန်မှာ ဘုရင်ကြီးက ကျွန်တော့်ဘက်ကိုလှည့်ပြီး ဟဲ့ ... ငပြည့် ဒီလူ ၉ ယောက်ကို ဘယ်လိုစီစဉ်ရမလဲလို့ မေးတော်မူတယ်"

"ဒီတော့ မင်းက ဘယ်လို အကြံပေးလိုက်သလဲ"

"ဒီလူ ၉ ယောက်ကို သတ်မယ့်အစား လွှတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပြီး ကျွန်တော်နဲ့အတူ ဘုရင်ကြီးရဲ့ တမန်တော်များအဖြစ် သုဝဏ္ဏ နိုင်ငံတော်ရဲ့ ဘုရင်လောင်း မောင်ရှုပဆီကို စေလွှတ်ပြီး သာယာရွှေပြည် နိုင်ငံတော်နဲ့ နှစ်ပြည့်တစ်ပြည် ရွှေလမ်း ငွေလမ်း ဖောက်တော်မူရင် ပိုပြီး ကောင်းပါလိမ့်မယ်လို့ ကျွန်တော်က ပြန်ပြီး လျှောက်ထားလိုက်တယ်"



"အင်း ... ကောင်းလိုက်လေ ... မင်းပေးတဲ့ အကြံဟာ သိပ်ကောင်းတာပဲ"

"ဆရာကသာ ကောင်းတယ်ပြောတာ၊ ဘုရင်ကြီးက သူ့ကို ဒီအကြံ ပေးရမလားဆိုပြီး အမျက်ရှတော်မူသေးတယ်၊ သက်တော်ရှည် အမတ်ကြီး ကယ်ပေလို့ ကျွန်တော် သက်သာရာရတာ"

"ကဲ ပြောစမ်းပါဦး၊ ဒီလူ ၉ ယောက်ကို ဘာလုပ်ထားသလဲ၊ သတ်ပစ်လိုက်ပြီလား"

"မသတ်သေးပါဘူး၊ သက်တော်ရှည် အမတ်ကြီးက မောင်ရှုပ အပေါ်မှာ ဘုရင်မင်းမြတ် ထားတော်မူတဲ့ ကတိအတိုင်း ၃ လစေ့အောင် စောင့်ဆိုင်းပြီး ၃ လစေ့လို့မှ မောင်ရှုပ ပြန်မလာရင် သူ့ရဲ့တပည့် ၉ ယောက်ကို သေဒဏ်ပေးတော်မူပါ၊ ဒီအတောအတွင်း သေဒဏ် ပေးတော်မူရင် ဘုရင်မင်းမြတ် ကတိမတည်ရာ ရောက်ပါလိမ့်မယ်လို့ သံတော်ဦးတင်တယ်။ ဒီအခါမှာ ဘုရင်ကြီးက သူပေးခဲ့တဲ့ ကတိကို သူပြန်သတိရပြီး ၃ လ စေ့တဲ့နေ့အထိ စောင့်ဖို့ သဘောတူလိုက်တယ်"

"သုံးလ စေ့ဖို့ ဘယ်လောက်လိုသေးသလဲ"

ဗိုလ်နန္ဒသည် မသိချင်ဟန်ဆောင်ပြီး မေးလိုက်သည်။

"ဒီနေ့ညနေဆိုရင် သုံးလစေ့တယ်လို့ ပြောတာပဲ၊ ဒါကြောင့် ဒီနေ့ညနေ တောင်စွယ်မှာ နေကွယ်ရင် မောင်ရှုပရဲ့ တပည့် ၉ ယောက်ကို မြို့လယ်မှာ ကားစင်တင်ပြီး သတ်ဖို့ အမိန့်တော် ထုတ်ထားပြီးပြီ၊ မြို့သူမြို့သားတွေကိုလည်း လူသတ်ပွဲ လာကြည့်ကြဖို့ မောင်းကြေးနင်း ခတ်ပြီး ကြေညာထားတဲ့အတွက် မြို့အဝင်ဝမှာ လူတွေ စည်ကားနေတာပေါ့"

"သြော် ... ဟုတ်ပြီ၊ ဒါကြောင့် မြို့တံခါးဝမှာ လူတွေ အဲဒီလို ဝင်ထွက်သွားလာနေကြတာကိုး၊ နို့ မင်းကကော ဘာဖြစ်လို့ထွက်လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မကြည့်ရဲလို့ စောစောစီးစီး ထွက်လာခဲ့တာပါ၊ အနိစ္စာရဲ့ လူသတ်တာကို မပြောနဲ့ သွေးထွက်သံယို ဖြစ်တာကိုတောင် ကျွန်တော် စိတ်မချမ်းသာဘူး၊ ကျွန်တော်ကိုယ်တိုင် သေရမှာကို သိပ်ကြောက်တာပဲ၊ သူများတွေလည်း ငါ့လိုပဲ သေရမှာကို ကြောက်မှာပဲလို့ ကိုယ်ချင်းစာပြီး စိတ်ထဲမှာ သိပ်မချမ်းသာဘူး"

"မင်းက သေရမှာကို ဒါလောက်တောင် ကြောက်သလား"

"ကြောက်တာပေါ့ ဆရာရဲ့ ... သေရမှာကို မကြောက်တဲ့လူရယ်လို့ ရှိပါ့မလား"

"သတ္တဝါမှန်ရင် သေရမှာချည်းပဲ မဟုတ်လား၊ သေတာဟာ ဆန်းတာမှ မဟုတ်ဘဲ၊ သေရမှာကို ကြောက်နေရုံနဲ့ သေဘေးက မလွတ်နိုင်ဘူး၊ သေဘေးက လွတ်ချင်ရင် မသေတဲ့ဆေးကို ရှာရတယ်"

"မသေတဲ့ဆေး ရှိသလား၊ ရှိရင် ကျွန်တော့်ကို ပြောစမ်းပါ"

"မသေတဲ့ဆေး ရှိတာပေါ့၊ မသေတဲ့ဆေးကို လိုချင်ရင် အနိစ္စ — ဒုက္ခ ... အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကို ဉာဏ်မျက်စိနဲ့ မြင်အောင်ရှုပြီးတော့ သတိတရားကို အမြဲတမ်း လက်ကိုင်ထား၊ အဲဒီလို သတိတရား လက်ကိုင်ထားပြီး အနိစ္စ ... ဒုက္ခ ... အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကို ဝိပဿနာဉာဏ်နဲ့ မြင်အောင်ကြည့်နိုင်ရင် သေရမှာကို မကြောက်တော့ဘူး၊ သေခြင်းတရား ကင်းမဲ့တဲ့ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်လိမ့်မယ်"

ဗိုလ်နန္ဒက တည်ကြည်သော ဣန္ဒြေဖြင့် ရှင်းပြနေပေရာ ... ဗျော်တော်ဆက် ပြေညှိသည် ပါးစပ်အဟောင်းသားနှင့် နားထောင်၍ နေပေသည်။

"လက်စသတ်တော့ ဆရာက မမွကထိကပဲ၊ ဆရာ ဟောတဲ့ တရားဟာ သိပ်ပြီး တန်ဖိုးရှိတာပဲ၊ အင်း ... အနိစ္စ ... ဒုက္ခ ... အနတ္တ ... ဘုရား ... ဘုရား"



ပြေညှိသည် သတိသံဝေဂ ရသည့်အလား ပါးစပ်မှ ရေရွတ်လိုက်သည်။

"အင်း ... ဒီလိုမှပေါ့ ... ကဲ ... ဆရာလည်း မြို့ထဲကို သွားစရာကိစ္စ ရှိသေးတယ်၊ ဆရာ သိချင်တာတွေ ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ... ကဲ သွားပြီ"

ဗိုလ်နန္ဒသည် ပြေညှိအား နှုတ်ခွန်းဆက်ပြီး မြို့တံခါးကို ရှေးရှုပြီး တဖြည်းဖြည်း လာခဲ့ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၃၃

သာယာရွှေပြည် မြို့တံခါးဝသို့ ဗိုလ်နန္ဒ ရောက်ရှိလာသောအခါ တံခါးမှူးသည် ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး မြို့တွင်းသို့ ဝင်ခွင့်မပေးသေးဘဲ ဗိုလ်နန္ဒ၏ အမျိုးအမည်ကို မေးမြန်း၍နေပေသည်။

ဗိုလ်နန္ဒမှာ ဒဏ်ရာမကျက်သေးမီ ခရီးပြင်း နှင်ခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်လျက် ရှိသည့်အပြင် အဝတ်အစားများမှာလည်း သာယာရွှေပြည်က ထွက်ခွာသွားစဉ်က ဝတ်စားသွားသည့် ဟောင်းနွမ်းသော အဝတ်အစားများ ဖြစ်သဖြင့် တံခါးစောင့်သည် ဗိုလ်နန္ဒအား မသင်္ကာသော မျက်လုံးဖြင့် ကြည့်၍နေပေသည်။

ဗိုလ်နန္ဒအား တံခါးမှူးက စစ်ဆေးနေသည်ကို တွေ့မြင်ရသောအခါ မြို့သူမြို့သားများသည် အကျိုးအကြောင်း သိလိုသဖြင့် ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်လာကြပေရာ ဗိုလ်နန္ဒ အနီးတွင် လူအုပ်ကြီးမှာ တဖြည်းဖြည်း ကြီးမား၍ လာပေသည်။

"အသင်တံခါးမှူး ... ကျွန်ုပ်သည် အခြားမဟုတ်၊ သုဝဏ္ဏ နိုင်ငံတော် မဟာသောဂ ဘုရင်ကြီး၏ သားတော် မောင်ရှုပ ဖြစ်သည်။ ကျွန်ုပ်၏ အသက်နှင့် ကိုယ်ခန္ဓာကို သာယာရွှေပြည် နိုင်ငံတော် သီဟရာဇာ ဘုရင်ကြီး၏ ရွှေလက်တော်သို့ အပ်နှံရန် ဘုရင်ကြီးနှင့် ထားရှိခဲ့သည့် ကတိအတိုင်း လာရောက်ခြင်းဖြစ်၍ ဘုရင်ကြီး၏ ရှေ့တော်မှောက်သို့ အချိန်မီ သွားခွင့်ပြုပါလော့"



ဗိုလ်နန္ဒသည် လူအုပ်ကြီးအလယ်မှနေပြီး ကြည်လင်ပြတ်သားသည့် အသံဝါကြီးဖြင့် ပြောပြလိုက်ရာ ဗိုလ်နန္ဒအနီးတွင် ဝိုင်းပြီး တစ်ယောက် တစ်ခွန်း ပြောဆိုနေကြသော လူထု၏အသံမှာ မီးကို ရေနှင့်သတ်လိုက်သလို တိတ်ဆိတ်ငြိမ်သက်သွားပြီး ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံး ဝိုင်းအုံပြီး ကြည့်ကြပေသည်။

တံခါးမှူးမှာလည်း လူထုပရိသတ်အား ဘေးသို့ဖယ်နေကြရန် အမိန့်ပေးလိုက်ပြီးလျှင် ဗိုလ်နန္ဒ အနီးသို့ ချဉ်းကပ်လာပေသည်။

သစ္စာဖောက် သုခနေဘုရင်အား စီးချင်းတိုက်ပွဲဖြင့် မောင်ရှုပအမည်ခံ ဗိုလ်နန္ဒက အနိုင်ယူလိုက်သည့် သတင်းမှာ သာယာရွှေပြည်တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လျက် ရှိသဖြင့် ဗိုလ်နန္ဒအပေါ်တွင် အလိုလိုကြောက်ရွံ့ ရိုသေနေကြပေသည်။ စေတုတ္တရာ ဘုရင်မနှင့် မောင်ရှုပတို့ ချစ်ကြိုးသွယ်လျက်ရှိပြီး နှစ်ပြည့်တစ်ပြည် ရွှေလမ်း ငွေလမ်း ခင်းရန် စီစဉ်လျက်ရှိသည် ဟူသော သတင်းမှာလည်း သာယာရွှေပြည် နိုင်ငံတော်တွင် ဟိုးလေးတကျော်ကျော် ဖြစ်၍နေသဖြင့် လူထုပရိသတ်သာမက တံခါးမှူး ကိုယ်တိုင် ဗိုလ်နန္ဒအား လေးစားသောစိတ်ဖြင့် အရိုအသေ ပေးလိုက်ပေသည်။

ထို့နောက် တံခါးမှူးသည် အပါးရှိ အမှုထမ်း ၂ ဦးကို ဆင့်ခေါ်လိုက်ပြီး ဗိုလ်နန္ဒအား သီဟရာဇာ ဘုရင်ကြီး၏ ရှေ့တော်သို့သွင်းရန် ညွှန်ကြားလိုက်ပေရာ အမှုထမ်း ၂ ဦးသည် မြင်းကိုယ်စီဖြင့် ဗိုလ်နန္ဒ၏ လက်ဝဲနှင့် လက်ယာမှ ခြံရံကာ နန်းတော်ရှိရာသို့ ဦးတည်ပြီး သွားကြပေရာ မြို့သူမြို့သားများသည် မနီးမဝေးမှ တကောက်ကောက် လိုက်ပါသွားကြပေသည်။

သုခနေဘုရင်ယုတ်အား စီးချင်းတိုက်ပွဲဖြင့် အနိုင်ယူခဲ့သော သူရဲကောင်း မောင်ရှုပသည် သုဝဏ္ဏ နိုင်ငံတော်၏ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ခါ သီဟရာဇာ ဘုရင်ကြီးအား ပေးထားသည့် ကတိအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်မိမိ အသေခံရန် ရောက်ရှိလာပြီ ဟူသော သတင်းသည် တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသဖြင့် မြို့သူမြို့သားများသည် ဗိုလ်နန္ဒအား အထူးအဆန်းသဖွယ် မနီးမဝေးမှ လာရောက် ကြည့်ရှုကြပြီး ထီးနန်းစည်းစိမ်ထက် ကတိကို လေးစားသော ပုဂ္ဂိုလ်ကြီးပါကလားဟု တီးတိုးပြောဆိုရင်း ဗိုလ်နန္ဒ၏စိတ်ဓာတ်ကို ချီးကျူးသူက ချီးကျူး၊ ဗိုလ်နန္ဒအတွက် ကိုယ်ချင်းစာနာကာ စုတ်သတ်သူက သတ်နှင့် ဖြစ်၍နေကြပေသည်။

မကြာမီ ဗိုလ်နန္ဒနှင့် အစောင့်များသည် နန်းတော်ကြီးအတွင်းသို့ ရောက်ရှိလာကာ နန်းတော်စောင့်များကို အကျိုးအကြောင်း ပြောပြသဖြင့် နန်းတော်စောင့်များသည် သီဟရာဇာ ဘုရင်ကြီးထံ ဝင်ရောက်ပြီး လျှောက်ထားကြပေသည်။

ဘုရင်ကြီး၏ အမိန့်အရ ဗိုလ်နန္ဒအား လေသာဆောင်ကို ခေါ်ဆောင်လာပေသည်။

လေသာဆောင်အတွင်းသို့ ဗိုလ်နန္ဒ ရောက်ရှိလာသောအခါ သီဟရာဇာ ဘုရင်ကြီးသည် သလွန်ပေါ်တွင် တင်ပါးလွှဲ ထိုင်နေရာမှ ကြောက်စိတ်ကင်းမဲ့စွာဖြင့် မိမိ၏ရှေ့တွင် ကျွန်ရှေ့ရ ရပ်ပြီး ခစားနေသော ဗိုလ်နန္ဒအား ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး စကားမပြောဘဲ အတန်ကြာ မျက်မှောင်ကြုတ်ပြီး စဉ်းစားနေပေသည်။

ပြီးမှတစ်ဖန် ဗိုလ်နန္ဒနှင့် အတူပါလာသော အမှုထမ်းများအား လေသာဆောင်မှ ထွက်ခွာသွားကြရန် လက်ဟန်ဖြင့် အမိန့်ပေးလိုက်ရာ အမှုထမ်းများသည် ဘုရင်ကြီးအား အရိုအသေပြုကာ ဗိုလ်နန္ဒအား ဘုရင်ကြီးနှင့်အတူ ထားခဲ့ပြီး အလိုက်သိစွာ အပြင်သို့ ထွက်သွားကြပေသည်။

"ကဲ ... မောင်ရှုပ ... ဘာများ လျှောက်တင်ချင်သေးသလဲ၊ ဘုရင်မင်းမြတ် ပေးအပ်လိုက်တဲ့ တာဝန်တွေကို မောင်ရှုပ ထမ်းရွက်ခြင်း မရှိဘဲ ပျက်ကွက်ခဲ့ပြီ မဟုတ်လား"



သီဟရာဇာ ဘုရင်ကြီးသည် ဗိုလ်နန္ဒအား စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

"မှန်လှပါ၊ ဘုရင်မင်းမြတ်အား လျှောက်ထားစရာ ဘာမှအကြောင်းမရှိပါ"

ဗိုလ်နန္ဒက ကျွန်ရှေ့ရရပ်ပင် ပြန်ဖြေလိုက်သည်။

"မောင်ရှုပနှင့် ဘုရင်မင်းမြတ် ထားတော်မူခဲ့သည့် ကတိအတိုင်း မောင်ရှုပသည် ဘုရင်မင်းမြတ် ပေးအပ်လိုက်သည့် တာဝန်ကို ပျက်ကွက်သဖြင့် မောင်ရှုပရဲ့ အသက်နှင့် ခန္ဓာကိုယ်ကို ငါဘုရင်မင်းမြတ်လက်ကို အပ်နှံဖို့သာလျှင် ရှိတော့သည် မဟုတ်ပါလော"

သီဟရာဇာ ဘုရင်ကြီးက မေးခွန်းထုတ်လိုက်ပြန်သည်။

"မှန်လှပါ၊ ကျွန်ုပ် ယခု ရောက်ရှိလာခြင်းမှာလည်း ကျွန်ုပ်ထားရှိခဲ့သည့် ကတိအတိုင်း ကျွန်ုပ်၏အသက်နှင့် ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ်၏လက်သို့ အပ်နှံရန် ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏ အသက်ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ်၏လက်သို့ အပ်နှံပြီးပြီ ဖြစ်ပါ၍ ... ဘုရင်မင်းမြတ် ... ထားတော်မူခဲ့သည့် ကတိအတိုင်း ကျွန်ုပ်၏တပည့် ၉ ဦးအား ယခုပင် လွှတ်ပေးပါလော့"

ဗိုလ်နန္ဒက ပြန်ပြီး အရေးဆိုလိုက်သည်။

"ငါဘုရင်မင်းမြတ်သည် သက်ဦးဆံပိုင်ဘုရင် ဖြစ်လင့်ကစားမင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်တော်မူသော မင်းကောင်းမင်းမြတ် ဖြစ်သည်နှင့်အညီ မောင်ရှုပအား ပေးထားခဲ့သည့် ကတိစကားအတိုင်း ယနေ့ညနေ တောင်စွယ်တွင် နေကွယ်လျှင် မောင်ရှုပ၏တပည့် ၉ ဦးအား လွှတ်ရာကျွတ်ရာသို့ သွားခွင့်ပြုတော်မူမည် ... မောင်ရှုပ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍မူကား ဘုရင်မင်းမြတ်သည် စိုးစဉ်းမျှ ကျေနပ်ခြင်းမရှိ၊ ဘုရင်မင်းမြတ် ယုံယုံကြည်ကြည်နှင့် ပေးလိုက်သည့် တာဝန်ကို ပျက်ကွက်စေခဲ့သည်သာမက ဘုရင်မင်းမြတ်၏

www.burmeseclassic.com

www.burmeseclassic.com



အလိုတော်နှင့် ဆန့်ကျင်ပြီး ပြုလုပ်ခဲ့သည်ကို မောင်ရှုပ မည်သို့ ဓားဒက တက်မည်နည်း"

သီဟရာဇာ ဘုရင်ကြီးက ပြန်ပြီးပြောလိုက်သည်။

"ဓားဒက တက်စရာ မလိုပါ ... ဓားဒက တက်လိုသည့် ဆန္ဒလည်း မရှိပါ၊ ကျွန်ုပ် ထားရှိခဲ့သည့် ကတိအရ ကျွန်ုပ်၏ အသက်နှင့် ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ်လက်သို့ လာရောက် အပ်နှံပြီးပြီဖြစ်၍ ဘုရင်မင်းမြတ် အလိုတော်ကျ ပြည့်ဝပြီ မဟုတ်ပါလော"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဘုရင်မင်းမြတ်၏ အလိုတော် ပြည့်ဝခြင်း မရှိပါ၊ စန္ဒာဒေဝီ ဘုရင်မအား အသေရရ အရှင်ရရ လက်ရဖမ်းဆီးပြီး ဘုရင်မင်းမြတ်ထံ အပ်နှံရမည်ဟု အမိန့်တော် ချမှတ်လိုက်သည်ကို မောင်ရှုပသည် စန္ဒာဒေဝီ ဘုရင်မအား ယခင်ကထက် အင်အားကြီးမားအောင် လုပ်ဆောင်ပေးခဲ့သည်မှာ မဟုတ်ပါလော"

"ဘုရင်မင်းမြတ် မိန့်ကြားသည့်အတိုင်း အမှန်ဖြစ်ကြောင်းပါ"

"သုခ ဘုရင်ယုတ်ကို မောင်ရှုပကိုယ်တိုင် ရှင်းလင်းသုတ်သင်ပစ်လိုက်ပြီ ဖြစ်တဲ့အတွက် စန္ဒာဒေဝီ ဘုရင်မ၏ အာဏာစက်သည် သုဝဏ္ဏ နိုင်ငံတော်ကိုပါ ပျံ့နှံ့ပြီး ပိုမို၍ တန်ခိုးကြီးမားသော ဘုရင်မဖြစ်လာပြီ မဟုတ်တုံလော"

"ဤအတိုင်း မှန်ပါသည် ... စန္ဒာဒေဝီ ဘုရင်မသည် ယခင်ထက်ပင် ဆတက်ထမ်းပိုး တန်ခိုးအင်အား ကြီးမားပြီး စေတုတ္တရာနိုင်ငံတော်နှင့် သုဝဏ္ဏ နိုင်ငံတော်ကို နှစ်ပြည့်တစ်ပြည်အဖြစ် စိုးမိုးသိမ်းပိုက်ပြီး ငြိမ်းချမ်းသာယာစွာ စိုးမိုး အုပ်ချုပ်သွားနိုင်ပါစေလို့လည်း ကျွန်ုပ် ဆုတောင်းပါသည်"

"ဘုရင်မင်းမြတ် ယုံယုံကြည်ကြည်နဲ့ ပေးအပ်လိုက်တဲ့ တာဝန်ကို သွေဖည်ပြီး စန္ဒာဒေဝီ ဘုရင်မရဲ့ တန်ခိုးအင်အား ကြီးမားအောင်



လုပ်ပေးထားတာဟာ ဘုရင်မင်းမြတ်အပေါ်မှာ သစ္စာဖောက်ရာ မကျဘူးလား ... ဘုရင်မင်းမြတ်အား မောင်ရှုပ ပေးခဲ့သော ကတိကို ဖောက်လဲဖောက်ပြန် ပြုလုပ်ရာ မရောက်ဘူးလား၊ ဘုရင်မင်းမြတ်ရဲ့ မေးခွန်းကို ဖြေစမ်းပါ"

"ဖြေဆိုစရာ မလိုပါ ... ကျွန်ုပ်ကိုယ်တိုင် ဘုရင်မင်းမြတ် ရှေ့တော်မှောက်သို့ လာရောက်ပြီး အသက်နဲ့ ခန္ဓာကို အပ်နှံပြီး ဖြစ်သဖြင့် ကျွန်ုပ် ဆောင်ရွက်ခဲ့သည့် ကိစ္စများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဓားဒက တက်လိုသောဆန္ဒ မရှိပါ"

"မောင်ရှုပရဲ့ လျှောက်တင်ချက်အရဆိုလျှင် ... မောင်ရှုပသည် ဘုရင်မင်းမြတ်အပေါ် သစ္စာဖောက်ကြောင်း ဝန်ခံသည် မဟုတ်ပါလော"

"ဘုရင်မင်းမြတ်အား သစ္စာဖောက်ခြင်း မဟုတ်ပါ၊ သူရဲကောင်းတို့မည်သည် အားနွဲ့သော မိန်းမသားအား ကူညီရိုင်းပင်းရန် တာဝန်ရှိသဖြင့် သူရဲကောင်း ပီသစွာ ကူညီ ရိုင်းပင်းခဲ့မိခြင်းသာ ဖြစ်ပါသည်"

"စန္ဒာဒေဝီ ဘုရင်မအား ကူညီရိုင်းပင်းခြင်းအားဖြင့် ဘုရင်မင်းမြတ်အပေါ်တွင် သစ္စာဖောက်ပြီး ဘုရင်မင်းမြတ် ရည်မှန်းထားသည့် ပန်းတိုင်ကို မျက်ခြည်ပြတ်သွားအောင် ပြုလုပ်ခဲ့ခြင်း မဟုတ်လား"

"မှန်လှပါ ... စန္ဒာဒေဝီ ဘုရင်မသည် အားနွဲ့သော မိန်းမသားဖြစ်၍ ရန်သူများလည်း ဝိုင်း၍နေပေသည်၊ ဘုရင်မင်းမြတ်မှာမူ တန်ခိုးအင်အား ကြီးမားသော ဘုရင် ဖြစ်ပါသည်။ ရန်သူများ ဝိုင်းနေသည့် အားနွဲ့သူကို ဖမ်းဆီးပြီး တန်ခိုးအင်အား ကြီးမားသော ဘုရင်မင်းမြတ်လက်သို့ အပ်နှံရမည်ဆိုလျှင် တရားရာရောက်မည် မဟုတ်ပါ၊ ကျွန်ုပ်သည် သူရဲကောင်း ပီသစွာ မှန်ရာဘက်ကို လိုက်ခဲ့ပါသည်... ဘုရင်မင်းမြတ်၏ အလိုတော်ကျ မဆောင်ရွက်နိုင်သည့်အတွက် ကျွန်ုပ်၏ အသက်နှင့် ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ်ထံ လာရောက်အပ်နှံပြီးဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ် ကျေနပ်တော်မူသင့်ပါပြီ ... ထိုမှတစ်ပါးလည်း တောင်စွယ်တွင် နေကွယ်တော့မည် ဖြစ်သည်ကို ဘုရင်မင်းမြတ် သတိပြုတော်မူပါ"

ဗိုလ်နန္ဒသည် အနောက်ဧါယာသို့ ယွန်းလုဆဲဆဲ နေလုံးကြီးကို ကြည့်ရင်း လျှောက်တင်လိုက်သည်။

"မောင်ရှုပ သေချင်လှပြီလား"

"ဘုရင်မင်းမြတ် ... ဘုရင်မင်းမြတ်အား လူတစ်ယောက်အနေနဲ့ လူချင်းပြောသလို ပြောရမယ်ဆိုလျှင် ကျွန်ုပ်တွင် ကြီးမားသော သံယောဇဉ် ငြိတွယ်လျက် ရှိနေသဖြင့် ယခုအခြေအနေတွင် သေရမည့်ဘေးကို အလွန်တရာမှ ကြောက်ရွံ့ပါသည် ... ဤစကားသည် အမှန်ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ် သေမှသာ အားလုံး အေးချမ်းမည် ဖြစ်သဖြင့် ဘုရင်မင်းမြတ်၏ အလိုတော်ကျ အသေခံရန် ရောက်ရှိလာခြင်း ဖြစ်ပါသည် ... ကျွန်ုပ်အား စိတ်ဆင်းရဲအောင် မနှိပ်စက်ပါနှင့်၊ ဘုရင်မင်းမြတ် ကတိအတိုင်း ကျွန်ုပ်၏တပည့် ၉ ဦးအား ကျွန်ုပ်၏မျက်မှောက်တွင် လွှတ်ပေးပြီး ကျွန်ုပ်အား အဆုံးစီရင်ပါတော့"

"ကောင်းပြီ ... ဒီလောက်တောင် သေချင်လျှင် သေစေရမည်၊ သို့ရာတွင် ကျွန်ုပ်အလို ဖီဆန်ခဲ့သူ ဖြစ်သဖြင့် မောင်ရှုပအား ချက်ချင်း မသတ်ဘဲ မသေမရှင် ညှဉ်းဆဲပြီးမှ သတ်ရန် ကြံရွယ်တော်မူသည်၊ မောင်ရှုပ မည်သို့ သဘောရသနည်း"

"ဘဝကဝဋ်ကြွေး မကုန်သေးလျှင် ဘုရင်မင်းမြတ် ပြုသမျှ ခံရမည် ဖြစ်သည်ကို အသင့်အတင့် နှလုံးသွင်းခဲ့ပြီးဖြစ်၍ စိုးစဉ်းမျှ ကြောက်ရွံ့ခြင်း မရှိကြောင်းပါ ... သို့ရာတွင် ပြုသူအသစ် ဖြစ်သူ အယောင်း ဆိုသည့်စကားအရ ဘဝသံသရာတွင် ဘုရင်မင်းမြတ် ကျွန်ုပ်ကဲ့သို့ပင် ခံရဦးမည်ဖြစ်၍ ဘုရင်မင်းမြတ်အတွက် သနားမိပါသေးသည်"



ဗိုလ်နန္ဒက ကြောက်ရွံ့သည့် အမူအရာ မပြဘဲ ပြန်ပြောလိုက်ရာ သီဟရာဇာ ဘုရင်မင်းမြတ်သည် ဗိုလ်နန္ဒ၏ အင်္ဂါရုပ်ကို ခြေဆုံး ခေါင်းဆုံး အနုလုံပဋိလုံကြည့်ပြီး အတန်ကြာ စဉ်းစားနေပေသည်။

ပြီးမှတစ်ဖန် သလွန်ပေါ်တွင် တင်ပါးလွှဲ ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ပြီး လက်နှစ်ဖက်ကို နောက်သို့ပစ်ခါ လေသာဆောင်အတွင်းတွင် ထောနင်းထောနင်းနှင့် စင်္ကြံလျှောက်ရင်း အကြံယူနေပေသည်။

"ဒီမှာ ... မောင်ရှုပ၊ ဘုရင်မင်းမြတ် အပါးကို တိုးခစားစမ်း"

သီဟရာဇာ ဘုရင်မင်းမြတ်သည် အချိန်အတန်ကြာ စင်္ကြံလျှောက်ရင်း အကြံယူနေရာမှ သလွန်ပေါ်တွင် ပြန်ထိုင်လိုက်ပြီး ဗိုလ်နန္ဒအား အပါးသို့ခေါ်လိုက်သည်။

"သာယာရွှေပြည် နိုင်ငံတော်က မောင်ရှုပ ထွက်သွားတဲ့နေ့ကစပြီး မောင်ရှုပ ဘာတွေလုပ်နေတယ်ဆိုတာ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် အထောက်တော်များလွှတ်ပြီး သတင်းထောက်လှမ်းခိုင်းခဲ့တယ်၊ မောင်ရှုပ စေတုတ္တရာ နိုင်ငံတော်ကို ရောက်ရတဲ့အချိန်ကစပြီး နေ့စဉ်နှင့်အမျှ မောင်ရှုပ ဘာတွေ လုပ်ခဲ့တယ် ဆိုတဲ့ သတင်းတွေကိုလည်း အထောက်တော်တွေဆီက သတင်းရလို့ အားလုံး သိပြီးပြီ"

သီဟရာဇာ ဘုရင်ကြီးသည် ဗိုလ်နန္ဒအား အပါးသို့ခေါ်ပြီး မိန့်တော်မူလိုက်သည်။

"စေတုတ္တရာ နိုင်ငံတော်တွင် သူလျှိုများ ခြေချင်းလိမ်၍ နေသဖြင့် ဘုရင်မင်းမြတ်ထံ သတင်းများ ရောက်ရှိနေခြင်းမှာ မထူးဆန်းပါ"

"အထောက်တော်တွေထံမှ ပေးပို့သော သတင်းများအရ စန္ဒာဒေဝီ ဘုရင်မသည် မောင်ရှုပအား ဘုရင်မရဲ့ သက်တော်ရှည် အမတ်ကြီးအဖြစ် မြှောက်စားခဲ့ပုံတွေကို ဘုရင်မင်းမြတ် ကြားသိတော်မူသည်"

"ဘုရင်မင်းမြတ်၏ အထောက်တော်များသည် မှန်ကန်သော သတင်းများကို ပေးပို့သူများဖြစ်၍ ချီးကျူးမိပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာဒေဝီ ဘုရင်မ ကိုယ်တော်တိုင်က မောင်ရှုပအား သက်တော်ရှည် အမတ်ကြီးအဖြစ် မြှောက်စားတော်မူပါလျက် အဘယ်ကြောင့် ယခုကဲ့သို့ အသေခံရန် လာရောက်ရသနည်း"

"ဘုရင်မင်းမြတ်အား ပေးထားခဲ့သည့် ကတိအတိုင်း လာရောက်အပ်နှံခြင်း ဖြစ်ပါသည်"

"ကောင်းပြီ ... ဤအတိုင်းမှန်လျှင် မောင်မင်း ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ခဲ့သမျှ မောင်မင်း မည်ရွေ့မည်မျှ အကျိုးခံစားရသနည်း၊ အကျိုးမခံစားရဘဲ ဘာကြောင့် ရှုပ်ရှုပ်ချွံချွံ စွန့်စွန့်စားစား လုပ်ခဲ့ရသနည်း"

"မှန်လှပါ ... ကျွန်ုပ် ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ခဲ့ခြင်းမှာ ကျွန်ုပ်အကျိုးခံစားရန်အတွက် မဟုတ်၊ အားနွဲ့သော စန္ဒာဒေဝီ ဘုရင်မနှင့် အပြစ်ကင်းစင်သော စေတုတ္တရာ နိုင်ငံတော်သူ နိုင်ငံတော်သားများ အထူးသဖြင့် မိန်းမနှင့် ကလေးများအတွက် အသေခံပြီး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်၊ ကျွန်ုပ်၏ရည်ရွယ်ချက် အောင်မြင်ပြီဖြစ်၍ ကျေနပ်ပါပြီ"

"စန္ဒာဒေဝီ ဘုရင်မအတွက် မောင်ရှုပ အသေခံပြီး ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ခဲ့ပုံကို ထောက်ရှုခြင်းအားဖြင့် စန္ဒာဒေဝီ ဘုရင်မအပေါ်တွင် မောင်ရှုပ ထားရှိသည့် မေတ္တာ စေတနာ ကြီးမားကြောင်း ဝန်ခံရာ မရောက်ပါလော"

"ဤကိစ္စမှာ ကျွန်ုပ် ကိုယ်ရေးကိုယ်တာ ကိစ္စမျှသာဖြစ်၍ ဘုရင်မင်းမြတ်၏ မေးခွန်းကို ဖြေကြားနိုင်ခြင်း မပြုနိုင်ပါ ... မသေမီ စပ်ကြားတွင် စိတ်မချမ်းသာစရာ စကားများလည်း မကြားလိုပါ"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"မောင်ရှုပက စန္ဒာဒေဝီ ဘုရင်မအပေါ်တွင် ကြီးမားသော မေတ္တာစစ်ဖြင့် ချစ်မြတ်နိုးသလို စန္ဒာဒေဝီ ဘုရင်မက မောင်ရှုပ အပေါ်မှာ မဆွတ်ခင်က ညွတ်နေတယ် ဆိုတာကော မှန်သလား"



သီဟရာဇာ ဘုရင်ကြီးသည် ဆက်လက်၍ မေးခွန်းထုတ်လိုက်ပြန်သည်။

"ဘုရင်မင်းမြတ် သေရမည့်သူကို အသေမဖြောင့်အောင် စိတ်ကညှဉ်းဆဲတော်မမူပါနဲ့၊ ကျွန်ုပ်၏ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ် စိတ်တိုင်းကျ ထင်သလို ညှဉ်းဆဲလိုက ညှဉ်းဆဲပါ။ ကျွန်ုပ်အား ညှဉ်းဆဲ သတ်ဖြတ်ခြင်း မပြုမီသာ ကျွန်ုပ်၏တပည့် ၉ ယောက်နှင့် ခေတ္တ တွေ့ခွင့်ပြုတော်မူပါ"

ဗိုလ်နန္ဒသည် ဘုရင်ကြီး၏မေးခွန်းကို မဖြေဘဲ စကားကိုလွှဲပြီးပြောလိုက်သည်။

"မောင်ရှုပရဲ့ တပည့် ၉ ဦးကို မကြာမီပင် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး မောင်ရှုပနှင့် လွတ်လပ်စွာ တွေ့ခွင့်ပြုပါမည်။ ထိုအတောအတွင်း ဘုရင်မင်းမြတ် မေးသော မေးခွန်းများကို ဖြေဆိုပါလော"

"ဤမေးခွန်းများကို ကျွန်ုပ် ဖြေဆိုခြင်းငှာ မစွမ်းပါ။ ဘုရင်မင်းမြတ်၏ အထောက်တော်များထံမှ ကြားသိရသည့် သတင်းများအပေါ်တွင် အမှီပြုကာ ဘုရင်မင်းမြတ် အဖြေကိုရအောင် ရှာတော်မူပါ၊ ကျွန်ုပ်၏ စိတ်နှလုံး မချမ်းသာအောင် ဤရွေ့ဤမျှ ညှဉ်းဆဲရလျှင်ကျေနပ်လောက်ပြီဟု ယူဆပါသည်"

ဗိုလ်နန္ဒသည် မရွှင်ပျသော မျက်နှာထားဖြင့် သီဟရာဇာ ဘုရင်ကြီးအား တောင်းပန်လိုက်ရာ ဘုရင်ကြီးသည် တစ်စုံတစ်ရာ ပြန်မပြောဘဲ သလွန်ပေါ်မှ ထလိုက်ပြီးလျှင် လက်နှစ်ဖက်ကို နောက်သို့ပစ်ခါလေသာဆောင်အတွင်း၌ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်ရင်း အတန်ကြာ စဉ်းစားနေပြန်သည်။

ဗိုလ်နန္ဒမှာမူ သီဟရာဇာ ဘုရင်ကြီး ထော့နဲ့ ထော့နဲ့နှင့် စင်္ကြံလျှောက်နေသည်ကိုကြည့်ရင်း စိတ်ထဲတွင် မချင့်မရဲ ဖြစ်၍နေပေသည်။ တပည့် ၉ ယောက်နှင့် တွေ့လိုသည့် ဆန္ဒမှာလည်း ပြင်းပြသည်ထက်ပြင်းပြလာပေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဘုရင်မင်းမြတ် ... အဘယ်ကြောင့် အချိန်ကို အလဟဿ ဖြုန်းတီးနေပါသနည်း၊ ကျွန်ုပ်၏တပည့် ၉ ယောက်အား လွှတ်မည်ဆိုလျှင် ယခုပင် လွှတ်ပါ၊ ကျွန်ုပ်၏ တပည့်များနှင့် ကျွန်ုပ် ခေတ္တမျှ တွေ့ဆုံပြီး ဩဝါဒပေးပြီးလျှင် ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ် ကြိုက်သလို စီရင်တော်မူပါ၊ မကြာမီပင် တောင်စွယ်တွင် နေကွယ်တော့မည် ဖြစ်ပါသည်”

ဗိုလ်နန္ဒသည် စိတ်ထဲတွင် မချင့်မရဲ ဖြစ်လာသဖြင့် ဘုရင်ကြီးအား လှမ်းပြီး လျှောက်တင်လိုက်သည်။

“မောင်ရှပ ... ဒါလောက်တောင် သေချင်လှပြီလား”

ဘုရင်မင်းမြတ်က ဗိုလ်နန္ဒအား ပြန်မေးလိုက်သည်။

“လောကတွင် သေရမည်ကို မကြောက်သောသူ မရှိပါ၊ သို့ရာတွင် သေရမည်ကို သိပြီးသည့်နောက် အချိန်ဆွဲနေခြင်းသည် သေရမည့်သူကို ပို၍စိတ်ဆင်းရဲအောင် ညှဉ်းဆဲသည်နှင့် တူနေပါသဖြင့် အချိန်ဆွဲပြီး စိတ်ဆင်းရဲအောင် မညှဉ်းဆဲဖို့ တောင်းပန်နေခြင်း ဖြစ်ပါသည်”

ဗိုလ်နန္ဒသည် သီဟရာဇာ ဘုရင်ကြီးအား ဆက်လက်၍ လျှောက်တင်လိုက်ရာ သီဟရာဇာ ဘုရင်ကြီးသည် ဗိုလ်နန္ဒ အနီးသို့ ချဉ်းကပ်လာပြီး ဗိုလ်နန္ဒ၏ ပခုံးနှစ်ဖက်ကို ဘုရင်ကြီး၏လက်ဖြင့် ဆုပ်ကိုင်ပြီး ဗိုလ်နန္ဒ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

“ဒီမှာ မောင်ရှပ ... မောင်ရှပကို ဘုရင်မင်းမြတ် လွှတ်ငြိမ်းချမ်းသာခွင့် ပေးမယ်ဆိုရင် မောင်ရှပ ဘယ်လို သဘောထားမလဲ”

သီဟရာဇာ ဘုရင်ကြီးသည် တည်ကြည်ခံ့ညားသည့် မျက်နှာအားဖြင့် မေးလိုက်ရာ ဗိုလ်နန္ဒသည် မမျှော်လင့်သော စကားများကို ကြားရသဖြင့် ရုတ်တရက်သော် ကြက်သေ သေ၍ သွားပေသည်။

ပြီးမှတစ်ဖန် မျက်နှာမှ နားထင်ကြောကြီးများသည် ထောင်းခနဲ ထလာကာ မျက်စိကိုစုံမှိတ်ပြီး အံကြိတ်လိုက်သည်။



“ဘုရင်မင်းမြတ် မဖြစ်နိုင်သော စကားကို မိန့်တော်မမူပါနှင့်၊ သေရအံ့ဆဲဆဲ ဖြစ်သော ကျွန်ုပ်အား အသက်ဘေးမှ ချမ်းသာပေးမည်ဟု မျှော်လင့်ချက်ပေးကာ စိတ်ဆင်းရဲအောင် ညှဉ်းဆဲတော် မမူပါနှင့်၊ ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ် ကြိုက်နှစ်သက်သလို ညှဉ်းဆဲတော်မူပါ၊ ကျွန်ုပ်၏စိတ်ကိုမူ ညှဉ်းဆဲတော်မမူပါရန် တောင်းပန်ပါသည်”

ဗိုလ်နန္ဒသည် တုန်ယင်သော အသံများဖြင့် ဘုရင်ကြီးအား တိုးလျှိုး တောင်းပန်ရင်း မျက်နှာကို လက်ဝါးဖြင့် အုပ်၍ထားပေသည်။

သီဟရာဇာ ဘုရင်ကြီးမှာမူ ဗိုလ်နန္ဒ၏အမူအရာကို အတန်ကြာ မျက်မှောင်ကြုတ်၍ကြည့်ရင်း စဉ်းစား၍နေပေသည်။ ပြီးမှတစ်ဖန် ဗိုလ်နန္ဒ၏ပခုံးကိုပုတ်ပြီး မိမိ၏ နောက်တော်ပါးမှ လိုက်လာရန် ဟန်အမူအရာဖြင့် ပြလိုက်ပြီးလျှင် ဗိုလ်နန္ဒ၏ရှေ့မှ ထော့နင်း ထော့နင်း လျှောက်၍သွားပေရာ ဗိုလ်နန္ဒသည် ဘုရင်ကြီးနောက်မှ တဖြည်းဖြည်း လိုက်ပါသွားပေသည်။

သီဟရာဇာ ဘုရင်ကြီးသည် ဗိုလ်နန္ဒအား လေသာဆောင် ဝရန်တာသို့ ခေါ်ဆောင်သွားပေရာ ဗိုလ်နန္ဒသည် ဘုရင်ကြီး၏ နောက်တော်ပါးမှ တစ်ဖဝါးမကွာ လိုက်ပါသွားပေသည်။

လေသာဆောင် ဝရန်တာမှတစ်ဆင့် လှမ်းမျှော်၍ ကြည့်လိုက်ရာ ကားစင်ကြီး ၉ ခုကို တွေ့မြင်ရပြီး ကားစင်ကြီး ၉ ခု၏အနီးတွင် မြို့သူမြို့သားများ ဝိုင်းအုံကြည့်ရှုနေကြသည်ကို မြင်ရပေသည်။ ကားစင်တစ်ခုစီ၏ ခြေရင်းတွင် ဗိုလ်နန္ဒ၏တပည့် ၉ ဦးသည် သံခြေချင်းများဖြင့် အစောင့်ကိုယ်စီခြံရံကာ ကားစင်ပေါ်တက်ပြီး အသတ်ခံရန် အသင့်ရောက်ရှိနေကြသည်ကို ဗိုလ်နန္ဒ တွေ့မြင်ရပေသည်။

သီဟရာဇာ ဘုရင်ကြီးသည် လေသာဆောင် ဝရန်တာမှနေပြီး ရှုစားတော်မူနေရာမှ လက်ခုပ်တီးလိုက်ရာ လေသာဆောင် အဝင်ဘက်

www.burmeseclassic.com

www.burmeseclassic.com



တွင် စောင့်နေသော အမှုထမ်းတစ်ဦးသည် အရေးတကြီး ဝင်လာပြီး ဘုရင်ကြီးအပါးတွင် ရှိသေစွာ ခစား၍နေပေသည်။

"အာဏာသား ပါးကွက်ကို ဘုရင်မင်းမြတ် ရှေ့မှောက်သို့ ယခု ချက်ချင်း အခစားဝင်စေ၊ ရာဇဝတ်သားတွေကိုလည်း ကားစင်ပေါ် မတင်ဖို့ အမိန့်ပေးလိုက်"

ဘုရင်မင်းမြတ်က အမိန့်တော်မြွက် မှတ်လိုက်ရာ ဘုရင့်အပါးသို့ လာရောက် ခစားလျက်ရှိသော အမှုထမ်းသည် ဘုရင်အပါးမှ ထသွားပြီး လူအများ ဝိုင်းအုံနေသည့် အကြားမှ ဖြတ်သန်းကာ အာဏာသား ပါးကွက်အား ဘုရင့်အမိန့်တော် မှတ်လိုက်သည့်အတိုင်း ဖောက်သည် ချလိုက်ပေသည်။

အာဏာသားပါးကွက်သည် မိမိ၏ တပည့်များအား ရာဇဝတ်သားများကို ကားစင်ပေါ်သို့ မတင်သေးဘဲ ခေတ္တဆိုင်းငံ့ထားရန် မှာကြားပြီး ဘုရင်မင်းမြတ်ထံ ရေးကြီးသုတ်ပျာ ခစားဝင်ရန် ထွက်ခွာသွားပေသည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘုရင်မင်းမြတ်ထံပါး အခစား ရောက်ကြောင်းပါ"

အာဏာသား ပါးကွက်သည် ဘုရင်မင်းမြတ်အပါးတွင် ခစား ရင်း လျှောက်တင်လိုက်သည်။

"ယနေ့ညနေ တောင်စွယ် နေကွယ်လျှင် ကားစင်တင်ပြီး သတ်ရန် ဘုရင်မင်းမြတ် အမိန့်တော် ချမှတ်ထားသည့် ရာဇဝတ်သား ၉ ဦးအား လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပြီဖြစ်၍ ၎င်းတို့အား သွားလိုရာသို့ သွားခွင့်ပြုတော်မူလိုက်သည်။ ဘုရင်မင်းမြတ်၏ အမိန့်တော် အတိုင်း မောင်မင်း အာဏာသား ပါးကွက်သည် တစ်သဝေမတိမ်း လိုက်နာကာ အကျဉ်းသား ၉ ဦးအား ယခုချက်ချင်း လွှတ်ပစ်စေ၊ ငါ ဘုရင်မင်းမြတ်၏ အမိန့်တော်ကို ရေးမှတ်ရန် စာရေးတော်ကြီးအား အခစားဝင်စေ၊ အမိန့်တော်"



ဘုရင်မင်းမြတ်က အမိန့်တော်မြွက် ချမှတ်လိုက်ရာ အာဏာသား ပါးကွက်သည် သားသမင်ကို လက်ဝယ် ဖမ်းဆီးရမိပြီးမှ ပြန်လွှတ် လိုက်ရသည့် မုဆိုးပမာ စိတ်လက် မကြည်မသာ ဖြစ်သွားသော်လည်း ဘုရင်၏ အမိန့်တော်ကို မလွန်ဆန်ဝံ့သဖြင့် ဘုရင်၏အမိန့်တော်ကို ဦးထိပ်ပဝယ်ပန်ဆင်ကာ လူထုပရိသတ်အလယ်တွင် ညှိုးငယ်စွာဖြင့် သေရမည့်အချိန်ကို စောင့်ဆိုင်းနေကြသော ဗိုလ်နန္ဒ၏တပည့် ၉ ဦး အား ဘုရင်မင်းမြတ်၏ အမိန့်တော်ကို ပြန်ကြားလိုက်ပြီးလျှင် လွှတ်ရာ ကျွတ်ရာသို့ သွားခွင့်ပြုလိုက်ပေရာ သေရအံ့ဆဲဆဲတွင် သေဘေးမှ လွတ်မြောက်လာကြသဖြင့် တစ်ဦး၏လည်ပင်းကို တစ်ဦးဖက်ကာ လူထုပရိသတ်ကြားမှ ထွက်ခွာသွားကြသည်ကို ဗိုလ်နန္ဒသည် ကျေနပ် သည့် အမူအရာဖြင့် ကြည့်၍နေပေသည်။

"ကျွန်ုပ်၏တပည့် ၉ ဦးအား ဘုရင်မင်းမြတ်သည် ကတိတည် ကြည်စွာဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသဖြင့် ကျေးဇူးအထူး တင်ရှိပါသည်။ ကျွန်ုပ် မသေမီ ကျွန်ုပ်၏တပည့် ၉ ဦးနှင့် ကျွန်ုပ် ခေတ္တ တွေ့ခွင့်ပြုတော်မူပါ"

ဗိုလ်နန္ဒသည် ဘုရင်၏ နောက်တော်ပါးတွင် ရပ်နေရာမှ ဘုရင် မင်းမြတ်အား မိမိ၏လိုအင်ဆန္ဒကို လျှောက်တင်လိုက်သည်။

ဘုရင်မင်းမြတ်သည် တစ်စုံတစ်ရာ အဖြေမပေးဘဲ လေသာ ဆောင်ထဲသို့ ပြန်ဝင်သွားပြီးလျှင် ဗိုလ်နန္ဒအား ၎င်းနှင့်အတူ လိုက်ပါ လာရန် လက်ဟန်ခြေဟန်ဖြင့် ခေါ်သွားသဖြင့် ဗိုလ်နန္ဒသည် ဘုရင်၏ နောက်တော်ပါးမှ ကပ်ပြီး လိုက်ပါသွားပေသည်။

လေသာဆောင်တွင်းသို့ ပြန်ရောက်သောအခါ သီဟရာဇာ ဘုရင်ကြီးသည် သလွန်ပေါ်တွင် တင်ပါးလွှဲထိုင်လိုက်ပြီးလျှင် ဗိုလ်နန္ဒ ၏ တည်ကြည်ခံ့ညားသော မျက်နှာကို စေ့စေ့ကြည့်၍နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရှုပ ... ဘုရင်မင်းမြတ် အမိန့်တော်မှတ်မည် ... အမိန့်တော်ကို နာခံစေ"

သီဟရာဇာ ဘုရင်ကြီးသည် သန်လျက်တော်ကို ဆွဲကိုင်ကာ အမိန့်တော်မှတ်ရန် နိဒါန်းပျိုးလိုက်ရာ ဗိုလ်နန္ဒသည် ဘုရင်၏ရှေ့မှောက်တွင် ရှိသေစွာ ခစားပြီး အမိန့်တော်ကို နာခံ၍နေပေသည်။

"ဘုရင်မင်းမြတ်သည် မောင်ရှုပအား တောင်စွယ်တွင် နေကွယ်လျှင် အာဏာသားပါးကွက် လက်သို့ အပ်ပြီး ကွပ်မျက်စေ အမိန့်တော်ချမှတ်ရန် ကြံတော်မူခဲ့သည်၊ သို့ရာတွင် မောင်ရှုပအား ကွပ်မျက်တော်မမူလို၊ မောင်ရှုပအား လွတ်ရာကျွတ်ရာသို့ သွားခွင့်ပြုတော်မူလိုက်သည် ... ဘုရင့်အမိန့်တော်"

သီဟရာဇာ ဘုရင်မင်းမြတ်သည် အမိန့်တော်မြွက်ကို မှတ်တော်မူလိုက်ရာ ဗိုလ်နန္ဒသည် မမျှော်လင့်သော စကားများကို ကြားရသဖြင့် မူးမိုက်သွားပေရာ မျက်စိကို စုံမှိတ်လိုက်ပြီး မိမိကိုယ်ကိုမိမိ လဲမသွားအောင် မနည်းထိန်းထားရပေသည်။ သီဟရာဇာ ဘုရင်မင်းမြတ် ချမှတ်တော်မူသည့် အမိန့်မှာ တကယ်ပင် ဖြစ်လေသလော၊ စိတ်ကူးယဉ် အိပ်မက်များ ဖြစ်နေသလော ဟူ၍လည်း ဒွိဟသံသယဖြစ်ခါ မျက်စိကို တစ်ဖန် ဖွင့်ကြည့်လိုက်မိပေသည်။ သီဟရာဇာ ဘုရင်ကြီးမှာမူကား ဗိုလ်နန္ဒအား ပြုံးပြုံးကြီး ကြည့်နေသည်ကို မြင်ရသောအခါ ဗိုလ်နန္ဒသည် သီဟရာဇာ ဘုရင်ကြီး၏ ခြေသလုံးကို ပြေးဖက်လိုက်ပေသည်။

"ဘုရင်မင်းမြတ် ... ဘုရင်မင်းမြတ်၏ ကျေးဇူးကား ကြီးမားလှပေစွ ... ဘုရင်မင်းမြတ်၏ကျေးဇူးကို ဆပ်၍ကုန်နိုင်အံ့မထင်၊ ကျွန်ုပ်အား အသက်ဘေးမှ ချမ်းသာခွင့်ပေးသည့်အတွက် ဘုရင်မင်းမြတ်အား မည်သို့မည်ပုံ ကျေးဇူးဆပ်ရပါမည်နည်း ... ဘုရင်မင်းမြတ် အလိုတော်ရှိတော်မူပါက ကျွန်ုပ် မကြာမီ ပိုင်ဆိုင်တော့မည့် သုဝဏ္ဏ နိုင်ငံတော်အား ဘုရင်မင်းမြတ်လက်သို့ ဆက်သပါအံ့"



ဗိုလ်နန္ဒသည် သီဟရာဇာ ဘုရင်ကြီး၏ ခြေသလုံးကိုဖက်ရင်း စိတ်ထဲတွင်ရှိသမျှ လျှောက်တင်လိုက်သည်။

"ဘုရင်မင်းမြတ်အား ကျေးဇူးဆပ်စရာ မလို ... သုဝဏ္ဏ နိုင်ငံတော်နှင့် စေတုတ္တရာ နိုင်ငံတော်၏ ဘုရင်အဖြစ်သို့ မောင်ရှုပ ရောက်ရှိသည့်အခါတွင်သာ မောင်ရှုပ၏ ချစ်ကြည်မှုကို ဘုရင်မင်းမြတ် ရယူတော်မူလိုသည် ... မောင်ရှုပကဲ့သို့ နှလုံးရည် ပြည့်ဝသူအား ဘုရင်မင်းမြတ် ရန်ပြုတော်မူလိုသော ဆန္ဒမရှိ၊ မိတ်ဆွေအဖြစ်သာ အလိုရှိတော်မူသည်"

သီဟရာဇာ ဘုရင်ကြီးသည် ဗိုလ်နန္ဒအား ဆွဲထူရင်း ပြောလိုက်သည်။ ပြီးလျှင် ဗိုလ်နန္ဒအား ပြုံးပြုံးကြီး ကြည့်၍နေပေသည်။

ထိုအတောအတွင်း လေသာဆောင်အောက်မှ ဆူဆူညံညံ အသံများ ကြားရသဖြင့် ဘုရင်မင်းမြတ်သည် ဗိုလ်နန္ဒနှင့်အတူ လေသာဆောင် ဝရန်တာသို့ထွက်ပြီး ကြည့်လိုက်ရာ ဘုရင်မင်းမြတ်၏ စစ်သည်တော် ဗိုလ်ပါများ ခြံရံကာ ဘုရင်မင်းမြတ် စံနေတော်မူသည့် လေသာဆောင်သို့ မြင်းကိုယ်စီဖြင့် လာနေသော စစ်ဝတ်စစ်စားနှင့် စန္ဒာဒေဝီ ဘုရင်မကို လည်းကောင်း၊ ဘုရင်မ၏နောက်တော်ပါးမှကပ်၍ စစ်သူကြီး ဗန္ဓုကနှင့် သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါတို့ပါ လိုက်ပါလာကြသည်ကို လည်းကောင်း တွေ့မြင်လိုက်ရသဖြင့် ဘုရင်ကြီးနှင့် ဗိုလ်နန္ဒသည် ကြက်သေ သေကာ ငေးစိုက်ပြီး ကြည့်နေမိပေသည်။

မကြာမီ အဆောင်မှူးသည် ဘုရင်ကြီးထံသို့ ဝင်ရောက်ခစားပြီး စေတုတ္တရာ နိုင်ငံတော် စန္ဒာဒေဝီ ဘုရင်မက သီဟရာဇာ ဘုရင်ကြီးနှင့် တွေ့လိုကြောင်း လျှောက်ထားနေစဉ်မှာပင် စန္ဒာဒေဝီ ဘုရင်မသည် တည်ကြည်သော မျက်နှာထားဖြင့် ဘုရင်ကြီး၏ အဆောင်တော်အတွင်း ရဲဝံ့စွာ ဝင်၍လာပေသည်။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၃၄

စန္ဒာဒေဝီ ဘုရင်မသည် ရဲရင့်တည်ကြည်သော မျက်နှာထားဖြင့် သီဟရာဇာ ဘုရင်ကြီးအား မျက်နှာချင်းဆိုင်လိုက်သည်။ စစ်သူကြီး ဗန္ဓကနှင့် သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါတို့မှာလည်း ဘုရင်မအား ဝဲယာ ခြံရံလျက် ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြပေသည်။ စစ်သူကြီး ဗန္ဓကမှာမူ တိုက်ပွဲတွင် ရရှိခဲ့သည့် ဒဏ်ရာကြောင့် ခြေထောက် ထော့နင်းထော့နင်း ဖြစ်နေသည်ကို သတိပြုမိပေသည်။

စန္ဒာဒေဝီ ဘုရင်မမှာ စစ်သူကြီး အဝတ်အစားကို ဝတ်ဆင်ကာ ကျောက်စီဓားကြီးကိုလွယ်လျက် သီဟရာဇာ ဘုရင်ကြီး၏ ရှေ့တည့်တည့်တွင်ရပ်ပြီး ဘုရင်ကြီးအား စိန်းစိန်းကြီးကြည့်၍ နေပေသည်။ မိမိ၏လက်ယာဘက်တွင် ရပ်နေသော ဗိုလ်နန္ဒကိုမူ စန္ဒာဒေဝီ ဘုရင်မသည် တစ်ချက်မျှပင် စောင်းငဲ့၍မကြည့်ပေ။

“သာယာရွှေပြည် နိုင်ငံတော်ကြီးကို စိုးမိုးပိုင်သတော်မူသော သီဟရာဇာ ဘုရင်မင်းမြတ် ... ကျွန်ုပ် ယခု လာရောက်ခြင်းမှာ ကျွန်ုပ်၏ကျေးဇူးရှင် ကိုရှုပအား ဘုရင်မင်းမြတ်ထံမှ ရွေးယူရန်အတွက် လာရောက်ခြင်း ဖြစ်သည်။ ကျွန်ုပ်၏ ကျေးဇူးရှင် ကိုရှုပအစား ကျွန်ုပ်၏ အသက်နှင့် ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ်၏လက်သို့ ကျွန်ုပ် အပ်နှံပါသည် ... ကျွန်ုပ်အား သတ်လိုက သတ်ပါလော ... အကျဉ်းချလိုကလည်း အကျဉ်းချပါလော ... ကျွန်ုပ်၏အသက်နှင့် ခန္ဓာကိုယ်ကို



ဘုရင်မင်းမြတ်ထံ အပ်နှံသည့် အထိမ်းအမှတ်ဖြင့် ကျွန်ုပ်၏ ခမည်းတော်၏ လက်သုံးတော် ကျောက်စီဓားအား ဘုရင်မင်းမြတ်၏လက်သို့ ဆက်သပါသည်၊ ကျွန်ုပ်၏ အသက်နှင့် ခန္ဓာကိုယ်ကို ဘုရင်မင်းမြတ်လက်သို့ အပ်နှံပြီးပြီ ဖြစ်ပါ၍ ကျွန်ုပ်၏ကျေးဇူးရှင် ကိုရှုပအား ယခုပင် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး လွတ်ရာကျွတ်ရာသို့ သွားပါစေ”

စန္ဒာဒေဝီ ဘုရင်မသည် ပြောပြောဆိုဆို လက်သုံးတော် ကျောက်စီဓားကို သီဟရာဇာ ဘုရင်ကြီး၏ လက်သို့ ဆက်သလိုက်ပြီးလျှင် ကြက်သေသေပြီး ငေးစိုက်ကြည့်နေသော ဗိုလ်နန္ဒအား လှမ်းကြည့်လိုက်ရာ အကြည့်ချင်းဆုံသွားပြီး တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်ဘဲ အတန်ကြာ ငေးစိုက်ပြီး ကြည့်နေမိကြပေသည်။

ပါးစပ်မှ စကားမပြောနိုင်သော်လည်း စန္ဒာဒေဝီ ဘုရင်မ၏ မျက်လုံးများနှင့် ဗိုလ်နန္ဒ၏ မျက်လုံးများသည် စကားအလုံးပေါင်း ထောင်သောင်းမက အဓိပ္ပာယ်လေးနက်သည့် အသွင်ကို ဆောင်၍နေပေရာ သီဟရာဇာ ဘုရင်ကြီးသည် ချစ်သူနှစ်ဦး၏ မျက်လုံးချင်း ပြောဆိုနေသည့် စကားများကို နားထဲတွင် ကြားယောင်သကဲ့သို့ ဖြစ်ပေါ်၍လာကာ မိမိ၏ အဖော်မဲ့သည့်ဘဝကို စဉ်းစားမိကာ ချစ်သူနှစ်ဦးအပေါ်တွင် ကိုယ်ချင်းစာနာစိတ်များ တဖွားဖွား ပေါ်ပေါက်၍ လာပေသည်။

“စေတုတ္တရာပြည့်ရှင် စန္ဒာဒေဝီ ဘုရင်မ ကျွန်ုပ်၏လက်သို့ အပ်သည့် ကျောက်စီဓားကို ယခုကဲ့သို့ လက်နက်ချ အရှုံးပေးသည့်နည်းဖြင့် ပေးအပ်ခြင်းကို ကျွန်ုပ် လက်မခံလို၊ ဤကျောက်စီဓားသည် ကျွန်ုပ် ပိုင်ဆိုင်ခွင့်မရှိ၊ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝသည့် ဘုရင်မ၏ကျေးဇူးရှင် မောင်ရှုပနှင့်သာ အထိုက်တန်ဆုံးဖြစ်၍ ကျွန်ုပ်အား ဆက်သမည့်အစား မောင်ရှုပ လက်သို့ အပ်နှင်းလိုက်ပါလော”

သီဟရာဇာ ဘုရင်ကြီးသည် ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီဘုရင်မတို့ မျက်လုံးချင်း စကားပြောနေကြသည်ကို ကြည့်ရင်း စိတ်ထဲတွင် အလိုလို

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးသလိုလို ဖြစ်လာသဖြင့် ဘုရင်မ၏ ကျောက်စီဓားကြီးကို ပြန်၍ ပေးအပ်ရင်း ပြောလိုက်သည်။

စန္ဒာဒေဝီ ဘုရင်မမှာမူ သီဟရာဇာ ဘုရင်ကြီး ပြောလိုက်သည့် စကားအဓိပ္ပာယ်ကို နားမလည်သဖြင့် ဘုရင်ကြီးအား ငေးစိုက်ပြီး ကြည့်နေမိပေသည်။

"ဘုရင်မ ... ဘုရင်မအား စကားတစ်ခွန်း နှစ်ခွန်း ပြောစရာ ရှိသဖြင့် ဝရန်တာသို့ ခေတ္တကြွတော်မူပါ"

သီဟရာဇာ ဘုရင်ကြီးသည် စန္ဒာဒေဝီ ဘုရင်မအား လေးစားစွာ ဖိတ်ခေါ်ပြီး ဘုရင်ကြီးသည် ရှေ့မှ ထော့နင်း ထော့နင်းနှင့် ဝရန်တာ ဘက်သို့ ထွက်ခွာသွားပေရာ စန္ဒာဒေဝီ ဘုရင်မသည် ကျောက်စီဓား ကြီးကို ပြန်၍လွတ်လိုက်ပြီးလျှင် မိုလ်နန္ဒအား တစ်ချက် စောင်းငဲ့ကြည့် လိုက်ပြီးလျှင် ဘုရင်ကြီးနောက်သို့ လိုက်ပါသွားပေသည်။

ဝရန်တာတွင် သီဟရာဇာ ဘုရင်ကြီးနှင့် စန္ဒာဒေဝီ ဘုရင်မတို့ သည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်စွာဖြင့် စိတ်ပါလက်ပါ အချေ အတင် ပြောဆိုနေကြသည်ကို မြင်ရသောအခါ မိုလ်နန္ဒမှာ စိတ်ထဲတွင် အလိုလို ပီတိဖြစ်နေပြီး မိမိနှင့်အတူ ကျန်ရစ်ခဲ့သည့် စစ်သူကြီး ဗန္ဓက နှင့် သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါတို့ အနီးသို့ ချဉ်းကပ်သွား ပေသည်။

"ဘယ်ပုံဘယ်နည်း ဖြစ်လာကြတယ်ဆိုတာ ကျွန်တော့်ကို ရှင်းပြ ကြစမ်းပါဦး"

မိုလ်နန္ဒသည် သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါနှင့် စစ်သူကြီး ဗန္ဓကအား မေးလိုက်သည်။

"ယနေ့မနက် ညီလာခံဝင်ချိန်မှာ ဘုရင်မက မောင်ရှုပရဲ့ရောဂါ ဘယ်လိုနေသေးသလဲလို့ မေးတော်မူတယ်၊ ရောဂါ သက်သာပြီဖြစ်တဲ့ အကြောင်းလည်း သမားတော်ကြီးက လျှောက်တဲ့အခါ မောင်ရှုပရဲ့



အဆောင်တော်ကို ဘုရင်မ ကိုယ်တော်တိုင် ကူးတော်မူမယ်လို့ အမိန့် တော် မှတ်တော်မူတယ် ... အဲဒီနောက် လက်စွဲတော် မယ်သစွာနဲ့အတူ မောင်ရှုပရဲ့ အဆောင်တော် ကူးတဲ့အခါ မောင်ရှုပကို မတွေ့တဲ့အတွက် တစ်နန်းတော်လုံး ပွက်လောရိုက်သွားတာပဲ၊ ဒီအချိန်မှာ နန်းတော်စောင့် တွေက မနက်စောစော အရုဏ်တက်ချိန်မှာ မောင်ရှုပရယ်၊ ကျော်ဇေယျ ရယ်၊ နေမျိုးရယ် နန်းတော်က ထွက်ခွာသွားတဲ့အကြောင်း လျှောက် တင်ကြတယ်၊ ဘုရင်မမှာလည်း မောင်ရှုပအတွက် မြင်းစေကျော်တွေ လွှတ်ပြီး အနှံ့အပြား ရှာခိုင်းတယ် ... နေ့လယ်လောက်ကျမှ နေမျိုးနဲ့ ကျော်ဇေယျတို့ ပြန်လာကြတာတွေ့လို့ ဘုရင်မရဲ့ရှေ့တော်ကို ကျုပ် ကိုယ်တိုင် ခေါ်ဆောင်သွားတယ်"

သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါက တဖြည်းဖြည်း ရှင်းပြ နေပေသည်။

"အင်း ... ဒီလိုဆိုရင် ကျွန်တော့်ကိုယ်ကျွန်တော် အသေခံဖို့ သာယာရွှေပြည်နိုင်ငံကို သွားပြီဆိုတဲ့အကြောင်း ကျော်ဇေယျက ဘုရင်မ ကို သံတော်ဦးတင်လိုက်တယ် ဆိုပါတော့ ... ဒီကောင်ကို နည်းနည်း ကလေးမှ ပါးစပ်မငြိမ်ဘူး"

"ဒီလိုလည်း မဟုတ်ပါဘူး၊ နေမျိုးကရော ကျော်ဇေယျကပါ ဘူးကွယ်ကြပါတယ်၊ ဒါပေမဲ့ ဘုရင်မက အင်မတန် ဉာဏ်သွားတဲ့ ဘုရင်မ ဖြစ်လေတော့ နေမျိုးကို ယုဇနနဲ့ လွှတ်ပေးလိုက်ပြီး ယုဇနကို နေမျိုးဆီက စကားရအောင် အစ်ထုတ်ခိုင်းလို့ အကျိုးအကြောင်း သိရ တာပါ"

"နေမျိုး ဆိုတဲ့အကောင်ကလည်း မိန်းမနဲ့တွေ့တော့ အရည် ပျော်သွားတာပဲ၊ ဒါနဲ့ ဘုရင်မက ဘာဖြစ်လို့ လိုက်လာရတာလဲ"

"သာယာရွှေပြည် ဘုရင်ကြီးက စန္ဒာဒေဝီ ဘုရင်မကို အသေ ရှုရှု အရှင်ရရ ဖမ်းဆီးပြီး ဆက်သရမယ်လို့ မောင်ရှုပကို တာဝန်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ဒီတာဝန်အတိုင်း မဆောင်ရွက်နိုင်ရင် ၃ လ စေ့တဲ့နေ့မှာ မောင်ရှုပကိုယ်တိုင်လာပြီး အသက်နဲ့ခန္ဓာကိုယ်ကို အပ်နှံရမယ်။ ဒီလိုမှ မအပ်နှံရင် သီဟရာဇာ ဘုရင်ကြီးဆီမှာ ကျန်ရစ်ခဲ့တဲ့ မောင်ရှုပရဲ့ တပည့် ၉ ဦးကို သတ်ပစ်မယ် ဆိုတာကို ဘုရင်မ သိသွားလို့ သူ့အတွက် တော့ မောင်ရှုပ မသေစေရဘူး၊ မောင်ရှုပက စန္ဒာဒေဝီ ဘုရင်မကို သာယာရွှေပြည် ဘုရင်ကြီးရဲ့ လက်ကို မဆက်သရက်ပေမယ့် ဘုရင်မ ကိုယ်တော်တိုင် သူ့အသက်နဲ့ ခန္ဓာကိုယ်ကို ဆက်သပြီး မောင်ရှုပကို ကယ်တင်မယ်ဆိုပြီး ထွက်လာခဲ့တာပါ"

"အင်း ... ဒီလိုဆိုတော့လည်း စန္ဒာဒေဝီ ဘုရင်မဟာ နှလုံးရည် ပြည့်ဝသားပဲ"

ဗိုလ်နန္ဒက ချီးကျူးစကား ပြောလိုက်သည်။

ဝရန်တာတွင်မူကား သီဟရာဇာ ဘုရင်ကြီးနှင့် စန္ဒာဒေဝီ ဘုရင်မ တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ရယ်မောမော ပြောဆိုနေကြသည်ကို တွေ့မြင်ရပေသည်။

"မောင်ရှုပရဲ့နောက်ကို ဘုရင်မကိုယ်တိုင် ဘာဖြစ်လို့ လိုက်လာ ရတာလဲ၊ ဘုရင်မကိုယ်တိုင် လာရွေးမှ မောင်ရှုပကို ပြန်လွှတ်မယ် ဆိုတာ ဘယ်သူက ပြောသလဲ"

သီဟရာဇာ ဘုရင်ကြီးက စန္ဒာဒေဝီ ဘုရင်မအား မေးလိုက် သည့်အသံကို ဗိုလ်နန္ဒ ကြားလိုက်ရသဖြင့် ဘုရင်မ၏အဖြေကို နားစွင့် ၍နေပေသည်။

"ဘုရင်မင်းမြတ်က ဘုရင်မကို အရှင်ရရ၊ အသေရရ ဖမ်းဆီး ပြီး ဘုရင်မင်းမြတ်ထံ သုံးလအတွင်း ဆက်သရမယ်၊ မဆက်သနိုင်ရင် ကိုရှုပကိုယ်တိုင် ဘုရင်မင်းမြတ်ထံ လာရောက်ပြီး အသက်နဲ့ခန္ဓာကိုယ် ကို အပ်နှံရမယ်လို့ အမိန့်ပေးလိုက်တယ် မဟုတ်လား၊ ကိုရှုပက ဘုရင်မ ကို ဘုရင်မင်းမြတ်ရဲ့လက်ကို မဆက်သရက်ဘဲ သူ့ကိုယ်သူ အသေ



ခံဖို့ ထွက်လာတာကို ဘုရင်မ သိလို့ ဘုရင်မကိုယ်တိုင် ဘုရင်မ လာပြီး အပ်နှံတာပါ"

ဘုရင်မက ပြန်ပြောလိုက်သည်။

"အင်း ... တစ်ဦးအပေါ်တစ်ဦး တယ်ပြီး မေတ္တာထားကြပါ ကလား၊ မောင်ရှုပကလည်း စန္ဒာဒေဝီအတွက်ဆိုရင် အသက်ပေးပြီး ခုခံကာကွယ်ပေးခဲ့တယ်။ စန္ဒာဒေဝီကလည်း မောင်ရှုပအတွက် အသက် ချင်းလဲဖို့တောင် အသင့်ရှိတယ်ဆိုတော့ ..."

သီဟရာဇာ ဘုရင်ကြီးသည် စကားဆုံးအောင် မပြောဘဲ စန္ဒာ ဒေဝီ ဘုရင်မအား လှမ်းကြည့်လိုက်ရာ စန္ဒာဒေဝီ ဘုရင်မသည် ရှက် စနိုးသော အမူအရာဖြင့် တစ်ဖက်သို့ လှည့်သွားသည်ကို ဗိုလ်နန္ဒ သတိ ပြုလိုက်မိပေသည်။

မကြာမီ သီဟရာဇာ ဘုရင်ကြီးနှင့် စန္ဒာဒေဝီ ဘုရင်မတို့သည် လေသာဆောင် အတွင်းသို့ ပြန်၍ဝင်လာကြပြီးလျှင် စန္ဒာဒေဝီ ဘုရင်မ သည် ဗိုလ်နန္ဒအနီးတွင် ဝင်၍ရပ်လိုက်ပေသည်။

"သုဝဏ္ဏ နိုင်ငံတော်၏ ဘုရင်လောင်း မောင်ရှုပနှင့် စေတုတ္တရာ နိုင်ငံတော် ဘုရင်မ စန္ဒာဒေဝီ၊ ကျွန်ုပ် သီဟရာဇာ ဘုရင်ကြီးသည် လူမျိုးချင်း၊ ဘာသာချင်း၊ ယဉ်ကျေးမှုချင်း တူညီသည့် သုဝဏ္ဏ– စေတုတ္တရာ နှင့် သာယာရွှေပြည် ဤသုံးနိုင်ငံကို ရွှေသုံးပြား တစ်ပြားတည်း ဖြစ်အောင် ဂဟေဆက်ကာ အင်အားကြီးမားသော နိုင်ငံအဖြစ် ထူထောင် လိုသော ဆန္ဒဖြင့် လက်နက်အားကိုး လမ်းစဉ်ကို အသုံးပြုခဲ့မိသည်။ သို့ရာတွင် ထိုလမ်းစဉ်၏အမှားကို ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင် သိမြင်လာပြီဖြစ်၍ ယနေ့မှစ၍ လက်နက်အားကိုး အနိုင်ကျင့်သည့် လမ်းစဉ်ကို စွန့်လွှတ်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လက်နက် နည်းဖြင့် သုံးနိုင်ငံကို တစ်နိုင်ငံတည်း ဖြစ်အောင် သိမ်းပိုက်တိုက်ခိုက် ခြင်းထက် မေတ္တာတရား ရှေ့ထားကာ မဟာမိတ်စာချုပ်တစ်ခု ချုပ်ဆို

www.burmeseclassic.com

www.burmeseclassic.com



နိုင်မည်ဆိုလျှင် ကျွန်ုပ်၏ရည်ရွယ်ချက် အောင်မြင်ပြီဟု ယူဆပါသည်။ ကျွန်ုပ်၏ တင်ပြချက်ကို မောင်ရှုပနှင့် စန္ဒာဒေဝီ ဘုရင်မတို့ သဘောတူကြပါ၏လော"

သီဟရာဇာ ဘုရင်ကြီးသည် တည်ကြည်ခံ့ညားသည့် အမူအရာဖြင့် ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီ ဘုရင်မအား တစ်လှည့်စီ ကြည့်ရင်း ပြောလိုက်သည်။

"ဘုရင်မင်းမြတ်၏ အကြံပေးချက်ကို ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာ လက်ခံပါသည်။ ယနေ့မှစ၍ သုဝဏ္ဏနှင့် စေတုတ္တရာ နှစ်နိုင်ငံသည် သာယာရွှေပြည် နိုင်ငံတော်၏ မဟာမိတ်အဖြစ်သို့ ရောက်ရှိပြီဟု မှတ်ယူတော်မူပါ"

ဗိုလ်နန္ဒက ပြန်လည်ဖြေဆိုလိုက်ပေသည်။

ဤသို့ အချေအတင် ပြောဆိုနေကြစဉ် နန်းတော်အတွင်းအပြင်အတွင် ဆူဆူညံညံ ပြေးလွှားကြသည့် အသံများကို ကြားရသဖြင့် သီဟရာဇာ ဘုရင်ကြီးသည် ဝရန်တာမှ ထွက်၍ကြည့်လိုက်ရာ မြို့သူမြို့သားများနှင့် နန်းတွင်းသူ နန်းတွင်းသားများသည် ဟစ်တိုင်အနီးသို့ ကြောက်အားလန့်အားနှင့် ပြေးလွှားလာကြသည်ကို တွေ့ရပေသည်။

"ကယ်တော်မူပါဘုရား ... ကယ်တော်မူပါဘုရား၊ သာယာရွှေပြည် မြို့တော်ကြီးကို စေတုတ္တရာ နိုင်ငံတော်မှ စစ်သည်တော်များ ဝိုင်းရံထားပါပြီ ဘုရား ... ကယ်တော်မူပါဘုရား"

ဟစ်တိုင်မှ စူးစူးဝါးဝါး အော်လိုက်သည့် အသံများကို ကြားရသဖြင့် သီဟရာဇာ ဘုရင်ကြီးသည် စန္ဒာဒေဝီ ဘုရင်မနှင့် ဗိုလ်နန္ဒကို ခေါ်ပြီး နန်းမြင့်ပေါ်မှ တက်၍ကြည့်လိုက်ရာ နန်းတော်မြို့ရိုး အပြင်ဘက်တွင် ဓား၊ လှံ၊ လက်နက်မျိုးစုံ ကိုင်ဆောင်လာသည့် စေတုတ္တရာ နိုင်ငံတော် စစ်သည်တော်များ ဝိုင်းရံထားသည်ကို တွေ့မြင်ရသဖြင့် သီဟရာဇာဘုရင်ကြီးသည် စန္ဒာဒေဝီဘုရင်မအား လှည့်ကြည့်လိုက်သည်။



"အကြည်တော် သီဟရာဇာ ဘုရင်မင်းမြတ် ... ယခု သာယာရွှေပြည် မြို့တော်ကို ဝိုင်းရံထားသည့် စစ်သည်တော်များမှာ ဘုရင်မ၏ အမိန့်အရ ဝိုင်းဝန်းခြင်း မဟုတ်သည်ကို သံသယကင်းရှင်းစွာဖြင့် ယုံကြည်တော်မူစေလိုပါသည်။ ဘုရင်မ၏နောက်မှ မည်သူမျှ လိုက်မလာရန် ဘုရင်မ ကိုယ်တော်တိုင် အမိန့်တော် ချမှတ်ခဲ့သည်ကို ဘုရင်မင်းမြတ် ယုံကြည်တော်မူပါ"

စန္ဒာဒေဝီ ဘုရင်မသည် သီဟရာဇာ ဘုရင်ကြီးအား ရှင်းပြလိုက်ပေသည်။

"စန္ဒာဒေဝီ ဘုရင်မ၊ ဘုရင်မအပေါ်တွင် ကျွန်ုပ်သည် စိုးစဉ်းမျှ ယုံမှားသံသယ မဖြစ်ပါ၊ ဘုရင်မ၏ မြင့်မြတ်သော စိတ်ထားကို ကျွန်ုပ်လေးစားပါသည်။ အကျိုးအကြောင်း သိရှိနိုင်စေရန် ဘုရင်မနှင့် ကျွန်ုပ် မြို့ရိုးပေါ်သို့သွားပြီး စုံစမ်းထောက်လှမ်းကြရအောင်"

သီဟရာဇာ ဘုရင်ကြီးသည် စန္ဒာဒေဝီ ဘုရင်မအား ခေါ်ပြီး နန်းမြင့်ပေါ်မှ ဆင်းလာကာ ကြောက်လန့်တကြားနှင့် ပြေးလွှားနေသော မြို့သူမြို့သားများနှင့် စစ်သည်တော်များကို အရေးတကြီး ဆင့်ခေါ် စုရုံးလျက်ရှိသော စစ်တပ်များ အကြားမှ ရဲရင့်တည်ကြည်စွာဖြင့် လာခဲ့ကြပြီးလျှင် မြို့ရိုး တံခါးပေါ်ရှိ ပြအိုးပေါ်သို့ တက်၍လာခဲ့ကြပေသည်။ စန္ဒာဒေဝီ ဘုရင်မမှာလည်း ဘုရင်ကြီး၏နောက်ပါးမှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြပေသည်။

မြို့တံခါးဝပေါ်ရှိ ပြအိုးပေါ်သို့ သီဟရာဇာ ဘုရင်ကြီး ရောက်လာသည်နှင့် တစ်ပြိုင်နက် မြို့ရိုးကို ဝိုင်းရံထားသည့် စေတုတ္တရာ စစ်သည်တော်များနှင့် တောတွင်းသားများ အကြားမှ မြင်းကိုယ်စီဖြင့် မြို့ရိုး၏ခြေရင်းသို့ လှံရှည်ကြီးများ ကိုင်ဆောင်ကာ ချီတက်လာသော စစ်သည်တော် ၂ ဦးကို မြင်ရပေသည်။

www.burmeseclassic.com



ထိုသူ ၂ ဦးမှာ အခြား မဟုတ်၊ နေမျိုးနှင့် ကျော်ဇေယျပင် ဖြစ်ပေသည်။

"သွေးဆာနေတဲ့ ဘုရင်ယုတ် သုမနေ သွားရာလမ်းကို လိုက်မလား၊ ဘုရင်မနဲ့ မောင်ရှုပကို ပြန်လွှတ်မလား၊ ကြိုက်ရာလမ်းကို ရွေးလော"

ကျော်ဇေယျ၏ အောင်မြင်သော အသံကြီးသည် ပတ်ဝန်းကျင် တစ်ခုလုံးကို ပဲ့တင်ဟည်း၍သွားပေသည်။

ကျော်ဇေယျ အသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် စန္ဒာဒေဝီ ဘုရင်မသည် သီဟရာဇာ ဘုရင်ကြီး၏ရှေ့တွင် ဝင်ရပ်လိုက်ပြီး လျှင် မိမိ လွယ်ထားသည့် ကျောက်စီဓားကြီးကို ဘုရင်အား ပေးအပ်လိုက်ပေသည်။ ထိုနောက် စန္ဒာဒေဝီ ဘုရင်မသည် ကျော်ဇေယျနှင့်တကွ စေတုတ္တရာ နိုင်ငံတော်မှ စစ်သည်တော်များအား လှမ်းကြည့်လိုက်သည်။

"ဘုရင်မ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေကြသော စစ်သည်တော် ဗိုလ်ပါအပေါင်းတို့၊ သာယာရွှေပြည် နိုင်ငံတော် သီဟရာဇာ ဘုရင်မင်းမြတ်သည် စေတုတ္တရာ နိုင်ငံတော်၏ ရန်သူ မဟုတ်၊ ယခုအချိန်မှ အစပြု၍ မိတ်ဆွေအဖြစ် ဘုရင်မ အသိအမှတ် ပြုလိုက်ပြီ၊ ဘုရင်မ၏ လက်စွဲတော်ဓားကို သီဟရာဇာ ဘုရင်မင်းမြတ်အား ဘုရင်မ၏ အကြည်တော်အဖြစ် ပေးအပ်လိုက်သည်ကို မြင်ကြရပြီ မဟုတ်လော ..."

စန္ဒာဒေဝီ ဘုရင်မသည် ကြည်လင်ပြတ်သားသော အသံဖြင့် ပြောကြားလိုက်ရာ စေတုတ္တရာ စစ်သည်တော်များသည် ဘုရင်မ ပြောသော စကားများကို ငြိမ်သက်စွာ နားထောင်၍ နေကြပေသည်။

"ဘုရင်မ၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော မြို့စားကြီး ကျော်ဇေယျနှင့် မြို့စားကြီး နေမျိုး ... ဘုရင်မ၏ စစ်သူကြီးများကို



ခေါ်ဆောင်ကာ နန်းတော်တွင်းသို့ အေးချမ်းစွာ ဝင်လာခဲ့ကြလော ... ကျန်စစ်သည်ဗိုလ်ပါများသည် မြို့ပြင်တွင် ငြိမ်းချမ်းစွာ စခန်းချ၍ နေခဲ့ကြလော ... မည်သူ့ကိုမျှ ရန်မမူရ၊ ဘုရင်မ၏ အမိန့်တော် ..."

စန္ဒာဒေဝီ ဘုရင်မက အမိန့်တော်မှတ်လိုက်ရာ ကျော်ဇေယျနှင့် နေမျိုးတို့သည် စစ်သူကြီးများကို ခေါ်ဆောင်ကာ မြို့ရိုးအတွင်းသို့ ကြွရွရွ ဝင်လာကြသည်။ ကျန်စစ်သည်တော်များမှာမူကား လူစုခွဲကာ မြို့ပြင်တွင် စခန်းချ၍ နေရစ်ခဲ့ကြပေသည်။ သီဟရာဇာ ဘုရင်ကြီးနှင့် စန္ဒာဒေဝီ ဘုရင်မတို့ နန်းတော်တွင်း ပြန်လည်ကြွမြန်းလာကြသောအခါ စောစောက ထိတ်လန့်တကြား ပြေးလွှားနေကြသော မြို့သူမြို့သားများမှာ ကြည်သာရွှင်ပျသော အမူအရာဖြင့် သီဟရာဇာ ဘုရင်ကြီးနှင့် စန္ဒာဒေဝီ ဘုရင်မတို့အား လေးစားစွာ အရိုအသေပေး၍ နေကြပေသည်။ မြို့တော်ကို ခုခံရန် အသင့်ပြင်နေကြသော စစ်သည်တော်များမှာလည်း ဘေးရန်မရှိတော့သဖြင့် လူစုခွဲကာ မိမိတို့၏ တပ်စခန်းသို့ အသီးသီး ပြန်သွားကြသည်ကို တွေ့မြင်ရပေသည်။ မြို့သူမြို့သားအားလုံးမှာလည်း ဝမ်းသာအားရဖြစ်ခါ စန္ဒာဒေဝီ ဘုရင်မအား သက်တော်ရာကျော် ရှည်ပါစေ ဟူ၍ ဆုမွန်ကောင်းများ တောင်းနေကြသည့် အသံများဖြင့် ဆူညံ၍နေပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း–၃၅

သာယာရွှေပြည်၊ သုဝဏ္ဏနှင့် စေတုတ္တရာ နိုင်ငံများ၏ အလယ်ဗဟိုရှိ တစ်ချိန်က တောပုန်းများ ခိုအောင်းရာ ဒေသဖြစ်သော အင်ကြင်းမြိုင် တောတန်းကြီးမှာ မကြုံစဖူး ထူးကဲစွာ သာယာစိုပြည်လျက် ရှိပေသည်။

သာယာရွှေပြည် နိုင်ငံတော် သီဟရာဇာ ဘုရင်မင်းမြတ်၏ အကြံပေးချက်အရ သုဝဏ္ဏ နိုင်ငံတော်၏ တရားဝင် ဘုရင်အဖြစ်သို့ ရောက်ရှိလာသည့် မိုလ်နန္ဒ အမည်ခံ မောင်ရှုပနှင့် စေတုတ္တရာ နိုင်ငံတော် စန္ဒာဒေဝီ ဘုရင်မတို့အား ဖိုခနောက်ဆိုင် သုံးနိုင်ငံ၏ အလယ်ဗဟိုရှိ အင်ကြင်းမြိုင်တောတန်းကြီးတွင် ကြီးကျယ်ခမ်းနားသည့် သစ်ခက် တဲနန်းများ ဆောက်လုပ်ခါ စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာပြုရန်နှင့် ရာဇဘိသေက ခံယူရန် အစီအစဉ်များ ပြုလုပ်လျက်ရှိသဖြင့်လည်း အင်ကြင်းမြိုင် တောတန်းကြီးမှာ မကြုံစဖူး ထူးကဲစွာ စည်ကားစိုပြည်လျက် ရှိပေသည်။

လူမျိုးချင်း၊ ဘာသာချင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံချင်း တူညီသော နိုင်ငံများပင် ဖြစ်လင့်ကစား သူတစ်လူ ငါတစ်မင်း ဆိုသလို နေလာခဲ့ကြသဖြင့် သာယာရွှေပြည်၊ သုဝဏ္ဏနှင့် စေတုတ္တရာ နိုင်ငံသူ နိုင်ငံသားများမှာ သူစိမ်းပြင်ပြင် ဖြစ်လာခဲ့ကြရာမှ ယခုအခါတွင် … သုံးနိုင်ငံမှ ခေါင်းဆောင်များ ဖြစ်ကြသော သီဟရာဇာဘုရင်၊ စန္ဒာဒေဝီ ဘုရင်မနှင့် သုဝဏ္ဏ နိုင်ငံတော် ဘုရင်လောင်းဖြစ်သော မောင်ရှုပတို့၏



သုံးပြည်ထောင် မဟာမိတ်စာချုပ် ချုပ်ဆိုမှုကြောင့် အချင်းချင်း ရင်းရင်းနှီးနှီး ကူးလူးဆက်ဆံသည်သာမက သုံးနိုင်ငံစပ်ကြားရှိ အင်ကြင်းမြိုင်တောတန်းကို ဘောမဲ့ဒေသအဖြစ် သတ်မှတ်လိုက်သဖြင့် ထိုနေရာတွင် သုံးနိုင်ငံမှ နိုင်ငံသူ နိုင်ငံသားများ ပေါင်းဆုံမိကြပြီး နှစ်ပေါင်းများစွာ ကွဲကွာနေကြသော ဆွေမျိုးသားချင်းများ ပြန်လည် တွေ့ဆုံကြရသကဲ့သို့ ရွှင်လန်း၍နေကြသည်ကို တွေ့မြင်ရပေသည်။

ယနေ့သည်ကား သုဝဏ္ဏနိုင်ငံတော် မဟာသောဂ ဘုရင်ကြီး၏ တစ်ဦးတည်းသော သားတော် မောင်ရှုပအား စေတုတ္တရာ နိုင်ငံတော် စန္ဒာဒေဝီ ဘုရင်မနှင့် စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ပြုမည့်နေ့ ဖြစ်သည်သာမက သုဝဏ္ဏ နိုင်ငံတော်နှင့် စေတုတ္တရာ နိုင်ငံတော်တို့ နှစ်ပြည့်တစ်ပြည် ရွှေလမ်းဖောက်မည့် နေ့ထူးနေ့မြတ် ဖြစ်သဖြင့်လည်း အင်ကြင်းမြိုင် တောတန်းရှိ ကြီးကျယ်ခမ်းနားသည့် သစ်ခက်တဲနန်းကြီးများမှာ အောင်လံတော် တလွင့်လွင့်နှင့် ဖြစ်၍နေသည့်နည်းတူ သုဝဏ္ဏနှင့် စေတုတ္တရာ နိုင်ငံသူ နိုင်ငံသားများနှင့်အတူ ဧည့်သည်တော်များ ဖြစ်ကြသော သာယာရွှေပြည် နိုင်ငံသားများမှာလည်း တစ်သက်မှ တစ်ခါ ကြုံသည့် ပွဲတော်သို့ တက်ရောက်ရန် သစ်လွင်တောက်ပသော အဝတ်အစားများ ဝတ်ဆင်၍ စုရုံးလာရောက်ကြသည်မှာ စိတ်အား တက်ဖွယ်ရာပင် ဖြစ်ပေသည်။

သာယာရွှေပြည် နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်တော်မူသော သီဟရာဇာ ဘုရင်ကြီးသည် မိမိအတွက် အထူးတလည် ဆောက်လုပ်ပေးထားသည့် သစ်ခက်တဲနန်းရှိ မျှော်စင်ပေါ်မှနေ၍ စန္ဒာဒေဝီ ဘုရင်မနှင့် သုဝဏ္ဏ နိုင်ငံတော် ဘုရင်လောင်းလျာ ဖြစ်သော မောင်ရှုပတို့အား ဝဲယာခြံရံကာ သုံးနိုင်ငံမှ ပြည်သူလူထုက ရင်းနှီးချစ်ကြည်စွာဖြင့် အောင်ပွဲခံနေကြသည်ကို ကြည်လင်ရွှင်ပျသော အမူအရာဖြင့် ပြုံးပြုံးကြီး ကြည့်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူမျိုးချင်း ဘာသာချင်း မလေ့ထုံးစံချင်းတူတဲ့ နိုင်ငံလေး သုံးနိုင်ငံကို စုပေါင်းပြီး နိုင်ငံကြီး တစ်နိုင်ငံ အဖြစ်ကို ရောက်ရှိရေးအတွက် ဘုရင်မင်းမြတ်သည် လက်ရုံးရည် အားကိုးပြီး အကြိမ်ကြိမ် ကြိုးစားတော်မူခဲ့သော်လည်း အောင်မြင်ခြင်းမရှိပေ။ နှလုံးရည် ပြည့်ဝသော သုဝဏ္ဏနိုင်ငံတော် မဟာဘောဂ ဘုရင်ကြီး၏ သားတော် မောင်ရှုပ၏ ဆောင်ရွက်မှုကြောင့် ယခုလို သုံးပြည်ထောင် တညီတညွတ် တစ်စုတစ်ဝေးတည်း ဖြစ်မြောက်လာရသည်ကို ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ရှုစားတော်မူရသဖြင့် အတိုင်းမသိ ဝမ်းမြောက်တော်မူသည် ..."

သီဟရာဇာ ဘုရင်ကြီးသည် မိမိ၏စိတ်ထဲတွင် ပီတိဖြစ်နေသည်ကို ပါးစပ်မှ ဖွင့်ဟလိုက်သည်။

"ဘုရင်မင်းမြတ် နားဆင်တော်မူပါ ... ယခုကဲ့သို့ သာယာရွှေပြည် နိုင်ငံတော်ကြီးနှင့်တကွ စေတုတ္တရာနှင့် သုဝဏ္ဏ နိုင်ငံတော် မဟာမိတ် နိုင်ငံများအဖြစ် တပေါင်းတစည်းတည်း ဖြစ်လာရခြင်းမှာ ကျွန်ုပ်၏ ကြိုးစားမှုကြောင့်သာလျှင် မဟုတ်ပါ ... ဘုရင်မင်းမြတ်၏ စိတ်ထားမြင့်မြတ်မှု၊ သဘောထားကြီးမားမှု၊ တိုင်းပြည်အပေါ်တွင် စေတနာထားရှိမှုများကြောင့်သာ ဖြစ်သဖြင့် ဘုရင်မင်းမြတ်၏ ကျေးဇူးကြောင့်သာ ယခုကဲ့သို့ စည်းစည်းလုံးလုံး ဖြစ်လာရခြင်း ဖြစ်သည်ကို နှလုံးသွင်းတော်မူပါ"

ဗိုလ်နန္ဒ အမည်ခံ မောင်ရှုပက ပြန်ပြောလိုက်သည်။

"မောင်ရှုပ ပြောသော စကားများမှာ မှန်သင့်သလောက် မှန်သော်လည်း ဘုရင်မင်းမြတ်အား အမြင်မှန်ရလာအောင် နှလုံးရည် လမ်းစဉ်အရ လမ်းမှန်ပြသူမှာ မောင်ရှုပသာလျှင် ဖြစ်သည်၊ ဘုရင်မင်းမြတ် မျှော်မှန်းထားသည့်အတိုင်း သုံးပြည်ထောင်ကို စည်းစည်းလုံးလုံး ဖြစ်အောင် နှလုံးရည်ဖြင့် ဆောင်ရွက်ခဲ့သော မောင်ရှုပအား ဘုရင်မင်းမြတ်သည် ကျေးဇူးတင်၍ ဆုံးနိုင်မည်မဟုတ်၊ ဘုရင်မင်းမြတ်



၏ မှားယွင်းသော လက်ရုံးရည် လမ်းစဉ်ကြောင့် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ခြေထောက်တစ်ဖက် ဒဏ်ရာရခဲ့သည်သာမက အဖြစ်မရှိသော နိုင်ငံသူ နိုင်ငံသား၊ ကလေး မိန်းမများပါ သေကျေပျက်စီးခဲ့ရသည်။ စေတုတ္တရာနှင့် သုဝဏ္ဏ နိုင်ငံတော်တို့နှင့်လည်း ရန်သူဝမာ ဖြစ်ခဲ့ရသည်။ ဘုရင်မင်းမြတ်၏ လက်ရုံးရည် လမ်းစဉ်သည် မှန်ကန်သောလမ်းစဉ် မဟုတ်၊ မောင်ရှုပ၏ နှလုံးရည် လမ်းစဉ်သာ ထာဝစဉ် ငြိမ်းချမ်းသာယာရေးကို ဖန်တီးနိုင်မည် ဖြစ်သဖြင့် ယနေ့မှစပြီး သာယာရွှေပြည် နိုင်ငံတော်နှင့်တကွ သုဝဏ္ဏနှင့် စေတုတ္တရာ နိုင်ငံတော် သုံးနိုင်ငံအား တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းကာ မောင်ရှုပ၏လက်သို့ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် လွှဲအပ်ပေးလိုသောဆန္ဒ ရှိတော်မူသည်"

သီဟရာဇာ ဘုရင်မင်းမြတ်က မိမိ၏စေတနာကို ထုတ်ဖော်လိုက်သည်။

"သာယာရွှေပြည်၊ သုဝဏ္ဏနှင့် စေတုတ္တရာ သုံးနိုင်ငံကို တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းရန် ဘုရင်မင်းမြတ်၏ ရည်ရွယ်ချက်ကို ကျွန်ုပ် လေးလေးနက်နက် ထောက်ခံလိုပါသည်။ သို့ရာတွင် ထိုနိုင်ငံ သုံးနိုင်ငံကို တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းပြီးသောအခါ ကျွန်ုပ်သည် ထိုသုံးနိုင်ငံ၏ ဘုရင်အဖြစ်ကို မခံယူလို။ ကျွန်ုပ်၏ ဖခမည်းတော် ပိုင်ဆိုင်ခဲ့သည့် သုဝဏ္ဏ နိုင်ငံတော်နှင့်တကွ စန္ဒာဒေဝီ ဘုရင်မ စိုးမိုးပိုင်သသော စေတုတ္တရာ နိုင်ငံတော်ကိုပါ စန္ဒာဒေဝီ ဘုရင်မ သဘောတူပါက ဘုရင်မင်းမြတ် လက်ထဲသို့ လွှဲအပ်ပေးလိုသောဆန္ဒ ရှိပါသည်။ ဘုရင်မင်းမြတ်မှာ စိတ်ထားမြင့်မြတ်သူ ဖြစ်သည်သာမက အသက်အရွယ်အားဖြင့် လည်းကောင်း၊ အတွေ့အကြုံအားဖြင့် လည်းကောင်း ကျွန်ုပ်ထက် အဆပေါင်းများစွာ သာသူဖြစ်၍ ဘုရင်မင်းမြတ်သာလျှင် ဤသုံးနိုင်ငံကို ပေါင်းစည်းပြီး အုပ်ချုပ်သင့်ပါသည် ... နှမတော် စန္ဒာဒေဝီရဲ့ သဘောကိုလည်း သိပါရစေ"

www.burmeseclassic.com

ဗိုလ်နန္ဒ အမည်ခံ မောင်ရှုပသည် စန္ဒာဒေဝီ ဘုရင်မအား လှမ်း၍ မေးလိုက်သည်။

"မောင်တော် သဘောတူလျှင် စန္ဒာအနေနှင့် တစ်စုံတစ်ရာ ကန့်ကွက်ရန် မရှိကြောင်းပါ ... ၎င်းပြင် ယခုကဲ့သို့ သုံးနိုင်ငံ အောင်ပွဲခံနိုင်ခြင်းမှာ သီဟရာဇာ ဘုရင်မင်းမြတ်၏ စိတ်ထားမြင့်မြတ်မှု၊ သဘောထား ကြီးမားမှုများကြောင့်သာ ဖြစ်သဖြင့် သီဟရာဇာ ဘုရင်မင်းမြတ်သာလျှင် ဤသုံးနိုင်ငံကို စုပေါင်းပြီး စီမံအုပ်ချုပ်သင့်ပါသည်"

စန္ဒာဒေဝီ ဘုရင်မက မိမိ၏ သဘောထားကို ထုတ်ဖော်လိုက်သည်။

"အင်း ... ငယ်ရွယ်သူများ ဖြစ်သော်လည်း စိတ်ထားမြင့်မြတ်ကြပါပေတယ်၊ သို့ရာတွင် ဘုရင်မင်းမြတ် အနေနှင့် ထီးနန်းစည်းစိမ်ကို မက်မောခြင်း မရှိတော့သဖြင့် မောင်ရှုပနှင့် စန္ဒာဒေဝီ တို့၏ အကြံပေးချက်ကို ဘုရင်မင်းမြတ် လက်ခံတော်မမူနိုင်၊ ဘုရင်မင်းမြတ် ပေးသော အကြံကို လက်ခံနိုင်မည်ဆိုလျှင် ဘုရင်မင်းမြတ် အကြံပေးတော်မူလိုသည်"

သီဟရာဇာ ဘုရင်ကြီးက ပြန်ပြောလိုက်သည်။

"ဘုရင်မင်းမြတ် ပေးတော်မူမည့် အကြံဉာဏ်ကို လက်ခံရန် အသင့်ရှိကြပါသည်"

ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီတို့က တစ်ပြိုင်တည်း ပြန်ဖြေလိုက်ကြသည်။

"ကောင်းပြီ၊ တစ်ချိန်တုန်းကဆိုလျှင် မောင်ရှုပသည် ဘုရင်မင်းမြတ် အပေါ်တွင် အထင်မှားခဲ့ဖူးသည်။ သာယာရွှေပြည်၊ သုဝဏ္ဏနှင့် စေတုတ္တရာ သုံးနိုင်ငံအား တစ်ပေါင်းတစ်စည်းတည်း ဖြစ်အောင် ဘုရင်မင်းမြတ် အာသာဆန္ဒ ရှိတော်မူကြောင်း မိန့်ကြားတော် မူခဲ့စဉ်က



ဘုရင်မင်းမြတ်သည် တန်ခိုးအာဏာ ကြီးထွားလိုသဖြင့် သုံးနိုင်ငံစလုံးကို သိမ်းပိုက်လိုသောဆန္ဒ ရှိခြင်းဖြစ်သည်ဟု မောင်ရှုပသည် ဘုရင်မင်းမြတ် အပေါ်တွင် အထင်မှားခဲ့သည် မဟုတ်တုံလော"

သီဟရာဇာ ဘုရင်မင်းမြတ်က မေးလိုက်သည်။

"မှန်ပါသည်၊ တစ်ချိန်တုန်းက အထင်လွဲခဲ့သော်လည်း ယခုအခါတွင်မူ ဘုရင်မင်းမြတ်၏ ဖြူစင်သော စေတနာကို သိရှိရပြီဖြစ်၍ တစ်ချိန်က အထင်လွဲမှားခဲ့မိသည်ကို သည်းခံတော်မူပါ"

ဗိုလ်နန္ဒက ပြန်ပြီး တောင်းပန်လိုက်သည်။

"မောင်ရှုပ အထင်လွဲမှားခဲ့သလို မဟုတ်ကြောင်း လက်တွေ့ပြသောအားဖြင့် ဘုရင်မင်းမြတ် အကြံပေးတော်မူမည်။ မောင်ရှုပနှင့် စန္ဒာဒေဝီတို့ စုလျားရစ်ပတ်ပြီးသည့်နောက် သုဝဏ္ဏနှင့် စေတုတ္တရာနှစ်နိုင်ငံသည် သားစဉ်မြေးဆက် တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းမိမည် ဖြစ်သည်။ သာယာရွှေပြည် နိုင်ငံတော်အတွက် ဘုရင်မင်းမြတ်တွင် သားဆက်သမီးခံ ထီးမွေနန်းလျာ မရှိသဖြင့် မောင်ရှုပအား ဘုရင်မင်းမြတ်၏ သားတော် ဥပရာဇာအဖြစ် ယနေ့မှအစပြု၍ အသိအမှတ်ပြုတော်မူမည် ... ဘုရင်မင်းမြတ် နတ်ရွာစံသော အချိန်တွင် မောင်ရှုပသည် သုဝဏ္ဏ၊ စေတုတ္တရာနှင့် သာယာရွှေပြည် သုံးနိုင်ငံ၏ တစ်ပါးတည်းသော ဘုရင်အဖြစ်သို့ ရောက်ရှိလာမည်ဖြစ်၍ ထိုအချိန်တွင် ဘုရင်မင်းမြတ်၏ အာသာဆန္ဒနှင့်အညီ ဒီသုံးနိုင်ငံသည် တစ်နိုင်ငံတည်းဖြစ်၍လာလိမ့်မည် ... ဘုရင်မင်းမြတ်၏ အစီအမံကို ငြင်းဆန်ခြင်းမပြုရန် ဘုရင်မင်းမြတ် လေးလေးနက်နက် မေတ္တာရပ်ခံပါသည်"

သီဟရာဇာ ဘုရင်မင်းမြတ်က အမိန့်တော်ရှိလိုက်ရာ ဗိုလ်နန္ဒနှင့် စန္ဒာဒေဝီသည် တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက် ... မိမိတို့အား ပြုံးပြုံးကြီး ကြည့်နေသော သီဟရာဇာ ဘုရင်ကြီးအား နှမ်းယောက်သား

www.burmeseclassic.com



ပြိုင်တူ ကြည့်လိုက်နှင့် ဖြစ်၍နေရာမှ သီဟရာဇာ ဘုရင်ကြီး၏ ခြေသလုံးကို နှစ်ယောက်သား ပြိုင်တူဝင်ဖက်လိုက်ရာ သီဟရာဇာ ဘုရင်ကြီးသည် အနာဂတ်အတွက် ကြီးစွာသော မျှော်မှန်းချက် အောင်မြင်ပြီဟူသော အမူအရာဖြင့် ဝမ်းသာပီတိဖြစ်၍ နေပေတော့သတည်း။

ပြီးပါပြီ။

www.burmeseclassic.com